
# အညာတခွင်
# တရားဟောထွက်ခဲ့စဉ်က

## ညောင်ကန်အရှင်ကုဏ္ဍက



၁၅၀၇၉

ညှောင်ကန် အရှင်ဇာနက

၏

# အညာတခွင် တရားဟောထွက်ခဲ့စဉ်က

ဤခရီးသွားမှတ်တမ်းသည် မဟာစည်ရွှေလမင်း၏
ငွေကြယ်တပည့်တသင်းတို့ ဒေသနာခရီး
အမှတ်စဉ် (၁) ဖြစ်ပါသည်။

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ၁၉၈၁
ဇ-(ဒုတိယအကြိမ်)

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ်–(၁၆၀၁)

မျက်နှာဖုံးခွင့်ပြုချက် အမှတ်- (၇၁)

ဒုတိယအကြိမ်

—

အုပ်ရေ–၂၀၀၀

—

၁၉၈၁– ခု

—

မေလ

—

ဘလောက်-လွင်

—


အဖုံးရိုက် - စကား၀ါ

—

စာအုပ်ချုပ်–အေးမိသားစု

—

ဦးသိန်းလွင် (ခ) ဦးအေးလွင် (၀၂၆၀၂) ညောင်ကန်စာပေတိုက်၊ အမှတ် – ၅၄၊ နိဗ္ဗာန်ကျောင်းလမ်း၊ ဂွတ္တာလစ်၊ ရန်ကုန်က ထုတ်ဝေ၍၊ ဦးတင်မောင်(၀၂၅၆-မြ) စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ် ၉၀– အေ,ဘီ၊ ဝေဇယန္တာလမ်း၊ (၈)-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်ကပုံနှိပ်သည်။



ဆရာတော် ညောင်ကန် အရှင်ဇနက

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ပဏာမ | .... (ကံ) |
| | ငွေရတုသဘာ ပူဇော်လွှာ | ....(ကား) |
| | ပဉ္စမ ဝါကျွတ်စ ဗုဒ္ဓမြတ်စွာ၏ သာသနာပြု မိန့်ခွန်းတော် | ....( ခ ) |
| | ကိုးကားသော စာအုပ်စာတမ်းများ | —( ခါ ) |
| | သူတို့အမြင် အညာတခွင် | ....( ခိ ) |
| | ပန်ကြားလွှာ စကားဦး | —(ခေ) |
| | ဒုတိယမွိစကားဦး | ....( ဂ ) |
| | ဝက်လက် မစိုးရိမ်-ဆရာတော်ဘုရား၏ ဆိုပိမ့်ခြင်းရာ | ....( ဂိ ) |
| | ဝဏ္ဏကျော်ထင်စည်သူ-ဦးညီပု၏ တိုက်တွန်းလွှာဥဩျဇဉ် | ....(ဂေါ) |
| | အညာတခွင်တွင် ပါဝင်သမျှ ဓာတ်ပုံများ | —( ၄ ) |
| ၁။ | မန္တလေးမှ မိုးကောင်းသို့ | .... ၁ |
| | —စစ်ကိုင်းရောက်ပါပြီ | .... ၃ |
| | —ဝက်လက်ဘူတာ အရောက်မှာ | .... ၅ |
| | —ငါးမည်ရ ပြည်ရွှေဘို ဘေးရန်ကာပြို | .... ၆ |
| | —အရှုဏ်တက်ချိန်မှာဘုန်းကြီးတို့စားသောက်ဘုဉ်းပေးချိန် | .... ၁၀ |
| | —ကပ္ပိယ ရာထူး | — ၁၂ |
| | —မိုးညှင်း မင်းမျိုးမင်းနွယ်တို့ ပိုင်ခဲ့ရာဒေသ | .... ၁၃ |
| | —နမ့်ကောင်းချောင်းနှင့် နမ့်ယင်းချောင်းတို့ ပေါင်းဆုံရာဒေသဝယ် | .... ၁၈ |
| | —ဆုမပေးလိုက်ရသော တရားပွဲ | — ၂၅ |
| | —လောဘဖက်စော့ ညက်ညက်ကြေတယ် | .... ၂၆ |
| | —ဝေဒဗ္ဗဇာတ်တော် | .... ၃၁ |
| ၂။ | ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနား | .... ၃၈ |
| | —အောင်နန်းရိပ်သာရပ်-သာသနာ့ရိပ်သာ | .... ၄၂ |
| ၃။ | မေခရယ်၊ မလိခရယ်၊ ဧရာဝတီရယ် ဆုံရာ၊ မြစ်ဆုံ ရှုခင်းသာဝယ် | .... ၄၈ |
| ၄။ | မြစ်ကြီးနားမှ ခမ္မတီးသို့ | .... ၅၈ |

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅။ | **ခမ္ပတီးမြို့မှ နာဂလုပ်သားရိပ်သာ** | .... | ၆၅ |
| ၆။ | **မြို့ပကျောင်းနှင့် အရှက်တက်ချိန်** | — | ၇၄ |
| | —ခမ္ပတီး ဥပုသ်သည်များအလေ့ | — | ၇၇ |
| ၇။ | **တောင်ထိပ် ပန်းကလေးများ ပွင့်လန်းရာ** | — | ၇၉ |
| ၈။ | **ခမ္ပတီးမှာ ရိပ်သာဖြစ်မြောက်ရေး** | — | ၈၇ |
| | —ရိပ်သာဖွင့်ရန် စိတ်သန်လှသည့် အဖိုးကြီး | .... | ၈၈ |
| | —ဤနေရာကောင်းသည် | — | ၉၁ |
| ၉။ | **ဆင်သေလေ့လာရေးခရီး** | — | ၉၄ |
| | —လားစခန်း တခုပဲ | .... | ၉၅ |
| | —မြွေပါလေလော၊ ဖျံလေလော | .... | ၉၆ |
| | —သာသနာ့ ထူရဲကောင်း ကျောက်တိုင် | — | ၉၇ |
| | —သင်ခန်းစာ ယူကြရမယ် | — | ၁၀၀ |
| | —အလုပ်သည်သာ နာဂတို့၏ ဂုဏ် | — | ၁၀၅ |
| ၁၀။ | **နာဂတောင်တန်း သာသနာပြုဆရာတော် ဦးကောဝိဒ** | — | ၁၁၀ |
| | —ကြုံတွေ့ခဲ့ရသမျှ နာဂတို့အကြောင်း | .... | ၁၁၀ |
| | —ဒါတွေကို သည်းခံနိုင်ရမယ် | — | ၁၁၄ |
| | —ဘာသာ သာသနာရေး ပွဲတော်များဟာ ခင်မင် ရင်းနှီးသွေးစည်းမှုကို ကျေးဇူးပြုတယ် | .... | ၁၁၅ |
| | —ဥတုသုံးပါးခံသည် | .... | ၁၁၇ |
| | —နာဂတို့ မူလဘာသာရေး | .... | ၁၁၈ |
| | —နာဂတို့ ယဇ်ပွဲ ကျင်းပကြပုံ | — | ၁၁၉ |
| | —နာဂတို့ သေခါနီးတရား | .... | ၁၂၃ |
| | —နာဂတို့သေတော့ ဒီလိုသင်္ဂြိုဟ် | .... | ၁၂၄ |
| | —နာဂတို့ ခေါင်းဖြတ်တာနဲ့စပ်တဲ့ ပုံပြင်ဝတ္ထု | — | ၁၂၅ |
| | —ဆရာတော် ဦးကောဝိဒ အောင်မြင်ခဲ့သမျှ | .... | ၁၂၉ |
| | —မ,လုံကြုံ-မ,မစ်ထရံနှင့် မောင်ချင်းကို. | .... | ၁၃၀ |
| | —ဆရာတော် ဦးကောဝိဒ | — | ၁၃၃ |

## မာတိကာ


| စဉ် အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၁။ ခမ္ဘတီးအကြောင်း | .... ၁၃၃ |
| —ဇင်းကလိုင်း | .... ၁၃၄ |
| ၁၂။ ခမ္ဘတီးမှ ထမန်သီသို့ | .... ၁၃၈ |
| —နာဂနှင့် ဆား | .... ၁၃၉ |
| —ရပ်နားမှာ ရပ်နား | .... ၁၄၂ |
| ၁၃။ ထမန်သီ | .... ၁၄၆ |
| —တဆယ့်ငါးမိနစ် အလုပ်ပေးတရား | .... ၁၄၈ |
| —ကန်တော့ခန်း | .... ၁၅၀ |
| —ထမန်သီ လက်ဖက်အကြောင်း | .... ၁၅၃ |
| —ထမန်သီ ရွာသစ်သို့ | .... ၁၅၈ |
| —လေရှိုးလမ်း | .... ၁၅၉ |
| —သူကြီး ဦးစုမတူဆူး | .... ၁၆၁ |
| —လက်ဆောင် အလှူဝတ္ထု | .... ၁၆၃ |
| —ကောင်းမှုအလှူ၏ အကျိုးပေးပုံ | .... ၁၆၄ |
| —ပ·လ·က တမိုင်စခန်း | .... ၁၆၅ |
| ၁၄။ ထမန်သီမှ မောင်းခမ်းသို့ | .... ၁၇၁ |
| —နောင်ပင်မှ ကြိုကြဆိုကြ | .... ၁၇၅ |
| —ရှေးမူမပျက်သော မောင်းခမ်းရှမ်းများ | .... ၁၇၅ |
| —မောင်းခမ်း မဟာစည်ရိပ်သာ | .... ၁၇၅ |
| —ဘုရားလက်ထက်တော်တုန်းက ထုံး | .... ၁၈၀ |
| ၁၅။ မောင်းခမ်းရိပ်သာ၌ အရေးဝါသနာအိုးနှင့် အပြောဝါသနာအိုးတို့ ဆုံကြရာဝယ် | .... ၁၈၃ |
| —ဦးဖိုးအို ပြောသော မောင်းခမ်းအစ မိုင်းနဲ့က | .... ၁၈၄ |
| —မိုင်းနဲ့နှင့် နာဂချင်းတို့ ရန်ပွဲ | .... ၁၈၅ |
| —နန်းခမ်းကော် အကြောင်း | .... ၁၈၈ |
| —တိမ်တိုစောင်းခုတ်ကွင်း | .... ၁၉၁ |
| —နန်းခမ်းကော် ဆေးလိပ်ပင် | .... ၁၉၂ |

စဉ် အကြောင်းအရာ စာမျက်နှာ

—စောင်းငြိမ်ရွာ ... ၁၉၅
—ဦးဖိုးအို ပြောပြသော မိုးကောင်းဘုရင်နှင့်မနန်းခမ်း .... ၁၉၅
—ဟိုင်းနိမ်မှ ဟဲနိမ့် .... ၁၉၀
—ဦးဖိုးအို ပြောပြသော အာသံချီတဲ့ ဘိုးတော်စစ်တပ် ... ၁၉၉
—မင်းသား စား ပိန္နဲ ... ၁၉၉
—ဦးဖိုးအို ပြောပြသော မောင်းခမ်း ဖိုးသိမ်ကြီး .... ၂၀၂
—ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့စကား .... ၂၀၇
—စော်ဘွား ဦးစောလီနှင့် အမတ်ချုပ် ဦးငတေ .... ၂၁၁
—အမှုထမ်းနှင့် စော်ဘွားတူမ .... ၂၁၁
—သိပေါမင်းလက်ထက် .... ၂၁၄
—ထောင်တွင်းကမီး ... ၂၁၅
—အင်္ဂလိပ်ခေတ် .... ၂၁၆
—နယ်ချဲ့တော်လှန်ရေးသမားကြီး ဦးဖိုးအို ... ၂၁၇
—ဦးဖိုးအို ပြောပြသော မျက်မှောက် မောင်းခမ်း ... ၂၂၀
—အထက်ချင်းတွင်းမြစ်ဖျားလူစွမ်းကောင်းများဆိုတဲ့စာမူ ... ၂၂၂
—ဂိုဏ်းအုပ်ခန့်ထားပုံ အမိန့်တော် စာချွန် .... ၂၂၇
၁၆။ မောင်းခမ်းမှ ကောယားသို့ .... ၂၃၀
၁၇။ ကောယားမှ ဟုမ္မလင်းသို့ .... ၂၃၆
—နန်းဖွတ်မော်သို့ .... ၂၃၀
—ဏက်သာ တရားပွဲ .... ၂၄၅
၁၀။ ဟုမ္မလင်းမှ သောင်သွပ်သို့ ... ၂၄၆
—ဒွတ်-ထွင့်-ထွတ်-သွပ် .... ၂၄၇
—တောင်ခြေ တောကျောင်း ရိပ်သာဟောင်းသို့ ... ၂၄၀
—အရှင်ရေဝတ၏ ရွာ:တောကျောင်းနှင့် ဘုရားရှင်၏ ဒေသနာတော် .... ၂၄၉
၁၉။ သောင်သွပ်မှ သရောင်းသို့ .... ၂၅၃
—သရောင်းတရားပွဲ .... ၂၅၄

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | **သရောင်းမှ ဖောင်းပြင်သို့** | ၂၅၇ |
| | -ကြံခင်းချောင်-မူလမင်းကုန်းကမ္ဗောဇ္ဘာန်းကျောင်းတိုက် | ၂၅၈ |
| | -ဆေးဘက်ဝင်သော ဝံအူပင် | ၂၆၂ |
| | -ရှမ်းသီချင်းနှင့် ရှမ်းစကား ဗဟုသုတ | ၂၆၃ |
| ၂၁။ | ကောက်ညှင်းကျည်တောက်နှင့် ခရမ်းသီးကြော် | ၂၆၉ |
| ၂၂။ | မိုးနှင့်အတူ တရားနာများ | ၂၇၆ |
| ၂၃။ | **ဖောင်းပြင်မှ ဟဲလှော်သို့** | ၂၈၆ |
| | ·ဟိလောက်မှသည် ဟဲလှော် | ၂၈၈ |
| | -တောကျောင်း သိမ်မှာ ဥပသမ္ပဒ မင်္ဂလာ | ၂၉၀ |
| ၂၄။ | ဟဲလှော်မှ **မော်လိုက်သို့** | ၂၉၃ |
| | -ရေလယ်ကျောက်ချ-အိပ်ကြပြီးသော် မော်လိုက်အဆိုက်-ရုပ်ရှင်ရိုက်သည် | ၂၉၆ |
| ၂၅။ | **မော်လိုက်မြို့၌ သတိပဋ္ဌာန်တရားတော်က ဆက်သွယ်ပေး၍ ဓမ္မမာမက ချင်း ရင်းရင်းနှီးနှီး** | ၂၉၉ |
| | -မော်လိုက်မြို့ဟူသည် | ၃၀၁ |
| | -ထုံကျဉ်ကပ်-ဗုံစဉ် ပတ် | ၃၀၃ |
| | -ကမ္ဗဝါဖြတ်သော ကုလားမကြီး | ၃၀၅ |
| | -တရားသူကြီး၏ သီလတရား | ၃၀၇ |
| ၆။ | **မော်လိုက်မှ ကလေးဝသို့** | ၃၁၁ |
| | -ရွှေမုဋ္ဌောကျောင်းတိုက်နှင့် ရွှေမုဋ္ဌောစေတီ | ၃၁၂ |
| ၇။ | **ကလေးဝမှ ကာလေးသို့** | ၃၁၈ |
| | -ကာလေး သာသနာ့ရိပ်သာ | ၃၁၉ |
| | -ဆရာတော် ဦးပဒုမထံသို့ | ၃၂၀ |
| | -လေးမြို့ကာ-ကာလေးမြို့ | ၃၂၂ |
| | -မိဘကျေးဇူး | ၃၂၆ |
| ၈။ | **ချင်းဝိသေသတိုင်း နယ်စပ်သို့** | ၃၂၉ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | **ကာဝလေးမှ တမူးသို့** | ၃၃၂ |
| | -ခန်းပတ်သမိုင်း | ၃၃၄ |
| | -တမူးမြို့ | ၃၃၇ |
| ၃၀။ | တမူးမှ မိုးရေးသို့ | ၃၄၀ |
| ၃၁။ | တမူးမှအပြန် ခန်းပတ် နေ့တရားပွဲ | ၃၄၄ |
| ၃၂။ | **ကလေးဝမှ မင်းကင်းသို့** | ၃၄၈ |
| | -"ဇာတာထဲမှာ'အသက် ၁၂၀-ရှည်စေသော်'လို့ ပါတာပဲ"ဟု မိန့်သော ဆရာတော်ကြီး | ၃၅၂ |
| ၃၃။ | **မင်းကင်းမှ မုံရွာသို့** | ၃၅၅ |
| | -သေလိုမောက်ကတော်-ပျော်လို မင်းကင်း | ၃၅၆ |
| | -ဂ. နှီးရောက် | ၃၅၈ |
| ၃၄။ | သက္ကရာဇ် ၁၃၅၀ ပြည့်နှစ်သည် မုံရွာမြို့ ရာပြည့်နှစ် ကျင်းပချိန် | ၃၆၁ |
| | -မုံရွေး ဇေတဝန် ဆရာတော် | ၃၆၈ |
| ၃၅။ | မုံရွာမှ **ညောင်ကန်သို့** | ၃၇၀ |
| | -စန်းမြရောင်ခြည် သာသနာ့ရိပ်သာ | ၃၇၀ |
| | -အလုံမြို့ | ၃၇၁ |
| ၃၆။ | ကြောင်ပန်းတောရနှင့် ဘုဘလင်မြို့ | ၃၇၈ |
| ၃၇။ | **ညောင်ကန်မှ တွင်းတောင်တွင်းရွာ ရှူခင်းသာသို့** | ၃၈၄ |
| | -တွင်းထဲဆင်း ကြည့်ကြပါဦးစို့ | ၃၈၉ |
| ၃၈။ | ညောင်ကန် မှတ်ဘမ်း | ၃၉၆ |
| | -တူးဖော်၍ သုတေသန ပြုသင့်သော တိမ်းရင်းရာဇဂြိုဟ် မြို့ဟောင်း | ၃၉၉ |
| | -ဘော်လေးဝခေါ်၊ ပေါ်တော်မူဘုရား သမိုင်းဖွဲ့ သံချို | ၄၀၀ |
| | -ညောင်ကန်ဟူသည် | ၄၀၂ |
| | -တော် ၄-လုံး၊ ကုန်း ၄-တန်၊ ကန် ၄-ကန်တို့ ဝန်းရံပတ်ကာ ညောင်ကန်ရွာ | ၄၀၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | -ဘုရားစေတီတော်မာတ် ဝန်းပတ်ရံကာ မြတ်ညောင်ကန်ရွာ | ၄၀၅ |
| | -သာသနာပြုအကျော် ဆရာတော်များထွန်းကားပျော်ရာ မြတ်ညောင်ကန်ရွာ | ၄၀၇ |
| | -ညောင်ကန်ဆရာတော် တကျိပ်နှစ်ပါး | ၄၁၂ |
| | -ရာထူးရာခံ ပုဂ္ဂိုလ်ချွန်တို့ မြတ်မွန်ကုသိုလ် ရှမ်းစိုဝေဖြာ ညောင်ကန်ရွာ | ၄၃၇ |
| | -ရာသီဆယ့်နှစ်ဖော် ဆွမ်းပူဇော်ပွဲ ခြိမ့်ခြိမ့်သဲစွာ ညောင်ကန်ရွာ | ၄၄၂ |
| ၃၉။ | **ယခုအခါ ညောင်ကန်ရွာ** | ၄၄၄ |
| | -ညောင်ကန်ရွာ လူမှုဖွံ့ဖြိုးရေးအသင်း | ၄၄၇ |
| | -ညောင်ကန်ရွာ ပညာရေး | ၄၄၉ |
| | -ညောင်ကန်မှာ ဒါတွေလိုအည် | ၄၅၃ |
| ၄၀။ | **အမြတ်ဆုံးအလှူတော် သာဓုခေါ်ကြရန်** | ၄၆၂ |
| ၄၁။ | **အညာတခွင်တွင် ပါဝင်ခဲ့သော ခရီးသည် ၄-ဦးတို့၏ ဘဝဖြစ်စဉ်များ** | ၄၆၇ |
| က။ | အညာတခွင် ဒေသနာခရီးတွင် ပါဝင်ခဲ့သော ဆရာတော် ဦးသံဝရ | ၄၆၇ |
| ခ။ | အညာတခွင် ဒေသနာခရီးတွင် ပါဝင်ခဲ့သော ညောင်ကန် အရှင်ဣန္ဒက | ၄၇၀ |
| ဂ။ | အညာတခွင် ခရီးတွင် ပါဝင်ခဲ့သော ဝဏ္ဏကျော်ထင်- စည်သူ ဦးညီပု | ၄၇၆ |
| ဃ။ | အညာတခွင်ခရီးတွင် ပါဝင်ခဲ့သော ကျောင်းဒကာ ဦးခင်မောင် | ၄၈၁ |
| ၄၂။ | **မဟာစည် စာမူတံခါးကြီး ဖွင့်လိုက်ပါပြီ** | ၄၈၃ |

# ပဏာမ

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သော ဘဂဝါ၊ ကျွန်ုပ်တို့ အများ၏ အားထားကိုး ကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ- သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူပြီးသည်ဖြစ်၍၊ ဗောဓာယ- သတ္တဝါ အများ ကျွန်ုပ်တို့အားလည်း အလားတူ သိမြင်ကြပါ စေခြင်းအကျိုးငှါ၊ ဓမ္မံ-သစ္စာလေးတန် တရားနှုန်ကို၊ ဒေသေတိ- ကရုဏာ ရှေ့သွား ပညာအားဖြင့် ဟော ကြားတော်မူခဲ့ပါပေ၏၊ တံ ဘဂဝန္တံ-သက်တော် ထင် ရှား ထိုမြတ်စွာဘုရားသခင်ကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

မှတ်ချက်။ ။ “မဟာစည် ဓမ္မဒေသနာ ဆောင်ပုဒ်များ”မှ တဆင့် ဖော်ပြသည်။

# ငွေရတုသဘာ—ပူဇော်လွှာ

* ရန်ကုန်နဂရ၊ သာသနာ့ရိပ်သာ၊
မဟာစည်ထေရ၊ တရားပြခဲ့ရာ၊
ဩဝါဒပွဲ၊ ဆင်နွှဲခဲ့တာ၊
သင်္ချာဖွဲ့၊ ၂၅-ကြိမ်ပါ။

* တစ်သုံးသုံးခြောက်၊ ခုရောက်ကောဇာ၊
နတ်တော်လကာ၊ ကျင်းပရမှာ၊
ပြာသိုလပြည့်၊ ကျော်သည့်ချိန်ခါ၊
ဆယ့်လေးရက်၊ ရွှေလျက်ကျင်းပရာ။

* တပည့်များက၊ ဆရာ့ဂုဏ်မြော်၊
ကိုယ်အားဉာဏ်အား၊ လုပ်အားပူဇော်၊
ပစ္စည်းလေးဝ၊ ဒါနပူဇော်၊
တရားဖြင့်၊ ဆင့်ဆင့်များပူဇော်။

* ငွေရတုပန်း၊ ရည်မှန်းကော်ရော်၊
အညာတခွင်သွား၊ တရားဟောသော်၊
သုံးဆယ့်ငါးရက်၊ မှတ်လျက်ရေးဖော်၊
ဤမှတ်တမ်း၊ ကြိုးပမ်းမြတ်ပူဇော်။

ပဥ္စမဝါကျွတ်စ ဗုဒ္ဓမြတ်စွာ၏

# သာသနာပြု မိန့်ခွန်းတော်

ရဟန်းတို့....ငါဘုရားသည် ကိလေသာ ကျော့ကွင်း အားလုံးတို့မှ လွတ်တော်မူပြီ။

သင်တို့သည်လည်း ကိလေသာကျော့ကွင်း အားလုံး တို့မှ လွတ်ကြပါကုန်ပြီ။

**ရဟန်းတို့....လူများအပေါင်း အစီးအပွါး ဖြစ်ဖို့ရာ ချမ်းသာဖို့ရာ ဒေသစာရီ လှည့်လည် (သာသနာပြု ခရီးထွက်)ကြကုန်လော့၊ ခရီးလမ်းတကြောင်းလျှင် နှစ်ပါး မသွားကြကုန်လင့်။**

ရဟန်းတို့....အစ-အလယ်-အဆုံး ကောင်းမြတ်ခြင်း အားလုံးနှင့် ပြည့်စုံသော သီလ-သမာဓိ-ပညာ သိက္ခာ သုံးရပ် အကျင့်မြတ်တို့ကို ဟောပြကြကုန်လော့။

ကိလေသာ နည်းပါးသူများ ရှိကြသည်။ တရား တော်ကို မကြားနာရ၍ ဆုတ်ယုတ်ကြကုန်သည်။ တရား တော်ကို သိလွယ်သူများ ရှိကြပါလိမ့်မည်။

ရဟန်းတို့...ငါဘုရားသည်လည်း ဥရုဝေလမှ သေနာ နိဂုံးသို့ တရားဟောဖို့ရာ ကြွသွားတော်မူမည်။

(ဝိ၊ ၃၊ ၂၄)

# ကိုးကားသော စာအုပ် စာတမ်းများ

၁။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၄)
၂။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၉)
၃။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၁)
၄။ မိုးကောင်းမြို့ ပေါ်ပေါက အတွင်းရေးမှူး ဦးလှတင်ရေးသော မြို့နာမ် စေတီတော်သမိုင်း။
၅။ ၁၉၆၉-ခု၊ ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေး အစိုးရ ပညာရေးဌာန ကျောင်းသုံးစာအုပ် ကော်မတီ၏ ပဋ္ဌမအကြိမ် ရိုက် စတုတ္ထတန်း ပထဝီဝင် ဖတ်စာသစ်။
၆။ ငါးရာ့ငါးဆယ်နိပါတ် ဝေဒဗ္ဗဇာတ်တော်။
၇။ လူထု ဦးလှ၏ နာဂတောင်တန်း တစေ့တစောင်း။
၈။ အမှတ် ၁၀၆၊ ငွေတာရီမဂ္ဂဇင်း နာဂတောင်တန်း မောင်ကြည်ဇင်၏ မင်းတုန်းဘုရင် လက်ထက် ချင်းတွင်းမြစ်ဖျား ဆောင်းပါး။
၉။ အရှင်နာဂသေန၏ ပုံပြ ဆေးအဘိဓာန်။
၁၀။ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ မဟာသတိပဋ္ဌာနသုတ် နိဿယသစ်။
၁၁။ ရင်း ကျောင်းအနုမောဒနာ တရားတော်။
၁၂။ ကလေးဝမြို့ အုတ်သုံးမျိုး ရွှေမုတ္တော၊ မြသိန်းတန်၊ သုံးဌာန ဘုရားသမိုင်း။
၁၃။ ကာလေး အရှင် ပဒုမ ဆရာတော်၏ ကာလေးမြို့သမိုင်း။
၁၄။ ဟံသာဝတီသတင်းစာ ရွှေကိုင်းသား၏ မုန့်ပေါင်းနှင့် ထပ်တရာ ခရီးသွား မှတ်တမ်းဆောင်းပါး။

၁၅။ လယ်တီဦးလှပိုင်၏ လယ်တီ ဂန္ထဝင်ကျော်များ သမိုင်း။

၁၆။ မန္တလေးမြို့ အနောက်ပြင် ပြည်လုံးချမ်းသာ ကျောင်းတိုက်၊ ညောင်ကန် ဆရာတော် ဦးသုဒဿန အရှင်သူမြတ်၏ ညောင်ကန် သာသနာဝင်။

၁၇။ တောင်ငူမြို့ မြို့ဒေါင်းကျောင်းတိုက်၊ ညောင်ကန် ဆရာတော် ဦးသံဝရ အရှင်မြတ်၏ ညောင်ကန်ရွာက ဆရာတော် ဦးဗုဒ် စသော တံဆိပ်ရ-မရသော ဆရာတော်တို့ ထေရုပ္ပတ္တိစာတမ်း။

၁၈။ ဓမ္မပဒပါဠိတော်နှင့် ရှင်းအဋ္ဌကထာ (၁-၃)။

၁၉။ မူလပဏ္ဏာသပါဠိတော်နှင့် အဋ္ဌကထာ။

၂၀။ ပါရာဇိကကဏ္ဍ အဋ္ဌကထာ ပဒတ္ထ ဟိချနို နှုန်း။

၂၁။ ၂-၂-၇၁ နေ့ထုတ် လုပ်သားပြည်သူ့နေ့စာ ခမ္ဘတီးရှမ်းဟူသည်မှာ ဆောင်းပါး။

၂၂။ မမိုးမြင့်၏ သတင်းဆောင်းပါး။

၂၃။ ထေရီအပဒါန် ပါဠိတော်နှင့် အဋ္ဌကထာ။

# သူတို့အမြင် အညာတခွင်

## ခေတ်မီမီ မှတ်တမ်းကောင်းတအုပ်
## အညာတခွင်

အညာတခွင်သို့ မဟာစည် တရားပေး၊ ကမ္မဋ္ဌာန်းပေး ထွက်ခဲ့စဉ် တွေ့ကြုံသမျှကို မှတ်တမ်းတင်ထားသော မဟာစည် ကမ္မဋ္ဌာနာစရိယ ညောင်ကန် အရှင်ဣန္ဒကာ၏ လက်ရာများ ဖြစ်၏။

'တရားရေးရာမျှ မကပဲ ရပ်ရေး, ရွာရေး, တွေ့ကြုံသမျှကို သမိုင်း နောက်ခံ ဗဟုသုတ အထွေထွေဖြင့် ခေတ်မီမီ ရေးသားတင်ပြထား သော မှတ်တမ်းကောင်း တအုပ်ဖြစ်သည်။'

* ၁၆-၃-၇၅၊ ဟံသာဝတီ သတင်းစာမှ။

## စိတ်ဝင်စားစရာ များစွာပါဝင်သည့်
## အညာတခွင်

အမည် အပြည့်အစုံမှာ "အညာတခွင် တရားဟောထွက်ခဲ့စဉ်က" ဖြစ်၍ ပြုစုသူမှာ မဟာစည် သာသနာ့ရိပ်သာ 'ညောင်ကန် အရှင်ဣန္ဒက' ဖြစ်သည်။

(တရားသမား စာသမား ဤကိုယ်တော်သည် ကျင့်လည်းကျင့် ဟော လည်း ဟော၍ ရေးလည်း ရေးသည်။ ရေးခဲ့သည့် တရားဆိုင်ရာ စာအုပ် အတန်များခဲ့ပြီ။ ဤစာအုပ်မှာ အညာတခွင် တရားဟောထွက်ယင်း သာသနာရေးဆိုင်ရာသာမက တွေ့သမျှ ကြုံသမျှကို မှတ်တမ်းတင်သည်။

(ရေးသူနှင့် အကြောင်းအရာတို့က သပိတ်နံ့ အိတ်နံ့ မွှေးနေသော် လည်း ခေတ်မီ ကလောင်တို့၏ ခရီးသွား မှတ်တမ်းကဲ့သို့ပင် ဖတ်၍ ကောင်းသည်။ စိတ်ဝင်စားစရာတို့ များစွာပါဝင်သည်။)

* ၂၀-၃-၇၅၊ ကြေးမုံသတင်းစာမှ။

## ရင်တမမ ဆွဲခေါ်နိုင်သော စာအုပ်ကြီး

ညောင်ကန် အရှင်ဇ္ဈနက ရေးသားသော "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က" အမည်ရှိသော စာအုပ်ဖြစ်သည်။

ခရီးသွားမှတ်တမ်း စာပေတို့သည် စိတ်ကူးဖြင့် ဖန်တီးသော စာပေ မပေါ်မီကပင် စတင် ပေါ်ပေါက်သည်ဟု တစုံတဦးက အဆိုပြုလျှင် ငြင်းဆိုရန် မလွယ်ဟု ယူဆမိသည်။

ဗုဒ္ဓထားခဲ့သော တရားတော်တို့သည် မည်သည့်ဒေသ သွားစဉ်က မည်သူ့ကိုတွေ့၍ မည်နှယ်အကြောင်းပြု ဟောကြားသည်ဟု ခရီးသွား မှတ်တမ်းအများ ပါရှိသည်ကို တွေ့ရသည်။

ထိုခေတ်ဆီက ခေါမပြည်၌ ထွန်းကားခဲ့သော ကဗျာဆရာကြီး ဟိုးမား၏ "အောဒိဆီ" ကဗျာကြီးသည်လည်း သူရဲကောင်းတဦး၏ ခရီးသွား မှတ်တမ်းတခု ဖြစ်ခဲ့လေသည်။

မျက်မှောက်ခေတ်၌ မာကိုပိုလို၏ ခရီးသွားမှတ်တမ်း စာအုပ်ကြီးမှာ ဂန္ထဝင် တဆူအဖြစ် ကျန်ရစ်ခဲ့သည်။ ထိုမှတ်တမ်းကြီးတွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြောင်းဖြင့် ရွှေထီး, ရွှေနန်း, ရွှေကြငှန်းတို့ အကြောင်း စာဖွဲ့ထားခဲ့ပေသည်။

မြန်မာစာပေတွင် မဟာဗောဓိသို့ ကြွချီသော ပုဂံမှ မဟာအဂ္ဂပဏ္ဍိတ၏ ကျောက်စာ,ဒီသာပါမောက္ခ ဆရာတော် တရုတ်ပြည်သွား မှတ်တမ်း ကျောက်စာများမှ စ,တင် ခဲ့သည်ဟု ဆိုနိုင်သည်။ ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားမှ ကင်းဝန်မင်းကြီး လန်ဒန်သွား မှတ်တမ်း အထိ ခရီးသွား စာပေအများ ရှိသည်။

ယခု ဆရာတော်၏ ခရီးသွား မှတ်တမ်းမှာ နိုင်ငံခြားသွား မှတ်တမ်း မဟုတ်။ ပြည်တွင်းခရီး ဖြစ်သည်။ သူသူ ငါငါ မြန်မာအများတို့ သွား နေကြသော မန္တလေး မြစ်ကြီးနား မီးရထားခရီးလမ်းကိုပင် မည်သည့်

( ၃ူ )                    သူတို့အမြင်အညာတခွင်

ဘူတာသို့ရောက်လျှင် မည်နှယ် တွေ့ကြုံရဦးမည်နည်း-ဟု စာဖတ်သူတို့ကို ရင်တမမ, ဆွဲခေါ်နိုင်သော ရေးဟန်ရှိသဖြင့် ဟူထဲသော စာအုပ်ကြီးကို လက်က မချနိုင်ခဲ့ပါ။

ချင်းပြည်နယ်နှင့် ချင်းတွင်းမြစ်ဘက်သွားသော မှတ်တမ်းသို့ ရောက်သောအခါ မရောက်ဖူးသေးသော ဒေသဖြစ်သဖြင့် ပို၍ ဆွဲဆောင်ပြန်သည်။ ကျေနပ်ဖွယ် စာအုပ်တအုပ်ပါပေ။

* ၁၅-၁၀-၇၅၊ လုပ်သား သတင်းစာမှ။

# ပန်ကြားလွှာ

## စကားဦး

အစတုန်းက "ဤအညာတခွင် တရားဟော ထွက်ခဲ့စဉ်က" မှတ်တမ်း စာအုပ်၌ ကိုယ်တိုင် အမှာစာ မရေးတော့ဟု စိတ်ကူး ခဲ့မိသည်။ အကြောင်းမှာ စာရေးသူ၏ တိုက်တွန်း ကောင်းပန်ချက်အရ တည်း ဖြတ်သူ ဆရာတော်ဘုရားက ရေးသား ချီးမြှင့်တော်မူသော အမှာစာ ဖြင့်ပင် လုံလောက်ပြီဟု ဆင်ခြင်မိသောကြောင့်-သို့သော် မရေးလျှင် မဖြစ်သော အကြောင်းများကား ရှိလာကုန်သေး၏။ ထို့ကြောင့် ဤ ပန်ကြားလွှာကို ရေးသားလိုက်ရပြန်၏။

## ရေးသားခဲ့ရပုံ

စာရေးသူသည် ဤကိုယ်တွေ့ ခရီးသွား မှတ်တမ်းကို ၁၃၂၂-ခု သီတင်းကျွတ် လဆုတ် ၁၀-ရက် (ထိုခရီးထွက်ချိန်) မှစ၍ တန်ဆောင် မုန်း လကွယ် (ထိုခရီးကဏ္ဍဆုံးသည့်) နေ့အထိ ၃၅· ရက်ပတ်လုံးပင် ဦးစွာ မူကြမ်းရေးမှတ်ရ၏။

ထို့နောက် မန္တလေးမှ ရန်ကုန်၊ ရန်ကုန်မှသည် ပဲခူးတိုင်း၊ ရာ၂တီ တိုင်း၊ တနင်္သာရီတိုင်းတို့သို့ ဒေသနာ ခရီးဆက်ခဲ့ ရပြန်ပါသည်။ ထို့နောက် မော်လမြိုင်၊ ဟင်္သာတ၊ ပုသိမ်.မဟာစည် ရိပ်သာခွဲ များသို့ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ချီးမြှင့် တာဝန်ပေးချက် အရ ဓာမ္မ-ဌာနာစရိယ မေမ္မကထိက အဖြစ် ဆောင်ရွက်ခဲ့ရပါသည်။

ထိုကာလများအတွင်း၌လည်းပင်မ,ရိပ်သာ ဆယာတော်အဖြစ်တာဝန် ကိုထမ်းဆောင်ယင်းပင် မြန်မာပြည်တွင်း ထိုထို မြို့ရွာ အရပ်ရပ်တို့သို့ လည်း အခါအားလျော်စွာ ဒေသနာခရီး ထွက်မြဲ ထွက်ခဲ့ရပါသေးသည်။

ယင်းသို့ ဆောင်ရွက်ယင်းဖြင့် တိုကို အသစ် အသစ်သော ခရီးသွား မှတ်တမ်း စာညွှန်ကိုကို ရေးသားပြီးနောက် ဤ အညာတခွင် မှတ်တမ်းကို အကြမ်း အချော အကြိမ်ကြိမ် ရေးသား ရပါသည်။ ရေးသားမှု အတိုင်းအတာ ကာလအားဖြင့် ဆိုရပါလျှင် ဤမှတ်တမ်း ခရီးအစ ၁၃၃၂-ခုနှစ် သီတင်းကျွတ် လဆုတ် ၁၇-ရက်မှ ၁၃၃၆-ခုနှစ် စက်တင် ပုံနှိပ် ဖောင်ပိတ်ချိန်အထိ ဟု ဆိုရပါမည်။

ရေးသားရာ၌လည်း ဤမှတ်တမ်း ပြည့်စုံသင့်သလောက် ပြည့်စုံ၍ ကောင်းမွန်သည်ထက် ကောင်းမွန်အောင် သက်ဆိုင်သူများထံ၌ လူကိုယ်တိုင် တမျိုး၊ စာပေးစာယူဖြင့် တသွယ်၊ စာအုပ်စာတမ်းများ ဖတ်ရှုခြင်းဖြင့် တဖုံ မျိုးစုံအောင် ရုန်းကန်ပြုရ၏။

ဤမှတ်တမ်းရေးရာ၌ မူလရေးစဉ်မှအစ ရေးသားပုံနှိပ် ထုတ်ဝေချိန် အထိ လွယ်ကူသော အဖြောင့်အစင်းဟူသည် မရှိသလောက် နည်းပါး၍ အကွေ့အကောက် အနှောင့်အယှက် အတက်ကြမ်းများကား 'ပြော မဆုံးပေါင် တောသုံးတောင်' ဟူသကဲ့သို့ မြောက်မြားလှစွာ ကုန်ဘိ၏။ ထို့ကြောင့် ယင်းအကြောင်းတို့ကို အကျယ်မပြောလို မရေးလိုတော့ပါ။

ပဌမမူချော ကို ဗုဒ္ဓမြန်မာ လောကစာစောင်သို့ ပို့လိုက်သော်လည်း အယ်ဒီတာ မကြိုက်သေး၍လား ဖတ်ရှုသူများ ဖတ်ရှုခွင့် မရခဲ့ကြသေးပေ။ ထို့ကြောင့် တဖန်ထပ်မံရေးသားရ၏။ ထို့နောက် ကောင်းသည့်ထက်ကောင်းအောင် ကျောက်ကောက်မတိုးရှိမ်ဆရာတော် ဦးဝံသအရှင်မြတ်ထံ စာမူများကို ပို့၍ တည်းဖြတ်ရန် အပ်နှံရပါသည်။ ယင်း တည်းဖြတ်ပြီးစာမူများကို မူချော ထပ်မံရိုက်၍ ဗုဒ္ဓမြန်မာလောကစာစောင်သို့ ပို့လိုက်ရပြန်ပါသည်။ ထိုအကြိမ်မှပင် ဗုဒ္ဓမြန်မာတွင် စာဖတ်သူများ ဤအညာတခွင်ကို ဖတ်ရှုခွင့်ရကြပါတော့သည်။

ထို့နောက် စာဖတ်သူများက ဤမှတ်တမ်းကို စာအုပ် ဖြစ်အောင် ဆောင်ရွက်ရန် တိုက်တွန်းကြပါသည်။ ထို့ကြောင့် စာဖတ်သူများ ဆန္ဒ ပြည့်ဝရေးအတွက် ဆောင်ရွက်ပေးနိုင်မည့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်နှင့် ဟိတကောသီ အဖွဲ့တို့အား "ဤမှတ်တမ်းကို စာဖတ်သူ လူထုလက်သို့ ရောက်အောင်သာ ဆောင်ရွက်ပေးပါ၊ အကျိုး

အမြတ်ကို အဖွဲ့၏ ရန်ပုံငွေအဖြစ် ထားရှိ၍ အကျိုးရှိရာတွင် သုံးနိုင်ပါသည်။ ဤစာမူကို အဖွဲ့အား လှူပါရစေ" ဟု စကား ကမ်းလှမ်းခဲ့ဘူးသည်။သို့သော် အကြောင်းမညီညွတ်ခဲ့ပါ။ ထိုနောက်စာပေဗိမာန်စာစဉ်အဖြစ် ထုတ်ဝေနိုင်က ထုတ်ဝေရန် စာပေဗိမာန်အဖွဲ့နှင့်လည်း ဆွေးနွေးခဲ့ဘူးသည်။ ယင်း၌လည်း အကြောင်းမညီညွတ်ခဲ့ပါ။ ထို့ကြောင့် ကိုယ့်အားကိုယ်ကိုးသဘောဖြင့် ပုံနှိပ်ဖြန့်ချိရေးကိစ္စကို ဆောင်ရွက်ရတော့သည်။

## ဝမ်းမြောက်စွာကျေးဇူးတင်ပါသည်

အထူးအားဖြင့် ဤစာအုပ်၌ ချွတ်ယွင်းချက် လိုအပ်ချက်များကို တွေ့ရှိကြပါလျှင် စာဖြင့် စာရေးသူထံသို့ အကြံဉာဏ်များ ပေးနိုင်ကြပါကြောင်းကို စာဖတ်သူများအား ပန်ကြားပါသည်။ ဒုတိယအကြိမ် ရိုက်နှိပ်သောအခါ ပြင်ဆင်သင့်သည်များကို ဝမ်းမြောက်စွာ ပြင်ဆင်ပါမည်။

ဤစာအုပ်ဖြစ်မြောက်ရေးနှင့် ပတ်သက်၍ အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြသော–

၁။ တည်းဖြတ်ချီးမြှင့်တော်မူသော ဝက်လက်မစိုးရိမ် (ဦးတိဿ)ဆရာတော် ဘုရားအားရှင်း၊

၂။ ဗုဒ္ဓဓမ္မလောကစာစောင်၌ ထည့်သွင်း ဖော်ပြပေးသော အယ်ဒီတာ မင်္ဂလာဦးအောင်မြင့်အားရှင်း၊

၃။ လက်နှိပ်စက်ဖြင့် စာမူကြမ်း ရိုက်နှိပ်ကူညီကြသော–

–ဟင်္သာတမြို့ ဈေးလေးကုန်းရပ် ဦးဟန်မောင်း (စိုက်ပျိုးရေးချေးငွေဌာန စာရေးဝန်ထမ်း)၊

–ဟင်္သာတမြို့ တာငါးဆယ်ရပ် ဒေါ်ကြည်ကြည်ဟန် (ကုန်သွယ်ရေး ၁-ဇိုမန်နေဂျာ ရုံးစာရေးဝန်ထမ်း အဆင့် ၂)၊

–ရန်ကုန်မြို့ အမှတ် ၁၆-ဟာမစ်တိတ်လမ်းနေ လက်နှိပ်စက်စာရေးမ မသန်းသန်းတို့အားရှင်း၊

၈-(ဒုတိယအကြိမ်)

## ပန်ကြားလွှာ

၄။ လက်နှိပ်စက်စာမူ ပရူပြင်ဆင်ပေးကြသော—

- ဟင်္သာတမြို့ မဟာစည်ရိပ်သာ ဆရာကြီး ဒေါ်သုခ၊ ဒေါ်ဝဏ္ဏ၊ မစန္ဒာသီဂီ၊ ဟင်္သာတမြို့ တာငါးဆယ် မြောက်ရပ် မဟာသတိပဋ္ဌာန် အမျိုးသမီးအဖွဲ့ တပည့်များအားရင်း၊

၅။ ဓမ္မဒါနနိဗ္ဗာန် သဘ်များဖြစ်ကြသော—

- ဟင်္သာတခရိုင် မဲဇလီကုန်းမြို့ မဟာစည်ရိပ်သာ ဦးသုရိယ ဆရာတော်နှင့် ကပည့်ယောဂီ မသန်းအေး၊
- မော်လမြိုင်မြို့ တောင်ဝိုင်းကလေး မဟာစည်ရိပ်သာ ယောဂီဟောင်း ဒေါ်မြင့်မြင့်၊
- ပုသိမ်မြို့ သဒ္ဓမ္မသီတဂူ မဟာစည်ရိပ်သာ ယောဂီဟောင်း ဒေါ်လှချစ်၊
- ရန်ကုန်မြို့ သာသနာ့ရိပ်သာ အမျိုးသမီးယောဂီ နေရာချထားရေးတာဝန်ခံ ဒေါ်သိန်းခမ၊ မဟာစည် ယောဂီများ ဖြစ်ကြသော ဒေါ်ဓမ္မသီ၊ ဒေါ်စိန်စိန်၊ ဒေါ်လှကြည်(ပန်းတနော်)၊ ဒေါ်ခင်မေ(ရန်ကင်း)၊ ဒေါ်ခင်အိ(ရန်ကင်း)တို့အားရင်း၊

၆။ အညာတခွင် ဒေသရှိ တရားပွဲ အကျိုးဆောင်များနှင့်—

- မိုးကောင်းမြို့ အကြောင်းကို မိန့်ကြားတော်မူသော မိုးကောင်းမြို့ မင်းကုန်းကျောင်း ဆရာတော်၊
- နာဂတောင်တန်း သာသနာပြု အတွေ့အကြုံများကို အထူး မိန့်ကြားတော်မူသော ဟတ္ထိသာသနာပြုဆရာတော် ဦးကောဝိဒ၊
- တောင်တန်းသာသနာပြု ဗဟိုဌာန၏ ဆောင်ရွက်ချက်များကို မိန့်ကြားတော်မူသော ခမ္ပတီးမြို့ ဗဟိုတောင်တန်း သာသနာပြု ဌာန ဆရာတော် ဦးကေသရ၊
- မောင်းခမ်းသမိုင်းကို ပြောပြသော မဟာစည်ယောဂီ ဦးဖိုးအို၊
- အညာတခွင် တရားပွဲများကို ဦးစွာပင့်သူ ဖောင်းပြင်မြို့ မဟာစည်ရိပ်သာ ဆရာတော် ဦးစန္ဒိမာ၊ ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့်များ၊

—ဖောင်းပြင်သမိုင်းကို ပြောပြသော ဦးပဥ္ဇင်း ဦးကဝိပိယ၊

—မင်းကင်းမြို့အကြောင်းကို ပြောပြသော မင်းကင်းမြို့ အထက်ကန်တော်မင်ကျောင်း ဆရာတော်၊

—အလုံ၊ ဘုတလင်၊ ညောင်ကန်တို့ အကြောင်းကို ကူညီရှာဖွေပေးသော မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ ညိဝမ်းကွဲ မောင်တင်မြင့် (စိုက်ပျိုးရေး ဘီ၊အေ၊ဂျီ၊ မန်းတက္ကသိုလ်) တို့အားရင်း၊

၇။ အညာတခွင် တရားပွဲများကို တာဝန်ခံ ပင့်ဆောင်သူ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ မဟာစည် ဓမ္မကထိကအဖွဲ့ ဘဏ္ဍာရေးမှူး ဝဏ္ဏကျော်ထင် စည်သူ ဦးညိပု၊

—အညာတခွင် ဓမ္မဒါနဖြန့်ချီရေး တာဝန်ခံများ ဖြစ်ကြသော ရန်ကုန်မြို့ သာသနာ့ရိပ်သာ မယ်တော်ကြီး ဒေါ်ပွဲဘန်။

—ညိဝမ်းကွဲ မောင်အုန်းရွှေ (ရန်ကုန်မြို့ လုပ်သားများကောလိပ် စိတ်ပညာ အဓိက စတုတ္ထနှစ်)၊

—စာမူကို ကောင်းမွန်စွာ အမြန်စိစစ်ခွင့်ပြုပေးကြသော ပြည်ထဲရေးနှင့် သာသနာရေးဌာန ဗဟိုမှတ်ပုံတင်အဖွဲ့ ဝန်ထမ်းများ၊

—အညာတခွင် စာအုပ်အတွက် စက္ကူဝယ်ခွင့်ကို ချောမောစွာ ဆောင်ရွက်ပေးကြသော ကုန်သွယ်ရေး ကော်ပိုရေးရှင်း အမှတ်(၇) စက္ကူပုံနှိပ်နှင့် ဓာတ်ပုံပစ္စည်း ဝယ်ယူရောင်းချရေး ဌာနစု (၂)ဌာနခွဲ(၁)ဝန်ထမ်းများ၊

—အညာတခွင် စာအုပ်ကို ကောင်းမွန်စွာ ပုံနှိပ်ပေးကြသော သင့်ဘဝ မဂ္ဂဇင်း ပုံနှိပ်တိုက်ပိုင်ရှင်နှင့် လုပ်သားများအားရင်း၊

—ထိုထို ဓမ္မဒါန ကုသိုလ်ရှင်များအားရင်း၊

ဝမ်းမြောက်စွာ ကျေးဇူးတင်ကြောင်း ပန်ကြားလွှာကို မှတ်တမ်း တင်ရပါသတည်း။

(ခါး)

ပန်ကြားလွှာ

## ဆန္ဒမွန်

- ○ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ မှည်ကြာတည််၍ လင်းစေသော်။
- ○ မဟာစည် လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။
- ○ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြခဲ့စေသော်။
- ○ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

ညောင်ကန် အရှင်ဋ္ဌန္ဒက
အမှတ် ၁၆၊ သာသနာ့ရိပ်သာ
ရွှေဂုံတိုင်စာကိုက်-ရန်ကုန်မြို့။

သာသနာတော်နှစ် ၂၅၁၀-ခု။
ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ ပြာသိုလ။

# ဒုတိယမွဲ့ စကားဦး

## အာသီသပွန်

ဇယတု ခိပ္ပံ သဗ္ဗဗုဒ္ဓသာသနကိစ္စံ၊

သဗ္ဗဗုဒ္ဓသာသနကိစ္စံ၊ အလုံးစုံသော ဗုဒ္ဓမြတ်စွာ သာသနာတော်၏ ရှည်ကြာပျံ့မွေး တလောကလုံး ချမ်းသာရေးကိစ္စ မှန်သမျှသည်။ ခိပ္ပံ၊ မကြာမတင် လျင်မြန်ဆောစွာပင်။ ဇယတု၊ မကောင်းမှောင်ရှင်း ကောင်းရောင်လင်း၍ အောင်ခြင်းမုန်စွာ အောင်ပါစေသတည်း။

"သာသနာ့ကိစ္စ၊ မှန်သမျှ၊ မုချမုန်စွာ အောင်ပါစေ"လို့ အာသီသပွန် စကားဦးကို ရွတ်ဆိုပြီး ဤ "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က"အမည်ရှိ ခရီးသွားမှတ်တမ်းစာအုပ် ဒုတိယအကြိမ် ရိုက်နှိပ်ရခြင်းအကြောင်းကို စာဖတ်သူများအား မင်္ဂလာစကား ပြောကြားရပေသည်။

## ဤစာအုပ်သည်

ဤ "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က" အမည်ရှိ စာအုပ်သည် မည်သို့သော စာအုပ်ဖြစ်ကြောင်းကို ဤစာအုပ် စာမျက်နှာ( ခ ) တွင်ဖော်ပြထားသော "သူတို့အမြင် အညာတခွင်" ဖြင့်လည်းကောင်း၊ ပထမအကြိမ်ရိုက် အမှာစာများ ဖြင့်လည်းကောင်း သိသာထင်ရှားပါပြီ။

## ညောင်ကန်ဆရာ ဗုဒ္ဓသာသနာပြု ရန်ပုံငွေ

ဤစာအုပ်ကို မဟာစည်ကြီး ဒေါ်ခင် ညောင်ကန်ဆရာသာ နေ့ရိပ်သာ ဖြစ်မြောက်ရေး ဝေယျာဝစ္စအဖွဲ့၏ ဗုဒ္ဓသာသနာ စာပေပြန့်ချိရေး ရန်ပုံငွေအတွက် ရိုက်နှိပ်ဖြန့်ချိရန် လှူအပ်လိုက်ပေသည်။ ဤစာအုပ်မျှသာမက ဘုန်းကြီး ပြုစုထားသော စာအုပ်များအားလုံးကိုလည်း ယင်း ရန်ပုံငွေအတွက်ပင် ဆက်လက် ဖြန့်ချိသွားကြရန် လှူအပ်ထားပေသည်။

( ၈ ) ဒုတိယမှီ စကားဦး

## သန္ဒပ္ပန်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။
၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။
၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။
၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။
၅။ ဗောဓိမဏ္ဍိုင်၊ မုဋ္ဌလိန်အိုင်၊ ဘုန်းခိုင်အောင်မြေတော်။
၆။ ဗုဒ္ဓအောင်မြေ၊ များဝေနေ၊ အောင်စေ အေးဖို့ခေါ်။
၇။ ညောင်ကန်အေးတွင်၊ တရားဝင်၊ အစဉ် ငြိမ်းချမ်းကြစေသော်။

## ညောင်ကန် အရှင်ဇာနက

၁။ သန္တာအေးကျောင်း
မဟာစည် သာသနာ့ရိပ်သာ၊
၁၆-သာသနာ့ရိပ်သာလမ်း၊
ရွှေဂုံတိုင်စာတိုက်၊ ဗဟန်း-
ရန်ကုန်။

၂။ မဟာစည်ဩဝါဒခံ၊
ညောင်ကန်အေး သာသနာ့
ရိပ်သာ၊ အမှတ် (၆)
အင်းစိန်လမ်းမကြီး
ကြို့ကုန်း ရန်ကုန်။

၁၃၄၂-ခု၊ တပို့တွဲလဆုတ် (၁၁)ရက်၊
(၂-၃-၈၁) တနင်္လာနေ့။

# ဆိုဗီမွ ခြင်းရာ

၁၃၃၃-ခုနှစ် နတ်တော်လပြည့်ကျော် ၂-ရက်နေ့က ဖြစ်လေသည်။ ထိုနေ့ ထိုအချိန်မှာကား ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရန်ကုန် သာသနာ့ရိပ်သာ၌ ဝိပဿနာတရားစတင်ပြခဲ့သည်မှ ၂၂-နှစ် မြောက်အဖြစ် ပူဇော်ပွဲကြီး ကျင်းပသောနေ့ ကျင်းပသောအချိန် ဖြစ်သည်။ ပူဇော်ပွဲကြီးသို့ မိမိနှင့်အတူလာ မန္တလေးရဟန်းတော်တို့ အဖွဲ့မှာ မဟာစည် သာသနာ့ရိပ်သာအတွင်းရှိ ဟံသာအေးတိုက်ပေါ်၌ တည်းခိုကြရသည်။ မိမိတို့ကဲ့သို့ပင် ပူဇော်ပွဲကြီးသို့ အရပ်ရပ်မှ ရောက်လာကြသော ရဟန်းပရိသတ် လူပရိသတ်တို့သည်လည်း နေရာချထားရေးအဖွဲ့က ချထားသော နေရာဌာနအသီးသီးတွင် တည်းခိုလျက် ရှိကြသည်။

ပူဇော်ပွဲလာ ထိုပရိသတ်တို့တွင် ဟသ်ာတမြို့ မဟာစည် သာသနာ့ရိပ်သာခွဲမှ နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးကုဏ္ဍလလည်းပါရှိပေသည်။ ထိုဆရာတော်သည် မိမိတို့ တည်းခိုနေသော ဟံသာအေးတိုက်ပေါ်သို့ တက်လာပြီး ရောက်မဆိုက်ပင်-

"ဆရာတော် ဦးတိဿ ဒီတိုက်ပေါ်မှာဆိုလို့ လာခဲ့ပါတယ်"ဟုစုဝေးလျက် စကားစမြည် ပြောနေကြသော ရဟန်းတော်တို့အား လျှောက်ထားယင်း 'မည်သူသည် ဦးတိဿဖြစ်လေသနည်း' ဟူသော အနေနှင့်စုဝေးလျက်ရှိသော ရဟန်းတော်များကို အကဲခတ်ရွေးချယ်သော မျက်စိဖြင့် ကြည့်လျက်ရှိသည်။

"ဘာကိစ္စရှိလို့ပါတုံး၊ ဒါ ဆရာတော် ဦးတိဿပါပဲ"

အတူနေထိုင်ကြသည့် အထဲမှာ ရဟန်းတော်တပါးက လက်ညှိုးညွှန်ပြလိုက်ရာ ဆရာတော် ဦးကုဏ္ဍလသည် သူမွေ့ပိုက်လာသော အထုပ်ကြီးကို မိမိလက်ထဲသို့ လာထည့်ယင်း-

"ညောင်ကန် အရှင်ကုဏ္ဍက က 'ဒီစာမူကို ဆရာတော် ဦးတိဿ အား ဆက်သလိုက်ပါ' ဆိုပြီး ပေးလိုက်လို့ ယူလာခဲ့ရပါတယ် ဘုရား"

"များလှချေကလား၊ ဘာစာမူတွေပါလိမ့်"

"အထုပ်ထဲမှာ အမှာစာလဲပါပါတယ်ဘုရား"

အမှာစာပါသည်ဆို၍ ထိုအမှာစာကို အထုပ်ထဲမှ ယုတ်ပြီး စာထုပ်ကို ဖွင့်ဖတ်လိုက်ရာ....

"တပည့်တော်၏ 'အညာတခွင် တရားဟောထွက်ခဲ့စဉ်က' စာမူကို ဆရာတော် ဦးကုဏ္ဍလမှတဆင့် ဆရာတော်ထံ ပို့လိုက်ပါသည်ဘုရား။ ဆရာတော်သဘောအတိုင်း ဆရာတော်ကြိုက်သလိုတည်းဖြတ်ပေးပါမည့် အကြောင်း, စာမူရှင်ကို ငဲ့ညှာခြင်းမပြုပဲ တည်းဖြတ်ပြင်ဆင်ရန် ကိုလည်း ထပ်လောင်း လျှောက်ထားပါကြောင်းနှင့် အခွင့်မသာ၍ ဤပူဇော်ပွဲသို့ မလာရောက်နိုင်ကြောင်း"စသည်ဖြင့် ရေးသားလိုက်သည်ကို တွေ့ရသည်။

စာမူကိုဆောင်ယူလာသော ဆရာတော် ဦးကုဏ္ဍလကို ကြားဘူးနေ၍ အကြားနှင့်သာ သိနေခဲ့ရသော်လည်း ပုဂ္ဂိုလ်အချင်းချင်းမှာ မတွေ့မမြင်ဘူးကြပေ။ ဤတကြိမ်မှာ စတွေ့ရသော ပဌမဆုံး အကြိမ်ဖြစ်၏။ ညောင်ကန် အရှင်ဋ္ဌကနှင့်မူ ရင်းရင်းနှီးနှီးသိနေကြပြီ ဖြစ်သောကြောင့် အားနာ နေစရာ မလိုသည့်အတိုင်း ဤစာမူကို တည်းဖြတ်ပေးရန် မိမိထံသို့ ပို့လိုက်ခြင်း ဖြစ်လေသည်။

စာမူကြီးမှာ ကော်ပီဆိုက်လတ်များနှင့်ရော ဆိုက်ကြီးများနှင့်ပါ ရေးသားထားခြင်းဖြစ်၍ပလတ်စတစ်ဖြင့် ထုပ်ပေးလိုက်သော အထုပ်ကြီးပင် သက်န်းတစုံထုပ်လောက်ရှိပေလိမ့်မည်၊ 'ယူဆောင်ပို့ပေးရသော ဆရာတော် ဦးကုဏ္ဍလကိုမှ အားမနာလေ' ဟု အောက်မေ့မိလိုက်၏။ သို့သော် သူတို့ နှစ်ပါးမှာ ထိုစဉ်က ဟသ်ာတရိပ်သာတွင် အတူနေ သူတို့ သာတည်း။

## တည်းဖြတ်ပေးလိုက်ရသည်

သူ၏ "အညာတခွင်တရားဟောထွက်ခဲ့စဉ်က" ဆောင်းပါးကြီးမှာ ရှည်လည်းရှည်လျားလှ၏။ ရှည်လျားသလောက်စုံနေအောင်မှတ်တမ်းတင် ထားသည်ကို တွေ့ရသည်။ မန္တလေးမှသည် မြစ်ကြီးနားနှင့် ခမ္ပတီးအထိ သာမကအိန္ဒိယနယ်ထဲသို့ပင်ရောက်သွားပေသေးသည်။ ဟောကြားသော တရားပွဲ အကြိမ်ပေါင်းမှာလည်း ၅၀-ကျော်သွားသည်ဆို၏။ ရိပ်သာသို့

မပြန့်ကြပဲတသီကြီးသူတို့မှို့ဟောလည်းဟောနိုင်ကြပါပေသည်။ ဆောင်းပါးတွင် မှတ်တမ်းတင်ထားလိုက်သည်မှာလည်း တိုင်းရင်းသား လူမျိုးစုတို့၏စားဝတ်နေရေးပါမကျန်ဘာသာရေးသာသနာရေးတွေပါစုံနေပေသည်။ထူးထူးထွေထွေလည်းပြင်စရာဆင်စရာဟူ၍ မရှိလှ၊စာဖတ်ပရိသတ်များ မျက်မှောက်သို့ တင်ပြဖို့လောက်သာ ရှိတော့သည်။ သို့နှင့်လည်း သူ့ဆောင်းပါးကြီးကို "တည်းဖြတ်ပေးပါ၊ ပြင်ဆင်စရာရှိလျှင် ပြင်ဆင်ပေးပါ" ဟူ၍ ဆိုလိုက်သေးသည်။

"ဒီလောက်ကောင်းရုံနဲ့ အဟုတ်ပဲ အားမရသေးလို့ အပြင်အဆင်ခိုင်းလေသလား၊ ဒါမှမဟုတ် သူ့ဆောင်းပါးကြီးကို ဖတ်ကြည့်စေချင်လို့ ဖတ်ပြီး ဝေဖန်စေချင်လို့လေလား၊ တခုခုတော့ တခုခုနေမှာပဲ၊နည်းနည်းပါးပါးမှ မပြင်မဆင်ပဲ သူ့ဆောင်းပါးကြီးကို သူ့ဆီပြန်ပို့လိုက်ယင် သေသေချာချာဖတ်မကြည့်ပဲ တော်သလို ကြည့်ရှုပြီး ပြန်ပေးလိုက်တယ် ဆိုပြီး ကျေနပ်မယ် မဟုတ်ပေဘူး။ နည်းနည်းပါးပါးတော့ ဟိုနားတို့ ဒီနားတို့ တို့ပေးလိုက်အုံးမှသာ သူကျေနပ်ပေလိမ့်မယ်"

ပေးပို့လိုက်သော ဆောင်းပါးကြီးကိုကြည့်ရှုနေယင်း၌သို့ပင်ဆင်ခြင်စဉ်းစားမိသည်။မည်သို့ပင်ဖြစ်စေတရင်းတနှီးပို့လိုက်သောသူ့ဆောင်းပါးကြီးကိုတော့ ကိုယ်လည်း စေ့စေ့စပ်စပ်ဖတ်ရှုပြီးဖြစ်စေတော့၊ ပေးပို့လိုက်သူလဲကျေနပ်စေတော့ဟူသော နှစ်ကိစ္စပြီးဖြစ်အောင် နငယ်အမြီးတိုသည်ကို ရှည်ရှည်ပြင်ဆွဲ၊ ပစောက်ကို ပိတ်ဖောက်သောနည်းဖြင့် အောက်မြစ်, ဝစ္စပေါက်ကလေးများ ကျကျန်ရစ်သည်ကို ထည့်ပေးခြင်း၊ လက်လွန်သွားသော သတ်ပုံကလေးများကို ကိုယ်သိသလောက် ပြင်ခြင်း၊ မေ့လျော့ကျော်လွန် ကျပေါက်ရစ်သော စာလုံးကလေးများကို ထည့်ပေးထားမှန်း ပြင်ဆင်ထားမှန်းသိအောင် မင်နီကလေးများဖြင့် ကြက်ခြေခပ်ပြပြီး ထည့်ပေးခြင်း စသော ပြင်ဆင်ခြင်းမျိုးဖြင့် မင်နီပြောက်ကလေးများ ပြောက်ပေးလိုက်ပါသည်။

## ကျေးဇူးတင်ပါသည်တဲ့

"ပြင်ဆင်သင့်သည်ကို ပြင်ဆင်၍ပြီးပြီဖြစ်လို့ အရှင်ဘုရားဆောင်းပါးကြီးကို ပြန်ပို့လိုက်ပါသည်"ဟူသော အမှာစာနှင့်အတူ ဆောင်း

ပါးကြီးကို အရှင်ဣန္ဒကထံ ပြန်ပို့လိုက်ပါတော့သည်။ တင်ပို့လိုက်၍ မကြာမြင့်မီမှာပင် အရှင်ဣန္ဒကထံမှ စာတစောင် ပြန်လာလေသည်။ "ဂရုတစိုက် ပြင်ဆင်ပေးပို့ ကျေးဇူးတင် ဝမ်းမြောက်လှပါသည်"တဲ့။

သူ့ပြန်စာရောက်လာ၍ ဖတ်ပြီးတော့လည်း ဆင်ခြင် စဉ်းစားမိပြန်သည်။ တကယ် ကျေးဇူးတင်လောက်အောင် ပြင်ဆင်ချက် မရှိသည်က တော့ သေချာသည်။ "ကျေးဇူးတင်"ဆိုသော စကားလုံးကတော့ နှုတ်တက်နေသော စကားလုံးဖြစ်၍ မပါလျှင် မကောင်းသောကြောင့် အဆစ်ပါလာသော စကားလုံး ဖြစ်ကောင်း ဖြစ်ပေမည်။ သူဖတ်စေ ချင်သည့်အတိုင်း သူ့ဆောင်းပါးကြီးကို ဖတ်သည်ကို သိသောကြောင့် "ဝမ်းမြောက်လှပါသည်" ဟူသော စကားလုံးမှာမူ တကယ် အနက် အဓိပ္ပါယ်ရှိသော စကားလုံး ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ ထို့ပြင် စဉ်းစားစရာ တချက်လည်း ရှိလာပြန်ပါသည်။ ဤသည်ကတော့ ဆိပ်ခွန် ဆရာတော် ဦးကုသလ၏ ကျေးဇူးတင် ဝမ်းမြောက်နည်းမျိုး ဖြစ် ကောင်း ဖြစ်နိုင်သည် ဟူသော ဆင်ခြင်စဉ်းစားစရာ အချက်ပင် ဖြစ် သည်။

တခါက ထေရဝါဒဂိုဏ်း၊ မဟာယာနဂိုဏ်း စသည် ကွဲနေသော ဂိုဏ်းကွဲများကို ရေးပေးရန် ဆရာတော် ဦးကုသလ-က တိုက်တွန်းဘူး သည်။ ထိုအခါ မိမိက မဟာစည် ဆရာတော်ဘုရား ဘာသာပြန်ထား သော ဝိသုဒ္ဓိမဂ်အတိုင်း ကူးယူပေးလိုက်သည်။ ဝိသုဒ္ဓိမဂ် ဘာသာပြန် နိဒါန်းတွင် ဂိုဏ်းကွဲတွေကို အပြည့်အစုံ ဖော်ပြထား၏။ ဤသည်ကို ဆရာတော် ဦးကုသလလည်း သိနေပြီးသား ဖြစ်သည်။ သို့သော် မိမိကို စာရေးဆရာကြီး ထင်မှတ်ပြီး ထိုထက် ထူးထူးထွေထွေ ရေးတတ်လိမ့် မည်အထင်နှင့် တိုက်တွန်းခြင်း ဖြစ်သည်။ သူသိပြီးအတိုင်း မထူးခြား သည်ကို တွေ့ရသည့်အခါ၌ ဆရာတော် ဦးကုသလ-က ကျေးဇူးတင် စာ တစောင် ပြန်လိုက်သည်။

"ရေထု၊ မြေထု၊ မြန်မာမိုရ်မတောင်တမျှ ကျေးဇူးကြီးမားလှသည့် ဆရာတော်ဘုရား၊ ဆရာတော်ဘုရား ရေးသားချီးမြှင့်ပေးလို့ ဂိုဏ်း ကွဲအထူးတွေကို သိရပါသည်ဘုရား"တဲ့။

အခုလည်းညောင်ကန် အရှင်ဇာနိန္ဒ၏ကျေးဇူးတင်လွှာတွင်ပါရှိသော ကျေးဇူးတင်စကားမှာ ဆရာတော် ဦးကုသလ ကျေးဇူးတင်ပုံအတိုင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ ကိုယ်ကမူ သည်ထက် ပိုမစွမ်းနိုင်ပဲနှင့် ကိုယ်စွမ်းအင် ရှိသလောက် ဆောင်ရွက်ပေးပါသည်ကို အကယ်၍ သူတို့ အားမရဟု ဆိုပါလျှင် အဘယ်သို့တတ်နိုင်ပါမည်နည်း။

## နှစ်ဘက်စျှန်

ညောင်ကန် အရှင်ဇာနိန္ဒက သည်ကား တရားလည်း ဟောတတ်သည်။ စာလည်းရေးတတ်သည်။ သူဟောတတ် ရေးတတ်ကြောင်း 'အညာတခွင် တရားဟော ထွက်ခဲ့စဉ်က' ဟူသော ဤဆောင်းပါးကြီးက သက်သေ ခံလျက်ရှိသည်။ သူသည် ဤဆောင်းပါးကြီးကို အညာတခွင်တွင် တရားပွဲပေါင်း ၅၀-ကျော် ဟောယင်း အချိန်အားလပ်တိုင်း မှတ်တမ်း တင်ခဲ့သော ဆောင်းပါးကြီး ဖြစ်သည်။ တရား ဟောတတ်၍လည်း မဟာစည် ဓမ္မကထိကအဖွဲ့တွင် အဖွဲ့ဝင် အဖြစ် ပါဝင်သော ဓမ္မကထိက တပါး ဖြစ်သည်။ စာပေရေးတတ်၍လည်း ၁၃၃၀-ခုနှစ်က 'ဗုဒ္ဓဓမ္မ ဆောင်းပါးများ' ဟူသော အမည်နှင့် ဆောင်းပါးအပုဒ်ပေါင်း ၇၀-ကျော် စာမျက်နှာ ၂၈၈-မျက်နှာရှိ စာအုပ်ကိုပင် ဤ ဆောင်းပါးကြီး အလျင်က ထွက်လာခဲ့ပြီး ဖြစ်သည်။ ထိုစာအုပ်မှာ ပဌမ ရိုက်နှိပ်ရာ၌ ၁၀၀၀(ကထောင်)ရိုက်နှိပ်ခဲ့ရာ သူ့စာဖတ် ပရိသတ်အတွက် လောက်ငှ ဟန်ပင် မတူပေ။ ထို့ပြင် ၁၃၃၅-ခုနှစ် တုန်းကလည်း 'ဗုဒ္ဓဓမ္မ ကြေးမုံ' အုပ်ရေငါးထောင်ကို ရိုက်နှိပ်ခဲ့ရပြန်လေသည်။

## ရဲရင့်သည်

၁၃၃၃-ခုနှစ်၊ တော်သလင်း လထဲ တုန်းက ယူးထူး ခြားခြား ဆောင်းပါးတပုဒ်ကို ညောင်ကန် အရှင်ဇာနိန္ဒ က ရေးခဲ့ဘူးသည်။ အရှင်ဇာနိန္ဒက ရေးခဲ့သော ထိုဆောင်းပါးတပုဒ်မှာ တနိုင်ငံလုံး အာရုံစိုက် လောက်အောင် ထိရောက်ခဲ့သည်။ အကြောင်းမူကား အရှင်ဇာနိန္ဒ၏ ဤ ဆောင်းပါးမထွက်ပေါ်မီကအဂေါရဝ ဗ-ဌာနကို ရဟန်းတော်တို့ဆွမ်း မခံအပ်သော ဗ-ဌာနဟူ၍ ထင်နေခဲ့ကြသူတွေ အမြောက်အမြား ရှိနေ

ခဲ့သည်။ ထိုဆောင်းပါးဖြင့် ပါဠိ အဋ္ဌကထာကို ကိုင်ပြီး အရှင်ဗုဒ္ဓက က ရှင်းပြလိုက်သည့် အခါတွင် "အင်း ဟုတ်ပေသား၊ ဒီထင်ခဲ့တာက အမှားတွေပါလား" ဟူသော အသိဉာဏ်ကို ပေးဝေနိုင်ခဲ့သောကြောင့် ဖြစ်သည်။

ထိုထူးကဲသော ဆောင်းပါးသည် ပါဠိအဋ္ဌကထာ၌ အရှင်ဗုဒ္ဓက က နှံ့နှံ့စပ်စပ် ကြည့်တတ် ရှုတတ် ရှိကြောင်းကို အထင်အရှား ပြသလိုက်သော ဆောင်းပါးလည်း ဖြစ်ပေသည်။ တစ္စန်းတစမျှကိုသာ ကြည့်ထားလျှင် ထိုအဂေါစရ ဇ-ဌာနမှာ ရဟန်းတို့ ဆွမ်းမခံအပ်သော ဌာနတို့ဟူ၍ပင် ထင်မှတ်စရာဖြစ်နေသည်။ သို့သော် ထိုသို့ မဟုတ်ကြောင်းကို အခြားတနေရာတွင် ဖွင့်ပြထားသော အဖွင့်ကိုပါ ကြည့်ရှုနိုင်ပါမှ သေသေချာချာ သိနိုင်သော အရာဖြစ်သည်။ '

## ဤစာအုပ်လည်း မငယ်လှ

ယခုစာအုပ်လည်း သေးငယ်လှသော စာအုပ်ကလေး တအုပ်မဟုတ်ပေ။ အတော် ပြည့်ပြည့်ဝဝ ဖတ်ရှုကြရမည့် စာအုပ် တအုပ်ပင် ဖြစ်၍ အရှင်ဗုဒ္ဓက၏ လက်ရာကို မျှော်လင့်လျက်ရှိကြသော စာဖတ်ပရိသတ်တို့က ဝမ်းပန်းတသာ ဆီးကြိုကြမည်သာ ဖြစ်ပေမည်။ ဤစာအုပ်တွင် စားဝတ်နေရေး စသည် မှတ်သားဖွယ် ကလေးတွေ အတော်များများ ပါရှိသည်ကို တွေ့ကြရပေလိမ့်မည်။

နာဂ အမျိုးသားတို့ စားရေနှင့်စပ်၍—

"ရောက်စမှာ သူတို့ချက်တဲ့ဆွမ်းကို စားလို့မရဘူး။ ဝမ်းထဲ ရောက်အောင် အတော်မျိုချရပါတယ်။ သူတို့က ဆန်စိမ်း တပြည်ဝင်တဲ့ အိုးထဲကိုတပြည်ပဲထည့်ချက်ကြတယ်။ ပျော့လို့အထက်ကို အန်လာတော့ အဖုံးနဲ့ဖိပြီး မီးကျီးနဲ့နှပ်တယ်။ ဘယ်မှာစားလို့ ကောင်းလိမ့်မှာလဲ။ မာလဲမာ ကြမ်းလဲကြမ်း၊ မီးခိုးစော်ကလဲ နံသေးတယ်" စသည့် အချက်လို အချက်ကလေးများ။

ဝတ်ရေးနှင့် စပ်၍-

"အလေ့အထ တခုကို ဖျောက်ဖို့ ဆိုတာ မလွယ်လှပါဘူး။ သာသနာပြုကျောင်းကနေ တချို့လေး ငါး ခြောက်တန်း၊ တချို့ဆယ်တန်း

အထိ ဗမာလို ဝတ်စား ဆင်ယင်ပြီး သင်ကြားပေးလိုက်ပေမယ့် သူတို့ နာဂတောင်ပေါ် ရောက်သွားပြန်တော့ ဒီလိုပဲ နာဂအမျိုးသား ဝတ်စုံကို ပြန်ဝတ်ကြတာပဲ" စသည့် အချက်လို အချက်ကလေးများ။

နေရေးနှင့် စပ်၍—

"နာဂ အမျိုးသားတွေဟာ သူတို့ အသုံးအဆောင် ပရိက္ခရာများကို သူတို့ သွားလေရာမှာ လွယ်အိတ်ထဲ စုထည့်သွားကြတာချည်းပဲ။ သူတို့ လွယ်အိတ်ထဲမှာ ခါးသွေးကျောက်လဲ ပါတယ်။ မီးခြစ်လဲ ပါတယ်။ ဆားလဲ ပါတယ်၊ ငရုတ်သီးလဲပါတယ်။ လက်ထဲက ဓားတချောင်း၊ လှံတချောင်းလဲ ပါမြဲပဲ" စသည် ဤလို အချက် ကလေးများ ဖတ်ချင် မှတ်ချင်စရာကလေးတွေ အတော် များများ ပါရှိသည်ကို တွေ့ရသည်။ ဤ အညာတခွင်ကို 'ဗုဒ္ဓဓမ္မလောက' စာစောင်တွင် ထိုက်သလောက် ဖော်ပြခဲ့ပြီးဖြစ်၍လည်း အရှင်ဋ္ဌာနုတ္တရ၏ စာဖတ် ပရိသတ်တို့ မြည်းတန် သလောက် မြည်းစမ်းခဲ့ကြပြီး ဖြစ်လိမ့်မည်။ ထို့ကြောင့်လည်း အစ အဆုံး ဖတ်လို မှတ်လိုသူတို့က ဤစာအုပ် ထွက်ပေါ် လာမည်ကို လည် ထဆန့်ဆန့် မျှော်နေကြပေလိမ့်မည်ထင်၏။

ကိုင်း ကိုင်း စာသား မရောက်ခင် "စားမယ့်ကြံ တည်သီးက ကန့်လန့်ခံ" ဆိုသလို ဟို အကြောင်း သည်အကြောင်းတွေ သိပ်ရှည်နေလို့ မဖြစ်၊ စာသားတွေ မြန်မြန် ရောက်အောင် ဤတွင် 'ဆိုပိမ့်ခြင်းရာ'ကို လက်စ သတ်ကြပါစို့။

**ဦးတိဿ**

**ဝက်လက်မစိုးရိမ်**

သာသနာတော်နှစ် ၂၅၁၀

မြန်သက္ကရာဇ် ၁၃၃၆

# ဝဏ္ဏကျော်ထင် စည်သူဦးညိုပု၏
# တိုက်တွန်းလွှာ ဥယျောဇဉ်

## ကုသိုလ် မင်္ဂလာ သတင်းကောင်း

မြတ်ဗုဒ္ဓ သာသနာတော်ကို လေးမြတ် ကြည်ညိုကြသော သူတော်ကောင်းတို့သည် မျှော်လင့်တောင့်တနေကြသည့် ကုသိုလ် မင်္ဂလာ သတင်းကောင်းတခုကို ဝမ်းမြောက်ဖွယ်ရာ ကြားသိရပါသည်။

ယင်းသတင်းကား "ညောင်ကန် အရှင် ဇူန္တက၏ ' အညာတခွင် တရားဟော ထွက်ခဲ့စဉ်က' ခရီးသွား မှတ်တမ်းစာအုပ် ထွက်တော့မည်" ဟူသော သတင်းပင်။ ထွက်လျှင် ဓမ္မဒါနပုံစံဖြင့် ဖြန့်ချီမည် ဆိုတော့ ပို၍ပင် ဝမ်းသာ ကြည်နူး ရပါသည်။

ထိုတရားဟောခရီးကို ဤ 'အမှာစာ ရေးသူ' ကပင် စခဲ့၏။ ထိုခရီးတွင် ကိုယ်တိုင်လည်း ပါဝင်ခဲ့၏။ ယိုခရီး အတွက် ကိုယ်တိုင်လည်း တာဝန်ခံဆောင်ရွက်ခဲ့၏။ ထိုခရီးသွားမှတ်တမ်းစာအုပ်တွင်မှ ကိုယ်တိုင် အမှာစာမရေးလျှင် အဘယ်မှာ တာဝန်ကျေပါအံ့နည်း။ ထိုအကြောင်းများကြောင့် ဤအမှာစာကို ရေးလိုက်ရပါတော့သည်။

## အသက် ၆၀-ကျော်မှ လူ့ဘဝ

၁၉၅၉-ခုနှစ်၌ ရန်ကုန်မြို့ ဘောက်ထော် ပြည်သာယာ ရပ်ကွက် စွန်းလွန်းဂူကျောင်းလမ်းဝယ် နေအိမ် ဆောက်လုပ်နေထိုင်သည်။ ထိုစဉ် လက်ရှိ ရာထူးဝန် အလုပ်သည် သက်သာ သောကြောင့် ဝိပဿနာ အလုပ်ကို နံနက်တကြိမ်၊ ညဉ့်တကြိမ် အချိန်မှန်မှန် အားထုတ်နိုင်ခဲ့ပါသည်။

၁၉၆၅-ခုနှစ်၌ ရာထူးဝန် အဖွဲ့မှ အနားယူခဲ့သည်။ ထိုအခါ စွန်းလွန်းဂူ ကျောင်း၌ပင် သာမဏေဝတ်ဖြင့် တရားအလုပ်ကို တနှစ်ကျော်မျှ စောက်ချအားထုတ်ခဲ့၏။ သို့သော် အားရကျေနပ်ခြင်းကား မရှိခဲ့ပါ။

၁၉၆၆-ခု ကုန်ခါနီးသော် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားကို စနစ်တကျ ကြိုးစား အားထုတ်၏။ ၄-လနှင့် ၁၉-ရက် ကြာသော် ဉာဏ်စဉ် တရားတော်ကို နာကြားခွင့်ရပါသည်။

ထိုတရားအားထုတ်မှုကြောင့် အကျိုးထူး ခံစားရပုံနှင့် ကွင်းဆက်ဆင်ခြင်မိပုံ၊ သတိပဋ္ဌာန် သာသနာ ပြန့်ပွားရေး ခရီးထွက်၍ သာသနာပြုဖြစ်ပုံများကို ဆက်လက် တင်ပြလိုပါသည်။

မဟာသတိပဋ္ဌာန သုတ်တော်ကို ဂျပန်ခေတ် ရဟန်း ဝတ်စဉ်က နှုတ်တက် ရွရွ အာဂုံ ဆောင်လျက် နေ့စဉ် ရွတ်ဖတ် ခဲ့သော်လည်း သဘောမပေါက်ခဲ့ပါ။ ကိုယ်တွေ့ အားထုတ်တော့မှပင် နားလည် သဘောပေါက်သည့်အပြင် တန်ဖိုး မဖြတ်နိုင်အောင် အကျိုး ကြီးမြတ်ကြောင်းကိုလည်း သိရ၏။ သန္ဒိဋ္ဌိက=ကိုယ်တိုင် ရှုမှတ်မှ ကိုယ်တိုင် သိမြင်ရပုံ၊ ဧဟိပဿိက=လာလှည့် ရှုလှည့်ဟု ဖိတ်ခေါ်ထိုက်ပုံ တရားဂုဏ်တော်တို့ကိုလည်း အထူးသိရပါသည်။

ဘုရားဟောကြားတော်မူသော ဗောဓိပက္ခိယတရား ၃၇-ပါးတို့ကိုလည်း နားလည် သဘော ပေါက်လာသည်။ ထို့ကြောင့် တရားစာဖတ်ရ တရား နာကြားရတိုင်းလည်း ဉာဏ်ပွင့်လင်းလျက် ရှင်းရှင်းကြီး သဘောပေါက်လွယ် လာပါသည်။

ရတနာသုံးစုံ ဂုဏ်တော်အနန္တတို့ကိုလည်း မမှိတ်မသုန် အထူးယုံကြည် အားကိုး၍ ထို ကျေးဇူး တို့ကို မည်သို့ ပေးဆပ် ရပါမည်နည်း ဟုလည်း စဉ်းစား ဆင်ခြင်မိပါသည်။ မိရိုးဖလာ ဗုဒ္ဓဘာသာ အမည်ခံ ဘဝမှ လေးနက်စစ်မှန်သော ဗုဒ္ဓဘာသာ ဖြစ်လာ၍ "ဩော်-ငါယခု အသက် ၆၅-နှစ်ရှိမှ လူ ဖြစ်လာပါတကား" ဟုလည်း အောက်မေ့မိပါသည်။

## တရားအားထုတ်မှု ဟူသည်

တရားအားထုတ်သည် ဆိုသည်မှာ မနောကံ တည်းဟူသော စိတ်ကို ဖြူစင်အောင် ကျင့်ခြင်းဖြစ်သည်။ အားထုတ်ရာ၌လည်း ပေါ့ပေါ့ တန်တန်ဖြင့် မရပဲ နည်းလမ်းမှန်စွာ မပြတ် တရစပ် ကြိုးစား အား

ထုတ်မှသာလျှင် လိုအပ်သော ဉာဏ်အဆင့်သို့ ရောက်နိုင် ရနိုင်ကြောင်းကိုလည်း သိရသည်။

"ကုန်ရှုံးတော့ တခေါက်၊ လင်ကုန်ရှုံ တော့ တသက်လုံးမှောက်" ဟု မြန်မာ စကားပုံရှိသည်။ အရည်အချင်း မရှိ က် အယူအဆလွဲသော ဆရာကို မှီဝဲမိလျှင်ကား တသံသရာလုံး မှောက်ရ ပါသည်။ သံသရာလွတ်မြောက်ရေး တရားကို ကြိုးစား အားထုတ်မည် ချင် ပရိယတ်ပဋိပတ် ၂-ရပ် ကျွမ်းကျင် ပြည့်ဝသော ဆရာကော င် ကို အရေးကြီးသည်ဟု-လည်း ဆင်ခြင်မိ၏။

မှန်၏-နိဗ္ဗာန်ခရီးကို မပြောနှင့်ဦး။ မရောက် သေးသော ရန်ကုန်မြို့ကိုပင် လမ်းသိသူပါမှ ခရီးတွင်မည်။ ပစ္စည်းပယ်လိုက ဘယ်နေရာကို သွားရမည်၊ မည့်သည့်ဘတ်စ်ကားကို စီးရသည်ကိုလည်း သိမည်။ လမ်းသိသူ မပါလျှင် ခရီးမတွင်မည့်အပြင် လိုရာကိစ္စလည်း မပြီးနိုင်ပါ။ ထို့အတူပင် ယခုခေတ်၌ အချို့ဆရာတွေ ကိုယ်တိုင် သတိပဋ္ဌာန် ကောယန (တကြောင်းတည်း)လမ်းကို မှန်မှန်ကန်ကန် ထိထိမိမိ မသွားဘူး မကျင့်ဘူး၍ သဘော မပေါက်ကြသောကြောင့် ဆရာရော တပည့်များပါ မျက်စိလည်ကြသည်။ "သူ့နည်းက မှားသည် ငါ့နည်းက မှန်သည်" စသည်ဖြင့် အငြင်းပွါးယင်း အချိန်ကုန်ကြ၏။ ဓမ္မဓိဋ္ဌာန်မဟုတ်တော့ပဲ ပုဂ္ဂလဓိဋ္ဌာန်ဖြင့် ခွဲကြလွဲကြ ဖြစ်နေကြပါတကား-ဟုလည်း အောက်မေ့မိပါသည်။

လွန်ခဲ့သော အနှစ်ခြောက်ဆယ် စာရေးသူ ကျောင်းသားအရွယ်က မော်လမြိုင်ကျွန်းမြို့ အပိုင် သဒ္ဒေးကုန်းရွာ၌ ပစ္စည်းဥစ္စာ ကြွယ်ဝသော လယ်ပိုင်ရှင် ကျောင်းဒါယကာ မိသားစုသည် နှစ်စဉ် လယ်လုပ်ငန်း ပြီးချိန်တိုင်း ရန်ကုန်မြို့ရှိ ကမ္မဋ္ဌာန်းဌာန တခုသို့ လာရောက် တရားအားထုတ်ကြသည်ကို တွေ့ခဲ့ရဘူး၏။ သို့သော် များမကြာမီပင် သားတယောက်မှ တပါး ယင်းမိသားစု အားလုံး ဗုဒ္ဓဘာသာမှ အခြားဘာသာသို့ ဝင်သွားကြသည်ကို တွေ့ရသည်။ ဘာ့ကြောင့် ထိုသို့ဖြစ်ကြရသည်ကိုမူ ထိုစဉ်က ငယ်ရွယ်သူမို့ မသိခဲ့ပါ။ ယခု အမြင်မှာ သူတို့ မျက်စိလည် သွားကြသည်ဟု မြင်မိသည်။ အထူးအားဖြင့်

ပရိယတ် ပဋိပတ် မပြည့်စုံသော ကမ္မဋ္ဌာန်း ဆရာကို ဆည်းကပ်မိသော ကြောင့် မှန်ကန်စွာ တရား ပြည့်စုံအောင် တရားအားမထုတ်နိုင်ခဲ့ကြ သဖြင့် သူတို့ မိသားစု တသံသရာလုံး မှောက်သွားခဲ့ကြသည်ဟု-လည်း ဆင်ခြင်မိသည်။

## ယခင်နှင့် ယခု

စစ်ပြီးခေတ်တွင် မြန်မာပြည် ဗုဒ္ဓသာသနာရေး အခြေအနေသည် သိသိသာသာ ပြောင်းလဲ အားနည်းလာခဲ့သည်။ လူငယ်-လူလတ်-လူကြီး အရွယ်သုံးမျိုးလုံး သမုဒ္ဒရာ ဝမ်းတထွာအတွက် လုပ်ရှားရှန်းကန်နေကြ ရသောကြောင့် တရားနာသူ အဆင့်မျှပင် မရှိသလောက် နည်းပါးခဲ့ ကြသည်။

သံဃာထုနှင့် လူထု ကင်းကွာလာခဲ့ကြ၏။ ဗုဒ္ဓသာသနာ့ဝန်ထမ်း ရှေ့ဆောင်ဦးစီး ဘုန်းတော်ကြီး ကျောင်းတိုင်း၌ပင် ဥပုသ် နေ့တိုင်း ဥပုသ်စောင့်သူ ပြောပလောက်အောင် မရှိခဲ့ကြ။ သာရေး နာရေး ကိစ္စများတွင် လူနှင့်သံဃာ မရှောင်သာ၍ တွေ့ကြရာ အခါ၌ပင် "အရှင်ဘုရား၊ တရားကို တိုတိုလုပ်ပါဘုရာ့" ဟု ကြိုတင် လျှောက်ထား ကြသူတို့သာ များကြပါသည်။ ရှင် ရဟန်း သံဃာများနှင့်လည်း မဆက်ဆံတတ်ကြ၊ ဘယ်လိုစိတ်ဖြင့် သံဃာအား အာရုံပြု၍ ဘယ်လို လျှောက်ထားပြောဆိုကာ ဘယ်နည်း ဘယ်ပုံ ဆည်းကပ် ပြုလုပ်ရသည် ကိုပင် သိသူလူများ မရှိသလောက် နည်းပါးလှကုန်၏။ စာသင်တိုက် များတွင် စာချဆရာတော်များ ရှိကြပါသော်လည်း စာသင်သား ရှားလှကုန်၏။

ထိုကြောင့်ပင် ယခုအခါ စာရိတ္တအကျင့်ကောင်းများ ပျက်ပြား လာကြ၏၊ ရှေးကဆိုလျှင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများတွင် စံတင် လောက်သော မွန်မြတ်သည့် ဂုဏ်များရှိကြောင်း ကမ္ဘာက အသိအမှတ် ပြုခဲ့ရသည်။

လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်သည့် ဝင်ငွေနည်းသော လူမျိုးပင် ဖြစ်လင့်ကစား ရိုးသားဖြောင့်မတ်သည်။ သစ္စာရှိ၍ ကတိ တည်သည်။ သူ့ကျေးဇူးကို အထူးသိတတ်သည်။ သူတပါးအား ကျေး

မေးလိုသည့်စိတ် လွန်ကဲသည်။ ညှို့ဝတ်ကျေပွန်သည်။ အမြဲရွှင်ပြုံးနေကြသည်။

ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားတတ်ကြသည်။ လူငယ် သားသမီးတပည့်များက လူကြီးမိဘ ဆရာသမားများကို ရိုသေ ကိုင်းညွတ်ကြသည်။ ဆုံးမ, ဩဝါဒစကားကို မြေဝယ်မကျ နားထောင်လိုက်နာကြသည်။ ဘာသာကို အလေးအမြတ် ပြုကြသည်။ တဦးနှင့်တဦး အကြောင်းကိစ္စရှိလျှင် ကူညီရိုင်းပင်းကြသည်။ မိသားစု စိတ်ဓာတ် အပြည့်အဝ ရှိကြသည်။

ကျေးလက်တောရွာ ရောက်သောခါ ရွာခံလူကြီးများက ဧည့်သည်များအား "စိတ်ချလက်ချသာ အိပ်ပါ၊ သည်ရွာမှာ တံခါးဖွင့်အိပ်တောင် ဘာမျှ မဖြစ်စေရပါဘူး"ဟု တာဝန်ခံရဲကြသည်။

ယခုတော့ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံ မေတ္တာ ဆိုသည်မှာ လူတို့သန္တာန်မှာမရှိ၊ စာ၌သာ ရှိတော့သည်-ဟု ဆိုရတော့မည်။ ရာဇဝတ်မှုများ တနေ့တခြား တိုးပွါးလာကုန်၏။ အိမ်တွင်း၊ ရပ်ကွက်တွင်း၊ ရွာတွင်း၊ မြို့တွင်းနှင့် လမ်းခရီးများ၌သာမက ကျောင်း, ကန်, ဘုရား, ရိပ်သာများအတွင်း၌ပင် ခိုးယူလုယက်မှုတွေ ပေါ်ပေါက်လာကုန်၏။

ထိုသို့ တရားပျက် အကျင့်ပျက်တာတွေကို စိတ်ပျက် ညည်းတွားနေ၍တော့ မီးခိုးမဆုံး မိုးမဆုံး ဆိုသလိုသာ ရှိပါတော့မည်။ အချိန်ကုန်၍ အလုပ်ပျက်ရုံသာဟုလည်း ဆင်ခြင်မိပါသည်။

## ပျက်အစဉ် ပြင်ခဏ

ထို့ကြောင့် ပျက်အစဉ် ပြင်ခဏဆိုတဲ့ မြန်မာစကားပုံအတိုင်း အားနည်းဆုတ်ယုတ် ပျက်ပြားခဲ့သော မြန်မာပြည်၏ စာရိတ္တမကျိုးနှင့် သာသနာရေး အခြေအနေများကို အားဖြည့်ပြင်ဆင်ကြဖို့ ပြုစုကြဖို့ အရေးကြီးလာပါသည်။ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် နှစ်ထောင်ငါးရာကျော်ခဲ့၍ ဆုတ်ကပ်တို့ ဓမ္မတာအရ တနေ့တခြား အားနည်းပျက်ပြားမြဲ ဖြစ်သော်လည်း ဖယောင်းတိုင် မီးငြိမ်းခါနီးလျှင် အစွမ်းကုန် အလင်းရောင် တောက်ဘိသို့ သာသနာတော် မကွယ်မီ အစွမ်းကုန်

ပြန်လည် ထွန်းလင်းရေးမှာ ဗုဒ္ဓဘာသာဝင် ရှင် လူ ရဟန်းတို့၏ တာဝန်ဖြစ်သည်။ဖယောင်းတိုင်ကြီးမှ အသစ်အသစ် ဖယောင်းတိုင်များ ဆင့်ဆင့်ပွါးထွန်းလျှင်လည်း မီးရောင်မပြတ်သလို ဗုဒ္ဓသာသနာတော် မျိုးဆက်ပွါးရေးကို ရှေ့သို့ ကြိုးစားကြဖို့လည်း သတိကြီးစွာ ထားကြရဦးမည်။ သာသနာပြုရာ၌လည်း 'တဦးဆောင်သော်မရ၊ တသောင်းဆောင်သော ရ၏' ဆိုဘိသို့ ရှင်ရောလူပါ ညီညာစုရုံး အားလုံး ဆောင်ရွက်ကြရပေမည်။

## သံဃာတော်များအား လျှောက်ထားချက်

ဤ၌ အထူးအားဖြင့် သာသနာ့ရှေ့ဆောင် သာသနာ့ဝန်ထမ်း ရှင်ရဟန်း သံဃာတော်များအားလည်း ဘုရားတပည့်ကော် လေးမြတ်စွာ လျှောက်ထားဝံ့ပါသည်ဘုရား။ ဘုန်းတော်ကြီး ကျောင်းတိုင်းသည် ပရိယတ္တိဌာန အမည်ခံမျှသာမက တကယ်ခေတ်မီ ပရိယတ္တိဌာန ဖြစ်အောင် ဆောင်ရွက်တော်မူကြရန်နှင့် လူများအတွက်လည်း ဗုဒ္ဓဝင်၊ သြကာသမှစ၍ သီလအမျိုးမျိုးဆောက်တည်ပုံ၊ ဂုဏ်တော်ဖွင့်ဘုရားရှိခိုး၊ သိင်္ဂါလောဝါဒသုတ်၊ မင်္ဂလသုတ် စသော အခြေခံ ဗုဒ္ဓဘာသာသင်တန်းများကို သင်ကြားပေးရာဌာနအဖြစ် ဆောင်ရွက်တော်မူကြရန် လေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။

ထိုမှတဆင့် ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏသုတ်၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ ခန္ဓာ-အာယတန-ဓာတ်-သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်စသော သင်တန်းများကိုလည်း သင်ကြားပေးတော်မူကြရန်နှင့် သင်တန်းပေးယင်း နေ့စဉ် ငါးပါးသီလ စသည်တို့ကို လက်တွေ့ ဆောက်တည်စေ၍ လက်တွေ့ နာရီဝက် တနာရီမှစ၍ စွမ်းနိုင်သမျှ တရားအားထုတ်စေရန် နီးစပ်ရာ ဒါယကာ, ဒါယိကာမများအား ညွှန်ကြားပြသ ပေးတော်မူကြရန်လည်း လေးမြတ်စွာ လျှောက်ထားဝံ့ပါသည်ဘုရား။

## သာသနာပြုရန် စံပြ မူ ၁၀-ချက်

ဤနေရာ၌ အလျဉ်းသင့်သဖြင့် မန္တလေးမြို့၌ စာချကျမ်းပြုလျက် သီတင်းသုံးတော်မူသော ဆရာတော ဦးသီဟဗလ (ပါဠိပါရဂူ) အား ရမည်းသင်းမြို့နယ် ထီးလှိုင်ရွာ တပည့်ဒါယကာ, ဒါယိကာမ များက

ဇာတိရွာတွင် ပြန်လည်သာသနာပြုရန် လျှောက်ထားရာ ဆရာတော်က ဤမူ ၁၀-ချက်နှင့်အညီ လိုက်နာကြလျှင် လိုက်ပါသာသနာပြုမည် ဟု မိန့်ကြားတော်မူသော မူ ၁၀-ချက်ကို နည်းယူထိုက်၍ တင်ပြပါဦးမည်။

ယင်း မူ ၁၀-ချက်မှာ—

၁။ အသက် ၄၀-အရွယ်မှ အောက်ရှိ စာမတတ်သူများသည် အားလပ်သော ညအခါများတွင် (လူဆရာထံ၌) အနည်းဆုံးဖတ်တတ် ရေးတတ်အောင် အချိန်မှန် သင်ကြားကြရမည်။

၂။ အက် ၄၀-အရွယ်မှ အထက်ရှိ ယောကျ်ား မိန်းမများသည် ၁-လ လျှင် ၄-သီသင်းမှန်မှန် (၈-ပါး ၉ ပါး ၁၀-ပါး) သီလများ တွင် မိမိတို့နှစ်သက်ရာသီလကို စောင့်ထိန်းကြရမည့်။(မကျန်းမာ နေစဉ်အခါ ခရီးသွားနေစဉ် အခါတို့၌ ကင်းလွတ်ခွင့်ရှိ၏။)

၃။ သင့်လျော်သောအချိန်တွင် ယောကျ်ား မိန်းမ အားလုံး တို့သည် အလှည့်ကျဖြင့် ဝိပဿနာအလုပ်ကို အနည်းဆုံး ၇-ရက်မျှ အားထုတ်ကြရမည်။ (မိမိတို့ သဒ္ဒါတရား အလျောက် ပိုမို၍လည်း အားထုတ်နိုင်ကြ၏။)

၄။ ၁-လလျှင် ၄-ကြိမ် ဥပုသ်ရက် ညများတွင် သင့်လျော်ရာ အိမ်များ၌ ဖြစ်စေ၊ ဓမ္မာရုံ၌ ဖြစ်စေ၊ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊မေတ္တာပို့အမျှဝေခြင်းများကို ပြုလုပ်ကြရမည်။(လုံလောက် သော အကြောင်းကိစ္စမရှိလျှင် ပျက်ကွက်ခြင်းမရှိစေရ။)

၅။ သေရည်သေရက် စသည်များကို သောက်စား မူးယစ်ပြီးဆူပူခြင်း၊ ဆဲဆိုခြင်း၊ ခိုက်ရန်ဒေါသဖြစ်ခြင်း မရှိစေရ။ (သောက်စားမှုကို မစွန့်လွှတ်နိုင်သေးလျှင် လူသူလေးပါးတို့ မသိမမြင်အောင် ဆင်ခြင် ပြုလုပ်ကြ၍ စွန့်လွှတ်နိုင်အောင်လည်း ကြိုးစားဆောက်တည် ကြရန် လေးနက်စွာ တိုက်တွန်းလိုက်သည်။)

၆။ ဖွဲ့, ကြွေ, အန်စာ, လေးကောင်ဂျင်စသော ကစားမျိုးစုံတို့ကို မည်သည့်နေရာတွင်မျှ ကစားခြင်း မပြုရ။

၇။ ရပ်ရွာထဲတွင် အများနားမခံသာအောင် ငြင်းခုံခြင်း၊ ဆဲဆိုခြင်း၊ ဆူပူခြင်း၊ ရန်ဖြစ်ခြင်းမရှိစေရ၊ အမှုကိစ္စဖြစ်ပေါ်လာသောအခါ

ရပ်ရွာ လူကြီးများက(တရားသဖြင့်) ငြိမ်းအေးပေးသည်ကို နာခံကြရမည်။

၈။ ရပ်ရွာအတွက်ဖြစ်စေ၊ ကျောင်းကိစ္စအတွက်ဖြစ်စေ၊ အများနှင့်သက်ဆိုင်သော ငွေကြေးလုပ်ငန်းများဖြစ်ပါက ပြုလုပ်ပြီးနောက် ၃-ရက်အတွင်း စာရင်းရှင်းရမည်။ (လုံလောက်သောအကြောင်း မရှိပဲ ငွေကြေး လျော့ပါးပျောက်ပျက်နေလျှင် ငွေထိန်းနှင့် စာရင်းကိုင် ၂-ဦးတွင် တာဝန်ပျက်ကွက်သူက စိုက်လျော်ရမည်)။

၉။ ရွာကိစ္စဖြစ်စေ၊ ကျောင်းကိစ္စဖြစ်စေ အများသဘောတူ နည်းလမ်းမှန်ကန်စွာ ချမှတ်ထားသော ငွေအား၊ လုပ်အား တာဝန်များကို ညီညာစွာ မပျက်မကွက် ထမ်းဆောင်ကြရမည်။

၁၀။ ရပ်ရွာနှင့် ကျောင်းကန် အတွက် ကြီးပွါးရာကြီးပွါးကြောင်းများကို အခြေအနေအရ သင့်လျော်သော ကာလ၌ တရားမျှတစွာ ညွှန်ပြသည်ကို ကောင်းမွန်စွာ လိုက်နာကြရမည်။

အထက်ပါအချက် ၁၀-ချက် မပျက်မကွက် လိုက်နာနေသမျှ ကာလ ပတ်လုံး စောင့်ရှောက်နေမည်။ အမှုတခုခုကို ကျူးလွန်ဖောက်ဖျက်သူအား ရပ်ရွာက နိုင်နင်းအောင် ဝိုင်းဝန်းနှိပ်ကွပ်ဆုံးမကြရမည်။ အကယ်၍ နိုင်နင်းအောင် မနှိပ်ကွပ်မဆုံးမနိုင်လျှင် စောင့်ရှောက်ခြင်း တာဝန်ကို ရုပ်သိမ်းမည် ဖြစ်ကြောင်း ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား ကြိုတင်သိစေလိုက်သည်။ (၁၅-၅-၆၄) ဦးသီဟဗလ မန္တလေးမြို့။ ဤကား သရာတော် ဦးသီဟဗလ၏ ကျောင်းထိုင်ပင့်သူ ဒါယကာ၊ ဒါယိကာမများ ဘက်က လိုက်နာရမည့် မူ ၁၀-ချက်ပင်တည်း။

## ဗုဒ္ဓမိန့်ခွန်းနှင့်အညီ တရားဓဟာထွက်ခဲ့ကြပုံ

ဂေါကမန္ဒယ်ဖွား ဘုရားအလောင်းတော်သည် ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက် သုမေဓာရှင်ရသေ့ဘဝကပင် နိဗ္ဗာန်ကို ယူမည်ဆိုလျှင် ရနိုင်ပါလျက် "ငါတဦးတည်း နိဗ္ဗာန်မကူးလိုသေး၊ ငါနှင့်အတူ ကျွတ်ထိုက်သသူ သတ္တဝါများကိုပါ ခေါ်ဆောင်ပြီးမှသာလျှင် နိဗ္ဗာန်ကူးအံ့"ဟု ကြံတော်မူလျက် လေးသင်္ချေနှင့် ကမ္ဘာကသိန်း ဘုရားဖြစ်အောင် ပါရမီ ဖြည့်တော်မူခဲ့ရပါသည်။

ဘုရားဖြစ်တော်မူသော် သုမေဓာရှင်ရသေ့ဘဝက အကြံတော်ကို အကောင်အထည် ဖော်သောအားဖြင့် ပဉ္စဝဂ္ဂီငါးဦးအား အစထား၍ ဓမ္မစကြာတရားဦးကို ဟောကြားတော်မူသည်။ ထို့နောက်ဆက်လက်၍ အနတ္တလက္ခဏာသုတ်တော်ကို ဟောတော်မူ၏။ ထို့နောက် ယသသဌေး သား အမှူးရှိသော ငါးဆယ့်ငါးဦးအား တရားဟောကြားတော်မူသည်။ လူသားထဲတွင် သူတို့အားလုံး ရှေးဦးစွာ ရဟန္တာဖြစ်တော်မူကြ၏။ ထို ခြောက်ဆယ်သော ရဟန္တာတို့နှင့်အတူ မြတ်စွာဘုရားသည် ဗာရာဏသီ ပြည် ဣသိပတန မိဂဒါဝုန်တောဉ်ပင် ပဌမဝါဆိုတော်မူ၍ မိုးလပတ် လုံး သီတင်းသုံးတော်မူပြီး ထိုရဟန္တာခြောက်ဆယ်အား ခရီးတကြောင်း လျှင် တပါးကျစီ သာသနာပြု ဒေသစာရီလှည့်လည်ကြရန် မိန့်တော်မူ ခဲ့သည်။

သာသနာတော်နှစ် ၂၃၆ (ဘီစီ ၃၀၇) ၌ ပါဋလိပုတ်ပြည် (ယခု ပတ္တနား) တွင် သီရိဓမ္မာသောကမင်းကြီးလက်ထက် တတိယ သံဂါယနာ တင်ပြီးနောက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေ လွှတ်ခဲ့၍ သံဃာတော်များ တာဝန်ခွဲပြီး သာသနာပြု ကြွတော်မူ ခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓသာသနာတော်သည် အာရှတိုက် တခွင် အထင်အရှား ပျံ့နှံ့ခဲ့ကြောင်း ရှေးဟောင်း စေတီများက သက် သေခံလျက် ရှိတော်မူကြသည်၊ မြန်မာပြည်ရောက် ဗုဒ္ဓသာသနာကိုမူ ထိပ်တန်းအကျဆုံး-ဟု ကမ္ဘာက အသိအမှတ်ပြုရသည်။

တရုတ်အမျိုးသားများ ဖြစ်ကြသော ငါးရာစုနှစ် "ဖာဟိန်ယန်" ခုနစ်ရာစုနှစ် "ရှင်ကျန်" နှင့် "ယိကျင်" တို့သည်ကား မိုင်ပေါင်း ထောင်သောင်းဝေးသော မဇ္ဈိမဒေသ(အိန္ဒိယ)သို့ပင် တောအထပ်ထပ် တောင်အသွယ်သွယ် သဲကန္တာရ အဝေများကိုပင် ခြေလျင်ကျော်ဖြတ် ၍ ပိဋကတ်တော်များကို နှစ်ရှည်လများ လေ့လာကူးယူကြကာ မိမိတို့ တရုတ်ပြည်သို့ ပြန်လည်သာသနာပြုခဲ့ကြသည်။ ယင်းကဲ့သို့ သာသနာပြု ပုဂ္ဂိုလ်များ ပေါ်ပေါက်ခဲ့သည်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပေ။ ဤသာဓကများကလည်း ဒေသနာခရီးထွက်ဖြစ်အောင် တိုက်တွန်းနေ သလို ရှိခဲ့ကုန်၏။

မြတ်စွာဘုရား လက်ထက်တော်တုန်းက သာဝတ္ထိပြည်တွင် လူဦးရေ ခုနစ်ကုဋေရှိသည့်အနက် ငါးကုဋေမျှသော သူတို့သည် အရိယာများ

ဖြစ်ကြကုန်၏-ဟု ကျမ်းဂန်ရှိကြောင်း သိရသည်။ ဤစံချိန်ကို မမှီ တောင်မှ ကမ္ဘာမှာ ဗုဒ္ဓဘာသာ အထွန်းကားဆုံး မြန်မာပြည်အနေနှင့် အရိယာဖြစ်ကြောင်း သတိပဋ္ဌာန် ဝိပဿနာ တရားကောင်းများကို အားထုတ်သူ ဦးရေများအောင် ကြိုးစားရန်လိုပါသည်။ ယခုအခါ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ရန်ကုန် သာသနာ့ ရိပ်သာ၌ သီတင်းသုံး၍ ကျယ်ပြန့်စွာ ပြုတော်မူသော မဟာသတိပဋ္ဌာန် ဝိပဿနာ သာသနာပြုခရီးမှာ ၂၅-နှစ်ရှိပါပြီ။ ထိုအတွင်း ယောဂီ ဦးရေမှာ ၆၅,၀၀၀၀ (ခြောက်သိန်းငါးသောင်း) ခန့်သာ ရှိပါသေး သည်။ အခြား နိဿရည်းကိုခံယူ၍ ဝိပဿနာ အားထုတ်သူ ယောဂီ များကိုပါ ပေါင်းလျှင်ပင် မြန်မာပြည်၌ တသန်းရှိမည် မဆင်ပါ။

မြန်မာပြည်တွင် လူဦးရေ ၂၀-သန်းကျော်ရှိ၍ ဗုဒ္ဓဘာသာဝင် ၂၅-သန်းခန့် ရှိသော်လည်း ဗုဒ္ဓအဝိဇဟိတ ဘုရားရှင်တိုင်း လက်လွှတ် တော်မမူကြသည့် နိဗ္ဗာန်ရောက်ရန် တကြောင်းတည်းသော လမ်းမှန် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားအလုပ်ကို အားထုတ်နိုင်ဖို့ဝေးစွ၊ ကြားဘူးသူပင် တရာလျှင် တယောက်ရှိမည် မထင်ပါ။ အိပ်,စား,ကာမ ဤသုံးဝတွင်သာ အချိန်ကုန်သူတို့က များကြပါသည်။

လူ့ပြည်ကို ဘာအတွက် ရောက်လာကြသည်ကိုပင် သိသူရှားပါ သည်။ လူ့ပြည်ကား ဣဋ္ဌာသယ ပဒေသာပင် ရှိရာဌာန ဖြစ်ပါသည်။ အလယ်လေ့ကားထစ်သဖွယ် ဖြစ်ပါသည်။ အောက်ဆင်းလိုလျှင် အဝီစိ အထိ ဆင်းနိုင်သလို အထက်တက်လိုလျှင်လည်း နတ်ပြည် ၆-ထပ် ဗြဟ္မာ ၂၀-အထိ ဘဝဂ်အထိပင် တက်နိုင်ပါသည်။ စာရေးသူအပါ အဝင် သတ္တဝါအားလုံးတို့သည် အစုန်သဘော အောက်လျှောခဲ့ပေါင်း များခဲ့ကြလှပါပြီ။ အဆန်အတက် အထက်တက်နိုင်အောင် ကြိုးစား ကြရန် အရေးကြီးပါသည်။ အထူးအားဖြင့် လူ့ပြည်လူ့ဘဝတွင် အခြားဘုံ အခြားဘဝများနှင့် မတူသော အချက်တခု ရှိပါသည်။ ယင်းမှာ ပဋိသန္ဓေ-အို-နာ-သေများကင်းရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ပုံစံအမျိုးမျိုးဖြင့်ရအောင် ရောက်အောင် အားထုတ်နိုင်ရာဌာနဖြစ်သည် ဟူသော အချက်ပင် ဖြစ်ပါသည်။ သာဝကဗောဓိ, မဟာသာဝကဗောဓိ, အဂ္ဂသာဝကဗောဓိ, သမ္မာသမ္ဗောဓိတို့တွင် ကြိုက်ရာ ဗောဓိဖြင့် ဆု ပန်၍ ပါရမီဖြည့်ကာ လိုရာနိဗ္ဗာန်ကို ဝင်စံနိုင်ပါသည်။ မဂ်ဖိုလ်ကို

ရက်တိုတိုနဲ့ ရောက်ရပါလို၏-ဟု ဆုတောင်းသူတို့အတွက်မူ ယခု အားထုတ်လျှင် နိဗ္ဗာန်ကို ရောက်အောင် သို့မဟုတ် နီးအောင် အားထုတ်နိုင်ရာ ဌာနသည် ဤလူ့ပြည်ပင် ဖြစ်ကြောင်း သတိပြုကြရပါမည်။

ယခုလူတို့၏ လောဘ-ဒေါသ-မောဟ-မာန စသည် အားကြီး၍ မေတ္တာ-ကရုဏာ-မုဒိတာ-ဥပေက္ခာ နှင့် သီလ-သမာဓိ-ပညာ ဝိပဿနာ အလုပ် အားထုတ်သူ နည်းပါးကြပုံကို ကြည့်ရပုံအားဖြင့် ဆိုပါလျှင် နတ်ရွာ သုဂတိ-နိဗ္ဗာန်အထိ တက်ဖို့ကို မပြောလင့်ဦး၊ လူများစုသည် သေလျှင် လူ့ဘဝရင်းစားကို ပြန်ရဖို့ ဝေးပါသည်။ အပါယ်ဘုံဆီကိုသာ ဦးတည်နေကြသည်ကို တွေ့ရ၍ သံဝေဂ များစွာ ဖြစ်မိပါသည်။

မှန်ပါသည်-ထို့ကြောင့်ပင် ဘုရားရှင် ကိုယ်တော်မြတ်က—

အန္ဓဘူတော အယံ လောကော၊ တနုကေတ္ထ ဝိပဿတိ။
သကုဏော ဇာလမုတ္တောဝ၊ အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။

ဤလူအပေါင်းသည် ပညာမျက်စိ မှန်မရှိသဖြင့် သတိဉာဏ်ကွယ် အကန်းသဖွယ် ဖြစ်ချေ၏၊ ဤလောကသား လူအများတွင် ဦးရေ မများလှ ပပြောဖွယ် အနည်းငယ်သော သူသည်သာလျှင် ဝိပဿနာ အလုပ် အားထုတ် ရှုမြင်နိုင်၏။ ငှက်မုဆိုး၏ ပိုက်ကွန်တွင်းမှ လွတ်မြောက်သွားသော ငှက်သည် ဦးရေမများ နည်းပါးသကဲ့သို့ အနည်းငယ်သော သူသည်သာလျှင် လူ့ပြည်-နတ်ပြည်-နိဗ္ဗာန်ဆီသို့ သွားရောက်နိုင်ပေ၏-ဟု ဟောမိန့်တော်မူခဲ့ပါသည်။ (ဓမ္မပဒ ပေသကာရဓီတာ ဝတ္ထု=ညောင်ကန် အရှင်ဇနကာ၏ ဒေသနာကြေးမုံ ဆောင်ပုဒ်များ စာမျက်နှာ ၄၇)။

ထို့ကြောင့် မေ့ပင်အောက်တွင် မေ့သီးစားလျက် မေ့ကြာ တဆဲ့ဆဲ့ဖြင့် မေ့ပွဲမှာ ပျော်ပါး မေ့တော် မူနေကြလျက်ပေသား အဖိုးတန် လူ့ဘဝကြီးကို အကျိုးမဲ့ အချိန်ဖြုန်းတီးရာ ရောက်ပါသည်။ တရားဟူသည် ကိုယ်လုပ်မှသာ ကိုယ်ရနိုင်ပါသည်။ ဤ အကြောင်းကို ညောင်ကန် အရှင်ဇနကာ၏ ဗုဒ္ဓဓမ္မဆောင်းပါးများ စာအုပ် စာမျက်နှာ ၁၆-တွင်လည်း ဤသို့ ဖော်ပြထားပါသည်။

"လူနတ်ဗြဟ္မာ သတ္တဝါ တို့သည် သံသရာဝဋ်မှ ကျွတ်လွတ်ရေး အတွက် မြတ်စွာဘုရားကို အားကိုးကြ၏၊ ယင်းသို့ အားကိုးရာ၌ မြတ်စွာဘုရားသည် ငါတို့အား အခွံနွှာပြီး ငှက်ပျောသီးကို လက်ထဲ ထည့်ပေးသကဲ့သို့ နိဗ္ဗာန်ကို ပေးတော်မူလိမ့်မည်ဟု မျှော်လင့် အားကိုး ကြလျှင်ကား အမှားကြီး မှားကြချေမည်။ အဘယ့်ကြောင့်နည်း မြတ်စွာဘုရားသည် **'ငါကား လမ်းညွှန်မျှသာတည်း'** ဟု မိန့်တော်မူ သောကြောင့်တည်း။

သံသရာဝဋ်မှ ကျွတ်လွတ်ရာ နိဗ္ဗာန်ကို လိုလားသူတို့သည် ဗုဒ္ဓ၏ ညွှန်ကြားချက် လမ်းမှန်အတိုင်း ကိုယ့်အားကိုယ်ကိုး၍ သမထ ဝိပဿနာ တရားတို့ကို ကျင့်ကြံပွါးများ အားထုတ်ကြမှသာလျှင် နိဗ္ဗာန်ကို ရကြ ရောက်ကြပေမည်။

**မှန်၏**-သင်တို့သည် ဤ အရိယာ အဋ္ဌင်္ဂိက မဂ်ဟူသော ဆင်းရဲ အဆုံး သွားကြသည်ရှိသော် ဆင်းရဲ အဆုံးကို ပြုကုန်လတ့ံ။ ငါ သည် ရာဂစသော ဆူးငြောင့်ကင်းသော လမ်းမှန်ကို ညွှန်ကြားအပ်ပြီ။

သင်တို့သည် ကိုယ်တိုင်အားထုတ်ကြကုန်လော့၊ ဘုရားရှင်တို့သည် (လမ်းမှန်)ကို ညွှန်ကြားရုံမျှသာဖြစ်ကုန်၏။ ကျင့်ကြံကုန်၍ အာရမ္မဏူပ ဇ္ဈာန်-လက္ခဏူပဇ္ဈာန်ဟူသော သမထ ဝိပဿနာကို ကြိုးစားအားထုတ် ရှုမှတ်ပွါးများသူတို့သာလျှင် တေဘူမကဝဋ် တည်းဟူသော မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏-ဟု ဓမ္မပဒ-မဂ္ဂဝဂ် ပဉ္စသတ ဘိက္ခုဝတ္ထု၌ မြတ်စွာဘုရား ဟောမိန့်တော်မူ၏။

ထို့ပြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက—

"ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ" ဟု ဟော တော်မူခဲ့သည်ကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက-

"ဖြစ်ပျက်နှစ်ဖြာ၊ မမြင်ပါပဲ၊ တရာအသက်၊ ရှည်သည် ထက်သည်း ဖြစ်ပျက်နေဟန်၊ ရုပ်နှင့်နာမ်ကို၊ အမှန်မြင်လျက်၊ ညဏ်စဉ်ကက်၍၊ တရက်တာမျှ၊ သက်ရှည်ရသော်၊ လောကလူ့ရွာ၊ ကောင်းမြတ်သာ သည်၊ မြတ်စွာဗုဒ္ဓ မိန့်မွန်းဟည်း"

ဟူ၍ ဆောင်ပုဒ်လင်္ကာ စီတော်မူခဲ့ပါသည်။

ထို့ပြင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးကလည်း "ဘုရား အဖြစ်သို့ ရောက်တော်မူ၍ ၄၅-ပါ ကာလပတ်လုံး ဟောကြားတော် မူအပ်သော ပိဋကသုံးပုံကို အဆီညှစ်၍ အနှစ်သာရကို ထုတ်ယူသည် ရှိသော် ဗောဓိပက္ခိယတရား ၃၇-ပါးရ၏။ ဗောဓိပက္ခိယ တရား ၃၇-ပါးသည် ပိဋကသုံးပုံ၏ အဆီအနှစ်တည်း။ တဖန် ဗောဓိပက္ခိယ တရား ၃၇-ပါးကို အကျဉ်းချုံးပြန်သည်ရှိသော် ဝိသုဒ္ဓိ ၇-ပါးဖြစ်၏။ တဖန် ဝိသုဒ္ဓိ ၇-ပါးကိုအကျဉ်းချုံးပြန်သည်ရှိသော် သီလ သမာဓိ ပညာ သုံးပါးဖြစ်၏။ အဓိသီလ အဓိစိတ္တ အဓိပညာ သာသနာတော်ကြီး သုံးပါးလည်း ခေါ်၏။ သိက္ခာသုံးပါးလည်း ခေါ်၏။ သီလဆိုသော် လည်း လူတို့မှာ နိစ္စသီလမျိုးကိုသာ ပဓာနအားဖြင့် လိုအပ်၏။ နိစ္စ သီလမျိုးနှင့် ပြည့်စုံသူတို့အား ယခုဘဝ၌ မဂ်ဖိုလ်ကို ရနိုင်ရန် ဝိဇ္ဇာ စရဏတရားစုတွင် သီလဟူသော စရဏတရားပြည့်စုံတော့သည်။ ထိုနိစ္စ သီလမျိုးအပေါ် ဥပေါသထ သီလမျိုး အမွှမ်းတင်နိုင်ပါလျှင် သာ၍ ကောင်းမြတ်တော့သည်။

## အာဇီဝဋ္ဌမက သီလမျိုး

နိစ္စသီလမျိုးဆိုသည်ကား လူတို့၌ အာဇီဝဋ္ဌမကသီလ ပေတည်း။ ထိုသီလမျိုးကို ကောင်းစွာ စောင့်ထိန်းရာ၏။ ပုထုဇဉ်ဂတိဖြစ်၍ လွန် ကျူးမိပြန်လျှင် ဤအမှုကို ရှောင်ကြဉ်အံ့ဟု ဆောက်တည်လျှင် တခဏချင်း တည်ပြန်၏။ နောင် ကျူးလွန်မိပြန်လျှင်လည်း ထိုနည်းတူ ဆေးကြောလျှင် စင်မြဲစင်တော့သည်။ ဆေးကြော၍ စင်ပြန်လျှင်လည်း သီလနှင့် ပြည့်စုံသူ ဖြစ်ပြန်၏။ မခဲယဉ်းလှ။ နိစ္စသီလမျိုးဖြစ်၍ လွန် ကျူးမိလျှင် ဘယ်အခါမဆို ခဏချင်း သုတ်သင်ဆေးကြောမှု အသစ် ဆောက်တည်မှုကို ပြုရသည်။

## သီလရှိသူများ၍ သမာဓိပညာရှိသူ ရှားပုံ

ယခုကာလ၌ သီလနှင့် ပြည့်စုံသူတို့ကား အလွန်ပေါများကုန် ၏။ ကသိုဏ်း အသုဘ အစရှိသော အာရုံတို့ မနောဒွါရအတွင်း၌ ကွင်းကွင်းကွက်ကွက် ထင်မြင်မှုရှိသော သမာဓိသို့ ပေါက်ရောက်ဘူးသူ, ရုပ်နာမ်ဓမ္မတို့၏ အနိစ္စလက္ခဏာသို့ ဉာဏ်ပညာ ပေါက်ရောက်ဘူးသူ

တို့ကား အလွန်ရှားပါးလှကုန်၏။ အဘယ့်ကြောင့်နည်းဆိုသော် သမထ ဝိပဿနာမှု၏ ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မတို့ အလွန်အကြူး သောင်းကျန်းသောအခါ ဖြစ်လေသောကြောင့်တည်း။

## ဓမ္မန္တရာယ်နှင့် ပုညန္တရာယ် အကြောင်း

ဓမ္မန္တရာယ်ကို ပြုတတ်သော မိစ္ဆာဓမ္မဆိုသည်ကား သံသရာဘေးကို ကောင်းစွာမမြင်နိုင်ခြင်း မဂ်ဖိုလ်ကို ရထိုက်သော ခေတ်ကာလမဟုတ်ဟု ထင်မှတ်ခြင်း၊ ပါရမီအရင့်ကို စောင့်စားခြင်း၊ ယခုကာလရှိကြသူတို့ကို ဒွိဟိတ်ပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်း၊ အဓိပတိဖြစ်သော ရှေးရှေးဆရာကြီး တို့ပင် မဖြစ်နိုင်ကြကုန်ပြီ-ဟု ဆန္ဒဥဿာဟကို စွန့်ထားခြင်း စသည် တို့တည်း။

ကုသိုလ်မှုတို့မည်သည် အဆုံးတိုင် မရောက်သော်လည်း အချည်းနှီး ဖြစ်နိုင်သော အမှုမျိုးမဟုတ်ကုန်။ ပါရမီမရှိသေးသူ အားထုတ်လျှင် ပါရမီဖြစ်၏။ အားမထုတ်လျှင် ပါရမီဖြစ်ခွင့်ကိုမျှ မရချေ။ ပါရမီ မရင့် သေးသောသူ အားထုတ်လျှင် ပါရမီရင့်ရာ နောက်ဘဝမှာ ဤ သာသနာ၌ပင် မဂ်ဖိုလ်ကို ရနိုင်၏။ အားမထုတ်လျှင် ပါရမီရင့်ခွင့်ကိုမျှ မရချေပြီ။ ပါရမီ ရင့်ပြီး ဖြစ်လျှင် ယခုဘဝ၌ပင် မဂ်ဖိုလ်ကို ရနိုင်၏။ အားမထုတ်လျှင် မရပြီ။ ဒွိဟိတ်ပုဂ္ဂိုလ်ဖြစ်သူ အားထုတ်လျှင် နောက် ဘဝ၌ တိဟိတ်ဖြစ်နိုင်၏။ အားမထုတ်လျှင် ဒွိဟိတ်က တက်ခွင့်မရပြီ၊ အဟိတ်သို့ လျော့၍ သွားဖို့သာ ရှိတော့သည်။

လောက၌ တယောက်သောသူသည် ရဟန်းပြုမည်ကြံစည် အားသစ် လျက်ရှိ၏၊ တယောက်သောသူက တသက်လုံးနေနိုင်မှကြံ၊ မနေနိုင်လျှင် မကြံနှင့် ဟု ဆိုမိကတ်၏၊ ဓမ္မန္တရာယ်ကို ပြုသည်မည်၏။

စိတ္တုပ္ပါဒမတ္တံပိ ကုသလေသု ဓမ္မေသု ဗဟူပကာရံ ဝဒါမိ။

ကောင်းမှုကုသိုလ် တရားမျိုးတို့၌ အကြံဖြစ်ပါမျှကိုလည်း ကျေးဇူး ဥပကာရများမြတ်လှ၏—ဟူ၍ ငါဘုရားသည် ဟောကြားတော်မူ၏။

ဒါနကုသိုလ်ကိုရင်း၊ ဒါနပြုသူကိုရင်း ရှုတ်ချလျှင် ပုညန္တရာယ် ပြုတတ် သည်။ သီလ သမာဓိ ပညာ ကုသိုလ်ကိုရင်း၊ အားထုတ်သူကိုရင်း ရှုတ်ချ လျှင် ဓမ္မန္တရာယ် ပြုတတ်သည်။ ပုညန္တရာယ် ပြုခဲ့လျှင် နောက်နောက်

ဘဝတို့၌ တန်ခိုးအရှိန်အဝါ ဥစ္စာဓနကြွယ်ဝခြင်း၏ ဆင်းရဲအတိ ဖြစ်တတ်သည်။ ဓမ္မန္တရာယ်ပြုခဲ့လျှင် နောက်နောက်ဘဝတို့၌ သိလိုသိကြွ အလိမ္မာကင်းရှင်း၍ ယုတ်ညံ့ခြင်းအတိ ဖြစ်တတ်သည်။ သတိမူကြ လေကုန်။

ယခုအခါ သာသနာတွင်း၌ ကြုံကြိုက်ကြကုန်သော သူအပေါင်းတို့အား ပြဆိုခဲ့ပြီးသော မိစ္ဆာဓမ္မတို့ကို ပယ်ရှင်း၍ ယခုဘဝ၌ပင် အပါယ် ဘုံသံသရာမှ ကျွတ်ထိုက်လျှင်လည်း ကျွတ်စေရမည်။ မကျွတ်ထိုက်လျှင် လည်း နောက်ဘဝ၌ရှင်း၊ နောက်ဘုရား သာသနာ၌ရှင်း ကျွတ်လွတ် နိုင်ရန် သမထဝိပဿနာ ပါရမီမျိုးစေ့ထို အောင်မြင်စွာ ရစေရမည်-ဟု ထက်သန်သော ဆန္ဒ ဝီရိယဖြင့် သမထအလုပ် ဝိပဿနာအလုပ်များကို ယောကျ်ား မိန်းမ အားထုတ်ကြမှသာ ဘဝအခြေအနေနှင့် လူဖြစ်ကျိုး နပ်ကြမည် အမှန်တည်း။

(ဆင့်မူ လယ်တီဒီပနီပေါင်းချုပ် ပဌမတွဲ စာမျက်နှာ ၂၆၆-၂၆၇-၂၆၈)

တရားအားထုတ်ကြလျှင် လောကီ လောကုတ် အဟုတ်အကျိုးများ ကြမည်။

မြတ်စွာဘုရား ဟောကြားတော်မူသော နိကာယ်ငါးရပ် ပိဋကတ် သုံးဖြာတို့တွင် မဟာသတိပဋ္ဌာနခေါ် ဤသုတ် တရားတော်ကြီးကို ကြိုးစား အားထုတ်သူ ယောဂီများ တိုးပွါးလာလျှင် တိုးပွါးလာ သလောက် လောကီ လောကုတ္တရာ အကျိုးများစွာတို့ကို လက်ငင်းမုချ ရရှိနိုင်ပါသည်။

၁။ အောက်ထစ်ဆုံးအားဖြင့် တရားအားထုတ်သူများသည် တရား နှင့်နေ၊ တရားနှင့်သေ၊ နှစ်ထွေကောင်းကျိုး ရကြမည်။ အိပ်ချိန်လျော့ သွား၍ မမေ့မလျော့ မပေါ့မဆ ခြင်းကြောင့် လုံ့လဝီရိယ ပိုရှိလာကြ မည်၊ လူပျင်းတိုင်းပြည် အမည်ပျောက်၍ အလုပ်လုပ်သောတိုင်းပြည် အဖြစ် နာမည်ကောင်းရကြမည်။

၂။ ယောဂီတယောက်အတွက် ညစာလွတ်သွားသဖြင့် တနေ့လျှင် ဆန်နို့ဆီဗူး ၁-လုံးချက် သက်သာမည်။ ထို့ကြောင့် တနှစ်လျှင် ဆန် ၇-တင်း ပိုလာပါမည်။ ယောဂီ တသန်းဆိုလျှင် တနှစ်မှာ ဆန် တင်း

ပေါင်း ၃-သန်း (တန် ၃-သောင်း) ပိုမည်။ ၎င်းကို နိုင်ငံခြားရောင်းလျှင် နိုင်ငံခြားငွေ ရနိုင်ပါမည်။

၃။ ယဉ်ကျေးမှု ထိန်းသိမ်း ပျိုးထောင်ပြီး ဖြစ်သည့်ပြင် စည်းကမ်းသေဝပ်သော လူမျိုး ဖြစ်လာကြမည်။ ရာဇဝတ်မှုများ သိသိသာသာ ကျဆင်းသွားမည်ဖြစ်၍ စာရိတ္တမကျိုင် ပြန်လည် ကောင်းမွန်ခိုင်မာသော စံပြနိုင်ငံတော်ကြီး ဖြစ်လာမည်။ အဘက်ဘက်၌ အခြားနိုင်ငံများနှင့် ယှဉ်လိုက်တိုင်း ကမ္ဘာတွင် ပဋ္ဌမတန်းနိုင်ငံ ဖြစ်နေသော မြန်မာနိုင်ငံ အခြေအနေမှ ဗုဒ္ဓဝါဒီအရ ထိပ်တန်း နိုင်ငံအဖြစ် ကြာရှည် တိုးတက်ရပ်တည်နိုင်မည်။

၄။ လမ်းသရဲ စသော သရုပ်ပျက် ဆိုးသွမ်းမှု ပြဿနာများ၊ ရာဇဝတ်မှုများ လျော့ပါးသွားခြင်းကြောင့် ရုံးတို့ ရဲတို့ လက်နက်ကိုင်တို့အတွက် အသုံးစရိတ်လည်း လျော့သွားမည်ဖြစ်သဖြင့် လူထု ကောင်းစားရေးအတွက် ငွေကို ပိုမိုအသုံးချနိုင်မည်။

၅။ မိမိတို့စိတ်ကို မိမိတို့ကိုယ်တိုင် ကောင်းစွာ ထိန်းသိမ်းနိုင်ကြမည်။ ကောင်းဆိုး လောကဓံများကို ခံနိုင်ရည် ရှိလာကြမည်။

၆။ ထိထိရောက်ရောက် ကြိုးစား အားထုတ်နိုင်ကြမည် ဆိုလျှင် ဤမဟာသတိပဋ္ဌာနသုတ် တရားတော်ကြီးသည်—

က။ စိတ်အညစ်အကြေး ကင်းဝေးစင်ကြယ်ရန်၊

ခ။ သောက, ပရိဒေဝများကို လွန်မြောက်ရန်၊

ဂ။ ကိုယ်,စိတ်ဆင်းရဲများ ချုပ်ငြိမ်းရန်။

ဃ။ အရိယာမဂ်ကိုရရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်၊ တခုတည်း တကြောင်းတည်း လမ်းမှန် ဖြစ်ကြောင်းနှင့် အမြန်ဆုံး ခုနစ်ရက်၊ အကြာဆုံး ခုနစ်နှစ်အတွင်းမှာပင် အနာဂါမ် ရဟန္တာ ဖြစ်နိုင်ကြောင်းကို ဤသုတ်တော်၌ ဘုရားရှင်က ကြေငြာချက် ဝန်ခံချက်ပေးတော်မူခဲ့ပေသည်။ ဤအရာ၌ အကြာဆုံး ၇-နှစ်၊ အမြန်ဆုံး ၇-ရက်တို့ဖြင့် ပိုင်းခြား၍ ပြထားသော ပုဂ္ဂိုလ်များမှာ အလတ်စား နေယျပုဂ္ဂိုလ်ချည်းသာတည်း။ ဉာဏ်ပညာ နုံ့နှေးသော နေယျပုဂ္ဂိုလ်များမှာမူကား ၇-နှစ်ထက် ကြာမြင့်စွာ အားထုတ်ပါမှ အနာဂါမ်ရဟန္တာ

ဖြစ်နိုင်မည်ဟူ၍ရင်း၊ ဉာဏ်ပညာ ထက်မြက်သော နေယျပုဂ္ဂိုလ်မှာ ၇-ရက်ထက် လျင်မြန်စွာပင် တရားထူးကို ရနိုင်သေးသည်ဟူ၍ရင်း သိအပ်ပါသေးသည်။

**အညာတခွင်ဒေသနာခရီးမှသည် မြန်မာပြည် အနှံ့အပြားသို့**

ဤသို့စသား အမျိုး, ဘာသာ, ဗုဒ္ဓသာသနာတော် ကြီးပွါးရေးများကို တတ်အားသမျှ စွမ်းဆောင်လိုသော ဆန္ဒမွန်များကြောင့် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားကြီးအား "ဘုရားတပည့်တော်သည် အညာတခွင်ဘက်ကိုထွက်၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားဟောခရီး ထွက်လိုပါသည်။ ဓမ္မကထိက ဆရာတော် ၂-ပါးကို ပေးသနားတော်မူပါ။ ဘုရား တပည့်တော်က ငွေတထောင် အရင်းတည်လျက် သာသနာပြု စရိတ်ကို တာဝန်ယူပါမည်ဘုရား" ဟု လျှောက်ထားပါသည်။

ထိုအခါ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက (ထိုအခါက ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် အမျိုးသမီးယောဂီများအား တရားပြသတော်မူသော နာယကအဖွဲ့ဝင်+သာသနဓဇ သိရိပဝရ ဓမ္မာစရိယ ဘွဲ့ရ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက) ဆရာတော် ဦးသံဝရနှင့် မန္တလေးမြို့ ရတနာပုံ သာသနာ့ရိပ်သာ- ဥပထမ္ဘက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် ညောင်ကန် အရှင်ဣန္ဒဂုတ္တ ၂-ပါးအား ပင့်သွားရန်ခွင့်ပြု ချီးမြှင့်တော်မူပါသည်။

ထို့ကြောင့် ဒုတိယကမ္ဘာစစ်မဖြစ်မီက နယ်ပိုင် ဝန်ထောက်ဘဝဖြင့် အမှုထမ်းခဲ့သော ကချင်ပြည်နယ် မိုးတောင်းမြို့နှင့် မြစ်ကြီးနားမြို့များမှ စ၍ လေယာဉ်ခရီးဖြင့် ၁-ကြိမ်တခါမျှ မရောက်ဘူးသေးသော နာဂ ခရိုင် ခမ္မတီးမြို့သို့ ထွက်ခွါခဲ့ပါသည်။ ခမ္မတီးမြို့မှနေ၍ ချင်းတွင်းမြစ် တလျှောက်နှင့် အိန္ဒိယနယ်စပ်၊ ကလေးဝ၊ ကလေး၊ တမူးအထိ ဝင်ခဲ့၍ မုံရွာသို့စုန်ဆင်းကာ အလုံ၊ ဘုတလင်၊ ညောင်ကန်တိုင်အောင် တမြို့ဝင် တမြို့ထွက် တရားဟောခရီး ထွက်ခဲ့ပါသည်။ တရားပွဲပေါင်း များစွာ ကျင်းပနိုင်ခဲ့ပါသည်။

ထိုတရားပွဲများတွင် မျှော်လင့်သည်ထက်ပင် အထမြောက် အောင်

မြင်ခဲ့သည်ကို ဝမ်းမြောက်စွာ တွေ့ခဲ့ရသောကြောင့် ဗုဒ္ဓသာသနာတော်၏ ဘုန်းကံရှိနေသေးကြောင်းကို သိရပါသည်။

ကံအားလျော်စွာ ချင်းတွင်း ဒေသတွင် နေထိုင်ကြသူများသည် ရှမ်းမြန်မာများသာဖြစ်ကြ၍ "သည်လို သတိပဋ္ဌာန် တရားမျိုးကို မနာကြားရတာ ကြာပါပြီ။ နောက်ထပ် ဟောရက်တိုးပေးပါဦး" ဟု ပင့်သူလည်းပေါများ "ရွှေနှစ်များတွင် ဆက်လက် ကြွလာတော်မူကြပါရန်" ထပ်ပင့်သူလည်း မရှားကြပါ။ ထို့ကြောင့် ထိုထိုဆန္ဒပြုသူများအား "ရှေ့ဆက်လာရန် ကြိုးစားပါဦးမည်။ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး၏ အမိန့်ကိုလည်း နာခံရပါဦးမည်" ဟုသာ ပြန်ကြားခဲ့ရပါသည်။

ထိုနှစ် ၁၉၇၀-၇၁-တွင် ဟသ်ာတခရိုင်၊ ပုသိမ်ခရိုင်၊ မြောင်းမြခရိုင်၊ သာယာဝတီခရိုင်၊ တောင်ငူခရိုင်၊ ရမည်းသင်းခရိုင်၊ ပဲခူးခရိုင်၊ သထုံခရိုင်၊ မော်လမြိုင် ခရိုင် တို့တွင်လည်း တရားပွဲပေါင်း များစွာ ကျင်းပခဲ့၍ ပရိသတ် ၅၀၀၀၀ (ငါးသောင်း) ခန့်အား သတိပဋ္ဌာန် တရားကို ဟောကြားခဲ့ပါသည်။

ဤကဲ့သို့ နယ်လှည့်တရားပွဲများ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကတကြောင်း၊ အရပ်ရပ်မှ တရားပွဲ ပင့်စာများ ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံ တဖွဲဖွဲ ရောက်ရှိနေသည်ကတကြောင်း၊ ထိုအကြောင်းများကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးက မဟာစည်ဓမ္မကထိကအဖွဲ့ကို တိုးချဲ့စေပြီး ယခင် ဟောကြားခဲ့သော ဒေသများအပြင် ဗန်းမော်ခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ ထားဝယ် ခရိုင်၊ ဟံသာဝတီခရိုင်၊ မြင်းခြံခရိုင်၊ မကွေးခရိုင်၊ သရက်ခရိုင်၊ ပြည်ခရိုင်တွင်းရှိ ဒေသပေါင်း များစွာသို့ ၁၉၇၁-၇၂-ခု နှစ်များတွင် ထပ်မံစေလွှတ်တော်မူခဲ့ရာ တရားနာသည့် အဆင့်မှ တရား အားထုတ်သည့်အဆင့်အထိ မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

၁၉၇၃-၇၄-ခုနှစ်တွင် အဖွဲ့ရှစ်ဖွဲ့အထိ တိုးချဲ့ပြီး ဟောနိုင်ခဲ့သဖြင့် တရားနာ ပရိသတ်လည်း များစွာ အသိဉာဏ် တိုးတက်လာသည်။ ထိုထိုရောက်ရာ အရပ်တိုင်းရှိ ပရိသတ်များက "အလုပ်ပေးခန်းပါသည့် တရားများကိုသာ နာကြားလိုကြောင်း" ဖွင့်လှစ် ပြောကြားလာကြသည်။ တရားဟော အဖွဲ့များကိုလည်း ရခိုင်ပြည်နှင့် ရှမ်းပြည်အတွင်း ကိုပါ

တိုးချဲ့နိုင်သည့်အပြင် တရားရိပ်သာ အသစ်များ တိုးလာ၍ တချို့နေရာများတွင် ၁၀-ရက်စခန်း ၁၅-ရက် စခန်းများဖွင့်ပြီး တရားပြသရသည့် အခြေအနေ ရောက်လာပါသဖြင့် အပြောသမားအဆင့်မှ အလုပ်သမားအဆင့်သို့ ရောက်လာကြသည်ကို မျက်မြင် တွေ့သိ ရသောကြောင့် ငွေကုန်ရကျိုး ပင်ပန်းခံရကျိုးနပ်သည်ကို အခါခါ ပမ်းမြောက် ဝမ်းသာဖြစ်လျက် ရှိနေပါသည်။

## ဆန္ဒမွန် ဆုတောင်း

နိဂုံးချုပ် အနေနှင့် ဗုဒ္ဓ ဘာသာဝင် သူတော်စင်တို့အား ကိုက်တွန်းတောင်းပန်လိုသည်မှာ—

( က ) လူ့ဘဝရောက်သည့် အခါ တရား အားမထုတ်ပဲ သေဆုံးသွားပါက အရှုံးကြီး ရှုံးသည်ဟု သိစေ လိုပါသည်။

( ခ ) ဗုဒ္ဓဘုရားရှင်၏ ကျေးဇူးတော်ကို ဆပ်သည့် အနေနှင့် မိမိကိုယ်ကိုယ် မိမိ သာသနာပြုရန် လိုပါသည်။

( ဂ ) မိမိ သားစဉ် မြေးဆက်အား သာသနာ ပြုခြင်းအားဖြင့် ဓမ္မအမွေပေးပါ။

( ဃ ) တထောင့် ငါးရာ ကိလေသာ ကုန်ဆုံးမှ နိဗ္ဗာန်က လက်ခံပါလိမ့်မည်။

( င ) "ငါ" ပျောက်အောင် အားထုတ်ရပါမည်။ "ငါ" မကြီးထွားစေရန် သတိပြုရပါမည်။

( စ ) လူအများ ဘယ်လိုပင် တရားပျက်သော်လည်း "ငါ" နှင့် "ငါ"၏ ပရိသတ် မပျက်အောင် ဖွဲ့ကိုင်ပေးပါ။

( ဆ ) ယခုပစ္စုပ္ပန်ဘဝတွင်ပင် တမဂ်တဖိုလ်ရအောင်ကြိုးစားနိုင်ကြပါစေ။ သာသနာ အဓွန့် ရှည်ပါစေသော်။

**စည်သူ ဦးညိုပု**

(အငြိမ်းစား တိုင်းမင်းကြီး)

သာသနာ့ရိပ်သာ

၁၆-ဟာ့မစ်တိတ်လမ်း

ရွှေဂုံတိုင်စာတိုက်

ရန်ကုန်မြို့


အညာတခွင် တရားဟောထွက်စဉ်ကတွင်
ပါဝင်သမျှ ဓာတ်ပုံများ



အညာတခွင်တွင် ပါဝင်ခဲ့သော
ဆရာတော် ဦးသံဝရ

---

* ဤအကြောင်းကို စာမျက်နှာ (၄၆၇)၌ရှုပါ။



အညာတခွင်တွင် ပါဝင်ခဲ့သော
ညောင်ကန်-အရှင်ဣန္ဒက

---

* ဤအကြောင်းကို စာမျက်နှာ (၄၇၀)၌ရှုပါ။



အညာတခွင်တွင် ပါဝင်ခဲ့သော
ဝဏ္ဏကျော်ထင်, စည်သူ-ဦးညီပု


---

* ဤအကြောင်းကို စာမျက်နှာ (၄၇၆)၌ရှုပါ။



အညာတခွင်တွင် ပါဝင်ခဲ့သော
ကျောင်းဒကာ ဦးခင်မောင်


* ဤအကြောင်းကို စာမျက်နှာ (၄၈၁)၌ရှုပါ။



ဤအညာတခွင် ဒေသနာခရီးကြောင့် ဖြစ်ပေါ်လာသော ခမ္မတီးမြို့ မြသိန်းတန် ဘုရားခြေတော်ရင်း၌ မဟာစည်ရိပ်သာယောဂီများ ရှိက်ကူးထားသောပုံ

---

* ဤအကြောင်းကို စာမျက်နှာ (၈၇)၌ရှုပါ



မောင်းခမ်း သင်္ဘောဆိပ်ကမ်းသို့ ဆိုက်ကပ်လာသော
ချင်းတွင်း သင်္ဘော

---

* ဤအကြောင်းကို စာမျက်နှာ (၁၇၅)၌ရှုပါ။



မြစိမ်းရောင်မှိုင်း ရှုတိုင်းသာယာ မောင်းခမ်း
မဟာစည်ရိပ်သာ

---

* ဤအကြောင်း စာမျက်နှာ (၁၇၅)၌ရှုပါ။



မောင်းခမ်းမဟာစည် ယောဂီ ရှေးမီ ခေတ်မီ
ဗဟုသုတ ဟင်းလေးအိုးကြီး အသက် ခုနစ်ဆယ်ကျော်
ဦးဖိုးအို

---

✱ ၎င်းအကြောင်းကို စာမျက်နှာ (၁၈၃)၌ရှုပါ။



ဟုမ္မလင်းမြို့နယ် မောင်းခမ်းရွာ အသက်
၃၇-နှစ်အရွယ်က နယ်ချဲ့တော်လှန်ရေးသမား
ဦးဖိုးအို

---


* ဤအကြောင်းကို စာမျက်နှာ (၂၁၇)၌ရှုပါ။



မောင်းခမ်းရွာဦးက သိရိမ္မာသောကမင်းတည်ခဲ့သည့်
ဆုတောင်းပြည့် စေတီတော်

---


* ဤအကြောင်းကို စာမျက်နှာ (၂၂၀)၌ရှုပါ။



မော်လိုက်မြို့-မြို့မကျောင်းနှင့် စေတီတော်များ

---

* ဤအကြောင်းကို စာမျက်နှာ (၃၀၀)၌ရှုပါ။




အညာတခွင် ခရီးကြောင့် မော်လိုက်မြို့တွင် ဖြစ်ပေါ်လာသော
မဟာစည်ရိပ်သာ ယောဂီများ

---


* ဤအကြောင်းကို စာမျက်နှာ (၃၀၀)၌ရှုပါ။

( ၈ )　　အညာတခွင်တွင် ပါဝင်သမျှဓာတ်ပုံများ



မော်လိုက်မြို့၌ အညာတခွင်ဒေသနာခရီးသည်တို့
ဟောကြားခဲ့သော ဓမ္မာရုံ

* ဤအကြောင်းကို စာမျက်နှာ (၃၀၁)၌ရှုပါ။



ကာလေးမြို့ လေဆိပ်ရှုခင်း

---

* ဤအကြောင်းကို စာမျက်နှာ (၃၂၉)၌ရှုပါ။

အညာတခွင်တွင် ပါဝင်သာမျှာတော်ပုံများ



ကာလေးမြို့ သာသနာ့ရိပ်သာအတွင်း၌ တည်ရှိသော ရာဇမုနိရှစ်မျက်နှာ ဘုရား

---

* ဤအကြောင်းကို စာမျက်နှာ(၃၁၉)၌ရှုပါ။



ကာလေးမြို့ ကစားလှ ရုပ်ပွားတော်

---

* ဤအကြောင်းကို စာမျက်နှာ(၃၂၃)၌ရှုပါ။



ကာလေးမြို့ အရှေ့ဘက်၌ တည်ရှိသော
ရွှေဘုံသာ စေတီတော်

---

* ဤအကြောင်းကို စာမျက်နှာ(၁၂၂)၌ရှုပါ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ၁။ မန္တလေးမှ မိုးကောင်းသို့

အချိန်ကား ၁၃၃၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၀-ရက်နေ့ ည ၇-နာရီအချိန်။ ရောက်နေသော နေရာကား မန္တလေးမြို့ ဘူတာကြီး။ စီးနင်းရမည့် မီးရထားကတော့ မြစ်ကြီးနား စာပို့မီးရထားကြီးတည်း။

မထွက်သေးသည့် မြစ်ကြီးနား မီးရထားအနီး၌ ခရီးသည်တို့ကား တရစ်ဝဲဝဲ ရှိနေကြ၏။ တချို့ ခရီးသည်တို့က တွဲပေါ်ရှိ သူတို့ထိုင်ခုံ၌ သူတို့ ထိုင်နေကြလေပြီ။ တချို့က တက္ကတက် ကတွဲဆင်းဖြင့် နေရာရှာ ကြတုန်းပင်။ မီးရထားကြီးအနီး လှုပ်ရှား သွားလာ နေသူတို့ကား ရှုပ်ယှက်ခတ် ဖြစ်နေကြ၏။ အသံဗလံတို့ကလည်း ဆူညံလှကုန်၏။

စာရေးသူတို့ အတွက်မှာ နေရာရပြီးဖြစ်၍ နေရာအတွက် ပူစရာ မရှိကြပေ။ နေရာတကျ အေးအေးဆေးဆေးပင် တွဲပေါ်တက်၍ ထိုင်နေလိုက်ကြ၏။

မိုးနံ့ရသော ပုရွက်ဆိတ်ကလေးတို့ သူတို့တင်းပဲ့၌ အရေးတကြီး လှုပ်ရှားနေကြသည့်နှယ် ဘူတာပလက်ဖောင်းပေါ်၌ ပုပ္ပရွရွ လှုပ်ရှား သွားလာနေသူတို့ကို ငေးမောကြည့်နေမိသည်။ တနည်းဆိုရလျှင် ပုရွက်ဆိတ်အုံကို တုတ်ဖြင့် ဆွထားသလို လှုပ်ရှားနေကြသည့် လူထုကြီးကို မြင်နေရ၏။ မှတ်သား၍ မရသော အသံဗလံတို့သည်လည်း ဗလုံးဗထွေး ပြွတ်သိပ် ဆူညံနေကုန်တော့၏။ သောကတွေ အပြည့်အဝနှင့် လှုပ်ရှားနေလိုက်ကြသည်မှာ မောပန်းဖွယ် ကောင်းလေစွ။

## ခန္ဓာဝန်အတွက် လှုပ်ရှားနေသူများ

''သူတို့ကား ခန္ဓာဝန်အတွက် လှုပ်ရှားနေကြသည်။ခန္ဓာ၏ကျေးကျွန်တို့သာတည်း။ခန္ဓာ၏အလိုပြည့်အောင် ရုန်းကန်လုပ်ကျွေးနေကြရသည်။ သူတို့ကား ဤသို့ သိမှ သိကြပါလေစ။ ဘဝ မကုန်မချင်း သူတို့ ခန္ဓာကို သူတို့ လုပ်ကျွေး ပွေးပြု ကြရလေဦးမည်။ သူတို့ကိုယ်သူတို့ ငါကောင် မဟုတ်ပဲ ငါကောင် ထင်မှတ်နေကြသည်။ငါ့အတွက် သူ့အတွက် ဘယ် သူ့အတွက် ဘယ်ဝါ့အတွက် ဤအတွက် ထိုအတွက် အတွက်သံသရာ ထဲမှာ အစမသတ်နိုင်ကြ။ ဘယ်တော့များမှ ဤအတွက် ထိုအတွက်တော့ လက်စသတ်ကြပါမည်နည်း။'' သူတို့ကို ငေးမောယင်းက ဤသို့ဆင်ခြင်မိ ပါသည်။

ရထားထွက်ဖို့ အချိန်နီးကပ်လာလေပြီ။ ရထားပေါ်နှင့် အောက်, လိုက်ပို့သူနှင့် သွားမည့်သူတို့ အချင်းချင်းမှာစရာ ရှိသည်တို့ကို မှာကြား လျက် ရှိနေကြကုန်ပြီ။ တခဏမျှ ခွဲရမည်ကိုပင် ခက်ဟန်ရှိနေကြသော အချို့တို့မှာ လိုက်ပို့သူဖြစ်လျက်နှင့် ပွဲပေါ်မှ မဆင်းနိုင်သေးပဲ မကုန်နိုင် မခန်းနိုင်သည့် စကားတို့ဖြင့် အလွမ်းသယ်လျက် ရှိကြသေးသည်။

## မီးရထားကြီးထွက်ပါပြီ

ဦးဝိသုဒ္ဓ၊ ဦးဝိစာရ၊ ဦးတိက္ခနှင့် ကားဆရာ ဒကာငြိမ်၊ မောင်ကျော် ဆွေတို့မှာလည်း မြစ်ကြီးနား တရားဟောသွား အဖွဲ့ကို လိုက်ပို့သူများ ဖြစ်ကြ၍ အချင်းချင်း နှုတ်ဆက်နေကြစဉ်မှာပင် အချိန်က ၇-နာရီနှင့် မိနစ် ၂၀-ရှိနေပြီ။ ရထားကြီးမှာလည်း ထိုအချိန်၌ပင် ဥသြပေးကာ ထွက်ခွါစ ပြုပါပြီတည်း။

* သွားမယ်တဲ့ သွားမယ်၊
မန်းမြို့တော် ဘူတာကြီးမှ-
ရထားစီးသွားမယ်။
မိုးကောင်းမြို့ အစတယ်၊
အထက်နယ် အညာတလွှား။
မြတ်ဗုဒ္ဓါ ဟောညွှန်ကြားတဲ့၊

သတိပဋ္ဌာန် မြတ်တရားကို၊
များလူတွေ တဆင့်ကြားလို့၊
ပွါးပူတွေ မသင့်ရှားအောင်၊
ဟောကြားဖို့သွား။ ။

လိုက်ပို့သူတို့နှင့် ခွဲခွါ၍ ရထားထွက်သည်ဆိုလျှင်ပင် ဤလေးဆစ်ကဗျာကလေးကို ရေးဖွဲ့မိသည်။ မိနစ်ပိုင်းအတွင်း၌ပင် ရှမ်းစုဘူတာသို့ ရောက်လာပြီး ဆိုက်ကပ်ရပ်နားလိုက်၏။ စာပို့ရထား ဆိုသော်လည်း ရှမ်းစုလို မန္တလေးအတွင်းရှိ ဘူတာကလေးမှာပင် ရပ်နား ပါသေး၏။ မန္တလေးမြို့ပင် ဖြစ်သော တောင်ပြင်ရှိ မန္တလေးသူ မန္တလေးသားတို့ ဘူတာကြီးအထိ ယာမနေရပဲ အလွယ်တကူ ချမ်းသာစွာ စီးနင်းလိုက်ပါနိုင်စေရန် စီစဉ်ထားဟန်ရှိ၍ လျော်ကန်သည့် အစီအစဉ်ဖြစ်၏။ မြို့ဟောင်း အမရပူရ စံရွေးဘူတာများ၌ မရပ်ပါ။ ဆက်လက် ထွက်ခဲ့ပါသည်။

## စစ်ကိုင်းရောက်ပါပြီ

မီးရထားကြီးသည် အမရပူရ (တောင်မြို့) ကို လွန်သော် ရွှေကြက်ယက်-ရွှေကြက်ကျ အနီးသို့ ရောက်သည်။ ထို့နောက် ဧရာဝတီမြစ်ပေါ်ရှိ အင်းဝတံတားကြီးကို ဖြတ်၍ စစ်ကိုင်းဘက်ကို ကူးခဲ့ပါသည်။ ဤသို့ ဧရာဝတီမြစ်ကို တံတားဖြင့် အလွယ်တကူ ဖြတ်၍ ကူးနိုင်ခဲ့သည်မှာ မကြာလှသေးပေ။ ရှေးအခါက ရန်ကုန် မြစ်ကြီးနား မီးရထားလမ်းမှာ အမရပူရနှင့် စစ်ကိုင်း၌ သင်္ဘောဖြင့် ကူးပြောင်းစီးကြရ၏။ ၁၉၃၄-ခုနှစ်ရောက်မှ ဧရာဝတီမြစ်ကို ဖြတ်၍ အင်းဝတံတားကြီးကို ဆောက်လုပ်ပြီးခဲ့သဖြင့် ဤသို့ အလွယ်တကူ တောက်လျှောက်ဖြတ်ကူးနိုင်လေသည်။ သို့ရာတွင် အင်းဝတံတားကြီးမှာ ဒုတိယ ကမ္ဘာစစ်အတွင်းက ဖျက်ဆီးခြင်း ခံခဲ့ရသောကြောင့် မီးရထား ဌာနက ၁၉၅၃-ခုနှစ်တွင်မှ ပြန်လည်၍ ပြင်ဆင်ခဲ့ရာ ၁၉၅၄-ခုနှစ် အောက်တိုဘာလ၌ ပြီးစီးကာ ဖွင့်လှစ်နိုင်ခဲ့ပေသည်။

ထိုစစ်ကိုင်း အင်းဝ တံတားကြီးကို ဖြတ်ကူးစဉ် လက်ဝဲဘက်၌ ညောင်ကန် ဆရာတော် ဦးဗုဒ်စသော သာသနာပြု ဆရာတော်

ဘုရားကြီးများ သီတင်းသုံးတော်မူခဲ့ရာ အင်းဝမြို့ဟောင်းရှိ နန်းမတော် မယ်နု အုတ်ကျောင်းကြီးဘက်ဆီ၌ မီးရောင် တလက်လက်ကိုလည်း မြင်ရသည်။

ရွှေတူရှုရှိ စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုးတလျှောက်ရှိ ဘုရား တန်ဆောင်း ကျောင်းကန်အသီးသီးတို့တွင် ထွန်းလင်းနေသော မီးရောင် စုံ တို့ကိုလည်း ကြည်နူးအေးမြဖွယ်ရာ တွေ့မြင်ဖူးမြော်ရပါသည်။ ဧရာဝတီ မြစ်ကမ်း တလျှောက်၌မူ ရေယာဉ်ပေါင်းစုံနှင့် ဆိပ်ကမ်းဈေးဆိုင်များ၏ မီးရောင်တို့ကို တွေ့မြင် ရလေသည်။ မီးရထားကြီးသည် စစ်ကိုင်းဘူတာ ရောက်သော် တထောက်နား၏။

စစ်ကိုင်းသည် 'သာယာဝိုင်းစစ်ကိုင်းတည်'ဟူသော သင်္ကေတအတိုင်း မြန်မာသက္ကရာဇ် ၆၇၄-ခုနှစ်၌ အသင်္ခယာစောယွန်းက ဤ စစ်ကိုင်းမြို့ တည်နေရာ၌ ဇေယပူရ (အောင်မြို့) အမည်ဖြင့် တည်ထောင်ခဲ့သော ရှေး ရာဇဝင်ထင်ရှားသည့်မြို့ ဖြစ်လေသည်။

စစ်ကိုင်းခရိုင်အတွင်း ရှေးမြန်မာမင်းများ၏ နေပြည်တော်ဖြစ်သော စစ်ကိုင်း၊ပင်းယ၊အင်းဝစသည့် မြို့တော်ဟောင်းများ ရှိသောကြောင့် စစ်ကိုင်းခရိုင်မှာ ကျော်စောသည်။ ထိုမြို့ဟောင်းနေရာများနှင့် စစ်ကိုင်း မြို့၊စစ်ကိုင်းတောင်ရိုးများ၌ မင်းအဆက်ဆက်တို့တည်ခဲ့သော တန်ခိုးကြီး ဘုရားစေတီတော်များ ပေါများလှပေသည်။ စစ်ကိုင်းတောင်ရိုးမြောက် ဘက် မန္တလေးအထက် တဘက်ကမ်းရှိ မင်းကွန်းစေတီတော်ကြီးမှာ ကမ္ဘာပေါ်ရှိ အုတ်ဖြင့် ဆောက်လုပ်သော အကြီးဆုံးအဆောက်အဦ များတွင် အပါအဝင်ဖြစ်၏။ဘုရားကြီး၏မြောက်ဘက်ရှိ မင်းကွန်းခေါင်း လောင်းကြီးမှာလည်း ကမ္ဘာပေါ်ရှိ ချိတ်ဆွဲထားသည့် ခေါင်းလောင်း များတွင် အကြီးဆုံးဖြစ်၍ ထင်ရှားကျော်စောသည်။

စစ်ကိုင်းမြို့နှင့် စစ်ကိုင်းတောင်ရိုးများ၌ စံပယ်တော်မူကြသော သာလွန်မင်းတရားကြီး တည်ခဲ့သော ကောင်းမှုတော်ဘုရား၊ ဘိုးတော် မင်းတရားတည်ခဲ့သော မင်းကွန်းဘုရား၊ ငါးထပ်ကြီးဘုရား၊ စစ်ကိုင်း တောင်ရိုးရှိ ပုညရှင်၊ ဥမင်သုံးဆယ်၊ ပတ္တမြားစေတီ၊ ရှင်ပင်နံ့ကိုင်းစေတီ တော်တို့မှာ အထူးပင် ထင်ရှားတော်မူကြ၍ ပွဲတော်များ နှစ်စဉ် ကျင်းပ ကြလေသည်။

ယခုအခါ စစ်ကိုင်းမြို့ကား စစ်ကိုင်းတိုင်းမင်းကြီးနှင့် ခရိုင်ဝန်ရုံးစိုက်ရာ မြို့ဖြစ်လေသည်။ စစ်ကိုင်းတိုင်း၏ အရှေ့ဘက်၌ မန္တလေးခရိုင်နှင့် ကျောက်ဆည်ခရိုင်၊ မြောက်ဘက်၌ ရွှေဘိုခရိုင်နှင့်အောက်ချင်းတွင်းခရိုင်၊ အနောက်ဘက်၌လည်း အောက်ချင်းတွင်းခရိုင်၊ တောင်ဘက်၌ မြင်းခြံခရိုင်တို့က နယ်နိမိတ် သတ်မှတ်ထားကုန်၏။

စစ်ကိုင်းတိုင်းသည် မန္တလေးတိုင်းကဲ့သို့ပင် မိုးနည်းရေရှား အရပ်ဖြစ်သည်။ ထို့ကြောင့် ဝန်းကျင်၌ သစ်တောနည်းလေသည်။ သို့သော် နွားစားကျက် မြက်ခင်းကောင်းများတော့ ရှိပါသည်။ ၁၉၅၃-ခုနှစ် သန်းခေါင်စာရင်းအရ မြို့၏လူဦးရေမှာ ၁၅၄၃၉-ယောက်ရှိသည်ဟု သိရသည်။

စစ်ကိုင်းမြို့မှသည် ချင်းတွင်းမြစ်ပေါ်ရှိ မုံရွာမြို့၊ အလုံမြို့တို့သို့ရင်း၊ မြောက်ဘက် ရွှေဘိုမြို့သို့ရင်း၊ မီးရထားလမ်း၊ ကားလမ်းများဖြင့် ဆက်သွယ်သွားလာနိုင်လေသည်။ စစ်ကိုင်းမှ ရွှေဘိုသို့ မီးရထားလမ်းကိုမူ ၁၀၉၁-ခုနှစ်ကမှစ၍ ဖောက်လုပ်ခဲ့သည်။

နွားမွေးမြူကြသောကြောင့် နွားနို့လည်း ပေါများ၏။ ထောပတ်ကိုလည်း ချက်လုပ်ကြလေသည်။ စစ်ကိုင်း ပိုးထည်နှင့် စစ်ကိုင်း ရေအိုးများမှာ အထူးကျော်ကြားသည်။စစ်ကိုင်းမြို့နယ်အတွင်း ဆားတောင်နှင့် အနီးအနားရွာများ၌ ဆားချက်လုပ်ကြသည်။ အင်းဝနယ်မှ သဲဆပ်ပြာကို အနယ်နယ်အရပ်ရပ်သို့တင်ပို့ရောင်းချကြသည်။ မြစ်ချောင်းနှင့် နီးရာတို့၌ လယ်ယာ ကိုင်းကျွန်းများကိုလည်း လုပ်ကိုင်ကြသည်။ ကောင်းမှုတော်၊တေရော်၊ရွာသစ်ကြီးအင်းများမှလည်း ငါးထွက်လေသည်။

## ဝက်လက်ဘုတ္တာ အရောက်မှာ

စာရေးသူတို့ စီးလာသော မီးရထားကြီးသည် စစ်ကိုင်းလွန်သော် မြေပြန့်လွင်ပြင်ကြီးကိုဖြတ်၍ ခုတ်မောင်းခဲ့ရသည်။ခပ်လှမ်းလှမ်း၌မူးမြစ်ရှိသည်။၎င်းသည် ဧရာဝတီမြစ်၏ လက်တက်တခုဖြစ်သည်။ မူးမြစ်ရှိကာဘိုးဆည်မှ ရေသွယ်၍ ရွှေဘိုနှင့် စစ်ကိုင်းနယ်များ၌ လယ်ယာ ဆန်စပါးများ လုပ်ကိုင်ကြလေသည်။ယခုအခါ နိုင်ငံတော်အစိုးရက မူးမြစ်

ဝှမ်း စိမ်းကိန်းဖြင့် ရွှေဘို၊ မုံရွာ၊ စစ်ကိုင်းရှိ မြေကေပေါင်းများစွာကို တိုးချဲ့စိုက်ပျိုးနိုင်အောင် စီမံလျက်ရှိသည်ဟု သိရ၏။

မီးရထားကြီးသည် ရွာထောင်၌ တထောက်နား၍ ဝက်လက်မရောက်မီအကြား၌ ပဒူဘူတာနှင့် ပေါက်ကန် ဘူတာကလေးများ၌ မရပ်မနားပဲ ည ၁၀-နာရီအချိန်၌ ဝက်လက်သို့ဆိုက်ရောက်သည်။ ဆရာတော် ဦးသံဝရသည် ဤစာပို့ရထားကို ဝက်လက်ဘူတာမှစောင့်၍ အတူတကွ စီးနင်းလိုက်ပါရမည် ဖြစ်သည့်အတိုင်း အသင့်စောင့်လျက်ရှိ၏။ ဆရာတော် ဦးသံဝရ၏ ဇာတိရွာမှာ ဝက်လက်အရှေ့ ၆-မိုင်ခန့်ဝေးသော အင်ကြင်းပင်ရွာဖြစ်သည်။ ဇာတိရွာရှိ သူ၏ ဆွေတော်မျိုးတော်များနှင့် တွေ့လိုသောကြောင့် အင်ကြင်းပင်ရွာသို့ ကြိုတင်ကြွနှင့်ခြင်းဖြစ်သည်။ ဇာတိရွာနှင့် ဆွေတော် မျိုးတော်များကို လောကအလျောက် မေ့ကောင်းသည် မဟုတ်။ ဘုရားသော်မှ ဆွေတော်မျိုးတော်ရှိရာ ကပိလဝတ်ပြည်ကို မေ့တော်မမူ။

## ငါးမည်ရ ပြည်ရွှေဘို ဘေးရန်ကပြို

ဝက်လက်ဘူတာမှ ရထားဆက်လက် ထွက်ခဲ့သော်လည်း ညအချိန်ရောက်ပြီမို့ ခရီးသည်အားလုံး စကားသံနည်း၍ ငြိမ်သက်စွာလိုက်ပါလာကြသလို တရားဟောအဖွဲ့လည်း တပါးနှင့်တပါး တဦးနှင့်တဦး အထူးအထွေစကားမပြောကြပဲ အထက်တန်းတွဲအိပ်ရာထက်၌ မှိန်း၍လိုက်ပါခဲ့ကြလေသည်။

မီးရထားကြီးသည် စစ်ကိုင်းမှ ၅၄-မိုင် ခရီးပေါက်သော် ရွှေဘိုမြို့သို့ ဆိုက်ရောက် ရပ်နားလိုက်လေသည်။ စာရေးသူနှင့်အတူ ပါလာသော ကပ္ပိယဒကာကြီးဦးညီပုသည် ရွှေဘို၌နေသော သူ၏ဆွေမျိုးများနှင့်တွေ့ရန်ကြိုတင်စာပေး၍ ချိန်းချက်ထားသည့်အတိုင်း ရထားပြတင်းပေါက်မှ လက်နှိပ်ဓာတ်မီးဖြင့် အချက်ပြ၍ တွေ့ဆုံစကားပြောလေသည်။ ကပ္ပိယဦးခင်မောင်နှင့် ဆရာတော် ဦးသံဝရတို့ကတော့ အိပ်ရာထက်၌မှိန်းမြဲမှိန်းနေကြ၏။ စာရေးသူကား ရွှေဘိုဘူတာဘက်ကို ပြတင်းပေါက်မှခေါင်းထွက်ကြည့် နေလိုက်သည်။ ဆင်းသူ, တက်သူ, ဈေးရောင်း ဈေးဝယ်သူတို့ဖြင့် အနည်းငယ် ဆူညံလှုပ်ရှားနေသည်။

ရွှေဘိုခရိုင်ဝန်နှင့် နယ်ပိုင်ရုံးစိုက်ရာ ရွှေဘိုမြို့ကို "ဥဩအော်မြည် ကုန်းဘောင်တည်" ဟူသော သင်္ကေတအတိုင်း မြန်မာ သက္ကရာဇ် ၁၁၁၅-ခုနှစ်၌ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ဤ ရွှေဘိုမြို့နေရာ၌ ရတနာသိင်္ဃကုန်းဘောင် နေပြည်တော်ကို စတင် တည် ထောင်ခဲ့သည်။ ထို့ကြောင့်လည်း အလောင်းမင်းတရား၏ အဆက်အနွယ် မင်းများကို ကုန်းဘောင်မင်းဆက်ဟု မှည့်ခေါ်ခဲ့ကြခြင်းဖြစ်သည်။

ရွှေဘိုမြို့၏ မူလအမည်မှာ မုဆိုးဘိုဖြစ်သည်။ ပုဂံပြည်ရှင် အလောင်း စည်သူမင်းကြီး (မြန်မာ ၄၇၄-၅၂၉) သည် တိုင်းခန်း လှည့်လည်စဉ်က ထိုဒေသသို့ ရောက်သောအခါ မြေဒူးမြို့တည်ရာအနီး မြင်းခွါတောင်၌ စေတီပုထိုးများကို တည်ထောင်တော်မူခဲ့ပြီးနောက် ထိုတောင်ခြေမှ တူးမြောင်းကြီးဖောက်လုပ်ကာ ထိုတူးမြောင်းတလျှောက် သင်းကနက် သား ဖောင်ဖြင့် စုန်ဆင်းခဲ့သည်ဟုဆိုသည်။ တူးမြောင်းကြီး မိုင် ၅၀-ခန့် ရှိသောအခါ မဟာနန္ဒာကန်ကို ဆည်ဖို့၍ ရွှေတန်ဆာဘုရားကို တည်ကာ ငပိုအမည်ရှိသော မုဆိုးအား ထိုနေရာ၌ ရွာတည်စေပြီးလျှင် စေတီ စောင့်ထားခဲ့သည်ကို အကြောင်းပြု၍ ထိုရွာကို မုဆိုးငဘိုရွာ၊ ထိုမှ တဆင့် မုဆိုးဘိုရွာဟု တွင်ကြောင်းဖြင့် ဆိုသည်။

သက္ကရာဇ် ၁၁၁၄-ခုနှစ်၌ အင်းဝပြည်ကြီးပျက်စီး၍ မြန်မာနိုင်ငံ အထက်ပိုင်း၌ သူတလူ ငါတမင်း ပျက်စီးယိုယွင်းလျက်ရှိသည်ကို မုဆိုးဘို ရွာသူကြီး ဦးအောင်ဇေယျ၏ အစီအမံဖြင့် သိမ်းရုံး စုစည်းနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ ဦးအောင်ဇေယျသည် မုဆိုးဘိုရွာ၌ ထီးနန်းစိုက်လူခဲ့ရာ ရန်အပေါင်းကို အောင်မြင်သဖြင့် ရန်ကြီးအောင်မြို့ဟူ၍၎င်း၊ ထိုမြို့အနီး တောင်နှင့်မြောက်တန်းလျက် တည်နေသော ယခု မြေရိုးလမ်း တောင် တွင်သည့် ကုန်းဘောင်တောင်ကို အစွဲပြု၍ ကုန်းဘောင်မြို့ဟူ၍၎င်း၊ မုဆိုးဘို-ဟူသော အမည်တွင် မုဆိုးကိုဖျောက်၍ ရွှေက ရွှေဘပ်ကာ အဖျားဆွတ်ခေါ်သည့် ရွှေဘိုမြို့ဟူ၍၎င်း (ရန်ကုန်မြို့ကို ရွှေကုန်မြို့ဟု အဖျားဆွတ်ခေါ်သကဲ့သို့ဖြစ်၏) လောကီရတနာ၊ လောကုတ္တရာရတနာ များစုဝေးရာ ဦးစွန်းသဖွယ်ဖြစ်သဖြင့် ရတနာသိခါမြို့ ဟူ၍၎င်း (အချို့က ဇေယသိခ-လူဟိုးအဓိပ္ပာယ် ဦးကုန်းသဖွယ်ဖြစ်သောကြောင့်၊ ပဥ္စသိခ-ဦးစွန်း ငါးခုရှိသော နတ်သားစသည့် အမည်ကဲ့သို့ ဤမြို့ကိုလည်း ရတနာသိခမြို့

ဟု ရေးသင့်ကြောင်း၊ သီဿသဒ္ဒါသည် အလျှင်အမြန်ဟောသဖြင့် အလျှင်အမြန်ပျက်ရန် နိမိတ်ဖြစ်၍ 'ရတနာသီဿ'ဟု မရေးသင့်ကြောင်း၊ ရတနာသီခဟုသာ ရေးသင့်ကြောင်း ကာလရှည်ကြာသဖြင့် ရတနာသိခ်ဖြစ်လာကြောင်း အချို့က ဆိုကြသည်။) ဤသို့လျှင် ရွှေဘိုမြို့သည် အမည်ငါးမျိုးဖြင့် တွင်သည်။

ထို့ကြောင့် ကုန်းဘောင်ဖွဲ့ ပိုကြီးသံ၌ "ရန်ကြီးအောင်၊ ကုန်းဘောင်သ၊ ငါးမည်ရပြည်ရွှေဘို၊ ဘေးရန်ကပ်ပို၊ မုဆိုးဘို၊ ရန်ပြိုတဲ့၊ နာသိခ်၊ ဘိုးတော်ဒေသ"ဟု ဖွဲ့ဆိုလေသည်။

အလောင်းမင်းတရားကြီးသည် "ရွှေဘုံအောင်မြို့၊ ရွှေမြို့ကျုံးဝန်း၊ နတ်ကွန်းရေကန်၊ ချိန်မှန်ဗဟိုရ်၊ ရွှေချက်သို"ဟူသော စာဆိုအတိုင်း မြို့တော်၊ ကျုံးတော်၊ နတ်ကွန်းတော်၊ ရေကန်တော်၊ ဗဟိုရ်စင်၊ မင်းတရားကြီး ချက်မြှုပ်ရာ၌တည်သော ရွှေချက်သိုဘုရားဟူသော ခုနစ်ဌာနတို့ကို တပြိုင်တည်း တည်ခဲ့လေသည်။

အလောင်းမင်းတရားကြီး နတ်ရွာစံသောအခါ သားတော် နောင်တော်ကြီး မင်းမှစ၍ ကုန်းဘောင်မင်း အဆက်ဆက်သည် စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊ မန္တလေးမြို့များ၌ ရွှေ့ပြောင်းနန်းတည် စိုးစံခဲ့သော်လည်း ရွှေဘိုမြို့သည် တိမ်ကောမသွားပဲ စစ်ရေးပေါ်တိုင်း အောင်မြေနင်းရာဌာနအဖြစ် ထင်ရှားလျက်ရှိသည်။ ဘိုးတော်မင်းတရားသည်ငှင်း၊ သာယာဝတီမင်းသည်ငှင်း၊ မင်းတုန်းမင်းသည်ငှင်း ထီးနန်းလုပ်ကြံရာ၌ ရွှေဘိုမြို့၌ အောင်မြေနင်းခဲ့ကြလေသည်။

ရွှေဘိုမြို့သည် မြန်မာမင်းလက်ထက်က ထင်ရှားသော မြို့တော်ဖြစ်ခဲ့သည့်အလျောက် ရှေးမြန်မာမင်းတို့ တည်ခဲ့သော စေတီပုထိုးများစွာအပြင် ထင်ရှားကျော်ကြားသော ရှေးဟောင်း အဆောက်အအုံများစွာ ရှိသည်။ ယင်းတို့အနက် အလောင်းမင်းတရားကြီးတည်ခဲ့သော ရွှေစေတီခေါ် မြို့ထောင့်စေတီ၊ ရွှေချက်သိုစေတီ၊ ရွှေတန်ဆာစေတီနှင့်အလောင်းဘုရားကြီး၏ အရိုးပြာသာဒ်တို့မှာ အထူးပင် ထင်ရှားလေသည်။

ရွှေဘိုမြို့၏ မြောက်ဘက် တမိုင်ခန့်၌ အလောင်းမင်းတရားကြီးဆည်ဖို့ခဲ့သော မဟာနန္ဒာကန်တော်ကြီးသည် အလွန်သာယာ၍ ကန်တော်ပတ်လည်၌ ထန်းတောများ ရှိလေသည်။

ရွှေဘိုခရိုင်သည် နိုင်ငံသမိုင်းတွင် ထင်ရှားသော ခရိုင်တခုဖြစ်၍ အရိုင်အတွင်း အနှံ့အပြားပင် ထင်ရှားခဲ့သည့် နေရာများ အဆောက်အအုံနှင့် စေတီပုထိုးများရှိကုန်၏။ အထူးအားဖြင့် ရှေးဂမြို့ပျား ဖြစ်ခဲ့သော ဟန်လင်းကြီး၊ ရွှေဘို၊ စည်ပုတ္တရာ၊ စည်သာ၊ ဒိပဲယင်း၊ မြေဒူး၊ ခေါသန္တိ၊ ငါးရာနဲ (ငရန်) ထန်းတပင်၊ မလည်-အရပ်များ၌ ရှေးဟောင်းစေတီပုထိုးနှင့် အဆောက်အအုံဟောင်းတို့ ပေါများ၍ အချို့မှာ ယခုတိုင် မပျက်စီးပဲ ထင်ရှားလျက် ရှိကုန်၏။

ရေဦးအနောက်ဘက် ငါးမိုင်ခန့်ရှိ ဖလံကုန်းရွာ၌ နန်းမတော်မယ်နုတည်ခဲ့သော ဘုရားကြီးစေတီနှင့် အပြီးသို့မရောက်ခဲ့သော ကျောင်းကြီး၏ အလွန်ကြီးမားသော တိုင်လုံးကြီးများကို ယခုတိုင် တွေ့မြင်နိုင်သည်။ ခရိုင်အတွင်း ထင်ရှားသော ဘုရားများမှာ ရွှေဘိုမြို့ (ဖော်ပြပြီး) ရွှေတန်ဆာဘုရား၊ ဆိပ်ခွန်မြို့ အင်ကြင်းတောဘုရားကြီး၊ မြေဒူးမြို့ ရွှေဂူဘုရား၊ ကဗွက်မြို့ သီဟတောဘုရားတို့ ဖြစ်ကုန်၏။

ယခုအခါ ရွှေဘိုမြို့၌ ပရိယတ္တိ စာသင်တိုက်ပေါင်း များစွာရှိသကဲ့သို့ ဝေဘူဆရာတော်ဘုရားကြီး၏ အောင်မြေရိပ်သာနှင့် ရွှေဘိုမြို့ ဦးမုနိန္ဒ၊ ရွှေဘို ဦးတိလောက ဆရာတော်တို့၏ စေတီတော်ရိပ်သာနှင့် ရွှေဘိုမြို့မှ ၇-မိုင်ခန့်ဝေးသော ဆိပ်ခွန်ရွာကြီး၌ ဆရာတော် ဦးသြဘာသ-ဂ မဏ္ဍာနာစရိယအဖြစ် ဆောင်ရွက်နေတော်မူသော ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ မဟာစည် သာသနာ့ရိပ်သာ (မူလဇောတိကာရာန)တို့လို ပဋိပတ္တိ ရိပ်သာများလည်း ရှိကြပါသည်။

ရွှေဘိုမှသည် ကျောက်မြောင်းသို့ရင်း၊ ရေဦး၊ မုံရွာသို့ရင်း၊ တန့်ဆည်၊ ကသာ်းသို့ရင်း၊ ဝက်လက်၊ စစ်ကိုင်း၊ မန္တလေးသို့ရင်း၊ ကားလမ်း အဆက်အသွယ်ဖြင့် သွားလာနိုင်လေသည်။

အထူးအားဖြင့် ရွှေဘိုမြို့နှင့် နယ်မှ ဆန်စပါး၊ ပဲ၊ ပြောင်း၊ နှမ်း စသည်တို့လည်းထွက်ကုန်၏။ သစ်လုပ်ငန်းလည်းတွင်ကျယ်သည်။ ရေနံ၊ ကျောက်မီးသွေးများလည်း တူးဖော်ရရှိသည်။ ရွှေလည်းအနည်းငယ် ကျင်၍ရသည်။ ထန်းလျက်၊ ဆား၊ သဲဆပ်ပြာ၊ သနပ်ခါး၊ ထန်းခေါက်ဖာ၊ ဆိပ်ခွန်လုံချည်၊ စဥ့်အိုး၊ ဘီး၊ စိတ်ပုတီး၊ ဝါးနှင့် ဝါးပစ္စည်း၊ သစ်စေးနှင့် ယွန်းထည်တို့

လည်းထွက်ကုန်၏။ တန့်ဆည် ဆည်ကြီးမှ မူးမြစ်သို့ ရေသွယ်၍ စိုက်ပျိုးသော ဆန်စပါးမှာ ရွှေဘိုနယ်၏ အဓိက ထွက်ကုန်ဖြစ်လေသည်။

## အရုဏ်တက်တော့ ဆယ်ရွာဘူတာ

စာရေးသူတို့ စီးလာသော ရထားကြီးသည် ရွှေဘိုမှ ဆက်လက်ထွက်ခွာခဲ့ပါပြီ။ ရွှေဘိုလွန်သော် မြို့ကြီးများမရှိတော့ပါ။ ကျိန်းစက်ချိန်ရောက်လာသဖြင့် ကျိန်းစက်လိုက်ပါခဲ့ပါသည်။ ပန်းသိမ့်မြို့နှင့် ကန့်ဘလူမြို့များ၌ သစ်လုပ်ငန်းနှင့် ဆန်စပါး စိုက်ပျိုးရေး လုပ်ငန်းတို့ ရှိကြလေသည်။ ရထားကြီးသည် မိုးနည်းရေရှားအရပ်ကိုကျော်ခဲ့၍ မိုးလွန်သော, မိုးများသော အရပ်တို့သို့ ရောက်ခဲ့ပါလေပြီ။

သီတင်းကျွတ်လဆိုတော့ နံနက် ၅-နာရီနှင့် မိနစ် ၃၀-၌ အရုဏ်တက်စပျိုးရုံသာမက အလင်းဘက်သို့ပင် ချဉ်းနင်းခဲ့လေပြီ။ သို့နှင့်လည်း ပတ်ဝန်းကျင်ကို ကြည့်လျှင် ထင်းထင်းယင်းယင်း ဘာကိုမျှ မမြင်ရ။ နှင်းမှုံတွေ ဝေနေသည့် အထဲ၌ ဝိုးတဝါးမျှသာ အရာရာ မသဲမကွဲဖြစ်နေသည်။ ထိုအချိန်၌ စာပို့ရထားကြီးမှာ ဆယ်ရွာ ဘူတာကို ကျော်ဖြတ်နေပြီဖြစ်၏။

## အရုဏ်တက်ချိန်မှာ ဘုန်းကြီးတို့ စားသောက်ဘုဉ်းပေးချိန်

အသင့်ပါလာသော ရေနွေးကြမ်းနှင့် စားဖွယ်အစုံကို ဒကာကြီး ဦးညီပုနှင့် ဦးခင်ဒမောင်တို့က ဆက်ကပ် ကြသည်။ ဤသည်ကို နံနက်ဆွမ်းအဖြစ် ပြီးစီးအောင် ဘုဉ်းပေးကြရမည်ကို သိသောကြောင့် ဆရာတော် ဦးသံဝ နှင့်အတူ မည့ာတမ်း တဝတဒိကြီး ဘုဉ်းပေး ကြသည်။ ပေါင်မုန့်, ငါးခြောက်ကြော်, ငါးပိကြော်, ပုစွန်ခြောက်ကြော်, ငါးမုန့်ကြော်, ကုလားတယ် သရက်ချဉ်နှင့် သီးမျိုးစုံဟိုပေတည်း။

အရုဏ်တက်ချိန်မှာ ဘုန်းကြီးတို့ စားသောက် ဘုဉ်းပေးနေကျအချိန်ပေတည်း။ အချိန်ကလည်း အချိန်၊ ရေနွေးကြမ်းကလည်း ရေနွေးကြမ်း၊ ပေါင်မုန့်ကလည်း ပေါင်မုန့်၊ အကြော်စုံသီးမျိုးစုံတို့ကလည်း အကြော်စုံ သီးမျိုးစုံဆိုတော့ အစားအသောက် အဘုဉ်းပေးကောင်းလှပါသည်ဟု ဆက်ကပ်ရသူအလှူရှင်တို့င်းလိုလိုပ ပြောပေးနေကြသော

ဆရာတော် ဦးသံဝရကိုပင် အသာမပေးပဲ အမှိုလိုက်ပြီး အားကျ မခံ ဘုဉ်းပေးနေသလို ရှိတော့သည်။ သို့သော် ရဟန်း ဘုန်းကြီး ဆိုတော့ သတိသမ္ပဇဉ်လွတ် ဘုဉ်းပေး၍တော့ မဖြစ်ချေ။ သတိသမ္ပဇဉ်နှင့် အသိ ဉာဏ်ယှဉ်၍သာ ဘုဉ်းပေးကြရပေသည်။

ဆရာတော် ဦးသံဝရမှာ တရားဟောသာ သွက်လက်သည်မဟုတ်သေး၊ ဘုန်းပေးရာမှာလည်း သွက်လက်လှသည်။ ပေါင်မုန့်ကို စားနေစဉ် အကြော်စုံကိုလည်း တကြော်ပြီးတကြော်မကျန် စေ့ငှအောင် ယူငင် ဘုဉ်းပေးနိုင်သည်။ သီးမျိုးစုံစီကိုတော့ လက်ရောက်နိုင်တော့မည်မဟုတ်ဟု အထင်နှင့် စောင့်ကြည့်နေစဉ် ပေါင်မုန့်နှင့် အကြော် နှင့်လောက်သည့်အချိန်၌ သီးမျိုးစုံဘက်သို့ မလွတ်တမ်း လှမ်းပြန်သေးသည်သာ။ ပြီးတော့ သီးမျိုးစုံကောင်းကြောင်းကိုပါ ချီးကျူးတော် မူလိုက်သေးသည်။ အဟော စေ့စပ်သလိုပင် အစားလည်း စေ့စပ်, အပြောလည်း စေ့စပ်လှသော ဆရာတော်ဟု ဆိုရတော့မည်။မဝလျှင် မထတမ်း ဘုဉ်း ပေးနေကြသလို ရှိတော့သည်။ မဝလျှင် ဤခန္ဓာကိုယ်က ဆန္ဒပြချေဦးတော့မည်။ထို့ကြောင့် အဝဘုဉ်းပေးကြရ၏။ သတ္တဝါမှန်သမျှ အစာ အာဟာရကိုမှီ၍ အသက်ရှင်နေကြရသည် မဟုတ်ပါလား။ အသက်ရှင် ကျန်းမာမှသာလျှင် လောကီ လောကုတ္တရာ ကောင်းကျိုးချမ်းသာများ ကို ကြိုးစားအားထုတ်နိုင်ကြမည် အမှန်တည်း။

## ဒကာတို့ စေတနာကလဲ ကောင်း

"ဒကာကြီး ဦးညီပုနှင့် ခရီးသွားရတာ အင်မတန် စားလို့သောက်လို့ ကောင်းတယ်။ ဒကာကြီးက ကောင်းနိုးရာရာ စားစရာ သောက်စရာ ကလေးတွေကို အဆင်ပြေအောင် အင်မတန် လုပ်တတ်တယ်"စားယင်း သောက်ယင်း ဆရာတော် ဦးသံဝရက ဤသို့ မိန့်သည်။

"ဘုဉ်းပေးပါ ဘုရား၊ တပည့်တော်တို့ဖို့ မကျန်ချင်နေပါစေ" ကိုယ့်ဆရာတော်ကို အတပ်သိနေသော ဒကာကြီး ဦးညီပုက အလိုက် သိစွာပင် ဤသို့ ပြန်လျှောက်ထားသည်။

"ဟဲ-ဟဲ-ဒကာကြီးတို့ဖို့ ရှေ့ဘူတာကျတော့ ရှိကောင်းပါရဲ့" ဆရာ တော် ဦးသံဝရ ာ ရယ်ယင်း မော့ယင်း ဤသို့ ပြန်မိန့်လိုက်လေသည်။

"ဒကာနှင့်ဆရာကိုတော့ ဒီလို အဘိုးအချ ညှိတာကောင်းတယ်"သီးမျိုးစုံကို နောက်ဆုံး ဘုဉ်းပေးနေယင်း စာရေးသူက ဝင်ထောက်လိုက်သည်။ ဒကာကြီး ဦးခင်မောင်ကတော့ ဘာမျှ ဝင်မပြောသေးပဲ ပြုံးနေလေသည်။ "ဩော်-ဒကာတို့ စေတနာကလည်း ကောင်း၊ ဆရာတို့ဘုဉ်းပေးလို့ကလည်း ကောင်း၊ ရကားကတော့ မောင်းမြဲမောင်း၍နေပါပကောလား"ဟု တွေးတောမိသည်။

## ကပ္ပိယရာထူး

ဆရာတော် ဦးသံဝရ ဆိုသည့်အတိုင်းပင် ဒကာကြီး ဦးညိုပုမှာ အရာရာ စေ့စပ်လှသည်။ ထို့ကြောင့်လည်း ရာထူးခန့်ထားရေး မင်းကြီး၊ ပါဠိပညာရေးမင်းကြီးစသည့် ရာထူး ဌာနန္တရကြီးများကို တာဝန်ကျေစွာ ထမ်းဆောင်နိုင်ခဲ့သည်။ အကြီးအကဲ ပြုလုပ်ခဲ့သူ ဖြစ်၍လည်း လူတို့သဘောကို သိသည်။ တည်ငြိမ်သော စိတ်နှလုံးနှင့် စေတနာ သဒ္ဓါတရားကောင်းသူလည်းဖြစ်သည်။ ရိပ်သာနှင့်ရင်းနှီးပြီးဖြစ်သောကြောင့်လည်း လူတို့သဘောသာမက ရဟန်းသံဃာတို့ သဘောကိုပါသိနေသည်။ ကြီးသူငယ်သူမရွေး ဆက်ဆံရေး၌ ပြေပြစ်သည်။ အရာရာ၌ ချောမော ပြေပြစ်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ ရာထူးအလိုက်ကြီးကျယ်သောကိစ္စများ၌သာစေ့စေ့စပ်စပ်ဆောင်ရွက်နိုင်စွမ်းရှိသည်မဟုတ်သေး။ သေးငယ်သော သံဃာတော်တို့၏ ဆွမ်းရေးကွမ်းရေး ကိစ္စငယ်ကလေးတွေလို အရေးအခင်း ကလေးများအထိ မလစ်ဟင်းရအောင် ဆောင်ရွက်နိုင်စွမ်း ရှိပေသည်။

ယခုလည်း ကြည့်ပါဦးတော့။ ရေနွေးကြမ်းက တဗူး၊ စားဖွယ်သောက်ဖွယ် ထည့်ထားသော လက်ဆွဲချင်းကသုံးလုံး၊ ဆွမ်းဟင်းထည့်ထားသော ငါးဆင့်ချိုင့်က နှစ်လုံး၊ ပလက်စတစ်ရေဗူးကတလုံး၊ ခရီးသည်တို့အတွက် မပါလျှင်မဖြစ်သော အခြား တိုလီမိုလီ ပစ္စည်းများ။ ဤသည်တို့မှာ အိပ်ခန်း တခန်းလုံး ပြည့်နေအောင် ခရီးသွားရာ၌ လိုတရအောင် စီစဉ်လာခဲ့သော ဒကာကြီး ဦးညိုပု၏ အစီအစဉ် ရိက္ခာများပေတည်း။

"ဦးခင်မောင်က အယင်တုန်းက ဆေးပွဲစားကြီး၊ အခုတော့ ကျောင်းဒကာကပ္ပိယကြီး၊ ဒကာကြီး ဦးညီပုက အယင်တုန်းက တိုင်းမင်းကြီး၊ အခုတော့ ကပ္ပိယကြီး၊ တရာထူးပြီး တရာထူးပြောင်းကူးပြီး လာခဲ့ကြတယ်နော်" စားသောက်ပြီး၍ လက်သုတ်ယင်း ဆရာတော် ဦးသံဝရက ဤသို့ ဆိုသည်။

ရှင်ပျသော ဆရာတော်၏ မျက်စိ မျက်နှာဖြင့်လည်း ဤသို့သော ကပ္ပိယကြီးများနှင့် အတူတကွ တရားဟောထွက်ခဲ့ရသည့်အတွက် နှစ်သိမ့်ကျေနပ်ဟန်ကို အထင်အရှား ဖော်ပြလျက်ရှိသည်။

"အယင်ရာထူးတွေထက် အခုရာထူးက ပိုပြီး မြင့်မားတယ်။ အယင်ရာထူးတွေက လောကီ အတ္တဟိတ ပရဟိတ ရာထူးတွေ၊ အခုရာထူးက မဟာသဟိပဋ္ဌာန် သာသနာပြု ရာထူးဖြစ်လို့ လောကုတ္တရာ အတ္တဟိတ ပရဟိတ ကပ္ပိယရာထူးဖြစ်ပါတယ်" စာရေးသူက ဆရာတော် ဦးသံဝရ၏ ရာထူးသရုပ်ကို ဝင်ရောက်၍ အဆင့်အတန်းခွဲပြလိုက်ရသည်။

ဆယ်ရွာဘူတာ၏ အနောက်ဖက်၌ ကျေးဇူးရှင် မန်လည်ဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့သော မန်လည်ရွာ ရှိသည်ကို သတိပြုမိ၍ ရော်ရမ်းမှန်းဆလျက် ဦးညွှတ်ခဲ့ရသေးသည်။ မဆုံးသေးသော ခရီး၌ စာပို့ရထားကြီးကတော့ ပြေးမြဲပြေးလျက်ပင်။ ပတ်ဝန်းကျင်၌ တောတောင်ရိပ်တို့သည် အုပ်ဆိုင်း ညို့မှိုင်းလျက်တည်း။

## မိုးညှင်း မင်းမျိုး မင်းနွယ်တို့ ပိုင်ခဲ့ရာဒေသ

ရထားကြီးသည် နဘားဘူတာသို့ ရောက်လာပေပြီ။ နဘားမှ ဧရာဝတီမြစ်ကမ်းပေါ်၌ ရှိသော ကသာမြို့သို့ မီးရထား လမ်းခွဲကခုရှိသည်။ ကသာမြို့သည် ကုန်စည်ဖြန့်ဖြူးရာ မြို့တမြို့ ဖြစ်သည်။ နဘားမြို့မှ မြောက်ဘက်သို့ ခုတ်မောင်းလာရာ မော်လူးသို့ ရောက်ရှိလာသည်။ မော်လူးကို လွန်သော် ကချင် တိုင်းရင်းသားများ နေထိုင်ရာ ကချင်ပြည်နယ် အတွင်းသို့ ရောက်ရှိလာပေပြီ။

စာပို့ရထားကြီးမှာ အချို့ ဘူတာငယ်များ၌ မရပ်မနားကျော်လွှားခဲ့ပြီး၍ အချို့ဘူတာများ၌သာ ရပ်ဏာ မှန်မှန်ကြီး မောင်းနှင်လျက် ရှိရာမှ နံနက် ၁၀-နာရီ အချိန်၌ မိုးညှင်းဘူတာသို့ ဆိုက်ရောက်၏။

ဤ မိုးညှင်းကား မိုးညှင်းမင်းတရား၊ မိုးညှင်းစော်ဘွား၊ မိုးညှင်းမင်းသား စသော မိုးညှင်းမင်းမျိုး မင်းနွယ်တို့ စိုးမိုးခဲ့ရာ ဒေသပေတည်း။ မိုးညှင်းမြို့သည် ယခုအခါ မြို့ကလေးသာဖြစ်သော်လည်း ရှေးအခါ ရှမ်းစော်ဘွားများ တန်ခိုးထွားစဉ်က မိုးကောင်းမြို့နှင့် တလုည့်စီဆိုသလို ရှမ်းမြို့တော်ဖြစ်ခဲ့သည်။ မိုးညှင်းမင်းတရား မိုးညှင်းစလုံ တို့၏ နယ်မြေဒေသ ဖြစ်သည့်အလျောက် သမိုင်းဝင်သော မြို့ဖြစ်ပေသည်။

ဤမိုးညှင်းမြို့ကို သက္ကရာဇ်-၃၀၂ (ခရစ်-၉၄၀) ခန့်ကတည်သည် ဆို၏။ တည်သူမှာ တရုတ်ဥတည်ဘွားနှင့် ကိန္နရာဒေဝီတို့၏ မျက်မမြင် သမီးတော် စောလှမှ ဖွားမြင်သော တတိယသားဖြစ်သည်။ သမီးတော် အရွယ်ရောက်ခါစတွင် ဖောင်ဖြင့် မျှောလိုက်ရာ ရှေးက ခင်ပွန်းဟောင်း ဖြစ်ခဲ့သော ကျားတကောင်နှင့် တွေ့ရှိသည်တွင် ကျားနှင့်သင့်၍ သား လေးယောက်ဖွားမြင်၏။ သားတော်များ အရွယ်ရောက်သောအခါ အဖိုးဖြစ်သူဥတည်ဘွားထံ စေလွှတ်၏။

ဘိုးတော်က မြေးတော်အကြီးဆုံးအား မောင်းတလုံး၊ ဒုတိယ မြေးတော်အား ဓားမြှောင်၊ တတိယမြေးတော်အား ဗျိုင်းတကောင် ပေး၍ တိုင်းပြည်တည်ထောင်ရန် မှာကြား၏။ မြေးတော်အငယ်ဆုံးကိုမူ အဖကျားထံသို့ ပြန်စေ၏။

တတိယမြေးတော် မင်းသားသည် ဘိုးတော်မှာသည့်အတိုင်း တိုင်းပြည်ထူထောင် မင်းပြုရန်လာသည်တွင် ယခု မိုးညှင်းမြို့တည်ရာဒေသသို့ ရောက်သောအခါ ဗျိုင်းသည် ကျယ်လောင်စွာအော်၏။ ယင်းဒေသတွင် မြို့တည်ထောင်၍ 'မိုင်းယန်း' ဟု အမည်ပေးသည်။ဗျိုင်းမြို့-ဟု အဓိပ္ပါယ် ရ၏၊ နောင်သော် မိုင်းယန်း-မှ မိုးညှင်း-ဖြစ်လာသည်ဟု ဆိုလေသည်။

ယခုအမြင်၌မူ ရှေးကနှင့်မတူ တမူထူးခြားသော ဘူတာ မြို့ကလေး တမြို့သာ ဖြစ်နေလေပြီ၊ စိမ်းစိုညိုမှိုင်းသော တောတောင်တို့ဖြင့် နေချင် စဖွယ် တင့်တယ်လျက်ပင်ရှိ၏။ ဤ မိုးညှင်းမြို့သည် တဘက်တချက်တွင် ရှိသော တောင်တန်းများအကြားရှိ မြေပြန့်တွင်တည်ရှိသည်။ မြစ်ကြီး နားခရိုင်၏ တောင်ဘက်ဒေသစွန်းလောက်တွင် ဂန့်ဂေါ တောင်တန်းမှ ချောင်းဖျားခံကာ အရှေ့မြောက်ဘက်သို့ စီးဆင်းလာသော နမ့်ယင်း

ချောင်းသည် မိုးညှင်းမြို့တွင်းသို့ ဖြတ်သန်းစီးဆင်းလျက် မြို့ကို နှစ်ပိုင်းခြားလိုက်လေသည်။

မီးရထားလမ်းနှင့် စပါးစက်များမှာ ချောင်း၏ လက်ဝဲဘက်တွင်ရှိ၍ ရုံးများ၊ အထက်တန်းကျောင်း၊ ဆေးရုံနှင့် ဘုရား စသည်တို့မှာ ချောင်း၏ လက်ယာဘက်ဖြစ်သော မိုးညှင်းမြို့မတွင် တည်ရှိသည်။ ကမ်းနှစ်ဘက်ကိုကြိုးတံတားဖြင့် ဆက်သွယ်ထား၍ ထိုကြိုးတံတားပေါ်၌ ဂျစ်ကားနှင့် ဝန်တင်လှည်းများ ဖြတ်သန်းသွားလာနိုင်သည်။

မိုးညှင်းမြို့သည် မကြီးလှသော်လည်း နမ့်ယင်း ချောင်းတဝိုက်တွင် စပါးများစွာထွက်သောကြောင့် မိုးညှင်းမြို့ပေါ်တွင် ဆန်စက်ကြီးငယ် ၈-လုံးရှိသည်။ ထို့ပြင် မိုးညှင်းမြို့နယ်သည် ကျွန်းသစ်နှင့်အခြားသစ်ဝါးများ ပေါများသောကြောင့် ယခင် စတီးဘရားသား၏ သစ်အလုပ်ဌာန ခွဲရှိသည်။ ယခုအခါ လွှစက်တခုရှိသည်။ ကြံပင်များကိုလည်း စိုက်ပျိုး၍ သကြားစက်သို့ တင်ပို့သည်။ မိုးညှင်းမြို့ပေါ်၌ ထင်ရှားသောဘုရားမှာ ဦးရာဇိန္ဒဆရာတော် ဦးစီးတည်သည့် ကြေးဆင်းတု မြသိန်းတန် ရုပ်ပွါးတော်ဖြစ်သည်။ နှစ်စဉ် တပေါင်းလ၌ ပွဲတော်ကျင်းပသည်ဟူ၏။ ဤမြို့ကား မြို့ပိုင်ရုံးစိုက် မြို့ကလေးတည်း။

ဤမြို့ကို ရှေးကအပိုင်စားခဲ့ရသော အထင်ရှားဆုံးမင်းမှာ မိုးညှင်းမင်းတရားကြီးပင်တည်း။ မိုးညှင်းသတိုးဟူ၍လည်း တွင်သော မိုးညှင်းမင်းတရားသည် အင်းဝရွှေနန်းကို သက္ကရာဇ် ၇၈၈-ခုနှစ်မှ ၈၁၁-ခုနှစ်အထိ စိုးစံခဲ့သော မြန်မာမင်းဖြစ်သည်။

မိုးညှင်း မင်းတရားကြီးသည် ပုဂံနရပတိစည်သူ၏ မိဖုရားငယ်၌ ဖွားမြင်သည့် သမီးတော်နှင့် ခင်ပွန်းဟာနုန္တသူရိယ အမတ်တို့၏ တီတော်သူ ပေါက်မြိုင်မင်းပုလဲနှင့် ငါးစီးရှင်သာမ်းတို့ စုံဖက်ရာတွင် ဖွားမြင်သောသား မြေနဲ့ စောဒီကာ၏သား ဖြစ်သည်။ ငယ်မည်ကား မင်းနံ့စီဖြစ်၏။ နောင်သော် ဥဒိန်အမည်နှင့် အင်းဘဲကို စားရသည်။

ပထမမင်းခေါင်မင်းမဖြစ်မီ မင်းဆွေဘဝက မင်းဥဒိန်သည် မင်းဆွေအား အထိန်းတော်ခေင်ညို၊ ခေင်ဘတို့နှင့်အတူ ပေါင်းပြီ ငြင်စွာ ရှာဖွေကျွေးမွေးခဲ့သည်။

မင်းဥဒိန်သည် ခေင်ညို၊ ခေင်ဘတို့လောက် အဆင်းရဲမခံနိုင်သဖြင့် မင်းဆွေနှင့် ရှင်သိဒ္ဓတ်တို့ထံမှခွါပြီးလျှင် ဦးရိးတော် တူရွှင်းတိုင်စား မင်းစောကျိုင်း၏အထံသို့ ရောက်သောအခါ ဆင်းရဲစဉ် ရောင်းရင်းဖက် ဖြစ်သော မင်းဥဒိန်အား သတိုးအမည်နှင့်မြို့လုကိုစားစေသည်။ နောက် မိုးညှင်းကို စားရသောကြောင့် မိုးညှင်းသတိုး တွင်သည်။

မိုးညှင်းသတိုးသည် သက္ကရာဇ် ၇၇၇-ခုနှစ် နယုန်လဆန်း၌ အင်းဝ ရွှေနန်းကို သိမ်းပိုက်သည်။ မိုးညှင်း မင်းတရားကြီးသည် နန်းသက် တလျှောက်၌ ပုန်ကန် ခြားနား ထိပါးလာသော ရန်တို့ကို နှိမ်နင်းရလေ သည်။

မင်းကြီးသည် ရှင်စောပုကို မိဖုရားမြှောက်သည်။ သို့သော် မင်းကြီး မမြတ်နိုးသောကြောင့် ရှင်စောပု ဟံသာဝတီသို့ ပြန်ပြေးသည်။ မင်းကြီး သည် ပထမမင်းခေါင်၊ သီဟသူ၊ မင်းလှငယ်၊ ကလေးတောင်ညို ဤ မင်းလေးဆက်တွင် နန်းတင်သောမိဖုရားရှင်ဘိုမယ်ကိုပင် နန်းတင်သည်။

သက္ကရာဇ် ၇၉၀-ပြည့်နှစ်၌ သီဟိုဠ်မှ မဟာထေရ်နှစ်ပါးတို့ ပင့်ယူ လာတော်မူကြသော ဓာတ်တော် ငါးဆူတို့ကို တဆင့်ကြိုပင့်ဆောင်၍ စစ်ကိုင်းအနောက်ဘက်၌ ရတနာစေတီ ဘုရားရှင်ကို တည်တော်မူသည်။ မင်းကြီးသည် သက္ကရာဇ် ၇၉၈-ခုနှစ်၌ ပညာရှိတို့နှင့် တိုင်ပင်၍ သက္ကရာဇ်ဖြိုမှ တိုင်းသူပြည်သားများ ချမ်းသာမည် ဆိုသောကြောင့် အခမ်းအနားဖြင့် သက္ကရာဇ် ၈၀၀-ပြည့်တွင် ၇၉၈-ကို ဖြိုလျက် ၂-ခုကြွင်း တည်ထားလေသည်။ သို့ရာတွင် သက္ကရာဇ် မပြိုပဲရှိလေသည်။ မိုးညှင်း မင်းတရားကြီးသည် ၈၁၁-ခုနှစ်၌ ကံတော်ကုန်လေသည်။

## နေ့ဆွမ်းနှင့် ငါးပေါက်သီး

ဤမိုးညှင်းဘုတာ၌ ရထားအရပ်တွင် ဒကာကြီး ဦးညီပုနှင့် ဦးခင် မောင်တို့က အသင့်ပြင်ဆင်ပြီးသော ဆွမ်းကို ဆက်ကပ်ကြပါသည်။ ဘုတာ ခေါင်းရွက်ဈေးသည်တို့ကား သူတို့ရောင်းသော စားဖွယ် သောက်ဖွယ်တို့၏ အမည်ကို ဖော်ကာ ဖော်ကာ အော်ဟစ် ရောင်းချနေ ကြသည်။ ထိုခေါင်းရွက်ဈေးသည်တို့ထံမှ ငါးပေါက်သီး ဆိုသည်ကို ဒကာကြီး ဦးညီပုက ဝယ်ယူဆက်ကပ်သဖြင့် ဆရာတော် ဦးသံဝရနှင့်အတူ

ဘဉ်းပေးကြရ၏။ အရသာမှာ မြေပဲဆံ သစ်ကြားသီးဆံတို့ထက်ပင် အီလဲအီ ဆိမ့်လဲဆိမ့် နူးလဲနူးညံ့သည်။ အသီး၏ထိပ်ကို ဖွင့်ထားရာ အပေါက်ငါးပေါက်ကိုတွေ့ရ၏။ ထိုအပေါက် ငါးပေါက်ကို အစွဲပြု၍ 'ငါးပေါက်သီး'ခေါ်နေကြကြောင်း သိရသည်။ အပေါက်ငါးပေါက်မှ နေ၍ အပ်ချိတ်ဖြင့် သို့မဟုတ် မောင်းချခားဦးကလေးဖြင့် အသီးဆံကို ထွင်ပြီးစားကြရ၏။ လွန်ဆံအရသာနှင့်လည်း ခပ်ဆင်ဆင် တူလေသည်။ မီးရထားကြီးမှာ မိုးညှင်းဘူတာမှ ဆက်လက်ထွက်ခွါခဲ့ပါပြီ။

"သည်နားတဝိုက်ရှိ လယ်မြေထွက် ဆန်စပါးတွေက ကောက်ညှင်း ဆန်လိုမွှေးပြီး စေးလဲစေးတယ်၊ တပည့်တော်တို့ အောက်သားတွေက စားနေကျမဟုတ်လို့ မစားတတ်ကြဘူး။ တပည့်တော်များ မိုးကောင်း မှာနေခဲ့စဉ်က ရောက်စမှာမစားတတ်လို့ အောက်ဆန်ကို မှာပြီးတောင် စားခဲ့ရတယ်။ နောက် စားနေကျသွားတော့လဲ ဒီကဆန်ကမှ ပိုကောင်း တယ် ထင်ရတယ်ဘုရား့"ဟု ဦးညီပုက လျှောက်၏။

ရထားလမ်း ဝဲယာတဘက်တချက်၌ လယ်ကွင်းများနှင့် လယ်ကွင်း များ၏နောက်တွင် စိမ်းစိုညိုမှိုင်းသော တောတောင်တို့မှာ အရှိန်မြန်မြန် မောင်းနှင်နေသော ရထားကြီး၏နောက်၌ တရိပ်ရိပ်ကျန်ရစ်ကြလေ သည်။

## ဆားမှော် သကြားစက်

နေ့ ၁၂-နာရီအချိန်၌ ရထားပေါ်ကနေ၍ ဆားမှော် သကြား စက်ကြီးကို တွေ့မြင်ရသည်။ မလှမ်းမကမ်း၌ ကုန်ကြမ်းအတွက် စိုက်ပျိုး ထားကြသော ကြံခင်းများကိုလည်း တွေ့မြင်ရ၏။ ထိုကြံခင်းများမှ ကြံများသည် အချိန်တန်လျှင် ဆားမှော်သကြားစက်သို့ ရောက်ကြရ ပေမည်။ ရောက်လာသမျှ ထိုကြံချောင်းတွေကို ဤဆားမှော်သကြား စက်က ဝါးမျိုပစ်ကာသကြားအဖြစ် ထွေးအန်ထုတ်ပေးဦးမည်ပင်။

"စစ်မဖြစ်မီက သည်သကြားစက်ကြီးမှာ အင်္ဂလိပ်ပိုင်ဖြစ်တယ်၊ စစ်တွင်းဂျပန်ခေတ်ကျတော့ ယူလိုသမျှ ဖျက်ယူသူတို့က ယူကြတယ်။ ကျန်နေသေးသမျှ ပစ္စည်းများကို ပဲခူးမြို့ သဌေးဦးဘညွန့်က ဝယ်ယူပြီး ပြင်ဆင်တည်ထောင်ခဲ့တယ်။ အခုခေတ်တော်လှန်ရေးအစိုးရ လက်ထက်

မှာတော့ ပြည်သူပိုင် ဖြစ်နေဟန် တူပါတယ်” ဒကာကြီး ဦးညိုပုက ပြောပြသည်။

ခေတ်ရေစီးချောင်းမှာ ဤသို့ပင် ဦးတည့်ရာပြောင်းသည်။ နံနက်က နေ့လယ်၊ နေ့လယ်က ညနေ၊ ညနေက ည-စသည့်အချိန်တွေ ပြောင်းလဲသလို ဤသည်နှင့် တဆက်ထဲ အတူဖြစ်နေကြသော အရာဝတ္ထုများလည်း ပြောင်းလဲ ကြရမည်မှာ ဓမ္မတာသာတည်း။

## မိုးကောင်းသို့ ရောက်ပါပြီ

နေ့ ၁-နာရီအချိန်၌ တရားဟောအဖွဲ့များဆင်းကြရမည့် မိုးကောင်း ဘူတာသို့ ဆိုက်ရောက်လေသည်။ ကလေးငယ်များကိုရင်း၊ ကိုလီမိုလီ စွည်းများ ထည့်ထားသော ခြင်းတောင်းရှည်ကြီးများကိုရင်း ကျောပိုးလာကြသော ရှမ်းနှင့် ကချင် အမျိုးသမီး အမျိုးသားများကို တွေ့ရသည်။ အကြောင်းကြားထားပြီးသည် ဖြစ်သည့်အတိုင်း မိုးကောင်းမြို့ တရားပွဲဖြစ်မြောက်ရေး ဧည့်ခံအဖွဲ့က ဘူတာ၌ အသင့်ကြိုဆိုလျက်ရှိနှင့်ကြသည်။ ဘူတာမှ မိုးကောင်းမြို့ မင်းကုန်းကျောင်းသို့ ဂျစ်ကားဖြင့် ပို့ဆောင်ကြ၏။

## နမ့်ကောင်းချောင်းနှင့် နမ့်ယင်းချောင်းတို့ ပေါင်းဆုံရာ ဒေသဝယ်

**မင်းကုန်းကျောင်း။** ။ပင့်ဆောင်ဧည့်ခံရေး လူကြီးတို့ စီစဉ်ကြသည့် အတိုင်း မင်းကုန်းကျောင်း၌ တည်းခိုကြသည်။

မင်းကုန်းကျောင်းကြီးမှာ တိုက်ခံ နှစ်ထပ်ကျောင်းကြီး ဖြစ်၏။ လေးမျက်နှာတံတိုင်း ရံလျက် မီးစက်လည်းရှိ ရေစက်လည်းရှိသဖြင့် အစစ ပြည့်စုံလှသောကြောင့် ချမ်းသာလှသည်။ ကျောင်းတံတိုင်း အတွင်း ဉာဏ်တော် ၁၂-တောင်ခန့်ရှိ စေတီတော်ကိုလည်း ဖူးတွေ့ရ၏။ ထိုစေတီတော်မှာ မန္တလေးမြို့အရှေ့ပြင်၌ သီပေါမင်း တည်ထားခဲ့သော ဝါခင်းကုန်းစေတီတော်ကြီးနှင့် တပုံိုင်တည်း တည်ခဲ့သော စေတီတော် ဖြစ်ကြောင်းကို အဆက်ဆက် ပြောကြားလာကြကြောင်းဖြင့် မင်းကုန်းကျောင်း ဆရာတော်က မိန့်ကြား၏။

## အိမ်အောက်မြစိမ်း

မိုးကောင်းမြို့ရောက်သည့်အခါ မိုးကောင်းမြို့ အကြောင်းကိုသိလို၍ မင်းကုန်းကျောင်း ဆရာတော်အား လျှောက်ထား မေးမြန်းရသည်။ ထိုအခါ ဆရာတော်က ဤသို့ မိန့်ကြားတော်မူသည်။

မြို့နာမ်စေတီတော် ဂေါပကအဖွဲ့အကျိုးဆောင် ဦးလှတင်ရေးတဲ့ မြို့နာမ်စေတီတော် သမိုင်းဆိုတာရှိတယ်။ အဲဒီသမိုင်းထဲမှာ ဒီ မိုးကောင်းမြို့ဟာ နမ့်ကောင်းချောင်းနဲ့ နမ့်ယင်းချောင်းတို့ ပေါင်းဆုံရာဒေသမှာ တည်ရှိတယ်လို့ ဆိုပါတယ်။ ဒီချောင်းနှစ်ချောင်းဟာ မေခ မေလိခ မြစ်နှစ်သွယ်တို့ ပေါင်းဆုံ ဖြစ်ပေါ်လာတဲ့ ဧရာဝတီမြစ်ထဲကို စီးဆင်းသွားတဲ့ ချောင်းများဖြစ်ကြတယ်။ ဒီနေရာ ဒီဒေသဟာ ရှေးအစဉ်အဆက်ကပင် ရှမ်းအမျိုးအနွယ်များ နေထိုင်လာခဲ့ကြတဲ့ နေရာဒေသဖြစ်တယ်။ ဒါကြောင့်လဲ အယင်ကဆိုယင် ရှမ်းစော်ဘွား အဆက်ဆက် အုပ်ချုပ်ခဲ့ကြတယ်။

အခုမိုးကောင်းမြို့နေရာက အစက တည်ခဲ့တဲ့ မြို့နေရာမဟုတ်ဘူး။ ကောင်းနိုးရာရာ တနေရာမှတနေရာသို့ လေးကြိမ်အထိ ပြောင်းရွှေ့ခဲ့ပြီးတဲ့နောက် နောက်ဆုံးမြို့တည်တဲ့ နေရာ ဖြစ်သတဲ့။ 'အိမ်အောက်မြစိမ်း-မိုးကောင်းကိန်း' လို့ ဆိုတဲ့ မိုးကောင်းမြို့ နောက်ဆုံးတည် သက္ကရာဇ် အတိုကောက် သင်္ကေတအတိုင်း ၁၁၅၃-ခုနှစ်က တည်ထောင်ခဲ့တယ်လို့ ဆိုပါတယ်။

ဒီမိုးကောင်းမြို့တည် သက္ကရာဇ်နဲ့ ပတ်သက်ပြီး တေးထပ်တပုဒ်ရှိပါတယ်။

### မိုးကောင်းမြို့တည် တေးထပ်

မိုးကောင်းတည် သက္ကရာဇ်၊ ကောဇာနှစ် သချာ၊
ဝေါဟာဖြစ် စဉ်အလာမှာ၊ တွင်ကမ္ဘာ ဥဒါန်း၊
ထောင့်တရာ့ ငါးဆယ်ပေါ်၊ သုံးနှစ်ကျော် မှတ်ဖွဲ့စာတမ်း၊
နတ်တော်လ ဆန်းတိထိဝယ်၊ ဒွါဒသီ ခေါ်မှန်း၊
နေ့အင်္ဂါ ဒီဝါမြန်းတော့၊ နေစက်ဝန်း အရုဏ်၊

အခါတော် သွေ့မကွက်၊ ရွှေပန္နက် စိုက်ရက်ကကြို၊
မိုးကောင်း၏ ကောဇာပုံ၊ ဩဘာဟုန် ကံဗျာဆန်းနှင့်၊
မှာစာတမ်း ရေးခဲ့ပါသည်၊ တေးဖွဲ့ကာစီ
မျှားသုတ ဂဝေသီငယ်၊ နောင်အရှည် မှတ်စေဖို့လေး။

ဒီတေးထပ်ကို ဒေဝကျောင်း ဆရာတော် ဦးစန္ဒ စပ်ဆိုထားတာ ဖြစ်တယ်။ မြန်မာရာဇဝင်မှာ ၁၁၄၃-ခုနှစ်မှာ ဘကြီးတော်ဘုရား နန်းတက်တဲ့နှစ်လို့ ဆိုတယ်။မိုးကောင်းမြို့ တည်တဲ့နှစ်က ၁၁၅၃-ဆိုတော့ ဘကြီးတော်ဘုရား နန်းစံနှစ်ထက် မိုးကောင်းက ဆယ်နှစ် နောက်ကျ တာကို တွေ့နိုင်တယ်။ ဒါက စတုတ္ထမြောက် နောက်ဆုံးတည်တာကို ပြောတာ။

ပထမဆုံးတည်တဲ့ မိုးကောင်းရဲ့ ခုနှစ်သက္ကရာဇ်ကို အစကတည်းက မမှတ်မသားခဲ့လို့ လေလား။ ဒါမှမဟုတ် နောက်ကျမှ အစပျောက် ကုန်လို့ လေလားတော့ မသိဘူး။ အခုထိ ရှာမတွေ့မိသေးဘူး။

စတုတ္ထတည် မိုးကောင်းနဲ့ ဘကြီးတော်တို့ အပြိုင်ခေတ်ကိုထောက်ပြီး ပထမ ဒုတိယ တတိယတည် မိုးကောင်းတို့ဟာ ပုဂံ၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝတို့နဲ့ အပြိုင်ဖြစ်ခဲ့ကောင်း ဖြစ်လိမ့်မယ်လို့ မှန်းဆနိုင်ပါတယ်။

ဒီမိုးကောင်းနဲ့ မြန်မာပြည်ဟာ ခရီးဝေးကွာမှု လမ်းပန်း အဆက် အသွယ်မရှိခဲ့မှုတို့ကြောင့် ရှေးအခါက မြန်မာအစိုးရမင်းတို့နဲ့ ကူးလူး ဆက်ဆံမှု နဲပါးခဲ့ပါလိမ့်မယ်။ တရုတ်ပြည် ယူနံနယ်နဲ့တော့ မိုးကောင်း မြို့ဟာ နီးစပ်နေတယ်။ ပြီးတော့ မိုးကောင်းက ကျောက်စိမ်းထွက်ရာ ဒေသဆိုတော့ တရုတ်ယူနံနယ်က ကုန်သည်တွေဟာ ကျောက် ကူးသန်း ရောင်းဝယ်မှုနဲ့ ကူးလူး ဆက်ဆံနိုင်ပါတယ်။

ထိုစဉ်အခါက မိုးကောင်းကို အုပ်ချုပ်ခဲ့တာက စော်ဘွားများ အဆက်ဆက်ဖြစ်တယ်။ သူတို့ဟာ သာသနာတော်ကိုလဲ ထိန်းသိမ်း စောင့်ရှောက်ခဲ့ကြတယ်။ နောက်ပိုင်း နှစ်ပေါင်း အတော်ကြာမှသာ မြန်မာနေပြည်တော်က ခန့်အပ်တဲ့ ဝန်မင်းများ လာရောက်အုပ်ချုပ် တယ်လို့ သိရတယ်။ ဤသို့လျှင်မင်းကုန်းကျောင်း ဆရာတော်က ရှေးက မိုးကောင်း သမိုင်းကြောင်းကို မိန့်တော်မူပါတယ်။

မြန်မာ့စွယ်စုံကျမ်း အတွဲ ၉-၌မူ မိုးကောင်းမြို့ သမိုင်းနှင့် ပတ်သက်၍ ဤသို့တွေ့ရလေသည်။ မိုးကောင်းမြို့သည် ရှေးကခေတ်က ရှမ်းစော်ဘွား များ ကြီးစိုးတန်ခိုးထွားခဲ့စဉ် ရှမ်းမြို့တော် ဖြစ်ခဲ့သောကြောင့် မြန်မာ့ သမိုင်းတွင် မကြာခဏဖတ်ရှုရပေသည်။ ပထမဆုံး မိုးကောင်းစော်ဘွား မှာ စံလုံဖဖြစ်၍ သက္ကရာဇ်-၅၇၇(ခရစ်-၁၂၁၅)ခုနှစ်ခန့်တွင် စော်ဘွား အဖြစ်ကို ခံယူသည်။ စံလုံဖသည် နမ့်ကောင်းချောင်း (ယခု မိုးကောင်း ချောင်း) ကို ယခု မိုးကောင်းမြို့၏ အထက် မလှမ်းမကမ်း၌ ကူးဖြတ် သောအခါ ချောင်း၏ အောက်ခင်းတွင် စည်သဏ္ဌာန်ရှိသော နီလာ တခုကိုတွေ့သည်ဆို၏၊ ထိုအခြင်းအရာကို ကောင်းသောနိမိတ်ဟု ယူဆပြီး လျှင် ယင်းနေရာအနီး၌ မြို့တော်ကို တည်ရှိစေသည်။ ယင်းနီလာကို စော်ဘွား အဆက်ဆက် သိမ်းဆည်းကားခဲ့၏။ မြို့ အမည်ကိုလည်း 'မိုင်းကောင်း'ဟု တွင်စေ၏။ မိုင်း-သည် ရွာ=မြို့-ဟု အဓိပ္ပါယ်ရပြီးလျှင် ကောင်း-မှာ စည်ဟု အဓိပ္ပါယ်ရလေသည်။

ထို့အပြင် တရုတ်ဘုရင် ဥတည်ဘွားနှင့် ကိန္နရာဒေဝီ မိဖုရားတို့၏ မျက်မမြင်သမီးတော်မှာ ရှေးဘဝက ခင်ပွန်းဖြစ်ခဲ့သူ ကျားတကောင်နှင့် သင့်ရာမှ သား ၄-ယောက်ဖွားမြင်၏။ သားအကြီးဆုံးအား အဖိုးဖြစ် သူက မောင်းစည်တလုံး ပေးလိုက်ရာ ယခုမိုးကောင်းအရပ်သို့ ရောက် သောအခါ ထိုမောင်းမှာ အလိုအလျောက် မြည်သဖြင့် ထိုအရပ်၌ မြို့တည်သည်ဟုလည်း ဆိုကြသေးသည်။ 'ကောင်း' သည် မောင်း, သို့မဟုတ် စည် ဟု အဓိပ္ပါယ်ရသည်။ မိုးကောင်း=စည်မောင်းမြို့ဟု ဆိုရ ချေမည်။

မိုးကောင်းကို ရှမ်းစော်ဘွားများ အဆက်ဆက်အုပ်စိုးခဲ့ပြီးလျှင် အင်အားကောင်းသော စော်ဘွားများ လက်ထက်၌ မြန်မာပြည်မကိုပင် ထိပါးသည့်အခါ ထိပါး၏။ သက္ကရာဇ်-၉၁၇ (ခရစ်-၁၅၅၆) ခုနှစ်၌ ဟံသာဝတီဆင်ဖြူများရှင် မင်းတရား (ဘုရင့်နောင်)သည် အညာသို့ ချီတက်တိုက်ခိုက်ရာ မိုးကောင်းကိုလည်း သိမ်းယူတော်မူသည်။ ရှမ်းပြည် တလွှားမိစ္ဆာဒိဋ္ဌိအယူ ယူကြသည်ကို ဗုဒ္ဓအယူဝါဒ၌တည်စေ၏။ ကျမ်း တတ် သံဃာတော်များအတွက် ကျောင်းများ ဆောက်လုပ်ပေးပြီးလျှင် သိတင်းသုံးရန် ဘောင်းပန်၍ ထားတော်မူသည်။ ငွေကုတ်သုံးပုံကို

လည်း ပို့ထား၏။ ထိုမှတပါး ပဲ၊ မူး၊ ကျပ်၊ ပိဿာစသော အလေးချိန်တို့နှင့် ပြည်၊ ခွဲ၊ စိတ်၊ တင်းစသော အခြင် အတွယ်တို့ကို နေပြည်တော်နှင့် တချက်တည်းထားတော်မူသည်။

နှစ်ပေါင်း ၂၀ - ကျော်လွန်သောအခါ စပ်တစ်ဖ ဆိုသူသည် မိုးကောင်းစော်ဘွားအဖြစ် ခံယူပြန်ကာ မြန်မာတို့က နောက်ဆုံးသိမ်းပိုက်သည့် အချိန်အထိ စပ်တစ်ဖ၏ အဆက်အနွယ်များ အုပ်စိုးလျက်ရှိသည်။ မိုးကောင်းသည် ၁၄-ရာစုနှစ် အဆုံးလောက်မှစ၍ တရုတ်တို့၏ သြဇာခံဖြစ်ခဲ့သေးသည်။ သို့သော်သက္ကရာဇ် ၁၁၅- (ခရစ်-၁၇၅၃) ခုနှစ် အယောင်းမင်းတရားလက်ထက်၌ အလောင်း မင်းတရားသည် ဗန်းမော်၊ မိုးညှင်းတို့နှင့်အတူ မိုးကောင်းကို အလိုပြည့်လေသည်။ မြန်မာမင်းများလက်ထက်က မိုးကောင်းမြို့တွင် မြို့ဝန်ခန့်အပ်၍အုပ်ချုပ်စေခဲ့သည်။

ဤကား မြန်မာ့စွယ်စုံကျမ်းအဆို မိုးကောင်းမြို့အကြောင်း သမိုင်းတည်း။

## မျက်မှောက် မိုးကောင်း

"မိုးကောင်းမြို့ နောက်ခံသမိုင်းကြောင်းကိုတော့ ဆရာတော် အမိန့်ရှိလို့ အထိုက်အလျောက် သိရပါပြီဘုရား။ မျက်မှောက် မိုးကောင်း အခြေအနေကိုလဲ သိလိုပါသေးတယ်ဘုရား။ ပတ်ဝန်းကျင်မှာ ရှိတဲ့ အခြေအနေကစပြီးသိပါရစေ"ဟု စာရေးသူက ဤသို့ ထပ်မံ၍ လျှောက်ထားလိုက်ရသည်။

"ပတ်ဝန်းကျင်ကို ပြောရယင်တော့ မြို့အရှေ့ဘက်မှာ မန်းဦးတောင်၊ လွိုင်ဟင်းချယ်တောင်၊ ပန်းတင်တောင်၊ တောင်ဆူတောင် သည်လိုတောင်တွေအပြင် ဝက်သောက်ချောင်း စတဲ့ချောင်းတွေနဲ့ ဟင်းခါးရွာ စတဲ့ ရွာတွေလဲရှိတယ်။

တောင်ဘက်မှာ ရွှေဝက်တိုးစေတီတော်နဲ့ လယ်ကွင်းပြင်ကြီးပဲ။ အနောက်ဘက် ၆-မိုင်လောက် အကွာမှာတော့ မိုးကောင်းမြို့ဟောင်းနေရာရှိတယ်။ အဲဒီနေရာမှာ အခုတော့ ကြံခင်းတွေ စိုက်ထားကြလို့ ဘာမှ ထင်ထင်ရှားရှား မရှိတော့ဘူး။ မိုင် ၅၀-လောက် အကွာမှာတော့

ကျောက်စိမ်းတွင်းကြီးရှိတယ်။ သွားချင်ယင် ကားနဲ့ သွားလို့ရပါတယ်။ ကားလမ်းဘေးမှာ အုတ်ကျင်းရွာ၊ ကမ်းမိုရွာနဲ့ ကချင်ရွာတွေ ရှိလေရဲ့။

မြို့မြောက်ဘက်မှာ နမ့်ကောင်း ချောင်းကြီးဆိုတာ ရှိတယ်။ နမ့်ကောင်း-ဆိုတာ ရှမ်းစကားပဲ။ မြန်မာလို နမ့်ဆိုတာက ရေ။ ကောင်း-ဆိုတာက အိုးစည်။ အဓိပ္ပါယ်က "အိုးစည်သဏ္ဌာန် ရေစီးဆင်းတဲ့ ချောင်း"တဲ့။

ဒီမိုးကောင်းမြို့က အိမ်ခြေတထောင်ကျော်လောက် ရှိတယ်။ ရုံးကတော့ နယ်ပိုင်ရုံးစိုက်ပဲ၊ အထက်တန်းကျောင်းက တကျောင်း၊ မူလတန်းကျောင်းက ၅-ကျောင်း၊ ဆေးရုံဘူတာနဲ့ ရုပ်ရှင်ရုံများလဲ ရှိတယ်၊ ဈေးလဲ ရှိတယ်။

မြို့ဆိုတော့ အလုပ်အကိုင် စုံပါတယ်။ အရောင်းအဝယ် ကုန်သည် လယ်လုပ် လက်လုပ်လက်စား ခေါင်းရွက် ဈေးသည် စသည်ပေါ့။

အထူးသဖြင့်တော့ ကျောက်စိမ်းမြို့လို့ ဆိုရမှာပေါ့။ ကျောက်စိမ်းတူးဖော်ခြင်း၊ ကျောက်သွေးခြင်း၊ ကျောက်ထည်များ ပြုလုပ်ခြင်းစတဲ့ ကျောက်နဲ့ဆိုင်တဲ့ အလုပ်တွေကို လုပ်ကြတာပဲ။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ခင်ကဆိုယင် ဖားကန့်အနီးအနားက ထွက်တဲ့ ကျောက်စိမ်းများကို မိုးကောင်းကိုယူပြီး "ကွမ်"တယ်။ တမြို့လုံးလိုလို ကျောက်စိမ်းအလုပ်နဲ့ အသက်မွေးသူတွေက များပါတယ်။ အခုတော့ အကြောင်းကြောင်းတွေကြောင့် ကျောက်စိမ်းအလုပ်ဟာ မစိုမပြေ ဖြစ်နေတယ်။

ကျောက်စိမ်းအပြင် ပယင်း ၂-မျိုးလဲ ထွက်တယ်။ တောင်ယာ လယ်လုပ်ခြင်းလဲ ပြုလုပ်ကြတယ်။ ဆန်စပါး၊ မြေပဲ၊ ငါးခြောက် စသည် တွေလဲ ထွက်တယ်။ ဆန်စက်များလဲ ရှိတယ်။

သွားလမ်းလာလမ်းမှာ အဓိက အားဖြင့် အခုအရှင်ဘုရားတို့ ကြွလာခဲ့ကြတဲ့ မန္တလေးမြစ်ကြီးနား မီးရထားလမ်းကို အသုံးပြု အားထားရတယ်။ ယခုအခါ မြစ်ကြီးနား၊ ဗန်းမော်မြို့များသို့ ကားလမ်းပေါက်တယ်။ မိုးကောင်းနဲ့ မြစ်ကြီးနား ကားလမ်းဟာ မိုင် ၄၀-ခန့်သွားရတယ်။ ဒီမိုးကောင်းမြို့ဟာ မီးရထား လမ်းအားဖြင့် မန္တလေးမြို့နှင့် ၃၀၆-မိုင် ကွာဝေးပြီး မြစ်ကြီးနားမြို့နှင့် ၃၀-မိုင်ခန့် ကွာဝေးတယ်။

မြို့သက် ကြာပြီဖြစ်တဲ့အတိုင်း ဘာသာ သာသနာရေးဘက်က အဆောက်အဦတွေလဲ အတော်များများရှိပါတယ်။

ဘုရားပုထိုးတွေဆိုယင်—

၁။ ပြည်လုံးချမ်းသာ ရွှေသာလျောင်းတော်၊
၂။ ခုနစ်ဆူရုပ်ပွါးတော်၊
၃။ ရန်အောင်မင်္ဂလာ မြို့လယ်စေတီတော်၊
၄။ မြို့နာမ်စေတီတော်၊
၅။ ဂြိုဟ်ရှစ်ခွင်စေတီတော်၊
၆။ ဆုတောင်းပြည့် စေတီတော်၊
၇။ ဂေါတမ ရုပ်ပွါးတော်၊ ဒါကမြို့တွင်း စေတီတော်များပါ။ အားလုံး ခုနစ်ဆူ ရှိပါတယ်။
၈။ ရွှေဝက်တိုး စေတီတော်၊
၉။ မန်းဦးတောင် စေတီတော်၊
၁၀။ တောရတောင် စေတီတော်၊
၁၁။ လွိုင်ဟင်းချယ်တောင်စေတီတော်၊

ဒါက မြို့ပြင်ပတ်ဝန်းကျင်မှာရှိတဲ့ စေတီတော်များ ဖြစ်တယ်။ ထို့ပြင် မိုးကောင်းမြို့နယ် အတွင်း ထင်ရှားတဲ့ဘုရား ၂ ဆူကတော့ မိုးညှင်းမြို့ရှိ မြသိန်းတန်ဘုရားနဲ့ ဘီလူးမြို့ရှိ ရွှေဘုံသာ စေတီတော်တို့ ဖြစ်ပါတယ်။

မိုးကောင်းမြို့ရဲ့ ဘုန်းတော်ကြီးကျောင်းများကတော့ ဆယ်ကျောင်း ရှိပါတယ်။ ရှမ်း မြို့ ရှမ်းကျောင်းတွေ ဖြစ်ပေမဲ့ ရှမ်းစာပေ တတ်ကျွမ်းသူ မရှိသလောက် ဖြစ်နေပါပြီ။ စာပေဆိုတာ ဝေးလို့ ရှမ်းစကားတောင် ပြောတတ်သူ အင်မတန် နဲပါးတာပဲ။ ဗမာတွေ ဖြစ်နေကြပါပြီ။

မိုးကောင်းမြို့မှာ နေထိုင်ကြသူများကတော့ တရုတ်မြန်မာ ကပြားနဲ့ ရှမ်းအဆက်အနွယ်များ ဖြစ်ကြပါတယ်။ ကချင်တို့ မြန်မ ကို ကုလား တို့လဲ ရှိတော့ရှိကြပါသေးတယ်။ဒါပေမဲ့ အများဆုံးကတော့ ရှမ်းပါပဲ။ ဒါကြောင့် ရှမ်းမြို့တော်လို့ ပြောရတာပေါ့။ လူဦးရေမှာ ၁၉၅၃-ခုနှစ် သန်းခေါင်စာရင်း အရ ၂၉၂၀-ယောက် ရှိတယ်။ မိုးကောင်းနယ်၏ အကျယ်အဝန်းကတော့ စတုရန်းမိုင် ၃၆၀-ရှိသတဲ့။ တနယ်လုံးရဲ့ လူ

ဦးရေကတော့ ၉၃,၇၄၇-ယောက် ရှိတယ်လို့ မြန်မာ့စွယ်စုံ ကျမ်းမှာ ဆိုပါတယ်။ ဤသို့လျှင် မိုးကောင်းမြို့ မင်းကုန်းကျောင်းဆရာတော်က မျက်မှောက် မိုးကောင်းမြို့ အကြောင်းကိုပါ ဆက်လက်၍ တော့်တော် ကျယ်ကျယ်ပြန့်ပြန့် မိန့်တော်မူပါသည်။

## ဆုမ့်ပေးလိုက်ရသော တရားပွဲ

အချိန်မှာ ၁၃၃၂-ခု၊ သီတင်းကျွတ်လဆုတ် ၁၁–ရက်နေ့ မှောင်ရီပျိုးစဖြစ်သည်။ မြို့လမ်းမီးများပင် လင်းနေလေပြီ။ စာရေးသူသည် တရားဟောရန် မိုးကောင်းမြို့လယ် ဓမ္မာရုံကြီးအတွင်းရှိ ပလ္လင်ပေါ်သို့ ရောက်ရှိနေပေပြီ။

စာရေးသူ ပလ္လင်ထက်၌ ရောက်ရှိနေစဉ် ဒကာကြီး ဦးညိုပုက မတ်တတ်ရပ်၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားပွဲ ကျင်းပရခြင်း၏ အကြောင်းကို ရှင်းပြယင်း ပရိသတ်အား မိတ်ဆက်စကား ပြောကြားနေ၏။ ဒကာကြီး ဦးညိုပု မိတ်ဆက်စကား ပြောပြီးသော်လည်း စာရေးသူကား ပလ္လင်ထက်၌ပင် ပရိသတ်၏ အခြေအနေကိုကြည့်နေသည်။ ထိုစဉ် ပရိသတ်ဦးမှ်နေ၍ ပန်းနှင့် ညောင်ရေအိုးကို ချီမြှောက်ကာ ဒကာ တဦးက–

" ဘုန်းတော်ခြောက်စုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ပန်းတော်, ရေချမ်းတော်များ ကပ်လှူကြဦးစို့ ခင်ဗျား" ဟု-

အစချီ၍ နှိုးဆော်ပြီး ပရိသတ်ကြီး တခုလုံးက မြတ်စွာဘုရားအား ပန်းတော်, ရေချမ်းတော်များ ကပ်လှူပူဇော်လျှက် ရှိကြ၏။

ထိုအခိုက်"ရော-ဘယ်လိုပါလိမ့်၊ သူတို့ဒေသမှာ တခါမှလဲ တရားမဟောဘူးသေး၊ အရပ်ဒေသ ထုံးစံကိုလဲ စူးစမ်း လေ့လာမထားမိ၊ အေးလေ ကြည့်ရသေးတာပေါ့။ အလိုက်ကြည့်လုပ်ရမှာပဲ" ဟု တွေးတောဆင်ခြင်ယင်း အခြေအနေကို စောင့်ကြည့် နေလိုက်သည်။

တဖန် ထိုဒကာကပင်"အရဟံ အစ ဘဂဝါအဆုံး ဂုဏ်တော် ကိုးပါးလုံးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ပူဇော် ကန်တော့ကြပါ

ဦးစို့ ခင်ဗျား”ဟု-ထပ်၍ နှိုးဆော်ပြီးလျှင် အားလုံး ပူဇော်ကန်တော့ကြပြန်၏။

“အယင် တကြိမ်က ဘုရားကို ပန်း ရေချမ်း ကပ်လှူပူဇော်တာ၊ အခုတကြိမ်က ဘုရားကို ပူဇော်ကန်တော့တာ၊ ငါ့အလှည့် မဟုတ်သေးဘူး”ဟု-ဆင်ခြင်၍ အသာစောင့်နေ ရပြန်သည်။

တဖန် “သွာက္ခာတောအစ- ပစ္စတ္တံ-ဝေဒိတဗ္ဗော- အဆုံး ဂုဏ်တော် ၆-ပါးလုံးနှင့် ပြည့်စုံတော်မူသော တရားတော်မြတ်ကို ပူဇော်ကန်တော့ကြဦးစို့” ခင်ဗျားဟု- နှိုးဆော်၍ တရားတော်ကို ပူဇော်ကန်တော့ကြပြန်၏။

“ဒါလဲ တရားတော်ကို ပူဇော်ကန်တော့တာ ဆုပေးလို့ မဖြစ်သေး” ဟု-စာရေးသူက တေးထားလိုက်ရပြန်သည်။

တဖန်“ သုပ္ပဋိပန္နအစ-ပုညက္ခေတ္တံ အဆုံး ဂုဏ်တော် ကိုးပါးလုံးနှင့် ပြည့်စုံတော်မူသော သံဃာတော်မြတ်များကို ပူဇော်ကန်တော့ကြဦးစို့ ခင်ဗျား”ဟု-ဆို၍ ပူဇော်ကန်တော့ကြပြန်၏။

“အင်း-ဒါက သံဃာတော်များကို ပူဇော် ကန်တော့ကြတာပဲ၊ ဆရာတော်ကို ပူဇော်ကန်တော့ကြဦးစို့ ခင်ဗျားလို့များလာဦးမှာလေလား၊ စောင့်ရဦးမှာပဲ”ဟု-စောင့်နေစဉ်၊ စောင့်နေစဉ် ဆိုသော်လည်း သီးခြားကန်တော့ဦးမှာလေလားလို့ နောက်ထပ် ကန်တော့နိုးနိုး ရပ်ဆိုင်းသွားသည်တိုင်အောင် စောင့်နေမိသည်။ ထိုသို့ ဆုပေးလှည့်၌ မပေးပဲ တန်းလန်းကြီးဖြစ်နေစဉ် ထိုဒကာက ဆက်၍ သီလတောင်း အချီးကို ဆိုလေသည်။

“အင်း-ဒီတခါ သီလတောင်း အချီးပြီးယင်တော့ ဆုပေးရလိမ့်မယ် ထင်တယ်”ဟု စိတ်ကူးဖြင့် စောင့်နေရပြန်၏။ သို့သော် ထိုအချီးပြီးလျှင် ပရိသတ်ကြီးက တခါထဲ “အဟံ ဘန္တေ” သီလတောင်းကို သူတို့ဘာသာ တောင်းသွားကြပြန်သဖြင့် ဆုပေးမပါသော သီလကို ပေးလိုက်ရလေတော့သည်။ ဆုပေးမပါသော အထူးတရားပွဲလည်း ဖြစ်သွား လေတော့သည်။

## ညဉ့်ရှုံတော် သတိပဋ္ဌာန်တရား

ဆုမပေးလိုက်ရသော မိုးကောင်းတရားပွဲကြီး၌ "ညဉ့်ရှုံတော် သတိပဋ္ဌာန်အကျိုးပြု တရားတော်ကို ဟောကြားလိုက်ရသည်။ မဟာသတိပဋ္ဌာနသုတ်တော် ဝန်ခံချက် ကြေငြာချက် မိန့်ခွန်းတော် တရားဆောင်ပုဒ်များကိုလည်း ဤတရားပွဲ၌ ထည့်သွင်း ဟောကြား ခဲ့ရပါသည်။ ထိုဆောင်ပုဒ်များမှာ ဤသို့တည်း။

### မဟာ သတိပဋ္ဌာနသုတ် ကြေငြာချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ကြေငြာချက်ကို-သတ္တဝါအတွက် ဟောခဲ့တယ်။
စိတ်ညစ်ကြေးတွေကင်းကွာဝေးလို့-ပူဆွေးငိုကြွေးလွန်မြောက်မယ်။
ကိုယ် စိတ်မထိန်း ဆင်းရဲကိန်းလဲ - ချုပ်ငြိမ်း ကွယ်ပျောက် သွားရမယ်။
အရိယာမဂ်ကို မြန်မြန်ရလို့-နိဗ္ဗာနကို ရောက်ရမယ်။
ထို့ကြောင့် မြတ်စွာ ဟောဖော်ကြားတယ်- ကြိုးစား အားထုတ်ကျင့်ကြကွယ်။
ကျင့်ကွယ်-ကျင့်ကွယ်။

### မဟာသတိပဋ္ဌာနသုတ် ဝန်ခံချက် မိန့်ခွန်းတော်

သတိပဋ္ဌာန် ဓမ္မစက်ကို-ဝန်ခံချက်နဲ့ ဒို့မြတ်စွာ။
ဟောမိန့်ပုံမှာ ထိုတရားကို-ဖြစ်ပွါးစေတဲ့ ရှင်လူမှာ။
အလွန်ကြာလျှင် ခုနစ်နှစ်နဲ့-ရဟန္တာစစ် ဖြစ်နိုင်ပါ။
စွဲမှုကျန်တောင် နာဂါမ်လောက်တော့ ဆိုက်ရောက်မယ်တဲ့ ကေန်ပါ။
မြန်သူဆိုလျှင် ခုနစ်ရက်နဲ့-ထိုဖိုလ်မဂ်ကိုရနိုင်ပါ။
ရဲရင့်ခိုင်မာ ဝန်ခံချက်နဲ့ ဓမ္မစက်ကို ဟောခဲ့ပါ။
နိဗ္ဗာန်လိုသူ မယုံမှားနဲ့-မြတ်ဘုရားကို ယုံကြည်ကာ။
သတိပဋ္ဌာန်-ကိုယ့်ဘာသာန် အမြန်ပွါးစေရာ။
သို့ပွါးစေမှ-နိဗ္ဗာန်ရ-မုချ ငြိမ်းအေးမှာ။

## သတိပဋ္ဌာန် ဖလုပ်ပေးတရား

ဆရာတော် ဦးသံဝရကမူ ဤမိုးကောင်းတရားပွဲ၌"မဟာသတိပဋ္ဌာန် အလုပ်ပေးတရားတော်"ကို ဟောကြားတော်မူ၏။ ဆရာတော် ဦးသံဝရ ကလည်း ဆောင်ပုဒ်ကလေးများဖြင့် မှတ်သားလွယ်အောင် ထည့်သွင်း ဟောကြားတော်မူ၏။

## အလုပ်ပေးဆောင်ပုဒ် အတိုချုပ်

၁။ တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်အောင်ထား။
၂။ မလှုပ်ဣန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
၃။ မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ ဝမ်းမှာ စိတ်ကိုထား။
၄။ ဖောင်းတာ ပိန်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါယောဂီများ။
၅။ ဖြစ်တိုင်း ရုပ်နာမ်၊ ချုပ်ပျက်ဟန်၊ နည်းမှန်ရှုမှတ်ပွါး။

## ရုပ်နာမ်ခွဲပုံ ဆောင်ပုဒ်

၁။ သွားချင်တာက နာမ်၊ သွားတဲ့ဟန်က ရုပ်၊
ငါမဟုတ်၊ သူမဟုတ်၊ သွားတာ နာမ်နှင့်ရုပ်။
ဒါလို သိအောင် အလုပ်-လုပ်။
ဒါကိုသိယင် အတ္တပြုတ်၊ ဒါလိုသိယင် ဒိဋ္ဌိပြုတ်။
အဲဒါ သတိပဋ္ဌာန် ဝိပဿနာအလုပ်။
အဲဒါ နိဗ္ဗာန်ရောက်တဲ့ အလုပ်။

မှတ်ချက်။ ။ရပ်-ထိုင်-လျောင်း စသည်တို့၌လည်း နည်းမှီးဆိုပါလေ။

## လေးခါခေါင်းငြိမ့်ယင် ဆုသာပေး

"သံဝါဖြောက်ဖြောက်၊ဆီးနှင်းပေါက်လည်း၊မိုးလောက်ပြင်းထန်" ဤစာသွားကလေးကို သရုပ်ဖော်နေသလိုပင်။ ဆီးနှင်းပေါက်တို့ကား သွပ်မိုးကျောင်းပေါ်၌ တဖြောက်ဖြောက်ကျလျက် ရှိကုန်၏။ စိတ်ရော ကိုယ်ပါ ရာသီဥတု ဆွဲဆောင်ရာသို့ လိုက်ပါလျက် အေးသလိုလို စိမ့် သလိုလို လေးတွဲ့တွဲ့ဖြစ်နေသည်။ အချိန်မှာ သီတင်းကျွတ်လဆုတ် ၁၂-ရက်၊နံနက် ၅-နာရီအချိန်တည်း။ မင်းကုန်းကျောင်းပေါ်၌ အရှက် ဆွမ်း ဘုဉ်းပေးနေကြ၏။

"ဆရာတော်ဘုရား၊ မနေ့ညက တရားပွဲမှာ ဘယ်အနားက ဝင်ပြီး ဆုပေးရမှန်း မသိတာနဲ့ ဆုမပေးလိုက်ရဘူး ဘုရား့။ ဆရာတော်တို့ အရပ်က အကြိမ်ကြိမ် ကန်တော့ကြတာဖြစ်တော့ ဘယ်အကြိမ်မှာ ဆုပေးရမယ်လို့ မသိတာနဲ့ ငုတ်တုတ်နေခဲ့ရတယ်ဘုရား့။ အရပ်ဓလေ့ကိုလဲ စောစောက လေ့လာမထားမိဘူး။ ဒီတော့ အကျပ်ရိုက်သွားတာပေါ့ ဘုရား" အတူ ဆွမ်းဘုဉ်းပေးနေသော မင်းကုန်းကျောင်း ဆရာတော် အား မနေ့ညက အတွေ့အကြုံကို လျှောက်ထားလိုက်ရသည်။

"အနယ်နယ် ရောက်နေတဲ့ ဓမ္မကထိကတွေဆိုတော့ သတိပေးစရာ မလိုဘူးထင်ပြီး သတိပေးဖို့ အမှတ်မရဘူး၊ ရှေးကနေပြီး ဒီလိုနိူးဆော်တဲ့ ဒကာကို 'ကျောင်းဒကာ-ပန်းဒကာ' လို့ ခေါ်တယ်။ ဘုရားကို ပန်း ရေချမ်း ကပ်လှူတာက တကြိမ်၊ ရတနာသုံးပါးကို ပူဇော်ကန်တော့ တာက တကြိမ်စီ ဆိုတော့ ပေါင်းလေးကြိမ် ကန်တော့လေ့ရှိကြတယ်။ လေးကြိမ်ကန်တော့ပြီး လေးကြိမ်ဦးချကန်တော့လို့ လေးခါ ခေါင်း ငြိမ့်ယင် ဆုသာပေးပေတော့။ ရှေ့ကို ရှမ်းဗမာတို့ နေထိုင်ရာရောက် တိုင်း ဒီလိုချည်းပဲဆိုတာ မှတ်ထားပါ"

မင်းကုန်းကျောင်း ဆရာတော်က အရပ်ဓလေ့ကို မသိသေးသော ဓမ္မကထိကအဖွဲ့ကို သိစေရန် အကျယ်တဝင့် အမိန့်ရှိလေတော့သည်။ နံနက် အရုဏ်ဆွမ်းကို ကောက်ညှင်းပေါင်း၊ မုန့်ပေါင်း၊ ပဲကြော်၊ ငှက် ပျောသီးများဖြင့် မြိန်မြိန်ရှက်ရှက် ဘုဉ်းပေးကြရ၏။ ဘုဉ်းပေး စားသောက်အပြီး၌ ဒကာကြီး ဦးညီပုနှင့် ဦးခင်မောင်တို့မှာ မြို့တွင်းသို့ လျှောက်လယ်ကြသော်လည်း စာရေးသူနှင့် ဆရာတော် ဦးသံဝရတို့ ကား စာကြည့်ယင်း ကျောင်းမှာပင် ကွေးနေရစ်ကြလေသည်။

## လောဘဖက်တော့ ညက်ညက်ကြေတယ်

အချိန်မှာ တနာရီပြီးတနာရီ ရွေ့လျက်ရှိသည်။ နံနက်စာ ဘုဉ်းပေး ချိန်က နံနက် ၅-နာရီခွဲမှာ ကျန်ရစ်ခဲ့လေပြီ။ နေ့ဆွမ်းဘုဉ်းပေးချိန် ရောက်နေပြီဖြစ်၍ ဆွမ်းဘုဉ်းပေးရန် ပြင်ကြတော့သည်။ နာရီကို ကြည့် လိုက်သော် နံနက် ၁၀-နာရီထိုးနေလေပြီတည်း။ သို့နှင့်လည်း နေလုံးမှာ

လွတ်လွတ်ကျွတ်ကျွတ် ထွက်ပေါ်ခွင့် မရသေး။ မိုးသား ကိမ်တိုက်တို့ အကြား၌ မပေါ်တချက် ပေါ်တချက်နှင့် ထွက်လိုက်ဝင်လိုက် ဖြစ်နေသည်။

ရာသီဥတုအေးသောအရပ်၌ စားရသောဆွမ်းမှာ မြိန်ရှက်လှပေ၏။ နံနက်အချိန်က ဝလောက်အောင် စားထားသော်လည်း နေ့ဆွမ်းကျပြန်တော့ မြိန်မြိန်ရှက်ရှက် စားလိုက်ကြသေး၏။

ရာသီဥတု ပူပြင်းသော အရပ်ဒေသ၌ အစားအသောက်ကောင်းသည် တိုင်အောင် ငြီးစီစီကြီးဖြစ်ပြီး စားလို့ သောက်လို့ မကောင်းလှ။ သစ်ပင်တောတောင်တွေကလည်း ခြောက်တတ။ လူတွေ ကြည့်ရသည်မှာလည်း ခြောက်သွေ့သွေ့ပင်။ ရာသီဥတုကောင်းသော ဤမိုးကောင်းမှာကား စားလို့လည်းကောင်း၊ သစ်ပင်တောတောင်တွေ ကလည်း စိမ်းစိုနေသည်။ လူတွေကလည်း ဝဝဖြိုးဖြိုး စိုစိုပြေပြေ။ ပဋိရူပ ဒေသဝါသ တမျိုးပင်ဟူ၍ ဆိုရပေမည်။

မိုးကောင်းမြို့ မိတ်ဟောင်း ဆွေဟောင်းတို့က ဒကာကြီး ဦးညီပုကို လာရောက် တွေ့ဆုံကြသည်။ မသေကြသေး၍ သိဟောင်း ကျွမ်းဟောင်းချင်း မတွေ့ဆုံကြရပြီဆိုလျှင် ရှေးဟောင်း နှောင်းဖြစ်များကို ပြောရသည်မှာ အရသာတမျိုး ဖြစ်၏။ အတိတ်က ဖြစ်ခဲ့ပြီးသော ဖြစ်ရပ်တို့ကား တမျိုးသာမက၊ ဇာတ်လမ်းစုံလှကုန်၏။ သံဝေဂ ဖြစ်စရာလည်း ပါ၏။ ရယ်ခန်းရွှင်ခန်းလည်းပါ၏။ ပူခန်းဆွေးခန်းလည်း ပါ၏။ ထို့ကြောင့် အတိတ် ဇာတ်ကြောင်းကို ပြန်ပြောင်း ပြောကြားရာ၌ အရသာ စုံနေသည်။ လာရောက် တွေ့ဆုံကြသော ပရိသတ်တို့မှာ တဖြည်းဖြည်း ရှင်းသွားကုန်၏။ နောက်ဆုံး၌ ညှော်သည်ဖြစ်သော တရားဟော အဖွဲ့သာ ကျန်ရစ်တော့သည်။

ထို့နောက် ဒကာကြီး ဦးညီပုနှင့် စကားပြောရသည်။ "ဒကာကြီး- ဒကာကြီးက ဒီမိုးကောင်းမှာ ဘယ်နှစ်လောက်က နေခဲ့လို့တုန်း။ မိတ်ဆွေဟောင်းတွေက လာလိုက်ကြတာ။ ရှေးဟောင်း နှောင်းဖြစ်တွေကို ပြောလို့လဲ မကုန်နိုင်ကြပါကလား။ အချိန်ကုန်လို့သာ ပြန်သွားကြတယ်။ စကားတွေကတော့ ကုန်ကြဲသေးဟန် မတူဘူး"

"စစ်မဖြစ်မီ တနှစ်လောက်တုန်းက ဒီမိုးကောင်းကို တပည့်တော် စရောက်ခဲ့ပါတယ်။ ၁၉၄၂-ခု၊ ဧပြီလမှာပေါ့ဘုရား။ အင်္ဂလိပ်အပြေး ဂျပန်အဝင်မှာ နယ်ပိုင်အဖြစ်နဲ့၊ ဒီမိုးကောင်းမှာ နေခဲ့ရပါတယ်။ အဲဒီ တုန်းက 'သူကြီးဘုရား ရွာသားကောင်းမှု' ဆိုတာလို အစိုးရပစ္စည်း တွေနဲ့ အလှူကြီး ပေးခဲ့ဘူးပါသေးတယ်ဘုရား"

"ဆိုပါအုံး ဒကာကြီးရဲ့၊ ဘယ်လိုတုံး"

"စစ်ကြီးဖြစ်လုဆဲမှာပေါ့ ဘုရား။ မိုးကောင်းကနေ အိန္ဒိယပြည် အာသံနယ်စပ်အထိ မီးရထားလမ်းဖောက်ရန် ရည်ရွယ်ပြီး ရိက္ခာအဖြစ် ဆန်နဲ့သကြား အိတ်ပေါင်းများစွာကို သိုလှောင်ထားခဲ့ပါတယ်။ ခေတ် ပျက်လာတော့ ဒီဆန်အိတ် သကြားအိတ်တွေကို သိုလှောင်ထားတဲ့ ဂိုထောင်တံခါးကို ဖွင့်ဖွင့်ပြီး လိုချင်သူယူကြလို့ ပေးခဲ့ပါတယ်။ အဲဒီလို ပေးလိုက်တော့ ထမ်းသူထမ်း၊ ပိုးသူပိုး၊ လှည်းနဲ့ တိုက်သူတိုက် အတင်း တိုးပြီး လုကြယက်ကြပေါ့ဘုရား။ ဒီတော့ လဲသူလဲ၊ ကွဲသူကွဲ၊ သေသူ သေနဲ့ မြင်မကောင်း ရှုမကောင်းပါပဲ"

"လောဘဆိုတာ ဒီလိုပဲ ဒကာကြီး။ သူတို့ဟာ တဦးချင်းသာ မျှမျှ တတ ယူကြမယ်ဆိုယင် ဒီလို ဒုက္ခရောက်ကြမယ် မဟုတ်ဘူး။ သူ မရရ ငါ အများကြီးယူယင်ပြီးရော၊ သူ လဲလဲ ကွဲကွဲ ငါ မလဲ မကွဲယင် ပြီးရောလို့ ဆိုတဲ့ တကိုယ်ကောင်း အတ္တစိတ်နဲ့ ဝိသမလောဘစိတ်တွေကြောင့် သူတို့ ဒီလို ဒုက္ခရောက်ကြတာပါပဲ။ ဒကာကြီးတွေ့ရတဲ့ အဲဒီအဖြစ်အပျက်ကို ကြားရတော့ ဝေဒဗ္ဗဇာတ်တော်ကို သွားပြီး သတိရမိတယ်။"

## ဝေဒဗ္ဗဇာတ်တော်

"ဝေဒဗ္ဗဇာတ်တော်က ဘယ်လိုလဲဘုရား"

"ဝေဒဗ္ဗဇာတ်တော်က ဒီလိုပါ။ ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းကြီး ထီးနန်းအုပ်ချုပ် မင်းလုပ်စဉ်ကတဲ့။ ရွာငယ်တရွာက ပုဏ္ဏား တယောက်ဟာ ဝေဒဗ္ဗ ဆိုတဲ့ မန္တန်ကို တတ်သတဲ့။ အင်မတန် အဖိုး ထိုက်တန်တဲ့ မန္တန်ပေါ့။ နက္ခတ်နဲ့ ကြိုက်တဲ့အခါ ကောင်းကင်ကို မော့ ကြည့်ပြီး ဒီမန္တန်ကို ရွတ်လိုက်ယင် တခါထဲ ရတနာမိုးတွေ ရွာကျလာ

တယ်ဆိုပဲ။ ဒီလို ဝေဒဗ္ဗမန္တန်ကို တက်လို့ အဲဒီ ပုဏ္ဏားကြီးကိုလဲ ဝေဒဗ္ဗ ပုဏ္ဏားလို့ အမည်ပေးထားကြပါတယ်”

“ထိုစဉ်က ဘုရားအလောင်းတော်ဟာ ဝေဒဗ္ဗပုဏ္ဏား ဆရာကြီးရဲ့ တပည့်ဖြစ်နေတယ်။ တနေ့သ၌တော့ ဆရာတပည့်နှစ်ယောက် ကိစ္စတခုနဲ့ စေတ တိုင်းကို ထွက်လာခဲ့ကြတယ်။ ခရီးအကြားမှာ တောအုပ်ကြီးတခု ခံနေတာဖြစ်တော့ ဒီတောအုပ်ကြီးကို ဆရာတပည့်နှစ်ယောက် ဖြတ်သွားကြရတယ်”

## ပြန်ပေးဆွဲတဲ့ သဘောပါပဲ

“ခရီးသွားတွေကို လုယက်တိုက်ခိုက်နေကြတဲ့ ဒမြ ငါးရာကလဲ ဒီတောအုပ်ကစောင့်ပြီး လာသမျှ ခရီးသွားတွေကို ဖမ်းပြီး လုယက် တိုက်ခိုက်လေ့ရှိကြတယ်။ သူတို့ လိုသလောက် ငွေမပါတဲ့ ခရီးသွားတွေကို ဆိုယင် တချို့ကို ဖမ်းထားပြီး တချို့ကို ရွာပြန် ငွေယူခိုင်းကြသတဲ့။ ပြန်ပေးဆွဲတဲ့ သဘောပါပဲ”

## ဆရာတပည့်နှစ်ဦး တောထဲအရောက်မှာ

“ဝေဒဗ္ဗဆရာတပည့်နှစ်ဦးကိုလဲ တောအုပ်ထဲ အရောက်မှာ ဒမြတွေက ဖမ်းလိုက်ကြတယ်။ သူတို့ထုံးစံအတိုင်း အရေးကြီးတဲ့ ဆရာကြီးကို ဖမ်းထားပြီး တပည့်ကိုတော့ ရွာပြန်ငွေယူပြီး ဆရာကြီးကို လာရွေးရန် လွှတ်လိုက်ကြတယ်။ ဒီတော့ ဘုရားအလောင်းဖြစ်တဲ့ တပည့်က သူ့ ဆရာကြီးကို အားပေးပြီး မှာကြားထားခဲ့တယ်”

“ဆရာကြီးခင်ဗျား၊ ရတနာမိုးရွာစေနိုင်တဲ့ နက္ခတ်နဲ့ ကြုံနေပါတယ်။ ဒါကို ဆရာကြီးလဲ အသိပဲ။ မန္တန်ကိုတော့ ယောင်မှားလို့တောင် မရွတ် လိုက်ပါနဲ့။ လူတွေဟာ လောဘသမားတွေပါ။ ဒီနေရာမှာ မန္တန်ကို ရွတ်လို့ ရတနာမိုးရွာလာယင် ဆရာကြီးပါ ဒုက္ခရောက်လိမ့်မယ်။ ဘာမျှ မစိုးရိမ်ပါနဲ့။ ဆရာကြီးကိုရွေးယူဖို့ ငွေယူပြီးမကြာခင်ပြန်လာခဲ့ပါမယ်”

## တပည့်မှာခဲ့တာကို အရေးမထား

“ဒီလို မှာကြားပြီး တပည့်ဖြစ်သူဟာ ငွေယူဖို့ရွာကို ပြန်သွားတယ်။ မန္တန်ကို ရွတ်လိုက်လို့ ရတနာမိုးရွာလာယင် ဒမြတွေက သူ့ကို

ချမ်းချမ်းသာသာ ထားကြပြီး လွှတ်လိုက်လိမ့်မယ် ထင်ပြီး တပည့်မှာခဲ့တာကို အရေးမထားပဲ ဆရာကြီးက မန္တန်ကို ရွတ်ပါလေတော့တယ်။ ဒီတော့ ရတနာမိုးတွေ ရွာလာတယ်။ ဒမြတွေက ကောက်ကြ ယူကြ ထုပ်ကြ ပိုးကြပြီးတော့ သူတို့လိုရာကို သွားကြတယ်။ ဝေဒဗ္ဗပုဏ္ဏား ကြီးလဲ အားရရွှင်လန်းစွာနဲ့ သူပို့နောက်က လိုက်သွားတယ်''

## ပညာတတ်သော်လဲ အသုံးမချတတ်တော့

''ရတနာထုပ်တွေကို ထမ်းသွားကြတဲ့ ခိုးသားတွေလဲ တခြားခိုးသား ငါးရာနဲ့ အချင်းချင်းတွေ့ကြပြန်လို့ တခြားခိုးသား ဒမြတွေက သူတို့ ယူလာတဲ့ ရတနာတွေကို တိုက်ခိုက်လုယူဖို့ အားထုတ်ကြတယ်။ ဒီတော့ ရတနာတွေနဲ့ ခိုးသားဒမြတွေက 'ငါတို့ကို မလုကြနဲ့၊ ဟော–ဟို နောက်ကလာနေတဲ့ ပုဏ္ဏားကြီးကို မြင်ကြတယ်မဟုတ်လား။ သူက ရတနာမိုး ရွာလာအောင် မန္တန်ရွတ်တတ်တယ်။ ဒီရတနာတွေဟာ သူရွတ်ပေးလို့ ဒို့ရလာခဲ့ကြတာပဲ။ သူ့ကို မန္တန်အရွတ်ခိုင်းကြ။ မင်းတို့လဲ ရကြလိမ့်မယ်'လို့ ပြောကြတယ်''

''ဒါနဲ့ နောက်ဒမြဘစုက ပုဏ္ဏားဆရာကြီးကို ချဉ်းကပ်ပြီး မန္တန်အရွတ်ခိုင်းကြတယ်။ ပုဏ္ဏားကြီးက 'နက္ခတ်နဲ့ ကြိမ်တဲ့အခါကျမှ ရွတ်လို့ရပါတယ်'လို့ ပြောပေမဲ့ ဘာရမလဲ။ အတင်း အရွတ်ခိုင်းကြတယ်။ သူခိုးဒမြဆိုတာမျိုးကလဲ လိုချင်တာကလွဲယင် ဘာမှ တတ်သိကြတာ မဟုတ်ပဲကိုး။ ရွတ်ခိုင်းလို့ မရတော့ ပုဏ္ဏားကြီးကို သတ်ပစ်လိုက်ကြတာပါပဲ။ ပညာတတ်သော်လဲ ကိုယ်တတ်တဲ့ပညာကို နေရာတကျ အသုံးမချတတ်တော့ ကိုယ့်ပညာနဲ့ ကိုယ် ဒုက္ခရောက်ရပုံ သင်ခန်းစာ ယူစရာတခုပါပဲ''

## လောဘ·ဒေါသ·တန်ခိုးနဲ့ အမျိုးမျိုးသတ်ကြတယ်

''ပုဏ္ဏားကြီးကို သတ်ပြီးတော့ ရတနာတွေနဲ့ ဒမြတွေနောက်ကို အမှီလိုက်ကြပြန်တယ်။ မှီတော့ ဒမြအချင်းချင်း လုကြ ယက်ကြ တိုက်ကြ ခိုက်ကြ သတ်ဖြတ်ကြတယ်။ အချင်းချင်း သတ်ဖြတ်လိုက်ကြတာ နောက်ဆုံးတော့ နှစ်ယောက်ထဲပဲ အသက်ရှင် ကျန်ရစ်တော့တယ်တဲ့''

"ရယူထားတဲ့ ရတနာတွေကို နှစ်ယောက်သား မျှမျှတတ ဝေယူကြယင် အင်ပတန်များတဲ့ ရတနာတွေဆိုတော့ သုံးလို့စွဲလို့ ဘယ်မှာကုန်နိုင်ပါမလဲ။ ဒါပေမဲ့ ဒကာကြီး ဦးညီပုပေးတဲ့ ဆန်အိတ် သကြားအိတ်တွေကို ဝေမယူချင်ကြသလိုပဲ"

"သူတို့လဲ အချင်းချင်း ညီညီမျှမျှ ဝေမယူချင်ကြဘူး။ ဘယ်လောက်များနေနေ တယောက်ထဲသာ အကုန်လုံး ပိုင်လိုကြတယ်။ ဒါနဲ့ တယောက်က ရွာထဲသွားပြီး နှစ်ယောက်လုံးစားဖို့ ထမင်းရှာတယ်။ တယောက်က ရတနာတွေ စောင့်နေရစ်ရတယ်။ ထမင်းထုပ်ရလို့ ထမ်းပြန်လာတဲ့သူကို တောထဲမှာ စောင့်နေရစ်တဲ့လူက လမ်းတနေရာက စောင့်ပြီး ဓားနဲ့ ခုတ်သတ်ပစ်လိုက်တယ်။ သတ်ပြီး ထမင်းထုပ်ကိုယူ၊ ယူပြီး ထမင်းထုပ် ကိုဖြေ၊ ဖြေပြီး တယောက်ထဲ ပူစရာမရှိပဲ အေးအေးဆေးဆေး စားလိုက်တော့တယ်။ စားလဲပြီးရော တခါထဲ သေရွာလမ်းမြန်းရရှာတော့တာပါပဲ"

"ငါတယောက်ထဲ ရတနာတွေကို အကုန်ယူမယ်ဆိုပြီး တယောက်က ထမင်းထုပ်ထဲ အဆိပ်ခပ်လာခဲ့တယ်။ တယောက်က လမ်းကနေ ဆီးကြိုသတ်ဖြတ်တယ်။ လောဘသမားတွေကတော့ ကိုယ့်သေလမ်းကို မြန်းကြပြီ။ ရတနာတွေကတော့ စုလျက် ပုံလျက်ပေါ့"

"ဆရာပုဏ္ဏားကြီးကို ရွေးဖို့ ငွေယူပြီး ပြန်လာတဲ့ အလောင်းတော်လုလင် ရောက်လာတော့ ဟိုနားတစု၊ ဒီနားတစု၊ ခိုးသားတွေအားလုံးနဲ့ ဆရာကြီးပါ သေနေတာကို တွေ့ရတော့သတဲ့"

"ဒီဝေဒဗ္ဗဇာတ်မှာလာတဲ့ ခိုးသား ဒမြတို့ရဲ့ လောဘ-ဒေါသနဲ့ ဒကာကြီး ဦးညီပု အလှူပေးတုန်းက တွေ့ရတဲ့လူတွေရဲ့ လောဘ-ဒေါသ တွေဟာ အတူတူပဲပေါ့။ လောဘ-ဒေါသ နှိပ်စက်ပြီဆိုယင် ဒီလိုခံကြရတာပါပဲ။ လောဘဖက်တော့ ညက်ညက်ကြေသပေါ့" ဤသို့ ပြောဆိုကြပြီး စကားဝိုင်းကို သိမ်းလိုက်ကြလေသတည်း။

## ဒုတိယည တရားပွဲ

တရားနာပရိသတ်က ပထမညကထက် ပိုမို စည်ကားလာသည်။ ယနေ့ညကား မိုးကောင်းမြို့၌ ဒုတိယညမြောက် ကျင်းပသော သီတင်းကျွတ်လဆုတ် ၁၂-ရက်ညပေတည်း။ အချိန်မှာ ည ၇-နာရီအချိန်။

ဒကာကြီး ဦးညီပုက ပရိသတ်ကြီးကို တရားပွဲ အပြီးသတ်ည ဖြစ်သောကြောင့် ကျေးဇူးတင်စကား နှုတ်ဆက်စကား ပြောကြားသည်။

စာရေးသူ သီလပေးရာ၌ မနေ့ညကလို ကြောင်တောင်တောင် ဖြစ်မနေတော့ပေ။ လေ့လာထားပြီး ဖြစ်သောကြောင့် ဆုပေးရမည့် အလှည့်၌ ကောက်ကာငင်ကာ အံဝင်ခွင်ကျ ဆုပေးလိုက်နိုင်သဖြင့် ချောချောမောမော ဖြစ်သွားသည်။ ပထမညက မဆုံးသေးသော "ညွှန့်ရှုံတော် သတိပဋ္ဌာန်" အကျိုးပြု တရားတော်ကို ပြီးသွားအောင် ဆက်လက် ဟောလိုက်ရသည်။ ဆရာတော် ဦးသံဝရကလည်း "မဟာသတိပဋ္ဌာန် အလုပ်ပေး တရားတော်" ကိုပင် အပြီးသတ် ဟောကြားတော်မူ၏။ တရားပွဲသိမ်းပြီးနောက် တည်းခိုရင်း မင်းကုန်းကျောင်းသို့ ပြန်ခဲ့ကြသည်။

"မာရ်နတ်ကြီးက အရှင် ဥပဂုတ္တမထေရ်ကို ကြောက်ဟန်တူတယ်။ တရားပွဲမကျင်းပမီက နှစ်ရက်သုံးရက်ဆက်ပြီး မိုးရွာနေတာ။အရှင်ဘုရားတို့ တရားပွဲကျင်းပတဲ့ နှစ်ရက်သာ မိုးလွတ်သွားတယ်။ အခု ကြည့်လေ၊ အရှင်ဘုရားတို့ တရားပွဲလဲ ပြီးရော မိုးတွေ ရွာနေပြန်ပြီ" မင်းကုန်းကျောင်းဆရာတော်က-ကျိန်းစက်ရာ အိပ်ခန်းတွင်းကနေ မိန့်လေသည်။ ပြောလည်း ပြောစရာပင်။ အိပ်ရာဝင်ကျမှ မိုးက ရွာလေတော့သည်။

သီတင်းကျွတ်လဆုတ် ၁၃-ရက်နေ့။ ဦးဘိုးချုံတို့ အိမ်၌ နေ့ဆွမ်းဘုဉ်းပေးကြရ၏။ သူတို့အိမ်မှာ မိုးကောင်း မြို့လယ်ရပ်၌ ဖြစ်သည်။ "အိမ်လယ်၍ ထမင်းစားရသည်မှာ အင်မတန် ယမင်းမြိန်သည်"ဟု ရှေးလူကြီး သူမများပြောသံကို ကြားဘူးသည်ကို ဆွမ်းမြိန်မြိန် ဘုဉ်းပေးနေစဉ် သတိရမိသည်။ မိုးကောင်းမြို့၌ မိုးရိပ် မိုးငွေ့လေးနှင့် ဆွမ်းဘုဉ်းပေးရသည်မှာ မြိန်လှပေသည်။ တရားပွဲလည်း မပြီးသေး။ မြစ်ကြီးနားစသည် ဟောရဦးမည့် တရားပွဲတို့က များစွာ ရှိကြကုန်သေးသော

ကြောင့် တရား လည်ဟောရသည် ဆိုသော်လည်း ထမင်းမြိန်လည်စား ရမည့် အဖြစ်လည်း ပါဝင်လျက်ဟု ဆိုရမလိုလိုပင်။

နေ့ ၁၁-နာရီ၌ တရားပွဲကျင်းပရေးအဖွဲ့ လူကြီးများက မြစ်ကြီးနား တရားပွဲ ဆက်ရမည့် တရားဟော အဖွဲ့ကို ဘူတာရုံသို့ လိုက်ပို့ကြသည်။ အထက်တန်းတွဲ လက်မှတ်ရဖို့ ဒုတိယရုံပိုင် မောင်အုန်းငွေက တာဝန်ယူ ဆောင်ရွက်ပေး၏။ မောင်အုန်းငွေကလည်း ညောင်ကန်သား၊ စာရေး သူကလည်း ညောင်ကန်သားဆိုတော့ တရပ်ထဲသားချင်း မိုးကောင်းမှာ လာ၍ တွေ့နေရကား ခေတ္တခဏမျှတော့ အားရှိသွားသည်။ ဝမ်းလည်း သာ သွား၏။

## မိုးကောင်းမှ မြစ်ကြီးနားသို့

မြစ်ကြီးနား ရထားသည် နေ့ ၁၂-နာရီအချိန်၌ မိုးကောင်းဘူတာမှ ထွက်ခွါခဲ့ပါသည်။ တရပ်ထဲသား မောင်အုန်းငွေနှင့် တွေ့ရ၍ အားရှိမှု ဝမ်းသာမှုသည် မောင်အုန်းငွေနှင့်အတူ မိုးကောင်းမြို့၌ ကျန်ရစ် လေ တော့သည်။

ခရီးသည်တွေ အပြည့်ပါသော မြစ်ကြီးနား ရထားကြီးသည် မိုင်-သုံးဆယ်ခန့် ရှည်လျားသော တောတောင် ချောင်းမြောင်း အထွေထွေ ကို ဖြတ်ကျော်လျက်ရှိသည်။ မိုးတိမ်တို့ကား စိမ်းစိုညိုမှိုင်းသော တော အုပ်ကြီးကို ဖုံးအုပ်လျက်ရှိ၏။ တောအုပ်အတွင်းရှိ ကျေးငှက် သာရကာ ပေါင်းများစွာတို့သည်လည်း တောအုပ်အတွင်း၌ ဘာသာဘာဝ ပျံသန်း နေကြ၏။ ကျား-ဆင်-သမင်-ချေငယ်-စိုင်-ဆတ် ဖွတ်-ပုတတ် စသော သားကောင်အမျိုးမျိုးသည် ဤတောအုပ်အတွင်းဝယ် ကျက်စားလျက် ရှိကြပေမည်။ သူတို့ကား လူတို့လို အိုးအိမ် အတည်တကျ မရှိကြ။ ရေကြည်ရာ မြက်နုရာ ကျက်စားသွားလာ နေကြသော သားမျိုးတို့ ပေတကား။ တောတွေ တောင်တွေထဲရောက်ပြီး ကျင်လည် ကျက်စား ပြေးလွှားချင်တိုင်း ပြေးလွှားနေသောစိတ်ကို မထိန်းသိမ်းမိပဲ လွှတ်ထား မိသည်။ သူကား ဆောက်တတ်ရာရာ ပြေးလွှားနေ၏။

" ဒီတောကြီးဟာ ပြည်ထောင် သစ်တော ကြိုးဝိုင်းကြီးပေါ့။ ရှေးကဆိုယင် သားကောင်တွေကို မပစ်မခတ်ဖို့ တားမြစ်ပြီး ဘေးမဲ့

ပေးထားတဲ့ မိဂဒါပုန်တောကြီးပါပဲ။ ဒီတောကြီးထဲက သားကောင်တွေဟာ လူကို မြင်ယင်တောင် ရန်သူလို မထင်ပဲ ငေးမော ကြည့်နေတတ်ကြတယ်။ ခေတ်အပျက်မှာ သေနတ် ဗုံးတွေကလဲပေါ၊ မင်းမဲ့တိုင်းပြည် ဖြစ်နေခဲ့တာကလဲ တကြောင်းဆိုတော့ သားကောင်တွေ အတော်ပြုန်းတီး ပျက်စီး သွားခဲ့ကုန်တယ်။ အခုတော့ အစိုးရက ကောင်းကောင်း ပြန်လည် စောင့်ရှောက် နေပြီလို့ ကြားရတာပဲ” ဤတောကြီး တောင်ကြီး အကြောင်းကို ဒကာကြီး ဦးညိုပုက ဤသို့ လျှောက်ထားသည်။

သူ့စကားကို နားတောင်ယင်း“အင်း-လူတွေ လူတွေ အပြစ်ကင်းတဲ့ သားကောင်လေးတွေကိုလဲ ချမ်းသာ မပေးကြပါပဲကလား” မထွက်သော အသံဖြင့် ဤသို့ ညည်းတွားမိလေသည်။

# ၂။ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနား

အချိန်မှာ နေ့ ၁-နာရီဖြစ်၏။ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားသို့ ရောက်ပေပြီ။ ဤမြစ်ကြီးနားသည် ရန်ကုန်မှ မီးရထားလမ်းအတိုင်း ၇၂၄-မိုင် ဝေးကွာပြီး မန္တလေးမှ ထွက်သော စာပို့ ရထားလမ်းဆုံးလည်းဖြစ်၏။

ဧရာဝတီမြစ်ကြီး၏အနောက်ဘက်ကမ်းအနီး၌ တည်ရှိသောကြောင့် "မြစ်ကြီးနား" ဟူသော အမည်ကို ရရှိပေသည်။ "ဧရာဝတီ မြစ်ကြီး၏ အနီးအနား+မြစ်ကြီးနား" ဤကား-မြစ်ကြီးနား၏ပစနတ္ထရစနာဝိဂ္ဂိုဟ် ပေတည်း။

မြစ်ကြီးနားမြို့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်၌ ရှိ၍ ထိုပြည်နယ်၏ အလယ်ဗဟိုသို့ စီးဆင်းလာသည့် ဧရာဝတီမြစ်ကမ်းဝယ် တောင်ကုန်းများ ဝန်းရံလျက်ရှိသည့် မြေပြန့်၌ တည်ရှိသည်။ ဗန်းမော်မြို့မှ ၁၃၅ မိုင် ကွာဝေး၏။ မေခနှင့် မလိခ မြစ်ဆုံမှ ၂၆-မိုင်မျှသာ ဝေးသည်။ ထိုမြို့သည် ရှေးမြန်မာဘုရင်များ လက်ထက်ကပင် တည်ရှိခဲ့သည်။ ၁၈၉၂-ခုနှစ် မတိုင်မီက ရှမ်းမြန်မာ ရွာကလေးတရွာမျှသာ ဖြစ်ခဲ့သည်။

ဗြိတိသျှအစိုးရတို့ သိမ်းပိုက်ပြီးနောက်၌ တဖြည်းဖြည်း အရေးပါလာ၍ ဗြိတိသျှတို့အုပ်စိုးနေသော အချိန်၌ အရေးပိုင်ရုံးစိုက်ရာ မြို့တမြို့ ဖြစ်လာခဲ့ပေသည်။ မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ အကြီးဆုံးမြို့ ဖြစ်သည်။ ၁၉၄၈-ခုနှစ် ဇန်နဝါရီလ ၄-ရက်နေ့၌ မြန်မာပြည် လွတ်လပ်ရေး ရပြီးသည်နောက် ဇန်နဝါရီလ ၁၀-ရက်နေ့၌ "ကချင်ပြည်နယ်" ဟု ပေါ်ပေါက်လာသည့် အချိန်အခါမှစ၍ မြစ်ကြီးနားမြို့သည် ကချင်ပြည်နယ်၏ မြို့တော် ဖြစ်လာသည်။

ကချင်ပြည်နယ် အစိုးရရုံးစိုက်ရာ အတွင်းဝန်များရုံးနှင့် အခြားအစိုးရရုံးများ၊ ပြည်သူ့ဆေးရုံ၊ အကျဉ်းထောင်တို့ တည်ရှိသည်။ ခရိုင်ဝန်ရုံးစိုက်ရာမြို့လည်းဖြစ်သည်။ ထို့ပြင် ဥပစာကောလိပ်၊ ဆရာဖြစ်သင်သိပ္ပံကျောင်း၊ အထက်တန်းကျောင်းများ၊ အလယ်တန်း ကျောင်းများနှင့် မူလတန်းကျောင်းများလည်း ရှိသည်။ မြန်မာပြည် မြောက်ဘက်နယ်နိမိတ်နှင့်စပ်၍ ပြည်ထောင်စုလုံခြုံရေးအတွက် အရေးပါသော ဒေသတခုလည်း ဖြစ်သည့်အလျောက် စစ်စခန်းချရာမြို့လည်း ဖြစ်သည်။ မီးရထားလမ်းအတိုင်း မန္တလေးမြို့မှ ၃၃၄-မိုင်ကွာသည်။

ရှေးက ကချင်တောင်တန်းဒေသများနှင့် မြန်မာပြည်ထွက် ပစ္စည်းများ ဖလှယ်ရောင်းဝယ်ရာ ဌာနဖြစ်ခဲ့၏။ မီးသင်္ဘောများ အမြဲတစေဝင်ထွက်သွားလာနေခဲ့သော မြို့ဖြစ်သည်။ မြစ်ကြီးနားမှ ဆင်ဘိုသို့သင်္ဘောဖြင့် သွားလာနိုင်၏။ ကချင်ပြည်နယ်မှ ထွက်သော ကုန်ပစ္စည်းတို့၏ ၃-ပုံ ၂-ပုံကို မြစ်ကြီးနားမြို့မှ မော်တော်ကား၊ မီးသင်္ဘောငယ်များ၊ မီးရထားနှင့် လေယာဉ်ပျံတို့ဖြင့် အခြားမြို့များသို့ တင်ပို့ရလေသည်။ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သို့ ကုန်းလမ်းခရီးဖြင့် သွားရာ တံခါးပေါက်မြို့လည်း ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုအစိုးရ၏ ကြိုးစားဆောင်ရွက်ချက်ကြောင့် အိန္ဒိယနိုင်ငံသို့ လီဒိုလမ်းမကြီးမှ မော်တော်ကားဖြင့်သွားလာနိုင်ပြီးလျှင် ဗန်းမော်မြို့ကို ဖြတ်၍ ရှမ်းပြည် မြောက်ပိုင်းသို့ မော်တော်ကားဖြင့် အဆက်အသွယ်ပြုကာ အောက်မြန်မာပြည်အထိ မော်တော်ကားလမ်း ခရီးပေါက်လေသည်။ ပြည်နယ်အတွင်း ဗန်းမော်၊ ပူတာအို၊ ဆွန်ပရာဘုံ၊ ကာမိုင်း၊ မိုးကောင်း စသည့်မြို့များသို့ မော်တော်ကားလမ်း ခရီးဖြင့် သွားလာနိုင်သည်။ မြန်မာနိုင်ငံတွင် လေယာဉ်ပျံကွင်း အများဆုံးရှိသော မြို့တမြို့ဖြစ်ခဲ့၏။ စစ်အတွင်းက မဟာမိတ်တပ်များ မြစ်ကြီးနားမြို့တွင် တပ်စခန်းချခဲ့သည့်အလျောက် မဟာမိတ်တပ်များက လေယာဉ်ကွင်း ၆-ကွင်း ဆောက်လုပ်ခဲ့လေသည်။ ယခုအသုံးပြုသော လေယာဉ်ကွင်းမှာ အကြီးဆုံးသော ကွင်းဖြစ်သည်။

ကားလမ်း၊ ရထားလမ်း၊ လေယာဉ်ကွင်း အစုံရှိသော မြစ်ကြီးနားမြို့ဖြစ်သည့်အလျောက် စည်ကားသိုက်မြိုက်လှသည်။ သစ်တော ကောင်း

သော၄ာနဖြစ်၍ သစ်စက်လည်းရှိ၊ စပါးကုက်ရာဌာန ဖြစ်သောကြောင့် ဆန်စက်လည်းရှိ၊ ကြံထွက်ရာ ဖြစ်သောကြောင့် သကြားစက်လည်းရှိ၊ ပိုးမွေးမြူရေး အောင်မြင်နေသောကြောင့် ပိုးချည်ငင်စက်နှင့် ပိုးအိမ် အခြောက်လှမ်းစက်လည်းရှိသည်။

ကချင်ပြည်နယ်မှာ မိုးများသော ဒေသဖြစ်သည်။ မြင့်မားလှသည့် သစ်ပင်ကြီးများဖြင့် တောကြီးများသည် ထူထပ်နေသည်။ မြင်ကွင်း တလျှောက် ကြည့်လိုက်တိုင်း စိမ်းလန်းမှုန်မှိုင်းနေသည်။ မန္တလေးလို ကျဲကျဲတဲတဲ အလယ်ကျောဒေသမှ ဖြတ်သန်းပြီး ဤလို သစ်ပင် တောတောင် ထူထဲလှသည့် အရပ်ဒေသသို့ ရောက်လာရာ၌ အပြောင်း အလဲ မြန်လှသော ရှုမျှော်ခင်းများကြောင့် တမျိုးကြီး ဖြစ်နေသည်။

လူဦးရေ ၉၀-ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး မွေးမြူရေးကို အားထားကြသည်ဟု သိရသည်။ ခမ်းနားသော ဗဟိုစိုက်ပျိုးရေး ဥယျာဉ်ကြီးလည်းရှိသည်။ ထိုဥယျာဉ်ကြီးမှ ကြက်၊ ဝက် စသော မျိုးကောင်း မျိုးသန့်များနှင့် ခေတ်မီမွေးမြူရေးစနစ်၊ စိုက်ပျိုးစနစ် များ၊ သစ်သီး သစ်နှံ မျိုးကောင်း မျိုးသန့်များကို ဖြန့်ဖြူးပေးလျက် ရှိသည်ဟုလည်း သိရပေသည်။ စပါး တသီးပြီးသွားပြီ ဖြစ်သောကြောင့် ယခုအခါ၌ ဂျုံ-မြေပဲ-ပဲပုပ်-ပြောင်း-ပြောင်းဖူး စသော သီးထပ် သီးနှံ တွေ စိုက်ပျိုးလျက်ရှိသည်။

မြစ်ကြီးနားခရိုင် သစ်တောမှ ကျွန်းသစ်နှင့် အခြား သစ်မာများ သာ ထွက်သည်မဟုတ်ကုန်သေး။ ကာမိုင်း- ဖားကန့်- စသော ဒေသ များမှ ကျောက်စိမ်းများလည်း ထွက်ကုန်သေး၏။ မြစ်ကြီးနားအရှေ့ ၁၉ မိုင်ကွာလောက်၌ ဝါရှောင်ရွာကလေး အနီးဝယ် ဝါရှောင် ဆည်ကြီးတခု တည်ဆောက်နေသည်။ ထိုဆည်ကြီးပြီးလျှင် လယ်ကော မြောက်မြားစွာကို ရေပေးနိုင်မည်ဖြစ်၍ စိုက်ပျိုးရေး ဖွံ့ဖြိုးလာပေ လိမ့်မည်။

မြစ်ကြီးနားမြို့မှာ မြို့ကြီးတမြို့ ဖြစ်သည့်အလျောက် လူမျိုးစုံနေထိုင် သော မြို့တမြို့ဖြစ်လေသည်။ ကချင် (ဂျိမ်းဖော) မရူ လရှီ-အဇီ-ရဝမ်- ခမ်းတီးရှမ်း-လီစူးလူမျိုးများမှာ ပြည်နယ်အမျိုးသားများ ဖြစ်ကြသည်။

ကချင် အမျိုးသားများမှာ ရေမြေ အလိုက် ဆူဖြိုးသော ကိုယ်ကာယ များနှင့် တောင့်တင်း သန်မာသူတို့သာ များကုန်၏။ တောင်ယာ လုပ်ငန်းနှင့် အမဲလိုက်မှုကို အားထားကြ၏။ ဝါး-နီး-ကိုင် နိုင်နင်းလှ သဖြင့် သူတို့ယက်လုပ်သော တောင်း၊ ပလုံး များမှာ သေသပ်ခိုင်မာ လှကုန်၏။ ဂျပ်ခုတ်လွယ်အိတ်များ၊ အဝတ်အထည်များ၊ ငွေဓား၊ ငွေထည်များ၊ ငွေခွက်၊ ငွေခါးပန်းများမှာ ကချင်ပြည်နယ်ထွက် နာမည်ကြီးသော လက်ရာကောင်း ပစ္စည်းများ ဖြစ်ကြ၏။

၁၉၆၃-ခုနှစ် သန်းခေါင်စာရင်းအရ မြစ်ကြီးနားမြို့၌ လူဦးရေ ၁၇၀၉၃-ယောက် ရှိလေသည်။

## သိုက်သိုက်မြိုက်မြိုက် ကြိုဆိုကြသည်

တရားဟောအဖွဲ့ လာမည့်ရထားကို သိနှင့်ကြပြီး ဖြစ်သည့်အတိုင်း မြစ်ကြီးနားဘူတာမှ အသင့်ကြိုဆိုလျက် ရှိကြသည်။ မြစ်ကြီးနား သာသနာ့ရိပ်သာ ဆရာတော်အမှူးပြုသော ယောဂီများနှင့် ကျောင်း သားများအပြင် ကား ၄-စီးတို့ဖြင့် ကြိုဆိုကြသည်။

ကျောင်းသားတို့က ဒိုးပတ်ဝိုင်းဖြင့် ကြိုဆိုရာ တဘူတာလုံး ဒိုးပတ်သံများဖြင့် မြိမ့်မြိမ့်ညံနေတော့သည်။ ထိုဒိုးပတ်သံတို့ အကြားမှ ယောဂီတရားကျော်တို့၏ မဂ္ဂါဟိသံတို့ပေါင်းလည်း မြိမ့်ညာင်း သာယာစွာ နားဝင်ချိုလှကုန်၏။ ကြိုဆိုသူတို့က ပျော်ရွှင်စွာ ကြိုဆိုလျက် ရှိကြသော ကြောင့် ခရီးသည်တို့ ကလည်း လမ်းဖယ် ပေးယင်း ဦးညွှတ် ရှိခိုး နေကြသည်။

မမ္မကထိက ဆရာတော် နှစ်ပါးနှင့် ရွှေဆောင် ဒကာကဦးက ကား တစီး၊ ဒကာကြီး ဦးညိုပုနှင့် ဦးခင်မောင်တို့က ကားတစီး၊ မြစ်ကြီးနား သာသနာ့ရိပ်သာ ဆရာတော်နှင့် တပည့်တို့က ကားတစီး၊ အိပ်ရာလိပ် စသော ပစ္စည်းများနှင့် ပင့်ဆောင်ရေး လူကြီးတို့က ကားတစီး၊ ထို ကားလေးစီးတို့နောက်မှ ယောဂီများက စီတန်းလျက် မဂ္ဂါဟိများကို သီဆို လိုက်ပါလာကြသည်။ ရတနာသုံးပါးကိုဖွဲ့ ဂုဏ်တော်များကို သီဆို တီးမှုတ်ယင်း ကျောင်းသားတို့ ဒိုးပတ်ဝိုင်း အဖွဲ့ကလည်း နောက်ဆုံးမှ လိုက်ပါလာကြသည်။ ကြိုဆိုကြသည်မှာ အားရ ပါးရ ရှိလှကုန်၏။

"အရှင်ဘုရားတို့ တရားဟောအဖွဲ့ကို ကြိုဆိုဖို့ တပ်မဟာမှူး ဗိုလ်မှူးကြီး ဦးသန်းစိန်က တာဝန်ပေးပါတယ်။ ဗိုလ်မှူးကြီး ဦးသန်းစိန်ဟာ အရှင်ဘုရားတို့နဲ့ ပါလာတဲ့ ပင်စင်စား တိုင်းမင်းကြီး ဦးညိုပုနှင့် အခင်မတန် ရင်းနှီးတဲ့ မိတ်ဆွေပဲ၊ အရှင်ဘုရားတို့ မြစ်ကြီးနားက မပြန်မချင်း ဒီကားကို သုံးနိုင်ပါတယ်၊ဘုရား" ကားပေါ်မှာ အတူပါလာသူ ရှေ့ဆောင် ဦးခင်မောင် ဆိုသူက ဤသို့ လျှောက်ထားလေသည်။ တရားဟောအဖွဲ့မှာ ပါလာသော မန္တလေးမြို့ ရတနာပုံရိပ်သာ ကျောင်းဒကာ ဦးခင်မောင်နှင့် နာမည်ချင်းတူနေ၏။

## အောင်နန်းရိပ်သာရပ် သာသနာ့ရိပ်သာ

တည်းခိုရန် အောင်နန်းရိပ်သာသို့ ပင့်ဆောင်ကြသည်။ ရောက်လျှင် ကြိုဆိုသူ ပရိသတ်တို့အား ဆရာတော် ဦးသံဝရက ငါးပါးသီလပေးသည်။ ကြိုဆိုရေးတရားကိုလည်း အနည်းငယ် ဟောကြားသေး၏။ သီလယူ တရားနာပြီး ပရိသတ် စဲသွားလေသည်။

ဆရာတော် ဦးသံဝရနှင့်အတူ ဤ သာသနာ့ရိပ်သာ အခြေအနေများကို လှည့်လည် ကြည့်ရှုကြသည်။ ဤ ရိပ်သာကို ဆရာတော် ဦးပညာသာမိက ဦးဆောင် သာသနာပြုနေတော်မူသည်။ အဆောက်အဦများမှာ အချိုးကျကျ ဆောက်လုပ်ထားသဖြင့် တံတိုင်းအတွင်း၌ သာယာကြည်နူးဖွယ်ရာ ကောင်းလှကုန်၏။ ကမ္မဋ္ဌာန်းကျောင်းများ၊ အသီးအပွင့် အပင် ကလေးများကလည်း သူ့အား သူ့မာန်နှင့် ရိပ်သာ၏ ကျက်သရေကို ဆောင်နေကြကုန်၏။

ဤရိပ်သာ၌ ရေတွင်းရေကန် ရေစက် အပြည့်အစုံ ရှိသောကြောင့် ယောဂီတို့ ချမ်းသာစွာ သောက်သုံးနိုင်ကြကုန်သည်။ ၁၃၂၀-ခုနှစ်က စတင်တည်ထောင်သော ဤအောင်နန်းရိပ်သာရပ် သာသနာ့ရိပ်သာ၌ အားထုတ်ပြီး ယောဂီဦးရေ ၄၀၀-ရှိသွားပြီ ဟု သိရသည်။ အဖက်ဖက်မှ တိုးတက်လျက်ရှိ၏။

## မြစ်ကြီးနား ပထမည တရားပွဲ

အချိန်ကတော့ ည ၇-နာရီတည်း။ မိုးသေး မိုးဖွဲကလေးများကတဖွဲဖွဲ ကျလျက်ရှိကြသည်။ တရားပွဲ ပျက်လောက်အောင် ရွာသည်မဟုတ်၍

တော်ပေသေး၏။ မိုးရိပ် မိုးငွေ့ဖြင့် အေးစိမ့်စိမ့် ကလေး ဖြစ်နေသော ကြောင့် နေရထိုင်ရ သက်သာသည်။ ရိပ်သာဓမ္မာရုံကြီးအတွင်း ပရိသတ် ရောက်မှ မိုးရွာလို့တော့ တရားပွဲမပျက်နိုင်ပါ။ ဓမ္မာရုံကြီးက ကျယ်လည်း ကျယ် လုံလည်းလုံခြုံသည်။ ထိုအချိန်၌ တရားနာပရိသတ် ၄၀၀-ကျော် ခန့်သည် တရားနာရန် မဓမ္မာရုံအတွင်းသို့ ရောက်နေကြပေပြီ။

ဒကာကြီး ဦးညီပုက ရှေးဦးစွာ ထုံးစံအတိုင်း တရားနာ ပရိသတ် များအား မိတ်ဆက်စကား ပြောကြားသည်။ ထို့နောက် စာရေးသူက တရားဟောရ၏။ မိုးကောင်းတရားပွဲ အတွေ့အကြုံရှိခဲ့ပြီးမို့ ဆုပေးရာ၌ ကြောင်မနေတော့ပဲ ချောချော မောမော ဖြစ်သွား၏။ ဤတရားပွဲ၌ "မဟာသတိပဋ္ဌာနသုတ်- ဓမ္မာနုပဿနာ-အာယတနပဗ္ဗ - သံယောဇဉ် တရားတော်(ပထမပိုင်း)"ကိုဟောကြားသည်။ဟောကြားရာ၌ ကျေးဇူး ရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဒေသနာ ဆောင်ပုဒ်များကိုပါ ထည့်သွင်း ပို့ချဟောကြားခဲ့ရသည်။

### သံယောဇဉ်တရားတော် ဆောင်ပုဒ်များ

(က) မျက်စိကိုလည်းသိရမည်။ အဆင်းကိုလည်း သိရမည်။ ထိုနှစ်မျိုးကိုမှီ၍ ဖြစ်ပေါ် လာသော သံယောဇဉ်ကိုလည်း သိရမည်။

(ခ) သံယောဇဉ်ဖြစ်ပေါ်ကြောင်း တရားကိုလည်း သိရမည်။

(ဂ) သံယောဇဉ်ပယ်ကြောင်း တရားကိုလည်း သိရမည်။

(ဃ) သံယောဇဉ်ငြိမ်းကြောင်း တရားကိုလည်း သိရမည်။

### သံယောဇဉ် ဆယ်ပါး

၁။ အာရုံငါး၀၊ တပ်စွဲက၊ ကာမသံယောဇဉ်။

၂။ သုံးပါးဘ၀၊ တပ်စွဲက၊ ဘ၀သံယောဇဉ်။

၃။ အမျက်ဒေါသ၊ စိတ်ဆိုးက၊ ပဋိဃသံယောဇဉ်။

၄။ ကိုယ်သာတော်လှ၊ ထင်မှတ်က၊ မာနသံယောဇဉ်။

၅။ ရုပ်နာမ်ကိုပဲ၊ ငါကောင်စွဲ၊ ယူလွဲဒိဋ္ဌိပင်။

၆။ တရားမှန်တွင်၊ မယုံချင်၍၊ ဆင်ခြင်နှိုင်းညှိ၊ ဝေဖန်ကြည့်၊ ဝိစိကိစ္ဆာသံယောဇဉ်။

၇။ နွားခွေးတူစွာ၊ ကျင့်တာ ကောင်းမြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်။

* သစ္စာမမြင်၊ မဂ္ဂင်မပေါ်၊ လေ့ကျင့်ကာဖြင့်၊ ချမ်းသာမြဲမည်။ ယုံကြည်ဆုံးဖြတ်၊ ယူဆမှတ်၊ သီလဗ္ဗတပင်။

* ပူဇော်ပသ၊ လေ့ကျင့်မျှဖြင့်၊ ဘဝ နောင်ခါ၊ မြဲချမ်းသာ ယူတာလဲပဲ ၎င်းပင်။

၈။ ကိုယ့်ထက်သူများ၊ ချမ်းသာ ပွါး၍၊ ကောင်းစား သည်ကို၊ မနာလို၊ ခေါ်ဆိုဣဿာပင်။

၉။ ကိုယ့်လိုလူများ၊ ကောင်းစားသည်မှ၊ ဝန်တိုက၊ မစ္ဆရိယပင်။

၁၀။ သစ္စာလေးတန်၊ ပြောင်းပြန်ထင်ကာ၊ မသိတာ၊ အဝိဇ္ဇာ သံယောဇဉ်။

၁၁။ ဝဋ်ဆင်းရဲမှ၊ မလွတ်ရအောင်၊ ချည်နှောင် တတ်စွာ၊ ဤဆယ်ဖြာ၊ အဘိဓမ္မာ သံယောဇဉ်။

**အရိယာ အသီးသီးတို့မှာ ကင်းငြိမ်းသော သံယောဇဉ်များ**

၁။ ဒိ-ဝိ-သီ-ဣ၊ မစ္ဆရိ၊ ကင်း၏ သောတာပန်။

၂။ ကာမရာဂ၊ ပဋိဃ၊ ကင်းပ အနာဂါမ်။

၃။ ဘဝ-မာနာ၊ အဝိဇ္ဇာ၊ ကင်းကွာ အရဟံ။

ဤဆောင်ပုဒ်တို့ကို ထည့်သွင်းဟောကြားပြီးနောက် ပလ္လင်ပေါ်က ဆင်းခဲ့တော့သည်။

**ဆရာတော် ဦးသံဝရ၏ ကာလသုတ္တန်နှင့် ရေကပတ္တ နဂါးမင်း ဝတ္ထု ဆောင်ပုဒ်များ**

ထိုနောက် ဆရာတော် ဦးသံဝရ က ဆက်လက်၍ "ကာလ သုတ္တန်နှင့် ရေကပတ္တ နဂါးမင်းဝတ္ထု တရားတော် (ပထပိုင်း)" ကို ဟောကြား

တော်မူ၏။ ဆရာတော်ကလည်း မှတ်သား လွယ်အောင် ဆောင်ပုဒ်များ ကိုပါ ထည့်သွင်းဟောကြားတော် မူသေး၏။

၁။ တရားဟောတာက မဟာစည်၊
ပရိသတ်တွေက စုံစုံညီညီ၊
မဟာစည် မြည်မစဲလို့ နားကွဲတော့သည်၊
ပရိသတ်တွေ စုံညီဆဲမို့ အားခဲတော့မည်၊
(ဒွိုင်ယောဂီတွေ စုံညီဆဲမို့ အားခဲတော့မည်)
ဓမ္မသဘင်-မနစ္စင်-ညစဉ် နာရမည်။

၂။ ရခဲတာကို ရအောင်လုပ်မယ်၊ ခြေမချော်ရန်- လမ်းမှန် လျှောက်မယ်၊
ဒါနနဲ့ အရင်းတယ်– နိဗ္ဗာန်ရောက်အောင် သွားရမယ်။

၃။ ရခဲတာကို ရအောင်လုပ်မယ်၊ ခြေမချော်ရန်– လမ်းမှန် လျှောက်မယ်၊
သီလနဲ့ အရင်းတယ်-နိဗ္ဗာန်ရောက်အောင် သွားရမယ်။

၄။ ရခဲတာကို ရအောင်လုပ်မယ်၊ ခြေမချော်ရန်- လမ်းမှန် လျှောက်မယ်၊
ပွါးများမှု အရင်းတယ်- နိဗ္ဗာန်ရောက်အောင် သွားရမယ်။

ဤဆောင်ပုဒ်များကို ဆရာတော် ဦးသံဝရ က ချဲ့ပို့လျက် အဓိပ္ပါယ် ကိုလည်း ရှင်းလင်းဟောကြားတော်မူသည်။

## မိုးနှင့်အတူ ဘုရားဖူးယင်း ပျော်လာရေးခရီး

ယခုနကား သီတင်းကျွတ် လဆုတ် ၁၄–ရက်နေ့တည်း။ မိုးတဖွဲဖွဲ ကြောင့် အအေးဓာတ်က တွေးပတ်လျက်ရှိ၏။ နှင်းမှုန်ကလေးများ ကလည်း မိုးနှင့် ရောပြွမ်းနေသောကြောင့် ပတ်ဝန်းကျင်တဝိုက်၌ မှိုင်း ဝေနေသည်။ သစ်ပင်ကြီးငယ်များမှာ မိုးနှင်းအောက်၌ အအေး ဒဏ်ကို ငုံခံနေကြသကဲ့သို့ ငြိမ်လျက် လှုပ်ယှက်ခြင်း ကင်းနေကြသည်။ သို့သော် သက်ရှိလူတို့ကား ကိုယ့်ကိစ္စနှင့်ကိုယ် လှုပ်ရှားသူတို့က လှုပ်ရှား

နေကြလျက်တည်း။ ထိုအချိန်၌ အရဏ်တက်စ စောသေးရကား အချို့ လူတို့ကား အိပ်ရာမှ မထကြသေးပဲ ငြိမ်သက်မြဲ ငြိမ်သက်လျက်ပင် ရှိကြသေးသည်။

တရားဟော အဖွဲ့မှာ မြစ်ကြီးနားမြို့ ပြည်သူ့ရဲ ညွန်ကြားရေးမှူး ဦးလှညွန့်အိမ်သို့ ရောက်နေကြလေပြီ။ မြစ်ကြီးနားမြို့ သာသနာ့ရိပ်သာ နှင့် တောင်တန်းသာသနာပြု ကျောင်းမှ အခြား သံဃာတော်တို့လည်း ထိုအိမ်၌ ရောက်နေတော်မူကြ၏။ သံဃာတော်အားလုံး ထိုအိမ်၌ အရုဏ်ဆွမ်း ဘုဉ်းပေးကြရသည်။ ဆွမ်းမှာ မြစ်ကြီးနား မုန့်ဟင်းခါး ဆွမ်းဖြစ်၏။

မုန့်ဟင်းခါးဆွမ်း ဘုဉ်းပေးကြပြီးနောက် ဗိုလ်မှူးကြီး ဦးသန်းစိန် ကောင်းမှု ပြုထားသော ကားဖြင့် တောင်တန်း သာသနာပြုကျောင်းသို့ သွားကြသည်။ စာရေးသူနှင့် ဘွဲ့တူ ဆရာတော် ဦးဣန္ဒက-က ဦးဆောင်၍ တောင်တန်း သာသနာပြုနေသည်ဟု သိရှိရ၏။ ထိုဆရာတော်၏ သာသနာပြုမှတ်တမ်း၌ နာဂနှင့် ကချင်ပြည်နယ် အတွင်း သာသနာပြုထား သော သမိုင်းဝင်နိုင်သည့် ဓာတ်ပုံများကိုလည်း တွေ့ခဲ့ရသည်။ ကျောင်းပေါ်၌ တရုတ်ပြည်မှ ပင့်ဆောင်ခဲ့သည်ဆိုသော စွယ်တော် ကိုလည်း အနီးကပ် ဖူးတွေ့ရခဲ့သေး၏။ ဓမ္မာရုံနှင့်တကွ ကျောင်းသား နေသော ဘော်ဒါဆောင်ပါ ကျောင်းတွင်း၌ အပြည့်အစုံရှိ၏။

ထို့နောက် သာသနာပြုကျောင်းမှ မြစ်ကြီးနား ကောလိပ်ကျောင်း ကြီးရှိရာသို့ ဦးတည်ထွက်ခဲ့ကြသည်။ ကောလိပ်၌ ညောင်ကန်က ကျောင်းသား ၂-ယောက် ရှိသည်ဆို၍လည်း မေးမြန်းကြည့်ရာ လိပ်စာ မှားနေသဖြင့် မတွေ့ခဲ့ရ။ ညောင်ကန် ကျောင်းသားများကို မတွေ့ခဲ့ရ သော်လည်း ပြည်နယ် ကျက်သရေဆောင် ကောလိပ်ကျောင်းကြီးကို တွေ့ခွင့်ရသောကြောင့် ကျေနပ်ရပေသည်။

လမ်းတလျှောက်၌ကား အင်္ဂလိပ်ခေတ်က လေယာဉ်ကွင်းဟောင်း ကြီးကိုရင်း၊ ကချင်-ဗမာ ရွာကလေးများနှင့် ဥယျာဉ်ခြံများကိုရင်း တွေ့ခဲ့ရလေသည်။ မိုးကား နံနက်စောစောကလို တစိမ့်စိမ့် တဖွဲဖွဲ ပင်တည်း။

ကောလိပ်မှအပြန် ကချင်ရိုးရာ နတ်ပွဲ ကျင်းပသည့် ကွင်းကြီးကို၎င်း၊ ရေဝတီမြစ်ကမ်းနှင့် ဈေး၊ အထက်တန်းကျောင်း၊ ဆေးရုံ၊ ပြည်နယ် အစိုးရ-တိုင်းရုံး၊ ခရိုင်ဝန်ရုံးများကိုင်း ကားပေါ်မှနေ၍ မြင်ခဲ့ရ၏။

"စစ်မဖြစ်မီကထက် မြစ်ကြီးနားမြို့ဟာ လေးဆလောက် ပိုကြီးနေတယ်။ အစိုးရအဆောက်အဦ ကြီးများကလည်း ကချင် ပြည်နယ်မြို့တော်နှင့်လိုက်အောင် ခန့်ညားနေတယ်။ ပြည်နယ်တွေကို အစိုးရက ဂရုပြုကြောင်း ထင်ရှားနေတယ်"

ဒကာကြီး ဦးညီပုက မြို့အခြေအနေကို အကဲခတ်ယင်း ပြောကြားနေသည်။

## နေ့ဆွမ်းမှာ ဟင်္သာအင်-ဟင်းလဲပါ

နေ့ဆွမ်းကို ရိပ်သာ၌ပင် ဘုဉ်းပေးကြရ၏။ ဟင်းမျိုးကားစုံလှသည်။ အမယ်တွေအားလုံး ပြောမပြနိုင်သော်လည်း "ဟင်္သာအင်-ဟင်း" ကိုကား နာမည်ဆန်း၍ ထူးထူးခြားခြား မှတ်မိနေသည်။ ဤရိပ်သာသို့ မန္တလေးမြို့ ရွှေစည်ဆရာတော် ဦးကုလိသ ရောက်စဉ်က ဤ ဟင်္သာအင်-ဟင်းကို အလွန်သဘောကျကြောင်း ရိပ်သာဆရာတော်က အမိန့်ရှိသဖြင့် သိရလေသည်။ ဟင်္သာအင်-ဟင်း ဟူသည် ဘာရွက်ကို ဘယ်လိုချက်ထားသည်ကိုတော့ မမေးမြန်းခဲ့မိပေ။

# ၃။ မေခရယ်၊ မလိခရယ်၊ ဧရာဝတီရယ်ဆုံရာ မြစ်ဆုံ ရှုခင်းသာဝယ်

နေဆွမ်း ဘုဉ်းပေးပြီးကြလေပြီ။ မိုးမှာ တစိမ့်စိမ့် ရွာနေရာမှ တစိမ့်စိမ့်မကတော့ပဲ အတန်ငယ် သည်းထန်လာ၏။ သွားရေးလာရေး မကောင်းလောက်အောင် ဖြစ်လာသည်။ ဤမြစ်ဆုံသို့သွားရန် အစီအစဉ်ကလည်း ရှိနေ၏။

"မိုးဒါလောက်ရွာနေယင် ကားဘီးချော်မှာ စိုးရိမ်ရတယ်။ သွားရမှာက တောင်ကမ်းပါး လမ်းတွေဆိုတော့ မလွယ်လှဘူး" ရိပ်သာဆရာတော်က စိုးရိမ်မကင်းသံဖြင့်မိန့်၏။

"မြစ်ဆုံသွားယင်း ပင်ပန်းလာတာနဲ့ အပြန်ကျယင် တရားဟောနိုင်ကြတော့မှာ မဟုတ်ဘူး" တရားမနာရမည် စိုးသော ယောဂီတို့က ဆိုကြသည်။

"မိုးစဲယင် သွားရုံပါပဲ၊ ဂျစ်ကားတစီး ၅ဝိ-(ငါးဆယ်ကျပ်) ပေးပြီးတောင် စီစဉ်ထားပြီးသားပါ" ဒကာကြီး ဦးညီပုက မိုးကို ပမာနပြု၍ သွားရေး မသွားရေးအတွက် အဆုံးအဖြတ် ပေးလေ၏။

မိုးမှာကား စဲဖို့ဝေးစွ၊ ပို၍တောင် ရွာလိုက်သေးသည်။ မိုးအခြေအနေကို ရိပ်မိသွားသော ဒကာကြီး ဦးညီပုနှင့် ဦးခင်မောင်တို့က ကျောင်းလှေခါးရင်း ရပ်ပြောနေကြရာမှ ကမ္မဋ္ဌာန်း ကျောင်းထဲသို့ ဝင်သွားကြလေတော့သည်။

* မိုးဘုရင်၊ ညှိုးတမင် မာန်တင်းလို့၊
ထန်ပြင်းလေပေါ့၊

* တဖြစ်ငယ်ကြုံ၊ မြစ်ဆုံသွားကြရေးကိုလ၊
ကားဘေးမှာ တားလာချက်ကယ်ကြောင့်၊
သွားရေးရာ အားနာဖက်တယ်၊
(အို-ဟယ်) သွားခက်လှတော့။

ဤဒွေးချိုးကလေး ဖြစ်ပေါ်လာရန် အကြောင်းက ဖြစ်ပေါ်နေ၏။ မိုးရွာရွာ နေပူပူ မရောက်ဖူးသေးသော မြစ်ဆုံကို သွားလိုသော ဆန္ဒက ရှိနေသည်။ စာရေးသူသာ သွားချင်နေသည် မဟုတ်သေး။ ဆရာတော် ဦးသံဝရကလည်း သွားလိုလှက်ရှိသည်။

## မြစ်ဆုံသို့

"မိုးရွာရွာ မရွာရွာ သွားမှာဖြင့် သွားကြမယ်၊ နောက်တခေါက် ဆိုတာက ရောက်ချင်မှ ရောက်မှာ ကဲ-ပြောနေကြတယ် ကားပေါ် တက်ကြစို့"

ဆရာတော် ဦးသံဝရ က ပြောပြောဆိုဆို လှေခါးရင်း၌ အသင့်ရပ် ထားသော ကားပေါ်သို့ တက်လိုက်လေတော့သည်။ စာရေးသူကလည်း နောက်မှတပါတည်း ကားပေါ်တက်လိုက်သွားရာ နှစ်ပါးစလုံး ကား ပေါ် ရောက်နေကြလေပြီ။ ဒကာကြီး ဦးညိုပုနှင့် ဦးခင်မောင်တို့လည်း မနေနိုင်ကြတော့ပေ။ ကမ္ဘောဇနှင်းကျောင်းထဲမှ ထွက်လာကြပြီး ကား ပေါ် တက်ကြရတော့၏။ မိုးကတော့ ရွာမြဲရွာလျက်ပင်။

အချိန်မှာ နေ့ ၁၁-နာရီခွဲ ရှိနေပါပြီ။ တားမရသော တရားဟော အဖွဲ့အား ရိပ်သာဒကာများကလည်း အအေးမိမည် စိုးသောကြောင့် တပ်မဟာမှူး ဦးသန်းစိန်၏ မှန်လုံကားကလေးဖြင့် လမ်းကောင်းရာ မြို့စွန်ရောက်အောင် လိုက်ပို့ကြသည်။ ပြီးမှ ဂျစ်ကားပေါ် ပြောင်းစီး ကြသည်။ ဂျစ်ကားမှာ မှန်လုံကားလို လမ်းမရွေးလှ။ အတော်အတန် ကြမ်းသော လမ်းပေါ်၌လည်း ပြေးနိုင်သည် မဟုတ်ပါလော။

## ရှုခင်းသာသေးမိုး

ဂျစ်ကားကလေးမှာ မိုးထဲ၌ မှန်မှန်ပြေးနေ၏။ ဂျစ်ကားပေါ်ရောက် ၍မှ တဖောလုံခန့်ရှိသေး။ ဒကာကြီး ဦးညိုပုက ကားပေါ်ကနေလျက် စိတ်ကတော့ မြစ်ဆုံသို့ ရောက်နေနှင့်လေပြီ။ "မြစ်ဆုံရောက်လို့ လိမ္မော်သီး ဝယ်လို့ရယင် ဝယ်ခဲ့ရအောင်" ဟု ဆိုလေသည်။

"ဝယ်မှပဗျာ။ ပဝယ်လို့ ဘာဖြစ်မတုံး" ဦးခင်မောင်က ခရီးခုန်ကျော်ပြီး စိတ်က မြစ်ဆုံရောက်နှင့်နေသော ဦးညီပုအား ထေ့တေ့တေ့ အပြုံးကလေးဖြင့် ထောက်ခံလိုက်၏။

လမ်းဘေး၌ အစိုးရပိုးစာပင် စိုက်ပျိုးခင်းများမှာ မိုးတဖွဲဖွဲအောက် ဝယ် စိမ်းလန်းဝေဆာနေ၏။ ထူထဲလှသော တောကြီးများတောင်ကြီး များမှာကား စိုက်ပျိုးခင်း၏ နောက်၌ အစိမ်းတမျိုးထဲ ခြယ်ထားသော ပန်းချီကားကြီးသဖွယ် ရီမှောင်စိမ်းစိုနေသည်။ စမ်းချောင်း ကလေးများအတိုင်း စီးဆင်းနေသော စမ်းရေကလေးများ ကလည်း တသွင်သွင်ဖြင့် ကြည်လင်စီးဆင်းလျက်ရှိ၏။ တောင်ကျရေများကတော့ တဝေါဝေါနဲ့ ဒေါသတကြီး မြည်ဟည်း စီးဆင်းလျက်ရှိ၏။

ဂျစ်ကားကလေးမှာမူ တောင်ချောက်စောင်းရှိ လမ်းပေါ်၌ ရှုခင်း သာကို အရေးမထားဟန်ဖြင့် ဆောင်ရွက်နေကျအတိုင်း စီးနင်းလိုက်ပါ သူတို့ အလိုရှိရာခရီးကို အပြီးဆောင်ယူပြေးသွားလျက်ပင်။ သူတို့ကျော၌ ခြင်းတောင်းကြီးများ ပိုးထားသော ကချင်အမျိုးသမီး အမျိုးသား များကို ကြိုးကြားကြိုးကြား တွေ့ရ၏။ ခါးကိုယ်စီ ပါလာတတ်ကြရာ တောတောင်အတွင်းမှ ရရာ ဟင်းရွက်၊ ဟင်းသီး၊ ထင်း စသည်တို့ကို အိမ်သုံးရန်အတွက် ရှာမှီးနေကြဟန် ရှိကြသည်။

## ၂၁-မိုင်

၂၁-မိုင် အရောက်၌ ကချင်ရွာကလေးတရွာကို တွေ့ရသည်။ ထို ရွာကလေး၌ ကားရပ်၍ ကားမှာ ရေထည့်၏။ ၂၁-မိုင် အမှတ်အသား ကို တွေ့ရာ၌ မေမြို့နှင့် မန္တလေး ခရီးအကြားရှိ ၂၁-မိုင်ကို သတိရမိ သည်။ မေမြို့ ၂၁-မိုင်လို ဤ ၂၁-မိုင်၌ စားသောက်ဆိုင်များကိုတော့ မတွေ့ရချေ။ တောင်ပေါ် ခရီးချင်းနှင့် အအေးဓာတ်ချင်းမှာမူ တူမည် ထင်ပါသည်။ ရေထည့်ပြီးသော် ၂၁-မိုင်မှ ဆက်လက် ထွက်ခွာခဲ့ကြ သည်။ လမ်းတလျှောက်၌ သာယာသော ပတ်ပန်းကျင် ရှုမျှော်ခင်းများ ကို ကြည့်ယင်းရှုယင်း စကားတပြောပြောဖြင့် မှန်မှန် ပြေးနေသော ဂျစ်ကားပေါ်၌ လိုက်ပါလျက်ရှိကြ၏။

## ရှေးဘဝက လိမ္မော်သီး ဒါနကြောင့်

တနေရာသို့ ရောက်သောအခါ ကားလမ်းတလျှောက်၌ လိမ္မော်သီးတွေ ခင်းထားလေသလော-ဟု ထင်မှတ်ရလောက်အောင် ထိန်ထိန်ဝါနေသော လိမ္မော်သီးများကို ကားပေါ်မှ မြင်နေကြရ၏။ ရှေ့ကားများမှ ကျကျန်ရစ်သော ပုံ့သုကူလိမ္မော်သီးများသာ ဖြစ်တန်ရာပါ၏။

ကားထွက်စကတည်းက လိမ္မော်သီးကို စိတ်စောလာခဲ့သော ဒကာကြီး ဦးညီပုက မနေနိုင်တော့ပါ။ လမ်းပေါ်၌ ပြန့်ကျဲနေသော လိမ္မော်သီးတွေကို ဆင်းကောက်လေတော့သည်။ ကားဆရာနှင့် ဦးခင်မောင်တို့လည်း ထိုနည်းရင်းပင် ဆင်းကောက်ကြသည်။ စုစုပေါင်း အလုံး ၂၀၀-ခန့် ရကြလေသည်။

"ဦးညီပု ဝယ်ချင်နေတဲ့ လိမ္မော်သီးတွေ ဦးညီပု ဆန္ဒပြည့်အောင် ရှေ့ကားတွေက အလိုက်သိစွာ ချထားခဲ့တာနဲ့ တူပါတယ်။ လူမင်းဘုန်းကြီးတော့ နတ်မင်းမနေပိုင်ဆိုတာ ဒါမျိုးကို ဆိုဟာပဲ"ဦးခင်မောင်က ခပ်တည်တည် မှင်မောင်းပါပါနဲ့ ပြောရာ ဒကာကြီး ဦးညီပုက ရ,ထားသော လိမ္မော်သီးတွေကို ပီတိလျှမ်းသော မျက်စိဖြင့် ကြည့်ရှုယင်း ပြုံးတုံးတုံး လုပ်နေလေသည်။

"လိမ္မော်သီးများ မြစ်ကြီးနားမှာ ပေါလွန်းလို့ မြစ်ဆုံလမ်းတလျှောက် အလကား ကောက်ယူတောင် ရတာပဲလို့ ပြောစမှတ်တောင် ဖြစ်သေးရဲ့"ဆရာတော် ဦးသံဝရကလည်း အားရရွှင်လန်းသော မျက်စိမျက်နှာဖြင့် အားရပါးရ တဟားဟား ရယ်မောပြောဆိုလေသည်။

"ဒီ တရားဟော အဖွဲ့ဟာ ရှေး ဘဝတခုခုက လိမ္မော်သီး ပုံ့သုကူလှူခဲ့တဲ့ ဒါနကြောင့် အခုဒီမှာ လိမ္မော်သီး ပုံ့သုကူတွေကို ကောက်ရကြတယ်-လို့လဲ ယူဆနိုင်မည် ထင်ပါတယ်" ဤသို့ စာရေးသူကလည်း ဝင်ရောက် ပြောဆိုလိုက်သည်။

## ပြည်သူတို့အတွက် ခရီးလမ်းညွှန်

နေ့ ၁-နာရီ၌ တန်ဖဲစစ်တပ် စခန်းသို့ ရောက်ကြ၏။ မြစ်ဆုံတဝိုက်၌ စောင့်ကြပ်နေသော စစ်တပ်စခန်း ဖြစ်ကြောင်း သိရ၏။ စစ်တပ်အနီး လမ်းဆုံ၌—

"မြစ်ကြီးနားသို့ ၂၇-မိုင် ၂-ဖာလုံ။
ဆွမ်ပရာဘုံသို့ ၁၀၄-မိုင် ၆-ဖာလုံ။
ပူတာအိုသို့ ၂၉၀-မိုင် ၆-ဖာလုံ။
မြစ်ဆုံ ဧရိပ်သာသို့ ၁-မိုင်"

ဟူသော အက္ခရာအဝေး ခရီးလမ်းညွှန်ကို ညွှန်ပြမြဲအတိုင်း ပြည်သူတို့အတွက် ညွှန်ပြထားသည်ကို တွေ့ရသည်။ မြစ်ဆုံ ဧရိပ်သာသို့ ၁-မိုင်ဆိုသော လမ်းညွှန် မြားအတိုင်း ကားကို မောင်းခဲ့ရာ နာရီဝက်အတွင်း မကြာမီ၌ မြစ်ဆုံသို့ ရောက်ကြသည်။

## မေခရယ်၊ မလိခရယ်၊ ဧရာဝတီရယ်

အချိန်မှာ နေ့ ၁-နာရီ ၃၀-မိနစ် ဖြစ်၏။ မိုးမှာ စဲသွားသော်လည်း ကောင်းကင်တခုလုံး အုံ့မှိုင်းနေသည်။ မရွာပဲ မဲလျက်ရှိသောကြောင့် ရွာချင်လျက် အကြောင်းတခုခုကြောင့် အောင့်ထားရသည်နှင့် တူလှသည်။ မြစ်ဆုံသို့ မရောက်စဖူး ရောက်ခနေကြသော ဧည့်သစ် စောင်သစ်များ အတွက် အခွင့်အရေး ပေးထားသည် ဆိုလျှင်လည်း ကျေးဇူးတင်စရာပင်။

တည်းခိုရန် ဧည့်ရိပ်သာနှစ်ခုကို တွေ့ရသည်။ ထည်ထည်ဝါဝါ အဆောက်အဦများမဟုတ်ပဲ ဇရပ်သဘော ဆောက်လုပ်ထားခြင်းသာ ဖြစ်၏။ မြစ်ဆုံသို့ ရောက်လာသော ဧည့်သည်တို့ အတွက် မိုးနှင့်နေကို အကာအကွယ် ပေးနိုင်သော အဆောက်အဦများ ဖြစ်သောကြောင့် ကျေးဇူးများလှပေသည်။ ဧည့်ရိပ်သာအနီး ဧရာဝတီ မြစ်ကမ်းနဖူး၌ ရှုမောဖွယ် မြစ်ရေအယဉ်ကို လှမ်းမျှော် ကြည့်ရှုကြ၏။ မြစ်ဆုံ ဆိုသည့်အတိုင်း မြစ်သုံးစင်းတို့ ဆုံရာ ဖြစ်လေသည်။ မေခရယ်၊ မလိခရယ်၊ ဧရာဝတီရယ်တည်း။

"ဘယ်ဟာက မေခ၊ ဘယ်ဟာက မလိခလဲဒကာကြီး" မေခနှင့်မလိခ မြစ်နှစ်ခုကို ခွဲခြားမသိသောကြောင့် ဒကာကြီး ဦးညီပုကို မေးလိုက်သည်။

"ဟို-လက်ျာဘက်က ဧရာဝတီဖြစ်ထဲကို စီးဝင်နေတာဟာ မေခဘုရား၊ သူက ရေစီးကြမ်းတယ်။ လက်ဝဲဘက်က စီးဝင်နေတာကတော့

မလိခဘုရား၊ သူက မေခလောက် ရေစီးမကြမ်းဘူး” ဒကာကြီး ဦးညိုပုက ရှင်းလင်းပြောကြားထား၏။

မြစ်ဆုံမှာ သဏ္ဍာန်အားဖြင့် တြိဂံ (သုံးထောင့်) ပုံသဏ္ဍာန်ရှိသည်။ ပတ်ဝန်းကျင်မှ တောင်တန်းပြာကြီးများမှာ ရွာဒေတာ့မယောင် မှိုင်းနေသော မိုးသားရောင်တို့ အောက်၌ ညို့နေသည်။ မေခ၊ မလိခ မြစ်ရေ အယဉ်တို့ကား လှမ်းမမြင်နိုင်သော အရပ်ဆီမှ စီးဆင်းလာကြပြီးလျှင် ရေဝတီမြစ်မကြီးထဲသို့ စီးဝင်ပေါင်းဆုံနေကြသည်။

တခြားတနေရာဆီက စီးဆင်းလာကြသည် ဖြစ်ပါလျက် သူတမျိုး ငါတဖုံ ငြင်းခုံခြင်း၊ တိုက်ခိုက်ခြင်း ပဋိပက္ခမျိုးတွေ မရှိကြပါပဲနှင့် တသားတည်း သဘောတူ ညင်ညင်သာသာ အတူတကွ ပေါင်းဆုံကြသည်။ ဤသို့သာ လူတွေလဲ တသားတည်း နေထိုင် သွားလာနိုင်ကြမည် ဆိုလျှင် ရုံးပြင်ကနားလည်း ရှိစရာမလို၊ တရားသူကြီးများလည်း ခန့်ထားဖွယ်ရာမရှိ၊ အနုမြူဟိုက်ဒရိုဂျင် ဗုံးတွေလည်း ပြုလုပ်နေဖို့မမြင်။ သြော်- ဒီလိုသာဆိုလျှင် အင်မတိ အင်မတန် သာယာသော လူလောကကြီး၊ နေချင်စရာ ပျော်မွေ့စရာကောင်းသော လူတို့ဘဝကြီး ဖြစ်နေပေမည်။ တခဏချင်းအတွင်း ဤသို့ပင် စိတ်ကူးယဉ်မိသွားသည်။ လူတို့လောကမှာ စိတ်ကူးယဉ်သလို မဟုတ်ခဲ့တကား။

## မြစ်ဆုံဘုရားကို ဖူးရပါပြီ

မြစ်ဆုံအတွင်းက ကျွန်းကလေးပေါ်၌ ရွာကလေးတရွာကို လှမ်းမြင်ရသည်။ မလိခမြစ်ထိပ်ဆီက ထုံးဖြူသင်္ကန်း ခြုံလွှမ်းထားသော ဖြူဖြူဖွေးဖွေး ထုံးရေးရေးကလေး စေတီတော်ကလေး တဆူကိုလည်းလှမ်းမြင်ရသည်။ သာယာကြည်နူးဖွယ်ဖြစ်သော ရှုမျှော်ခင်း၌လှမ်းမြင်နေရသည့် ရွာကလေးနှင့် စေတီတော်ကလေးမှာ ခပ်လှမ်းလှမ်းဝယ် ဖြစ်နေသော ကြောင့် စေတီတော်ကလေးဆီမှ ဆည်းလည်းသံကိုရင်း၊ ရွာကလေးဆီမှ လူသံ သူသံကိုရင်း၊ မကြားရပေ။ တောတောင် မြစ်ဆုံတို့၏ အကြား၌ ထီးတည်းကလေး ဆိတ်ငြိမ်နေသည်ကိုသာတွေ့မြင်ရသည်။

“တယ်-သာမောဖွယ်ကောင်းတဲ့ နေရာကလေး” စိတ်ထဲ၌ သာမကပဲ နှုတ်ကပါ ကျူးရင့်မိလိုက်သည်။

"ဟုတ်ပါ့ ဘုရား၊ ကြည်နူးဖွယ် ကောင်းလိုက်တာ" အသံထွက်သွားအောင် ကျူးရင့်မိရာ၌ ဦးခင်မောင်က မဆိုင်းမတွ ထောက်ခံလိုက်သည်။

* မလိခမြစ်-ဦးသစ်ထိပ်ဝယ်၊
စေတီတော်မြတ်-ကိန်းဝပ်စံပယ်၊
မြစ်ဆုံရောက်မှ-ဖူးရပါတယ်၊
ဒို့လေးဦး-ကံထူးကုသိုလ်ကြွယ်။

## ဘုရားပုထိုး မရှိတဲ့အရပ်

"မြန်မာပြည်ဟာ သာသနာ့ တံခွန်ဖြစ်တဲ့ စေတီ ရုပ်ပွါးဘုရားတွေ အင်မတန်ပေါတယ်။ လူနေ ထူထပ်တဲ့ နေရာတွေ မှာသာ စေတီပုထိုး ရှိတာမဟုတ်ဘူး။ ရှုမျှော်ခင်းသာယာတဲ့ နေရာတိုင်း တောတောင်တွေပေါ်မှာပင် တည်ထားလေ့ ရှိကြတယ်။ ဒါပေမဲ့ ဘုရားတဆူမှ မရှိတဲ့ နေရာကိုတော့ ရောက်ခဲ့ဘူးပါတယ်။ အဲဒီ နေရာကတော့ ရခိုင်ပြည်နယ် မောင်းတော အရပ်ပါပဲ။ စေတီဆိုလို့ တဆူမှ မတွေ့ရပါဘူး။ မောင်းတောဆိုတာ မူဆလင် ကုလားနဲ့ စစ်တကောင်း လူမျိုးတွေ နေတဲ့နေရာ ဖြစ်ပါတယ်။ မြန်မာပြည်အတွင်းဖြစ်လို့ ဗမာလို ဗုဒ္ဓဘာသာအချို့လဲ ရှိတာပါပဲ။ မြစ်တဘက်ကမ်း ပါကစ္စတန်ထဲမှာတောင် စေတီတော်တွေ ရှိနေပါလျက် ဘာကြောင့် မောင်းတောဘက်မှာ စေတီတဆူမှ မရှိပဲဖြစ်နေတယ် မပြောတတ်ပါဘူးဘုရား"

အစိုးရ တာဝန်နဲ့ မောင်းတောနယ် ရောက်ခဲ့ဘူးသော ဒကာကြီး ဦးညီပုက မြင်နေရသည့် မြစ်ဆုံစေတီတော်ကို ကြည့်ပြီး လျှောက်ထားလေသည်။ ရာထူး တာဝန်နှင့်တပြိုင်နက် မြန်မာပြည် အနှံ့အပြား ရောက်ဘူးနေသော ဒကာကြီး ဦးညီပုမှာ ဗဟုသုတ ပြည့်ဝလှသည်။ အရပ်ဒေသ ဗဟုသုတနှင့် ပတ်သက်၍ မသိသမျှကို မေး၍ အင်မတန် ကောင်းသည်။ သူသိသမျှကို စိတ်ရှည်ရှည် ထား၍ ပြောတတ် သဖြင့်လည်း မသိ၍ မေးရသူအတွက် ကျေကျေနပ်နပ်ရှိသည်။

## ဧရာဝတီမြစ်၏ အစအဆုံး

"ဧရာဝတီမြစ်ရဲ့ အဆုံးကတော့ ပင်လယ်ထဲ ဆုံးသွားတယ် ဆိုတာ ထင်ရှားတယ်။ ဘယ်က စတယ် ဆိုတာတော့ သိတဲ့လူ နဲမှာပဲနော် ဒကာကြီး"

ဧရာဝတီမြစ်ရင်း ရောက်နေရသည်ကို ကျေနပ်လျက် ရှိသော ဆရာတော် ဦးသံဝရ က မြစ်အစကို ဒကာကြီး ဦးညီပုထံ စူးစမ်းယင်း ဤစကားကို ဆိုသည်။

"မေခနဲ့ မလိခ ပေါင်းဆုံလိုက်တော့ မြားဦး သဏ္ဌာန် ဖြစ်နေတာကို မြင်နေရတယ်။ သည်နေရာက အထက်မှာ ဧရာဝတီ မြစ်ရယ်လို့ မရှိတော့ပါဘူးဘုရား။ မေခနှင့် မလိခပေါင်းလို့ မြားဦးချွန်သဏ္ဌာန် ဖြစ်နေတဲ့ သည်နေရာဟာ ဧရာဝတီမြစ်ရဲ့ အစပါပဲ။ ရောက်ဖူးသူ နဲသလောက် ဧရာဝတီမြစ်ရဲ့ အစကိုသိသူလဲနဲမှာပေါ့ဘုရား"

"နေရာ ကျလိုက်လေ ဒကာကြီး၊ မျည်စိအောက် ရောက်ပြီး မြင်နေရတဲ့ ဧရာဝတီ မြစ်ကြီးရဲ့ အစ မြစ်ဖျားကို မရောက် ရောက်အောင် သွားကြည့် အုံးမယ်လို့ ဘုန်းကြီး ငယ်ငယ်က ဆန္ဒဖြစ်ခဲ့ဘူးပါတယ်။အခုလဲ ဒီဆန္ဒပြည့်သွားပြီလေ။ ဒကာကြီး လိုက်ပို့ပေလို့ ရောက်ရတယ်။ ဒကာကြီး ကောင်းမှုပါပဲ"

ဆရာတော် ဦးသံဝရက ငယ်ငယ်က ဖြစ်ခဲ့ဘူးသော သူ့ဆန္ဒပြည့်ဝမှုကြောင့် ဝမ်းသာအယ်လဲ ဖြစ်ရသည်ကို ထုတ်ဖော်လိုက်သည်။

"ရေစပ်ရောက်အောင် ဆင်းကြည့်ကြဦးစို့"

ဦးခင်မောင်က ပြောပြောဆိုဆို ကမ်းပေါ်က အောက်ရောက်အောင် ဆင်းသွားသည်။

ဦးညီပုမှာ ဆင်းမလိုက်တော့ပဲ ကမ်းပေါ်မှာပင် နေရစ်သည်။ ကမ်းပါးစောက်ကြီးဖြစ်၍ ဆင်းတက်ရန် မလွယ်ကူသော ရေစပ်ကို အသက်အရွယ် ၇၀-ရှိပြီဖြစ်သော ဦးညီပုအတွက် ခြေချော်လက်ချော် ရှိမည် စိုးရိမ်ရသည်။ ကမ်းပါးက နက်၍ စောက်ရသည့်အထဲ မိုးရွာထား၍ ချောကျိကျိဖြစ်နေသည်။ဆင်းနိုင်သူတို့ပင် မချော်မလဲအောင် မနဲ

ကြီး သတိထား ဆင်းကြရသည်။ ရေစပ်၌ မျက်နှာသစ်ကြ၏။ ခြေ သန့်စင်ကြ၏။

## အပြန်ခရီး ကချင်ကြီးနှင့်တွေ့

မြစ်ဆုံကား နောက်၌ ကျန်ရစ်ခဲ့လေပြီ။ ဂျစ်ကားလေးသည် မြစ်ဆုံကို ကျောပေး၍ လာခဲ့ရင်း မြစ်ကြီးနားဆီသို့ ရှေ့ရှုပြေးနေလေတော့သည်။ မကြာမီပင် အလာတုန်းက ရောက်ခဲ့ပြီးသော တန်ဖဲစစ်တပ်စခန်းသို့ ရောက်ကြပြန်သည်။ စစ်တပ်က မြစ်ကြီးနားသို့ စာပေးလိုက်ချင်သည်ဆို၍ ဂျစ်ကားကို ရပ်ပြီးစောင့်နေကြရသေး၏။ ကားရပ်စောင့်နေစဉ် ကချင်ကြီးတယောက်ကို မလှမ်းမကမ်းမှ လာနေသည်ကို တွေ့မြင်ရ၏။

ထိုကချင်ကြီးကို ဆရာတော် ဦးသံဝရ က လက်ရပ်ခေါ်လိုက်သည်။ သူ့ကျောပေါ်၌ ခြင်းတောင်းကြီးကို ပိုးလျက် အနီးသို့ ရောက်သည့်အခါ ဆရာတော် ဦးသံဝရ က လိမ္မော်သီးသုံးလုံး ပေးလိုက်ရာ လက်အုပ်ချီလျက် "ကျေးဇူးတင်ပါတယ်"ဟု ဗမာလို ပီပီသသ ပြော၍ လိမ္မော်သီးကို လှမ်းယူလိုက်သည်။

"အခု ဘာအလုပ်အကိုင်များ လုပ်ကိုင်နေပါသလဲ" ဒကာကြီး ဦးခင်မောင်က ကချင်ကြီးအား မေး၏။

"အရင်တုန်းက မြစ်ကြီးနား လေယာဉ်ကွင်းမှာ အလုပ်လုပ်ပါတယ်။ အခု အဲဒီမှာ အလုပ်မလုပ်ရတော့လို့ တောင်ယာလုပ်နေရပါတယ်"

ဦးခင်မောင် အမေးကို ကချင်ကြီးက ပြန်ဖြေပြီးနောက် မနီးမဝေး ရှိ သူ့အိမ်သို့သွားလျက် ပေးလိုက်သော လိမ္မော်သီးကို အခွံသင်စားနေသည်ကို မြင်ကြရ၏။ သူ့အိမ်ရှေ့စားပွဲပေါ်၌လည်း ရောင်းရန် တင်ထားသော လိမ္မော်သီးများကို လှမ်းမြင်ကြရသည်။

## ရှင်ပစ္စေကဗုဒ္ဓါထုံး နှလုံးမူပြီး လိမ္မော်သီးစား

"ဆရာတော် ဦးသံဝရတို့ကတော့ အင်မတန် သဒ္ဒါတရား ကောင်းတာပဲ၊ လိမ္မော်သီး ရောင်းတဲ့ ကချင်ကြီးကိုတောင် လိမ္မော်သီး ပေးခဲ့သေးတယ်။ ကချင်ကြီးကလဲ မဆိုးလှဘူး၊ ရှင်ပစ္စေကဗုဒ္ဓါထုံး နှလုံ့

မူပြီး အလှူရှင် သဒ္ဒါပွါးအောင် အလှူရှင် မြင့်လောက်ရာမှာ ထိုင်ပြီး အခွံသင်ကာ လိမ္မော်သီးကို စားနေတာပဲ''

စာရေးသူက ဤသို့ပြောလိုက်ရာ ဒကာကြီး ဦးညိုပုရော ဦးခင်မောင်ပါ ဝါးကနဲ ပွဲကျသွားကြလေသည်။

''တချင်ကြီး လောဘကြီး မကြီး စမ်းကြည့်တာပါ''

ဆရာတော် ဦးသံဝရ က အတူးရာပြီး ရယ်မောယင်း ပြောလိုက်သေး၏။ စစ်တပ်မှ ပေးလိုက်သောစာကို ယူ၍ ဂျစ်ကားလေးကို မြစ်ကြီးနားဆီသို့ ဆက်လက်မောင်းခဲ့ကြသည်။

## မြစ်ကြီးနား ဒုတိယည တရားပွဲ

မိုးကောင်းသော အရပ်ဒေသက လူများသည် မိုးနှင့်ယဉ်ပါးနေကြပြီဖြစ်၍ မိုးကို မကြောက်ကြ။ လုပ်ကိုင်သွားလာစရာ ရှိသည်ကို ခမောက်ကို ဆောင်းလျက်ရင်း၊ ထီးကို ဆောင်းလျက်ရင်း သွားလာလုပ်ကိုင်ကြသည်။ မိုးကို ကြောက်နေလျှင်လည်း အလုပ်လုပ်ကြရတော့မည် မဟုတ်ကုန်။ အကြောင်းမူကား မိုးတွင်းကာလ၌ မိုးတပြတ်လပ်သည် မရှိသောကြောင့်တည်း။

မြစ်ကြီးနားမြို့ ဒုတိယည တရားပွဲ၌လည်း မိုးကတဖွဲဖွဲသာတည်း။ တရားနာ ပရိသတ်တို့မှာ သူတို့ ထုံးစံအတိုင်း ခမောက်ကိုရင်း၊ ထီးကိုရင်း အကာအကွယ်ယူကြ၍ တရားနာ လာရောက်ကြ၏။ တရားနာ ပရိသတ်မှာ ပထမညကထက် များသည်ကို တွေ့ရသည်။ ရှေ့မှာ ဒကာကြီး ဦးညိုပုဟပင် ကျေးဇူးတင်စကား ပြောကြားလျက်အပြီး၌ ပထမညတရားပွဲတုန်းက ဟောကြား၍ မပြီးဆုံးသေးသော တရားတော်များကို ဆက်လက်၍ မွေ့ယာထက ဆရာတော်တို့သာ အဆုံးသတ် ဟောကြားတော် မူကြပါသတည်း။

# ၄။ မြစ်ကြီးနားမှ ခမ္ပတီးသို့

ယနေ့ကား တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့တည်း။ ယနေ့ မြစ်ကြီးနားမှ ခမ္ပတီးသို့ သွားကြရမည့်နေ့ဖြစ်၏။ သွားကြရမည့် ခရီးအတွက် ပြင်ဆင်စရာ ရှိသည်တို့ကို ညကတည်းက ပြင်ဆင်ထားကြသည်။ လေယာဉ်ဖြင့် နံနက်စောစော ထွက်ကြရမည် ဖြစ်သောကြောင့် နံနက်၌ ပြင်ဆင်ချိန်ရမည် မဟုတ်သည်ကို သိကြ၏။

နံနက် အရုဏ်ဆွမ်း အတွက်ကိုလည်း အချိန်မှီ ဖြစ်အောင် ကြိုတင်စီစဉ်ထားကြသည်။ နံနက်အချိန်ပိုင်း၌သာ စားသောက်ခွင့်ရကြသော သံဃာတော်များအတွက် ခရီးသွားတော့မည်ဆိုလျှင် စားရေး သောက်ရေးကို ကြိုတင်စီစဉ်ထားရသည်မှာကား တဒုက္ခပင်။ စားချင်သည့်နေရာ၌ စားလိုသည့်အချိန်တိုင်း စားသောက်ခွင့် မရသည်မှာ ရဟန်းတော်တို့၏ သီးခြားကိစ္စဖြစ်၏။ ရဟန်းနှင့်လူ အရာရာတိုင်းတူလို့မဖြစ်။ တနေရာရာ၌ ခြားနားခြင်း ရှိကြရမည် ဖြစ်သည့်အတိုင်း ဤစားရေးသောက်ရေး၌လည်း ထူးခြားမှုတခုအဖြစ် ပါဝင်လျက်ရှိသည်။

နံနက်လင်းသည်နှင့် တပြိုင်နက် အရုဏ်ဆွမ်းကိစ္စ ပြီးတော့သည်။ မိုးစဲသည်ဟု ဆိုရသော်လည်း မိုးနှင်းများကတော့ ရွှဲရွှဲစိုအောင် ကျလျက်ပင် ရှိနေသည်။ မိုးနှင်းထဲမှာပင် သာသနာ့ရိပ်သာမှ လေယာဉ်ကွင်းသို့ ထွက်ခဲ့ကြ၏။ နံနက် ၆-နာရီ၌ လေယာဉ်ကွင်းသို့ ရောက်ရှိကြရာ လေယာဉ်ထွက်ချိန်ထက် ၁-နာရီခွဲခန့် စော၍ ရောက်နေကြသည်။ လေယာဉ်ကွင်း တည်းခိုခန်းထည်း၌ လိုက်ပို့သူတို့နှင့်အတူ စကားစမြည် ပြောယင်း လေယာဉ်အထွက်ကို စောင့်ကြရ၏။ ရိပ်သာဆရာတော် အမှူးပြုသော ယောဂီများက လေယာဉ်ကွင်းအထိ လိုက်ပို့ကြသည်။

## လေယာဉ်ပေါ်က မြင်ကွင်း

နံနက် ၇-နာရီ ၄၅-မိနစ်၌ မြစ်ကြီးနား လေယာဉ်ကွင်းမှ ခမ္ပတီးသို့ လေယာဉ် စတင်ထွက်ခွါခဲ့သည်။ ဆရာတော် ဦးသံဝရနှင့် ဒကာကြီး

ဦးညီပုတို့က တတွဲ၊ စာရေးသူနှင့် ဦးခင်မောင်တို့က တတွဲ လေယာဉ် ထိုင်ခုံပေါ်၌ ထိုင်ကြ၏။ ထွက်ခွါခဲ့ရသော မြစ်ကြီးနားမြို့ကို လေယာဉ် ပေါ်က ပြန်၍ ကြည့်မိပါသေးသည်။ တဖြည်းဖြည်း ဝေး၍ဝေး၍ ကျန်ရစ်ခဲ့လေတော့၏။

သူ့အကန့်နှင့်သူ အကွက်ရိုက် စိုက်ပျိုးထားကြသော တောင်ယာ များ၊ ဟိုတစု သည်တစု သူ့အစုနှင့်သူ ရှိနေကြသော ရွာများ၊ တရွာနှင့် တရွာ ကူးလူးသွားလာကြသော လမ်းများ၊ ချောင်းမြောင်း အင်းအိုင် များ၊ ကျောင်းကန်နှင့် စေတီပုထိုးများ၊စိမ်းညို့နေသော တောတောင် များ စသည့် ရှုခင်းများကို လေယာဉ်ပေါ်က မြင်နေရသည်။

မှောင်ဝေနေသော မိုးရိပ်မိုးနင်းများနှင့် တိမ်လိပ်တိမ်တိုက်များကို လွတ်အောင်တက်၍ ပျံသန်းနေရသဖြင့် လေယာဉ်မှာ မြင့်၍မြင့်၍ တိမ်လိပ်တိမ်တိုက်တို့၏ အထက်၌ ရောက်နေတော့သည်။ အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ဖတ်ပြီးသား ဂွမ်းတွေ လေ၌ လွင့်နေသလို အထပ်လိုက် အထွေးလိုက် လွင့်နေကြသော တိမ်တောင် တိမ်လိပ် မိုးသားတွေကို မြင်နေရသည်။

အသည်းထဲ၌ အေးကနဲ အေးကနဲ ဖြစ်ဖြစ်သွားအောင် လေယာဉ်က နိမ့်လိုက်မြင့်လိုက် ဖြစ်တတ်သဖြင့် ဘုရားဂုဏ်တော်များကို အသံမထွက် အောင် နှုတ်မှ တတွတ်တွတ် ရွတ်ပွါးနေလိုက်ရသည်။

## ခမ္ဘတီးလေယာဉ်ကွင်းနှင့် နာဂလုပ်သားများ

မြစ်ကြီးနားမှ ခမ္ဘတီးကို လေယာဉ်ဖြင့် တနာရီတိတိ သွားရ၏။ ၇-နာရီ မိနစ် ၄၀-က မြစ်ကြီးနား လေယာဉ်ကွင်းမှ ထွက်ခဲ့သော လေယာဉ်သည် ၈-နာရီ မိနစ် ၄၀-၌ ခမ္ဘတီးလေယာဉ်ကွင်းသို့ ဆင်းမိ သည်။ လေယာဉ်ကွင်း၌ ကုန်တင်ကုန်ချလုပ်နေသော နာဂလုပ်သား များကို တွေ့ရ၏။ လုပ်သားပီပီ သူတို့ကိုယ်ကာယများမှာ တောင့်တင်း လှကုန်၏။ ဆံထုံးကို ဆံရစ်နောက်တွဲ ထုံးမျိုးထုံးထားကြပြီး၊ ဆံထုံး၌ ဘီးအစား အချွန်သွားတိုက်တန်ကိုင်း၊ အချွန် နွားရိုး ကျွဲရိုးများကိုင်း ညှပ်ထားကြသည်။ နားပေါက်ကျယ်ကြီးများ၌ လက်သန်းခန့် ဝါးဆစ

များကို ပန့်ဆင်ထားကြသည်။ လက်ဖွဲ့သဘောမျိုး ကျစ်ကြိုးများကိုလည်း တချို့ လည်ပင်း၌ ဆွဲထားသည်ကို တွေ့ရသည်။ လန်ကွတ်တီမှတပါး သူတို့၌ အဝတ်အစား မရှိပေ။ သူတို့ ဆင်ယဉ်ထုံးဖွဲ့မှုမှာ မဂ္ဂဇင်းစာစောင်များ၌ တွေ့ရသော ခေတ်ပုံအကိုင်း လုံးရုံကလေးမျှ ပတ်ထားကြသော ဆင်ယင်ထုံးဖွဲ့မှုတို့သာတည်း။ ခပ်လှမ်းလှမ်း၌ စစ်စခန်းတဲများနှင့် စစ်ကား ၂-စီးကိုလည်း တွေ့ရသည်။

## နားမကြားပဲ ဖြစ်နေ

မကြာမီ တရားဟော အဖွဲ့ကို လာကြိုဟန်ရှိသော ဘုန်းတော်ကြီး ၂-ပါးကို လှမ်းမြင်နေရသည်။ တပါးက ညိုညိုပုပု၊ တပါးက ဖြူဖြူရှည်ရှည်တည်း။ အနီးသို့ ရောက်လာ၍ သူတို့နှင့် စကားပြောရာ သူတို့က ပြန်ပြောသော စကားသံကို နားက မကြားပဲ ဖြစ်နေ၏။ တနာရီလုံးလုံး လေယာဉ်စက်သံများကို ကြားနေခဲ့ရာမှ နားအူနေခြင်းကြောင့် ဖြစ်သည်။ ဤသို့ ဖြစ်နေသည်ကို လေယာဉ်အတူစီးလာ၍ သူလည်း နားအူနေသော ဆရာကော် ဦးသံဝရ က သိသဖြင့် "နာခေါင်းနှင့် ပါးစပ်ကို ပိတ်ပြီး လေကို နာနာပါအောင်မှုတ်ထုတ်လိုက်ပါ" ဟု လက်ဟန်ခြေဟန်နှဲရော၊ အသံကျယ်ကျယ် အော်၍ပါ နားအနီးသို့ ကပ်၍ ပြောသည်။ သည်တော့မှပင် ပြောသည့်အတိုင်း လေမှုတ်ထုတ်လိုက်ရာ "ဝါး-ဟား ဟား-ဟား" ဟူသော အသံတို့ကို စ၍ ကြားရလေတော့သည်။

## မိတ်ဆက်စကား ပြောကြားကြရ

"တပည့်တော်က ခမ္မတီးမြို့ ပေါ်မိုင်းရပ်၊ ဗဟိုကောင်တန်းသာသနာပြုကျောင်းက ဦးကေသရပါ။ ဒီဘုန်းတော်ကြီးက နာဂတောင်တန်းဟတ္ထီ သာသနာပြု ဌာနက ဆရာတော် ဦးကောဝိဒပါ" ဆရာတော် ဦးကေသရဆိုသူ အရှင်မြတ်က ညိုညိုပုပု ကျန်တပါးကို လက်ညှိုးညွှန်၍ မိတ်ဆက်ပေးတော်မူ၏။ ထို့အတူ စာရေးသူကလည်း တရားဟောအဖွဲ့ ၄-ဦးလုံး၏ အမည်နေရပ် စသည်တို့ကို ပြောကြား၍ ပြန်လည်မိတ်ဆက်ပေးလိုက်ရသည်။

## မမြင်ဘူးတော့ ဆန်းမှာပဲ

ဆရာတော် ဦးကေသရက လေယာဉ်တည်းခိုရေးခန်း၌ ချမ်းချမ်းသာသာ ခေတ္တစောင့်နေကြပါရန် ဖိတ်ခေါ်ပါသော်လည်း တည်းခိုခန်းကို မသွားကြပေ။ လေယာဉ်၌ ကုန်တင်ကုန်ချ လုပ်နေကြသော နာဂအလုပ်သမားများကို ကြည့်နေကြသည်။ သတင်းစာ မဂ္ဂဇင်းတို့၌ဓာတ်ပုံများကိုမြင်ဘူးကြသော်လည်း လူကိုယ်တိုင်ကို မမြင်ဘူးသေးသော်ကြောင့် နာဂအမျိုးသားတို့ကို ယခုမှ သေသေချာချာ ကြည့်နေကြသည်။

နာဂအမျိုးသားများသည် အားအင်တောင့်တင်းရှိသာမက အထမ်းအပိုး အတင်အချ၌လည်း ကျွမ်းကျင်လှကုန်၏။ လေးလံသော အထုပ်ကြီးများ၊ သေတ္တာများကို တင်ကြချကြရာ၌ သူတို့အတွက် လေးလံသည်ပင် မထင်ရ။ သက်သက်သာသာပင် ထမ်းပိုးတင်ချနေကြသည်။ သူတို့၏ လန်ကွတ်တီ အဝတ်ကလေးများမှာ မလုံမလဲ ရှိလှသည်။

စာရေးသူတို့က နာဂအမျိုးသားများ လုပ်ပုံကိုင်ပုံကို ဂရုတစိုက် လေ့လာကြည့်ရှုနေကြသည်ကို မြင်သော နာဂတောင်တန်း ဟတ္ထိသာသနာပြုဌာန ဆရာတော် ဦးကောဝိဒ က ''အရှင်ဘုရားတို့က မြင်နေကျမဟုတ်တော့ အဆန်းဖြစ်ပြီး ရိုင်းတယ်လို့များ ထင်နေကြမလားပဲ။ တပည့်တော်တို့ကတော့ မြင်နေကျ ဖြစ်နေလို့ ရိုးယဉ်နေပါပြီ'' ဟု ဆိုလေသည်။

''ကိုယ့်အလေ့အထ မဟုတ်သူတွေကတော့ ရိုင်းတယ်လို့ ထင်ချင်ယင် ထင်စရာပေါ့ဘုရား။ ဒါပေမဲ့ ကိုယ့်အလေ့အထနှင့် ကိုယ်ဆိုယင်တော့ ရိုင်းတယ်လို့ မဆိုနိုင်ပါဘူး။ ယဉ်နေကြတာပါပဲ။ တပည့်တော်တို့ကတော့ ရိုင်းတာ ယဉ်တာ ပဓာနမဟုတ်ပါဘူး။ မရောက်ဘူးသေးတဲ့ အရပ်၊ မမြင်ဘူးသေးတဲ့ လူမျိုးတို့ အလေ့အထကို လေ့လာခြင်းမျှသာပါပဲ'' စာရေးသူက သဘောထား အမှန် သိအောင် ဤသို့ပြန်၍ လျှောက်ထားလိုက်ရသည်။

လေယာဉ်ကွင်းမှာ ခမ္မတီးမြို့နှင့် နီးလှသည်မဟုတ်။ လေယာဉ်ကွင်းမှ မြို့ကို ၂-မိုင်ခန့် သွားရဦးမည်ဟု သိရလေသည်။ မြင့်၍ ကွင်းကောင်းသော တောင်ထိပ်ပေါ်၌ လေယာဉ်ကွင်း ပြုလုပ်ထား၏။

## တည်းခိုရာ မြို့မကျောင်း

''ကဲ-ကားပေါ်ကို တက်ကြပါဘုရား။မြို့ထဲကိုသွားကြပါစို့။ အသင့်ရပ်ထားသော စစ်ကားပေါ်သို့ တက်ကြပါရန် ဗဟို တောင်တန်းသာသနာပြု ဆရာတော် ဦးကေသရ က နိုးဆော်သည်။ ခမ္ပတီးမြို့၌ အခြားကားဟူ၍ မရှိ။ ဤစစ်ကားများသာ ရှိကြောင်း သိရသည်။ ဤစစ်ကားသည်ပင် ခမ္ပတီးသို့ ရောက်လာသည်မှာ မကြာသေးဟု ဆိုသည်။ စာရေးသူက ဆရာတော် ဦးသ်ဝရနှင့်အတူ ရှေ့ခန်း၌ စီးရ၍ကျန် လာကြိုသူ ဆရာတော်များနှင့် ဒကာများက နောက်ပိုင်းခန်း၌ စီးကြသည်။

ကားလမ်းမှာ ကြမ်းလှ၏။ ခရောင်းထဲချမောင်းသော လှည်းထက်ပင် အစီးရခက်သေးသည်။ တောင်ကမ်းပါးရံ အတိုင်း တွေ့ကာပတ်ကာ ဆင်းလာရသည်။

''ကားလမ်းက ကြမ်းလှပါကလား'' ဟု စာရေးသူက ညည်းတွားမိ၏။

''လမ်းက တွေ့တဲ့အတိုင်းပါပဲဘုရား။ အင်မတန် ကြမ်းပါတယ်။ ဒီအထဲ မိုးက ရွာထားလို့ စိုနေတော့ မချော်အောင်မနဲ သတိထားမောင်းရပါတယ်။ သူများမောင်းတဲ့ ကားဆိုယင် ဒီလမ်းမှာတပည့်တော် မစီးရဲပါဘူး။ ခြေလျင် သွားလိုက် တာပါပဲ''ဟု ကားဆရာက ကားမောင်းယင်း လျှောက်ထားသည်။

၂-မိုင်ဆိုသော ခရီး၌ လမ်းချော လမ်းကောင်းဖြစ်က ကားဖြင့်တဏမျှသာ သွားရမည် ဖြစ်သော်လည်း ယခုမူ နာရီဝက် နီးပါးကြာမှ ခမ္ပတီး မြို့ထဲသို့ ရောက်၏။ ရုံးအဆောက်အဦများ၊ အထက်တန်းကျောင်းနှင့် ရဲစခန်းစသည်တို့ကို ကျော်ဖြတ်၍ တည်းခိုရာ မြို့မကျောင်းသို့ ရောက်ကြသည်။

မြို့မကျောင်း၌ ကျောင်းမကြီးက တကျောင်း၊ ဆွမ်းစားကျောင်းက တကျောင်းအားဖြင့် ၂-ကျောင်းသာရှိ၏။ ကြီးမားသော ကျောင်းကြီးများဖြစ်၍ ၂-ကျောင်းဆို ဆိုသလောက် နေလောက်ထိုင်လောက်သည်။

မြို့မကျောင်း နာယက ဆရာတော်မှာ ဆရာတော် ဦးပညာသာမိ ဖြစ်ရာ ရန်ကုန်သာသနာ့ရိပ်သာ၌ တရားအားထုတ်ခဲ့ဘူးပြီး ဖြစ်သော ကြောင့် အထူးတလည် မိတ်ဆက်နေစရာမလိုပေ။

ကျောင်းကြီးပေါ်၌ ဆရာတော် ဦးသံဝရနှင့်အတူ တခန်းတည်း နေရရသည်။ ဒကာကြီး ဦးညိုပုနှင့် ဦးခင်မောင်တို့က သီးခြားတခန်း နေကြရသည်။ ဤခမ္ပတီးကျောင်း၌လည်း မိုးရိပ်မိုးသားများ အုံ့ဆိုင်း လျက်ရှိသောကြောင့် နေကောင်းကောင်းမထွက်နိုင်။ ရာသီ ဥတုမှာ အေးစိမ့်စိမ့်ပင်တည်း။

## ကြိမ်ဖူးဟင်းချို

အချိန်မှာ နံနက် ၁၀-နာရီ ထိုးပြီ ဖြစ်၏။ ကြိုဆိုကြသော ဆရာ တော် ဦးကေသရနှင့် ဦးကောဝိဒ တို့ကား သူတို့ သာသနာပြုကျောင်း ပြန်ကြသွားကြ၏။ စာရေးသူတို့ တရားဟောအဖွဲ့မှာ ဤမြို့မကျောင်း၌ ပင် နေ့ဆွမ်း ဘုဉ်းပေးကြရ၏။ ရှမ်းပြည်ကြီးဆန်ကဲ့သို့ပင် ခမ္ပတီး ဆန်ကို ချက်ထားရာ၌ စေးလည်းစေး ထွေးလည်းထွေးသည့်ပြင် အေး လည်း အေးနေ၏။ ဆွမ်းအေး ဟင်းအေးများကို ဘုဉ်းပေးရသော် လည်း ဘုဉ်းပေး၍ကား မြိန်လှပါသည်။ မြန်မာချက်နည်း ချက်ဟန်နှင့် သူတို့ချက်ပုံမှာ မကွာလှ။ ငါးပောင်းမှာ အထူး ကောင်းလှ ပါသည်။ ထူးခြား၍ မဘုဉ်းပေးဘူးသေးသော ကြိမ်ဖူးဟင်းချိုကို ခမ္ပတီးဖြစ် ဟင်းထူးအဖြစ် ဘုဉ်းပေးကြရ၏။ အေးစိမ့်စိမ့် ဖြစ်နေသော ခမ္ပတီး ရာသီဥတုကိုလည်း ခမ္ပတီးရေတ်သီးထောင်းက ကာကွယ်ပေးသဖြင့် မအေးမစိမ့်ရှိသာမက ချွေးဖြိုင်ဖြိုင်ပင် ကျလာတော့၏။

## တခုတည်းသော အာသံချဲ့စက်

တရားပွဲ၌ အားပေးကူညီရန် အတွက် ဆရာတော် ဦးကေသရနှင့် ဦးကောဝိဒတို့က ပေါမိုင်းရပ် ဗဟိုတောင်တန်း သာသနာပြု ကျောင်းမှ ဤမြို့မကျောင်းသို့ ပြန်ရောက်လာကြသည်။ ဆရာတော် ဦးကောဝိဒ သည် သူ့တပည့်များအား တရားပွဲအတွက် အသံချဲ့စက်ကို ကြိုတင် ပြင်ဆင်စေသည်။ ပြီးလျှင် ဘာသာရေး ဓာတ်ပြားများကို အဖွင့်

ခိုင်း၏။ ခမ္မတီးမြို့မကျောင်း၌ ယနေ့မှစ၍ တရားပွဲ ဆင်ယင်ကျင်းပ ဟော ကြားမည် ဖြစ်ကြောင်း ကိုလည်း အသံချဲ့စက်ကနေ၍ ကြေငြာ လေ တော့သည်။

"အဲဒီ အသံချဲ့စက်က ဟတ္တိဆရာတော် ဦးကောဝိဒရဲ့ စက်ဘုရား၊ ဒီစက်ရှိလို့သာပေါ့၊ မရှိယင် အရှင်ဘုရားတို့ စက်မပါပဲ ဗလာဟောကြရ မှာပဲ။ ခမ္မတီး တဝိုက်မှာ အသံချဲ့စက် ဆိုလို့ တခုမှ မရှိဘူး။ အယင်က စက်လိုချင်ယင် မုံရွာသွားပြီး ငှါးကြရပါတယ်။ ခမ္မတီးမှာ ဒီစက်ဟာ အဦးဆုံးပါပဲ။ ခမ္မတီးမှာ အသံချဲ့စက် အဦးဆုံးရောက်လာစက ဆိုယင် မော်တော်ပေါ်က ဖွင့်လာတဲ့အခါ လူတွေဟာ ကမ်းလုံးညွတ်မျှ ကြိုဆို နားထောင်နေကြရပြီး အံ့သြမဆုံး ဖြစ်ကြရတယ်" မြို့မဆရာတော် ဦးပညာသာမိ က မိန့်ကြားတော်မူသည်။

"တပည့်တော်ရဲ့ အသံချဲ့စက်ကို တရားပွဲမှာ ဓမ္မဒါန အဖြစ်လှူဒါန်း ပါတယ်။ အားရပါးရ ဟောတော်မူကြပါ" စေတနာ သဒ္ဓါတရား ကောင်းသော ဆရာတော် ဦးကောဝိဒကလည်း သူ့စက်ကို အခမဲ့ ခွင့် ပြု၍ ဓမ္မဒါနအဖြစ် လှူဒါန်းတော်မူသည်။

"စိတ်ချပါဘုရား။ ဟောမယ်လို့လာခဲ့တာ ကြိုးစား ဟောမှာပါပဲ။ လျှော့မဟောပါဘူး" ဆရာတော် ဦးသံဝရ က ပြန်ကြားလျှောက် ထား၏။

ခမ္မတီးမှာ သာသနာ့ရိပ်သာ မရှိသေးပေ။ ထို့ကြောင့် သာသနာ့ ရိပ်သာ တရိပ်သာ ရှိစေလိုသော ဒကာကြီး ဦးညီပုသည် မြို့မကျောင်း ဆရာတော် အမှူးပြုသော ခမ္မတီးမြို့နယ် လူကြီးဟူ့နှင့် ရိပ်သာတရိပ်သာ ဖြစ်မြောက်ရေးအတွက် ဆွေးနွေးလျက် ရှိလေသည်။

# ၅။ ခမ္ဘတီးမြို့မှ နာဂလုပ်သားရိပ်သာ

အချိန်မှာ နေ့ ၁၂-နာရီပေတည်း။ မထူမပါးမိုးတိမ်များကြောင့် နေရောင်မှာ ကောင်းကောင်း မလင်းနိုင်။ ကောင်းကင်တခုလုံး အုံ့မှိုင်းလျက်ပင်။ ဆရာတော် ဦးကေသရမှာ ကိစ္စတခုဖြင့် သူ့ကျောင်းသို့ ပြန်ကြွသွားလေသည်။ ဆရာတော် ဦးသံဝရ၊ ဟတ္တိဆရာတော် ဦးကောဝိဒ၊ ဦးခင်မောင်နှင့် စာရေးသူက နာဂလုပ်သားရိပ်သာသို့ သွားရောက်လေ့လာကြသည်။

နာဂ ရိပ်သာ ဆိုသည်မှာ နာဂလုပ်သားတို့ ဆောက်လုပ်ထားသည့် နာဂတို့၏ ယာယီတည်းခို စခန်း မြေစိုက် အိမ်ကလေးသာတည်း။

"သူတို့ဟာ တောင်ပေါ်မှ ဆင်းလာကြပြီး တလ· နှစ်လ· စသည် ဒီစခန်းမှာနေကြပြီး မြို့ပေါ် အလုပ်ရှိတဲ့ နေရာတွေမှာ လိုက်အလုပ်လုပ်ကြတယ်။ အိပ်တော့ ဒီမှာအိပ်၊ နားလဲဒီမှာနား၊ စားလဲ ဒီမှာ စားကြတယ်။ ဒါဟာ သူတို့ယာယီအိမ်ပဲ ဆိုပါတော့" သူတို့ အလုပ်တွေကတော့ ထင်းခွေ၊ ရေခပ်၊ ဆန်ဖွပ်၊ မောင်းထောင်းမှ စပြီး ကုန်တင်ကုန်ချအထိ သင့်တော်ရာ အလုပ်ကြမ်းများကို လုပ်ကြရတယ်။ အလုပ်လုပ်လို့ စားယင်းသောက်ယင်း ပိုလျှံသမျှ အခကြေးငွေလေးများနဲ့ တချို့က ဆားကလေးများဝယ်ပြီး တောင်ပေါ် ပြန်တက်ကြတယ်။ တချို့ကတော့ ဒီမှာပဲ လုပ်ယင်းကိုင်ယင်း အတော်ကြာအောင် နေကြတော့တယ်။ ဟတ္တိ တောင်တန်း သာသနာပြု ဆရာတော် ဦးကောဝိဒ က ပြောပြတော်မူသည်။

"အင်း— ဘဝကံ့ကြောင်းမှုအတွက် ဟတ်နိုင်သလို အခြေအနေအရ အလုပ်လုပ်ကြ ရပေမှာပဲ"ဟု စာရေးသူက ဘဝ အထွေထွေကို ဆင်ခြင်မိလိုက်ပါသည်။

သူတို့ ရိပ်သာဆိုသော တဲကလေးများမှာ အာကာနတ္တိ၊ အမိုးသာလျှင် ရှိကြ၏။ သူတို့တဲကလေးအလယ်၌ မီးဖိုကြီးတဖိုရှိလျက် မီးဖို၏ဘေး၌ ဖျာစုပ် ဂုန်နီအိတ်စုပ်နှင့် သစ်သားပြား အဟောင်းကလေးများကို ခင်းလျက် နေထိုင်ကြသည်။ မီးဖိုပေါ်၌ ပစ္စည်းတင်စရာ စင်ကလေးကိုလည်း တွေ့ရ၏။ ထိုစင်ကလေးမှာ ကျပ်ခိုးတို့ဖြင့် မဲနေသဖြင့် ရေနံသုတ်စရာ မလိုပဲ အသား ပိုးထိုးမည့် ဘေးမှ ကင်းလွတ်နေ၏။

အဖုံးမဖုံးသော ဒန်အိုးဒန်ခွက်များ၊ အသားခြောက်များ၊ ဆန်စသော စားသောက်ဖွယ်များကို ထိုကျပ်ခိုးစင်ပေါ်၌ပင် တင်ထားကြသည်။ ကျန်းမာရေး လိုက်စားသော ဆရာတို့အမြင်ဖြင့် ဆိုလျှင် အင်မတန် ဆန့်ကျင်နေမည်သာတည်း။ သို့သော် သူတို့ကို ကြည့်ရသည်မှာ အများအားဖြင့် တောင့်တင်း သန်မာလှကုန်သည်။ အနံ လက်လေးသစ် အလျားတထွာသာသာ အရှက်လုံရုံ ဖုံးထားသော လန်ကွတ်တီမှတပါး သူတို့ကိုယ်၌ အခြား အဝတ်အစားများ မရှိကြပေ။ ဘာဘူစောင် အပေါစားကလေးများကို ခြုံထားသူ တယောက် နှစ်ယောက်ကိုသာ တွေ့ရသည်။ ထိုသူများမှာ သူတို့အထဲတွင် လူတော်များ ဖြစ်ကြဟန်ရှိ၏။ စာရေးသူတို့ သွားရောက်ကြည့်ရှုချိန်၌ တချို့က ထမင်းချက်လျက် တချို့က ချက်ပြီးလို့ စားသောက်ကြလျက် ရှိနေကြသည်။

သူတို့ထမင်းချက်တာ စားသောက်တာကို အရှင်ဘုရားတို့ မြင်တဲ့အတိုင်းပဲ။ စားပြီးယင် အိုးခွက်တွေကို မဆေးမကြောကြဘူး။ ဒီအတိုင်း ပစ်ထားလိုက်ကြတယ်။ ဒါတွေကို ခွေးတွေက ပြောင်အောင် လျက်တာပဲ။ ခွေးလျက်လို့ ကျန်နေယင် ကျန်တဲ့ ထမင်းလုံးတို့ ဟင်းဖတ်တို့ကို မှောက်ထည့်ပြီး တိုင်တို့ တံးတို့မှာ ခေါက်ခါလိုက်တာပဲ။ သူတို့က ခွေးကို အင်မတန်ချစ်ကြတယ်။ အလိုလိုက်ကြတယ်။ သူတို့ စားနေတဲ့အထဲကို ခွေးက ဝင်စားတာတောင် မောင်းမပစ်ကြဘူး။ အတူတူ စားလိုက်ကြတာပဲ။ ဒီအထိ ခွေးကို အလိုလိုက်ကြတယ်”

နာဂတောင်တန်း ဟတ္ထိသာသနာပြုဌာန ဆရာတော် ဦးကောဝိဒ က နာဂတို့ဓလေ့ကို ပြောပြတော်မူသည်။ ထို့နောက် နာဂအမျိုးသားများနှင့် စကားပြောလို၍ သူတို့အနီးသို့ ချဉ်းကပ်ကြသည်။ စကားပြန်အဖြစ် ဆရာတော် ဦးကောဝိဒ က ဆောင်ရွက်တော်မူသည်။

သူတို့အသက်အရွယ်တို့ကို အသီးအသီး မေးကြည့်သည်။ အချို့က အတိအကျမဟုတ်ပဲ ခန့်မှန်းပြောကြသည်။ အချို့က စာမတတ်၍ အသက်ကိုမှတ်သားမထားနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့အသက် မည်မျှရှိသည်ကို မသိကြောင်း ပြောကြသည်။ ခုနှစ်သက္ကရာဇ် မရှိသည်မှာ အချို့နေရာ၌ အခက်အခဲ ရှိနိုင်သော်လည်း ခုနှစ်သက္ကရာဇ်နှင့် တွက်ချက်၍ ဟောသော ဗေဒင်ဆရာတို့ထံ ဗေဒင်မေးစရာ မလိုတော့သောကြောင့် ဗေဒင်ကြည့်ခ ငွေကုန်သက်သာကျိုးတော့ ရှိနိုင်မည်ထင်သည်။

## မကိုရီ နာဂများ

ဤနေရာ၌ အလျဉ်းသင့်၍ မကိုရီနာဂတို့၏အကြောင်း အနည်းငယ်ကို သတင်းဆောင်းပါးများမှ ထုတ်နှုတ် ဖော်ပြပါဦးမည်။ ခမ္ပတီးခရိုင် လေရှီးမြို့နယ်အတွင်း မကိုရီနာဂများ ရှိကြသည်ကို သိရသည်။ စာရာမေရီတောင်ခြေ အနောက်ဘက်၌ ရှယ်ရာရွာ၊ အမ်မိရွာ၊ မတော်ရိရွာ၊ ယော်ပါးမိရွာ၊ ခိုလာရွာ၊ လတ်(က်) တဲရွာများ ရှိကြသည်။ မြောက်ဘက်၌ ရှာရှိန်ရွာ၊ ယော်ဖောဇူရွာ၊ ယော်ဒ်ဟော်ရွာများ ရှိကြသည်။ အရှေ့ဘက်၌ မခွါလယ်ရွာ ရှိသည်။ မခွါလယ်ရွာမှာ ခမ္ပတီးမြို့နယ်အတွင်း၌ ပါဝင်သည်။

မကိုရီ နာဂလူမျိုးများ ပြောဆိုသုံးစွဲသော စကားကို(အဖူးလဲ-ဟ်)ဟု ခေါ်၍ အိန္ဒိယပြည်ဘက်၌ စကားတူရွာများ ရှိကြသည်ဟု ဆိုသည်။ စာပေမှာ အင်္ဂလိပ်အက္ခရာဖြင့် တီထွင်ထားသော စာပေဖြစ်သည်။

မကိုရီ နာဂလူမျိုးစုတို့တွင် ခရစ်ယာန် ဘာသာဝင်များလည်းရှိကြသည်။ နတ်ကိုးကွယ်သူများလည်း ရှိကြသည်။ အသက်အရွယ်ကြီးသူတို့အပိုင်းက အများအားဖြင့် နတ်ကိုးကွယ်ကြသည်။ ငယ်ရွယ်သူတို့အပိုင်းက ခရစ်ယာန်ဘာသာကို ယုံကြည်ကြသူများကြသည်။ မိသားစုတအိမ်ထဲ နေသူများမှာပင် အချို့က မိရိုးဖလာ နတ်ကိုးကွယ်ကြ၍ အချို့က ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြသဖြင့် ခရစ်တော်ကို ယုံကြည်ကြသည်ဟု ဆိုသည်။

## အသက်မွေးဝမ်းကျောင်း

မကိုရိ နာဂအမျိုးသားများသည် တောင်ခါးပန်းများ၌ တောင်ယာ ခုတ်လုပ် အသက်မွေးကြသည်။ တောင်ယာအလုပ် စနေအားချိန်များ၌ မိသားစု ဝတ်ဆင်ရန်နှင့် လက်ဆောင်ပေးရန် အနည်းငယ်ပိုလျှံသည်ကို ရောင်းချနိုင်ရန် အိမ်တွင်းလက်မှု ဂျပ်ခုတ်လုပ်ငန်း ယက်ကန်းကို အမျိုး သမီးများက ရက်လုပ်ကြသည်။ သူတို့သည် ဖြစ်သမျှဖြင့် ရောင့်ရဲ တင်းတိမ်ကြသဖြင့် သောက ကင်းဝေး အေးဆေး ချမ်းသာစွာ နေထိုင် ကြသည်။

၁၉၆၇-ခုနှစ်၌ တန်ခွန်နာဂ, ပါရာနာဂ, မကိုရိနာဂ ကျေးရွာ များ၌ ကျောင်းဖွင့်လှစ်သင်ကြားမှု မအောင်မြင်သဖြင့် ကလေးငယ် များပညာသင်ကြားရေး လွယ်ကူအဆင်ပြေနိုင်ရန် လေရှီးမြို့၌ ဗဟို စံပြ အစိုးရမူလတန်း ဘော်ဒါကျောင်း ဖွင့်လှစ်လျက် နာဂ ကျောင်း သားများကို ထောက်ပံ့ကြေး ချီးမြှင့်ကာ ပညာ သင်ကြားစေကြောင်း ကို သတင်းစာများ၌ ဖတ်လိုက်ရသည်။

## ဌာနအသီးသီးသို့

ရှာရိန်, ရှယ်ရာစသော မကိုရိနာဂတို့မှာ မြေပြန့်ဌာန အသီးသီးသို့ သွားရောက် ကျောင်းနေကြသူများလည်း ရှိကြသည်။ ပရဟိတ ကျောင်းများ, ကလေးသူငယ် စောင့်ရှောက်ရေးစခန်းများ, ဘုန်းတော် ကြီး မူလတန်းကျောင်းများ၌ ဖြစ်သည်။ တချို့ မွေးစားမိဘများနှင့်အတူ လိုက်နေကာ ပညာသင်ကြားကြသည်။ တချို့ မြစ်ဝကျွန်းပေါ်ဒေသ လပွတ္တာ၌ရှိ၍ တချို့ ရွှေဘိုမြို့ကလေးသူငယ်များစောင့်ရှောက်ရေးစခန်း ၌ ကျောင်းအိပ်ကျောင်းစားနေထိုင်လျက် အလယ်တန်းနှင့် အထက်တန်း ပညာရပ်များကို အစိုးရကျောင်းများ၌ တက်ရောက် သင်ကြားလျက် ရှိကြသည်။

## သူတို့ အဝတ် ဝတ်ချင်ကြပြီ

ခမ္မတီးမြို့ ဘောလုံးကွင်း မဏ္ဍပ်၌ ကျင်းပပြုလုပ်သော နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ပထမမူကြမ်းအတွက် လုပ်သား

ပြည်သူတို့ထံမှ ဆန္ဒသဘောထား ခံယူသည့် ကော်မရှင်အဖွဲ့(၁၄) ဆွေးနွေးပွဲ၌ နာဂအမျိုးသားများလည်း တက်ရောက်ကြသည်။ ထိုနာဂအမျိုးသားထဲမှ နာဂလူကြီးတယောက်က ဤသို့ ပြောကြားခဲ့သည်ဟု ဆိုသည်။

"လမင်းကြီးသည် ကမ္ဘာတဝှန်းလုံးကို အလင်းရောင် ပေးနေပါသည်။ မြေပြင်၌ သစ်ပင်ကြီးများရှိသဖြင့် သစ်ပင်အောက်၌ အလင်းရောင်မရှိပဲ မှောင်နေသည်။ သစ်ပင်နှင့် လွတ်ကင်းရာ၌မူ အလင်းရောင် အပြည့်အဝ ရရှိနေပါသည်"

"ခမ္ပတီးခရိုင်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသဖြင့် အစိုးရဝန်ထမ်းအချို့မှာ ကြာကြာမနေနိုင်ကြပါ။ ထို့ကြောင့် အခြား ဒေသခရိုင်များနှင့် ယှဉ်လျက် မိမိတို့ခရိုင်မှာ တိုးတက်သင့်သလောက် မတိုးတက်ပါ။ သို့အတွက် လမ်းပန်းဆက်သွယ်ရေး လွယ်ကူအောင် လုပ်ပေးစေချင်ပါသည်"

"မိမိတို့ နာဂအမျိုးသားများမှာ အလွန် ခေတ်နောက်ကျသောလူတမျိုးအဖြစ် တည်ရှိနေဆဲ ဖြစ်ပါသည်။ မိမိတို့အနေဖြင့် မိမိတို့ ညီအစ်ကို မောင်နှမများ အဝတ်ဝတ်ကြသလို ဝတ်ချင်ကြပါသည်။ မြန်မာပြည်၌ အဝတ်မဝတ်သော နာဂများ ရှိနေကြသည်ကို နိုင်ငံခြားသားများ မသိစေချင်ကြပါ။ အင်မတန် ရှက်စရာ ကောင်းပါသည်။ ထို့ကြောင့် မိမိတို့ကို အဝတ်ဝတ်ပေးပါ"

"အိမ်ထောင်စုတခု၌ ညီအစ်ကို မောင်နှမများရှိကြရာ မိမိ၏အစ်ကိုနှင့် ညီများမှာ ပညာသင်ကြားရပြီး မိသားစုတယောက် ဖြစ်သည့် မိမိတို့ နာဂအမျိုးသားများမှာ ပညာမတတ်ကြပါ။ မိမိတို့ မိခင် အစိုးရသည် သားသမီးများအားလုံးကို တန်းတူညီမျှ ချစ်သည်ဟု မိမိတို့ ယုံကြည်ကြပါသည်။ ထို့ကြောင့် မိမိတို့ကို ပညာသင်ပေးပါ"

နာဂသူကြီးက ဤသို့ ပြောကြားကြောင်း (မမိုးမြင့်)၏ သတင်းဆောင်းပါး၌ ဖတ်လိုက်ရသည်။

ထိုစဉ်ကပင် "အင်း- ဒို့အမျိုးသား နာဂတွေ ဖယသိဥာဏ်နှင့် အပြော အဆို ခေတ်မီလာပြီကော"ဟု ဝမ်းမြောက်ဖွယ်ရာ ဖြစ်ခဲ့မိသည်။ နာဂ ခေါင်းဆောင်ကြီး အလိုရှိသော ပညာသင်ကြား ပေးရေး အတွက် ရွှေနားက စော်ပြုပြီး ဖြစ်သည့်အတိုင်း အစိုးရက ကြိုးစားလျက်ရှိသည်။ အဝတ်ဝတ်ဖို့နှင့် ပတ်သက်၍လည်း အစိုးရကသာမဟုတ်။ အဝတ် ဝတ်လျက်ရှိကြသော လူမျိုးတိုင်းက အဝတ်မဝတ်သည်ကို မြင်လိုကြ မည်မဟုတ်ပဲ တင့်တင့်တယ်တယ် အဝတ်ဝတ်ထားသည်ကိုသာ မြင်လိုကြ ပေလိမ့်မည်။ ထို့ကြောင့် အဝတ်ဝတ်လိုပါသည် ဆိုလျှင် အဝတ်အထည် များ ရောင်းချပေးဖို့ အစိုးရကလည်း လက်နှေးနေမည် မဟုတ်ပေ။

## အင်မတန်ဖွံ့ကောင်းတဲ့ လူရိုးစိတ်တိုတွေ

ခရီးသွားမှတ်တမ်းကို ဆက်ပါဦးမည်။ ခမ္ပတီးမြို့ ပေါမိုင်းရပ်အထိ လှေ့လာကြည့်ရှုယင်း ရောက်ခဲ့ကြလေပြီ၊ ဗဟို တောင်တန်း သာသနာပြု ကျောင်းကိုမူ နက်ဖြန်မှ တဖန် သွားရောက်လေ့လာကြမည်-ဟု မဝင် သေးပဲ ချန်ထားခဲ့ကြသည်။ လမ်းတလျှောက်လုံး ရှိဗွက်များကို ရှောင် ကာ တိမ်းကာ သွားကြရ၏။ ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးငယ်များမှာ စိမ်းစိုလျက်ရှိကြ၏။

နေအိမ်များကား နှစ်ထပ် ပျဉ်ထောင်အိမ်များလည်းရှိ, တဲကုပ်အိမ် ငယ်ကလေးများလည်း ရှိကြသည်။ မြန်မာအိမ်, ရှမ်းအိမ်,နာဂအိမ်များ ကိုပါ တွေ့ကြရ၏။ ရှမ်း၊ ဗမာအိမ်တို့မှာ များကုန်၏။ နာဂအိမ်များမှာ ခြေတန်ရှည်ပြီး တိုင်စိုက်ထားပုံတွေက အစီအစဉ် မကျလှပဲ ပြွတ်သိပ် စိုက်ထားကြသည်။

"သူတို့အိမ်ကို ဝင်ခိုးတဲ့ သူခိုးတွေတော့ တိုင်တွေကို တိုက်ပြီး လဲကွဲ ကုန်ကြမှာပဲ"

အစီအစဉ်မကျသော နာဂအိမ်တိုင်တွေကို ကြည့်ယင်း သူခိုးအတွက် ဆရာတော် ဦးသံဝရ က တကြောင့်တကြ ပြောလိုက်သေး၏။ ရှေ့တည့် တည့်မှ နာဂအမျိုးသားတဦးက ဆန်အိတ်ကြီး တအိတ် ထမ်းပိုးလာ သည်ကို ကြည့်၍ ဒကာကြီး ဦးခင်မောင်က "အတော် သန်မာပုံရတယ်" ဟု ခန့်မှန်းပြောဆိုလိုက်သည်။

"အင်မတန်ဇွဲကောင်းတဲ့ လူရိုးစိတ်တိုတွေ။ ငှါးသူက သုံးကျပ် ပေး ငှါးလာပြီး လိုရာရောက်တဲ့အခါ ဈေးဆစ်လို့ မရတော့ဘူး။ အငြင်း ပွါးနေယင် သူတို့ ကမ်းပိုးလာရတဲ့ မှုရင်းနေရာကို ပြန်ထမ်းသွားလိုက် တာပဲ။ နှစ်မိုင်လောက် ဝေးတဲ့ လေယာဉ်ကွင်းအထိတောင် ပိုက်ဆံမယူ တော့ပဲ ပြန်ထမ်းပို့လိုက်တာပဲ"

ဒကာကြီး ဦးခင်မောင်၏ ချီးကျူးစကားနှင့် စပ်ပြီး ဆရာတော် ဦးကောဝိဒ က ပြောပြသည်။ ညနေလေးနာရီ ကျော်ကျော်၌ မြို့မ ကျောင်းသို့ ပြန်ရောက်ကြ၏။

## ခမ္ပတီး ပထမည တရားပွဲ

တရားဟောရန် ည ၇-နာရီ ရောက်ပြီ။ တရားပွဲ၌ တရားနာ ပရိသတ် ၅၀၀-ခန့် ရောက်နေကြလေပြီ။ မိုးကတော့ တဖွဲဖွဲ ရွာလျက်ပင်။ ခမောက်များ၊ ထီးများကို ဆောင်းလာကြ၏။ ဒကာကြီး ဦးညီပုနှင့် ဆရာတော် ဦးသံဝရတို့က "ဒီ-ခမ္ပတီး တရားပွဲက စပြီး ဦးခင်မောင်ပါ မိတ်ဆက်စကား ပြောရမည်"ဟု တိုက်တွန်းကြသည်။ ထို့ကြောင့် ဦးခင်မောင်မှာ မပြောဘူးသော်လည်း မပြောပဲ မနေသာသဖြင့် ပြောရ လေတော့၏။

"မဟာ သတိပဋ္ဌာန်တရား ပြန့်ပွါးရေးအတွက် တရားဟော ထွက်ခဲ့ ကြရကြောင်း၊ ရန်ကုန် မန္တလေးမြို့များမှာ မကြာမကြာ တရားပွဲရှိသော် လဲ ဒီဒေသလို ဝေးလံသော ဌာနများမှာ တရားနာကြားရခဲမည်ကြောင့် တမင် တကူးတက လာရောက် ဟောကြားရခြင်း ဖြစ်ကြောင်း၊ တရားပွဲ ဖြစ်မြောက်အောင် စီစဉ်အားထုတ် ပေးကြသဖြင့်ငှင်း၊ အများအပြား လာရောက်နာကြားကြသဖြင့်ရင်း ကျေးဇူးတင်ဝမ်းမြောက်လှကြောင်း" စသည်ကို အသံမှန်ဖြင့် တည်တည်ငြိမ်ငြိမ် ပြောကြားသွားနိုင်လေသည်။

နောက် ဒကာကြီး ဦးညီပုပြောကြား၏။ ဒကာကြီး ဦးညီပုမှာ ပြောနေကျဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ပြောသွားရာ တရားနာရသည့် အကျိုးကို သာဓက ဝတ္ထုကလေးများ ညှပ်၍ပင် ပြောသွားသေးသည်။ ပြောသည်ဟု ဆိုသော်လည်း အမှန်မှာတော့ ရှေ့ထွက် တရားဟောက် ရှည်၍ပင် နေသေးသည်။

စ-(ဒုတိယအကြိမ်)

ဒကာကြီး ဦးညိုပု ပြောပြီး၌ စာရေးသူ အလှည့်ရောက်လာတော့သည်။ စောစောက နာဂအမျိုးသားများနှင့် စကားပြောလို၍ စကားပြန် ဆရာတော် ဦးကောဝိဒ အကူအညီဖြင့် ပြောခဲ့ရဘူးသောကြောင့် "တရားကိုလည်း စကားပြန်ဖြင့် ဟောနေရ ဦးလေမည်လား" ဟု ထင်မိသေးသည်။ သို့သော် တရားပွဲ စီစဉ်သူတို့က စကားပြန် ထည့်သွင်း စီစဉ်ထားခြင်းမရှိတော့မှ "အင်း-တော်သေးရဲ့၊ တရားနာလာကြသူတွေဟာ ဗမာစကား နားလည်သူတွေသာ ဖြစ်ကြပေမည်။ ထို့ကြောင့် စကားပြန်ထားမပေးခြင်း ဖြစ်တန်ရာ၏" ဟူ၍ ဆင်ခြင်မိသည်။ တရားပွဲကြီး တပွဲလုံး စကားပြန်ဖြင့်သာ ဟောနေရလျှင် တွင်ကျယ်လိမ့်မည် မဟုတ်ပဲ အချိန်ပိုတွေ ကုန်နေပေလိမ့်မည်။

တရားနာ ပရိသတ်ထဲတွင် အမှုထမ်း အမှုထမ်းများ၊ ကျောင်းဆရာများ၊ ဆရာဝန်ကြီးများ၊ မြို့ပိုင်များလည်း ပါဝင်နာကြားလျက် ရှိကြကြောင်းကိုမူ စောစောကပင် သိနေ၏။

ဤလို ပုဂ္ဂိုလ်ကြီးများ ပါဝင်နေသဖြင့် နာဂအမျိုးသား၊ ရှမ်းအမျိုးသားများချည်း မဟုတ်။ တရားရည်ဝပြီး ပုဂ္ဂိုလ်တွေ အမြောက်အမြား ပါဝင်နေသော တရားပွဲကြီးဖြစ်ကြောင်း ထင်ရှားသည်။

## စမ်းကြည့်လိုက်ရသေးသည်

စာရေးသူက ပလ္လင်ပေါ် ရောက်၍ သီလပေးအပြီး၌ ပလ္လင်ဖွင့်ဂါထာ တပုဒ်ကို ရွတ်ဆိုလိုက်သည်။ ဤပရိသတ်ကြီးတခုလုံး ဗမာစကား နားလည်သူတွေချည်းမှ ဟုတ်ပါလေရဲ့လားဟု သံသယ ဝင်လာပြန်သောကြောင့် အစမ်းသဘောဖြင့် ရယ်စရာစကားပြောပြီး ထောက်ကြည့်လိုက်ရာ "ဝေါကနဲ" ပွဲကျသွား၏။ သည်တော့မှ "အင်း-ဗမာစကား နားလည်ကြသားပဲ" ဟု သံသယ ကင်းသွားတော့သည်။ ဆက်လက်ပြီး "တရားဟူသည်" ခေါင်းစဉ်တပ်၍ ဟောမည့်တရားကို ချောချော မောမော ဟောလိုက်ရသည်။ တရားသိမ်းခန်း၌ ဆောင်ပုဒ်ကလေးကို ချပေးရသေး၏။

* တရားမှန်များ-ကျင့်ပွါးသူမှာ၊
တရားကပဲ-စောင့်မြဲသေချာ၊
တရားတော်က-ဖော်ပြချမ်းသာ၊
ဆောင်ယူပေး-ကင်းဝေးပါယ်ဒုက္ခာ။

နောက်ဆရာတော် ဦးသံဝရဟောလှည့်၌"မဟာသတိပဋ္ဌာန် အလုပ်ပေး တရားတော်"ကို ဟောကြားတော်မူ၏။ ဟောရာ၌ သတိပဋ္ဌာန် ကြေးကြော်သံနှင့် တွဲဟောလေသည်။ မှတ်သားစရာ ဆောင်ပုဒ်ကလေးများကိုလည်း ဆရာတော်က ချပြ၍ဟောကြားတော်မူ၏။

၁။ စိတ်ညစ်ကြေးကို၊ ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၂။ စိတ်ညစ်ကြေးကို၊ ကင်းစေလို၊ သတိပဋ္ဌာန် လမ်းစဉ်ကို လိုက်ရမယ်။
၃။ စိုးရိမ်မှုကို၊ ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၄။ စိုးရိမ်မှုကို၊ ကင်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။
၅။ ငိုကြွေးမှုကို၊ ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၆။ ငိုကြွေးမှုကို၊ ကင်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။
၇။ ကိုယ်ဆင်းရဲကို၊ ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၈။ ကိုယ်ဆင်းရဲကို၊ ကင်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။
၉။ စိတ်ဆင်းရဲကို၊ ကင်းစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၁၀။ စိတ်ဆင်းရဲကို၊ ကင်းစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။
၁၁။ အရိယာမဂ်ဖိုလ်၊ ရစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၁၂။ အရိယာမဂ်ဖိုလ်၊ ရစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။
၁၃။ နိဗ္ဗာန်မြတ်ကို၊ ရစေလို၊ ဘယ်လမ်းစဉ်ကို လိုက်ရမယ်။
၁၄။ နိဗ္ဗာန်မြတ်ကို၊ ရစေလို၊ သတိပဋ္ဌာန်လမ်းစဉ်ကို လိုက်ရမယ်။

# ၆။ မြို့မကျောင်းနှင့် အရက်တက်ချိန်

ယနေ့ကား တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့တည်း။ အအေးဓာတ်ကလေး တစိမ့်စိမ့်ဖြင့် ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်။ အိပ်ရာမှာပဲဖြစ်ဖြစ် စားရာမှာပဲဖြစ်ဖြစ် ရာသီဥတုက ထူးခြားစေသည်။ ရာသီဥတု အေးသောအချိန် အေးသောအရပ်ဌာနတို့၌ အိပ်လို့လည်းကောင်း၊ စားလို့လည်းကောင်း၏။ ပူလျှင် ငြီးစီစီကြီးဖြစ်၍ အိပ်မပျော် စားမဝင် ဖြစ်နေတတ်သည်။

နံနက် စောစော အုန်းမောင်းခေါက်ချိန်၌ အိပ်ရေးဝလုခမန်း ဖြစ်နေလေပြီ။ ထို့ကြောင့် အုန်းမောင်းခေါက်သံနှင့်အတူ အိပ်နေရာမှ နိုးလာ၏။ ကျောင်းပေါ်၌ ဖယောင်းတိုင်မီးများ, ဖန်မီးအိမ်များ၏ အလင်းရောင်ဖြင့် လင်းနေသည်။ လျှပ်စစ်မီးမှာ ညဟက်ပေး၍ ထိုအချိန်၌ လျှပ်စစ်မီးများ မရှိကြတော့ပေ။ ဆရာတော် ဦးသံဝေမှာလည်း အိပ်ရာမှနိုးလေပြီ။ ဒကာကြီး ဦးညိုပုနှင့် ဦးခင်မောင်တို့ အခန်းဘက်ဆီဟလည်း ဘုရားရှိခိုးသံကြားရ၏။

အိပ်ရာမှထွက်လိုက်လျှင် ကျောင်း အလယ်ခန်းမကြီးသို့ ရောက်ရ ထိုခန်းမကျယ်ကြီး၌ ရုပ်ပွါးဆင်းတုတော်ရှိ၍ ဆင်းတုတော် ရှေ့၌ ရှမ်း ဗမာ အမျိုးသမီးများ ရောက်နေကြသည်ကို တွေ့ရသည်။ ပြတင်းပေါက်ဆီသို့သွားပြီး ပြတင်းပေါက်ကို ဖွင့်ကြည့်လိုက်ရာ ဖန်မီးအိမ်များကို လက်၌ဆွဲလျက် ဆွမ်းအုပ်ကိုယ်စီ ရှက်လာကြသော အမျိုးသမီးများကို တွေ့ရပြန်၏။ ဆွမ်းစားကျောင်းပေါ်၌ ဆွမ်းအုပ်များကို ထားခဲ့ကြပြီး ကျောင်းပေါ် ရောက်နှင့် မနေကြသော အမျိုးသမီးများကဲ့သို့ ကျောင်းဘုရားရှေ့သို့ ရောက်လာကြ၏။

လူစုံ ရောက်လာသည့် အချိန်၌ ကျောင်းဆရာတော်နှင့် ကျောင်းရှိ ရဟန်း သာမဏေတို့လည်း ကျောင်းပေါ်သို့ ရောက်လာတော်မူကြလေသည်။

"မြတ်စွာဘုရားကို ဆွမ်း ရေချမ်း ကပ်ကြစို့" ဟု ရှမ်းသံဝဲဝဲနှင့် အမျိုးသမီးတယောက်က နှိုးဆော်လိုက်ရာ ဆွမ်းတော်, ရေချမ်းတော် တို့ကို ကိုယ်စီကိုယ်ငကိုင်ကြ၍ ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကန်တော့လိုက်ကြသည်မှာကား မိုးကောင်းမြို့ ကန်တော့ခန်းထက်ပင် အကြိမ်များပါသေးသည်။

၁။ ဆွမ်းတော်, ရေချမ်းတော်ကပ်ပြီး ဘုရားကို ကန်တော့သည်။

၂။ တရားကို ကန်တော့သည်။

၃။ သံဃာတော်ကို ကန်တော့သည်။ (အဝေး သံဃာကို ရည်၍)

၄။ ဆရာတော်ကို ကန်တော့သည်။

၅။ မျက်မှောက် သံဃာတော်ကို ကန်တော့သည်။

မျက်မှောက် သံဃာတော်ကို ကန်တော့ရာ၌ ရဟန်းတော်များနှင့် သာမဏေတို့က တပြိုင်နက် ဆုပေးကြသည်။ အမှန်က မိမိတို့လည်း မျက်မှောက်၌ရှိသော သံဃာတော်များဖြစ်၍ ဆုပေးကြရမည်ဖြစ်၏။ သို့သော် ထုံးစံကို မသိသောကြောင့် မိမိတို့ နှစ်ပါးမှာ ဆုမပေးလိုက်မိကြ။ ဆိတ်ဆိတ်ပင် နေလိုက်မိကြသည်။ မိုးကောင်းတုန်းက မိမိ တပါးတည်း ကန်တော့အပြီး၌ ဆုမပေးမိပဲ လစ်လပ်ခဲ့သည်။ ယခု ဆရာတော် ဦးသံဝရပါ လစ်လပ်သွားလေသည်။

## ကိုယ်တိုင်ရေစက်ချသော အလှူရှင်များ

ရပ်ဓလေ့ ထုံးစံကိုမသိလျှင် မည်သူမဆို တာဝန်လိုမှုများ တွေ့ကြုံ ရမည်ဖြစ်သည်။ ၅-ကြိမ် ကန်တော့ပြီးလျှင် အမျိုးသမီးတဦးကပင် ရှမ်းသံဝဲဝဲနှင့် သီလတောင်းသည်။ ထို့နောက် ပရိသတ်အားလုံး "...ဟံ ဘန္တေ" မှစ၍ သီလတောင်းကာ သီလဆောက်တည်ကြသည်။ ရဟန်း တော်တပါးက သီလပေးပြီးသောအခါ သူတို့ကိုယ်တိုင် ရေစက်သွန်းချ အမျှပေးဝေကြ၏။

မြန်မာပြည် အလယ်ပိုင်း အောက်ပိုင်းလို ဘုန်းတော်ကြီးက ကိုယ်စား ရေစက်ချပေးရသည်။ အလှူရှင်တာသာ ရေစက်ချ တာဝန်ကို ဆောင် ရွက်သွားခြင်းကြောင့် "ဘယ် ဘုန်းတော်ကြီးက ရေစက်ချတောင်း

တယ်၊ မကောင်းဘူး”ဟု ပြောနေဖွယ်ရာ မရှိတော့သဖြင့် ဘုန်းတော်ကြီးများ၌ ကွဲရှဲပြစ်တင်မှုမှ လွတ်ကင်းကြလေတော့သည်။

ရေစက်ချပေးဖို့အတွက် အချို ဘုန်းတော်ကြီးများမှာမူ ဝန်လေးတော်မူကြသည်။ အသုဘတခု၌ ကျက်ကားသော ရေစက်ချက မကြေပဲ တလည်လည် ဖြစ်နေသဖြင့် သုသာန်ရောက်နေပြီဖြစ်သော အသုဘကို “ရက်ရွှေ့ကြဦးစို့” ဟု အသုဘရက်ရွှေ့ဖို့ ပြောသော ဘုန်းတော်ကြီးကိုင်၊ ရေစက်ချမရ၍ သဒ္ဒါကြီး ပုဒ်ဆစ်ဖြင့် ရေစက်ချလေရာ “အရှင်ဘုရား ရေစက်ချက ကောင်းတော့ ကောင်းပါရဲ့၊ ဒါပေမယ့် ‘ပြယုဂ်ကား’ တွေက များလွန်းလှပါတယ်” ဟု ဒကာက လျှောက်ထားဘူးသည်ကိုင်း၊ သံဃာ အစိတ် နှစ်ဆယ်ပါသော ကိစ္စကခု၌ ရေစက်ချတတ်သူ တပါးမျှမပါ၍ တပါးနှင့်တပါး ကဘောင်ဖြင့် တွက်နေကြရာ အထက်မှအောက် အောက်မှအထက် အပြန်ပြန် အလှန်လှန် တွက်ခဲ့ကြရာ၌ နောက်ဆုံး အလယ်ကိုယ်တော်နှစ်ပါး တဘောင်တွက်ချင်းဆုံနေကြသည်ကိုင်း၊ ရေစက်ချနှင့်စပ်သော ဤလိုဝတ္ထုမျိုးတွေကို ကြားဘူးနေကြရသည်။ ခမ္မတီး၌ ဘုန်းတော်ကြီးများအတွက် ဤသို့သော အခက်အခဲမျိုး မရှိတော့ပေ။

## ကန်တော့ခန်းကား မဆုံးသေး

၆။ ရေစက်ချ ဆုတောင်းအမျှဝေ ပြီးသောအခါ ဟဖန် သီလပေးသော ဆရာတော်ကို ကန်တော့ကြသည်။

၇။ တဖန် မျက်မှောက်ရှိ သံဃာတော်များကို ကန်တော့ကြပြန်သည်။

နောက်ဆုံး မျက်မှောက်သံဃာကို ကန်တော့ရာ၌ ဆရာတော်ဦးသံဝရရော စာရေးသူပါ အခြားရဟန်းတော်များ သာမဏေများနှင့် အတူ အမိုလိုက်၍ ကန်တော့ရာသာအကျိုး ဆုပေးလိုက်နိုင်ကြသည်။ နောက်ဆုံး ကန်တော့ပြီးလျှင် အမျိုးသမီး ပရိသတ်အားလုံး ကျောင်းပေါ်မှ ပြန်ဆင်းသွားကြတော့၏။

## ခမ္မတီး ဥပုသ်သည်များအလေ့

"အရှင်ဘုရားများဆီက ကန်တော့ခန်းတွေ အတော်များသားနော်"

အနီးရှိ ရဟန်းတော်အား ကန်တော့ခန်းတွေ များကြောင်းကို **စာရေးသူက** ဖွင့်ဟလိုက်သည်။

"မှန်ပါဘုရား၊ နေ့စဉ်ဒီလိုပဲ အရုဏ်ဆွမ်းလာပို့ကြ၊ ဆွမ်းတော်, ရေချမ်းတော် ကပ်လှူကြ၊ သီလယူကြ၊ ရေစက်ချ အမျှဝေကြပါတယ် ဘုရား"

ထိုရဟန်းတော်က ပြန်လည်လျှောက်ထားသည်။

"အင်း-တော်ကြပါပေတယ်၊ ဒို့ပြည်မက လူတွေကတော့ အလုပ်များကြလို့ထင်ရဲ့။ တခါသာ ကန်တော့ကြရတဲ့ သြကာသကလေး တပုဒ်ကိုတောင် သူ့ထက်ငါ ရှေ့ရောက်အောင် တက်သုတ်ရိုက် ကန်တော့ကြရရှာတယ်။ ဆွမ်းအုပ်ကိုလဲ ကျောင်းသားများက သွားယူကြရတယ်။ သူတို့ဆီမှာတော့ လာရောက်ပို့ကြရုံသာ မကဘူး၊ ကန်တော့ခန်းတွေကိုလဲ အများကြီးဆိုပြီးတော့ ကန်တော့နေကြ၊ သီလယူကြ၊ ရေစက်ချ အမျှဝေကြနဲ့ အေးအေးဆေးဆေး လေးလေးစားစား ရှိလိုက်ကြတာ" ဟုပင် စာရေးသူ တွေးတော နှိုင်းယှဉ်ကြည့်မိသည်။

"ဒီမှာ ဥပုသ် စောင့်တော့ကော ဘယ်လို စောင့်ကြသလဲ ဦးပဉ္ဇင်း" စာရေးသူက ဥပုသ်စောင့်ပုံကိုပါ သိလိုသဖြင့် ဆက်လက် မေးမိသည်၊

"ဥပုသ်နေ့ကျယင် နံနက် ၈-နာရီလောက်မှာ သီလ ယူကြပါတယ်။ သီလယူပြီး အိမ်မပြန်ကြပါဘူး။ကျောင်းမှာပဲ တရားနာချိန်မှာတရားနာ၊ တရားနာပြီး တနေ့လုံး ပုတီးစိပ်နေကြပါတယ်။ ညနေပြန်ခါနီးမှာ သီလဆေးတဲ့အနေနဲ့ သီလထပ်ယူကြတယ်။ အိမ်ပြန်ချိန် ရောက်တော့ ဒကာမတွေသာ အိမ်ပြန်ကြပြီး ဒကာတွေက ကျောင်းမှာပဲ အိပ်ကြတယ်။ သားသမီးတွေက အသီးသီး မိမိတို့ ဖခင်များအတွက် အိပ်ရာလိပ် လာပို့ကြပါတယ်။ နောက်တနေ့ နံနက်ကျတော့ အိမ်ပြန် သွားသူတွေပါ ပြန်လာကြပြီး ဥပုသ်သည် အားလုံး ကန်တော့ပွဲ ကိုယ်စီနဲ့ ဆရာတော်ကို ကန်တော့ကြတယ်၊ ငါးပါးသီလယူပြီးမှ အားလုံး အိမ်ပြန်ကြတော့တာပါပဲ"

ခမ္မတီး ရှမ်းတို့ ဥပုသ်စောင့်ပုံကို ထိုရဟန်းတော်က ဤသို့ပင် ရှင်းပြတော်မူသည်။ ကောင်းသော ဥပုသ် စောင့်သုံးနည်းပေတည်း။ မာန်လည်စသော ရှေးဆရာတော် ဘုရားကြီးများ ညွှန်ကြားပြသ ဆုံးမဩဝါဒ ပုံ့နှံ့ရာ ဒေသတို့ ဖြစ်ဟန်တူကုန်၏။

''သုညာဂါရံ၊ ဆိတ်ငြိမ်ရာအရပ်သို့။ ဥပဂန္တွာ၊ ကပ်၍။ ဝသိ-ယတော၊ နေအပ်၏'' ဟူသော ဥပုသ်စောင့်သုံးမှု အနက် အဖွင့်နှင့် အညီ သီလ ဆောက်တည်ပြီးလျှင် ထိုဆောက်တည်ပြီး သီလကို ဆိတ်ငြိမ်ရာသို့ ကပ်၍ စောင့်သုံး နေထိုင်သင့်၏။ ဘုန်းတော်ကြီးတို့ ကျောင်းမှာ ရွာထက် ဆိတ်ငြိမ်သည်။ ခမ္မတီးရှမ်းတို့ ဥပုသ်စောင့်သုံးရာ၌ ဘုန်းတော်ကြီးများ ကျောင်းသို့ တနေ့လုံးလာရောက် စောင့်သုံးကြသည်မှာ ကျန်းဂန်နှင့် လျော်ကန်လှပါကုန်၏။

## ဥပုသ်စောင့် ဆိုသည်မှာ

သီဟိုဠ်၌ ဥပုသ်သည်မှာ ဥပုသ် သီလ ဆောက်တည်ပြီးလျှင် သစ်ပင်အောက်စသည် ဆိတ်ငြိမ်ရာ၌တဦးတည်းထိုင်လျက် ပုတီးစိပ်နေကြသည်။ အဝတ်အထည်ကိုလည်း ကြောင်ကြောင်ကျားကျား အဝတ်အထည်ကို မငတ်ကြပဲ ယောကျ်ားရော မိန်းမပါ ဥပုသ်သည် အားလုံး အဝတ်ဖြူတွေကို ဝတ်၍ ဥပုသ်စောင့်သုံးကြသည်ဟု ကြားဘူးသည်။

ဥပုသ်စောင့်ဆိုသည်မှာ ကာယကံ, ဝစီကံ မကောင်းမှုများ မကျူးမလွန်အောင် စောင့်ရှောက် ထိန်းသိမ်း ထားရခြင်းမျိုး ဖြစ်သည်။ ကိလေသာ သုံးမျိုးတို့တွင် ဝီတိက္ကမ ကိလေသာများကို မဖြစ်ပွါးအောင် ကျင့်သုံးနေကြခြင်းသာတည်း။

ဆွမ်းပွဲများ ပြင်ဆင်ပြီး၍ အရုဏ်ဆွမ်း စားချိန်ရောက်လျှင် ဆွမ်းစားကျောင်းသို့ ဆွမ်းစားကြွကြရ၏။ ခမ္မတီး မြို့မကျောင်း၌ ရဟန်းတော် ၃-ပါး၊ သာမဏေ ၃-ပါး၊ ကပ္ပိယ ၃-ယောက်စီ ရှိလေသည်။ သုံးဂဏန်းခေတ်စားသော ကျောင်းပေတကား။

# ၇။ တောင်ထိပ်ပန်းကလေးများ ပွင့်လန်းရာ

ယနေ့ကား တန်ဆောင်မုန်းလဆန်း ၂-ရက်နေ့တည်း။ အရုဏ်ဆွမ်းကိစ္စကား ပြီးလေပြီ။ နှင်းပုလဲများ မကွဲတကွဲ အချိန်၌ နေမင်းကား မရဲတရဲ ထွက်ပြူစ ပျိုးနေ၏။ တော်လှန်ရေး အစိုးရ ဗုဒ္ဓသာသနာပြု ဗဟိုတောင်တန်းသာသနာပြုကျောင်းသို့ ရွှေ့ရှူထွက်ခဲ့ကြသည်။ ခမ္ပတီးသို့ ရောက်နေပါလျက် ထင်ရှားသော ဤကျောင်းကြီးသို့ မရောက်လျှင် နေရာမကျ။ ရောက်မှသာ နေရာကျမည်။ သာသနာ့ဝန်ထမ်းများ ဖြစ်သည့်အတိုင်း ထင်ရှားသော သာသနာပြု ဗဟို ကျောင်းကြီးကို ရောက်သင့်သည်။ ရောက်ထိုက်သည်။ ရောက်သင့် ရောက်ထိုက်၍ပင် ရောက်အောင် လာခဲ့ကြသည်။

သာသနာပြု အလုပ် ဆိုသည်မှာ သေးငယ်သော အလုပ်မဟုတ်။ မယဉ်ကျေးသည်ကို ယဉ်ကျေးနိုင်အောင်ရင်း၊ ယဉ်ကျေးပြီးသည်ကို ယဉ်ကျေး သည့်ထက် ယဉ်ကျေးအောင်ရင်း၊ အားထုတ် ကြရသည်။ ဆောင်ရွက် ကြရသည်၊ ပြုစုကြရသည်။ နူးညံ့သိမ်မွေ့သော သဘောဖြစ်၍ ခက်ခဲသည်။ နက်နဲသည်။ နေ့ချင်းညချင်း အရေးတကြီး အပြေးအလွှားပြုလုပ်လို့မရ။ သိမ်မွေ့နက်နဲခက်ခဲသည့် အလျောက် နှစ်ရှည်လများ ကြိုးစားရသည်။

ကိုယ်နှုတ် ယဉ်ကျေးအောင်လည်း ကြိုးစားရသည်။ စိတ်နှလုံး ယဉ်ကျေးအောင်လည်း ကြိုးစားရသည်။ ကိုယ်နှင့်နှုတ်ထက် စိတ်နှလုံး ယဉ်ကျေးအောင် ဆောင်ရွက်မှုက ပို၍ ခက်ခဲသည်။ ကိုယ်နှုတ် ယဉ်ကျေးမှုလည်း လိုအပ်သည်။ စိတ်နှလုံးယဉ်ကျေးမှုလည်းလိုအပ်သည်။ ကိုယ်နှုတ်ယဉ်ကျေးမှုထက် စိတ်နှလုံး ယဉ်ကျေးမှုက ပို၍လိုအပ်သည်။ ကိုယ်နှုတ်ယဉ်ကျေးနေရုံမျှဖြင့် စိတ်နှလုံး မယဉ်ကျေးက အလိုရှိအပ်သော ချမ်းသာကို မရနိုင်။ စိတ်နှလုံးယဉ်ကျေးလျှင်ကား အလိုရှိအပ်သော အလိုရှိတိုင်းသော ချမ်းသာ အမျိုးမျိုးကို ရနိုင်၏။ မှန်၏။ မြတ်စွာဘုရားက ဤသို့ ဟောတော်မူခဲ့ပေသည်။

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

ဒုန္နိဂ္ဂဟဿ၊ ပိပိပြားပြား ငြိမ်ဝပ်သွားအောင် ဆွဲဆောင်နှိမ်နင်းစုံ နိုင်ခဲထသော။ လဟုနော၊ လက်ဖျစ် တတွက် လျှပ်တပြက် အတွင်း ဖြစ်လျှင်း ကုဋေ မရေမတွက်သာ လျင်စွာဖြစ်ခြင်း ချုပ်ခြင်းလည်း ရှိထသော။ ယတ္ထ၊ အမှတ်မထင် မြင်မြင် ဝါးဝါး အကြွင် တစုံ တခုသောအာရုံငါးပါး ကာမဂုဏ်တရား၌။ ကာမနိပါတိနော၊ အလို အတိုင်း မဆိုင်းမတွ ကျလဲ-ကျရောက်တတ်ထသော။ စိတ္တဿ၊ ပေါက် လွှတ်ပဲစား လွှတ်၍ထားသော စိတ်ရိုင်းစိတ်မိုက်ကို။ ဒမထော၊ အဝါး ဝဝ အသားကျအောင် ဆုံးမနိုင်ပါမူကား။ သာဓု၊ ကောင်း၏။ ဒန္တံ၊ ထားရာမှာနေ စေရာကိုသွား အသားကျကျ ဆုံးမယဉ်ကျေးပြီးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ လူ နတ် နိဗ္ဗာန်သုံးတန် ချမ်းသာ ရရာ ရကြောင်း ကောင်းကောင်း ဆောင်ရွက်နိုင်ပေ၏။

* နှိမ်နင်းနိုင်ခဲ, လျင်လဲ လျင်မြန်၊
အာရုံငါးပါး, ကျငြား တန်တန်၊
စိတ်ရိုင်း စိတ်ကြွ, ဆုံးမပေးရန်၊
စိတ်ယဉ်ကျေး, ဆောင်ပေးချမ်းသာမှန်။

အလျဉ်းသင့်၍ ဓမ္မပဒ-လာ ဒေသနာတော်ကို မှတ်သားရအောင် ထည့် သွင်း ဖော်ပြလိုက်ရသည်။

ရောက်သင့် ရောက်ထိုက်သော ဗဟို တောင်တန်း သာ သ နာ ပြု ကျောင်းသို့ ရောက်ကြရလေပြီ။ ရှေးကျောင်းဟောင်းကြီးကတဆောင်, အသစ် ဆောက်လုပ်ဆဲကတဆောင် ကျောင်းကြီး ၂-ဆောင်ကို တွေ့ကြ ရ၏။

"ဗဟိုတောင်တန်းသာသနာပြု ကျောင်းကြီးဆိုပေမယ့် အရှင်ဘုရား တို့ မြင်တော်မူကြတဲ့ အတိုင်းပါပဲဘုရား။ အလုပ်က ကြီးကျယ်မြင့်မြတ် ပေမယ့် ကျောင်းကြီးကတော့ အင်မတန် အိုမင်းနေပါတယ်။ ဆောက် လုပ်ဆဲ ကျောင်းကြီးကလဲ အမိုးနဲ့ တိုင်သာထူပြီး အကာအရံ မရှိသေး တော့ နေလို့ မဖြစ်သေးဘူးဘုရာ့"

ဗဟိုတောင်တန်း သာသနာပြု ဆရာတော် ဦးကေသရက ကျောင်းကြီးပေါ် ရောက်လျှင်ရောက်ချင်း ဤသို့ မိန့်ကြားတော် မူသည်။ ဆရာတော် မိန့်ကြားသည့် အတိုင်းလည်း ဟုတ်ပါသည်။ ကျောင်းအိုကြီးမှာ တိုင်များလည်း ယိမ်းယိုင်နေပေပြီ။ အခင်း ကြမ်းပြင်တို့ကလည်း ဟိုနေရာကျိုး သည်နေရာပျက် ဖြစ်နေသောကြောင့် အရမ်းနင်းမသွားဝံ့ကြ၊ ကြမ်းပေါက်များကို သတိနှင့်ကြည့်ပြီး ရှောင်ကွင်းနင်းသွားကြရသည်။ ကျောင်းကြီး ကျယ်သလောက် အပေါ်၌ နေစရာမရှိ၊ ကျိုးပြတ်သည့် နေရာတို့ကသာ များနေသည်။ သက်ဆိုင်ရာ အစိုးရတို့ ကြီးမှူး၍ မြို့ရွာလူထုနှင့် ပြင်မည်ဆိုလျှင် ကျောင်းကြီးမှာ လွယ်လွယ်ကူကူနှင့် အမြန်ပြီးစီးသွားပေမည်။ သို့မှလည်း ဗဟိုတောင်တန်း သာသနာပြု ကျောင်းကြီးနှင့် တူပေလိမ့်မည်။

## ဗဟိုက ဆောင်ရွက်ချက်များ

"အရှင် ဘုရားများ ဗဟိုတောင်တန်း သာသနာပြု ဌာနက နေပြီး ဘယ်လို ဆောင်ရွက်ကြရပါသလဲ ဘုရား" စာရေးသူက မေးလိုက်၏။

၁။ များစွာရှိတဲ့ တောင်တန်းသာသနာပြု ဌာနခွဲတွေက အစီရင်ခံစာတွေကို မိတ္တူလုပ်ပြီး ရန်ကုန် အဖွဲ့ချုပ်ကို တင်ပို့ရပါတယ်။

၂။ ဌာနခွဲများမှာ ပေါ်ပေါက်လာတဲ့ ပြဿနာတွေကို ဖြေရှင်းပေးရပါတယ်။

၃။ ဌာနခွဲတွေမှာ လိုနေတဲ့ ရိက္ခာများကို ပို့ပေးရပါတယ်။

၄။ ဌာနခွဲတွေမှ ပို့လွှတ်လိုက်တဲ့ နာဂအမျိုးသား ကလေးသူငယ်များကို ရှေးဦးစွာ မြန်မာစကား သင်ပေးရတယ်။ နေတတ် ထိုင်တတ်အောင် စည်းကမ်းသေကျဖြစ်အောင် ပြုပြင်ပေးရတယ်။ ဗုဒ္ဓသာသနာ ယဉ်ကျေးမှုများကို နားလည်အောင် သင်ပေးရပါတယ်။ မူလတန်း ပညာကို သင်ပေးရပါတယ်။ နောက်တော့ အလယ်တန်း ပညာအထိ ဒီဌာနက သင်ကြားပေးနိုင်အောင် ဆောင်ရွက်ဖို့ မျည်ရွယ်ချက်ရှိပါတယ်။ အခုတော့ မူလတန်းပညာ သင်ကြားပေးပြီးယင်

အလယ်တန်း အထက်တန်းကျောင်းများသို့ သင့်တော်သလို ပို့ပေးပါတယ်။ သာသနာ့ဘောင် တက်ရောက်နိုင်သူများကို ရှင်သာမဏေ ပြုပေးခြင်း၊ ရဟန်းဘောင် ရောက်သင့်သူများကို ရဟန်းဘောင် ရောက်အောင် အားထုတ်ပြီး ပြုစု ပျိုးထောင် ပေးခြင်းများကို ပြုလုပ်ရပါတယ်။ ပိဋကတ် စာပေ သင်ကြားပေးဖို့ လိုလာသည့်အခါ မြေပြန့် စာသင် တိုက်ကြီးများသို့ ပို့ပေးရပါတယ်။ ဤသို့ ဆရာတော် ဦးကောသလ က ရှင်းပြတော်မူသည်။

"ဌာနခွဲတွေကကော တော်တော် များပါသလားဘုရား" စာရေး သူက ဆက်လက်မေးလျှောက်လိုက်ပြန်ပါသည်။

၁။ "တပည့်တော်နဲ့ ဆရာတော် ဦးဂန္ဓသာရ ယခု လက်ရှိ ဆောင်ရွက် နေကြတဲ့ ခမ္ပတီးမြို့ ပေါမိုင်းရပ် ဗီ-ဗဟို တောင်တန်း သာသနာပြုဌာန။
၂။ ဆရာတော် ဦးကောဝိဒ ကြီးမှူးဆောင်ရွက်နေတဲ့ ဟတ္ထို တောင်တန်း သာသနာပြုဌာန။
၃။ ဆရာတော် ဦးကောလာသ ကြီးမှူးဆောင်ရွက်နေတဲ့ လဟယ် သာသနာပြုဌာန။
၄။ ဆရာတော် ဦးဇဗ္ဗုတ္တရ ကြီးမှူးဆောင်ရွက်နေတဲ့ လေရှီး သာသနာပြုဌာန။
၅။ ဆရာတော် ဦးသီရိန္ဒ ကြီးမှူးဆောင်ရွက်နေတဲ့ စံပြရွာ သာသနာပြုဌာန။
၆။ ဆရာတော် ဦးပဏ္ဍိတ ကြီးမှူးဆောင်ရွက်နေတဲ့ ပဒူးမုန်း သာသနာပြုဌာန။
၇။ ဆရာတော် ဦးပဏ္ဍိတ (၂) ကြီးမှူးဆောင်ရွက်နေတဲ့ နန်ဖာ သာသနာပြုဌာန။
၈။ ဆရာတော် ဦးဝါယမ ကြီးမှူးဆောင်ရွက်နေတဲ့ ပန်ဆောင် သာသနာပြုဌာန။

ပေါင်း သာသနာပြုဌာန ၈-ဌာန ရှိပါတယ်။

၉။ ယန်စီဌာန၊ ၁၀။ ဆော်လော်ဌာန၊ ၁၁။ နန်းယွန်းဌာန၊ ၁၂။ ချန်မယောယ်ဌာန ဆိုတဲ့ လေးဌာန မှာတော့ သာသနာပြု ဆရာတော်များ မရှိကြပါဘူး။ လစ်လပ်နေပါတယ်။ အခုအထိ လေးဌာနစလုံး အစားမထိုးနိုင်သေးပါဘူး။ လစ်လပ်ရတာကတော့ အကြောင်း အမျိုးမျိုးကြောင့်ပါပဲ။ အခုရှိနေကြတဲ့ သာသနာပြု ဌာနများက သာသနာပြု ဆရာတော်တွေဟာ ယူချင်သလို ထွက်ခွင့် မရပါ။ အသစ်ခန့်ထားခြင်းလဲ မရှိပါဘူး။”

## ဌာနခွဲမရိုး

တပည့်တော်များရဲ့ သာသနာပြု ဌာနများကို သွားတဲ့ လမ်းခရီးများမှာ—

၁။ ဆင်သေလား စခန်းကနေတဲ့လမ်း။

၂။ ခမ္ပတီးချင်းတွင်းမြစ်ကနေ ဆန်တက်ရတာကတဲ့လမ်း။

၃။ ထမန်သီလားစခန်းကနေ တက်ရတာကတဲ့လမ်း။

ပေါင်း လမ်းသုံးသွယ်ရှိပါတယ်။

တဌာနနဲ့ တဌာနကလဲ အတော်အလှမ်းဝေးပါတယ်။ အနီးဆုံး ဌာနဟာ ၂-ညအိပ်သွားကြရပါတယ်။ အဝေးဆုံးဌာနကိုဆိုယင် တလကြာအောင် သွားကြရပါတယ်။ ဆရာတော် ဦးဝါယမကြီးမှူးတဲ့ သာသနာပြုဌာနဟာ ပန်ဆောင်ဌာန ဖြစ်ပါတယ်။ အဲဒီ ပန်ဆောင်ဌာနဆိုယင် လီဒိုလမ်းမကြီးအေး အိန္ဒိယနယ်စပ်မှာပါ။ မြစ်ကြီးနားကနေပြီး မိုင်တရာ့ခြောက်ဆယ်လောက် ဝေးပါတယ်။ ဆင်သေကနေပြီး ကုန်တင်ကားများနဲ့ တလလောက်တောင်သွားမှ ရောက်ပါတယ်။

ဟောဒီ ဆရာတော် ဦးကောဝိဒရဲ့ သာသနာဌာန၊ ဆော်လော်ဌာန၊ လဟယ်ဌာန၊ နောက်အော်ဌာန၊ ယန်စီဌာန၊ ပန်ဆောင်ဌာနများကို သွားမယ်ဆိုယင် ခမ္ပတီးလမ်းကလမ်း ဆင်သေကနေပြီး သွားကြရပါတယ်။ ဆင်သေကနေ ၁၀-မိုင်လေးပဲ့ ဟုတ္တိုဌာနအထိတော့ ကားလမ်း ပေါက်နေပါပြီ။ ကားလမ်းပိုးမပေါက်တဲ့ မြေမှုန်းယမ်းဖြစ်လို့ မိုးရာသီမှာ

ကားမသွားနိုင်ပါဘူး။ ပီးတော့ ဒီအရပ်ဌာနတွေက အင်မတန် မိုးများပါတယ်။ မိုးရာသီမဟုတ်တဲ့ ဆောင်းကာလ- နွေကာလများမှာတောင် တလ တကြိမ်လောက်တော့ မိုးရွာပါသေးတယ်။ ရွာပြန်တော့လဲ မိုးရေက အင်မတန် များတာကလား။ တခါတရံ သာသနာပြုဆရာတော်တွေဟာ လမ်းသွားယင်း မိုးမိတဲ့အခါ တည်းခိုစရာမရှိတဲ့ နေရာရောက်နေကြလို့လမ်းဘေးသစ်ပင်အောက်မှာ ပလတ်စတစ်ကိုခြုံပြီးအိပ်ကြရတယ်။

ပိန်းကူးနာဂများနေတဲ့ ပဒူးမုန်းကို သွားကြရတဲ့အခါ ခမ္ပတီးကနေ ချင်းတွင်းမြစ်တလျှောက်ကို လှေနဲ့ ၂-ညအိပ် ဆန်တက်ကြရတယ်။ ရေကြောင်းခရီးပြီးတော့ ကုန်းကြောင်း တခါလျှောက်ကြရပြန်ပါတယ်။

လေရှီး စံပြဌာန တို့ကို သွားယင် ခမ္ပတီးကနေ ချင်းတွင်းမြစ်တလျှောက်အတိုင်း ထမန်သီအထိ စုန်ဆင်းပြီးမှ တဖန် ထမန်သီ လားစခန်းကနေ တက်ကြရတယ်။

တချို့ သာသနာပြု ဆရာတော်တွေ ဆိုယင် လမ်းပန်း အခက်အခဲကြောင့် ဗဟိုဌာနကို ပြန်မရောက်လာကြတာ ၂-နှစ် ၃-နှစ်တောင် ရှိသွားပါပြီဘုရား။ ဒီလို ဝေးကွာလှတဲ့ ဌာနတွေကို ဆက်သွယ်တဲ့အခါ စစ်တပ်အကူအညီယူပြီး ဝိုင်ယာလက်နဲ့ အသက်ရှင်လျက်ပဲလား၊ ကျန်းကျန်း မာမာဟုတ်ရဲ့လား-စသည့် အချက်နှင့် ယခု ဘယ်ရောက်နေသလဲ စတဲ့ ရောက်ရာဌာန- အသက်ရှင်-မရှင် ကျန်းမာ-မမာလောက်သာ ဆက်သွယ် မေးမြန်းနိုင်ကြပါတယ်''

## ကျောင်းသားများ၏ နေထိုင်စားသောက်ရေး

''ယခု အရှင်ဘုရားများ ဗဟိုဌာနမှာ ကျောင်းသူကျောင်းသားတွေ အများကြီးပဲလား ဘုရား''

''လက်ရှိ မူလတန်းကျောင်းသား ၁၆၂-ယောက် ရှိပါတယ်။ ဒီကျောင်းသားတွေထဲမှာ တောင်တန်းသာသနာပြုဌာနများမှ အမြဲနေ ညအိပ်ကျောင်းသား ၆၃-ယောက်ရှိပါတယ်။ ကျန်တဲ့ ၉၉-ယောက်ကတော့ ခမ္ပတီးမြို့ထဲက လာထားကြတဲ့ ကျောင်းသားတွေ ဖြစ်ပါတယ်''

"အမြဲနေ ကျောင်းသား ၆၃-ယောက်အတွက် ကုန်ကျစရိတ်ကတော့ နဲပါးလှမယ် မဟုတ်ပါဘူး"

"တင်ပါ့၊ မနဲလှဘူးပေါ့ဘုရား။ ၆၃-ယောက်အတွက် ဆန်ဖိုး တွင်ပဲ တလ တလ ၂၃၂-ကျပ် ကုန်ကျပါတယ်။ အဝတ်အစားအတွက် တနှစ်တနှစ် ၇၀၀-လောက် ကုန်ကျပါတယ်"

"အဲဒီ ကုန်ကျစရိတ်တွေကို ဘယ်သူက တာဝန်ယူပါသလဲ ဘုရား"

"အစိုးရကလဲ ထောက်ပံ့ပါတယ်၊ အစိုးရ အထောက်အပံ့ကတော့ ဆန်ဖိုး ပဲဖိုးလောက်ပါပဲ။ လိုတဲ့ကုန်ကျစရိတ် များကိုတော့ စေတနာရှင်တို့ အလှူငွေနဲ့ ကျောင်းအိပ် ကျောင်းစားများရဲ့ လုပ်အားခ ရတဲ့ငွေများမှ ရရှိပါတယ်"

"ကျောင်းသားများရဲ့ လုပ်အားခက ဘယ်လိုများလုပ်ပြီး ရပါသလဲ ဘုရား"

"ဒီကျောင်းဝိုင်းထဲမှာ စိုက်ပျိုးမြေ တဧကလောက်ရှိပါတယ်။ အဲဒီ မြေမှာ ဗူး၊ ဖရုံ၊ နံနံ၊ ဒေါနပန်း၊ သစ္စာပန်း၊ မေမြို့ပန်း၊ မုန်လာ၊ မုန်ညင်း၊ ခရမ်း၊ ခရမ်းချဉ် စတဲ့ သီးနှံပင်နှင့် ပန်းပင်များကို ကျောင်း အားချိန်မှာ ကျောင်းသားတွေ စိုက်ပျိုးကြပါတယ်"

"ဒါနဲ့ ကုန်ကျစရိတ် ပြည့်စုံရောလားဘုရား။ မပြည့်စုံယင် ဘယ်လို လုပ်ပါသလဲ ဘုရား"

"ဒါကိုတော့ တပည့်တော်များက စိုက်ထုတ်ရတာပါဘုရား"

## ဆုမွန်ကောင်း တောင်းမိသည်

ဗဟိုတောင်တန်း သာသနာပြုကျောင်းသို့ ရောက်ရာ၌ သာသနာပြု ဆရာတော်ဘုရားထံ ဤသို့ပင် မေးမြန်းလျှောက်ထား လေ့လာခဲ့လေသည်။ ဆရာတော်၏ မိန့်ကြားချက်များကို စိတ်ဝင်စားစွာဖြင့် လိုလိုလားလား နာယူမှတ်သားခဲ့သည်။ သာသနာရေး၊ ဘာသာရေး၊ ပညာရေး အားထုတ်နေကြသော တောင်တန်း သာသနာပြု ဆရာတော်များမှာ လွယ်ကူသက်သာသည်မဟုတ်။ နေရေး ထိုင်ရေး၊ စားသောက်ရေး သွားလာရေးမှ အစ တပင်တပန်း ရှိလှသည်။ အစိုးရတို့ကလည်း ထိုက်

ထောက်ပံ့သင့်သည်။ စေတနာရှင်တို့ကလည်း အစိုးရနှင့် လက်တွဲ၍ ကူညီဖို့ လိုအပ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သာသနာပြုဌာန ၄-ဌာနၠ် သာသနာပြုဆရာတော်များ လစ်လပ်နေသည့်ဆိုရာ၌ အခြား အကြောင်းများလည်း ပါမည်။ ပစ္စည်းလေးပါး ချို့တဲ့မှုလည်း ပါကောင်းပါပေလိမ့်မည်။ သာသနာတော်အတွက် နိုင်ငံတော်အတွက် တကယ် အပင်ပန်းအဆင်းရဲခံ အားထုတ်လျက်ရှိကြသော ပြည်နယ် သာသနာပြုဆရာတော်များအတွက် အစခပ်သိမ်း မလိုရအောင် ဝိုင်းဝန်း ကူညီသင့်ကြသည်။

အချို့ ပြည်နယ်များ၌ အစွန်အဖျား တောခေါင်ခေါင်မှာ နေကြ၊ ထိုင်ကြသော မြန်မာပြည်ဖွား အမျိုးသား အမြောက်အများရှိနေကြသည်။ ထိုတော ခေါင်ခေါင်၌ နေကြ၊ ထိုင်ကြသောအမျိုးသား ကလေးများမှာ တောပန်း တောင်ပန်း ကလေးများနှင့်တူသည်။ လိမ္မာကျွမ်းကျင်သော ဥယျာဉ်မှူးများနှင့် မတွေ့ရလျှင် ထိုထိုတောပန်း တောင်ပန်း ကလေးများမှာ ပန်ချင်စဖွယ် မရှိအောင်ညှိုးလျှနေကြမည်သာဖြစ်သည်။ ဥယျာဉ်မှူးကောင်း၍ အပြုအပြင်ကောင်းလျှင် တောပန်း တောင်ပန်း ကလေးများပင် ဖြစ်သော်လည်း လန်းဆန်းလာမည်။ ပန်ချင်စဖွယ် ဖြစ်လာမည်။ ဆွတ်ပျံ့နမ်းရှုချင်စဖွယ် ဖြစ်လာနိုင်သည်။

တောင်တန်း သာသနာပြု ဥယျာဉ်မှူးတို့၏ ပြုပြင် ပျိုးထောင်မှုဖြင့် အမျိုးသား တောပန်း တောင်ပန်း ကလေးများ လန်းဆန်းကြပါစေ။ မွှေးကြိုင်ကြပါစေ။ စည်ကား ဖွံ့ထွားနိုင်ကြပါစေ ဟု ဆုမွန်ကောင်း တောင်းမိပါသတည်း။

# ၈။ ခမ္ဘတီးမှာရိပ်သာ ဖြစ်မြောက်ရေး

အချိန်မှာ တန်ဆောင်မုန်းလဆန်း ၂-ရက်၏ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်တည်း။ မိုးကား ရွာမလိုလို ဟန်ပြင်နေ၏။ နေရောင်ကို မိုးတိမ်ကတားဆီးထားရာ တောက်ပချင်တိုင်း မတောက်ပနိုင်။ မှိုင်းတိုင်းတိုင်းဖြစ်နေသည်။

ခမ္ဘတီး မြို့မကျောင်းအနီး မြစ်ဆိပ်မှ ချင်းတွင်းမြစ် ညာဘက်သို့ မော်တော်ဖြင့် ထွက်ခွာခဲ့ကြ၏။မော်တော်ပေါ်၌ ဆရာတော် ဦးသံဝရ၊ ဦးကေသရ၊ ဦးကောဝိဒ၊ ဦးဝိဇ္ဇောဒယ၊ စာရေးသူနှင့် ဦးညိုပု၊ ဦးခင်မောင်၊ ဆရာလှိုင် စသော ခမ္ဘတီးမြို့ခံ လူကြီးများ စီးနင်းလိုက်ပါခဲ့ကြသည်။

"မေခနှင့် မလိခမြစ်နှစ် ခုပေါင်းမှ ဧရာဝတီမြစ်လာရသလို ဟိုဘက်က ထနိုင်ခနှင့် နန်းဖွတ်ခ မြစ်နှစ်သွယ်ပေါင်းမှ ချင်းတွင်းမြစ် ဖြစ်လာခဲ့ရတယ်။ ဧရာဝတီလိုတော့ ဒီချင်းတွင်းမြစ်က သွားလို့ လာလို့ မလွယ်လှဘူး။ မြစ်ကျဉ်းဖြစ်နေလို့ အသွားအလာ ခက်တယ်" ဤမြစ်ကြောင်းသို့ မသွားမလာဘူး သေးသော တရားဟော အဖွဲ့ကို ဆရာတော် ဦးကေသရ က ပြောပြတော်မူသည်။

"ဆင်သေရွာက ဆိပ်ကမ်းနှင့် တော်တော် ဝေးသလားဘုရား" စာရေးသူက ဆင်သေရွာကို သွားနေသည် အထင်နှင့် မေးလိုက်သည်။

"ဒါဆင်သေသွားနေတာ မဟုတ်ဘူး။ ခမ္ဘတီးမှာ သာသနာ့ရိပ်သာတည်မည့်နေရာကို ပြဖို့ရာ သွားနေကြတာပါ။ အရှင်ဘုရားတို့ ကြွလိုတဲ့ ဆင်သေရွာကို ဒီက အပြန်မှ ကြွကြရလိမ့်မယ်" ဒကာကြီး ဆရာလှိုင်က ပြုံးတုန်းတုန်းလုပ်၍ လျှောက်ထားသည်။ပြုံးတုန်းတုန်းလုပ်ဖို့အကြောင်းကား ရှိနေပါသည်။ ဆရာတော် ဦးသံဝရနှင့် စာရေးသူတို့က နာဂအမျိုးသား အခြေအနေကို ကြည့်ရှုလို၍ နာဂတွေ နေသည်ဆိုသောဆင်သေရွာကို ပို့ပေးဖို့ ပြောကြားထားသော စကားက ရှိသည်၊ ထိုစကားအရ နာဂတွေ နေထိုင်ကြသည်ဆိုသော ဆင်သေကို ပို့မလိုလိုနှင့်

ရိပ်သာတည်မည့်နေရာကို လှည့်ပတ်ပေါ်လာခဲ့ကြသော မိမိတို့၏ လှည့်ကွက်နှင့်ကြုံကြိုဖန်ဖန် နာဂဟေတွေ့မှ ကြည့်ချင်မှုပါမည်လော - ဟူသောသဘောနှင့် ပြုံးတုန်းတုန်း လုပ်ချင်းဖြစ်သည်။

"ဟင်-ဟုတ်လား၊ ဘုန်းကြီးတို့က နာဂတွေဆီ လိုက်ပို့နေတာမှတ်လို့ နာဂတွေကို မြင်ရတော့မှာပဲလို့ အောက်မေ့ နေကြတာ" ဆရာတော်ဦးသံဝရကလည်း ရယ်မောယင်း ပြောလေသည်။ မော်တော်ခုတ်မောင်းလျက်ရှိသော ချောင်းကွင်းမြစ်ကြောင်းမှာ ကျဉ်းလည်း ကျဉ်း၍ စောက်လည်းစောက်လျက် မြင့်လည်းမြင့်မားလှကုန်၏။ တောတောင် များကလည်း ထူထပ်လှကုန်သည်။

## ဖိနပ်က လူကို စီးလေပြီ

မော်တော်ကို ကမ်းကပ်ပြီးသော် အားလုံး မော်တော်ပေါ်က ဆင်း၍ ကမ်းပါးပေါ်သို့ တက်ကြရသည်။ လမ်းယောင်ယောင်ကလေးမျှရှိ၍ ကျဉ်းမြောင်းလှသော ချုံပိတ်ပေါင်းတို့အကြားမှ သွားကြရ၏။ ဆရာလှိုင်တို့အဖွဲ့က ရှုပ်နေသော ချုံပိတ်ပေါင်းများကို ဓားဖြင့် ရှင်းလျက်ရှေ့က လမ်းထွင်သွားကြရာ စာရေးသူတို့က နောက်က လိုက်ကြရသည်။

နင်းသွားကြသော လမ်းမြေမှာ စိုစွတ်လျက် ရွှံ့စေးများ ဖြစ်နေသဖြင့် အသွားရခက်လှသည်။ အပါတိုင်း လူက စီးလာသော ဖိနပ်များမှာ ဤနေရာမှ သူတို့က လူကိုပြန်၍ စီးကြလေတော့သည်။ ဆရာလှိုင်တို့ အဖွဲ့က လမ်းဘေးရှိ ဝါးပင်များကို ခုတ်ကြ၍ တောင်ဝှေးပြုလုပ်ပေးကြသည်။ တောင်ဝှေးကို အားပြုပြီး ရွှံ့မြေများကို ရှုန်းကန်ခြီတက်ကြရ၏။

## ရိပ်သာဖွင့်ရန် စိတ်သန်လှသည့်အဖိုးကြီး

အဖိုးကြီး ဦးညီပုမှာ ပုဆိုးမနိုင် ပဝါမနိုင် ဖြစ်နေသည်။ သူ့လုံကွင်းအောက်နားများ၌ ရွှံ့များ ပေကျံကုန်၏။ ရွှံ့ဗွက်နှင့် အတက်အဆင်း နေရာများကို ရောက်တိုင်း ဆရာလှိုင်တို့ အဖွဲ့က အဖိုးကြီး ဦးညီပုကို တွဲယူ ကူမပေးကြ၏။ ရာထူးနှင့် အမှုထမ်းခဲ့စဉ်က ကိုယ်ပိုင်မြင်းများ ကိုယ်ပိုင်ကားများ ကိုယ်ပိုင် ရထားတွဲကြီးများနှင့် သက်သက်သာသာ သွားလာခဲ့ရသမျှ ဤလမ်း၌ အတိုးချ၍ ခြေလျင်ရုန်းကန်နေခဲ့လေတော့သည်။

အဖိုးကြီး၏ အခြေအနေကို ကြည့်၍ ဆရာလိုင်တို့ အဖွဲ့က အားနာ ပါးနာ ဖြစ်နေကြသည်။ "ဒီလို ပေးတဲ့လမ်းက သွားရပါမည်လား" ဟု ရှေ့ဆောင်လူများကို အပြစ်ဆိုသူက ဆိုကြသည်။ အားနာကြောင်းလဲ ထုတ်ဖော်ပြောကြသည်။

ရိပ်သာဖွင့်ရန် အားသန်နေသော အဖိုးကြီးကမူ ဤသို့သော ဆင်းရဲမျိုးကို မဖြုံပေ။ အိမ်မှာထိုင်နေလျှင် ချမ်းသာမှန်း သိသည်။ ထိုင်နေရသည့် ချမ်းသာမျိုးကို မလိုချင်ပဲ ဤလို သာသနာပြု ဆင်းရဲမျိုးကို ခံချင်လို့ပင် အိမ်မှာ ချမ်းသာစွာ ထိုင်မနေပဲ ထလိုက်လာခြင်း ဖြစ်သည်။

အခုအကြိမ်သာ ဆင်းရဲဘူးသည် မဟုတ်၊ ဤလို သာသနာရေး ကိစ္စမျိုးဖြင့် လှည်းကြမ်းလှေကြမ်းဖြင့်လည်း သွားခဲ့ဘူးလှပြီ။ ဆင်းရဲလှ ပါသည် ဟူ၍ ညည်းညူသည်ကို မတွေ့ရပေ။ အရွယ်ကောင်း လူများ, ရဟန်းတော်များနှင့်အတူ ပခုံးချင်းယှဉ်၍ သွားစရာ သာသနာရေး ကိစ္စရှိသမျှ သွားလာလုပ်ကိုင်လျက်သာတည်း။ အားနာသူတို့က အားနာ သော်လည်း ဤဆင်းရဲမျိုးကို အဖိုးကြီးကတော့ မဖြုံပေ။

## နေရာကောင်းသော်လည်း အကြောင်းမသင့်

အတက်အဆင်း အကွေ့အကောက် များလှသော လျှိုမြောင် အကြား၌ သွားကြရသောကြောင့် ချွေးများပင် စို့လာအောင် မောပန်းကြသည်။ ရိပ်သာ ဖြစ်မြောက်ရေးအတွက် ဆွေးနွေးပြောဆိုကြ၊ ရတနာသုံးပါး၏ ဂုဏ်တော်ဖွင့် ဂါထာများကို ရွတ်ဆိုကြယင်း အမောအပန်းကို ဖြေဖျောက်ကြရ၏။ ဤနည်းဖြင့် ၂ မိုင်လောက် သွားမိကြရာ ရိပ်သာတည်ဆောက်ရန် ရည်မှန်းသော နေရာသို့ ရောက်ကြလေ၏။ နေရာမှာ တောင်ကုန်း အဆင့်ဆင့် ဝန်းရံနေသော ချိုင့်ဝှမ်း ကြီးတည်း။

အားလုံး ထိုချိုင့်ဝှမ်းကြီးကို ဆင်းကြည့်ကြသော်လည်း ရွှံများ ပေါ၍ ချောနေသော လမ်း၌ မတော်တဆ ချော်လဲမည် စိုးသဖြင့် ဒကာကြီး ဦးညီပုမှာ ဆင်းမလိုက်တော့ပဲ ကုန်းပေါ်ကသာ ကြည့်၍

ကျန်ရစ်ခဲ့လေသည်။ နေရာမှာ ၄-ကေခန့် ကျယ်ဝန်း၏။ စမ်းချောင်းကလေးကလည်း တသွင်သွင် စီးဆင်းလျက် ရှိလေသည်။

ထိုသို့ စမ်းချောင်းကလေးက တသွင်သွင် စီးနေသောကြောင့် ရေမိုးအတွက် အခက်အခဲ ရှိမည်မဟုတ်။ သစ်ပင်ကြီးငယ်တို့လည်း စိမ်းလန်းစိုပြေနေရကား မြေလည်းကောင်း၏။ ဆိတ်လည်း ဆိတ်ငြိမ်၏။ စမ်းချောင်းကလေး၌ မျက်နှာသစ်ကြ၊ သောက်သုံးကြ၊ ခြေလက်သန့်စင်ကြ၏။

ရေကား အေးလည်းအေး၏။ အရသာလည်း ပြေ၏။ အညောင်းအညာလည်းပြေ၏။ ကိုယ်ရောစိတ်ပါ ရွှင်လန်းစေ၏။ မြေနေရာကို ကြည့်ရှုပြီး၍ ခဏကြာသော် ကုန်းပေါ်သို့ ပြန်လည်တက်ခဲ့ကြလေသည်။

"ဒီနေရာက ရေမိုးလဲပြည့်စုံတယ်၊ ဆိတ်လဲ ဆိတ်ငြိမ်တယ်၊ အကွက်အကွင်းလဲ ကျနပါတယ်။ ရိပ်သာတည်ရင် သင့်တော်မယ် ထင်တာပါပဲ။ ဘယ်လို သဘောရသလဲ" ဆရာလှိုင်က ဒကာကြီး ဦးညီပုအား မေးမြန်းသည်။ အနေ၌ သူ၏ သဘောအရကိုလည်း ဖော်ထုတ်ထား၏။

"မြေနေရာကလဲကျယ်၊ ရေလဲပေါ၊ တောထဲမှာဖြစ်လို့ ဆိတ်လဲ ဆိတ်ငြိမ်ပါတယ်။ ဒါပေမဲ့ မြို့နဲ့ အလှမ်းဝေးကွာလွန်းလို့ အသွားအလာ ခက်မယ်။ ဒါကြောင့် ဒီနေရာကို သိပ်မကြိုက်လှသေးဘူး" အမြော်အမြင်ကြီးသော ဒကာကြီး ဦးညီပုက နေရာ၏ အသွားအလာ အပြစ်ကို ပြ၍ သူ့သဘောကို ပြန်ကြားသည်။

"ဒီလိုဆိုယင် ကျွန်တော်တို့ အယင် ရည်ရွယ်ကြည့်ရှုထားတဲ့ မြသိန်းတန် ဘုရားကုန်းဆိုယင် ကောင်းမယ်" ဒကာကြီး ဦးညီပု၏ အလိုဆန္ဒနှင့် ကိုက်ညီမည်ထင်သော နေရာကို ရွေးပြောပြီး ဆရာလှိုင်က ပြောပြန်သည်။

"ကိုင်း-ဒီလိုဆိုယင် မြသိန်းတန် ဘုရားကုန်းကို ပြန်ယင်း ကြည့်ကြမယ်" အနားရှ သွက်လက်သော ဆရာဖော် ဦးသံဝရ က သွက်သွက်လက်လက်ပင် အမိန့်ရှိလိုက်၏။

## အပြန်ခရီး

အပြန်၌ ငေး၍ ရှုပေါ်သော လာလမ်းအတိုင်း မပြန်ကြပဲ အနည်းငယ်မြင့်သော တောင်ကုန်းကလေးပေါ် ကျော်တက်၍ ဖြတ်လမ်းက ပြန်ကြသည်။ မော်တော်သမားများကိုလည်း လာလမ်းအတိုင်း ပြန်ခဲ့ကြ၍ မြစ်ထဲက ပြန်မောင်းခဲ့ကြရန် မှာကြားပြီး ပြန်လွှတ်လိုက်ကြ၏။ အပြန်ခရီး၌ လမ်းကလည်းဖြောင့်၊ ရှုံ့ညွန်လည်းမရှိ၊ သစ်ပင်ကြီးများအောက်၌ ဖြောင့်ဖြူးနေသော လမ်းကြီးကလည်း ကောင်းသည်။ ဦးဝိဇ္ဇောဒယကား တရားဂါထာတပုဒ်ကို ရွတ်ယင်း ရှေက ကြွသွားနှင့်လေပြီ။ အားလုံး သက်သက်သာသာ ခြေလျင်လျှောက်ခဲ့ကြသည်။ အသွားခရီးတုန်းက အစိုးရိမ်ကြီးကာ အလျင်လို လမ်းအိုလိုက်-ဟူသော မန္တန်ကိုမေ့ပြီး လမ်းသစ်ထွင်ခဲ့ခြင်းကြောင့် အားလုံး ပင်ပန်းကြရသည်။

## ညှိနေရာကောင်းသည်

မြသိန်းဟန် ဘုရားကုန်းကို ရောက်ကြရာ၌ ရိပ်သာအတွက် အလားအလာကို ဆွေးနွေးကြသည်။ မြသိန်းတန် ဘုရားကုန်းမှာ မြို့နှင့် ဟာစပ်တည်းဖြစ်၍ ချင်းတွင်း မြစ်ကမ်းထိပ်၌ တည်ရှိသည်။

ရေမြောင်းများ ခြားလျက် ရှိသောကြောင့် မြို့နှင့် တစပ်တည်းဖြစ်သော်လည်း သီးခြားနေရာ တခု ဖြစ်နေသည်။ ဆိတ်လည်း ဆိတ်ငြိမ်၏။ ရေမိုးလည်း မခက်။ အသွားအလာလည်း လွယ်ကူသည်။ အလေးအမြတ် ကိုးကွယ် အားထားစရာ မြသိန်းတန် ဘုရားကြီးကလည်း အနီးအနား၌ ရှိပြီးဖြစ်နေသည်။ ဘုရားဝိုင်းအတွင်း သိမ်ကလည်း သမုတ်ပြီးရှိနေသည်။ ရိပ်သာနေရာက ဘုရားဝိုင်းပြင်ဘက်မှာ ဖြစ်၍ ယောဂီတို့ဖိနပ်စီးခွင့်လည်း ရနိုင်သည်။ လေကောင်း လေသန့် ရသော မြစ်ကမ်းနဖူး ဖြစ်ရကား ကျန်းမာရေးအတွက်လည်း ဆိုစရာမရှိ။ အားလုံး အဆင်ပြေနေသောကြောင့် ဒကာကြီး ဦးညီပုကလည်း သဘောတူ၊ အခြား ပုဂ္ဂိုလ်တို့ကလည်း ကြိုက်ညီကြသည်။

## ပှတ်တမ်းကဗျာ

* မြသိန်းတန်ကုန်း, အားလုံးကြိုက်ညီ၊
ရိပ်သာဖွင့်က, မြည့်ဝစည်။
မြစ်ကမ်းနဖူး, ပြန့်ပြူးတည်မှီ၊
ခမ္ပတ်း, ရိပ်ထီးဖြန့်လေပြီ။

## ခမ္ပတိး ဒုတိယည တရားပွဲ

သက်ရှိသာ ဆိုလျှင် မိုးလည်း လူတို့လို တရားနာ လာရောက်သည်ဟု ဆိုရပေမည်။ တရားပွဲတိုင်းလိုလို ပိုးနှင့် တွေ့ရသည်။ ယခု ဒုတိယည တရားပွဲ၌လည်း တည့်င်းညှင်း ကိုက်ခတ်နေသော လေကလေးနှင့် အတူ မိုးကလည်း တဖြောက်ဖြောက် ရွာလျက်ရှိ၏။ အနားမိုးကလည်း ည ၇-နာရီ၌ ရွာမြဲရွာရန် ညို့နေလေပြီ။ သိကြားမိုးကလည်း အချိန်မှန်, တရားမိုးကလည်း အချိန်တန်နေရာ သိကြားမိုးနှင့် တရားမိုး အပြိုင် အဆိုင် ရွာရပေတော့မည်။

သိကြားမိုးကို အရေးမထားပဲ ထီးဆောင်း ခေါင်းဆောင်း လာကြသော ပရိသတ်တို့မှာ တရားမိုး သောက်ချိုးရေး ဓမ္မသဘင်၌ စုံလင်နေကြ၏။ တရားပလ္လင်ခံ တရားစကားမျိုးကို ဆောကြီး ဦးခင်မောင်နှင့် ဦးညီပုတို့က ရှေးဦးစွာ ပြောပြောကြ၏။ သူတို့ပြောပြောအပြီး၌ စာရေးသူက "သံယောဇဉ်တရားမိုး" ကို သွန်းဖြိုးချလိုက်ရ၏။ ဆရာတော် ဦးသံဝရကလည်း "သာသနာပြု တရားပေးသော" ၌ ဝိပဿနာ သွင်း၍ ရှင်းလင်းဟောကြားပေးပါသည်။

### သွားလိုသေးသေးဘွား

ယနေ့ အရှက်ဆွမ်းစားပြီးလျှင် ခမ္ပတိးမှ ထွက်ခွာမည်။ ထမန်သိမ္မာ တရားဟောကြမည်။ ဤသည်မှာ မူလအစီအစဉ်ပေတည်း။ သို့သော် ဤအစီအစဉ်အတိုင်း သွားကြရန် အတွက် မော်တော်ငှါး၍ မရပါ။ နက်ဖန် သင်္ဘောအစုန်နှင့်မှ လိုက်ကြရပေတော့မည်ဟူ၍ဖြစ်လာတော့သည်။ ထို့ကြောင့် ယနေ့ည ခမ္ပတိး၌ ရှိနေကြဦးမည်ဖြစ်ရာ ခမ္ပတိးမှာပင်ဆက်၍

တရား တညဟောရန် စီစဉ်ကြ၏။ အစီအစဉ် ပျက်သွားရကြောင်း ထမန်သီသို့ မည်သူမျှ သွားရောက် အကြောင်းမကြားနိုင်ကြတော့ပေ။ ထမန်သီ တရားနာ ပရိသတ်တို့က မျှော်ကြမည်ဖြစ်သော်လည်း အကြောင်းက မညီညွတ်တော့ မည်သို့မျှ မဟတ်နိုင်တော့ပေ။ အားနာလျက်နှင့် ဖြစ်သမျှအကြောင်း ကောင်းသလို ကြည့်လုပ်ကြရတော့သည်။

## အရှက်ဆွမ်း

အရှက်ဆွမ်းကို ပေါ်မိုင်းရပ် အရေးပိုင် ဦးသိန်းကြည်တို့အိမ်၌ ဘုဉ်းပေးကြသည်။ မြို့မကျောင်းနှင့် ဗဟိုဖယောင်ကန်း သာသနာပြုကျောင်းမှ သံဃာတော်များလည်း ထိုအိမ်၌ပင် ဘုဉ်းပေးကြသည်။ ဘုဉ်းပေးပြီးလျှင် ဆရာတော် ဦးသံဝရ က သီလပေး ရေစက်ချ၍ ဆွမ်း အနုမောဒနာ တရားကို အနည်းငယ် ဟောကြား၏။ သံဃာတော်များက ပရိတ်တရား ချီးမြှင့်တော်မူကြသည်။

အားလုံး ဆွမ်းကိစ္စ ပြီးကြ၍ ကိုယ့်ကျောင်းကိုယ် ပြန်ကြွကြရာ၌ တရားဟော အဖွဲ့ကလည်း ဟည်းခိုရင်း မြို့မကျောင်းသို့ ပြန်ကြသည်။ နေ့ဆွမ်းစားပြီးလျှင် အားလပ်နေသော အချိန်၌ ဆင်သေသွားကြရန် စီစဉ်ထားကြ၏။ မနေ့က အချိန်မရ၍ မသွားခဲ့ရသောကြောင့် သွားချင်လျက် မသွားဖြစ်ခဲ့သော ဆင်သေကို ယနေ့ ကြေန် သွားဖြစ်ကြတော့မည်။

# ၉။ ဆင်သေ လှေလာရေးခရီး

အချိန်မှာ နေ့ဆွမ်းဘုဉ်းပေးပြီးချိန်ဖြစ်၏။ ရာသီဥတုမှာ အအေးဘက်သို့ မဲတင်းလျက်ရှိ၏။ နေထွက်လာလိုက် မိုးကအုံ့လိုက် မိုးဖွဲကလေးက ကျလိုက် လေကလေးက တိုက်လိုက် ဖြစ်နေသည်။

ဥတုကား မိုးနှောင်းဆောင်းဝင် သဘာဝ၏ အခြေအနေကိုပြလျက်ရှိသည်။ ဆင်သေသွားရန် တရားဟောအဖွဲ့နှင့် ဗဟိုတောင်တန်း သာသနာပြုကျောင်း ဆရာတော်များအားလုံး ခမ္ဘတီးမှ ညောင်ပင်ကြီးဆိပ်သို့ ထွက်ခဲ့ကြ၏။ ဦးခင်မောင်တယောက်သာ ကျစ်ရစ်ခဲ့လေသည်။ ယမန်နေ့က ရေဆိပ်ရေချိုးအသွား ချော်လဲထား၍ ဒူးနာနေသောကြောင့် ဖြစ်သည်။ ညောင်ပင်ကြီးဆိပ်ရောက်အောင် ၂-မိုင်ခန့် ခြေလျင်လျှောက်ကြရ၏။ လမ်းတလျှောက် ရွှံ့ဗွက်များကို ကျော်လွှားသွားကြရ၏။

ညောင်ပင်ကြီးဆိပ်သို့ရောက်လျှင်ပိန်းကောလှေကြီးကိုစီး၍ တဘက်ကမ်းရှိ ဆင်သေသို့ ကူးခဲ့ကြ၏။ ထိုလှေပေါ်၌ အခြားခရီးသည်တို့ပါ ၁၂-ယောက်ရှိပေသည်။ လှေကို ရှမ်းအမျိုးသားနှင့် အမျိုးသမီး နှစ်ယောက်တို့က ကျွမ်းကျင်နိုင်နင်းစွာ လှော်ခတ်ကြသည်။

"ဒီပိန်းကောလှေကြီးကို ကြည့်စမ်းပါ ဦးဟုန္တက၊ ဓမ္မပဒ-ရေကပတ္တဝတ္ထုမှာပါတဲ့ ရေကပတ္တ နဂါးကြီးဟာ ပိန်းကောကြီးသဏ္ဍာန် ရှိတယ်လို့ ဆိုတယ်။ ဒီပိန်းကောကြီးမျိုးနှင့် တူတာနေမှာပဲ" ပိန်းကောကြီးကိုကြည့်ပြီး ဆရာတော် ဦးသံဝရ က ပြောသည်။ ဆရာတော် ဦးသံဝရ ပြောမှ စီးလာသော ပိန်းကောကြီးကို အစအဆုံး ကြည့်မိသည်။ ပိန်းကောကြီးမှာ လုံးလည်းလုံး၏၊ ရှည်လည်းရှည်၏။

"မှန်ပါ၊ ပန်းချီ ပန်းပု ရေးထုထားတဲ့ နဂါးရုပ်ကိုသာ မြင်ဘူးပါတယ်။ တကယ် နဂါးကိုတော့ မမြင်ဘူးလို့ မသိဘူးဘုရား၊ ဒီပိန်းကော

ကြီးတာ ရှည်ရှည်လုံးလုံးဆိုတော့ မြွေကြီးနဲ့ တူတာတော့ အမှန်ပါပဲ ဘုရား” လှော်ခတ်နေကြသော တက်သံများအကြားမှ စာရေးသူက ပြန်ကြားလိုက်ရသည်။

## ဆင်သေကို မြင်ရပါပြီ

ဆင်သေကို လှေပေါ်မှ လှမ်းကြည့်၍ မြင်ကြပါပြီ။ ဆင်သေမှာ ချင်းတွင်းမြစ်ကမ်းနဖူး တောင်ကုန်း မနိမ့်မမြင့် ကလေးပေါ်၌ တည်ထားသည့် မြို့ကလေး ဖြစ်သည်။ ဆင်သေမြို့ ကလေး၏ နောက်ဘက်၌ နာဂတောင်တန်းပြာကြီး ကိုလည်း မြင်နေရသည်။ လက်ရာကောင်းသော ပန်းချီဆရာ ရေးခြယ်ထားသော ပန်းချီကားကောင်းကြီးတချပ်ကို မြင်နေရသည်နှင့် တူလှသည်။

မြို့လယ်ဟု ခန့်မှန်းရသော တောင်ကုန်းမောက်မောက်ကလေးပေါ်၌ အာရုံခံတန်ဆောင်းနှင့် အတူ စေတီတော် ဖွေးဖွေးမှာ ထင်းနေ၏။ ဗုဒ္ဓသာသနာတော်၏ တံခွန်၊ ဗုဒ္ဓသာသနာတော်ဝင်တို့၏ ခိုလှုံရာ အရိပ်အာဝါသပေတကား။

မကြာမီ ဆင်သေဆိပ်ကမ်းသို့ ရောက်လေရာ ခရီးသည် တယောက်လျှင် ပြား ၅၀-စီပေး၍ လှေပေါ်မှ ဆင်းကြသည်။ လှေမှဆင်းပြီး မတ်စောက်သော ကမ်းပါးကြီးအတိုင်း တက်သွားရ၏။

## လားစခန်း ဘခုပဲ

ဆင်သေ မြို့ကလေးပေါ် တက်မိလျှင် တရုတ်များ နေကြသည်ဆိုသော ကမ်းနားလမ်းကို လက်ဦးရောက်ကြသည်။ လူနေအိမ် တန်းလျားကြီးများမှာ ရှည်လျားလှကုန်၏။ အိမ်ရှေ့လမ်းပေါ်၌ တရုတ် အမျိုးသားများက လားများ ပေါ်ဝယ် ကုန်တွေ တင်နေကြသည်ကို တွေ့ရသည်။ လားများမှာ အကောင် ၅၀-ခန့် ရှိကုန်၏။ ပုအိုင့်အိုင့်နှင့် အကောင်အထည်က မထွားလှသော်လည်း ကုန်တင်ရာ၌ အားကောင်းပုံရကုန်၏။

“ဒီလားတွေဟာ နာဂတောင်တန်းတလျှောက် ကုန်တင်မည့် လား တွေပဲ။ ဒီဆင်သေမြို့ဟာ လားစခန်းဖြစ်ပါတယ်။ ဒီဘက်မှာ ခရီးသွား

ချင်ယင် ဒီလားတွေနဲ့ ခရီးသွားကြရတယ်။ "လူလဲ စီးချင် စီးသွားနိုင်တယ်။ လူမစီးယင်လဲ ကုန်တွေကိုတော့ တင်သွား ကြရပါတယ်။လားနဲ့ဆိုတော့ တနေရာနဲ့ တနေရာကို အချို့ နာရီပေါင်း များစွာ သွားကြရပါတယ်။ အချို့ ရက်ပေါင်း များစွာ သွားကြရပါတယ်။တွက်ကြည့်တဲ့အခါ လားနဲ့ တင်သွားရတဲ့ ကုန်ပစ္စည်းတတန်ကို (၅၀၄) ကျပ်ငါးရာ့လေးကျပ် ကျတဲ့ လမ်းမှာ ကားနဲ့သာ သယ်ယူသွားနိုင်ယင် (၁၀၅)ကျပ်၊ တရာ့ငါးကျပ်သာ ကုန်ကျမယ်။ ဒါပေမဲ့ ကားလမ်းက ကောင်းကောင်း မပေါက်သေးဘူး။ တဝက် တပျက် လောက်ပဲ ပေါက်သေးတယ်။ ပေါက်တဲ့ကားလမ်းကလဲ မိုးအခါမှာ သွားမဖြစ်သေးပါဘူး။ တပည့်တော်များနေတဲ့ ဟတ္တိကိုဆိုယင် ဒီဆင်သေကာနေ (၁၈) မိုင် ဝေးတယ်။ တပည့်တော်ကတော့ ကားနဲ့ကြုံတဲ့အခါလောက်သာ ကားစီးပြီး ကားမကြုံတဲ့အခါ ခြေလျင်ဆင်း ခြေလျင် တက်လိုက်တာပါပဲ။ပင်ကိုသဘာဝအတိုင်းနေကြတဲ့ ဟတ္တိနာဂတွေကို အရှင်ဘုရားတို့အား ပြလိုက်စမ်းချင်ပါတယ်။ အရှင်ဘုရားတို့က ကြာကြာ မနေနိုင်တော့ အခက်သားပဲ။ နောက်တခေါက် တောင်ပေါ် ရောက်အောင်ကြွခဲ့ပါဦးဘုရား"ကုန်တင်လားများ အကြောင်းပြောယင်း ဆရာတော်ဦးကောဝိဒ က နောက်တခေါက် ကြွဖြစ်အောင်ကြွဖို့ ဖိတ်မံလိုက်ပေသေးသည်။

## မြွေပါလေလော၊ ဖျံလေလော

စကားတပြောပြောနဲ့ ကမ်းနားလမ်းအတိုင်း လျှောက်သွားကြ၏။ မြန်မာအိမ် တအိမ်ရှေ့သို့ အရောက်၌ ထိုအိမ်ဝယ် တခါမျှ မမြင်ဘူးသော မြွေပါလိုလို ဖျံလိုလိုအကောင်ကလေး နှစ်ကောင်ကို တွေ့ကြရ၏။ မေးမြန်းကြည့်ရာ နာဂများ လာရောင်း၍ တကောင် (၂၅) ကျပ်၊ နှစ်ဆယ့်ငါးကျပ်ပေး၍ ဝယ်ထားကြောင်း သိရသည်။

ထိုအကောင်ကလေးများသည် နွတ်သီးကလည်း ချွန်းချွန်း အမွေးကလည်းဖွားဖွား ရှဉ့်အကြီးစားနှင့် တူလှသည်။ မြေပြောင်ပြောင်၌ ဝါးတိုင်ကလေးစိုက်၍ ကြိုးနဲ့ ကွင်းလျှောချည်ထားသဖြင့် သူတို့သည် တိုင်ကို ချာချာလှည့်ကစားနိုင်ကြသည်။ လူတွေက ကျောက်စရစ်ခဲ

ကလေးများကို ပစ်ပေးလျှင် လက်ဆာလေးနှစ်ဘက်ဖြင့် ကောက်ကိုင်ပြီး လူလို မတ်တတ်ရပ်ကြသည်။ နောက်ပြီး ခြေထောက်ကလေး နှစ်ချောင်းကို ကားတဲ့ကာ ရှေ့သို့ အနည်းငယ်ကုန်းပြီး သူတို့ ခြေနှစ်ချောင်း ကြားထဲကနေ ကျောက်စရစ်ခဲကလေးများဖြင့် ချည်တိုင်ကို နောက်ပြန်ပစ်ကြသည်။ ဆယ်ချက်ပစ်လျှင် ခုနစ်ချက်လောက်တော့ မှန်အောင်ပစ်နိုင်ကြသည်။ ဤနည်းဖြင့် ထိုအကောင်ကလေးများကလည်း ပျော်မြူးနေကြသည်။ လူများကလည်း တအံ့တသြကြည့်ပြီး ကျောက်စရစ်ခဲကလေးများကို ပစ်ပေးနေကြသည်။

"သူတို့ကို နွားနို့လဲ တိုက်ရ၊ ဆန်ပြုတ်အအေးကိုလဲ တိုက်ရတယ်။ သူတို့ကို လွှတ်လိုက်ပြီဆိုလျှင် ဟိုအိမ် သည်အိမ်ကိုလဲ လျှောက်လည်တတ်တယ်။ ရေထဲလဲ ဆင်းငုပ်တာပဲ ဘုရား၊ ပြီးတော့ အိမ်ကို ပြန်လာကြပါတယ်" သူမွေးထားသော အကောင်ထူးကလေးများ အကြောင်းကို အိမ်ရှင် ဒကာမကြီးက လျှောက်ထား၏။ သူတို့ကို အချို့ကလည်း မြွေပါဟု ပြောကြ၏။ အချို့ကလည်း ဖျံဟု ပြောကြ၏။ စာရေးသူတို့ကား မြွေပါလေလော ဖျံလေလောဟု တွေးတောယင်း ရှေ့သို့ ဆက်လက်လျှောက်ခဲ့ကြလေသည်။

## သာသနာ့သူရဲကောင်းကျောက်တိုင်

တောင်ကုန်းလေးတကုန်းကို ကွေ့အတက်လိုက်၌ တရပ်သာသာမျှ ရှိသော ကျောက်တိုင် တတိုင်ကို တွေ့ရသည်။

"ဒီကျောက်တိုင်ဟာ တချိန်က ပျံလွန်တော်မူသွားရတဲ့တောင်တန်း သာသနာပြု ဆရာတော်တပါးရဲ့ အထိမ်းအမှတ် ကျောက်တိုင်ပေါ့ ဘုရား" ဆရာတော် ဦးကေသရ က မိန့်တော်မူပါသည်။

ဒါဖြင့် သေသေချာချာ ကြည့်ကြရအောင် "ဆရာတော် ဦးသံဝရ က ပြောပြောဆိုဆို ရှေ့က ကြွသွားနှင့်သဖြင့် အားလုံးလိုက်ကြည့်ကြသည်။ အထိမ်းအမှတ် ကျောက်တိုင်မှာ လေးထောင့်ဖြစ်၍ လေးဘက်လုံး၌ စာလုံးများထိုးထား၏။ တဘက်၌ (အနိစ္စ) တဘက်၌ (ဒုက္ခ) တဘက်၌ (အနတ္တ) ဟူ၍ဖြစ်၏။ ထို(အနတ္တ) ဟူသော စာတမ်း၏ အောက်နား၌ ဆက်၍—

## ဗုဒ္ဓလမ်းစဉ်

၁။ မကောင်းမှုဟူသမျှရှောင်။
၂။ ကောင်းမှုမှန်သမျှဆောင်။
၃။ စိတ်ကို စင်ကြယ်အောင်ထား။

ဤသို့ စာတမ်းထိုးထား၏။ နောက်တဘက်၌—

သာသနာတော် သက္ကရာဇ် ၂၅၀၇-ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၂၅-ခုနှစ်၊ နယုန်လဆန်း ၅-ရက်နေ့၊ တနင်းလာနေ့၌ ဘ၀နတ်ထံ ပျံလွန်တော်မူသော ဆော်လော် ဆရာတော် ဦးကဝိန္ဒ၏ သာသနာ့ သူရဲကောင်းကျောက်တိုင်။ ဤသို့ စာတမ်းများထိုးထား၏။

### ပျံလွန်တော်မူပုံကား ဤသို့

မိုးကားမရွာ။ နေကားသာနေသည်။ လေသည် နာဂတောင်တန်း ဆီမှ တိုက်ခတ်လျက်ရှိရာ အေးစက်စက်နိုင်လှသည်။ မြေပြန့်ဆီက တိုက် ခတ်လိုက်သော လေများသည်ကား မည်သည့်နေရာက ရပ်တန့်သွားကြ သည်မသိ၊ ဤနာဂတောင်တန်း တဝိုက်သို့ မရောက်လာပေ။ တောင် တန်းလေ၏ အေးမြသော အတွေ့ကို ခံစားယင်း စာတမ်းကို ကူးယူ လိုက်၏။

"ဆရာတော် ဦးကဝိန္ဒ ပျံလွန်တော်မူတော့ ဘယ်ပုံ ပျံလွန်တော် မူပါသလဲဘုရား" ကျောက်တိုင်၌ ရေးထိုးထားသော စာတမ်းများကို ဒိုင်ယာယီ၌ မှတ်တမ်းတင်ထားပြီးလျှင် ဆက်လက် လျှောက်ထား ကြည့်လိုက်၏။

"၁၃၂၅-ခုနှစ်၊ နယုန်လမှာပေါ့ဘုရား။ နယုန်မိုးသေး မြက် သားမွေး ဆိုပေမဲ့ တပည့်တော်တို့ တောင်တန်းဒေသမှာတော့ မိုးက မသေးပါဘူး။ ဖြိုင်ဖြိုင်ကြီးကို ရွာနေပါတယ်။ ဒီလို မိုးထဲမှာ ပျံလွန် တော် မူသွားရတဲ့ ဆရာတော် ဦးကဝိန္ဒအတွက် ဂုဏ်ယူမယ် ဆိုယင်လဲ ယူနိုင်ပါတယ်။ ရင်နာမယ်ဆိုယင်လဲ နာစရာပါပဲ"

ဆရာတော်ဟာ နာဂတောင်တန်း ဆော်လော် သာသနာပြုဌာနမှာ ကြိုးကြိုးစားစားပဲ သာသနာပြုနေပါတယ်။ ဒါကြောင့် ဆော်လော်

ဆရာတော်လို့ ထင်ရှားတဲ့ ဆရာတော် ဖြစ်ပါတယ်။ လောကလူတွေက အခက်သားကလား ဘုရား။ ဘယ်လောက် ကောင်းကောင်းနေ ကောင်းကောင်းလုပ်ပါတယ် ဆိုပေမယ်လို့ ဘုရားရှင်လို အထွတ်အထိပ်ကြီးကို တောင် ကျောက်မောင်း ဆင်သတ်လိုသတ်၊ နာဠာဂိရိဆင်ကို အရက်တွေ တိုက်ပြီး အထိုးခိုင်းလိုခိုင်း၊ ဝေဘာ တောင်စောင်းကနေ ကျောက်မောင်းဆင်ပြီး သေကြောင်းကြံလိုကြံ လုပ်ကြသေးတာပဲ။

အခုလဲ အပြစ်ကင်းတဲ့ ဆရာတော် ဦးကဝိန္ဒဟာ ကောင်းတဲ့ သာသနာပြုလုပ်ငန်းကို ကောင်းကောင်းနေပြီး သူ့ အလုပ်သူ လုပ်နေတာပါပဲ။ ဒါပေမဲ့ သာသနာတော်ကို မလိုလားတဲ့ မသမာသူအချို့ရဲ့ သွေးထိုးပေးမှုကြောင့် နာဂအမျိုးသားတွေက အထင်မှားပြီး ဓားနဲ့ ခုတ်သတ်လိုက်ကြပါတယ်။ ဓားဒဏ်ရာတွေက ကိုးချက်တောင်ပါ။

ဒါနဲ့ အလောင်းတော် ရုပ်ကလာပ်ကို ပျံလွန်တော်မူရာ ဆော်လော် ဌာနကနေ ဒီအခု ကျောက်တိုင်နေရာအထိ စစ်တပ် အကူအညီနဲ့ နာဂ အမျိုးသားတွေကို ထမ်းယူစေခဲ့ကြပါတယ်။ အဲဒီ နေ့ကဆိုယင် ခမ္ပတီးမြို့ ပေါ်မိုင်းရပ် ဗဟို တောင်တန်း သာသနာပြုဌာနက ဆရာတော်များနှင့် ဒကာ ဒကာမတို့က ကြီးမှူးပြီး အဂ္ဂိစျာပန သာဓုကီဠနသဘင်ဆင်ယင် ကျင်းပခဲ့ကြပါတယ်။

အဲဒီနေ့ကဆိုယင် မိဝေးဖဝေး ပျံလွန်တော်မူပုံ မလှမပ ပျံလွန်တော် မူသွားရရှာတဲ့ ဆရာတော်ဆိုပြီး တပည့်တော်တို့မှာ မျက်ရည်မဆည်နိုင် ဖြစ်ခဲ့ကြရပါတယ်။ ဒကာ ဒကာမတွေ ကွယ်လွန်တော့ ကျန်တဲ့လူတွေကို မပူကြဖို့ သောကပရိဒေဝ မီးတွေ မတောက်လောင်ကြဖို့ ဟောပြခဲ့နိုင်ပေမဲ့ ဗြုန်းကနဲ ပူလာတဲ့ ကိုယ့်အပူကျတော့ တခါထဲ ယူကျုံးမရပဲ မျက်ရည်တွေတွေ တွေတွေတွေနဲ့ တားမနိုင်ဆည်းမရ ရှိုက်ကြီးတငင် ဖြစ်လာပါတော့တယ်။ ဗြုန်းကနဲဆိုတော့ တရားလက်လွှတ် ဖြစ်သွားတယ်။

နောက်တော့လဲ ဘုရားတရားတော်နဲ့ ဖြေရဖျောက်ရတာပေါ့ ဘုရား။ အပူနဲ့မတွေ့ခင်ကတော့ သေမျိုးတွေဟာ ဘယ်နည်းနဲ့မဆို တနည်းနည်းနဲ့ သေကြရမှာချည်းပဲဆိုတာ အသိသားပေါ့။ နောက် ဒီလို ဗြုန်းကနဲ သတိလက်လွှတ် ဖြစ်သွားပြန်တော့လဲ ဘယ်သူမှ မတတ်နိုင်တော့

ဘူးဘုရား။ နောက် သတိရလာတော့လဲ အမှန်အတိုင်း သိပြီးလာတော့ တရားနဲ့ ထိန်းရတာပေါ့။" ဆရာတော် ဦးကောဝိဒ က ဤသို့ အမိန့်ရှိပြီး စကားကို ရပ်ထားတော်မူသည်။

## အထိမ်းအမှတ် ကျောက်တိုင် ၂-တိုင်

ထို့ကြောင့် စာရေးသူက "မှန်ပါတယ်ဘုရား၊ ဆက်မိန့်တော်မူပါဦး" ဟု လျှောက်ထားလိုက်သည်။ ထိုအခါ ဆရာတော် ဦးကောဝိဒက–

အရှုံးထဲက အမြတ်ထုတ် ဆိုတာလို ဝမ်းနဲစရာထဲက ဂုဏ်ယူနိုင်ကြဖို့ အတွက် ဒီကျောက်တိုင်ကို စိုက်ထူကြတာပဲ။ ဆရာတော် ဦးကဝိန္ဒဟာ အသက်ကို အသေခံပြီး သာသနာပြုသွားပါတယ်။ မိဝေးဖဝေး စွန့်စွန့်စားစား သာသနာပြုသွားပါတယ်။ သာသနာ့ သူရဲကောင်းကြီးတဦး ဖြစ်ကြောင်း ထင်ရှားနေတာဖြစ်လို့ အထိမ်းအမှတ် ကျောက်တိုင် ထူသွားကြဖို့ တပည့်တော်တို့မှာ တာဝန်ရှိကျန်ခဲ့ကြပါတယ်။ ဒါကြောင့် တောင်တန်း သာသနာပြု ရန်ပုံငွေဖြင့် ဒီ အထိမ်းအမှတ်ကျောက်တိုင်ကို စိုက်ထူထားလိုက်ကြတာပါပဲ။ ဒီကျောက်တိုင်က ဆရာတော် ဦးကဝိန္ဒ အဂ္ဂိစျာပန ပြာကျတဲ့နေရာမှာ စိုက်ထူထားတဲ့ ကျောက်တိုင်ဖြစ်ပါတယ်။

ဆရာတော် ဦးကဝိန္ဒ သာသနာပြုခဲ့ရာ ဆော်လော် သာသနာပြုဌာနမှာလဲ အထိမ်းအမှတ် ကျောက်တိုင် တတိုင်ကိုတော့ တပည့်တော်ကိုယ်တိုင် တပါးထဲက အကုန်အကျခံပြီး စိုက်ထူခဲ့ပါတယ်-ဟူ၍ ဖြစ်ကြောင်းကုန်စင် ဆက်လက်မိန့်တော်မူပါသည်။ ဆရာတော် ဦးကဝိန္ဒ ၏ အတ္ထုပ္ပတ္တိကိုမူ လေ့လာခွင့် မရခဲ့၍ ဤမှတ်တမ်း၌ ဖော်ပြခြင်း မပြုနိုင်တော့ပါ။

## သင်ခန်းစာယူကြရမယ်

ဆရာတော် ဦးကောဝိဒ က ဆရာတော်ဦးကဝိန္ဒ ပျံလွန်တော်မူရပုံ၊ သာဓုကိဋ္ဌနသဘင် ဆင်ယင်ကြရပုံ၊ ကျောက်တိုင်များ စိုက်ထူကြရပုံများကိုရှင်းလင်း အမိန့်ရှိပြီးနောက် ကျန်သာသနာပြုပုဂ္ဂိုလ်တို့က သင်ခန်းစာ ယူကြမည့်အကြောင်းကို ဆရာတော် ဦးကောသလ္လ က ဆက်လက် အမိန့်ရှိတော်မူသည်။

"ဆရာတော် ဦးကေ၀ိဒ အမိန့်ရှိသည့် အတိုင်း အသက်ကို စွန့်၍ သာသနာပြုသွားသော ဆရာတော် ဦးကဝိန္ဒ၏ ဂုဏ်ကျေးဇူး များကို တပည့်တော်တို့ မေ့မထားသင့်ကြပါဘူး။ တာ၀န်ရှိသူတို့ အလျောက် တတ်နိုင်သလောက် ဂုဏ်ပြုကြရပါလိမ့်မယ်။ အထိမ်းအမှတ် အဖြစ် မမေ့ နိုင်ကြရအောင် ကျောက်တိုင် စိုက်ထူ၍ ဆရာတော်၏ဂုဏ်ကျေးဇူးများကို အထင်အရှား ဖော်ပြပြီးလဲ ဖြစ်ပါတယ်။

ဒါလောက် မကပါဘူး။ ဆရာတော် ဦးကဝိန္ဒ၏ နမူနာကို သင်ခန်း စာယူပြီး တပည့်တော်တို့ တောင်တန်းသာသနာပြု ဆရာတော်တွေဟာ အသက်ကို စွန့်တန်လျှင် စွန့်ကြရလိမ့်မယ် ဆိုတာ သတိပြုထားကြရလိမ့် မယ်။ (ကိုယ်ကောင်းယင် ခေါင်းဘယ်မှမရွှေ့ဘူး) ဆိုတဲ့ အနေနဲ့ ဒို့မှာ ရန်သူ မရှိဘူးလို့ သဘော မထားသင့်ကြဘူး။ သာသနာ ပြုတာဟာ ကောင်းတဲ့ အလုပ်ဆိုပေမဲ့ တဘက်က မလိုလားသူ ဆိုတာ ရှိမြဲပဲ။

တပည့်တော်တို့ သာသနာပြုအဖွဲ့ကို ရင်းရင်းနှီးနှီး ကူညီနေတဲ့ အမှု ထမ်းအရာထမ်းတွေနဲ့ အထင်မှား အမြင်မှားဖြစ်အောင် နှောင့်ယှက် ပြုမူတတ်ကြတာတွေကို သတိပြုကြရမယ်။ အချင်းချင်း ဘာမှမဖြစ်နိုင် ဘူးဆိုပြီး ဂရုမစိုက် မလုပ်သင့်ကြပါဘူး။

ကြားစကားတွေကို အရမ်းမယုံကြဖို့, မတော်သည်ကို ကြားလာ မယ်ဆိုယင်, အချင်းချင်း မချမ်းသာလောက်တဲ့ ကိစ္စပေါ် ပေါက်လာမယ် ဆိုယင် သည်းခံပြီး ပွင့်ပွင့်လင်းလင်း အချင်းချင်း ဆွေးနွေးကြဖို့ အထူးဂရုပြုကြရပါမယ်။ မပြေလည် ပြေလည်အောင် အားထုတ်ဖြေ ရှင်းကြရပါလိမ့်မယ်။

ပီးတော့ အရာထမ်း အမှုထမ်းများနဲ့သာ မကသေးဘူး။ တောင်တန်း ရှိ အမျိုးသားတွေနဲ့ သွေးကွဲအောင် သွေးထိုးပေးတာမျိုးလဲ ရှိတတ် ကြပါသေးတယ်။ ဒါတွေကိုလဲ တတ်နိုင်သမျှ သတိထားပြီး (သွေးမကွဲ ပါဘူး၊ မြန်မာပြည်သူပြည်သားချင်း တစိတ်တဝမ်းထဲ ဖြစ်ပါတယ်) ဆိုတာကို သက်သေသာဓကပြနိုင်အောင် တပည့်တော်တို့က ကြိုးစား သင့်ကြပါတယ်။

ဒီထက် အရေးကြီးကာက မာတုဂါမများနဲ့ ကင်းရှင်းအောင် ဆက် ဆံနိုင်ကြဖို့ပါပဲ။ ဒီကိစ္စဟာ အင်မတန် အရေးကြီးလှပါတယ်။သဒ္ဓါတာ

လှန်ပြီး တကျာဘက်လှို ပါသွားတာမျိုးလဲ ရှိပါတယ်။ ပီးမှတော့ ကဘက်ကနေပြီး တမင်ဖျက်ဆီးရန် ရင်းရင်းနှီးနှီး ပြုလာတက်တာမျိုးတွေလဲ ရှိတတ်ကြပါသေးတယ်။ ဘယ်လို ရင်းနှီးမှုမျိုးပဲဖြစ်ဖြစ် သတိကြီးစွာနဲ့ ဆက်ဆံကြဖို့လိုပါတယ်။ မာတုဂါမများနဲ့ စပ်တဲ့ကိစ္စဟာ အနီးကပ်ဆုံး, အရောက်လွယ်ဆုံး ရဟန်းတို့ရဲ့ အန္တရာယ်အကြီးဆုံးကိစ္စ ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ အရေးမထား ဂရုမစိုက် ပေါ့ပေါ့ဆဆ ပြုမိလို့ အစွပ်စွဲခံရပြီဆိုလျှင် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နာလန်မထူနိုင်အောင်အထိနာကြရပါတယ်။ သာသနာပြုဌာနတခုခုမှာ ဒီလိုအစွပ်စွဲခံရပြီဆိုလျှင် အဲဒီ သာသနာပြုဌာနမှာ သာသနာပြုပုဂ္ဂိုလ် အစားထိုးအဖတ်ဆယ်လို့ မရနိုင်လောက်အောင် အခက်အခဲ တွေ့ရတတ်ကြပါတယ်။"

ဤသို့လျှင် သင်ခန်းစာယူဖို့ အချက်အလက်များကို ဆရာတော်ဦးကေသရ က အမိန့်တော်မူပါသည်။ တွေ့လည်းတွေ့ဘူးပြီး တွေ့လည်းတွေ့ရတတ်သည်များကို မိန့်ကြားသွားခြင်း ဖြစ်သောကြောင့် ဆရာတော်၏ မိန့်ကြားချက်မှာ သတိထားဖို့ အင်မတန် ကောင်းမွန်သော မိန့်ကြားချက်ပင် ဖြစ်သည်။

## မာတုဂါမများကို ဆွေလိုမျိုးလို သဘောထားရမည်

အရှင်အာနန္ဒာက ရဟန်းတော်များသည် မာတုဂါမများနှင့် တွေ့ကြုံသောအခါ ဘယ်လိုသဘောထား ဆက်ဆံရပါမည်နည်း-ဟု မြတ်စွာဘုရားအား လျှောက်ထားသည်။ ထိုအခါ မြတ်စွာဘုရားက "မာတုဂါမများကို မကြည့်ပဲနေယင် ကောင်းသည်"ဟူ၍၎င်း၊ "စကားမပြောပဲနေယင် ကောင်းသည်"ဟူ၍၎င်း မိန့်တော်မူသည်။ ထိုအခါ အရှင်အာနန္ဒာက "မကြည့်လို့ မဖြစ်တဲ့အခါ စကားမပြောလို့ မဖြစ်တဲ့အခါများမှာ ဘယ်လိုနေရမတုံးဘုရား"ဟု လျှောက်ထားပြန်သည့်အခါ "အာနန္ဒာ-မကြည့်မဖြစ်လို့ သူတို့ကိုကြည့်ရယင်၊ မပြောမဖြစ်လို့သူတို့နှင့် စကားပြောရယင် အမိအရွယ်ဖြစ်က အမိလိုသဘောထား ပြောဆိုဆက်ဆံရမယ်။ မိကြီး, မိထွေး, အစ်မ, နှမ, အရွယ်ဖြစ်က မိကြီး, မိထွေး,

အစ်မ,နှမလို သဘောထား ဆက်ဆံပြောဆိုရမယ်” စသည်ဖြင့် မိန့်တော်မူသည်။

မာတုဂါမများနှင့် ဆိတ်ကွယ်ရာ အရပ်မှာ တဦးချင်းချင်း နေမိလျှင် ပင် မြတ်စွာဘုရားက အာပတ်တပ်၍ ပညတ်ထားတော်မူသည်။ မျက်စိ ကွယ်ရာ နားကွယ်ရာ အရပ်၌ာနန့်၌ နေသော ရဟန်းအား အကြီးဆုံး ပါရာဇိက အာပတ်သင့်နိုင်သည်ကို အနိယတသိက္ခာပုဒ်ဖြင့် ပညတ်တော် မူခဲ့ရသည် မဟုတ်ပါလော။

ရဟန်းတော်နှင့် မာတုဂါမတို့ နေရေးထိုင်ရေးအတွက် ဘုရားရှင်က တကြောင့်တကြ ပညတ်တော်မူခဲ့ရသည်။ သာသနာရေးအတွက် ဘာမျှ မဆောင်ရွက်ပဲ ကိုယ့်ကျောင်းမှာကိုယ် အေးအေးထိုင်နေသော ရဟန်း တော်များအတွက်လည်း မာတုဂါမများနှင့် ဆက်ဆံရာ၌ အရေးကြီး သည်။ ထိုထက် သာသနာပြု ရဟန်းတော်များအတွက် ပို၍ အရေးကြီးပါ သည်။

အကြောင်းကို ဆိုရသော် ဘာမျှမလုပ်ပဲ ကိုယ့်ကျောင်းကိုယ် ထိုင် နေသော ရဟန်းတော်မှာ အကြောင်း တစုံတရာ ရှိခဲ့ဖြစ်ခဲ့သော် သူ့ တကိုယ်ထဲသာ ထိခိုက်မည်။ သာသနာ့ရဟန်းတော်၌ကား ဤသို့မဟုတ်။ မိမိပြုနေသော သာသနာတော်ကိုပါ ထိခိုက်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် မာတုဂါမများနှင့် ပတ်သက်၍ ဆက်ဆံရာ၌ သာသနာပြု ရဟန်းတော်တို့အတွက် အထူးဂရုပြုကြရန် လိုအပ်ပေမည်သာတည်း။

ထို့ကြောင့် မာတုဂါမများနှင့် ရဟန်းတော်တို့သည် ရောနှောလွန်း လျှင်လည်းမဖြစ်၊ သာသနာပြုရာ၌ မာတုဂါမများမပါလျှင် မဖြစ်နိုင် သော အကြောင်းတော့ကလည်း များစွာရှိသောကြောင့် သူတို့မပါလျှင် လည်း မဖြစ်ရကား မြတ်စွာဘုရားက အရှင်အာနန္ဒာအား မိန့်ကြား တော်မူသည့်အတိုင်း သဘောထားဆက်ဆံကြဖို့လည်း အရေးကြီးလှ ပါသတည်း။

## ဆင်သေ ကမ္ဘူထိပ် ဗောဓိပင်ရိပ်ဝယ်

သာသနာ့သူရဲကောင်း ကျောက်တိုင်မှ တောင်ကမူကလေးပေါ်သို့ ဆက်လက်တက်ခဲ့ကြသည်။ ဤတောင်ကမူကလေးပေါ်ကနေ၍ ဆင်သေ

မြို့ကလေး၏ ရှုခင်းကိုမြင်ရသည်မှာ သာယာလှသဖြင့် ကြည်နူးဖွယ်ကောင်းသည်။ အကွေ့လိုက် အကောက်လိုက် စီးဆင်းနေသော ချင်းတွင်းမြစ်သာကိုလည်း အတိုင်းသားမြင်နေရ၏။ တရုတ်တို့၏ အိမ်တန်းလျားရှည်ကြီးများ၊ ခြေတန်ရှည်ရှည်နှင့် နာဂအိမ်များ၊ ရှမ်းအိမ် ဗမာအိမ်များကို မြင်ရသည်။ ထိုထိုအိမ်များမှာ တဆင့်ထက်တဆင့် မြင့်တက်လာသော ဆင်သေမြေကမူကလေးကို ဝန်းရံတည်ဆောက် ထားကြသည်။ ထိုဆင်သေမြို့၏ နောက်ဘက် အဝေးဆီ၌ တဖြည်းဖြည်း မြင့်မြင့်သွားသော မှိုင်းမှုန်နေသော နာဂတောင်တန်းကြီးကိုလည်း မြင်ရသည်။

ရှုခင်းသာများကို ကြည့်ယင်းရှုယင်း တက်ခဲ့ကြရာ မကြာမီ အကိုင်းအခက် အရွက်တို့ဖြင့် ဝေဝေစီလျက်ရှိသော ဗောဓိညောင်ပင် တပင်ကို ဖူးတွေ့ရသည်။ ဗောဓိပင်မှာ ပလ္လင်ခံ၍စိုက်ပျိုးထားသည်။ အောက်ခြေ၌ ချုပ်ပိတ်ပေါင်းများ ထူထပ်နေ၏။ ဖဆပလအစိုးရ လက်ထက်တုန်းက အရပ်ဌာနများ၌ ဗောဓိညောင်ပင် အတော်များများ စိုက်ပျိုးခဲ့၏။ ဤဗောဓိပင်မှာလည်း ဖဆပလ အစိုးရ စိုက်ပျိုးခဲ့သော ဗောဓိပင်များတွင် တပင်အပါအဝင် ဖြစ်ကြောင်း ပြောပြသဖြင့် သိရသည်။

## ဘုန်းကြီးခိုင်းယင် ရပါတယ်

ဗောဓိပင်ကို ဖူးမြော်နေကြစဉ် နာဂအမျိုးသား လေးယောက် အနီးသို့ ရောက်လာကြသည်။ သူတို့ကိုယ်၌ လွယ်အိတ် တလုံးစီသာ ပါလာ၏။ ဆရာမယ် ဦးကောဝိဒ က ရောက်လာသော နာဂ အမျိုးသားများကို အနီးသို့ခေါ်၍ နာဂဘာသာဖြင့် စကားစမြည် ပြောလျက်ရှိ၏။

''ဆရာတော် နာဂ အမျိုးသား များကို ဗောဓိပင် ရှင်းလင်းပေးဖို့ ပြောပေးပါဘုရား။ ရှင်းခ ပိုက်ဆံ ပေးပါမယ်'' ဗောဓိပင် ခြေကို ရှင်းပစ်ရန် အကြံရသော ဒကာကြီး ဦးညီပုက ဆရာတော် ဦးကောဝိဒ အား လျှောက်ထား၏။

''ဘုန်းကြီးခိုင်းယင် ရပါတယ်။ ပိုက်ဆံမပေးရပါဘူး'' သူ့ဒကာများ အကြောင်းကို သိပြီးဖြစ်သော ဆရာတော်ဦးကောဝိဒ က ပြန်ပြောသည်။

''ဒါဖြင့် ခိုင်းပေးပါဘုရား။ အခမဲ့တော့မခိုင်းချင်ပါ။ တပည့်တော်တို့လဲ ကုသိုလ်ရအောင် ပိုက်ဆံပေးပါမယ်''

ဒကာကြီး ဦးညီပုက လျှောက်ထားသည့်အတိုင်း နာဂဘာသာဖြင့် နာဂများကို ဆရာတော် ဦးကောဝိဒ က ခိုင်းရာ နာဂ အမျိုးသား များသည် ထုထပ်နေသော ချုံပိတ်ပေါင်းများကို ဓား မပါ၊ တူးရွင်း၊ ပေါက်ပြား၊ ပေါက်ချွန်း မပါပဲ လက်ဖြင့်သာ ဆွဲကာဆွဲကာ နှုတ်ပစ် ကြ၏။ အချက်မှန်မှန်ဖြင့် တအီး-အီး-အသံများ ပြုကာ အားရပါးရ ဆွဲပြီး ရှင်းပစ်ကြသည်။

မကြာလှပါ။ ဗောဓိပင်ခြေ၌ ချုံပိတ်ပေါင်းများ သန့်ရှင်း သွား တော့သည်။ ကြည်ညိုဖွယ် ကောင်းသွား၏။ ချုံပိတ်ပေါင်းများ ရှင်း အပြီး၌ တယောက်လျှင် တကျပ်စီ ဦးညီပုက ငွေလေးကျပ် ဆုချ လိုက်ရာ အားရရွှင်လန်းစွာဖြင့် သူတို့လမ်း သူတို့ သွားကြ လေတော့ သည်။

## အလုပ်သည်သာ နာဂတို့၏ဂုဏ်

"သူတို့လက်တွေမို့ ခံနိုင်တယ်။ ချုံပိတ်ပေါင်း တွေကို မြက်ပင် နုနု ကလေးတွေကို ဆွဲနှုတ်သလို နှုတ်ပစ်ကြတာပဲ။ ပီးတော့ သန်လည်း သန်မာလိုက်ကြတာ။ သူတို့လုပ်တာကိုင်တာကြည့်ရတာ ပေါ့ပေါ့ပါးပါး သက်သက် သာသာပဲ။ ဘုန်းကြီးတို့ဆီမှာ ဆိုယင်တော့ ဒီ ချုံပိတ်ပေါင်း တွေကို ဓားတို့၊ တူးရွင်းတို့မပါပဲ ဘယ်သူမှ ရှင်းပစ်နိုင်ကြမှာမဟုတ်ဘူး" ဆရာတော် ဦးသံဝရ က တအံ့တသြ အမိန့်ရှိလေသည်။

"သူတို့က အသားအရည်နုပျိုတာ၊ ရုပ်ရည်လှပတာကို ဂုဏ်မယူကြ ဘူး။ အလုပ်အကိုင်ကောင်းတာ လုပ်အားကောင်းတာကိုသာ ဂုဏ်ယူကြ ပါတယ်။ အိမ်ထောင်ဖက်ရွေးရာမှာလဲ လှကာပတာကို ပဓာန မထားပဲ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ်၊ အလုပ်အကိုင်ကောင်းသူ၊ ခွင်အား ကောင်းသူကိုသာ ရွေးချယ်ကြတယ်။ အလုပ်သည်သာ နာဂတို့ရဲ့ ဂုဏ် ဖြစ်နေတော့ အလုပ်လုပ်ရမှာကို မကြောက်ကြဘူး"

ဆရာတော် ဦးကောဝိဒ က နာဂ အမျိုးသားတို့၏ သဘောကို ဤသို့ ရှင်းပြတော်မူ၏။ နာဂ အမျိုးသားတို့၏ ကောင်းမှုဖြင့် ရှင်းရှင်း လင်းလင်း ကြည်ညိုဖွယ် ဖြစ်လာသော ဗောဓိပင်ကို ရှိခိုးဝပ်တွားကြ လေသည်။

## ဆင်သေမြို့တွင်း လေ့လာခြင်း

ရှေးက မရောက်ဖူးသေးသော ဒေသသို့ အကြောင်း အားလျော်စွာ ရောက်လာခဲ့ကြသော တရားဟောအဖွဲ့အား ဆရာတော် ဦးကောဝိဒ က ဆင်သေမြို့ရှိ သူနှင့်ရင်းနှီးသော နာဂ အိမ်များကို လိုက်လံ ပြသတော်မူသဖြင့် ကျေးဇူးတင်ရသည်။ ဆင်သေမြို့ကို တည်ထားသော နေရာသည် မညီညွတ်ပေ။ အချို့အိမ်က တောင်ကုန်းပေါ်၊ အချို့အိမ်က ချိုင့်ဝှမ်းနေရာ၌ ဆောက်လုပ်ထားကြ၏။

ဆင်သေမြို့၌ တွေ့ရသော ဤနာဂ အိမ်များနှင့် ဟတ္ထိတောင်ပေါ်ရှိ နာဂ အိမ်တို့သည် အများအားဖြင့် တူကြသည်ဟု ဆို၏။ နာဂအိမ်ကလေးများသည် အလျား အတောင် ၂၀၊ အနံ ၁၀-ထောင်ခန့် ကျယ်ဝန်းကြသည်။ အမိုးကိုမူ ရှန်းရွက်များကိုရင်း၊ တောထန်းရွက်များကိုရင်း မိုးထားကြသည်။ တိုင်များကိုမူ အချို့ကို အသားတိုင်၊ အချို့ ဝါးတိုင်များကို စိုက်ထူကြ၏။ အခင်းများကား ဝါးအခင်းတို့သာတည်း။

"ဒီဆင်သေမှာတော့ လှေကားကို လှေကားဆံနဲ့ ဘာနဲ့မို့ လှေကားနဲ့ တူပါတယ်။ ဟတ္ထိတောင်ပေါ်မှာတော့ သစ်တုံးကို ထစ်ပြီးထောင်ထား လိုက်တာပဲ။ အဲဒီလို တုံးထစ်ကိုထစ်ပြီး ထောင်ထားတာက အခြေအနေ အရ လုပ်ကြတာပါ။ သူတို့ဆီမှာ ကြိမ်နွယ်ကြိုးတွေက ပေါတယ်။ ဒါကြောင့် အိမ်ဆောက်ရာမှာ သံကိုအသုံးမပြုကြဘူး။ ကြိမ်နွယ်ကြိုးကို အသုံးပြုကြတယ်။ သံသုံးတဲ့ အရပ် မဟုတ်တော့ လှေကားကိုလဲ သံ မပါပဲပြီးနိုင်တဲ့ တုံးကို ထစ်ပြီး ထောင်ထား လိုက်ကြတာပေါ့" ဟု ဆရာတော် ဦးကောဝိဒ က ရှင်းပြတော်မူသည်။

အိမ်၏ သုံးပုံတပုံခန့်၌ ခပ်နိမ့်နိမ့် ကွပ်ပျစ်ကလေးများကို ထိုးထားကြသည်။ ဤသည်မှာ ဧည့်ခံဌာန ဧည့်ခံဆောင်ဟု ဆိုသည်။ ဆန်ထောင်းဖွပ်သော လက်ထောင်းဆုံကြီးများနှင့် ကျည်ပွေ့များကိုလည်း အိမ်ရှေ့ကပြင် အနီး၌ တွေ့ရ၏။ ပလိုင်းကြီးငယ်၊ ပုဆိန်၊ ဓား၊ လှံ၊ ကြိမ်ဖျာ၊ နှီးဖျာ၊ ရေသယ်စရာ ဝါးကျည်တောက်၊ ချက်ပြုတ်စရာ ဒန်အိုး၊ မြေအိုးများနှင့် ခေါင်ရေအိုးများ၊ ခေါင်ရေ ကျည်တောက်များ အပြင် တင်စရာ ကျပ်ခိုးစင်များလည်း ရှိကြ၏။

## သူတို့ဆီမှာလဲ ဒါမျိုးရှိ

တရားဟောအဖွဲ့သည် တအိမ်မှတအိမ်သို့ ကျည့်ယင်း ရှုယင်း လှေ့လာခဲ့ကြ၏။ ရွှေနားအိမ်တအိမ်အရောက်၌ အသံချဲ့စက်ကြီးက သီချင်းခေတ်ပြားများ ဖွင့်နေသည်ကို တွေ့ရသည်။ ကိစ္စတခုခု ဆောင်ရွက်ပြီးစီးဟန်ရှိ၏။ မဏ္ဍပ်ဖျက်နေကြသူတစုက ဖျက်လျက် ရှိကြရာ တပိုင်းအစပင် ပြီးနေလေပြီ။ တရားဟော အဖွဲ့သည် ထိုအိမ်က ဆီး၍ပင့်သဖြင့် ဝင်ထိုင်ကြ၏။ အိမ်ရှင်တို့က သကြားနှင့် ရေနွေးကို ဆက်ကပ်ကြသည်။ ဤသည်ကို ထောက်သော် ဤအချိန်၌ ရဟန်းတော်များအား မည်သည့်အရာဖြင့် ဧည့်ခံရမည်ကို သိပြီးဖြစ်ကြောင်း ထင်ရှားသည်။ သူတို့ ယဉ်ကျေးနေကြပြီဘည်း။ မစား မသောက် ချင်လှသော်လည်း မစား မသောက်လျှင် တမျိုးထင်သွားမည်စိုး၍ စားသောက်ကြရသေးသည်။

အပြီးသတ်မေတ္တာ ထိုအိမ်မှာ မင်္ဂလာဆောင်ပြီးစ အိမ်ဖြစ်နေသည်။ အပျိုနှင့်လူပျို ဆောင်သော မင်္ဂလာဆောင်ကား မဟုတ်။ နာဂအမျိုးသား တဦးက ကြင်ယာ နာဂအမျိုးသမီး တယောက်ကို ပစ်သွားရာ၌ "ချင်းစိမ်းနှင့် မိဿလင်" သဘောဖြင့် အပစ်ခံရသော နာဂ အမျိုးသမီးက ဗမာအမျိုးသားတဦးနှင့် လက်ထပ်ယူလိုက်သော မင်္ဂလာဆောင်ဖြစ်ကြောင်း နောက်မှသိရသည်။ "အင်း သူတို့ဆီမှာလဲ ဒီလို အိမ်ထောင်မှု အရှုပ်အထွေး ရှိသေးဟာပဲကို" ဟု တွေးမိ၏။

လက်စမသတ်သေးပဲ 'အော်' နေသော အသံချဲ့စက်မှာ ညက စာရေးသူတို့ တရားဟောအဖွဲ့ ဟောခဲ့ရာ၌ အသုံးပြုခဲ့သော ဆရာတော် ဦးကောဝိဒ၏ အသံချဲ့စက်ကြီးပင်တည်း။ နံနက်စောစောကပင် လှေနှင့်တင်၍ ခမ္ပတီးမှ ဤဌာနသို့ သယ်ယူခဲ့ကြခြင်းဖြစ်၏။ ဤမင်္ဂလာဆောင်ပွဲပြီးသော် ယနေ့ည တရားပွဲမှီ ခမ္ပတီးအရောက် ပြန်ပို့ကြရပေဦးမည်။ သူတို့အလိုရှိသော အရာကို ပြုလုပ်ရမည်ဆိုလျှင် ဘယ်ဒုက္ခမျိုးပဲဖြစ်ဖြစ် ဒုက္ခမထင်ကြသော လူသတ္တဝါတို့ပေ တကား။

မင်္ဂလာဆောင်ကိစ္စ ပြီးစီးသွားပြီ ဖြစ်သောကြောင့် ကူညီဆောင်ရွက်ကြသော နာဂအမျိုးသမီး တော်တော်များများမှာ မင်္ဂလာဆောင်

အိမ်မှ မပြန်ကြသေး။ သူတို့ကိုစွန့်သူဟု စုရုံးစုရုံးပင် ရှိကြသေးသည်။ သူတို့ ဝတ်စားဆင်ယင်ထားကြပုံများမှာ မြန်မာ အဝတ်အစားများကို ဝတ်ဆင်ထားကြ၍ မြန်မာတို့၏ ယဉ်ကျေးမှုကို အတုယူနေကြပြီဖြစ်ကြောင်း ထင်ရှားသည်။

ခမ္ပတီး ဆင်သေမြို့တလျှောက်၌ နာဂအမျိုးသား အမျိုးသမီးအားလုံးလို မြန်မာတို့ ဆင်ယင်ပုံအတိုင်း ဝတ်ဆင်ထားသည်ကို တွေ့ရ၏။ တောင်ပေါ်မှ ခဏဆင်းလာကြသော နာဂအမျိုးသား အမျိုးသမီး အနည်းငယ်လောက်သာ ရိုးရာအဝတ်အစားမျိုးဖြင့် တွေ့ရသည်။

## ပတ်ဝန်းကျင်အလိုက်ပေထင့်

ဟိုဝင်သည်ထွက် လျှောက်လာကြသည်မှာ ဆင်သေမြို့ကလေးကိုပင် တပတ် ပတ်မိသွားကြပေပြီ။ နာဂအမျိုးသား လေးငါးယောက် လမ်းလျှောက်လာကြသည်ကို တွေ့ရပြန်၏။ သူတို့ကား တောင်ပေါ်မှ ခေတ္တခဏမျှ ဆင်းလာကြသူများနှင့် တူကြ၏။ နာဂအမျိုးသားဝတ်စုံ လန်ကွတ်တီနှင့်ချည်း ဖြစ်ကုန်၏။

"သူတို့ကတော့လဲလန်ကွတ်တီတွေနှင့်ချည်းပါလား" မျက်စိအောက်ရောက်လာသော နာဂအမျိုးသားများကို ကြည့်ပြီး ဒကာကြီး ဦးညီပုက ဤသို့ ညည်းညူသံလေးနှောကာ ဆိုလေသည်။

"အလေ့အထ တခုကို ဖျောက်ဖို့ဆိုတာ မလွယ်လှပါဘူး။ သာသနာပြု ကျောင်းကနေ တချို့ လေးငါးခြောက်တန်း၊ တချို့ ဆယ်တန်းအထိ ဗမာလို ဝတ်စားဆင်ယင်ပြီး သင်ကြားပေးလိုက်ပေမဲ့ သူတို့ နာဂ တောင်တန်းပေါ် ပြန်ရောက်သွားပြန်တော့ ဒီလိုပဲ နာဂ အမျိုးသား လန်ကွတ်တီ ပြန်ဝတ်ကြတာပါပဲ။ နာဂ စစ်ပြန်တွေဆိုယင် မြေပြန့်မှာ တချို့ဆယ့်လေးငါးနှစ်ခန့်၊ တချို့ အနှစ် နှစ်ဆယ်ခန့် မြေပြန့်အဝတ်အစားနဲ့ နေခဲ့တာတောင် သူတို့ဌာန ပြန်ရောက်တော့ သူတို့ဝတ်မြဲအတိုင်း ပြန်ဝတ်ကြသေးတယ်" ဆရာတော် ဦးကောဝိဒ က ရှင်းပြတော်မူ၏။

"အမျိုးသမီးတွေကတော့ အလုအပ ကြိုက်တတ်ကြတဲ့အတိုင်း ဗမာလို ဆင်ယင်မှုကို နှစ်သက်ကြမှာပါ" နာဂအမျိုးသမီးတို့၏ ဆင်

ယင်မှုသဘောကို သိလိုသေး၍ စာရေးသူက ထောက်လှမ်းကြည့်လိုက်သည်။

"အလှအပ ကြိုက်တတ်တဲ့ သဘောကတော့ ရှိကြမှာပါပဲ။ အလှအပ ဆိုတာကလဲ ကိုယ့်အကြိုက် သူ့အကြိုက် ကွဲပြားကြသေးတာမဟုတ်လား။ မြေပြန့်က မြေပြန့်အလှကြိုက်သလို တောင်ပေါ်နာဂကတောင်ပေါ်အလှ ကြိုက်ကြမှာပေါ့။ အခုတော့ နာဂအမျိုးသမီးတွေရဲ့ နာဂဆင်ယင်မှု အလှအပကို ကြိုက်ကြတုန်းပါပဲ။ နံငယ်ပိုင်းများကို အလယ်ပိုင်းမှာသာ ဝတ်စားဆင်ယင်ကြပြီး အထက်ပိုင်းအတွက် ဆင်ယင်ခြင်း မရှိကြသေးပါဘူး" ဆရာတော် ဦးကောဝိဒက ကိုယ်တွေ့မျက်မြင်အတိုင်း ရှင်းပြတော်မူသည်။

"ချင်းလူမျိုးများလဲ ဒီလိုပါပဲဘုရား။ စစ်တပ်ထဲကထွက်ပြီး ချင်းတောင် ပြန်ရောက်တော့ ဝတ်လာတဲ့ ဘောင်းဘီကိုချွတ်ပြီး သူတို့အမျိုးသား လန်ကွတ်တီကို ပြန်ဝတ်ကြတာပါပဲ" ဒကာကြီး ဦးညိုပုကလည်း တောင်ပေါ် အမျိုးသားတို့ကြိုက်သော ဝတ်စား ဆင်ယင်မှုဓလေ့ကို စပ်မိစပ်ရာ လျှောက်ထားလေသည်။ အမှန်စင်စစ်မှာ လူနှင့်ပတ်ဝန်းကျင်အရ ဝတ်စားဆင်ယင်မှုလည်း ကျင့်သုံးကြခြင်းပင် ဖြစ်ရခြင်းဟူ၍ ဆိုရပါမည်။ များသောအားဖြင့် တဦးတယောက်သည်ရင်း၊ လူနည်းစုသည်ရင်း ပတ်ဝန်းကျင်နှင့်မတူ တမူထူးခြားလွန်းနေလျှင် ထိုသူများကို လူများစုပတ်ဝန်းကျင်က ဝိုင်းအကြည့်ခံရခြင်း၊ ဝိုင်းပယ်ခံရခြင်းတို့နှင့် ရင်ဆိုင်ကြရမည် အမှန်ပင်တည်း။ မိမိတို့က ကောင်းမွန်ယဉ်ကျေးသော ဝတ်စားဆင်ယင်မှုအမှန်ကို ကျင့်သုံးနေကြသလို အခြားသူများအားလည်း ကျင့်သုံးစေလိုလျှင် တဖြည်းဖြည်း လိုက်လျောသည်းခံပြီး ဆွဲဆောင်မှသာ ရနိုင်ပေမည်။

ဆင်သေ၌ အချိန်ရသလောက် ကြည့်ရှုလေ့လာခဲ့ကြပြီးလျှင် ခမ္ပတီးသို့ ပြန်ခဲ့ကြသည်။ ညနေ ၄-နာရီကျမှပင် ခမ္ပတီးသို့ ပြန်ရောက်ကြ၏။ ခမ္ပတီးမြို့၌ ဟောဖို့ တရားပွဲမပြီးသေး။ တတိယည တရားပွဲဟောရန် ကျန်သေးသည်။ သို့နှင့် ခမ္ပတီးသို့ ပြန်ခဲ့ကြရ၏။ ခမ္ပတီးတရားပွဲပြီးလျှင် ထမန်သိ ဆက်ရပေဦးမည်။

# ၁၀။ နာဂတောင်တန်း သာသနာပြု
# ဆရာတော် ဦးကောဝိဒ

## ကြုံတွေ့ခဲ့ရသမျှ နာဂတို့အကြောင်း

ခမ္ပတီးသို့ရောက်၍ တခဏမျှ အညောင်းအညာ ဖြေဖျောက်ကြပြီး နောက် ဆရာတော် ဦးကောဝိဒနှင့် စကားလက်ဆုံ ကျနေကြပြန်သည်။ အလ္လာပ သလ္လာပ စကားလက်ဆုံကျယင်းက ဆရာတော် ဦးကောဝိဒ သာသနာပြုခဲ့ရပုံနှင့် စပ်သွယ်ရာအကြောင်းအရာများကို စကားစပ်မိ သွားကြသည်။ ယင်းသို့ စပ်မိရာ၌ ဆရာတော် ဦးကောဝိဒ က သာသနာ ပြုခဲ့ရပုံ အတွေ့အကြုံနှင့် နာဂတို့အကြောင်းစုံကို အောက်ပါအတိုင်း ပြောပြတော်မူသည်။

## နာဂတောင်တန်းသို့ သာသနာပြု ခရီးအစ

"၁၉၅၅-ခုနှစ် မေလကစပြီး နာဂတောင်တန်းကို ရောက်ခဲ့ရပါ တယ်။ ခမ္ပတီးကနေ ဆင်သေဆိပ်ကမ်း၊ ငှင်းမုတဆင့် ဟတ္ထိတောင်ပေါ် ကို ရောက်ခဲ့ရပါတယ်။ ခမ္ပတီးက ဟတ္ထိကို မိုင် ၂၀၊ ဆင်သေက ဟတ္ထိကို ၁၈-မိုင် ကွာလှမ်းတယ်။ ခမ္ပတီးက ဆင်သေကို မော်တော်ရေယာဉ်နဲ့၊ ဆင်သေဆိပ်ကမ်းကနေ ဟတ္ထိကို အစိုးရပို့တဲ့ယာဉ်နဲ့ တညအိပ်နှင့် ၂-ရက် သွားမှရောက်ပါတယ်။

သာသနာပြုလိုတဲ့ စိတ်ဓာတ်ကလဲ ပြင်းထန်လှတာက တကြောင်း၊ မရောက်ဘူးသေးတဲ့ အရပ်နဲ့ မမြင်ဘူးသေးတဲ့ ရှုမြင်ကွင်းတွေကို ရှုယင်း မြင်ယင်းသွားရတာကလဲ ဝ. ကြောင်းဆိုတော့ ၁၈-မိုင်ဝေးတဲ့ တညအိပ် ၂-ရက်ခရီးကို မောတယ်ပန်းတယ်လို့ယောင် မမှတ်ခဲ့ပါဘူး။

သာသနာပြုရမဲ့နေရာကို ရောက်သွားတော့ နေရမည့် ကျောင်း ကလေးက သက်ကယ်မိုး၊ တိုင်က ဝါးတိုင်၊ အခင်းက ဝါးကြမ်းအခင်း၊ အမိုးက မိုးယိုသလို အကာအရံကလဲ မလေလုံဘူး။

"အင်း-ဘုရားလက်ထက်တော်တုန်းက ရဟန်းတော်များ ခြေဦးတည့်ရာ ကြွကြပြီး ဝါလနီးတော့ ရောက်ရာအရပ်မှာ နေ့ချင်းညချင်း ဆောက်လုပ်နေကြရတဲ့ ဝါဆို ကျောင်းကလေးမျိုးပါကလား" ဆိုပြီး စိတ်ထဲက ပါဠိတော်ထဲမှာ တွေ့ရတဲ့ ရဟန်းတော်များ သီတင်းသုံးလျက် ဝါဆိုဝါကပ်ကြတဲ့ ဝါဆိုကျောင်းကလေးတွေကို သတိရမိတယ်။ "ငါလဲ ဒီလို ဝါဆိုကျောင်းမျိုးကလေးမှာ နေရမှာပါကလား"လို့ ကြည်နူးမိသပေါ့။

## ခေါင်းဖြတ်မှာ မကြောက်ပါနဲ့ တဲ့

ရောက်သွားတယ်ဆိုယင်ပဲ နာဂလူကြီးသုံးဦး ကျောင်းရောက်လာကြတယ်။ သူတို့နဲ့ စကားပြောတော့ စကားပြန်နဲ့ ပြောကြရတယ်။ ကိုယ်ကမှ နာဂစကား နားမလည်ပဲ မတတ်သေးပဲကိုး။ သူတို့ကလဲ ဗမာစကား မတတ်ကြဘူး။ ဒါနဲ့ ရောက်လာကြတဲ့ နာဂလူကြီးတွေက "နာဂတွေဟာ ခေါင်းဖြတ်တတ်တယ်လို့ ကြားဘူးတာနဲ့တော့ မကြောက်ပါနဲ့"တဲ့။ ဒီလို ပြောကြတယ်။ ဒီလို ကြားဘူးလို့ ကြောက်တဲ့ လူတွေကို ဒီနာဂလူကြီးတွေက အတော်များများ တွေ့ဘူးကြဟန် တူပါတယ်။ ဒါမှမဟုတ် ဒီကိစ္စနှင့် ပတ်သက်ပြီး အခြားလူမျိုးတွေက သူတို့ကို ကြောက်ကြတယ်လို့ သိနေကြဟန် တူပါတယ်။

## ဟိုလွမ်းသလိုလို ဒီလွမ်းသလိုလို

"လူတွေတိုင်း ခေါင်းဖြတ်လေ့ရှိကြတာမှမဟုတ်ပဲ ငါကမကြောက်ပါဘူး။ နာဂအမျိုးသားတွေနဲ့ ရင်းရင်းနှီးနှီး နေချင်လို့၊ ဒို့ကိုးကွယ်တဲ့ ဗုဒ္ဓသာသနာ အယူဝါဒတွေကို ပြောပြချင်လို့ လာခဲ့တာပဲ။ နာဂအမျိုးသားတွေနဲ့ရန်ဖြစ်မလို့ မုန်သူအနေနဲ့လာခဲ့တာမဟုတ်ပါဘူး။ ဒါကြောင့် ငါက မကြောက်ပါဘူး။" စကားပြန်ကို ဒီလိုပြောပါလို့ ပြောပြလိုက်ရတယ်။

"အေး-ဒီလိုဆို အားကြီးဝမ်းသာတယ်"တဲ့။ စကားပြန်က ပြန်ပြီး သူတို့ပြောတဲ့အတိုင်း ပြန်ပြောပြတယ်။

ရောက်လာစ သာသနာပြု အသစ်စက်စက်နဲ့ နာဂလူကြီးများ အလ္လာပ သလ္လာပ စကားများ ပြောပြီးနောက် ညအိပ်ချိန်ရောက်သွား

တော့ သက်ကယ်မိုးကျောင်းကလေးပေါ်မှာ ကိုယ်နေရာ ပြည့်မကို လွမ်းသလိုလို အားငယ်သလိုလို ဖြစ်လာပါတယ်။ ဒီတော့ "အောင်မယ် သာသနာပြုမယ်လို့ လာတဲ့လူကလား၊ ဒီလို ဟိုလွမ်းသလိုလို ဒီလွမ်း သလိုလို အားငယ်သလိုလို ဖြစ်ရတာ ရယ်စရာပဲ ကောင်းသေးတော့" ဒီလိုပဲ ကိုယ့်ကိုယ်ကို စိတ်ထဲက ကဲ့ရဲ့အပြစ်တင်ပြီး ရွတ်ချကာ အားတင်း ပစ်လိုက်ရတယ်။ နောက်ပြီး သက်ကယ်မိုး ကျောင်းကလေးပေါ်မှာ မပျော် ပျော်အောင် မှိတ်ပြီး အိပ်ပစ်လိုက်ရတယ်။

## သူတို့ချက်တဲ့ဆွမ်း

နံနက် လင်းတော့ အိပ်ရာက နိုးလာတယ်။ ခြုံထည်ကို လှပ်လိုက် တာနဲ့တပြိုင်နက် ခြုံထည်အစား အေးစိမ့်စိမ့် ရာသီဥတုက ကိုယ်တကိုယ် လုံး လွှမ်းခြုံလိုက်တော့တယ်။ တော်တော်ကလေး လင်းလာတော့ နာဂ အမျိုးသားတွေ ရောက်လာပြီး ကျောင်းဝိုင်းကို ခြံခပ်ပေးကြတယ်။ ကြည့်နေကျ မြင်နေကျ မဟုတ်တော့ သူတို့ ဝတ်ပုံစားပုံတွေကို ကြည့်လို့ မရဘူးပေါ့။ နာဂအမျိုးသားတွေက လန်ကွတ်တီနှင့် ကိုယ်တုံးလုံး၊ အမျိုးသမီးတွေကတော့ ပေါင်လယ်ဖုံးရုံ နံငယ်ပိုင်းလေးတွေ ဝတ်ပြီး ကျန်တဲ့နေရာကတော့ တုံးလုံးပဲ။

ရောက်စ စားနေကျ မဟုတ်တော့ သူတို့ချက်တဲ့ဆွမ်းကို စားလို့ မရဘူး။ ဝမ်းထဲရောက်အောင် အတော်မျိုချရပါတယ်။ ဒါပေမဲ့ "သူတို့ နဲ့ အတူနေ သူတို့ချက်ထာစားပြီး သာသနာပြုမလို့ လာခဲ့တာ တနေ့ တော့ သူတို့လိုပဲ သူတို့ အစားအစာကို စားနိုင်ရမယ်"လို့ သုံးဖြတ်ပြီး သားပါ။ ဒါမှလဲ အောင်မြင်မှာကိုး။

သူတို့က ဆန်စိမ်း တပြည်ဝင်တဲ့ အိုးထဲကို တပြည့်ပဲ ထည့်ချက်ကြ တယ်။ ပျော့လို့ အထက်အန်လာတော့ အဖုံးနဲ့ဖိပြီး မီးကျီးနဲ့ နှပ်တယ်။ ဘယ်မှာစားလို့ကောင်းလိမ့်မှာလဲ။ မာလဲမာ ကြမ်းလဲကြမ်း မီးခိုးစော် ကလဲနံသေးတယ်။

## အစကို ဘယ်ကစရမယ် မသိ

ရောက်စမှာ သူတို့ကို ဘယ်ကစပြီး ဘယ်လို သာသနာပြု ရမယ် ဆိုတာ မသိနိုင်အောင် ယောင်ချာချာ ဖြစ်နေသေးတယ်။ တစတစနဲ့

နောက်တော့ နာဂ အမျိုးသားတွေဟာ အခြားအမျိုးသားတွေ အလို အပကြိုက်သကို ကြိုက်ကြတယ်ဆိုတာ ဆင်ခြင်မြင်သိလာတယ်။ ဒါနဲ့ နာဂ ကလေးငယ်ကလေးတွေကို အပ်ချိတ်ကလေး ဖန်ပုတီး ကလေးတွေ ဖန်လက်ကောက်ကလေးတွေ ပေးပြီး မိတ်ဖွဲ့ရတယ်။ အကျွမ်းဝင်အောင် ခင်မင်လာအောင် လုပ်ပေးရတယ်။

ပီးတော့ ရင်းနှီးလာတဲ့ နာဂကလေးတွေဆီက သူတို့ဘာသာ စကား ကို တလုံးစ နှစ်လုံးစ မှတ်သားရတယ်။ နာဂဘာသာမှ မြန်မာဘာသာ ပြန်နိုင်သူ နာဂတွေနဲ့ ပေါင်းပြီးတော့လဲ နာဂစကားကို သင်ရတယ်။ နာဂဘာသာစကားမတတ်ပဲ နာဂလူမျိုးများကို သာသနာပြုလို့ မဖြစ် နိုင်ဘူးဆိုတာ သိထားပြီးသားကိုး။ သူတို့ဟာ မြန်မာပြည် အတွင်းက အမျိုးသားတွေဆိုတော့ ဘာသာစကားသံချင်းလဲ နီးစပ်ပါတယ်။ သင်ရ တာ သိပ်မခက်လှပါဘူး။

နာဂ ကလေးတွေကို စားစရာ ကလေးတွေ ပေးလိုက်။ ကစားစရာ ကလေးတွေကို ပေးလိုက်။ သူတို့ပြောတဲ့ ဘာသာ စကားလေးတွေကို မှတ်လိုက်။ ဒီလိုနဲ့ သူတို့တွေနဲ့ ရင်းနှီးပြီး တစပယစ သမ္မာဂုံကို သင် ပေး။ ငါးပါးသီလကို သင်ပေး။ ဘုရားရှိခိုးသင်ပေး။ တိုတိုထွာထွာ တရားကဗျာ ကလေးများကို သင်ပေး။ သွမ်းဘပ်၊ ပန်းကပ် ရေချမ်း ကပ် ကလေးတွေကို သင်ပေး။ က-ခ-စတဲ့ မြန်မာ အက္ခရာလေး တွေ သင်ပေးပေါ့။ ဖျောင်းဖျသည်းခံပြီး ငြီးငွေ့ မသွားအောင် ဂရု စိုက်ပြီး သင်ပေးရတာပဲ။ ဘုရားရှိခိုးစသည်ကိုလဲ နှုတ်တက်ရအောင် ပို့ချ ပြီး သင်ရတယ်။

## ကလေးမှ လူကြီးသို့

နာဂကလေးတွေ အလာများတော့ တစတစ လူကြီးတွေပါ ပါလာ တော့တယ်။ သူတို့ သားသမီးလေး တွေကို ဂရုစိုက် ရင်းရင်းနှီးနှီး နေတာကို သိကြတော့ လူကြီးမိဘတွေကလဲ ရင်းနှီးလာကြတယ်။ ဒီတော့ လူကြီးတွေကိုလဲ ဘုရားရှိခိုးစသည် သင်ပေးခွင့် ရလာတယ်။

ပြောရတာတော့ လွယ်ပါတယ်။ ဒါပေမဲ့ ဒီ အခြေ ရောက်အောင် လုပ်ရတာဟာ မလွယ်လှပါဘူး။ အလေ့အထချင်းမတူတော့ သူတို့ အရိပ်

အခြေကြည့်ပြီး မနဲကြီး သည်းခံ ဆောင်ရွက်ရပါတယ်။ ဘယ်တတ်နိုင်မလဲလေ။ ကိုယ်က သာသနာပြုတဲ့သူ ဆိုတော့ သည်းခံရတာပဲ။ သာသနာပြုတော့မည် ဆိုကတည်းက အရာရာ သည်းခံရမယ်ဆိုတာ သိပြီးသားပဲ။

## ဒါတွေကို သည်းခံနိုင်ရမယ်

သာသနာပြုတဲ့အခါ-

၁။ အစားအသောက် သည်းခံရမယ်။
၂။ အဝတ်အရုံ သည်းခံရမယ်။
၃။ ရာသီဥတု သည်းခံရမယ်။
၄။ အလေ့အထမတူတာကို သည်းခံရမယ်။
၅။ ဆက်ဆံရေး ပြေပြစ်အောင် ဂရုစိုက်ရမယ်။
၆။ ဗုဒ္ဓသာသနာကို နားမလည် လည်အောင် ပြောပြရာမှာ သည်းခံရမယ်။

ဒါတွေ အားလုံးကို သည်းခံရမယ် ဆိုတာ သိထားပြီးသားပဲ။

ဆင်ခြင်ပြီး ဖြစ်တဲ့ ဒီအချက်တွေကို သတိမေ့ပြီး လွတ်မထွက်သွားအောင် ခဏခဏ သတိထား ဂရုစိုက်ရတယ်။

## သူတို့က စပ်တဲ့ဆေးကိုမှ ကြိုက်တယ်

အစိုးရအဖွဲ့က တောင်ကန်း သာသနာပြုရာမှာ သုံးရန် ဆေးဝါးတွေ ပေးထားပါတယ်။ သာသနာပြု ပုဂ္ဂိုလ်များမှာရော နာဂ အမျိုးသားများပါ သုံးနိုင်အောင် ပေးထားတာ ဖြစ်ပါတယ်။ ရာသီဥတုကလဲ ကြမ်းတဲ့ဒေသဖြစ်တော့ ဆေးဝါးမရှိယင် မဖြစ်ဘူး။ အထူးသဖြင့် မြေပြန့်က လာခဲ့ကြတဲ့ သာသနာပြု ပုဂ္ဂိုလ်တွေအတွက် သာပြီး လိုအပ်ပါတယ်။ ရာသီဥတုချင်းမတူရာက လာခဲ့ကြရတာ ဖြစ်လို့ပါပဲ။

နာဂ အမျိုးသားများအတွက်ကတော့ သူတို့က ရာသီဥတုနှင့် ပလဲနံပသင့်နေကြလို့ ရာသီဥတုကြောင့်ဖြစ်တဲ့ ရောဂါမျိုးနှင့် စပ်တဲ့ဆေး သိပ်မလိုပါဘူး။ ဒါပေမဲ့ သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေ ဆိုတော့ သူတို့အတွက်လဲ လိုပါတယ်။ သူတို့လဲ ဖျားတဲ့အခါ ဖျားနာတဲ့အခါ နာကြပါတယ်။ ထိမိ ခိုက်မိ ခုတ်မိ ရှမိ ထစ်မိတွေလဲ ရှိကြတယ်။

ရှိုးရှိုးပေါက်တဲ့ အနာတို့ ထိမိ ရှမိတဲ့ အနာတို့ အတွက် ဆိုယင် သူတို့က တင်ချာလို စပ်တဲ့ဆေးကိုမှ ပိုကြိုက်ကြတယ်။ ဒါမှ ပျောက်လွယ်တယ်လို့ ထင်ကြတယ်။ စပ်တဲ့ဆေးကို ထည့်ပေးလို့တော့ ဘယ်လောက်စပ်စပ် စပ်တယ်လို့ မပြောကြဘူး။ စပ်တယ်ဆိုယင် သတ္တိကြောင်ရာ ရောက်သတဲ့။ သတ္တိကြောင်သူကိုတော့ သူတို့က မကြိုက်ကြဘူး။ ဒီတော့ ဘယ်လောက်စပ်စပ် ပေနေလိုက်ကြတာပဲ။ မနေသာအောင် စပ်ပြီဆိုယင် "အား— ရှီး ဘုန်းကြီးဆေးက ကောင်းလိုက်တာ။ အားကြီးကောင်းတာပဲ" ဒီလိုသာ ကောင်းလို့ ချီးကျူးပြီး ပါးစပ်ကတော့ ဟလို့ မျက်ရေကတော့ ကျလို့။

သူတို့အတွက် ဖြစ်လာတဲ့ ရောဂါအလျောက် ဆေးဝါးများပေးပြီး ရင်းနှီးမှုကို အရယူခဲ့ပါတယ်။ ရင်းနှီးလာတဲ့ နာဂအမျိုးသား အမျိုးသမီးများကို မြန်မာစာသင်ပေး၊ ဗုဒ္ဓသာသနာ အခြေခံ ငါးပါးသီလ ဘုရားရှိခိုးစသည်ကို သင်ပေး၊ ဗုဒ္ဓသာသနာ့ ယဉ်ကျေးမှုများကို နားလည်အောင် ဟောပြောပေးရတယ်။

## တနှစ်ရာသီ ရောက်ခဲ့ပြီ

တနှစ်လောက်ကြာတော့ နာဂဘာသာ စကားများကို တော်တော်ကလေး ရေလည်အောင် ပြောတတ်ဆိုတတ်လာပါတယ်။ ဗုဒ္ဓဝင်ကစပြီး စိတ်ဝင်စားလောက်တဲ့ အချက်အလက်ကလေးတွေကို သူတို့ နားလည်အောင် နာဂလို ရှင်းလင်းဟောကြားပေးရတယ်။

မြေပြန့်မှာ ကျင်းပလေ့ရှိတဲ့ သာသနာရေးပွဲများကို ကျင်းပပေးရတယ်။ ဝါဆိုပွဲ၊ သီတင်းကျွတ်မီးထွန်းပွဲ၊ သက်ကြီး ပူဇော်ပွဲ၊ တန်ခူးလသင်္ကြန်ပွဲ၊ ကဆုန်ညောင်ရေသွန်းပွဲ စတဲ့ ဒီလို ဘာသာ သာသနာရေးပွဲတော်တွေ ပြုလုပ်နိုင်သည်အထိ အောင်မြင်လာပါတယ်။

## ဘာသာ-သာသနာရေး ပွဲတော်များဟာ ခင်မင်ရင်းနှီး သွေးစည်းမှုကို ကျေးဇူးပြုတယ်

ဒါတွေက ဗုဒ္ဓမြတ်စွာ လိုလားတော်မူတဲ့ ယဉ်ကျေးမှု အစစ်တွေ အနှစ်သာရတွေ မဟုတ်ပေမယ့် အသိုင်းအဝိုင်း အထောက်အကူ အတွက် လူတို့လောကမှာ မလုပ်ယင် မဖြစ်ပါဘူး။ အချင်းချင်း ရင်းနှီး သွေး

စည်းမှုအတွက် အင်မတန် အထောက်အကူ ပြုပါတယ်။ ကျေးဇူး များတဲ့ နည်းလမ်းများ ဖြစ်ကြောင်း ထင်ရှားပါတယ်။

သဘောတူ ဆန္ဒတူ ပြုလုပ်ဖွယ်အရေးမှာပဲဖြစ်ဖြစ်၊ ဘာသာရေး သာသနာရေးမှာပဲဖြစ်ဖြစ် အတူတကွ စုရုံးဆောင်ရွက်ရတဲ့ ဒီအရေး အခင်း ထုံးတမ်းဓလေ့တွေဟာ ရင်းနှီးမှုကို အားအပေးဆုံး အထောက် အကူအပြုဆုံးဆိုယင် မှားမယ် မဟုတ်ပါဘူး။ ဒီအထောက်အကူတွေ ကြောင့် သာသနာပြု ပုဂ္ဂိုလ်နဲ့ နာဂ အမျိုးသားတွေဟာ ရင်းနှီးခင်မင် မှုတွေ အများကြီး တိုးတက်လာခဲ့ပါတယ်။ ရင်းနှီးမှု တိုးတက်လာ သလောက် သာသနာပြုရာမှာ ခရီးရောက်လှပါတယ်။

## သူတို့သဘောက ဒီလို

နာဂ အမျိုးသားတွေဟာ အင်မတန် ရိုးသားပါတယ်။ "လူရိုး စိတ်တို" ဆိုတဲ့ အဆိုအတိုင်း စိတ်နဲနဲလဲ တိုတတ်ကြပါတယ်။ သတ္တိကို ပြောရမယ်ဆိုယင် သေရမှာတောင် သိပ်အရေးစိုက်ကြတာ မဟုတ်ဘူး။

ဆင်သေနဲ့ နာဂတောင်တန်း ခရီးမှာ ကားပြေးစကဆိုယင် ကားစီး ရတာကိုပဲ အင်မတန်ပျော်ကြတယ်။ ကားကို အခုမှ မြင်ဘူးကြတာ ဖြစ်တော့ ကားဟာ သူတို့အတွက် အထူးအဆန်း ဖြစ်နေကြတာပေါ့။

ကားပြေးနေစဉ် ကားစီးယင်း သူခုန်ချရဲ ငါခုန်ချရဲ ပြိုင်ပြီးတော့ တောင် ခုန်ချကြတယ်။ ဒီလို ခုန်ခုန်ချတတ်လို့ ဒုက္ခဖြစ်ရတာ များလာ တော့ ကားသမားတွေဟာ နာဂအမျိုးသားတွေကို သိပ်မတင်ရဲကြဘူး။ ကားပေါ်မှာ သူတို့ပါလာယင်လဲ အထူးဂရုစိုက် မောင်းကြရတယ်။

တလွဲမှာ သတ္တိကောင်းနေလို့သာပေါ့။ နိုင်ငံအတွက်သာ ဒီလို သတ္တိကောင်းမယ်ဆိုယင် အင်မတန် ကျေးဇူးများဖို့ ရှိပါတယ်။ နာဂ အမျိုးသားတွေဟာ သူတပါးပစ္စည်းကို မခိုးတတ်ကြဘူး။ လိမ်မပြော တတ်ကြဘူး။ ခိုးမှု လိမ်မှုကိစ္စတွေ သူတို့ဆီမှာ အင်မတန် နဲပါတယ်။

## သူတို့လွယ်အိတ်ထဲမှာ

နာဂအမျိုးသားတွေဟာ သူတို့ အသုံးအဆောင် ပရိက္ခရာများကို သူတို့သွားလေရာမှာ လွယ်အိတ်ထဲ စုထည့်သွားကြတာချည်းပဲ။ သူတို့ လွယ်အိတ်ထဲမှာ ဓားသွေးကျောက်လဲ ပါတယ်။ မီးခြစ်လဲ ပါတယ်။ ဆားလဲပါ၊ ငရုတ်သီးလဲပါတယ်။ လက်ထဲမှာ ဓားတချောင်း၊ လှံ တချောင်းလဲ ပါမြဲပဲ။ ရိုးရာအတိုင်း တောင်ယာလုပ်ကိုင် စားသောက် ကြတယ်။

## သူတို့ လက်ဖဝါးခြေဖဝါးတွေဟာ

အလုပ်ကြမ်းနဲ့ ကာယသမား ဖြစ်ကြတဲ့အတိုင်း ကိုယ်ကာယ ဖွံ့ဖြိုး ထွားကျိုင်းကြတယ်။ တောင်ဆင်း တောင်တက် သွားလာကြရတာ ဖြစ်လို့ သူတို့ခြေဖဝါးတွေကလဲ မာကျောနေကြတယ်။ တော်တော် တန်တန် ဆူးငြောင့် ခလုတ်လောက်ကို သူတို့ ခြေဖဝါးတွေက အရေး မလုပ်ပါဘူး။ သူတို့ လက်ဖဝါးတွေကလဲ ဒီလို ကြမ်းတမ်းတာပါပဲ။ မီးကျီးခဲရဲရဲကိုတောင် ကိုင်နိုင်စွမ်း ရှိကြတယ်။ ထိ၍ပေါက်ပြဲသွားတဲ့ ကိုယ့်အနာကို ဝါးချွန်ကို အသုံးပြုပြီး ကိုယ့်ဆံချည်မျှင်နဲ့ အလွယ်တကူ ချုပ်နိုင်ကြတယ်။

## ဥတုသုံးပါးခံသည်

မြေပြန့် အမျိုးသားတွေက မြေပြန့်ရာသီဥတုဒဏ်ကို ခံနိုင်သလို နာဂအမျိုးသားတွေကလဲ မလုံခြုံတဲ့ သူတို့ အဝတ်အစားကလေးများကို ဝတ်ဆင်ကြပြီး တောင်တန်းရာသီဥတုကို ခံနိုင်ကြတယ်၊

နေပူမိုးရွာမရှောင် သွားနေကျ လာနေကျအတိုင်း မတွန့်မဆုတ် သွားကြ လာကြ လုပ်ကြကိုင်ကြတာပဲ။ "ဥတုသုံးပါး ခံသည်" ဆိုတဲ့ နတ်သမီးတံဆိပ် မီးခြစ်ကမှ မိုးတွင်းကျယင် ခြစ်ရချင်မှ ရတယ်။ နာဂ အမျိုးသားတွေကတော့ တကယ့် ဥတုသုံးပါး ခံတာ။ ဥတုသုံးပါး ခံတယ်ဆိုတာ ဘယ်လိုရောဂါမှ မဖြစ်တာကို ဆိုတာမဟုတ်ပါဘူး။ မွေးရပ်ရာသီဥတုအကြားမှာ ဘယ်ရာသီဥတုကိုမှ အရေးမထားပဲ ခံနိုင်ရည်ရှိတာကို ပြောတာပါ။

## သူတို့မှာ ဒီလိုရောဂါတွေ ဖြစ်ကြတယ်

သူတို့လဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပေမဲ့ဟာ သူတို့ရောဂါနဲ့ သူတို့ ရှိနေဖြစ်နေ ကြသေးတာပါပဲ။ သူတို့မှာ....

၁။ ငှက်ဖျားရောဂါ၊

၂။ ဝမ်းကိုက်ရောဂါ၊

၃။ မျက်ခမ်းစပ်ရောဂါ၊

၄။ ဝမ်းလျှောရောဂါ၊

၅။ လည်ပင်းကြီးရောဂါ၊

၆။ ကာလသားရောဂါ၊

၇။ ကိုယ်ရေပြားရောဂါ၊

၈။ မွေးရာပါ ဆွံ့အ- ရောဂါ—

ဆိုတဲ့ ဒီလို ရောဂါတွေ ဖြစ်ကြပါတယ်။

အဲဒီရောဂါတွေ ဖြစ်လို့ရှိယင် အပြင်းအထန် ခံကြရတယ်။ အခုတော့ တော်လှန်ရေး အစိုးရက ဝေစတစ ကုသပေးနေပပြီ။ သာသနာပြု အဖွဲ့ကလဲ တတ်နိုင်သလောက် ကူညီကုသပေးလျက်ပါပဲ။

## နာဂတို့ မူလဘာသာရေး

နာဂလူမျိုးတွေရဲ့ ဘာသာအယူဝါဒက အိန္ဒိယနယ်စပ်ရှိ တွင်းကြီး ထဲက သူတို့တတွေ ထွက်လာခဲ့ကြတာလို့ ဆိုတယ်။ တွင်းကြီးထဲက ထွက်လာစဉ်က သူတို့ရဲ့ အဖော်သဟဲအဖြစ် ကျွဲ- နွား- ဝက်- ကြက်- ခွေးများလဲ တပါတည်း ပါလာခဲ့ကြတယ်လို့ ယုံကြည်ကြတယ်။

ဒါကြောင့် နာဂတယောက် မွေးဖွားတိုင်း မိခင်ဖြစ်သူဟာ ဝက်ကို သတ်ပြီး ဝက်သွေးကို သောက်ရသတဲ့။ ဝက်ကို သတ်ရတာက ယစ် ပူဇော်တဲ့အနေနဲ့ သတ်ရတာဖြစ်တယ်။ ဝက်သွေးကို သောက်ရတာ ကတော့ မိခင်အတွက် အားရှိအောင်ပေါ့။

မွေးဖွားပြီး ၂-ရက်လောက်အရမှာ ကလေးငယ်ကို နာမည်ပေး ကြတယ်။ နာမည်ပေးတဲ့အခါမှာလဲ မွေးတုန်းကလို ဝက်ဖြစ်စေ၊ ကျွဲ

နွား ဖြစ်စေ တကောင်ကောင်ကို သတ်ကြရပြန်တယ်။ တတ်နိုင်ယင် တတ်နိုင်သလောက် သတ်ကြတာပဲ။

နာဂတယောက် နေလို့ထိုင်လို့ မကောင်းယင်လဲ ကြက်-ဝက် စသည်ကို သတ်ပြီး ယစ်ပူဇော်ကြတယ်။ သေးကိုလဲ လူမမာက သောက်ကြရတယ်။ ဒီလိုလုပ်ယင် ရောဂါပျောက်တယ်လို့ အယူရှိကြတယ်။ ဒီလိုကိစ္စတွေနဲ့ မပတ်သက်ပဲလဲ အခွင့်သင့်တဲ့အခါတိုင်း ကြက်- ဝက်-ကျွဲ-နွား စသည်တွေကို သတ်ပြီး ယဇ်ပူဇော်ကြပါသေးတယ်။

နောက်ဆုံး နာဂတယောက် သေပြန်ယင်လဲ ဒီအတိုင်းပဲ၊ ကျွဲ-နွား စသည်တွေကို သတ်ပြီး ယစ်ပူဇော်ကြရပြန်ပါတယ်။ ဒီအခါမှာလဲ တတ်နိုင်ယင် တတ်နိုင်သလောက် သတ်ဖြတ်ပူဇော်ကြတယ်။

မွေးကတည်းက သေသည်အထိ သတ်ခဲ့သမျှ ကျွဲ- နွား- ခွေး- ဝက် ကြက်တွေရဲ့ (ဝိညာဉ်-လိပ်ပြာ) တွေက သေဆုံးသွားတဲ့ (သက် ဖြတ်ပူဇော်ခဲ့သူ) နာဂတယောက်ရဲ့ (ဝိညာဉ်-လိပ်ပြာ) ကို ထွက်လာခဲ့ရင်း တွင်းကြီးဆီကို လမ်းပြ ခေါ်ဆောင်သွားကြပါသတဲ့။ ခေါ်ဆောင်သွားလို့ အဲဒီတွင်းကြီးထဲ ပြန်ရောက်သွားယင် တခါထဲ ထာဝရ ချမ်းသာသွားတယ်လို့ ယုံကြည်ကြတယ်။ သူတို့ တဘဝလုံးဟာ သွေးများနဲ့သာ လွှမ်းနေပါတော့တယ်။

## နာဂတို့ ယဇ်ပွဲကြီးသုံးပွဲ

နာဂများမှာ တနှစ်လျှင် အထူးယဇ်ပွဲကြီးသုံးပွဲ ကျင်းပကြပါတယ်။

၁။ စပါးအဖူးထွက်ခါစ ထွက်ခါနီးလောက်မှာ တကြိမ်။

၂။ ကောက်သစ်စားချိန်လောက်မှာ တကြိမ်။

၃။ စပါးသိမ်းချိန်လောက်မှာ တကြိမ်။

ဒီ ယဇ်ပွဲကြီးသုံးကြိမ်မှာ တရွာလုံးက ဝိုင်းကကြ-ခုန်ကြ-အကြီးအကျယ် ပျော်ကြပါးကြတယ်။ ဒီပွဲကြီး ၃-ပွဲအပြင် ကြိုးကြားကြိုးကြား ယဇ်ပူဇော်ပွဲငယ်များလဲ ရှိပါသေးတယ်။

## နာဂတို့ ယဇ်ပွဲကျင်းပကြပုံ

သူတို့ယဇ်ပွဲကျင်းပကြပုံကို ပြောရဦးမယ်။ အိမ်တိုင်း အိမ်တိုင်း ယဇ်တိုင်တွေ စိုက်ထားကြတယ်။ နှစ်ကိုင်ဖြစ်စေ၊ သုံးတိုင်ဖြစ်စေ

စိုက်ကြတယ်၊ ယင်ပွဲနေ့မရောက်ခင် တရက်ကြိုတင်ပြီး ယင်ပူဇော်မည့် ကွဲ-နွားတွေကို ယင်တိုင်မှာ ချည်ထားကြတယ်။ အစာကိုလဲ ကောင်းကောင်းမွန်မွန် ကျွေးထားကြတယ်။

ယင်ပွဲနေ့ ရောက်တဲ့အခါ အိမ်ရှိ သား- သမီး- ဇနီး- ခင်ပွန်း အားလုံး အထူးဝတ်စားဆင်ယင်ကြတယ်။ လက်ကောက်-ပုတီး-နားတောင်းတွေ ဝတ်ဆင်ကြပြီး အလှဆုံးအပဆုံး ပြင်ဆင်ထားကြတယ်။ အင်္ကျီ-လုံချည်- ဆိုတာကတော့ ထုံးစံအတိုင်းပေါ့။ လန်ကွတ်တီ၊ နံငယ်ပိုင်းက လွဲယင် ကိုယ်လုံးပေါ်တွေပါပဲ။

နံနက်(၉)နာရီ၊ (၁၀)နာရီလောက်မှာ အိမ်သားအားလုံး ယင်တိုင်ရှေ့ရပ်ကြတယ်။တန်းစီလို့ပေါ့။အိမ်သားအားလုံးဆိုပေမဲ့ သမီးများတော့ မပါကြဘူး။ သမီးတွေဟာ ယင်မွေ့မရကြဘူးတဲ့။ ဒါပေမဲ့ ယင်ပွဲကျ အသားများကိုတော့ စားကြသောက်ကြရန် အခွင့်ရကြတယ်။

ပြီးတော့ အိမ်သူဇနီးက စပါးရယ်, ချင်းရယ်, ဆန်ရယ်, တောင်းတလုံးထဲမှာ ရောထည့်ပြီး ယင်တိုင်မှာချည်ထားတဲ့ ကွဲ-နွားများရဲ့ ဦးခေါင်းပေါ်မှာ သွန်းလောင်းလိုက်တယ်။ ဒီအစီအစဉ်တွေကို စနစ်တကျဖြစ်အောင် နာဂနတ်ဆရာတယောက်က ညွှန်ကြားပေးရပါတယ်။

### ဆုတောင်းခန်း

နောက်ပြီးတော့ အိမ်ရှင်ယောကျ်ားဖြစ်သူက ဓားကိုထမ်းပြီး လိုတဲ့ဆုကို တောင်းတော့တာပါပဲ။ တောင်းတဲ့ဆုတွေကလဲ တသီကြီးပဲ။ ဥပမာ—

"ဘယ်အရပ်က ဘယ်ရွာမှာရှိတဲ့ ငါ့ရန်သူ ဘယ်သူ့ကို ငါက နိုင်ရပါစေ။သူတပါးနှင့် စကားစစ်ထိုးတိုင်း ငါကသာ အနိုင်ရပါစေ။ တခြားရွာများကို ကြက်-ဝက် စသည် အရှ သွားတဲ့အခါ ဈေးချိုချိုအလှယ်တကူ ကောင်းကောင်း များများ ဝယ်လို့ရပါစေ။ တောင်ယာလုပ်တဲ့အခါ သူများစပါးထက် ငါ့စပါးက ပိုကောင်းပါစေ။ တောလိုက်သွားတဲ့အခါ သူများထက် ငါက အားကောင်တွေ ကောင်းကောင်း များများ ရလွယ်ပါစေ"တဲ့။

နောက် သူ့ဇနီး အိမ်သူအတွက်ကိုလဲ ဆုတောင်းပေးပါသေးတယ်။ ဥပမာ—

"ငါ့ဇနီး ဘယ်သူဟာ ထင်းခွေသွားတဲ့အခါ ထင်းတွေ ကောင်းကောင်း များများကြီးရပါစေ။ ခေါင်ရေချက်ရာမှာ သူများချက်တဲ့ ခေါင်ရေထက် ငါ့ဇနီး (ဘယ်သူ)ချက်တဲ့ ခေါင်ရေက ပိုပြီး ချိုချို မွှေးမွှေး ကောင်းပါစေ"တဲ့။

ပြီးတော့ ယဇ်တိုင်မှာ ချည်ထားတဲ့ ကျွဲ-နွားများအတွက်လဲ ဆုတောင်းပေးပါသေးတယ်။ ဥပမာ—

"ကိုင်.... ဒို့အတွက်တော့ ဆုတောင်းပြီးပြီ။ မင်းအတွက်လဲ ဆုတောင်းပေးမယ် အားငယ်နဲ့။ မင့်ကိုသာ အခုမှသဝ်ပြီး နတ်တင်တာမဟုတ်ဘူး။ ရှေးရှေးကတည်းက မင့်ဘိုးမင့်ဘွား မင့်ဆွေမျိုးများကိုလဲ ဒီလိုပဲ သတ်သတ်ပြီး နတ်တင်ခဲ့ကြတယ်။ ကောင်းတဲ့ အစဉ်အလာပါပဲကွာ။ သေသွားယင် တခြား နွား-ကျွဲစတဲ့ (ဝိညာဉ် လိပ်ပြာ) တွေကြားထဲမှာ မင့်ဝိညာဉ် လိပ်ပြာက လှလှပပကြီး ဖြစ်နေနိုင်မှာပါ။ ကိုင်းကိုင်း ဘာမှ အားငယ်မနေနဲ့။ မင်းသေသွားတဲ့အခါမှာ လှလှပပ ဖြစ်ပါစေကွာ"တဲ့။

ဒီလို အားပေးဆုတောင်းပြီး ကျွဲ-နွားများရဲ့နောက်ကျောမှ ခေါက်ကို ဓားနဲ့ တအား ခုတ်ပိုင်းချလိုက်တာပါပဲ။ အခုတ်ခံရတဲ့ ကျွဲ နွားကတော့ အော်ပြီး ပုံလဲကျသွားတော့တယ်။

## စားသောက်ကြပြီ

ခကောက်ကျွေးကို ခုတ်ပိုင်းလိုက်ပြီးတဲ့ မသေမရှင် ကျွဲ-နွားကို အိမ်ထဲကို ဒရွတ်တိုက် ဆွဲသွင်းသွားကြတာပဲ။ တဆတ်ဆတ် တုန်နေတဲ့ အသားတွေကို ဓားနဲ့လှီး ဓားနဲ့ထိုးပြီး သွေးတွေကိုယူကာ အစိမ်းသောက်လိုက်ကြတော့တယ်။ အသားတချို့ကို တုံးကင်ပြီး ဆားငရုတ်စသည်တို့နဲ့ချက်၊ တချို့ကို မီးဖုတ်၊ ဒီလိုလုပ်ပြီး ခေါင်ရေနဲ့ သောက်ကြတယ်။

အိမ်သူ အိမ်သားတွေရော ဖိတ်မံထားတဲ့ ဧည့်သည်တွေပါ အားလုံး စားကြသောက်ကြတာပါပဲ။ ပီးတော့ ဧည့်သည်တွေက ကျေးမွေးတဲ့ အိမ်ရှင်ကို ဂုဏ်ပြုတဲ့အနေနဲ့ သီချင်းဆိုကြ၊ က,ကြ ခုန်ကြတယ်။

## တခြား ယဇ်ပွဲများ ကျင်းပကြပုံ

တောင်ယာ မခုတ်ခင်မှာ တောင်ယာမြေကို နတ်တင်တဲ့အနေနဲ့ ယဇ်ပွဲ ပူဇော်ပသ,ကြသေးတယ်။ အဲဒီပွဲမှာတော့ ခွေးတွေကို သတ်ပြီး ပြုလုပ်ကြတယ်။ ယာတခင်းမှာ ပွဲတပွဲ လုပ်ကြတာဖြစ်တော့ သူ့တောင် ယာအတွက် သူ့ပွဲနဲ့သူမို့ မနဲလှဘူး။ ဒီပွဲတွေမှာတော့ 'မြေသြဇာကောင်း ပြီး စပါးများများ ကောင်းကောင်း ထွက်ပါစေ' လို့ဆုတောင်းကြတယ်။

စပါး ဖူးခါနီးမှာ နတ် ပ,သတင်မြှောက်ကြတဲ့ ပွဲမှာတော့ ကြက် သားနဲ့ ကောက်ညှင်းပေါင်းကို တင်မြှောက် ပ,သပြီး စားသောက်ကြ တယ်။ စပါးနှံတွေ များများထွက်ပြီး များများသီးပါစေလို့ ဆုတောင်း ကြပြန်သတဲ့။ အခြားယဇ်ပွဲငယ်တွေလဲ များစွာရှိပါသေးတယ်။ မြေပြန့် မှာ အခွင့်သင့်တိုင်း အလှူပွဲကျင်းပကြသလို သူတို့ဆီမှာ အခွင့်သင့်တိုင်း ယဇ်ပွဲကျင်းပလေ့ရှိကြပါတယ်။

နာဂ တယောက် နေမကောင်းလို့ရှိယင် ယဇ်ပူဇော်ပုံကတော့ ဒီလို ပါ။ ရှေးဦးစွာ နေမကောင်းသူအတွက် နာဂ နတ်ဆရာဆီမှာ ဗေဒင် မေးရတယ်။ နတ်ဗေဒင်က အဟောထွက်တဲ့အတိုင်း ဝက်ဆိုယင်ဝက်၊ ကြက်ဆိုယင်ကြက်၊ ခွေးဆိုယင်ခွေးကို သတ်ပြီး တင်မြှောက်ကြရတယ်။ ပြောခဲ့ပြီးတဲ့အတိုင်း လူနာက တင်မြှောက်တဲ့ ယဇ်ကောင်မှ သွေးကို အစိမ်းလိုက် သောက်ကြရတယ်။ ဒီလိုလုပ်မှ ရောဂါပျောက်တယ်လို့ ယုံကြည်ကြတယ်။

## အင်မတန် အသားစားကြတယ်

နာဂအမျိုးသားတွေဟာ အသားကို အင်မတန်စားကြတယ်။ ဝက် ကြက် ကျွဲနွားများကိုတော့ နာဂများသာမက လူမျိုးတိုင်းလိုလို စား ကြတာပါပဲ။ ဒါပေမဲ့ ယဇ်ပွဲတွေကများတော့ တခြား အမျိုးသားတွေ ထက် သူတို့က ပိုတယ်လို့ ဆိုရမှာပဲ။

မြွေသား ခွေးသားကို စားရာမှာ နာဂလူမျိုးကို ဘယ်လူမျိုးမှ မှီကြမှာ မဟုတ်ပါဘူး။ မြွေဆိုယင် ဘာမြွေမှ မရှောင်ဘူး။ အကုန် စားကြတာပဲ။

ခွေးသားကိုတော့ မြန်မာတွေ ဝက်သားကြိုက်သလို သူတို့က အင်မတန် ကြိုက်ကြတယ်။ နာဂအိမ်တွေက ခွေးတွေဆိုယင် အမြီးတို နား ရွက်တို့ တိုနေတာတွေက များပါတယ်။ သူတို့ သားငယ် သမီးငယ် နာဂကလေးတွေကို စားသောက်ဖွယ် အဖြစ်နဲ့ အမြီးဖြတ်ပြီး ဖုတ်ကျွေး၊ နားရွက်ဖြတ်ပြီး မီးဖုတ်ကျွေး၊ ကျွေးပစ်ကြတယ်။ ဒါကြောင့် ခွေးနား ရွက်တို အမြီးတိုတွေ ပေါတာပေါ့။

မြန်မာပြည် မြေပြန့်မှာ ခွေးဟွေပေါကြောင်း ပြောတော့ "မြန်မာ ပြည် မြေပြန့်ကို ခွေးအယူ လိုက်ချင်ကြတယ်တဲ့။ အရှင်သခင် မရှိတဲ့ ခွေးတွေကို အိတ်ကြီး အိတ်ငယ်နဲ့ ထဲ့ထဲ့ပြီး တောင်ပေါ်ကိုယူ၊ ယူပြီး အားရပါးရ ချက်ပြုတ် ဖုတ်ကင် စားလိုက်စမ်းချင်ကြောင်း" သွားရေများ ကျလောက်အောင် အားရပါးရ လိုချင်မက်မောပြော ကြတယ်။

## နာဂတို့သေခါနီးတရား

ဗုဒ္ဓဘာသာဝင် သေခါနီးမှာ ကောင်းရာသုဂတိရောက်ရန် သေမည့် သူ၏ အနီးမှာ ဓမ္မစကြာ သဟိပဋ္ဌာန်းစတဲ့ တရား တမျိုးမျိုးကိုပဲ ဖြစ်ဖြစ်၊ သူပြုခဲ့ဘူးတဲ့ ကောင်းမှု ကုသိုလ်ကိုပဲ ဖြစ်ဖြစ် ဖတ်ပြ ရွတ်ပြ ပြောပြကြရတယ်။ နာဂ အမျိုးသားတွေကတော့ နာဂ တယောက် ယောက် သေခါနီးမှာ သူတို့ တွက်လာခဲ့ယင်း တွင်းထဲရောက်ရန် သူ သတ်ခဲ့တဲ့ ယဇ်ကောင်စာရင်းကို နတ်ဆရာက ဖတ်ပြ ပြောပြရတယ်။

"မင်း သေရမှာကို အားမငယ်ပါနဲ့။ ဟို-အိန္ဒိယ နယ်စပ်မှာ အင် မတန် ချမ်းသာတဲ့ တွင်းကြီးရှိတယ်။ အဲဒီ တွင်းကြီးကို မင်း ရောက် သွားမှာပေါ့။ မင့်အယင် သေသွားကြတဲ့ မင့်ဘိုး မင့်ဘွား မင့်ဆွေမျိုး တွေဟာ အဲဒီ တွင်းကြီးထဲ ရောက်သွားနှင့်ကြပြီ။ ဒီလို လိုက်ခဲ့မှာပဲ။

မင်းသတ်ထားခဲ့တဲ့ ကျွဲတွေ- နွားတွေ- ဝက်တွေ- ကြက်တွေဟာ (ဘယ်တုန်းက ဘယ်ရွှေ့ ဘယ်လောက်) ရှိခဲ့ပြီ။ မင်းသတ်ပြီး နတ်

ပူဇော်ထားခဲ့တဲ့ အဲဒီ ယဇ်ကောင်တွေရဲ့ ဝိညာဉ် လိပ်ပြာတွေက မင့်ကို လမ်းပြပြီး ချမ်းသာတွင်းကြီးရှိရာကို ခေါ်ဆောင်သွားပါလိမ့်မယ်"

သောမည်ထင်တဲ့ လူမမာ မသေမချင်းပင် နတ်ဆရာက ဒီလို ဖတ်ပြရွတ်ပြ ပြောပြရတယ်။ ပီးတော့ လူမမာ အပေါ်ကနေပြီး ဒိုင်းကြီးကိုလဲ တဒေါက်ဒေါက် တီးခေါက်ပေးတယ်။ လူမမာရဲ့ ဆွေမျိုးသားချင်းတွေကလဲ လူမမာနားမှာ ဝိုင်းအုံနေကြတယ်။

## နာဂတို့သေတော့ဒီလိုသင်္ဂြိုဟ်

လူမမာ သေသွားတော့ နတ်ဆရာက လက်တဖက်က ဒိုင်းကြီးကိုကိုင်၊ လက်တဖက်က ဓားကိုကိုင်၊ ဦးခေါင်းပေါ်မှာ ဦးထုပ်ကြီးဆောင်းပြီး ...

"မင်း သွားတော့၊ မင်း သွားတော့၊ မင်း သွားတော့။ မင့်နောက်က အဖော်ထည့်လိုက်တယ်"လို့ ဆိုပါတယ်။

"အဲဒီလိုဆိုယင်း လူသေရှိရာ အိမ်ကနေပြီး ရွာပြင်ရောက်အောင် ထွက်သွားတယ်။ ဒါက သေသူရဲ့ ဝိညာဉ်လိပ်ပြာကို ရွာပြင်ရောက်အောင် လိုက်ပို့တာတဲ့။ နတ်ဆရာက အိမ်ကနေ ရွာပြင်ရောက်အောင် ထွက်သွားပြီး အိမ်ပြန်ရောက်လာတော့မှ ဆွေမျိုးတစုက ဝိုင်းငိုကြတော့တာပါပဲ။ လူမျိုးတိုင်း လူမျိုးတိုင်း ကိုယ့်မိဘ သားသမီး ဆွေမျိုးကိုတော့ သေသွားယင် နှမြောကြတယ်။ လွမ်းကြတယ်။ ငိုကြွေးကြကြတယ်။ ဒါဟာ ဓမ္မတာပါပဲ။

နာဂလူမျိုးဟာယောက် သေတယ်ဆိုယင် သေတာနဲ့ တပြိုင်နက် ငက်ဖြစ်စေ၊ ကြွက်ဖြစ်စေ၊ သတ်လိုက်ကြတာပါပဲ။ သတ်လို့ သေသွားတဲ့ ငက်- ကြွက်- ဝိညာဉ်- လိပ်ပြာဟာ သေသူရဲ့ ဝိညာဉ်လိပ်ပြာကို ခေါ်ပြီး စောစောက ပြောခဲ့ပြီးတဲ့ တွင်းကြီးဆီ ရောက်အောင် ပို့ဆောင်တယ်လို့ ယူဆကြတယ်။ "မင်းနောက်က အဖော်ထည့်လိုက်တယ်" ဆိုတာ ဒါပဲ။

သေပြီးတဲ့ နောက်တနေ့မှာတော့ လူသေကို ရွာပြင် ထုတ်ဆောင်ကြတယ်။ ရွာပြင်ရောက်တော့ အသင့်ဆောက်ထားတဲ့ စင်ကြီးပေါ်မှာ

ဖျာနဲ့လိပ်ထားတဲ့ လူသေကို တင်ထားလိုက်ပါရော။ တဖြည်းဖြည်း အသေကောင်ဟာ အရေတွေ ပျော်ကျရှိသာမက အသားတွေလဲ ပဲ့ပဲ့ကျတယ်။ ကျလာသမျှကို ခွေးတွေ ဝက်တွေက အောက်ကနေ စားကြ သောက်ကြတယ်။ ဒါနဲ့ လူ့ဘဝ တဇာတ်သိမ်းသွားတော့ တာပါပဲ။

## လူသေသင်္ဂြိုဟ်ပုံ မဆိုးလှ

တရားနှင့် ဆင်ခြင်ပြီး သတိသံဝေဂ ယူတတ်မယ်ဆိုယင် သူတို့ လူသေသင်္ဂြိုဟ်ပုံ သင်္ဂြိုဟ်နည်းဟာ သိပ်မဆိုးလှဘူးလို့ ဆိုရမှာပါပဲ။ စင်ပေါ်တင်ထားတဲ့ လူသေကောင်ကြီးက အရေတွေ ထွက်ကျတာကိုလဲ တွေ့ရမယ်။ ပီးတော့ အသားတွေ ပွဲ့ကျတာကိုလဲ တွေ့ရမယ်။ ပွဲ့ကျလာတဲ့ အသားတွေကို ခွေးတွေ၊ ဝက်တွေ စားသောက်နေကြတာကိုလဲ တွေ့မြင်နေရမယ်။

ဒီတော့ လူတွေရဲ့ ဒီလက်ရှိ ခန္ဓာကိုယ် ကောင်ကြီးဟာ ချစ်ခင်နှစ်သက်စရာမဟုတ်၊ ရွံရှာဖွယ်ရာ ခွေးစာ, ဝက်စာ အတိသာလို့ ထင်မြင်လာနိုင်စရာ ရှိပါတယ်။ မီးရှို့ပစ်လိုက်တယ်၊ မြေမြှုပ်ပစ်လိုက်တယ်၊ ရေမျှောပစ်လိုက်တယ် ဆိုတာကတော့ ဒီလောက်တောင် ထိထိရောက်ရောက် ရှုကြည့်မနေကြရဘူး။

ပီးတော့ "ငါ့ကိုယ်ကောင်ကြီးဟာ သေယင် ခွေးတွေ-ဝက်တွေ စားကြပါစေ"ဆိုတဲ့ စေတနာ ဖြစ်လာမယ်ဆိုယင်လဲ ခန္ဓာကိုယ် မသေခင်က လှူပြီးသားဖြစ်နေလို့ ကုသိုလ်ကောင်းမှုလဲ ဖြစ်နိုင်စရာရှိပါတယ်။ တရားနှင့် ဆင်ခြင်နိုင်မယ်ဆိုယင် ပြောရတာကိုး။

## နာဂတို့ ခေါင်းဖြတ်တာနဲ့ စပ်တဲ့ ပုံပြင်ဝတ္ထု

နာဂလူမျိုးတို့ ခေါင်းဖြတ်ရိုးရာဟာ အင်မတန် နာမည်ကြီးပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး နာဂအမျိုးသားသမိုင်းမှာ ခေါင်းဖြတ်ခဲ့တဲ့ ပုံပြင်ဝတ္ထုကလေးတပုဒ် ရှိပါတယ်။ စပ်မိတဲ့အခါ ဒီဝတ္ထုကလေးကိုလဲ ပြောရဦးမယ်။

ရှေးတုန်းက ရေလွှမ်းမိုးပြီး ကမ္ဘာကြီး ပျက်စီးသွားခဲ့ဘူးသတဲ့။ လူတွေအားလုံး ရေနစ်ပြီး သေကုန်ကြတာ မောင်နှင့်နှမ ၂ ယောက် ထဲပဲ တောင်ထိပ်ပေါ်မှာ ကံကောင်းထောက်မလို့ ကျန်ရစ်ခဲ့ကြတယ်လို့ ဆိုတယ်။

ဒီတော့ မောင်ကြီးဖြစ်သူက ဆင်ခြင်စဉ်းစားတယ်။ "ကမ္ဘာလောကကြီး တခုလုံးမှ ဒို့မောင်နှမနှစ်ယောက်ထဲသာ ရှိတော့တယ်။ ဒို့နှစ်ယောက်သာ သေသွားကြယင် လူမျိုးဆက် ပြတ်သွားတော့မှာပဲ" ဒီလို ဆင်ခြင်စဉ်းစားသတဲ့။

ဒါပေမယ့် နှမအရင်းဆိုတော့ လူမျိုးဆက်မပြတ်အောင် မကြံသာပဲ ဖြစ်နေတယ်။ ဒီလိုနဲ့ ရေတွေဟာ တဖြည်းဖြည်း ကျသွားပြီး ကမ္ဘာလောကကြီးလဲ သွားလာနေထိုင်စရာ အယင်ကလိုပဲ သာသာယာယာ ဖြစ်လာတယ်။ ကမ္ဘာကြီးက ဘယ်လောက်ပင် သာယာလာလာ သူတို့နှစ်ယောက်ထဲဆိုတော့ ပျင်းစရာကြီး ဖြစ်နေသပေါ့။

တနေ့တော့ မောင်ကြီးက သူ့နှမကို ပြောသတဲ့။ "ငါ့နှမ ဟိုခပ်ဝေးဝေးမှာရှိတဲ့ ကျောက်တုံးကြီးနားသွားပြီး ကျောက်တုံးကြီးက ဘာပြောသလဲဆိုတာ နားထောင်ချည်စမ်း"။

မောင်ကြီးက ဒီလို ပြောတော့ နှမဖြစ်သူက မောင်ကြီး ပြောတဲ့အတိုင်း ကျောက်တုံးကြီးနားသွားပြီး နားထောင်တယ်။ နှမထွက်သွားတဲ့အခါ ဖြတ်လမ်းက နေပြီး မောင်ကြီးက ကျောက်တုံးကြီးဆီကို အယင်ရောက်အောင် သွားနှင့်တယ်။ နှမ ရောက်လာတော့ ကျောက်တုံးကြီး နောက်ကွယ်က နေပြီး ကျောက်တုံးကြီးက ပြောတဲ့ အနေနဲ့ သူပြောချင်တာကို ပြောသတဲ့။

ပီးတော့ နှမအယင်ရောက်အောင် ဖြတ်လမ်းကပဲ ကိုယ့်နေရာကို ပြန်ခဲ့သတဲ့။ နှမပြန်ရောက်လာတော့ "ကျောက်တုံးကြီးက ဘာပြောလိုက်သလဲ" လို့ မောင်ကြီးက ဆီးမေးတယ်။ နှမက ရှက်တာနဲ့ မောင်ကြီးမေးတာကို ဘာမှ ပြန်မပြောဘူး။ နောက်တရက် ဒီလို ဆက်လုပ်တော့လဲ နှမက မပြောပဲ နေမြဲနေတယ်။

ကျောက်တုံးကြီးဆီက ပြန်လာတဲ့ နောက်ဆုံး တတိယ ညမှာတော့ လက္ခယ်ည သန်းခေါင် အချိန်ကလဲ ဖြစ်ပြန် လေကြီးမိုးကြီးကလဲ ကျသတဲ့။ ဒီတော့ သူတို့မောင်နှမ နှစ်ယောက်မှာ ကျောက်တုံးကြီးက သုံးကြိမ်တိတိ ပြောတဲ့အတိုင်း"လူမျိုးဆက် မပြတ်အောင်"ဆောင်ရွက်လိုက်ကြသတဲ့။

ဒီလိုနဲ့ တနှစ်လောက် ကြာမြင့်တဲ့ အခါ သူတို့နှစ်ဦးမှာ ရင်သွေးသားကလေး တယောက် ဖွားမြောက် လာတော့တယ်။ ဖွားမြောက်လာတဲ့ သားကလေးက အင်မတန် အငိုသန်သတဲ့။ ချော့မရ ပြုံမရ အငိုတိတ်တယ်လို့ ရှိတော့ မိခင်ဟာ စိတ်မရှည်နိုင်ပဲ အကြီးအကျယ် စိတ်ဆိုးပြီး ကလေးကို သတ်ပစ်လိုက်လေတယ်။ ကလေးရဲ့အသားတွေကိုလဲ ဖွဲ့ရှုပြီး မြေမှာ ကြဲပစ်လိုက်တယ်တဲ့။

ဒီလို ဟိုကြဲ ဒီကြဲ ကြဲပစ်လိုက်တဲ့ အခါ ကလေးရဲ့ အသားကလေးတွေက ဗူးပင်တွေပေါက်လာပြီး ဗူးသီးတွေ သီးလာသတဲ့။ အဲဒီ ဗူးသီးတွေထဲမှာ ဗူးသီးကြီးတလုံးဟာ ထူးထူးခြားခြားကြီးနေတယ်။ ဒီဗူးသီးကြီးထဲက လူသံလိုလိုလဲ ကြားနေရတယ်။ ဒါနဲ့ ဗူးသီးကြီးကို ဓားနဲ့ခွဲကြည့်ကြတော့ ဗူးသီးကြီးထဲက လူကလေးတွေ အများကြီး တွေ့ကြရတယ်။ ဗူးသီးကြီးခွဲတုန်းက ဓားနဲ့မလွတ်ပဲ လည်ပင်းပြတ်ပြီး ကလေးတယောက် သေသွားသတဲ့။ အဲဒီတုန်းထဲက (နာဂခေါင်းဖြတ်) စခဲ့ကြတယ်လို့ ဆိုပါတယ်။

ကျန်ကလေးတွေကတော့ ဗူးသီးကြီးထဲက ထွက်ပြီး ခြေဦးတည့်ရာ သွားကြတယ်။ ဒီတော့မှတဖန် လူ့လောကကြီးဟာ လူသားတွေ ပွါးများလာကြကာ စိုစိုပြည်ပြည် စည်စည်ကားကား ပြန်ဖြစ်လာပါသတဲ့။ ဒါကြောင့် ဒီလူတွေဟာ သားလုံး ဆွေမျိုး သားချင်းချည်းပဲလို့ ဆိုပါတယ်။ ဒီပုံပြင် ဝတ္ထုမှာ သွေးသားချည်းတွေပဲ ဆိုတာကို ဆက်သုံးပြီးတော့ ခေါင်းဖြတ်တာကိုတော့ဖျက်သိမ်းမှ ဖြစ်မယ်။

**မကောင်းတဲ့ ခေါင်းဖြတ်ရိုးရာကို အစိုးရက ဥပဒေနဲ့ တားတယ်**
**တပည့်တော်က ဗုဒ္ဓတရားနဲ့ ပညာပေးတားဖြစ်တယ်**

ဗူးသီးထဲက လူမှာတော့ မတော်တဆ ပြတ်ရတဲ့ ခေါင်းပြတ်ပါပဲ။ ဒီ မတော်တဆ ပြတ်ရာက နေပြီး အစဉ်အလာ ရိုးရာအဖြစ် သယ်ဆောင်လာခဲ့ကြတယ်ဆိုယင်တော့ မကောင်းပါဘူး။ အခု ခေါင်းဖြတ်နေခဲ့ကြတာကတော့ မတော်တဆ မဟုတ်ကြတော့ဘူး။ မပြတ်ပြတ်အောင်ဖြတ်နေကြတာ ဖြစ်တယ်။ အခု လောလောဆယ် ခေါင်းဖြတ်နေကြတဲ့ ရိုးရာ အကြောင်းတွေကတော့—

၁။ ကြွေး တောင်းမရခြင်း။
၂။ ကလဲ့စား ချေရခြင်း။
၃။ စပါးဆန်ရေ ပေါတယ်လို့ ယုံကြည်ခြင်း။
၄။ ဗေဒင် တွက်ဆိုချက်ကို ယုံကြည်ခြင်း။
၅။ ခေါင်းဖြတ် အရေအတွက် များလေ ဂုဏ်ရှိလေဟု ယုံကြည်နေကြခြင်း။

ဒီအကြောင်းတွေဟာ ခေါင်းဖြတ်ရိုးရာ ဖြစ်နေကြခြင်းရဲ့အကြောင်းတွေပါပဲ။ ဒါကြောင့် ဒီရိုးရာတွေဟာ မပျောက်နိုင်ကြပဲ **အခုထိ** ရှိနေ**ကြသေးတာပဲ။**

တပည့်တော်လဲ ခေါင်းဖြတ်တာ မကောင်းကြောင်း လောကီရေးလောကုတ္တရာပါ အကျိုးမရှိကြောင်း၊ ဒီလို ဒုစရိုက် မကောင်းမှုတွေကို ဘုရားကလဲ မကြိုက်ကြောင်း၊ ဒါတွေဟာ မကောင်းကျိုးအဆက်ဆက်ပွါးများစရာတွေ ဖြစ်ကြောင်း စသည်ဖြင့် ဂရုတစိုက် ဟောပြောပေးပါတယ်။

အခုအခါမှာ ဒီရိုးရာ ခေါင်းဖြတ်မှုတွေကို အစိုးရက တင်းတင်းကျပ်ကျပ် ဥပဒေနဲ့ တားမြစ်ထားပါတယ်။ ကျူးလွန်သူများကိုလဲ အရေးယူပါတယ်။ ဒါတောင် လစ်ယင်လစ်သလို တခါတခါ တရွာနှင့်တရွာ ခေါင်းဖြတ်မှုတွေ ရှိနေကြပါသေးတယ်။

တပည့်တော်တို့ ဗုဒ္ဓသာသနာပြု ပျံ့နှံ့ရာတွေမှာတော့ ဒီခေါင်းဖြတ်မှုတွေဟာ အတော်နဲပါးသွားပါပြီ။ မရှိသလောက်ပဲ ဆိုပါတော့။

## ဆရာတော် ဦးကောဝိဒ အောင်မြင်ခဲ့သမျှ

ဆရာတော် ဦးကောဝိဒက နာဂအမျိုးသားတို့အကြောင်းကို မမောတမ်း မပန်းဇမ်း စိတ်ရှည်စွာ အမိန့်ရှိတော်မူပါသည်။ သည်အထဲ၌ သိချင်တာကလေးများကို ကြားဖြတ်ပြီး ထောက်လှမ်းမေးမြန်းချက်ကလေးများလည်း ပါရှိပါသေး၏။ သို့သော် စာဖတ်သူများ အရသာပျက်မည်စိုး၍ ထည့်သွင်း မဖော်ပြလိုက်တော့ပါ။ ဆရာတော် ဦးကောဝိဒ ပြောပြပုံအတိုင်းသာ သန့်သန့် ဖော်ပြလိုက်ပါသည်။ ဤမျှသာ မကသေး သာသနာပြုရာ၌ အောင်မြင်ခဲ့သည်များကိုလည်း ဆက်လက် အမိန့်ရှိတော်မူပါသေးသည်။ ဗုဒ္ဓဘာသာ တရားတော်များကို ဟောပြောယင်း နာဂယဉ်ကျေးမှု ပိုမိုကောင်းမွန်အောင်လည်း ဆောင်ရွက်ခဲ့ပါတယ်။

တပည့်တော်ဟာ ဒီလို နာဂတို့ကို သာသနာပြုပေးယင်း သူတို့ဘာသာစကားများကိုလဲ တဖက်က ဂရုတစိုက် လေ့လာဆည်းပူးခဲ့ပါသေးတယ်။ အခုဆိုယင်—

၁။ လိုင်းနောင် နာဂဘာသာစကား၊

၂။ နောက်အော် နာဂဘာသာစကား၊

၃။ ပုံညို နာဂဘာသာစကား၊

၄။ ဆော်လော် နာဂဘာသာစကား၊

ဒီလေးဘာသာ စကားတွေကို အတော် ပြောတတ်၊ ဟောတတ်နေပါပြီ။ နာဂတောင်တန်းမှာ သာသနာပြုနေတာလဲ ၁၅-နှစ်တောင် ကြာလာပါပြီ။ ဒီလောက် ကြာလာတော့လဲ သူတို့က တပည့်တော်ကို ဗမာဘုန်းကြီးလို့တောင် မထင်ကြတော့ဘူး။ နာဂအမျိုးသား ဘုန်းကြီးလို့ပဲ ထင်နေကြတော့တယ်။ နောက်ပေါက် နာဂကလေးတွေကဆိုယင် တပည့်တော် စားပုံ၊ သောက်ပုံ၊ နေပုံ၊ ထိုင်ပုံ၊ ပြောဆိုပုံတွေကို ကြည့်ပြီး

ဗမာဘုန်းကြီးပါလို့ ပြောလို့တောင် မယုံကြကော့ဘူး။ ဒီလို အားထုတ်ကြိုးစားပြီး ဒီလောက်တောင်ကြာအောင် သာသနာပြုခဲ့လို့လဲ အခုဆိုယင် နာဂ (၁၇)ဆယ့် ခုနစ်ရွာကိုပင် ဗုဒ္ဓဘာသာဝင်တွေ ဖြစ်အောင် သိမ်းသွင်းနိုင်ခဲ့ပါပြီ။

## မလုံကြို မမစ်ထရံနှင့် မောင်ချင်းကို့

ရန်ကုန် ဒေါ်ဉာဏစာရီ ကျောင်းတိုက်မှာ နာဂ သီလရှင် ၂-ပါးကို စာသင်ရန် ပို့ထားပါတယ်။ တယောက်က ၁၂-နှစ်အရွယ်။ တယောက်က ၁၃-နှစ်အရွယ်။ ရန်ကုန်မှာ ၂-နှစ်ကျော်ကျော် ကြာသွားကြပြီး ဖြစ်လို့ အဘိဓမ္မာ စာမေးပွဲကိုတောင် ဝင်ရောက်ဖြေဆိုနိုင်ကြပါပြီ။

အငယ်သီလရှင်က ပရမတ္ထသံခိပ် ၅-ပိုင်းကို ဖြေဆိုအောင်မြင်လို့ အောင်လက်မှတ်တောင် ရပြီးပါပြီ။ ပရိတ်ကြီး ၁၁-သုတ်၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်ဖွင့် ပါဠိအနက် များကိုလဲ ရရှိနေပါပြီ။

အကြီးမ့ကလဲ ပရိတ် ၁၁-သုတ်နှင့် ဂုဏ်တော်ဖွင့်တွေကို ရနေပါပြီ။

အကြီးမ့က နာဂအမည် (မလုံကြို) မြန်မာအမည် (မကျင်မြ) သီလရှင်ဘွဲ့မည်(မဝဏ္ဏဝတီ)တဲ့။ အငယ်မ့က နာဂအမည် (မမစ်ထရံ) မြန်မာအမည် (မအုန်းကြွယ်)သီလရှင်ဘွဲ့မည် (မတိက္ခပတီ)တဲ့။ ဒီလို နာမည် မှည့်ထားကြတယ်။

နောက်ပြီးတော့ မန္တလေး မဟာနန္ဒီသေန ကျောင်းတိုက်မှာလဲ နာဂကိုရင် တပါး ပို့ထားပါတယ်။ နာဂအမည် (မောင်ချင်းကို့) ရှင်မည်/ရှင်နာဂဓမ္မ)တဲ့။ သူတို့တွေဟာ သာသနာအတွက် ကျေးဇူးများ ပြုလိမ့်မယ်လို့ မျှော်လင့်ရတာပဲ။

## အမြစ်စွဲအောင်လိုပဲ

အရှင်မဟာ မဟိန္ဒမထေရ်မြတ်ကြီးနဲ့ ဒေဝါနံ ပိယတိဿ မင်းမြတ်တို့ မေးမြန်းဖြေဆိုကြတဲ့ သမိုင်းရှိပါတယ်။

"အရှင်ဘုရား၊ ယခု မဇ္ဈိမဒေသမြေကြီးများလဲ ရောက်ရှိနေပါပြီ။ တရားလဲ ဟောကြားကြ၊ ဟောတဲ့တရားကိုလဲ နာယူကြပါပြီ။ တရားသိတဲ့ ပုဂ္ဂိုလ်များလဲရှိလာကြပါပြီ။ ရဟန်းပြုသော ပုဂ္ဂိုလ်များလဲ ရှိကြပါပြီ။ စေတီတော်လဲ တည်ပြီးပါပြီ။ ဗောဓိပင်လဲ စိုက်ပျိုးပြီးပါပြီ။ သီဟိုဠ်ကျွန်းမှာ ဗုဒ္ဓမြတ်စွာ သာသနာတော် တည်ပါပြီလားဘုရား"

"ဗုဒ္ဓမြတ်စွာ သာသနာတော် တည်တော့ တည်ပါပြီ မင်းကြီး။ သို့သော်-အမြစ်တော့ မစွဲသေးဘူး"

"ဘယ်လိုမှ အမြစ်စွဲပါသလဲဘုရား"

"သီဟိုဠ်ကျွန်းသားဖြစ်တဲ့ ရဟန်းတော်များက သီဟိုဠ်ကျွန်းမှာပဲ ဝိနည်းတရားသင်ပြီး၊ သီဟိုဠ်ကျွန်းသား ရဟန်းတော်များကို ဝိနည်းတရားပို့ချပေးမှသာ အမြစ်စွဲမည် မင်းကြီး"

အရှင် မဟာ မဟိန္ဒမထေရ်မြတ်နှင့် ဒေဝါနံပိယတိဿ မင်းကြီးတို့ အချင်းချင်း သီဟိုဠ်သာသနာရေး ဆွေးနွေးခဲ့ကြတဲ့ စကားတွေ ဖြစ်ပါတယ်။ အင်မတန် မှတ်သားနည်းယူစရာ ကောင်းတဲ့ ဆွေးနွေးချက်များပါပဲ။ ဒီဆွေးနွေးချက်အတိုင်း အခု မြန်မာပြည် မြေပြန့်မှာ ရောက်နေတဲ့ ရှင်နာဂဓမ္မတို့၊ မတိက္ခဝတီတို့၊ မဝဏ္ဏဝတီတို့လဲ နာဂ ဟောင်တန်းရဲ့ သာသနာ့အမြစ်ကလေးတွေ ဖြစ်လာလိမ့်မယ်လို့ ယူဆထားပါတယ်။

ဤသို့လျှင် ဆရာတော် ဦးကောဝိဒ က နာဂတောင်တန်း သာသနာပြုခဲ့ရာ အောင်မြင်ချက်များကို တသီးတတန်းကြီး မိန့်ကြားတော်မူပါသည်။

## ဆရာတော်ဦးကောဝိဒ

ဟတ္ထိ-နာဂ တောင်တန်း သာသနာပြု ဆရာတော် ဦးကောဝိဒမှာ ပျော်ဘွယ်မြို့နယ် မအူတောရွာ ခမည်းတော် ဦးသာဆင့်-မယ်တော် ဒေါ်ပန်းချိုတို့မှ ဖွားမြင်ခဲ့သော သားရဟန်း ဖြစ်ပါသည်။

၁၂-နှစ်သား အရွယ်၌ မအူတောရွာကျောင်း ဆရာတော်ထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။ မနုရင်းကျောင်း၌ ၆-နှစ်ပတ်လုံး အခြေခံကျမ်းဂန်များကို သင်ကြားပြီးနောက် ပျော်ဘွယ်မြို့ ရွှေပြည်သာ ကမ္မဋ္ဌာန်းကျောင်း၌ ကမ္မဋ္ဌာန်း တရားများကို အားထုတ်

တော်မူ၏။ ရွှေပြည်သာဘွဲ့ ၃-လမျှ ဟရားအားကုတ်ပြီးနောက် ညောင်လွန်တောရကျောင်းသို့ ပြန့်ကြွပြီးလျှင် ပါဠိတော် အဋ္ဌကထာ-ဋီကာ ကျမ်းဂန်များကို သင်ကြားအားယုတ်တော် မူခဲ့လေသည်။

တဖန် ပန္တလေးမြို့ မကိုးရိပ်ကျောင်းတိုက်သို့ ပြောင်းရွှေ့၍ ပါဠိ အဋ္ဌကထာ ဋီကာများကို ထပ်မံလေ့လာ သင်ယူတော်မူပြန်ပါသည်။ ထိုတိုက်၌ ပရိယတ္တိစာပေများကို သင်ကြားအားယုတ်နေတော်မူစဉ် ဆဋ္ဌ သံဂါယနာပွဲ ကြီးကြီးကျယ်ကျယ် ကျင်းပရာ ယင်းပွဲ၌ ပါဠိ ဘာသာ- ပါဠိ ဝိသောဓက အဖြစ် ဆောင်ရွက်တော်မူရ၏။ ဆဋ္ဌသံဂါယနာ ကိစ္စပြီးသောအခါ တောင်ဟန်း သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော် မူလေတော့သည်။

ရှေ့ဦးစွာ ချင်းတောင် ဟန်ပယ်ဟပ်မြို့ ရဲ့ပုံသာသနာပြုကျောင်း၌ သီတင်းသုံးလျက် ၃ နှစ်မျှ သာသနာပြု ကိစ္စကို ဆောင်ရွက်တော်မူလေသည်။ ထိုအခါ မယ်တော်ကြီး ကွယ်လွန်အနိစ္စ ရောက်သောကြောင့် အဖွဲ့ချုပ်၌ ခွင့်ယူ၍ ဇာတိရွာသို့ ပြန်ကြွလာ မယ်တော်ကြီး၏ ဈာပနကိစ္စကို ဆောင်ရွက်တော်မူရ၏။

ဆောင်ရွက်ပြီးနောက်၌ အဖွဲ့ချုပ်က ဆရာတော် ဦးဟောဝိဒအား ယခု သီတင်းသုံးလျက် ရှိသော ဟပ်ပင်းမြို့ နာဂတောင်တန်း ဟတ္တိ သာသနာပြုကျောင်းသို့ ကြွရောက်၍ သာသနာပြုမှန် တာဝန် ချထားသည့်အလျောက် ယခုပင်လျှင် ဤဒေသ၌ သာသနာပြု ကိစ္စကို ဆောင်ရွက်တော်မူလျက် ရှိပေသည်။

မှတ်ချက်။ ။ (ဆရာတော်ဦးဟောဝိဒ၏ အတ္ထုပ္ပတ္တိကို ဆရာတော်အား မေးလျှောက်ရန် အခွင့်အချိန် မရသောကြောင့် ဤမျှသော ဆရာတော်၏ အတ္ထုပ္ပတ္တိကို လူယဦးဟု ပြုစုသော 'နာဂတောင်တန်း တစေ့တစောင်း' မှ ယုတ်နုတ်ဖော်ပြလိုက်ရပါသည်)။

ဂုဏ်ပြုပြန်မှာ ပျစ်လုံးဘွဲ့ ကဗျာ

* ဦးဟောဝိဒ သာသနာ့ဇာနည်၊
တောင်တန်းနာဂ မွေမြိုက်ရည်။
တိုက်ကျေးလိုဟု လှမ်းကြွခဲ့သည်၊
သာသနာရေး အားပေးကြာအရှည်။

# ၁၁။ ခမ္မတီးအကြောင်း

ဆရာတော် ဦးကောဝိဒ က နာဂတောင်တန်း သာသနာပြု အတွေ့အကြုံများကို ပြောပြရာ၌ နားထောင်နေသူမှာ အချိန်ကုန်၍ ကုန်မှန်းမသိ။ နားထောင်၍ ကောင်းလှသည်။ စိတ်ဝင်စားဖွယ်ရာ အများအပြားကို မှတ်သားနိုင်သမျှ မှတ်သားနေရာ ည ၇-နာရီ အချိန်သို့ပင် ရောက်သွားပေတော့။

ည ၇-နာရီ၌ တရားနာ ပရိသတ်တို့က အသင့် ရောက်နေကြကုန်ပြီ။ ဦးခင်မောင်နှင့် ဦးညိုပုကို တရားနာ ပရိသတ်အား ဧည့်ခံတွေ့ဆုံးတင်စကားပင် ပြောကြီးနေပေပြီ။

တရားပလ္လင်သို့ တက်ရောက်ဟောကြားရန် အချိန် ရောက်နေရကား ထိုညတရားပွဲ၌ စာရေးသူက "ဒါနလောကုတ္တရာ နှင့် မဟာသတိပဋ္ဌာန် တရားဟော" ဟူ၍ တက်ရောက်ဟောကြား လိုက်ရပေသည်။ ဆရာတော် ဦးသိပ္ပက "မဟာသတိပဋ္ဌာန် အလုပ်ပေး တရား ဟောကြား" ကို ဟောကြားတော်မူ၏။ ယနေ့ညဟောပွဲ၌ တရား ပရိသတ်မှာ တောင်နီးပါးရှိရာ ဟောပြောရသည်မှာ အားရှိလှသည်။

### ခမ္မတီး

၁၃၃၂–ခု တန်ဆောင်မုန်းလဆန်း ၇-ရက်။ ဥပါရောဟော အဖွဲ့သားများ ယနေ့

ခမ္မတီးမှ ထွက်ခွါကြတော့မည် ထွက်ခွါရန် ပြင်ကြဆင်ကြ နှုတ်ဆက်ကြ ရှိနေကြစဉ် စာရေးသူက သူ့ပါးအလျင် ပြီးအောင် ပြင်ဆင်ပြီးနောက် သင်္ဘောမဆင်းမီ ခမ္မတီး အကြောင်းကို အမှုထမ်း အရာထမ်းများနှင့် စကားပြောည်း ပြောယင်း သိလိုတာလေးများကို မေးမြန်းရသေးသည်။ သူတို့ကလည်း မေးမြန်းသမျှပြောကြသဖြင့် သူတို့ကို မကျေးဇူးတင်မိသည်။

"ခမ္ဘတီး" ဆိုတာ ရှမ်းစကားပါ။ ခမ်း ဆိုတာ ဗမာလို ရွှေ၊ တီး ဆိုတာ ဗမာလို မြေ၊ ခမ္ဘတီး= "ရွှေမြေ"လို့ ဆိုလိုပါတယ်။ ရွှေထွက်တဲ့ မြေဖြစ်လို့ပါပဲ။

ရှမ်းပြည်ကြီးမှ ရှမ်းအမျိုးသားတွေ ရောက်လာပြီး ဒီဌာနမှာ နေကြပါတယ်။ ဒီ "ရွှေမြေ" ခမ္ဘတီးကို လာနေကြတဲ့ ရှမ်းများကိုလဲ နေရာဌာနကို အစွဲပြုပြီး "ခမ္ဘတီးရှမ်း"လို့ ခေါ်ကြတာပါပဲ။

အမှန်က "ခမ္ဘတီး" ပါ။ ခန္တီးလို့ ပြောကြတာ ရေးကြတာကတော့ မှသံ ပျောက်ပြီး မပြီမသ ဖြစ်နေကြပါတယ်။

## ဇင်းကလိုင်း

ဒီခမ္ဘတီး ရှမ်းဒေသကို ပထမဆုံးရောက်လာကြတဲ့ နာဂတွေကတော့ ခမ္ဘတီးကို "ဇင်းကလိုင်း" လို့ အသိအမှတ်ပြု ခေါ်ဝေါ်ကြပါတယ်။ နာဂလို "ဇင်း" ဆိုတာက မြန်မာလို (ထင်းစိုပင်) သို့မဟုတ် (မိုးမခပင်) "ကလိုင်း" ဆိုတာက မြန်မာလို (လိမ်ညာတာ) "ဇင်းကလိုင်း" (ထင်းစိုပင်လိမ်) သို့မဟုတ် (မိုးမခပင်လိမ်) လို့ ဆိုပါတယ်။

ဒီ "ဇင်းကလိုင်း" ဆိုတဲ့ အမည်ကို အကြောင်းမဲ့ မှည့်ခေါ်ကြတာ မဟုတ်ပါဘူး။ သူ့ရဲ့ အကြောင်းဗျူပွတ် ရှိပါတယ်။ ကျောပိုး ခြင်းတောင်းနဲ့ ဓားတချောင်းကို ဆောင်လေ့ရှိကြတဲ့ နာဂ အမျိုးသားတွေဟာ ဒီခမ္ဘတီး ဒေသကို ထင်းခုတ်ရန် ရောက်လာကြဘူးသတဲ့။

သူတို့ရောက်လာတုန်းက အချိန်က နွေရာသီနဲ့ တူပါတယ်။ မိုးမခပင်တွေ အရွက်မရှိတဲ့ အချိန်တဲ့။ အရွက်မရှိတဲ့ မိုးမခပင်တွေဟာ အခြောက်တွေလို ဖြစ်နေပါတယ်။ "ဟော့— ဟောဒီမှာ ထင်းခြောက်တွေ တွေ့ပြီဟေ့" ဆိုပြီး မိုးမခပင်တွေကို ဓားနဲ့ ခုတ်ဖြတ်ကြတယ်။ သူတို့ထင်သလို အခြောက်မဟုတ်ပဲ အစိုတွေ ဖြစ်နေတယ်။

ဒီတော့ "အခြောက်ဟန်ဆောင်ပြီး ဒို့ကို လိမ်တယ်၊ ညာတယ်၊ မကောင်းဘူး" ဆိုပြီး မခုတ်ကြတော့ဘူးတဲ့။ ဒီနေရာ ဒီဒေသမှာရှိတဲ့ မိုးမခပင်တွေက သူတို့ကို လိမ်တယ်၊ ညာတယ်ပေါ့။ ဒါကြောင့် မိုးမခပင်ရှိတဲ့ ဒီဒေသကို နာဂလို "ဇင်းကလိုင်း"၊ မြန်မာလို "လိမ်ညာတဲ့ ထင်းစိုပင်" "မိုးမခပင်ဒေသ"လို့ ခေါ်လာကြတာ ဖြစ်တယ်။

မှတ်ချက်။ ။လူထုဦးလှ၏ နာဂတောင်တန်း တစေ့တစောင်း ကိုလည်း လေ့လာပါဦး။ ချင်းတွင်းသဘော်ာ လက်မှတ်၌မူ (ဇင်းကလင်း-ခန္တီး)ဟု ရေးထား၏။

## ခရိုင်မြို့ ဖြစ်လာတယ်

ခမ္ပတီးကို အယင်က စော်ဘွားများ ၁၂-ဆက်တိုင်တိုင် အုပ်ချုပ်လာခဲ့ပါတယ်။ နောက်ဆုံး အုပ်ချုပ်တဲ့စော်ဘွားကြီးက ဦးစောမြစိန်ပါတဲ့။ လူနေအိမ်ခြေတွေ တဖြည်းဖြည်း တိုးတိုးလာပြီး စည်းကားလာလို့ ၁၉၅၀-ခုနှစ်က စပြီး ခရိုင်မြို့ ဖြစ်လာခဲ့ပါတယ်။ မျက်မှောက် ခမ္ပတီးမြို့မှာ အိမ်ခြေ(လေးရာ)၄၀၀-ခန့် ရှိပါတယ်။ အိမ်ပူးအိမ်ကပ် အိမ်ထောင်စုတွေပါဆိုယင် ၆၀၀-ခြောက်ရာခန့် ရှိပါတယ်။ လူဦးရေကတော့ ၄၀၀၀-လေးထောင်ခန့် ရှိပါတယ်။ အခုဆိုယင် ခမ္ပတီးမှာ လူမျိုးစုံ နေထိုင်ကြပါတယ်။ ရှမ်း, နာဂ, ကချင်, ခေါင်ဆယ်ချင်း, တရုတ်, ကုလား, မြန်မာများ ဖြစ်ကြပါတယ်။

ဒီမှာနေကြတဲ့ နာဂ အမျိုးသားများကတော့ လေယာဉ်ကွင်းမှာ ကုန်တင်ကုန်ချ အလုပ်လုပ်ကြတာများပါတယ်။ ကျန်အမျိုးသားတွေကတော့ အရာထမ်း အမှုထမ်းနဲ့ အရောင်းအဝယ် ဥယျာဉ် လယ်ယာသမားတွေက များပါတယ်။

ကုန်စည်အနေနဲ့ကတော့ ထူးထူးခြားခြားထွက်တဲ့ ကုန်ရယ်လို့ များများစားစား မရှိပါဘူး။ ဆန်စပါး, ငှက်ပျော, လိမ္မော်, ငါးတွေ စည်းနဲ့နဲ့ပါးပါးပဲ။ ကျောက်စိမ်းတွင်းမှ ကျောက်စိမ်း နဲနဲလဲ ထွက်ပါသေးရဲ့။

## ခမ္ပတီးမြို့နယ်ရှိ ရွာများ

ခမ္ပတီးမြို့နယ်မှာ နာဂရွာပေါင်း ၅၂-ရွာ၊ ရှမ်းရွာပေါင်း ၁၅-ရွာ၊ ကချင်ရွာ ၄-ရွာ၊ ခေါင်ဆယ်ချင်းရွာ ၇-ရွာ၊ အားလုံး ၇၈-ရွာ ရှိပါတယ်။ မြောက်ဘက်အစွန်ဆုံးက ပဒူးမုန်းရွာ၊ တောင်ဘက် အစွန်ဆုံးကတော့ မှင်းစဉ်ရွာဖြစ်ပါတယ်။

## ခမ္ပတီးခရိုင်အတွင်း

နာဂတောင်တန်း ခမ္ပတီ ခရိုင်ဟာ စတုရန်းမိုင် ၁၃၇၃၉-ကျယ်ဝန်းတယ်။ လူဦးရေ ၁၇၇၃၀၀-ခန့်ရှိတယ်။ နာဂလူဦးရေ တသိန်းခန့်နှင့် နာဂလူမျိုးပေါင်း ၆၄-မျိုးခန့်ရှိတယ်။

ဥယုချောင်းရိုး တလျှောက်နဲ့ ချင်းတွင်းမြစ်တလျှောက် တောင်အောက်မှာ နေထိုင်ကြတဲ့ ရှမ်းလူဦးရေကတော့ ၇၀၀၀၀-ခုနစ်သောင်းခန့် ရှိတယ်။

နာဂအမျိုးသားများက အများအားဖြင့် တောင်ယာလုပ်ကြတယ်။ စပါး, ပြောင်းဖူး, လူး, ပိန်းဥ, မုရင်း, စတဲ့ သီးနှံမျိုးစုံကို စိုက်ပျိုးကြတယ်။

ခမ္ပတီးနှင့် ဟုန်းမလင်းကြားရှိ ထမန်သီ-မောင်းခမ်း-ကောယားစတဲ့ ဒေသများမှာ နေထိုင်ကြတဲ့ ခမ္ပတီး ရှမ်းမြန်မာများလဲ လယ်ယာနှင့် တောင်ယာလုပ်ကြသည့်အပြင် လက်ဖက်ပင်များကိုလဲ စိုက်ပျိုးကြတယ်။

ခမ္ပတီးမှာ ရှမ်းကြီးဘာသာစကားကို နားလည်သူ အတော်ရှားနေပါပြီ။ အများအားဖြင့် မြန်မာစကားနဲ့ ခမ္ပတီးရှမ်းစကားများကို ပြောဆိုနေကြပါတယ်။ အချို့ကတော့ လိုင်းခနောင် နာဂ စကားများကိုပါ ပြောဆိုနေကြပါပြီ။

ဤသည်တို့မှာ ခမ္ပတီးမြို့၏ အမှုထမ်း အရာထမ်းများထံ မေးမြန်းစုံစမ်းရာမှ ယင်းတို့ပြောသမျှကို ယင်းတို့ ပြောဟန်အတိုင်း နားထောင်မှတ်သားခဲ့ရသော ခမ္ပတီးအကြောင်း သိကောင်းစရာများပေတည်း။

## ခမ္ပတီး ရှမ်းရိုးရာ အမည်များ

ခမ္ပတီးရှမ်းတို့၏ ရိုးရာအမည်များကို ဤ၌ အလျဉ်းသင့်သဖြင့် အနည်းငယ် ဖော်ပြလိုပေသေးသည်။

မြန်မာလို ပထမသားကို ခမ္ပတီးရှမ်းလို အိုက်-ဟု ခေါ်သည်။ ဒုတိယသားကို ညီ၊ တတိယသားကို ဆမ်၊ စတုတ္ထသားကို ဆိုင်၊ ပထမ သမီးဦးကို ယေ၊ ဒုတိယသမီးကို အီ၊ တတိယသမီးကို အမ်၊ စတုတ္ထသမီးကို အိုင်၊ လို့ အသီးသီး ခေါ်ကြတယ်။ မြန်မာလို (မောင်) ကို ခမ္ပတီးရှမ်းလို

(စောန္တဲ) (မ-)ကိုတော့(စွဲ့-)တဲ့။ ဤသည်တို့မှာ အမည်၏ ရှေ့မှထည့်၍ ခေါ်ဝေါ်သုံးစွဲသော စကားလုံးများ ဖြစ်ကြသည်။

ဥပမာ မြန်မာလို 'မောင်မြတ်မွန်' ရှမ်းလို 'စောန္တဲမြတ်မွန်' မြန်မာလို 'မမြင့်မေ' ရှမ်းလို 'စွဲ့ မြင့်မေ' စသည် ခေါ်ဝေါ်ခြင်းဖြစ်သည်။

မြန်မာလို "သားဦး မောင်မြတ်မွန်" ရှမ်းလို "စောန္တဲအိုက်မြတ်မွန်" မြန်မာလို "သမီးဦး မမြင့်မေ" ရှမ်းလို "ယေစွဲ့မြင့်မေ" စသည် ခေါ်ဝေါ်ခြင်း ဖြစ်သည်။

ဤသည်တို့မှာ လုပ်သားသတင်းစာ (၂-၂-၇၁)၌ "ခမ္ဘတီးရှမ်း ဟူသည်မှာ" ခေါင်းစဉ်ဖြင့် ပါရှိသော ဆောင်းပါးမှ မှတ်သားထားသမျှကို ထည့်သွင်းဖော်ပြလိုက်ရခြင်း ဖြစ်သည်။

# ၁၂။ ခမ္ဘတီးမှ ထမန်သီသို့

၁၃၂၂-ခု၊ တန်ဆောင်မုန်းလဆန်း ၄-ရက်။ အချိန်မှာ နံနက် ၇-နာရီ ဖြစ်သည်။ ဆရာတော် ဦးကောဝိဒက ဆင်သေအထိလိုက်ပို့မည်။ ခမ္ဘတီး ဦးထွန်းမောင်က ထမန်သီအထိ လိုက်ပို့မည်။ သင်္ဘောပေါ်သို့ အားလုံးရောက်ကြပြီ။ 'ချမ်းစီ' သင်္ဘောသည် ခမ္ဘတီးမှ စောစော ထွက်ရမည်ဖြစ်လျက် အကြောင်းမညီညွတ်သောကြောင့် နံနက် ၇-နာရီမှ ထွက်ခဲ့ရလေသည်။

ရာသီဥတုမှာ ဝေမိုးလုံး မှုန်မှိုင်းအုံ့ဆိုင်းနေသည်။ နေရောင် မရှိသဖြင့် မိုးအုံ့မျက်မှန် တပ်စရာ မလိုပေ။ အရှေ့အနောက် တောင် မြောက် ပတ်ဝန်းကျင်တခုလုံး မှိုင်းနေသည်။ သာမောဖွယ်ကြီးပေတည်း။ မြစ်ရေကလည်း တသွင်သွင် စီးဆင်းလျက်ရှိ၏။

ချမ်းစီသင်္ဘောမှာ ခမ္ဘတီးဆိပ်ကမ်းမှခွါ၍ သင်္ဘောဘက်သို့ ဦးလှည့်ခုတ်မောင်း နေလေပြီ။ ထမန်သီရောက်ရန် ဟည့်နှောင်းခဲ့ပြီ ဖြစ်သော ဝရုဏ်ဟောအဖွဲ့က ယနေ့ ထမန်သီသို့ အချိန်မှီ မရောက်လျှင် ၂-ညနောက်ကျတော့မည် ဖြစ်သောကြောင့် အချိန်မှီရောက်လိုကြသည်။

## ဆင်သေဆိပ်ကမ်းမှာ ကြုံတွေ့ရပုံက

ချမ်းစီသင်္ဘောသည် ဆင်သေကမ်းသို့ နံနက် ၈-နာရီ၌ဆိုက်ကပ်၏။ အရေးကောင်း ဒိန်းဒေါင်းဖျက် ဆိုသလို အချိန်မှီ ရောက်ချင်သည် ဆိုကာမှ ဆင်သေဆိပ်ကမ်း၌ ဆားအိတ်ပေါင်း များစွာကို ချနေကြပြန်၏။

ဆားအိတ်တွေကို ချပြီးမှ သင်္ဘောထွက်မည်ကို သိရသောကြောင့် သင်္ဘောပေါ်မှဆင်း၍ ကမ်းပေါ်သို့တက်ခဲ့ကြသည်။ မနေ့က ဦးခင်မောင် ဖူးနာနေသောကြောင့် ဤဆင်သေသို့ မလိုက်နိုင်ခဲ့ပဲရှိရာ ယနေ့အချိန် ရနေသဖြင့် ဦးခင်မောင်အား ဗောဓိပင်စသည်ကို အချိန်ရသလောက်

လိုက်ပြရသည်။ ဆရာတော် ဦးသံဝရနှင့် ဦးညီပုတို့မှာ သင်္ဘောပေါ်၌ နေရစ်ခဲ့ကြသည်။ အတော်နှစ်ပင်အောင် သွားပြီးသော် သင်္ဘောသို့ ပြန်ခဲ့ကြလေသည်။ သင်္ဘော၌ ဆားအိတ်များချ၍ မပြီးသေး။ သင်္ဘောမှချ၍ ဆိပ်ကမ်းပေါ်ရှိ ဂိုဒေါင်ထဲသို့ သွင်းနေကြဆဲပင်။ ထို့ကြောင့် သင်္ဘောပေါ်အထိ မသွားကြသေးပဲ ကမ်းထိပ်မှထိုင်၍ ထမ်းပိုးနေကြသည်ကို ကြည့်နေကြသည်။

ထိုစဉ် ဆရာတော် ဦးသံဝရသည် သင်္ဘောမှဆင်း၍ မညီ မညွတ်မြင့်မားသော ကမ်းပါးစောက် အတိုင်း မချော်မကျအောင် အတော်သတိထားတက်လာသည်ကိုလည်း မြင်ရသည်။ သို့သော် နာဂအမျိုးသားတို့မှာကား အတက်အဆင်း အခက်အခဲရှိသော ထိုကမ်းပါးကို ဆားအိတ်များကို ပိုးလျက်ပင် ကျွမ်းကျွမ်းကျင်ကျင် အလွယ်တကူပင် တက်ဆင်းနေကြ၏။ တောင်တက်တောင်ဆင်း ကျွမ်းကျင်နေကြသော ခြေမတောက်ရှိနေသူတို့ ပေတကား။

## နာဂနှင့် ဆား

ထိုင်ကြည့်နေကြသူတို့၏ ကျောဘက်၌ သွပ်မိုးသွပ်ကာ ဆားဂိုဒေါင်ကြီးတလုံးရှိသည်။ ထိုဂိုဒေါင်ကြီး ဘေးအရိပ်၌ နာဂ အမျိုးသမီးအမျိုးသား များစွာတို့သည် ဆားဝယ်ရန် စောင့်ဆိုင်းနေကြလေသည်။

သူတို့အနီး၌ ကျောပိုးခြင်းတောင်းကြီးများ ချထားကြကာ စကားစမြည် ပြောနေကြသော်လည်း ဘာတွေ ပြောနေကြသည် ဟူ၍ကားမသိ။ ဘုရားရေး, တရားရေးဟော့ ဟုတ်မည်မထင်။ သူတို့ ပြောကြလျှင်သားရေးသမီးရေးနှင့် အိမ်နားနီးချင်း အရေးများသာ ဖြစ်ကြပေမည်။ ထိုစကားတို့တွင် ဆားအကြောင်းမဟော့အများဆုံး ပါဝင်မည်ကင်သည်။

နာဂအမျိုးသားတို့ အများဆုံးလိုလားသော ကုန်ပစ္စည်းမှာ ဆားဟု ဆို၏။ ဆား မရလျှင် သူတို့မပျော်နိုင်ကြောင်း သိရသည်။ ဆားကိုအဓိကထား၍ စားသုံးကြ ကြောင်းကို ဆရာတော် ဦးကောဝိဒ ထံမှကြားသိရသည်။ တောင်ယာထွက် ဟင်းသီးဟင်းရွက်များနှင့် သူတို့ချက်သော အသားဟင်းများ၌ မြေပြန့်မှာကဲ့သို့ ဆီမခပ်၊ ပုစွန်ခြောက်စသည် မခပ်ကြ။ ဆားကိုသာ အဓိကထား ခပ်ကြကြောင်း သိရလေ

သည်။ ထို့ကြောင့် တော်လှန်ရေးအစိုးရကလည်း နာဂတောင်တန်းသို့ ဆား မရောက်ရောက်အောင် ဂရုစိုက် ပို့ပေးနေသည် ဆို၏။ ထို့ပြင် ဤနယ်တံဝိုက်၌ နာဂအမျိုးသားအမျိုးသမီးများကို အစိုးရကသင်္ဘောခ မော်တော်ခ မယူစေပဲ အခွင့်ထူးပေးထားကြောင်းလည်း သိရသည်။

## နေ့ ၁၂-နာရီမှ ထွက်ခဲ့ကြရသည်

နံနက် ၁၀-နာရီထိုးသော်လည်း ဆားအိတ်များ ချမပြီးသေးသောကြောင့် သင်္ဘောက မထွက်သေး။ စားချိန် သောက်ချိန် ရောက်လာသောကြောင့် အချို့ခရီးသည်တို့က သင်္ဘောပေါ်၌ချက်စားကြ၊ အချို့က ဆိုင်မှာ ဝယ်စားကြ၏။ သင့်သလို စားသောက်ကြ ခြင်းတည်း။ တရားဟောအဖွဲ့လည်း သင်္ဘောပေါ်၌ပင် နေ့ဆွမ်းကိစ္စ ပြီးလိုက်ကြ၏။ ဆရာတော် ဦးကောဝိဒမှာ သင်္ဘော ထွက်အောင် စောင့်မနေနိုင်သောကြောင့် ဆင်သေမြို့တွင်းသို့ ကြွသွားတော်မူကြလေပြီ။ ဤသို့ဖြင့် ချမ်းစီသင်္ဘောသည် နေ့ ၁၂-နာရီမှပင် ဆင်သေမှ ထွက်ခွါနိုင်ခဲ့သည်။

ချင်းတွင်းမြစ်ကြီး တဘက်တချက်၌ ပန်းချီကားကြီးသဖွယ် ထူထဲသော သစ်တောများမှာ စိမ်းလျက်, စိုလျက်, ညို့လျက်, မှိုင်းလျက်၊ ချင်းတွင်းမြစ်မှာလည်း ကွေ့လျက်, ကောက်လျက်၊ ချမ်းစီ သင်္ဘောကလည်း ကွေ့ကောက် ကြည်လင်သော ချင်းတွင်းမြစ် ရေအလျဉ်၌ ကွေ့လိုက်ကောက်လိုက် မှန်မှန်ကြီး ခုတ်မောင်းလျက်သာတည်း။

## ချင်းတွင်းဆိပ်ကမ်း ခရီးစဉ်

သက်ဆိုင်ရာ စစ်ဆေးရေး အရာရှိတို့က ခရီးသည် တို့၏ ပစ္စည်းများကို စစ်ဆေးကြသည်။ သက်ာမကင်းသော အထုပ်များကို ဖြေကြည့်ကြသည်။ အားရလောက်အောင် ရှာဖွေစစ်ဆေးပြီးနောက် လက်မှတ်စစ်ကလာ၍ လက်မှတ်များကို စစ်ဆေးပြန်သည်။

"သင်္ဘောလက်မှတ်မှာပါတဲ့ ဆိပ်ကမ်းခရီးစဉ်တွေကို ကူးယူထားယင် ကောင်းမည် ဦးဣန္ဒကရေ့" ဤသို့ ဆရာတော် ဦးသံဝရ က သတိပေးသည်။ ထို့ကြောင့် ဆိပ်ကမ်း ခရီးစဉ်များကို လက်မှတ်၌ ပါသည့်အတိုင်း ကူးယူထားလိုက်၏။

"၁။ ဇင်ကလင်း-ခန္တီး၊ ၂။ ဆင်သေ၊ ၃။ စိန်နန်း၊ ၄။ ဟိန်စွန်း၊ ၅။ လင်းဖွား၊ ၆။ ကောက်တောင်း၊ ၇။ ကောင်းဟိန်၊ ၈။ ရပ်နား၊ ၉။ မင်းဆင်၊ ၁၀။ မလင်း၊ ၁၁။ ထမန်သီ၊ ၁၂။ စစ်နိုင်း၊ ၁၃။ မိုင်းဝယ်၊ ၁၄။ နောင်ပင်၊ ၁၅။ အုန်းဘက်၊ ၁၆။ မိုင်းတောင်၊ ၁၇။ တစုံး၊ ၁၈။ မောင်းခမ်း၊ ၁၉။ ဖားပုတ်၊ ၂၀။ ကောယား၊ ၂၁။ မှာလာ၊ ၂၂။ ထိန်လင်း၊ ၂၃။ ဟေနောင်၊ ၂၄။ ဟုမ္မလင်း၊ ၂၅။ နောင်ခမ်းကျင်၊ ၂၆။ တုံဟဲ၊ ၂၇။ နတ်စက်၊ ၂၈။ သောင်ထွန်၊ ၂၉။ မင်းရာ၊ ၃၀။ သရောင်း၊ ၃၁။ ဖောင်းပြင်၊ ၃၂။ ဟဲလှော်၊ ၃၃။ စစ်တောင်း၊ ၃၄။ ကယား၊ ၃၅။ အောက်တောင်း၊ ၃၆။ ဟဲနိန်၊ ၃၇။ အင်းပေါက်၊ ၃၈။ တံငါ၊ ၃၉။ ခဝဲ၊ ၄၀။ ယုဝ၊ ၄၁။ ပန်းသာ၊ ၄၂။ ကင်းတပ်၊ ၄၃။ မော်လိုက်၊ ၄၄။ ကြာအင်း၊ ၄၅။ ဖာတင်း၊ ၄၆။ မုစိန်၊ ၄၇။ ကလေးငေ၊ ၄၈။ ကြွေ၊ ၄၉။ ချောင်းဝ၊ ၅၀။ မင်းကင်း၊ ၅၁။ မောက်ကတော်၊ ၅၂။ ဘင်တော၊ ၅၃။ ကင်း၊ ၅၄။ အုမ္မ၊ ၅၅။ လက်ပံစု၊ ၅၆။ ဂနီ၊ ၅၇။ အိုင်တောင်၊ ၅၈။ ရွှေစာရေး၊ ၅၉။ အလုံ၊ ၆၀။ မုံရွာမြို့။"

## ရပ်နားကို အကြိုက်ဆုံး

"ဟောဒီ ခရီးစဉ်အမည်တွေထဲမှာ 'ရပ်နား' ဆိုတဲ့ ဒီအမည်ကလေးကို အကြိုက်ဆုံးပါပဲ" အမည်တွေကို ကူးယူပြီးလျှင် ဆရာတော် ဦးသံဝရက သူကြိုက်သောအမည်ကို ဖော်ထုတ်၍ ဆိုလေသည်။

"ရပ်နားကို ရောက်ပါလိမ့်အုံးမယ်၊ အဲဒီ ရောက်တော့မှ ဆင်းကြည့်ကြသေးတာပေါ့ဘုရား" စာရေးသူက ဤသို့ပင် ပြန်လျှောက်ထားယင်း ကူးယူပြီးသော ဆိပ်ကမ်းစဉ်ကို အိတ်ထည်းထည့်ထားလိုက်သည်။

"သည်လိုဆို ရပ်နားကြတော့ ဆင်းကြည့်လိုက်ရသေးတာပ" ဟု ဆရာတော် ဦးသံဝရ က ဆိုလေသည်။

ချမ်းစီသဘောမှာ တငြိမ့်ငြိမ့်ဖြင့် မှန်မှန် ခုတ်မောင်းလျက် ရှိသည်။ လိုက်ပါလာကြသော ခရီးသည်တို့ကား စာကြည့်သူကြည့်၊ အိပ်သူအိပ်၊ စကားပြောသူပြောလျက် လိုက်ပါလာကြ၏။

"ယနေ့ည ထမင်းဟင်း ရောက်ပါ့မလား"

"ရောက်အောင်း ရောက်ပါလိမ့်မယ်"

"ရောက်အောင် ခုတ်မောင်းပေးကြပါဗျာ"

ဒကာကြီး ဦးညီပုက သင်္ဘောအမှုထမ်းကဦးကို မေး၏။ အမှုထမ်းက ခပ်ပေါ့ပေါ့ပြန်ပြောရာ၌ ဒကာကြီးက အားလျော့သံဖြင့် သင်္ဘော အမှုထမ်းအား တိုက်တွန်းတောင်းပန်လေ၏။

ဒကာကြီး ဦးညီပုမှာ တရားဟောအဖွဲ့၏ တာဝန်ကိုင် ဖြစ်သည်။ တိုင်ပင်စီစဉ်ကြပြီးနောက် အစီအစဉ်အတိုင်း ဒကာကြီးက ဖြစ်မြောက် အောင် တာဝန်ယူကတိသူ ဖြစ်သည်။ အချိန်မှီ သင်္ဘောရောက်ဖို့ မရောက် ဖို့ကို ဒကာကြီးက မတတ်နိုင်။ သင်္ဘောအမှုထမ်းများကသာ တတ်နိုင် လေသည်။ ထို့ကြောင့် သင်္ဘောအမှုထမ်း အရာထမ်းအား စိတ်သက် မချမ်းမသာဖြင့် တောင်းပန်ရသည်။ ပချမ်းသာမည် ဆိုလျှင်လည်း မချမ်းသာစရာပင်။ စီစဉ်ထားပြီး တရားပွဲများစွာအတွက် အားလုံး အစီအစဉ်အတိုင်း မဖြစ်နိုင်ပဲဟုဆိုပေါ့ တာသိသာယာန်းကြီး ပြင်ဆင်ကြရပေ တော့မည်။ တရက်အတွက်ကား နောက်ကျပြီးလေပြီ။ နောက်တရက် ထပ်ပြီး နောက်ကျရဦးမည်ဆိုလျှင် သာ၍ စိတ်ပျက်ကြရပေဦးမည်။ တဖွဲ့လုံး စိတ်ပျက်ကြသည့်အထဲတွင် ဒကာကြီး ဦးညီပုကား တာဝန် အရှိဆုံးဖြစ်၍ အကဲဆုံး စိတ်ပျက်ရမည်မှာ သေချာလှပေသည်။

## ရပ်နားမှာ ရပ်နား

"နေဝင်ယင် တိမ်တောက် ပျိုကြောက်တဲ့ဒီအချိန်၊ မှိုင်းအုံ့လို့မှိုန်" ခပ်ရွယ်ရွယ် အမျိုးသမီးတဦးက အော်ဆိုလိုက်သော သီချင်းသံ အတို အစ ဖြစ်သည်။ အသံမှာ ကွဲအက်အက်ဖြစ်နေ၍ နားထောင်မကောင်း လှပေ။ အချိန်မှာ ညနေ ၆-နာရီ ရှိနေပြီ။ အသံမကောင်း၍ နားထောင် မကောင်းသော်လည်း အချိန်ကာလနှင့် အခြေအနေကို ကြည့်ဆိုလိုက် ဟန်ရှိ၍ အဓိပ္ပါယ် ပါလှသည်။ နေသည် ဝင်စဖြစ်သောကြောင့် တနေရာ၌ တိမ်တောက်နေသော်လည်း သင်္ဘောပတ်ဝန်းကျင်၌ မှုန်မှိုင်း အုံ့ဆိုင်းနေသည်။

ထိုအချိန်၌ ချမ်းစီသင်္ဘောသည် ဆိပ်ကမ်းတခုသို့ ဆိုက်ကပ်လိုက်တော့သည်။ ထိုဆိပ်ကမ်းကား တိုက်တိုက်ဆိုင်ဆိုင် ဆရာတော် ဦးသံဝရ အကြိုက်ဆုံးဆိုသော ရပ်နားဆိပ်ကမ်းတည်း။ စုံစမ်းကြည့်ရာ ယနေ့ည ရွှေဆက်မသွားတော့ပဲ ဤ"ရပ်နား"၌ သင်္ဘောရပ်နားတော့မည်ဟု သိကြရ၏။

"ဆရာတော် ဦးသံဝရဘုရား၊ အရှင်ဘုရားအကြိုက်ဆုံးဆိုတဲ့'ရပ်နား' မှာ သင်္ဘောရပ်နားနေပါပြီဘုရား" ရောက်လိုသော ထမန်းသီသို့ ရောက်တော့မည် မဟုတ်ကြောင်း စာရေးသူက လျှောက်ထားလိုက်သည်။ ဆရာတော် ဦးသံဝရမှာလည်း ထမန်းသီရောက်လိုသော အဖွဲ့ဝင် ဖြစ်နေရာ ဤသို့ သင်္ဘောရပ်နားနေသည်ကို အားလုံးကဲ့သို့ပင် ကျေနပ်လှမည် မဟုတ်ပါ။

"လာ—ကမ်းပေါ်တက်ကြည့်ကြရအောင်" ပေါက်ပေါ်နှုတ်ဖူး မထူးတော့ သည့်အနေနဲ့ ဆရာတော် ဦးသံဝရက ယနေ့ည ထမန်းသီမရောက်တော့မှာကို ညည်းညူမနေတော့ပဲ ရပ်နားကမ်းပေါ်ကိုပင် တက်ကြရအောင်ဟု ခေါ်ခေါ်ပြောပြော သဘောကျပုံရ၍ ကမ်းပေါ်သို့ တက်သွားလေတော့သည်။ စာရေးသူတို့လည်း အလျှိုလိုက်သွားရာ ကမ်းပေါ်အရောက်၌ ရပ်နားရွာသည် ဆိပ်ကမ်းနှင့် အနည်းငယ် ဝေးကွာနေကြောင်း သိကြရသည်။ ရပ်နားရွာတွင်းသို့ လျှောက်၍ဝင်သွားရန် အချိန်မရှိတော့ပေ။ သို့နှင့် သင်္ဘောသို့ ပြန်ခဲ့ကြရသည်။

### ချင်းတွင်းဘက်ကို ခရီးထွက်လျှင်

* ရပ်နားမှာ ရပ်နားလို့၊
အကြပ်သားခက်တယ်။

* ထမန်းသီ မမှီထွက်၊
ရက်ပျက်ပေါ့ကွယ်။

* ခရီးထွက် အာထက်နယ်၊
စက်လယ်ဖို့ ခက်သေး။

* သည်ထက်နယ် ချင်းတွင်းဘက်မှာ၊
နောင်ရက်ကို ကိန်းသေတွက်လို့၊
ချိန်းချက်နှင့်လေး....။ ။

ရပ်နား၌ ရပ်နားယင်း အချိန်ရသည်နှင့် အမှတ်တရဖြစ်အောင် ဤကဗျာလေးဆစ်ကလေးကို ရေးစပ်လိုက်ရသည်။

## ပညတ်သွားရာ ဓာတ်သက်ပါ

တန်ဆောင်မုန်းလဆန်း ၅-ရက်။ အချိန်မှာ ဆီးနှင်းရည်မော နံနက်စောစောအချိန်တည်း။ တညအိပ်ခဲ့ပြီးသော ရပ်နားမှ ယခု နံနက်စောစောထွက်ရမည့် ချမ်းစီသဘော်မှာ စောစောမထွက်နိုင်ပဲ ရှိရပြန်လေသည်။ ချင်းတွင်းမြစ်တလျှောက်လုံး ဆီးနှင်းတွေ ပိတ်ဆို့နေသည်။ ငါးထောင်ကွာလောက်ဆိုလျှင် လှမ်းကြည့်၍ မမြင်ရပေ။ ရပ်နား၌ အချိန်ပိုရပ်နား၍ နေရသေးသည်။ ရပ်နားဆိုသည့်အတိုင်း ရပ်နားနေရရာ "ပညတ်သွားရာ ဓာတ်သက်ပါ"ဆိုသလို ဖြစ်နေသည်။

မည်သူသည် မည်သို့တတ်နိုင်ပါမည်နည်း။ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်မရသည်မှာ ဤနေရာ၌ ထင်ရှားနေ၏။ တရားဟော အဖွဲ့သားတို့က ထမန်သီသို့ အချိန်မှီ ရောက်ချင်ကြသည်။ အခြားခရီးသည်တို့သည်လည်း တရားဟောအဖွဲ့သားများလို သူတို့ခရီးကို သူတို့ အချိန်မှီရောက်ချင်ကြပေမည်။ သို့သော် မည်သို့မျှ မတတ်နိုင်ကြ။ ဆရာတော်ဦးသံဝရကြိုက်လှပါသည်ဟုသော ရပ်နား၌ ရပ်နားနေကြရပေသည်တကား။

## မပူကြတော့ပါ

"ယမ္ပိစ္ဆံ န လဘတိ" ဒုက္ခသစ္စာကို ဟောတော်မူရာ၌ အပြည့်အစုံ ဟောလျှင် ဤဒေသနာတော် ပါရှိလာသည်ချည်းပင်။ အဓိပ္ပါယ်အချုပ်က "လိုတိုင်းမရနိုင်ဘူး"ဟု ဆိုလိုပါသည်။ လိုတိုင်းမရ၍ စိတ်ပျက်ပူပန်တတ်ကြရာ "တမ္ပိ ဒုက္ခံ"ဟု ဒုက္ခအထိ ဆက်ဟောတော်မူရပြန်ပါသည်။

တရားဟောအဖွဲ့သားတို့က ထမန်သီသို့ အချိန်မှီ မရောက်မည်ကို စောစောက ပူပန်မှုဒုက္ခ ဖြစ်လိုက်ကြသေး၏။ မိမိတို့ အလိုအတိုင်း မရမှန်း မဖြစ်မှန်း သတိပြု၍ သိမှုပေါ်လာသော ယခုအခါကျမှသာလျှင် "ပူပန်နေယင် ဖြစ်မှာလား"ဟူသော အသိကြောင့် မပူပန်ကြတော့ပေ။ ပူပန်မှုဒုက္ခမှာ ဘယ်လိုမှ မကာဘ်နိုင်မှန်း သိလာရာ၌ အလိုလို ငြိမ်းအေးသွားလေတော့သည်။

အလင်းရောက်၍ အရုဏ်ချဉ်းလာသည့်အခါ သဘော်ပေါ်၌ပင် ဩပုအပင်ကင်းစွာဖြင့် နံနက်ဆွမ်းကိစ္စ ပြီးလိုက်ကြသည်။ ဤအကြိမ် အရုဏ်ဆွမ်းသည်လည်း မုန့်နှင့် လက်ဖက်ရည်သာတည်း။ နံနက် နေအတော်မြင့်၍ ၇-နာရီအချိန်ရောက်မှပင် ဆီးနှင်းများ ကွဲသွားလေ၏။ သဘော်လည်း ထိုအချိန်၌ ရပ်နားဆိပ်ကမ်းမှ ထွက်ခွါနိုင်ခဲ့လေ၏။

# ၁၃။ ထမန်သီ

တန်ဆောင်မုန်းလဆန်း ၅-ရက်။ ထမန်သီဆိပ်ကမ်းသို့ သင်္ဘော ဆိုက်ကပ်သည့်အခါ အချိန်မှာ နံနက် ၉-နာရီနှင့် ၄၅-မိနစ် ရှိနေပြီ။ ကြိုဆိုသူတို့က တရားဟောအဖွဲ့ကို အဆင်သင့် စောင့်ကြိုလျက် ရှိကြ၏။ သင်္ဘောဆိုက်ကပ်လျှင် ဆိုက်ကပ်ချင်း သင်္ဘောပေါ်သို့ တက်လာကြသည်။ တက်လာကြသော ဥပါသကာတို့မှာ အင်္ကျီလက်ရှည်ကို ဝတ်ဆင်၍ မောင့်ကျက်သရေ ခေါင်းပေါင်းကို ပေါင်းထားကြသည်။

"တပည့်တော် ဦးတင်ပါတယ်ဘုရား" နှုတ်က အသီးသီး မြွက်ဆိုလျက် ရှိခိုးဦးတင်ကြသည်။ ဝမ်းပန်းတသာဖြင့် ပစ္စည်းများကို သင်္ဘောပေါ်မှ သယ်ယူပို့ချကြသည်။ တရားဟောအဖွဲ့ ကမ်းပေါ်သို့ ရောက်သည်နှင့် တပြိုင်နက်—

"သာသနာပြု ဆရာတော်များ သက်တော် ရာကျော် ရှည်ပါစေ၊ သာသနာပြုတော်မူနိုင်ကြပါစေ" သင်္ဘောပေါ်မတက်ပဲ ဆိပ်ကမ်းပေါ်မှ ကြိုဆိုနေသူတို့က ဆုတောင်းမေတ္တာ ပို့သကြသည်။ ရိုးရိုးတဲ့တဲ့ ဖြောင့်စင်းသော မေတ္တာဖွဲ့ပေတကား။ သူတို့လက်ဝယ် သပြေပန်းနှင့် ရေချမ်း ညောင်ရေအိုးများကို ကိုင်ထားကြသည်။ သူတို့ပို့သသော ဆုတောင်းမေတ္တာသည် တရားဟောအဖွဲ့၏ ကိုယ်အသီးသီးထဲသို့ စိမ့်ဝင်သွားသည်ဟု ထင်ရသည်။ လာရောက်ကြိုဆိုသူတို့၏ စိတ်အစဉ်သည် ဗုဒ္ဓမြတ်စွာ ဘာသာတော်၌ ဤသို့ပင် ညွတ်လျက်၊ ကိုင်းလျက်၊ ရှိုင်းလျက်၊ သာသနာပြုအဖွဲ့၏ စိတ်အစဉ်မှာလည်း ဗုဒ္ဓမြတ်စွာ သာသနာတော်၌ ထိုသူတို့နည်းတူ ညွတ်လျက်၊ ကိုင်းလျက်၊ ရှိုင်းလျက်ပင်၊ အချင်းချင်း ဆုံစည်းမိကြရာ၌ မေတ္တာသက်ဝင် ကြည်လင်ကြရသည်။ သောကကင်းဝေး အေးချမ်းကြရသည်။ ကိုယ်စိတ်ချမ်းသာ လန်းဖြာကြရသည်။ "ဗုဒ္ဓမြတ်စွာ သာသနာတော် အရိပ်အာဝါသ အောက်၌ ဤချမ်းသာမျိုးသည်ပင် ချမ်းသာလှပြီဖြစ်ရာ အစဉ်သဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်၍ ရကြ၊ ရောက်ကြရမည့် မဂ်-ဖိုလ်၊ နိဗ္ဗာန်ချမ်းသာ

မျိုးမှာမူ အဘယ်ဆိုဘွယ်ရာ ရှိချိမ့်မည်နည်း''ဟု ဆင်ခြင်စဉ်းစား နှလုံးထားမိလျက်သား ဖြစ်သွားသည်အထိ သဒ္ဓါတရားများ နိုးကြားလာတော့သည်။ ပီတိပန်းတို့ ပွင့်လန်း လာကုန်တော့သည်။ စေတနာစေတသိက်တို့ ယိုဖိတ်လာကုန်တော့သည်။

## တည်းခိုကျောင်းသို့အသွား

ဆိပ်ကမ်းမှတက်၍ တည်းခိုကျောင်းသို့ ပို့ကြသည်။ လမ်းညွှန် ဥပါသကာကြီးများနှင့်တတူ တရားဟောအဖွဲ့က ရှေကြွကြရသည်။ သပြေပန်းနှင့်ရေချမ်း ညောင်ရေအိုးကိုင် အမျိုးသမီးကြီးများနှင့် အမျိုးသမီးလတ် အမျိုးသမီးငယ်တို့က တသီတတန်းကြီး နောက်မှ လိုက်ပါလာကြသည်။ အတီးအမှုတ်လည်းမပါ၊ ကဗျာသံစာသံသည်း မဟစ်ကြွေး၊ ဓမ္မဂီတ တေးလည်းမဆို၊ ပကတိ ပင်ကိုယ်အတိုင်း ပို့ဆောင်ကြရာ ဆိတ်ဆိတ်ငြိမ်ငြိမ် သိမ်သိမ်မွေ့မွေ့ဖြင့် ကြည်နူးဖွယ် ကောင်းလှပေသည်။ ရိုသေလေးစားမှုလည်းမလျော့၊ ကိစ္စလည်းပေါ့၊ လူလည်းမပန်း၊ ခြေလှမ်းလည်းမပျက် အချက်ကျကျ ပူဇော်လည်း ရလှသည်။

## ဆရာတော်များကို ဖူးတွေ့ရသည်

ထမန်သီရှိ အိမ်ကြီး အိမ်ငယ်တို့ အကြား ဖြောင့်တန်းသော လမ်းအတိုင်း သွားကြရသည်။ အနည်းငယ်သွားမိသော် တည်းခိုကျောင်းသို့ ရောက်ကြသည်။ ကျောင်းသို့ ရောက်သောအခါ ရပ်မလွဲ၊ ရွာမလွဲ၊ ဗုဒ္ဓသာသနာဝင်တို့ မလွဲအပိုင်း တရားဟောအဖွဲ့ ဆရာတော်များကို ရှိခိုးကန်တော့ကြသည်။ တည်းခို ကျောင်းမှာ ကျောင်းဝိုင်းကြီးကလည်း ကျယ်ဝန်း၏။ ကျောင်းကြီးကလည်း ကြီးမား၏။ ကျောင်းကြီးမှာ အသက်တော်တော်ကြီးဟန်ရှိ၏။ အကြောင်းမှာ အိုးမင်း ဟောင်းနွမ်းနေသောကြောင့်ပင်။

ကျောင်းကြီးပေါ်၌ မံသဲရွာကျောင်း ဆရာတော် ဦးဇနိန္ဒ၊ ပင်းမရွာကျောင်း ဆရာတော် ဦးအာဒိစ္စ၊ နန်းသမ်ရွာကျောင်း ဆရာတော် ဦးကုသလ၊ ဤထမန်သီကျောင်းဆရာတော်ဦးဇယန္တတို့ကို ဖူးတွေ့ရသည်။ တခြားကျောင်းများမှ ဤထမန်သီကျောင်းသို့ လာရောက်ကြိုဆိုနေကြ

သော အဆိုပါ ဆရာတော်သုံးပါးတို့မှာ ပျားပွဲ ချိန်းရက်မှစ၍ မပြန်ကြပဲထမန်သိကျောင်း၌ ညအိပ်ဖောင့်နေတော်မူကြသည်ဟု ဆို၏။

## ကန်တော့ကြပုံနည်းတနည်း

ထမန်သိ ပရိသတ်ကြီးမှာ ကျောင်းလုံးပြည့်မျှ စည်ကားလှသည်။ အကန်တော့ခံသည့် အခါ မိမိတို့ ဓမ္မကထိက နှစ်ပါးက ပရိသတ်ရှေ့သို့ ထွက်၍အကန်တော့ခံကြရ၏။ နှစ်ပါးဖြစ်သောကြောင့် ကြီးငယ်စဉ်လိုက် နှစ်ကြိမ် ကန်တော့ကြ၍ နှစ်ကြိမ် ဆုပေးကြရသည်။ ဆရာတော်ဦးသံဝရ က ထေရ်ကြီးဖြစ်၍ အယင် ဆုပေးရ၏။ ကန်တော့ရမည့် သံဃာတော်က နှစ်ပါးဖြစ်လျှင် ဤအတိုင်း နှစ်ကြိမ် ကန်တော့၍ ကြီးစဉ် ငယ်လိုက် နှစ်ကြိမ် ဆုပေးကြရသည်။ သံဃာအများကို ကန်တော့ရမည် ဆိုလျှင် ပဌမအကြိမ် ကန်တော့ရာ၌ မထေရ်ကြီးက ဆုပေးပြီး၊ ဒုတိယအကြိမ်၌ ကျန်သံဃာတော်တို့က တပြိုင်နက်အတူတူ ဆုပေးကြရသည်ဟု သိရသည်။ ဤဒေသ၏ ဓလေ့ထုံးစံမှာ အကန်တော့ခံ နှစ်ပါးလည်း နှစ်ကြိမ်၊ ထိုထက်များလျှင်လည်း နှစ်ကြိမ်ပင် ကန်တော့ရိုး ထုံးစံရှိသည်ဟု ဆိုပေသည်။

## တဆယ့်ငါးမိနစ် အလုပ်ပေးတရား

နေ့ ၂-နာရီခွဲ၌ ဓမ္မကထိက ဆရာတော်များထံ လက်တွေ့အားထုတ်ကြည့်လိုသူတို့သည် ကျောင်းပေါ်သို့ ရောက်လာကြတော့သည်။ ထိုအားထုတ်လိုသော ယောဂီဒကာ ဒကာမတို့အား ၂-နာရီ မိနစ်၅၀-မှ ၃-နာရီ ၁၅-မိနစ် အထိ၊ ၂၅-မိနစ်ခန့်ကြာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်တရားကို စာရေးသူက ရှင်းလင်းဟောပြပေးရသည်။ ရှုမှတ်ပုံ ရှုမှတ်နည်းကို ညွှန်ပြပေးပြီးနောက် ၃-နာရီ ၁၅-မိနစ်မှ ၃-နာရီခွဲ အထိ ၁၅-မိနစ် အားထုတ်ကြသည်။

ဤ **အားထုတ်နည်း** အတိုင်း ညအိပ်ယာ ဝင်သော အချိန်၌ရှင်း၊ အိပ်ယာမှ ထသော အချိန်၌ရှင်း ဆက်လက် အားထုတ် ကြရန်နှင့် ဥပုသ်နေ့ စသည်တို့၌လည်း အားလပ်လျှင် အားလပ်သလို အားထုတ်ကြရန် တိုက်တွန်းနိုင်သည် ဆိုပါလျှင် နီးစပ်ရာကမ္မဋ္ဌာန်း ကျောင်း

ရိပ်သာသို့ သွား၍ တလတန်သည် နှစ်လတန်သည် စွမ်းအားရှိသမျှ အားထုတ်ကြရန်ကိုပါ တိုက်တွန်း လိုက်ရသေးသည်။

## ထမန်သိပဥ္စမည တရားပွဲ

အချိန်မှာ ည၇-နာရီအချိန်ဖြစ်၍ နေရောင်ကား ကင်းခဲ့ပြီ။ နေ့လုပ်သားတို့အတွက် နေရောင်ကင်း၍ အမှောင်ချဉ်းလျှင် အလုပ် အားလပ်သွားကြ၏။ စားဝတ်နေရေးအတွက် အလုပ်အားလပ်သွားကြခြင်းပင်။ သို့သော် နံနက်လင်းလျှင် ဆက်ရန် ရှိပေဦးမည်။ ဘဝရှိနေလျှင် စားဝတ်နေရေး ကလည်း မရှိလျှင် မဖြစ် ရှိရမည်သာ ဖြစ်၏။ ချမ်းသာကို လိုချင်ပါသည် ဆိုလျှင်မူ စားဝတ် နေရေး ကိစ္စလောက်နှင့် ပြီးနေ၍တော့ မဖြစ်ပါ။ စားဝတ်နေရေးထက် ပိုလွန်၍ ပြုလုပ် ဆောင်ရွက်စရာတွေ ရှိကြပါလိမ့်ဦးမည်။ စားဝတ် နေရေး ဆိုသည်ကား ဘဝတိုင်း၌ လုပ်ရိုးလုပ်စဉ်သာတည်း။ လုပ်ရိုး လုပ်စဉ်လောက်နှင့်သာ ပြီးနေကြမည်ဆိုလျှင်လည်း ဖြစ်ရိုးဖြစ်စဉ်ဘဝတွေက ဖြစ်နေကြဦးမည်သာ ဖြစ်၏။ ဖြစ်ရိုးဖြစ်စဉ် ဘဝတွေ ရှိနေလျှင် ဖြစ်ရိုးဖြစ်စဉ် ဒုက္ခတွေက အသင့်စောင့်နေကြမည်မှာ သေချာလှပါသည်။ ဤဖြစ်စဉ်ကို သတိရှိသူတို့က အဖိုးအခ မရသော စေတနာ့ ဝန်ထမ်း ကုသိုလ်အလုပ်တွေကို နေ့မအား ညမအား ပြုလုပ်အားထုတ်ကြရသည်။ ထို့ကြောင့် အချိန်ရတိုင်း အခွင့်သင့်တိုင်း စားဝတ်နေရေးအပြင် တရားဟောသူတို့က ဟောပြော၊ တရားနာသူတို့က နာကြား၊ တရားနာပြီးလျှင် ကျင့်သုံးသူတို့က ပဋိပတ္တိအကျင့်ကို ကျင့်ကြံ ကြိုးကုတ်အားထုတ်ကြရသည်။

ထမန်သီတရားပွဲစရန် အချိန်ကား ရောက်နေလေပြီ။ မိုးကလည်း တဖွဲဖွဲကျလျက် နေသည်။ အပူပိုင်းမှ လာခဲ့ကြရသော ယရားဟော အဖွဲ့မှာ သူတို့ ဒေသအလိုက် အေးရိုး အေးစဉ် အအေး ဓာတ်ကို အတော် ခံကာကွယ် နေကြရ၏။ ဒေသခံ ရှမ်း ဗမာ ပရိသတ်တို့မှာမူ ဤအအေးမျိုးကို ရိုးနေကြပြီ ဖြစ်သောကြောင့် ထူးကဲဟန်မရှိပဲ နှီးခမောက် ပြန့်ပြန့်ကြီးများကို ဆောင်းသူဆောင်း၊ ထီးများကို ဆောင်းသူ ဆောင်းလျက် တရားနာရန် ရောက်နေကြပြီ ဖြစ်သည်။ မိုးတဖွဲဖွဲ ရွာလျက်ရှိသော်လည်း တရားနာပရိသတ် များပြားလှသည်။ ကျောင်းကျယ်ကြီးနှင့် အပြည့်အလျှံပင်တည်း။

ထမန်သိ တရားပွဲ၌ ဒကာကြီး ဦးခင်မောင်က ပရိသတ်တို့အား မိတ်ဆက်စကား ပြောပြီးနောက် ဒကာကြီး ဦးညိုပုက သတိပဋ္ဌာန် ဝိပဿနာတရား ဟောပြောရခြင်းအကြောင်းကို ရှင်းပြသည်။ စာရေးသူက "သတ္တဝါနှင့် အချိန်ကာလ တရားတော်"ကို ဟောပြောသည်။ ဆရာတော် ဦးသံဝရက "မဟာသတိပဋ္ဌာန် ကြွေးကြော်သံတရားတော်" ကို ဟောကြားတော်မူသည်။

## အစီအစဉ် ရှိသော်လည်း မသေချာ

အချိန်ကိုင်၍ တနေရာတဌာနၣ် ၂-ညသာ အစီအစဉ် ပြုလုပ်ထားသော်လည်း လမ်းခရီး အခက်အခဲများကြောင့် အစီအစဉ်အတိုင်း ဖြစ်နိုင်ရန် ခဲယဉ်းလှသည်။ ခမ္ပတီးနှင့် ဤထမန်သိအကူး ခရီးကြန့်ကြာမှုကြောင့် ဤထမန်သိ၌ စီစဉ်ထားသောရက် ရွှေ့ရသည်။ ထို့ကြောင့် ဤထမန်သိ၌ တရားတညသာဟောရန် စိတ်ကူးထားကြ၏။ သို့သော်လည်း ဤစိတ်ကူးသည်ပင် မသေချာသေးပါ။ နက်ဖြန် သင်္ဘောလှည့်လျှင်လည်း ကြုံပါမှ၊ ကူးဟောရမည့် မောင်းခမ်းမှ မော်တော်အကြိုလျှင်လည်း ရောက်ပါမှ စိတ်ကူး အစီအစဉ်အတိုင်း ဖြစ်နိုင်ပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ အတီးကြည့် ကရသော အကကဲ့သို့ ခရီးကြည့်ပြီး ဖြစ်သလို စီစဉ်ကြရဖို့သာ ရှိလေသည်။ ဤလို အလိုဆန္ဒအတိုင်း မဖြစ်သည်တို့ကား ဒုနှင့်ဒေး၊ အတိုင်းမသိ၊ လက်ချိုးရေတွက်၍ မပြနိုင်၊ များပြားလှသည်သာတည်း။

## ကန်တော့ခန်း

တန်ဆောင်မုန်းလဆန်း ၆-ရက်။ ထမန်သိ၌ တညပြီး၍ တနံနက်သို့ ရောက်ခဲ့ရပြန်ပါသည်။ နံနက် အရုဏ်ဆွမ်းပြီးသည့်အခါ လက်ဖက်ရည်ဝိုင်းအလှည့်သို့ ရောက်နေရာ ဆရာတော် ဦးသံဝရနှင့် ထမန်သိ ဆရာတော်တို့ စကားလက်ဆုံ ကျနေကြစဉ်ကဲ့သို့ ဒကာကြီး ဦးညိုပုနှင့် ဦးခင်မောင်တို့ကလည်း ထမန်သိလူကြီးတစုနှင့် အလ္လာပ သလ္လာပစကား စမြည်ပြောယင်း သာသနာ့ရိပ်သာ ဖြစ်မြောက်ရေး အတွက်ပါ ဆွေးနွေးနေကြသည်။

မိုးနှောင်းကာလရာသီသို့ ရောက်နေပြီ ဖြစ်သောကြောင့် မိုးနှင့် ဆီနှင်း အချင်းချင်း သူ့ဘက်ငါ့ဘက် လုနေဟန်ဖြင့် မိုးဖွဲရော ဆီးနှင်းပါ အပြိုင်ကျလျက် ရှိနေလေသည်။ လေကလည်း တချက်တချက် ဝေ့လျက်ရှိရာ အတူပါလာသော အအေးဓာတ်ကြောင့် စိမ့်ကနဲ စိမ့်ကနဲ ဖြစ်သွား၏။ သို့သော် မခံနိုင်လောက်အောင်အေးသော အညာဆောင်းအေးမျိုး မဟုတ်သဖြင့် မီးလှုံရန်ပင်မလို။ စကားစမြည် အပြောမပျက်ပါ။ စကားကို စိတ်ဝင်စားနေရာ တခါတခါ အေးမှန်းပင် မသိလိုက်ပေ။ စာရေးသူမှာ ထမန်သီ ဒကာစုနှင့် စကားလက်ဆုံကျလျက်ရှိ၏။ ဦးစုမှာ ထမန်သီကျောင်းဒကာ (ကန်တော့ခန်းနှိုးဆော်သူ) ဖြစ်သောကြောင့် သူ့ဆီမှ လိုချင်စရာ ရှိတာကလေးများကို တောင်းခံနေရသည်။ လိုချင်သည်ကတော့ ဦးစု ကန်တော့ခန်းနှိုးဆော်ပုံနှင့် ပန်းကပ် ရေကပ်ပုံတို့ပင် ဖြစ်သည်။ ဤအလုံးစုံကို ကျောင်းဒကာ ဦးစုက ရွေ့ကရွတ်ဆိုပြ၏။ စာရေးသူက နောက်ကလိုက်၍ မှတ်စုစာအုပ်၌ ရေးမှတ်သွင်းယူလိုက်သည်။

## ဘုရားပူဇော်ကြရန် နှိုးဆော်ပုံ

"ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ-ဟု ခြောက်ဝ ဘုန်းရောင် ဝင်းဝင်းပြောင်လျက်၊ အခေါင်ဘဝဂ်၊ လွှမ်းကျော်တက်သား၊ သမ္ဗုဒ္ဓသခင်၊ ဘုရားရှင်ကို (ဥဒကေ) သောက်တော်ရေချမ်း၊ (ပုပ္ဖံ မာလာယ) ပန်းပေါက်ပေါက် (ဒီပံ) ဖယောင်းတိုင် မီးလျှံတို့ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်ကြပါဦးစို့ဗျို့။"

## ထို့နောက် အားလုံး ပူဇော်ကြပုံ

"ဣဿရိယ၊ ဓမ္မ၊ ယသ၊ သီရိ၊ ကာမ၊ ပယတ္တ-ဟု ခြောက်ဝ ဘုန်းရောင်၊ ဝင်းဝင်းပြောင်လျက်၊ အခေါင်ဘဝဂ်၊ လွှမ်းကျော်တက်သား၊ သမ္ဗုဒ္ဓသခင်၊ ဘုရားရှင်ကို (ဥဒကေ) သောက်တော် ရေချမ်း၊ (ပုပ္ဖံ မာလာယ) ပန်းပေါက်ပေါက် (ဒီပံ) ဖယောင်းတိုင် မီးလျှံတို့ဖြင့် (ဒေမ) ဆက်ကပ်လှူဒါန်းပူဇော်ပါ၏။ ဆက်ကပ်လှူဒါန်း ပူဇော်ရသော အကျိုးအားကြောင့် မကောင်းအပါယ်၊ ဝဋ်ဒုက္ခဆင်းရဲ၊ ငရဲမီးအပေါင်း

တို့မှ ကင်းလွတ်ပြီ· ဖေါ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကြီးကို ရရ ရောက်ရ ပိုင်နိုင်ရပါလို၏ အရှင်ဘုရား"

**ထို့နောက် ဘုရားကို လက်အုပ်ချီမိုး ရှိခိုးရန် နှုံးဆော်ပုံ**

"လူနတ်ဦးခိုက်၊ ပူဇော်ထိုက်၍၊ သောင်းထိုက်ရပ်ငူ၊ ဝေနေယျဗိုလ် လူဝယ်၊ တဆူဘည်းပေါ်ထွန်း၍၊ နေဝန်းကြီးသဖွယ်၊ ဖြစ်တော်မူသော၊ ရှင်စောမြတ်စွာ၊ စိန္တေယျာကို၊ လက်အုပ်ရိုကျိုး၊ ထိပ်ဝယ်မိုး၍၊ ရှိခိုး ကန်တော့ကြပါဦးစို့ဗျို့"

**ထို့နောက် အားလုံး လက်အုပ်မိုး ရှိခိုးကြပုံ**

"သြကာသ-သြကာသ-သြကာသ (ပူဇော်ကန်တော့)ကိုယ်စားတော် ကိုယ်ပွါးတော်မြတ်ကို၊ လက်အုပ်ချီမိုး၊ ရှိခိုးကန်တော့ပါ၏ ဘုရား"

**ထို့နောက် တရားပူဇော်ရန် နှုံးဆော်ပုံ**

"သံဝဋ္ဋမီး၊ ထိန့်ထိန်ညီးသို့၊ ပူမီးဝေဖြာ။ ကိလေသာတို့၊ ကောင်းစွာ ငြိမ်းသတ်၊ အအေးခတ်ဖြင့်၊ ဆောင်ပို့တော်မူတတ်သော တရားတော် မြတ်ကို အဥ္စလီမျိုး၊ လက်အုပ်မိုး၍ ရှိခိုးကန်တော့ကြပါဦးစို့ဗျို့"

**ထို့နောက် အားလုံး တရားပူဇော်ကြပုံ**

"သြကာသ-သြကာသ-သြကာသ၊ ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံ၊ ဓမ္မက္ခန္ဓာပေစာအပေါင်းကို လက်အုပ်ရိုကျိုး၊ ထိပ်ဝယ်မိုး၍၊ ရှိခိုးကန် တော့ပါ၏ အရှင်ဘုရား"

**ထို့နောက် သံဃာကန်တော့ရန် နှုံးဆော်ပုံ**

"စတုပါရိ၊ သုဒ္ဓိလေးဝ၊ ကျင့်သီလနှင့်၊ ရှိသမျှပြည့်စုံ၊ တန်ခိုးဂုဏ် နှင့်၊ ဘုံဘဝတိုင်၊ မွေးပျိုလှိုင်သော မြတ်ဘုရား၏ သားတော်အစစ်၊ ဖြစ်ကြီးဖြစ်သည့်။ အရိယာနွယ်ဝင်၊ သံဃာတော် အရှင်မြတ်အား၊ ရည် မှတ်သား၍၊ ယခုရှိသည့်၊ သမ္မုတိနွယ်လာ၊ ထေရ်သံဃာကို၊ ကြည်စွာ မြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ကြဦးစို့ဗျို့"

## ထို့နောက် အားလုံး သံဃာကန်တော့ကြပုံ

"သြကာသ-သြကာသ-သြကာသ၊ ပူဇော်ကန်တော့၊ ဆရာတော် သံဃာတော်မြတ်ကို၊ လက်ဆယ်ချောင်းဖြင့် ကန်တော့ပါ၏။ ကန်တော့ရသော အကျိုးအားကြောင့် အပြစ်ခပ်သိမ်း ကင်းပျောက်၍ ကောင်းကျိုးခပ်သိမ်းရရ၊ ရောက်ရ၊ ရပိုင်နိုင်ပါလို၏ အရှင်ဘုရား"

## ထို့နောက် ဒကာက သီလတောင်းပုံ

"သြကာသ-သြကာသ-သြကာသ၊ ဘန္တေ၊ တရားသိမြင် အရှင်မြတ်ဘုရား။ မယံ၊ သံသရာ ဇာလုပ်၊ ဖန်ခါခါ မြုပ်၍ နေကြပေကုန်သော တပည့်တော် တပည့်တော်မတို့သည်။ သံသာရ ဝဋ္ဋ ဒုက္ခတော၊ သံသရာညွန်ထဲ ခန္ဓာဝဋ်သင်းရဲမှ။ မောစနတ္ထာယ၊ မျက်မှောက်ဘဝ ထွက်မြောက်ရပါစေခြင်း အကျိုးငှါ။ တိသရဏေန၊ သုံးပါးသရဏဂုံ ပန်းကြောင်နှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ လူတို့ကျင့်အပ်ပဋိပတ္တိကို။ ယာစာမ၊ တောင်းပန်လိုကြောင်း ပွင့်ပန်ကောင်းပါကုန်၏ အရှင်ဘုရား။ အနုဂ္ဂဟံ၊ ချီးမြှောက်ထောက်ပံ့ခြင်းကို။ ကတွာ၊ အမကြောင်း ပြု၍။ ခမ္မံ၊ ငါးပါးသီလ မြတ်ဓမ္မကို။ ဒေထ၊ နှုတ်မြွက်ဆိုကာကြွား ပေးသနားတော် မူပါ ဆရာတော်သခင် အရှင်သူမြတ်ဘုရား"

ထို့နောက် အဟံ ဘန္တေမှစ၍ ထုံးစံအတိုင်း သီလဟောင်းခံယူကြလေ၏။ သူတေသီတို့အတွက် ထမန်သီ ကန်တော့ပန်းရိုးရာကို ဦးစုကံမှ ရသည့်အတိုင်း (မပြင်ဆင်ပဲ) မှတ်သားဖော်ပြလိုက်ပါသည်။ ခမ္မတီး၌ တရားဟောခဲ့စဉ်က ဤအစီအစဉ်ကို လိုချင်ယျက် အချိန်မရ၍ မခွင့်မသာခဲ့သဖြင့် မရရှိခဲ့ပေ။ ထမန်သီကျမှပင် ဆရာတော် ဦးသံဝရတို့ စကားကောင်းနေခိုက် အခွင့်ကောင်းယူလျက် မရအရအချိန်လုကာ အရယူလိုက်ရပေသည်။

## ထမန်သီ လက်ဖက်အမကြောင်း

ယနေ့မောင်းခမ်းကူးရန် စိတ်ကူးထားကြသော်လည်း အစုန်ချင်းကွင်း သဘော်လည်းမလာ၊ မောင်းခမ်းမှလည်း အကြိုမပေါ်ဟော် မရောက်သဖြင့် မကူးဖြစ်ကြသေးပါ။ ကိုကြောင့် ယနေ့ အချိန်ကောင်းကောင်း

ရရှိနေကြရာ ဆရာတော် ဦးသံဝရတို့ လက်ဖက်ရည်ပွဲ သိမ်းအပြီး၌ ထမန်သီ လူကြီးတစုနှင့်အတူ သာသာနှော့ရိပ်သာ တည်ရန် မြေနေရာ ဌာနကို ကြည့်ရှုဖို့သွားကြသည်။ တည်းခိုကျောင်းမှနေ၍ ထမန်သီကို ဖြတ်သွားရသောကြောင့် လူနေအိမ်ခြေများကို ကြည့်ရှုလေ့လာခွင့် ရကြ၏။

အိမ်များမှာ အများအားဖြင့် ခြေတန်ရှည်ပြီး ခေါင်စောက်စောက် ဆောက်လုပ်ထားကြသည်။ သွပ်မိုး ပျဉ်ထောင်ကာ နှစ်ထပ်အိမ်များ လည်းရှိ,သက်ကယ်မိုး ဝါးထရံကာ အိမ်ငယ်ငယ် ကလေးများလည်းရှိကြသည်။ မြေကောင်းရုံသာမက မိုးကလည်း ကောင်းသောဒေသ ဖြစ်သဖြင့် အိမ်ဝိုင်းခြံများအတွင်း၌ စိုက်ပျိုးထားသော သစ်သီးသစ်နှံပင်များသည် ဖြစ်ထွန်း စိုပြည်ကြ၏။ လိမ္မော်ပင်, ကွမ်းသီးပင်, ကော်ဖီပင် စသည်များရှိကုန်၏။ ထမန်သီ လိမ္မော်သီး အချို့မှာ နာမည်ကြီးလျက် ဈေးကောင်းကောင်း ရောင်းစားကြသည်ဟု ဆိုသည်။ ပိုးမွှားမနိုင်သောကြောင့် ယခုနှစ် လိမ္မော်သီး အတွက်နည်းကြောင်း သိရသည်။ နေပူကွက်ရှိရာ လမ်းမဘေးနား၌၎င်း၊ ဝင်းထရံ အနီးအပါး၌၎င်း လက်ဖက်များကို နေလှန်းထားကြသည်။ စကား တပြောပြောနှင့် ထမန်သီရွာကြီးမှ ထွက်ခဲ့ကြသည်။ လျှောက်လာခဲ့ကြသော လမ်းမကြီးကို စက်ကြီးများဖြင့် ပြင်ဆင်ချဲ့ထွင်နေသည်ကို တွေ့ကြရ၏။ မေးကြည့်ရာ ထမန်သီမှနာဂတောင်တန်းဘက်သွားသော လေရှိုးလမ်းမကြီးဖြစ်ကြောင်း သိရသည်။

လမ်းဘေး၌ တရပ်တသူမျှ ရှိသော အရွက်အုပ်သိုက်သိုက် အပင်များကို မြင်ကြရသည်။ ဒကာကြီး ဦးခင်မောင် က "ဒါဘာပင်တွေပါလိမ့်" ဟု မေးသဖြင့် အတူပါလာသော ဒကာကြီး ဦးဘထွေး က "လက်ဖက်ပင်တွေပါ ခင်ဗျာ" ဟု ဖြေပြလေသည်။ စားနေသော ထမင်းကို ဘယ်က ဖြစ်မှန်းမသိသော အနုရုဒ္ဓါ မင်းသားကဲ့သို့ စားနေ၍ အံ့ခွနေသူတို့မှာ လက်ဖက်ကို ဘယ်လိုအပင်မှ ဖြစ်မှန်း မသိခဲ့ကြလေတကား။

ရှေးရှေးတုန်းက အဘိုးအဘွားများ လောက်သော လက်ဖက်ကို ကြိုက်ခဲ့သော်လည်း မျက်မှောက်ခေတ်မှာမူ လက်ဖက်ကို ကြီးငယ်ရွယ်လတ်

လူတိုင်းလိုလို ကြိုက်နေကြပြီ ဖြစ်သည်။ ကိစ္စကြီးငယ်၌ သူမပါလျှင် မပြီးတော့ပေ။ လူတို့ကသာ မက သုံးဆယ့်ခုနစ်မင်း ခေါ် နတ်တွေကပါ လက်ဖက်ကို ကြိုက်နေကြပြီဖြစ်သည်။ အိမ်ရှိ အဘိုးအဘွားတို့ စားနေသည်ကို နေ့စဉ်နေ့တိုင်း မြင်နေကြရသော အိမ်စောင့်နတ်တို့က လက်ဖက်ကို ပိုပြီး ကြိုက်နေကြသည်။ သူတို့ကို ပူဇော်ပသသော ကန်တော့ပွဲများ၌ လက်ဖက်ထုပ်ကလေးတော့ ပါလိုက်ရမှ ကျေနပ်ကြသည်။ ဤကား နတ်တင်သူတို့၏ အဆိုတည်း။ နတ်တင်ရာ၌ လက်ဖက်သားချည်း တင်လေ့ရှိကြသော်လည်း လူတို့က လက်ဖက်သားချည်း စားသည်က နည်းသည်။ အနည်းဆုံး ကြက်သွန်ကြော်ကလေး ရှမ်း နှမ်းကလေးများနှင့် ထည့်သုပ် စားကြသည်က များကုန်၏။ မန္တလေးမှ အရိုးတောင်း ကြက်သွန်ကြော်နှင့် သုပ်သော မန္တလေး လက်ဖက်သုပ်, ရန်ကုန်လက်ဖက်သုပ်တို့မှာ မြန်မာပြည် အထက်အောက် ကျော်ကြား သော လက်ဖက်သုပ်များ ဖြစ်ကုန်၏။

"အသားမှာ ဝက်, အသီးမှာ သရက်, အရွက်မှာ လက်ဖက်" ဟူသော အကောင်းဆုံး ရွေးထုတ်ထားသည့် အထဲတွင်လည်း လက်ဖက် ပါဝင်နေခဲ့သည်။ ထို့ပြင် "ဒါကိုတော့ ငါက လက်ဖက်ထက် ကြိုက် သေး" ဟူသော ကြိုက်ထက်ကြိုက် ဆိုပါက်ကြရာ၌ ချိန်း လက်ဖက်ကို ဂုဏ်ရောက်အောင် ဆိုထားခြင်းသာ ဖြစ်၏။ လက်ဖက်မှာ ဤမျှ အကြိုက်များ၍ နာမည်ကြီးလှသည်သာတည်း။

## လက်ဖက်ရည်

လက်ဖက်စိုကို မြန်မာပြည်ထောင်စုလောက်တွင် အသုံးများသော် လည်း လက်ဖက်ခြောက်ကိုမူ တကမ္ဘာလုံးက သုံးနေကြသည်။ အချို သောက် အဖန်သောက် ဟူ၍ပင် နှစ်မျိုး ခွဲထားရသော် အချို သောက်ကို ကမ္ဘာတဝှန်းလုံးက သုံး၍ အဖန်ကိုမူ အရှေ့တိုင်း လုံးက အများဆုံး သုံးစွဲလျက်ရှိ၏။ တကမ္ဘာလုံးမှာ လက်ဖက်ရည်နှင့် ညှို့မခံလျှင် ညှို့ဝတ်မကျေသလို ဖြစ်နေကြတော့သည်။

လက်ဖက်ရည်ကို ငါကာလအခါ၌ ရဟန်းတော်များ သောက်ကောင်း၊ မသောက်ကောင်း နှစ်ပက္ခကွဲပြားနေသည်ကိုပင် တွေ့ရ၏။ ဘုရား

လက်ထက်တော်က ပညတ်ချက် အထူးမရှိသည်ကို ထောက်၍ ထိုစဉ်က လက်ဖက်ရည် ရှိသေးဟန်မတူပေ။ သောက်ကောင်းသည်ဟု ယူဆသော ဘက်က "သစ်ရွက်ကျိုထားသော အရည်ဖြစ်၍ ဝမ်းချုပ်သည့်အခါ ဆေးအဖြစ်နှင့် ကျိုသောက်နိုင်သော သဘောမဲ့ဇလီရွက်ရည် စသည်ကဲ့သို့ သောက်ကောင်းသည်" ဟု ဆို၏။ မသောက်ကောင်းဟု ယူဆသော ဘက်က လူတို့ အာဟာရ အဖြစ် သုံးဆောင်ကြသောအရာ ဖြစ်နေသော ကြောင့် သုံးဆောင်ဖွယ် အာဟာရတမျိုး ဖြစ်နေသည်။ ထို့ကြောင့် မသုံးဆောင်ကောင်း" ဟု ဆို၏။

အသပ္ပါယဌာနေ ဒုက္ကဋ်ဟု အဋ္ဌကထာ၌ ဖွင့်ဆိုထားသောကြောင့် မလျောက်ပတ်လျှင် မသုံးဆောင်ကောင်းပေ။ လူတို့ အာဟာရအဖြစ် သုံးဆောင်နေကြသည်ဖြစ်ရာ လူတို့သုံးဆောင်သလို ရောဂါတစုံတရာ အတွက် မဟုတ်ပဲ ရဟန်း သုံးဆောင်လျှင် မလျောက်ပတ်သည်မှာ ထင်ရှားသည်။ လက်ဖက်ကား ဤသို့လည်းဂယက်ရိုက်လျက် ရှိသည်။

ထမန်သီရွာကြီးမှ ထမန်သီရွာသစ်သို့ အသွား လေရှိုး လမ်းမကြီး တလျှောက်၌ မိုးမကြောက် လေမကြောက် ဖြစ်ထွန်းနေသော လက်ဖက် ပင်များမှာ စိမ်းလန်းစိုပြည်လျက် ရှိပေသည်။ လက်လှမ်းမှီ အခူးရလွယ် အောင် တရပ်တသူခန့်ထက် မကြီးမြင့်စေရန် ဖြတ်တောက်ထားကြသည်။

## အရွက်ကြမ်းလို့ ဈေးနဲ

မုံရွာမြို့၌ ဝါးကျည်တောက်နှင့် ထည့်ရောင်းသော လက်ဖက်များကို တွေ့ဘူးကြပေမည်။ ဤထမန်သီနှင့် မောင်းခမ်းကောယားဘက်မှ ထွက် သောလက်ဖက်များဖြစ်၍ ဝါးကျည်တောက်နှင့် ထည့်ရောင်းခြင်းကြောင့် "ဝါးကျည်လက်ဖက် (ဝဂျီ) လက်ဖက်"ဟု ခေါ်ကြသည်။ မုံရွာဘက်၌ ဤ ဝဂျီ-လက်ဖက်ကို သိပေါ၊ ကျောက်မဲ လက်ဖက်ကောင်းများနှင့်ရော ပြီး အလှူမင်္ဂလာပွဲများ၌ အသုံးပြုကြ၏။ ဝဂျီ လက်ဖက်ဈေးက ပေါ၏။ ထို့ကြောင့် အကုန်အကျ သက်သာမှုအတွက် ဈေးပေါသော ဝဂျီ-လက်ဖက်ကို ဝယ်၍စား၍ ကောင်းရန် သိပေါဘက်က လက်ဖက်ကောင်း နှင့် ရောပြီး ညှော်ခံကြခြင်း ဖြစ်သည်။

"တပည့်တော်တို့ဆီက ထွက်တဲ့ လက်ဖက်က အရွက် ကြမ်းတယ်။ ဒါကြောင့် ဈေးမရကြပါဘူး။ အပြုအပြင်ကောင်းလို့ အဆင့်အတန်း မှီယင် တခြား လက်ဖက်များလို ဈေးကောင်းကောင်း ရောင်းရမှာပါပဲ။ အင်္ဂလိပ်အစိုးရလက်ထက်က ဒီ ထမန်သီက လက်ဖက်မျိုးကိုယူပြီး စကော့တလန်ပြည်မှာလဲစိုက်၊ အန္ဒိယလူမျိုးများက အာသန်ပြည်မှာ ယူပြီးတော့လဲ စိုက်ကြသတဲ့။ ဒီကမျိုးကို ယူစိုက်ကြတဲ့ သူတို့ဆီက လက်ဖက်နဲ့ ဒီက လက်ဖက်များမှာ အကောင်းချင်း အင်မကန် ကွာခြားနေပါတယ်။ ဘာဖြစ်လို့ မျိုးချင်းတူပါလျက် ကွာခြားရတယ်ဆိုတာ စဉ်းစားစရာပဲ။ ဒီကမျိုးကိုယူစိုက်တဲ့ သူတို့ဆီက လက်ဖက်က ပိုကောင်းနေတာကို ထောက်ဆယင် သူတို့ဆီက မြေပိုကောင်းလို့လား၊ဒါမှမဟုတ် အပြုအပြင်ပိုကောင်းလို့လားဆိုတာပေါ့။ ဒီ ထမန်သီက လက်ဖက်ကို ဘယ်လိုပြုပြင်စိုက်ယင် အဆင့်အတန်း မှီမယ်ဆိုတာ လေ့လာဖို့ကောင်းပါတယ်" ထမန်သီက ဒကာတဦးက လျှောက်ထားသည်။ ထိုအခါ ဒကာကြီး ဦးညီပုက—

"ချင်းတွင်းမြစ် တလျှောက် လက်ဖက်များမှာ ရှမ်းပြည်နယ်ဘက် လက်ဖက်များအောက် အဆင့်အတန်း နိမ့်နေပါတယ်။ ဒါကြောင့် ဈေးလဲ နိမ့်ဘာပဲ။ ရှမ်းပြည်နယ်နဲ့ မြေတကျောထဲ ဖြစ်ပါလျက် ဘာကြောင့် ဒီလိုအဆင့်အတန်း နိမ့်နေသလဲ ဆိုတာ အကြောင်းရင်းကို မတွေ့တွေ့အောင် သုတေသန ပြုဖို့ ကောင်းတယ်ဗျာ" ဟု အိန္ဒိယတို့ စကော့တလန်တို့ထက် နီးစပ်သော ရှမ်းပြည်နယ်နှင့် ကွာခြားမှုကို အထောက်အထားပြုပြီး ပြောလေ၏။

ကြိမ်- ဝါး- လက်ဖက်- လိမ္မော် အများအပြားနှင့် စပါး- ကွမ်းသီး – အာလူး- မြေပဲ – ကဇွန်းဥ- ကော်ဖီထုပ်- ရှောက်ပန်းသီး - အချိုဖျော်ရန် ကော်ဖီပင်များမှာ စားသုံးရုံလောက်သာ ထမန်သီမှ ထွက်ကြောင်းကိုလည်း သိရသည်။

လက်ထောက်မြို့ပိုင်ရုံး၊ မူလတန်းကျောင်းနှင့် တွဲလျက် အလယ်တန်းကျောင်း တကျောင်း၊ စာတိုက်နှင့် ဆေးရုံ စခန်းများလည်း ရှိသည်။ အိမ်ခြေ ၁၈၈-ခန့်ရှိ၍ ရှမ်းဗမာများ နေထိုင်ကြသည်။ ဝတ်စား ဆင်ယင်မှုမှာ ရှေးဗမာ ဆန်ဆန် ဝတ်ဆင်လျက် ရှမ်းနှင့် ဗမာစကားများကို အပြောများကြ၏။

"ထမန်သီတွင် လူစင်စစ်က ကျားဖြစ်အောင် ဖန်ဆင်းနိုင်တယ်ဆိုတာ ဟုတ်ပါသလား" ဟု ဦးညီပုက ရွာလူကြီး တယောက်အား မေး၏။ "ရှေးကသာ ကြားဘူးပါသည်၊ အခုတော့ မရှိပါ" ဟု ရွာလူကြီးက ဖြေကြားသည်။

## ကျက်သရေရှိမည့် ထမန်သီ

ကြည့်ယင်း, ရှုယင်း, ပြောယင်း, ဆိုယင်းနှင့် ထမန်သီအစွန်အဖျားရှိ စစ်တပ်ကို လွန်ခဲ့ကြသည်။ သည်တော့မှ ရိပ်သာတည်မည့် နေရာကို ရောက်ကြလေသည် တကား။ ခမ္မတီးမြို့၌ ရွေးချယ်ခဲ့သည့် မြသိန်းတန်ကုန်း နေရာလိုပင် ဇရပ်တဆောင်လည်းရှိသောကြောင့် ရိပ်သာတည်ရန် အဆင်ပြေသော နေရာဖြစ်သည်။ ဆည်းကပ်ပူဇော်ရန် စေတီတဆူလည်း အဆင်သင့် ရှိနေသည်။ ထမန်သီနှင့် တစပ်တည်းလည်းဖြစ်၊ စစ်တပ်နှင့်လည်း နီးသဖြင့် လုံခြုံမှု အတွက်လည်း စိတ်ချရသည်။ မြေနေရာ အကျယ်အဝန်းကလည်း လိုလျှင်လိုသလောက် ချဲ့နိုင်သော နေရာဖြစ်သည်။ ဤနေရာမှာသာ ရိပ်သာတည်ဖြစ်လျှင် တဘက်မှကျောင်းနှင့် တဘက်မှ ရိပ်သာ အလယ်၌ ထမန်သီရွာကြီးက တည်ရှိနေမည် ဖြစ်သောကြောင့် ထမန်သီမှာ အင်မတန် ကျက်သရေရှိသည့် ရွာကြီး ဖြစ်နေမည်မှာ သေချာပေသည်။

ရိပ်သာတည်က ဌာနတင့်တယ်၊
ထမန်သီဖြင့် ဦးသစ်ထိပ်ဝယ်၊
စေတီတော်မြတ် ကိန်းဝပ်စံပယ်၊
ဖြစ်မြောက်ရေး အားပေးသင့်လှတယ်။

ရိပ်သာတည်ရန်ဌာနကို ကြည့်ရှုပြီးနောက် တည်းခိုရာ ကျောင်းသို့ ပြန်ခဲ့ကြလေသည်။

## ထမန်သီရွာသစ်သို့

အချိန်မှာ ညနေ ၃-နာရီ အချိန် ဖြစ်၏။ ထိုအချိန် ထိုအခါ၌ ထွက်ပြူလှခဲ့သော နေမင်းသည် ထူးထူးခြားခြား ထွက်ပြူလျက်ရှိ၏။ လာခဲ့ရသော ခရီးတလျှောက်လုံး မိုးသော်လည်းရွာ၊ မိုးမရွာလျှင်

မိုးရိပ် မိုးတိမ်များက မှုန်မှိုင်းအုံ့ဆိုင်း၍သာ နေခဲ့သည်။ ပူလွန်းပြီဆိုက နေရောင်ကို မနှစ်သက်တတ်ကြသော်လည်း ဤအချိန် ဤအခါမျိုး၌ နေရောင်ခြည်ကို မြင်ရခဲသော ထမန်သီလို အရပ်ဒေသ၌ မြင်လာရသော နေရောင်ခြည် ကြည်ကြည်နုနုကို လိုလိုချင်ချင် ရှိနေတတ်ကြသည်။ မိုးရိပ် မိုးတိမ်အကြားမှ အခွင့်ရစဉ် ပြုံးရွှင်ကြည်နူးစွာဖြင့် ထွက်ပြူကြည့်ရှု နေသကဲ့သို့သော နေမင်းကိုလည်း မာကြူရီ မီးလုံးကြီးလို ထင်းထင်းကြီး မြင်နေရသည်။

နေသည် ပူမှု အေးမှု ဥတုအတွက် သူက အခရာ ဖြစ်နေသည်။ နေရောင်ခြည် မမြင်ရလျှင် အေးပြီး နေရောင်တောက်လျှင် ပူသည်။ နေရောင်ကို အရင်း ပြုခဲ့ရသော ထိုဥတု ဤ ဥတုများမှာ သင်္ခါရ လောကတွင် ပါဝင်နေသည်။ နေရောင် မရှိခင်က မှိုန်တိမ်တိမ် ဖြစ်နေခဲ့ကြရသော လူဟည်းဟူသော သတ္တလောကနှင့် မြို့ရွာ ဥယျာဉ် ဗိမာန်ဟူသော ဩကာသလောကတခုလုံး နေရောင်ခြည် ကြည်ကြည် လင်လင်အောက်၌ သူတို့ပါလိုက်၍ ကြည်လင်နေကြသည်။ တောက်ပနေ ကြသည်။ ကြည့်၍ ရှု၍ ကောင်းနေကြသည်။

ဒကာကြီး ဦးခင်မောင်၊ ထမန်သီမှ ဒကာကြီး ဦးဘထွေး၊ ဦးမြမောင် နှင့် စာရေးသူတို့မှာ ထွက်ပြူလျက်ရှိသော နေရောင်ခြည် ကြည်လွင်လွင် ၌ ထမန်သီရွာသစ်ဆီသို့ ရှေ့ရှုလျှောက်နေကြသည်။ ဆရာတော်ဦးသံဝရ နှင့် ဒကာကြီး ဦးညီပုတို့မှာမူ ပင်ပန်းမည်စိုးသည်ဆိုကာ မလိုက်ပါလာ ကြတော့ပေ။ ထမန်သီရွာကြီး အဟွင်းမှ လေရှီးလမ်းမကြီးအတိုင်း လျှောက်ခဲ့သည်။ ရွာသူရွာသားတို့သည် နေရောင်မရ၍ ကြာမြင့်စွာက စိုထိုင်းထိုင်းဖြစ်နေသော သူတို့အဝတ်အထည်များကို နေရောင်ရရာဌာန များ၌ ဖြန့်လှန်းနေကြ၏။

## လေရှီးလမ်း

''လေရှီးတောင်ပေါ် သွားယင် ဒီလမ်းအတိုင်း သွားကြရပါတယ်။ တပည့်တော်တို့ ထမန်သီဟာ လေရှီးနာဂတောင်ပေါ် တက်တဲ့အခါ စခန်းတခုပါပဲ။ ဒီလမ်းကြီးဟာ ခြေလျင်လဲသွားနိုင်ပါတယ်၊ ကားနဲ့လဲ သွားနိုင်ပါတယ်။ လားနဲ့လဲ သွားနိုင်ပါတယ်။ ခြေလျင်တို့ လားတို့

နှင့်သွားယင် အချိန်မရွေး ၁၂-ရာသီစလုံး သွားလို့ရပါတယ်။ ကားနဲ့ ဆိုယင်တော့ ပြာသိုလမှ နယုန်လလောက်အထိသာ သွားနိုင်ပါတယ်၊ ကျောက်လမ်းအထိ တိုမြှင့်ပီးလို့ တံတားတွေလဲ ပြင်ဆင်ပြီးမယ်ဆိုယင် ကားနဲ့လဲ အမြဲတမ်းသွားနိုင်ပါလိမ့်မယ်။ ထမန်သီကနေ လေရှီးကို ၄၆-မိုင်ဝေးပါတယ်” ထမန်သီ ဒကာကြီး ဦးဘထွေးက လေရှီးလမ်း အကြောင်းကို ပြောကြားလျှောက်ထား၏။ လေရှီး ထွက်ကုန်ပစ္စည်း များကိုလည်း ဒကာကြီးဦးမြမောင်က ပြောပြသေးသည်။ ပျားဖယောင်း၊ ပြောင်းဖူးဖက်နှင့် ကြိမ်ဖျာများ ထွက်သတဲ့။

လေရှီးလမ်းအတိုင်း ၆-ဖာလုံခန့် သွားမိသည့်အခါ လက်ျာဘက်သို့ ခွဲထွက်သည့်လမ်းအတိုင်း လိုက်သွားကြရသည်။ နေသာလျက် ရှိသော် လည်း မကြာသေးမီက ရွာထားသော မိုးရေမိုးပေါက်များမှာ သစ် ပင်ကြီးငယ်ပေါ်၌ တွဲလွဲ မိုးခိုနေတုန်းပင် ရှိသေး၏။ သစ်ပင်ကလေး များကို ခြေနဲ့ခပ်မိရာ၌ မိုးပေါက်များလူးသဖြင့် စိမ့်တနဲ အေးကနဲ ဖြစ်ဖြစ်သွားသည်။ မိုးနှောင်းဆောင်းဦး မြူးလျက်ရှိသော မြောက်လေ အေးကြောင့်လည်း အထက်ပိုင်းကိုယ်တွင် အေးလျက်ပင်။ လွင် ပြင်တွင် ထီးမဆောင်းရသော်လည်း သစ်ပင်ကြီးအောက်သို့ ရောက် သွားသည့်အခါ ထီးမဆောင်းပဲမဖြစ်၊ ထီးဆောင်းသွားကြရ၏။ သစ် ပင်ကြီးများပေါ် တွဲလွဲခိုနေကြသော မိုးရေပေါက်တို့က လေမြူး ကလေးများဖြင့် တဖြောက်ဖြောက်ကျနေကြသောကြောင့် ဖြစ်သည်။ မဟောသဓဇာတ်လာ အမရာဒေဝီကို အမှတ်ရ၍ တပါးတည်း ပြုံးမိ လိုက်သေးသည်။

## ရှူမောဖွယ်

လေရှီးလမ်းခွဲအတိုင်း လိုက်သွား၍ သုံးဖာလုံခန့်မျှ သွားမိကြလျှင် ထမန်သီရွာသစ်သို့ ရောက်သွားကြ၏။ ရွာသစ်ဆိုသည့်အတိုင်း သစ်လွင် သာယာလှသည်။ ရွာလယ်လမ်းများမှာ ဖြောင့်လည်းဖြောင့် ကျယ် လည်းကျယ်သောကြောင့် သွားမှုလာမှု ချမ်းသာ၏။ အထပ်ထပ် မြင့်၍ မြင့်၍ တက်သွားသော တောင်ကြီးများကို ထမန်သီရွာသစ်မှနေပြီး ရှုခင်းသာအဖြစ် ကြည့်နိုင်ရှုနိုင်သည်။

"ဟိုအဝေးမှာ ညို့ပြီး မြင့်တက်နေတဲ့ တောင်ကို မြင်တယ်မဟုတ်လား။ အဲဒီတောင်ဟာ ပင်လယ်ရေပြင်ကနေ ပေပေါင်းတသောင်းကျော်မြင့်တဲ့ စာရာမေတိတောင်ပါပဲ။ နွယ်မောက်တောင်လို့လဲ ခေါ်ပါတယ်" အထပ်ထပ်ဖြစ်နေသော တောင်တွေထဲက တောင်တလုံးကို လက်ညှိုးထိုးပြယင်း ဦးမြမောင်က ပြောပြသည်။

"ဒီတောင်ကို အခု နေကလေးသာတုန်းမို့ မြင်နေရတာဘုရား။ ဒီကနေကြည့်လို့ အမြဲမြင်နေရတဲ့ တောင်မဟုတ်ပါဘူး။ နေရောင်မရှိယင် မှုန်မှိုင်းပြီး ဝေနေတာပဲ၊ ကြည့်လို့မမြင်ရတော့ဘူး" အတူပါလာသော ဦးဘထွေးက ဖြည့်စွက်လျှောက်ထားပြန်၏။

စာရာမေတိတောင်ဆိုသည်ကို မရောက်ရသော်လည်း နေရောင်ခြည်နှင့် အခွင့်ကြုံနေသဖြင့် မြင်တောင့်မြင်ခဲ မြင်ခဲ့ရ၏။ တောင်များကလည်း ညိုမှိုင်းပြာမှောင်နေသည်။ သစ်ပင် တောတောင်တွေကလည်း စိမ်းညို့ညို့မှိုင်းနေသည်။ ရှုမောဖွယ် ကောင်းလှသော တောင်များသည် ထမန်သီရွာသစ်ကို တန်ဆာဆင်ပေးထားသလို ဖြစ်နေသောကြောင့် ထမန်သီရွာသစ်၏ အနေအထားမှာ ပင်ကိုယ်အလှ၌ ထပ်ဆင့်လှပနေတော့၏။ ထမန်သီရွာသစ်၏ အနီးကပ်၌လည်း စိမ်းလန်း စိုပြည်သော သစ်တောရှိနေရကား ကျေးငှက်သာရကာတို့ မြူးသံတွန်သံဖြင့် သာယာချင်တိုင်း သာယာနေသည်။

## သူကြီး ဦးစုမတူဆူး

အိမ်တိုင်း၌ အရာမ်အတွင်း စိုက်ပျိုးထားကြသော ပန်းပင်သီးနှံပင်ကလေးများမှာလည်း ဥယျာဉ်သဖွယ် စိမ်းလန်းစိုပြည်နေသည်။ အကျယ်အကျဉ်းကို အညီအညွတ်တိုင်းတာ ဆောက်လုပ်ထားသော အိမ်၏ အရံအတားများကို ဝါးလုံးအတိုင်း မခွဲပဲ ကာရံထားကြ၏။ မိုးများသောဒေသဖြစ်သည့်အလျောက် မိုးထားသော အိမ်ခေါင်မိုး များမှာလည်း ခေါင်စောက်၍ မိုးလျှောလွယ်ပေမည်။ ရွာသစ်ဆိုသည့်အတိုင်း အိမ်များမှာလည်း သစ်လွင်နေသည့်ကများ၏။ ရိုးရိုးသက်ကယ်မိုး ထရံကာများဖြစ်သော်လည်း ကြည့်ရှု၍ကောင်းသော အိမ်ကလေးများကို စနစ်တကျ ဆောက်လုပ်ထားကြ၏။

ထမန်သီရွာသစ် ရွာသူကြီးမှာ ဦးစုပတူဆူးဆိုသူဖြစ်သည်။ စာရေးသူတို့သည် သူကြီး ဦးစုမတူဆူးအိမ်သို့ ဝင်ရောက်သွားကြရာ အိမ်မကြီး၏ ရှေ့ပိုင်း ဧည့်ခန်းဆောင်၌ ခင်းပေးသဖြင့် ထိုနေရာ၌ ထိုင်ကြသည်။ သူကြီးဦးစုမတူဆူးမှာ နာဂအမျိုးသားဖြစ်သည်။ ထမန်သီရွာသူ ရှမ်းဗမာ အမျိုးသမီးနှင့် အိမ်ထောင်ကျပြီးလျှင် ဤထမန်သီရွာသစ်၌ သူကြီးဖြစ်နေကြောင်း သိရပါသည်။

ညနေချိန် ဖြစ်သောကြောင့် သကြားနှင့် ရေနွေးကပ်လာသည်။ သကြားမှာ ရတောင့်ရခဲ ရထားသော သကြားဟု ဆို၏။ မကြာမီပင် သူကြီးကတော်နှင့် သားသမီးတို့လည်း အာဂန္တုဧည့်သည်များရှိရာသို့ ရောက်လာကြသည်။ သူတို့အားလုံးအား အတူပါလာသော ဦးခင်မောင်က လောကဝတ်ကျေကုန်အောင် စကားစမြည် ပြောယင်း "ရန်ကုန်-မန္တလေး မြို့တော်များမှ နယ်လှည့်တရားဟော ကြွရောက်လာသော ဓမ္မကထိက အဖွဲ့ဝင် ဆရာတော်ဖြစ်ကြောင်း" ပြောပြသည်။ တရပ်တဝေးမှ ရောက်လာသော ဓမ္မကထိကမှန်း သိသွားကြသောအခါ ဖူးမြော်ကန်တော့ရသည်ကို ပမ်းသာ ဝမ်းမြောက်ဖြစ်သည့် အသွင်ဖြင့် ရှင်ရှင်ပျပျ ဖူးမြော်ကြသည်။ သူတို့အိမ်သားအားလုံး ဖူးမြော်ကြသည့်သာမက တဖက်အိမ်ရှိ လူများကိုပင် လှမ်းခေါ်ကြသည်။ သူတို့ ရှိခိုးနေကြစဉ် "ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကင်းကွာ၍ ချမ်းသာကြပါစေ"ဟု ဆုပေးလိုက်ရသည်။

သူတို့က စာရေးသူကို အဆန်းအသစ်လုပ်၍ ကြည့်ရှုဖူးမြော်ကြသလို စာရေးသူကလည်း မမြင်ဘူးသော လူသစ်များဖြစ်သည့်အတိုင်း ဂရုတစိုက်ပင်။ သူတို့ကို အကဲခတ်လျက်ပင်။ နာဂ ရွာသူရွာသားများဖြစ်သော်လည်း ဗမာ့ယဉ်ကျေးမှုများကို နားလည်နေကြပြီဖြစ်၍ အချင်းချင်း တွေ့ရသည်မှာ ကြည်နူးဖွယ် ကောင်းလှ၏။ မြန်မာပြည်ဖွားညီအစ်ကို မောင်နှမအသွင် ခင်မင်ရင်းနှီးစိတ်များ ဖြစ်ပေါ်လာမိသည်။ မျိုးခြားဖြစ်စေ၊ မျိုးတူဖြစ်စေ အကြောင်းအမျိုးမျိုးကိုစွဲပြီး ခင်မင်ရင်းနှီးပြီဆိုလျှင် အကျိုးကို ဖြစ်စေတတ်သည်မှာ အထူးပြောဖွယ် မလိုပေ။ အချင်းချင်းလိုသောအကူအညီကို ပေးရန် အသင့်ဖြစ်နေတတ်

ကြသည်။ ပေးခွင့်မရှိ၍ အကူအညီ မပေးကြရသည့်တိုင်အောင် ဆက်ဆံကြရသည့် ကိစ္စတိုင်း၌ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်ကြရ၏။ တဦးစီမှ တဦး ရောက်လာတတ်သော ဘေးရန်ဟူသမျှမှာလည်း မရောက်လာပဲ ရှောင်လွဲသွားနိုင်သည်။

## လက်ဆောင် အလှူဝတ္ထု

ဗမာစကားကို လည်လည်ဝယ်ဝယ် မပြောတတ်ကြသော်လည်း ခမ္မတီးနှင့် ထမန်သီ ရှမ်းစကားများကိုမူ ကျွမ်းကျွမ်းကျင်ကျင်ပင် ပြောဆိုနိုင်ကြသည်။ ခမ္မတီး ထမန်သီရှမ်းတို့ကသည်း သူတို့ နာဂ ဘာသာစကားများကို တီးမိခေါက်မိ ရှိနေသောကြောင့် သူတို့ချင်း ဆက်ဆံရေးမှာ ပြေပြစ်ကြသည်။

ထမန်သီ ရွာသစ်၌ နာဂ၊ ရှမ်း၊ ဗမာများ နေထိုင်ကြသည်။ ခရစ်ယာန် ကိုးကွယ်သူတို့လည်းရှိ၊ ဗုဒ္ဓဘာသာ ကိုးကွယ်သူတို့လည်း ရှိကြသည်။ ဥယျာဉ်နှင့် မွေးမြူရေး အလုပ်များကိုလည်း လုပ်ကြသည်။ ဂျပ်ခုတ်၊ မာဆရိုက်၊ ချည်တဘက်၊ လွယ်အိတ်၊ လုံကွင်းများကိုလည်း ရက်လုပ်ကြသည်။ သို့သော် ချည် ကုန်ကြမ်း အခက်အခဲကြောင့် တိုးတက်မှုမရှိဟု ဆို၏။ အနံတတောင်၊ အလျား ၃-တောင်ရှိ တဘက် တထည်လျှင် ၁၅-ကျပ်စျေး ရောင်းချရကြောင်း သိရှိရ၏။ ပေါင်ပေ လုပ်ငန်းလည်း လက်မလွှတ်ကြပေ။ ထမန်သီ ရွာသစ် အိမ်ခြေမှာ (၃၉) အိမ်မျှသာ ရှိလေသည်။

စာရေးသူတို့က ပြန်ကြရန် နှုတ်ဆက်ကြရာ၌ သူကြီးကတော်က "ခေတ္တနေပါဦး" ဟု တားထားပြီး အိမ်ပေါ် တက်သွားသည်။ အိမ်နီး နားချင်း ဖြစ်သူကလည်း သူ့အိမ်သူ ပြန်သွားကြ၏။ ခဏမျှ အကြာ တွင် သူတို့လယ်ထဲ၌ အလှူဝတ္ထုကလေးများ ကိုယ်စီနှင့် အလှူရှင် အမည်များကို စာဖြင့် ရေးသားမှတ်သားရန် ညွှန်ကြားလိုက်၏။ ရေး ပြီးလျှင် ပြီးချင်း ဒကာကြီး ဦးခင်မောင်က အလှူရှင် စာရင်းကို ဟာခါ တည်း စာရေးသူအား ဆက်ကပ်သည်။ ကပ်လာသောအလှူရှင်စာရင်း ကို ဖတ်ကြည့်ရာ–

၁။ ထမန်သီရှာသစ် သူကြီး ဦးစုမတူဆူးနှင့် သူကြီးကတော် ဒေါ်မစိန်တို့က ဝတ္ထု ၂-ကျပ်နှင့် ကာဘော်လစ်ဆပ်ပြာ ၁-ခဲ။

၂။ ဦးတောင်မဆူးနှင့် ဒေါ်မကြည်တို့က ဝတ္ထု ၁-ကျပ်နှင့် ဖယောင်းတိုင် ၁-ထုပ်ဟု တွေ့ရသည်။

ကာဘော်လစ် ဆပ်ပြာနှင့် ဖယောင်းတိုင်ထုပ်များကို အလှူရှင်များ ကိုယ်တိုင် သာဟတ္တိကမြောက် ဆက်ကပ်စေရန် စာရေးသူက ညွှန်ကြား၏။ ထို့ကြောင့် အလှူရှင်တို့က ဝမ်းသာအားရ ဆက်ကပ်၏။ ဝတ္ထု ၃-ကျပ်ကိုမူ ဦးခင်မောင်က သိမ်းဆည်းထားပြီး "ဆရာတော် အလိုရှိသောအခါ လိုအပ်သောဝတ္ထု ပစ္စည်းကို တပည့်တော်ထံ တောင်းခံပါရန် လျှောက်ထားပါသည်"ဟူသော ဝိနည်းတော်၌ ညွှန်ကြားထားသည့်အတိုင်း သူတို့ရှေ့မှောက်ဝယ် ဦးခင်မောင်အား လိုက်၍ ဆိုစေရသည်။

"ဣဒံ မေ ပုညံ အာသဝက္ခယာဝဟံ ဟောတု"ဟူသော ဆုတောင်းအတိုကိုလည်း အလှူရှင်တို့အား လိုက်၍ ဆိုစေလိုက်သေး၏။ "တပည့်၏ ဤကောင်းမှုသည် အာသဝေါတရားတို့၏ ကုန်ရာနိဗ္ဗာန်ကို ရွက်ဆောင်နိုင်ပါစေသတည်း"ဟုလည်း မြန်မာလိုပါလိုက်၍ ဆိုစေရသေးသည်။

## ကောင်းမှုအလှူ၏ အကျိုးပေးပုံ

အလှူကိစ္စ ပြီးမြောက်သွားသည့်အခါ အလှူရှင်တို့၏ မျက်နှာများ ကြည်လင်ရွှင်ပျသွားသည်ကို ထင်ထင်ရှားရှား မြင်ကြရသည်။ ကျေနပ်ဝမ်းမြောက်ဟန် လက္ခဏာမှာလည်း အင်မတန် ထင်ရှားပေါ်လွင်လျက် ရှိနေကြသည်။ အမြင်အားဖြင့် အလှူဝတ္ထုများမှာ ဝတ္ထု ၃-ကျပ်၊ ဆပ်ပြာ ၁-ခဲ၊ ဖယောင်းတိုင်တထုပ်ဆိုတော့ အင်မတန် နည်းပါးသည်ဟု ဆိုနိုင်ပါသည်။ သို့သော် အကျိုးထူးမှာကား နတ်ပြည် (၆)ထပ်အထိ သုဂတိဘဝဟူခုကို ရနိုင်ရောက်နိုင်သဖြင့် အဖိုးဖြတ်၍ မဖြစ်နိုင်အောင် ကြီးကျယ်လှသည်။ ထိုကောင်းမှုကို အရင်းပြု၍ ဥပနိဿယ အဆင့်ဆင့်ဖြင့် ဝဋ်မှ လွတ်မြောက်ပြီးလျှင် မဂ်ဖိုလ်နိဗ္ဗာန်အထိ ရောက်သွားမည်ဆိုလျှင်လည်း ရောက်သွားနိုင်သော အကြောင်း အထောက်အပံ့ ဖြစ်နိုင်သည်။

## ကင္ခုစ္ဆုဘိက္ခာဒါယိကာ ထေရိမ

ကင္ခုစ္ဆုဘိက္ခာ ဒါယိကာ ထေရိမ အလောင်းသည် တိဿဘုရားရှင်အား တယောက်ချိုမျှသော ဆွမ်းကလေးကို လှူလိုက်ရသဖြင့် သုံးဆယ်ခြောက်ကြိမ်တိုင်တိုင် တာဝတိံသာနတ်မင်းကြီးတို့၏ နတ်မိဖုရားကြီးများ ဖြစ်ရသည်။ စကြဝတေးမင်းကြီး၏ မိဖုရားကြီးလည်း အကြိမ်ငါးဆယ် တိုင်တိုင် ဖြစ်ရသည်။ ကိုးဆယ့်နှစ်ကမ္ဘာတိုင်တိုင် အပါယ်မလား မရောက်ခဲ့ပဲ ငါတို့ဘုရားလက်ထက်၌ ပဋိသမ္ဘိဒါလေးပါး အဘိညာဉ်ခြောက်ပါး သမာပတ်ရှစ်ပါးနှင့် ပြည့်စုံသည့် "ကင္ခုစ္ဆုဘိက္ခာဒါယိကာ ရဟန္တာမ" ဖြစ်လာပြီးလျှင် ပရိနိဗ္ဗာန်စံဝင်သွားခဲ့ဘူးပြီ။

## ပဒ္မ ဒီပိကာ ထေရိမ

ထို့အတူ ပဒ္မ ဒီပိကာ ထေရိမလောင်းသည် ဆီမီးငါးတိုင်ကို ပဒုမုတ္တရဘုရားရှင်အား လှူဒါန်းခဲ့ဘူးသဖြင့် ထိုကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်၌ အမြင့်ယူဇနာခြောက်ဆယ်၊ အကျယ်ယူဇနာ သုံးဆယ်ကျယ်သော "ပဒ္မဒီပ"မည်သော နတ်ဗိမာန်၌ ခံစား စံစားခဲ့ရသည်။ နတ်မိဖုရားကြီး အကြိမ်ရှစ်ဆယ်၊ စကြာမင်း မိဖုရားကြီး အကြိမ်တရာ ခံစား စံစားပြီးနောက် ငါတို့ ဂေါတမမြတ်စွာဘုရား၏ ဤသာသနာတော်၌ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမကြီးအဖြစ်နှင့် ပရိနိဗ္ဗာန် ဝင်စံသွားခဲ့ဘူးပြီ။

ဤသာဓကမျိုးတွေ အပဒါန်ပါဠိတော်၌ များစွာ ဟောတော်မူခဲ့ရာ အနည်းငယ်သော အလှူဝတ္ထုနှင့် ဖြောင့်မှန်သော စေတနာကြောင့် ကြီးကျယ်များပြတ်လှသော အကျိုးထူးတွေခံစားရရှိနိုင်သည်ကို သံသယရှိနေဖွယ် မလိုပေ။

သူကြီး ဦးစုမတူဆူးတို့ လှူဒါန်းသော အလှူကိစ္စပြီးလျှင် ဦးစုမတူဆူးတို့အိမ်မှ ထပြန်ခဲ့ကြသည်။ ရွာဦးအထိ ဦးစုမတူဆူးတို့က လိုက်ပို့လိုက်ကြသေး၏။

## ပ-လ-က တပိုင်စခန်း

စာရေးသူတို့ကား လေရှီးလမ်းမကြီးဆီကို ပြန်ဆုတ်ခဲ့ကြသည်။ ထမန်သီရွာကြီးသို့ ပြန်လှည့်ရန် အချိန်စောလွန်းနေသေး၏။ ထို့ကြောင့်

လေရှိုး လမ်းမကြီး အတိုင်း ရှေ့သို့ ဆက်၍ လျှောက်ခဲ့ကြပြန်သည်။ (ပ-လ-က)တမိုင်စခန်းသို့ ရောက်လိုကြသေးသောကြောင့် ဖြစ်သည်။ ''သွားပါများခရီးရောက်''ဟူသော ပေါရာဏကထာအတိုင်း ထမန်းသိမှ တမိုင်ခန့်ဝေးသော (ပ-လ-က) စခန်းသို့ မကြာမတင် ရောက်သွားကြ၏။ သူတို့ ပ-လ-က စခန်းကလည်း တောတောင်အကြား၌ သာယာစွာ တည်ရှိသော စခန်းတည်း။ မြင့်မားသော သစ်ပင်ကြီးများနှင့် ကမူကလေးများ၏ အလယ် ချိုင့်ဝှမ်းသော နေရာကလေး၌ တည်ရှိလေသည်။ အနီးအနား၌ စမ်းချောင်းကလေးကလည်း တသွင်သွင် စီးဆင်းလျက်ရှိရာ သူတို့အတွက် ကြည်ကြည်လင်လင် သောက်သုံးစရာရေလည်းပေါ၊ စခန်း၏ တန်ဆာတခုအနေလည်း ဖြစ်သောကြောင့် သာယာကြည်နူးဖွယ်လည်း ကောင်းနေပေသည်ဘကား။

လမ်းဘေး တဘက်တချက်ဆီသို့ မျက်နှာမူ ဆောက်လုပ်ထားသော သူတို့နေစရာ တဲအိမ်ကလေးများ၊ မြေညီစက် လမ်းကြိတ်စက်ကြီးများမှာ တိုးတက်နေသော လက္ခဏာကို အထင်အရှား ပြလျက်ရှိသည်။ အိမ်တအိမ်မှပင့်ပြီး ဖျော်ရည်ကပ်သောကြောင့် ဘုဉ်းပေးပြီးနောက် သူတို့ဇာတိကို မေးကြည့်မိရာ ငါးဇွန်မှ ကိုတင်အုန်းနှင့် မခင်အေးတို့ ဖြစ်ကြောင်း သိရ၏။ ငါးဇွန်ဆိုသည်မှာ စစ်ကိုင်းတိုင်း အံပါအဝင်ပေတည်း။ မိမိတို့ ဘဝပေးတာဝန်ကို ''ရေကြည်ရာ မြက်နုရာ'' ဆိုသလို အလုပ်ရှိရာ တရပ်တကျေး ဝေးသော်လည်း မနေသာပဲ လာရောက်လုပ်ကိုင်နေကြရသည်။ ''သမုဒ္ဒရာ ဝမ်းတထွာ'' ဆိုသည့်အတိုင်း လူတို့ဝမ်းမှာ တထွာရှိ၍သာ တတောင်များရှိလျှင် သည်ထက်၊ ၂-ဆတိုးထိန်းသိမ်းကြရမှာပါတကားဟု ဆင်ခြင်မိလိုက်ပါသေး၏။

* တမိုင်စခမ်း၊ လေရှိုးလမ်း၌၊
လုပ်ငန်းဝင်ကြ၊ ပလကသို့၊
ခဏငါတို့၊ ရောက်ကြသည်။

* လုပ်ငန်းတဲစု၊ အိမ်တခုမှ၊
ကြွ ဟု ပင့်ယူ၊ ဖျော်ရည်လှူ၍၊

ကြည်ဖြူရွှင်ပြုံး၊ ဖျော်ရေဘုဉ်းယင်း၊
ကြုံတုန်းနာမည်၊ ဘယ်ရွာပြည်နှင့်၊
ဘယ်ဆီဇာတိ၊ မေးခဲ့၏။

* သူတို့ဇာစ်မြစ်၊ မေးစိစစ်သော်၊
ဒိုစစ်ကိုင်းတိုင်း၊ နယ်တဝိုင်း၏၊
ပုပိုင်းဒေသ၊ ငါးဇွန်ကတဲ့၊
နာမခေါ်နွန်း၊ ကိုတင်အုန်းနှင့်၊
တူပြုံးပိုက်ထွေး၊ မခင်အေးတဲ့။

* ဩော်-ဘဝဇာတ်ထုပ်၊ အထွေးရှုပ်သည့်၊
သမုဒ္ဒရာ၊ ဝမ်းတထွာတွက်၊
ပျော်ရာမနေ၊ တော်ရာနေ၍၊
အချေမကျ၊ လူ့ဘဝသည်၊
ဆန်းလှကြယ်လှ ချေတကား။ ။

**ထမန်သီ ဒုတိယည တရားပွဲ**

တရားနာပရိသတ်မှာ တညထက်ာည များပြားစည်ကားလာ၏။ ယခု ဒုတိယည တရားပွဲ၌ ကျောင်းကြီးပေါ်ဝယ် မဆံ့သောကြောင့် ကျောင်း ကပြင်၊ လှေကားရင်း၊ ပလ္လင်၏ နောက်တလျှောက် ပြည့်ညှပ်နေသည်။ ယနေ့ည တရားပွဲမှာ ·မိုးလွတ်လေလွတ် ဟောကောင်း နေကောင်းဖြစ်၏။

ပြောနေကြအတိုင်း ဦးခင်မောင်နှင့် ဦးညိုပုတို့က တရားမဟောပီရှေ့မှနေ၍ ပရိသတ်တို့အား ကျေးဇူးတင် ဝမ်းမြောက်စကားများ ပြောကြားကြသည်။ ဦးညိုပုတို့အပြီး၌ စာရေးသူက "ဓမ္မပဒ-လာမာတိကမာတာဝတ္ထု" ကို ဟော၍ ဆရာတော် ဦးသံဝရ က "သတိပဋ္ဌာန် အလုပ်ပေးတရား" ကို ပရိယတ် ပဋိပတ် နှစ်ရပ်ညှို၍ ဟောကြားတော်မူ၏။ မြေပြန့်မှာလို ထမန်သီ၌ ခဏခဏတရားနာကြားရသည်မဟုတ်။ ဤလို မမ္မကထိကများ ရောက်ခဲရောက်လာ ရောက်လာကြမှသာ တခါတရံလောက် နာကြားကြရသည်။ ထို့ကြောင့် နာကြားရခဲသော ဤတရားပွဲမျိုး၌ အားရပါးရ လာရောက် နာကြားကြသည်။

ကောင်းလည်းကောင်း၊ မှားလည်းရှားပါးမှ အဖိုးလည်းတန်သည်။ မြန်မာပြည် မြေပြန့်၌ ဗမ္မကယိဘလောင်းတွေ ပေါလွန်းနေသည်။ စာရေးသူသို ဗမ္မကယိကလောက်ကို မြေပြန့်က တမ်းတမ်းတတမရှိကြပေ။ သို့သော် ဤထမန်သီလို ဗမ္မကယိက ရှားပါးသော နေရာကမူ စာရေးသူတို့လို ဆရာတော် ဦးသံဝရတို့လို ဗမ္မကယိကမျိုးကို အကောင်းဆုံးအဖြစ် သဘောထား၍ နာကြားကြသည်။ လိုလိုချင်ချင်ရှိကြသည်။

## ထမန်သီ သမိုင်း၊

သိချင်လျက် အချိန်မရသောကြောင့် ထမန်သီ သမိုင်းကို ထိထိရောက်ရောက် လေ့လာခွင့် မရခဲ့။ လေ့လာခွင့် ရသည်တိုင်အောင် ပြည့်ပြည့်စုံစုံ သိနိုင်မည်မဟုတ်ပေ။ အကြောင်းမှာကား စုဆောင်းရှာဖွေနေကြသော သုတေသီတို့ကိုယ်တိုင် မပြည့်မစုံ မလေ့လာကြရသေးသောကြောင့် ဖြစ်သည်။ လူထုဦးလှ၏ "နာဂတောင်တန်း တစေ့တစောင်း" ၌ ဒဏ္ဍာရီဆန်ဆန် ဝတ္ထုကလေး တပုဒ်နှင့် "တမန်သီ" မှ "ထမန်သီ" ဖြစ်လာကြောင်း သမိုင်း ကလေးကို ဖော်ပြထားသည်။ သူ့အဆိုကို သိလိုက "နာဂတောင်တန်း တစေ့တစောင်း"၌ ကြည့်ရှုကြရန် ညွှန်ကြားရပေသည်။

## နေရာလည်း တိုး ရက်လည်းခိုး

တရားဟောအဖွဲ့ကို သံယောဇဉ်ကြီးသော မိုးသေးမိုးဖွဲကလေးများ ကတော့ တဖွဲဖွဲရွာလျက်ရှိနေသည်။ တန်ဆောင်မုန်းလဆန်း ၇-ရက် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးချိန်၌ ထမန်သီမှ ထွက်ခွါရန် စီမံကြတော့မည်။ ထမန်သီမှ ယနေ့မခွါလျှင်မဖြစ်၊ ခွါမှဖြစ်မည်။ ထမန်သီမှခွါ၍ မောင်းခမ်းသို့ သွားကြရမည်ဖြစ်လျက် မောင်းခမ်းက အကြိုအထောက်ကလည်း မရောက်လာသေး။

မူလအစီအစဉ်၌ မပါသော နောင်ပင်ကလည်း တရားတပွဲ ဟောကြားအောင် ဟောပေးပါရန် မနေ့ညကပင် လူကြုံပါး၍ အကြောင်းကြားပြန်သည်။ မောင်းခမ်းမရောက်မီ လမ်းခုလပ်၌ နောင်ပင်ရွာက နေသည်။

ရန်ကုန်ရိပ်သာ၌ တရားအားထုတ်ခဲ့ပြီးဖြစ်၍ ထို့ဌာန၌ တရားပြနေသော ဆရာတော် ဦးဓမ္မဒိန္နက ရှိနေသောကြောင့် နောင်ပင်သို့ မဝင်လျှင်လည်း မဖြစ်ပါ။ ဝင်ကြရမည်ပင်။ မဝင်မဖြစ်၍ ဝင်ရောက်ဟောပြောနေပြန်လျှင် ခရီးအတွက် အချိန်နှောင်းသည်ထက် နှောင်းကုန်တော့မည်။ ထို့ကြောင့် "အချိန်လည်းတိုး ရက်လည်းခိုး" အနေရောက်အောင် ဆရာတော် ဦးသံဝရနှင့် ဦးညီပုတို့က ယနေ့ည နောင်ပင်၌ တရားဝင်ဟောခဲ့ကြရန်နှင့် စာရေးသူနှင့် ဦးခင်မောင်တို့က ယနေ့ည မောင်းခမ်း အရောက်သွား ဟောကြရန် အစီအစဉ် ပြုလုပ်ကြရတော့သည်။ မောင်းခမ်း၌ နှစ်ပါးတွဲ၍ နှစ်ညဟောရမည့်အစား တပါး တည ဟောလိုက်ကြခြင်းဖြင့် ခရီးနှင်လိုက်ကြခြင်း ဖြစ်၏။

တဖန် မောင်းခမ်း၌ ဒုတိယည ဆရာတော် ဦးသံဝရနှင့် ဦးညီပုတို့ ဟောနေစဉ် စာရေးသူတို့က ကောယား၌ ပထမည ဆက်ဟောနှင့်ကြရမည်ဖြစ်၏။ ဤနည်းဖြင့် ရှေ့လျှောက် မူလအစီအစဉ်အတိုင်း မကျ မချင်း ဟောသွားကြရပေလိမ့်မည်။

## ဖင့်စရှိလျှင် ဖင့်ချင်ချင်တည့်

ထမန်သီမှ ခွါဖို့ပြင်ဆင်ကြလေပြီ။ ကြိုဆိုသင့်သည့်ဌာနက အကြိုအဆို မရောက်လာသော်လည်း ထမန်သီဆိပ်ကမ်း၌ ယူဘီတစင်း ညကဆိုက်ကပ်လာသဖြင့် ထိုယူဘီနှင့် လိုက်ရန် သက်ဆိုင်ရာသို့ ညကပင် အကြောင်းကြားထားပြီးသားဖြစ်သည်။ သူတို့ ပြောထားသော အချိန်လိုသေးသောကြောင့် အရုဏ်ဆွမ်းကိုပင် ဖြေးဖြေးဆေးဆေး ဘုဉ်းပေးနေလိုက်ကြသေးသည်။ အချိန်မှာ နံနက် ၅-နာရီသာ ရှိသေး၏။ သူတို့ ပေးထားသော အချိန်က နံနက် ၆-နာရီတည်း။ သို့နှင့် ဖြေးဖြေးဆေးဆေး ဆွမ်းစားနေစဉ် ဒကာတယောက် ရောက်လာပြီး "ယူဘီ" ထွက်သွားပြီ ဖြစ်ကြောင်း လျှောက်ထားပါလေတော့သည်။

"ဖြစ်မှဖြစ်ရလေဗျာ၊ သေသေချာချာ သွားပြောထားပါတယ်။ ၆-နာရီမှ ထွက်မှာဖြစ်လို့ ဖြေးဖြေးသာ လာခဲ့ကြပါလို့ ယူဘီအမှုထမ်းက ကို ပြောလိုက်ပြီး အခုတော့ ၅-နာရီရှိသေး၊ ထွက်သွားသတဲ့ဗျာ"

ဒကာကြီး ဦးခင်မောင်က စိတ်လက် မချမ်းသာသံနှင့် ညည်းညည်း ညူညူ ပြောရှာသည်။

"ဘာကြောင့်ရယ်တော့ မသိဘူးဗျာ၊ သူတို့ မတင်ချင်လို့ မတင်တာ ကတော့ ထင်ရှားတယ်။ ထမန်းသီကခွါတော့ စက်မနှိုးပဲအသာ တွက်ခွါ ပြီး မျှောချသွားကြတယ်။ အတော်ဝေးဝေး ရေလယ်ရောက်မှ စက်နှိုး သွားကြတယ်။ စက်သံကြားယင် လိုက်မည့်သူတွေ လာမှာစိုးလို့ပေါ့။ လုပ်ပုံကတော့ အတော်နေရာမကျတဲ့ လုပ်ပုံပဲဗျာ" လျှောက်ထား လာသူကလည်း စိတ်လက် မချမ်းမသာပင် ဤသို့ဆိုလေ၏။

"ယမ္ပိစ္ဆံ နလဘတိ တမ္ပိ ဒုက္ခံ-နှင့် တွေ့ရပြန်မှကိုး" ဟု အသင့် အတင့် နှလုံးသွင်းကာ ဘုရားဟော ဒေသနာတော်ကို ဆက်ကိုင်ထားပြီး စိတ်လက်မချမ်းမသာ ဖြစ်မနေတော့ပဲ "လုပ်သလို မဖြစ်ယင် ဖြစ်သလို လုပ်ရန်" လှေငယ်တက်သေးရဖို့ အားထုတ်ကြရ လေတော့သည်။

# ၁၄။ ထမန်သီမှ မောင်းခမ်းသို့

လှေငယ်တက်သေး ပြင်ယင်း၊ ဆင်ယင်း၊ စီမံယင်းနှင့် အချိန်မှာ နံနက် ၇-နာရီပင် ရှိသွားပြီဖြစ်၏။ နေ့ဆွမ်းအတွက် လှေပေါ်တွင် ဘုဉ်းပေး ရန် ချိုင့်များဖြင့်ထည့်၍ အဆင်သင့် ပြင်ထားလိုက်ကြသည်။ သွား တော့မည်ဆိုတော့ ထမန်သီဒကာ, ဒကာမတို့က ကန်တော့ကြ၊ ဘုန်းကြီးတို့က ဆုပေးကြဖြင့် ထွက်ခွါရန် ဟန်ပြင်ကြသည်။ ကန် တော့ခြင်း၊ ဆုပေးခြင်း ပြီးပြန်တော့လည်း လှေက ပြင်ဆင်မပြီးသေး၍ စောင့်ရပြန်၊ လှေပြင်ပြီး၍ သွားမည်လုပ်ပြန်တော့လည်း သူတို့က ထပ်မံ ကန်တော့ကြပြန် သည်တော့ ဆုမပေး၍ကလည်းမဖြစ်။ သူတို့ ကန်တော့ပြီးတော့ ဘုန်းကြီးတို့က ထပ်ပြီးဆုပေးကြရပြန်နှင့် ဆိုတော့ အဖန်ဖန် ကန်တော့ကြ၊ အထပ်ထပ်ဆုပေးကြ ဖြစ်ပြီး ကန်တော့သူတို့ ကလည်း သည် "ဩကာသ" ဆုပေးသူတို့ကလည်း သည် "မဂ်ဉာဏ်- ဖိုလ်ဉာဏ်" အကြိမ်ကြိမ်ထပ်၍သာ နေတော့သည်။

လှေအဆင်း၌ အားတက်သရော လိုက်ပို့ကြသည်။ လှေဝမ်းအကျယ် တတောင့်ထွာခန့်၊ အလျား ၁၂-တောင်ခန့်ရှိသော လှေ၏ ဝမ်းတွင်း အမိုးအောက်၌ ခပ်ရှိ့ရှိ့ ထိုင်ကြရ၏။ နောင်ပင် သူကြီး ဦးဘဉာဏ် နှင့် အဖော်ဒကာ နှစ်ဦးတို့က ဦးနှင့်ပဲ့ အသီးသီး ထိုင်လျက် လှေထွက် ရန် ဟန်ပြင်နေကြသည်။ လှေဆိပ်သို့ လိုက်ပို့ကြသော ထမန်သီ ပရိ သတ်တို့ကား ဆိပ်ကမ်းပေါ်၌ လက်အုပ်ချီလျက် ရှိမြဲ ရှိကြသေးသည်။ လှေပေါ်ရောက်၍ အားလုံး အနေတကျဖြစ်သွားသော အခါ ထမန်သီ ဆိပ်ကမ်းမှ ထွက်ခွါခဲ့ကြရာ လိုက်ပို့သူ ပရိသတ်တို့မှာ မျက်စိ တဆုံး ကြည့်ကျန်ရစ်ကြတော့သည်။

၁၅-မိနစ်ခန့် စုန်ဆင်းမိကြလျှင် စွယ်တော်ကုန်း ရွာသို့ ရောက်လာ သည်။ ဤ တွင် မောင်းခမ်းမှ လာကြိုသော မော်တော် နှင့် မမျှော်လင့်ပဲ တွေ့ကြရ၏။ မော်တော်ကို အရှိန်သတ်ပြီး လှေပေါ်မှ မော်တော်ပေါ်သို့ ပြောင်းကြသည်။ မောင်းခမ်း ဒကာများ အပြင်

နောင်ပင် ဒကာများနှင့် ဆရာတော်ဦးဓမ္မဒိန္နတို့ပါ ပါလာကြသည်ကို တွေ့ရ၏။ ထမန်သီမှ လိုက်ပို့သော လှေကို စွယ်တော်ကုန်း ရွာမှာ အပ်ထားခဲ့ပြီး မောင်းခမ်းသို့ ဆက်လက်ပြီးစုန်ရန် စီမံ ကြသေးသော်လည်း ထမန်သီသို့ ပြန်၍ မရောက်လျှင် မဖြစ်သော အကြောင်းကပေါ်ရှိလာ၏။ ပါလာသော ထိုအကြောင်းမှာ ထမန်သီသို့ မော်တော် ရောက်ပါကြောင်း သိစေရန် ထမန်သီရဲဌာနသို့ လက်မှတ်ရေးထိုး ရဦးမည့်အကြောင်းပေတည်း။

ထို့ကြောင့် လှေကို မော်တော်မှာ တွဲပြီး ထမန်သီသို့ တဖန် ဆန်တက်ခဲ့ကြရပြန်သည်။ နံနက် ၉-နာရီအချိန်မှာ ထမန်သီသို့ ရောက်ကြပြန်ရာ မော်တော်သမားများသည် ရောက်လျှင် ရောက်ချင်း ရဲဌာနသို့ သွားရောက်၍ လက်မှတ်ထိုးကြသည်။ ဤမော်တော်သမားများ ရဲဌာနမှ အပြန်၌ သိရှိရသဖြင့် စောင့်နေကြရပြန်သည်။

တရားဟောအဖွဲ့ ထမန်သီသို့ ရောက်လာကြပြန်ကြောင်း သတင်းကို ထမန်သီ ဒကာ, ဒကာမတို့က ကြားသွားပြန်သောကြောင့် သူတို့တတွေ မော်တော်ပေါ်အထိ ရောက်လာကြပြန်ပါသည်။ အံ့သြသောမျက်နှာဖြင့် တဖန် ထုံးစံအတိုင်း ကန်တော့ကြပြန်လေသည်။

"ဆုပေးပေ့ ပေးရလွန်းလို့ ကုန်နေတာကြာပြီ။ ဒါကြောင့် ဒီဆုပေးချည်း ပေးနေရတယ်။ အခုလဲ ပေးပြီးသားဆုကိုပဲ ထပ်ပေးစရာရှိတယ်။ နောင်တခါလာမှ ထမန်သီဖို့ ဆုတွေအများကြီး ကျက်လာခဲ့ပါဦးမယ်" ဆရာတော်ဦးသံဝရက ဤသို့ပင် ရယ်စရာကလေးနှင့် စကားပလ္လင်ခံပြီး ဆုပေးလေ၏။

ကန်တော့ကြသော ပရိသတ်တို့မှာ ဆရာတော်၏ ရယ်စရာစကားကြောင့် ပြုံးရယ်ကြသည်။ စီးနင်း လိုက်ပါဦးမည် ဆိုသော အရာရှိကို စောင့်နေကြရသည်မှာ ၉-နာရီခွဲပင် ကျော်သွားလေပြီ။ သို့နှင့်လည်း မရောက်လာသေးသောကြောင့် သွားခေါ်ကြရပြန်၏။ "မလိုက် ဖြစ်တော့ဘူးတဲ့" ကိုင်း-မှတ်ကရော။ အလိုလိုမှ ခရီးဖင့်ပါသည်ဆို အရေးတကြီး ပြေးနေစဉ် ခြေထိုး ခံလိုက်ရသလို နာရီဝက် ကျော်ကျော် ဖင့်သွားရပြန်သည်။ ထမန်သီမှ နံနက် ၁၀-နာရီ အချိန်ကျကာမှ မော်တော် ထွက်ခဲ့ရတော့သည်။

## တို့က ချမ်းသာထက် ဆင်းရဲကို ပိုကြိုက်တယ်

သွားလာရာ၌ ယာဉ်အခက်အခဲကြောင့် ချင်းတွင်းမြစ် တလျှောက် ယက်ကန်းလွန်းထိုးသလို သွားလာ နေကြရသည်။ အိပ်မက်ထဲ၌ ပြေးရသလို ခရီးမပေါက်ပဲ ရင်မောစရာ ဖြစ်သည်။ မိုးကလည်း တဖွဲဖွဲနှင့် မစဲပဲ ရှိတော့သည်။ မြေပြန့်အထက် မြန်မာပြည် မန္တလေး၊ စစ်ကိုင်း၊ မကွေးစသော ဒေသဆီသို့ မိုးလိုသောအခါ ပို့လို့ရလျှင် တောင်တန်းမိုးတွေကို ပို့လိုက်ချင်စမ်းပါဘိ၊ ခရီးကလည်း အဆင်မပြေ။ မိုးကလည်း တဖွဲဖွဲဆိုတော့ စိတ်ပျက်မည်ဆိုလျှင် ပျက်စရာပါပေ။ သို့သော် စာရေးသူကတော့ စိတ်မပျက်ပါ။ ဒုက္ခဘုံထဲ၊ ဒုက္ခဝဋ်က မလွတ်သေးတဲ့ အတူတူ သည် ဒုက္ခ၊ ဟို ဒုက္ခဆိုသလို မှိုလို ပေါက်နေသော ဒုက္ခအမျိုးမျိုးနှင့် တွေ့နေရမည်သာဖြစ်သည်။ နိုင်ငံကျော် အရှင် ဇာဒိစ္စဝံသ အသက်ထင်ရှားရှိစဉ်က ပြောဘူးသည်ကို အမှတ်ရမိသည်။

"တို့က ချမ်းသာထက် ဆင်းရဲကို ပိုကြိုက်တယ်" ဟူ သတည်း။ စဉ်းစားကြည့်တော့ သူပြောသည်က သဘာဝ ကျပေသည်။ နိဗ္ဗာန် ချမ်းသာကို မရသေးသမျှတော့ ဆင်းရဲကို ပိုကြိုက်နေကြသေးသော သူတို့ချည်းသာတည်း။ လမ်းမှားနှစ်သွယ်ကို ရှောင်ဖယ်၍ မဇ္ဈိမပဋိပဒါ ရှစ်ဖြာမဂ္ဂင် အကျင့်ကို ကျင့်ရာ၌ပင် အပင်ပန်းမခံလိုပဲ ဆင်းရဲကို မကြိုက်က နိဗ္ဗာန်ကို မဆိုက်ရောက်နိုင်ပေ။ ဒုက္ခကို မမြင်၍ သုခထင်မှားသူတို့လည်း ဒုက္ခကို ကြိုက်ကြသည်။ ဒုက္ခကို မြင်၍ သုခကို လိုချင်လျှင်လည်း ဒုက္ခကို အရင်းတည်မှသာ ရနိုင်ပေသည်။ ထို့ကြောင့် နိဗ္ဗာန်ကို မရသေးသမျှတော့ ဆင်းရဲကို ကြိုက်နေကြသော သူတို့ချည်းသာတည်း-ဟု ဆိုလိုက်ရသည်။ ယခု တရားဟော အဖွဲ့သားတို့ ခံကြရသော ဒုက္ခမှာ အတ္တ ပရ၊ သုခပွါးကြောင်း တရားကောင်းတို့ကို ဖြန့်ချီယင်း တွေ့ကြရသော ဒုက္ခဖြစ်သည်။ မှန်မြတ်သော ဒုက္ခပင်တည်း။ ဘုရားရှင် ဒုက္ခခံခဲ့ရသည်နှင့် စာလျှင် စာရေးသူတို့ ယခုတွေ့သော ဒုက္ခကား မြင်းမိုရ်တောင် နှင့် မုန်ညင်းစေ့ ကွာချေမည်။ ထို့ကြောင့် သည်လို သာသနာပြုလျှင် သည်လို မှန်မြတ်သော ဒုက္ခကို ခံနိုင်ရမည်သာ။ ဒုက္ခကို ကြိုက်ကြရမည်သာတည်း။

တရားဟောအဖွဲ့သည် နံနက် (၁၀) နာရီခွဲလျှင် မော်တော်ပေါ်မှ ဆွမ်းဘုဉ်းပေးကြရ၏။ ထမန်းသီဆွမ်း၊ နောင်ပင်ဆွမ်း၊ မောင်းခမ်းဆွမ်း သုံးဌာနမှ ဆွမ်းများ စုံနေကြသည်။ ဆွမ်းစုံသလို ဆွမ်းဟင်းများကလည်း စုံလှသည်။ စား၍တော့ မြိန်ပါသည်။ သို့သော် ပေါ်များသလောက် များများစားနိုင်ကြသည်ကား မဟုတ်ကြပါ။ စားရုံသာ စားနိုင်ကြသည်။ များပြီကောဟူ၍ ဝသည်ထက် ဟိုဘက်ကျော်စား၍ မဖြစ်ပေ။ ဇူဇကာလို ဘေးဖြစ်မှာကိုရှင်း။ သမဏသာရုပ္ပ မဖြစ်မှာကိုရှင်း၊ နောက်လူများဖို့ မကျန်မှာကိုရှင်း ဆင်ခြင်ရသေးသည်။

ဟော .... ပြောတုန်း ဆိုတုန်း လုပ်ပြန်ပါပြီကော။ မော်တော်စက်ဆိ ကုန်သွားပြီဆိုပဲ။ မရပ်ရုံသာသာ ရေစုန်၌ မျှောချနေရသည်။ နတ်နှင့် ရင်ဆိုင် ကျနေသလော မပြောတတ်ပါ။ ခရီးတလျှောက်လုံး ချောမောသည် ဟူ၍ မရှိလှပဲ ဖြစ်သလိုနှင့် ပြီးကြရသည်။ ရေဆန်မဟုတ်၍ တော်ပေသေးသည်။ ရေဆန်သာဆိုပါလျှင် ထမန်းသီပင် နောက်တခေါက် ရောက်နေကြရဦးမည်ထင်၏။

## ဒုက္ခကို တော်လှန်ခြင်း

မော်တော်ဆီကုန်၍ ရေစုန်မှာ ဖြည်းဖြည်း မျှောချနေရသောဆင်းရဲကို လျစ်လျူရှု၍ ရှုမျှော်ခင်းများကို တဖြည်းဖြည်း ကြည့်ရှုရခြင်းဖြင့် အမြတ်ထုတ်လိုက်သည်။ ဒုက္ခကို တော်လှန်လိုက်ခြင်းပင်၊ ချင်းတွင်းမြစ်ကမ်းတလျှောက် စိမ်းလန်းစိုပြည်သော သစ်ပင်တောတောင်တို့မှာ ညို့နေသည်။ မှိုင်းနေသည်။ ကျက်သရေရှိနေသည်။ တခါတခါ၌ သာယာကြည်နူးဖွယ် ရွာကလေးများကို မြစ်ကမ်းတဘက်တချက်တွင် တွေ့မြင်ရသည်။ မြေပြန့်ဒေသလို ခြောက်ခြောက်သွေ့သွေ့မဟုတ်၊ ရွာကလေးများပတ်ဝန်းကျင်တွင်လည်း တောတောင် ချောက်တွေက စိုပြည်နေသည်။ စိမ်းလန်းနေသည်။ ကြည်နူးဖွယ်အတိပြီးနေသည်။ အမြင်အာရုံသည် အတွင်းစိတ်မာတ်ကို ဆွဲဆောင်လျက် ရှိချေသည် တကားဟုကြည့်ပင်းရှုယင်း ဆင်ခြင်မိ၏။ နေ့ ၁၂-နာရီခွဲ အချိန်ခန့် ကျုံမှုပင်ဆီပြတ်သွားသော မော်တော်ကို ပြင်ဆင်လျက် ဆီထပ်ကည့်ပြီး၍ ဆက်လက် မောင်းနှင်နိုင်လေသည်။

## နောင်ပင်မှ ကြိုကြ-ဆိုကြ

နေ့ ၁-နာရီအချိန်၌ နောင်ပင်ဆိပ်ကမ်းသို့ မော်တော်ဆိုက်ကပ်၏။ အမျိုးသားများက ရွှေထီးများဖြင့်၎င်း၊ အမျိုးသမီးများက သပြေပန်းနှင့် ရေချမ်းအိုးများဖြင့်၎င်း ကြိုဆိုနေကြသည်ကို တွေ့ရသည်။ ဤတွင် ဆရာတော် ဦးသံဝရ၊ ဦးဓမ္မဒိန္န၊ ဒကာကြီး ဦးညီပုတို့နှင့် နောင်ပင်ဒကာများမှာ နောင်ပင်ကွင် ဆင်းနေရစ်ခဲ့ကြလေတော့သည်။

## ရှေးမူမပျက်သော မောင်းခမ်းရှမ်းများ

စာရေးသူနှင့် ဒကာကြီး ဦးခင်မောင်တို့မှာမူ မောင်းခမ်းသို့ ဆက်လက် လိုက်ပါကြရမည်ဖြစ်၏။ ဆရာတော် ဦးသံဝရနှင့် ဦးညီပုတို့ နောင်ပင်မှာ ဟောနေစဉ် စာရေးသူနှင့် ဦးခင်မောင်တို့က မောင်းခမ်းမှာ ဟောရန် စီစဉ်ခဲ့ကြသည့်အတိုင်း ဖြစ်သည်။ နောင်ပင်မှ ဆက်လက်ထွက်ခွါခဲ့သော် မော်တော်သည် ညနေ ၃-နာရီမှ မောင်းခမ်းသို့ရောက်လေ၏။ မောင်းခမ်းမှလည်း အသင့် ကြိုဆိုလျက်ရှိကြ၏။ မော်တော်ကမ်းသို့ မကပ်မီကပင် ကြိုဆိုသူတို့ထံမှ ကြေးစည်သံကလေး များကို ကြားနေရ၏။ သာသနာရေး ကိစ္စတိုင်းတွင် ကြားနေကျ ဖြစ်သော ကြေးစည်သံကလေးမှာ ယဉ်ကျေးမှုနှင့် ရောစပ် ထွက်ပေါ် လာခြင်း ဖြစ်သောကြောင့် ချိုအေးသာယာ လှပေသည်။ ကြိုဆိုနေကြသော ဥပါသကာများကလည်း ပုဆိုးဟောင်ရှည်၊ အင်္ကျီ လက်ရှည်၊ မောင့်ကျက်သရေ ခေါင်းပေါင်းများကို ရှေးမူမပျက် ဝတ်ဆင်ထားကြသဖြင့် ခန့်ညားတင့်တယ်လှသည်။ အညိုရောင် တဘက်ရှည်များကို စလွယ်သိုင်းထားကြရုံသာမက စိပ်ပုတီးများကိုလည်း လည်ပင်းတွင် စွပ်ထားကြသေးသည်။ ရှေးမြန်မာ ယဉ်ကျေးမှုများကို ဤကဲ့သို့ စနစ်တကျ မမြင်ရသည်မှာ ကာလကြာမြင့်ခဲ့ပြီ ဖြစ်သောကြောင့် သာသနာ့ယဉ်ကျေးမှုမှာ မောင်းခမ်းရောက်နေပြီကောဟု ကြည်နူးဝမ်းသာမိသည်။ ရှေးဖြစ်ဟောင်းကိုလည်း မှန်းဆအောက်မေ့မိသည်။

## မောင်းခမ်း မဟာစည်ရိပ်သာ

မော်တော်ဆိပ်ကမ်းမှာ မိုးရွာထားသောကြောင့် အတက်ရခက်နေသည်။ ကြိုဆိုလျက်ရှိသော ပရိသတ်ရှေ့မှောက်၌ ချော်မလဲအောင် မနဲ

သတိထားတက်ရသည်။ မော်တော်ဆိပ်ကတက်ပြီး မောင်းခမ်းရွာလယ် လမ်းအတိုင်း ဖြတ်သွားကြရ၏။ လမ်းတလျှောက် တွေ့သမျှ ရိပ်သူ ရွာသားများက အရိုအသေပေး၍ ရှိခိုးကြ၏။ ပခုံး၊ ဦးခေါင်းပေါ်၌ အထမ်းအရွက် ပါနေသူများကမူ ခြေစုံရပ်လျက် အရိုအသေပေးကြ သည်။ "ကမ္ဘာတဝန်းလုံးရှိ လူမျိုးတိုင်းသာ ဤယဉ်ကျေးမှုမျိုး အညီ အမျှ ရှိနေကြမည်ဆိုပါလျှင် ရာဇဝတ်မှုများလည်း ရှိနိုင်မည်မဟုတ်၊ ကမ္ဘာ့စစ် ဒေသန္တရစစ်တွေလည်း တိုက်ကြခိုက်ကြတော့မည်မဟုတ်" ဟု ဆင်ခြင်စဉ်းစားမိလိုက်သည်။

မောင်းခမ်းရွာမှထွက်လျှင် အရှေ့ဘက်သို့တမိုင်ခန့်သွားမှ သာသနာ့ ရိပ်သာသို့ ရောက်သည်။ မိုးရွာထားသောကြောင့် ချောကျိကျိ ဖြစ်နေ ၏။ ခြေချော်မလဲအောင် မနဲ သတိထားသွားကြရ၏။ ခြေလှမ်းတိုင်း မလဲအောင် အမှတ်သတိနှင့် သွားနေကြရသဖြင့် ပတ်ဝန်းကျင် အခြေ အနေကိုပင် လှလှကြည့်ရှုခွင့်မရ။ ပကတိရာသီဥတုမှာ မိုးမပြတ် ရွာသွန်းနေသော မိုးနှောင်းကာလ ဖြစ်သည့်အတိုင်း အေးနေသည်။ သို့သော် ချော်မလဲအောင် အားထုတ်၍ တမိုင်ခန့် တောလမ်းအတိုင်း သွားနေရသဖြင့် မအေးနိုင်တော့ပဲ ခန္ဓာကိုယ်မှ ချွေးများပင် ထွက်နေ တော့၏။ သို့နှင့်ပင် ညနေ ၃-နာရီခွဲအချိန်မှာ ရောက်လိုသော ရိပ်သာ သို့ ရောက်ကြသည်။

## ကြည်နူးဖွယ် ရိပ်သာ

ရိပ်သာအဝင်ဝ၌ ဆွဲထားသော ဆိုင်းဘုတ်ကြီးမှာ အဝေးမှပင် မြင်နိုင်အောင် ထင်ရှားလှ၏။ "ဝေသာလီချောင် ကန်အောင်မင်္ဂလာ- သာသနာ့ရိပ်သာ မဟာစည်ဌာနခွဲ"ဟူ၍ ရေးဆွဲထားသည်။ ထို ဆိုင်း ဘုတ်အောက်မှ ဝင်သွားကြတော့၏။ ရိပ်သာတွင်းသို့ ဝင်လိုက်သည် ဆိုလျှင် ကြိုဆိုနေကြသော ယောဂီများကို တွေ့ရတော့၏။ သူတို့ကိုယ်၌ အညိုရောင် တဘက်များကို သိုင်းထားလျက် လက်အုပ်ချီနေကြသည်။

ရိပ်သာမှာ စမ်းချောင်းကြီးကို ဗဟိုပြု၍ တဘက်တချက်ရှိ တောင် ကမူကလေးများပေါ်တွင် ကမ္မဋ္ဌာန်းကျောင်းကလေးများကို အချိုးကျ ဆောက်ထားသည်။ ပထမ တောင်ကမူကလေး၏ အထက်ရှိ လမ်းမကြီး

ပေါ်အတိုင်း လျှောက်သွားကြရသည်။ လက်ဝဲဘက်၌ ကမ္ဘောဌာန်းကျောင်း ခုနစ်ကျောင်းနှင့် အိမ်သာတလုံးကိုင်း၊ လက်ျာဘက်၌ ၆-ကျောင်းနှင့်အောက်ဘက်နား၌ ၁၂-ကျောင်းအပြင် အိမ်သာတလုံး ကိုင်း၊ ထို ၆-ကျောင်းနှင့် ၁၂-ကျောင်းကြား၌ လမ်း တသွယ်ကိုင်း တွေ့ရသည်။ ၎င်းတို့၏ လက်ျာဘက်၌ရှိသော လမ်း တလမ်းမှာမူ "အောင်တော်မူလမ်း"ဟူသော စာတမ်း ထိုးထားသည်ကို ဖတ်ရှုရသည်။ အောင်တော်မူလမ်း၏ လက်ျာဘက် မြေပြန့်၌ ၁၂-ယောက်နေလောက်သော ကျောင်းတဆောင်နှင့် ရေတွင်းတတွင်း ရှိသည်။ လက်ျာဘက်၌မူ ရိပ်သာတခုလုံး ပတ်သွားသော လမ်းကြီးဖြစ်ရာ ထိုလမ်းမကြီးကို "လမ်းမတော်" အမည်ပေးထားသော ဆိုင်းဘုတ်ဖြင့် ညွှန်ပြထားသည်။ ဤသည်တို့ကား အမျိုးသမီး ယောဂီတို့အားထုတ်ကြရာ သီးခြားဌာနများ ဖြစ်ပါသည်။

## မေတ္တာပေါင်းကူး တံတား

ရိပ်သာ ဆရာတော် သီတင်းသုံးသော ကျောင်းသို့ကား မရောက်သေးပေ။ ပဌမ တောင်ကမူရိပ်သာ ဌာနမှာသာ ရှိသေးသည်။ ရှေ့သို့ဆက်၍ လျှောက်ခဲ့ကြရ၏။ မကြာမီ "စိမ်းလဲ့ ကန်သာ" မည်သော ချောင်းကို ဖြတ်ကူးသည့် "မေတ္တာပေါင်းကူးတံတား"ကို တွေ့ရသည်။ ထိုတံတားမှာ (၇၅) ပေခန့်မျှ ရှည်လျားကြောင်း သိရှိရ၏။ တံတားပေါ်၌ ဘေးတဘက် တချက် စီ ဘန်းရပ်လျက် ယောဂီတဘက်ညိုများဖြင့် လက်အုပ်ချီနေကြသော အမျိုးသမီး ယောဂီများကို တွေ့ရပြန်သည်။ လက်ျာဘက်၌ စိမ်းလဲ့ကန်သာ ချောင်းအတွင်းဝယ် ရေကာတာ တခုလည်း ရှိသေး၏။

## ဒုတိယ တောင်ကမူရှိ ရိပ်သာ

မေတ္တာပေါင်းကူးတံတားမှ လျှောက်ခဲ့ကြသော် လမ်း၏ လက်ဝဲဘက်၌ ရိပ်သာ ထင်းရှုံနှင့် အပန်းဖြေ တန်ဆောင်း လက်ျာဘက်၌ သောက်ရေတွင်း နှင့် ဆွမ်းချက်ရုံများကို တွေ့ရသည်။ အနည်းငယ်ဆက်၍ လျှောက်မိလျှင် တောင်ကမူကလေးတခု၏ အောက်ခြေတဝိုက်၌

သိုက်မြိုက်သော ကမ္မဋ္ဌာန်းကျောင်း အဆောက်အဦ တို့ကို တွေ့ရ ပြန်သည်။ တဖန် လမ်းလေးခွ အဆုံမှနေပြီး တောင်ကမူကလေးပေါ် တက်သွားသော လမ်းအတိုင်း လျှောက်ခဲ့ကြရာ တောင်ကမူကလေး ပေါ်အရောက်၌ ရှုခင်းသာမှာ သာယာလှသည်။ တောင်ကမူကလေး၏ ဝဲဘက်အောက်ခြေ၌ ကမ္မဋ္ဌာန်းကျောင်း လေးကျောင်းကို အပေါ်မှ လှမ်းမြင်နေရသည်။ လက်ျာဘက် တောင်ပတ်လမ်း အောက်ခြေ၌ လှည့်ပတ် ဆောက်လုပ်ထားသော ကမ္မဋ္ဌာန်းကျောင်းကလေးများမှာမူ အနောက်ဘက်မှ ၄-ဆောင်၊ တောင်ဘက်မှ ၆-ဆောင်နှင့် ရေတွင်း တတွင်း အိမ်သာ ၂-နေရှိ၏။ ဆင်ခြေလျှော၌ ဆောက်လုပ် ထားသော အဆောက်အဦများကိုရင်း၊ တောင်ကမူထိပ် ဝဲဘက်၌ နာယက ဆရာတော် နေသော ကျောင်း၊ သိမ်တိုက်၊ ကုဋီ၊ ယာဘက်၌လည်း နာယက ကျောင်း၊ ကုဋီ၊ ဓမ္မာစရိယကျောင်း၊ ဓမ္မာရုံ၊ တန်ဆောင်း၊ သံဃာ တော်များသုံးရန် အုတ်ရေကန်များကို တွေ့နိုင်သည်။ ဤသည်တို့ကား ဒုတိယ တောင်ကမူ၌ တည်ရှိသော အဆောင်အယောင်တို့ ပေတည်း။

## ရိပ်သာဆရာတော်ထံရောက်

သိမ်တိုက်ပေါ်ရှိ ရိပ်သာဆရာတော်ထံ ရောက်ရှိသွားကြသော အခါ ရိပ်သာဆရာတော်အား ဦးချကန်တော့ကြသည်။ သွားရေး လာရေး လမ်းပန်း ချမ်းသာ ဆင်းရဲနှင့်စပ်၍ ဆရာတော်နှင့် အနည်းငယ် စကား စမြည်ပြောပြီးနောက် အရပ်ဒေသ ထုံးစံအတိုင်း ရောက်လာစ စာရေး သူအား ယောဂီတို့က ကန်တော့သဖြင့် ထုံးစံအတိုင်း ဆုပေးလိုက်ရ၏။ ကန်တော့ပြီးလျှင် ဧည့်ခံရာဌာနမှ ယောဂီများ ပြန်ဆင်း သွားကြပြီ ဖြစ်သောကြောင့် ဆရာတော်နှင့် အေးအေး ဆေးဆေး စကားစမြည် ပြောခွင့်ရတော့သည်။

ဆရာတော်၏ ဘွဲ့တော်မှာ ဦးစန္ဒိမာ ဖြစ်သည်။ ဆရာတော် သီတင်း သုံးသော ရိပ်သာမှာ ဤ မောင်းခမ်း ရိပ်သာ မဟုတ်ပေ။ ဟုမ္မလင်းတဘက်ကမ်း ကက်သာရိပ်သာမှ ခေတ္တလာရောက် သီတင်း သုံးနေခိုက်ဖြစ်သည်။ မောင်းခမ်း ဒကာ, ဒကာမတို့၏ ပင့်လျှောက်

တောင်းပန်ထားခြင်းကြောင့် နှစ်စဉ် တလ နှစ်လ စသည် အခွင့်သင့်သလို ဤရိပ်သာသို့ ကြွလာသီတင်းသုံး နေခဲ့ရခြင်း ဖြစ်၏။

ဆရာတော်သည် ရန်ကုန် သာသနာ့ရိပ်သာ၌ သတိပဋ္ဌာန် ဝိပဿနာတရားကို ကိုယ်တိုင်အားထုတ်ခဲ့ပြီးနောက် တရား ညွှန်ပြနည်း၊ ဟောပြောနည်းပါ လေ့လာခဲ့သည်။ ဝိပဿနာအရာတွင် အစစကျွမ်းကျင်အောင် ကိုယ်တိုင်အားထုတ်ခဲ့ပြီးမှ ကက်သာ၌ ကမ္မဋ္ဌာန်းဌာနတည်၍ တရားပြသနေကြောင်း သိရသည်။ မောင်းခမ်းရိပ်သာသို့ ကြွရောက်နေသည့်အခါ၌ ကက်သာရိပ်သာ အတွက် တပည့်များနှင့် လွှဲထားခဲ့ရသည်ဟုဆို၏။

၁၃၁၈-ခုနှစ်ကစ၍ ဤရိပ်သာသို့ ကြိုကြား ကြိုးကြား ကြွရောက်တရားပြလာခဲ့ရကြောင်းကိုပါ သိရသည်။ ယခုနှစ်အထိ ရေတွက်ကြည့်သည့်အခါ ၁၀-နှစ်ရှိသွားပြီ ဖြစ်၏။ ၁၀-နှစ်အတွင်း ဤရိပ်သာ၌လာရောက် အားထုတ်ပြီး ယောဂီဦးရေမှာ (၁၇၄၆) ယောက်ရှိသွားပြီဖြစ်ကြောင်းကိုလည်း မိန့်ကြားသည်။ သီတင်းကျွတ်ကတည်းက ကက်သာ ရိပ်သာသို့ ပြန်ကြွရန် ဖြစ်သော်လည်း တရားဟောအဖွဲ့ ကြွရောက်လာကြမည်ဆို၍ မပြန်သေးပဲ စောင့်ဆိုင်း နေရကြောင်းကိုလည်း သိရသည်။ တရားပွဲပြီးလျှင် ဆရာတော်သည် ကက်သာရိပ်သာသို့ ပြန်ကြွမည် ဖြစ်၏။

## အေ-ပီ-စီ- သောက်ကြရသေးသည်

ဦးခင်မောင်နှင့်အတူ ဆရာတော့်ထံမှ ဖဲခွါကြပြီးနောက် တောင်ဘက်ဆင်ခြေလျှောရှိ နာယကကျောင်း၌ နေရာချပေးကြ၏။ နာရီကိုကြည့်လိုက်သောအခါ ညနေ ၄-နာရီခွဲ ရှိနေပေပြီ။ မရွာပဲ မဲနေသောမိုးကြောင့် အေးစိမ့်စိမ့် ဖြစ်နေရသည့်အထဲ မြစ်ရိုးတလျှောက်မှ တိုက်ခတ်လာသော လေအေးလေးက တိုးဝှေ့ တိုက်ခတ်လိုက်သေးသည်။ အေးစိမ့်သော ရာသီဥတုကြောင့်ရင်း၊ ခရီးပန်းလာကြသောကြောင့်ရင်း ဂုတ်ဆက်များလည်း လေးလာသည်။ ထိုင်းထိုင်းမှိုင်းမှိုင်းရှိလာသည်။ ဖျားမှာ ကြောက်သောကြောင့် ဒကာကြီး ဦးခင်မောင်နှင့်အတူ အေပီစီ ၁-ပြားစီ သောက်လိုက်ကြရသေးသည်။ တော်ပါသေးသည်။

အောပီစိသောက်ပြီး မကြာမိပင် အလေးအထိုင်းတို့ ပျောက်ကင်းသွားကြ၏။ အကယ်၍သာ ဤအရပ်ဒေသ၌ ဖျားနာနေမည်ဆိုပါက ဖျားနာသူတို့ရော ရိပ်သာတာဝန်ခံများပါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ကြရပေမည်။ တပင်တပန်း ဖိတ်ကြားထားရသော တရားပွဲများသည်လည်း ပျက်ပြားကုန်ပေလိမ့်မည်။

## ဘုရားလက်ထက်တော်တုန်းကထုံး

မောင်းခမ်းတရားနာ ပရိသတ်တို့မှာ တရားနာရန် တဖွဲဖွဲ ရောက်လာနေကြသည်။ လက်ချည်းအချည်းနှီး လာကြသည်ကား မဟုတ်ကြ။ သူတို့လက်တွင်း ပန်းနံ့သာများ လက်ဆွဲထားကြသည်။ ပါဠိတော်အဋ္ဌကထာ လာ ဘုရားလက်ထက်တော်တုန်းက တရားနာ ပရိသတ်ကို အမှတ်ရမိတော့သည်။

"ဂန္ဓပုပ္ဖါဒိဟတ္ထာ၊ ပန်းနံ့သာ စသည်တို့ လက်ဆွဲကုန်လျက်။ ယေန ဗုဒ္ဓေါ ယေန ဓမ္မော ယေန သံဃော၊ အကြင်အရပ်၌ ဘုရား, တရား, သံဃာသည်။ အတ္ထိ၊ ရှိ၏။ တန္နိန္နာ-တပ္ပေါဏာ- တပ္ပဗ္ဘာရာ ဟုတွာ၊ ထိုဘုရား, တရား, သံဃာ = ရှိရာသို့ ညွတ်ကြ- ကိုင်းကြ-ရှိုင်းကြကုန်သည်ဖြစ်၍။ ဒက္ခိဏဒွါရေန နိက္ခမိတွာ၊ တောင်တံခါးမှ ထွက်ကုန်၍။ ဓမ္မသဝနတ္ထာယ၊ တရားနာအံ့သောငှါ၊ ဇေတဝနံ ဂစ္ဆန္တိ၊ ဇေတဝန်ကျောင်းတော်သို့ သွားကုန်၏"

ဇာတ်- နိပါတ်- ပါဠိ- အဋ္ဌကထာတို့၌ ဘုရားထံသို့ ပရိသတ်တို့တရားနာသွားကြတိုင်း ဤစကား ဤစာဆိုကလေးမှာ တပါထဲ ပါပါနေရာ နားဝင်ချိခဲ့ရ၏။ သို့သော် နံ့သာပန်းတွေကို လက်ဆွဲသွားနေကြသော ပရိသတ်များကိုမူ မျက်စိဖြင့် မမြင်ခဲ့ရ။ စိတ်ဖြင့်သာမှန်းဆ၍ကြည်နူးခဲ့ရသည်။ ယခုမူမောင်းခမ်းတွင် တကယ်ပင် မျက်စိဖြင့် တပ်တပ်ထင်ထင် မြင်နေရလေပြီ။ ကြည်နူးဖွယ်ကောင်းလေစွ။ "သာသနာ့အထက်ဆန်သည်" ဟု ရှေးအဆိုကို ကြားဘူးရာ မောင်းခမ်းရောက်ရာ၌မူ ကြားဘူးသော ဤအဆိုအတိုင်း လက်တွေ့ ဖြစ်နေပါပြီကော ဟုလည်း ဆင်ခြင်မိလိုက်သည်။

## ဦးဖိုးအိုကား အိုလှပြီ

ဒကာကြီးတယောက် ပျားရည်လာကပ်သောကြောင့် "ဒကာကြီး နာမည် ဘယ်လိုခေါ်ပါသလဲ" မေးကြည့်ရာ ဦးဖိုးအို ဖြစ်ကြောင်း လျှောက်ထားသည်။ ညအသုံးပြုရန်အတွက် ဖယောင်းတိုင်နှင့် မီးခြစ်ကိုလည်း ဦးဖိုးအိုက ကပ်သေးသည်။ ဦးဖိုးအိုမှာ အသားဖြူဖြူ အရပ်ရှည်ရှည် ဆံပင်များ ဖြူနေရုံသာမက နှုတ်ခမ်းမွေးများပါ ဖွေးဖွေးဖြူနေလေပြီ။ ဦးဖိုးအို ဆိုသည့်အတိုင်း နာမည်နှင့်လိုက်အောင် အိုလှလေပြီဖြစ်၏။ သူ့ကိုယ်၌ ယောဂီတဘက်နှင့် အဝတ်ဖြူကို ဂတ်ဆင်ထားရာ စာရေးသူက သာယနာ့မျက်စိဖြင့် ကြည့်သောကြောင့် အိုသော်လည်း ကြည့်လို့ အင်မတန်ကောင်း အင်မတန်တင့်တယ်နေသည်။ ဤအသက်အရွယ်တိုင်အောင် လေးကန်ခြင်းမရှိ၊ လုပ်ပုံကိုင်ပုံ သွက်လက်ချက်ချာတုန်းပင် ရှိသေးသည်။ စကားစမြည် အနည်းငယ်ပြောမိလျှင်ပင် စာရေးသူနှင့် ဦးဖိုးအိုမှာ ရင်းရင်းနှီးနှီး ဖြစ်သွားကြ၏။ ဤရိပ်သာတည်ထောင် ဆောက်လုပ်ရာ၌ ဦးဖိုးအိုမှာ အစိကပါဝင်ခဲ့ကြောင်း သိရသည်။

"စိမ်းလဲ့ကန်သာ ချောင်းကလေးနဲ့ဆိုတော့ အင်မတန် သာယာတဲ့ ရိပ်သာပါပဲ"

"ဒီချောင်းတခုထဲရှိတာ မဟုတ်သေးပါဘူးဘုရား၊ ရိပ်သာရဲ့ အရှေ့ထိပ်နှင့် အနောက်ထိပ်မှာလဲ ချောင်းတခုစီ ရှိပါသေးတယ်။ ချောင်းသုံးချောင်း ကမူနှစ်ခုနဲ့ ရေပတ်လည်ဝိုင်းနေတဲ့ ရိပ်သာပေါ့ဘုရား"

တရားဟောရန်အချိန်မှာ နီးကပ်နေပြီတည်း။ စကားစမြည် အသင့်အတင့်ပြောပြီး ဦးဖိုးအိုမှာ တရားပွဲပြင်ဆင်ရန် ဆင်းသွားလေတော့သည်။ ဦးဖိုးအို ဆင်းသွားသည်နှင့် စာရေးသူလည်း ပြင်ဆင်ခင်းကျင်းထားသော အိပ်ယာပေါ်၌ အညောင်းပြေစေရန် ကျောခင်းလိုက်သေး၏။ ဒကာကြီး ဦးခင်မောင်ကို ကြည့်လိုက်ရာ သူလည်း သူ့အိပ်ရာပေါ်၌ ကျောခင်းလျက်ပင်။

## မောင်းခမ်း တရားပွဲ

ရိပ်သာအတွင်း ဓမ္မာရုံကြီးထဲတွင် တရားနာပရိသတ် ၅၀၀-ကျော်ခန့် ရောက်ရှိ-နေကြလေပြီ။ လျှပ်စစ်မီးများမရှိ။ ဓမ္မာရုံအတွင်း အောက်လင်း ဓာတ်မီးကြီးများကို ထွန်းထား သဖြင့် လင်းလင်းထိန် နေသည်။ ရောင်စုံ မီးပုံး ကလေးများကိုလည်း ကြိုးကြား ကြိုးကြား ထွန်းညှိထားလိုက်ကြသေး။ ပန်းပေါသော ဒေသဖြစ်သည့် အတိုင်း ဓမ္မာရုံကြီးတခုလုံး ဆင်ယင်ထားရာ ပန်းမျိုးစုံ ပေဝေဆာနေလေသည်။

ထုံးစံအတိုင်း တရားနာ ပရိသတ်တို့က မြတ်စွာဘုရားအား ရေချမ်း ပန်းနှင့် ဆီမီးကိုများ ကပ်လှူခြင်း၊ ရတနာသုံးပါးအား တပါးစီ ပူဇော်ကန်တော့ခြင်း၊ နောက်ဆုံး တရားပလ္လင်ပေါ် ရောက်နေသည့် ဓမ္မကထိကကို ပူဇော် ကန်တော့ခြင်း၊ ဆက်၍ သီလခံယူခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် အစီအစဉ်အတိုင်း ဒကာကြီး ဦးခင်မောင်က မိတ်ဆက်စကား ပြောကြား၏။ ဦးခင်မောင် ပလ္လင် စကားဦး အပြီး၌ စာရေးသူက သတိပဋ္ဌာန် တရားတော်တွင် မာတိကာ မာတာ ဝတ္ထုကိုပါ ထည့်သွင်း ဟောကြား၏။

အသံချဲ့စက်လည်းမပါ။ သို့သော် ရွာနှင့်ဝေး၍ ဆိတ်ငြိမ်မှု ရှိခြင်း၊ တရားနာပရိသတ်တို့၏ သေသေသပ်သပ် ဆိတ်ငြိမ်စွာ နာကြားခြင်းတို့ကြောင့် တရားနာပရိသတ် ၅၀၀-ကျော်ကို ယပေးဟောသံက လွှမ်းသွားအောင် ဟောပြောနိုင်ခဲ့ပေသည်။ ည ၉-နာရီခွဲ၌ တရားပွဲ အပြီးသတ်ဟောကြားလိုက်ပါသည်။

# ၁၅။ မောင်းခမ်းရိပ်သာ၌ အရေးဝါသနာ ဒိုးနှင့် အပြောဝါသနာအိုးတို့ ဆုံကြရာဝယ်

၁၃၃၂-ခု၊ တန်ဆောင်မုန်း လဆန်း ၈-ရက်၊ အချိန်မှာ နံနက် အရုဏ်တက်ချိန်ဖြစ်၏။ ငွေချည်ငွေဥနှင်းနုနုကလေးများက တဖွဲဖွဲ ထွေးနေကြ၏။ မိုးကောင်းကင် တခုလုံးလည်း သွင်ပြင် ညို့ဆိုင်း မှုန်မှိုင်းမှိုင်းနှင့် ထိုင်းတိုင်းတိုင်းပေတည်း။ ကွေးမလုံ ထွေးမလုံ ချမ်း အေးတုံစ တန်ဆောင်မုန်းလ ဖြစ်သောကြောင့် ဝမ်းဗိုက် အတွင်းမှ ပါစက ဓာတ်မီးမှာ အပြင်အအေးဓာတ်က ထွေးပတ်ထားသည် အတိုင်း အင်အားကောင်းလျက် အစာတောင်းနေချိန်ဖြစ်သည်။

ထိုအချိန်၌ ရိပ်သာ ဆွင်းစားကျောင်းအတွင်း ဘုဉ်းပေးရသော ယာဂုမှာ အထူးမြိန်ရှက်စရာ ဖြစ်နေသည်။ ယာဂုအပြီး လက်ဖက်ရည် လည်း ရှိသေးသည်။ မောင်းခမ်း လက်ဖက်သုပ် အမြည်းမုန့် အသီးသီး ကလည်း စားမကုန် သောက်မကုန် အမျိုးစုံလှသည်။ မုန့်ဆွမ်းနှင့် လက်ဖက်ရည်ပွဲပွဲကို အနွေးဓာတ်ယူကာ ပြန်လာခဲ့ပြီးလျှင် တည်းခို ကျောင်းပေါ်ရှိ သင်္ကုလတ်ခြုံထည်ကို လုံအောင်ခြုံ၍ ကွေးနေလိုက်၏။ ဒကာကြီး ဦးခင်မောင်မှာ မောင်းခမ်း ဒကာကြီးဦးဖိုးအိုနှင့် လက်ဖက် ရည်ပွဲတွင် ဆွေးနွေးရန် စကားကောင်း ကျန်ရစ်ခဲ့သည်။

သိပ်မကြာလှ ဦးခင်မောင်နှင့် ဦးဖိုးအိုတို့လည်း လက်ဖက်ရည်ဝိုင်းမှ တည်းခိုကျောင်းပေါ်သို့ ရောက်လာကြသည်။

"ဆရာတော်ကလေး....ချမ်းနေပလား၊ ဟောဒီ ဒကာကြီး ဦးဖိုးအိုက မောင်းခမ်း အကြောင်းကို တော်တော် စုံစုံလင်လင် ပြောပြ နိုင်စွမ်း ရှိပါသတဲ့။ အရှင်ဘုရား မှတ်တမ်းကွက်လပ်ကို ဖြည့်ပေးမည့် ဒကာကြီး

နှင့် ထ, ဆွေးနွေးပါအုံး” ဒကာကြီး ဦးခင်မောင်က ဤသို့ ဦးဖိုးအိုနှင့် အောင်ဘွယ်ထားခဲ့ပြီး ပြောပြောဆိုဆို သူကတော့ လမ်းလျှောက်ထွက်သွားလေသည်။

တရေး လောက်တော့ မှေးလိုက် ဦးတော့မည် အောက်မေ့ကာ မှေးမည် လုပ်တုန်း မမှေး လိုတော့ပဲ မျက်စိ ကျယ်လာသည်။ အကြောင်း သိပြီးဖြစ်သော ဦးခင်မောင်က အပြောကောင်း ပါသနာအိုးနှင့် စာရေးဝါသနာအိုး နှစ်ဦးကို စပ်ပေးသွားခဲ့ပေသည်။

“နေရာကျလိုက်လေ ဒကာကြီး၊ သိလိုတဲ့ဆရာနဲ့ ဗဟုသုတ ကြွယ်ဝတဲ့ ဒကာ လာတွေ့နေကြပြီကော။ ပြောနိုင်သမျှ ပြောပါ ဒကာကြီး၊ မှတ်ဖို့သားဖို့အတွက်တော့ ဒီကတာဝန် ထားလိုက်ပါ အသင့်ပါပဲ”

အရေးဝါသနာအိုးက စ,ပေးလိုက်သည်။ ဤတွင် အပြော ဝါသနာအိုးကလည်း ရှင်တက်လာသည်။ အရေးအမှတ် ဝါသနာအိုးက ဗဟုသုတကြွယ်ဝသူကို တွေ့လိုသည်။ အပြော ဝါသနာအိုးက ပြောသမျှ နားထောင်မည့်သူကို တွေ့လိုသည်။ တွေ့လိုသည့်အတိုင်းလည်း နှစ်ဦးနှစ်ဘက်စလုံး အကြိုက်ကို တွေ့နေကြပြီဖြစ်၏။

“အယင်စစ်မဖြစ်ခင်တုန်းက မောင်းခမ်းသမိုင်း ပရပိုက်မူရှိခဲ့ သပေါ့ဘုရား၊ ဒါပေမယ့် စစ်နဲ့အတူ ခေတ်ပျက်ထဲ ရောပါသွားလို့ အခုတော့ အစအနကို ရှာမတွေ့ရတော့ဘူး။ အဲဒီပရပိုက်မှ သမိုင်းကြောင်းကို အကြမ်းစားလောက်တော့ တော်တော်ဇုံမိအောင် မှတ်မိပါသေးတယ်။ ရွှေနားပန်ဆင်တော်မူပါဘုရား”

ဒကာကြီး အိုက ဤသို့ပင် ခပ်ရှင်ရှင်ကလေး အစ,ချီ၍ လျှောက်ထားလေသည်။

### ဦးဖိုးအိုပြောသော မောင်းခမ်းအစ မိုင်းနွံက

ဟိုအယင် ရှေးက ဒီမောင်းခမ်းရွာရဲ့တောင်ဘက် တမိုင်လောက်မှာ မြောက်ဘက်က စီးဆင်းလာတဲ့ ချောင်းကလေး တချောင်းရှိတယ်။ အဲဒီချောင်းကလေး တလျှောက်မှာ ဝေသာလီ အာသံဘက်က ဆင်းသက်လာတဲ့ လူမျိုးတွေ ပထမ နေခဲ့ကြပါတယ်။ သူတို့ကို ဝေသာလီ

လူမျိုးလို့ ခေါ်ရမှာပေါ့ဘုရား။ သူတို့နေထိုင်ကြတဲ့ နေရာဌာနဟာ တဖြည်းဖြည်း တိုးပွါးများပြားလာပါတယ်။ အိမ်နဲ့အဆောက်အဦတွေ များလာတော့ မြို့ကလေး ဖြစ်လာတာပေါ့။

"မြို့ငယ်" ကို ရှမ်းလို "မိုင်းနွဲ" လို့ ခေါ်ပါတယ်။ မိုင်း-ကမြို့၊ နွဲ-ဆိုတာက ငယ်၊ ပေါင်းလိုက်တော့ မိုင်းနွဲ "မြို့ငယ်"လို့ ဆိုပါတယ်။ အဲဒီ မိုင်းနွဲမှာနေကြတဲ့ လူတွေကို အရပ်မြို့ကိုအစွဲပြုပြီး "မိုင်းနွဲလူမျိုး" လို့ ရှမ်းလိုခေါ်ကြပါတယ်။ မြန်မာလိုတော့ "မြို့ငယ်လူမျိုး" ပေါ့ဘုရား။

## မိုင်းနွဲမှ မောင်းခမ်း

မိုင်းနွဲမြို့ငယ်ရဲ့ မြောက်ဘက် တမိုင်လောက်မှာ ရွှေပေါ်တဲ့ မြေနေရာ ဌနေရာရှိတယ်။ အဲဒီမြေနေရာက မောင်းကြီးကို မှောက်ထားသလို မြေကမူကြီး ဖြစ်နေတယ်။ မိုင်းနွဲလူမျိုးတွေဟာ မိုင်းနွဲက ပြောင်း ရွှေ့ပြီး အဲဒီမြေကမူကြီးမှာ ရွာတည်နေထိုင်ကြပြန်ပါတယ်။ ရွာအမည် ကိုတော့ ရှမ်းလို "မောင့်ခမ်း" မြန်မာလို "မောင်း ရွှေ = ရွှေမောင်း ရွာ" လို့ ခေါ်ကြပါတယ်။ ရှမ်းစကား မူရင်းက "မောင့်ခမ်း"တဲ့၊ "မောင့်" ဆိုတာက "မောင်း"၊ "ခမ်း" ဆိုတာက "ရွှေ" ပေါင်း လိုက်တော့ "မောင့်ခမ်း" "မောင်းရွှေ"လို့ ဖြစ်ပါတယ်။ ချောအောင် မြန်မာပြန်ယင် "ရွှေမောင်း" လို့ မြန်မာပြန်ဖို့ပါပဲ။ မောင်းကြီးနှင့် လဲတူ၊ ရွှေလဲပေါ်လို့ "မောင့်ခမ်း" ဆိုတာ အယင်ကအမည်ရင်းပါ။ ယခုတော့ လွယ်လွယ် "မောင်းခမ်း" လို့ ဗမာတွေက ခေါ်နေကြ ပါတယ်။

မောင်းခမ်းက လူတွေဟာ အစကတည်းက ဗုဒ္ဓသာသနာဝင်တွေ ဖြစ်ကြတဲ့အတိုင်း ကျောင်း, ကန်, ဘုရား, စေတီတွေကို မောင်းခမ်းမှာ တည်ထားကိုးကွယ်ခဲ့ကြပါတယ်။

## မိုင်းနွဲနှင့် နာဂချင်းတို့ ရန်ပွဲ

မိုင်းနွဲလူမျိုးများ မောင်းခမ်းမှာ ရွှေ့ပြောင်းနေကြစဉ် အာခု ဆွမ် ပရာတောင်ပေါ်က နာဂချင်းတွေဟာ အချင်းချင်း ရန်မီးပွါးကြ တာကြောင့် နာဂ ချင်းမောင်နှမ သုံးယောက် ဦးစီးပြီးလာတဲ့ အဖွဲ့

တဖွဲ့ဟာ ချင်းတွင်းမြစ်ဖျားအတိုင်း ထွက်ပြေးလာခဲ့ကြတယ်။ မောင်နှမ သုံးယောက်အနက် မောင် အကြီးဆုံး နာမည်က "ကမောင်" တဲ့။ အလတ်ရဲ့ နာမည်က "ငကောင်ယန့်"တဲ့။ အငယ်ဆုံး နှမနာမည်ကတော့ မထင်ရှားဘူး။ သူတို့သုံးယောက်ဟာ တဦးစီ တဦးစီ ခေါင်းဆောင် လုပ်ပြီး အဖွဲ့သုံးဖွဲ့ ခွဲပြီး တနေရာစီ နေကြတယ်။

ညီအလတ်နဲ့ အဖွဲ့က အခု (ကောယား) အရပ်မှာ ရွာတည်နေတယ်၊ နှမငယ်နဲ့ အဖွဲ့က ကောယား တဘက်ကမ်း (ပုတ်သို) အရပ်မှာ ရွာတည် နေထိုင်ကြတယ်။ အစ်ကိုကြီးဖြစ်သူ ကမောင်နဲ့ အဖွဲ့က ဒီမောင်းခမ်း ဘက်ကို ရောက်လာ နေထိုင်ကြတယ်။

ကမောင်တို့အဖွဲ့ ရောက်လာတဲ့အခါ မြို့ခံဖြစ်တဲ့ မိုင်းနွဲ့ အမျိုးသား များနဲ့ ကမောင်တို့အဖွဲ့ဟာ မတဲ့ကြပြီး စစ် ဖြစ်ကြတော့တာပါပဲ။ မောင်းခမ်းမြေကို လုတဲ့ စစ်ပွဲပေါ့။

## နိုင်တဲ့နည်းနဲ့ အရယူ

စစ်ဖြစ်ပြီဆိုလျှင် လူအသေအပျောက် အင်မတန် များတတ်တာဟာ ဘယ်စစ်ပွဲမဆို စစ်ပွဲတိုင်း ဓမ္မတာပါပဲ။ မောင်းခမ်းမြေလုတဲ့ ဒီစစ်ပွဲ မှာလဲ တခြားစစ်ပွဲတွေလို နှစ်ဘက်စလုံး အဆုံးအရှုံး အသေအပျောက် များလာကြတယ်။ ဒီတော့ နှစ်ဘက်စလုံးက စစ်ကို မလိုလားကြတော့ ဘူး။ ဒါနဲ့ စစ်ကို ရပ်စဲလိုက်ကြတယ်။ ဒါပေမဲ့ မောင်းခမ်းမြေကို သူပိုင်သင့် ငါပိုင်သင့်ဆိုတဲ့ အဆိုကိုတော့ နှစ်ဘက်စလုံးက တင်ပြကြ သတဲ့။

## တရားသူကြီးထံ ရောက်

သူပိုင်ငါပိုင် နှစ်ဘက်စလုံးက အဆိုပြုနေကြတာ ဖြစ်တော့ သူတို့ ဘာသာသူတို့ မဆုံးဖြတ်နိုင်ကြတော့ဘူး။ နောက်ဆုံး တရားသူကြီးထံ နှစ်ဘက်သဘောတူ အဆုံးအဖြတ်ခံရန် လက်ခံသဘောတူလိုက်ကြတယ်။ တရားသူကြီးထံ ရောက်လာကြတော့ စစ်ဆေးတန်သမျှ စစ်ဆေးပြီး မဆုံးဖြတ်သေးပဲ တရားသူကြီးက ရက်ရွှေ့ပြီး ရက်ချိန်းပေးလိုက် သတဲ့။

တရားဆုံးဖြတ်တဲ့နေ့ ရောက်တော့ ကမောင်တို့ ချင်းနာဂအဖွဲ့ကရော မိုင်းနှဲ့ အမျိုးသားများကပါ မောင်းခမ်းမြေဟာ သူတို့သာ ပိုင်ဆိုင်သင့်ကြောင်း အသီးသီးတင်ပြကြတယ်။ ဒီတော့ တရားသူကြီးက ပိုင်ဆိုင်သင့်ကြောင်းကို နှစ်ဘက်စလုံးက သက်သေပြရမည်လို့ သက်သေပေးဖို့ တောင်းဆိုပါတယ်။ မိုင်းနှဲ့ လူမျိုးများက မောင်းခမ်း မြေပေါ်မှာ သူတို့အယင် နေရာဖြစ်ကြောင်း ခုနှစ် သက္ကရာဇ်နှင့်တကွ တင်ပြကြသတဲ့။ ချင်းနာဂ အမျိုးသားများကလဲ မိုင်းနှဲ့များထက် သူတို့ကသာ အယင် နေခဲ့ကြတာဖြစ်ကြောင်း မယုံယင် မည်သည့်နေရာတွင် တူးဖော်ကြည့်ကြက ဆင်စွယ်နဲ့ ရေးသားထားတဲ့ ခုနှစ်သက္ကရာဇ်ကို တွေ့ရမည်ဖြစ်ကြောင်း တင်ပြပြောဆိုကြသတဲ့။ ပြောတဲ့အတိုင်း တူးဖော်ကြည့်ကြရာ ချင်း နာဂတို့က တင်ပြတဲ့အတိုင်း သူတို့သက္ကရာဇ်က မိုင်းနှဲ့တို့ သက္ကရာဇ်ထက် အယင် ဖြစ်နေတာကို တွေ့ကြရတယ်တဲ့။ တွေ့မှာပေါ့။ ချင်း နာဂတို့က နောက်မှရေးပြီး မသိအောင် လည်ဆယ်ကာ သွားမြှုပ်ထားနှင့်ကြတာကိုး။ ဘယ်လိုပဲ ဖြစ်ဖြစ် ချင်း နာဂတို့ ပြသတဲ့ သက္ကရာဇ်က အယင်ဖြစ်နေတော့ တရားသူကြီးက ချင်းနာဂတို့ကို အနိုင်ပေးလိုက်ရတော့သတဲ့။ ဒါနဲ့ ကမောင်တို့ လူစုက မောင်းခမ်းကို ပိုင်ဆိုင်သွားကြတော့တယ်။

## မိုင်းနှဲ့တို့က ပြန်တိုက်ကြတယ်

ချင်းနာဂ အမျိုးသားတို့ အနိုင်ရပြီး စိုးမိုး အုပ်ချုပ်နေတဲ့အခါ မကြာမီပဲ မိုင်းနှဲ့ အမျိုးသားများက မခံမရပ်နိုင်အောင် ဖြစ်လာကြတယ်။ ဒီတော့ တဖြည်းဖြည်း အုံကြွလာပြီး ချင်းနာဂများကို မိုင်းနှဲ့တို့က ပြန်တိုက်ကြပြန်ပါတယ်။ ဒီလို ပြန်တိုက်ကြတဲ့အခါ ချင်းနာဂတို့ ရှုံးပြီး မောင်းခမ်းမှ ထွက်ပြေးကြရတယ်။ ထွက်မပြေးနိုင်လို့ ကျန်ရစ်တဲ့ ချင်းနာဂများကတော့ တိုင်းရင်းသားအဖြစ်ခံယူပြီး မိုင်းနှဲ့ အမျိုးသားများနဲ့အတူ မောင်းခမ်းမှာပဲ နေရစ်ကြပါသတဲ့။

မောင်းခမ်းသမိုင်းဦးကို ဒကာကြီး ဦးဖိုးအိုက ဤသို့ပင် သူမှတ်သားကြားဘူးသမျှ လျှောက်ထားပြောပြပါသည်။

## ဦးဖိုးအိုပြောပြသော နန်းခမ်းကော်အကြောင်း

မောင်းခမ်းသမိုင်းဦးကို ဒကာကြီး ဦးဖိုးအိုက သူမှတ်သားကြားသမျှကို အတွန့်အဆုတ်မရှိပဲ ပြတ်ပြတ်သားသား ပြောသွားနိုင်သဖြင့် နားထောင်၍လည်း ကောင်း၊ မှတ်သား၍လည်း ကောင်းလှသည်။ ပြောလက်စနှင့် မောင်းခမ်း၌ ဖြစ်ခဲ့ဘူးသော အချစ်ဇာတ်လမ်းကလေး တပုဒ်ကိုလည်း ထည့်သွင်း ပြောလိုက်သေးသည်။ အချစ်ဇာတ်လမ်း ဆိုသော်လည်း တိမ်တုံ့၊ ထိန်ခင်း၊ နှောင်ယန်းတို့ ဖြစ်လာပုံပါ ဤဇာတ်လမ်း၌ ပါဝင်လာပါသဖြင့် ဤမှတ်တမ်း၌လည်း ချန်ထားခဲ့၍ မဖြစ်၊ တာဝန်ရှိသည်အတိုင်း ဖော်ပြဦးမှ ပြည့်စုံပေလိမ့်မည်။ မှတ်လိုသူတို့အတွက် မှတ်စရာဟူ၍ ရှိလာလျှင် မှတ်ကြမည်သာဖြစ်၏။ ထို့ကြောင့်ပင် ဗဟုသုတ ကြွယ်ဝလှသော ဦးဖိုးအိုသည် မှတ်သားဖွယ်ရှိသမျှ မှတ်သားထားခြင်းဖြင့် စာရေးသူနှင့် တွေ့ခဲ့ရာ၌ သူ၏ နှလုံးအိမ်အတွင်း မှတ်သားထားသမျှကို ဖော်ထုတ် လျှောက်ထားနိုင်ခဲ့သည်။ သူ ဆက်လက်၍ ပြောပြသည်မှာ ဤသို့ဖြစ်၏။

"မှတ်သားတတ်တဲ့ ဆရာတော်နှင့်တွေ့တုန်း ပြောစရာရှိတာကို ဆက်ပြောရဦးမယ်၊ နားထောင်ရတာ ပျင်းပြီလား ဆရာတော်"

"ပြောပါ ဒကာကြီး၊ ဒကာကြီးပြောတာကိုသာ နားထောင်နေရမယ်ဆိုယင် မအိပ်ပဲ နားထောင်ဖို့ အသင့်ပါပဲ"

ဒကာကြီး ဦးဖိုးအိုက နားထောင်သူ ဤအရှင်ကို လှမ်းပြီး အကဲခမ်းလိုက်သဖြင့် စာရေးသူကလည်း ပြန်၍ စိန်ခေါ်လိုက်ရသည်။

"ဒါဖြင့် တပည့်တော် မှတ်သားထားသမျှကို ဆက်ပြောပါအုံးမယ်ဘုရား။ ဒီမောင်းခမ်းရွာမှာ အယင်တုန်းက အမည်မထင်ရှားတဲ့ သာမန်ဇနီးမောင်နှံနှစ်ဦးမှ ချောမောလှပတဲ့ သမီးကလေးတယောက်ဖြစ်ထွန်းပေါ်ပေါက်လို့ လာဘူးပါတယ်။ ဒီသမီးကိုမွေးဖွါးပြီး မိခင်ဖြစ်သူဟာ ရောဂါတခုနဲ့ သေဆုံးသွားခဲ့ရပါတယ်။ သမီးလေးရဲ့ ဖခင်ဟာ သမီးကလေး လူလားမမြောက်ခင်မှာပဲ နောက်အိမ်ထောင်သစ် ပြုလိုက်ပြန်ပါတယ်။

သမီးချောကလေး အရွယ်မရောက်မီ နောက်အိမ်ထောင်မှ သမီးကလေးတယောက် ဖွားမြင်ခဲ့ပြန်ပါတယ်။ နောက်သမီးကလေး အတန်ငယ် ကြီးပြင်းလာတဲ့အခါ အရွယ်ချင်း သိပ်မကွာလှပဲ အထက်အောက် ညီအစ်မအရင်းလိုပဲတဲ့၊ "ငါတော့ တိုးတိုးဖော် ညီမကလေးတယောက် ရပြီ"ဆိုပြီး အယင် သမီးကလေးက အင်မတန် ဝမ်းသာနေသပေါ့။

ဒါပေမဲ့ မိထွေးကတော့ မိထွေးတို့ထုံးစံအတိုင်း သမီးရင်းနှင့် လင်ပါသမီး မတူနိုင်ဘူး၊ အစစအရာရာမှာ သမီးအရင်းကို အခွင့်အရေး ပေးပြီး လင်ပါသမီးကိုတော့ အခွင့်အရေး မပေးတဲ့အပြင် လင်ကွယ်ရာ မှာကျတော့ နှိပ်စက်သေးတယ်။

တဖြည်းဖြည်း ကြီးပြင်းလာတဲ့အခါ သမီးရင်း အငယ်ကလေးက ကြီးလေ အကျည်းတန်လေ၊ အရုပ်ဆိုးလေ ဖြစ်လာတယ်။ လင်ပါသမီး ကလေးကတော့ ကြီးလေလှလေတဲ့။ ဒါနဲ့ အရွယ်ရောက်လာကြတဲ့အခါ လင်ပါသမီးလေးရဲ့ အချောအလှသတင်းဟာ မောင်းခမ်းတရွာလုံး ကျော်စောထင်ရှားလာတော့တယ်။ ဒီလို ကျော်စောထင်ရှားလာတဲ့ အတိုင်း မောင်းခမ်းရွာသူရွာသားတွေက သူ့ကို "နန်းခမ်းကော်"လို့ ခေါ်လာခဲ့ကြတယ်။ မြန်မာလိုတော့ "မောင်းခမ်းအစ ပျိုအလှ" လို့ ဆိုရမှာပေါ့။ အဓိပ္ပါယ်ဆင့်ရယင် (မောင်းခမ်းမယ်)လို့ ခေါ်ပါတယ်။ နောက်တော့ မောင်းခမ်းမှာသာမက မောင်းခမ်းပတ်ဝန်းကျင် တနယ် လုံး နန်းခမ်းကော်ရဲ့ အလှဂုဏ်တွေဟာ မွှေးထုံသင်းပျံ့ သွားပါတော့ တယ်။

ဒီလို ပျံ့နှံ့ကျော်ကြားလေ၊ မိထွေးဖြစ်သူက နန်းခမ်းကော်ကို မျက် မုန်းကျိုးလေ ဖြစ်လာသတဲ့။ လင်ယောကျ်ားရှေ့မှာတော့ သမီးရင်း ကလေးလို ဟန်ဆောင်ပြီး မျက်နှာသာပေးပေမဲ့ ကွယ်ရာမှာတော့ အပြစ်မရှိ အပြစ်လုပ်ပြီး ရန်သူတယောက်အနေလို မာန်မဲငြူစူနေ တာပေါ့။ ခုတော့ နန်းခမ်းကော်ဟာ ဘယ်မှာ စိတ်ချမ်းသာတော့ မှာလဲ။

"ငါ့မိထွေး မျက်နှာဟာ မိုးပေါ်က လမင်းကြီးလိုပဲ။ မသာလိုက် သာလိုက်ဖြစ်နေတယ်။ တိမ်ထဲရောက်သွားယင် မသာတော့ဘူး၊ တိမ်

ကင်းတော့ သာလာပြန်တယ်။ ဖခင်မျက်မှောက်မှာတော့ သူ့မျက်နှာဟာ တိမ်ကင်းနေတာပဲ။ ဖခင်မျက်နှာလဲလွှဲရော တိမ်ဖုံးတော့တာပါပဲ။ ငါ့ဖခင်သာသိယင် ငါလိုပဲ စိတ်မချမ်းမသာ ဖြစ်ရှာပေလိမ့်မယ်”

ဒီလိုဆင်ခြင်ပြီး ဖခင်စိတ်မချမ်းသာမှာစိုးလို့ ဖခင်ကိုတော့ အဖြစ်မှန် မသိစေပဲ သူ့တယောက်ထဲပဲ ကြိတ်မှိတ်ပြီး မသိမသာ စိတ်ညစ်နေရရှာတယ်။

## ပန်းသတင်း လေညှင်းဆောင်

မောင်းခမ်းအထက် ၆-မိုင်ခန့်အကွာမှာ နောင်ယန်းဆိုတဲ့ ရွာတရွာ ရှိပါတယ်။ နောင်ယန်း, ရှမ်းလူမျိုးများနေတဲ့ရွာ ဖြစ်လို့ ဒီရွာကို နောင်ယန်းရွာလို့ ခေါ်တာ ဖြစ်ပါတယ်။ နန်းခမ်းကော်ရဲ့အလှအချော ဂုဏ်သတင်းဟာ နောင်ယန်းရွာပါမကျန် ပျံ့နှံ့နေပါတယ်။ သံလိုက် ဓာတ်နဲ့ သံလိုပါပဲ။ အဖိုဓာတ်နဲ့ အမဓာတ်ဟာ အနံ့ရယင် ဖမ်းဟပ်ဖို့ အသင့်ဖြစ်နေကြတယ်။ နောင်ယန်းက လူရွယ်တယောက်ဟာ နန်းခမ်းကော်ကို မမြင်ရသေးခင်က သတင်းကြားနဲ့ပဲ တိမ်းပြီးသား ညွှတ်ပြီးသား ဖြစ်နေသတဲ့။

တနေ့တော့ နောင်ယန်းက လူပျိုဟာ နန်းခမ်းကော်နေတဲ့ မောင်းခမ်းကိုလာပြီး နန်းခမ်းကော်ကို လူပျိုတို့ ထုံးစံအတိုင်း ဓမ္မတာအကိုင်း မေတ္တာစကား လာပြောတယ်။ နောင်ယန်း ရွာသားဖြစ်ခြင်းကြောင့် သူ့ကို “မောင်နောင်ယန်း”လို့ ခေါ်ကြတယ်။ မြန်မာလို ဆိုယင် “နောင်ယန်း”က နောင်ယန်းရွာ၊ မောင်ဆိုတာက လူပျို၊ ပေါင်းလိုက်တော့ “မောင်နောင်ယန်း” “နောင်ယန်းရွာသား လူပျို” လို့ ဆိုလိုပါတယ်။

မောင်နောင်ယန်းဟာ နန်းခမ်းကော်ကို လာပြီး မေတ္တာစကား ပြောတဲ့အခါ နန်းခမ်းကော်ရဲ့ အချောအလှကို ပြောသံကြားမဟုတ် တော့ပဲ ကိုယ်တိုင်မြင်တွေ့သွားတော့တယ်။ ဒီတော့ သတင်းစကား ပြောသံကြားထက် ပိုချောပြီး ပိုလှနေတာကို တွေ့ရလို့ ပိုပြီး အရူးအမူး စွဲမက်သွားတာပေါ့။ တကြိမ်တခါလာပြီး မေတ္တာစကားပြော လူပျို လှည့်ရုံနဲ့တော့ နန်းခမ်းကော်က ဘယ်မှာ စိတ်ပါဝင်စားနိုင်လိမ့်မှာလဲ။

စိတ်ပါဝင်စားသည့် ထားအုံးတော့ "ရွှေနွယ်ရိုးရယ် ခိုးလှဲ့ပါ" လို့ ဘယ်မှာ ဖြစ်နိုင်လိမ့်မှာလဲ။ ဒါကြောင့် နန်းခမ်းကော်ကို မရမနေ လူပျိုလှည့်မယ်ဆိုတာ မောင်နောင်ယန်းက ဆုံးဖြတ်လိုက်သတဲ့။

## တိမ်တုံစောင်းခုတ်ကွင်း

ဘယ်နည်းဘယ်ပုံ လှည့်ရယင် ကောင်းမလဲလို့ စဉ်းစားတယ်။ ဒီတော့ စောင်းကလေးတီးပြီး စောင်းသံကလေး သာသာယာယာနဲ့ ညုရယင် ကောင်းမယ်ဆိုတာ စိတ်ကူးမိပါတယ်။ အခုခေတ် ကာလသားတို့ အချိုအိမ် အနီးအပါး လမ်းပေါ်လျှောက် စောင်းကလေး တတိမ်တိမ် တီး ညုသလိုပေါ့။

ဒါပေမဲ့ သူ့မှာ စောင်းက အသင့် မရှိသေးဘူး။ အသင့်ရောင်း နေတဲ့ စောင်းသည်ကလဲ ရှိတာမဟုတ်တော့ စောင်းကို ကိုယ့်ဘာသာ ကိုယ် ပြုလုပ်ရမှာဖြစ်တယ်။ စောင်းထွင်းရန် သစ်သားရှာရအုံးမယ်။ အသား ရလာယင် ထွင်းရအုံးမယ်။ စောင်းကြိုး ရှာတပ်ရအုံးမယ်။ ကိုယ်လိုချင်တဲ့ မိန်းမတယောက် ရဖို့အတွက် သိပ်လွယ်လှတာ မဟုတ် ဘူး။ အတော် အလုပ်များသွားကလား။

"ဖောက် မေးလိုက်ရအုံးမယ်။ဒကာကြီး အို-တုန်းကလဲ ဒီလို အလုပ် များခဲ့တာပဲလား"

"ဒီလောက် နီးနီးပဲ ဆိုပါတော့ဘုရား၊ ဒါပေမဲ့ စောင်းတော့ ကိုယ့်ဘာသာကိုယ် မလုပ်ခဲ့ရပါဘူး ဘုရား"

"ဈေးသွားပြီး ဝယ်လိုက်တယ် ဆိုပါတော့"

"ဟဲ-ဟဲ- စောင်းနဲ့ မလှဲ့ရပါဘူး ဘုရား။ တပည့်တော်တို့တုန်း ကတော့ ဒီလောက် လှတာ ချောတာ မဟုတ်လို့ ဒီလောက် ခဲခဲယဉ်း ယဉ်း မရှိလှပါဘူး"

"ဒကာကြီးက မိန်းမတယောက် ရဖို့ မလွယ်လှဘူး၊ အတော် အလုပ် များတယ်ဆိုတော့ ဒကာကြီးတုန်းကပါ ထည့်ပြီး ညည်းနေတာလားလို့ မေးလိုက်ရတာပါပဲ"

"မှန်ပါ ဒီလိုအလုပ်များတဲ့ လူတွေက များပါတယ်ဘုရား"

"ကိုင်း-ကိုင်း- ဆက်ပါအုံး၊ နားထောင်လို့ ကောင်းပါတယ်"

"ဒါနဲ့ မောင်နောင်ယန်းဟာ စောင်းလုပ်ဖို့ အသားရှာရတယ်။ အခု မောင်းခမ်းအနောက် စကုစွယ်ဘုရားဆိုတာ ရှိပါတယ်။ အဲဒီ စကုစွယ်ဘုရားအနီးသွားပြီး သစ်သားကို ခုတ်ပါတယ်။ ဒါကြောင့် အခုထက်တိုင် သူ့စောင်းခုတ်တဲ့ နေရာကို "တိမ်တုံ-စောင်းခုတ်ကွင်း" လို့ ခေါ်ကြတုန်း ရှိပါသေးတယ်။

စောင်းလုပ်ဖို့ အသားခုတ်လို့ရတော့ စောင်းဖြစ်အောင် ထွင်း ကြိုး တပ်၊ အားလုံး ပြည့်စုံတဲ့အခါ နန်းခမ်းကော် ကြားလောက်တဲ့ အနီး အပါးလျှောက်ပြီး သာယာတဲ့ စောင်းသံနဲ့ ညှုတော့တာပါပဲ။ သူ့အနီး အနားမှာ တရစ်ဝဲဝဲစောင်းသံနဲ့ လာလာညှုနေတာဖြစ်တော့ နန်းခမ်း ကော်ကလဲ သိတော့တာပေါ့။ လူပျိုဆိုတာက ဒီလိုပါပဲ။ စောင်း မရှိတောင် သူတို့ကြိုက်တဲ့ အပျို ကြားလောက်တဲ့နေရာက သီချင်း ကလေးဆို၊ အသံကလေးပေးပြီး လူပျို လှည့်တတ်ကြပါတယ်။ ဒါက ရှေးက လူပျိုလှည့်နည်း ပြောတာပါ။ အခုခေတ်မှာတော့ ဒီလိုဟုတ် ကြတော့ မထင်ပါဘူး။ "ရှောပတ္တမြား၊ ရှောနဂါး" ဖြစ်ကုန်ပြီနဲ့ တူပါတယ်။ ကွဲချင်ကြပြန်တော့လဲ "စလယ်ဝင် ဖင်မမဲခင်" ကဲ- ကွဲလိုက်ကြဦးစို့ ဆိုပြီး သတင်းစာထည့်ကြေငြာလိုက်တော့တာပါပဲ။

## နန်းခမ်းကော် ဆေးလိပ်ပင်

တဘက်က တကယ့် မေတ္တာနဲ့ ကပ်လာပြီဆိုလျှင် တဘက်ကလဲ အခါ ခပ်သိမ်း မသိဟန်ဆောင် မနေနိုင်ပါဘူး။ မေတ္တာတုံ့ပြန် လာတတ်ကြ ပါတယ်။ မောင်နောင်ယန်းရဲ့ စွဲမြဲတဲ့မေတ္တာနဲ့ တကယ်ကပ်လာတာ ဖြစ်လေတော့ နန်းခမ်းကော်ကလဲ နောက်ဆုံးမှာ မေတ္တာတုံ့ပြန်လာရ ပါတော့တယ်။ ဒါပေမဲ့ သူတို့မှာ မင်္ဂလာမဆောင်မီ ထိန်းသိမ်းရမဲ့ စည်းကမ်း အစဉ်အလာကိုတော့ စောင့်စောင့်စည်းစည်း ထိန်းသိမ်း ကြတယ်။

သူ့ချစ်သူ မောင်နောင်ယန်း လာတဲ့အခါ နန်းခမ်းကော်က သူ လိပ်တဲ့ ဆေးလိပ်နဲ့ ဧည့်ခံတယ်။ ဒီအခြေမှာ လာသူကလဲ မလာပဲ မနေ နိုင်တော့ဘူး။ ဆေးလိပ်တည်သူကလဲ လာချိန်မှာ လည်တမော့မော့နဲ့ မျှော်ပြီး ဆေးလိပ်တည်ဖို့ အသင့်စောင့်တော့တယ်။ အဲဒီတုန်းက ချစ်

နှစ်ဦးရဲ့ မေတ္တာသစ္စာထူးကြောင့် နန်းခမ်းကော်က မောင်နောင်ယန်းကို ညှော်ခံတဲ့ ဆေးလိပ်အသွင်သဏ္ဍာန်နဲ့ တူတဲ့ နွယ်ပင်များတောင်မောင်းခမ်းနယ်မြေပေါ်မှာ ပေါက်လာခဲ့ရတယ်။ အခုတောင်မျိုးဆက်မပြတ်သေးပဲ ပေါက်လျက်ရှိပါတယ်။ အဲဒီနွယ်ပင်ကို "နန်းခမ်းကော်ဆေးလိပ်ပင်" လို့ လူအများ ခေါ်နေကြပါတယ်။ ဒီအတိုင်းလဲ ယုံကြည်နေကြတာပါပဲ။

## မိထွေးအခန်းရောက်လာပြီ

မိထွေးဖြစ်သူကတော့ မောင်နောင်ယန်းကို သူ့သမီးရင်း ရှပ်ဆိုးနဲ့ ပေးစားချင်တယ်။ နန်းခမ်းကော်နဲ့ မပေးစားချင်ဘူး။ မောင်နောင်ယန်းကို သမီးရင်း မိရှပ်ဆိုးဘက် တိမ်းညွတ်လာအောင် အနည်းနည်းပြုလုပ်ပါတယ်။ ဒါပေမဲ့ မိထွေးအလိုအတိုင်း မလိုက်မပါဘူး။ မောင်နောင်ယန်းဟာ မိရှပ်ဆိုးကို "ဖုတ်လေတဲ့ ငပိ ရှိတယ်လို့တောင်မထင်" ဆိုတာလိုပါပဲ။ နန်းခမ်းကော်နှင့်သာ အတူတွဲပြီး သီချင်းဆို၊ စောင်းတီး ပျော်ချင်တိုင်းပျော် ကြည်နူးချင်တိုင်းကြည်နူး နေကြတော့တယ်။

ဒီတော့ မိထွေးဟာ ငါတားလို့တော့ ရမှာမဟုတ်တော့ဘူးဆိုတာ သိလာတယ်။ ဒီလိုသိပေမယ့်မိထွေးဟာသမီးရှပ်ဆိုးအတွက် မရ ရအောင်ကြံတဲ့အကြံကို မလျှော့ဘူး။ တမျိုးလှည့်ကြံပြန်ပါတယ်။ တမျိုးလှည့်ကြံဖို့လဲ စိတ်ကူးပြီးတော့ တခါထဲ သူ့ရဲ့ဟန်ပန်ကို ပြောင်းပစ်လိုက်တယ်။

"ကိုင်း-ငါပြောတာ နားထောင်ကြ။ မင်းတို့ လူငယ်ချင်းရဲ့ အချစ်ကို မခွဲလိုတော့ဘူး။ ဒီအခြေအနေရောက်နေမှတော့ မောင်နောင်ယန်းက မင့်မိဖတွေနဲ့ တိုင်ပင်ပြီး နေ့ကောင်းရက်သာကိုသာ ရွေးပေတော့။ ရွေးပြီးတော့ ငါ့သမီး နန်းခမ်းကော်ကို မိကောင်းဖခင် သားသမီးပီပီ လာတောင်းကြပေတော့"

တကယ် ပေးစားတော့မဲ့ဟန်နဲ့ မိထွေးက သူတို့နှစ်ဦး မျက်နှာစုံညီရှေ့မှာ ဒီလိုပြောလိုက်တယ်။ ဒီတော့ မောင်နောင်ယန်းနဲ့ နန်းခမ်းကော်တို့ နှစ်ဦးစလုံး အပျော်ကြီးပျော်၊ အကျေနပ်ကြီး ကျေနပ်သွား

ကြတာပေါ့။ ဒါနဲ့ သူတို့နှစ်ဦး သဘောတူတဲ့ နေ့ရက်ကို ရက်သတ်မှတ်ကြဖို့ ချိန်းချက်သတ်မှတ်လိုက်ကြပါတယ်။

မကြာမီမှာပဲ လာတောင်းမဲ့ နေ့ရက်ကို ရောက်လာတယ်။ မောင်နောင်ယန်းလဲ ချိန်းထားတဲ့နေ့ရက်ကို ရောက်ခဲရောက်ခဲနဲ့ စောင့်နေခဲ့ရတာဖြစ်တော့ ရောက်လဲရောက်ရော တောင်းဖို့ရမ်းဖို့ ဝမ်းသာအားရနဲ့ မောင်းခမ်းကို ရောက်လာတယ်။ ဒါပေမဲ့ မောင်နောင်ယန်းမှာ "အလာတော့ကောင်းပါရဲ့ အခါနှောင်းသွားခဲ့ပြီ" ပေါ့။ သူရောက်လာတော့ နန်းခမ်းကော်က အသက်မရှိတော့ပဲ သေဆုံးနေပြီဖြစ်လို့ပါပဲ။ နန်းခမ်းကော် ယနေ့ပဲ သေဆုံးသွားကြောင်း သတင်းကိုလဲ ရောက်ရောက်ချင်း ကြားတယ်။ အိမ်နားရောက်တော့ မိထွေးငိုနေသံကိုလဲ ကြားရတယ်။

ဒီတော့ မောင်နောင်ယန်းမှာ အိမ်ထဲမဝင်နိုင်သေးပဲ တွေပြီးရပ်နေတယ်။ သူ့လက်ထဲက စောင်းကြီးလဲ လျှောပြီး သူ့ခြေရင်းမှာ ကျသွားတယ်။ နန်းခမ်းကော်အား လက်ထပ်ပွဲတွင် ဆင်ယင်ပေးဖို့ လက်ဝတ်ရတနာထုပ်လဲ ပခုံးမှာ လွယ်ထားတဲ့ အိတ်နဲ့အတူ စောင်းဘေးတွင် ဖုတ်ကနဲ လျှောကျ သွားတယ်။ ဒါတွေကို သူဘာမှ သတိမထားနိုင်တော့ဘူး။ မျက်ရည်တွေကလဲ တွေတွေတွေတွေနဲ့ စီးကျလာတယ်။ အသံလဲမထွက်ဘူး။ အသက်မရှိတဲ့ အရုပ်ကြီးလိုဖြစ်ပြီး သတိမေ့ပြီး သတိမရှိတော့သလိုပဲ။

## နန်းခမ်းကော် ရိုးရိုး သေခြင်းမဟုတ်

နန်းခမ်းကော် သေရတာဟာ ရိုးရိုးသေရတာ မဟုတ်ပါဘူး။ သူ့မိထွေးက ထိုနေ့မှာပဲ ပွက်ပွက်ဆူတဲ့ရေနွေးနဲ့ အလစ်မှာ လောင်းပြီး ဆင်စွယ်လွန်းနဲ့ ရင်ဝကို ထိုးသတ်လိုက်လို့ သေသွားရတာပေါ့။

နန်းခမ်းကော် ရုတ်တရက် သေသွားလို့ ဆိုပြီး အသင့် ဖြစ်နေတဲ့ မင်္ဂလာပွဲကို မပျက်စေပဲ မောင်နောင်ယန်းနဲ့ သူ့အမိချင်း ရုပ်ဆိုးကို ဣန္ဒြေမပျက် လက်ထပ်လိုက်မယ်ဆိုတဲ့ အကြံနဲ့ သတ်လိုက်ခြင်း ဖြစ်ပါတယ်။ ဒါပေမယ့် သူကြံတဲ့အတိုင်း မအောင်မြင်ပါဘူး။

လက်ထပ်ပွဲလာကြတဲ့ ဧည့်သည်တွေကလဲ လက်ထပ်မယ့် နေ့ကျမှ ရုတ်တရက် သေရတဲ့ နန်းခမ်းကော်အတွက် အံ့အားသင့်ပြီး ယူကျုံးမရ

ဖြစ်ကုန်ကြတယ်။ မသိသူ အားလုံးကတော့ ရှိးရှိး သေသွားတာပဲလို့ ထပ်ပြီး "တိုက်တိုက်ဆိုင်ဆိုင် သေပလေတယ် — နန်းခမ်းကော်ရယ်၊ လက်ထပ်ပြီးရုံမျှ ဆိုင်းလိုက်ပါအုံးတော့"လို့တောင် တောင့်တောင့် တတနဲ့ မျက်ရည်မဆည်နိုင်အောင် ဖြစ်ကုန်တယ်။ အဖြစ်မှန်ကို သိကြ ယင် ပိုပြီး ရင်နာကြမှာပဲ။

"ကဲ-ဒီလို ကြည့်ပြီး ဒီလို ငိုင်နေလို့ ထူးတော့မှာ မဟုတ်ပါဘူး။ သေမှတော့ ဘာမှ မတတ်နိုင်တော့တာပဲ။ ကဲ မောင်နောင်ယန်း လာကွယ်။ မင်္ဂလာပွဲ မပျက်အောင် ဟောဒီ ငါ့သမီးအငယ်နဲ့ လက်ထပ် လိုက်ကြရအောင်။ ဒါမှ ဂုဏ်ငွေမပျက် လက်ထပ်ပွဲအောင်မြင်သွားမှာ"

မိထွေးက ငိုနေရာက အငိုရပ်တဲ့ပြီး အနီးမှာ ရောက်နေတဲ့ မောင် နောင်ယန်းကို လက်ထပ်ပွဲဝင်ပြီး လက်ထပ်ဖို့ ခေါ်ဆောင် လိုက်ပါ တယ်။ ခေါ်ပေမယ့် မောင်နောင်ယန်းက မရပါဘူး။ မဖြစ်နိုင် ကြောင်း ငြင်းဆိုလိုက်ပါတယ်။

## စောင်းငြိုရွာ

ဒီတော့မှ မောင်နောင်ယန်းမှာ အသက်ဝင်လာသလို နန်းခမ်းကော် ကို တ,တ,ပြီး ငိုပါလေတော့တယ်။ မင်္ဂလာဆောင်ပြီး နန်းခမ်းကော်နဲ့ ပျော်ပျော်ကြီး တီးလိုက်မယ်လို့ ခဲလာတဲ့ စောင်းကိုလဲ ချင်းတွင်း မြစ်ထဲ ပစ်ချ လိုက်ပါတော့တယ်။ ပစ်ချလိုက်တဲ့ စောင်းကြီးဟာ ချင်းတွင်း မြစ်ထဲ မျောပါသွားတယ်။ ပြီးတော့ မောင်းခမ်းရဲ့နောက် အောက်နားကမ်းမှာ သွားတင်နေတယ်။ အဲဒီ စောင်းကြီးငြိပြီး တင် နေတဲ့ နေရာမှာလဲ ရွာဖြစ်လာပါတယ်။ ရှမ်းလို အခေါ်က စောင် ငြို ဟာကို "တိမ်ခမ်း"လို့ခေါ်ပါတယ်။ ဒါကြောင့် စောင်းငြိုတဲ့နေရာမှာ တည်ထားတဲ့ရွာကို"တိမ်းခမ်း"လို့ပဲ ခေါ်ကြတယ်။ အခုတော့ကြာ လာ တာဖြစ်လို့ "တိမ်ခမ်း"မှ "ထိန်ခင်း"လို့ ဖြစ်နေပါပြီ။

## ဦးဖိုးအိုပြောပြသော မိုးကောင်းဘုရင်နှင့် မနန်းခမ်း

ဒကာကြီး ဦးဖိုးအိုက မောင်နောင်ယန်းနှင့် နန်းခမ်းကော် ဝတ္ထု ကလေးဖြင့် "နန်းခမ်းကော် ဆေးလိပ်ပင်-ထိန်ခင်းရွာ-နောင်ယန်းရွာ

များသမိုင်းကို "မောင်းခမ်းသမိုင်းဦး"အပြီး မမောမပန်း ဆက်ပြောလေသည်။ သမိုင်း ၂-ခုကို ရှည်လျားစွာ ပြောခဲ့ ရခြင်းကြောင့် မောသွားပြီ အထင်နဲ့-

"သမိုင်း ၂-ခုတောင် ပြောရတာ အတော် မောသွားပြီ မှတ်တယ် ဒကာကြီး"

"နားထောင်ရတာ ပျင်းသွားပြီလားဘုရား"

"ဒကာကြီး မောသွားပြီလားလို့ပါ"

"အရှင်ဘုရား ပျင်းရိသွားမှာသာ စိုးပါတယ်"

အကဲခတ်သူ ဒကာကြီးအိုနှင့် စိန်ခေါ်သူ ဤအရှင်တို့ မည်သူက အနိုင်ယူရမည်ကို သိရအောင် တဦးနှင့်တဦး ဤသို့ပင် အနိုင်မခံ အရှုံးမပေးသံများကို လွှင့်လိုက်ကြသေးသည်။

"ကိုင်း-ပြောစရာရှိယင် ဆက်ပြောဦး ဒကာကြီး"

"နားထောင်မယ်သာ ကြံပါ ဆရာတော်"

အခါတပါးက ကလေးတောင်ညိုမင်းကို မိုးကောင်းမင်းက တိုက်ခိုက်သိမ်းပိုက်တော်မူလိုပါတယ်။ ဒီလို တိုက်ခိုက်သိမ်းပိုက်လိုတာကြောင့် မိုးကောင်းမင်းဟာ စစ်သည် ဗိုလ်ပါများနဲ့ အတူ မောင်းခမ်းကို လာရောက်ပြီး စစ်သား စုဆောင်းကာ စစ်သည် အင်အား ဖြည့်တင်းပါတယ်။ စစ်သား စုဆောင်းယင်း စခန်း ချနေတာကတော့ မောင်းခမ်းရဲ့ အရှေ့တောင်ဘက်မှာ ဖြစ်တယ်။ သူတို့ စခန်းချတဲ့ နေရာမှာ အခုထက်တိုင် ဆင်ကျုံး ဆင်ချည်တိုင်နှင့် သူတို့တည်ထားခဲ့တဲ့ စေတီတောင် ရှိပါသေးတယ်။

## မနန်းခမ်းနှင့်တွေ့ပြီ

စစ်သား စုဆောင်းလို့ ပြည့်စုံတဲ့ အခါ မောင်းခမ်းမှ ကလေးသို့ ချီတက်တော်မူတယ်။ ကလေးမရောက်မီ ချင်းတွင်း မြစ်ထမ်းရှိ မလူ အောက်တောင်းရွာများမှာ စခန်းတထောင် ချနေတော်မူတယ်။ ဒီလို စခန်းချနေစဉ် မိုးကောင်းမင်းဟာ မလူ အောက်တောင်း သူကြီးသမီး မနန်းခမ်းကို ရှုစားတော်မူမိပါတော့တယ်။ (ရှမ်းလို နန်းခမ်းကို မြန်မာလို နန်း=ကတော်၊ ခမ်း=ရွှေ+နန်းခမ်း=ရွှေလို လှသော မင်းက

တော်ပေါ့။) ရှုစားမိတယ်ဆိုယင်ပဲ တခါထဲ မြတ်နိုးတော်မူတာပါပဲ။ မြတ်နိုးမယ်ဆိုလဲ မြတ်နိုးပေမှာပဲ။ မနန်းခမ်းကလဲ အချော အလှပေကိုး။ မလူ အောက်တောင်းမှာ သူ့ထက်ချောတာမရှိတော့ဘူး။ မလူ အောက်တောင်း မယ်ဘွဲ့ ရလောက်အောင် ချောလှနေမှာကိုး။ ဒါနဲ့ မိုးကောင်းမင်းတြားကြီးက သူကြီးသမီး မနန်းခမ်းကို ကောက်တော်မူမယ်လို့ သတ်မှတ်တော်မူလိုက်တော့တယ်။ ဘုရင်မင်းမြတ် ဆိုတော့ မိဖုရားတယောက်ကို လိုချင်တယ် ဆိုယင် မောင်နှောင်ယန်းတို့ တုန်းကလို စောင်းလုပ်ဖို့ အသားရှာနေစရာ မလိုဘူး။ ကိုယ်တိုင် စောင်းထွင်း၊ ကြိုးတပ် နေစရာလဲ မလိုဘူး။ မြေထဲက ရေထွက် လောက်အောင် အကြိမ်ကြိမ်သွားပြီး စောင်းကလေးနဲ့ ညုပြနေစရာလဲမလိုဘူး။ မြတ်နိုးတော်မူသဟေ့ဆိုယင် ကိစ္စပြီးတာပဲ။

"နေပါအုံး ဒကာကြီး၊ ဒကာကြီးအသံက မနာလိုသံတွေ ပါလှပါကလား"

"ဟုတ်သားပဲဘုရား။ တဖက်က ကြိုက်မှန်း မကြိုက်မှန်းလဲမသိ၊ ကိုယ်ကြိုက်တာနဲ့ တခါထဲ အမိန့်ချမှတ်လိုက်တာ ဘယ်တော်ပါ့မလဲ"

"ဘုရင်တဦးပဲ ဒကာကြီးရဲ့ ကြိုက်ကြမှာပါပဲ"

"ကြိုက်မကြိုက် ဆရာတော်ပဲ မောင့်နှားထောင်ကြည့်ပေးတာပေါ့ဘုရား"

"ကိုင်း-ဆက်ပြောပါ ဒကာကြီး၊ နားထောင်ရတာပေါ့၊ နန်ဲ့တောင် အနှောင့်အယှက် ဖြစ်သွားပြီ"

ဒီလိုသတ်မှတ်ပြီး တခါထဲ မြောက်စားတော်မမူသေးပဲ မလူ အောက်တောင်းမှ ကလေးသို့ ဆက်လက်ချီတက်သွားတယ်။ ကလေးမှ ခုံဟိုက်ခိုက်မှုကြောင့် အရေးတော်မလှပဲ မောင်းခမ်းသို့ စစ်သည် အလုံးအရင်းနှင့် ကလေးမှ ပြန်ဆုတ်ခဲ့ရပါတယ်။ တဖန် မောင်းခမ်းမှာ စစ်သည်အင်အား ပြန်ပြီး ဖြည့်ယင်းတော်မူတယ်။ စစ်သည်အင်အား ပြည့်ပြန်ကဲ့အခါ မိုးကောင်းမင်းဟာ ဒုတိယအကြိမ် မောင်းခမ်းမှ ကလေးသို့ ချီတက်တော်မူပြန်ပါတယ်။

မလူ အောက်တောင်း ရောက်ယင် မနန်းခမ်းနဲ့ လက်ထပ်မင်္ဂလာပွဲ ခင်းကျင်းတော်မူရန် မောင်းခမ်းမှ လက်ဖက်များကိုလဲ ယူဆောင်တော်မူသွားတယ်။

## ဟိုင်းနိမ်မှ ဟဲနိုပ့်

မနန်းခမ်းကလေးဟာ သူ့ကို မိုးကောင်းမင်းက ကောက်ယူတော့ ဆိုတာသိတော့ သူ့ချစ်သူ မောင်ကံကိုတွေ့ပြီး ပြောကြားတယ်။ ကောင်းမင်းကိုတော့ မောင်ကံကိုပစ်ပြီး မကြည်ဖြူနိုင်ပါ။ ချစ်သူ မောင်ကံနဲ့ ဒီဘဝမှာ မပေါင်းရယင် နောက်ဘဝကျမှ ပေါင်းမယ်”လို့ မောင်ကံကိုပြောတော့ မောင်ကံက “ချစ်သူ မနန်းခမ်း မရှိတော့ယင် သူလဲ ဒီဘဝမှာ မနေရစ်တော့ဘူး။ နောက်ဘဝပေါင်းဖို့ မနန်းခမ်းနဲ့ ခါထဲ လိုက်မှာပဲ” လို့ ပြန်ပြောတယ်။ ဒီလိုပြောပြီး သူတို့နှစ်ဦး လုံး မလူ အောက်တောင်းအနီး ရွှေပလ္လင် တောင်ထိပ်ကနေ ခုန်ချ သလိုက်ကြတော့တာပါပဲ။

“ကိုင်း- ဆရာတော်၊ ရှင်ဘုရင်ဆိုပြီး ကြိုက်တာနဲ့ ဒီလိုလုပ်လိုက်တာလား”

“အစွဲရှိပြီးသား ဖြစ်နေလို့ပါ၊ ဒကာကြီးရာ၊ လွတ်လွတ်လပ်လပ် ဆိုယင် ကြိုက်ဖို့ရှိပါတယ်”

“လွတ်လပ်တယ် မလွတ်လပ်ဘူးဆိုတာ စုံစမ်းဦးမှပေါ့ ဆရာတော်၊ အခုတော့ ငါမင်းဆိုပြီး လိုချင်တယ်ဆို တခါထဲ သတ်မှတ်တာ ဘယ်တော်မလဲ”

“ပြီးပြီးသားပဲ ထားလိုက်ပါတော့ ဒကာကြီးရာ၊ သူတို့သူတို့ အရှုပ်ထဲဝင်ပြီး ဆရာ-ဒကာ ပဋိပက္ခ ဖြစ်မနေပါရစေနဲ့။ ဆက်သာပြောပါ။ သေချာနားထောင်ပရစေ”

“ဒီဘက်မှာ ကျွမ်းကျင်မှုမရှိတဲ့ ဆရာတော်မို့ နားလယ်အောင် လျှောက်ရတာကိုးဘုရား” ဤသို့ပင် ဒကာအိုက စာရေးသူအပေါ် အနိုင်စီးယူလိုက်သေးသည်။

မလူ အောက်တောင်းရောက်တော့ မိုးကောင်းမင်းဟာ မနန်းခမ်း မရှိတော့ကြောင်း သံတော်ဦးတင်ကြလို့ သိတော်မူပါတယ်။ “ခဲလေ

သမျှ လဲရေကျ" ဖြစ်သွားလို့ လက်ဘပ်မင်္ဂလာပွဲအတွက် မောင်းခမ်းက ယူဆောင်လာခဲ့တဲ့ လက်ဖက်တွေကို မလူအောက်တောင်းအောက်နားက ချပ်းတွင်းမြစ်ထဲကို ပစ်ချတော် မူလိုက်ပါတော့တယ်။ အတော် စိတ်ပျက်လက်ပျက် ဖြစ်သွားပုံရပါတယ်။

ပစ်ချလိုက်တဲ့ လက်ဖက်တွေလဲ ပစ်ချတဲ့နေရာမှာပဲ ကျောက် ဖြစ်သွားကြပါလတဲ့။ အဲဒီနေရာမှာ လမ်းစေတီတဆူ တည်ခဲ့တယ်။ ရွာလဲ တည်ခဲ့တယ်။ ဒီရွာကို "ဟိုင်းနိမ့်" ရွာလို့ ရှမ်းလူမျိုးတို့က ခေါ်ကြပါတယ်။ ဟိုင်း က အများ၊ "နိမ့်" က လက်ဖက်၊ ပေါင်းလိုက်တော့ "ဟိုင်းနိမ့် = လက်ဖက်များရွာ" ပေါ့။ ဗမာတို့ကတော့ "ဟဲနိမ့်" လို့ ခေါ်နေကြပါတယ်။

## ဦးဖိုးအို ပြောပြသော အာသံချိတ့် ဘိုးတော်စစ်တပ်

မိုးကောင်းမင်းနှင့် မနန်းခမ်းတို့ အကြောင်း "ဟိုင်းနိမ့်" ရာဇဝင်သမိုင်းကိုပြော ပြပြီး အနည်းငယ်အနားယူကာ ဒကာကြီးအိုက ဆက်လက်ပြောရန် မောင်းတင်လိုက်ပြန်သည်။

"မိုးအောင် လိုက်မှတ်နိုင်ရဲ့လား ဆရာတော်။ ဆရာတော်နဲ့ ကြုံတောင့်ကြုံခဲ ကြုံလာခဲ့တဲ့အခါ ပြောစရာ ရှိတာတွေကို အန်ချသလို ပြောလိုက်ရဦးမယ်"

လိုလိုချင်ချင် နားထောင် မှတ်သားနေသူကို ပြောသူ ဒကာကြီးအိုက အားရနှစ်သက်ဟန်လည်း ရှိသည်။ "များလှပါပလား" ဆိုလာမည်ကိုလည်း ကြိုတင်စိုးရိမ်ဟန်ရှိသည်။ ထို့ကြောင့် ဒကာကြီး အိုက ဆက်မပြောမီ နှစ်သိမ့်သံနှင့် ပလ္လင်ခံလိုက်သေးသည်။ နောက်ပြီး ဒကာကြီးအိုက ဆက်လက် ပြောပြန်သည်ကတော့ မင်းသားစား ပိန္နဲနဲ့ အာသံချိတ့် ဘိုးတော်စစ်တပ်အကြောင်း ဖြစ်သည်။

## မင်းသားစား ပိန္နဲ

ဘိုးတော်မင်းကြီးနဲ့ မင်းတုန်းမင်းတို့ မင်းမဖြစ်မီ မင်းသားဘဝက မောင်းခမ်းကို ရောက်လာကြဘူးသေးတယ်လို့ သိရပါတယ်။ မင်းသားများ ရောက်လာတဲ့အခါ မောင်းခမ်းက ပိန္နဲသီးကို မင်းသားများ၏

နှစ်နှစ်သက်သက် သုံးဆောင် စားသုံးတော်မူကြသတဲ့။ ဒါကြောင့် မင်းသားများ စားသုံးတဲ့ ပိန္နဲမျိုးကို "မင်းသားစား ပိန္နဲ" လို့ အမည်တွင်နေတဲ့ ပိန္နဲမျိုးတောင် ရှိပါသေးတယ်။ ယခုထိ မျိုးမပြတ်သေးပါဘူး။

## အာသံချီတဲ့ ဘိုးတော်စစ်တပ်

မင်းသားဘဝက မောင်းခမ်း ပိန္နဲသီးကို မြိန်မြိန်ရှက်ရှက် ပွဲတော်တည်သွားဘူးတဲ့ ဘိုးတော်မင်းတြားကြီး မင်းအဖြစ်သို့ ရောက်တော့ အာသံပြည်ကို တိုက်ခိုက် သိမ်းပိုက်ယူရန် စစ်တပ်တတပ်ကို စေလွှတ်တော်မူလိုက်ပါတယ်။

ချီတက်လာတဲ့ ဘိုးတော်မင်းတြားကြီးရဲ့ စစ်တပ်ဟာ တမူးအထိ ရောက်လာတယ်။ တမူးနဲ့ အာသံဟာ မဝေးတော့ဘူး။ နီးနီးကလေး ကျန်တော့တယ်။ ဒါနဲ့ အာသံကို ဝင်စီးဖို့ စီစဉ်တဲ့အခါ သူတို့ စစ်တပ်အတွင်းက စစ်ဗိုလ် စစ်သားတွေဟာ အာသံတွင် ကျွမ်းကျင်သူ တဦးမှ မပါဘူး-တဲ့။ ကျွမ်းကျင်ဖို့ ဝေးလို့ ရောက်ဘူးသူတောင် မပါဘူး ဆိုပါတယ်။

ဒီတော့ စစ်ဦးစီးချုပ်က "အရမ်းဝင်တိုက်လို့တော့ မဖြစ်ဘူး။ အာသံမြေကို ကျွမ်းကျွမ်းကျင်ကျင် သိသူတယောက်ကို ရအောင်ရှာမှ ဖြစ်မယ်။ ကျွမ်းကျင်ရုံနဲ့တောင် မပြီးသေးဘူး။ အတူလိုက်ပြီး တိုက်ရဲတဲ့ သတ္တိပါ လိုမှာဖြစ်တယ်။ မရ ရအောင်ရှာကြ" လို့ အမိန့်ပေးလိုက်တယ်။

## မောင်းခမ်းသား လမောင်

ချင်းတွင်းမြစ်ကမ်းတလျှောက် လိုက်ရှာကြတာ မောင်းခမ်းရောက်လာကြတယ်။ မောင်းခမ်းရွာထဲ လျှောက်စုံစမ်းတော့ "လမောင်" ဆိုတဲ့ လူတယောက်ကို တွေ့သွားကြတယ်။ လမောင်ဟာ အာသံမြေမှာလဲ ကျွမ်းကျင်တယ်၊ တိုက်ရဲခိုက်ရဲတဲ့သတ္တိနဲ့ယှဉ် ပြည့်စုံနေတယ်။ ဒါနဲ့ လမောင်ကို စစ်ဦးစီးချုပ်ထံ ခေါ်သွားကြတယ်။

စစ်ဦးစီးချုပ်က လမောင်ကို စစ်ဆေးကြည့်တဲ့အခါ သဘောကျသွားလို့ သဘောတူလိုက်တယ်။ နောက်ပြီး အာသံကို ဝင်တိုက်ခိုက်ရာ

မှာ လမောင်ကို ရွှေတန်းစစ်မျက်နှာကနေ ဦးစီးတိုက်ခိုက်ဖို့ အမိန့်ပေးခန့်ထားလိုက်တယ်။

အမိန့်အတိုင်းပဲ လမောင်က မငြင်းပဲ ရွှေတန်းစစ်မျက်နှာမှာ ဦးစီးပြီး အာသံကို ဝင်တိုက်ခိုက်ကြတော့တာပါပဲ။ တိုက်တဲ့အခါ လမောင်တို့တပ်က အာသံကို စီးမိပါတယ်။ လမောင်ဦးစီးတဲ့တပ်က စီးစီးနင်းနင်း တိုက်ခိုက်အောင်မြင်သွားတဲ့အခါ ဗမာ စစ်ဦးစီးချုပ်က နောက်ကနေ အသာဝင်ပြီး အာသံကို သိမ်းပိုက်အုပ်ချုပ်လိုက်ကြတယ်။

## ငနီအတွက် ငဝက်က ဒဏ်ခံ

အာသံကို သိမ်းယူနိုင်ပြီဖြစ်ကြောင်းကို ဘိုးတော်မင်းတြားထံ စစ်ဦးစီးချုပ်က သတင်းပို့လိုက်တယ်။ ဒီတော့ ဘိုးတော်မင်းတြားက ဗမာစစ်ဦးစီး အစွမ်းသက်သက်နှင့် အာသံကို သိမ်းယူနိုင်ခဲ့တယ်လို့ ထင်မှတ်တော်မူတယ်။ ဒါကြောင့် ဗမာစစ်ဦးစီးချုပ်ကိုသာ ဆုတော်လာဘ်တော်များ၊ ဘွဲ့တူးဂုဏ်ထူးများဖြင့် ချီးမြှင့်တယ်။ မြှောက်စားတော်မူတယ်။

လမောင် ရွှေတန်းကဝင်တိုက်လို့ အောင်နိုင်ရတယ်ဆိုတာ ကိုတော့ မင်းတြားကြီးက သိတော်မမူဘူး။ ဒါကြောင့် လမောင်မှာ ဘာဆုလာဘ် ဘာဘွဲ့ထူးမှ မရခဲ့ဘူး။ "ငနီအတွက် ငဝက်က ဒဏ်ခံ" ရသလို စစ်ဦးစီးချုပ်အတွက် လမောင်က ဒဏ်ခံတိုက်ခိုက်ပေးရသလို ဖြစ်နေတယ်။ ဒီတော့ လမောင်က ဘယ်မှာ ကျေနပ်စရာ ရှိမှာလဲ။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ ရသင့်တဲ့ဆုလာဘ်ကို အတင်းတက်တောင်းခံနိုင်အားမှ မရှိတာမဟုတ်ပဲ။

## တတ်နိုင်သလောက်တော့ ယူခဲ့သေး

စစ်နိုင်တဲ့အခါ လမောင်က အာသံသားအချို့ကို ခေါ်လာခဲ့တယ်။ ခေါ်လာပြီး မောင်းခမ်းအရှေ့ သောင်ကုန်းအနီးမှာ ရှိတဲ့ သက်ဇက်ခြံမှာ လက်ဖက်အရူးခိုင်းထားလိုက်ပါတယ်။ ဒါဟာ သူတတ်နိုင်သလောက် ရယူခဲ့တဲ့ ဆုလာဘ်ပါပဲ။ လမောင်ရဲ့ ကျေးဇူးကြောင့် အာသံအမျိုးသားတွေဟာ ကြာလာတော့ မောင်းခမ်းသားတွေနဲ့ အကျွမ်းဝင်ခွင့် ရသွားကြပါတယ်။

## အမှန်ကို သိတော်မူပြီ

အမှန်ကိုသိဖို့ဆိုတာက စစ်ဦးစီးချုပ်က အမှန်အတိုင်း သံတော်ဦး တင်ပါမှ မင်းတြားကြီးက သိခွင့်ရှိပါတယ်။ စစ်ဦးစီးချုပ်က ကိုယ်ကျိုး ရှာသူဖြစ်တော့ အမှန်အတိုင်း သံတော်ဦးမတင်ဘူး။ ဒီတော့ မင်းတြား ကြီးကလဲ သိခွင့်မရဘူးပေ။ ဒါပေမယ့် စစ်တပ်တတပ်လုံးက သိနေကြ တာဖြစ်တော့ မကြာမီ အမှန်သတင်းဟာ ရွှေနားတော် ပေါက်ကြား သွားပါတယ်။ ဒီတော့မှ မင်းတြားကြီးက လမောင်ကို"ပျံချီဘွဲ့နဲ့ သူရ ကျော်ခေါင်ဘွဲ့"ကို ချီးမြှင့်တော်မူလိုက်ပါတယ်။

## ဦးဖိုးအိုပြောပြသော မောင်းခမ်း ဖိုးသိမ်ကြီး

သူရကျော်ခေါင် ဗိုလ်လမောင်၏ ရာဇဝင်သမိုင်းကို ပြောအပြီးတွင် ဗိုလ်လမောင်၏သား ဖိုးသိမ်ကြီး အကြောင်းကိုပါ ဒကာကြီးအိုက ဆက်လက်ပြောပြန်ပါသည်။ မောင်းခမ်းသမိုင်းတွင် ပါဝင်သင့်သူ တယောက်အကြောင်းဖြစ်၍ ဤမှတ်တမ်းတွင် ထည့်သွင်းမှတ်တမ်းတင် လိုက်ပေသည်။

"ဗိုလ်လမောင်မှာ ဇနီးသုံးယောက် ရှိပါတယ်။ အကြီးဆုံးဇနီးမှ သားတယောက် ထွန်းကားခဲ့တယ်။ အမည်မှာ ဖိုးစံနှောင်းဖြစ်ပါတယ်။ ဖိုးစံနှောင်း အကြောင်းကိုပြောယင် သီရိဓမ္မာသောက မင်းကြီးရဲ့ အကြောင်းကိုပါ နဲနဲထည့်ပြောဦးမှ ပြည့်စုံမှာပဲ။ သီရိဓမ္မာသောက မင်း လက်ထက်တော်တုန်းက အနယ်နယ် အရပ်ရပ်မှာ ရေတွင်း၊ ရေကန်၊ ဇရပ်တန်ဆောင်းတွေ၊ သိမ်ကျောင်းတွေ စေတီယော်တွေ၊ အမြောက် အမြား တည်ဆောက်တော်မူခဲ့တယ်ဆိုတာ ဘာသာရေး နယ်ပယ် အတွင်း အင်မတန် ထင်ရှားခဲ့ပါတယ်။

မောင်းခမ်းမှာလဲ သီရိဓမ္မာသောကမင်းကြီးရဲ့ ကောင်းမှုစေတီတော် တဆူနဲ့ ရေကန်တကန်ရှိပါတယ်။ သီရိဓမ္မာသောကမင်းကြီး ကောင်းမှု ဖြစ်တဲ့ အဲဒီရေကန်မှာ ဗိုလ်လမောင်ရဲ့သား ဖိုးစံနှောင်းက သိမ်ကြီး တလုံး တည်ဆောက်ခဲ့ပါတယ်။ ဒါကြောင့် သိမ်ဒကာ ဖိုးစံနှောင်းကို "ဖိုးသိမ်ကြီး"လို့ အများက ဂုဏ်ပြုပြီး ခေါ်ခဲ့ကြပါတယ်။ ဒီလောက် သာ မကသေးဘူး။ မောင်းခမ်းအရှေ့ကျောင်းမှာလဲ ရုပ်စုံကျောင်းကြီး

တဆောင်ကို (ဖိုးသိမ်ကြီး) ဖိုးစံနှောင်းက တည်ဆောက် လှူဒါန်းခဲ့ပါသေးတယ်။ ဒါကြောင့် ဖိုးသိမ်ကြီးဟာ သိမ်ဒကာလဲဟုတ်၊ ကျောင်းဒကာလဲဟုတ်ပါတယ်၊ သိမ်ဒကာ၊ ကျောင်းဒကာ၊ ဖိုးသိမ်ကြီးကောင်းမှုနှင့်စပ်လို့ အခြားသိမ်ဒကာ၊ ကျောင်းဒကာများ၊ ကောင်းမှုများကိုလည်း ပြောပြပါဦးမယ်။

### မောင်းခမ်းသူကြီး ဦးစီးပြုလုပ်သော ကောင်းမှုများ

ဖိုးသိမ်ကြီးခေါ် ဖိုးစံနှောင်း ကောင်းမှုဖြစ်တဲ့ ရုပ်စုံကျောင်းကြီးဟာ သီပေါမင်းလက်ထက်တွင် ယိုယွင်း ပျက်စီး သွားခဲ့ပါတယ်။ ၁၂၂၄-ခုနှစ်က ပျက်စီးသွားတဲ့ ရုပ်စုံကျောင်းကြီးနေရာမှာ မောင်းခမ်းသူကြီး ဦးစိုးလှိုင်က ဦးစီးကာ ရွာသူရွာသားများနှင့်အတူ ထပ်ပြီး သိမ်ကြီးတလုံး ဆောက်လုပ်ခဲ့ပြန်ပါတယ်။ အဲဒီသိမ်ကြီး သမုတ်တုန်းက စစ်ကိုင်းတောင်ရိုး ဣစ္ဆာသယချောင်၊ ဖျာပုံဆရာတော် ဦးသကျဝံသ ဦးစီးပြီး သမုတ်ကြတယ်။ သူကြီး ဦးစိုးလှိုင် ဦးစီးဆောက်လုပ်တဲ့သိမ်ကြီးလဲ ဒုတိယကမ္ဘာစစ်ကြီးနှင့်အတူ ယိုယွင်းပျက်စီ သွားပြန်ပါတယ်။

ဦးလွန်းပေါ် ဦးစီးသော ကောင်းမှု၊ သူကြီး ဦးစိုးလှိုင် ဦးစီးဆောက်တဲ့ သိမ်ကြီး ပျက်စီး သွားပြန်တော့ ဦး စိုး လှိုင် ရဲ့ ပဌမမြောက် သမီး မတင်ဦးရဲ့ ခင်ပွန်း ဦးလွန်းပေါ်က ဦးစီးပြီး ရွာသူ ရွာသားများကပင် ထပ်မံ ဆောက်လုပ်ကြ ပြန်ပါတယ်။ ဆောက်လုပ်ရာမှာ ဦးစိုးလှိုင်ရဲ့ ဒုတိယသမီး ဒေါ်မယ်အိမ်က ငွေရင်းစိုက်ထုတ်ပါတယ်။ စတင် ဆောက်လုပ်သော နှစ်မှာ ၁၃၃၂-နှစ်ဖြစ်ပါတယ်။

### ဖိုးသိမ်ကြီးကန်

မောင်းခမ်း ဒီ မဟာစည်ရိပ်သာနှင့် စပ်နေတဲ့ ဟိုဘက်က ရေကန်ကြီးဟာ (ဖိုးသိမ်ကြီး) ရဲ့ ကောင်းမှုဖြစ်တဲ့ ကန်ကြီးပါပဲ။ အလျားပေ ၁၇၅၁၊ အနံပေ ၁၀၀၀- ကျယ်ပါတယ်။ ကန်ကြီးရဲ့ အမည်ကိုလဲ အလှူရှင်ကို အကြောင်းပြုပြီး "ဖိုးသိမ်ကြီးကန်" လို့ ခေါ်ပါတယ်။

"မောယင် နားပါအုံးလား ဒကာကြီး"

"အရှုံးပေး လက်မြှောက်တော့မလို့လား ဘုရား"

"အရှုံးပေးဖို့ ဆိုတာကတော့ စိတ်တောင် မကူးမိပါဘူး။ ဒကာကြီး မောသွားပြီး အရှုံးပေးသွားမှာ စိုးလို့ပါ"

"မောင်းခမ်းသမိုင်း အကြောင်းသာ ပြောနေရယင် တပည့်တော်က အင်မတန် ပြောချင်တာကလား။ ပုံပြင်ကောင်းကောင်းတွေ ပြောပြ နေရသလို စိတ်က ရွှင်နေတာပဲ။ နားထောင်တတ်တဲ့ ဆရာတော်တို့လို ပုဂ္ဂိုလ်ကို ပြောပြရတော့ သာပြီး အရသာရှိ သာပြီး ပြောချင်တာပေါ့ ဘုရား"

"ဒါမျိုး ပြောချင်သူနဲ့ နားထောင်ချင်သူ ပေါင်းမိတော့ ပုံရိုင်းရိုင်း အကန်းနဲ့အကျိုး ပေါင်းမိသလို လိုတဲ့အကျိုး ပြီးသွားတာပေါ့ဗျာ။ နားထောင်ချင်သူလဲ နားထောင်ရ၊ ပြောချင်သူလဲ ပြောရ၊ နှစ်ဦးလုံး ကျေနပ်ကြပေါ့ ဒကာကြီး"

ဒကာကြီးအို ပြောရသည်ကလည်းအတော်များသွားပြီကတကြောင်း၊ နားထောင်ရ မှတ်ရသူမှာလည်း အနားယူချင်သေးသည်ကအကြောင်း ကြောင့် အတန်ငယ် အပန်းဖြေရန် စကားကလေး ထိုးပေးလိုက်ရသေး သည်။ သို့နှင့် ဒကာကြီးအိုမှာ ဆေးလိပ်သောက်ခွင့် ရသွားသည်နှင့် အတန်ငယ်နားပြီး ဆေးလိပ်သောက်သေးသည်။ ပြီးတော့ ဆက်လက် ပြောပြန်သည်။

ဖိုးစံနှောင်းဆိုတဲ့ ဖိုးသိမ်ကြီးမှာ သားသမီး ၃-ယောက် ထွန်း ကားခဲ့ပါတယ်။ မောင်လွန်း၊ မောင်မောက်လားနဲ့ မမြလေးတို့ ဖြစ် ကြပါတယ်။ မောင်လွန်းက ပေါက်ဖွားပြန်ရာမှာ မောင်ကြံဖက်၊ မောင်ရွှေမိုးရယ်လို့ သားနှစ်ယောက် ထွန်းကားခဲ့ရာ မောင်ကြံဖက်မှာ ပေါမိုင်းသူကြီး ဖြစ်လာခဲ့ပါတယ်။

သမီး မမြလေးက ဖိုးတင်၊ ဖိုးငတေ၊ ဖိုးအောင်မင်း၊ ဖိုးတေလု ရယ်လို့ သားလေးယောက် ထွန်းကားခဲ့ပါတယ်။ ဒီသားလေးယောက် ထဲက "ဖိုးငတေအကြောင်းကို ယခု ပြောပြလိုပါတယ်" ဤသို့လျှင် ဒကာကြီး ဦးဖိုးအိုက သူပြောမည့် ဖိုးငတေ အကြောင်းကို နိဒါန်း ချီလိုက်သည်။ ထို့နောက် ဤသို့ ဆက်ပြောလေသည်။

ဖိုးငတေဟာ မင်းတုန်းမင်းကြီး လက်ထက်မှာ မောင်းခမ်း ထရား သူကြီး ဖြစ်လာပါတယ်။ မောင်းခမ်းနှင့်တကွ ရွှေ ၁၉-ရွာမှာ ပေါ

ပေါက်လာသမျှ အမှုအခင်းများကို တရားသူကြီး ဖိုးငတောက် စီရင်ရပါတယ်။ မောင်းခမ်း တရားသူကြီးဆိုပေမဲ့ သူထိုင်တဲ့တရားရုံးကတော့ ဟုန်းမလင်းအနီး မန်ပင်မြို့မှာ ဖြစ်ပါတယ်။

မန်ပင် မြို့ဝန်မင်းကတော့ ဦးကြွယ်ဆိုသူ ဖြစ်တယ်။ မြို့ဝန်ဆိုတော့ တရားသူကြီးထက် စွာတာပေါ့။ ဦးကြွယ်က အငယ်အနှောင်းထားဖို့လဲ ဝါသနာပါတယ်။ ဒါကြောင့် မဖဲလုံးဆိုသူ အမျိုးသမီးကို အပိုင်သိမ်းပိုက်ရန် ကြံစည်လုံးပန်းတယ်။ မဖဲလုံး ဆိုတာက ကွမ်းတောင်းသူကြီး ဦးရွှေအန်ရဲ့ နှစ်မပေါ့။ ဦးရွှေအန်က သူ့နှစ်မကို မြို့ဝန်မင်း ဦးကြွယ်နှင့် သဘောမတူဘူး။ ဒါကြောင့် သူ့နှစ်မ မဖဲလုံးကို မိုင်းဝယ် (မိုင်းဝမ်) သူကြီး ဦးဖိုးရှုံနဲ့ လက်ထပ်ပေးစားလိုက်တော့တယ်။

ဒီတော့ မြို့ဝန်မင်း ဦးကြွယ်က ဘယ်မှာကျေနပ်လိမ့်မလဲ။ သူ့လို မြို့ဝန်တယောက်ကို ဒီလိုလုပ်ရပါမလားဆိုပြီး မခံချင်ဘူး။ ရှက်လဲရှက် အမျက်ဒေါသကလဲ ထွက်တော့တယ်။ ဒါနဲ့ အကြောင်းရှာပြီး ဦးရွှေအန်ကို မြို့ဝန်ဦးကြွယ်က သတ်ပစ်လိုက်တယ်။

ဒီလောက် ပြောင်ကျကျ မတရားလုပ်တာကို ပတ်ဝန်းကျင် ရွာရှိ လူတွေက မကျေမနပ် ဖြစ်လာကြတယ်။ ရွှေ ၁၉-ရွာရှိ လူတွေကရော၊ ကင်း ၁၃ ရွာရှိ လူတွေကပါ ဘယ်သူကမှ ဒီလို မတရားလုပ်တဲ့ မြို့ဝန်မင်း ဦးကြွယ်အပေါ်မှာ မကျေနပ်ကြဘူး။

ဒီတော့ မဟုတ်မခံ သူရသတ္တိရှိတဲ့ မောင်းခမ်း တရားသူကြီး ဦးငတောက်ကို တိုင်ကြတော့တယ်။ ဒါနဲ့ ဦးငတောက သူကြီးအားလုံးကို ဆင့်ခေါ်စုရုံးလိုက်ပါတယ်။ သူကြီးအားလုံး ရောက်လာကြတဲ့အခါ သူကြီးတွေနှင့်အတူ မြို့ဝန်မင်း ဦးကြွယ်အိမ်ကို သွားကြတာပေါ့။ အိမ်ရောက်ကြတဲ့အခါ ဧည့်ခန်းမှာထိုင်ကြပြီး အတွင်းခန်းမှာရှိနေတဲ့ မြို့ဝန်မင်း ဦးကြွယ်ကို လှမ်းခေါ်လိုက်ကြတယ်။

မြို့ဝန်မင်းကလဲ ကွမ်းတောင်းသူကြီး ဦးရွှေအန်ကို သတ်ပစ်လိုက်လို့ မကျေနပ်ကြတာနဲ့ လာကြတယ်ဆိုတာ သိနှင့်နေတယ်။ ပြီးတော့ ဦးငတောက ရွှေဆော် ရွှေရွက်လုပ်ပြီး လာတာပဲ ဆိုတာကိုလဲ သိတာ ဖြစ်တော့ ဦးငတောကို ဦးကျိုးသွားအောင် အယင်နှိမ်လိုက်မှဖြစ်မယ်လို့ ကြံပြီး အတွင်းခန်းက ကန့်လန့်ကာကိုဖယ်ကာ လှံကိုင်ထွက်လာတယ်။

"ဟော့လူ၊ ငါ့လှံကို မွှေးသလား၊ နံသလား၊ နမ်းကြည့်စမ်း" ထွက်လာလာချင်း ဒီလိုပြောပြီး ဦးငတေရှေ့ကို လှံကြီးထိုးဆန့်ပေးတယ်။ ဦးငတေက ဝန်မင်း ဦးကြွယ်ထိုးပေးလိုက်တဲ့ လှံကို လက်နဲ့ ဆွဲဖယ်ပစ်လိုက်တယ်။ ဖယ်ပြီး—

"ဟော့ ပန်းမှာသပြေ၊ လူမှာ ငတေတဲ့၊ မသိဘူးလား။ ပန်းသပြေ နတ်ပြည်မှာ မွှေးတယ်၊ လူငတေ လူပြေမှာ မွှေးတယ်ဆိုတာ မသိဘူးလား" လို့—

လက်သီးလက်ရုံးတန်းပြီး ထကြိမ်းလိုက်တော့တယ်။ ဒီတော့ ဝန်မင်း ဦးကြွယ်လဲ သူ့အခန်းတွင်း သူပြန်ဝင်သွားပြီး တံခါးပိတ် တိတ်တိတ် နေတော့တယ်။

## တော်လှန်ကြပြီ

ဦးငတေတို့အဖွဲ့ဟာ မြို့ဝန်နဲ့ မကျေမလည်ဖြစ်ပြီး ဒီလိုနဲ့ ပြန်လာခဲ့ကြတယ်။ မောင်းခမ်းရောက်တော့ ပေါမိုင်း ဦးကြံဖက် အိမ်မှာ တိုင်ပင်ဆွေးနွေးကြတယ်။ မတရားပြုလုပ်နေသူတွေကို ဘယ်လိုဘယ်ပုံ ရှင်းလင်း ပစ်ကြမလဲဆိုတဲ့ အမေးနဲ့ အဖြေကို ရှာကြတော့တယ်။ ဆွေးနွေးရာကနေ အဖြေပေါ်လာတဲ့အခါ တာဝန်ကိုယ်စီ ခွဲဝေယူလိုက်ကြပါတယ်။

ဥယျာဉ်ချောင်းဘက်မှာ အာဏာပြဆိုးသွမ်းနေတဲ့ ဥယျာဉ်ချောင်း ပေါက်ပင် စစ်ကဲကို သုတ်သင်ပစ်ရန် ဥယျာဉ်ချောင်းဖျားရေပေါ်မီး သူကြီး ဦးရွှေခက်နှင့် ဆယ်ရွာသူကြီး ဦးသာလှိုင်တို့က တာဝန်ယူကြရတယ်။

မန်ပင်နယ်မှာ အာဏာပြဆိုးသွမ်းနေတဲ့ မန်ပင်မြို့ဝန်မင်း ဦးကြွယ်ကို သုတ်သင်ပစ်ရန် မောင်းခမ်း ဦးငတေက တာဝန်ယူရတယ်။

ဒီလိုတာဝန် အသီးသီး ခွဲဝေယူခဲ့ကြပြီးနောက် ပေါက်ပင် စစ်ကဲကို ဦးရွှေခက်နဲ့ ဦးသာလှိုင်တို့က တာဝန်အရ သုတ်သင်ပစ်လိုက်ကြတယ်။ ဦးငတေ ယူရတဲ့ တာဝန်ကတော့ အထမမြောက်ပဲ ဖြစ်သွားတယ်၊ အကြောင်းကတော့ မြို့ဝန်မင်း ဦးကြွယ်က ကြိုတင်သိရှင့်လို့ ရှောင်တိမ်းထွက်ပြေးတာကြောင့်ပါပဲ။ ဒါနဲ့ ဦးငတေဟာ ဦးကြွယ်ကို သုတ်သင်ခွင့် မရလိုက်ပဲ ဖြစ်သွားခဲ့ပါတယ်။

## ဘယ်သူသေသေ- ငတေမာပြီးရော ဆိုတဲ့စကား

ဘယ်သူသေသေ- ငတေမာပြီးရော ဟူ၍ ပြောဆိုသူကို တကိုယ်ကောင်းဆန်သူဟု အများက နားလည်နေကြသော်လည်း ဤဒကာကြီး ဦးဖိုးအို ဆက်လက်ပြောပြမည့် ထိုစကား၏ မူရင်း ဇာတ်ကြောင်း၌မူ ထိုစကားက "တကိုယ်ကောင်း ဆန်သူ"ဟု အဓိပ္ပါယ်မထွက်ပဲ၊ "မဟုတ်လျှင် မခံ"ဟု အဓိပ္ပါယ်ထွက်နေလေသည်။ ဦးဖိုးအိုက ဤသို့ ဆက်လက်ပြောပြသည်။

## ပြန်ပြေးပြီး သံတော်ဦးတင်

မိုးဦးကာလ အချိန်သို့ ရောက်လာခဲ့တယ်။ ဒါ့ကြောင့် မိုးသံလေသံများလဲ ကြားလာခဲ့ရပြီ။ ဒီအချိန်မှာ စားဝတ်နေရေးအတွက် ကြောင့်ကြဘကြီး ရှိနေရသူတွေကတော့ မိမိတို့လုပ်ကိုင်နေကျ တောင်ယာလယ်များအတွက် စိုက်ပျိုးကြရန် ကြံကြ စည်ကြ ပြင်ဆင်လျက်ရှိနေကြတယ်။ ဒီအထဲ စားဝတ်နေရေးအတွက် မပူပင်ရတဲ့ မြို့ဝန်မင်း ဦးကြယ်ကတော့ မိမိ မတရားမှုကို အနှောင့်အယှက်ပေးနေတဲ့ ဦးငတေကို ဘက်ပြန်သုတ်သင်ရန် အားထုတ်နေတယ်။

သူ့လက်အောက်ရှိ လူအချို့ကို အာဏာနဲ့ ဆင့်ခေါ်တယ်။ ဆင့်ခေါ်ပြီး သူ့လူတွေကို ဦးငတေ မကောင်းကြောင်း နားဝင်အောင် ပြောပြတယ်။ ပြီးနောက် ဦးငတေရှိနေယင် နေရာမကျဘူး။ သုတ်သင်ပစ်မှ ဖြစ်မယ်ဆိုပြီး ဦးငပေါကို သုတ်သင်ဖျောက်ဖျက်ပစ်ရန် အမိန့်ပေးတော့တာပါပဲ။

သူ့လူတွေကလဲ သူအမိန့်ပေးတဲ့အတိုင်း ဦးငတေကို သုတ်သင်ရန် ဝိုင်းကြ ဝန်းကြ အားထုတ်ကြတယ်။ ဒါပေမယ့် ဦးငတေရဲ့ ခုခံတိုက်ခိုက်မှုကြောင့် ဦးငတေမှာ ဘာမှ မထိခိုက်မနစ်နာပါဘူး။ သေဖို့ဆိုတာတော့ ဝေးရောပဲ၊ သူတို့မှာသာ အထိနာပြီး ပြေးကြရတယ်။ ပြီးတော့ မြို့ဝန်မင်း ဦးကြယ်ဟာ သူကြံစည်တဲ့အတိုင်း မအောင်မြင်တော့ ဦးငတေက ထပ်မံ ဘက်ပြန်လာယင် သူသာ ဒုက္ခလှလှ ရောက်နိုင်ကြောင်း သိမြင်စိုးရွံ့လာတယ်။ ဒါနဲ့ မန္တလေးကို ပြန်ပြေးတော့တာပဲ။ မန်ပင်မှာ မနေဝံ့တော့ဘူး။

မန္တလေးရောက်တော့ "မောင်းခမ်းဦးငတေ၊ ရေပေါမီး သူကြီး ဦးရွှေခက်၊ ဆယ်ရွာသူကြီး ဦးသာလှိုင်တို့ ဆိုးသွမ်း တော်လှန်ကြလို့ ပေါက်ပင်စစ်ကဲကလေး အသက် ဆုံးရှုံး သွားရပြီဖြစ်ကြောင်း၊ သူတို့ရန်ကြောင့် သူလဲ ထွက်ပြေးခဲ့ရကြောင်း" ကို မင်းတုံးမင်းတြားကြီးအား သံတော်ဦးတင်ပါတော့တယ်။

## ရန်အောင်မြင် ဝန်ထောက်ကိုလွှတ်

မြို့ဝန်မင်းဦးကြယ်က ဒီလိုသံတော်ဦးတင်တော့ မင်းတုံးမင်းတြားကြီးက ဒီနယ်ပယ်မှာ အုပ်ချုပ်မှု ကင်းကွာနေလို့ မဖြစ်ဘူးလို့ မိန့်တော်မူပြီး ကလေးဝမှာ ရုံးထိုင်နေတဲ့ ရန်အောင်မြင် ဝန်ထောက်မင်းကို အမိန့်တော်နဲ့ မောင်းခမ်းကို စေလွှတ်လိုက်ပါတယ်။ "အစစစစ်ဆေးပြီး အမှန်အကန်အတိုင်း သံတော်ဦး တင်ရမယ်" ဆိုတဲ့ အမိန့်တော်ကိုလဲ သတ်မှတ်ပေးလိုက်တယ်။ ဒါနဲ့ ရန်အောင်မြင် ဝန်ထောက်မင်းမှာ ချင်းတွင်းမြစ် အတိုင်း နိုင်ငံခြားမှ ဝယ်ယူခဲ့သော ပြင်သစ်ပြည်လုပ် မြမန်းစကြာ သင်္ဘောဖြင့် ဆန်တက်ခဲ့ပါတယ်။ မောင်းခမ်းရောက်တဲ့အခါ ဝန်ထောက်မင်းက ဦးငတေကိုခေါ်ပြီး တွေ့ဆုံမေးမြန်းတယ်။

"မောင်မင်း- မောင်မင်းဟာ အုပ်ချုပ်သူ အစိုးရများကို တော်လှန်နေတယ်။ တော်လှန်ရန် လှုံ့ဆော်ပေးနေတယ်။ ကိုယ်တိုင်လည်း အားထုတ်နေတယ်လို့ ကြားသိရတယ်။ ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ။ ဘာဖြစ်လို့ ဒီလို တော်လှန်သတ်ဖြတ်နေရတာလဲ"

"ကျွန်ုပ်တို့မှာ ဆင်းရဲသား ကျွန်တော်မျိုးများပါ။ ခုနစ်သွားထွန်တုံးကို နင်းပြီး ခြေဖဝါးတော်မြတ်အောက် ဒူးထောက်ပြီး ဦးခိုက်ရှိကျိုးနေကြရသူများ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်မျိုးတို့ နယ်သူနယ်သားများအပေါ်မှာ စောင့်ရှောက်တဲ့ အစိုးရပီပီ မစောင့်ရှောက်ပဲ အနိုင်အထက် မတရားစော်ကား နှိပ်စက်မယ်ဆိုယင် "ကျားကြောက်လို့ ရှင်ကြီးကိုး၊ ရှင်ကြီး ကျားထက်ဆိုး ဖြစ်နေတာကြောင့် ငုံ့ခံမနေပဲ တော်လှန်ကြရပါတယ်"

ဦးငတေက အမှန်အတိုင်း ဒီလို လျှောက်ထားလိုက်ပါတယ်။ ဒီတော့ ရန်အောင်မြင် ဝန်ထောက်မင်းဟာ မိမိတို့ စစ်ကဲများဘက်က အုပ်

ချုပ်ပုံ နေရာမကျမှုန်း သိသွားတယ်။ မကွယ်မဝှက် ပွင့်ပွင့်လင်းလင်း လျှောက်ထား ပြောကြားတာ ဖြစ်လို့လဲ ဦးငယေရဲ့ လျှောက်ထား ပြောကြားချက်ကို ယုံကြည်သွားတယ်။ ဒါနဲ့ ဝန်ထောက်မင်းက ဦးငယေကို တရားပြပြီး လောကုတ္တရာကြောင်းနဲ့ ဆုံးမစကား ပြောကြားတယ်။

"ဘယ်လောက် ဆိုးသွမ်းစေကာမူ လူ တဦးတယောက်ကို သတ်တယ်ဆိုတာ လောကသံသရာ နှစ်ဖြာစလုံး မကောင်းဘူး။ မခံနိုင်လောက်အောင် ဆိုးသွမ်းရမ်းကားနေတယ်ဆိုယင် အထက်က အုပ်ချုပ်နေကြတဲ့ အစိုးရများ သိအောင် တိုင်တန်းရမှာ ဖြစ်တယ်။ အမှန်ကို သိရယင် အထက်အစိုးရက ဆိုးသွမ်းရမ်းကားသူကို အုပ်ချုပ်တဲ့ အပိုင်းကပဲ ဖြစ်ဖြစ် အအုပ်ချုပ်ခံ ဆင်းရဲသား အပိုင်းကပဲဖြစ်ဖြစ် ဒီအတိုင်း ကြည့်နေမှာ မဟုတ်ဘူး။ ထိုက်တန်တဲ့ အပြစ်ဒဏ်နဲ့ မဆိုးသွမ်းအောင် ဆောင်ရွက်ကြမှာပဲ။

ဒီလို တရားကြောင်းနဲ့ပြ ဆုံးမပြီးတော့ ဝန်ထောက်မင်းက ဆက်လက်ပြီး သူလာ စစ်ဆေးရတဲ့ အကြောင်းကိုလည်း ပြောပြတယ်။

"ကျွန်ုပ် ဒီကို အခုလို လာရောက် စစ်ဆေးရတာက ကျွန်ုပ်သဘောနှင့် ကျွန်ုပ် လာရောက် စစ်ဆေးရတာ မဟုတ်ပါဘူး။ မင်းကြီးကြီးရဲ့ အမိန့်နဲ့ လာရောက်စစ်ဆေးရခြင်း ဖြစ်ပါတယ်။ စစ်ဆေးလို့ သိရသမျှ စုံစမ်းလေ့လာလို့ ရသမျှကို မင်းကြီးကြီးထံ သံတော်ဦး တင်ရပါလိမ့်မယ်"

ဒီတော့ ဦးငယေက "ဝန်ထောက်မင်းတို့ ဝတ္တရား ရှိသလို ဆောင်ရွက်မှာကို လက်ခံပါတယ်။ ဝန်ထောက်မင်းတို့ အထက်အစိုးရများက တရားသဖြင့် အုပ်ချုပ်တတ်သူကို လွှတ်ပြီး အုပ်ချုပ်ပေးမယ်ဆိုယင် အစိုးရတို့ အုပ်ချုပ်မှု အောက်မှာ ကောင်းကောင်း မွန်မွန်နဲ့ တောင်ယာကို လုပ်ကိုင် စားသောက်နေကြရုံသာမက အစိုးရကို အကူအညီပေးဖို့ ငယေတို့မှာ တာဝန်ရှိပါတယ်။ ဒီလိုမှမဟုတ်ပဲ ပြီးခဲ့တဲ့ စစ်ကဲတို့၊ မြို့ဝန်တို့လို နေရာမကျသူကို ခန့်ထား အုပ်ချုပ်စေမယ်ဆိုယင်တော့ "ဘယ်သူသေသေ ငယေမှာ ပြီးရော သဘောထားရပါလိမ့်မယ်" လို့ လျှောက်ထားလိုက်တယ်။

ဒီတော့ အဖြောင့်အမှန်ကို သဘောကျတဲ့ ရန်အောင်မြင်ဝန်ထောက်မင်းဟာ ဦးငတေရဲ့ လျှောက်ထားချက်ကို ယုံယုံကြည်ကြည် လက်ခံလိုက်တော့တာပါပဲ။

**ငတေနဲ့ တဲ့အောင်ပေါင်းလေ**

စစ်ဆေး မေးမြန်းပြီးတဲ့အခါ ရန်အောင်မြင် ဝန်ထောက်မင်းဟာ ရေလယ်မှာ ကျောက်ချထားတဲ့ သင်္ဘောပေါ်တွင်နေယင်း အခြေအနေကို စောင့်ကြည့်နေခဲ့ပါတယ်။ ဦးငတေလည်း မောင်းခမ်းရွာထဲမှာပဲ နေမြဲနေတယ်။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စကားဟာ ရန်အောင်မြင် ဝန်ထောက်မင်း လာရောက် စစ်ဆေးရာတွင် ဦးငတေ ပြောခဲ့ရာမှ ပေါ်ပေါက်လာခဲ့တဲ့ စကားဖြစ်တယ်။

"ဦးယု ဆယ်ရွာနှင့်၊ သောလှိုင် ငရွှေခက်ကယ်တို့၊
လူ ငတေ မေ့သည့်တွက်ရယ်ကြောင့်၊
စစ်ကဲ ခန္ဓာ ပျက်ရတယ်၊ ကိန်း သည်နှစ်ပဲ"

ဒွေးချိုးမဟုတ် လေးချိုးမဟုတ် အချိုးမပြည့်စုံသော သည့် စာချိုးကလေးကတော့ ဝန်ထောက်မင်း ဦးငတေကို ‌ဝေ‌ာင်းမြောင်းဆိုသွားသည့် စာချိုးကလေး ဖြစ်ပါတယ်။ သည်အချိုးကလေးကို လောင်းလှေစီးယင်း လောင်းလှေပေါ်မှာ ဆိုပြီး ဝန်ထောက်မင်းဟာ သင်္ဘောပေါ်ကူးတက်ကာ မန္တလေးသို့ ပြန်သွားခဲ့ပါတယ်။

မန္တလေးသို့ ရောက်တဲ့အခါ ဝန်ထောက်မင်းက သူသိခဲ့ရသမျှအကြောင်းစုံကို မင်းတြားကြီးအား သံတော်ဦး တင်ပါတယ်။ အကြောင်းစုံကို သိရတဲ့ မင်းတြားကြီးက သူခန့်ထားတဲ့ မြို့ဝန်တို့, စစ်ကဲတို့ နေရာမကျပုံကို သိတော်မူတာကြောင့် ပြီးခဲ့ပြီး အမှုအခင်းတွေကို ဘာမှ အရေးယူတော်မမူပါဘူး။ မြို့ဝန်တို့, စစ်ကဲတို့ကို နောက်ထပ် အသစ်ပြောင်းပြီး အုပ်ချုပ်စေပါတယ်။ နောက်ထပ် အသစ်ပြောင်းလဲ့ အုပ်ချုပ်သူတို့ကိုလဲ မင်းတြားကြီးက မှာတော်မူလိုက်ပါသေးတယ်။

"လက်ဆောင်ပဏ္ဏာနဲ့ ခြေဖဝါးတော်အောက် ရောက်လာသူများထက် ဆင်းရဲသား ကျွန်တော်မျိုးများနဲ့ တဲ့အောင်ပေါင်းနိုင်ပါမှ

မောင်းခမ်းမင်းတို့ အသက်ရှည်ရှည်နဲ့ အမှုတော် ထမ်းနိုင်ကြပေလိမ့်မယ်။ အထူးအားဖြင့် မန်ပင်မှာ အမှုထမ်းသူများ မန်ပင်မှာ တာရှည်နေလိုယင် မောင်းခမ်း ငတေနဲ့ တဲ့အောင်ပေါင်းလေ” တဲ့။

## စော်ဘွား ဦးစောလီနှင့် အမတ်ချုပ် ဦးငတေ

မင်းသား ငဖဲဟာ ကချင်များနှင့် ပူးပေါင်းပြီး ချင်းတွင်း မြစ်ရိုးတလျှောက် သောင်းကျန်း နေခဲ့တယ်။ ထိုစဉ်အခါက ခမ္ပတီးမှာ အုပ်ချုပ်နေတာကတော့ စော်ဘွားကြီး ဦးစောလီ ဖြစ်တယ်။ စော်ဘွားကြီး ဦးစောလီဟာ သောင်းကျန်းနေတဲ့ မင်းသားငဖဲကို ဖမ်းပေးဖို့ အခွင့်ကိုလာခဲ့ပါတယ်။ ကိုလာပုံက “သောင်းကျန်းနေတဲ့ မင်းသား ငဖဲကို ဖမ်းပေးနိုင်သူအား လိုတဲ့ ဆုကို ပေးသနားတော်မူမယ်”လို့ မင်းတုန်းမင်းတြားကြီးက အမိန့် ထုတ်ပြန်လိုက်လို့ပါပဲ။

အမိန့်ထုတ်ပြန်လိုက်တဲ့အတိုင်း စော်ဘွား ဦးစောလီက မင်းသား ငဖဲကို မရရအောင် ဖမ်းပြီး မင်းတုန်းမင်းတြားကြီးထံ ဆက်သ ခဲ့ပါတယ်။ ဒီတော့ အမိန့်တော်မြတ် မှတ်ခဲ့တဲ့ အတိုင်း ဆုယူရန် အဆင့်ရောက်တဲ့အခါ “ရွှေ ၁၉-ရွာကို ဆုအဖြစ်ပေးရန် လျှောက်ထား”လို့ ဦးစောလီအား မင်းတြားကြီးက တောင်းတဲ့အတိုင်း ပေးသနားတော်မူလိုက်ပါတယ်။

ထိုအခါ စော်ဘွားကြီးဦးစောလီက မောင်းခမ်းမှာရှိတဲ့ ဦးငတေကို အမတ်ချုပ်အဖြစ် ခေါ်ယူ ခန့်ထားလိုက်ပါတယ်။ ဒီတော့ အမတ်ချုပ် ဦးငတေဟာ မောင်းခမ်းမှ ရွှေ့ပြောင်းပြီး ခမ္ပတီးမှာ လိုက်နေရတယ်။

## အမှုထမ်းနဲ့ စော်ဘွားတူမ

“လူတခု ပူမှုဆယ်ကုဋေနဲ့” ဆိုတဲ့အတိုင်း လူတွေဟာအမှုအပေါက်အင်မတန်များတာကလား။ ကမ္ဘာဦး လူတွေတုန်းကသာ နှဲနဲ ငြိမ်သက်သလိုရှိပြီး တော်တော် ကလေး ကြာတော့ လူတွေ အမှုအပေါက်များလွန်းတာနဲ့ အုပ်ချုပ်ကွပ်ကဲခဲ့တဲ့ မင်းတွေ ရှိလာရတာပဲ မဟုတ်လား။ မင်းသား ငဖဲ ကိစ္စပြီးသွားပေမယ့် စော်ဘွား ဦးစောလီရဲ့ တူမ ကိစ္စက ပေါ်လာပြန်တော့တယ်။ ဒီကိစ္စကလဲ မပြောပဲ ချန်ထားခဲ့လို့ ဖြစ်တဲ့ ကိစ္စ မဟုတ်ဘူး၊ ပြောရအုံးမှာပဲ။

မောင်းခမ်းရွာမှာ သူရကျော်ခေါင် ဗိုလ်လမောင်ရဲ့မိန်းမလတ်က မွေးတဲ့သား ဖိုးထွားဆိုတာ ရှိပါတယ်။ ဖိုးထွားရဲ့ သားက ဦးအောင်မင်း၊ တဖန် ဦးအောင်မင်းရဲ့သားက ဦးမောင်ဖုန်းတဲ့။ ဒီတော့ ဦးမောင်ဖုန်းဟာ သူရကျော်ခေါင် ဗိုလ်လမောင်ရဲ့ မြစ်တော်တာပေါ့။ ဦးမောင်ဖုန်းဟာ ခမ္မတီးစော်ဘွားကြီး ဦးစောလီထံမှာ အမှုတော်ထမ်းတယောက်ဖြစ်လာတယ်။

စော်ဘွားကြီး ဦးစောလီမှာလဲ နှင်းဆီဆိုတဲ့ တူမတယောက်ရှိတယ်။ နှင်းဆီနဲ့ ဦးမောင်ဖုန်း တို့မှာ တွေ့ရပါများခဲ့ကြတဲ့ အတိုင်း တဖြည်းဖြည်း တဦးနဲ့တဦး ယဉ်ပါး လာကြတော့တယ်။ ဒီကိစ္စမျိုးက ဘယ်လောက်ပဲ လျှို့ဝှက်တဲ့ ကိစ္စဖြစ်ပေမယ့် လုံခြုံတဲ့ ကိစ္စမျိုး မဟုတ်ပါဘူး။ အချင်းချင်း နေထိုင်သွားလာဟန်ကို မြင်ရုံနဲ့ပဲ ဘေးလူတွေက သိတတ်ကြတဲ့ ကိစ္စမျိုးပဲ။ တနေ့တော့ ဒီကိစ္စကို စော်ဘွားကြီး ဦးစောလီ သိသွား ပါလေရော။ ဒါနဲ့ ဦးမောင်ဖုန်းကို ကားစင်မှာ တင်ပြီး တောင်စွယ်နေကွယ်ယင် သတ်စေဆိုတဲ့ အမိန့်တော်မြတ် သတ်မှတ်တော့တာပဲ။

## ဦးငတေက ဖူးစာရေးနတ် လုပ်လိုက်တယ်

ဒီအကြောင်းကို ကားစဥ်တင်ထားချိန်ကျမှပဲ အမတ်ချုပ်ကြီး ဦးငတေက ဦးမောင်ဖုန်းကို ကားစဥ်ကဖြုတ်ပြီး ခမ္မတီးကို ပြန်ခေါ်ခဲ့တယ်။ ဦးငတေက ဒီလို သူ့အာဏာကို ဖီဆန်ပြုလုပ်တာကို စော်ဘွားကြီး ကြားသိသွားတော့ အကြီးအကျယ် ဒေါပွတော့တာပေါ့။ ဒါနဲ့ ဦးငတေကိုခေါ်ပြီး "ဘာပြုလို့ တရားခံကို ဒီလိုခေါ်ယူလွှတ်ပစ်ရသလဲ"လို့ စော်ဘွားကြီးက ဒေါသနဲ့မေးတယ်။ ဒီတော့ အမတ်ချုပ်ကြီး ဦးငတေက—

"စော်ဘွားတူမနဲ့ မင်းမှုထမ်း ရည်ငံယဉ်ပါးကြရုံနဲ့ သတ်ပစ်တယ်ဆိုယင် ရာဇဝင်ရိုင်းတော့မပေါ့"လို့ ပြန်ပြီးလျှောက်ထားလိုက်တယ်။ ဒီလိုလျှောက်ထားပြီးနောက် "ဒီကိစ္စလောက်နဲ့ သတ်ပစ်သည်အထိ အာဏာမပြင်းထန်သင့်ကြောင်း၊ စော်ဘွားတူမဖြစ်လို့ မင်းမှုထမ်းတယောက်နဲ့ အဆင့်အတန်းချင်း မတူသော်လည်း အခြေအနေအရ မမှတာအတိုင်း ရည်ငံနေကြသည်ကို ရာဇဝင်ကောင်းအောင် အသင့်

အတင့် နှလုံးသွင်းပြီး ခွင့်လွှတ်သင့်ကြောင်း" စသည်ဖြင့် စော်ဘွားကြီး အား လောက ကြောင်းကျိုးပြပြီး ကျေနပ်စေပါတယ်။

ဒီလို အကျေအလည်တင်ပြပြီး ဦးမောင်ဖုန်းနဲ့ စော်ဘွားကြီးတို့မ မနှင်းဆီကို အမတ်ချုပ်ကြီး ဦးငတေက လက်ထပ်ပေးလိုက်ပါတယ်။ လက်ထပ်ပြီးတော့ ဇနီးမောင်နှံနှစ်ဦးလုံးကို မောင်းခမ်းသို့ ပို့ထားလိုက် ပါတယ်။

## မောင်းခမ်းသူကြီး ခန့်ထားလိုက်တယ်

အခါတပါး ဦးငတေ မောင်းခမ်း ရောက်လာခိုက် သူကြီးဦးကြံဖက် အနိစ္စရောက်သွားတာနဲ့ ကြုံနေတယ်။ ဒါနဲ့ သူကြီးဦးကြံဖက်၏ ညီ ဦးရွှေမိုးကို သူကြီးအဖြစ် ခန့်ထားရန် ညွှန်ကြားခဲ့ပြီး ခမ္ဘတီးသို့ ပြန်ခဲ့ တယ်။ ခန့်ထားခဲ့လို့ နောက်များမကြာမီမှာပင် "ဦးရွှေမိုး အုပ်ချုပ်ပုံကို လူထုက သဘောမကျကြောင်း" ဖြင့် ဦးငတေထံ တိုင်ကြားကြတယ်။ ဒါနဲ့ ဦးငတေက စုံစမ်းလေ့လာပြီး သူတို့တင်ပြတဲ့အတိုင်း လူထုက ဦးရွှေမိုးအုပ်ချုပ်ပုံကို သဘောမကျမှန်း သိရတဲ့အခါ ဦးရွှေမိုးကို ရာ ထူးမှနုတ်ပြီး ဦးမောင်ဖုန်းအား သူကြီးအဖြစ် အစားထိုး ခန့်ထားလိုက် ပါတယ်။

## အကျင့်ပျက်လို့ အမှုမထမ်းလို

စော်ဘွားကြီး ဦးစောလီဟာ နောက်ပိုင်းတွင် မိမိ ဆုရထားတဲ့ ရွှေ ၁၉-ရွာ အပေါ်မှာ အာဏာပြ၊ မတရားညှဉ်းဆဲနဲ့ အကျင့်ပျက်လာ တော့တယ်။ ဒီအကြောင်းကို အမတ်ချုပ်ကြီး ဦးငတေက မင်းတုန်းမင်း တရားကြီး ကြားသိအောင် သတင်းပို့လိုက်ပါတယ်။ သတင်းပို့လို့ မင်း တရားကြီး ကြားသိတဲ့အခါ ဦးစောလီထံမှ ရွှေ ၁၉-ရွာကို ရုပ်သိမ်းလိုက် တော့တယ်။ ဒီလို ရုပ်သိမ်းပြီး ပန်မင်း ဦးစာနှင့် ဦးဝါတို့အား အစား ထိုး အပ်နှင်းလိုက်ပါတယ်။

နောက် ဦးငတေလည်း "အကျင့်ပျက်တဲ့ စော်ဘွားကြီးထံ အမှု မထမ်းလို"ဟု ဆိုကာ မောင်းခမ်းသို့ပြန်ခဲ့ပါတယ်။ ဒီလိုနဲ့ ဦးငတေဟာ မောင်းခမ်းမှာပဲ အသက်ထက်ဆုံး နေထိုင်သွား ပါတယ်။

## သီပေါမင်းလက်ထက်

မန္တလေးမှာ မင်းတုန်းမင်းတြားကြီး နာရှာစံပြီးနောက် သီပေါမင်း နန်းတက်တော်မူပါတယ်။ မောင်းခမ်းမှာလဲ ဦးငတေ ကွယ်လွန်ပြီးနောက် ဦးငတေရဲ့သား ဦးအုန်းခိုင်ဟာ "ဒီလိုနေလို့တော့ မဖြစ်သေးဘူး"ဆိုပြီး ညီဖြစ်သူ ဦးအောင်ကြီးနှင့် အတူ မန္တလေးကို လာခဲ့ကြပါတယ်။ မန္တလေးရောက်တော့ သီပေါမင်းထံ ဝင်ရောက် ခစားနေကြတယ်။

ဒီလို နိုင်ငံရေး ရှုပ်ထွေးနေစဉ် ခမ္မတီးစော်ဘွား ဦးစောလီကို ယောက်ဖတော်သူ ဦးစောအယ်က တော်လှန်ပုန်ကန်ပါတော့တယ်။ ဒါနဲ့ ဦးစောလီဟာ ခမ္မတီးမှာ မနေနိုင်တော့ပဲ ထွက်ပြေးခဲ့ရပြီး တစုံးမှာ ဝင်ရောက်ခိုလှုံနေခဲ့ရတယ်။ ဦးစောလီ ကိုးကွယ်ထားတဲ့ ဆရာတော် ဘိုးကေဝလကိုလဲ ပင့်ခဲ့ပြီး မောင်းခမ်းရွာ အရှေ့ကျောင်းမှာ သီတင်းသုံးစေခဲ့တယ်။ နောက်တော့ မောင်းခမ်းသူကြီး ဦးမောင်ဖုန်းက မောင်းခမ်း အနောက်မှာ ကျောင်းဆောက်ပြီး ဘိုးကေဝလကို ကိုးကွယ်ထားပါတယ်။

## ထောင်မင်းသား နှစ်ဦး

"ယောက်ဖ ဦးစောအယ်က တော်လှန်ပုန်ကန်လို့ ယခု တစုံးမှာ နေထိုင်ရကြောင်း"ကို ဦးစောလီက သီပေါမင်းထံ စာဆက်သွင်းလိုက်ပါတယ်။ ဒီသတင်းကို ဦးစောအယ်က စစ်တပ်မရောက်လာမီ စောစော ကြိုတင်ကြားသိရသည့်အတိုင်း ရှောင်တိမ်းပြီး မန္တလေးသို့ ပြေးလာခဲ့တယ်။ ရောက်လျှင် သီပေါမင်းထံ ဝင်ရောက် အညံ့ခံလိုက်ပါတယ်။ အညံ့ခံ ဝင်ရောက်လာတဲ့ ဦးစောအယ်ကို ထောင်သွင်း အကျဉ်းချထားလိုက်ပါတယ်။

ဦးစောအယ် ထောင်ထဲရောက်တော့ မိမိအယင် ထောင်ထဲမှာရောက်နေနှင့်တဲ့ ရှမ်းပြည်မှ ဗိုလ်တဦးကိုတွေ့ရတယ်။ သူ့အယင် ရောက်နှင့်နေတဲ့ အဲဒီရှမ်းနှင့်ပေါင်းပြီး ထောင်တွင်းမှာ ထောင်မင်းသားများ ဖြစ်နေကြပါတယ်။

သီပေါမင်းထံ ခစားနေကြတဲ့ ဦးအုန်းခိုင်နှင့် ဦးအောင်ကြီးတို့ဟာ နယ်သားချင်းဖြစ်တဲ့ ဦးစောအယ်ရှိမှု ထောင်ထဲမှာ သွားရောက်တွေ့

ကြတယ်။ ဒီလို သွားတွေ့ကြတဲ့အခါ ဦးစောအယ်က "ကျုပ်တို့မှာ အကြံတခု ရှိနေတယ်။ ခင်ဗျားတို့ ဒီနန်းတွင်းမှာ မနေကြနဲ့လို့ ရှမ်းလို ပြောပြီး ဦးအုန်းခိုင်နှင့် ဦးအောင်ကြီးတို့ကို သတိပေးလွှတ်လိုက်ပါ တယ်။ ဒါနဲ့ ဦးအုန်းခိုင်နှင့် ဦးအောင်ကြီးတို့ နှစ်ဦးလဲ နန်းတွင်းမှာ မနေကြတော့ပဲ နန်းတွင်းကထွက်ပြီး မြို့ထဲမှာ တိမ်းရှောင် နေကြရ ပါတယ်။

## ထောင်တွင်းကမီး

ခမ္မတီး ဦးစောအယ်နဲ့ ရှမ်းပြည် ဗိုလ်တို့ဟာ ထောင်တွင်းမှာ ထောင်မှူးများကို တော်လှန် သတ်ဖြတ်ပစ်လိုက်ကြပါတယ်။ ဒီတော့ သီပေါမင်းက ဦးစောအယ်နှင့် ရှမ်းပြည်နယ် ဗိုလ်နှစ်ဦးကို ဦးခေါင်း ဖြတ် ဆက်သနိုင်သူအား ဆုတော် ငွေတထောင်ပေးမည်လို့ အမိန့်ထုတ် ပြန်ပါတော့တယ်။

ဒီလို အမိန့်တော်မြတ် မှတ်ပြီး ထောင်ကို စစ်တပ်နဲ့ဝိုင်းစေတော်မူ ပါတယ်။ ပြီးတော့ စစ်တပ်က ထောင်ကို မီးကျည်အမြောက်နဲ့ ပစ်ကြ တယ်။ ထောင်ကို မီးလောင်တော့ ထောင်သားတွေက ထွက်ပြေးကြ တယ်။ ဒီပြင်ထောင်သားအချို့ လွတ်မြောက်ထွက်ပြေးကြပေမဲ့ ဦးစော အယ်နှင့် ရှမ်းပြည်ဗိုလ်များကိုတော့ စစ်တပ်က အလွတ်မပေးဘူး။ သူတို့ နှစ်ဦးကို မမိ မိအောင် ဖမ်းပြီး အမိန့်တော်အတိုင်း ဦးခေါင်းကို ဖြတ် လိုက်ကြတယ်။ ဖြတ်ပြီး သီပေါမင်းထံကို ဦးခေါင်းနှစ်လုံး ဆက်သ လိုက်ကြတော့တာပါပဲ။

ထောင်ကို မီးလောင်ရာက မီးကူးပြီး နန်းတော် ပြာသာဒ် ထုပိကာ ကိုလဲ မီးစွဲခဲ့တယ်။ မဟာအတုလကျောင်းတော်နဲ့ မဟာမြတ်မုနိ ဂန္ဓ- ကုဋိတိုက်များကိုလဲ မီးစွဲလောင်ခဲ့တယ်။ ဒီလို ဟာကယ့် ဌာနတွေကို မီးစွဲလောင်တာဟာ ဗမာပြည် ဗမာလူမျိုးတို့အတွက် ထီးသုဉ်းနန်းသုဉ်း ဖြစ်မည့် အတိတ်နိမိတ်များပါပဲ။

## ငဝဦးစီးတဲ့ ကချင်သူပုန်

"တောမီးလောင်တော့ တောကြောင်ထ" တတ်တဲ့ အတိုင်း မန္တလေးနေပြည်တော်မှာ ဒီလို ဗရုတ်သုတ်ခဖြစ်နေတဲ့အခါ ဥယျာဉ်ချောင်း

တလျှောက်တွင် ၈၀ ဦးစီးတဲ့ ကချင်သူပုန်တွေက ထကြွပါလေတော့တယ်။ သူပုန်ရန်ကြောင့် ဥယုချောင်း တလျှောက်မှာ ရှိကြတဲ့ အရပ်သူအရပ်သားတွေဟာ သင့်တော်ရာကို ပြေးကြရပါတယ်။

အချို့ အရပ်သားများနဲ့ ဘုန်းတော်ကြီးတွေကတော့ မောင်းခမ်းမှာလာရောက် ခိုလှုံနေကြတယ်။ ဥယုချောင်းတလျှောက်က ထွက်ပြေးခဲ့ကြတဲ့ အဆက်အနွယ်တွေဟာ မောင်းခမ်းတွင် အခုထက်ထိ ရှိကြသေးတယ်။ ဘုန်းတော်ကြီး ဦးထွေးကတော့ ထွက်ဝမှာ ပြောင်းရွှေ့ပြီး သီတင်းသုံးတော်မူပါတယ်။

နောက်တော့ သီပေါမင်းတြားသိသွားလို့ သူပုန်များကို နှိမ်နင်းရန် စစ်တပ်လွှတ်လိုက်တယ်။ ဘုရင့်စစ်တပ် ရောက်လာတော့ သူပုန်၈၀တို့တတွေလဲ မှိုင်းကိုင်းကနေ ကချင်ပြည်ရောက်အောင် ပြန်ဆုတ်သွားကြတယ်။

**အင်္ဂလိပ်ခေတ်**

နောက် မကြာမီမှာပဲ သီပေါမင်းကို နန်းချပြီး အင်္ဂလိပ်တို့က ခေါ်ဆောင်သွားကြတယ်။ ရာဇဝင်မှာလာတဲ့အတိုင်း ၁၂၄၇-ခုနှစ်ကပေါ့။ အင်္ဂလိပ်တို့က နန်းတွင်းဝင်စီးတဲ့အခါ ဦးအောင်ကြီးက မြို့ထဲမှာ သွားနေခိုက်ဖြစ်လို့ လွတ်နေတယ်။ နန်းတွင်းမှာရှိနေတဲ့ ဦးအုန်းခိုင်ကိုတော့ အင်္ဂလိပ်တို့ရဲ့ အစစ်ဆေးခံရတယ်။ မင်းမျိုးမဟုတ်ပဲ မောင်းခမ်း ရှမ်းဖြစ်ကြောင်း သိသွားလို့ ဦးအုန်းခိုင်ကို အင်္ဂလိပ်တို့က ဖမ်းဆီးချုပ်နှောင်ခြင်း မပြုကြဘူး။ ဖမ်းဆီးခြင်း မပြုရုံသာမက ဦးအုန်းခိုင်ကို စစ်ဗိုလ်မေဂျာဒိတ်နှင့်အတူ ချင်းတွင်းမြစ်တလျှောက်ကိုသိမ်းရန် အမိန့်ပေးလိုက်သေးတယ်။

**မိစ္ဆာလူမျိုးကခိုင်းတဲ့ အလုပ်ကိုမလုပ်**

ပေးတဲ့အမိန့်နဲ့ အမိန့်စာကို ဦးအုန်းခိုင်က ယူလာပြီး ဦးအောင်ကြီးဆီကို လာတွေ့တယ်။ အမိန့်စာကိုလဲ ဦးအောင်ကြီးအား ထုတ်ပြတယ်။ ဒီလိုပြပြီး—

"ဟေ့- မိစ္ဆာလူမျိုးကခိုင်းတဲ့ အလုပ်ကို မလုပ်ဘူးကွ"လို့ ပြောပြောဆိုဆို ဦးအုန်းခိုင်ဟာပေးလိုက်တဲ့ အမိန့်စာကို ဆုတ်ဖြဲပစ်လိုက်တော့

တာပဲ။ ပီးတော့ ဦးအုန်းခိုင်က ဦးအောင်ကြီးကို မောင်းခမ်းပြန်လွှတ်လိုက်တယ်။ သူကိုယ်တိုင်ကတော့ ဝန်းသိုစော်ဘွား ဦးအောင်မြတ်ထံ သွားပြီး ပူးပေါင်းတယ်။ ပူးပေါင်းပြီး ဝန်းသိုကနေ အင်္ဂလိပ်ကို တော်လှန်ခုခံကြသေးတယ်။

ဒါပေမယ့် အင်အားချင်းမတူလို့ မအောင်မြင်ပါဘူး။ တော်လှန်ခုခံယင်း ကျိုင်းတုံအထိ ဆုတ်ခွါသွားခဲ့ရတယ်။ ကျိုင်းတုံကနေ တရုတ်ပြည်ထဲ ရောက်အောင် တိမ်းရှောင် နေခဲ့ရပါတယ်။ နောက် အင်္ဂလိပ်အုပ်စိုးလို့ ၅-နှစ်ကြာတော့မှ တရုတ်ပြည်ဘက်မှ မန္တလေးကို ပြန်လာခဲ့တော့တယ်။ မန္တလေးကတဖန် မောင်းခမ်းကို ပြန်ခဲ့တယ်။

## မောင်ဖိုးအိုဆိုတာ တပည့်တော်ပါပဲ

ဦးအုန်းခိုင် မောင်းခမ်းပြန်ရောက်တော့ မောင်းခမ်းသူ မုဆိုးမ ဒေါ်ခါနဲ့ အကြောင်းပါကြပါတယ်။ ဒေါ်ခါက သားကလေး တယောက် မွေးဖွားခဲ့ရာ အသက် ၅၀-ကျော် ၆၀-အရွယ်ကျမှ အိမ်ထောင်ပြုပြီး မွေးဖွားခဲ့ရတဲ့ သားမို့ အဲဒီသားကလေးကို "မောင်ဖိုးအို" လို့ အမည်မှည့်ခေါ်ကြတယ်။

"အဲဒီ- မောင်ဖိုးအို ဆိုတဲ သားကလေးဟာ အခု အရှင်ဘုရားနဲ့ စကားဖောင်ဖွဲ့နေတဲ့ တပည့်တော်ပါပဲဘုရား"ဟု ဒကာကြီးအိုက ရယ်ရယ်မောမော လျှောက်ထားလေ၏။ ရှည်ရှည်လျားလျား မမောတမ်း ပြောလာခဲ့သော မောင်းခမ်းသမိုင်း အကြောင်းမှာ ဤတွင် တခန်းရပ်သွားခဲ့လေ၏။ မှတ်သားဖွယ် ကောင်းရှိသာမက အပြောကလည်း ကောင်းသောကြောင့် နားထောင်လို့လည်း ကောင်းလှသည်။

## နယ်ချဲ့တော်လှန်ရေးသမားကြီး ဦးဖိုးအို

"နားထောင်လို့လဲကောင်း မှတ်သားစရာလဲ တယ်ကောင်းတာပဲ ဒကာကြီး၊ ဒီလောက် မှတ်မှတ်သားသားနဲ့ အပြောကောင်းတဲ့ ဒကာကြီးအကြောင်း အတ္ထုပ္ပတ္တိကိုလဲ သိချင်ပါသေးတယ်။ တိုတိုတုတ်တုတ်ပေါ့ ဒကာကြီးရာ၊ ဆွမ်းစားချိန်ကလဲ နီးနေပြီ"

"တပည့်တော်က တစင်းတနပ်လောက်တော့ ဖောဒပဲ ပြောနိုင်ပါတယ်။ နားထောင်တဲ့ အရှင်ဘုရားက ရှော့ယင်သာ ရှော့ရမယ်"

"နားထောင်နေသူကလဲ မရှော့ပါဘူး ဒကာကြီးရာ၊ ဒါပေမဲ့ ဆွမ်းစားဖို့ အချိန်လောက်တော့ ပေးအုံးမှပေါ့"

အာဂ ဒကာကြီးပေ။ နားထောင်သူကပင် ရှုံးရတော့ မယောင်ယောင် ဖြစ်လာသည်။ တကယ်လည်း ပြောစရာတွေ ပေါများသည့် ဒကာကြီးပင်၊ မကုန်နိုင် မခန်းနိုင် ပြောစရာ ပေါများသလောက် နားထောင် ကောင်းအောင်လည်း ပြောစွမ်းနိုင်ပါပေသည်။ နားထောင်၍ကား မငြီးပေ။ နားထောင် မှတ်သားလိုသူသာ ရှိလျှင် တကယ်လည်း ထမင်းတနပ်လောက်တော့ အရေးမထားပဲ ပြောကောင်း ပြောနိုင်ပေလိမ့်မည်။

"အရှင်ဘုရား နားထောင်ချင်ယင် တပည့်တော် အတ္ထုပ္ပတ္တိကိုလဲ နဲနဲပါးပါး ပြောရအုံးမှာပဘုရား" ဟု လျှောက်ထားပြီး ဆက်လက်ပြောကြားလေသည်။

"ပြည်ထောင်စု မြန်မာနိုင်ငံတော် အထက်ချင်းတွင်းခရိုင် မောင်းခမ်းရွာတွင် ဦးအုန်းခိုင် ဒေါ်မါတို့မှ ၁၂၅၇-ခုနှစ် ပြာသိုလပြည့်ကျော် ၁၁-ရက် ကြာသပတေးနေ့ နံနက် ၄-နာရီအချိန်မှာ တပည့်တော် ငဖိုးအိုကို မွေးဖွားခဲ့ပါတယ်။

"ဖ အမျိုး-ဖိုးဟူ" ဆိုတဲ့အတိုင်း ဦးငတေရဲ့ မြေးပီပီ ၁၈-နှစ်သား အရွယ်ကပင် (၁၉၁၄- ခုမှ ၁၈-ခုနှစ်အတွင်း) အင်္ဂလိပ်အစိုးရလက်ထက်မှာ ဟူမွလင်း စစ်ကော်မီတီအဖြစ် အမှုထမ်းခဲ့ရပါတယ်။ အသက် ၂၅-နှစ် ၁၉၂၀-ခုနှစ်မှာ ဝိုင်-အမ်-ဘီ-အေ အသင်းဝင်အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

ဝံသာနုခေတ် ရောက်ပြန်တော့ ဟူမွလင်းနယ်အတွက် ဝံသာနု ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

အင်္ဂလိပ်အပြေး ခေတ်ပျက်နေချိန်မှာ ဟူမွလင်း တနယ်လုံး အေးချမ်းအောင် နိုင်နိုင်နင်းနင်း စောင့်ရှောက်အုပ်ချုပ် နိုင်ခဲ့ပါတယ်။ အင်္ဂလိပ်နယ်ခြံတို့ ပြေးတော့မည့်ဆဲဆဲ နယ်ခြံ ဆန့်ကျင်မှုကြောင့် "မောင်ဖိုးအိုကိုမိယင် ဆု ငွေကာထောင်ပေးမည်"လို့ အင်္ဂလိပ်အစိုးရက ဝရမ်းထုတ်ခြင်း ခံခဲ့ရပါတယ်။

ထိုစဉ်အခါ တပည့်တော်ဟာ ရန်ကုန်ဆင်းပြီး ဟူမွလင်းနယ်မြေရှိ အင်္ဂလိပ်နှင့် ဂျပန်တို့ အခြေအနေကို ဗိုလ်ချုပ်အောင်ဆန်းထံ အစီရင်ခံနေခဲ့ပါတယ်။

အဲဒီနောက် လွတ်လပ်ရေးမရခင် ခေတ်တလျှောက်မှာ ဟူမွလင်းနယ်အတွက် "ဖ-ဆ-ပ-လ" ဖွဲ့စည်းရေးကို ဆောင်ရွက်ခဲ့ပါတယ်။ ထိုစဉ်က ပန်းဆက်ရွာမှာ နေပါတယ်။

လွတ်လပ်ရေးရတဲ့ ခေတ်မှာတော့ မောင်းခမ်းကို ပြန်ရောက်ပြီး "ဖ-ဆ-ပ-လ"ခရိုင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ရတယ်။ ထိုစဉ်အခါ နယ်မြေလုံခြုံရေးအရာရှိများနဲ့ ပေါင်းပြီး လုံခြုံအောင် အုပ်ချုပ်နိုင်ခဲ့ပါတယ်။

အခုတော့ အသက်အရွယ်လဲကြီးပါပြီ။ နိုင်ငံရေးမလုပ်တော့ပါဘူး။ တိုင်းပြည်အတွက် အသက်စွန့်ပြီး လောကီအလုပ်တွေကို လုပ်ခဲ့လှပါပြီ။ ဒီအလုပ်တွေဆိုတာကလဲ မီးခိုးမဆုံး မိုးမဆုံး အလုပ်တွေပါ။ တိုင်းပြည်အတွက် လုပ်နိုင်တုန်းက လုပ်ခဲ့ပြီးပြီ။

အခု တပည့်တော်ရဲ့ အသက်အရွယ်နဲ့ ဘဝအခြေအနေဟာ လောကီကို စွန့်လွှတ်ဖို့သင့်နေပြီ။ လောကုတ္တရာဘက်လှည့်ဖို့ တော်နေပြီ။ တပည့်တော်ရဲ့ ခန္ဓာကိုယ်ကို ဗုဒ္ဓသာသနာရေးသက်သက်ကိုသာ အသုံးပြုသွားပါတော့မည်။ သာသနာတော် တည်တံ့အောင် စည်ပင်ပြန့်ပွါးအောင် တတ်နိုင်သမျှအားနဲ့ ပြုစုဆောင်ရွက်သွားမယ်လို့ ဆုံးဖြတ်ထားလိုက်ပါပြီ။ ဒါကြောင့်လဲ အယင်တုန်းက နိုင်ငံရေး ငဖိုးအိုဟာ ယခုအခါ ဒီရိပ်သာမှာ သာသနာ့အကျိုးဆောင် ဖြစ်နေပါပြီ။

နိုင်ငံလွတ်လပ်ရေးအတွက် တတ်နိုင်တဲ့နေရာကနေ ဆောင်ရွက်လို့ လွတ်လပ်တဲ့နိုင်ငံဖြစ်လာပြီမို့ စိတ်လက်အေးချမ်းစွာနဲ့ ကျေကျေနပ်နပ်ရှိသွားပါပြီ။ လွတ်လပ်ရေးတည်တံ့အောင် ထိန်းသိမ်းဖို့ကတော့ နောက်လူများက တာဝန်ယူကြပါလိမ့်မယ်။ လောကီ နယ်ချဲ့ဖြစ်တဲ့ အပြင်ရန်သူတွေကို တော်လှန်ပြီးတော့ အတွင်းနယ်ချဲ့ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ ရန်သူတွေကိုလဲ တတ်စွမ်းသမျှ တိုက်ထုတ်တော်လှန်ဖို့က ရှိနေပါသေးတယ်။ ဒါတွေကိုလဲ မေ့ထားလို့ မဖြစ်ပါဘူး။ မြတ်စွာဘုရားရဲ့ သတိပဋ္ဌာန်လက်နက်ကိုင်ပြီး တော်လှန်ရတော့မှာပဲဘုရား"

"တယ် အဆင်ပြေတဲ့ အစီအစဉ်ပါပဲ ဒကာကြီး၊ ဒကာကြီးစိတ်ထား နဲ့ ဆောင်ရွက်ပုံ အစီအစဉ်ကို အင်မတန် သဘောကျပါတယ်။ ချီးလဲ ချီးကျူးမိပါတယ်။ သာဓုလဲ ခေါ်ပါတယ်။ အခု ဒကာကြီးပြောလို့ သိရတာ အတော်လဲ စုံလင်သလောက် စုံလင်သွားပါပြီ။ ဒါပေမယ့် မျက်မှောက် မောင်းခမ်းရဲ့ အခြေအနေကို ပြောပြအုံးမယ်ဆိုယင် နားထောင် မှတ်သားချင်ပါသေးတယ် ဒကာကြီး" ဤသို့ စာရေးသူက တောင်းဆို လိုက်ပြန်ပါသည်။

## ဦးဖိုးအို ပြောပြသော မျက်မှောက် မောင်းခမ်း

"မျက်မှောက် မောင်းခမ်းကိုတော့ အရှင်ဘုရားကိုယ်တိုင် ရောက် လာပြီး မြင်တန်သရွေ့မြင်၊ တွေ့တန်သရွေ့ တွေ့နေတဲ့ အတိုင်းပါပဲ ဘုရား။ မောင်းခမ်းရွာဟာ အထက်ချင်းတွင်းခရိုင် ချင်းတွင်းမြစ်ကမ်း မှာ တည်နေတဲ့ ရွာတရွာဖြစ်ပါတယ်။ အိမ်ခြေ ၅၀၀-လောက်နဲ့ အထက်တန်းကျောင်းတကျောင်း၊ ရဲဌာနနဲ့ ဆေးပေးခန်းများ ရှိနေပါ တယ်။လယ်ယာလဲလုပ် လက်ဖက်လဲ စိုက်ကြတယ်။

ဘုန်းတော်ကြီးကျောင်းက ၂-ကျောင်း၊ အခု ဒီရိပ်သာရာဆိုယင် ၃-ကျောင်းလို့ ဆိုရမှာပေါ့။

ဆုတောင်းပြည့် စေတီတော်တဆူရှိပါတယ်။ အဲဒီ ဆုတောင်းပြည့် စေတီတော်ဝိုင်းအတွင်းမှာ ဘုရား ၂၅-ဆူ၊ အရှေ့ ဘုန်းတော်ကြီး ကျောင်းအတွင်းမှာ ဘုရား ၂၁-ဆူ၊ အနောက် ဘုန်းတော်ကြီးကျောင်း အတွင်းမှာ ဘုရား ၅-ဆူ၊ ပေါင်း ၅၁-ဆူ ရှိပါတယ်။ အထူးအားဖြင့် တော့ ဆုတောင်းပြည့်ဘုရားအတွင်းမှာ တောင်ပြည့်စေတီတော် ၂-ဆူ နဲ့ ဘုရားကျောင်းတော် ၁-ဆောင်လဲ ရှိပါတယ်။

အရှေ့ဘုန်းတော်ကြီးကျောင်းတွင်းမှာလဲ ထောင်ပြည့် စေတီတော် ၂-ဆူနဲ့ ဘုရားတိုက်၊ ဆွမ်းစားကျောင်း၊ သိမ်ကျောင်း အပြည့်အစုံရှိပါ တယ်။ အနောက် ဘုန်းတော်ကြီးကျောင်းမှာလဲ ဘုရားကျောင်း ၃-ကျောင်း၊ ဆွမ်းစားကျောင်း၊ သိမ်ကျောင်း အပြည့်အစုံ ရှိတာပါပဲ။

အရှေ့ကျောင်းအနီးတွင် ဇရပ် ၃-ဆောင်၊ အနောက်ကျောင်းအနီးမှာလဲ ဇရပ် ၃-ဆောင်၊ သရက်ခြံရပ်မှာ ဘုရားဂတ်ကျောင်းနဲ့ ဇရပ် တဆောင် ရှိပါတယ်။

"ဒါလောက်များတဲ့ ဘုရားအဆူတွေကို အတိအကျ မှတ်သားနိုင်တာ ချီးကျူးစရာပါပဲ ဒကာကြီးရ"

"တပည့်တော် မှတ်သားထားပုံကိုသိယင် ချီးကျူးမယ်မဟုတ်ပါဘုရား"

"အောင်မယ်၊ ပြောစမ်းပါအုံး ဒကာကြီး၊ မှတ်သားပုံကို သိစမ်းပါရစေ"

"အရှင်ဘုရား မေးလိမ့်မယ်ဆိုတာ သိလို့ ကြိုတင် စာရင်းကောက်ပြီး ထားနှင့်တာပါ ဘုရား"

"ဟဲဟဲ—တကယ်တော်တဲ့ ဒကာကြီး၊ ဒီလို ကြိုတင် သိတာကိုပဲ ချီးကျူးရမှာပ"

"နောက်ပြီး မောင်းခမ်း ပတ်ဝန်းကျင်မှာ တောင်တန်း ၁၁-သွယ်လဲ ရှိသေးတယ်ဘုရား၊ ဟောဒီမှာ တပည့်တော် ကောက်ယူမှတ်သားထားတဲ့ စာရင်းအပြည့်အစုံ ကြည့်တော်မူပါ"

ဤသို့ လျှောက်ထားပြီး အိတ်ထဲမှာ အသင့်ပါလာသော စာရွက်ကို ထုတ်၍ ဒကာကြီး ဦးဖိုးအိုက စာရေးသူ လက်ထဲသို့ ဆက်ကပ်လိုက်လေသည်။

## ဗဟုသုတ ဟင်းလေးအိုးကြီး

ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်သော ဒကာအိုမှာ သူ၏ ဗိုက်ထဲတွင် ချိုချိုချဉ်ချဉ် ခါးခါး ရောမွှေထည့်သွင်းထားသည်။ ထို့ကြောင့် ရသာစုံကြိုက်နှစ်သက်သော ဤအရှင်နှင့်တွေ့ဖူးသေးရသော တွေ့နေသည်။

သုံးစား၍ မကုန်နိုင်သော ဟင်းလေးအိုးကြီးမှ နှိုက်ယူ၍ တဦးတည်း မသုံးဆောင် လိုပဲ ကိုယ်နှင့် အတူ အခြား သူတို့ အားလည်း သုံးဆောင်စေချင်၍ ဤ မှတ်တမ်းကို ဗုဒ္ဓသာသနာ ပင်တိုင် လိုလို၏ မျက်မှောက်သို့ ရောက်နေသော "ဗုဒ္ဓဓမ္မ လောကစာစောင်"မှ ဖြန့်ဝေလိုက်ရသည်။

အချိန်များများသာ ရမည်ဆိုလျှင် ဤမျှသာမက ဟင်းလေးအိုးကြီးမှ နှိုက်ယူ၍ တဝတအီကြီး စားသောက် ရပေလိမ့်မည်။ ယခုမူ ဆွမ်းစားချိန်ရောက်နေပြီဖြစ်၏။ သို့သော် ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညိုပုတို့ နောင်ပင်မှ မောင်းခမ်းသို့ ဆွမ်းစားမီ ရောက်လိုရောက်ငြား စောင့်မျှော်ယင်း ဆွမ်းစားချိန်ကို နောက်ဆွဲ ထားရ သေးသည်။ ထို့ကြောင့် အချိန် ရောက်နေသော်လည်း ဆွမ်းမစားသေးပဲ အချိန် အနည်းငယ် ရနေသေး၏။

"ဒီလောက်တောင် ဗဟုသုတတွေ ပြည့်စုံနေမှ ဒကာကြီးရေးတဲ့ စာအုပ်ကလေး ဘာလေးများ မရှိဘူးလား၊ ရှိယင် ဘုန်းကြီးတို့လဲ ကြည့်စမ်းရှုစမ်းပါရစေ"

ဤသို့ပင် ဒကာကြီးဦးဖိုးအို၏ ဟင်းလေးအိုးကို ခပ်ယူရန် အဖုံး ဖွင့်လိုက်ပြန်၏။

## အထက်ချင်းတွင်းမြစ်ဖျား လူစွမ်းကောင်းများ ဆိုတဲ့စာမူ

တပည့်တော် အင်္ဂလိပ်ခေတ် တုန်းက "အထက်ချင်းတွင်း မြစ်ဖျား လူစွမ်းကောင်းများ" ဆိုတဲ့ စာမူကို ပြုစုခဲ့ပါသေးတယ်။ ဒါပေမယ့် စာအုပ်အဖြစ်တော့ မရောက်ခဲ့ပါဘူး။ ရေးပြီးတဲ့ စာမူကို ရင်းနှီးတဲ့ မင်းမှုထမ်းတယောက်ကို ပြကြည့်ပါတယ်။ ဒီတော့ သူက-

"ဟာ....ခင်ဗျာ့စာမူက အတော် ကောင်းတာပဲ။ အထက် ချင်းတွင်း မြစ်ဖျားရှိ မဟုတ်မခံ တော်လှန်ကတတ်တဲ့ သူရဲကောင်းတွေ အကြောင်း ရေးထားတာကိုး။ ဒါပေမယ့် စာအုပ်အဖြစ်တော့ ထုတ်ဖို့ မလွယ်ဘူး။ ဒီလို ဒီလို မြန်မာ အမျိုးသားတွေ နိုးကြားပြီး ရဲမာန် ကြွားစေတဲ့ စာမူကို အင်္ဂလိပ် အစိုးရက ခွင့်ပြုမှာ မဟုတ်ဘူး။ တိတ်တိတ် ရိုက်နှိပ်လဲ စာအုပ် ထွက်လာယင် ခင်ဗျားတော့ အဖမ်းခံရမှာ သေချာတယ်။ ဒီတော့ခေတ်အခြေအနေကို စောင့်ကြည့်ပြီးမှ ဒီစာအုပ်ကို ထုတ်ယင် ကောင်းမယ်။ ကျွန်တော်တော့ ဒီလိုပဲ မြင်လို့ ဒီလို အကြံဉာဏ်ပေးချင်တယ်"

ရင်းနှီးတဲ့ သူငယ်ချင်းက ဒီလို အကြံပေးတယ်။ ဒါနဲ့ ခေတ်အခြေအနေကို စောင့်ကြည့်နေယင်း စာမူကို မရိုက်နှိပ်သေးပဲ သိမ်းဆည်း

ထားခဲ့ရတယ်။ နောက် ခေတ်ပျက်ထဲ ပါသွားတယ်။ အခုတော့ ကိုယ်တိုင် ပြန်လည် မရေးနိုင်တော့ပါဘူး။

"နာဂ တောင်တန်း မောင်ကြည်ဇင်" ဆိုတာ တပည့်တော်ရဲ့ တူ ကလေးပါပဲ၊ သူ့ကို မောင်းခမ်း ဦးငတေနဲ့ မန်ပင် မြို့ဝန် ဦးကြယ်တို့ အကြောင်းကို ပြောပြဘူးပါသေးတယ်။ အဲဒီ သူရေးတဲ့ အထဲမှာ မန်ပင်မြို့ဝန်မင်းကြီး ဦးကြယ်ကို "ဦးဝ" လို့ လွဲမှားပြီး ရေးထားတာကို တွေ့ရတယ်။ တပည့်တော်ကပဲ အပြောမှားလိုက်သလား၊ သူကပဲ အမှတ်မှားလေသလား မသိပါဘူး"

## သာသနာရေးမှတ်တမ်း

"အထက် ချင်းတွင်းမြစ်ဝှမ်း သာသနာရေး မှတ်တမ်းတော့ ရှိပါတယ်။ ပရပိုက်မူက ကူးယူထားတယ်။ အရှင်ဘုရား လိုချင်ယင် ယူသွားရုံပါပဲ"

ပြောပြောဆိုဆို ဒကာကြီး ဦးဖိုးအိုက သူ့လွယ်အိတ်ထဲတွင် အသင့်ပါလာသော သာသနာရေး မှတ်တမ်းစာမူကို စာရေးသူအား ထုတ်ပေးလေသည်။

"ဒီသာသနာရေး မှတ်တမ်းကို ဘယ်နေရာမှာ ဘယ်လို အသုံးချဘူးသေးတုံး ဒကာကြီး"

ပေးလာသော စာမူကို ယူလိုက်ယင်း စာမူအကြောင်းကိုပါ မေးလိုက်ရသေးသည်။

"ဒီစာမူဟာ အင်မတန် အရေးပါတဲ့ စာမူပါ။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးနဲ့ ပတ်သက်ပြီး ပြဿနာပေါ်တိုင်း အထက်ချင်းတွင်း ဒေသတလျှောက် မြန်မာမင်းများ လက်ထက်ကပင် ရှင်ဘုရင်က တိုက်ရိုက်ခန့်ထားတဲ့ ပန်မင်းများ အုပ်ချုပ်ရာဖြစ်တဲ့ ဒေသဖြစ်ကြောင်း ဗုဒ္ဓသာသနာ ယဉ်ကျေးမှု အပြည့်အဝရှိပြီး တရားဥပဒေကို လေးစားတဲ့ ရှမ်းမြန်မာများ နေထိုင်ရာအရပ်ဒေသ ဖြစ်ကြောင်းကို သက်ဆိုင်ရာ ဌာနများသို့ ဒီစာမူဖြင့် သာဓကအဖြစ် ပြဘူးလှပ်ခဲ့ဘူး လှလို့ပါပဲ"

"အထူးအားဖြင့် အိန္ဒိယနှင့် မြန်မာ ခွဲရေး တွဲရေး ပြဿနာ ပေါ်ပေါက်စဉ်က တောဝ်တန်းနယ်များ ခွဲခြားလိုတဲ့ ပြဿနာ၊ လွတ်လပ်

ရေး ရမယ်လုပ်တော့ နယ်ခြားဒေသများအရေး ပေါ်လာတဲ့အခါ များက မြန်မာပြည်မနှင့် တပေါင်းထဲ ဖြစ်သင့်ကြောင်း ရှေးဆထဲက တပေါင်းထဲ ဖြစ်ခဲ့ပြီး ဗုဒ္ဓသာသနာ ယဉ်ကျေးမှု ရှိခဲ့ကြောင်းကို ဒီစာ ဖြင့် သာဓက တင်ပြခဲ့ဘူးပါသေးတယ်။ ဒါကြောင့်လဲ ဒီစာမူဟာ အင်မတန် အရေးပါပြီး အဖိုးတန်ခဲ့ပါတယ်။

ဒါကြောင့်လဲ "ချင်းတွင်း ငမောက်" ဆိုတဲ့ ကလောင်အမည်နှင့် တိုးတက်ရေး မဂ္ဂဇင်းထဲမှာ ထည့်ပြီး တင်ပြခဲ့ဘူးပါသေးတယ်။ အခု တော့ တိုးတက်ရေး မဂ္ဂဇင်းက ကွယ်သွားတာကြာမြင့်ပါပြီ။ စာပေကို အင်မတန် မြတ်နိုးလို့ တရိုတသေ သိမ်းဆည်းထားသူတို့ စာတိုက်ထဲ မှာသာ ကျန်ရှိတော့မှာ ဖြစ်ပါတယ်။ နှောင်းခေတ် စာပေသမား အများဟာ ဒီစာမူကို ကြည့်ရှုကြဘူးမယ် မဟုတ်ပါဘူး"

ဒကာကြီး ဦးဖိုးအိုက သူ့စာမူ အရေးပါကြောင်းကို အားရပါးရ ပြောပြလေ၏။ ဗဟုသုတ လိုလားသောသူ၏ ဟန်အမူအရာများကလည်း စာမူကို စုံမက်မြတ်နိုးလှကြောင်း ပေါ်လွင်နေပေသည်။ စာပေဗဟုသုတ လိုလားလှသော စာရေးသူကလည်း မြတ်မြတ်နိုးနိုးပင် လက်ခံထား လိုက်သည်။ လက်ခံထားလိုက်ရသောမက "အညာတခွင် တရားဟော ထွက်ခဲ့စဉ်က" မှတ်တမ်းကို ဖတ်ရှုသူ စာပေ ပရိသတ်တို့အတွက် ဖတ်ရှု လေ့လာကြစေရန် ထည့်သွင်း ဖော်ပြလိုက်ပါသည်။

အထက်ချင်းတွင်း သာသနာရေးမှတ်တမ်း အမိန့်တော်အရ ဂိုဏ်း အုပ် အရပ်ရပ် ဆရာတော် စဉ်ဆက်က မင်းဆက်ပေါင်း ဘုရင်ခံနှင့် တကွ ရွာသူကြီးမင်း အမည်တို့ကို နှစ်ကာလ မတိမ်ကောရအောင် ဆရာတော် ဦးဉာဏဝံသ က ကြံဆောင်ကြိုးစား တပည့်များတို့အား ဝံသစဉ်လာ ဆက်ကာ ကြည့်ရှုရအောင် ရေးသားပြုစုထားပါသည်။ နောင်လာ နောက်သားတပည့်များတို့။

(၁၂၆၃-ခု၊ တပို့တွဲလပြည့်နေ့တွင် ရေးကူးပြီးပါသည်)

၁။ ၁၁၁၉-ခု နတ်တော်လဆန်း ၂-ရက်နေ့ပေးအပ်သည်။
ဧအာင်ဇေယျမင်းလက်ထက်၊ မဟာအတုလ ဆရာတော်၊
ဂိုဏ်းအုပ် သီလဝံသ၊ မိုင်းဝယ်ထွေးလှ သူကြီးမင်း။

၂။ အမိန့်တော်မရ၊ သံဃာသဘောတူ ပေးအပ်သည်။ ငှင်း အောင်ဇေယျမင်း လက်ထက်၊ ငှင်းမဟာအတုလ ဆရာတော်၊ ဂိုဏ်းအုပ် ဗောဓိသာရ၊ ငှင်းမိုင်းဝယ် ငှင်းထွေးလှ သူကြီးမင်း။

၃။ သက္ကရာဇ် ၁၁၂၈-ခု ပြာသိုလဆန်း ၁၀-ရက်နေ့ ပေးအပ် သည်။ ကွမ်းထမ်းမင်းရာဇာလက်ထက်၊ [မှတ်ချက်၊ ၁၁၂၈- ခုနှစ် နန်းစံမင်းမှာ ကွမ်းထမ်းရာဇာမဟုတ်။ ညီတော် ဆင်ဖြူ ရှင်သာ ဖြစ်သည်။ ကုန်းဘောင်ရာဇဝင် ညီတော် ဆင်ဖြူရှင် အကြောင်း ဖော်ပြထားရာ၌ ၁၁၂၅- ခုနှစ်တွင် နန်းတက်၍ နန်းစံ ၂၇-နှစ်ဆိုသည်။ကွမ်းထမ်းမင်းရာဇာ(ကွမ်းဆော်မင်း) မှာ သက္ကရာဇ် ၃၆၃-ခုနှစ်တွင် နန်းတက်သည်။ ပုဂံမင်းဆက် ဖြစ်၏။ "စာရေးသူ"] ဂုဏဝံသဆရာတော်၊ ဂိုဏ်းအုပ် ဂုဏစန္ဒ၊ ထမန်သီ အစိုးရင်ဆရာ သူကြီးမင်း။

၄။ သက္ကရာဇ် ၁၁၄၂-ခု၊ တပို့တွဲလဆန်း ၉-ရက်နေ့ ပေးအပ် သည်။ ဆင်ဖြူရှင်မင်း လက်ထက်၊ ဂုဏမုနိန္ဒ ဆရာတော် ဂိုဏ်းအုပ် ဥတ္တမသိက္ခာ၊ တဇုံးထမန်သီ သူကြီးမင်း။

၅။ အမိန့်တော်မရ၊ သံဃာသဘောတူ၊ ငှင်းဆင်ဖြူရှင်မင်း လက် ထက်၊ ဉာဏဝံသဆရာတော်၊ ဂိုဏ်းအုပ် အဂ္ဂဓမ္မ၊ မန်သဲဆရာ သူကြီးမင်း။

၆။ အမိန့်တော်ရ၊ သံဃာသဘောတူ၊ ဘိုးတော်မင်းတြားကြီး လက်ထက်၊ မောင်းထောင် ဆရာတော်၊ ဂိုဏ်းအုပ် သီလဝံသ၊ မှိုင်းဝယ် ကျော်စံလှ သူကြီးမင်း။

၇။ ၁၁၉၄-ခု၊ နယုန်လဆန်း ၁-ရက်နေ့ သမယ၊ နောင်တော်ကြီး လက်ထက်၊ ဆရာတော် ဦးမျိုးစံလက်၊ ဂိုဏ်းအုပ် ဂုဏာ- လင်္ကာရ၊ ငှင်းမှိုင်းဝယ် စောလွတ် သူကြီးမင်း။

၈။ ၁၂၀၉-ခု ပြာသိုလဆန်း ၃-ရက်နေ့ သမယ၊ ပုဂံမင်း လက်ထက်၊ ဆရာတော် ဦးပညာ၊ ဂိုဏ်းအုပ် စန္ဒာဘိသာရ၊ တဇုံး ရွှေမုအောင် ဆိုင်းသူကြီး။

၉။ အမိန့်တော်မရ၊ သံဃာသဘောတူ၊ ၎င်းပုဂံမင်း လက်ထက်၊ ၎င်း ဆရာတော် ဦးပညာ၊ ဂိုဏ်းအုပ် သီလဝံ၊ မှိုင်းဝယ် မင်းကာစီ သူကြီးမင်း။

၁၀။ အမိန့်တော်မရ၊ သံဃာသဘောတူ၊ မင်းတုန်းမင်းလက်ထက်၊ ဆရာတော် ဦးဥေယျ၊ ဂိုဏ်းအုပ်စန္ဒာဝရ၊ ထမန်သီ မောင်ကျံ သူကြီးမင်း။

၁၁။ သက္ကရာဇ် ၁၂၂၈-ခု နယုန်လပြည့်ကျော် ၂-ရက်နေ့ ပေးသည်။ မင်းတုန်းမင်းလက်ထက်၊ ဆရာတော် သုဓမ္မ၊ ဂိုဏ်းအုပ် ဓမ္မာစာရိ၊ မှိုင်းဝယ်စံမိုင်း သူကြီးမင်း။

၁၂။ သက္ကရာဇ် ၁၂၃၇-ခု တော်သလင်းလဆန်း ၁၅-ရက်၊ ၎င်း မင်းတုန်းမင်းလက်ထက်၊ ၎င်း သုဓမ္မဆရာတော်၊ ဂိုဏ်းအုပ် ဂုဏာလင်္ကာရ၊ မှိုင်းဝယ် ၎င်းစံမိုင်းသူကြီးမင်း။

၁၃။ သက္ကရာဇ် ၁၂၄၁-ခု နတ်တော်လပြည့်ကျော် ၁၄-ရက်နေ့ ပေးသည်။ သီပေါမင်းလက်ထက်၊ ၎င်းသုဓမ္မဆရာတော်၊ဂိုဏ်းအုပ် ဦးဝဏ္ဏာလင်္ကာရ၊ ၎င်းမှိုင်းဝယ် ၎င်း စံမိုင်းသူကြီးမင်း။

၁၄။ သက္ကရာဇ် ၁၂၄၃-ခု တပေါင်းလဆန်း ၁၂-ရက်နေ့ ပေးအပ်သည်။ ၎င်း သီပေါမင်း လက်ထက်၊ မာလာလင်္ကာရ ဆရာတော်၊ ဂိုဏ်းအုပ် ၎င်းဦးဝဏ္ဏာလင်္ကာရ၊ ၎င်းမှိုင်းဝယ် ၎င်းစံမိုင်းသူကြီးမင်း။

၁၅။ သက္ကရာဇ် ၁၂၅၂-ခု တပို့တွဲလဆန်း၃-ရက်နေ့ ပေးအပ်သည်။ ကေရီဘုရင်မင်းမလက်ထက်၊ မာလာလင်္ကာရ ဆရာတော်၊ ဂိုဏ်းအုပ် ဦးဝဏ္ဏာလင်္ကာရ၊ မှိုင်းဝယ် ဖိုးရှဲ သူကြီးမင်း။

၁၆။ သက္ကရာဇ် ၁၂၅၅-ခု ပြာသိုလပြည့်ကျော် ၆-ရက်နေ့ ပေးအပ်သည်။ ၎င်းကေရီမ လက်ထက်၊ ၎င်းမာလာလင်္ကာရ ဆရာတော်၊ ဂိုဏ်းအုပ် ဦးပညာ၊ မောင်းခမ်း ဦးမောင်ဖုန်း သူကြီးမင်း။

၁၇။ သက္ကရာဇ် ၁၂၆၁-ခု တပေါင်းလပြည့်ကျော် ၁၄-ရက်နေ့ ပေးအပ်သည်။ ၎င်း ကေရီမလက်ထက်၊ ပုခန်းကြီး ဆရာတော်၊ ၎င်းဂိုဏ်းအုပ် ဦးပညာ၊ မောဝ်းခမ်း ဦးစိုးလှိုင် သူကြီးမင်း။

**မှတ်ချက်။** ။ဤသည်တို့မှာ ခုနှစ်သက္ကရာဇ်နှင့်တကွ မင်းနှင့် ထိုမင်း၏လက်ထက် ပေးအပ်သော ဘွဲ့တံဆိပ်ရ ဆရာတော်နှင့် အထက်ပိုင်း ဒေသတွင် ခန့်ထားခြင်း ခံရသော ဂိုဏ်းထောက် ဂိုဏ်းအုပ်ဆရာတော်များ၊ ရပ်ရွာ အုပ်ချုပ်သော သူကြီးများကို မှတ်သားထားသော အကျဉ်းချုပ် မှတ်တမ်း ဖြစ် ပါသည်။ (စာရေးသူ)

## ဂိုဏ်းအုပ်ခန့်ထားပုံ အမိန့်တော်စာချွန်

(မဟာအတုလ ယသ ဓမ္မ ရာဇာဓိရာဇဂုရု) ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော ရွှေနန်းရှင်မင်းတြားကြီးဘုရား အမိန့်တော်ရှိသည်။ မိုင်းဝယ် ၁၄-ရွာ မိုင်းပေါ် ငထွေးလှ ဂိုဏ်းအုပ် ရှင်သီလဝံသ ဆရာတော်သည် ထိုသံဃာ အပေါင်းတို့အား ဝိနည်းတရားတော်ကို မသင်မကြား မကြည့်မရှု မိစ္ဆာဒိဋ္ဌိ အယူကို မပြုမကျင့်ကြစေနှင့်။ ယခု သံဃာတော် အပေါင်းတို့ကို ပန္နက၊ အာသဘ၊ ဒေဝဒတ်တို့ကဲ့သို့ မကောင်းသော အကျင့်ကို မပြု မကျင့်ကြစေနှင့်။ သုရာမေရယ သေရည် သေရက် တို့ကို မသောက်မစားကြစေနှင့်။ မြတ်စွာဘုရား သာသနာတော်ကို ထွန်းလင်းအောင် ဝိနည်းတရားတော်နှင့်အညီ မြတ်သော အကျင့်ကို ကျင့်ကြစေ။ ရဟန်း သံဃာတော်တို့မှာ ဘုရားဟောတော်မူသော ဝိနည်းတရားတော်ကို သင်ကြား ကြည့်ရှုကြရမည်။

နေ့လွဲညစာစားခြင်း၊ သီချင်းဆိုခြင်း၊ ဟီးမှုတ်ခြင်း၊ မန်းပန်ခြင်း၊ နှံသာလိမ်းခြင်းများကို မပြုကြစေနှင့်။ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြစေ။ မပြုကျင့်သောရဟန်းတို့ကို ဂိုဏ်းအုပ် ရှင်သီလဝံသဆရာတော်သည် ဝိနည်းတရားတော်နှင့်အညီ ဆုံးမစီရင်ပိုင်စေ။

အရှေ့ကိုလားသော် မိုးကောင်း၊ မိုးညှင်း၊ ရွှေလင်ဖောင်းအထိ ပိုင်စေ။

မြောက်ကိုလားသော် ကျောက်ဆည်အထိပိုင်စေ။

တောင်ကိုလားသော် မြေဘူးအထိပိုင်စေ။

အနောက်ကိုလားသော် ကိုင်းရွှေတောင်အထိပိုင်စေ။

အရှေ့ အနောက် တောင် မြောက် ပတ်လည်ဝန်းကျင်အတွင်း အထဲ အတွင်းရှိ ထိုသံဃာတို့အား ဂိုဏ်းအုပ် ရှင်သီလဝံသ ဆရာတော်ဘုရား သည် ဝိနည်းတရားတော်နှင့်အညီ နှိုင်းချင့်၍ ဆုံးမစီရင်စေ။ ဂိုဏ်းအုပ် ရှင်သီလဝံသ ဆရာတော်သည် နောက်မှ မှိုင်းဝယ် ၁၄-ရွာအတွင်း အဆက်ဆက် ဂိုဏ်းအုပ်ဆရာတော်ဘုရားများ ပိုင်သကဲ့သို့ ထိုသံဃာတော် တို့အား ဂိုဏ်းအုပ်လုပ်သည့်နေ့မှစ၍ ဝိနည်းတရားတော်နှင့်အညီ နှိုင်းချင့် နှိုးဆော် ဆုံးမစီရင်ပိုင်စေ။ သာသနာအခက်အလက် သာသနာအစီး အပွါးကို နှိုးဆော်ပိုင်စေ။

၁၁၁၉-ခု နတ်တော်လဆန်း ၂-ရက် စနေနေ့ ရှင်မဟာအတုလ ဆရာတော်ဘုရား၊ ရွှေနန်းရှင် အောင်ဇေယျမင်းတြားကြီး အမိန့်တော် စာ။

မှတ်ချက်။ ။ဤသည်ကား ဂိုဏ်းအုပ်ခန့်ထားပုံ အမိန့်တော်စာချွန် ကို ဦးဖိုးအိုစာမူမှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်သည်။ စာ မူတွင် ရှေ့ဦးပြခဲ့သော အကျဉ်းမှတ်တမ်းအတိုင်း ခန့်အပ် ပုံ အပြည့်အစုံ ပါရှိသည်။ သို့သော် အသွားအလာ ခန့် အပ်ပုံမှာ အလွန်ကြီး မကွာခြားလှပဲ သဘောချင်းတူ သည် ဖြစ်သောကြောင့် အားလုံးကို မဖော်ပြတော့ပါ။ စာရှုသူများ မငြီးငွေ့စေရန် နမူနာ တခုမျှသာ ဖော် ပြလိုက်သည်။

## ထွမ်းစားချိန်ရောက်ပြီ

လိုသမျှ ဗဟုသုတများကို ဒကာကြီး ဦးဖိုးအိုထံမှ မှတ်ယူ၍ထားပြီး ပေပြီ။ နာရီကိုကြည့်လိုက်ရာ နံနက် ၁၀-နာရီရှိနေပြီကို သိရ၏။ ရိပ်သာအတွင်း လှည့်လည်ကြည့်ရှုနေခဲ့သော ဦးခင်မောင်လည်း ကျောင်း ပေါ်သို့ ပြန်ရောက်လာလေပြီ။

ဦးခင်မောင်နှင့် အတူ ဖုန်းတော် တပါးလည်း ပါလာ၏။ အကြောင်းကို မေးကြည့်ရာ ကောယားရိပ်သာ ဆရာတော်က လွှတ် လိုက်၍ အကြိုလာသော ဦးပဏ္ဍိတ ဖြစ်ကြောင်းသိရသည်။ ဦးပဏ္ဍိတ နှင့် ပါလာသော ကပ္ပိယတယောက်မှာ ဒကာမြ ဖြစ်ကြောင်းလည်း သိရသည်။

ယနေ့ကား မောင်းခမ်းမှ ကောယားသို့သွား၍ တရားဟောရမည့်နေ့ဖြစ်သည်။ ထို့ကြောင့် ကောယားရိပ်သာ ဆရာတော်က သူ့တပည့်ဦးပဏ္ဍိတနှင့် ကပ္ပိယ ဒကာမြတို့ကို အကြိုလွှတ်လိုက်ခြင်းဖြစ်၏။ ရောက်လာသော ဦးပဏ္ဍိတအား ဂမ်းခရီး အကြောင်းကို မေးမြန်းယင်းနှင့် ၂၀-နာရီ ခွဲသွားပြီဖြစ်ရာ ဒကာတဦးက ဆွမ်းဘုဉ်းပေးကြရန် ပင့်လာလေတော့သည်။

ဆရာတော် ဦးသံဝရနှင့် ဦးညိပုကိုလည်း မောင်းခမ်းသို့ရောက်လာကြပြီဆို၏။ ရွာထဲမှာပဲ ဆွမ်းဘုဉ်းပေးနေကြပြီဖြစ်၍ ရိပ်သာသို့လာရောက် ဆွမ်းဘုဉ်းမပေးတော့ပဲ ဆွမ်းဘုဉ်းပေးပြီးမှ ရိပ်သာသို့ ကြွရောက်လာကြပေမည်ဟုလည်း သိရ၏။ ထို့ကြောင့် သူတို့ကို စောင့်မနေတော့ပဲ ဦးပဏ္ဍိတနှင့်အတူ ဆွမ်းစားကျောင်းသို့ သွား၍ ဆွမ်းဘုဉ်းပေးလိုက်ကြတော့သည်။ ဦးခင်မောင်တို့ကလည်း တပွဲစီ တပြိုင်နက်ပြင်၍ စားလိုက်ကြသောကြောင့် တပြိုင်တည်းပင် စားသောက်ခြင်းကိစ္စပြီးလိုက်ကြ၏။

ရိပ်သာမှထွက်ခွါကြရန် ကက်သာဆရာတော်ရှိရာ သွား၍ ကန်တော့ကြသည်။ ယနေ့ည မောင်းခမ်းတွင် ဆရာတော် ဦးသံဝရတို့ တရားဟောပြီးလျှင် ဆရာတော် ဦးသံဝရနှင့်အတူ ကက်သာ ဆရာတော်လည်းဟုမ္မလင်း မော်တော်ကိုစီး၍ ကက်သာသို့ ပြန်ကြွတော့မည်ဖြစ်ကြောင်းကိုလည်း ကက်သာဆရာတော်က မိန့်လိုက်၏။

# ၁၆။ မောင်းခမ်းမှ ကောယားသို့

ကောယားသွားရန် ရိပ်သာမှ ထွက်ခွာခဲ့ကြရာ၌ မောင်းခမ်းရိပ်သာမှ ဒကာများသည် စာရေးသူတို့ကိုလိုက်ပို့ယင်း ရွာထဲမှ ရိပ်သာသို့ ကြွလာမည့် ဆရာတော် ဦးသံဝရတို့ကိုလည်း ကြိုဆိုယင်း နှစ်ကိုစ္စပြီးအောင် လိုက်လာကြသည်။ မောင်းခမ်းရွာတွင်းရှိ လမ်းမကြီးသို့ရောက်လျှင် ဆရာတော် ဦးသံဝရတို့နှင့် ဆုံမိကြ၏။

"ထွက်လာခဲ့ကြပြီလား၊ နောင်ပင်တရားပွဲလဲ စည်ကားပါတယ်။ အနီးအနားရွာတွေကပါ လာရောက် တရားနာကြလို့ နဲတဲ့ပရိသတ်တွေ မဟုတ်ဘူး ဦးဣန္ဒကရေ၊ အခု နောင်ပင် ဒကာကြီးများကလည်း မောင်းခမ်းအထိ လှေနဲ့လိုက်ပို့ကြတယ်"

ခေတ္တရပ်ပြီး ဆရာတော် ဦးသံဝရ က ပြော၏။ ဒကာကြီး ဦးညီပု ကလည်း ဆက်၍—

"နောင်ပင်ရိပ်သာကလဲ စည်ကားပါတယ်။ အမျိုးသား ယောဂီ၊ အမျိုးသမီးယောဂီတွေ သူ့ကမ္မဋ္ဌာန်းကျောင်းနဲ့သူ သီးခြားစီပဲ သိုက်မြိုက်ပါတယ်။ ယောဂီ များလဲ မပြတ်လှဘူးတဲ့။ ရိပ်သာ ဆရာတော် ဦးဓမ္မဒိန္နလဲ ပါပါတယ်။ တပည့်တော်တို့နဲ့ အတူ ကောယား လိုက်ဖို့ စီစဉ်ထားခဲ့ပါတယ်ဘုရား" ဤသို့ လျှောက်၏။

"ဒီလိုဆိုယင် အင်မတန်ကောင်းတာပဲ။ ဒီနယ်အတွက် ဒီလို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ပါတော့ အစစ ချောမော အဆင်ပြေတာပေါ့"

ဦးဓမ္မဒိန္နအား နှုတ်ဆက်ယင်း ဦးဓမ္မဒိန္န လိုက်လာခြင်း၏ အကျိုးကိုပါ ဖော်ပြလိုက်ရသည်။ လမ်း မပ်တပ်တွင် အတန်ငယ် အကျိုးအကြောင်းကို ပြောကြားပြီးနောက် ကိုယ်လမ်း အတိုင်း ကိုယ်စီ ခရီးဆက်၍ ခွဲခွာခဲ့ကြသည်။

## ဝမ်းပန်းတသာ ဆီးကြိုကြသည်

နေ့ ၁၂-နာရီ ၁၅-မိနစ်တွင် မောင်းခမ်းဆိပ်ကမ်းမှ ကောယားသို့ မော်တော်ရေယာဉ်ဖြင့် စုန်ခဲ့ကြသည်။ နေ့ ၂-နာရီခွဲအချိန်၌ ကောယား ဆိပ်ကမ်းသို့ မော်တော် ဆိုက်ကပ်လာ၏။

လင်းကွင်းသံ နှဲကြီးသံ မောင်းဆိုင်းသံများနှင့် ကောယား ဗျောသံ ကို ကောယားဆိပ်ကမ်းသို့ရောက်လျှင် ရောက်ချင်း သာယာ ကြည်နူး ဖွယ် ကြားရတော့သည်။ မြင့်မားသော ကောယားဆိပ်ကမ်းပေါ်တွင် ကမ်းလုံးညွတ်မျှ တခဲနက် ကြိုဆို နေကြသော ပရိသတ်ကြီးကို မော် တော်ပေါ်မှ လှမ်းမြင်နေရ၏။

မော်တော်ပေါ်မှ အဆင်း၌ သဲပြူခင်း၍ ရာဇမတ် ကာထားသော လမ်းအတိုင်း ကောယား မြေပေါ်သို့ တက်ခဲ့ကြရ၏။ အညိုရောင် တဘက်ကလေးများကို လက်ကန်တောင် ရစ်သိုင်း၍ ကြိုဆိုနေကြ သော အမျိုးသားယောဂီ များမှာ သာသနာ့ ရောင်လွှမ်း ပြည့်လျှမ်း သော ပီတိပန် မျက်နှာများဖြင့် တင့်တယ်ချင်တိုင်း တင့်တယ်နေကြ၏။ ဥပါသကာယာဉ်းက ရှေ့ကနေ၍ ပေါက်ပေါက်ပန်း များကို ကြဲဖြန့် သွား၏။ ၎င်းနောက်က တရားဟောအဖွဲ့က လိုက်ပါရ၏။ ကြေးစည် တီးသူများ, ဥပါသကာများ, သာပြပန်းနှင့်ရေချမ်းအိုးကိုင်သူ ကုမာရီ များ, ဗျောအဖွဲ့သားများမှာ နောက်မှ တန်းစီ လိုက်ပါလာကြ၏။

"ရွှေဘုန်းတော် တိုးပါလို့ ငွေမိုးပွေ့ရှာ....
နိုင်ငံတော် ပြည်အရေးရယ် သာလှတယ်လေး...."

တီးသံ မှုတ်သံ ဗျောသံများ အကြားမှ ဒေသံ ဝဲသော်လည်း နားထောင်လို့ ကောင်းသော ကောယားအမျိုးသားတဦး၏ ဟစ်လိုက် သော အသံဖြစ်၏။ ဤအတီးနှင့် ဤအဆိုသည် မြူးဇာတ်သဘင်များ၌ ဘုရင် ပြည့်တော်ဝင်ခန်းများတွင် တီးမှုတ်သီဆိုရသော အဆိုအတီးများ ဖြစ်သည်။ ... တွင်လည်း နိုင်ငံ၏ အရှေ့မှ သာယာလှ၏။

သောင်းကျန်းသူတို့၏ ဆူပူလှုပ်ရှားမှုများ ကောယား မြေတွင် ယခု အခါ ကင်းရှင်းနေ၏။ ထို့ကြောင့် ဤမြေ ဤဒေသတွင် အေးချမ်း သာယာရှိနေသည်။ ပျော်သော စည်သံနှင့် တရားပွဲများမှာ အေးချမ်း သာယာမှု အောက်တွင်သာ ရှိနိုင်သည်ဖြစ်သောကြောင့် ဤ ပျော်သော စည်သံနှင့် တရားပွဲများက အေးချမ်းသာယာမှု အရိပ်လက္ခဏာကို ကောင်းစွာ ဖော်ဆောင်လျက်ရှိနေ၏။

## ဖောင်းပြင်မှ အကြိုများလည်း ရောက်နှင့်ကြ

ကောယားရိပ်သာမှာ ကောယားမော်တော်ဆိပ်ကမ်းထိပ်တွင် ရှိနေ၏။ ထို့ကြောင့် ဆိပ်ကမ်းမှတက်လိုက်လျှင် ရိပ်သာအတွင်းသို့ ရောက်ကြသည်။ ရိပ်သာတွင် ဆရာတော်နှင့် ကောယား အခြားကျောင်းများမှ သံဃာတော်များ ဖောင်းပြင်ရိပ်သာမှ အကြိုရောက်နှင့်သော ဓမ္မကထိက ဦးစန္ဒာဝရ၊ (မော်ကျွန်း) ဖောင်းပြင်ရိပ်သာ ကမ္မဋ္ဌာနာစရိယဆရာကြီး ဒေါ်ဉာဏဝတီ-၎င်း၏တပည့် မဝဏ္ဏ၊ မပညာဝတီ- မနုရီတို့ကိုလည်း တွေ့ရသည်။

ကျောင်းပေါ်၌ ရောက်နေသော ပရိသတ်မှာ တကျောင်းလုံး ပြည့်လျှံနေ၏။ အားရပါးရ ကြိုဆိုလိုက်မည်။ အားရပါးရ ပူဇော်လိုက်မည်။ အားရပါးရ တရားနာလိုက်မည်ဟု ခဲထားကြဟန် တူ၏။ ပရိသတ်ကြီး တခုလုံး တက်တက်ကြွကြွရှိသည်။ သူတို့အားလုံး ကြည်လင်လန်းဆန်း နေကြသည်။ ဤရိပ်သာ ဤတရားတော်အောက်တွင် ရှိနေကြသော ပရိသတ်ကြီးလိုသာ တကမ္ဘာလုံးရှိ လူအားလုံး ကြည်သာရွှင်လန်းရှိနေကြမည်ဆိုပါလျှင် ကောင်းလေစွ-ဟု တောင့်တောင့်တတ ဆန္ဒပြုလိုက်မိပါသည်။

## ကြိုဆိုရေးတရား

ကျောင်းပေါ်၌ အားလုံး စုဝေးမိကြပြီးနောက် ထုံးစံအတိုင်း ရတနာသုံးပါးကို တကြိမ်စီ ခွဲကန်တော့ကြသည်။ ရောက်ရှိနေသော ဆရာတော်သုံးပါးကိုလည်း တပါးစီ ခွဲကန်တော့ကြ၏။ ပထမဦး ကော

ယား ရိပ်သာဆရာတော်၊ ဒုတိယ ဓမ္မကထိက ဦးစန္ဒာဂရ၊ တတိယ စာရေးသူ ထေရ်စဉ်ပါလိုက် ဆုပေးလိုက်ကြသည်။

ကောယားရိပ်သာ ဆရာတော်၏ တိုက်တွန်းချက်အရ ဆုပေးပြီးလျှင် စာရေးသူက ဆက်လက် သီလပေး၍ အဆက်အစပ် စကားအနည်းငယ် ပြောပြီးနောက် တိုတိုတုတ်တုတ် တရားတပုဒ်ကိုဟောလိုက်ရသေးသည်။ တရားမှာ အင်္ဂုတ္တရ-နဝကနိပါတ်လာ ဒေဝတာသုတ်ကို မြန်မာစကား ပြေဖြင့် ကြွဆိုရေး အမည်တပ်လျက် မကျယ်မကျဉ်း ဟောသောတရား တည်း။

## ကောယား မဟာစည် သာသနာ့ရိပ်သာ

ကြိုဆိုရေးကိစ္စပြီးလျှင် ပရိသတ်များ စဲသွားတော့သည်။ ကောယားရိပ်သာ ဆရာတော် နေရာချပေးသော သိမ်တိုက်ပေါ်၌ အနားယူကြရသည်။ ဤတွင် ကောယားရိပ်သာ ဆရာတော်နှင့် အေးအေး ဆေးဆေး စကားစမြည် ပြောဆိုခွင့် ရနေသည်။ စကားစမြည် ပြောယင်းက "ကောယားနှင့် ဤရိပ်သာအကြောင်း"ကို ဆရာတော်အား လျှောက်ထားမေးမြန်းလိုက်သည်။ ဆရာတော်က ဤသို့ မိန့်ကြားတော်မူ၏။

"ရွာကို စတင်တည်ထောင်ခဲ့သူမှာ"ကောင်ယန်း"ဆိုသူ ချင်းလူမျိုး ဖြစ်ပါတယ်။ ဒါကြောင့် သူ့အမည်ကို စွဲပြီး "ကောင်ယန်းရွာ" လို့ ခေါ်ခဲ့ကြရာမှ ယခုတော့ "ကောယားရွာ" ဖြစ်နေပါတယ်။ (ဤအကြောင်းကို မောင်းခမ်းသမိုင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

ယခု ကောယားရွာမှာတော့ အိမ်ခြေ ၃၀၀-ခန့် ရှိနေပါတယ်။ အလယ်တန်းကျောင်းနှင့် လုံခြုံရေးရဲဌာနများလဲ ရှိပါတယ်။ သာသနာရေးဘက်က အခြေအနေလဲ သင့်ပါတယ်။ ဆုတောင်းပြည့် စေတီတော်ကြီး၊ ရွာဦးက ရှစ်မျက်နှာစေတီတော်၊ ရေလျှံစေတီတော်၊ ထင်ရှားတဲ့ စေတီတော်ကတော့ ဒီသုံးဆူသာရှိတယ်။ မပြုမပြင်နိုင်ပဲဖြစ်နေတဲ့ စေတီအိုများကတော့ အများကြီးပါပဲ။

ဘုန်းတော်ကြီးကျောင်း ၃-ကျောင်းရှိပါတယ်။ ဤရိပ်သာဟာ ကျောင်း ၃-ကျောင်းအနက် တကျောင်းအပါအဝင် ဖြစ်ပါတယ်။

အယင်က ရေဝန်းကျောင်းလို့ ခေါ်ပါတယ်။ ၁၉၂၀-ခုနှစ် ဝါခေါင်လပြည့်နေ့မှာ ရေဝန်းကျောင်းကို တပည့်တော်က (ယခု လက်ရှိ ဆရာတော် ဦးနန္ဒမာလာ) သာသနာ့ရိပ်သာအဖြစ် ပြောင်း၍ တည်ထောင်လိုက်လို့ ယခု သာသနာ့ရိပ်သာ ဖြစ်နေပါတယ်။

တပည့်တော်ဟာ ရဟန်းဖြစ်သစ်စကပင် ပရိယတ်စာပေများကို သင်ကြားပြီးနောက် ပဋိပတ်ဖြင့် နေထိုင်ခဲ့ပါတယ်။ သုသာန်စသော ဓူတင်များကို ဆောက်တည်နေထိုင်ခဲ့တယ်။ နောက် ရန်ကုန် မဟာစည်ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံမှာ မဟာ သတိပဋ္ဌာန် ဝိပဿနာတရားကို ပွါးများအားထုတ်ခဲ့ပါတယ်။ ကိုယ်တိုင်အားထုတ်ပြီး ဤရိပ်သာကို တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်။

ရိပ်သာတည်ထောင်စကတော့ သတိပဋ္ဌာန် ဂုဏ်ကျေးဇူးကို မသိကြသေးလို့ လူတချို့က ကဲ့ရဲ့ပြစ်တင်ခဲ့ကြပါသေးတယ်။ ဒါပေမယ့် သည်းခံပြီး သတိပဋ္ဌာန် ဂုဏ်ကျေးဇူးကို အမှန်အတိုင်း သိအောင် ဟောကြားပေးလို့ သိကြတော့လဲ ကဲ့ရဲ့ပြစ်တင် မပြုကြတော့ပါဘူး"

ဤသို့လျှင် ဆရာတော် ပြောပြသမျှကို မှတ်သားနာယူခဲ့ရ၏။ ဆရာတော်၏ရိပ်သာတွင် ကမ္မဋ္ဌာန်းကျောင်း ၁၇-ကျောင်း၊ ဓမ္မာရုံကျောင်းကြီး ၁ ကျောင်း၊ သိမ်တိုက် ၁-တိုက်၊ တရားစစ်ကျောင်း ၁-ကျောင်းနှင့် ရှစ်ပင်ခြောက်ပင် ဆွမ်းစားကျောင်းကြီးများဖြင့် စည်ကားလျက်ရှိပေသည်။ အားထုတ်ပြီး ယောဂီပေါင်း ၇၀၄-ဦး ရှိသွားပြီဖြစ်ကြောင်း သိရသည်။ ရိပ်သာတွင်း၌ ကြည်ညိုဖွယ်ရာ ရှစ်မျက်နှာ စေတီတော်တဆူလည်း ရှိပေသည်။

## ကောယားရိပ်သာတရားပွဲ

အချိန်မှာ ည ၇-နာရီဖြစ်၏။ ရိပ်သာရှိ ကျောင်းကြီးပေါ်မှာ တရားပွဲ ကျင်းပကြ၏။ တရားနာပရိသတ် ၇၀၀-ကျော်ခန့်ဖြင့် ကျောင်းကြီးတကျောင်းလုံး ပြည့်လျှံနေသည်။ မိုးမရွာသော်လည်း အအေးဓာတ်ဇာတော့ ထွေးပတ်လျက်ပင်။ ပရိသတ်ကြီးမှာ အအေး

ခါတ်ကို ကျောပေးလျက် တရားကိုသာ စောင့်မျှော်နေကြသည်။ ရှေ့ပိုင်း၌ ဖောင်းပြင်ရိပ်သာ ဓမ္မကထိက ဦးစန္ဒာဝရက သတိပဋ္ဌာန် တိုက်တွန်းတရားကို ဟောကြား၏။ နောက်ပိုင်း၌ စာရေးသူက "မဟာ သတိပဋ္ဌာနသုတ်- ဓမ္မာနုပဿနာ အာယတနပိုင်း သံယောဇဉ်တရား တော်"ကို ဟောကြားသည်။

ကျောင်းကြီးပေါ်၌ ဓမ္မကထိကတို့ တရားသံမှတပါး အခြား အသံ မရှိ၊ တိတ်ဆိတ်ငြိမ်သက်လျက်သာရှိသည်။ တရားတော်၌ သက်ဝင် နာကြားနေကြသည်မှာ အားရဖွယ်၊ ဟောချင့်စဖွယ် ကောင်းလှပေ သည်။ နာကြားနေသူတို့အား ဓမ္မကထိက ကပင် ပြန်၍ လေးစား ကြည်ညိုမိသည်အထိ ဖြစ်ရပါသည်။

# ၁၇။ ကောယားမှ ဟူမွလင်းသို့

၁၃၃၂-ခု တန်ဆောင်မုန်းလဆန်း ၉-ရက်နေ့ နံနက် ၉-နာရီအချိန်၌ ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညိုပုတို့သည် မောင်းခမ်းမှ ကောယားသို့ ရောက်လာကြပေပြီ။ ယမန်နေ့က ကြိုဆိုသကဲ့သို့ပင် ကောယားလူထုက တခဲနက်ကြိုဆိုကြသည်။ စာရေးသူနှင့် ဒကာကြီး ဦးခင်မောင်တို့က ဆရာတော် ဦးသံဝရတို့ စီးနင်းလိုက်ပါလာသော မော်တော်ဖြင့် ဟူမွလင်းသို့ လိုက်ပါကြရမည် ဖြစ်၏။ ဆရာတော် ဦးသံဝရတို့အား ကောယားရိပ်သာ၌ ယနေ့ည တရားဟော ကျန်ရစ်ကြပေလိမ့်မည်။

မနက်ဖြန်မှ ဟူမွလင်းသို့ ရောက်ရန်ဖြစ်သော်လည်း မနက်ဖြန်တည ကက်သာမှာ အစီအစဉ် တိုးဟောရမည် ဖြစ်သောကြောင့် ဟူမွလင်းသို့ ယနေ့အရောက် ကြိုတင်သွားကြရခြင်း ဖြစ်၏။ ဟူမွလင်း မော်တော်ပေါ်၌ မောင်းခမ်းမှ လိုက်ပါလာကြသော ကက်သာဆရာတော်နှင့် တပည့်များကို တွေ့ရ၏။ မော်တော်ပေါ်၌ ကက်သာဆရာတော်နှင့် အတူ နေ့ဆွမ်းကိစ္စ ပြီးလိုက်ကြရသည်။

## ဟူမွလင်းအရောက်ဝယ်

နေ့ ၁၂-နာရီ၌ ဟူမွလင်းသို့ ရောက်သည်။ ရောက်လျှင် ကက်သာဆရာတော်များက ကူးတို့မော်တော်ကလေးဖြင့် ဟူမွလင်း တဘက်ကမ်း ကက်သာသို့ ကူးသွားကြသည်။ မော်တော်ပေါ်မှ ခရီးသည်တို့လည်း တယောက်မကျန် ဆင်းသွားကြရာ စာရေးသူနှင့် ဦးခင်မောင်တို့သာ မော်တော်ပေါ်၌ ယောင်ချာချာ ကျန်ရစ်ကြ၏။ တရက်စောရောက်သောကြောင့် မည်သူတဦးတယောက်မျှ လာမကြိုဆိုကြ။

## ဟူမွလင်း တရက်စောရောက်၍

ဒကာကြီး ဦးခင်မောင်က မော်တော်သမားတယောက်ကို အကူအညီတောင်းကာ ကမ်းပေါ်ပြန်တက်သွားသည်။အပြန်တွင် ဦးခင်မောင်

နှင့်အကူ လူလေးငါးယောက် ပါလာပြီးလျှင် အိပ်ယာလိပ်နှင့် ပစ္စည်းများကို သူတို့က သယ်ယူသွားကြသည်။ သူတို့နောက်မှ ကမ်းပေါ်လိုက်သွားရာ မြို့တွင်းလမ်းမကြီးအတိုင်း လျှောက်သွားကြ၏။ တော်တော်ကလေးသွားမိသော် တည်းခိုရာဌာန ဆရာတော် ဦးနာဂိန္ဒ သီတင်းသုံးသော ကျောင်းသို့ ရောက်ကြလေတော့သည်။

ကျောင်းပေါ်၌ နက်ဖြန်တရားပွဲ ကျင်းပရန်အတွက် ကျောင်းသန့်ရှင်းရေးလုပ်နေကြသည်ကို တွေ့ရသည်။ ကျောင်းထိုင် ဆရာတော် ဦးနာဂိန္ဒကိုလည်း တွေ့ရ၏။ တရက်ကြိုတင် ရောက်ကြသည်ကို အံ့ဩနေကြရုံသာမက နက်ဖြန်ခါ အကြီးအကျယ် ကြိုဆိုရန် စီမံကိန်းထားကြကြောင်းနှင့် မကြိုဆို လိုက်ရသည်ကို အားနာကြောင်းကိုပါ ဆိုး၍ မိန့်ကြား၏။

နက်ဖြန် ကက်သာ၌ တရားပွဲအစီအစဉ်တို့၏ တပါး ခွဲဟောရန် အစီအစဉ်ရှိကြောင်း၊ ထို့ကြောင့် ဤသို့ တရက်စောပြီး ကြွလာရကြောင်း၊ ယနေ့ည ဟုမ္မလင်း၌ တရက်စောပြီး တရားပွဲ ကျင်းပရန်နှင့် နက်ဖြန်ဤတွင် ယခင်က အစီအစဉ် အတိုင်း ဆရာတော် ဦးသံဝရတို့ ဟောပြောမည်ဖြစ်ကြောင်း၊ နက်ဖြန်မှ အရှင်ဘုရားတို့ အစီအစဉ် အတိုင်း ခမ်းခမ်းနားနား ကြိုဆိုလိုက ဆရာတော် ဦးသံဝရတို့ ကြွလာတဲ့အခါ ကြိုဆိုနိုင်ကြောင်းဖြင့် လျှောက်ထားရသည်။

နက်ဖြန်ခါမှ တရားပွဲလုပ်ရမည်ထင်၍ အေးအေးဆေးဆေး ပြင်ဆင်နေကြသော ဆရာတော် ဦးနာဂိန္ဒနှင့် တပည့် ဒကာမတို့လည်း ယနေ့ည တရားပွဲ ကျင်းပရမည်ကို သိသော အခါ မအေးမဆေး နိုင်တော့ပဲ အရေးတကြီး ဖြစ်ကုန်ကြတော့သည်။ မြို့လှည့်၍ တရားပွဲ မောင်းခတ်ကြေငြာရန် အသံချဲ့စက် ငှါးရန်တို့ကိုပါ စီစဉ်ကြရတော့သည်။

## ဘီးတပ်ရွှေ့ထားရသောကျောင်းကြီး

ရေအေးအေးနှင့် အဖျော်ယမကာများ ကပ်လာသည်ကို သုံးဆောင်ရသောကြောင့် အမောအပန်း ပြေသွားသည်။ ကျောင်းကြီးမှာ ကြီးကျယ်လှသည်။ ပရိသတ် ကား ထောင်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသည်။ ကျောင်းကြီးကား ချင်းတွင်း မြစ်ကမ်းပေါ်၌ တည်ရှိသည်။

ထို့ကြောင့် ကျောင်းကြီးပေါ်မှ လှမ်းကြည့်လိုက်လျှင် ချင်းတွင်း မြစ်မှာ သာယာလှသော ရှုခင်းတခုဖြစ်နေသည်။ မြစ်ရေမှာ တသွင်သွင် စီးဆင်းလျက်ရှိ၏။ ပတ်ဝန်းကျင် တောတောင်များကလည်း စိမ်းစို ညိုမှိုင်းနေသည်။ ချင်းတွင်းမြစ်နှင့် ဆိပ်ကမ်း၌ ဆိုက်ကပ် ထားသော ရေယာဉ်ပေါင်းစုံများ တဘက်ကမ်းရှိရွာများမှာလည်း ရေပြင်ရေရိပ်၌ တလှိုက်လှိုက်လှုပ်ရှား လှုပနေသည်။ ထိုရှုခင်းသာများကို ကြည့်ယင်း ရှုယင်း တခဏမျှတော့ မိန်းမောနေမိသည်။ သာယာ ရှုမောဖွယ်သာ တည်း။

"ကမ်းပြိုလို့ ဒီကျောင်းကြီးကို ဘီးတပ် ရွှေ့ပြောင်းထားရပါတယ်။ မြစ်ကမ်းနဲ့ နီးတာဟာ ရေမိုးအတွက် ချမ်းသာပြီး ကျန်းမာရေးအတွက် လေကောင်းလေသန့်ရသလိုကမ်းပြိုမှာကိုလဲ စိုးရိမ်ရပါတယ်။ ဒီကျောင်း ကြီး ဆိပ်ကမ်းမှာတော့ လှေနဲ့မော်တော် ကလေးများသာ ဆိုက်ကပ် နိုင်ပါတယ်။ မော်တော်ကြီး သင်္ဘောကြီးများကတော့ အရှင်ဘုရားတို့ ဆင်းလာတဲ့ ကမ်းကြီးမှာသာ ဆိုက်ကပ်နိုင်ကြပါတယ်"

စကားစပ်မိကြသဖြင့် ဆရာတော်ဦးနာဂိန္ဒ က မြစ်ကမ်းနီးနီး နေရ ခြင်း၏ အကျိုးအပြစ်တို့ကို အမိန့်ရှိတော်မူသည်။ "မင်းခယောကျ်ား ကမ်းနား သစ်ပင်"ဆိုသော်လည်း မင်းခယောကျ်ားနှင့် ကမ်းနား သစ် ပင်သာမက ကမ်းနားကျောင်းမှာလည်း စိုးရိမ်ရကြောင်း သိခဲ့ရ၏။ ကျောင်းဦးဘက်၌မူ စေတီတော် တဆူက သပ္ပါယ်စွာ စံပယ်တော် မူလျက်ရှိသည်။

## နန်းဖွတ်မော်သို့

ခဏခေတ္တမျှ အနားယူပြီးနောက် ဆရာတော်ဦးနာဂိန္ဒကျောင်းမှဟုမ္မ လင်းမြို့နှင့် ၂-မိုင်ခန့် ဝေးကွာသော နန်းဖွတ်မော်သာသနာ့ရိပ်သာရှိရာ သို့ လမ်းလျှောက်ယင်းထွက်ခဲ့ကြသည်။ ဒကာ ဦးခင်မောင်နှင့် ဟုမ္မလင်းမှ လမ်းညွှန် ဦးပေတိုးတို့ကလည်း လိုက်ပါလာကြသေးသည်။

မြို့ပြင်သို့ရောက်လျှင် ကျယ်ပြန့်သော စပါးခင်းများကို နွားမဝင်နိုင် ရန် ယိုင်တီးယိုင်တိုင် ကာရံထားသော အကာအရံတို့ကိုလည်းတွေ့ရသည်။ နှစ်ဘက်လှေကား တပ်ထားသောအပေါက်မှ ကျော်တက်ကာ စပါးခင်း

များအကြားရှိ လမ်းကြောင်းအတိုင်း လျှောက်ကြရသည်။ စပါးခင်း ကြီးများမှာ မျက်စိတဆုံးပင် ကျယ်ဝန်းလှ၏။ ဖုံးတုန်းလုံးတုန်း တန် ဆောင်မုန်းဆိုသည့်အတိုင်း စပါးပင်တို့မှာ အဖုံးအလုံးတို့ဖြင့် စိမ်းစိုနေ ကုန်၏။ ညိုမှိုင်းနေသည့် တောင်းတန်းကြီးတို့မှာ စပါးခင်းတို့၏ အဆုံး တွင် မားမားမတ်မတ်ရပ်တည်နေကြသည်။ လမ်းတလျှောက်တွင် ရေဗွက် ကလေးများ စိမ်းလဲ့လဲ့ရေကြည်အိုင်နှင့်စမ်းချောင်းကလေးများ၊ ရေသွင်း ရေပိတ်မြောင်းများကို ရှောင်ကာ တိမ်းကာ ကျော်ကာ ဖြတ်ကာ သွား ကြရ၏။

## နန်းဖွတ်မော် သာသနာ့ရိပ်သာ

တမိုင်ခန့် အရောက်၌ တောင်မို့မို့ကလေး တခု၏ အခြေမှ ဝဲဘက် အတိုင်း ကွေ့သွားလာကြရသည်။ ဒုတိယ တောင်ကမူကလေးပေါ် ရောက်လျှင် ထိုတောင်ကမူကလေး ရှိရာ ရိပ်သာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိကြပေတော့သည်။ ရိပ်သာမှာ သိုက်မြိုက်လှသဖြင့် ယောဂီတို့ တရားအားထုတ်ရန်အတွက် အကွက်ကောင်းလှပေသည်။ ကျောင်းပေါ် သို့ တက်မိလျှင် ရိပ်သာဆရာတော်နှင့် တံမြက်လှဲနေကြသော သီလရှင် အချို့ကို တွေ့ရ၏။ ရိပ်သာဆရာတော်မှာ စာရေးသူနှင့် အရွယ်ချင်းမကွာ လှ၊ ငယ်ငယ်ရွယ်ရွယ်ပင်ရှိသေးသည်။ ဘွဲ့တော်မှာ ဦးဓမ္မာဘာသဖြစ် ကြောင်းသိရ၏။ မကြာမီ သီလရှင်များက အဖျော်ယမကာ လာကပ်၏။ စကားစမြည်ပြော အဖျော်ယမကာ သောက်ပြီးနောက် ဆရာတော် ဦးဓမ္မာဘာသ က ရိပ်သာအခြေအနေကို လှည့်ပြတော်မူသည်။

## ကြည်နူးဖွယ်ကောင်းလှသည်

ရိပ်သာမှာ တောင်ကမူကလေးထိပ်၌ တည်ရှိသည်။ စိမ်းလန်းစိုပြည် သော သစ်ပင်ကြီးငယ်တို့ဖြင့် ဝေဝေဆာဆာရှိနေသည်။ မြို့နှင့်အတန်ငယ် ကွာလှမ်းသောကြောင့် ယောဂီတို့ တရား ဖြောင့်ဖြောင့် အားထုတ်နိုင် လောက်အောင်ဆိတ်ငြိမ်သည်။ အဆောက်အဦများမှာ သူ့နေရာနှင့်သူ လိုလေသေးမရှိ ပြည့်စုံလှသည်။

ဆရာတော် သီတင်းသုံးရန် ကျောင်း၊ တရားဟော တရားနာရန် ဓမ္မာရုံ၊ ဆွမ်းချက်ရုံနှင့် ဆွမ်းစားကျောင်း၊ တောင်ကုန်းကလေး၏

အနောက်ဘက်အခြေ၌ အမျိုးသား တရားအားထုတ်နေထိုင်ရန် သွပ်မိုး သွပ်ကာ ၄-ခန်းတွဲ ၆-ဆောင်၊စကြံနှစ်ဘက်နှင့် တရားစစ်သောကျောင်း၊ တောင်ကုန်းလေး၏ အရှေ့ဘက်ခြေ၌ အမျိုးသမီးယောဂီများနှင့်သီလရှင် ယောဂီတို့ တရားအားထုတ်နေထိုင်ရန် ကမ္မဋ္ဌာန်းကျောင်း ၄-ဆောင် ရှိသည်။

တောင်စောင်း တဘက်၌ကား တသွင်သွင် စီးကျနေသော တောင်ကျ ရေများကို ယောဂီတို့ အလွယ်တကူ သောက်သုံးနိုင်ရန် ရေတံလျှောက် များ ပြွန်တံများဖြင့် စနစ်တကျ သွယ်ယူထားသည်။ ရေကောင်း မကောင်း သိလိုသောကြောင့် တောင်ကျရေကို သောက်ကြည့် မျက်နှာ သစ်ကြည့်ရာ အေးလည်းအေး၊ ကောင်းလည်းကောင်းသည်ကို တွေ့ရ သည်။

"ဒီတောင်ကျရေဟာ ၁၂-ရာသီ မပြတ်စီးဆင်းနေတာ ဖြစ်လို့ ရေအတွက် အင်မတန် ချမ်းသာပါတယ်။ နွေအခါမှာအေးပြီး ဆောင်း ကျတော့ နွေးတာပဲ။ အချိန်မရွေး သောက်လို့ ချိုးလို့ ကောင်းတယ်"

ဆရာတော် ဦးဓမ္မာဘာသက ရေကောင်းမကောင်း စမ်းကြည့်နေ သည်ကို မြင်၍ သူတို့ တောင်ကျရေအသုံးဝင်ပုံကို ပြောပြသည်။ ဤ တောင်ကျရေတံခွန်ကို အကြောင်းပြုပြီး ဤရိပ်သာကို "နန်းဖွတ်မော် ရိပ်သာ" ခေါ်ဝေါ်ထားကြောင်းကိုလည်း ပြောပြသည်။ ဤကား ရှမ်းလို အခေါ်အဝေါ် ဟူ၏။ မြန်မာလို ဆိုလျှင် "ရေတံခွန်တောင်, သာသနာ့ရိပ်သာ"ဟု တွင်ကြောင်း သိရသည်။

ရိပ်သာတောင်ကုန်း အရှေ့ဘက်၌ တောင်ငယ်တလုံး ဆက်လျက်ရှိ သည်ကို တွေ့ရသည်။ ထိုတောင်ငယ်ပေါ်၌ အိမ်ခြေ ၂၀-ခန့် ရွာလေး တရွာရှိကြောင်းလည်း သိရ၏။ ရိပ်သာတောင်ထိပ်မှနေ၍ ပတ်ဝန်းကျင် အားလုံးကို မြင်နေရ၏။ ညိုမှိုင်းသော တောများ၊တောင်များ၊လယ်ယာ များ၊ မနီးမဝေးရှိ ရွာများ၊ ခပ်လှမ်းလှမ်း၌ သူ့ကိစ္စနှင့်သူ သွားလာ ကျက်စားနေကြသော လူများ နွားများကို မြင်နေရခြင်းပင်။

## အားပေးစကား ပြောကြားခဲ့ရ

ဆရာတော် ဦးဓမ္မာဘာသ က ဤရိပ်သာနှင့် စပ်မိသမျှ သိကောင်း ဖွယ်ရာတို့ကို တဖက်ပါအတိုင်း ပြောပြတော်မူ၏။

"ဒီရိပ်သာကို ၁၃၁၉-ခုနှစ်မှာ စပြီးတည်ထောင်ခဲ့ပါတယ်။ စတင်တည်ထောင်တဲ့ ဆရာတော်ကတော့ တပည့်တော်ရဲ့ဆရာ ဆရာတော် ဦးဇာဂရ ဖြစ်ပါတယ်။ ဆရာတော် ဦးဇာဂရမှာ ၁၃-နှစ်တိုင်တိုင် ဒီရိပ်သာမှာ သာသနာပြုနိုင်ခဲ့ပါတယ်။ ဆရာတော်ဟာ မဟာစည် ဆရာတော်ဘုရားကြီးထံမှာ သတိပဋ္ဌာန် ဝိပဿနာနည်းတို့ကို ကြိုးစားအားထုတ်တော်မူခဲ့ပြီး ဒီရိပ်သာကို တည်ထောင်တရားပြတာပါပဲ။

၁၃-နှစ်ပတ်လုံး ပဋိပတ္တိသာသနာတော် ပြန့်ပွါးရေးတာဝန်ကို ထမ်းဆောင်တော်မူနေရာမှ ၁၃၃၂-ခုနှစ် ဦးတန်ခူးလပြည့်နေ့ အရောက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါတော့တယ်။ နယ်သူနယ်သားတို့မှာ နှမြောတသရုံအပြင် ဘာမျှမတတ်နိုင်ကြပါဘူး။

တပည့်ရင်းဖြစ်ပေမယ့် တပည့်တော်မှာ ဆရာတော်ထံ၌ ဝိပဿနာတရားကို တလလောက်သာ အားထုတ်ခွင့် ရခဲ့ပါတယ်။ တလလောက်အားထုတ်ပြီး အကြောင်းအားလျော်စွာ မိုးကောင်းဘက် သွားရောက်နေထိုင်ခဲ့ရတယ်။ ပျံလွန်တော်မူခါနီးမှ ရိပ်သာသို့ ပြန်ပြီး ပြုပြင်လို့မရနိုင်လောက်အောင် ကျန်းမာရေး ချို့တဲ့နေပြီဖြစ်တဲ့ ဆရာတော်ကို ပြုစုခွင့် ရခဲ့ပါတယ်။ ဆရာတော်ရဲ့ ဈာပနကိစ္စတောင် မပြီးသေးပါဘူး။ အားလုံး ဒကာ ဒကာမများနဲ့တကွ လူကြီးများက ကပေါင်းလရောက်မှ သင်္ဂြိုဟ်ကြဖို့ အစီအစဉ် ပြုလုပ်စီမံထားကြပါတယ်။

တလလောက်သာ အားထုတ်ရဘူးသေးလို့ တပည့်တော် အတွက် အားမရသေးပါဘူး၊ ဈာပနကိစ္စပြီးယင် ရန်ကုန် မဟာစည် ရိပ်သာသွားပြီး ဆက်လက်အားထုတ်ရပါဦးမယ်။ အားထုတ်ပြီး ဟောနည်းပြောနည်း ကမ္မဋ္ဌာန်းပေးနည်းများကိုပါ လေ့လာရဦးမယ်။ဒါမှလဲ ဆရာတော်ရဲ့ အရိပ်အရာကို ထိန်းသိမ်းစောင့်ရှောက်နိုင်စွမ်းရှိမှာ။ဆရာတော်လက်ထက်ကပင် တရားအားထုတ်ကြယင်း ဆရာတော်ရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်လာခဲ့ကြတဲ့ ယောဂီသီလရှင် ၂၀-လောက်သာ အခုဆက်လက် ဆောင်ရွက်လျက်ပဲ ရှိကြပါတယ်"

ဆရာတော် ဦးဓမ္မာဘာသကား ဤသို့ပြောယင်းပင်သူ့ဆရာဦးဇာဂရကို အထူးသတိရလျက်ရှိပုံရသည်။ ဆရာနှင့် ကင်းကွာသွားခဲ့ရသည်မှာ

မကြာလှသေးသော ဆရာတော် ဦးမေဓာဘိသအား အားပေးစကား လျှောက်ထားပြီး အကြံဉာဏ်များကိုလည်း ပေးတန်သလောက် ပေးခဲ့ရသည်။

## ဟုမ္မလင်းတရားပွဲ

တရက်စေ၍ တရားပွဲကျင်းပရသဖြင့် ကသီလင်တတော့ နိုင်ကြပေမည်။ သို့သော် တရားနာပရိသတ်ကား မနည်းလှပါ။ ၇၀၀–ကျော်ခန့်ရှိ၏။ လာရောက်နာကြားသူတို့မှာ အားတက်သရောရှိပါသည်။ ရုပ်ရှင်ရုံမှ အသံချဲ့စက်ကို ယူသုံးရ၍ ရုပ်ရှင်ပြချိန်ရောက်အောင် စောင့်နေရ၏။ အကြောင်းမှာ ရုပ်ရှင်မပြမီ ပရိသတ်ကို အသံချဲ့စက်ဖြင့် ဧည့်ခံနေသေး သောကြောင့်တည်း။ ၇-နာရီခွဲ သာသာမှ အသံချဲ့စက်ရောက်လာသဖြင့် တရားပွဲကြီးလည်း ၇–နာရီခွဲကျော်မှ စရတော့သည်။ အချိန်တော့ နောက်မကျလှပါ။ ရှေးဦးစွာ ဦးခင်မောင်က မိတ်ဆက်စကား ပြောကြားပြီးနောက် စာရေးသူက သံယောဇဉ် တရားတော်ကိုပင် ဟောကြားလိုက်ပါသည်။ ဟုမ္မလင်းမြို့၏ ညဦးပိုင်း၌ တရားသံက မြို့ကို လွှမ်းနေတော့သတည်း။

## အညောင်းပြေ အညာပြေ

ရာသီဥတုမှာ အုံ့ဆိုင်းမှုန်မှိုင်းနေသည်။ ယနေ့ကား တန်ဆောင်မုန်း လဆန်း ၁၀–ရက်နေ့၊ အချိန်မှာ နံနက် အရုဏ်ဆွမ်း စားပြီးချိန်၊ ထိုင်နေသော ဤရုပ် ဤနာမ်အတွက် လန်းဆန်းစေရန်နှင့် အညောင်းပြေ အညာပြေရန် လမ်းလျှောက်ရပေဦးမည်။ ထို့ကြောင့် ဦးခင်မောင်နှင့်အတူ ဟုမ္မလင်း ဒကာညွှာ၏ ရှေ့ဆောင်မှုဖြင့် လမ်းလျှောက်ထွက်ခဲ့၏။ ကျောင်းမှထွက်စ၌ လေးတွဲ့တွဲ့ ဖြစ်နေသော်လည်း တလှမ်းထက် တလှမ်း ပေါ့ပါးသွက်လက်လာသည်။ လမ်းလျှောက်ရင်း ဒကာညွှာ့ထံ ဟုမ္မလင်းအကြောင်း မေးကြည့်သည်။

ဤဟုမ္မလင်းမြို့၌ နယ်ပိုင်ရုံး၊ သစ်တောရုံး၊ ဧရာဝတီရုံး၊ လျှပ်စစ်ဌာန၊ ရဲဌာန၊ ဆေးရုံ၊ ဈေး၊ စာတိုက်၊ ရုပ်ရှင်ရုံ၊ အထက်တန်းကျောင်း တကျောင်း၊ မူလတန်းကျောင်း ၄-ကျောင်းရှိသည်။ ဘုန်းတော်ကြီး ကျောင်း ၅-ကျောင်းနှင့် ဆုတောင်းပြည့်စေတီ၊ ဆုတောင်းဦးစေတီ

၂-ဆူလည်း ထင်ရှားသည်။ ထွက်ကုန်များမှာ စပါး၊ မြေပဲ၊ လက်ဖက်စို၊ လက်ဖက်ခြောက်၊ ဂျုံ၊ ပဲ၊ သစ်မာနှင့် ကျွန်းသစ်များ ထွက်ရှိကြောင်း သိရသည်။ ဟုမ္မလင်း၌ နေထိုင်ကြသူများမှာ ရှမ်းနှင့် ဗမာတို့များပြား ကြောင်း သိရသည်။ ဤကား ဒကာညွှထံက ကြားသိရသော ဟုမ္မလင်း အကြောင်းတည်း။

ဒကာညွှထံ ဟုမ္မလင်းအကြောင်း မေးယင်းမြန်းယင်းလမ်းလျှောက် ခဲ့ကြရာ တော်တော်ဝေးလေး အညောင်းအညာ ပြေပျောက်၍ နေသာ ထိုင်သာ ရှိသွားပေသည်။ ထို့ကြောင့် လမ်းလျှောက်နေရာမှ တည်းခိုရာ ကျောင်းသို့ ပြန်ခဲ့ကြလေသည်။

## အားပါးတရ ကြိုဆိုကြသည့်

အချိန်မှာ နေ့ဆွမ်းစားပြီးချိန် ဖြစ်၏။ ခဏခေတ္တ ကျိန်းစက်သော် လည်း မပျော်တော့ပါ။ အကြောင်းကား ကျောင်းပေါ်၌ ပရိသတ်များ စုရုံးရောက်ရှိလာပြီး ဆူဆူညံသွားအောင် တီးကြ မှုတ်ကြသောကြောင့် ဖြစ်သည်။ နေ့ ၁-နာရီ အချိန်၌ ရောက်လာကြမည့် ဆရာတော် ဦးသံဝရတို့ကို မြစ်ဆိပ်သို့ သွားရောက်ကြိုဆိုရန် ဖြစ်၏။ အချိန်နီးကပ်၍ မော်တော်ဆိပ်သို့ သွားရောက် ကြိုဆိုကြရာ၌ လူထုပရိသတ်ကြီးမှာ လမ်းလုံးညွတ်မျှ စည်ကားသိုက်မြိုက်လှသည်။

ဆရာတော် ဦးသံဝရတို့နှင့်အတူ ကောသားဆရာတော် ဦးနန္ဒမာလာ၊ ဖောင်းပြင်ရိပ်သာ မဟာထိက ဦးစန္ဒာဝရ၊ ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့်များ၊ ဒကာကြီး ဦးညိုပုတို့လည်း မော်တော်ပေါ်၌ ပါလာကြ သည်။ ဆရာတော် ဦးသံဝရတို့ မော်တော်ပေါ်မှ ကမ်းပေါ်တက်လာ ကြသောအခါ အငြိမ်းအမှုတ်သမားတို့က တီးမှုတ် ကြိုဆိုကြလေတော့ သည်။

ရှေ့ဆုံးမှ အတီးအမှုတ်သမားများ၊ သံဃာတော်များ၊ ဥပါသကာ များ၊ သာပြေပန်းနှင့် ညောင်ရေချမ်းအိုးကိုင် အမျိုးသမီးများ အစဉ် အတိုင်း စီတန်းလိုက်ပါလျက် မြစ်ဆိပ်မှ မြို့တွင်း လမ်းမကြီးအတိုင်း ကျောင်းသို့ရောက် ပို့ဆောင်ကြ၏။ ကျောင်းရောက်လျှင် ထုံးစံအတိုင်း ကန်တော့ကြ၏။ အချို့ အမျိုးသမီးများက သူတို့ကျောတွင် အဝတ်နှင့်

သိုင်းပိုးထားသော သားငယ် သမီးငယ်များဖြင့် ကန်တော့ကြသည်ကို တွေ့ရသည်။ တပြိုင်နက် တခါတည်း လူ ၂-ယောက်ထပ် ရှိခိုးကန်တော့သလို ဖြစ်နေတော့သည်။ စာရေးသူတို့ဆီ၌ 'ခါးပိုက်ဆောင်ကလေး'ဟု ခေါ်ရိုးရှိသော်လည်း ဤအထက်ချင်းတွင်း၌မူ 'ကျောပိုးဆောင်ကလေး'ဟု ခေါ်ကြရပေတော့မည်။ ပရိသတ်မှာ စည်ကားလှလေသည်၊ ကျောင်းလုံးပြည့်လျှံ သွားတော့၏။ ကန်တော့ပြီးကြသည့်အခါ ဆရာတော် ဦးသံဝရက သီလပေး၏။ နောက် ကြိုဆိုရေးတရားကိုပင် ဟောလိုက်၏။

ပရိသတ် စဲသွားသောအခါ စကားစမြည် အနည်းငယ် ပြောဆိုကြပြီးနောက် ဆရာတော်ဦးသံပရနှင့် ဒကာကြီး ဦးညီပုတို့သည် ဟုမ္မလင်းမှ ဒကာကြီးအချို့နှင့်အတူ နန်းဖွတ်မော် သာသနာ့ရိပ်သာသို့ ထွက်သွားကြသည်။

## ကက်သာသို့

ညနေ ၅-နာရီခွဲသော်လည်း နန်းဖွတ်မော်ရိပ်သာသို့ သွားကြသော ဆရာတော် ဦးသံဝရတို့ ကျောင်းပြန်မရောက်ကြသေး။ ကက်သာက အပင့်ရောက်လာသော မော်တော် ရောက်နေပြီဖြစ်၍ ဆရာတော် ဦးသံဝရတို့ အပြန်ကို စောင့်မနေအားတော့ပါ။ ယနေ့ည ကက်သာသို့ တရားဟော အချိန်မီရောက်ရန် အပင့်လာသော မော်တော်ဖြင့် ကက်သာသို့ ဦးခင်မောင်နှင့်အတူ ထွက်ခွါခဲ့ကြသည်။ ကက်သာမှာ ဟုမ္မလင်း တဘက်ကမ်း၌ ယှဉ်ရှိသောကြောင့် ဟိုဘက်သည်ဘက် လှမ်းမြင်နေကြရသည်။ မော်တော်ဖြင့် ကူးခဲ့ရာ နာရီဝက်ခန့်သာ ကြာသည်။ ကက်သာ ဆိပ်သို့ ရောက်ကြ၏။

ကက်သာရောက်လျှင် နယ်ကြိုးချောင်း တောင်ပေါ်ရှိ ရိပ်သာ၌ တည်းခိုကြရ၏။ ထိုရိပ်သာမှာ မြစ်ကမ်းနှုဖူး တောင်စောင်းကလေး၌ ရှိသောကြောင့် ရှုခင်းမှာ သာယာလှပေသည်။ ကမ္ဗောနာစရိယအဖြစ် ဆရာတော် ဦးစန္ဒိမာ ဆောင်ရွက်လျက်ရှိသော ရိပ်သာသည် ကက်သာ၌ အိမ်ခြေ ၃၀၀-ခန့်ရှိ၍ မသေးငယ်လှ။ ယက်ကန်းအလုပ်၊ လက်ဖက် စိုက်ပျိုးရေးအလုပ်၊ လယ်ယာအလုပ်များ လုပ်၍ အသက်မွေးကြကြောင်း သိရသည်။

## ကက်သာတရားပွဲ

ယနေ့ည ဆရာတော် ဦးသံဝရတို့က ဟူမွလင်းမှာ တရားဟောလျက်ရှိစဉ် စာရေးသူတို့က ကက်သာ၌ ဟောကြားကြရ၏။ ဟူမွလင်း၌ ဟောခဲ့စဉ်က အသံချဲ့စက် ပါခဲ့သော်လည်း ဤကက်သာ၌မူ အသံချဲ့စက် မပါပေ။ ပင်ကိုယ်သံဖြင့် ဟောရသည်။

"ဦးဣန္ဒကတို့ တရားပွဲကအသံချဲ့စက်ဟွန်းကြီးကို ဟူမွလင်းမြို့ဘက်ကို မလှည့်လိုက်ပါနဲ့လို့ မှာလိုက်ပါရစေ။ ဦးဣန္ဒကအသံက ကျယ်ကကျယ်နဲ့၊ ဟူမွလင်းတရားပွဲမှာ အနှောင့်အယှက် ဖြစ်နေပါဦးမယ်"

ဤသို့ ဆရာတော် ဦးသံဝရ က မှာကြားလိုက်သော စကားကို သတိရပြီး ပြုံးလိုက်မိသေးသည်။ တရားနာ ပရိသတ်တို့ကား ဓမ္မာရုံအုတ်တိုက်ကလေးထဲ၌ အပြည့်ပေတည်း။ ပရိသတ် ၂၀၀-ခန့် ရှိပေမည်။

ဦးခင်မောင် မိတ်ဆက်စကား ပြောကြားပြီးနောက် စာရေးသူက "သတ္တဝါနှင့် အချိန်ကာလ" အမည်ဖြင့် မူလပရိယာယ ဇာတ်ကို သတိပဋ္ဌာန် ဝိပဿနာသွင်း၍ ဟောကြားလိုက်ရ၏။ ည ၉-နာရီအချိန်၌ တရားပွဲသိမ်း၍ တရားပွဲပြီးလျှင်ပြီးချင်း ဟူမွလင်းဘက်သို့ မော်တော်ဖြင့် ကူးခဲ့သည်။

## သင်္ဘောသို့ ဆင်းအိပ်ကြသည်

ဟူမွလင်းရောက်တော့ ဆရာတော် ဦးသံဝရ က တရားဟောတုန်းပင် ရှိသေးသည်။ အဟောသန်လှသော ဆရာတော် ဦးသံဝရသည် ည ၁၀-နာရီခွဲကာမှ တရားအဆုံးသတ်ပေ့ါသည်။ ဆရာတော် ဦးသံဝရ၏ တရားပွဲအပြီးတွင် ည ၁-နာရီခန့်သာ အနားယူယင်း ပြင်စရာရှိသည်ကို ပြင်ဆင်၍ ည ၁၁-နာရီအချိန်၌ တရားဟောအဖွဲ့သားအားလုံး သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြသည်း

ယင်းည ပေါင်းဝ သင်္ဘောပေါ်၌ ကျိန်းစက်ကြရ၏။ ဆောင်သွပ် တရားပွဲပြီးလျှင် သရောင်း၌ တရားပွဲစီစဉ်ရန် ဓမ္မယာထိက ဆရာတော် ဦးစန္ဒာဝရလည်း တရားဟော အဖွဲ့နှင့်အတူ ပေါင်းဝ သင်္ဘောပေါ်၌ ကျိန်းစက်ပြီး ရဟန်းတော်များနှင့် ဦးညိုပု၊ ဦးခင်မောင်တို့က အထူးခန်း၌အိပ်စက်ကြ၍ ဒေါ်ဉာဏဝတီနှင့် တပည့်တို့က ရိုးရိုး ကုန်းပတ်ပေါ်မှာပင် အိပ်စက်ကြသည်။

# ၁၀။ ဟုမ္မလင်းမှ သောင်သွပ်သို့

တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ နံနက် ၄-နာရီခွဲတွင် ပေါင်းဝသဘော်သည် ဟုမ္မလင်းမြို့မှ စုန်ဆင်း ထွက်ခွာခဲ့သည်။ စိမ်းစို သာယာလှပသော မြစ်ကမ်းရွာများကိုငင်း၊ ညိုပြာ မှိုင်းဝေလျက်ရှိသော တောတောင်မြိုင်နန်းများကိုငင်း တရိပ်ရိပ် ဖြတ်သန်း၍ ကွေ့ကောက်သော ချင်းတွင်းမြစ်ကြောင်း အတိုင်းစုန်ဆင်းခုတ်မောင်းလျက်ရှိသည်။ ပတ်ဝန်းကျင်ရှိ စိမ်းစိုသာယာလှပသော ရှုခင်းများကို ကြည့်ရှုငေးမောယင်း လိုက်ပါခဲ့ရသည်။ ၅-နာရီသာသာအထိ ခုတ်မောင်းလာခဲ့သော ပေါင်းဝ သဘော်သည် ၉-နာရီ ၄၅-မိနစ်အချိန်၌ သောင်သွပ် ဆိပ်ကမ်းသို့ ဆိုက်ကပ်မိလေသည်။

သောင်သွပ် ဆိပ်ကမ်း၌ တရားဟောအဖွဲ့များ ဆင်းသက်ခဲ့ကြသော်လည်း ဆရာတော် ဦးစန္ဒာဝရမှာ သရောင်း တရားပွဲအတွက် စီစဉ်ရန် ပေါင်းဝသဘော်ဖြင့် ဆက်လက်လိုက်ပါသွား၏။ ဒေါ်ညာဏဝတီတို့ စီစဉ်ချက်ဖြင့် သောင်သွပ် ဒေါ်ဖွားရင်နှင့် တူ မောင်စန္ဒတို့ နေအိမ်၌ နေ့ဆွမ်းဘုဉ်းပေးကြရသည်။

## ခွေးနှင့်ကြက် ပေါလှသည့်ကျောင်း

ဆွမ်းကိစ္စပြီးလျှင် ဆရာတော် ဦးသံဝရနှင့်အတူ သောင်သွပ် ဘုန်းတော်ကြီးကျောင်းသို့ ရွေ့ပြောင်းတည်းခိုကြသည်။ တည်းခိုရာ သောင်သွပ် ဘုန်းကြီးကျောင်းရှိ ဆရာတော်မှာ အင်မတန် သနားတာ ကောင်း၏။ ပြုစုလိုက်သည်မှာလည်း လိုလေသေးမရှိ။

ကျောင်း၌ခွေးတွေ ကြက်တွေကလည်း ပေါများလှပါဘိ၊ ပေါများလှသော ဤခွေးများမှာ ယခင်ဘုန်းတော်ကြီး လက်ထက်ကပင် ရှိနေခဲ့သည်ဆို၏။ သနားစရာရှိလျှင် အကောင်းအဆိုး မရွေး။ ဘုန်းတော်ကြီးတို့က သနားကြင်နာ တတ်ကြသည်။ ခိုကိုးရာမဲ့ရောက်လာသော ခွေးများကိုပင် မောင်းထုတ် မပြစ်ပဲ ကရုဏာကြီးစွာဖြင့် လက်ခံ

ကျွဲးမွေး ထားခြင်းကြောင့် ဤကျောင်း၌ ဤမျှခွေးတွေ ပေါများနေခြင်းဖြစ်သည်။ "ရှေးသရောအခါ ဘေးကြောနှာ၊ ခွေးပေါတာက ကျုပ်တို့ကျောင်းဗျ" ဟယ်စဉ်ဘဝက ဤတဘောင်ကို လိုင်လိုင်ပါအောင် သီဆိုခဲ့ကြသည်။ သို့သော် ထိုအခါက ပေါ်ခဲ့သော တဘောင်မှာ ယခု ဤကျောင်း၌ လာ၍ဖြစ်ပေါ် ကိုက်ညီနေပါပကောဟု ရယ်သွမ်းသွေးမိတော့သည်။

ဤကျောင်း၌ ကြက်များလည်း ခွေးပေါသလို ပေါလှသည်သာ။ ခွေးပေါခြင်း၏ အကြောင်းရှိသလို ကြက်ပေါခြင်း၏ အကြောင်းလည်းရှိ၏။ သောင်သွပ်ရွာ စနေဒေါင့်အရပ် ဘိုးသီလ ဆိုသော ရှမ်းနတ်ကွန်း တကွန်းရှိသည်။ သောင်သွပ်ရှိလူများ ကလေးမွေးဖွားပြီး ထိုကလေးကို အမည်ပေးတိုင်း နတ်ကွန်းသို့ သွားရောက်ကာ ကြက်တကောင်တကောင် လွှတ်ရသော ထုံးစံရှိသည်ဟုဆိုသည်။ ယောက်ျားကလေးကို အမည်ပေးလျှင် ကြက်ထီးတကောင် လွှတ်ကြရသည်။ မိန်းကလေးကို အမည်ပေးလျှင် ကြက်မတကောင်ကို လွှတ်ကြရသည်ဟု သိရသည်။ ထို ဘိုးသီလနတ်ကွန်းက ဤဘုန်းတော်ကြီး ကျောင်းအနီး၌ ရှိနေရာ နတ်ကွန်းသို့ ယာရောက်လွှတ်လေသမျှ ကြက်များမှာ ဤကျောင်းသို့သာ ရောက်လာ ပျော်မွေ့နေကြသောကြောင့် ဤကျောင်း၌ ဤမျှ ကြက်တွေ ပေါများနေသည်ဟု သိခဲ့ရသည်။

## ဒွတ်-ထွင့်-ထွတ်-သွပ်

သောင်ဒွတ်ဟူ၍၎င်း၊ သောင်ထွင့်ဟူ၍၎င်း၊ သောင်ထွတ်ဟူ၍၎င်း၊ သောင်သွပ်ဟူ၍၎င်း၊ သောင်သွပ်နှင့်စပ်၍ အမျိုးမျိုးပင် သတ်ပုံများ ကွဲပြားနေကြသည်ကို တွေ့ရသည်။

အမှတ် ၁၀၆၊ ငွေတာရီ မဂ္ဂဇင်း၌ နာဂဟောင်တန်း မောင်ကြည်ဗင်၏ "မင်းပုန်းဘုရင် လက်ယက် ချင်းပေါင်းမြစ်များ" ဆောင်းပါး၌ "ခြေသံ...ဟောဝန်နယ်" အစချီသော ညည်းချင်းတွင်—

"သည်လျှင်နယ်ကျေး၊ ပိုင်[illegible] ကလေးဘောင်သွပ်၊ နှမ်နယ်စပ်ကုံ၊ စိုးကွပ်အုပ်ဆောင်" ဟူ၍၎င်း၊

''ဘုန်းပွင့်ဇာနိ သာကီဥက္ကဋ္ဌ'' အစချီ-ညည်းချင်းတွင်—

''နက်နဲဉာဏ်ယှဉ်၊ နန်းစဉ်အလုပ်၊ မောဟုတ္တိက၊ ကလေးသောင်သွပ်၊ နှစ်ရပ်နယ်ဆုံ၊ တောရိပ်မြုံမှ'' ဟူ၍ရင်း၊

မဟာမင်းခေါင်ရာဇာဘွဲ့ခံ စာဆိုတော်ကြီး ဦးဘဲစပ်ဆိုထားကြောင်း ဖော်ပြထားသဖြင့် ဤနေရာ၌ ''သောင်သွပ်''ဟု ရေးသားလိုက်ရခြင်း ဖြစ်ပေသည်။ ထိုမောင်ကြည်ဇင် ဆောင်းပါး၌ ၁၂၁၉-ခုနှစ်က ချင်းတွင်းမြစ်ဖျားဒေသ ''မဟာမောရိယဝံသ သီဟသုဓမ္မရာဇာ'' ဘွဲ့ခံ သောင်သွပ် နန်းရုံစော်ဘွားကြီးထံမှ ဘဝရှင် မင်းတုန်းမင်းတြားထံသို့ ဆင်ဖြူတော် ဆက်သခဲ့ကြောင်းကိုရင်း၊ စာဆိုတော် ဦးဘဲ၏ ချင်းတွင်း ဖြစ်ဖျား ခရီးသွား ညည်းချင်းများကိုရင်း ဖော်ပြထားသည်ကို တွေ့ရှိရလေသည်။ ထိုကြောင့် ဤသောင်သွပ်၌ စော်ဘွားများ ကြီးစိုးခဲ့ကြကြောင်း သိရှိရပေသည်။

## တောင်ခြေတောကျောင်း ရိပ်သာဟောင်းသို့

၁၂၈၂-ခုနှစ် အချိန်ခန့်က ဦးတိလောကဆိုသော ဆရာတော်တပါး ရိပ်သာတည်ထောင်၍ အာနာပါနနည်းဖြင့် တရားပြဘူးသည်ဆိုသော တောင်ခြေ တောကျောင်း တကျောင်းသို့ ဆရာတော် ဦးသံဝရနှင့်အတူ သွားရောက် ကြည့်ရှုကြသည်။ အာဂန္တု ဦးဇင်းကြီးတပါးက လမ်းညွှန် လိုက်ပို့သည်။

စိမ်းလန်းစိုပြည်သော စပါးခင်းများ၊ ပဲခင်းများကို လမ်းဘေး၌ ရှုခင်းအဖြစ် ကြည့်ရှုသွားကြသည်။ ပတ်ဝန်းကျင် သစ်ပင် တောတောင်တို့ကလည်း ကြည်နူးဖွယ်ကောင်းလှဘိ၏။ တောင်တန်းပေါ်၌ ဖြစ်သော်လည်း မြေမြင့်ရာ၌ ရေကလည်း မြင့်လျက်ရှိသောကြောင့် စိမ့်စမ်း ရေတွင်းငယ်ကလေးများမှာ ကြည်လင်သောရေများဖြင့် ပြည့်လျက်ရှိနေသည်။ ဖန်ခါးပင်အနီးသို့ ရောက်ရာ၌ ထင်းခွေနေသော ကလေးငယ်များအား ဖန်ခါးသီးကပ်ပွိုင်းကာ မောပန်းခြင်း ပြေပျောက်အောင် ဖန်းခါးသီး ဘုဉ်းပေးလိုက်သေး၏။ ဇီးဖြူသီးစားပြီး ရေသောက်လျှင် ချိုသလို ဖန်းခါးသီးစားပြီး ရေသောက်ရာ၌လည်း ချိုလှပေသည်။

တမိုင်ကျော်ကျော် သွားမိကျလျှင် ရောက်လိုသော တောင်ခြေ တောကျောင်းသို့ ရောက်ကြ၏။ ကျောင်းနေ ဘုန်းတော်ကြီးတပါးနှင့် သီလရှင် လေးငါးပါးကို တွေ့ရ၏။ ကျောင်းအဆောက်အဦ အချို့နှင့် သီလရှင် ဇရပ်များကို တွေ့ရသော်လည်း အချို့ အဆောက်အဦများ ကိုမူ ထင်ထင်ရှားရှား မတွေ့ရတော့ပေ။ အဆောက်အဦ အစအန နှင့် အဆောက်အဦ နေရာများသာ ကွက်၍ ကျန်ရစ်တော့သည်။

သီလရှင်တို့က သံပရာအဖျော်ယမကာ ဆက်ကပ်ကြသည်။ သံပရာ ဤကျောင်းအပင်မှသီးမှာ ဆွတ်ခူး၍ရသော ကျောင်းထွက် လတ်ဆတ် ဆတ်ဆတ် သံပရာသီးဖြစ်သည်။ သံပုရာပင် ရှောက်ပင်များ နှင့် အခြား စားကောင်းသောက်ဖွယ် အပင်များလည်း ရှိသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးများလည်း ရှိသောကြောင့် တော ကျောင်း ဆိုသော်လည်း နေချင့်စဖွယ် စိုပြည်လျက် ရှိ၏။ တိတ်ဆိတ် ငြိမ်သက်၍ သာသာယာယာလည်း ရှိ၏။ အာရုံငါးပါးဖြင့် ပျော်မွေ့ တတ်သူတို့အတွက် ပျင်းရိငြီးငွေ့ဖွယ် ကောင်းမည်ဖြစ်သော်လည်း တရား နှင့် မွေ့လျော်တတ်သူတို့အတွက် အင်မတန် မွေ့လျော်ဖွယ်သော နေရာ ဖြစ်သည်။

## အရှင်ရေဝတ၏ ရှားတောကျောင်းနှင့် ဘုရားရှင်၏ ဒေသနာတော်

ဤသောင်သွပ်တောင်ခြေ တောရကျောင်းသို့ ရောက်သောအခါ ဘုရားရှင် လက်ထက်တော်တုန်းက အရှင်ရေဝတ၏ ရှားတောကျောင်း နှင့် ဘုရားရှင်၏ ဒေသနာတော်ကို သတိရမိသည်။

အရှင်သာရိပုတ္တာရာမထေရ်မြတ်ကြီး၏ ညီတော် အရှင်ရေဝတ၏ ရှား တောကျောင်း အကြောင်းကို ဓမ္မပဒ၌တွေ့ရ၏။ တနေ့သ၌ မြတ်စွာ ဘုရားသခင်သည် နောက်ပါ သံဃာတော်များနှင့်အတူ အရှင်ရေဝတ ရှိရာ ရှားတောကျောင်းသို့ ကြွတော်မူ၏။ ဘုရားသခင်ရောက်တော်မူ သည့်အခါ အရှင်ရေဝတက တန်ခိုးတော်ဖြင့် သူ၏ ရှားတောကျောင်းကို နေချင့်စဖွယ်ဖြစ်အောင် ဖန်ဆင်းထားသောကြောင့် စိုစိုပြည်ပြည် တင့်တင့်တယ်တယ် ဖြစ်နေ၏။ အရှင်ရေဝတအား ချီးမြှောက်ရှိသော

ဘုရားရှင်ကြွတော်မူခြင်း ဖြစ်သောကြောင့် အတန်ငယ် သီတင်းသုံးတော်မူပြီးလျှင် ရွားတောကျောင်းမှ သံဃာတော်များနှင့်အတူ ပြန်လည်ကြွတော်မူခဲ့၏။

အတူလာသော ရဟန်းတော်တပါးက လမ်းခုလတ် ရောက်ခါမှ တောင်ဝှေး မေ့ကျန်ရစ်သောကြောင့် ရွားတောကျောင်း ပြန်ပြီး တောင်ဝှေးယူရာ ရွားတောကျောင်းကို ယခင်ကနှင့် မတူပဲ ဖြစ်နေတော့သည်ကို တွေ့ရသည်။ ကုန်းခေါင်ခေါင်၌ ရွားပင်တွေကလဲ ကျိုးတိုးကျဲတဲ၊ အခက်အရွက်တို့ကလည်း ညှိုးလျှခြောက်သွေ့ နေချင့်စဖွယ်မရှိ ပျင်းရိငြီးငွေ့ဖွယ် ဖြစ်နေလေတော့သည်။

ဘုရားရှင်နှင့်အတူ ရွားတောကျောင်းလိုက်ပါကြသော ရဟန်းများကို ဝိသာခါကျောင်းအမကြီးက ရွားတောကျောင်း အကြောင်းကိုလည်း မေးရာ အချို့ရဟန်းတော်က အင်မတန် နေချင့်စဖွယ်ကောင်းကြောင်း ပြောပြသော်လည်း တောင်ဝှေးမေ့၍ ပြန်ယူခဲ့ရသော ရဟန်းတော်ကမူ အင်မတန် ပျင်းရိဖွယ်ကောင်းကြောင်း ပြောပြလေသည်။

ထိုကန်ရှိ ဘုရားပြေး လျှောက်ကတ်သော ကျောင်းအမကြီး ဝိသာခါက ထိုရဟန်းတော်တို့ အဆိုအမျိုးမျိုး ဖြစ်နေသည်ကို ဘုရားရှင်အား လျှောက်ထားပါလေတော့သည်။ သည်တော့ ဘုရားရှင်က–

"ဂါမေ ဝါ ယဒိ ဝါ ရညေ"စသော ဒေသနာတော်ကို ဟောကြားတော်မူ၏။

"လူတို့နေရာ ရွာမှာပဲဖြစ်ဖြစ်၊ လူသူကင်းပြတ်သော တောခေါင်ခေါင်အရပ်မှာပဲဖြစ်ဖြစ်၊ စိုပြည်စိမ်းလန်း ချိုင့်ဝှမ်းရာ အရပ်မှာပဲဖြစ်ဖြစ်၊ ခြောက်ခြောက်သွေ့သွေ့ ငြီးငွေ့ဖွယ် တောင်ကုန်းခေါင်ခေါင်အရပ်မှာပဲဖြစ်ဖြစ် အကြင်အရပ်၌ ကိလေသာကုန်ပြီး ရဟန္တာမထေရ်မြတ်ကြီးတို့ နေထိုင်တော်မူကြ၏။ ရဟန္တာမထေရ်မြတ်ကြီးတို့ နေထိုင်ရာ ထိုအရပ်သည် မွေ့လျော်ပျော်ဖွယ်ရာ ကောင်းသည်"ဟူသတည်း။

တောင်ခြေတောကျောင်း ရောက်နေစဉ် အရှင်ရေဝတ ရွားတောကျောင်းနှင့် ဘုရားရှင် ဟောတော်မူသော ဤဒေသနာကို . နှလုံးသွင်းမိ

သွားလေ၏။ ပျင်းသည် ငြီးငွေ့သည် ဆိုသည်မှာ ပုထုဇဉ်တို့ သန္တာန်မှာသာ ရှိသည်။ ရဟန္တာတို့ သန္တာန်မှာမရှိ။ ဘယ်မှာနေနေ တရားနှင့် မွေ့လျော်တော်မူကြသောကြောင့် ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့မှာ မွေ့လျော်၍သာ အချိန်ကုန်တော်မူကြသည်။

ပုထုဇဉ်တို့မှာကား အာရုံငါးပါးနှင့် ပျော်ပါး နေရမှသာလျှင် နေချင်ကြသည်။ ပျော်ပါးစရာ ငါးပါးအာရုံ ကာမဂုဏ်နှင့် ကင်းပြီဆိုလျှင် မနေတတ် မထိုင်တတ် ပျင်းရိငြီးငွေ့တတ်ကြသည်။ စိတ်ငြိမ်ရာ တောကျောင်းဆိုသည်မှာလည်း ပုထုဇဉ်တို့ပျော်စရာ အာရုံများ မရှိ၍ ပျော်နိုင်ကြမည်မဟုတ်။ သို့သော် တရားနှင့် မွေ့လျော်တတ်သော သူတော်ကောင်းတို့မှာ ဘယ်နေရာမှာနေနေ ပျင်းရိကြမည်မဟုတ်။ သူတို့မှာ တရားလက်ကိုင် ရှိနေကြသည်။

## ရိပ်သာတည်လိုက်ရလျှင် ကောင်းမည်

သူတော်ကောင်းတို့အတွက် ဤတောင်ခြေ တောကျောင်း ရိပ်သာ ဟောင်းသည် နေချင့်စဖွယ်ကောင်းလှ၏။ သတိပဋ္ဌာန် ရိပ်သာသစ်တဖန် ထပ်တည်ထောင်လိုက်ရလျှင် သောင်သွပ် သူတော်ကောင်း အပေါင်းတို့ အဖို့ ကုသိုလ်တရားတိုးပွါးပြီး အကျိုးများကြပေလိမ့်မည်သာတည်း။

သောင်သွပ်လူထု၊ ကောင်းမှုပွါးရာ၊
ဤရိပ်သာဟောင်း၊ ထပ်လောင်းလှိုသာ၊
ပူပြင်ကြိုးကုတ်၊ အားထုတ်မှန်စွာ၊
ရိပ်သာသစ်၊ ဖွင့်လှစ်သင့်တော်ပါ။

## သောင်သွပ် တရားပွဲ

တရားပွဲမှာ သောင်သွပ် တရားကျောင်းကြီးပေါ်၌ ကျင်းပ၏။ တရားနာ ပရိသတ် ၂၅၀ ရောက်ရှိနေလေသည်။ ခါတိုင်းလိုပင် ဒကာကြီး ဦးညီပုက ရှေးဦးစွာ မိတ်ဆက်စကား ပြောကြားပြီးနောက် စာရေးသူက ''သတ္တဝါနှင့် အချိန်ကာလ''တရားကိုပင် ဟောကြားလိုက်သည်။ ဆရာတော် ဦးသံဝရက ''သတိပဋ္ဌာန် အလုပ်ပေး တရား''ကို ဟောကြား၏။ ယနေ့ညအဖို့ သောင်သွပ်၌ ဒေသနာရနံ့ သင်းပျံ့ကြိုင်လှိုင်သွားလေတော့သည်။

## သတ္တဝါနှင့် အချိန်ကာလတရားတော် ဆောင်ပုဒ်များ

၁။ နာရီ-ရက်-လ၊ ခေါ်ဆိုကြ၊ ကာလအချိန်မည်။
၂။ မိမိနှင့်သာ၊ တူမကွာ၊ သတ္တဝါအားလုံးသည်။
၃။ အချိန်ဝါးမျို၊ အစားကို၊ ဖြစ်-အို-နာ-သေ-ခံရသည်။
၄။ ဆုံလည်သည့်နွား၊ ရဟတ်ချား၊ပြေးသွားမဆုံးသံသာရှည်။
၅။ အကြွင်းသူကား၊ ကာလအား၊ မျိုစားနိုင်လေသည်။
၆။ ဒါန-သီလာ၊ ဘာဝနာ၊ ပြုကာ စားမျိုသည်။
၇။ ဖြစ်တိုင်းရုပ်နာမ်၊ ဖွဲ့သန်သန်၊ နည်းမှန်ရှုမှတ်စားမျိုသည်။
၈။ ထိုစားနိုင်သူ၊ တဏှာပူ၊ စင်ဖြူကင်းတော့သည်။
၉။ တဏှာကင်းက၊ နိဗ္ဗာန်ရ၊ ကာလတိုဆုံးသည်။
၁၀။ ပဋိသန္ဓေ၊ အို-နာ-သေ၊ ဘေးတွေ ဆုံးတော့သည်။
၁၁။ နိဗ္ဗာန်လိုက၊ ချိန်ကာလ၊ စားကြမျိုကြခါတော်မှီ။
၁၂။ မူလ ပရိယာယ၊ ဇာတ်တော်မှ၊ ထုတ်ပြ တိုက်တွန်းသည်။
၁၃။ မူလ ပရိယာယ၊ သုတ်တော်မှ၊ ထုတ်ပြ တိုက်တွန်းသည်။

## ဆရာတော် ဦးသံဝရ ဟောကြားသော တရားဆောင်ပုဒ်

၁။ ရတနာစိန်ကျောက်၊ ပျောက်တဲ့အခါ၊
မရ အရ၊ ရှာကြပမာ၊
ယထာဘူတ၊ ဉာဏ်ရဖို့ရာ၊
ဒေသက၊ မရ ရအောင်ရှာ။

၂။ မသိတုန်းက၊ ချိန်ဖြုန်းရက်ကြာ၊
သိလျှင်ပယ်မှု၊ ဘယ်သူ့တွက်တာ၊
ကိုယ့်အရေးမို့၊ ကိုယ်တွေးခါခါ၊
လူဖြစ်ရ၊ ဘဝတန်ဖိုးရှာ။

# ၁၉။ သောင်သွပ်မှ သရောင်းသို့

တန်ဆောင်မုန်းလဆန်း ၁၂-ရက်နေ့၌ နံနက်ဆွမ်းပေါ် သောင်သွပ်ကျောင်း၌ ဘုဉ်းပေးကြ၏။ နေ့ဆွမ်းဘုဉ်းပေးပြီးပြီ ဆိုလျှင်ပင် မိုးကောင်းလှသော ဒေသအလျောက် မိုးများရွာသွန်းလာလေတော့သည်။ "ဆန်စပါးကို မျှတသုံးစွဲနိုင်ကြသလို သုံးစွဲလို့ဖြစ်နိုင်လျှင် များလွန်းနေသော တောင်ပေါ်ဒေသက မိုးတွေကိုမြေပြန့် မိုးခေါင်ဒေသ ဖြစ်သော မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ချောက်၊ ရေနံချောင်း၊ မကွေး၊ မင်းဘူး စသည်တို့ကို မျှဝေပေးလိုက်ရလျှင် မည်မျှကောင်းလေမည်နည်း" ဟု ရောက်တတ်ရာရာ တွေးတောမိသည်။

ညနေ သုံးနာရီအချိန်၌ သရောင်းဆရာတော်နှင့် ဒကာ ဦးထွန်းရင်၊ ဦးဘစန်း၊ ဦးထွန်းဖေတို့ သရောင်းမှ သောင်သွပ်ထိအောင် မော်တော်ဖြင့် လာရောက်ကြိုဆိုကြ၏။ စာရေးသူနှင့် ဦးခင်မောင်တို့ လိုက်ပါဟောကြားကြရမည် ဖြစ်၍ ကြိုဆိုလာသော သရောင်း မော်တော်ဖြင့် လိုက်ပါသွားကြသည်။ ဆရာတော် ဦးသံဝရ၊ ဦးညီပု၊ ဒေါ်ဉာဏဝတီတို့မှာ သောင်သွပ်မှာ တရားပွဲ တညထပ်ဟောရန် ရှိနေသေး၍ သောင်သွပ်၌ပင် နေရစ်ကြသည်။

ညနေ ၃-နာရီ၊ မိနစ် ၂၀-၌ သောင်သွပ်မှ ထွက်ခွါလာရာ ညနေ ၄-နာရီခွဲလျှင် သရောင်းသို့ ရောက်၏။ မိုးမှာ ကြီးကြီးကျယ်ကျယ် မဟုတ်သော်လည်း တဖွဲဖွဲ ကျလျက် ရှိနေသည်။ သို့နှင့်လည်း ဖောင်းပြင်ရိပ်သာ ဓမ္မကထိက ဦးစန္ဒာဝရ ဦးစီးသောဓမ္မမာမက ကြိုဆိုရေးအဖွဲ့က ဗျောသံစည်သံတညံညံဖြင့် သဲသဲမဲမဲ ကြိုဆိုကြသေးသည်။ လူကြီးလူငယ် အသွယ်သွယ်ပင် အားတက်သရောရှိလှသည်။

သရောင်း အသောကာရုံ ကျောင်းပေါ်၌ တရားဟောရန် စီမံထားသော တရားပလ္လင်မှာ ခမ်းနားစွာ စီမံထားသောကြောင့် ကျက်သရေရှိလှသည်။ သရောင်းကျောင်းပေါ် ရောက်လျှင် ထိုတရား ပလ္လင်ထက်မှ နေ၍ အကန့်တော့ ခံကြရသည်။ ထုံးစံအတိုင်း အကန့်တော့ခံ သီလပေးပြီးနောက် ကြိုဆိုရေးတရားကို ဟောလိုက်ရသေးသည်။

## သရောင်းတရားပွဲ

ည၇-နာရီအချိန်၌ သရောင်းတရားနာ ပရိသတ်တို့ကား ၂၀၀-ကျော်ခန့် ရှိကုန်၏။ အသံချဲ့စက်လည်း တရားပလ္လင်ရှေ့၌ အဆင်သင့် တပ်ထားသည်။ ရှေးဦးစွာ ဒကာကြီး ဦးခင်မောင်က မိတ်ဆက်ပလ္လင်ခံ စကားပြောကြား၏။ စာရေးသူက သတ္တဝါနှင့် အချိန်ကာလတရားကိုပင် ပဌမပိုင်း၊ ဒုတိယပိုင်း ၂-ပိုင်း ခွဲခြား၍ ဟောကြားလေသည်။ ပဌမ ပိုင်း စလျှင် စချင်း"ဒကာထွန်း ရေ" ဟု တရားနာခံကို ခေါ်လိုက်ရာ "ဘုရာ ဘုရာ့" ဟု တရားနာခံ ဒကာကြီး ဦးထွန်းခပြုံ့က သံရှည်ဆွဲ၍ နှစ်ဆင့်ခွဲ ထူးလိုက်သောကြောင့် ပရိသတ်ကြီး တခုလုံး ပွဲကျသွားလေတော့သည်။ တရားနာခံလုပ်သော ဦးထွန်းပြေ့မှာ ဤသို့ပင် သဘင်ဆန်ဆန် အာရှင်မှုသာ များနေသောကြောင့် ဟောပြောသော စာရေးသူက ထိန်းထိန်း ချုပ်ချုပ်ဖြင့် သတိထားဟောရသည်။ ဒုတိယ ပိုင်း၌ သရောင်းဆရာကြီး ဦးစံဘဆိုသူကို တရားနာခံပြုလုပ်၍ ဟောပြောရာ ဇာလ္လင်္ခြေရှရဖြင့် ဟောကြားရပေသည်။ တရားနာ ပရိသတ်များမှာ လိုလိုချင်ချင် တက်တက် ကြွကြွရှိလှသည်။ ဟောလျှင် ဟောသလောက် နာကြားကြမည့်အသွင်ကို ဆောင်လျက်ရှိနေကြ၏။

သရောင်းတရားပွဲ ဖြစ်မြောက်ရေးကို ဦးဆောင်ကြသူဘို့မှာ ဦးဖိုးစိန်၊ ဦးဘစံ၊ ဦးဘရှင်၊ ဦးထွန်းရင်၊ ဦးသာဦး၊ ဦးထွန်းဖေတို့နှင့် ဒေါ်ခင်ညွန့်၊ ဒေါ်မြရီ၊ ဒေါ်စိန်မေ၊ ဒေါ်သောင်း စသော ဒကာ-ဒကာမတို့ ဖြစ်ကြသည်။ သရောင်းသူ့သရောင်းသားတို့မှာ ယနေ့ည လန်းဆန်းသော သတ်ပဋ္ဌာန်ပန်းကို ရှင်လန်းဝေဆာ ကြည်သာရှင်မြူး ဆွတ်ခူးပန်ဆင်ကြရကုန်၏။

## လမ်းလျှောက်ထွက်ယင်း လေ့လာယင်း

ယနေ့ကား တန်ဆောင်မုန်းလဆန်း ၁၃-ရက်နေ့၊ အချိန်မှာ နံနက်စောစောတည်း။ "ဘုန်းကြီး ခရီးမြန်း ဆွမ်းရှောကနေ" ဟု ဆိုရိုးရှိသည့်အတိုင်း ရဟန်းတော်များမှာ နေလွဲညစာ မစားကြရသဖြင့် သူ့အချိန်နှင့်သူ ဆွမ်းအတွက် အရေးစိုက်ကြရသည်။ လူများလို အချိန်မရွေးစား၍ မဖြစ်သောကြောင့် ဆွမ်းအရေးကိုရှောကထားကြရသည်။ စားစရာရှိလျှင်

နံနက် တကြိမ်၊ နေ့တကြိမ် စားကြရ သောက်ကြရပြီး ၂-ကြိမ်စလုံး အပြည့်အစုံ စားစရာမရှိလျှင် တချိန်ကို မရှိ,ရှိအောင် ဖန်တီးစားသောက်ကြရမှ ဖြစ်သည်။ စဉ်းစားကြည့်လျှင် ဘုန်းကြီးရဟန်းများ အတွက် စားရေးမှာ တာဝန်မသေးလှ။ နံနက်စောစောထွက် လမ်းလျှောက်ချင်သော်လည်း ဒကာ-ဒကာမတို့ ဆွမ်းကပ်ချိန်ကို စောင့်၍ ဘုဉ်းပေးပြီးမှ ဒကာကြီး ဦးခင်မောင်နှင့်အာဘူ သရောင်းဒကာကြီး ဦးထွန်းဖေ လမ်းညွှန်မှုဖြင့် လမ်းလျှောက်ထွက်ခဲ့ကြသည်။

မရောက်ဖူးသော အရပ်ဒေသ၌ လမ်းလျှောက်ရသည်မှာ အညောင်းအညာပြေရုံသာမက မမြင်ဘူးသော အရာဝတ္ထုနှင့် အဆောက်အဉီများကိုလည်း ရှုမြင်ရသည်။ "သွားပါများ ခရီးရောက်" ဆိုသည့်အတိုင်းပင် မသွားလျှင် မရောက်ရသော တန်ခိုးကြီးဘုရား၊ ဆုတောင်းပြည့် စေတီတော်ကို ရောက်ရှိဖူးမြော်ကြရသည်မှာ လမ်းလျှောက်သွား ရခြင်း၏ အကျိုးအမြတ်တပါးဖြစ်သည်။ မရောက်ဖူးသေးသော အရပ်ဌာနသို့ ရောက်လျှင် နဲနဲပါးပါးပဲဖြစ်ဖြစ် လျှောက်ကြည့်ရှုတန်သရွေ့ တော့ ကြည့်လိုက်ရ၊ ရှုလိုက်ရဉီးမှ ချင်ခြင်းပြေပြီး နေသာထိုင်သာရှိသည်။ ရောက်တန်သရွေ့ ကြည့်ရှုတန်သရွေ့ကို မရောက်လိုက်ရ၊ မကြည့်ရှုလိုက်ရလျှင် ပြုသင့်သော တာဝန်တခု လိုနေသလိုလို စိတ်ထဲ၌ မကျေမလည်ကြီး ဖြစ်နေသည်။

ထို့ကြောင့် ကြည့်လိုရှုလိုသော သရောင်းရွာ အလယ်တန်းကျောင်း၊ ဆေးပေးခန်း၊ ရဲစခန်း၊ အကျိုးဆောင် စာတိုက်ခွဲများကို ရောက်အောင်သွား၍ ကြည့်လိုက်ရသေးသည်။ အကျိုးဆောင် စာတိုက်ခွဲမှာ ဒကာကြီး ဉီးထွန်းဖေတို့အိမ်၌ ဖွင့်လှစ်ထားသည်။ အိမ်ခြေ ၂၀၀ ကျော်ခန့် ရှိသော သရောင်းရွာကြီးမှာရှိသော အမျိုးသား၊ အမျိုးသမီးတို့မှာ ဖောင်းပြင် သတိပဋ္ဌာန်ရိပ်သာ၌ တရားအားထုတ်ဘူးသူတွေက များသည်။ သူတို့အဆိုအရ သရောင်းရွာ အိမ်ခြေ ၂၀၀-တို့တွင် အိမ်ခြေ ၂၀၀-ခန့် လူများမှာ တရားအားထုတ်ဘူးသူများ ဖြစ်ကြောင်း သိရှိရသည်။ မော်တော်စင်းလုံးဖြင့်လည်း ဖောင်းပြင်ရိပ်သာသို့ ဥပုသ်နေ့တိုင်း လိုလိုတရားနာ သွားကြလေ့ ရှိသည်ဟု ဆိုသည်။ မုံရွာခရိုင် ဘုတလင်မြို့ ကြောင်ပန်း တောရ ဓမ္မကထိကများလည်း သရောင်းသို့ ကြွရောက်

ဟောပြောလေ့ရှိသဖြင့် ကြောင်ပန်း ထုံးစံအတိုင်း တရားဆွေးနွေးသူတို့လည်း သရောင်း၌ တော်တော်များများ ရှိကြောင်း သိခဲ့ရသည်။

သရောင်းရွာမှာ မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ပါဝင်၍ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း၌ တည်ရှိလေသည်။ ပဲမျိုးစုံနှင့် စပါးများ လုပ်ကိုင်စားသောက်ကြ၏။ အများအားဖြင့် ရှမ်းနှင့်ဗမာများ နေထိုင်ကြလျက် အားလုံးလိုလို ဗုဒ္ဓသာသနာဝင်များ ဖြစ်ကြသည်။ ဘုရားရှင်လက်ထက်တော်တုန်းက သာဝတ္ထိပြည်၌ လူဦးရေ ၇-ကုဋေရှိခဲ့ရာ ၅-ကုဋေမှာ အရိယာများ ဖြစ်ကြောင်း ကျမ်းဂန်တို့တွင် တွေ့ရှိရာ သရောင်းရွာရှိ သူတော်စင်တို့သည်လည်း သာဝတ္ထိ ပြည်သူပြည်သားတို့ကို အမှီလိုက်တော့မယောင်ယောင် ရှိနေသောကြောင့် အေးချမ်းငြိမ်သက်လှသော ဤသရောင်း၌ နေချင်စဖွယ်ကောင်းလှသည်။ ဘုန်းတော်ကြီး ကျောင်းမှာလည်း တကျောင်းသာရှိရာ "တရွာတကျောင်း အနေကောင်း" ဟူသော ဆောင်ပုဒ်အတိုင်း ကွဲပြားစရာ မလိုသဖြင့် ညီညွတ်ကြသည်။ ညီညွတ်ခြင်းကြောင့် ငြိမ်သက်အေးချမ်းစွာပင် ကောင်းမှုကုသိုလ်များကို ပွါးများနိုင်ကြသည်။ ကျောင်းဆရာတော်မှာလည်း အေးအေးဆေးဆေး နေတော်မူတတ်သော ဆရာတော်ဖြစ်ရာ သရောင်းရွာသူ ရွာသားတို့နှင့် အဆင်ပြေလှသည်သာတည်း။

## သာတောင့်သာယာမှ သရောင်းဖြစ်လာ

မဏိစည်သူမင်း ဖောင်စကြာဖြင့်လှည့်လည်လာစဉ်က သရောင်းဒေသသို့လည်း ရောက်ရှိလာသည်ဆို၏။ ထိုအခါ၌ ဤနေရာ ဒေသကို "သာတောင့်သာယာ ရှိသောနေရာ"ဟု အသိအမှတ် ပြုတော်မူခဲ့ရာမှ "သာတောင့်သာယာရွာ"ဟု ခေါ်စမှတ် ပြုခဲ့ကြကြောင်း၊ နောက်ကာလ ရွေ့လျော၍ "သရောင်းရွာ" ဖြစ်လာခဲ့ကြောင်း အဆိုရှိ၏။ အစက ဖြစ်လာခဲ့သော ဗျုပ္ပတ်နှင့် လျော်စွာပင် သရောင်းရွာမှာ သာတောင့်သာယာပင် ရှိလှပါသည်။

* သရောင်းရွာ သာပါစမေး၊
သရောင်းရွာ—ဗုဒ္ဓသာသနာ၌၊ သဒ္ဓါရောင်
ပြောင်ပြောင်ရွှန်း ထွန်းသာရှဲလေး။

# ၂၀။ သရောင်းမှ ဖောင်းပြင်သို့

အချိန်မှာ နေ့ ၁၀-နာရီအချိန်၊ စားရပြန်ပြီ ဆွမ်းတနပ်။ နေ့ဆွမ်းအတွက် သရောင်းဒါယကာ ဒါယိကာမများက ကျောင်းသို့ သဒ္ဓါကြည်ဖြူ လောင်းလှူကြသောဆွမ်းကို သရောင်း ဆရာတော်နှင့်အတူ ဘုဉ်းပေးကြရ၏။ ဆွမ်းဘုဉ်းပေးပြီးလျှင် ဖောင်းပြင်သို့သွားရန် ပြင်ဆင်ကြသဖြင့် နေ့ ၁၂-နာရီသို့တိုင်ခဲ့သည်။

"အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကိုတဲ့မျှော်လိုက်ယင်-မျှော်လိုက်ယင်.... တန်ခွန်တိုင်- ရွှေကုက္ကားရယ်နှင့် (ဘုရား လေး လေး-၃) မြင်" သရောင်း ပျော်အဖွဲ့သားတို့ ဟစ်ဆို သီကျူးလိုက်သော သမားရိုးကျအသံများဖြစ်၏။ သီဆိုသံနှင့်အတူ သံစုံနှောထွက်လာသော ပျော်သံသည်လည်း သရောင်းရွာ ပတ်ဝန်းကျင်၌ သိုက်သိုက်မြိုက်မြိုက် ပျံ့လွင့်သွားလေတော့သည်။ နေရောင်ခြည်မှာ မှလင်းတလှည့် လင်းတလှည့်နှင့် ဖြစ်နေသည်။ သရောင်းရွာ ဓမ္မမာမက သူတော်စင်တို့သည် ပျော်သံစည်သံ တညံညံဖြင့် ရွာလုံးကျွတ်မျှ စာရေးသူတို့ကို သင်္ဘော ဆိပ်သို့ လိုက်ပို့ယင်း သောင်သွပ်မှ ကြွရောက်လာကြမည့် ဆရာတော် ဦးသံဝရတို့ကို ကြိုဆိုကြ၏။

ဆရာတော် ဦးသံဝရတို့အဖွဲ့က ယနေ့ည သရောင်း၌ တရားဟောကြရလိမ့်မည်။ စာရေးသူက ဦးစန္ဒာဝရ၊ ဦးခင်မောင်တို့နှင့်အတူ ဖောင်းပြင်မြို့သို့ရှေ့ကာ ယနေ့ည တရားပွဲအတွက် ရှေ့တန်းမှ ချီတက်ဟောနှင့်ကြရမည် ဖြစ်၏။

နေ့ ၁၂-နာရီခွဲအချိန်၌ ဆရာတော် ဦးသံဝရတို့ စီးနင်းလိုက်ပါလာသော သင်္ဘောသည် သရောင်းဆိပ်ကမ်းသို့ ဆိုက်ကပ်လာ၏။ ဆရာတော် ဦးသံဝရတို့အဖွဲ့က သင်္ဘောပေါ်မှ အဆင်း၊ စာရေးသူတို့ တရားဟောအဖွဲ့က သင်္ဘောပေါ်သို့ အတက်၊ သရောင်း ဆိပ်ကမ်းထက်က ဓမ္မမာမကတို့ကလည်း တခဲနက်ပို့ဆောင် ကြိုဆိုလျက်ရှိကြ၏။ စာ

ရေးသူတို့ သင်္ဘောပေါ်ရောက်လျှင် သင်္ဘောက ဖောင်းပြင်သို့ ထွက်ခဲ့သည်။

နေ့ ၁-နာရီခွဲ၌ ဖောင်းပြင်ဆိပ်ကမ်းသို့ သင်္ဘောဆိုက်လေသည်။ ဒကာ ၄–၅-ယောက်တို့က ဆိပ်ကမ်းမှ လာကြိုဆိုနှင့်သည်ကို တွေ့ရ၏။ ကြိုဆိုသူဒကာတို့နှင့် လိုက်သွားရာ ဖောင်းပြင်မြို့ကိုလွန်လျှင် မူလမင်းကွန်း ကမ္မဋ္ဌာန်းတိုက် ဖွင့်ထားသော ကြံခင်းချောင်သို့ ရောက်တော့သည်။

## ကြံခင်းချောင်–မူလမင်းကွန်း ကမ္မဋ္ဌာန်းတိုက်

ကြံခင်းချောင် ကမ္မဋ္ဌာန်းတိုက် ရိပ်သာမှာ ဖောင်းပြင်မြို့၏ အစွန်၌ တည်ရှိသည်။ ရိပ်သာ၏ ဘေးတဘက်တချက်၌ တောင်ကမူလေးများ ဝိုင်းရံနေသည်။ တောင်ငါးလုံးကာခို ရာဇဂြိုဟ် ဆိုသည်ကို သတိရမိ၏။ ရိပ်သာ၏ လကျာဘက်မှာကား တသွင်သွင် စီးဆင်းနေသော ကြည်နူးဖွယ် စမ်းချောင်းကလေး ရှိလေသည်။ ရေမပြတ်သောကြောင့် ရေသိမ်အဖြစ် အသုံးပြုနိုင်ကြောင်းသိရသည်။ ဝဲဘက်အနီး၌ပင် သုသာန်သို့ သွားသော လမ်းကြောင်း တခုရှိလေသည်။ သုသာန်မှာရိပ်သာထိပ်ရှိ စေတီတော်၏ အနီး၌ရှိနေရာ ရိပ်သာရှိယောဂီတို့သည် မရဏာနုဿတိကမ္မဋ္ဌာန်းကိုစီးဖြန်းယင်း သံဝေဂယူနိုင်ကြသည်။ ရိပ်သာကျောင်းတိုက်အဝင်ဝ မျက်နှာသာဘက်၌မူ ဖောင်းပြင်မြို့ လူနေအိမ်ခြေများ ရှိလေသည်။

ရိပ်သာအရံမြေမှာ အနံတို့၍ အလျားရှည်သည် ဖြစ်သောကြောင့် ရှည်ရှည်လျားလျား ဖြစ်နေ၏။ ရိပ်သာကို သုံးပိုင်းပိုင်း၍ကြည့်လျှင် ပထမပိုင်း၌ ဆွမ်းစားကျောင်း၊ သီလရှင်တို့ နေထိုင်ရာဇရပ်၊ ဘုရားကျောင်း၊ အမျိုးသမီး ကမ္မဋ္ဌာန်းကျောင်းများနှင့် ရေတွင်းကိုရင်း၊ အလယ်ပိုင်း၌ အမျိုးသားတို့ ကမ္မဋ္ဌာန်းကျောင်းများကိုရင်း၊ အဆုံးပိုင်း၌ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ကျောင်းကိုရင်း အစီအစဉ်ကျကျ ဆောက်လုပ် တည်ထားသည်ကို တွေ့မြင်ရသောကြောင့် သပ်ရပ်လှပေသည်။ ဆိတ်ငြိမ်လှသဖြင့် တရားအားထုတ်ရန် ယောဂီတို့အဖို့ သင့်တော်လှပေသည်။

## ကြိုးပမ်းတည်ထောင်ခဲ့ကြသည်

ဤကြံခင်းချောင် သာသနာ့ရိပ်သာကို ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့်များက တည်ထောင်ခဲ့ကြသည်။ ဒေါ်ဉာဏဝတီသည် ကျေးဇူးရှင် မူလမင်းကွန်း ဆရာတော် ဘုရားကြီးပေးတော်မူသော ကမ္မဋ္ဌာန်းနည်းကိုယူ၍ ယောဂီတို့အား ကိုယ်တိုင် ဟောပြော ပြသခဲ့သည်။ မိန်းမသားပင် ဖြစ်သော်လည်း ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့်သီလရှင်တို့သည် ခိုင်မြဲသော သဒ္ဓါတရားနှင့် ဇွဲသတ္တိရှိသူများ ဖြစ်ကြ၏။ ရိပ်သာကို မလိုလားသူ တဦး၏ တိုက်ခိုက်မှုကို ခံခဲ့ရသော်လည်း မဖြုံကြပေ။ တိုက်ခိုက်မှုကို သည်းခံပြီးလျှင် မေတ္တာမပျက် ကိုယ့်သာသနာပြုအလုပ်ကိုသာ ကိုယ်အားစိုက်ပြုစု နေထိုင်ခဲ့ကြသည်။ ထို့ကြောင့်လည်း တိုက်ခိုက်သူက တိုက်ခိုက်စေကာမူ ဖောင်းပြင်မြို့နယ်ရှိ လူ ရှင် ရဟန်းတို့၏ အားပေးထောက်ပံ့မှုကို ရရှိခဲ့ကြသည်ဟု ဆိုသည်။

ဤအရှင်တို့ ရောက်ရှိချိန်၌မူ ဖောင်းပြင်မြို့နယ် ဇာတိ ဆရာတော် ဦးစန္ဒိမာ က ကြံခင်းချောင်ရိပ်သာကို အုပ်ချုပ်လျက် သီတင်းသုံးနေသည်ကို တွေ့ရသည်။ ထိုဆရာတော်ကို ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့် သီလရှင်တို့ကပင် ဆောင်ရွက်အုပ်ချုပ် စီမံရန် လျှောက်ထားကြခြင်း ဖြစ်သည်။ ရိပ်သာ ဆရာတော်အဖြစ် ဆောင်ရွက်ရမည်ဖြစ်သော ဆရာတော် ဦးစန္ဒိမာသည် ရန်ကုန် မဟာစည် သာသနာ့ရိပ်သာသို့ ကြွရောက်လျက် မဟာ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်တော်မူသည်။ ထိုစဉ် အခါ ရန်ကုန် သာသနာ့ရိပ်သာ၌ တရားအားထုတ်နေသော ဆရာတော် ဦးစန္ဒာဝရ (မော်ကျွန်း)ကို ပင့်ဆောင်ခဲ့ပြီး ဖောင်းပြင် ဤရိပ်သာကျောင်း၌ အတူတကွ သီတင်းသုံးလျက် ၂-ပါး စလုံး သာသနာပြုနေကြသည်။ ဆရာတော် နှစ်ပါးအပြင် ခန်းနေ ဦးကဝိပီယနှင့် ရှင်ဥတ္တမတို့လည်း ရှိကြ၏။ ရှင်ဥတ္တမမှာ ရဟန်းဘောင်တက်အံ့ဆဲဆဲဖြစ်၏။ စာရေးသူတို့ တရားဟောအဖွဲ့ လာသည်အထိ စောင့်ဆိုင်းနေခြင်းသာ ဖြစ်သည်။

ရိပ်သာ၌ ဆရာကြီး ဒေါ်ဉာဏဝတီနှင့် တပည့် သီလရှင် ၁၂-ပါး ခန့်လည်းရှိနေရာ အနွယ်အဆက် ယောဂီ ဟောင်း သစ် များလည်း အဆက်မပြတ်ရှိကြောင်းသိရ၏။ ရိပ်သာတိုးတက်ရေး အတွက် ဖောင်း

ပြင်နှင့် သရောင်းမှ ဒကာကြီးငယ်တို့က ဂေါပကအဖွဲ့ ဖွဲ့ကာ စောင့်ရှောက်လျက်ရှိသည်။

မူလမင်းကွန်း ဇေတဝန်ဆရာတော်ဘုရားကြီး၏ တပည့်ကြီး ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ကျမ်းပြုဆရာကြီး ဦးမြတ်ကျော်လှိုင်း ဤအရပ်ဒေသသို့ ရောက်ခဲ့ဘူးကြောင်းကိုရင်း။ လွန်ခဲ့သည့် ၃-နှစ်ခန့်က သထုံမြို့ မူလမင်းကွန်း ဇေတဝန်တိုက်မှ ဆရာတော် ဦးတိက္ခနှင့် အဖော် တပါးတို့လည်း ကြွရောက် တရားဟောဘူးကြောင်းကိုရင်း သိရသည်။ ယခု စာရေးသူတို့ တရားဟော အဖွဲ့လည်း ဆရာကြီး ဒေါ်ဉာဏဝတီ၏ ပင့်ဆောင်မှုဖြင့် တရားဟော ရောက်ရှိနေကြရပြန်ပေပြီတကား။

## ဖောင်းပြင် ပထမည တရားပွဲ

ည ၇-နာရီအချိန်ဝယ် ဖောင်းပြင်မြို့၌ ရာသီဥတုနှင့် ဒေသ အလိုက် အအေးပိုရသည့်အထဲ မိုးသေး မိုးမွှား ကလေးများ ကလည်း ကျနေလိုက်သေးသည်။ သို့နှင့်လည်း တရားနာ ပရိသတ်မှာ မနည်းလှ။ မူလမင်းကွန်း ကမ္မဋ္ဌာန်းရိပ်သာ ဂေါပကအဖွဲ့က ဦးစီးကျင်းပသော မြို့လယ် တရားမဏ္ဍပ်၌ တရားပွဲ၌ တရားနာပရိသတ် ၂၀၀ ကျော်ခန့် ရောက်ရှိနေကြပေပြီ။ ဤမြို့လယ်တရားမဏ္ဍပ်ကြီးကို ဖောင်းပြင်မြို့ စပယ်လမ်း၊ ဦးလှမြ-ဒေါ်သန်းသန်းတို့က ဆောက်လုပ်လှူဒါန်းထားကြခြင်းဖြစ်သည်။

ပရိသတ်စုံသော် ဦးခင်မောင် မိတ်ဆက်စကား ပြောကြားပြီးနောက် ဖောင်းပြင်ရိပ်သာ ဓမ္မကထိက ဦးစန္ဒာဝရ ဆရာတော်က တရား အားထုတ်ရေး အားပေး တိုက်တွန်း တရားကို ဟောကြားတော်မူသည်။ ထို့နောက် စာရေးသူက "ညဥ့်ရှိတော် သတိပဋ္ဌာန် ကြွေးကြော်သံ တရားတော်"ကို ဟောကြားလိုက်ရသည်။

## ညဥ့်ရှိတော် သတိပဋ္ဌာန် ကြွေးကြော်သံ
## တရားတော် ဆောင်ပုဒ်များ

| | |
|---|---|
| ၁။ မဟာများမြတ်၊ | ပြုအပ်ပူဇော်၊ |
| သတိအမှတ်၊ | ဉာဏ်မြတ်ဓမ္မ၊ |
| ပဋ္ဌာန်ဆက်၊ | လေးထက်တည်နေ၊ |
| သုတ္တကြီး၊ | ပန်းမျိုးကုံးပန်လေ။ |

၂။ ကုရုမြတ်တိုင်း၊ ယမိုင်းတွင်လေ၊
ကမ္ဘာသဟု၊ မည်ပြုနိဂမေ၊
နေစဉ်ဗုဒ္ဓ၊ မိန့်ဟာခမွေ။
ဤသုတ်ကြီး၊ အပြီးကျော်ကြားပေ။

၃။ သတိပဋ္ဌာန်၊ လေးဝဓမ္မာ၊
သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ၊
တပည့်သာဝက၊ ကျင့်ကြဖြာဖြာ၊
နိဗ္ဗာန်နန်း၊ စံမြန်းသွေမကွာ။

၄။ ကျင့်ပြီးကျင့်ဆဲ၊ နောင်လဲဤဟန်၊
စံပြီးစံဆဲ၊ နောင်လဲနိဗ္ဗာန်၊
ခရီးမလွဲ၊ တကြောင်းထဲမှန်၊
ဤတရား၊ ကျင့်ပွါးလျှင်လျှင်မြန်။

၅။ စိတ်အညစ်ကြေး၊ ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ရန်၊
သုံးလူထွဋ်ထား၊ ဘုရားမိန့်မှန်၊
လမ်းတကြောင်း၊ ကျင့်ကောင်းသတိပဋ္ဌာန်။

၆။ ကိုယ်စိတ်ဆင်းရဲ၊ ချုပ်စဲစေရန်၊
မဂ်ဝင်ဖိုလ်ရောက်၊ မျက်မှောက်ပြုရန်၊
သုံးလူထွဋ်ထား၊ ဘုရားမိန့်မှန်၊
လမ်းတကြောင်း၊ ကျင့်ကောင်းသတိပဋ္ဌာန်။

၇။ အဘိဇ္ဈာဒေါမန၊ ပယ်ချမှုန်စွာ၊
လုံ့လဇွဲရှိ၊ သတိမကွာ၊
ကာ-ဝေ-စိတ္တ၊ ဓမ္မလေးဖြာ၊
ဖန်ဖန်ရှု၊ ဘိက္ခုလမ်းစဉ်ပါ။

၈။ ကျား-မ, မလပ်၊ ရှုမှတ်သူဟာ၊
ခုနစ်ရက်မှ၊ အစပြုကာ၊
ခုနစ်နှစ်တွင်း၊ ထင်လင်းမှန်စွာ၊
နိဗ္ဗာန်နန်း၊ စံမြန်းနိုင်သည်သာ။

## ဆေးဘက်ဝင်သော ဝံအူပင်

တန်ဆောင်မုန်းလဆန်း ၁၄-ရက်နေ့၌ ဆွမ်းဘုဉ်းပေးခါနီးဝယ် သရောင်းမှ ဆရာတော် ဦးသံဝရတို့အဖွဲ့ ရောက်လာကြ၏။ နေ့ဆွမ်းချိန်၌ တနေ့တွက် နေ့ဆွမ်းကို စုရုံးဘုဉ်းပေးလိုက်ကြသည်။ ရရှိလာသော ခန္ဓာကိုယ်ကို တနေ့ဘကြိမ် ဖြစ်စေ၊ နှစ်ကြိမ်ဖြစ်စေ၊ ဝတ်ထားပြီး ကျွေးမွေးပေးရသည်။ ဤဝတ်မှာ မသေမချင်း အသက်ရှင်သရွေ့ စားနိုင်နေသမျှ ကာလပတ်လုံး နေ့ရှိသရွေ့ အမြဲပြုနေရသဖြင့် အင်မတန်ကြီးကျယ်သော ဝတ်ကြီးတခုပါတည်း။

နေ့ဆွမ်းကိစ္စပြီးလျှင် ကျောင်းရှိ ဦးပဥ္စင်း၊ ဦးကဝိပီယ၊ ကိုရင်ဥတ္တမတို့နှင့်အတူ ဖောင်းပြင် ရိပ်သာအနီး သုသာန်အထက် တောင်ကုန်းကလေးပေါ်သို့ တက်ခဲ့ကြသည်။ ဝံအူမြစ်တူးရန် ဖြစ်၏။ တောင်ကုန်းကလေးပေါ်သို့ ရောက်လျှင် ခြုံအတွင်းပေါက်ရောက်နေသော အပင်များကို "ဟောဒီ အပင်တွေဟာ ဝံအူပင်တွေပါပဲ ဘုရား"ဟု ကိုရင်ဥတ္တမက လက်ညှိုးထိုး ပြ၏။ ခြုံများကို ရှင်းလင်းပြီး အသင့်ပါလာသော တူးရွင်းဖြင့် ကိုရင်ဥတ္တမက တူးတော့သည်။

ဝံအူပင်မှာ အပင် ငယ်ငယ်ကလေးမျိုး မဟုတ်ပေ။ ပေါင်လုံးလောက်တုတ်သော အပင်ကြီးများလည်းရှိသည်။ "ပုံပြဆေးအဘိဓာန်" ၌ နွယ်မျိုးဖြစ်ကြောင်း ဆိုထား၏။ ယခုတွေ့ရသော ဝံအူပင်နှင့် မတူတတ်ပဲ ဖြစ်နေသည်။ အခက်မှအရွက် ထွက်ပုံကိုလည်း ထိုအဘိဓာန်က တခက်လျှင် ၃-ရွက်ထွက်သည် ဆို၏။ ယခုမူ တခက်လျှင် ၈နှစ်ရွက် ထွက်သည်ကို တွေ့နေရသည်။ အခက်မှထွက်သော အရွက်များမှာ တရွက်တရွက်လျှင် စွယ်တော်လို မျက်နှာချင်းဆိုင်နေသည်။

"ဝံအူပင်ကို ရှမ်းလို "ယာဆေးဖိုး"လို့ ခေါ်ပါတယ်။ "ယာ" ဆိုတာက "ဆေး"၊ ဆေးဆိုတာက "ခုနစ်"၊ "ဖိုး" ဆိုတာက "အရွက်"၊ ပေါင်းလိုက်တော့ "ယာဆေးဖိုး = ဆေးခုနစ်ရွက်ပင်"လို့ ဆိုလိုပါတယ်။ ဒီဆေးမြစ်ကို သွေးလိမ်းယင် အဆစ်လွဲ၊ အကြောမြက်၊ အကိုက်အခဲရောဂါများ ပျောက်ပါတယ်။ အမှုန့်ထောင်းစားယင် ဆီးကောင်းတယ်၊ အညောင်းအညာပြေတယ်"

ဝံအူပင်၏ အကျိုးအာနိသင်ကိုပါ ဦးကဝိပိဿက ပြောပြ၏။ပုံပြဆေး အဘိဓာန်၌ ဝံအူ၏ အကျိုးအာနိသင်ကို အောက်ပါအတိုင်း တွေ့ရသည်။

## ဝံအူ၏ ဂုဏ်နှင့်အာနိသင်

"အရိုးများဆက်သောအခါ ၎င်းဥမြစ်အစိုကို ကြိတ်၍အုံပြီးလျှင် ကျပ်စည်းပေးသော် အရိုးကို ဆက်စေပါသည်။ အဆစ်ယောင်ခြင်း၊ ကိုက်ခဲခြင်း၊ ဖောယောင်ခြင်းနှင့် မကျက်နိုင်သော အနာအိုများကို ၎င်းဥမြစ်ကို ထောင်းထု၍ အရက်နှင့်စိမ်ပြီး လိမ်းကျံပေးပါက ပျောက်ကင်း၏။ အနာများ ငန်းမန်းလိုက်၍ ယောင်ရမ်းမူ ဆန်ဆေးရေနှင့် သွေးလူးပေးရ၏။ ၎င်းဥမြစ်ကို အကြောတင်၊ အကြောထုံး၊ အကြောယောင်၊ အကြောကမ်၊ အဆစ်ယောင်၊ သွေးလေမလျှောက်သော အကြောများကိုလည်း ဆန်ဆေးရေနှင့် သွေး၍လူးပေးမူ ပျောက်၏။ ကျွဲ နွားတို့၏ အနာတွင် ပိုးများကျရောက်နေပါက ၎င်းဥမြစ်ကိုသွေး၍ ရေနံချေးဖြင့် ဖျော်၍ လူးပေးရ၏။

ဤကား ပုံပြဆေးအဘိဓာန် အဆိုတည်း။ ဆေးအသုံးဝင်လှသော ဤဝံအူမြစ်ကို ကိုရင်ဥတ္တမက အမြစ်ပေါ်လာအောင် တူး၍ ဓားဖြင့်ဖြတ်၏။ ဓားဖြင့် ဖြတ်လိုက်သောအခါ ဖြူယော်ယော် အရောင်ထွက်သော အမြစ်၊ ဝါကျင်ကျင် အရောင်ထွက်သော အမြစ်အားဖြင့် အရောင် နှစ်မျိုးထွက်သော အမြစ်များကို တွေ့ရသည်။ "ဝါကျင်ကျင် အရောင် ထွက်သော အမြစ်များက ဆေးပိုမိုထက်မြက်ကြောင်း" ဦးကဝိပိဿက ပြော၏။ ထို့ကြောင့် အဖြူရောင်ထွက်သော အမြစ်များကို မတူးမဖြတ်ပဲ ဝါကျင်ကျင် အမြစ်များကိုသာ တူးဖြတ်ကြ၏။ လိုသလောက်ရလျှင် ကိုရင်ဥတ္တမက ထမ်းပိုးကာ ကျောင်းသို့ပြန်သွားနှင့်လေသည်။

## ရှမ်းသီချင်းနှင့် ရှမ်းစကားဗဟုသုတ

သေးသေးတလေးပင်ဖြစ်ဖြစ် ရွာလိုက်ရမှ ကျေနပ်သော တောင် တန်းဒေသမိုးသည် ယနေ့တော့ လုံးလုံးမရွာလာပါ။ကောင်းကင်တခုလုံး ကြည်လင်သန့်ရှင်းနေ၏။ ရောက်ရှိနေသော တောင်ကုန်းကလေးပေါ်မှ နေ၍ ဖောင်းပြင်ဘက်ကို လှမ်းကြည့်မိသည်။ ဖောင်းပြင်တမြို့လုံးကို

အပေါ်စီးမှ မြင်နေရသဖြင့် ထင်းထင်းရှင်းရှင်း မြင်ကွင်းကောင်းလှသည်။

''ဦးကာဝိရေ—ဖြည်းဖြည်းပေါ့၊ သည်သစ်ပင်ကြီးအောက် တအောင့်တနား ထိုင်ကြဦးစို့လား''

''ထိုင်ရုံပါပဲဘုရား၊ ဆရာတော်က ကိုရင်ဥတ္တမ ဝံအူမြစ် တူးတာကို ထိုင်ကြည့်နေရလို့ မောသွားပြီထင်တယ်''

''လူတွေကြားထဲမှ ထွက်ပြီး တောထဲတောင်ထဲမှာ တအောင့်တနားအနားယူရတာ အင်မတန် အရသာရှိတာကလား ဦးကာဝိရာ''

''ဒါဖြင့်လဲ အရသာရှိတဲ့ တောထဲတောင်ထဲမှာ နေရုံပါပဲ၊ဆရာတော်နေဖို့ရာကတော့ ဒီလောက်တောင် မရှားပါဘူး ဘုရား''

''ဘယ် ဒီလိုချည်းလဲ ဟုတ်ပမလဲ ဦးကာဝိရ၊ တအောင့်တနားပါဆို၊ သံယောဇဉ်တွေ တန်းလန်းက ရှိနေသေးတာပဲဥစ္စာ''

''ဘုန်းကြီးဖြစ်နေမှ သံယောဇဉ်တွေက ရှိသေးသတဲ့လား ဆရာတော် ဟဲဟဲ''

''ဘယ့်နှယ်ပြောပါလိမ့်ဦးကာဝိရာ၊ လူ့သံယောဇဉ်ဆိုတာက တအိမ်တဆွေမျိုးလောက်သာ ကြည့်ကြရှုကြတာပဲ။ ဘုန်းကြီးဆိုတာက မြင်မြင်သမျှ အကုန်လုံး သံယောဇဉ်ကြီးပဲ မဟုတ်လား''

''မြင်မြင်သမျှ ဆိုတော့ မများလွန်းဘူးလား ဘုရား၊ ဒါကြောင့်မို့လဲ ပေတပင်လုံး ဘုန်းကြီးယပ်တောင် ဝါးတရုံလုံး ဘုန်းကြီးတောင်ဝှေးလို့ အဆိုရှိတာ ထင်ပါရဲ့''

''များချင်များ မများချင်နေ၊ ဒီအတိုင်းပဲ ဦးကာဝိရေ၊ ဒါကြောင့်လဲ ဘုန်းတော်ကြီးလို့ သက်တော်ရှေ့ ဒိုတတွေ ရေချမ်းအိုးကြီးလို့ တပည့်တွေက သံချပ်ထိုးကြတယ် မဟုတ်လား။ ကိုယ်ရော သူတို့ပါ နိဗ္ဗာန်ကို မရသေးခင် ကိုယ်က သူတို့ရဲ့ 'တရား' ရေချမ်းအိုးကြီးပဲ။ သူတို့ချည်းထဲ ထားပစ်ခဲ့လို့ တော်ပါ့မလား။ ဘုရား အလောင်းတော် သုမေဓာ ရှင်ရသေ့ဘဝတုန်းက နိဗ္ဗာန်ကို ယူမယ်ဆိုယင် ရနိုင်ရက်နဲ့ ဝေနေယျသတ္တဝါတွေကို နိဗ္ဗာန်ခေါ်ချင်သေးတော့ သတ္တဝါတွေကို သံယောဇဉ်ကြီးတာမို့ (ဤနေရာ၌ အလောင်းတော်၏ မဟာကရုဏာ

ကို သံယောဇဉ်ဟု တင်စားပြောသည်) လေးသချိုနှင့် ကမ္ဘာတသိန်း တိုင်တိုင် ပါရမီဖြည့်ပြီး သံသရာထဲမှာ ကြာခဲ့ရသေးတယ် မဟုတ်လား။ ကိုယ့်သံယောဇဉ်ကလဲ အဲဒီ သံယောဇဉ်မျိုးထဲက နဲနဲပါးပါး သံယောဇဉ်မျိုးကလေးပါ။ ကိုင်းပါ စကားတွေ ရှေ့မနေပါနဲ့၊ ယခုလို တောထဲ တောင်ထဲ ရောက်တဲ့အခါ ရှမ်း ဗဟုသုတကလေး ဘာကလေးများ ပြောစမ်းပါ၊ နားထောင်ရအောင်"

"ရှမ်းသီချင်း တိုတိုကလေးတပုဒ်တော့ ရှိတယ်လေ၊ ဆရာတော် နားထောင်ချင်ယင်"

"တိုချင်တို ရှည်ချင်ရှည်ပေါ့ ဦးကဝိပီယရာ လုပ်စမ်းပါ။ ရဟန်း ဆိုတော့ သီချင်းဆိုသလို အသံမျိုးနဲ့တော့ မဆိုနဲ့။ ဗဟုသုတအဖြစ် ရိုးရိုးလေသံနဲ့ ဆိုပြနော်"

"ခရမ်းသီးမှာ မခေ၊ ကျွဲမှာဆေ၊
သက်ကယ်မှာခါး၊ လယ်မှာနား၊
ပုစွန်မှာလပူး၊ တွင်းမှာဟူး"

"ဒါက ဇာတ်ထဲက လူရွှင်တော်ဆိုတဲ့ မြန်မာရှမ်း စကားပြန် သီချင်းပါပဲဘုရား"

"နေရာကျလိုက်တာ၊ တပုဒ်တော့ နားထောင်ရပြီ၊ ကဲ-ချန်မထား နဲ့၊ နောက်တပုဒ်လောက် လုပ်ပါအုံး"

"အပေါ် မဟော်၊ တကား တကား၊
အမယ့် မဟော်၊ တကား တကား၊
ဖော်ပိမား ကား"

"ဒါက ရှမ်းပြဇာတ် ကပြတဲ့အခါ ရှမ်းမလေးတယောက်ဟာ ရှမ်း လူငယ်တယောက်နဲ့ ချစ်ကြိုက်နေကြတယ်။ ဒါပေမယ့် ရှမ်းအမျိုးသမီး မိဘများက သဘောမတူကြဘူး။ ဒီတော့ အမေအဖေက သဘောတူတူ မတူတူ ချစ်သူနောက်ကို လိုက်မယ်လို့ ဆိုတဲ့ သီချင်းဖြစ်တယ်ဘုရား"

"အောင်မယ်၊ သနားစရာ လွမ်းစရာ သီချင်းပါကလား၊ တိုက်ရိုက် ဘာသာပြန်ပြဦးမှပေါ့"

"အဖေ မပေးလဲ့ လိုက်မယ် လိုက်မယ်၊
အမေ မပေးလဲ လိုက်မယ် လိုက်မယ်၊
ဘယ်သူမှ မတားနဲ့ဟယ်–"တဲ့

"ရှမ်းသီချင်းတော့ နှစ်ပုဒ်တောင် နားထောင်ရပြီ၊ ဒါပေမယ့် ရှမ်းဗမာတွေနေတဲ့ နေရာရောက်မှတော့ ရှမ်းသီချင်းလောက်နဲ့တော့ မပြီးသေးဘူး။ ရှမ်းစကားကိုလဲ ရတန်သလောက် ရအုံးမှ ဖြစ်မယ်"

"ဒီအရပ် ရှမ်းများနဲ့ ရှမ်းပြည်ကြီးက ရှမ်းများ စကားချင်း အများအားဖြင့် တူကြပေမဲ့ အသံ အလေးအပေါ့ချင်းကတော့ ကွာခြားကြပါတယ်။ ပီးတော့ လုံးဝကွဲလွဲနေတာများလဲ ရှိပါတယ်"

"ဒီလောက်တော့ ရှိမှာပေါ့ ဦးကဝိရ၊ မြန်မာပြည် မြေပြန့်မှာတောင် အညာဒေသနှင့် အောက်ဒေသ ကွဲလွဲတာတွေ ရှိသေးတာပဲ"

တိုက်တွန်းတောင်းပန်သည့် အတိုင်း ဦးကဝိပီယက ဤသို့ ပြောပြလေသည်။

မြန်မာ။ ရှမ်း။ မြန်မာ။ ရှမ်း။ မြန်မာ။ ရှမ်း။
ရေ ။ နန့်။ လက်ဖက်။ နိမ့်။ လက်ဖက်ရည်။ နန့်နိမ့်
မီး ။ ဖိုင်း။ ငရုပ်သီး။ မဖြစ်။ ထမင်း။ ခေါက်
ဟင်း ။ ဖောက်။ ဒီလာခဲ့။ တီထယ်မား။
ပြန်တော့။ ပေါကား။ ယူခဲ့။ အောက်မား။
ပေးပါ။ ဟောက်မား။

## တောင်ထိပ်ပေါ်က မြင်ရသော ဖောင်းပြင်မြို့

ဦးကဝိပီယမှာ အထက်တန်းထိ ခေတ်ပညာကို သင်ယူခဲ့ပြီးမှ ရဟန်းဘောင်သို့ တက်ရောက်လာခဲ့ခြင်းဖြစ်သည်။ လူ့ဘောင်မှ တမင်ခွါရှောင်လာခဲ့သူ ငယ်ပြုဖြစ်၍လည်း ငယ်လှသေးသည်။ အထက်တန်းပညာအထိ သင်ယူလာခဲ့ဘူး၍လည်း ဗဟုသုတရှိသည်။ မေး၍ မြန်း၍လည်း အင်မတန် ကောင်းသည်။ အမေး အမြန်း ထူသော စာရေးသူနှင့် ပလန်ပသင့် အဆင်ပြေနေသည်။

ဦးကဝိပီယက တောင်ကမူကလေးထိပ် ရောက်အောင် ခေါ်ပြီး ဖောင်းပြင် ရှုမျှော်ခင်းကို ပြသည်။ လေလည်း မတိုက်၊ မိုးလည်း မရွာ၊ ညချိန်ခါ၌ ဖောင်းပြင်မြို့ပေါ်ဝယ် နေရောင်ခြည်က ဖြာလျက် ရှိသည်။ အပေါ်စီးကနေ ကြည့်ရသောကြောင့် ဖောင်းပြင်တမြို့လုံးရှိ အဆောက်အဦများကိုရင်း၊ မြို့ပတ်ဝန်းကျင်ရှိ လယ်ယာချောင်းမြောင်း များကိုရင်း၊ မြို့အောက်မှ ကွေ့ကောက်စီးဆင်းနေသော ချင်းတွင်းမြစ်ကိုရင်း ကွက်ကွက်ကွင်းကွင်း မြင်နေရသည်။ လေယာဉ်ပေါ်က ရိုက်ကူးယူထားသော ဓာတ်ပုံကားချပ်ကြီးကို မြင်ရသလို အပေါ်စီးမှ မြင်နေရသောကြောင့် လှပသော ရှုခင်းကြီးတခုလုံး မျက်စိအောက်မှာ ရောက်နေလေသည်။ ယနေ့မှပင် 'နေရောင်ကလည်း သာပါပေ့။ ဖောင်းပြင် ရှုကွင်းကလည်း ရှုချင်စဖွယ် တင့်တယ်ပါပေ့။

## ဖောင်းတော်ပြင်မှ ဖောင်းပြင်

"ဦး ကဝိပီယရေ၊ ရှမ်းသီချင်းလေး ရှမ်း စကားလုံးလေး လောက်နဲ့လဲ မပြီးသေးဘူး။ လိုရင်းဖြစ်တဲ့ ဖောင်းပြင် သမိုင်းကလေး ကိုလဲ ဆက်အုံးမှဖြစ်မှာ၊ ဦးကဝိ သိသလောက်ပေါ့"

စိတ်ထဲ စလုံးစခု ကျန်နေသေးသော သီချင်စရာ ဖောင်းပြင် အကြောင်းကိုလည်း အားမနာနိုင်ပဲ မေးရပြန်ပါသည်။ အားမနာတမ်း မေးမြန်းပြန်တော့လည်း ပြောသူက အားရပါးရ ပြောပြ လေ သည်။

"တပည့်တော်တို့ ဒီအထက် မြစ်ရိုး တလျှောက်မှာရှိတဲ့ မြို့တို့ရွာတို့ စေတီတော်တို့ကို ပြောရမယ်ဆိုယင် သီရိဓမ္မာသောကမင်းကြီးနဲ့ မဏိ စည်သူမင်းကြီးများမပါယင် မပြီးပါဘူး။ ဘာကြောင့်လဲ ဆိုတော့ ဒီမင်း ဒီရာဇဝင်၊ ဒီ သမိုင်းတွေနဲ့ ဆက်စပ် နေလို့ပါပဲ။ ကြားဘူး သိဘူး သလောက် ပြောရမယ်ဆိုယင်—

မဏိစည်သူမင်းကြီးဟာ နေရာ အနှံ့အပြား ဖောင်စကြာနဲ့ လှည့် လည်ခဲ့ပါတယ်။ နေရာ အနှံ့အပြား ဆိုတဲ့ အထဲမှာ ဒီဖောင်းပြင်လဲ ပါပါတယ်။ မဏိစည်သူမင်းကြီး ဒီဖောင်းပြင်ရောက်တဲ့အခါ မင်းကြီးရဲ့ ဖောင်စကြာဟာ တထောက် တန့်နားပါသတဲ့။ တန့်နားပြီး ဖောင်

စကြာ ဦးဆိုက်ရာဖြစ်တဲ့ တောင်ထိပ်မှာ စေတီတဆူ တည်ထားခဲ့ပါတယ်။ ဘွဲ့တော်ကို ရာဇမုနိလို့ သတ်မှတ်တော်မူခဲ့ပါတယ်။ စေတီတော်တည်ရာ တောင်ကလေးအနီးမှာလဲ အိမ်ကလေး ၂-လုံး ဆောက်လုပ်ထားထာကို မြင်တော်မူတဲ့ မင်းကြီးက ဒီ အိမ်ကလေး ၂ လုံး ရှိရာကို ရွာအမည်ပေးဖို့ အကြံ ဖြစ်တော်မူတယ်။

ဒါပေမယ့် ရွာအမည်ကိုကြံ စည်လို့ မရပဲ ဖြစ်နေတာနဲ့ အားမလိုအားမရဖြစ်ပြီး ဦးခေါင်းတော်ပေါ်ရှိ ဖောင်းတော်ကို လက်တော်နဲ့ ဆွဲတဲ့ကာ ပြင်မိသတဲ့။ ဒီတော့ မင်းကြီးစိတ်ထဲမှာ အမည်ရလာပြီး ဒီရွာကို "ဖောင်းတော်ပြင်ရွာ"လို့ အမည်ပေးတော်မူနိုင်ခဲ့တယ်။နောက်ကာလ ရွေ့လျားလာတဲ့အခါ "ဖောင်းပြင်ရွာ"လို့ လူတွေက ခေါ်လာကြလို့ ဖောင်းပြင်ရွာဖြစ်နေပါတယ်။ အခုတော့ ဖောင်းပြင်မြို့ပေါ့ဘုရား"

ဤသို့လျှင် ဦးကဝိပိယက ပါးစပ်ရာဇဝင်တဆင့်ကြား ဖောင်းပြင်သမိုင်းကို ပြောပြလေသည်။ ထို့နောက် စာရေးသူက "ယခု ဖောင်းပြင်မြို့ အကြောင်းကိုလဲ ပြောပြပါဦး"ဟု တိုက်တွန်းပြန်ရာ ဦးကဝိပိယက တဖက်ပါအတိုင်း ပြောပြလေသည်။

# ၂၁။ ကောက်ညှင်းကျည်တောက်နှင့် ခရမ်းသီးကြော်

## မျက်မှောက် ဖောင်းပြင်မြို့ တည်နေပုံ

"ဖောင်းပြင်မြို့ဟာ မြန်မာပြည်အထက်ပိုင်း မော်လိုက်ခရိုင် ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာ တည်ရှိနေပါတယ်။ မော်လိုက်မြို့မှ မြောက်ဘက် ၇၈-မိုင် ဝေးပြီး ဟုမ္မလင်းမြို့မှ တောင်ဘက် ၆၄ - မိုင် ဝေးတယ်။

မြို့တောင်ဖက်မှာ လယ်ယာများနှင့် တောစပ်ကလေး ရှိတယ်။ အနောက်ဘက်မှ ချင်းတွင်းမြစ်၊ မြောက်ဘက်မှာ ပေ ၄၀၀-ခန့်မြင့် တောင်ကမူကလေး၊ အရှေ့ဘက်မှာ ဦးကောက်တောင် ဆိုတာရှိပါတယ်။ ဦးကောက်တောင်ပေါ်မှာ စေတီတော် ၂-ဆူရှိပါတယ်။ ချင်းတွင်းမြစ်ဘက်မှာ တောင်ကမူကလေးတခုရှိသေးရာ အဲဒီ တောင်ကမူကလေးပေါ်မှာ မဏိစည်သူမင်းကြီး တည်ထားခဲ့တဲ့ "ရာဇမုနိ" စေတီတော်တည်ရှိပါတယ်။ ရာဇမုနိစေတီတော် တည်ရှိလို့လဲ အဲဒီတောင်ကမူကို "ရာဇမုနိတောင်" လို့ခေါ်ပါတယ်။

## မြို့တွင်းရှိ အဆောက်အဦများ

မြို့တွင်းမှာ မြို့ပိုင်ရုံး၊ ကြေးနန်းရုံး၊ နလကရုံး၊ ပါတီယူနစ်ရုံး၊ စာတိုက်၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ ပြည်သူ့ဆိုင်၊ အထက်တန်းကျောင်း၊ ပြည်သူ့စပါးစက်-၁၊ ပုဂ္ဂလိကစပါးစက်-၃၊ ဒါတွေရှိပါတယ်။ ဒီပြင် ဈေးစသည်တွေလဲ ရှိပါသေးတယ်။

သာသနာရေးနဲ့ ပတ်သက်လို့လဲ ဘုန်းတော်ကြီးကျောင်း ၄-ကျောင်း၊ ၁။ ဆုတောင်းပြည့်စေတီတော်၊ ၂။ ဦးကောက်တောင် စေတီတော်၊ ၃။ ရာဇမုနိစေတီတော်၊ ၄၊ ကျောက်ဖြူကုန်း စေတီတော်၊ ၅။ ကြံခင်းချောင် ဓာတ်ပေါင်းစု စေတီတော်များရှိပါတယ်။

ဖောင်းပြင်မြို့နယ်ဟာ ချင်းတွင်းမြစ်ကမ်း ၂-ဘက်စလုံးပေါ်တွင် ကသာခရိုင်နှင့် အနောက်ရိုးမတောင်ကြားမှာ တည်ရှိပါတယ်။ တမြို့နယ်လုံးရဲ့ အကျယ်အဝန်းဟာ ၂၈၁၇-စတုရန်းမိုင်ရှိပါတယ်။ ၁၉၅၃-ခုနှစ် သန်းခေါင်စာရင်းအရ တမြို့နယ်လုံးမှာ လူဦးရေ ၃၅၄၉၉-ယောက်ရှိပါတယ်။ ဖောင်းပြင်မြို့ပေါ်မှာတော့ ၁၃၀၇-ယောက်ရှိပါတယ်။

## ဖောင်းပြင်မြို့ လူမျိုးများနှင့် အလုပ်အကိုင်

ဖောင်းပြင်မြို့မှာ ရှမ်းမြန်မာနှင့် မြန်မာလူမျိုး အများအပြားနေထိုင်ကြပါတယ်။ တရုတ်-ကုလားလူမျိုးများလဲ အနည်းအပါး ရှိကြပါတယ်။ ချင်းတွင်းမြစ်ကမ်းမှာ တည်ရှိတယ်ဆိုပေမယ့် ဖောင်းပြင်မြို့မှာ ချင်းလူမျိုးများတော့ မရှိကြပါဘူး။ ဖောင်းပြင်မြို့နယ်မှာ ချင်းတွင်း မြစ်ကမ်းပါးရှိ ၂-မိုင်ခန့် ကျယ်တဲ့ မြေပြန့်လွင်ပြင်မှတပါး အတွင်းဘက်ဝယ် တောင်တန်းနိမ့်များနှင့် ကျွန်းသစ်တောကြီးများရှိပြီး သစ်လုပ်ငန်းကို အကြီးအကျယ်လုပ်ကြပါတယ်။

အခြားအလုပ်အကိုင်ကတော့ လယ်ယာလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းနှင့် အမှုထမ်းအရာထမ်းများအဖြစ်လုပ်ကိုင်စားသောက်ကြတယ်။ ကုန်ထွက်ပစ္စည်းများမှာတော့ ဆန်စပါး၊ ပဲမျိုးစုံ၊ သင်ဖျာ၊ တံမြက်စည်းကြမ်း၊ ကြိမ်၊ ဝါး၊ ကြိမ်ဝါးများဖြင့် ပြုလုပ်တဲ့ ပစ္စည်းများ ထွက်ရှိပါတယ်။

ဖောင်းပြင်မြို့ဟာ ချင်းတွင်းမြစ်ပေါ်မှာ တည်ရှိပေမယ့် ရေတိမ်တယ်။ ဒါကြောင့် ချင်းတွင်းသင်္ဘောများဟာ နွေအခါမှာ ကင်းတပ်အထိသာ ဆန်တက်နိုင်တယ်။ မိုးအခါကျမှ ဟုမ္မလင်းအထိ ဆန်တက်နိုင်တယ်။ တနှစ်လုံးသင်္ဘောကို အားထားနိုင်တဲ့မြို့မဟုတ်ဘူး။ ဒါပေမယ့် လှေဖောင်များနဲ့ ကူးလူးဆက်ဆံနိုင်ပါတယ်။ ရွှေရှောက်မှာတော့ ချင်းတွင်း မြစ်ကြောင်းမှာ သင်္ဘောများ ၁၂-ရာသီ ခုတ်မောင်းနိုင်အောင် အစိုးရက ကြံဆောင်နေတယ်လို့ ကြားရပါတယ်။ စီမံကိန်းနဲ့ အကောင်အထည် မြန်မြန်ပေါ်ပါစေလို့ ဆုတောင်းရပါတယ်။ ဖောင်းပြင်မြို့မှ ဟုမ္မလင်းအထိ ကုန်းလမ်းအဆက်အသွယ် ရှိတယ်။

## ကောက်ညှင်းကျည်တောက်နဲ့ ခရမ်းသီးကြော်

အထူးအားဖြင့် ဆောင်းရာသီရောက်လို့ ဖောင်းပြင်မြို့ ဈေးထဲ လျှောက်ကြည့်မယ်ဆိုယင် မန္တလေးလူထုက ခဲတန်ချောင်း ခေါ်တဲ့ ကောက်ညှင်း ကျည်တောက် (ပေါင်းသင်းချောင်း) အရောင်းဈေး သည်တွေကို အများအပြားတွေ့နိုင်ပါတယ်။ ဈေးထဲသွားယင် သူတို့ကို မတိုက်ခိုက်မိအောင် မနဲ သတိထားသွားကြရတယ်။

ရှေ့ကသွားနေတဲ့ အသယ်ကလဲ သူ့ခေါင်းပေါ်မှာ ကောက်ညှင်း ကျည်တောက်နဲ့၊ နောက်က လိုက်လာတဲ့အသယ်ကလဲ သူ့ခေါင်းပေါ် မှာ ကောက်ညှင်းကျည်တောက်နဲ့ ဝဲယာမှာ ထိုင်ရောင်းနေကြတဲ့ သူတွေ ကလဲ ကောက်ညှင်းကျည်တောက်တွေဆိုတော့ ရှေ့က ကောက်ညှင်း ကျည်တောက်က လမ်းသွားတဲ့သူ့ရဲ့ မျက်စိနဲ့ အံကိုက်၊ နောက်က ကောက်ညှင်းကျည်တောက်က ဦးခေါင်း၊ နောက်စိနဲ့ ဝဲယာရှိ ကောက် ညှင်းကျည်တောက်တွေက နံဘေးနဲ့ အံကိုက် ဖြစ်နေကြပါတယ်။ဒီတော့ ဈေးသွား ဈေးလာချင်း ရှောင်ရ တိမ်းရတာက တမျိုး၊ ကောက်ညှင်း ကျည်တောက်တွေကို ရှောင်ရ တိမ်းရတာကတမျိုး၊ အင်မတန်ကို သတိ ထားသွားကြရတယ်။ အမှတ်တမဲ့ပဲဖြစ်ဖြစ်၊ မရှောင်တတ် မတိမ်းတတ် လို့ပဲဖြစ်ဖြစ်၊ နမော် နမဲ့ သွားမယ်ဆိုယင် ရှေ့ကမျက်စိကိုလဲ ခိုက်မိနိုင် တယ်။ နောက်ဖက်က နောက်စေ့ကိုလဲ ခိုက်မိနိုင်တယ်။ ဝဲယာကနံဘေး ကိုလဲ ခိုက်မိနိုင်တယ်။ ဒါလောက်တောင် ကောက်ညှင်းကျည်တောက် သယ်တွေက ပေါများပါတယ်။

"ကောက်ညှင်းကျည်တောက်သာမကသေး၊ တလုံး-တလုံး၅ဝိ-ကျပ် သား၊ ၆ဝိ-ကျပ်သား ခန့်ရှိ ခရမ်းသီးကြီးတွေကလဲ အင်မတန် ပေါ ပါတယ်။ ကောက်ညှင်းကျည်တောက်နဲ့ ခရမ်းသီးကြီးက အင်မတန် လိုက်ဖက်ပါတယ်။ ခရမ်းသီးကြီးကို မီးဖုတ်၊ အခွံသင်၊ အသားကို ဆီနဲ့ကြော်ပြီးတော့ ကောက်ညှင်းကျည်တောက်နဲ့ ဖက်စား။ သိပ် ကောင်းတာပဲ ဘုရား"

ဦးဇင်း ဦးကဝိပီယက ဖောင်းပြင်မြို့ သမိုင်းကို ဤသို့လျှောက်ပြောပြ၏။ သူပြောပုံထောက်ကြည့်ရတော့ သူဟာ ကောက်ညှင်းကျည်တောက်နှင့်

ခရမ်းသီးကြော်ကို အတော် ကြိုက်ဟန်တူပါသည်။ ကောက်ညှင်းကျည် တောက်နှင့် ခရမ်းသီး သမိုင်းရောက်ခါမှ အားရပါးရ ပြောလေသည်။ နားထောင်ရသူပင် စားချင်လာတော့သည်။

## သိကြားမိုးကို တရားမိုးက အနိုင်ရ

အချိန်သည် တန်ဆောင်မုန်းလဆန်း ၁၄-ရက် အချိန်သို့ ရောက်ခဲ့ ပြန်လေ။ မိုးကောင်းကင်၏ မျက်နှာ တပြင်လုံး သုံ့မှုန်နေ၏။ "ရာနှုန်း ပြည့် ရွာချလိုက်မည်" ဟု ကြေငြာနေသယောင်ယောင် ရှိနေသည်။ တချက် တချက် ဝှေ့တိုက်လိုက်သော မိုးနှောင်း ဆောင်းကြိုလေအေး ကသည်း ဖောင်းပြင်တမြို့လုံးကို လွှမ်းဖုံးတိုက်ခတ်လျက် ရှိနေသည်။ သို့နှင့်လည်း ဖောင်းပြင်မြို့လယ် တရားမဏ္ဍပ် အတွင်း၌ တရားနာ ပရိသတ် ၅၀ ၀-ကျော်ခန့် ရောက်နေကြလေပြီ။ မရွာသေးသော်လည်း ရွာတော့မယောင်ယောင် ဖြစ်နေသော မိုးကို စိတ်မချကြသောကြောင့် ထီးများ- ခမောက်များကို အသင့် ဆောင်ယူလာကြ၏။

ည ၇-နာရီ အချိန်၌ ဒကာကြီး ဦးခင်မောင်က "ဒီနေ့ညတော့ မိုးက ရွာလိမ့်မယ် ထင်တယ်" ဟု ဆိုလေသည်။ ပြောယင်း ဆိုယင်းပင် ထင် သည့်အတိုင်း မိုးက ရွာလေတော့သည်။ သို့သော် တဆက်ထဲ တောက် လျှောက်တော့ မရွာ၊ တိတ်လိုက် ရွာလိုက် ပြတ်တောင်း ပြတ်တောင်း ရွာနေသည်။ ဇွဲကောင်းလှသော တရားနာပရိသတ်တို့ကား မိုးကိုအရေး မထားကြပါ။ ပြတ်တောင်း ပြတ်တောင်း ရွာနေသော မိုးထဲ၌ မပြန်ပဲ ပေကတ်နေကြသည်။

ည ၇-နာရီခွဲလျှင် ဒကာကြီး ဦးညီပုက ပလ္လင်ခံစကားပြောကြား ယင်း တရားပွဲ ဖွင့်လိုက်ပါတော့သည်။ ထို့နောက် စာရေးသူကလည်း မိုးကို မသိဟန်ဆောင် အရေးမစိုက်ပဲ သံယောဇဉ်တရားတော် ပထမပိုင်း ကို ဟောကြားလိုက်သည်။ ဆရာတော် ဦးသံဝရက သာသနာပြု တရား တော်ကို ဟောကြား၏။

တရားနာပရိသတ်ကား မိုးကို ထီးခမောက်များဖြင့် အကာအကွယ် ပြုကာ နာမြဲနာနေကြသည်။ တရားပလ္လင်ကို မိုးလုံအောင် လုပ်ပေး ထားကြသောကြောင့် ဓမ္မကထိကတို့အတွက် ထီး ခမောက် မလိုပဲ

မိုးလုံလေလုံ ဟောကြားနိုင်သည်။ သိကြားမိုးကလည်းရွာ၊ တရားမိုးကလည်း ရွာလျက်ရှိရာ ယနေ့ည ဖောင်းပြင်မြေ၌ မိုးနှစ်မိုး တပြိုင်တည်း ရွာနေကြလေပြီ။ တရားရေမိုး သောက်ချိုးနေကြသော တရားနာပရိသတ်တို့မှာ သိကြားမိုးရွာနေသည်ကို သိကြပါလေစ။ သူတို့သည် အမိုးမရှိသော တရားပလ္လင်ရှေ့ လမ်းမပေါ်၌ဖျာများခင်း၍၎င်း၊ တချို့ လမ်းဘေးရှိ အိမ်များပေါ်၌ နေ၍၎င်း သဲသဲမဲမဲ နာကြားနေကြပေသတည်း။

## တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့၏ နံနက်ပိုင်း

အချိန်မှာ ဆောင်းဦးရောက်စ တန်ဆောင်မုန်း လပြည့်ဥပုသ်နေ့၏ နံနက်ပိုင်းကာလ ခါသမယ ပေတည်း။ နှင်းနှင့် မိုးပုလဲ ရောတွဲလျက် တဖြောက်ဖြောက် ကျနေသောကြောင့် ကောင်းကင် တပြင်လုံး မှုန်မှိုင်းအုပ်ဆိုင်းနေသည်။ "ချမ်းတုန်း နတ်တော်" ဟု ဆိုသော်လည်း တောင်တန်း ဒေသ၌ ခြုံ၍မရ၊ ကွေး၍မရ ချမ်းအေး လှသည်မှာကား တန်ဆောင်းမုန်း ကာလ ခါသမယ ဟူ၍သာ မှတ်ချက် ချမိပေသည်။

ထိုအချိန်၌ ဖောင်းပြင်ရိပ်သာ ဆရာတော်များနှင့် အတူ တရားဟောအဖွဲ့ ဆရာတော်များမှာ တိုက်ငယ်ကလေးတခု အတွင်း၌ လက်ဖက်ရည်ဝိုင်းဝယ် အန္တေးထည်များကို ခြုံရုံကာ အအေးဒဏ်ကို တော်လှန်ရန်အတွက် လက်ဖက်ရည်ပူပူကို မှုတ်သောက်ယင်း ငရုတ်သီးစိမ်း စပ်ရှိန်းရှိန်းကို ချိုးကာဖွဲ့ကာ လက်ဖက်သုပ်နှင့် ရောဖက်ဘုဉ်းပေးနေကြသည်။ ဆရာတော် ဦးသံဝရကမူ လက်ဖက်ရည် ပူပူကို မှုတ်သောက်မနေတော့ပဲ အငွေ့ တထောင်းထောင်း ထနေသော ကောက်ညှင်းကျည်ထောက်ပူပူကိုသာ ဘယာကြော်နှင့် ရောထွေး၍ အားရပါးရ လွေးကာ လွေးကာ ဘုဉ်းပေးနေပေသည်။

"စားလို့ သောက်လို့ ကောင်းရဲ့လား ဘုရား...၊ ဆရာတော် ဦးသံဝရရဲ့"

'အင်း....ကောင်းတယ်၊ ဘာပြုလို့လဲ...."

"ဘာမှမပြုပါဘူး....၊ ဆရာတော် ဘုဉ်းပေးနေတာကို ကြည့်ရတာ စားလို့ သောက်လို့ ကောင်းပါလေရဲ့လားလို့ပါ"

"ဦးဣန္ဒက....ဒါကြောင့် ပိန်နေတာ....၊ ဝချင်ယင် တပည့်တော်လို စားသေးရတယ်။ လက်ဖက်ရည်ဆိုတာအရေတွေပဲ အာဟာရမဖြစ်ဘူးဗျ။ ကောက်ညှင်းနဲ့ ဘယာကြော် ကမှ ထိမိတာ။ မယုံယင် စားကြည့်ပါလား"

အားရပါးရ ဘုဉ်းပေးနေသော ဆရာတော် ဦးသံဝရကို ကြည့်၍ စာရေးသူက ခနဲ့တဲ့တဲ့ပြောလိုက်သည်။ သိလျက်နဲ့ ဆရာတော် ဦးသံဝရက မသိ ဟန်ဆောင်ကာ အတည်ပေါက် လိုလိုဖြင့် အကျိုးတွေရော အကြောင်းတွေပါ ဖြေကြားလိုက်သောကြောင့် ဆရာတော်များပါ ရောပြီး ရယ်မောကြသည်။ အပြင်ဘက်၌ကား မိုးပုလဲနှင့် နှင်းဖွဲ့တို့က တဖွဲဖွဲသာတည်း။

## ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ကထိန်ပွဲများကို သတိရ

ယနေ့ကား ကထိန်ခေတ် နောက်ဆုံးရက်နှင့် မသိုးသင်္ကန်း ကပ်လှူကြမည့် တန်ဆောင်မုန်း လပြည့် ဥပုသ်နေ့ ပေတကား။ စောစော အချိန်က ကထိန်ပွဲ မနွှဲခဲ့သေးပဲ အချိန် ဆွဲထားသော အသင်းအဖွဲ့ အမျိုးအပြားမှာ နောက်ဆုံးနေ့ ဖြစ်သောကြောင့် ယနေ့ ကာလ သမယ၌ အားရပါးရ ဆင်နွှဲလှူဒါန်းကြပေလိမ့်မည်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း တောင်ရိုးတို့၌ ကထိန်ပွဲတွေ ခြိမ့်ခြိမ့်သည်းမျ ဆင်နွှဲကျင်းပကြမည်ဖြစ်၍ အသံချဲ့စက်များမှ တရားသံ-သီချင်း သံများ ရောထွေးဆူညံနေပေလိမ့်မည်။ ရန်ကုန်မြို့ရှိ ရွှေတိဂုံ ကုန်းတော်ပေါ်၌ ကျင်းပနေကျ မသိုးသင်္ကန်းပြိုင်ပွဲများလည်း ဆင်နွှဲခဲ့ကြမည်သာ ဖြစ်သောကြောင့် ဆုရသူများ ဆုယူကြပေမည်။ ဘာသာရေးပွဲများသည် ယနေ့ အတက် ကြွဆုံးဟုဆိုလျှင် မှားလိမ့်မည် မဟုတ်ပေ။ ဘာသာရေးပွဲများ ဤသို့ တက်တက်ကြွကြွ ရှိနေကြသည့် တန်ဆောင်မုန်း လပြည့်နေ့၌ စာရေး သူတို့ တရားဟောအဖွဲ့မှာ အထက်ချင်းတွင်းမြစ် သာသနာရေးအတွက် ဖောင်းပြင်မြို့သို့ ရောက်ရှိနေကြပေသည်။

နံနက်စောစော လက်ဖက်ရည်ဝိုင်း ထိုင်ယင်း ရန်ကုန်-မန္တလေး စသော မြေပြန့်မြို့ကြီးတို့၌ ဤသို့သော ဘာသာရေးအတွက် တက်တက် ကြွကြွ လှုပ်ရှားနေကြမည်ကို သတိရမိသည်။ လက်ဖက်ရည်ဝိုင်း၌ကား

ဖောင်းပြင် ဒကာ, ဒကာမတို့ သဒ္ဓါကြည်ဖြူကပ်လှူလာကြသော ဘောဇဉ်ခဲဘွယ်တို့မှာ လိုသည်ထက် ပိုလျှံနေတော့သည်၊ သည်ထက်ပို၍ မစားနိုင်ကြသဖြင့် ကိုယ့်ပမာဏနှင့် ကိုယ် သင့်တော်အောင် ဘုဉ်းပေးစားသောက်ကြပြီးလျှင် လက်ဖက်ရည်ဝိုင်းကို သိမ်းလိုက်ကြသည်။

လက်ဖက်ရည်ပွဲကို သိမ်းလိုက်ကြသော်လည်း ဥပုသ်သည် တို့က တသုတ်ပြီးတသုတ် ရှေ့နောက်ရောက်လျက်ရှိရာ နောက်ရောက်လာသူတို့က သူတို့လှူဒါန်းသော ခဲဘွယ်ဘောဇဉ်များကိုလည်း ထပ်မံဘုဉ်းပေးပါရန် လျှောက်ထားတောင်းပန်နေကြသေးသည်။ ဆရာတော် ဦးသံဝရပါ လက်မြှောက်ထားပြီ ဖြစ်သောကြောင့် နောက်ထပ် သုံးဆောင်ရန် မည်သူမျှ မတတ်နိုင်ကြတော့ပါ။ "နံနက်အဖို့ တော်လောက်ပါပြီ။ နေ့လွယ်ဘုဉ်းပေးရန် ထားလိုက်ကြပါတော့"ဟု ဆရာတော် ဦးစန္ဒိမာနှင့် ဦးစန္ဒာဝရ တို့က တောင်းတောင်းပန်ပန် ဆိုင်းထားကြသည်။

## ၂၂။ မိုးနှင့်အတူ တရားနာများ

ဖောင်းပြင်မြို့ပေါ်ကသာမက တရားပွဲ အထူးရှိသည် ကြားကြသောကြောင့် အနီးအနား နယ်ပယ်များကပါ ဥပုသ်စောင့်ယင်း တရားနာယင်း ရောက်လာကြသည်။ ထို့ကြောင့် ဆရာတော် ဦးသံဝရမှာ ရှေ့နောက် ရောက်လာတိုင်းသော ဥပုသ်သည်တို့အား ခဏခဏ သီလပေးနေရသည်။ ဆရာတော် ဦးသံဝရက ညှော်ခံသီလပေးနေစဉ် စာရေးသူက တည်းခိုကျောင်းပေါ်သို့ သွားရောက်စာရေးနေ၏။ ဒကာကြီး ဦးညီပုနှင့် ဦးခင်မောင်တို့ကမူ ဖောင်းပြင်နှင့် သဒရင်းက ဓမ္မမာမက လူကြီးများနှင့် တရားဓမ္မ ဆွေးနွေးလျက် ရှိကြသည်။

မိုးမှာ မရပ်မစဲ တဖွဲဖွဲပင် ရွာနေသည်။ မိုးကြောင့် အေးရသည့်အထဲ တချက်ဘချက် လေကလေးက ပင့်ပေးလိုက်သေးသည်။ သို့နှင့်လည်း တရားနာပရိသတ်တို့က တရားနာရန်မလျှော့ကြ။ နာကြားရန် ဟန်ပြင်လျက်သာ ရှိနေကြသည်။ နာသူတွေက နာလို၍ နာကြမည်ဆိုလျှင် တရားဟောအဖွဲ့ကလည်း လျှော့မည်မဟုတ်။ ဟောကြမည်သာဖြစ်၍ ဟောကြားရန် အသင့်ပင်တည်း။

### ဖောင်းပြင်ရိပ်သာ ဥပုသ်နေ့တရားပွဲ

ဤမိုးဤလေ ဤအခြေအနေအရ ဆိုလျှင် ယနေ့ညအဖို့ မြို့တွင်း မကျှပ်၍ တရားပွဲကျင်းပ၍ မဖြစ်နိုင်။ ထို့ကြောင့် တရားပွဲဖြစ်မြောက်ရေးအဖွဲ့က ဤရိပ်သာအတွင်း၌ပင် နေ့ရောညပါ တရားပွဲကျင်းပရန် စီမံထားကြလေသည်။ ရိပ်သာရှိ ဆရာကြီး- ဆရာကလေး များလည်း မိုးလေထဲ၌ မမောတမ်း မပန်းတမ်း ချက်ရေးပြုတ်ရေး ညှော်ခံရေးတို့ဖြင့် အလုပ်များလျက်ရှိကြ၏။ မည်သူတွေ မည်သို့ အလုပ်များနေနေ အချိန်ကတော့ မည်သူ့ကိုမျှ စောင့်မနေပဲ ရွေ့မြဲရွေ့နေသည်။

မိုးကရွာ လေကတိုက် အလုပ်များနေသည့်ကြားမှ နေ့ဆွမ်းဘုဉ်းပေးချိန်သို့ ရောက်လာပြန်၏။ ဆွမ်းနှင့် ဆွမ်းဟင်းများ ပေါများလိုက်ပါဘိ။ စားပွဲကြီးနှစ်ချပ် သုံးချပ်ပေါ်၌ စုံစုံစေ့စေ့ပြင်။

## နိုင်ငံကျော် ဦးလှသိန်းနှင့် ဦးထွန်းရင်

မည်မျှပေါနေနေ သင့်တော်ရုံသာ ဘုဉ်းပေးနိုင်ကြသည်။ ဆွမ်းဘုဉ်းပေးအပြီး၌ ခေတ္တအနားယူ ကျိန်းစက်နေကြ၏။ သို့သော် ကျိန်းစက်၍ကား မပျော်ပါ။ နိုင်ငံကျော် ဓမ္မကထိက ဦးလှသိန်း၏ တရားခေတ်ပြားဖွင့်လိုက်၊ သရောင်း ဦးထွန်းရင်က အသံချဲ့စက်ကနေ၍ တရားနာဖိတ်လိုက်နှင့် စက်သံက မစဲပဲ ဖြစ်နေသောကြောင့်တည်း။ ဦးထွန်းရင်က တရားနာဖိတ်ရုံသာမက အကြား အကြား၌လည်း နိုင်ငံကျော် ဦးလှသိန်း လေမျိုးဖြင့် အနုမောဒနာ ဂါထာများကို ရွတ်လိုက်ပါသေးသည်။ ဓမ္မကထိကတပိုင်းဖြစ်နေရာ ရွတ်ပုံဖတ်ပုံလည်း မခေလှပါ။ ကျိန်းစက်၍မပျော် အတူတူ စာရေးသူက ဦးထွန်းရင်အား နာရီဝက်ခန့် တရားဟောပါရန် တိုက်တွန်းလိုက်ရ၏။ ဦးထွန်းရင်က ရေငတ်တုန်းရေတွင်းထဲကျသူပမာ အားရပါးရ ဟောပါလေတော့သည်။

## ဆရာတော် ဦးသံဝရ၏ သာသနာပြုတရား

အချိန်မှာ နေ့ ၂-နာရီရှိလေပြီ။ မိုးလည်းရွာလျက် လေလည်းတိုက်လျက် အဖျက်သမား မာရ်နတ်တလည်း မလျှော့။ တရားနာပရိသတ်တို့ကလည်း မာရ်နတ်ကို အရေးမစိုက်။ ဓမ္မကထိက ဆရာတော် ဦးသံဝရကလည်း မာရ်နတ်မျက်နှာကို မကြည့်။ တရားနာဓမ္မမာမကတို့ မျက်နှာကိုသာ တဘက်သတ်ကြည့်၍ "သာသနာပြုတရားတော်"ကို အင်တိုက်အားတိုက် ဟောလျက်သာတည်း။

သာသနာပြု တရားတော်ကို ဟောရာ၌ ဘုရားအလောင်း ပါရမီဖြည့်ကျင့်တော်မူခဲ့သည်မှစ၍ ဖွားတော်မူပုံ၊ တောထွက်တော်မူပုံ၊ ဘုရားအဖြစ် ရောက်တော်မူပုံ၊ ၄၅-ဝါ ကာလပတ်လုံး သာသနာပြုတော်မူပုံ၊ ပရိနိဗ္ဗာန်ဝင်စံတော်မူပုံ၊ နောက် သံဃာယနာအဆင့်ဆင့် တင်တော်မူခဲ့ကြပုံ၊ သုဝဏ္ဏဘုံ သထုံမြို့မှစကာ မြန်မာပြည်တခွင်၌ သာသနာတော် ပျံ့နှံ့ပုံများကို တခမ်းတနား ဟောကြားတော်မူပေ

သည်။ ထို့နောက် သီးလုံး ဆရာတော်ဘုရားကြီး၊ မင်းကွန်းဇေတဝန် ဆရာတော် ဘုရားကြီးများမှ ဆက်နွယ်ကာ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအထိ ရောက်လာခဲ့သည်။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးလက်ထက် ယခုဆိုလျှင် မြန်မာပြည်မှသည် ကမ္ဘာ တဝန်းလုံး သတိပဋ္ဌာန်တရား ဖြန့်ဝေဟောကြားနေကြပုံတို့ကို နေ့ ၂-နာရီမှ ညနေ ၅-နာရီအထိ ၃-နာရီကြာမျှ ဟောကြားတော်မူ သည်။ ဆရာတော် ဦးသံဝရဇွဲကောင်းသလိုပင် တရားနာ ပရိသတ် တို့ကလည်း ဇွဲကောင်းလှသည်ကိုတွေ့ရသည်။

## ဆရာတော် ဦးသံဝရ ဟောကြားတော်မူသော သာသနာပြု တရားတော်ဆောင်ပုဒ်များ

၁။ သုဝဏ္ဏတိုင်း၊ သမိုင်းကျော်သည်၊
သောဏုတ္တရ၊ သာသနာ့ဇာနည်၊
ဗြဟ္မဇာလ၊ သုတ္တဂုဏ်ရည်၊
ဟောဖော်ကြား၊ ကမ္ဘာတလွှား ဖြန့်လေသည်။
ဟောဖော်ကြား၊ ကမ္ဘာတလွှား ပြန့်လေသည်။
ဟောဖော်ကြား၊ အမတတံခါးဖွင့်လေသည်။

၂။ ကမ္ဘာ့ရှိတိုင်း၊ သမိုင်းကျော်သည်၊
မဟာစည်ထေရ၊ သာသနာ့ဇာနည်၊
မဟာသတိပဋ္ဌာန၊ သုတ္တဂုဏ်ရည်၊
ဟောဖော်ကြား၊ ကမ္ဘာတလွှား ဖြန့်လေသည်။
ဟောဖော်ကြား၊ ကမ္ဘာတလွှား ပြန့်လေသည်။
ဟောဖော်ကြား၊ အမတတံခါးဖွင့်လေသည်။

၃။ ဖောင်းပြင်နယ်တိုင်း၊ သမိုင်းကျော်သည်၊
ဉာဏဝတီနာမ၊ သာသနာ့ဇာနည်၊
မဟာသတိပဋ္ဌာန၊ သုတ္တဂုဏ်ရည်၊
ဟောဖော်ကြား၊ နယ်တလွှား ဖြန့်လေသည်။
ဟောဖော်ကြား၊ နယ်တလွှား ပြန့်လေသည်။
ဟောဖော်ကြား၊ အမတတံခါး ဖွင့်လေသည်။

## တန်ဆောင်မုန်းလပြည့်ညနှင့် ဖောင်းပြင်ရိပ်သာ

ယနေ့ တန်ဆောင်မုန်းလပြည့်ည တရားပွဲကို စာရေးသူက ဟောကြားရန် တာဝန်ယူရ၏။ တန်ဆောင်မုန်း လပြည့်နေ့ကား ကြတ္တိကာ နက္ခတ်သည် ငွေပြာသာဒ်မည်တွင် လမင်းနှင့်ယှဉ်၍ ကြယ်တာရာ ခြံရံသဖြင့်၎င်း၊ ဝိသာခါနက္ခတ်သည် သူရိယနေမင်းနှင့် ယှဉ်၍၎င်း လှည့်လည်နေသော နေ့ဖြစ်သည်။ ဓါတ်အိမ်မှာ အာပေါအိမ်ဖြစ်သည်။ ယနေ့ညလွန်၍ နက်ဖြန်ဆိုလျှင် ဆောင်းဥတုသို့ ပြောင်းပေတော့မည်။ ရာသီအနေဖြင့် ထိရရာသီ၊ နာရီဆိုလျှင် နေ့နာရီ ၂၈၊ ညဥ့်နာရီ ၃၂- ဖြစ်လျက် မွန်းတည့်ဖဝါးမှာ ၄.ဖဝါး ဖြစ်လေသည်။

ဤသည့် လပြည့်နေ့ညအချိန်၌ ကောင်းကင်ပြင် တခုလုံး ကြည်လင်ရွှန်းပ အလှကြီးလှနေတတ်သည်။ နှင်းမှုန်ကလေးများလည်း တဖွားဖွား တွဲရရွဲ, မတင် ယဉ်ရုံကလေး ကျနေတတ်သည်။ ချမ်းအေးစပြုပြီ ဖြစ်သောကြောင့် စိတ်ကူးယဉ်သူတို့မှာ ကွေးမလုံ ထွေးမလုံ အလွမ်းစုံအောင် လွမ်းနေတတ်သော လ,လည်း ဖြစ်သည်။ ဤသည့်လကို "နှင်းဖွဲ့မှိုင်းရီ၊ ရာသီဗြိစ္ဆာ၊ ကွေးလာမလုံ၊ လွမ်းခြုံချမ်းစ၊ လွမ်းလှလေ၏" ဟု အစချီကာ စာဆိုတော် ဦးယာက "ဆယ့်နှစ်ရာသီ လူးတား" ဖြင့် ဖွဲ့ဆိုခဲ့ပေသည်။ ဆယ့်နှစ်လတွင် အမြတ်ဆုံးလဟူ၍လည်း နီတိဆရာတို့က ဆိုခဲ့သေးသည်။ ရတု ၆-ပါးတွင် သာရဒ-ရတုဖြစ်ရာ ထိုသာရဒ ရတုကို "သာရဒံ ရမဏီယာ နဒီ=မြစ်သည် သာရဒရတု (တန်ဆောင်မုန်းလ) ပတ်လုံး မွေ့လျော်ဖွယ်ရှိသည်" ဟု ရှေးဆရာတို့က ကျမ်းဂန်များ၌ ချီးကျူးခဲ့ကြရသည်။

မြူတိမ်ကင်းသော ကောင်းကင်ပြာ မျက်နှာကြက်၌ ဘော်ကြယ် ပေါက်ထားသကဲ့သို့ နက္ခတ် ကြယ်တာရာတို့မှာ ရွှန်းရွှန်း ပြောင်ပြောင် အရောင်လက် နေတတ်ကြသည်။ သာယာလှပသော ဤတန်ဆောင်တိုင် လ၏ ရှုခင်းများကို ကြယ်တာရာတို့သည် သူတို့၏ ကြည်လင်သော မျက်စိများဖြင့် မမှိတ်မသုန် ကြည့်ရှုနေကြသော ဤလတွင်မှ သူတို့၏ အရောင်ကား ပြောင်လှ လက်လှသည်။

## တန်ဆောင်တိုင်ပွဲ

ဤတန်ဆောင်မုန်းလ၏ ကျက်သရေကို အထောက်အကူပြုပေးလျက်ရှိသော ကြတ္တိကာ နက္ခတ်ကို ဒဟနီမည်သော မီးနတ်သား စောင့်သည်ဟု ရာဇမတ္တဏ် ဗေဒင်ကျမ်းဆရာတို့က ဆိုကြသည်။ ဘုရားရှင် ပွင့်တော်မမူမီ စောစောကပင် လူတို့သည် ဤလ ဤရာသီ၌ မီးနတ်ဖြစ်သော ကြတ္တိကာ နက္ခတ်ကို ပူဇော်သမှု ပြုခဲ့ကြသည်။ တန်ဆောင်တိုင် မီးထွန်းပွဲများ ကျင်းပခြင်းသည် ကြတ္တိကာ နက္ခတ်သဘင် ဆင်ယင် ကျင်းပ၍ မီးပူဇော်ကြခြင်းသာ ဖြစ်၏။ "ကောင်းကင်၌ ရှိသော နက္ခတ် တာရာတို့သည် လူတို့အား ကောင်းကျိုးဆိုးကျိုး ပေးနိုင်သည် မဟုတ်သောကြောင့် (၎င်းတို့ကို) ပူဇော်ရန် မလိုအပ်" ဟူ၍ နက္ခတ္တဇာတ်၌ ဘုရားရှင်က ဟောတော်မူခဲ့သည်။ နက္ခတ်ကို ပူဇော်မည့်အစား အထူးသာယာသော တန်ဆောင်မုန်း လပြည့်ညဉ့် ဗုဒ္ဓမြတ်စွာအား အထူးပူဇော်ကြသော မီးထွန်းပွဲဟု ပြုလုပ်ရမှု တန်ဆောင်တိုင် မီးထွန်းပွဲ ယဉ်ကျေးမှုလည်း မပျက်၊ ဦးတည်ချက်လည်း ကောင်းမည်ဟု တွေးတော ဆင်ခြင်မိသည်။

## တောင်ထိပ်ပွဲ

ဤလပြည့်ည၏ ကောင်းကင်သည် အင်မတန် ကြည်လင်သန့်ရှင်းရကား စာတုမဟာရာဇ်နတ်တို့ ပျော်စံရာ နတ်ပြည်ကိုပင် မြင်နိုင်လိမ့်မည်ဟူသော အထင်ဖြင့် ရှေးလူတို့သည် တောင်ထိပ်သို့တက်ကာ နတ်ပြည်ကို မျှော်ကြသည်။ သို့နှင့် တောင်ထိပ်၌ လူစုလူဝေး ဖြစ်ရာမှ ပျော်ကြပါးကြ သီဆိုကခုန်ကြသည်။ "တောင်ထိပ်ပွဲသဘင်" ဟု ဖြစ်ပေါ်လာခဲ့ရသည်။

## ကျီးမနိုးပွဲ

ကြတ္တိကာနက္ခတ်ကို (သူခိုးနက္ခတ်) စောရနက္ခတ်ဟု တဘက်မှဆိုလာကြပြန်သည်။ ကြတ္တိကာ သူခိုးနက္ခတ်နှင့် ယှဉ်သော ဤတန်ဆောင်မုန်းလပြည့်နေ့ ညဉ့် စောရနက္ခတ်အရ လူတို့က ခိုးကြ ဝှက်ကြ ပြန်သည်။ တခြား အိမ်များမှ အလွယ်တကူရသော ပစ္စည်းဝတ္ထုများကို အိမ်ရှင်မသိအောင် ခိုးယူ ရွှေ့ပြောင်းထားလေ့ ရှိကြသည်။ ၎င်းတို့ကို "ကျီ

မန်းပွဲ" ဟု အမည်ပေးကာ ကျီးမနိုးမီ စောစောစီးစီး ထ၍ ပြုလုပ်ကြရသော ပွဲဖြစ်၏။ ထိုပွဲမှာ ခိုးပွဲဟုဆိုသော်လည်း အမှန်မှာ တကယ်လိုချင်၍ ခိုးသော ခိုးပွဲမဟုတ်ပဲ နေရာမကျလှသော ပျော်ပွဲတမျိုးသာ ဖြစ်သည်။

## ပုံသကူ မဲဇလီဖူးသုပ် မခေါ်မုန့်လုံး

တဘက်မှ မကောင်းလှသော ကျီးမနိုးပွဲများ၌ ပျော်လျက်ရှိကြသော်လည်း တဘက်၌ကား ဤညအတွက် ကုသိုလ်ကောင်းမှုနှင့် စပ်၍ ပျော်ခြင်းမျိုးဖြင့် ပျော်သူတို့လည်း ရှိသေးသည်။ ထိုပျော်ပွဲမှာ ပုံသကူပစ်ပွဲပေတည်း။ ကောင်းမှုတမျိုးအတွက် ပုံသကူပစ်သူတို့က ပစ်လျက် ထိုပစ်သူတို့နောက်မှ တကောက်ကောက် လိုက်ပါ ချောင်းမြောင်းကာ ကောက်ယူရန် စောင့်နေတတ်ကြသူတို့ ကလည်း အသင့်ပါနေလေ့ရှိလေသည်။ ပစ်သူကပစ်၍ ကျောပေးပြန်သွားသည်နှင့် တပြိုင်နက် ပစ်သူ မသိအောင် တပျော်တပါး ကောက်ယူ သူတို့က ကောက်ယူကြသည်။ မသိအောင် ပစ်ထားသည်ကို ရလိုရငြား လိုက်ရှာ နေသူတို့ကလည်း အများအပြားပင်။ ထို့ပြင် နေအိမ်တိုက်တာပေါ်မှ သော်၎င်း၊ လမ်းသွားယင်း ကားပေါ်မှ သော်၎င်း၊ ခြေလျင်လျှောက်၍ သော်၎င်း ငါးပြား ဆယ်ပြားစေ့ အနုတ်များကို ပြောင်ကြဲ စွန့်သူတို့က စွန့်ကြ၍ လိုက်ကောက် သူတို့ကလည်း တပျော် တပါး လုယက် ကောက်ယူကြသည်။ ဤကား မသိအောင်ပစ်သော ပုံသကူမှ သိအောင် ပြောင် ပစ်သော ပုံသကူပျော်ပွဲအဖြစ် ကူးစက် ပျော်ပါးခြင်း တမျိုးဟု ဆိုရပေမည်။ ဤ၌ ပုံသကူပစ်ပွဲ ကောက်ယူပွဲတာ ကောင်းသော ပွဲ ကောင်းသော အလေ့အထ ဖြစ်၍ သူတော်ကောင်းတို့ နှစ်သက်ဖ ပွဲဖြစ်၏။

ထို့ပြင် မဲဇလီပင်၌ ဆေးပေါင်းခသည် ဆိုကာ တန်ဆောင်မုန်း လပြည့်နေ့ည၌ မဲဇလီဖူးကိုခူး၍ သုပ်စားကြသည်။ ရောင်းသူတို့က ရောင်းကြသည်။ ဝယ်စားသူတို့ကလည်း ဝယ်စားကြသည်။

ထို့ပြင် မန္တလေးမြို့ ဆိုဦး ဤလို တန်ဆောင်မုန်း လပြည့်ညဝယ် လမ်းဘေးမှာ မုန့်လုံးရေပေါ် လုပ်၍ မခေါ်ပဲ ကျွေးမွေးဒါနပြုကြသည်။ သိသူများက မခေါ်သော်လည်း အလိုလို ဝင်ရောက်စား

သောက်ကြရသည်။ များသောအားဖြင့် ကလေးတွေ ဝိုင်းနေတတ်ကြသည်။ ဤပွဲကို "မခေါ်မုန့်လုံး ဒါနပွဲ"ဟု ခေါ်ကြသည်၊ တခါတခါ၌ ဒါနရှင်က အသိအကျွမ်းပုဂ္ဂိုလ် လမ်းလျှောက်လာသည်ကို တွေ့လျှင် "ဟော့....မခေါ်မုန့်လုံး ဝင်စားသွားကြဦးလေ"ဟု ဖိတ်ခေါ်တတ်လေသည်။ ထိုအခါ ကြားရသူတို့က "အင်း.... မခေါ်မုန့်လုံးလဲ ဆိုသေး၊ တမင် ခေါ်ကျွေးနေသကိုး"ဟု ပြုံးရယ်သွားကြလေသည်။

## တရားနာဖိတ်ခေါ်သံ

သာယာလှသော တန်ဆောင်မုန်း လသည် အဘယ် ဌာနသို့ သွားရောက်၍ သာယာလှပနေသည် ဟူ၍ကား မသိ။ ဤ အထက်ချင်းတွင်း မြစ်ဝှမ်း ဖောင်းပြင်ရိပ်သာ၌ကား မိုးမစဲ လေမစဲ တဖွဲဖွဲရွာ၊ တဖြူးဖြူး တိုက်ခတ်လျက် မှုန်ရောင်သမ်းပြီး မသာမယာ ညို့မှိုင်းအုံ့ဆိုင်းနေသည်။ မိုးရော လေပါ မသာမယာရှိနေသည့် ကြားထဲမှ အသံချဲ့စက်ဖြင့် တရားနာဖိတ်ခေါ်သံကလည်း အားမာန်ပါလှသည်။

## မိုးထဲလေထဲ ဖောင်းပြင်ရိပ်သာတရားပွဲ

မိုးလေကြောင့် မြို့ပေါ် လူထု အလာ နည်းသော်လည်း အဝေးရောက် တရားနာ ပရိသတ်နှင့် ရိပ်သာ ယောဂီ တရားနာတို့မှာ ဓမ္မာရုံ တိုက်ငယ်တွင်း၌ ပြည့်ကျပ်နေသည်။ ကမ္မဋ္ဌာန်းကျောင်း အသီးသီး၌လည်း ခြုံစောင်များခြုံကာ ရှိနေကြသော အဖိုးအို အမယ်အို တို့က တရားနာရန် ဟန်တပြင်ပြင်ဖြစ်နေကြသည်။

တရားဟော ချိန် တန်နေပြီဖြစ်၍ ဒကာကြီး ဦးသန်းမောင်က တရားဟောကြွပါရန် ပင့်လှာသည်။ နာရီကိုကြည့်လိုက်ရာ ၇-နာရီ ခွဲနေပြီ ဖြစ်၏။ စာရေးသူက တရားပလ္လင်ပေါ် ထိုင်မိလျှင် သရောင်းယောဂီအဖွဲ့က အသံချဲ့စက်ဖြင့် တရားတောင်းကြလေတော့သည်။ သူတို့ တရားတောင်းသံမှာ အပြင်ဘက်၌ ရွာနေသော မိုးရေမိုးပေါက်များကို ဖောက်ထွင်းပြီး လေနှင့်အတူ ပျံ့လွင့်သွားလေသည်။

"မိုးကလဲ တဖွဲဖွဲ၊ မစဲပဲရွာနေတယ်၊ နေ့ကလဲ ဆရာတော် ဦးသံဝရက ၃-နာရီတောင်ကြာအောင် ဟောထားတာပဲ၊ တရားနာတွေလဲ

မောလှ ညောင်းလှရော့မယ်။ မောရုံ ညောင်းရုံဆိုယင် ကိစ္စမရှိဘူး၊ အေးကလဲအေး၊ ညောင်းကလဲညောင်း ဆိုတော့ တရားပွဲလဲပြီးရော တရားနာတွေလဲ ရောဂါသည်တွေ ဖြစ်ကုန်မှာ စိုးရပါတယ်''

ဤသို့ဆိုယင်း စာရေးသူက တရားပလ္လင်ပေါ်ကနေ၍ နဲနဲပါးပါး ဟောတော့မည့်အနေဖြင့် စကားပလ္လင်ခံလိုက်ရာ—

''ဒီရာသီဥတုက တပည့်တော်တို့ဆီမှာ ဖြစ်နေကျပါဘုရား၊ ခံနိုင်ရည် ရှိပြီးသားပါ၊ ရောက်တုန်းရောက်ခိုက် မလျှော့ပဲ ဟောတော်မူပါ၊ တပည့်တော်တို့ နာနိုင်ကြပါတယ်ဘုရား''

ဤသို့လျှင် တရားနာပရိသတ်တို့က ဆိုကြလေသည်။ ဤမျှသာ မကသေး—

''ဆရာတော် ဦးသံဝရ အလှည့်တုန်းက ကြိုးကြိုးစားစား ဟောပါ လျက် ဆရာတော် ဦးဣန္ဒက အလှည့်ရောက်မှ ခိုကပ်နေယင် မတော်ပါ ဘုရား'' ဟူ၍လည်း ထပ်လောင်းလိုက်ကြသေးသည်။ တရားနာ ပရိသတ်ကြီးတခုလုံး ပင်ပန်းဆင်းရဲကုန်ကြမည် စိုး၍သာ ပြောရသည်။ ဟောသူက မဟောချင်၍မဟုတ်၊ လာကတည်းက တရားဟောရန် လာခဲ့ခြင်း မဟုတ်ပါလော။ ဤမျှနာကြားလို၍ ဇွဲကောင်းနေသော ပရိသတ်ကြီးအားစာရေးသူကလည်းဇွဲကောင်းကောင်းဖြင့်ပင်''သံယော ဇဉ် တရားတော်'' ဒုတိယပိုင်းကို မခိုမကပ်တမ်း ဟောလိုက်ရသည်။

## ပုဂ္ဂိုလ်ခင်မှ တရားမင်

တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့၏ နံနက် အရုဏ်ဆွမ်း ကိစ္စကား ပြီးလေပြီ။ အချိန်မှာ နံနက် ၇-နာရီခန့်ဖြစ်၏။ မိုးမရွာပါ။ ကောင်းကင်ပြင် တခုလုံး ကြည်လင်သန့်ရှင်းနေသည်။ ဖောင်းပြင် ဒကာကြီးတို့၏ ရှေ့ဆောင်မှုဖြင့် ဆရာတော် ဦးသံဝရနှင့်အတူ ဖောင်း ပြင်မြို့တွင်းသို့ လမ်းလျှောက်ယင်း ရွှေပန်းထိမ်ဆရာ ဦးဆပ်ထူးတို့အိမ်သို့ ခေတ္တဝင်ရောက်ကြသည်။

ဦးဆပ်ထူးမှာ စာရေးသူတို့ ညောင်ကန်သားဖြစ်၍ ရောက်သည့် ပေါက်သည့်အခါ သူတို့အိမ်သို့ကြွပါဟု ပင့်၍ ဝင်ရောက်ခြင်း ဖြစ် လေသည်။

ထိုအိမ်၌ စာရေးသူနှင့် ကျောင်းအတူနေဘက် ပန်းထိမ်ဆရာ မောင်ကျော်ဘင်နှင့် သရောင်း၌ ပန်းထိမ်လုပ်နေသော ညောင်ကန်သား မောင်မောင်အေးတို့ကိုပါ တွေ့ရသည်။ သရောင်း၌ တရားဟောစဉ်က သရောင်း၌ မောင်မောင်အေး ရှိနေသော်လည်း အကြောင်းမညီညွတ်၍ တရားလာမနာ လိုက်မိသောကြောင့် ညောင်ကန်သား ဆရာတော် တရားဟောနေသည်ဟူ၍ပင် မသိလိုက်ဟု ဆိုလေသည်။ နောက်မှ သူများတွေကပြော၍ သိရရာ ဖောင်းပြင် ကြွသွားပြီဆို၍ မရောက်ရောက်အောင် ဖောင်းပြင်အထိ တမင် လာရောက်ဖူးတွေ့ခြင်း တရားနာခြင်း ဖြစ်သည်။ တွေ့တောင့်တွေ့ခဲ တခြားရပ်ရွာ၌ ဇာတိသားချင်း တွေ့ရတာ ဝမ်းသာအယ်လဲ ရှိကြ၏။

သူတို့သာမက ဖောင်းပြင်၌ အခြား ညောင်ကန်သားများလည်း ရှိကြသေးသည်။ သူတို့အားလုံး ဤရပ်ဤမြေသို့လာ၍ အိမ်ထောင်ကျသူကျ အလုပ်ရသူရ ဖြစ်နေကြသည်။ ပျော်ရာမနေ တော်ရာနေ ဆိုသည့်အတိုင်း မိမိတို့နှင့် သင့်တော်ရာမှာ ရေကြည်ရာ မြက်နုကြရသည် သာတည်း။ သူတို့အရွယ်ကား တရားနာရကောင်းမှန်း သိကြသော အရွယ် မဟုတ်ကြ။ စားဝတ်နေရေးအတွက် အားခဲယင်း ပျော်ချိန် ပါးချိန် အရွယ် ငယ်ငယ်သာ ရှိကြပေသေးသည်။ သို့သော် ညောင်ကန်က ရပ်ဆွေရပ်မျိုး ဆရာတော်တပါး ကြွရောက်တရားဟောသည်ကို ကြားသိကြရသောကြောင့် သံယောဇဉ်ကြိုးဆွဲရာ ရောက်လာခြင်းသာ ဖြစ်လေသည်။ ပုဂ္ဂိုလ်ခင်မှ တရားမင်သည် ဟူသော ပရိယာယ်သာနှင့် အညီတည်း။ သူလိုကလည်း ပုဂ္ဂိုလ်ခင်၍ တရားမင်ကြခြင်းပေတကား။ ဦးဆပ်ထူးက ရောက်လာသော အာဂန္တုဧည့်သည်တို့အား ချိုပွဲချဉ်ပွဲဖြင့် ဧည့်ခံကြ၏။ ရပ်ဆွေရပ်မျိုး ရဟန်းတော်တပါးကို အကြောင်းပြု၍ သူတို့ ကုသိုလ်ရကြလေသတည်း။

## ဖောင်းပြင်မြို့ နောက်ဆုံးည တရားပွဲ

အချိန်မှာ တန်ဆောင်မုန်း လဆုတ် ၁ ရက်နေ့ ည ၇-နာရီ အချိန် ဖြစ်၏။ ယနေ့တော့ မာရ်နတ်က အရှုံးပေးသွားလေပြီ။ မိုးကောင်းကင်မှာ ကြည်လင်နေ၏။ တရားဟော တရားနာတို့မှာ ကောင်းကောင်းဟော ကောင်းကောင်းနာကြရမည် ဖြစ်သောကြောင့် ကြည်လင်ရွှင်ပျ

တက်တက်ကြွကြွ ဖြစ်နေကြသည်။ ဥတုရာသီအလိုက် အေးရသည့်အထဲ မိုးကြွင်း အနံ့အသက်များကလည်း ရှိနေသေး၍ အအေးဓာတ်ကတော့ ပို၍ပင် အေးနေလျက်ရှိ၏။ ဖောင်းပြင်၌ ယနေ့ညကျမှသာလျှင် သာယာလှပေသည် ဆိုသော တန်ဆောင်မုန်းလ၏ အစွမ်းကို ပြပေတော့သည်။

သို့သော် ဤအရပ်ဒေသဝယ် ရာသီနောက်ဆွယ်၌ ကပ်နေသော မိုးကိုကား စိတ်ချရသည် မဟုတ်ချေ။ ကြည်ရာမှမဲ၊ မဲရာမှ ရွာချချင် ချတတ်သည်။ ရွာမယောင် မဲရာမှလည်း ကြည်ချင် ကြည်လာတတ်သည်။ ထို့ကြောင့် မတော်တဆ ရွာချင်ရွာမည့်မိုးကို ကြိုတင်ကာကွယ်သည့် အနေဖြင့် မဏ္ဍပ် အလှူရှင် ဦးလူမြ– ဒေါ်သန်းသန်း အိမ်အောက်ထပ်၌ တရားပွဲကျင်းပကြသည်။ အိမ်နှင့်တဆက်တည်းရှိနေသော မဏ္ဍပ်ကိုလည်း မိုးကာများ မိုးထားလျက်ရှိရာ စိတ်ချလက်ချ နာလောက်ဟောလောက် ရှိပါသည်။ တရားနာ ပရိသတ်တို့အား စားဖွယ်သောက်ဖွယ် များဖြင့် ဧည့်ခံကြသည်ဖြစ်ရာ ဖောင်းပြင် ဓမ္မမာမကတို့၏ စေတနာ သဒ္ဓါတရားနှင့် တရားတော် မြတ်နိုးကြကြောင်း သာဓကပေတည်း။

ရှေးဦးစွာ ဦးခင်မောင်က တရားပွဲ ဖြစ်မြောက်ရေး ကြိုးပမ်းကြသူများနှင့် ဗုဒ္ဓမြတ်စွာ၏ တရားတော်ကို လိုလိုချင်ချင် လာရောက် နာကြားကြသော ပရိသတ်တို့အား ကျေးဇူးတင်ကြောင်း ပြောကြားသည်။ ထို့နောက် ဦးညီပုက အကြောင်းညီညွတ်လျှင် နောက်တပတ်လာဦးမည် ဖြစ်ကြောင်း ဆက်လက် ပြောကြားသည်။ ထို့နောက် သရောင်း၊ ဖောင်းပြင်၊ ဓမ္မယာစက အမျိုးသမီးများက တရားတောင်းကြ၏။ စာရေးသူက ''သံယောဇဉ် (တတိယပိုင်း) တရားတော်''ကို ဟောကြားသည်။ ထို့နောက် ဆရာတော် ဦးသံဝရက ''သာသနာပြုတရားတော်''ကို အပြီးသတ် ဟောကြားတော်မူသည်။ သတိပဋ္ဌာန်တရာကိုလည်း ပရိသတ် တို့အား အချိန်သင့်ရုံ လက်တွေ့ အားထုတ်စေပါသည်။

# ၂၃။ ဖောင်းပြင်မှ ဟဲလှော်သို့

တန်ဆောင်မုန်း လဆုတ် ၂-ရက်နေ့၊ နံနက် ၇-နာရီ ၄၅-မိနစ် အချိန်၌ တရားဟောအဖွဲ့သည် ဖောင်းပြင် ဆိပ်ကမ်းသို့ ရောက်နေကြလေပြီ။ ပတ်ဝန်းကျင် တခုလုံးသည် နှင်းများဖြင့် ဖုံးလျက်ရှိနေသည်။ မော်တော်ဦး၌ စိုက်ထူထားသော သာသနာ့ အောင်လံတော်သည် နှင်းမှုန်အတွင်းဝယ် လူးလွန့်ကွန့်မြူးနေသလို သာသနာ့အောင်လံတော် အောက်ဝယ် မော်တော်ရှေ့တည့်တည့်သို့ ဟွန်းလှည့်ထားသော အသံချဲ့စက်မှ ထွက်ပေါ်လျက် ရှိသော ကြည်နူးဖွယ် ဓာတ်ပြားသံ ကလည်း သာယာငြိမ့်ညောင်းလှသည်။ လိုက်ပို့ကြသော ဖောင်းပြင် ဓမ္မမာမက များကလည်း ချင်းတွင်း မြစ်ကမ်း ထိပ်ပေါ်မှနေ၍ လက်အုပ်တချီချီ ရှိနေကြသည်။ မော်တော်ကမ်းမှ ခွါသည်နှင့် တပြိုင်နက် တဘက်ပဝါ များကို ဝှေ့ရမ်း နှုတ်ဆက်ယင်း ကျန်ရစ်ခဲ့ကြသည်။

ဟဲလှော် ဆိပ်ကမ်းသို့ မော်တော်ဆိုက်ကပ်သည့် အခါ၌ အချိန်မှာ နံနက် ၉-နာရီခွဲ နေလေပြီ။ ဆိပ်ကမ်း၌ ဘာမျှမရှိပဲ သဲသောင်ပြင်သာ ရှိသည်။ ဆိပ်ကမ်းမှာ ရှင်းနေ၏။ နေခြည်ကလည်း တောက်လာပြီ။ ငွေခြည်နှင်းများလည်း ပျောက်သွားကြပြီ။ လေပြေ လေညှင်းဆည်း ချင်းတွင်း မြစ်ရိုးကို လျှောက်လာပြီ။ ဟဲလှော် ရေဆိပ်၏ တဘက်ကမ်း တလျှောက်၌ ပန်းချီဆန်သော ရွာစဉ် ရွာတန်းလေးများကို မြင်နေရ၏။ ထိုတဘက်ကမ်းရွာတန်းဘက်သို့ အသံချဲ့စက်ဟွန်းလှည့်ကာ "ယနေ့ည မဟာစည် ဓမ္မကထိကများ တရားချီးမြှင့်မည် ဖြစ်ကြောင်း၊ တရားနာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါကြောင်း" စသည်ဖြင့် တရားဟော အဖွဲ့နှင့် အတူလိုက်ပါလာသူ သရောင်း ဦးထွန်းဖေက လှမ်း၍ တရားနာ ဖိတ်နေ၏။ ဟဲလှော်မှ ဒကာ လေးငါးယောက် အကြို ရောက်လာကြသည်။ အိပ်ယာလိပ်စသည်များကို ထမ်းပိုးလျက် သဲသောင်ပြင် နှုံးစို

များပေါ် ယက်ကန် ယက်ကန်ဖြင့် အားလုံး ရှန်းကန် ချီတက်ကြရ လေသည်။

လမ်း၌ ညွန့်ရေအိုင်တွင်းဝယ် ကျွဲတသင်းတို့က ဟိုကူးသည်ကူး ကူး၍ ပျော်မြူးနေကြသည်တို့ကိုလည်း တွေ့ရသည်။ ရေကြည်အိုင်ထဲ၊ အုပ်စုတွဲလျက်၊ ပျော်ပွဲကျင်းပ၊ ငါးဖမ်းကြ၍၊ စားကြ သောက်ကြသော ဘဲငန်းလှလှများကိုလည်း တွေ့ကြရ၏။ ဗျိုင်းဖြူခြေရှေ၊ မြစ်ကမ်းခြေ၌၊ ငါးဖွေဖမ်းကောက်၊ ဝမ်းဆာပျောက်ဖို့၊ စားသောက် နေသည်ကိုလည်း တွေ့ခဲ့ရသည်။

ရွှေနားသို့ ရောက်သောအခါ ရှုဗ္ဗက်တခုကို ကျော်ဖြတ်ထားသော တံးအိုတံတားကို တွေ့ရ၏။ တံတား၌ လက်ကိုင်လျှောက်ရန် ယိုင်တိယိုင်တိုင် ဝါးလုံးများကို လျှော်ဖြင့် ချည်ထားသည်ကို တွေ့ရသည်။ တရုတ်ပြည် အဖွဲ့သည် ထိုတံတားအို ပေါ်၌ ချေမချော်အောင် သတိ ထားသွားကြရ၏။ သီလရှင်ဆရာကြီး ဒေါ်ဉာဏဝတီကို တပည့်ဆရာလေးများက တွဲယူ၍ရင်း၊ အသက် ခုနစ်ဆယ် ဒကာကြီး ကပ္ပိယ ဦးညီပုကို အတူလိုက်ပါလာကြသော သရောင်း ဖောင်းပြင် ဒကာများကတွဲ၍ရင်း၊ သီလရှင် ဆရာကလေး များနှင့် အမျိုးသမီးများက ကိုယ်ဝတ်နှင့် ထဘီကို တိုတို၀တ်၍ရင်း၊ ရဟန်းတော်များက သင်းပိုင်ကို တိုတိုမ၍ရင်း၊ ဒကာကြီးများကမူ လွတ်လွတ်လပ်လပ် ပုဆိုးခါးတောင်းကျိုက်၍ရင်း တဘက်စွန်းရောက်အောင် ကူးကြရသည်။ ဤသို့လျှင် သံရှန်း၍တမျိုး ရွှံဆင်း၍တဖုံ တံတားကူး၍တနည်း ဟဲလော့ ခြေလျင် ခရီးကို တမိုင်ကျော်ကျော်သွားကြရ၏။

## ဟဲလော့

ဟဲလော့ ခရီးသည် အဖွဲ့သည် ဟဲလော့ ရောက်သော် အချိန်မှာ နံနက် ၁၀-နာရီခွဲ နေလေပြီ။ ဟဲလော့ ရွာသည် ရှေးက ချင်းတွင်း မြစ်ကမ်းပေါ်၌ တည်ရှိ ခဲ့သော်လည်း မြစ်ရေက တဖြည်းဖြည်း ဆုတ် သွားသောကြောင့် မြစ်ကမ်းနှင့် တမိုင် ကျော်ကျော် ဝေးကျန်ရစ် ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် မြစ်ဆိပ်မှ ဟဲလော့ အထိ သွားရ သည်မှာ တပင်တပန်း ဖြစ်နေတော့သည်။ သွားနေကျ ဟဲလော့သူ

ဟဲလျှော် သားတို့ မှာကား ဤ ခရီးကို ပင်ပန်း သည်ဟု ထင်မှတ် ကြပုံမရကြ။ အထုပ်အပိုးများကို ဥဒဟိုထမ်းရွက်သွားလျက်ရှိနေကြ၏။

ဟဲလျှော်ရွာကား အိမ်ခြေ ၁၇၀-ခန့်ရှိသည်။ ရှမ်းနှင့် မြန်မာများ နေထိုင်ကြလျက် လယ်ယာကိုင်းကျွန်းများကို လုပ်ကိုင်စားသောက်ကြသည်။ ရေလုပ်သားအချို့လည်း ရှိကြကြောင်း သိရသည်။ ငါးဈေးချို၏။ တပိဿာလျှင် ၁-ကျပ်မှ ၃-ကျပ်အတွင်း၌သာရှိ၏။

## ဟိလောက်မှသည် ဟဲလျှော်

"ဟိလောက်" ဟူသော ရှမ်းစကားမှ "ဟဲလျှော်"ဖြစ်လာကြောင်း သိရ၏။ ထိုစကား၏အဓိပ္ပါယ်မှာ "အရက်ချက်ရွာ"ဖြစ်သည်။ အရက်ချက်သူများ တည်ထောင်နေထိုင်ခဲ့ကြသောရွာ-ဟူလို။ ဟဲလျှော်ရောက်လျှင် ဆရာတော် ဦးစာရိန္ဒကျောင်း၌ တည်းခိုကြရ၏။ ထိုကျောင်း ဆရာတော်မှာ ဖောင်းပြင်နယ်လုံးဆိုင်ရာ သံဃနာယက မထေရ်ကြီး ဖြစ်ကြောင်း သိရပေသည်။ ဆရာတော်ကို ကန်တော့ကြပြီးနောက် အမောအပန်း ဖြေဖျောက်ကာ နေ့ဆွမ်းဘုဉ်းပေးကြရ၏။ ဆွမ်းနှင့် ဟင်းများမှာ များပြားပြည့်စုံလှ၏။ အအေးဒဏ် ခံနိုင်ရန်အတွက် "မဖြစ်"ကို ကပ္ပိခိုင်း၍ ဘုဉ်းပေးကြရ၏။ မဖြစ်-ဟူသည် ရှမ်းလို အခေါ်ဖြစ်၍ ဗမာလို ငရုတ်သီး ဟူလို၏။

## ဘာကြောင့် ဦးခင်မောင် ထခုန်ပါလိမ့်

ဆွမ်းဘုဉ်းပေးပြီး၍ လက်ဖက်ရည်သောက်နေကြစဉ် ဦးညီပုနှင့် ဦးခင်မောင်တို့တစု ထမင်းစားလျက်ရှိကြ၏။ ခဏအကြာ၌ သူတို့ထမင်းပွဲဆီမှ "ဝုန်း"ကနဲ အသံကြား၍ ကြည့်လိုက်ရာ ဒကာကြီး ဦးခင်မောင် ထခုန်သည်ကို တွေ့လိုက်ရသည်။ အကြောင်းမှာ ဟဲလျှော် ဆရာတော် မွေးထားသောမျောက်ကြီးကလျှောင်အိမ်တံခါးပွင့်နေရာမှ ဦးခင်မောင် တို့ ထမင်းပွဲအနီး ဒိုင်ပင်ထိုးချလိုက်သောကြောင့်ပေတည်း။

## ဥပသမ္ပဒကံဆောင်ခရီးရှုခင်း

ဆွမ်းဘုဉ်းပေးအပြီး၌ အစာကြေမျှတရန်အတွက် ခဏမျှတိုးလိုးလဲ့လိုက်ကြရသေး၏။ ထိုနောက် နေ့ ၁-နာရီကျော် အချိန်ရောက်သော် ဖေါင်းပြင်ရိပ်သာ ရဟန်းလောင်း ရှင်ဥတ္တမကို ရဟန်းပြုပေးရန် တမိုင်ခန့်ဝေးကွာသော တောကျောင်းသိမ်ရှိရာသို့ သွားကြရသည်။ ဟဲလေ့ာ် မှသည် တောကျောင်းအရောက် ခင်းထားသော သစ်သားတံတားရှည်ကြီးပေါ်၌ လျှောက်၍သွားကြရ၏။ တောကျောင်း ပတ်ဝန်းကျင်ရှိ ရပ်ရွာ ဒကာ၊ ဒကာမတို့က တောကျောင်း ဆရာတော်နှင့် တောကျောင်းသွား သူတော်စင်များ ချမ်းချမ်းသာသာ သွားလာနိုင်ကြရန် တာခန်းစီ ကောင်းမှုပြုထားသော တမိုင်ခရီး တံတားကြီးပေတည်း။

တံတားပေါ်လျှောက်ကြယင်း ရှုခင်းသာသော စပါးခင်း စိမ်းရောင်စို တပြင်ကြီးနှင့် အဝေး၌ အုပ်အုပ်ဆိုင်းဆိုင်း ရှိနေသော တောရွာကလေးများမှုန်ပြာပြာဝေဆိုင်းနေသော တောင်တန်းများကို မြင်ကြရသည်။ အဖုံးအလုံးနှင့် ဖြစ်နေသော စပါးခင်းများမှ စပါးသင်းရနံ့များကိုလည်း လေနှင့်အတူ ရှုယင်းရှိုက်ယင်း သွားကြရသောကြောင့် မောပန်းခြင်း မရှိကြရပေ။ သင်းပျံ့ပျံ့စပါးရနံ့များမှာ တဖြူးဖြူး တိုက်ခတ်နေသော ဆောင်းဦးလေကလေးနှင့်အတူ မသိမသာ ရောပါလာကြ၏။

## နန်းစီမရွာ

လမ်းဘေး ခပ်ဝေးဝေး စပါးခင်းများအလယ်၌ အုပ်သိုက်သိုက် လှမ်းမြင်ရသောရွာကို လက်ညှိုးညွှန်ပြယင်း "မြင်နေရတဲ့ အဲဒီရွာကို 'နန်းစီမရွာ' လို့ခေါ်တယ်။ မြဝတီမင်းကြီး ဦးစ ရောက်တုန်းက မြင်းရေချခဲ့တဲ့ရွာလို့ ပြောစမှတ်ရှိပါတယ်" ဟု ဟဲလေ့ာ် ဒကာတဦးက လျှောက်ထား၏။ "အင်း....အလောင်းတော် သိဒ္ဓတ္ထ မြင်းစီးပြီး ဖြတ်ကျော်ခဲ့တဲ့ အနောမာမြစ်ကို မမေ့နိုင်ကြသလို မြဝတီမင်းကြီး မြင်းရေချခဲ့တဲ့ နေရာက ရွာကိုလဲ မမေ့နိုင်ကြပါတကား" ဟု သိဒ္ဓတ္ထနှင့် မြဝတီကို နှိုင်းယှဉ်ဆင်ခြင်မိသွား၏။

## ပတ်ဝန်းကျင် အာရုံနှင့်စိတ်

ပတ်ဝန်းကျင် အာရုံများကိုလည်း တမျိုးပြီးတမျိုး တွေ့တွေ့နေ၏။ အာရုံတွေ့တိုင်း အာရုံပြောင်းသလို တွေ့စိတ် မြင်စိတ် စသည်တို့ကလည်း တပြောင်းထဲ ပြောင်းလိုက်နေကြ၏။ မြဝတီမင်းကြီး ဦးစ မြင်းရေချခဲ့သည်ဆိုသော ရွာကိုမြင်ရပြီးနောက် တိတ်ဆိတ်ငြိမ်သက်လျက် ရှိသော သချိုင်းမြေကလည်း မျက်မှောက်အောက်သို့ ရောက်လာပြန်ပါသည်။ ရှေ့ရှေ့ စိတ်ကို နောက်နောက်စိတ်များက အလွတ်မပေးပဲ မရဏာ– နုဿတိ ကမ္မဋ္ဌာန်းကို ဆက်၍ စီးဖြန်းမိပြန်ပါတော့သည်။ သူ့စိတ် သူ့အာရုံ တိုက်ဆုံမိကြရာမှ ဆက်၍ဆက်၍ ဆင်ခြင်တတ်သော စိတ်များကလည်း တပ်ပါလျက် ရှိနေပါတကား။ တံတားထိပ်၌ ပျဉ်းကုန်းရွာဆိုသည်ကိုလည်း တွေ့ရသည်။

## တောကျောင်းသိမ်၌ ဥပသမ္ပဒမင်္ဂလာ

ပျဉ်းကုန်းရွာကို လွန်သော် တောကျောင်းကို ရောက်ကြ၏။ တောကျောင်းကား ဇီးဖြူသျှိသျှား၊ ဖန်းခါးသရက်၊ ပိန္နဲဖက်လျက် ရှောက်ပြက် ငှက်ပျော စားပင်ပေါသည့် အေးသော မြသော တိတ်သော ဆိတ်သော တောကျောင်းရိပ်သာပင်တည်း။

ဤတောကျောင်း၌ ဆရာတော် ဦးဂန္ဓမာ သီတင်းသုံးတော်မူသည်။ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ တရားအားထုတ်ဘူးသော ဆရာတော် ဖြစ်ရုံသာမက တောကျောင်း၌ မွေ့လျော်ပျော်ပိုက်သော အထုံလည်း ရှိတော်မူသည်။

တရားဟောအဖွဲ့ ရောက်လာသည်အထိ စောင့်မျှော် ခဲ့ရသော ရှင်ဥတ္တမသည် ယမ္မသော် ရဟန်းအဖြစ်ရောက်ရန် ဤတောကျောင်း သိမ်အတွင်းသို့ ကာရကသံဃာ အပြည့်အစုံနှင့်တကွ ရောက်ရှိနေလေပြီ။ ဆရာတော် ဦးသံဝရ ညွှန်ကြားချက်ဖြင့် စာရေးသူက ရဟန်းလောင်း ဆုံးမရ၏။ ရဟန်းလောင်းမှာ ဖောင်းပြင်ရိပ်သာမှဖြစ်၍ ဥပဇ္ဈာယ်ဆရာနှင့် တပ်ကပ်ရပ်ရပ် ဖြစ်ရန် ဖောင်းပြင်ရိပ်သာ ဆရာတော် ဦးစန္ဒိမာက ဥပဇ္ဈာယ်အဖြစ် ဆောင်ရွက်တော်မူပေသည်။

## ဟဲလေ့ဘ် တညတရားပွဲ

ည ၇-နာရီအချိန်၌ ရောက်နေကြသော ပရိသတ်မှာ အားကောင်းလှပေ၏။ ဟဲလေ့ဘ်ပရိသတ်သာမက ပတ်ဝန်းကျင်ရှိ ရွာများမှလည်း တရားနာရောက်လာကြသောကြောင့် ဓမ္မာရုံအဖြစ် သတ်မှတ်ထားသော ခြေတန်ရှည် ကျောင်းကြီးပေါ်၌ ပြည့်လျှံနေတော့သည်။ တရားနာ ပရိသတ်မှာ ပျားပန်းခပ်မျှ စည်ကားလှပါသည်။ သာသနာတော်အတွက် အားတက်မိသည်အထိ ပရိသတ်ကြီးကို ကြည့်ရှုအားရမိပါသည်။

ဟဲလေ့ဘ် ဓမ္မမာမကတို့က ကြောင်ပန်းဓမ္မဂီတိဖြင့် တရားတောင်းပန်ကြလေရာ သာယာငြိမ့်ညောင်းရှိလှပေ၏။ ကြောင်ပန်းဓမ္မဂီတိများမှာ ရွတ်ဆိုသူတို့ ရွတ်ဆို၍ ကောင်းရုံသာမက ကြားရသူတို့မှာလည်း အင်မတန် သာယာနာပျော်ဖွယ် ရှိပေသည်။ ပြေပြစ်သည်၊ ညက်ညောသည်၊ စီးဝါးလည်း မိလှသည်။ သာယာနာပျော်ဖွယ် ကောင်းလွန်းလှသဖြင့် ဓမ္မအရသာကို ကျော်လွန်ပြီး တဘက်စွန်းရောက်သွားမည်ကိုပင် စိုးရိမ်ရလောက်သည်။ ဤမျှအထိ သာယာနာပျော်ဖွယ် ကောင်းလှပေသည်။

တရားတောင်းဆုံးလျှင် ဒကာကြီး ဦးညိုပုက ဓမ္မကထိကနှင့် တရားနာတို့ အကြား၌ အဆက်အစပ်စကားကို အနည်းငယ် ပြောကြားသည်။ ထို့နောက် စာရေးသူအလှည့် ရောက်လာသဖြင့် ဟောကြားရန်ဓမ္မာရုံကျောင်းပေါ်သို့ ကြွရသည်။ ဓမ္မာရုံကျောင်းကြီး မဆံ့၍ လှေခါးပေါ်တလျှောက်၌ ထိုင်နေကြသော ပရိသတ်တို့မှာ ပြည့်ကျပ်နေသောကြောင့် ဓမ္မာရုံကျောင်းကြီးပေါ်သို့ တက်မဖြစ်တော့ပေ။ ထို့ကြောင့် သံဃာစင် ဘုရားခန်း တံခါးပေါက်ကိုဖွင့်၍ ထန်းလှေခါးကြီးကို ထောင်ပေးကြသည်။ စာရေးသူမှာ သူတို့ထောင်ပေးကြသော ဤထန်းလှေခါးကြီးအတိုင်း ကျောင်းပေါ်သို့ တက်သွားရသည်။

တော်ပါသေးသည်။ စာရေးသူစာ အရွယ်ကောင်းတုန်း သန်တုန်းမြန်တုန်း ဖြစ်နေလသောကြောင့် ချော်မကျအောင် ထိထိမိမိ ကိုင်တွယ်တက်နိုင်ပါသည်။ ဆရာတော် ဦးသံဝရလို အရွယ်ကြီးသူတို့ဆိုလျှင် ဤထန်းလှေခါးဖြင့် တက်နိုင်ရန် မလွယ်ကူပါ။ ဆရာတော် ဦးသံဝရမှာ

အရွယ်ကြီးရုံသာမက သူ၏ ခန္ဓာကိုယ်ကလည်း ဝလှပါသည်။ မတော်တဆ ချော်များကျလိုက်လျှင် ထိန်းနိုင်ကြမည်မဟုတ်။ အောက်ထိအောင် ဗုန်းဗုန်းသား ကျသွားမည်ဖြစ်၏။ ထိုကြောင့် ဆရာတော်ဦးသံဝရ အလှည့်ရောက်လျှင် တက်ရိုးတက်စဉ် လှေခါးမှ တက်ဖြစ်အောင် စီမံပေးကြရန်ကိုပင် ကြိုတင်ပြောကြား ထားလိုက်ရသေးသည်။ စာရေးသူသည် ထူးထူးခြားခြား ထန်းလှေခါးဖြင့်တက်၍ တရားဟောရသော ဤတရားပွဲကို မေ့နိုင်တော့မည်မဟုတ်ပါ။ ပြီးတော့ တက်ရသည့်ကျောင်းကြီးတလည်း နိမ့်နိမ့်မဟုတ်ပဲ အခြားဓမ္မာရုံများထက် ခြေတန်ပိုရှည်ပြီး မြင့်လှသောကြောင့် ဖြစ်ပါသည်။

သီလပေးပြီးနောက် "သံယောဇဉ်တရားတော်"ကို လိုရင်းချုံးပြီး တညဖြင့်အပြီး ဟောလိုက်ပါသည်။ တညတာ ကြားညှပ်ပြီးဟောရမည့် ဌာနဖြစ်၍ အပြီးမဟောလျှင် မဖြစ်သောကြောင့်ပါတည်း" ထို့နောက် ဆရာတော် ဦးသံဝရက "စတုစက္က သုတ်တော်" နှင့် "သတိပဋ္ဌာန်အလုပ်ပေး တရားတော်"ကို ဟောပြီးလျှင် တနားနားပရိသတ်တို့အား လက်တွေ့လည်း တရားထိုင် စေပါသေးသည်။

# ၂၄။ ဟဲလှော်မှ မော်လိုက်သို့

တန်ဆောင်မုန်းလဆုတ် ၃-ရက်နေ့။ အားလုံး ဆွမ်းကိစ္စပြီးကြပြီ။ အချိန်မှာ နေ့ ၁၁-နာရီ ဖြစ်၏။ မော်လိုက်သို့ သွားရန် ဟဲလှော် ဆိပ်ကမ်း၌ ချင်းတွင်း အစုန်သင်္ဘောကို စောင့်နေကြ၏။ ယနေ့ ဆောင်းဦးနေက ခပ်ပြင်းပြင်း ပူနေ၏။ ဟဲလှော် ဆိပ်ကမ်း၌ အရိပ်ခိုစရာ ဟူ၍ အဆောက်အဦလည်း မရှိ၊ သစ်ပင်လည်း မရှိ။ နေပူကျဲကျဲ သဲသောင်ပြင်ကြီးသာ ရှိသည်။ ထို့ကြောင့် ဟဲလှော်ဒကာတို့က ဝါးတိုင် လေးတိုင်ကို ထူ၍ ကန့်လန့်ကာကို အမိုးအကာပြု၍ ယာယီ တဲနန်း တခုကို ဆောက်လုပ်ပေးကြ၏။ ထိုတဲနန်းအတွင်း၌ တန်းလျားခုံတခု ကိုလည်း တည်ခင်းပေးကြသည်။ တရားဟောအဖွဲ့ ချမ်းချမ်း သာသာ သီတင်းသုံး၍ သင်္ဘောစောင့်နိုင်ရန် ဟဲလှော်ဒကာတို့က ယာယီဖန်ဆင်း ပေးကြခြင်းပင်။ ဤပစ္စည်းများကို တမိုင်ခရီး ဟဲလှော်မှ သယ်ဆောင် ကာ ဆောင်ရွက်ပေးကြခြင်းဖြင့် ဟဲလှော်ဒကာတို့၏ စေတနာ သဒ္ဓါ တရားကို သိနိုင်လေသည်။ တရားဟောအဖွဲ့သည် ထိုယာယီတဲနန်း၌ ခေတ္တ စခန်းချ၍ ချင်းတွင်း အစုန်သင်္ဘောကို စောင့်မျှော်နေကြသည်။

ချင်းတွင်းမြစ်အတိုင်း သဲသောင်ကျွန်းတခွင်ကို ကျော်ဖြတ် တိုက်ခတ် လာသော လေပြေ လေအေးကြောင့်၎င်း၊ ဟဲလှော်ဒကာတို့ ဆောက် လုပ်ပေးထားသော ယာယီတဲနန်း၏ အရိပ်ကို ခိုလှုံရသောကြောင့်၎င်း နေပူသော်လည်း ခေတ္တခဏမျှ ချွေးသိပ်ယင်း အေးအေးတိတ်တိတ် မှေးမှိတ်ခွင့် ရကြပါသည်။ ကိုယ်ချမ်းသာ စိတ်ချမ်းသာကို ရရှိကြ ပါသည်။

**ယာယီတဲနန်း ကျောင်းသမ်္ခမ်း ထူရကျိုး**

ဤယာယီ တဲနန်း၌ ခိုလှုံခွင့်ရသော တရားဟော အဖွဲ့မှာ ကာယသုခ စိတ္တသုခ အားလုံးလိုလို ရကြသလို ယာယီတဲနန်း အလှူရှင် ဟဲလှော်

ဒကာတို့ဌလည်း ကာယသုခ စိတ္တသုခအားလုံး ကောင်းကျိုးကို ရရှိနိုင်ကြပေသည်။

မှန်၏၊ ဗုဒ္ဓမြတ်စွာ လက်ထက်တုန်းက နတ်သားတယောက်က မြတ်စွာဘုရားအား ဤသို့လျှောက်ထားဘူး၏။

ကော စ သဗ္ဗဒဒေါ ဟောတိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဘန္တေ၊ ဘုန်းတော်နေဝန်း ထွန်းလင်း တောက်ပတော်မူသော မြတ်စွာဘုရား။ ကော စ၊ အဘယ်သို့သော ပုဂ္ဂိုလ်သည်ကား။ ဝါ၊ အဘယ်အရာကို လှူသော ပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ၊ အလုံးစုံ အလှူကို ပေးလှူသူမည်သည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ပုစ္ဆိတော၊ မေးလျှောက်အပ်သော (အမေးခံရသော) အရှင်ဘုရားသည်။ တံ၊ ထိုပြဿနာကို။ မေ၊ တပည့်တော်အား။ အက္ခာဟိ၊ ဖြေကြားတော်မူပါ အရှင်ဘုရား။

ဤကား—နတ်သား တယောက်၏ လျှောက်ထား ချက်တည်း။ ထိုအခါ မြတ်စွာဘုရားက ဤသို့ ဖြေကြားတော်မူ၏။

သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။

ဒေဝပုတ္တ၊ သိလိုရေးနဲ့ မေးလျှောက်ထား အမောင် နတ်သား။ ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပဿယံ၊ မှီခို၍ နေထိုင်စရာ ကျောင်းကို။ ဒဒါတိ၊ ပေးလှူ၏။ သော စ၊ ကျောင်းကို လှူသော ထိုပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒဒေါ၊ အလုံးစုံကို ပေးလှူသည်။ ဟောတိ၊ ဖြစ်၏။ ဤကား မြတ်စွာဘုရား၏ ဖြေကြားချက်တည်း။

ကျောင်းတခု လှူရုံမျှဖြင့် အလုံးစုံကို လှူသည်မည်ပုံမှာ ဆွမ်းမရှိလို့ မစားရသော်လည်း ကျောင်းခန်းထဲ ဝင်နေလိုက်လျှင် နေသာထိုင်သာ ရှိပြီး အားလည်းရှိလာ၏။

ရုပ်ရည်အဆင်းလည်း ကြည်လင်လာနိုင်သည်။ ကိုယ်ထဲမှာ ချမ်းသာလာပြီး စိတ်ထဲ၌လည်း ချမ်းသာလာနိုင်သည်။ မျက်စိလည်း ကြည်လင်လာနိုင်သည်။ ဤသို့ အစရှိသော ကောင်းကျိုး ချမ်းသာများကို

ကျောင်းတွင်းမှာ နေရသည့်သူများ ရရှိနိုင်သည်။ ထို့ကြောင့် ကျောင်း အလှူရှင်သည် အလုံးစုံကို ပေးလှူသည် မည်သည်ဟု ဘုရားရှင်က ဟော တော်မူ၏။ ထို့ကြောင့် ဤယာယီတဲနန်း ဆောက်လုပ်သူဒါနီးသူ ဟဲလျော် ဒကာတို့လည်း ဤဆိုခဲ့ပြီးသော ကောင်းကျိုးချမ်းသာ အား လုံးကို ရရှိခံစားနိုင်ကြပေမည်ဟု ဆိုရသည်။

တရားဟော အဖွဲ့သည် အိပ်ရာမှ နိုးလာသည့်အခါ မျက်နှာသစ်လို ရုံသာမက မြစ်ရေအေးအေးကိုကြည့်ပြီး ရေလည်း ချိုးချင်လာကြသည်။ ထို့ကြောင့် ဆိပ်ကမ်း၌ ဆိုက်ကပ်ထားသော လှေအနီးသို့ ချဉ်းကပ်ကာ ချင်းတွင်းမြစ်ရေကို အားရပါးရ ချိုးကြ၏။ မြစ်ရေကား အေးမြ၏။ ချိုးပြီးလျှင် တကိုယ်လုံး သန့်ရှင်းကြည်လင်သွားသည်။ အားအင် တောင့်တင်းလန်းဆန်းလာသည်။ ရေချိုးပြီး၍ ယာယီ တဲနန်းအတွင်းသို့ ရောက်ကြသည့်အခါ အခြားသူတို့က စကားစမြည် ပြောလျက် ရှိနေ ကြသော်လည်း ဒကာကြီး ဦးညီပုမှာ ဟဲလျော်ဆရာတော်ထံမှ ငှါးလာ ခဲ့သော ဘုရားဖြူဆရာတော်၏ "သာသန ဗဟုသုတ ပကာသနီ" ကျမ်း ကြီးကို ကြည့်ရှုနေပေသည်။

နေ့ ၁၂-နာရီထိုးသော် ဖောင်းပြင်ရိပ်သာ ဆရာတပည့်တစုတို့သည် တရားဟောအဖွဲ့အား နှုတ်ဆက်ကြပြီးနောက် အလာတုန်းက စီးလာခဲ့ ကြသည့် မော်တော်ဖြင့်ပင် ဟဲလျော်ဆိပ်မှ ဖောင်းပြင်သို့ ဆန်တက် သွားကြလေတော့သည်။ ဦးထွန်းဖေ(သရောင်း)တယောက်သာ စာရေး သူတို့နှင့် ရှေ့ဆက်လိုက်ရန် ကျန်ရစ်သည်။

အတော်ညနေစောင်းမှပင် ချင်းတွင်းအစုန် သင်္ဘောက ဟဲလျော်သို့ ဆိုက်ရောက်လာတော့သည်။ သင်္ဘောပေါ်သို့ လှေဖြင့်ကူးကာ တက် ကြရသည်။ ရေတိမ်၍ ကမ်းစပ်ထိအောင် သင်္ဘောဆိုက်ကပ်၍မရသော ကြောင့်တည်း။ ယွက်ခွါချိန်ရောက်၍ သင်္ဘော ထွက်ခွါသည့် အခါ ဟဲလျော်ဒကာတို့က ရှိခိုးနှုတ်ဆက်ယင်း ဟဲလျော်ဆိပ်ကမ်း၌ ကျန်ရစ်ခဲ့ ကြလေသည်။ သင်္ဘော အထက်တန်းအရာရှိ ဦးလွင်ဆိုသူက ပင်မှည့် လိုမ္မော်ရည်များကို ဆက်ကပ်သည်။

## ရေလယ် ကျောက်ချ အိပ်ကြပြီးသော် မော်လိုက်အဆိုက်–ရှပ်ရှင်ရိုက်သည်

"လမ်းခရီးမှာ မလှ၊ အောက်တောင်း၊ ဟဲနိမ့်နှင့် ရွှေပလ္လင်တောင် များကို ရောက်ယင် ပြောပြပါအုံး"ဟု . သရောင်း ဦးထွန်းဖေအား မှာကြားထားရသည်။ မှာကြားထားသည့်အတိုင်း ရောက်သည့်အခါ ဦးထွန်းဖေကလည်း လက်ညှိုးထိုးကာထိုးကာ ပြရှာပါ၏။ သို့သော် "နေဝင်လျှင် တိမ်တောက် ပျိုကြောက်တဲ့ ဒီအချိန် မှိုင်းအုံ့လို့မှိန်" သော အချိန်သို့ ရောက်နေပြီဖြစ်သောကြောင့် "အင်း....အဲ...."နှင့်သာ ခေါင်းညိတ်ခဲ့ရသည်။ ကွဲကွဲပြားပြား မှတ်မှတ်သားသားကား မမြင်ခဲ့ရ တော့ပါ။ ဤဌာနများကို မြင်လိုခြင်းမှာ မောင်းခမ်း ဦးဖိုးအို ပြောပြ လိုက်သည့် မိုးကောင်းမင်းတြားကြီးနှင့် မလှ, အောက်တောင်း, မောင် ကန် မနန်းခမ်းတို့ ဇာတ်လမ်း၌ ပါဝင်နေသောကြောင့်ပါတည်း။

ည ၉–နာရီခွဲ အချိန်ရောက်လေမှ ပန်းသာ၏အောက် ဆင်းတပ်၏ အထက် ၂-ခုစပ်ကြားသို့ ရောက်သည်။ ဤတွင်ပင် ရေလယ်ကျောက်ချ အိပ်ကြရ၏။ သင်္ဘောအချိန် နောက်ကျသောကြောင့် မော်လိုက်သို့ မရောက်တော့ပေ။

## သင်္ဘောပေါ်မှာ အရှက်ဆွမ်း

တန်ဆောင်မုန်းလဆုတ် ၄-ရက်နေ့။ နံနက် အရှဏ်ကား တက်ခဲ့ပြန် လေပြီ။ သင်္ဘောဦးခန်း၌ စားပွဲဘေးရှိ ထိုင်ခုံများပေါ်ဝယ် ဆရာတော် ဦးသံဝရနှင့်အတူ နံနက်အရှဏ်ဆွမ်း ဘုဉ်းပေးကြရန် ထိုင်နေကြ၏။ ထိုအခါ ဒကာကြီး ဦးခင်မောင်က အခြား ရဟန်းတော် ၂-ပါးကို လည်း အရှဏ်ဆွမ်းကပ်ရန် ပင့်လာခဲ့၏။ တပါးက ကယားရွာ ဆိပ် ကမ်းမှ တက်ရောက်ပါလာသော ရဟန်းတော်ဖြစ်၍ တပါးက မန္တလေး မစိုးရိမ်တိုက်မှ ဆိုသော ရဟန်းတော် ဖြစ်လေသည်။ ဖောင်းပြင် ဒေါ်ဉာဏဝတီတို့ ဟဲလျှော်မှ ပြန်ခါနီး၌ ချက်ပြုတ် စီစဉ်လှူဒါန်းသော ထမနဲဆွမ်း၊ ပေါင်မုန့်ဆွမ်း၊ကြက်သားဟင်းများနှင့် လက်ဖက်ရည်တို့ကို ဒကာကြီး ဦးညီပုက ဆက်ကပ်၏။ အားလုံး မြိန်မြိန်ရှက်ရှက် ဘုဉ်း ပေးကြသည်။

ဆောင်းဦးဖြစ်သော်လည်း နှင်းများမှာ အဆမတန် ပိန်းပိတ်အောင် ကျလျက်ရှိသည်။ မြေပြန့်မှာဆိုလျှင် ဤချိန် ဤကာလမျိုး၌ နှင်းကျမှန်းပင် မသိရသေး။ နံနက်လင်း၍ မြက်ပင်ကလေးများ၌ နှင်းများ တွဲရရွဲ ခိုနေသည်ကို တွေ့ရမှသာ နှင်းကျကြောင်း သိနိုင်သည်။ အထက်ချင်းတွင်း ဒေသတခွင်၌မူ မိုးကောင်းသလောက် နှင်းများကလည်း ဝေလျက်ရှိနေသည်။ ထို့ကြောင့် မော်လိုက်သွားသင်္ဘောမှာ ထွက်ချိန်၌ မထွက်နိုင်ပဲ နှင်းကွဲအောင် စောင့်နေရသေးသည်။ သို့သော် ယနေ့တော့ မော်လိုက်ကို ရောက်ရတော့မည်မှာ သေချာပါ၏။ ဤတွင် တညအိပ်၍ စောင့်ရသဖြင့် တရားဟော အဖွဲ့များမှာ မော်လိုက်တရားပွဲ တည နောက်ကျသွားခဲ့ရသည်။

မော်လိုက် တရားပွဲ ဖြစ်မြောက်ရေးအတွက် ကလေးဝ ယောဂီ ဦးမြရင်အား စီစဉ်ပေးပါရန် ဒကာကြီး ဦးညီပုက ကြိုတင်၍ လှမ်းပြီး အကူအညီတောင်းထားပြီး ဖြစ်၏။ မော်လိုက်သာမက တရားပွဲအစီအစဉ်များကိုပါ ဦးမြရင်က ဆောင်ရွက်ပေးရန် ဖြစ်လေသည်။ မော်လိုက်ရောက်လျှင် ဦးမြရင်ကသော်၎င်း၊ ဦးမြရင်က ကိုယ်စားလှယ် လွှတ်ထားသူကသော်၎င်း ကြိုနှင့်ပေမည်ဟု မျှော်လင့်ရပါသည်။

နှင်းကွဲအောင် စောင့်နေရသောကြောင့် နံနက် ၇-နာရီနှင့်မိနစ်-၄၀-မှာ သင်္ဘောထွက်ခဲ့နိုင်သည်။ နံနက် ၉-နာရီခွဲအချိန်၌ မော်လိုက်ဆိပ်ကမ်းသို့ ဆိုက်ရောက်လေသည်။ဆိပ်ကမ်းသို့ ရောက်သော်လည်း သင်္ဘောမှာ ဆိပ်ကမ်းသို့ ရှတ်တရက် ကပ်ခွင့်မရသေး။ ဆိပ်ကမ်း၌ လူတွေ တရှန်းရှန်း ဖြစ်နေသောကြောင့် ဖြစ်သည်။

"စေလိုရာစေ" ရုပ်ရှင်ရိုက် အဖွဲ့က ဇာတ်လမ်း၌ ဤချင်းတွင်း သင်္ဘောပါရှိနေသောကြောင့် အကူအညီ တောင်းထားသည်ဟု နောက်မှ သိရသည်။ သာ၍ လူတွေစည်ကားနေသည် မှာလည်း ထိုဇာတ်ကား၌ မော်လိုက်သူ မင်းသမီးတယောက်ပါဝင်နေခြင်း၊ မော်လိုက်မြို့လည်း ပါဝင်နေခြင်းကြောင့် မော်လိုက်မြို့သူ မြို့သားတို့က စိတ်ပါဝင်စားလျက် ရှိကြရကား အားအားရှိသူတိုင်းက လာရောက် ကြည့်ရှုနေကြခြင်းကြောင့် ဤသို့ ကမ်းလုံးညွတ်မျှ စည်ကားနေကြခြင်း ဖြစ်ပေသည်။

မော်လိုက် မြို့သားတို့က လူတို့မင်းသမီးနှင့် သူတို့မြို့ ဇာတ်ကား၌ ပါဝင်နေ၍ စိတ်ပါဝင်စားကြသည်ဟု အကြောင်းပြနိုင်သော်လည်း ဤလိုအကြောင်းပြစရာ တခုမျှ မပါသော သင်္ဘော ခရီးသည်တို့ကလည်း သင်္ဘောပေါ်မှ နေ၍ စိတ်ပါဝင်စားကြည့်ရှု ကြသောကြောင့် သင်္ဘောကြီးမှာ တဘက် စောင်းယောင် ဖြစ်သွားရာ " ဘုရား .... ဘုရား....မှောက်တော့မှာလေလား"ဟု မှတ်ထင်ကြရသည်။ သင်္ဘောဝန်ထမ်းများက ကိုယ့်နေရာကနေ ပြန်ကြည့်ကြရန် မနဲ တောင်းပန်တော့မှ သင်္ဘောကြီး မမှောက်ပဲ ပြန်လည် တည့်သွားတော့သည်။ သင်္ဘောမမှောက်ပေ၍ တော်ပါသေးသည်။

ဆရာတော် ဦးသံဝရနှင့် စာရေးသူတို့ကို ရုပ်ရှင်ဇာတ်ကားထဲ ပါသွားမည်စိုးသောကြောင့် သင်္ဘောခန်းမှ ထွက်မကြည့်ကြဖို့ ဒကာကြီး ဦးညီပုက တတွတ်တွတ် တောင်းပန်နေသောကြောင့် ထွက်မကြည့်ကြရတော့ပဲ သင်္ဘောခန်းတွင်း ကုပ်နေလိုက်ကြရသည်။ သို့နှင့်ပင် ဆရာတော် ဦးသံဝရက အညောင်းဆန့်သလိုလို ဘာလိုလိုလုပ်ပြီး သင်္ဘောခန်းအပေါက်နားသို့ စွေ့ကနဲငွေ့သွားလိုက်သေးသည်။ "ရုပ်ရှင်ရိုက်တာများ တခါမှ မမြင်ဘူးဘူး" ဟူ၍ လည်း အမိန့် ရှိလိုက်သေးသည်။

# ၂၅။ မော်လိုက်မြို့၌ သတိပဋ္ဌာန်တရားတော်က ဆက်သွယ်ပေး၍ ဓမ္မမာမကချင်း ရင်းရင်းနှီးနှီး

ဆိပ်ကမ်းသို့သင်္ဘောဆိုက်ကပ်သော်လည်း တရားဟောအဖွဲ့ကို မည်သူမျှ လာရောက် ကြိုသည်ကို မတွေ့ရပါ။ မည်သူမျှအကြို မလာလျှင် ကလေးဝသို့ ဆက်လိုက်သွားကြရမည်။ ထို့ကြောင့်သင်္ဘောပေါ်မှမဆင်းကြပဲ အကြိုလာစရာလိုလားဟု စောင့်ကြည့်နေကြသည်။ တခဏလောက်ကြာမှ ဒကာမကြီးတယောက်က "အရှင်ဘုရားတို့ ဘယ်ကြွ ကြမှာပါလဲဘုရား" ဟု လာရောက် လျှောက်ထားသဖြင့် မိမိတို့က ၎င်းဒကာမကြီးအား အကျိုးအကြောင်း ပြောပြလိုက်ကြ၏။ ထိုအခါမှ ကလေးဝဦးမြရင်က လှမ်း၍ မော်လိုက်သို့ ဆက်သွယ်ထားသူတို့မှာတရားပွဲ ကျင်းပရန် မရေမရာ ဖြစ်နေသည်ကို ဤဒကာမကြီးက တဆင့် ကြားရသောကြောင့် လာရောက်ကြိုဆိုနေခြင်းဖြစ်ကြောင်း သိရတော့သည်။

ဒကာမကြီးက ကြိုဆို၍ ဒကာမကြီးတို့ အိမ်သို့ တရားဟောအဖွဲ့က လိုက်ပါသွားကြရ၏။ ထိုအိမ်မှာ မော်လိုက်မြို့ ဦးချစ်လှိုင်၊ ဒေါ်သိန်းတင်နှင့် မိခင် ဒေါ်စောယုတို့ အိမ်ဖြစ်သည်။ ယခုလာကြိုသူ ဒကာမကြီးမှာ ဒေါ်သိန်းတင် ပင် ဖြစ်ပေသည်။ သူတို့ အိမ်သား တစုမှာ ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ၌ တရား အားထုတ် ဘူး သူ များ ဖြစ်ကြရာ ယမန်နှစ်က ရန်ကုန်သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသုဇာတကြွ ရောက်လာရာ၌ ဤအိမ်မှာပင် တည်းခိုပြီး တရားချီးမြှောက်ဟောကြားသွားကြောင်း လျှောက်ထားကြ၏။ တရားအားထုတ်ဘူးသူများဖြစ်ကြ၍ စကားစပ်မိသွားကြရာ၌ တရားဟောအဖွဲ့နှင့် စိမ်းမနေတော့ပဲ ရင်းနှီးပြီးသား ဖြစ်သွားပါတော့၏။

ဆွမ်းစားချိန်ရောက်သည့်အခါ ဤဒေါ်သိန်းတင်တို့အိမ်မှာပင် အိမ်သူ အိမ်သားများနှင့် တခြားအိမ်များမှ ဦးစံသူ သမီးဒေါ်သောင်းတင်တို့ကဝင်း၊ဒေါ်အုံးတင်၊ဒေါ်သိန်းခင်၊နွဲ့နွဲ့စသူတို့ကဝင်း၊ စုပေါင်း ဆက်ကပ်ကြသော ဆွမ်းကိုဘုဉ်းပေးကြရ၏။ဆွမ်းစားနေစဉ် ဒကာကြီးဦးညိပုမှာ မော်လိုက်ဒကာတို့နှင့် ယနေ့ညမှာပင် တရားပွဲဖြစ်မြောက်ရန် ဆွေးနွေးလျက် ရှိနေသည်။ ဆရာတော်များ ဘုဉ်းပေးပြီးမှ အိမ်မှ ထွက်လာခဲ့သော်လည်း ဒကာကြီး ဦးညိပုတို့မှာ ထမင်းစားယင်း ဆွေးနွေးဖွယ်ရှိသည်များကို ဆွေးနွေးယင်း အိမ်မှာပင် ကျန်ရစ်ခဲ့ကြသည်။

## မြို့မကျောင်းမှာ တည်းခိုကြသည်

ဆွမ်းကိစ္စ ပြီးသောအခါ ဒကာကြီး ဦးချစ်လှိုင်က ဆရာတော်ဦးသံဝရနှင့် စာရေးသူကို မြို့မကျောင်း ဆရာတော်ဘုရားကြီးထံလိုက်ပို့သည်။ ရောက်လျှင် ဆရာတော်ဘုရားကို ကန်တော့ကြပြီးနောက် ဆရာတော်ဘုရားကြီးနှင့် ဝမ်းပန်းတသာ ပြောဆို လျှောက်ထားဖွယ်တို့ကို ပြောဆို လျှောက်ထားကြ၏။ ဆရာတော်ဘုရားကြီးမှာ သက်တော် ၇၀-ကျော်ပြီဖြစ်၍ ဇရာထောင်းကာ ကျန်းမာရေးပင် မကောင်းလှတော့ပါ။ သို့နှင့် ဆရာတော်ဘုရားကြီးကို ကြည့်ပြီး "မိမိလည်းမသေလို့နေရလျှင် ဤဆရာတော်ဘုရားကြီးကဲ့သို့ အိုရ၊နာရအုံးမှာပါတကား" ဟု ဇရာဗျာဓိဒုက္ခသဘာဝကို ဆင်ခြင်မိပါတော့သည်။

ဆရာတော်ဘုရားကြီးက နှစ်ပါးစလုံးကို ဓမ္မာရုံကြီး ဦးခန်း၌ နေရာချပေးတော်မူ၏။ဆရာတော်ဘုရားကြီး၏ လက်ထောက်များမှာ ဦးပရမ၊ ဦးသုဇာတ၊ ဦးသောဘိတတို့ ဖြစ်ကြသည်။ နေရာထိုင်ခင်းများကို ထိုရဟန်းတော်တို့က ပြင်ဆင်ပေးကြ၏။ ထိုရဟန်းတော်များမှာ ကာလေးသာသနာ့ရိပ်သာ၌ သတိပဋ္ဌာန် ဝိပဿနာကရားကို အားထုတ်ခဲ့ဘူးပြီဖြစ်ကြောင်း စကားစပ်မိ၍ သိရသည်။သတိပဋ္ဌာန်တရားတော်က ဆက်သွယ်ပေးသဖြင့် အချင်းချင်းရင်းနှီးပြီ သား ဖြစ်သွားကြပါတော့သည်။ မြို့မကျောင်း၌ အားလုံးသံဃာတော် ၉-ပါးရှိကြောင်း သိရသည်။

ကျောင်းဝိုင်းကြီးမှာ ကျယ်ပန်းလှပေသည်။ ကျယ်ဝန်းသလောက်လည်း ကျောင်းအဆောက်အဦနှင့် ဥယျာဉ်များက သူ့နေရာနှင့်သူ ရှိနေ

သောကြောင့် ကျယ်ပြန့်သည်ဟူ၍ပင် မထင်ရပါ။ မြစ်ကမ်းအနီး၌ဖြစ်ရာ ကျောင်းကို ချင်းတွင်းမြစ်က ရှုခင်းသာအဖြစ် တန်ဆာဆင်ပေးလျက် ရှိ၏။ ချင်းတွင်းမြစ် ရှိသော ကျောင်းဦးဖက်၌ စေတီတော်ကလေးများက စီတန်းစံပယ်တော်မူလျက် ရှိကြသည်။ မြစ်ကမ်းအတိုင်း ခရီးသွားလာကြသော ခရီးသည်များ ဖူးမျှော်ကြည်ညိုကြရန် အင်မတန်အဆင်ပြေလှသည်။ မြစ်ကမ်းအတိုင်း ဖောက်လုပ်ထားသော ကမ်းနားလမ်းကလည်း ကျောင်းအရံနှင့် ကပ်လျက်ရှိပြန်ရာ ကျန်းမာရေး အတွက် လမ်းလျှောက်ရန် အသင့်ဖြစ်သည်။

ည ၇-နာရီ၌ မြို့မကျောင်း ဓမ္မာရုံဝယ် တရားပွဲ ကျင်းပလေသည်။ ပထမညဖြစ်သည့်အပြင် ရုတ်တရက် ကျင်းပရသောကြောင့် ပရိသတ်မှာ မစည်ကားလှပါ။ ၃၀၀ (သုံးရာ) ခန့်သာ လာရောက်နာကြားကြသည်။ ရှေးဦးစွာ ဒကာကြီး ဦးခင်မောင်နှင့် ဦးညီပုတို့က မိတ်ဆက်စကားများကို ပြောကြားကြသည်။ ထို့နောက် စာရေးသူက—

"သတိပဋ္ဌာန် ကြွေးကြော်သံ တရားတော်" ကို ဟောကြားသည်။ ထို့နောက် ဆရာတော်ဦးသံဝရက "အလုပ်ပေး တရားတော်" ကို ဟောကြားတော်မူသည်။ ယနေ့ညအဖို့ မော်လိုက်မြို့၌ သတိပဋ္ဌာန်တရားရနံ့သည် သင်းပျံ့ကြိုင်လှိုင်သွားလေသတည်း။

## မော်လိုက်မြို့ဟူသည်

မော်လိုက်မြို့ ရောက်သောအခါ မော်လိုက်မြို့ အကြောင်းကိုလည်း စုံစမ်းဖော်ပြလိုက်ရပါဦးမည်။ မော်လိုက်မြို့သည် အထက် ချင်းတွင်းခရိုင်၏ ရုံးစိုက်မြို့ဖြစ်သည်။ မော်လိုက်နယ်၌ မော်လိုက်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ကလေးဝမြို့နယ်တို့ ပါဝင်သည်။ မော်လိုက်မြို့၏ လူဦးရေမှာ ၁၉၆၂-ခုနှစ် ခန့်မှန်း သန်းခေါင်စာရင်းအရ ၃၄၂၆-ယောက်ရှိသည်။

မော်လိုက်မြို့သည် ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသည်။ မြစ်လမ်းအတိုင်း ပခုက္ကူမြို့မှ ၂၅၅-မိုင် ကွာဝေးသည်။ သဘောဆိပ်မြို့ ဖြစ်သည့်အလျောက် သွားရေး လာရေးအတွက် ရေကြောင်းကို

အားကိုးရသည်။ မော်လိုက်မြို့သည် ရုံးများနှင့် သတော်ဆိပ်တို့ကြောင့် အချက်အချာ ဖြစ်သော်လည်း လူနေအိမ်ခြေ နည်းပါးသည်။

မော်လိုက်မြို့သည် မြစ်ကမ်းနှင့် ၂-မိုင်ခန့်ဆီ ဝေးကွာသော တောင်တန်းကလေးများ၏ အကြား၌ တည်ရှိသဖြင့် သားငါး ပေါများသော်လည်း ဆန်အထွက်မလောက်သဖြင့် အောက်အရပ်ကို အားထားရသည်။ မော်လိုက်မြို့၌ ၅-ရက်တစျေးသာရှိသည်။

မော်လိုက်မြို့မှာ ရှေးအခါက အိမ်ခြေများသော ရွာကြီးတရွာမျှသာ ဖြစ်သည်။ ခရစ် ၁၉၁၇-ခုနှစ်တွင်မှ ကင်းတပ်မြို့မှ အရေးပိုင်ရုံးကို မော်လိုက်သို့ ပြောင်းရွှေ့သဖြင့် ခရိုင်ရုံးစိုက်မြို့ ဖြစ်လာသည်။ ဤကား မြန်မာ့စွယ်စုံကျမ်းမှ ထုတ်နုတ် ဖော်ပြသော မော်လိုက်မြို့ အကြောင်းတည်း။

## မော်လိပ်မှ မော်လိုက်

ထို့ပြင် စာရေးသူရောက်ခိုက် တွေ့မြင်ကြားသိရသမျှ မော်လိုက်မြို့ အကြောင်းကိုလည်း ဆက်လက်ဖော်ပြပါဦးမည်။

မော်လိုက်ဟူသော အမည်မှာ "မော်လိပ်" ဟူသော ရှမ်းစကားမှ အသံပြောင်းလဲလာခြင်း ဖြစ်သည်ဆို၏။ မြန်မာလို "သံဒယ်အိုး" ဟူ၍ ဖြစ်သည်၊ ဤမော်လိုက်မြို့မှာ တောင်ပတ်လည် ဝိုင်းနေသော ချိုင့်ဝှမ်းမြေ၌ တည်ထားသောကြောင့် "သံဒယ်အိုးကြီး" လှန်ထားသည်နှင့် တူနေသည်။ ထို့ကြောင့် "ဒယ်အိုးမြို့" ဟု ဆိုလိုပေသည်။

မြို့ပတ်ဝန်းကျင်၌ စပါးခင်း, ပဲခင်း, ဥယျာဉ်ချောင်းမြောင်းများဖြင့် စိမ်းရောင်စိုနေသည်။ ၎င်းတို့၏ နောက်၌ ညို့မှိုင်းသော တောနှင့် တောင်တန်းကြီးရှိသည်။ မော်လိုက်မြို့မှာ ခရိုင်မြို့ ဖြစ်သည့်အတိုင်း ခရိုင်ရုံး, ရဲဌာန, ဆေးရုံ, သစ်တောဌာန, သစ်ထုတ်လုပ်ရေး အထက်တန်းကျောင်း, ရုပ်ရှင်ရုံ, ဈေး စသည်ဖြင့် ခေတ်မြို့အင်္ဂါ အပြည့်အစုံရှိသည်။

ဘာသာရေး အဆောက်အဦများလည်း မလိုလှပေ။ ဘုန်းတော်ကြီးကျောင်း ၇-ကျောင်းနှင့် ဓာတ်ပေါင်းစေတီ၊ ဒီပင်္ကရာ ဘုရားဟူ၍

ထင်ရှားသော ဘုရား ၂-ဆူလည်း ရှိသည်။ ရှမ်းနှင့် ဗမာအများနေထိုင်ကြသောမြို့ ဖြစ်သည်။ အမှုထမ်း အရာထမ်းနှင့် လယ်ယာ ဥယျာဉ်အရောင်းအဝယ်များ လုပ်ကိုင် အသက်မွေးကြသည်။ စပါး၊ ပဲမျိုးစုံ၊ ကြိမ်၊ ဝါး၊ သစ်များလည်း ထွက်သည်။ ယခု အိမ်ခြေမှာ တထောင်ခန့်ရှိသည်ဟု သိရလေသည်။ ဤကား စာရေးသူ တွေ့မြင်ကြားသိရသမျှ မေ်လိုက်မြို့ အကြောင်းတည်း။

## ထုံကျဉ်ကပ် ဗုံစဉ်ပတ်

တန်ဆောင်မုန်းလဆုတ် ၅-ရက်နေ့။ အရုဏ်ဆွမ်းရော နေ့ဆွမ်းပါ ဦးချစ်လှိုင်တို့ အိမ်မှာပင် စုပေါင်းဆက်ကပ်ကြသည်။ နေ့ဆွမ်းဘုဉ်းပေးပြီးလျှင် မေ်လိုက် ဒကာကြီးများနှင့် စကားစမြည် ပြောကြ၏။ စကားပြောကြရာမှ ဒကာတယောက်က—

"အရှင်ဘုရားတို့ ဆွမ်းဘုဉ်းပေးပြီး သိပ်ကျိန်းတော် မမူကြပါနဲ့ဘုရား။ အအေးလွန်လို့ ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းပြီး ထုံကျဉ်လာတတ်တယ်။ အကြောတွေလဲ ကပ်လာတတ်တယ်။ တပည့်တော်တို့ဆီမှာ 'ထုံကျဉ်ကပ်' ဖြစ်ယင်တော့ 'ဗုံစဉ်ပတ်'နဲ့ သုသာန်သွားရတတ်တယ်လို့ရှေးစကားရှိတယ်"ဟု သတိပေး လျှောက်ထား၏။

"အိုဗျာ-ဒါက အယင်တုန်းကပါ။ အခု ဒါလောက်မဟုတ်ပါဘူး။ ဒါပေမယ့် အရှင်ဘုရားတို့က တနယ်သား ဆိုတော့ ဆင်ဆင်ခြင်ခြင်တော့ နေကြဖို့ပေါ့ဘုရား" ဟု ဒကာ တယောက်က အယင်လူ၏စကားကြောင့် ဘုန်းကြီးတွေ လန့်ကုန်မှာ စိုးရိမ်ဟန်ဖြင့် ထပ်လောင်းဖြေဖျောက် လျှောက်ထားလေ၏။ အတန်ငယ် စကားစမြည် ပြောပြီးနောက် ဆရာတော် ဦးသံဝရနှင့် အတူ တည်းခိုရာ မြို့မကျောင်းသို့ပြန်ခဲ့ကြသည်။ ကျောင်းရောက်၍ အိပ်ရာထဲ ခေတ္တ လဲလျောင်းကြရာ၌—

"ဦးဣန္ဒက သိပ်မကျိန်းနဲ့နော်၊ တော်ကြာ "ထုံကျဉ်ကပ်ဗုံစဉ်ပတ်နဲ့ကြွနေရဦးမယ်" ဟု ဆရာတော် ဦးသံဝရက ခနဲ့တဲ့တဲ့ ဆိုပြန်လေ၏။ ကျောချမ်းပြီး ဖြန်းကနဲ ကြက်သီးထသွားသဖြင့် ပျော်အောင် မအိပ်ရဲတော့ပါ။ ပျော်အောင်မအိပ်ပါပဲလျက်ပင် ထုံလာသလိုလို ကျဉ်လာ

သလိုလို ဟိုနားဒီနားက အကြော ကပ်လာသလိုလို ထင်နေမိပါသည်။ "အင်း....ဒီအတိုင်းတော့ မဖြစ်သေးဘူး။ ရှုမှတ်ပစ်လိုက်မှ ဖြစ်မယ်"ဟု ဆင်ခြင်ပြီး သတိပဋ္ဌာန် အမှတ်တရားဖြင့် ဖြေဖျောက် ပစ်လိုက် ရပါသည်။

## ဆေးနည်းကောင်းများ

ကိုယ်ခန္ဓာ ကျန်းမာရေးအတွက် မျှတစေရန် ခေတ္တမျှ အိပ်ရာပေါ် လဲလျောင်းကြပြီးနောက် ဆရာတော်ဦးသံဝရနှင့်အတူ မြို့အနောက်ဖျား ကတ္တရာစေး လမ်းအတိုင်း လျှောက်ခဲ့ကြသည်။ မြို့အဆုံး ရောက်လျှင် လမ်းခွဲကလေး တကြောင်းကို တွေ့ရ၏။ ထိုလမ်းခွဲကလေး အတိုင်း လိုက်သွားရာ တံတား တခုကို ကျော်ဖြတ် ပြီးနောက် တောစပ်ရှိ ကျောင်းတကျောင်းသို့ ရောက်သွားကြသည်။ ထိုကျောင်းဘုန်းတော် ကြီးနှင့် စပ်မိစပ်ရာ ပြောကြယင်းက "ဆေးနည်းကောင်းကလေးများ ရှိလျှင် စွန့်ပါရန်" ထို ဘုန်းတော်ကြီးထံ ဆရာတော် ဦးသံဝရက လျှောက်ထားကာ ဆေးနည်းကောင်း တောင်းလေ၏။ ထို့ကြောင့် ထိုဘုန်းတော်ကြီးက-

## ငှက်ဖျားပျောက်ဆေး

" ကြက်ဟင်းခါးရွက်၊ ပင်စိမ်းနက်ရွက်၊ ဒန့်သလွန်ရွက် များက တဆုပ်စီနှင့် ဆားတမှုးသား၊ လေညှင်းငါးပွင့် ၎င်းတို့ကို ရောပြီး နာနာကြိတ်ပါ။ ၎င်းအရည်ကို မျက်စဉ်းလည်း ခတ်၊ အနည်းငယ်လည်း သောက်ပါ။ ငှက်ဖျားမှန်လျှင် အပြတ်အရှင်း ပျောက်ကင်းပါတယ်" ဟူ၍ရင်း။

## ရေယုန်ပျောက်ဆေး

" အရှင်နေမင်း (လူနာမည်နှင့် မွေးနေ့အမည်) သားသမီး မှာ ရေယုန် ပေါက်နေပါတယ်။ အရှင် လ, မင်းကို ပြောလိုက်ပါ" လို့ မွန်းတည့်ချိန်မှာ နေကို ကြည့်၍ လူနာကိုယ်တိုင် ၇-ခါပြောပါ။ နောက်နေ့မှာ ပျောက်စင်းမည်"ဟူ၍ရင်း။

## ဝက်ခြံစွယ်ဖြူပျောက်ဆေး

"ရှိန်းခို၊ ပြုတ်ကောင်း၊ နွေပဲရွက်၊ ၄-ပဲသားစီစုပါ၊ ၎င်းတို့ကို ကြိတ်၍ ဝက်ခြံပေါက်သော နေရာအုံပေးပါလေ၊ လက်တွေ့ ပျောက်ကင်းပါတယ်"ဟူ၍ရှင်း မိန့်တော်မူပါသည်။ ထိုဆေးနည်းပေးလိုက်သော ဘုန်းတော်ကြီးကျောင်းမှာ တံတားဦးကျောင်းဟု သိခဲ့ရသည်။

## ကမ္မဝါဖတ်သော ကုလားမကြီး

ထိုနောက် ဆရာတော် ဦးသံဝရနှင့် စာရေးသူတို့သည် တံတားဦးကျောင်းမှ ထွက်ခဲ့ကြ၏။ သွားယင်းသွားယင်း တောကြို မြောင်ကြားထဲ၌ ကုလားမကြီးတယောက် နွားကျောင်းနေသည်ကိုတွေ့ရာ ဆရာတော် ဦးသံဝရက—

"ဒကာမကြီး....နွားကျောင်းရတာ မပျင်းဘူလား"ဟု ကုလားမကြီးအား လှမ်းမေးလိုက်သည်။ ထိုအခါ—

"ပျင်းတယ်လို့ ဘယ်ဟုတ်ပမလဲ၊ ပျင်းလို့ကော နေရမှာတဲ့လား၊ သမုဒ္ဒရာဝမ်းတထွာ ဆိုတယ် မဟုတ်လား၊ ခန္ဓာကိုယ်ကို ရထားတော့ ခန္ဓာစားဖို့သောက်ဖို့ ဝတ်ဖို့နေဖို့ လုပ်ကိုင်ရသေးတယ်။ (နိဗ္ဗာန်ရောက်မှ အေးမယ်)လို့ ဘုရားတို့ ဟောကြတယ် မဟုတ်လားဘုရား"ဟု ကုလားမကြီးက ကမ္မဝါဖတ်ပါလေတော့သည်။ဆရာတော်ဦးသံဝရက ကုလားမကြီးမျက်နှာကို သေသေချာချာ ကြည့်ပြီး ဘာမှ ပြန်မပြောနိုင်ပဲ ပြုံးတုံးတုံးကြီးလုပ်နေပါတော့သည်။

ကုလားမကြီးထံက မမြှော်လင့်သော စကားကို ကြားရသဖြင့် ကုလားမှ ဟုတ်ပါလေစတု သေအချာ ကြည့်မိသည်။ ဟုတ်ပါသည်။ ကုလားမှ ကုလားအစစ်ဘည်း။ ဆံဒီကို ခြုံထားသည်။နှာခေါင်းဖျားလည်း ကြေးကွင်း ဝတ်ထားသေး၏။ အသားကလည်း မဲသေးသည်။ တောထဲမှာ တွေ့ရသော်လည်း အဝတ်ညစ်ညစ်-အနေညစ်ညစ်မို့ နတ်တော့ မဟုတ်တန်ရာပါ။ ကေန္တ ပမာပြည်ဖွား ဗုဒ္ဓဘာသာ တရားရေဝနေသော ကုလားမကြီးသာ ဖြစ်ရ ပမည်။ နောက်ပြီး ရဟန်းတော်များအား လက်အုပ်ကလေးချီလျက် သူ့နွားတွေနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားလေတော့သည်။

"ကုလားမကြီး ဟောသွားတဲ့ တရားကို နာကြားရတာ တရားရစရာ ကောင်းလိုက်တာနော်"တဲ့။ အတော်တရားကျသွားဟန်တူသော ဆရာတော် ဦးသံဝရက မပြုံးတုံ့တုံ့ ပြုံးတုံ့တုံ့လုပ်၍ ပြောလိုက်သေး၏။

## မြုပ်ကွယ်နေသော သာသနာ့ ရိပ်သာ

ရွှေဆက်လျှောက်လာခဲ့ကြရာ သင်္ချိုင်းမြေပုံများ၊ ဂူများရှိသော နေရာသို့ ရောက်ခဲ့ရာ မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းခွင့် ရရှိခဲ့ပြန်ပါသည်။ ထိုမှတဖန် ကျောင်းတကျောင်းအကျော်၌ တောင်စောင်းကလေး တခုဝယ် အိုမင်း ယိုယွင်းနေသော ရိပ်သာကို တွေ့ကြရပါသည်။ နေဖြစ်သော အဆောက်အဦ ၂၊ခုသာရှိ၍ ဦးပဉ္စင်းအိုကြီးတပါးကိုလည်း တွေ့ရ၏။ စုံစမ်းကြည့်ရာ ယခင်က ဤရိပ်သာ၌ မဟာသတိပဋ္ဌာန် ဝိပဿနာကို မဟာစည်နည်းအတိုင်း အားထုတ်ခဲ့ကြကြောင်း။ ကာလေးမြို့ဖက်မှ လာရောက်၍ ဆရာတော်တပါး တရားပြဘူးကြောင်း သိရှိရသည်။ ၎င်းရိပ်သာကို ၎င်းဦးပဉ္စင်းကြီးသည်ပင် စောင့်ရှောက်နေထိုင်လျက် ဆွမ်းခံဘုဉ်းပေးနေသည်။ ယခုဝါတွင်း ကာလကမူ ဤရိပ်သာပိုင် ကမူကလေးပေါ်၌ ကြောင်ပန်း ဆရာတော်ကြီးတပါး ကျောင်းဆောက် သီတင်းသုံးလာသောကြောင့် ဦးပဉ္စင်းကြီးမှာ ဆွမ်းခံမဘုဉ်းပေးရတော့ပဲ ကြောင်ပန်းဆရာတော်ကြီးက ကျွေးမွေးထားသည်ဆို၏။

သာသနာ့ရိပ်သာမှာ မြို့နှင့် မလှမ်းမကမ်း၌ တည်ရှိ၍ အနောက်တောင်ဘက် မလှမ်းမကမ်းမှာလည်း ရွာတရွာ ရှိသောကြောင့် ဂေါစရဂါမ်လည်း ကောင်းသည်။ တောင်ဘက် ကမူစောင်းကလေး၌ တည်ရှိသောကြောင့် ကျန်းမာရေးအတွက် လေကောင်း လေသန့်လည်းရသည်။ သို့ပါလျက် သတိပဋ္ဌာန် ဝိပဿနာအလုပ်ကို ဆက်လက်ထိန်းသိမ်းနိုင်မည့် ပုဂ္ဂိုလ်မရှိသည်မှာ ဝမ်းနည်းဖွယ်ပင် ဖြစ်သည်။ ရန်ကုန် မဟာစည်ရိပ်သာနှင့်လည်း အဆက်အသွယ် ပြတ်နေသည်။

ကြောင်ပန်းဆရာတော်ကြီး သီတင်းသုံးသော ကျောင်းသို့ သွားရောက်ခဲ့သော်လည်း ဆရာတော်ကြီးမှာ တရားဟော ကြွနေသည်ဆိုသဖြင့် မတွေ့ခဲ့ရတော့ပေ။ ကျောင်းတောင်ဘက် တောင်ကမူကလေးပေါ်၌ တည်ထားသော စေတီကလေး တဆူကိုမူ လှမ်း၍ ဖူးမျှော်ခဲ့ရ

သည်။ ရိပ်သာတည်ရှိရာ နေရာမှာ သာယာကောင်းမွန်သော်လည်း ထိုရိပ်သာကို ကြီးပွားအောင် ဆက်လက် စောင့်ရှောက်နိုင်သူမှာ မရှိပဲ ဖြစ်နေသည်။ အိန္ဒိယပြည်ရှိ ခမ်းနား ကြီးကျယ်လှသော 'ဇေတဝန် ကျောင်းတော်' ပုဗ္ဗာရုံ ကျောင်းတော်ကြီး များပင် ယိုယွင်းခဲ့ရသေး ကြောင်းကြားဘူးသည်ကို သတိရ သံဝေဂ ယူခဲ့မိပါသတည်း။

## တရားသူကြီး၏ သီလတရား

မြုပ်ကွယ်နေသော သာသနာ့ရိပ်သာမှအပြန် မြို့မကျောင်း ပြန် ရောက်သည့်တိုင်အောင် အချိန်စောနေသေးသည်။ ထို့ကြောင့် ဗဟုသုတ ကြွယ်ဝသည်ဆိုသော အငြိမ်းစား မြို့မဝန်ထောက်ကြီးအိမ်သို့ ဆရာတော် ဦးသံဝရနှင့် အတူသွားကြသည်။ မော်လိုက်မြို့နှင့် ပတ်သက်သော ဗဟုသုတ လိုချင်၍ ဖြစ်၏။ ၎င်းအိမ်မှာ မြို့မကျောင်း တောင်ဘက် နား၌ ရှိလေသည်။ ဒကာကြီး၏ အမည်မှာ ဦးဘတင်ဖြစ်၍ သူ၏ဇနီးမှာ ဒေါ်စောတင်ဖြစ်သည်။ စပ်မိစပ်ရာ စကားစမြည်ပြောလျက် ရှိကြရာမှ သူ၏ အတွေ့အကြုံများကို ဦးဘတင်က ပြောပြသည်။

"အယင်က ဒီအထက် ချင်းတွင်းခရိုင် မြို့တမြို့မှာ မြို့မ ဝန်ထောက် ခေါ် ဒုတိယ အရေးပိုင်အဖြစ် ဆောင်ရွက်ခဲ့ရဘူးပါတယ်။ အမှုတမှု ရောက်လာရာမှာ တရားခံဟာ ရှမ်းအမျိုးသား ဖြစ်နေတယ်။ အမှု စစ်ဆေးခဲ့တဲ့ အခါမှာ သူဟာ ဗုဒ္ဓဘာသာဝင်ဖြစ်ကြောင်း၊ သာမဏေ ဝါပင် တဝါရခဲ့သေးကြောင်း အစစ်ခံတယ်။ အမှုကတော့ ခိုးပြမှုပါ။

ဗုဒ္ဓဘာသာဝင်ပါ ပြောတာနဲ့ "ခိုးပြတိုက်တာဟာ ကံငါးပါးထဲ က ဘယ်ကံထိုက်သလဲလို့ မေးကြည့်ပါတယ်။ သူမဖြေနိုင်ရှာဘူး။ အချို့ ရှမ်းတွေဟာ ဘာသာရေးကို အပေါ်ယံကြော အလွန်ကြည်ညို လေး စားကြပေမဲ့ အတွင်း အသိဉာဏ်နဲ့ပါးကြရှာတယ်လို့ တပည့်တော် ယူဆတယ်။ ဒါနဲ့ တပည့်တော်က "ဒမြတိုက်ပြီး သူများ ပစ္စည်းကို မတရား ယူတာဟာ "အဒိန္နာ-ဒါနကံ" ထိုက်တယ်။ အခု မင်းမှာ ကံနိမ့်နေတယ်။ ဥပုသ်နေ့ ကျယင် အချုပ်တွင်းမှာ ဥပုသ်စောင့် ပါ။ မင်းအမှုကို တရားစီရင်ရမယ့် တရားသူကြီးကိုလဲ မေတ္တာပို့ပါ။ အိပ်ရာဝင်တဲ့ အခါမှာလဲ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူပြီးမှ

အိပ်ပ"။ ဒီလို ပြေတိုက်မှုကြောင့် အချုပ်အနှောင်ခံရတဲ့ အကုသိုလ် အကျိုးတွေကို ကုသိုလ်နဲ့ ဆေးလျော် ပစ်လိုက်ယင် မင့်အမှုလွတ်ချင်လဲ လွတ်သွားမယ်။ မလွတ်ယင်တောင် မောင်မင်းမှာ အရှုံးမရှိဘူး''လို့ တရားခံကို ဒီလိုပဲ တရားဟောခဲ့ရပါတယ်။ တရားခံဟာ ဟောတဲ့အတိုင်း လိုက်နာလား-မလိုက်နာလားတော့ မသိပါ။ တပည့်တော်မှာတော့ စေတနာကောင်းနဲ့ တိုက်တွန်းတာ ဖြစ်လို့ ကုသိုလ်ရတာ အမှန်ပါပဲ''

## အမူးပြေတော့ ဥပုသ်စောင့်ပါ

နောက်ပြီး ခင်မင်ရင်းနှီးတဲ့ အချို့ ရှမ်းအမှုထမ်း လူငယ်များကို ဥပုသ်စောင့်ကြဖို့ တိုက်တွန်းတဲ့အခါ ဘိန်းမဖြတ်နိုင်လို့ မစောင့်နိုင်ကြောင်း ရိုးသားပွင့်လင်းစွာ ပြောကြပြန်ရှာပါတယ်။ ဒါနဲ့ တပည့်တော်က တနေ့ ဘိန်းဘယ်နှစ်ကြိမ်ရှူသလဲ စားသလဲလို့မေးပြီး ''ဘိန်းစားပြီးနောက် အမူးပြေတဲ့ အခါ နောက်တကြိမ် ဘိန်းထပ် မစားမီ အတွင်း အချိန်ပိုင်းနဲ့ ဥပုသ်စောင့်ပါ''လို့ တိုက်တွန်းခဲ့ ပါတယ်။

သူတို့ကို ဒီလိုတိုက်တွန်းပြီးလို့ ရက်များမကြာမီပဲ ရေဒီယိုကနေပြီး အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘုရားကြီး အသံလွှင့်ဟောကြားတဲ့ တရားတော်ကို နာကြားရပါတယ်။ အဲဒီ တရားထဲမှာ ''သီလကိုစွမ်းနိုင်သမျှ အချိန်ပိုင်းနဲ့လဲ ဆောက်တည်ယင်ဖြစ်ကြောင်း'' နာကြားရတော့ တပည့်တော်ရဲ့ အယူအဆနဲ့ တိုက်ဆိုင်နေတာမို့ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ ဘုရား''တဲ့။

အငြိမ်းစား မြို့မ တရားသူကြီးက သူ့အတွေ့ အကြုံများကို ဤသို့လျှောက်ထား၏။ သူ့ အတွေ့အကြုံ တရားကို နာကြားယင်း အချိန်ကုန်သွားသည်နှင့် မော်လိုက်နှင့် ပတ်သက်သော ဗဟုသုတများကို ကြားဝင်ရန်အချိန်မရသောကြောင့် ကျောင်းပြန်ခဲ့ကြရသည်။

## မော်လိုက် ဒုတိယည တရားပွဲ

အချိန်မှာ ည ၇-နာရီ ဖြစ်၏။ တရားနာ ပရိသတ်တို့မှာ မနေ့ညကထက် များ၏။ မိုးရိပ်မိုးရောင် ကလည်းရှိ ဆောင်းရိပ် ဆောင်း

ရောင်ကလည်း ငွေစပြုနေပြီ ဖြစ်သောကြောင့် အအေးဓာတ် ကတော့ ထွေးပတ်လျက်ပင်။ အေးသော်လည်း မနေ တရားနာ ပရိသတ်တို့က အအေးကို အရေးမစိုက် ငါးရာကျော်မျှ ရောက်ရှိနေကြလေပြီ။ မနေ့ ညကမူ တချို့က တရားပွဲရှိမှန်းပင် မသိလိုက်ကြသောကြောင့် တရားနာ နည်းပါးခဲ့ရခြင်းဖြစ်သည်။

"တရားကြေငြာ မောင်းခတ်သူက စာရွက်ကြီးကိုင် မောင်းခတ် နေပေမယ့် မြို့မကျောင်းထဲ တရားပွဲ ရှိကြောင်းကိုသာ အော်သွား ကြောင်း။ ဘယ်မြို့က ဘယ် ဆရာတော် ဟောမည် မပါကြောင်း။ မောင်းခတ်သူက စာမတတ်သူ ဖြစ်သောကြောင့် ဤသို့ဖြစ်ရကြောင်း၊ နောက်ဆိုယင် စာတတ်သူကိုသာ ရွေးချယ်ပြီး မောင်းခတ်စေမှဖြစ်မည့် အကြောင်း" များကို ဒကာတယောက်က လျှောက်ထားသည်။ "အင်း ဖြစ်မှဖြစ်ရပလေ၊ စာမတတ်ပါပဲ စာရွက်ကိုင်ပြီး မောင်းခတ်ရသည် လို့ပဲ" ဟု တွေးမိ၏။

အသံချဲ့စက်လည်း ပြင်ဆင်ပြီးလေပြီ၊ ပရိသတ်များလည်း စုံပေပြီ။ ရှေးဦးစွာ ဒကာကြီး ဦးခင်မောင်က "အေးကအေး ချမ်းကချမ်းနဲ့ ကြိုးစားပြီး တရားလာနာကြသော ပရိသတ်များအား ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း" စသည်ဖြင့် ပြောကြား၏။ တဖန် ဒကာကြီး ဦးညီပုက "သတိပဋ္ဌာန် သာသနာတော်ကို မြို့တိုင်း ရွာတိုင်းမှာ ထာ ဝရပါရဝပြုကြဖို့လိုကြောင်း" စသည် ပြောကြားပြီးနောက် စာရေး သူက အစ္စရာသုတ်ကို "မဂ္ဂင်ရှစ်တန် ကျင့်လမ်းမှန်" အမည်တပ်ကာ ဟောကြား၏။ ဆရာတော် ဦးသံဝရက "အာနာပါန ရှင်းတမ်း သတိ ပဋ္ဌာန် အလုပ်စခန်း တရားတော်" ကို ဟောကြားတော်မူသည်။ ပရိသတ်များကိုလည်း လက်တွေ့ဖြစ်အောင် တခဏမျှ တရားထိုင်စေ ပါသည်။

## မော်လိုက်မြို့ သာသနာ့ရိပ်သာ

တရားပွဲပြီးလျှင် မော်လိုက်မြို့၌ သာသနာ့ရိပ်သာ ဖြစ်မြောက်ရေးကို ဆက်လက်ဆွေးနွေးကြသည်။ မြို့မကျောင်း ဦးသုဇာတ၊ ဦးပရမတို့နှင့် ဦးချစ်လှိုင်-ဒေါ်သိန်းတင်တို့ဇာ အချင်းချင်း တိုင်ပင်ဆွေးနွေးကြပြီး

နောက် ဤမော်လိုက်၌ သာသနာ့ရိပ်သာ တဲဌာန ဖြစ်မြောက်အောင်မြင်ရန် တရားဟောအဖွဲ့ကို အကြံပေး ဆွေးနွေးကြသည်။ သူတို့ကလည်း ဖြစ်မြောက်အောင် ကြိုးစားကြပါမည်ဟု လျှောက်ထားကြသောကြောင့် ဤမော်လိုက်၌ မဟာသတိပဋ္ဌာန်မိုး ဆက်လက် ရွာသွန်းပေဦးတော့မည်ပါကလားဟု ဝမ်းမြောက်မိတော့သည်။

ခရိုင်မြို့ ဖြစ်သည့်အတိုင်း မော်လိုက်၌ သတိပဋ္ဌာန်ရိပ်သာ ဌာနသာမက ထိုထက်ပို၍ပင် ရှိသင့်ပါသေးသည်။ သို့မှသာ မြို့ပေါ်ရှိ လူအားလုံးတို့အတွက် အလွယ်တကူ နီးရာနီးရာ အားထုတ်နိုင်ကြပေမည်။ သို့မဟုတ်လျှင် အသွားအလာ ဝေးကွာ ခက်ခဲလျက် အားထုတ်နိုင်ခဲသည် မဟုတ်ပါလော။

# ၂၆။ မော်လိုက်မှ ကလေးဝသို့

၁၃၃၂-ခု တန်ဆောင်မုန်းလဆုတ် ၆-ရက်။ တရားဟောအဖွဲ့သည် အရုဏ်ဆွမ်းကို ဦးချစ်လှိုင်တို့ အိမ်မှာပင် ဘုဉ်းပေးကြသည်။ ဆွမ်းကိစ္စ ပြီးကြလျှင် မြို့မကျောင်း ဆရာတော်ဘုရားကြီးထံ နှုတ်ဆက်ယင်း ကန်တော့သွားကြ၏။ ထို့နောက် ကလေးဝသို့သွားရန် မြစ်ဆိပ်သို့ ဆင်းခဲ့ကြသည်။

နေ့ဆွမ်းအတွက် သင်္ဘောပေါ်မှာဘုဉ်းပေးကြရမည်ဖြစ်၍ မော်လိုက် ဒကာ ဒကာမများက အပြည့်အစုံ ချက်ပြုတ် လှူဒါန်းလိုက်ကြ၏။ နံနက် ၉-နာရီခွဲအချိန်၌ ချင်းတွင်းအစုန်ဖြစ်သော 'ချမ်းသာ' သင်္ဘောကို စီး၍ ကလေးဝသို့ လိုက်ခဲ့ကြသည်။ ၁၀-နာရီခွဲ အချိန်၌ အသင့်ပါလာသော ဆွမ်းဖြင့် နေ့ဆွမ်းကိစ္စကို သင်္ဘောပေါ်၌ ပြီးလိုက်ကြ၏။

မစိန်ဆိပ်ကမ်းရောက်လျှင် "ဟောဒါ မစိန်ပါပဲ" ဟု သရောင်း ဦးထွန်းဖေက လျှောက်၏။ မစိန်၌ တရားဟောရန် အစီအစဉ် ပါရှိသော်လည်း မည်သူမျှ အကြိုမလာကြပါ။ အကြောင်းကြားထားသော ကလေးဝ ဦးမြရင်က မစိန်တရားပွဲအတွက် အစီအစဉ် ပြုလုပ်ထားဟန် မတူ။ ထို့ကြောင့် အကြိုမလာပဲ ရှိကြဟန်တူသည်။ အကြောင်းကြား ထားသည့်အတိုင်း မစိန်၌ အစီအစဉ် ပြုလုပ်ထားလျှင်လည်း တရားပွဲ ကျင်းပ၍ဖြစ်မည် မဟုတ်ပါ။ အကြောင်းကား မစိန်၌ ဘာပွဲရှိသည် မသိ။ မစိန်၌ ဇာတ်သဘင်ပွဲ ကျင်းပရန် လူတွေ စည်ကားလျက် ပြင်ဆင်နေကြသည်ကို သင်္ဘောပေါ်က မြင်နေရသောကြောင့်ဖြစ်သည်။

## ကလေးဝ ရောက်ချိန်

အခြေအနေအရ မစိန်၌ မဆင်းကြတော့ပဲ ကလေးဝသို့ ဆက်ခဲ့ကြသည်။ နေ့ ၁၂-နာရီအချိန်၌ ကလေးဝသို့ ဆိုက်ရောက်ရာ ဦးမြရင် ဒေါ်နီနှင့် ဒေါ်သိန်းတင်တို့ ဆင်းကြိုနေကြသည်ကို တွေ့ရသည်။ သူတို့ အားလုံး မှိုရှာမြို့ စန်းမြရောင်ခြည် သာသနာ့ရိပ်သာ ကျောင်းဒကာ

ကျောင်းအမ၊ တပည့်ဒကာ ဒကာမများ ဖြစ်ကြသည်။ တရားအားထုတ်သည့် ယောဂီများလည်း ဖြစ်ကြသည်။ ယခင်က ကလေးဝမြို့၌ ဘီအိုစီကုမ္ပဏီ ခေါတ်ဆီဆိုင် ပိုင်ရှင်များလည်း ဖြစ်ကြ၏။ ဦးမြရင်တို့၏ အစိအစဉ်အတိုင်း ကလေးဝမြို့၌ ရွှေမုဋ္ဌောကျောင်း၌ တည်းခိုကြရသည်။

ရွှေမုဋ္ဌောကျောင်း၌ ဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ကြသည်။ ရဟန်းတော် ဦးဇဝန၊ ဦးရေဝတတို့နှင့်လည်း တွေ့ရသည်။ ထိုရဟန်းတော်များမှာ ဆရာတော် ဦးသံဝရနှင့် မန္တလေး ဝိသုဒ္ဓါရုံတိုက်သစ်မှာ နေခဲ့ကြစဉ်က ရင်းနှီးခဲ့ကြပြီးများ ဖြစ်နေကြသည်။

ဦးဇဝနမှာ ကလေးနှင့် ရန်ကုန် တလှည့်စီ သီတင်းသုံးကြောင်းသိရှိရ၏။ ဦးရေဝတမှာမူ ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ဝေယျာဝစ္စများကို ဆောင်ရွက်ယင်း ရွှေမုဋ္ဌော ကျောင်းသူ ကျောင်းသားများကို ပညာသင်ပေးကာ သာသနာပြုရပေသည်။ ဦးဇဋိလခေါ် ဦးဇောတိက ဆိုသော ရဟန်းတော်လည်း ထိုကျောင်း၌ ရှိသေး၏။ ဦးဇဝနနှင့်ဦးဇဋိလတို့မှာ သတိပဋ္ဌာန် ဝိပဿနာ တရားကို ပွါးများအားထုတ်ဘူးကြပြီး ဖြစ်ကြောင်း သိရသည်။ ဦးရေဝတမှာမူ အားမထုတ်ဘူးသေး။ ထို့ကြောင့် ဆရာတော် ဦးသံဝရက "ကလေးသူငယ်များအား စာသင်ကြားပေးမှု အားလပ်သည့် အခါ တရားလာ အားထုတ်ရန်"ဖိတ်မန္တက ပြုလေသည်။ ဦးရေဝတကလည်း ဤဖိတ်မန္တကပြုမှုကို သဘောတူကြောင်း လျှောက်ထားသည်။

## ရွှေမုဋ္ဌောကျောင်းတိုက်နှင့် ရွှေမုဋ္ဌောစေတီ

စကားစမြည်ပြောကြားပြီးနောက် ရွှေမုဋ္ဌောကျောင်းတိုက် အခြေအနေကိုရင်း၊ ရွှေမုဋ္ဌော ကျောင်းပေါ်ရှိ စေတီကိုရင်း လှည့်ပတ်ကြည့်ရှု ဖူးမြော်ကြသည်။ ရွှေမုဋ္ဌောကျောင်းတိုက်မှာ ရွှေမုဋ္ဌောဘုရားတောင်ခြေရင်း ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း ကလေးဝမြို့၌တည်ရှိသော ကျောင်းတိုက် ဖြစ်သည်။ ကျောင်းအဆောက် အဦသစ်ပင်ပန်းပင်တို့ဖြင့် စည်ကားသိုက်မြိုက်ပေသည်။ တည်ဆောက်ပြီးစအလယ် ကျောင်းဆောင်များမှာ ခမ်းနားသည်။ ကြီးကျယ်သည်။ ထည်ဝါသည်။ ခန့်ညားသည်။ ဆရာတော်ဘုရားကြီး၏ လက်ထောက်

တပည့် ဦးရေဝတနှင့် တိုင်ပင်၍ ညောင်ကန် လက်သမားတို့ ဆောက်လုပ်ကြသည်ဟု သိရှိရသည်။ ကောင်းမှုရှင်မှာ တဦးတည်း မဟုတ်။ မြို့သူမြို့သား နယ်သူ နယ်သားတို့ စုပေါင်း ပြုလုပ်သော ကုသိုလ်ဟု သိရှိရသည်။ သွပ်မိုး ပျဉ်ကာ ၂-ထပ် ကျောင်းကြီး ဖြစ်ပြီး အလှူအတန်းပွဲများအတွက် အောက်ထပ်၌ ဆွမ်းကျွေးဧည့်ခံနိုင်သည်။ အထက်ထပ်မှာ ဧည့်ခံမဏ္ဍပ် ဓမ္မာရုံအဖြစ် အသုံးပြုနိုင်သည်။ အလှူအတန်းပွဲကိစ္စ ကြီးငယ် တစုံတရာမရှိသောအခါ အထက်ထပ်၌ ကျောင်းသားများနှင့် အောက်ထပ်၌ ကျောင်းသူများကို စာသင်ကြားပေးသည်။

အထက်ထပ်မှာ ဦးရေဝတ ဦးစီးသော ကျောင်းသားတို့၏ ကောင်းမှုကြောင့် ပေါလစ်ရောင် တပြောင်ပြောင်ဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ဘုရားခန်း၌ ပြတိုက်နှင့်ပူးတွဲ၍ ဘုရားပူဇော်ထားရာ ဘုရားကို ဖူးမြော်ယင်း ကြည့်ရှုစရာတွေ စုံနေသည်။ ဦးရေဝတ၏ လက်စွမ်းဖြင့် ဆင်ယင်ထားသော မီးပွင့်များမှာလည်း ကျက်သရေ ရှိရှိနှင့် မြိုင်လှဆိုင်လှပေသည်။

ရွှေမုဋ္ဌော စေတီတော်မြတ်မှာလည်း ကျောင်းကြီးနှင့်အဆင်ပြေလှသည်။ ဉာဏ်တော်အတောင် ၄၀-ခန့်ရှိ၍ ရွှေရောင်များမှာ တပြောင်ပြောင် တောက်ပလျက်ရှိသည်။ သလ္လာဝတီ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း တောင်ထိပ်၌ တည်ထားသောကြောင့် မြို့သူမြို့သားများသာမက မြစ်ကြောင်း ခရီးသွားများပါ သင်္ဘောပေါ်မှနေ၍ ကြည်ညိုနိုင်ကြသည်။ ရွှေမုဋ္ဌော စေတီ၏ တောင်ဘက် အနောက်ဘက်မှ အရှေ့သို့ စီးဆင်းလျက် ရှိသော မြစ်သာ မြစ်ရေသည် ကလေးဝမြို့၏ အရှေ့မြောက်ဘက်မှ တောင်သို့ စီးဆင်းနေသော သလ္လာဝတီ ချင်းတွင်းမြစ်အတွင်း ပေါင်းဆုံစီးဆင်းလျက်ရှိသည်။ မြစ်သာမြစ်မှာ အိန္ဒိယပြည် ဗြဟ္မပုတ္တရ မြစ်မှ မြစ်ဖျားခံ၍ ချင်းတောင်ပေါ် ဖြတ်ကျော်ကာ စီးဆင်းလာသော မြစ်ဖြစ်သည်။ ချင်းတောင်ပေါ်၌ နန်းကသဲ ချောင်းဟု ခေါ်ကြသည်။

ရွှေမုဋ္ဌောစေတီယင်ပြင် တောင်ထိပ်မှ ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်လျှင် အလွန်သာယာသော ရှုခင်းကို တွေ့ရသည်။ ချင်းတွင်းမြစ်၏ အနောက်ဘက်ကမ်း၌ တည်ရှိသော ရွှေသို့ အသွင်သဏ္ဌာန် တူသည့်

ကလေးဝမြို့၏ အလှကိုင်း၊ တောင်ဘက်နှင့် အရှေ့ဘက်သို့ မျှော်ကြည့်လိုက်လျှင် တသွင်သွင်စီးဆင်းနေသော မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်တို့ကိုင်း၊ တဘက်ကမ်းရှိ စိမ်းညို့နေသော ရွာများကိုင်း၊ ရွာတို့၏ နောက်ခံ တောရိပ်တောင်ရိပ် မှိုင်းမှိုင်းများကိုင်း သာယာကြည်နူးဖွယ်ရာ တွေ့မြင်ရသည်။

## ကလေးဝမြို့ ရွှေမုဋ္ဌော ဘုရားသမိုင်း

သာသနာတော် ၂၀၄-ခုနှစ်၌ "နွယ်ပတ်မြို့" (ယခုကာလေးမြို့)၌ "လန္တပါလရာဇာ" မင်းပြု၏။ နန်းသက် ၂၇-နှစ်၊ သာသနာတော် ၂၃၁-ခု ဖြစ်၏။ ထိုနောက် သာသနာတော် ၂၂၃-ခုနှစ်၌ ဇမ္ဗူဒီပါ တကျွန်းလုံးဝယ် ဓမ္မာသောကမင်းကြီးက ဓာတ်တော်များဝေ၍ ရှစ်သောင်း လေးထောင်သော စေတီများကို တည်စေတော်မူရာ၌ နွယ်ပတ်မြို့ လန္တပါလမင်း၌ ရသော ဓာတ်တော်တို့ကို ဌာပနာ၍ မြို့အရှေ့၌ လန္တပါလမင်းက အထူးစီမံ၍ မဟာစေတီတဆူ တည်ထားတော်မူ၏။

ထိုနောက် သာသနာတော် ၂၂၅-ခုနှစ်၌ သီရိဓမ္မာသောကမင်းကြီးက တဖန်ထပ်၍ ပေးတော်မူသော ဓာတ်တော်တို့ကို လန္တပါလမင်းက ၃-စုပြု၍ ၂-စုသော ဓာတ်တော်တို့ကို ငါးနှစ်၌ပင် နေကို ရာဟုလွှတ်သည်နှင့် တနာရီတည်းကြုံခိုက် နတ်လူတို့ ကုသိုလ် ပွါးစေခြင်းငှါ သလ္လာဝတီ ချင်းတွင်းတလျှောက် ရေဝတီမြစ်ဆုံကျအောင် "မုဋ္ဌော ၉-ဆူ၊ ၇ ၉-လုံး"ဟု စတင် ပန္နက်ချ၍ တည်ထား ကိုးကွယ်တော်မူသည်။

ထိုမုဋ္ဌော ၉-ဆူတို့တွင် အစတဆူကို နွယ်ပတ်မြို့ အရှေ့တောင်ထောင့်အရပ် သလ္လာဝတီ ချင်းတွင်းမြစ်ထိပ် မြစ်ဆုံတောင်ပေါ်၌ အတောင် ၄၀-တူး၍ ရတနာအတိပြီးသော တိုက်ဖွဲ့ပြီးလျှင် နဝရတ်ကိုးပါးတို့ဖြင့် ဆန်းကြယ်စွာ ပြုလုပ်အပ်သော ရတနာကြုပ်၌ ဓာတ်တော်ထည့်၍ ရွှေပန်းဆိုင်း၊ ငွေပန်းဆိုင်း၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက် ရတနာခုနစ်ပါးတို့ဖြင့် ကြဲမြှောက်ပူဇော်၍ သွတ်သွင်းဌာပနာတော်မူ၍ သစ္စာမစောင့်သော သူတို့ ယူ၍ မရနိုင်စေခြင်းငှါ ခိဋ္ဌာန်တော်မူ၍ သံစက်၊ နဂါးစက်တို့ဖြင့် ခက်ခဲစွာ ထားတော်မူပြီးလျှင်

အမျိုးနတ်လူတို့ ဖူးမြော်ရောက်လွယ်စေခြင်းငှါ ကျောက်စေတီကို တည်ထားပြုစုတော်မူ၍ မပြတ် စောင့်ရှောက်စိမ့်သောငှါ ကျွန်သည်းတော် ငါးအိမ်ထောင် ဘုရားမြောက်ရပ်၌ ထားတော်မူ၏။ ကျောက်အက္ခရာ စာနှစ်ကြောင်းနှင့် အပိုင်းလည်း ထားထောင်မူသည်။

## ဒုတိယအကြိမ်

ကောဇာသက္ကရာဇ် ၄၅၀-ပြည့်နှစ်၌ ပုဂံ အလောင်းစည်သူ ဖောင်စကြာဖြင့် လှည့်လည်တော်မူလာစဉ် ရွှေမုဋ္ဌောဘုရားကို ထပ်မံပြင်ဆင်တော်မူ၍ ဖောင်တော်ဆိုက်ရာ ကျောက်စွယ်ထိပ်၌ ရှိသော ဘုရားကိုလည်း "ဖောင်တော်ဦးဘုရား" တွင်စေဟု သမုတ်တော်မူသည်။

ထိုမှဆက်၍ ကာလေး တိမ်းငြင်း ရာဇဂြိုဟ်သုံးမြို့၌ မင်းအဆက်ဆက် စော်ဘွား အဆက်ဆက်တို့ စောင့်ရှောက် ပြုပြင်လာခဲ့ရာ ကောဇာသက္ကရာဇ် ၁၂၅၃-ခုနှစ် စော်ဘွား ဦးဖောကြီး လက်ထက်တိုင် ဖြစ်သည်။

## တတိယအကြိမ်

ထို့နောက် ယိုယွင်းပြန်ရာ ၁၂၆၉-ခုနှစ်၊ ဦးစံမင်း-ဒေါ်ကောင်းစံတို့ အမှူးပြု၍ မြို့သူမြို့သား နယ်သူနယ်သားတို့က ဝိုင်းဝန်းညီညာစွာ တတိယအကြိမ် ပြုပြင်ပြန်ပါသည်။

## စတုတ္ထအကြိမ်

၎င်းနောက် ၁၃၀၃-ခုနှစ် ဒုတိယ ကမ္ဘာစစ်ကြီးကြောင့် ပျက်စီးယိုယွင်းခဲ့ရပြန်ရာ ဆပ္ပလိုင်းဝန် ဦးကွန်းလုံ-ဒေါ်အမာ၊ ဆပ္ပလိုင်းဝန်ထောက် ဦးလူခန့်-ဒေါ်မမကြီးတို့ ဦးဆောင်၍ မြို့သူမြို့သား နယ်သူနယ်သားတို့က စတုတ္ထအကြိမ် ပြင်ဆင်ပြန်သတည်း။

## ယနေ့ ရွှေမုဋ္ဌောစေတီ

ယနေ့ ရွှေမုဋ္ဌောစေတီတော်ကား ရွှေကျင်ဂိုဏ်း၏ ဒုတိယ အနုနာယက ဖြစ်တော်မူသော မုဋ္ဌောဆရာတော်ဘုရားကြီး အရှင်ဉာဏ၊ လက်ထောက် အရှင်ဇဝိန္ဒရတို့ ခေါင်းဆောင်တော်မူကြ၍ ဂေါပက ဘုရားလူကြီးများ၊ မြို့သူမြို့သားများတို့ပါ စောင့်ရှောက် ပြုပြင်နေကြ

သဖြင့် ရွှေရောင်၊ လရောင်၊ လျှပ်စစ်ရောင်တို့ဖြင့် ပြောင်တရှန်းရှန်း သဒ္ဒါပန်း တဝေဝေ အအေးခေတ်ကို လေးမြတ်စွာ ရှာဖွေရာဌာန မြို့ကျက်သရေဆောင် ဖြစ်နေရလေတော့သတည်း။

မှတ်ချက်။ ။ဤရွှေမုဋ္ဌောသမိုင်းကို ကာလေးအရှင် ပဒုမ၏ ကာလေးမြို့သမိုင်းနှင့် အုဋ္ဌသုံးမျိုး ရွှေမုဋ္ဌော မြသိန်းတန် သုံးဌာန ဘုရားသမိုင်းများမှ ကူးယူဖော်ပြလိုက်ရခြင်း ဖြစ်သည်။

## ကလေးဝမြို့

ကလေးဝမြို့မှာ မော်လိုက်ခရိုင်အတွင်း၌ ပါဝင်သည်။ ချင်းတွင်းမြစ်နှင့် မြစ်သာမြစ်ဆုံရာ တောင်စွန်း၌ တည်ထားသောမြို့ဖြစ်သည်။ ချင်းတောင်တန်းနှင့် ကလေးမြို့၏ အဝသဘော်ဆိပ်ဌာန ဖြစ်သောကြောင့်၎င်း၊ သစ်ချောက် ကျောက်မီးသွေးတွင်းနှင့် နီးသောကြောင့်၎င်း မြန်မာနိုင်ငံတဝန်း ကျော်စော ထင်ရှားသော မြို့လည်း ဖြစ်သည်။ (ကာလေးမြို့၏ အဝ၌ တည်ထားသောကြောင့် ကလေးဝ-ဟု ခေါ်ဟန်တူ၏)ရွှေမုဋ္ဌောကျောင်း၊ တောကျောင်းဟူ၍ ထင်ရှားသော ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းနှင့် အခြားဘုန်းတော်ကြီးကျောင်းများလည်း ရှိသည်။ နယ်ပိုင်ရုံးစိုက်ဖြစ်၍ အထက်တန်းကျောင်းနှင့် ရဲစခန်းများလည်း ရှိသည်။ စီးပွါးရေး ဖွံ့ဖြိုးသော မြို့တည်း။

## ကလေးဝ ပထမည တရားပွဲ

အချိန်မှာ ည ၇-နာရီ ဖြစ်သည်။ မုဋ္ဌောကျောင်းကြီး အထက်ထပ်၌ တရားပွဲ ကျင်းပရာ ပရိသတ် ၃၀၀-ကျော်ခန့် တရားနာလာရောက် ကြသည်။ တရားပွဲကို ကလေးဝမြို့ ဦးမြရင်-ဒေါ်နီနှင့် ရွှေမုဋ္ဌော ကျောင်းဒကာများ ဦးဆောင်ကျင်းပသည်။ ဒကာကြီး ဦးညီပုက ပလ္လင်ခံ မိတ်ဆက် စကား ရှေးဦးစွာ ပြောကြားပြီးနောက် ဆရာတော် ဦးသံဝရက နှုတ်ဆက် စကားကို အနည်းငယ်မျှပင် ပြောကြား၏။ နက်ဖြန်ည တရားပွဲ၌ ဆရာတော် ဦးသံဝရ တပါးတည်း ဟောရဦးမည် ဖြစ်သောကြောင့် ယနေ့ည နှုတ်ခွန်းဆက်

အဖြစ်လောက်သာ ဟောကြားခြင်းဖြစ်သည်။ ၎င်းနောက် စာရေးသူက "သံယောဇဉ်တရားတော်"ကို အစအဆုံး ၂-နာရီခွဲခန့် ဟောကြား၏။

နက်ဖြန်ဆိုလျှင် စာရေးသူနှင့် ဦးခင်မောင်၊ သရောင်း ဦးထွန်းဖေ တို့က ကာလေးမြို့သို့ ကူးနှင့်၍ ဟောကြားရမည် ဖြစ်ပေသည်။ ဆရာတော် ဦးသံဝရတို့ အဖွဲ့က ကလေးဝမြို့၌ နေရစ်ပြီးနောက် တည ဟောခဲ့ရပေဦးမည်။ ယနေ့ညကား တိမ်ရှင်းပြီး မိုးမရွာပဲ လင်းနေ၏။ သို့သော် အအေးဓာတ် ကတော့ အေးလျက် အေးလျက်ပင်တည်း။

# ၂၇။ ကလေးဝမှ ကာလေးသို့

တန်ဆောင်မုန်း လဆုတ် ၇-ရက်နေ့။ နံနက်အရုဏ်၌ ဦးမြရင် ဒေါ်နီတို့က (ယာဂု) ငါးကြင်းသား ဆန်ပြုတ် ကပ်လှူကြ၏။ နေ့ဆွမ်းကိုမူ ကလေးဝ ဦးအေး-ဒေါ်ခွေးတို့ အိမ်၌ မုဋ္ဌော သံဃာတော်များနှင့်အတူ ဘုဉ်းပေး ကြရသည်။ ဆွမ်း အနုမောဒနာကို ဆရာတော် ဦးသံဝရက ချီးမြှင့်၏။

ကားလမ်းမှာ တောင်စောင်း တောတောင် တောရွာများကို ကျော်ဖြတ် ဖောက်လုပ်ထားသော လမ်းဖြစ်သည်။ တချို့ နေရာ၌ တောင်ပြို၍ လမ်းပျက် နေသောကြောင့် လမ်းလွှဲပြီး မြေခရောင်းပေါ်၌ မောင်းရ၏။ တချို့ နေရာတို့၌ ပြင်ဆင်ပေးမှ မောင်းလို့ရမည် ဖြစ်သောကြောင့် သွားယင်း ပြင်ယင်း မောင်းရ၏။ ကား မောင်းဆဲများ မတော်တဆတောင်ပြိုကျလိုက်လျှင် ကားပါမြေထဲမြှုပ် သွားပေမည်။ ဤလမ်းပေါ်၌ မိုးတွင်းကာလသွားရသည်မှာ အန္တရာယ် များလှသည်။ ယခင်က ကာလေးနှင့် ကလေးဝလမ်း တောင်ပြို၍ လမ်းဘယ်နှစ်ရက်ပိတ်ထားရသည်ဟု သတင်းစာ၌ ဖတ်ရဖူး၏။ ယခုတော့ ဤလမ်း၌ ကိုယ်တိုင်ကိုယ်တွေ့သွားလာနေရပြီ။ တောင်ပြိုလမ်းပျက်၊ လမ်းလွှဲများပေါ် ကားမောင်းသွားရသည့်အခါ ဘုရားတ၍ လိုက်ခဲ့ရသည်။ ခါးလည်းအောင့် အသက်ရှူလည်း မဖြောင့်ပါ။ ကတ္တရာစေးလမ်းပေါ်ရောက်မှသာ သာတောင့်သာယာရှိတော့၏။

"အင်း....ကားလမ်းကလဲ ဘဝလိုပဲ အနိမ့်အမြင့် အဆင်း အတက်တွေ့ရှိပါတကား" ဟု သွားယင်းလာယင်း ဆင်ခြင်မိ၏။ လက်တွေ့ဘဝ၌လည်း သာတောင့် သာယာ ရှိသည့်အခါရှိ၍ မချမ်းမြေ့ဖွယ် တောင့်တောင့်အင့်အင့်နှင့် အဆင်မပြေဖြစ်သည့်အခါလည်းရှိသည်။ ကားလမ်းကလည်း ဤအတိုင်းပင်တည်း။

## ဂျူးဝမ်းစိန်ကို အားနာမိသည်

ကားပိုင်ရှင် ဂျူးဝမ်းစိန်မှာ နေရျမကောင်းရှာပေ။ သို့နှင့်လည်း ကားကို ကိုယ်တိုင်မောင်းလျက် အကြိုလိုက်လာရှာပေသည်။ သူ့မျက်နှာမှာ ရှုံ့ရှုံ့မဲ့မဲ့နှင့် မအီမသာရှိနေသည်။ ကလေးဝတုန်းက ဆရာဝန်ထံ သွားရောက်ဆေးထိုးရရုံသာမက လမ်း၌စားဖို့ပါ ဆေးယူခဲ့ရသေးသည်။ ယူလာသော ဆေးကို သောက်ရန် အကြော်ဆိုင်တဆိုင်၌ကားရပ်၍ ရေနွေး တောင်းရသေးသည်။ သူ့ဆေးက ရေနွေးနှင့်သောက်ရသော ဆေးဖြစ်၏။ လမ်းမကောင်း၍ ကားကိုအားနာရ၊ နေမကောင်း၍ လူကို အားနာရ ဖြစ်ခဲ့ရသည်။

ကလေးဝမှထွက်ခဲ့ရာ မြစ်သာမြစ်မှာ လက်ဝဲဘက် ကားလမ်းဘေး၌ တောကြိုတောင်ကြားဝယ် ပေါ်လိုက် ပျောက်လိုက်ဖြစ်နေသည်။ သူ့ကို တွေ့ရသောအခါ သူကတဝေါဝေါတဝူးဝူးနှင့်ဒေါသတကြီးစီးဆင်းလျက်ရှိသည်။ လမ်း၌ သစ်ချောက် ကျောက်မီးသွေးမိုင်းဌာန၊ ခုနစ်မိုင်ချောင်းကျဉ်း၊ ကြည်ကုန်းရွာတို့ကို ကျော်ဖြတ်ခဲ့ပြီးနောက် ကလေးဝမှ ၂၄ မိုင်ဝေးသော ကလေးမြို့သို့ ညနေ ၄-နာရီ ၂၀-မိနစ်၌ ဆိုက်ရောက်၏။

## ကလေး သာသနာ့ရိပ်သာ

ကလေးမြို့ရောက်လျှင် သာသနာ့ရိပ်သာ၌ တည်းခိုရန် စီစဉ်ထားသည့်အတိုင်း သာသနာ့ရိပ်သာသို့သွားကြရ၏။ ရိပ်သာဆရာတော်အား ဦးချနှုတ်ဆက်နေစဉ် ရိပ်သာရှိ ယောဂီများနှင့် ရိပ်သာဂေါပကအဖွဲ့ နာယက ဦးဖိုးညွန့်နှင့် ဥက္ကဋ္ဌ ဦးမဲတို့ပါ စာရေးသူကို လာရောက် ကန်တော့ယင်း နှုတ်ဆက်ကြသည်။

ရိပ်သာမှာ ဥယျာဉ်ပန်းမန်နှင့်လည်း ပြည့်စုံ၏၊ အဆောက်အဦတို့နှင့်လည်းပြည့်စုံ၏။ ရေတွင်းရေကန်များ အုတ်ခင်းထားသောလမ်းများဖြင့် တင့်တယ် သိုက်မြိုက်လှသည်။ ကမ္မဋ္ဌာန်းကျောင်းများ၊ ဆွမ်းစားကျောင်းနှင့် ဓမ္မာရုံ အပြည့်အစုံရှိ၍ အဆောက်အဦပေါင်း ၁၃ ဆောင်ရှိလေသည်။

၁၃၁၃-ခုနှစ်ကစ၍ ကာလေးမြို့ ဂေါပကအဖွဲ့က ဦးစီးတည်ထောင်ခဲ့သော ရိပ်သာဖြစ်သည်။ တည်ထောင်စက သီတင်းသုံးခဲ့သော ဆရာတော်မှာ ဆရာတော် ဦးဝိမလ ဖြစ်ကြောင်း သိရသည်။ ၁၃၂၅-ခုနှစ်မှစ၍ သီတင်းသုံးသော ဆရာတော်တို့မှာ ဆရာတော် ဦးမေဃိန္ဒ၊ဆရာတော် ဦးရံသိ၊ ဆရာတော်ဦးဆောကိန္ဒတို့ပင်တည်း။ ဆရာတော်ဦးမေဃိန္ဒ အရပ်ခေတ္တပြန်ကြွနေသောကြောင့် မတွေ့ရပေ။ ဦးဆောကိန္ဒကိုသာ တွေ့ရ၏။

ဆရာတော် ဦးဆောကိန္ဒမှာ ရွှေဘိုခရိုင် တောက်ကရုပ်ရွာ ဇာတိဖြစ်သည်။ ဇာတိရပ်ရွာသို့လည်း တခါ တခါ ကြွရောက်၍ မဟာသတိပဋ္ဌာန်ဝိပဿနာတရားကို ဟောကြားတော်မူလေ့ ပြသတော်မူလေ့ရှိသည်။ မကင်းနိုင်သော ဆွေတော်မျိုးတော်တို့အတွက် ဉာတတ္ထစရိယအလုပ်ကို လုပ်တော်မူရသေး၏။ ဤရိပ်သာသို့ မရောက်မီက မေမြို့အနီးစခန်း၌ "ဆောကိန္ဒာရာမ" ဟူသော အမည်ဖြင့် စျေးကုန်းကျောင်းကို တည်ထောင် ဖန်ဆင်းတော်မူကာ စာသင်သားများကို လက်ခံပြီးလျှင် စာသင်တိုက်ဖွင့်၍ ပရိယတ္တိ သာသနာ ပြုတော် မူခဲ့ပေသည်။

ယခုသော် ဆောကိန္ဒာရာမ စာသင်တိုက်၌ ညောင်ကန် ဇာတိ ဆရာတော် ဦးဣန္ဒာစာရ (စာရေးသူ၏ အစ်ကိုဝမ်းကွဲ) အား စာချအဖြစ် ဦးဆောင်စေ၍ မိမိကိုယ်တိုင်ကမူ ပဋိပတ္တိ သာသနာပြုတော်မူလျက် ရှိပေသည်။ ၁၃၂၅-ခုနှစ် ဆရာတော် ဦးမေဃိန္ဒ၊ ဆရာတော် ဦးရံသိ၊ ဆရာတော် ဦးဆောကိန္ဒတို့ သာသနာပြုခဲ့သည့် အချိန်မှစ၍ ယခုအချိန်ထိ ဤကာလေးမြို့ ရိပ်သာ၌ အားထုတ်ပြီး ယောဂီပေါင်း ၅၀၀-ကျော်ရှိသွားပြီ ဖြစ်ကြောင်း သိရသဖြင့် ဝမ်းမြောက်ရပေသည်။

## ဆရာတော် ဦးပဒုမထံသို့

ရိပ်သာဆရာတော်များနှင့် စကား စမြည်ပြောပြီး အမော အပန်းပြေသောအခါ ရိပ်သာ အကျိုးဆောင် ဦးဇေဌကနှင့် အတူ ဒီပက်ရာကျောင်းဆရာတော် ဦးပဒုမထံ သွားရောက်ကြ၏။ ကာလေးမြို့ ရောက်တော့မည် ဆိုကတည်းက ဆရာတော်ထံ မရောက်ရောက်အောင် သွားမည်ဟု စဉ်းစားပြီးသား ဖြစ်သည်။ ဗုဒ္ဓမမ္မ လောက စာစောင်၌ ရေးဖော် ရေးဖက် ကလောင်ရှင်ချင်း ဖြစ်နေသောကြောင့် အချင်းချင်း မတွေ့ဘူးသော်လည်း ရင်းနှီးပြီးသား ဖြစ်နေခဲ့၏။

စောစောကပင် တွေ့ချင်ပြီးသား ဖြစ်ခဲ့သည့် အတိုင်း ယခုသော် ဆရာတော်နှင့်တွေ့ရပြီ။ ဆရာတော်မှာ စာစောင်၌ တွေ့ရသည့် ပုံအတိုင်း တုတ်တုတ်ခဲခဲ ကြည်ညိုဖွယ်ကြီးပေတည်း။ ဆရာတော်အား ဦးချ ကန်တော့ပြီးလျှင် ပြီးချင်း အတူပါလာသော ဦးဇေဋ္ဌက,က-

"ဒီကဖြင့် ဗုဒ္ဓဓမ္မ လောကထဲမှာ ကိုယ်တိုင် ဆောင်းပါး တွေကို စုပေါင်းပြီး စာအုပ်ထုတ်မယ် ကြံကာရှိသေး၊ ညောင်ကန် အရှင်ဇ္ဇလန္ဒက,က ဦးသွားပြီလို့ ဆရာတော် အမိန့်ရှိတဲ့ ညောင်ကန် အရှင်ဇ္ဇလန္ဒက ဆိုတာ ဒီဘုန်းကြီးကလေးပါပဲ ဘုရား" ဟု လျှောက်ထားလေသည်။ ဗုဒ္ဓဓမ္မလောက စာစောင်၌ ညောင်ကန် အရှင်ဇ္ဇလန္ဒက၏ ဗုဒ္ဓဓမ္မ ဆောင်းပါးများ စာအုပ်ရနိုင်ပြီဖြစ်ကြောင်း ကြော်ငြာ တွေ့ရစဉ်က ဆရာတော် ဦးပဒုမက မိန့်ခဲ့သော စကားကို ဦးဇေဋ္ဌက,က အမှတ်တရ လျှောက်ထားလိုက်ခြင်းဖြစ်သည်။

"ဩော်....ဟုတ်ကဲ့လား၊ ရေးဖော် ရေးဖက် ညောင်ကန် အရှင်ဇ္ဇလန္ဒကဆိုတာ အရှင်ဘုရားကိုး၊ တွေ့ရတာ ပမ်းသာပါတယ်။ ဒီမှာတော့ ဒကာ ဗိုလ်မှူးချုပ် တင်ဖေ....ဒီကာလေးမြို့ ရောက်စဉ်က ခေတ်လူငယ်တွေအတွက် လက်တွေ့ကျင့်သုံးစရာ ဗုဒ္ဓယဉ်ကျေးမှု စာတစောင်တဖွဲ့လောက် ရေးပါဘုရားလို့ လျှောက်ခဲ့ဘူးတယ်။ ဒါနဲ့ သိင်္ဂါလောဝါဒသုတ် စာမူတွေ ရေးနေပါတယ်။ ဗုဒ္ဓမ္မလောက စာစောင်မှာ ထည့်ထားတယ်။ အရှင်ဘုရားလဲ ဖတ်ရမှာပါပဲ။ အဲဒီ ဆောင်းပါးတွေကို စုပေါင်းပြီး စာတအုပ်ထုတ်မယ်လို့"ဟု ဆရာတော်က မိန့်လေသည်။

"ဆရာတော်မှာ စာရေးဆရာပီပီ စာပေသမား ဖြစ်သည့် အတိုင်း ကျိန်းစက်သော အိပ်ရာ၏ ဝဲဘက်ယာဘက် ခေါင်းရင်းဘက်ပါ မကျန် စာအုပ်များဖြင့် ဝန်းရံလျက် ရှိနေ၏။ ကြည့်လို ရှုလိုက အလွယ်တကူ ကြည့်နိုင်ရန်အတွက် စာအုပ်ပုံထားပုံမှာ စနစ်တကျ အစီအစဉ် ကောင်းလှ၏။ အနီး၌ ကြည့်ရှု ထားသော စာအုပ်များပင် ဖြစ်သော်လည်း မရှုပ်မပွေ အလှပြုထားသည့်နှယ် သပ်သပ်ရပ်ရပ် ရှင်းနေပေသည်။ စာအုပ်ထားပုံ၊ သိတင်းသုံးပုံ၊ နေထိုင်ပုံကို ကြည့်ရသဖြင့် ဤဆရာတော်မှာ သန့်သန့်ရှင်းရှင်းကိုမှ နှစ်သက်၍ သတိကောင်းသော ဆရာတော် ဖြစ်ကြောင်း မပြောပဲ သိနိုင်ပေသည်။

"ဆရာတော် ပြုစုတဲ့ 'ကာလေးမြို့သမိုင်း' စာအုပ်ကို သယ်ဌာနမှာ ကပ္ပိရပါသလဲဘုရား၊ တပည့်တော်မှာ ငှါးလာတဲ့ စာအုပ်သာ ရှိနေပါတယ်ဘုရား"

ဆရာတော့်ဆီ လက်ကျန်ရှိလျှင်လည်း ရ၊ မရှိ၍ နေရာဌာန ကပ္ပိရန် ညွှန်ကြားလျှင်လည်း ထိုညွှန်းရာ ဌာနမှာ ကပ္ပိယကို ကပ္ပိ စေရမည် ဟူသော ဆန္ဒဖြင့် ဆရာတော်အား လျှောက်ထားရာ ဆရာတော်က အခန်းတွင်းမှ စာတအုပ်ယူလာပြီး ချီးမြှင့်လိုက်ပါသည်။

## လောကကို မျက်နှာလွှဲ စာပေထဲမှာပျော်

"လောကကြီးကတော့ သိမြင်နေကြတဲ့အတိုင်းပဲ၊ ဖရိုဖရဲပြိုကွဲ ပျက်စီးတတ်သောကြောင့် လောကဆိုတဲ့အတိုင်း အင်မတန် ပျက်လျက်ရှိနေကြတယ်။ ဒီတော့ လောကကို ဂရုစိုက်မနေတော့ပဲ ကိုယ့်ဘာသာကိုယ် စာကြည့်၊ စာတွေး၊ စာကိုပဲ ရေးပြီး ပျော်မွေ့ နေလိုက်တာပါပဲ။ လောကကြီး ဘယ်လောက်ပဲ ယောက်ယက်ခတ်နေနေ၊ စာပေဝါသနာပါလို့ စာပေထဲမှာ စိတ်ရောက်နေရတာ အင်မတန် ငြိမ်သက်၊ အင်မတန် အရသာရှိပါတယ်" ဤသို့လည်း ဆရာတော်က မိမိခံယူချက် သဘောထားကို မိန့်တော်မူလိုက်ပါသေး၏။ သင့်တန် သလောက် အလ္လာပ, သလ္လာပ စကားများ ပြောပြီးနောက် ဆရာတော်ထံမှ ပြန်ခဲ့ကြပါသည်။

ဤနေရာ၌လည်း ကာလေး ဆရာတော် ဦးပဒုမ၏ ကာလေးမြို့ သမိုင်းစာအုပ်မှ ရွှေမုဋ္ဌောဘုရားသမိုင်းကို ဖော်ပြသကဲ့သို့ ကာလေးမြို့ အကြောင်းကိုလည်း ထိုသမိုင်းမှပင် ထိုက်သင့်သလောက် ထုတ်ပြပါဦးမည်။

## လေးမြို့ကာ-ကာလေးမြို့

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က ဗုဒ္ဓ၏ ကျောင်းဒကာ ဝိမ္ဗိသာရ၊ အဇာတသတ်တို့ အဆက်အနွယ်များ ဤနယ်သို့ ပြောင်းရွှေ့ လာကြပြီး တည်ထောင် ထားခဲ့သော နွယ်ပတ်မြို့ ရာဇဂြိုဟ်မြို့သစ် အဝင် အပါ ဓာလေးမြို့ ဆိုသည်မှာ-

၁။ တနင်္ဂနွေထောင့်၌ ရွှေတောင်မြို့။
၂။ အင်္ဂါထောင့်၌ စဉ့်တဲ့မြို့။
၃။ စနေထောင့်၌ မလှံမြို့။
၄။ ရာဟုထောင့်၌ ခန်းပတ်မြို့။

ဤလေးမြို့ ကာရံလျက် ရှိသည်။ ဤသို့လျှင် "လေးမြို့ကာရံ ထားသောကြောင့် (လေးမြို့ကာ-ကာလေးမြို့)"ဟူ၍ အမည်တွင်ခဲ့သည်။

ကာလေးမြို့ကို ကောဇာသက္ကရာဇ် ၃၂၈-ခုနှစ်က စတင် တည်ထောင်ခဲ့သဖြင့် ၁၃၂၈-ခုနှစ် အရောက်၌ အနှစ်တထောင် ပြည့်လေသည်။ မြို့အရှေ့ဘက်မှ ပုံတောင် ပုံညာအဆက် တောင်တန်းကြီး၊ အနောက်ဘက်မှ ချင်းတောင်ကြီး ရှိသောကြောင့် ညို့ညို့မှိုင်းမှိုင်း ရှုတိုင်း သာယာလှသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ၏ ရာဟုထောင့် (ဗမာပြည် မြေပုံကိုရှု) ယွန်းယွန်း အစွန်ဆုံး ချင်းတောင်တန်းကြီး၏ အစပ် တောင်ကြီးတွေခြား၊ ကမ်းကြီးတွေကွယ်လျက် မြေကောင်းရေကောင်းနှင့် တိုင်းပြည်ကလေးတပြည်လို ဖြစ်၍ သာယာလှသည်။

## မျက်မှောက် ကာလေးမြို့

ကာလေး မြို့ဟောင်းမှာ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက လေးတိုင်စဉ် ကလေးလောက်ပင် မကျန်တော့ပဲ ပျက်စီး ခဲ့ရသောကြောင့် တောအတိဖြစ်၍ ကျားများပင် အောင်းနေခဲ့လေသည်။ ကမ္ဘာစစ်ကြီး ပြီးကာမှ ထူထောင်လာခဲ့ရသော မျက်မှောက် ကာလေးမြို့ရှိ တန်ခိုးကြီး ဘုရားများမှာ ရွှေမုဋ္ဌောဘုရားကြီးနှင့် စကားလှ ဘုရားကြီးတို့ဖြစ်သည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း ၈-ကျောင်း (စစ်မဖြစ်မီက ၄-ကျောင်းနှင့် အိမ်ခြေ ၉၆၀) ရှိသည်။ အထက်တန်းကျောင်း ၁၊ မူလတန်းကျောင်း ၃၊ မြို့ပိုင်ရုံး၊ ချင်းကောင်စီရုံး၊ တပ်မတော်တပ်ရင်း ၄၂-ရုံး၊ ဆေးရုံ၊ ဈေးကြီး၊ မီးသတ်စက်၊ လေယာဉ်ကွင်း၊ အိပ်ခြေ ၁၂၀၀-ကျော်တို့ ရှိကြသည်။ သစ်ချောက် ကျောက်မီးသွေးတွင်းနှင့် မိုင်-၂၁၊ ကလေးဝမြို့နှင့် ၂၄-မိုင်၊ ချင်းတောင် တီးဒင်မြို့နှင့် ၄၈-မိုင်၊ ဖလမ်းမြို့နှင့် ၆၂-မိုင် အသီးသီး ဝေးကွာသည်။

ကာလေးမြို့နယ်သို့ ဂျပန် စိုက်ပျိုးရေး ပါရဂူများနှင့် အင်္ဂရေး စိုက်ပျိုးရေး ပါရဂူများ သုတေသန ပြုရန် ရောက်လာကြဘူးသည်။ အင်္ဂရေး ပါရဂူများက "ကာလေးမြို့နယ်နှင့် တမူးမြို့နယ်ကိုသာ သူတို့ အဆီထုတ်ခွင့်ရလျှင် ဗမာပြည် အခွန်တော်ငွေ ကုဋေ ၁၀၀-ကျော်ကို သူတို့ကချည်း ထမ်းဆောင်နိုင်မည်" ဟု ပြောသွားသည်ဆို၏။

စစ်ပြီးမှ ကာလေးမြို့နယ်သို့ ယော-ဆော လောင်းရှည် စသော ယောနယ်များမှ အိမ်ထောင်ပေါင်းများစွာနှင့် ချင်းတောင်တန်းပေါ်မှ ချင်းအမျိုးသားများ၊ လူဆိုင်း အမျိုးသားများ ဆင်းလာကြကာ ရွာတည်နေထိုင်ကြသဖြင့် ကျေးရွာ ၅၀-ခန့်နှင့် လူဦးရေ တသောင်းခန့် ရှိနေပြီဆို၏။

## ၆၂-ခုနှစ် စာရင်းအရ

ကာလေးမြို့နယ်မှာ တောင်နှင့်မြောက် ၇၂-မိုင်၊ အရှေ့နှင့်အနောက် ၁၆-မိုင်ခန့်၊ စတုရန်းမိုင် ၉၅၀-အတွင်း ဘုန်းတော်ကြီးကျောင်း ၇၅၊ ရဟန်းသံဃာတော် ၄၀၀-ခန့်၊ ဒိုင်လူကြီး ၃၆၊ ကျေးရွာပေါင်း ၁၄၆၊ အိမ်ခြေ ၁၂၀၂၇၊ လူဦးရေ ၅၉၆၀၆၊ လယ်သမား ၁၀၀၀၀၊ လယ်ကေပေါင်း ၄၇၁၉၃၊ ကိုင်းကေ (ယာအပါအဝင်) ၂၀၅၉၂၊ စပါးထွက် တင်းပေါင်း ၁၇၁၀၃၇၈ (တဆယ့်ခုနှစ်သိန်းကျော်) အဝယ်ဒိုင်သွင်း ၆၀၀၀၀၀၊ ကျွဲကောင်ရေ ၂၅၀၀၀၊ မြို့မ အိမ်ခြေ ၁၁၇၂၊ ယောကျ်ားပေါင်း ၂၉၉၂၊ မိန်းမပေါင်း ၂၉၆၀၊ ၂-ရပ် ပေါင်း ၅၉၅၂-ယောက်ရှိသည်။ ဤစာရင်းကို မြို့ပိုင်ရုံးနှင့် မြေတိုင်း ဘက်မှ ကျေးဇူးပြုသည်။

## မြို့နေလူထုနှင့် ဘာသာစကား

ဗမာ လူမျိုးများပင် ဖြစ်ကြသော်လည်း မြို့မြောက်ပိုင်းမှာ ရှေး ခေတ် ရှမ်းလက်ကျန်ဖြစ်၍ ရှမ်းဆန်ပြီးလျှင် ရှမ်းသံပါနေကြ၏။ ဥပမာ ဘူးသီး၊ ခရမ်းသီးကို တူးတီး၊ ခရမ်းတီး ဟူ၍ရင်း၊ သဲသောင်ကို တဲတောင်ဟူ၍ရင်း၊ သ-သံကို တ-သံ၊ တသံကို၊ သ-သံဖြင့် သုံးနှုန်းလျက် ရှိသည်။

တောင်ပိုင်းသားများကမူ ယောဆန်နေပြန်ပါသည်။ ဥပမာ-ဘာလဲကို ဖာလဲ ဟူ၍ရင်း၊ ဘယ်ကလာသလဲကို ဖယ်က လာသလဲ ဟူ၍ရင်း ဘ-သံကို ဖ-သံသုံးလျက်ရှိ၏။ ထို့ပြင် ကြက်ကို အက္ခရာဖြင့် ရေး၍မဖြစ်နိုင်လောက်အောင် "ကြက်" နီးပါးအသံကဲ့သို့ သုံးကြသည်။ သို့သော် ဤလို ပြောဆိုနေကြသော အမျိုးသားများမှာ ချင်းနှင့်လူဆိုင်း အမျိုးသားများမှလွဲလျှင် ဗမာ အမျိုးသားတို့သာ ဖြစ်ကြပါသည်။

## ရာသီဥတု

ရာသီဥတုမှာ ပေ ၉၀၀၀-(ကိုးထောင်)ကျော် မြင့်သော ချင်းတောင်ကြီး၏ ခြေရင်းဖြစ်သဖြင့် အအေးပိုင်းဇုံဖြစ်သည်။ ရှေးခေတ်က မိုးရေချိန်လက်မ ၉၀-ရှိခဲ့၍ ဒုတိယ ကမ္ဘာစစ်ကြီး အပြီး ရွာပေါင်းများစွာ တိုးတက်လာကာ လမ်းများ တီထွင်ကြခြင်း၊ ကိုင်းကျွန်းများ တီထွင် ကြခြင်းတို့ကြောင့် သစ်တောများ ပြုန်းတီးကာ ယခုမိုးရေချိန် လက်မ ၆၅၊ ၇၀-လောက်သာ ရှိတော့သည်ဆို၏။

## ရှေ့အလားအလာ

ကာလေးမြို့နယ်မှာ လုပ်ခင်းဆောင်ကာ ပေါ်များခြင်း၊ စမုံမြေတာ ကောင်းလှ၍ ဆန်ရေ စပါး ပဲများ ပေါ်များခြင်း၊ ကျောက်မီးသွေး၊ သံ၊ ရေနံ၊ ကျွန်းသစ်မှစ၍ သဘာဝပစ္စည်းများ ထိုက်တန်သလောက် ထွက်ခြင်း၊ လေယာဉ်ကွင်း ရှိခြင်း၊ ချင်းတောင် ခြေရင်း ဆိပ်ခံမြို့ ကလေးဖြစ်ခြင်းတို့ကြောင့် မြို့ကြီးတမြို့ ဖြစ်ရန် အလားအလာရှိသည်။ ဒီရေပမာ တိုးတက်လျက်ရှိပေသည်။ (ဤသည်တို့မှာ ဆရာတော် ဦးပဒုမ၏ ကာလေးမြို့ သမိုင်းမှ သင့်တင့်သလောက် ထုတ်နုတ် ဖော်ပြလိုက်ခြင်းဖြစ်သည်။ အကျယ်သိလိုသူများ ၎င်းသမိုင်း၌ ကြည့်ရန် တိုက်တွန်းလိုက်ရပေသည်။)

## ကာလေး ပထမည တရားပွဲ

တန်ဆောင်မုန်း လဆုတ် ၇-ရက်။ အချိန်မှာ ည ၇-နာရီ ဖြစ်၏။ ကာလေးမြို့ ပိုလ်ချုပ်လမ်း အိမ်တအိမ်၌ တရားပွဲ ကျင်းပသည်။ တရားနာ ပရိသတ် ၅၀၀-ခန့် ရှိပေမည်။ ထုံးစံ အတိုင်း

ဒကာ ဦးခင်မောင်က တရားပွဲလာ ပရိသတ်အား အဆက်အစပ်စထား အနည်းငယ်မျှ ပြောကြားသည်။ ထို့နောက် စာရေးသူမှာ "သံယောဇဉ် တရားတော်"ကိုပင် ဟောကြား လိုက်သည်။ ကာလေး ဒကာကြီး ဦးဘသိန်းက တရားနာခံအဖြစ် ဆောင်ရွက်သည်။

မိုးအနည်းငယ်ရွာလျက် ရှိသော်လည်း တရားပွဲကတော့ မပျက်ပါ။ ည ၉-နာရီအချိန်၌ သက်ဆိုင်ရာမှ ဝတ္တရားအရ အသံချဲ့စက်ဖွင့်ခွင့်ကို လာရောက်ပိတ်ပင်လေ၏။ သို့သော် တရားပွဲကျင်းပရေး လူကြီးများ၏ အကျိုးသင့် အကြောင်းသင့် တောင်းပန် ပြောကြားမှုဖြင့် ဖွင့်ခွင့်ပြုသွားကြ၏။ ဤနည်းဖြင့် ကာလေးမြို့ တညတာကို မဟာသတိပဋ္ဌာန်လာ "သံယောဇဉ် တရားတော်" ဖြင့် မွှမ်းထုံလိုက်ရပေသည်။

## မိဘကျေးဇူး

၎င်း ၇-ရက်နေ့နံနက်။ နံနက်အရုဏ်ဆွမ်းကိုကာလေးရိပ်သာ၌ပင်ရိပ်သာ ဝိပဿနာအသင်းက ကပ်လှူသော ခေါက်ဆွဲဆွမ်းကို ဘုဉ်းပေးရ၏။ မကြာမီ နံနက် ၉-နာရီ အချိန်လောက်၌ ဆရာတော် ဦးသံဝရတို့အဖွဲ့က ကလေးဝမှ ရောက်လာကြသည်။ ကလေးဝ ယောဂီ ဦးမြရင်တို့၏ ကောင်းမှု ကားဖြင့် ရောက်လာကြရာ-

ဦးဇဝန၊ ရွှေမုဋ္ဌောကျောင်း ဦးရေဝတနှင့် ဒကာကြီးဦးညီပုတို့လည်း ပါလာကြ၏။ ဤအဖွဲ့ရောက်လာသည့်အခါ စကားစမြည်စ၍ ပြောကြ သည့် အထဲမှ စကားစပ်မိကြပြီးလျှင် မိဘကျေးဇူးဆီသို့ ရောက်သွားကြ သည်။ ထိုအခါ ကလေးဝ ဦးရေဝတက-

"မိဘကျေးဇူးကြီးတာကိုတော့ ပြောမယ်ဆိုယင် ပြောလို့မကုန်နိုင် ပါဘူး။ သည်က ရဟန်းတပါးဖြစ်နေတော့ လက်တွေ့ပြောရအုံးမယ်၊ သား ရဟန်းရှိတဲ့ မိဘတွေဆိုယင် သား ရဟန်းအပေါ်မှာ သာပြီးတော့ မေတ္တာ သက်ရောက်သေးတယ်။ ရဟန်း ခမည်းတော် မယ်တော် ဆိုပြီး မသိသေးတဲ့ သာမည လူနဲ့တွေ့ယင်တောင် သားရဟန်းရှိကြောင်း အရ သာခံပြီး မြိန်မြိန်ရှက်ရှက်ကြီး ပြောလေ့ရှိကြတယ်။ သိပြီးသားလူတွေနဲ့ ဆိုတာတော့ မစပ်မိ စပ်မိအောင် စကားရှာပြီး သားရဟန်း အကြောင်း ကို ပြောမပြီး ချီးကျူးမပြီး ပြောတတ်ကြလွန်းလို့ နားထောင်နေသူကို ပင် အားနာစရာ ဖြစ်နေတတ်ကြတယ်။

မြို့တက်စာသင်နေသော သာ့းရဟန်းဆိုယင် တနှစ် ငွေ ၅၀၀၊ ၁၀၀၀-ဆိုတာအနဲပဲ၊ သာ့းရဟန်းက လိုတယ်ဆိုပြီးမျှား တောင်းလိုက်ယင် မရှိ ရှိတဲ့နည်းနဲ့ ပို့လိုက်ကြတာပဲ၊ သာ့းရဟန်းဆီကမျှား တခုခုပေးလိုက် ပို့လိုက်ယင် စိပ်ပုတီးကလေးတကုံး ဖြစ်အုံးတော့ အင်မတန်အားရဝမ်းသာ့ရှိတာကလား။ ဟောဒါ သာ့းရဟန်းက ပေးလိုက်တဲ့ စိပ်ပုတီး၊ ဟောဒါ သာ့းရဟန်းက ပေးလိုက်တဲ့ စိပ်ပုတီး ဆိုပြီးတော့ လူတွေ့တိုင်း ပြောကြား ဂုဏ်ယူလို့မဆုံးနိုင်ကြဘူး။ သာ့းရဟန်းဆီက စိပ်ပုတီးကလေး တကုံးရတာကို အကြီးအကျယ်လုပ်ပြီး သူတို့ဆီက ငွေ ၅၀၀၊ ၁၀၀၀၊ ကိုတော့ ပေးရတယ်တောင် မှတ်ကြတယ်မဟုတ်ဘူး၊ ဒါကြောင့် သာ့းရဟန်း လုပ်သူတွေကလဲ ဒီလောက်ဖြစ်နေတဲ့ မိဘမျှားကို မမေ့သင့်ကြဘူး၊ ဝတ္တုပစ္စည်းကလေး တခုခုပဲဖြစ်ဖြစ် စာကလေးတစောင်လောက်ပဲ ဖြစ်ဖြစ် မပြတ်အောင် သတိရ တုံ့ပြန် သင့်ကြပါတယ်'' ဟု ပြောလေသည်။

ဆက်လက်၍ ဦးရေဝတကပင် ''တရွာတပြည်မှာ ကျောင်းထိုင်ပြီး တနှစ်တခေါက် မွေးရပ်ရွာကို ပြန်လေ့ရှိတဲ့ ဘုန်းတော်ကြီးတပါးမှာ နောက်က ကျောင်းသားလေး တယောက်ခေါ်သွားလေ့ရှိတယ်။ အဲဒီကျောင်းသားကလေးက သူ့ကျောင်းပြန်ရောက်တဲ့အခါသူ့ သူငယ်ချင်း ကျောင်းသားတွေကို ဘယ်လိုပြောလိုက်သလဲဆိုယင်-

''ဒို့ကျောင်း ဘုန်းကြီးကကွာ ဒို့ရွာမှာသာ သြဇာအာဏာကြီးပြီး ဆံရာတော်ကြီး ဆရာတော်ကြီးနဲ့ ဂုဏ်ကြီးနေတာပါ။ တရွာလုံးက ကြောက်လိုက်ရတာကလဲ ပြားပြားဝပ်လို့ပဲ။ သူတို့ရွာကို ငါလိုက်သွားတော့ ဒို့ဘုန်းကြီးဟာ အဲအဲ....ကလေးကို ဖြစ်သွားတာပဲမောင်။သူ့မယ်တော်ကြီးက ''သာ့းသာ့း-သာ့းသာ့းနဲ့ တကယ့် အဲအဲ ကလေးပါပဲ၊ နေကောင်းရဲ့လား ထိုင်ကောင်းရဲ့လား၊ နေပူကြီးထဲမျှား မသွားနဲ့ ဘာနဲ့ပေါ့ကွာ၊ ဆုံးမနေလိုက်တာ၊ နောက်ပီး ဆွမ်းစားတော့လဲ ဒို့ဘုန်းကြီးကို ကလေးကြည့် ကျွေးနေသလိုပဲ၊ ဆွမ်းပန်းကန်ထဲ အငွေ့ တထောင်းထောင်းနဲ့ ဆွမ်းတွေထည့်ပေးပြီးဖူးဖူး ဖူးဖူးနဲ့ မှုတ်ပေးလိုပေး၊ ငါးအရိုးထွင်ပေးလိုပေ။၊ အသားတုံးကလေးတွေ ဖဲ့ပေးလိုပေး၊ ယပ်ခတ်ပေးလိုပေးနဲ့မောင်-လို့ ပြောသတဲ့''ဟူ၍ မိဘတို့သာ့း ရဟန်း အပေါ် ယုယပုံ

မေတ္တာစေတနာထားပုံ ကြီးမားပုံများကို အမိန့်ရှိသည်။ လူစုလူဝိုင်းနှင့် ပြောယင်း ဆိုယင်း နေ့ဆွမ်းစားရန် အချိန်သို့ ရောက်သွားလေတော့သည်။

အများစုပေါင်းကပ်လှူသော ဆွမ်းကို ရိပ်သာ၌ပင် ဘုဉ်းပေးကြရသည်။ ဆွမ်းနှင့် ဆွမ်းဟင်းများမှာ စားပွဲကြီး ၂-ချပ် ၃-ချပ်ဖြင့် အပြည့်အလျှံ ပေါင်းလန် နေလေတော့သည်။

## ၂၀။ ချင်းဝိသေသတိုင်း နယ်စပ်သို့

ဇွန် ၈-ရက်နေ့ ၂-နာရီ အချိန်၌ ကလေးမြို့သား ဦးဗထွေး မောင်းသော ကားကလေးဖြင့် ချင်းဝိသေသတိုင်း နယ်စပ်သို့ သွားကြသည်။ ဆရာတော် ဦးသံဝရ၊ ဦးဇဝန၊ ဦးရေဝတ၊ စာရေးသူနှင့် ဦးညီပု၊ ဦးခင်မောင်၊ သရောင်း ဦးထွန်းဖေတို့ စီးနင်း လိုက်ပါလာကြ၏။ မိုးမရွာသော်လည်း ကောင်းကင် တပြင်လုံး အုံ့မှိုင်းနေသည်။ အအေးဓာတ်မှာ စီးနင်းလာသော ကားထဲကို လေနှင့် ရောဝင်လာသဖြင့် ခြုံရုံထားသော သက်န်းထဲကိုပင် တိုးဝင် အေးစိမ့်လာသည်။

ကလေးမြို့ကို ဖြတ်မောင်းလာခဲ့ရာ လေယာဉ်ပျံကွင်းကြီးကို တွေ့ရသည်။ လေယာဉ်ကွင်း အရှေ့ဘက်၌ မြို့တွင်း လမ်းမ၊ အနောက်ဘက်၌ ခြေလျင် တပ်ရင်း ၄၂၊ အတော်ဝေးဝေးကို လှမ်းကြည့် လိုက်လျှင် ချင်းတောင်တန်းကြီးကို မြင်နေရသည်။ ကားကလေးမှာ ချင်းတောင်တန်းဆီကို ဦးတည် မောင်းလျက်ရှိသည်။ တောင်တန်းကြီးကား ညိုမှိုင်း ဝေဆိုင်းနေ၏။

ကားလမ်းဘေး၌ ရှမ်း-ရှမ်း ဗမာ- လူရှိုင်း- ချင်းအမျိုးသားတို့ နေထိုင်သော ရွာကလေးများကိုတွေ့ရ၏။ စထောင်ခေါ် တောတိုက်၊ စမ်းမြို့၊ စရပ်ခုံ၊ တာဟန်း၊ ကြို့သုံးပင်၊ ဆီရင်း စသော ရွာကလေးများပေတည်း။ အထူးသဖြင့် တာဟန်း၌ နွားနောက်ရေဖြင့် ကျက်ထားသော အိုးစည်လို ကြိမ်ထိုင်ခုံများနှင့် အခြားရွာများ၌ လွယ်အိတ်၊ လုံချည် အထည် ယက်ကန်းများကိုရင်း၊ စမ်းရေချောင်းကို အသုံးပြု၍ တပ်ဆင်ထားသော မောင်းများကိုရင်း တွေ့ရသည်။ တပ်ဆင်ထားသော ထိုမောင်းများမှာ စက်ဖြင့်လည်းမမောင်း၊ လူကလည်း မထောင်းရပဲ စမ်းချောင်းဘေးမှာ အလိုလို ထောင်းနေသည်ကို အထူးအဆန်းအနေဖြင့် မြင်ခဲ့ရသည်။

ညနေ ၃-နာရီ ၄၅ - မိနစ်မှာ ချင်းဝိသေသတိုင်း နယ်စပ်သို့ ရောက်ကြလေ၏။ ဤနေရာကား စစ်ကိုင်းတိုင်းအဆုံးနှင့် ချင်းဝိသေသတိုင်း၏ အစပေတည်း။ ဂိတ်စောင့်ထံ ခွင့်ပန်၍ ချင်းဝိသေသတိုင်းဘက်သို့ ဝင်ရောက်သွားကြသည်။ ချင်းဝိသေသတိုင်းဘက်သို့ ရောက်လျှင် အအေးစက် အတွင်း ဝင်လိုက်ရသလို ထူးထူးခြားခြား အအေးစိမ့်သွား၏။ ကလေးမြို့မှ လှမ်းမြှော်မြင်နေခဲ့ရသော ချင်းတောင်ကြီးပေါ်သို့ တဖြည်းဖြည်း ကွေ့ပတ်ကာ တက်ခဲ့ကြသည်။ ကလေးမြို့မှ ၂၈-မိုင်နှင့် ၄-ဖာလုံသို့ ရောက်လျှင် ကားရပ်ပြီး အောက်သို့ ဆင်းခဲ့ကြသည်။

ရောက်နေသော တောင်စောင်းကလေးမှရပ်၍ ကလေးမြို့ကို လှမ်းမြင်နေရ၏။ ရှုခင်းမှာ သာယာလှသည်။ တောရွာကလေးများ တောင်ကုန်းများ ယာခင်းပြင်များကို ကျော်၍ မြင်နေရသော ကလေးမြို့မှာ ဘုရားတန်ဆောင်း ကျောင်းနှင့် သစ်ပင် အိမ်စဉ်တိုက်တာများကို မြင်နေရရာ လက်ရာကောင်း ပန်းချီကားတကားကို ကြည့်ရသလို ကြည်နူးဖွယ် ဖြစ်သည်။ တရားပွဲ ဖြစ်မြောက်ရေးအဖွဲ့က တရားဟောအဖွဲ့အား ဒေသန္တရ ဗဟုသုတအတွက် ဤနေရာသို့ လိုက်ပို့ခြင်းဖြစ်သောကြောင့် တရားပွဲ ဖြစ်မြောက်ရေး အဖွဲ့အား ကျေးဇူးတင်ရပေမည်။

“ဒီနေရာကနေ ချင်းတို့နေထိုင်ရာ ဖလမ်းမြို့ကို တက်သွားလို့ ရပါတယ်။ ကားလမ်းကတော့ မကောင်းပါဘူး။ မြင့်မားတဲ့ တောင်ကမ်းပါးယံများအတိုင်း ဖောက်လုပ် ထားပါတယ်။ကားတစီးသွားနိုင်ရုံလောက်သာကျယ်ပြီး ဘေးပတ်လည်မှာအင်မတန်နက်တဲ့ချောက်ကမ်းပါးကြီးတွေ ရှိနေပါတယ်။ တဘက်ကတော့ အင်မတန် မြင့်မားတဲ့ တောင်ကမ်းပါးယံကြီးတွေ ရှိနေပါတယ်။မိုးရွာလွန်းတဲ့ ဒေသဖြစ်လို့ မိုးအခါ အသွားအလာ အင်မတန် ခက်ရုံသာမက ကြောက်စရာလဲကောင်းတယ်။ ဖလမ်းမရောက်မီ ၃ မိုင်လောက် အလိုမှာ မဏိပူရချောင်းခေါ်တဲ့ နန်းကသဲချောင်း တခုရှိတယ်။ အဲဒီချောင်းကိုတော့ ကြိုးတံတားပြုလုပ်ထားလို့ ကြိုးတံတားပေါ်ကနေ ကူးရတယ်။ မြင့်တဲ့တောင်ပေါ်မှာ ဖြစ်လို့ ဖလမ်းမြို့ဟာ ရာသီဥတု အင်မတန် အေးပါတယ်။ ချင်းတောင်

နယ်ရှိုးစိုက်မြို့ကတော့ ဟားခါးမြို့ ဖြစ်ပါတယ်” ဦးဗထွေးက ပြောပြလေသည်။

“ဒီတောင်ကြီးတွေဟာ ဘယ်ရိုးမထဲ ပါဝင်ပြီး ဒီတောင်ကြီးပေါ်မှာ လူမျိုး ဘယ်နှစ်မျိုးလောက် နေထိုင်ကြသလဲပဲ” စာရေးသူက မေးလိုက်သည်။ ထိုအခါ ဦးဗထွေးကပင်—

“ဒီတောင်ကြီးတွေက ရခိုင်ရိုးမထဲ ပါဝင်ပါတယ်။ ချင်းတောင်ဆိုတဲ့အတိုင်း ဒီတောင်ကြီးတွေမှာ ချင်းအမျိုးသားတွေ နေထိုင်ကြတာပါပဲ။ ဒိပြင်လူမျိုး ရှိတောင်ရှိတယ်လို့ မပြောလောက်ပါဘူး။ သူတို့ရဲ့ အဓိကလုပ်ငန်းကတော့ တောင်ယာလုပ်ငန်းပါပဲ။ အဝတ်အထည်နဲ့ ခြုံထည်များကိုလဲ ကိုယ်တိုင် ယက်လုပ်ကြတယ်။ တောင်စောင်းများမှာ လှေခါးအထစ် ပြုလုပ်ပြီး ဆန်စပါး၊ ပြောင်း၊ လူး၊ ဆပ်၊ လိမ္မော်၊ သစ်တော့ စတဲ့ သစ်သီးသစ်နှံများ စိုက်ပျိုးစားသောက်ကြတယ်” ဟု ပြောပြလေသည်။

### ကာလေး ဒုတိယည တရားပွဲ

တန်ဆောင်မုန်းလဆုတ် ၈-ရက်နေ့ည။ ယနေ့ည တရားပွဲကို ရပ်ကွက်တခုသို့ ရွှေ့၍ကျင်းပ၏။ အိမ်တအိမ်မှာပင်ဖြစ်၍ တရားနာ ပရိသတ် ၅၀၀-ကျော်ခန့် လာရောက် နာကြားကြသည်။ ရပ်ဝေးမှပင် တချို့တားများဖြင့် လာရောက် နာကြားကြသဖြင့် ဟောရသည်မှာ အားရစရာ ကောင်းပေသည်။ ခွင့်ပြုထားသော ၉-နာရီအထိသာ အသံချဲ့စက်ဖြင့် ဟောခွင့်ရ၏။ ၉-နာရီကကျော်လျှင် အသံချဲ့စက်မပါပဲ အလွတ်ဟောရသည်။

ယနေ့ကား ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညီပုတို့ ဟောကြရမည့်အလှည့်တည်း။ ရှေးဦးစွာ ဒကာကြီး ဦးညီပုက ကျေးဇူးတင်စကားပြောကြားပြီးနောက် ဆရာတော် ဦးသံဝရ တပါးတည်း အားရပါးရဟောလေ၏။ ယနေ့ညပါဆိုလျှင် နှစ်ညအထိ ကာလေးမြို့သူ မြို့သားများရော နယ်သူ နယ်သားများပါ သတိပဋ္ဌာန် ဒေသနာမိုး သောက်ချိုးကြရပါသတည်း။

# ၂၉။ ကာလေးမှ တမူးသို့

တန်ဆောင်မုန်းလဆုတ် ၉-ရက်နေ့။ အရုဏ်ဆွမ်း အဖြစ် မုန့်တီဆွမ်းကို ကာလေး ရိပ်သာ၌ပင် ဘုဉ်းပေးကြရ၏။ တောအုပ် ကိုဇော်ဂျီ, မတင်တင်တို့ ကောင်းမှုဖြစ်၏။ အရုဏ်ဆွမ်းကိစ္စပြီး၍ ဆောင်ရွက်ဖွယ် ကိစ္စများကို ဆောင်ရွက်ယင်း အချိန်မှာ ၈-နာရီခွဲအချိန်သို့ ရောက်သွားပေပြီ။

ထိုအချိန်၌ ဂျစ်ကားဖြင့် ကာလေးရိပ်သာမှ တမူးသို့ ထွက်ခွါခဲ့ကြသည်။ ရိက္ခာ အပြည့်အစုံတင်၍ ကားပေါ်၌ ဆရာတော် ဦးသံဝရ၊ ဦးဇဝန၊ စာရေးသူ၊ ဦးညီပု၊ ဦးခင်မောင်၊ သရောင်း ဦးထွန်းဖေတို့ လိုက်ပါခဲ့ကြသည်။ ကားမှာ ဦးညီပု၏ မိတ်ဆွေ ကာလေးမြို့ ဗိုလ်မှူး အောင်ဝင်း၏ ကားဖြစ်၏။ ကားကို မောင်ကြောင် ဆိုသူက မောင်း၏။ ဒကာကြီး ဦးညီပု၏ သူငယ်ချင်းကား ဆိုသော်လည်း နိဗ္ဗာန်ကုတ်ိုတော့ မဟုတ်။ တန်ရာတန်ကြေးပေး၍ ငှါးခဲ့ရသောကား ဖြစ်သည်။

## ကြည်နူးဖွယ်ကောင်းသည်

ကာလေးမှ ထွက်ခဲ့ရာ ရွှေဦးစွာ ကြည်ကုန်းသို့ ရောက်၏။ ကြည်ကုန်းမှာ ကာလေး၊ တမူး၊ ကလေးဝ ဤသုံးဌာနသို့ သွားသော လမ်းဆုံလမ်းခွဖြစ်သည်။ တမူးသို့သွားရန်ဖြစ်သောကြောင့် တမူးလမ်းအတိုင်း ထွက်ခဲ့ကြသည်။

လမ်းတစ်လျှောက် ဝဲယာ၌ ရေအိုင်များ၊ တောတောင်များ၊ လယ်ယာ ဥယျာဉ်များ၊ ပျိုနုသော ကျွန်းတောများ၊ တောကြက်၊ တောငှက် များဖြင့် မြမ်းတီးလျက်ရှိရာ သာယာကြည်နူးဖွယ် ကောင်းလှသည်။ တမေ့တမော ကြည့်ရှုငေးမောယင်း လိုက်လာခဲ့သည်။ သရောင်း ဦးထွန်းဖေမှာမူ ရွာတွေတိုင်း ရွာအမည်များကို ရွာဝ၌ ဖော်ပြထားသော ဆိုင်းဘုတ်များကို ကြည့်၍ ဂရုတစိုက် ရေးမှတ်ခဲ့လေသည်။

## ဆွမ်းစားချိန်၌ ခန်းပတ်ရောက်

နံနက် ၁၁-နာရီအချိန်၌ ခန်းပတ်ရွာကြီးသို့ရောက်ရာ ဆွမ်းစားချိန်တော်နေပြီဖြစ်၍ မြန်မာဘုန်းတော်ကြီးကျောင်း တကျောင်းအတွင်းသို့ ဝင်၍ ကားကို ရပ်နားလိုက်သည်။ ၎င်းကျောင်း၌ ပါလာသော ဆွမ်းကို ဘုဉ်းပေးလိုက်ကြသည်။

ဤကျောင်း၌ သီတင်းသုံးနေတော်မူကြသော ဘုန်းတော်ကြီးသုံးပါးကို တွေ့ကြရသည်။ မေးကြည့်ရာ သုံးပါးစလုံး ဘီးလင်းဇာတိဖြစ်ကြောင်း သိရသည်။ ဘွဲ့တော်များမှာ ဦးဇာနေယျ၊ ဦးစန္ဒောဘာသ၊ ဦးသောမန တို့ ဖြစ်ကြ၏။ သုံးပါးလုံးပင် ခန်းပတ် ဝန်းကျင်ရှိ ဗုဒ္ဓဘာသာဝင် ၃၀-ခန့်တို့၏ ပင့်လျှောက်ချက်ဖြင့် ခန်းပတ်သို့ရောက်နေကြခြင်း ဖြစ်လေသည်။ "သြော်- ဗုဒ္ဓသာသနာရေးအတွက် မြန်မာပြည်အရှေ့တောင်ဖျားမှ အနောက်မြောက်ဖျားသို့ ရောက်အောင် ကြွရောက်သာသနာပြုတော်မူကြသော အရှင်မြတ်များပေတကား" ဟု ချီးကျူးမိပါသည်။

ဤခန်းပတ် ဝန်းကျင်ရှိ ဗုဒ္ဓသာသနာဝင်များမှာ မြန်မာနိုင်ငံလူဝင်မှု ကြီးကြပ်ရေးဌာနမှ ပုဂ္ဂိုလ်များ၊ အကောက်ခွန် စစ်ဆေးရေးစခန်းရှိ အမှုထမ်း၊ အရာထမ်းများ၊ အိန္ဒိယ၊ မြန်မာနယ်နိမိတ် တိုင်းတာရေး စစ်မှုထမ်းများ၊ (ပလက) လမ်းအလုပ်သမားများ စသည်တို့ဖြစ်ကြသည်။ ထိုဗုဒ္ဓဘာသာဝင်များထဲမှ လူဝင်မှုကြီးကြပ်ရေး အရာရှိအင်စပက်တော် ဦးအောင်ချစ်ကြန်၊ ဆေးမှူး ဦးဆန်းလွင်၊ ဒိုင်မှူးဦးလှအောင်၊ ကုန်စာရေး ဦးဘအေး၊ သားဖွားဆရာမ ဒေါ်မမကြီး၊ ဦးဘစိန်၊ ဦးဘသိန်း၊ ဦးမြဖေ၊ ဦးဘထွန်း စသော ပုဂ္ဂိုလ်များနှင့် စကား စမြည်ပြော၍ အသိအကျွမ်း ဖြစ်ခဲ့ကြရ၏။

ခန်းပတ်၌ ခရစ်ယာန်ဘာသာဝင် ချင်းအမျိုးသားတို့သာများသည်။ အနည်းငယ်မျှသော ဗုဒ္ဓသာသနာဝင်တို့ အကြား၌ ခဲခဲယဉ်းယဉ်း သာသနာပြုနေကြသော ဘုန်းတော်ကြီး သုံးပါး၏ ဇွဲသတ္တိကို ချီးကျူးမိပါသည်။ ဗုဒ္ဓသာသနာတော်၌ ဤဇွဲမျိုးဖြင့် ဤလိုသဒ္ဓါတရားရှိသော သာသနာ့ဝန်ထမ်း ရဟန်းတော် အမြောက်အမြားရှိဖို့ လိုအပ်လှသည်။

ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွါးရေးမှာ သာသနာတော်ထမ်း ရဟန်းတို့၏ တာဝန်အများဆုံး ဖြစ်ကြောင်း ပြောနေစရာပင် မလိုပါချေ။ တာဝန်ရှိသော ပုဂ္ဂိုလ်များဖြစ်ပါလျက် သာသနာတော်တွင် တာဝန်မဲ့နေမည် ဆိုပါလျှင် မကျေလည်သော တာဝန်ကြောင့် ပညာရှိ သူတော်ကောင်းတို့၏ရှေ့၌ မျက်နှာပန်းလှနိုင်မည်မဟုတ်ပါ။ ဗုဒ္ဓသာသနာတော်နှင့် အကျွမ်းတဝင်မရှိသောကြောင့် သာသနာတော်၏ အနှစ်သာရကို မသိသဖြင့်သာ အခြားဘာသာဝင် ဖြစ်နေကြရသော အစွန်အဖျား အနားကျနေသူ အမျိုးသားများကို ကရုဏာ သက်စရာ ကောင်းလှပါသည်။ ဤလိုနယ်ခြား သာသနာပြုများ ထွန်းကားပါစေဟု-ဟု ဆန္ဒပြုမိ၏။

## ခန်းပတ်သမိုင်း

ကာလေး ဆရာတော်၏ ကာလေးမြို့ သမိုင်း၌ ခန်းပတ် ရွာကြီး အကြောင်းကို အောက်ပါအတိုင်း ဖော်ပြထား၏။

"ကောဇာသက္ကရာဇ် ၁၁၅-ခုနှစ်မှာပင်တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့၊ နေတက် ၅-ဖဝါးအချိန်တွင် နွယ်ပတ်မင်းစောညီခန်းသည် အင်းယားမြို့ကို တည်ဆောက်ပြုစု၍ အိမ်ခြေ ၅၀၀-သွင်းပြီးလျှင် ဘထွေးတော် စောတကာယ်ကို အုပ်ချုပ်စေသည်။ ထိုတပေါင်းလပြည့် အင်းယားမြို့နှင့် အချိန်တူပင် ခန်းပတ်မြို့ကို တည်သည်။ နောက်ထပ် စောညီခန်း၏ ညီ စောတုန်ခန်း အုပ်ချုပ်၏။ နန်းသက် ၁၅-နှစ်၊ သက္ကရာဇ် ၁၄၃ (တမူးနန်းသက် ၂၉-သက္ကရာဇ် ၁၅၃-ခု ဖြစ်၏။)

ယနေ့ ခန်းပတ်ကား ကာလေးမြို့ အနောက် မြောက် မိုင် ၅၀-လောက်၌ မြေကျုံးပျက် ရှေးဟောင်း ဘုရား တို့ဖြင့် တောဖြစ်လျက် ရှိနေပေသည်။ ထိုမြို့ပျက် အနောက်တွင် ခန်းပတ် ရွာသစ်ဟု တည်ထောင်နေထိုင် ကြလေသည်"။ ကာလေးမြို့ သမိုင်း၌ ဤသို့ ဖော်ပြထား၏။

## ခရစ်ယာန်များသည့် ခန်းပတ်

ယခု စာရေးသူတို့ တွေ့ကြရသော ခန်းပတ်ကား အိမ်ခြေ ၈၀၀-ကျော် ရှိ၏။ ကလေးဝနှင့် ၅၉-မိုင် ဝေး၍ တပ်ခွဲတခု ရှိသည်။ ၀၀၀-

ကျော် အိမ်ခြေတို့တွင် ဗုဒ္ဓ ဘာသာဝင် အိမ်ဆို၍ ၁၀-အိမ် သာသာ ရှိသည်ဟု ဆို၏။ ကျန်အိမ်များမှာ ခရစ်ယာန် ဘာသာဝင် တို့သာ ဖြစ်သည်။ ခန်းပတ်၌ ချင်းနှင့် ရှမ်း ဗမာအမျိုးသားတို့သာများကုန်၏။ တောင်ယာ ဥယျာဉ် လုပ်ကိုင် စားသောက်နေကြကြောင်း သိရသည်။

သွပ်မိုး သွပ်ကာ ခရစ်ယာန် ဘုရားရှိခိုးကျောင်းကြီးများ အနီး၌ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းကလေးမှာ သက်ကယ်မိုး ထရံကာ ၂-ခန်း ၃-ခန်းရှိ သေးသေး ကလေး ဖြစ်နေသည်။ စာရေး သူတို့ ရောက်သော နေ့မှာ တနင်္ဂနွေနေ့ ဖြစ်သည့် အလျောက် ၁၀-၁၅ ယောက်လောက် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်း ကွမ်း လှူယင်း ရောက်လာကြသော ဗုဒ္ဓဘာသာဝင် ဒကာ ဒကာမ တို့ကို တွေ့ရသည်။

ထိုအချိန်၌ ခရစ်ယာန် ဘုရားရှိခိုး ကျောင်းသို့ သွားနေကြသော ခရစ်ယာန် ဘာသာဝင် တို့မှာ အလှူပွဲကြီး တခုသို့ သွားနေကြသကဲ့သို့ စည်ကားလျက်ရှိသည်။

ဤခန်းပတ်၌ ရိုးရိုးမှန်မှန် အဖိုးတန်သော ဗုဒ္ဓသာသနာပြု များမှာ အားသေးလျက်ရှိနေ၏။ ထို့ကြောင့် တတ်နိုင်သလောက် အားပေးရန် ဤ ဘုန်းတော်ကြီးကျောင်း၌ တမူးမှအပြန်တွင် တနာရီခန့်မျှ ဖြစ်ဖြစ် တရားဟောကြားရန် တရားဟောအဖွဲ့က စီစဉ်ကြရပါသည်။

**စစ်ဆေးရေးစခန်း**

အချိန်မှာ နေ့ဆွမ်းဘုဉ်းပေးပြီးချိန် ဖြစ်ပေသည်။ မိုးရိပ် မိုးသား ကင်း၍ နေရောင်မှာ ထိန်လင်းတောက်ပ နေပေသည်။ ခန်းပတ် စစ်ဆေးရေးစခန်း၌ ကားကလေးကို ရပ်ထား၏။ အခြား ဘတ်စ်ကား ၂-စီးလည်း ဤကားကလေးနှင့် ကားချင်း ယှဉ်ရပ်ထားကြသည်။ လူ အားလုံး ကားများပေါ်မှ ဆင်းကြကာ သွားလာခွင့် မှတ်ပုံတင် လက်မှတ်၊ ဝယ်ယူခဲ့သော ပစ္စည်းနှင့် စာရင်းများ မှန်-မမှန် တန်းစီစစ်ဆေး နေသည်။ ကားမောင်းဆရာ မောင်ကြောင်မှာလည်း တရားဟောအဖွဲ့ ၏ သွားလာခွင့်လက်မှတ်ကို အခြားသူတို့နည်းတူ ဝင်ရောက်ပြသလျက် ရှိသည်။

ဤအနီးအနားမှာ ခရီးသည်တို့အတွက် စားသောက်နိုင်ရန် စားသောက်ဖွယ် ဆိုင်ငယ်ကလေးများ ရှိကြသည်။ သဘော်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး စသော အသီးအနှံဆိုင်ကလေးများတည်း။ လိမ္မော်သီး ရောင်းနေသူကို မေးကြည့်ရာ တကျပ်ဖိုး ၅-လုံးတစား၊ ၇-လုံးတစား ရှိကြောင်းနှင့် ဤအစားက ၅-လုံး၊ ဤအစားက ၇-လုံးစားများ ဖြစ်ကြောင်း ပြောလည်းပြော, ပြလည်းပြသည်။ ၅-လုံးအစားက အနည်းငယ် လတ်ဆတ်၍ ထွားပြီး ၇-လုံးစားက သေးငယ်သည်ကို တွေ့ရသည်။

## ခန်းပတ်စခန်းမှ ဆက်ထွက်ခဲ့ပြန်

စခန်း၌ ဆောင်ရွက်ဖွယ် ကိစ္စများပြီးလျှင် ခရီးဆက်ထွက်ခဲ့ကြသည်။ ခန်းပတ်မှ ဦးအောင်ချစ်ကြန်တို့ သားအဖလည်း တမူးသို့ ဤကားဖြင့် လိုက်ပါလာခဲ့ကြသေး၏။ လမ်း၌ သာယာသော တောတောင် ချောင်းမြောင်းများ၊ တောရွာကလေးများအပြင် ကာကီယူနီဖောင်း အဝတ်အစားများဖြင့် နှုတ်ခမ်းမွေးကားကား မုတ်ဆိတ်မွေးဖားဖား သေနတ်များဖြင့် လှုပ်ရှားသွားလာနေကြသော ကုလားစစ်သားများကို တွေ့ရပါ၏။

"ဒီစစ်သားတွေဟာ မြန်မာ၊ အိန္ဒိယ နယ်ခြား သတ်မှတ်ရေး အမှုထမ်းတွေပါ။ ဒီနေရာဌာနတွေက မြန်မာ၊ အိန္ဒိယနယ်စပ် ဖြစ်နေပါတယ်။ ဒီကားလမ်းတောင် တခါတခါ အိန္ဒိယနယ်မြေပေါ် ရောက်လိုက်, တခါတခါ မြန်မာနယ်မြေပေါ် ရောက်လိုက် ဖြစ်နေသေးတယ်။နယ်စပ်တိုင်းတာတဲ့ ရှေးမြေပုံများက ချောင်းတို့ သစ်ပင်တို့ကို အမှတ်အသားပြုထားခဲ့ကြတာဆိုတော့ အရှာရ အဖွေရ ခက်နေပါတယ်။ ချောင်းဆိုတာကလဲ အပြောင်းအလဲရှိ, သစ်ပင်ဆိုတာကလဲ ခိုင်မြဲတာမဟုတ်ပါဘူး။ အရေးထဲမှာ ကုလားတွေကလဲ ရှေးကစိုက်ထားခဲ့တဲ့ နယ်ခြားကျောက်တိုင်တွေကို မြန်မာမြေဘက်ကို ခိုးပြီး ရွှေ့စိုက်လိုစိုက်, မြန်မာနယ်ထဲက ရွာတွေကို အိန္ဒိယနယ်ထဲက ရွာပါလို့ ငြင်းလိုငြင်းနဲ့ အတော်ဆိုးတယ်။ ဒီတော့ မြန်မာ အမှုထမ်းတွေက "သမိုင်းကြောင်းကို ပြန်ကြည့်ပါ၊ မဏိပူရ အာသံအထိ မြန်မာတို့က သိမ်းပိုက်ခဲ့ပါတယ်။ ဒီလို

သာဆိုယင် မဏိပူရအာသံအထိ မြန်မာ့ပိုင် သတ်မှတ်ရလိမ့်မယ်" လို့ ပြန်ငြင်းကြရတယ်။ ဒီတော့မှ သူတို့က အလျှော့ပေးကြတော့တယ် ဆိုပဲ-ဟု အင်စပက်တော် ဦးအောင်ချစ်ကြန်က သူကြားသိထားသမျှကို ပြောလေသည်။ "အင်း–တကယ့် မုတ်ဆိတ်ကုလားကြီး တွေပါကလား" လို့ စိတ်ထဲက တွေးမိယင်း မုတ်ဆိတ်နှင့် ကုလားကြီးတွေကို ပြန်မြင်ယောင်မိတော့သည်။ ပြောယင်း, ဆိုယင်း, ကြည့်ယင်း, ရှုယင်း ဖြင့်ပင် နေ့ ၂-နာရီ အချိန်မှာ တမူးသို့ ဆိုက်ရောက်ကြ၏။

## ကာလေးနှင့် တမူးကြား

ကာလေးမှ ထွက်လာ ကတည်းက ရွာအမည် ဖော်ပြထားသော ဆိုင်းဘုတ်ကလေးများမှ ရေးကူးလာခဲ့သော သရောင်း ဦးထွန်းဖေ၏ ဒိုင်ယာရီထဲမှ ရွာအမည်များမှာ ကာလေးမြို့၊ ကြည်ကုန်း၊ အင်တိုင်းကြီး အင်တိုင်းကလေး၊ စခန်းကြီး၊ နန်းဟန်နွဲ့၊ ကန်ဦး၊ ခုံသာ၊ စော်ဘွား ရေရှင်၊ ဖက်ယားရေရှင်၊ ကျွန်းတောရေရှင်၊ ရေတုတ်၊ နန်းခေါက် ခေါက်၊ နန်းကာတိတ်၊ ခန်းပတ်၊ (ဤ၌ စစ်ဆေးရေး စခန်းတခု ရှိသည်) ကနန်၊ ကမ္မကြီး၊ ဘုတ်ကန်၊ (ဤ၌လည်း စစ်ဆေးရန် စခန်း တခုရှိသည်)တူဘန်၊ တီတိန်ရန်၊ ရန်လင်းဖိုင်၊နွယ်မွန်းနွံ၊နန်းမွန်တား၊ ပန်းသာ၊ ထန်းတပင်၊ မော်ကူး၊ တောင်တွင်း၊ တမူး-ဟူ၍ ဖြစ်သည်။ အနည်းငယ် အရေးအသား ချော်သော အမည်များလည်း ပါချင် ပါမည်။ ရွာအမည် အချို့ ကျန်ချင်လည်း ကျန်နေပေမည်။

## တမူးမြို့

တမူးရောက်လျှင် ဂိုဏ်းချုပ်ကျောင်း၌ ခေတ္တနားကြ၏။ ယခု တမူး မှာ အိမ်ခြေ ၁၀၀၀-ခန့် ရှိသည်ဟု သိရသည်။ ရှမ်း၊ ဗမာ၊ တရုတ်၊ ကုလား၊ ချင်း၊ ကရင် လူမျိုးများ နေထိုင်ကြသည်။ ကောင်သူနှင့် ကုန်သည်တို့သာများကုန်၏၊ ထင်ရှားသော စေတီတော်တို့မှာ မာတ် ပေါင်းစေတီ၊ ရွှေဘုံသာ ဘုရား၊ ရှစ်မျက်နှာ ဘုရား စသော ဘုရား များဖြစ်ကြသည်။

အလောင်းဘုရား လက်ထက်က မဏိပူရအာသံကို ချီကတ် တိုက်ခိုက် စဉ် ဤနေရာ၌ တပ်မှူးများ စခန်းချခဲ့သော နေရာ ဖြစ်သောကြောင့်

"တပ်မူးမြို့"ဟု အမည် တွင်ခဲ့သည်။ ကာလ ရွေ့လျော့၍ ယခုတော့ "တမူးမြို့"ဟု ဖြစ်နေသည် ဟူ၏။

**စစ်လမ်းကျသော တမူး အင်ဖာလမ်း**

ဤ၌ အလျဉ်းသင့်၍ မြန်မာ့ စွယ်စုံ ကျမ်းမှ တမူးမြို့ အကြောင်းကို ထုတ်နုတ်ဖော်ပြလိုက်ပါဦးမည်။

တမူးမြို့သည် အထက်ချင်းတွင်းခရိုင် တမူးမြို့နယ် မြို့အုပ် ရုံးစိုက်ရာ မြို့ဖြစ်သည်။ အာသံပြည် မဏိပူရနယ်နှင့် နီးကပ်စွာ တည်ရှိ၏။ မဏိပူရနယ်၏ နယ်နိမိတ်နှင့် တမိုင်သာသာခန့် ဝေးသဖြင့် မြန်မာနိုင်ငံ အဖို့ အရေးကြီးသော နယ်ခြားမြို့ကလေးတမြို့လည်း ဖြစ်သည်။

တမူးမြို့မှ လောက်ချောင်းကို ဖြတ်၍ မဏိပူရနယ် အင်ဖာမြို့တော်သို့ မြင်းနှင့်သော်၎င်း၊ လားနှင့်သော်၎င်း သွားနိုင်သည်။ ၁၈၂၅-၂၆-ခုနှစ်လောက်၌ အိန္ဒိယပြည်၏စစ်သေနာပတိ ဗိုလ်ချုပ်မှူး ဆာဝီလျံဗော့ဒဝုဆိုသူသည် တပ်သားတစုနှင့် အတူ မဏိပူရနယ် အင်ဖာမြို့မှ တမူးမြို့သို့ အဆိုပါ မြင်းစီး လမ်းကျဉ်းကလေးအတိုင်း ၅-ရက်တိတိ ခြေလျင်လျှောက်၍ ရောက်လာခဲ့ဘူးသည်။ ထိုအချိန်ကတည်းကပင် အဆိုပါ တမူးမြို့ အင်ဖာလမ်းသည် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ ကူးသန်းဆယ်သွယ်ရေးတွင် အရေးပါ အရာရောက်လိမ့်မည်ကို သတိပြုမိခဲ့ကြလေသည်။ သို့သော် ထိုစဉ်က ထိုလမ်းကို ဖောက်လုပ်ရန် အကြောင်း မပေါ်ပေါက်ခဲ့ချေ။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွါး၍ မြန်မာနိုင်ငံမှ ဗြိတိသျှ စစ်တပ်များ ဆုတ်ခွါခဲ့စဉ်ကရင်း၊ ၁၉၄၂-၄၅ ခုနှစ်များ အတွင်း ဗြိတိသျှ စစ်တပ်များ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ရန် တိုက်ခိုက်ပြီး ကြိုးပမ်းခဲ့ကြစဉ်ကရင်း ထိုတမူးအင်ဖာလမ်းသည် အဓိက လမ်းမကြီးအဖြစ်သို့ ရောက်ရှိလာခဲ့လေသည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်း၌ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ဝင်ရန် ခရီးလမ်းမှာ နှစ်လမ်းမျှသာ ရှိခဲ့၏။ တလမ်းမှာ ပင်လယ်ဘက်မှ ဝင်ရန် ဖြစ်၍ အခြားတလမ်းမှာ တမူးအင်ဖာလမ်းမှဝင်ရန် ဖြစ်သည်။ မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ ထွက်ခွါရန် လမ်းမှာလည်း အဆိုပါ တမူး အင်ဖာလမ်းတလမ်းတည်းသာရှိလေသည်။ ရှေးဦးစွာ ချင်းတွင်းမြစ် အတိုင်း

ကလေးဝမြို့အထိ ဆန်တက်ပြီးလျှင် ထိုမှတဆင့် ကဘော်မြစ်ဝှမ်း တမူးမြို့ အထိ ရောက်အောင် သွားရ၏။ ထိုနောက်တမူးမှနေ၍ တောအင့်ဆင့်ကို ဖြတ်ကျော်ကာ မဏိပူရနယ် အင်ဖာလင်ပြင်သို့ ဆင်းသက်ရောက်ရှိနိုင် ပေသည်။ ၁၉၄၂-ခုနှစ်က ဗြိတိသျှတပ်များသည် ကလေးဝမြို့မှ တမူးမြို့ အထိ မော်တော်ကားလမ်းကို ဆင်များဖြင့် ဖောက်လုပ်၍ ထိုတမူး အင်ဖာလမ်းအတိုင်း မြန်မာနိုင်ငံမှ ဆုတ်ခွါ ထွက်ပြေးခဲ့ကြလေသည်။

ထို့နောက် ၁၉၄၂-၄၅ ခုနှစ်များအတွင်း၌ တမူးအင်ဖာလမ်းကို လမ်းမကြီးအဖြစ် ဗူးလဒိုဇာခေါ် မြေဖြိုစက်ကြီးများဖြင့် ဖောက်လုပ် ကာ မြန်မာနိုင်ငံအတွင်းသို့ အမှတ် ၁၄-ဗြိတိသျှ တပ်မကြီးသည် ပြန် လည် ဝင်ရောက် တိုက်ခိုက်ခဲ့ကြလေသည်။

ဂျပန်စစ်တပ်များသည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် အိန္ဒိယ နိုင်ငံကို ဆက်လက်သိမ်းပိုက်ရန် ကြိုးစားခဲ့ကြရာတွင် အထက်ဖော်ပြပါ ကဘော်မြစ်ဝှမ်းနှင့် တမူးအင်ဖာလမ်းတလျှောက်၌ တိုက်ပွဲများ အကြီး အကျယ် ဖြစ်ပွါးခဲ့ကြရ၏။ သို့သော် အဆိုပါ နေရာများ စစ်တလင်းဖြစ် ခဲ့ကြသည်မှာ ထိုအကြိမ်သည် ပထမ အကြိမ်မဟုတ်သေးချေ။

ခရစ် ၁၆-ရာစုခေတ်ကတည်းက ဘုရင့်နောင် မင်းတြားကြီးသည် ထိုတမူးအင်ဖာလမ်းအတိုင်း စစ်ချီ၍ အာသံပြည် မဏိပူရကို သွားရောက် တိုက်ခိုက်ခဲ့ဘူးသည်။ ၁၀၁၂ - ခုနှစ်တွင်လည်း ဘိုးတော်ဘုရားသည် မဏိပူရ ထီးနန်းဆက်ခံရေးကိစ္စတွင် ကြားဝင်ဆုံးဖြတ်ခဲ့ ပြီးနောက် ကဘော်မြစ်ဝှမ်းကို သိမ်းပိုက်ခဲ့ဘူးလေသည်။

ထို့ကြောင့် အဆိုပါ တမူးအင်ဖာလမ်းကြီးနှင့် ဆက်စပ်၍ တမူးမြို့ သည် မြန်မာငိုင်နှင့် အာသံပြည်မဏိပူရမြို့ နယ်စပ်ဒေသတွင် အရေးကြီး သော မြို့ကလေးတမြို့အဖြစ် တည်ရှိခဲ့ပေသည်။ တမူးမြို့နယ်တခုလုံးသည် တောင်ထူထပ်ပေါများသဖြင့် ခန်းပတ်နှင့် ဥယုချောင်းတလျှောက်၌သာ လူနေအိမ်ခြေရှိသည်။ နေထိုင်သူများမှာ ရှမ်း၊ ချင်းနှင့် မြန်မာလူမျိုး များ ဖြစ်ကြ၏။ ၁၉၅၃-ခုနှစ်၌ ကောက်ယူသော သန်းခေါင်းစာရင်း အရ တမူးမြို့တွင် လူဦးရေ ၁၆၀၇-ယောက်ရှိလေသည်။

ဤကား မြန်မာ့စွယ်စုံကျမ်းလာ တမူးမြို့ အကြောင်း ဖော်ပြချက် ပေတည်း။

# ၃၀။ တမူးမှ မိုးရေးသို့

တမူးဂိုဏ်းချုပ်ကျောင်း၌ ခေတ္တရပ်နားကြပြီးနောက် အိန္ဒိယနယ် အတွင်း အစွန်အစဆုံးဖြစ်သော မိုးရေးသို့ ထွက်ခဲ့ကြသည်။ တမူး စစ်ဆေးရေးဂိတ်ရောက်လျှင် ကာလေးမြို့မှပင် ဆိုင်ရာမှ တောင်းယူ ခဲ့သော အိန္ဒိယ မိုးရေးသွားခွင့် လက်မှတ်ကို စစ်ဆေးရေးစခန်း၌ ပြကြရသည်။ ၁၅-မိနစ်ခန့် စစ်ဆေး ဆွေးနွေး ကြပြီးနောက် တမူ စစ်တပ်ဗိုလ်ကြီးထံ သွားပြပါဦး ဆို၍ တမူးသို့ တခေါက်ပြန်ကာ ဗိုလ် ကြီးထံ ပြန်ရပြန်၏။ ထိုဗိုလ်ကြီးကား ညွှန်သည်များကို လိုက်ပို့နေကျ ဖြစ်သော ဦးဇ၀နနှင့် သိကျွမ်းနေပြီး ဖြစ်သည်။

"ဘုန်းကြီးများ အနေနဲ့တော့ ရောက်ဘူးယင် တော်ရောပေါ့ ဘုရား၊ တဆိုင်ဝင် တဆိုင်ထွက် ရှောက်သွားပြီး ဝယ်လား ခြမ်းလား လုပ်နေယင် ကြည့်မကောင်းပါဘူး၊ လိုချင်တာရှိယင် တမူးပြန်ရောက်မှ တပည့်တော်ကို အမိန့်ရှိပါ။ တပည့်တော် ရအောင် ဆောင်ရွက်ပေး ပါမယ်"ဟူ၍ပင် ဦးဇ၀နအား မှာကြား လျှောက်ထားလိုက်သေး၏။

ထိုမှတဖန် ယခင် တမူးဂိတ်သို့ ဒုတိယမ္ဘ ထပ်မံ၍ လက်မှတ်ကို ပြရပြန်သည်။ လက်မှတ်ပြပြီးနောက် ၎င်းဂိတ်မှ အရာရှိတယောက် မိုးရေးသို့ရောက်အောင် စာရေးသူတို့ ကားဖြင့် လိုက်ပါလာခဲ့သေး သည်။ တမူးနှင့် တမူးဂိတ်အကြား နန်းပူလွန်းဆိုသော ရွာကလေး တရွာ ခြားသေး၏။

စစ်ဆေးရေး ဂိတ်ကို လွန်သွားပြီးနောက် မကြာမီမှာပင် ချောင်း ကူးတံတားကလေးတခုသို့ ရောက်ရာ ထိုတံတားသည်ပင် နယ်ခြား တံတားဖြစ်ကြောင်း သိရှိရသည်။ တံတားကို ဖြတ်ကျော်၍ အိန္ဒိယ နယ်တွင်းအရောက်၌ ပို၍ အေးစက်လာသည်ကို သတိထားလိုက် မိသည်။

## မိုးရေးသို့ ရောက်ပြီ

ပရင်းနဂါးဆိုသော ကုလားရွာကိုလွန်သော် ညနေပိုင်း ၃-နာရီ မိနစ် ၂၀-အချိန်၌ မိုးရေးသို့ ရောက်လေတော့သည်။ မိုးရေးရောက်လျှင် လူမျိုးစုံကို တွေ့ရ၏။ ဟိန္ဒူ၊ ကသဲ၊ ချင်း၊ ကုလားကပြား၊ ချင်း ကသဲ ကပြား၊ မြန်မာပြည်မှ ပြည်တော်ပြန် ကုလားများ။

ဦးညီပု၊ ဦးခင်မောင်၊ ဦးထွန်းဖေ၊ ဦးအောင်ချစ်ကြွန်တို့ တစုက တမူးဂိတ်မှ လိုက်ပါလာသူ ဓကာတယောက်နှင့်အတူ ဈေးဆိုင်များသို့ ဝင်ရောက်ကာ ဈေးဝယ်နေကြစဉ် ဆရာတော် ဦးသံဝရ၊ ဦးဇဝန၊ စာရေးသူတို့တစုက ဈေးလမ်းအတိုင်း လျှောက်သွားယင်း ချောင်း တံတားတခု၌ ရေချပ်နေကြသော ကုလားမများနှင့် ပုဏ္ဏမများ၏ ခေါင်းပေါ်မှ ကြေးအိုး ပြောင်ပြောင်ကြီးများကို ကြည့်ရှုနေကြသည်။ မြန်မာများလို မြေအိုးများဖြင့် ရေမခပ်ကြပဲ ပြောင်ပြောင်ဝင်းနေ အောင် တိုက်ချွတ်ထားသော ကြေးအိုးများဖြင့် ရေခပ်ကြသည်။ အသားမဲမဲနှင့် ဦးခေါင်းပေါ်က ကြေးအိုးကြီးများမှာ တိမ်သား ကင်းနေသော ကောင်းကင်မဲကြီးထဲက နေလုံးကြီးလို အင်မတန် ပေါ် လွင်ထင်ရှားနေလေသည်။

ရေဒီယိုကလေးနှစ်လုံးကို ဆွဲယူလာသော ကုလားလုလင်တယောက် က ဝယ်မလားဟု ဗမာလို မေးလာ၏။ သူ့ရေဒီယိုကောင်းကြောင်း သိအောင် ဖွင့်ထားယင်း ယူလာ၏။ စာရေးသူတို့က မဝယ်လိုကြောင်း ပြောလိုက်ရာ ယောင်ချာ ယောင်ချာနှင့် ပြန်သွားလေ၏။

## ဘိလပ်ရည်ကပ်သော ပြည်တော်ပြန်ကုလား

မှုန်ပြာပြာ တောင်ကြီးများကို တံတားပေါ်မှ လှမ်းမြင်နေရ၏။ အင်ဖာ သွားသော ကတ္တရာဖေး လမ်းမကြီးမှာလည်း ဖြောင့်ဖြောင့် ဖြူးဖြူးကြီး မျက်စိတဆုံး လှမ်းမြင်နေကြရသဖြင့် ဒုတိယ ကမ္ဘာစစ်ကြီး တုန်းက ဂျပန်တို့ လန်သွားခဲ့ရသော အင်ဖာ တိုက်ပွဲကို အမှတ်ရမိ သေးသည်။

တံတားမှ ပြန်ခဲ့ကြပြီး ဈေးလမ်းသို့ လျှောက်ခဲ့ကြရာ ဆိုင်ရှင်ကုလားအချို့ကပင့်၍ ဘိလပ်ရည် ကပ်ကြသေး၏။ မဆာ၍ မည်သူမျှ မသောက်ကြပါ။ ထိုဆိုင်ရှင်တို့က မြန်မာပြည်မှာ မည်သည့်မြို့နေခဲ့ကြောင်းနှင့် မည်သည့်ဘုန်းကြီးကို ကိုးကွယ်ခဲ့၍ တပည့်ဖြစ်ခဲ့ကြောင်းကို ဗမာလို ခြေခြေငံငံ လျှောက်ထားလိုက်ကြသေးသည်။ ဒကာကြီးဦးညီပုတို့ တစုမှာ ဈေးဆိုင်များအတွင်းမှ မထွက်လာကြသေးပေ။

## မြင်ရ ကြားရ တွေ့ကြုံရ

ဤမိုးရေးဈေးကား မြန်မာပြည် မှောင်ခိုသမားတို့ ကျက်စားရာဟု ဆို၏။ အချို့က မိုးရေး၊ အချို့က မိုးလေးဟု ခေါ်ကြသည်။ ဘယ်လိုပဲ ခေါ်ခေါ် သဘာဝကတော့ မြန်မာပြည်နှင့် အိန္ဒိယနှစ်ပြည်ထောင်တို့ နီးစပ်သော နယ်စပ်ဖြစ်သောကြောင့် လူမျိုးစုံ ခြေချင်းလိမ်နေသော ဌာနစုသာ ဖြစ်သည်။ တဘက်နှင့်တဘက် ကုန်ပစ္စည်းချင်း ဖလှယ်ရာ၊ ရောင်းဝယ်ရာ ဌာနသာ ဖြစ်သည်။ ကုန်ပစ္စည်းတို့မှာ စုံလှသည်။ ကြည့်လိုက်လျှင် မိုးရေးဈေးမှာ မရှိတာဟူ၍ မရှိသလောက်ပင်။ ထို့ကြောင့် မိုးရေးဈေး၌ ဘယ်ပစ္စည်းမေးမေး ရှိတာချည်း ဆိုကြသည်။

ခါတ်မီး၊ ခါတ်စက်၊ ရေဒီယို စသော ကုန်မာပစ္စည်းများ၊ မျက်နှာသုပ်ပဝါ၊ စောင် စသော အဝတ်အထည် ပစ္စည်းများမှာ လိုသလောက်ရနိုင်ကြောင်း သိရသည်။ ခင်းအိပ်လောက်အောင် ကြီးမားသော မိုးရေး မျက်နှာသုတ် ပဝါကြီးများမှာ နာမည်ကြီးလှသည်။ အလျား ၅-တောင်၊ အနံ ၃-တောင်ရှိ အိန္ဒိယ စောင်ကြီးများမှာ တထည်လျှင် ၂၅-ကျပ်ဖြင့် ဤမိုးရေး၌ ရနိုင်သည်။ တမူးရောက်လျှင် ၂၆-ကျပ်၊ ကလေးဝ ရောက်လျှင် ၃၀-ကျပ်၊ မုံရွာရောက်လျှင် ၅၀-ကျပ်၊ မန္တလေး ရန်ကုန်ရောက်လျှင် ၇၀-ကျပ်, ၈၀-ကျပ်။ နေရာပြောင်းတိုင်း တဖြည်းဖြည်း ဈေးတန်ဈေးတန် သွားတော့သည်။

ဝယ်တတ်သူတို့ ဝယ်ကြ၊ ရောင်းတတ်သူတို့ ရောင်းကြလျက်ရှိရာ အရောင်းအဝယ်များမှာ ခြေချင်းလိမ် နေကြသည်။ စစ်ဆေးရေး စခန်းက တယောက်လျှင် ၂-ထည်၊ ၃-ထည် စသည့် သုံးလောက်ရုံ

အထည်ပစ္စည်းများကို ဝယ်ယူခွင့်ပြုထားကြောင်း သိရှိရ၏။ အမြတ်ကြီးစားလို၍ အများအပြား ဝယ်ယူခြင်းမျိုးကိုသာ ခွင့်မပြုခြင်း ဖြစ်သည်။ မှောင်ခိုသမားများကတော့ ဤစစ်ဆေးရေးစခန်းများသို့ လာရောက် စစ်ဆေးခံကြမည် မထင်။ သင့်တော်ရာ နေရာများမှ ရှောင်ကွင်းသွားကြမည်သာ။ အစိုးရ ဥပဒေကို ကျူးကျော်လိုသူများမှာ နိုင်ငံတိုင်း၌ ရှိကြသည်သာ။ ၎င်းတို့ကို နိုင်နင်းအောင် နှိပ်ကွပ်နိုင်မှသာ နိုင်ငံတိုးတက်နိုင်မည် ဖြစ်ကြောင်း သိကြပြီးသည့်အတိုင်း နိုင်ငံတိုင်းက အစိုးရများကလည်း နှိပ်ကွပ်လျက် ရှိကြပေသည်။

# ၃၁။ တမူးမှအပြန် ခန်းပတ် နေ့တရားပွဲ

## တမူး တညတရားပွဲ

ဒကာကြီး ဦးညီပုတို့အစုမှာ အမှတ်တရ ဖြစ်စေရန် စခန်းမှ ခွင့်ပြုသလောက် တဦးလျှင် စောင်တထည် နှစ်ထည်စီ ဝယ်ယူခဲ့ကြသေး၏။ ဦးခင်မောင်မှာမူ မြေးကလေးများရှိသောကြောင့် သူတို့အတွက် အင်္ကျီစကလေးများပါ ပါလာသေးသည်။ မိုးရေး၌ ဝယ်ယူစရာရှိသည်ကိုဝယ်၊ လေ့လာစရာရှိသည်ကို လေ့လာကြကာ ခဏမျှနေ၍ တမူးသို့ ပြန်ခဲ့ကြတော့သည်။

"ဟော့ ဦးဣန္ဒက၊ အိန္ဒိယပြန် မဟာစည် ဦးသံဝရ၊ အိန္ဒိယပြန် မဟာစည် ညောင်ကန် အရှင်ဣန္ဒကလို့ နာမည် တပ်ပြီး တရားဟောချင်ယင် မှုသားတော့ လွတ်ပြီ"ဟု ရယ်ရယ်မောမောဖြင့် ဆရာတော်ဦးသံဝရက ပြောပါလေတော့သည်။ ဟုတ်ပါသည်။ အိန္ဒိယမြေကို ၁၅-မိနစ် သာသာ နာရီဝက်ခန့် နင်းခဲ့ကြပါသည်။

တမူးသို့ ပြန်ရောက်ကြလျှင် အသွားတုန်းက စီစဉ်ခဲ့ကြသည့်အတိုင်း ဂိုဏ်းချုပ်ကျောင်း၌ တရားပွဲကျင်းပရန် လုံးပန်းကြရသည်။ ရှောင်တခင် စီရင်ရသော တရားပွဲဖြစ်ရုံသာမက တမူးအနီး ရွာတရွာ၌ ဘုန်းကြီးပျံပွဲကျင်းပသောနေ့နှင့်လည်း ကြုံနေရပြန်သောကြောင့် တရားနာပရိသတ်မှာ စည်စည်ကားကားမရှိလှပါ။ တရာပင်ပြည့်မည်မဟုတ်။ သို့သော်အသံချဲ့စက်ဖြင့် ဟောရသောကြောင့် "မြို့တွင်း အိမ်တွင်းများမှလည်း နေ၍ နာကြားနိုင်ကြပေမည်"ဟု နှလုံးသွင်းဖြင့် မလျှော့တမ်း ဟောကြပါသည်။

အချိန်ကလည်း ၈-နာရီကျော်နေပြီဖြစ်ရာ ဦးဇဝန (ကာလေး)က "၂-ပါးစလုံး ဟောနေလျှင် အကွက်လည်မည်မဟုတ်။ တရား အကွက်လည်လည် ဟောနိုင်အောင် ဆရာဇော် ဦးသံဝရ တပါးတည်း ဟောမှ

သင့်မည်”ဟု ဆိုပါသည်။ ဒကာကြီး ဦးညီပုက “နှစ်ပါးကြွလာရာ နှစ်ပါးစလုံး ဟောမှသင့်မည်။ တိုတိုနှင့် အကွက်လည်အောင် ဟောကြရုံ ပါပဲဘုရား”ဟု လျှောက်ထားလေသည်။ ဒကာကြီး ဦးညီပု မိတ်ဆက် စကား အနည်းငယ် ပြောကြားပြီးနောက် စာရေးသူက “ဇယမင်္ဂလာ အောင်ဂါထာ”ဖြင့် တရားပွဲ ဖွင့်ပေးလိုက်ပါသည်။ ထို့နောက် ဆရာ တော် ဦးသံဝရက “သာသနာပြု တရား၌ ဝိပဿနာ သွင်းကာ” ၂-နာရီ ခန့် ဟောပါသည်။ သို့နှင့် တမူး၌ တညတာ သတိပဋ္ဌာန် ဒေသနာမိုး ရွာသွန်းဖြိုးခဲ့ရပါသည်။

## တမူးမှ ကလေးဝသို့ အပြန်ခရီး

တန်ဆောင်မုန်းလဆုတ် ၁၀-ရက်။ နံနက် အရုဏ်တက်လျှင် တမူး ဂိုဏ်းချုပ်ကျောင်းမှာပင် ပါပလာကြော်၊ ကောက်ညှင်းကျည်တောက်၊ ချင်းသုပ်၊ ပဲမုန့်ကြော်၊ ကြက်သွန်ကြော် စသည်ဖြင့် အရုဏ်ဆွမ်းအဖြစ် ဘုဉ်းပေးကြသည်။ ကားပြင်နေရသောကြောင့် စောစောမထွက်နိုင်ပါ။

မူလတန်း ကျောင်းသူ ကျောင်းသားများပင် ဂိုဏ်းချုပ်ကျောင်းသို့ ရောက်လာကြပေပြီ။ ကျောင်းတက်ချိန် မဟုတ်သေး သော်လည်း ကျောင်းသန့်ရှင်းရေးအတွက် စောစောရောက်လာကြခြင်းဖြစ်၏။ ဤ ဂိုဏ်းချုပ်ကျောင်း၌ ဦးဣန္ဒာဝရ၊ ဦးကောဝိဒ၊ ဦးနန္ဒာစာရတို့ သီတင်း သုံး နေထိုင်ကြသည်။ ဦးနန္ဒာစာရမှာ သာမဏေဘဝကပင် မန္တလေး မှာနေ၊ စာပေသင်ကြားခဲ့၍ လောကုတ္တရာ စာပေသာမက ခေတ်ပညာ လည်း တတ်ပေသည်။ ဤကျောင်း၌(ဘက)ပညာကို ဦးနန္ဒာစာရကပင် ကျောင်းသူကျောင်းသားများအား သင်ကြားပို့ချပေးနေပေသည်။

## ခန်းပတ်တရားပွဲ

နံနက် ၉-နာရီခွဲအချိန်မှပင် ကားစက်ပြင် ပြီးသွား၏။ ပြင်ဆင်ပြီး လျှင် ပြီးချင်း တမူးမှ ထွက်ခဲ့ကြသည်။ နေ့ ၁၁-နာရီခွဲ၌ ခန်းပတ်သို့ ရောက်ကြရာ နေ့ဆွမ်းအတွက် အချိန်နဲနဲသာ ကျန်တော့သည်။ ဗုဒ္ဓ

ဘာသာ၀င် ၁၀-အိမ်လောက်က အသင့်ပို့လှူထားသော ဆွမ်းများကို ခန်းပတ် ဘုန်းကြီးကျောင်း၌ သုတ်သုံးကျမ်း နားလည်စွာဖြင့် ခပ်သုတ်သုတ် ဘုဉ်းပေးကြရသောကြောင့် မြိန်ရှက်လှပါသည်။

ဆွမ်းကိစ္စပြီးလျှင် ရောက်ရှိ နေကြသော ဗုဒ္ဓဘာသာ၀င် ဒကာ ဒကာမတို့အား ဆရာတော် ဦးသံ၀ရက သာသနာပြု တရားတော်ကို အတိုချုံး၍ တနာရီခန့် ဟောကြားတော်မူသည်။ အတို ချုံးသည်ဟု ဆိုသော်လည်း ပါသင့် ပါထိုက်သော အချက် အလက်များ မကျန် အောင် ဟောနိုင်သဖြင့် ပြည့်စုံပါသည်။ ပါရမီ ဖြည့်တော်မူခဲ့ပုံ၊ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့ရပုံ၊ ၄၅-၀ါ ကာလပတ်လုံး သာသနာ ပြုတော်မူခဲ့ပုံ၊ သံဂါယနာ အဆင့်ဆင့် တင်ခဲ့ရပုံ၊ မြန်မာပြည်မှာ သာသနာရောက်လာပုံ၊ မဟာသတိပဋ္ဌာန် တပတ်လည်၍ ထွန်းကား လာခဲ့ရပုံတို့ကို အကွက်စေ့စေ့ ဟောကြားသွားနိုင်ပါသည်။ တရားနာ ပရိသတ် ၃၀-ခန့်ရှိပါမည်။ တရားဟော ကိစ္စပြီး၍ နေ့မွန်းလွဲ ၂-နာရီ အချိန် ခန်းပတ်မှ ထွက်ခွါခဲ့ရာ ညနေ ၄-နာရီ မိနစ် ၅၀- အချိန်၌ ကလေး၀ ရွှေမုဋ္ဌောကျောင်းသို့ ရောက်ကြသည်။

## ကလေး၀ နှုတ်ဆက်တရားပွဲ

နက်ဖြန်၌ ကလေး၀မှမင်းကင်းသို့ထွက်ခွါတော့မည်ဖြစ်သောကြောင့် ကလေး၀ ရွှေမုဋ္ဌောကျောင်း၌ နှုတ်ဆက်တရားပွဲ ကျင်းပကြရ၏။ ထုံးစံ အတိုင်းကျင်းပနေကျ ည ၇-နာရီအချိန်၌ တရားပွဲစတင်ကျင်းပရာဦးညီပု နှင့်ဦးခင်မောင်တို့က ကျေးဇူးတင် နှုတ်ဆက် စကားကို ရှေးဦးစွာ ပြောကြားကြသည်။ ထို့နောက် စာရေးသူက "စိတ်ကို ဆုံးမ ချမ်း သာရ တရားတော်ကို မာတိကာ မာတာ ၀တ္ထု" ဖြင့် ဟောကြား၏။ ထို့နောက် ဆရာတော် ဦးသံ၀ရက "ဒါန ပဒေသာတရားကို ဥမ္မာဒန္တီ ၀တ္ထု"ဖြင့် ဟောကြားသည်။

## နံနက် အရုဏ်ဆွမ်း

တန်ဆောင်မုန်း လဆုတ် ၁၁-ရက်။ တညတာကား ကောင်းသော ကုန်လွန်ခြင်းဖြင့် ကုန်လွန်ခဲ့လေပြီ။ နောက်အရုဏ် ကျင်း၍ အလင်းသို့ ရောက်ခဲ့ ပြန်လေပြီ။ ဦးမြရင်တို့ ပို့လှူသော မုန့်တီ ဆွမ်းကို မုဋ္ဌော

ကျောင်း၌ အရှက်ဆွမ်းအဖြစ် ဘုဉ်းပေးကြရသည်။ နေ့ဆွမ်းကိုလည်း ဤမုဋ္ဌောကျောင်း၌ပင် အများစုပေါင်း ပို့လှူလာသော ဆွမ်းကို ဘုဉ်းပေးကြ၏။ ယနေ့ပင် ကလေးဝမှ မင်းကင်းသို့ ထွက်ခွါ ရပါတော့မည်။

သရောင်း ဦးထွန်းဖေ တယောက်မှာ ဤကလေးဝမှပင် တရားဟော အဖွဲ့နှင့်ခွဲ၍ မိမိနေရာ သရောင်းသို့ ပြန်ရတော့မည်။ သို့သော် လူတော့ မလျော့ပါ၊ မင်းကင်း၌ တရားပွဲ စီစဉ်ရန် ကလေးဝမှ ယောက် ဒကာကြီး ဦးမြရင်က လိုက်ပါ လာဦးမည် ဖြစ်သောကြောင့်ပါတည်း။

# ၃၂။ ကလေးဝမှ မင်းကင်းသို့

တရားဟောအဖွဲ့သည် နေ့ ၁၂-နာရီ မိနစ် ၂၀-၌ မင်းညွန့်ကြည် မော်တော်ဖြင့် ကလေးဝမှ ထွက်ခဲ့ကြ၏။ ခရီးသွားလျှင် တွေ့ရတတ်သည့် မော်တော်စက်ပျက်မှုနှင့် တွေ့ရပြန်ပါသည်။ နေ့ ၁-နာရီ ၁၅-မိနစ်အချိန်၌ ကျောက်တန်း အထက်နားသို့ရောက်သော် မော်တော် စက်ပျက်သွား၍ ကမ်းကပ်နေရသည်။ မော်တော်စက် ပြင်၍ ပြီးနိုးနိုး စောင့်သော်လည်း တော်တော်နှင့်ပြင်၍ပြီးပုံမရသောကြောင့် ဒကာကြီး ဦးညိုပုက တရားပွဲ တည်ပျက်မည်စိုးသဖြင့် မြစ်ကမ်းထက် ယာတဲသို့ သွားပြီး လှေငှါးရန် ဦးမြရင်ကို တိုက်တွန်း၏။ ထို့ကြောင့် ဦးမြရင် လှေငှါးသွားသော်လည်း မရခဲ့ပါ။ မော်တော် စက်ပြင်ပြီးအောင် စောင့်မြဲစောင့်နေရလေသည်။

## စိုးရိမ်သည့်အတိုင်း တရားပွဲ မမှီ

ညနေ ၄-နာရီအချိန် ရောက်သော်မှသာ မော်တော် စက်ပြင်ပြီး သွား၏။ ဆက်လက်ထွက်ခဲ့ရာ ည ၇-နာရီ မိနစ် ၂၀-၌ မင်းကင်း ရောက်ကြ၏။ ဦးမြရင်၏ မိတ်ဆွေ ဦးပိုက်တို့လူစုက လာရောက်ကြိုဆို ကြသည်။ ဦးမြရင်မှာ မုံရွာသို့ ဆက်လက်သွားပြီး တရားဟောအဖွဲ့ကို ဦးပိုက်နှင့်ထားခဲ့ရာ ဦးညိုပုနှင့် ဦးခင်မောင်တို့က ဦးပိုက်တို့အိမ်၌ တည်းခိုကြ၍ စာရေးသူနှင့် ဆရာတော် ဦးသံဝရတို့ကိုမူ မင်းကင်းအထက် ကန်တော်မင်ကျောင်းသို့ ပို့ပေးကြသည်။

"အရှင်ဘုရားတို့ မကြွလာတော့ဘူးဆိုပြီး ပရိသတ်တွေလဲ ပြန်သွား ကြပြီ။ အသံချဲ့စက် ဖြုတ်သိမ်းပြီး အသံချဲ့စက်ကိုင်သူတွေလဲ ပြန်သွား ကြပြီ၊ တရားပွဲကတော့ ဒီနေ့ည မဖြစ်တော့ဘူး။ မနက်ဖြန်ညကျမှပဲ ဖြစ်တော့မယ်" ဟု ကန်တော်မင်ကျောင်း ဆရာတော် ဦးစန္ဒောဘာသ

က အမိန့်ရှိသည်။ မော်တော်စက် ပျက်နေ၍ နောက်ကျရကြောင်းကို ပြန်လျှောက်ထားကြရ၏။

လမ်းခရီး အခက်အခဲကြောင့် တရားပွဲတည့်ပျက်ခဲ့ရသော မင်းကင်း၌ တည့်တာအတွက် ဒကာကြီး ဦးညိုပုတ်က ဦးပိုက်အိမ်၌အိပ်၊ စာရေးသူနှင့် ဆရာတော် ဦးသံဝရက အထက်ကန်တော်မင်ကျောင်းမှာ ကျိန်းစက်ကြရသည်။ ကျောင်းဆရာတော် ဦးစန္ဒောဘာသမှာ မန္တလေး ရကနာပုံ ရိပ်သာ၌ တရားအားထုတ်ဘူးသော ဆရာတော်ဖြစ်ရကား တရားဟော အဖွဲ့နှင့် ဓမ္မမာမကချင်း ဖြစ်သောကြောင့် စိမ်းမနေတော့ပေ။ တရားဟော အဖွဲ့သည် သဘာဝက ဖန်တီးပေးထားသော အားလပ်ခွင့်ကို ယူကာ ယနေ့ညအဖို့ စိတ်ချက်လက်ချ ကျိန်းစက် လိုက်ကြပါသတည်း။

## မင်းကင်းမြို့ သမိုင်းရင်း

တန်ဆောင်မုန်းလဆုတ် ၁၂-ရက်။ အချိန်မှာ အရုဏ်ကျင်း၍ အလင်းသို့ ရောက်ခဲ့ပြန်လေပြီ၊ မင်းကင်းမြို့၊ အုန်းတောလမ်း ဦးပိုက်-ဒေါ်လွန်းအေးတို့က ကျောင်းသို့လာ၍ အရုဏ် ယာဂုဆွမ်း ကပ်လှူကြလေသည်။ ယာဂုဆွမ်းဘုဉ်းပေးပြီးလျှင် ဆရာတော် ဦးစန္ဒောဘာသနှင့် စကားစမြည် ပြောခွင့် ရကြသောကြောင့် အေးအေးဆေးဆေးပင် စကားလက်ဆုံကျလျက်ရှိကြသည်၊ သို့နှင့် မင်းကင်းမြို့သမိုင်း အကြောင်းကို စပ်မိကြရာ ဆရာတော် ဦးစန္ဒောဘာသက ပြောပြသည်မှာ ဤသို့တည်း။

"မင်းကင်းမြို့ သမိုင်းဟာ ကာလေးမြို့ သမိုင်းနှင့် ဆက်စပ်မိနေပါတယ်။ ဒါကြောင့် ကာလေးမြို့အကြောင်းကို အစချီပြီး ပြောမှ ဖြစ်မယ်"

မြတ်စွာဘုရား သာသနာတော် တရာပြည့်နှစ် အရောက်တွင် အဇာတသတ် မင်းဆက်ဖြစ်တဲ့ ဇာလာဓိကမင်းကြီးဟာ နွယ်ပက်မြို့ (ယခု ကာလေးမြို့) ကို တည်ထောင်ပြီး စိုးစံနေတော်မူခဲ့တယ်။ ဒီအခါကနိုင်းက နယ်ပယ် ၄-ရပ် သတ်မှတ်ပိုင်းခြားပြီး စံနေတော်မူခဲ့ပါယ်။ ထိုနယ် ၄-ရပ်အနက် ယခု မင်းကင်းအရပ်မှာ ကင်းစောင့် ကင်းရုံအဖြစ် မြို့တမြို့

တည်ခဲ့ပါတယ်။ ပြီးတော့ ဒီမြို့ကို "ရခိုင်မြို့"လို့ သတ်မှတ်တော်မူခဲ့တယ်။ ရခိုင်မြို့ကို တည်ခဲ့တဲ့ ဇာလာဓိက မင်းကြီးဟာ သက္ကရာဇ် ၁၁၅-ခုနှစ်မှာ နတ်ရွာစံခဲ့တယ်။ ဆက်လက်ပြီး မဟာဝန္တမင်း၊ ဘဒ္ဒသေနမင်း၊ ဝဋ္ဋမင်းတို့ အစဉ်အတိုင်း နန်းစံကြတယ်။

## ဘုရားပုထိုးများတည်ခဲ့

ထိုအဆိုပါမင်းများနောက် ဆက်လက်ပြီး လဋ္ဌပါလမင်း နန်းတက်ပါတယ်။ ဒီမင်းလက်ထက်မှာ သီရိဓမ္မာသောကမင်းကြီး ဓာတ်တော်တွေဝေငှပြီး စေတီတော်များကို အနှံ့အပြား တည်တော်မူတယ်။ လဋ္ဌပါလမင်းရရှိတဲ့ ဓာတ်တော်များအနက် တချို့ကို ကာလေးမြို့ ရွှေမုဋ္ဌော စေတီတည်၍ ဌာပနာတယ်။ တချို့ဓာတ်တော်နှင့် ပတ္တမြားကို ရခိုင်မြို့မှာ ပတ္တမြားစေတီတည်၍ ဌာပနာတယ်။ တချို့ ဓာတ်တော်နှင့် "မြပုဂံစေတီတော်" တည်၍ ဌာပနာပါတယ်။ တချို့ဓာတ်တော်နှင့် တသိန်းတန် ပတ္တမြားကို "မြသိန်းတန် စေတီတော်" တည်၍ ဌာပနာပါတယ်။ ရခိုင်မြို့မှာ အဲဒီစေတီတော် ၃-ဆူ တည်ထားခဲ့ပါတယ်။ ၎င်းပြင် လဋ္ဌပါလမင်းရဲ့ လက်ဝတ်ရတနာများကို ဌာပနာပြီး ရခိုင်မြို့ထောင့် ကျောက်တော်ထက်မှာ "ရွှေအုန်းသာစေတီ" တဆူလဲ တည်တော်မူခဲ့ပါသေးတယ်။ အဲဒီစေတီတော်ကို ယခုအခါ "ဗူးဘုရား"လို့လဲ ခေါ်ကြသေးတယ်။ ယခု မြို့လယ်ကျောက်စာ တိုက်ပျက်ကြီးထဲမှာ တည်ရှိပါတယ်။

သက္ကရာဇ် ၅၂၆-ခုနှစ်၊ နရပတိစည်သူမင်းကြီး သလ္လာဝတီချောင်းတွင်းမြစ်ထဲ သက္ကဒါန လှေတော်နဲ့ ဆန်တက်တော်မူလာတဲ့အခါ ကလေးဝ မြစ်ဆုံမှာ ရပ်နားပြီး လှေတော်ဦးက စကားရွက်ကို ၉-ပိုင်း ပိုင်းကာ ဘုရား ၉-ဆူ ပြုလုပ်ပြီး တည်ထား ကိုးကွယ်တော် မူခဲ့တယ်။ ၉-ဆူအနက် ရခိုင်မြို့မှာ တည်ထားတဲ့ ရွှေစကားဘုရား(စကားလှဘုရား) တဆူလဲ ပါဝင်ပါတယ်။

## မာရခိုင်းမှသည် မင်းကင်း

ထိုနောက် ဆရာတော် ဦးစန္ဒောဘာသက မင်းကင်း သမိုင်းကို ဤသို့ ဆက်လက် မိန့်တော်မူ၏။

"နရပတိစည်သူမင်းကြီး နန်းစံနှစ် ၈-နှစ်မြောက်တဲ့အခါ ရုံကင်းမြို့ ပျက်လုလု ဖြစ်ကြောင်း မင်းကြီး ကြားသိတော်မူသွားတယ်။ ဒါနဲ့ နရပတိစည်သူမင်းကြီးဟာ မိမိတည်ထားခဲ့တဲ့ ရွှေစကားရှုပ်ဘုရားတော်ပါ ပျောက်ပျက်မည် စိုးသောကြောင့် အမတ်ကြီး ရန်အောင်ဇေယျကို ဗိုလ်ခြေ များစွာနဲ့ ရုံကင်းမြို့ကို ထပ်မံ ပြုပြင်ရန် စေလွှတ် လိုက်ပါတယ်။

ရန်အောင်ဇေယျ အမတ်ကြီး ရုံကင်းမြို့ကို ရောက်တော့ မြို့တည်ဖို့ နေရာကို ရှင်းလင်းသုတ်သင်တယ်။ အဲဒီအခါ ဘုရားသုံးဆူကို ဖူးတွေ့ ရလို့ ရုံကင်းမြို့စားကို ဘုရားသုံးဆူ အကြောင်း မေးရာ ရုံကင်းမြို့စားက သီရိဓမ္မာသောကမင်းကြီး ဝေငှတဲ့ ဓာတ်တော်များနှင့် အတူ အဖိုးတန် ပတ္တမြားများ ဌာပနာ ထားကြောင်း၊ မြသိန်းတန်စေတီ, မြပုဂံစေတီ အမည်ရှိကြောင်းကို သမိုင်း အထောက် အထားနဲ့ ကိုးကား လျှောက် ထားတယ်။

ဒီတော့ အမတ်ကြီး ရန်အောင်ဇေယျက "အစ်ကိုတို့ အရပ်ဟာ မာရ်ငါးပါးကို အောင်မြင်တော်မူတဲ့ ဘုရားရှင်ရဲ့ ဓာတ်တော်များ ကိန်းဝပ်ရာ အရပ်ဖြစ်တယ်။ ဒါကြောင့် ယနေ့ကစပြီး ဒီ 'ရုံကင်း' မြို့ကို ရှေးအမည်လဲ မပျောက်ပျက်စေပဲ 'မာရ်ကင်းမြို့' ခေါ်ကြပေတော့"လို့ သမုတ်ပြီး မြို့သစ်ကိုလဲ တည်ခဲ့ပါတယ်။ ကာလရွှေ့လျောလာလို့ ယခုတော့ "မင်းကင်းမြို့"လို့ ဖြစ်နေပါတယ်။

## ၈၀၀-ပြည့် ကျင်းပသင့်ပြီ

ရန်အောင်ဇေယျ တည်ခဲ့တဲ့ မာရ်ကင်းမြို့သစ် တည်ချိန်ဟာ သက္ကရာဇ် ၅၃၄-ခုနှစ် တပေါင်းလဆန်း ၇-ရက် ကြာသပတေးနေ့၊ နေ့ ၂-နာရီ အချိန်လို့ မှတ်တမ်း တွေ့ရှိရတယ်။ ရောက်ဆဲ သက္ကရာဇ်က ၁၃၃၂-ခု ဆိုတော့ နှစ် ၈၀၀-ပြည့်မှာ ၂-နှစ်သာ လိုပါတော့တယ်။ မန်း ရာပြည့်တို့ ကာလေး ထောင်ပြည့်တို့ ကျင်းပကြသလို မင်းကင်း ၈၀၀-ပြည့်လဲ ကျင်းပသင့်ပြီပေါ့။ ၁၃၃၄-ခုနှစ်၊ တပေါင်း လဆန်း ၇-ရက်နေ့ဆိုယင် ၈၀၀-ပြည့်ပါတော့မယ်-လို့ မင်းကင်းမြို့ အထက် ကန်တော်မင် ကျောင်းဆရာတော် ဦးစန္ဒောဘာသကမိန့်တော်မူပါသည်။

## ယခု မင်းကင်းမြို့

ယခု မျက်မှောက် မင်းကင်းကိုတော့ အရှင်ဘုရားတို့ မြင်တဲ့ အတိုင်းပါပဲ။ မော်လိုက်ခရိုင် သလ္လာဝတီ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိပြီး မြို့မြောက်ဘက် လွန်ခဲ့တဲ့ နှစ်ပေါင်း တရာခန့်က တည်ခဲ့တဲ့ ကျိုးဦး ကျောင်းနဲ့ တောရွာ ကလေး မျှသာ ရှိပါတယ်။ အနောက်ဘက်မှာလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း တရာကျော်လောက်က တည်ခဲ့တဲ့ ကျောက်အိုးရွာနဲ့ ကျောင်းကြီး ရှိတယ်။ တောင်ဘက်မှာ တောရွာကလေးများ၊ အရှေ့ဘက်မှာ သလ္လာဝတီ ချင်းတွင်းမြစ်၊ ဒါက ပတ်ဝန်းကျင်မှာ ရှိနေတာတွေပေါ့။

အိမ်ခြေ ငါးရာခန့်နဲ့ မြို့အုပ် ရုံးစိုက်မြို့ကလေး တမြို့ပါပဲ။ အထက်တန်းကျောင်း၊ ဆေးရုံ၊ ကြေးနန်းရုံ၊ ညဝက် လျှပ်စစ်မီး၊ ဘုန်းတော်ကြီးကျောင်း ၁၆-ကျောင်း ရှိပါတယ်။ မြန်မာလူမျိုး များသာ နေထိုင်ကြပြီး လယ်ယာကိုင်းကျွန်းနဲ့ ကုန်သည်အမှုထမ်း အရာထမ်းများ လုပ်ကိုင်ကြပါတယ်-ဟု ဆရာတော် ဦးစန္ဒောဘာသက ဆက်လက်မိန့်တော်မူသည်။

## "ဇာတာထဲမှာ 'အသက် ၁၂၀-ရှည်စေသော်' လို့ ပါတာပဲ"ဟု မိန့်သော ဆရာတော်ကြီး

နေ့ဆွမ်းချိန် ဝေးသေးသဖြင့် သက်တော်ရှည် ဆရာတော်ကြီးရှိရာ ရွှေဂူကျောင်းသို့ အဖူးအမြော်ကန်တော့ သွားရောက်ကြသည်။ တရားဟောအဖွဲ့ တဖွဲ့လုံးဖြစ်၏။ ရွှေဂူဆရာတော်ကြီးမှာ ဖူးမြော်သူတို့က နောက်က ရောက်နေသဖြင့် ကျောပေးထိုင်လျက် ဖြစ်နေပေသည်။ ဝဝဖိုင့်ဖိုင့် ဖြူဖြူဖွေးဖွေးကြီးပေတည်း။ လက်၂-သစ်ခန့်ရှည်သော ဆံပင်တို့မှာလည်း အနက်ဟူ၍ မကျန် အားလုံးဖြူနေလေပြီ။

ခဏကြာလျှင် ကျောင်းရှိ ဦးပဥ္စင်းတပါး ကြွလာပြီး ဆရာတော်ဘုရားကြီးအား အာဂန္တုများ ရောက်နေကြောင်း လျှောက်ထားသည်။ လျှောက်ထားပြီးနောက် အာဂန္တုဧည့်သည်များ ရှိရာဘက်သို့ မျက်နှာပြုရန် ဆရာတော်ကြီး၏ ခန္ဓာကိုယ်ကြီးကို ဦးပဥ္စင်းက ဖေးမ၍ လှည့်ပေး၏။ ဆရာတော်ဘုရားကြီးက သူ့ကိုကိုင်၍ လှည့်မပေးရန် တားမြစ်

တော်မူကာ သူ့ဘာသာသူ တဖြည်းဖြည်း လှည့်တော်မူသည်။ ၅-မိနစ်ကြာမှ အာဂန္တုမျှားဘက်သို့ မျက်နှာ ရောက်လာတော့သည်။

"တွဲတာတို့ ဖေးမတာတို့ကို မကြိုက်ဘူး၊ ရှက်တတ်တယ်"ဟု ဆရာတော်ဘုရားကြီးက ပြုံးပြုံးကြီး မိန့်တော်မူလေသည်။ "ကြည်ညိုစရာထက် ချစ်စရာကောင်းသော ဆရာတော်ကြီးပေတကား"ဟု အောက်မေ့မိသည်။ ဆရာတော် ဦးသံဝရက "သက်တော် ဘယ်လောက် ရှိပါပြီလဲ ဘုရား"ဟု လျှောက်ထားရာ "၈၆-နှစ်ရှိပြီ"ဟုမိန့်တော်မူပါသည်။ "သက်တော် ၈၆-နှစ်တောင်ဆိုတော့ ကြီးလှပါပကော ဘုရား"ဟု စာရေးသူက လျှောက်ပြန်သည့်အခါ ဆရာတော်ဘုရားကြီးက "မကြီးသေးပါဘူး၊ ဇာတာထဲမှာ အသက် ၁၂၀-ကျော် ရှည်စေသော်လို့ ပါတာပဲ"ဟု မိန့်တော်မူလေသည်။ မထိတထိနဲ့ အချက်ကျကျ မိန့်တော်မူတတ်သော ဆရာတော်ဘုရားကြီးပါပေ။ သက်တော် ၈၆-နှစ်ရှိ၍ ခန္ဓာကိုယ်ကို မနိုင်မနင်းရှိလှပြီ ဖြစ်သော ဆရာတော် ဘုရားကြီးသည် ပင် မသေချင်သေး။ ဇာတာထဲကအတိုင်း ၁၂၀-အသက်ရှည်တော်မူချင်တုန်းပင် ရှိပါသေးတကား။ "ဒါကြောင့်လဲ 'ဘုန်းကြီး သက်ရှည်ပါစေ'ဆိုသော ဆုပေးကို လူတိုင်း ကြိုက်တာပဲကိုး"ဟု တွေးမိ၏။

## မင်းကင်း ညတရားပွဲ

ရွှေဂူဆရာတော်ဘုရားကြီးအား ဖူးမြော်ကန်တော့ခြင်း ကိစ္စပြီးလျှင် အထက် ကန်တော်မင်ကျောင်းသို့ ပြန်ခဲ့ကြသည်။ နေ့ဆွမ်းချိန်ရောက်၍ နေ့ဆွမ်းဘုဉ်းပေးကြပြီးနောက် လက်ဖက်ရည်ဝိုင်းအလှည့်တွင် "ဟောဒီထပ်တရာမုန့်က ညောင်ကန်လက်သမား ဦးလှကျော် ကောင်းမှုပါ။ ရွာသံယောဇဉ်နဲ့လာလှူထားတာဖြစ်လို့ ဦးဇ္ဇနကကို အသိပေးရတာပဲ" ဆရာတော် ဦးစန္ဒောဘာသက မိန့်လေသည်။

ညောင်ကန်သား ဦးလှကျော်မှာ မင်းကင်း၌နေ၍ လက်သမားလုပ်နေရာ ညောင်ကန်သားဘုန်းကြီး မင်းကင်းရောက်လာရာ၌ရွာသံယောဇဉ်ကြောင့် လာရောက်ဖူးမြော်ခြင်းဖြစ်သည်။အဘယ်ပုထုဇဉ်သည် သံယောဇဉ် ကင်းနိုင်ပါမည်နည်း။ ဝေးရပ်မြေ၌ ရွာသားချင်း တွေ့ရပြန်တော့လည်း ရပ်ကြောင်း၊ ရွာကြောင်းကို မေးကြ၊ မြန်းကြ၊ ပြောကြ၊ ဆိုကြ

နှင့် မေးမြန်းပြောဆိုစရာ စကားတွေ လိုင်နေတော့သည်။ ဤနည်းဖြင့် အချင်းချင်း ဝမ်းသာရွှင်လန်း ရှိကြရသည်။

ည ၇-နာရီအချိန်ရောက်မှ ညတရားပွဲဟောရမည် ဖြစ်၍ နေ့အချိန်တွင် အားလပ်နေကြသည်။ အလ္လာပ- သလ္လာပ စကားများ ပြောဟောယင်း နေ့အချိန်ကို ကုန်လွန်စေပြီးနောက် ညနေအချိန်၌ မင်းကင်းမြို့ မင်းကျောင်းသို့ သွားရောက်၍ "ရွှေစကား ဘုရား"ကို ဖူးမြော်ကြရသည်။

မင်းကင်းမြို့အတွက် ၂-ညတရားဟောရန် အစီအစဉ်ရှိခဲ့သော်လည်း မော်တော်ပျက်မှုကြောင့် တည လွတ်သွားသည်။ ထို့ကြောင့် တညသာလျှင် ဟောခွင့်ရတော့သည်။ ခရီးလမ်းပန်း အဆင်မပြေမှုကြောင့် သင့်လျော်သလို စီစဉ်ခဲ့ရသည်မှာ ဤတကြိမ်သာမဟုတ်၊ အကြိမ်ကြိမ်ရှိခဲ့လေပြီ။ ကုန်းကြောင်းခရီး၊ ရေကြောင်းခရီးတွေ ချောမောချင်မှ ချောမောသလို၊ သံသရာခရီးမှာလည်း ချောမောချင်မှ ချောမောသည်။ ယာဉ်ခရီးပဲဖြစ်ဖြစ်၊ ခြေလျင် ခရီးပဲဖြစ်ဖြစ်၊ သံသရာခရီးပဲဖြစ်ဖြစ် ကိုယ်ဖြစ်စေချင်သည့်အတိုင်းတော့ မဖြစ်နိုင်ပေ။အဆင်မပြေတိုင်း နှလုံးသွင်းနေရာမကျလျှင် ဆင်းရဲတတ်၏။မဆင်းရဲ မပင်ပန်းအောင် အရာခပ်သိမ်း နှလုံးသွင်းကောင်းဖို့ လိုအပ်လှသည်။ အသင့်အတင့်ဖြစ်အောင် နှလုံးသွင်းတတ်၍ နှလုံးသွင်းကောင်းလျှင် သက်သာရာရနိုင်သည်။

ည၇-နာရီအချိန်သို့ရောက်ခဲ့ရပြန်သည်။မင်းကင်း အထက် ကန်တော်မင်ကျောင်းကြီး အောက်ထပ်၌ တရားနာပရိသတ် ၂၀-ကျော်ခန့် ရောက်ရှိလေပြီ။ အစီအစဉ်အတိုင်း ဒကာကြီးဦးညီပုနှင့် ဦးခင်မောင်တို့က ရှေးဦးစွာ အဆက်အစပ် စကားများကို ပြောပြီးနောက် စာရေးသူက "သတ္တဝါနှင့် အချိန်ကာလတရားတော်"ကို ဟောပြော၏။ ဆရာတော်ဦးသံဝရက "သတိပဋ္ဌာန် အလုပ်ပေးတရားတော်"ကို ဟောကြားပြီးနောက် လက်တွေ့တရားထိုင်စေတော်မူပါသည်။ ဤသို့ဖြင့် မင်းကင်းမြို့၌ တညတာ သတိပဋ္ဌာန်တရားမိုးကို ရွာသွန်းဖြိုးလိုက် ကြရပါသတည်း။

# ၃၃။ မင်းကင်းမှ မုံရွာသို့

၁၃၃၂-ခု တန်ဆောင်မုန်းလဆုတ် ၁၃-ရက်။ စီးနင်းလိုက်ပါကြရမည့် မော်တော်မှာ ယနေ့စောစောစီးစီး မင်းကင်းမှ ထွက်ခွါမည်။ ထို့ကြောင့် ဆရာတော်ဦးသံဝရနှင့်အတူ နံနက် ၃-နာရီခွဲလျှင် အထက်ကန်တော်မင်ကျောင်းအိပ်ရာမှထ၍ မြစ်ဆိပ်သို့ သွားကြရသည်။

ဦးပိုက်အိမ်သို့ ရောက်လျှင် ဦးညိုပုတို့ကို ဝင်နှိုးပြီး မော်တော် မမှီမည်စိုး၍ ဦးညိုပုတို့ကို စောင့်မနေပဲ မော်တော်ဆိပ်သို့ နှစ်ပါးဆင်းခဲ့ကြရသည်။ ကျောင်းနှင့် မော်တော်ဆိပ်မှာ ၁·မိုင်ကျော်ကျော် ဝေးကွာသည်။ မော်တော်ဆိပ်ရောက်သော် မော်တော်မှာ ကမ်းမှ ခွါနေလေပြီ။ ထို့ကြောင့် အော်ဟစ်တားမြစ်ထားပြီးလျှင် ဆရာတော် ဦးသံဝရက မော်တော်မှာ စောင့်နေရစ်ကာ စာရေးသူက ဦးပိုက်တို့အိမ်ပြန်၍ ဦးညိုပုနှင့် ဦးခင်မောင်တို့ကို ခေါ်ရ၏။

သွားခေါ်ရာ၌ ဤတခါသာ ရောက်ဖူးသော မင်းကင်းလမ်းကို တန်းတန်း မတ်မတ် ရောက်အောင် သွားတတ်သည် မဟုတ်၊ ဦးပိုက်တို့ အိမ်ရောက်အောင် စမ်းတဝါးဝါးနှင့်သွားနေရပြန်သဖြင့် အရေးကြီးရသည့်အထဲ ရင်မောစရာ ကောင်းလှသည်။ လမ်းတွေ့သမျှလူတို့ကို ဦးညိုပုတို့ လေလားဟု အနီးကပ်၍ သတိပြုကြည့်ရှုရသေး၏။ ကံကောင်းထောက်မ၍ ဦးပိုက်တို့ အိမ်သို့ ရောက်သည့်အခါ ဦးညိုပုတို့က ပြင်တုန်းဆင်တုန်းရှိကြသေးသည်ကို တွေ့ရ၏။

"ကမ်းမှ ခွါနေတဲ့ မော်တော်ကို တားထား ပစ်ခဲ့ရတယ်၊ မြန်မြန်လုပ်ကြမှ ဖြစ်မယ်" ဟု ရောက်ရောက်ချင်း ဦးညိုပုတို့ကို ပြောရ၏။ "ဒီမော်တော်ဟာ ခါတိုင်း ၅-နာရီမှ ထွက်တာ၊ ဒီနေ့ ဘာကြောင့် အရေးကြီးရပါလိမ့်"ဒကာကြီးဦးပိုက်က ညည်းညူယင်းလိုက်ပါလာသည်။ မော်တော်ဆိပ်ရောက်လျှင် မော်တော်ပေါ် အမြန်တက်ကြသည်။ တခြားသူများအရေးတကြီးတက်ကြသော်လည်း ဒကာကြီးဦးညိုပုကမူ မုန့်ပေါင်း

နှင့် အကြော်ဝယ်နေလိုက်သေး၏။ အားလုံးမော်တော်ပေါ် ရောက်ကြသည့်အခါ "လာပါပြီ လာပါပြီ" နဲ့ မော်တော်ကို အကြိမ်ကြိမ်တားထားရကြောင်း၊ ဆရာတော် ဦးသံဝရက ဆီးပြော၏။

## မော်တော်ထွက်ပြီ သို့သော်

နံနက် ၄-နာရီခွဲ၌ မင်းကင်းဆိပ်ကမ်းမှ မော်တော် ထွက်ခွါခဲ့ပါပြီ။ အရေးတကြီးနိုင်ခဲ့သမျှ ရေလယ်ရောက်တော့ မော်တော်မှာ ချာချာလည်နေပါတော့သည်။ "မော်တော်က ကမ်းကို ပြန်နေပြီ"ဟု ဦးခင်မောင်က ပြောပြ၏။ "မဟုတ်ပါဘူး ဒကာကြီး မျက်စိလယ်နေလို့ပါ" စာရေးသူကပြောနေဆဲမှာပင် "ဟော မော်တော်ကြီး ရေလယ်မှာ ကျောက်ချရပ်နားနေပါချေပြီ"ဟု ဆိုသူကဆို၏။ ထွက်စဉ်က မှိုင်းကို မကြည့်ပဲ အရေးတကြီး ထွက်ခွါခဲ့၏။ ရေလယ်ရောက်မှ မှိုင်းတိုက် နေသည်ဆိုကာ ကျောက်ချရပ်နေတော့သည်။

## သေလိုမောက်ကတော် ပျော်လိုမင်းကင်း

လင်းရောင်ပေး၍ အရှဏ် တက်လာရာ၌ ကျောက်ချ ရပ်နေသော မော်တော်ပေါ်မှာ ဒကာကြီး ဦးညီပု ကပ္ပိခဲ့သော မုန့်ပေါင်းနှင့် အကြော်ကို ဘုဉ်းပေးကြရ၏။ မုန့်ဝယ်နေစဉ်က "အရေးထဲမှာ ဒကာကြီးက မုန့်တွေ အကြော်တွေ ဝယ်နေပြန်ပြီ" ဟု စိတ်ထဲက အပြစ်တင်ခဲ့သမျှ ယခုစားရတော့မှ ကျေးဇူးတင်မိကြသည်။ "အမြင်ကျယ်သော ဒကာကြီး ဦးညီပုသာ ဤမုန့် ဤအကြော်များကို မဝယ်ခဲ့လျှင်" ဟူ၍ တွေးမိယင်း မုန့်ပေါင်းနှင့် အကြော်ကို မြိန်မြိန်ကြီး ဘုဉ်းပေးလိုက်ပါသည်။ အရေးထဲ ဝယ်ခဲ့သော အကြော်ဖြစ်လို့ထင်ပါရဲ့၊ စားလို့ကောင်းလှသည်။

နံနက် ၆-နာရီခွဲအချိန်ကျမှ နှင်းမှိုင်းပျောက်၍ မင်းကင်း ရေလယ်မှ မော်တော်ထွက်နိုင်ခဲ့ပါသည်။ ၇-နာရီခွဲလျှင် မော်တော်က မောက်ကတော် ဆိပ်ကမ်းသို့ရောက်၏။ ဒကာကြီး ဦးညီပုက ဤတွင် ငှက်ပျောသီးနှင့်အကြော် ဆက်ဝယ်ပါသည်။

"သေလို မောက်ကတော် ပျော်လို မင်းကင်း"လို့ ဒီချင်းတွင်း တဝိုက်မှာ အဆိုရှိတယ်။ "မင်းကင်းမှာ အစာရေစာနဲ့ အပျိုကညာ ပေါ်များပြီး သဘောလည်းကောင်းကြသတဲ့။ မောက်ကတော်က ရှေးတုန်းက သူတို့ရွာ ရောက်လာတဲ့ ဧည့်သည် တွေဟာ လူပြုစားခံရပြီး သေကြသတဲ့ဘုရား"ဟု အနီးရှိ ခရီးသည် တယောက်က စာရေးသူအား လျှောက်ထားလေသည်။

"အင်း-ဒကာ ပြောတာကိုလည်း တမျိုး မှတ်ရမှာပေါ့။ ဘုန်းကြီး ကြားဘူးတာက ဒီလိုမကြားဘူးဘူး။ ကြားဘူးတာက အောက်ဘက်က လူတွေ အရောင်း အဝယ် တက်လာတဲ့ အခါ ဒီ မောက်ကတော်ဘက် ရောက်ယင် အအေးမိ အစားမှားပြီး သေတတ်ကြတယ်၊ ဒီလို သေယင် ဧည့်သည် အသုဘဆိုပြီး မောက်ကတော်ရွာက အသနားပိုပြီး လှလှပပ သင်္ဂြိုဟ်ပေးကြသတဲ့။ ဒါကြောင့် "သေလိုမောက်ကတော်" စကားပုံ ဖြစ်လာကြောင်း ကြားဘူးပါတယ်"ဟု စာရေးသူကလည်း ကြားဘူးတာကို ပြန်ပြော လိုက်ရ၏။

## နေ့ဆွမ်းစားချိန်

၁၀-နာရီခွဲလျှင် မော်တော်ပေါ်မှာပင် ဆွမ်းစားကြသည်။ ဤအောင်သန်းကြည် မော်တော်ပိုင်ရှင်များဖြစ်ကြသော မုံရွာမြို့ ညောင်တပင်ရပ် ဦးဘလှိုင်-ဒေါ်သန်းကြည်တို့က ကပ်လှူသော ဆွမ်းဟည်း။

ကင်းဆိပ်သို့ အရောက်တွင် တရားတပွဲ ဖြစ်မြောက်ရေးအတွက် ဒကာတဦး ရောက်လာပြီး တရားဟောအဖွဲ့ကို ပင့်ဖိတ်လေသည်။ ရွှေမုဋ္ဌောကျောင်း၌ ဟောသော 'သံ ယ ဇဉ် တရားတော်'ကို သဘောကျလွန်းသောကြောင့် ကင်း ရွှေမုဋ္ဌောကျောင်း ဆရာတော် ဦးစာရိန္ဒနှင့် တိုင်ပင် ညီညွတ်၍ ပင့်သည်ဟု ဆိုပါသည်။ ကင်း၌လည်း တရားတပွဲ ဟောပေးဖို့ဖြစ်၏။ သို့ သော် အစီအစဉ်တွင် ရက်အားမရှိသောကြောင့် အားနာစွာနှင့် ငြင်းခဲ့ရသည်။ နောက် အကြောင်း ညီညွတ်သော် ဟောမည်ဖြစ်ကြောင်း ကျေနပ်အောင် ပြောလိုက်ရပါသည်။

## ကန်ဒီရောက်

၁၂-နာရီ အချိန်၌ မော်တော် ဆက်ထွက်လေသည်။ အုမ္မနှင့် လက်ပန်စုကို ကျော်၍ ကန္ဒီ၌ ဆိုက်ကပ်သည်။ ကန္ဒီတဘက်ကမ်းရှိ ကနဲမှ နေ၍ ညောင်ကန်သို့ ကားဖြင့်သွားလျှင် ရောက်နိုင်၏။ သို့သော် ယခု အချိန်၌ ကားလမ်း မပေါက်တတ်သေးကြောင်း သိရသည်။ ကန္ဒီ ကနဲ မုံရွာ ကားလမ်းများမှာ မိုးဥတုတလျှောက်လုံးနှင့် ဆောင်းဦးအချိန်၌ ကားသွား၍ မဖြစ်သေး။ နွေဥတုရောက်၍ ခြောက်သွေ့မှ သွားနိုင် သည်။ ညောင်ကန်နှင့် မုံရွာ ကားလမ်းမှာကား အချိန်မရွေးသွားလို့ ရပေသည်။ ထို့ကြောင့် ကန္ဒီမှနေ၍ ညောင်ကန်သို့ မကူးပဲ မုံရွာ ဆက် လိုက်ပြီးမှ ညောင်ကန်သို့ သွားရပေမည်။ မော်တော်သည် ကန္ဒီ၌ အကြာကြီး ရပ်နေသည်။ ကန္ဒီကား မုံရွာခရိုင်အတွင်းရှိ အထက် ချင်း တွင်းခရိုင်၏ ပထမ ညအိပ်စခန်းမြို့ ဖြစ်ပေသည်။ ကန္ဒီနယ်မှ ဝါးများများ ထွက်သည်။

ကန္ဒီမြို့၌ တရားပွဲ ကျင်းပလိုကြသော်လည်း ရက်အားလည်းမရှိ၊ အဆက်အသွယ်ကလည်း ပြတ်နေခြင်းကြောင့် ဤကန္ဒီကိုလည်း ချန်လှပ် ခဲ့ကြရပေသည်။ ကန္ဒီကား တရား ထွန်းကားသော မြို့တမြို့ဖြစ်ကြောင်း တပြည်လုံးအသိပင် ဖြစ်သည်။ ကန္ဒီ ရွှေသိမ်တော် တောရ ဆရာတော် ဘုရားကြီး၏ ဂုဏ်သတင်းမှာ ကန္ဒီ၏ ကျက်သရေဆောင် အဖြစ် ပျံ့နှံ့ ကြိုင်လှိုင်ခဲ့သည်။ ပရိယတ် ပဋိပတ် နှစ်ရပ်စွယ်စုံဖြစ်၍ သမထယာနိက ဝိပဿနာတရားကို နိုင်နိုင်နင်းနင်း ဟောပြောနိုင်သော ဆရာတော် ဘုရားကြီး ဖြစ်သည်။

ဆရာတော် ဘုရားကြီးသည် ပါရဂူ ကျမ်းပေါင်းများစွာကို ပြုစု တော်မူခဲ့ပေသည်။ ယောဂီပါရဂူကျမ်း၊ သစ္စာပါရဂူကျမ်း၊ သရဏ ပါရဂူကျမ်း၊ ဝိဝဋ္ဋပါရဂူကျမ်း၊ သုဇနပါရဂူကျမ်း စသည်တို့ကို စီရင် ပြုစုတော်မူခဲ့သည်။ ယခုအချိန်၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပြီ ဖြစ်၍ ဆရာတော် ဘုရားကြီးမှာ သက်တော်ထင်ရှား မရှိတော့ပေ။ ငှင်းပြင် မောင်းထောင် ဦးကျော်လှ၏ သံချိုများကို ရှာဖွေတင်ပြသော ဦးလူညွန့် စသော လူဘက်မှ လူပညာရှိများလည်း ကန္ဒီမှ ထွက်ပေါ်ပါ သေးသည်။

## ကန္တီမြို့ အကြောင်း

ဤ၌ အလျဉ်းသင့်၍ ဤကန္တီမြို့ အကြောင်းကို မြန်မာ့စွယ်စုံကျမ်းမှ ထုတ်နုတ် ဖော်ပြလိုက်ပါဦးမည်။

ကန္တီမြို့သည် အောက်ချင်းတွင်း (မုံရွာ) ခရိုင် ယင်းမာပင်နယ်တွင် ပါဝင်၍ ကန္တီမြို့နယ် မြို့ပိုင်ရုံးစိုက်ရာ မြို့ဖြစ်သည်။ ချင်းတွင်းမြစ်၏ လက်ျာဘက် ကမ်းပေါ်တွင် တည်ရှိ၍ ပခုက္ကူမြို့မှ ၁၀၄-မိုင်ခန့် ဝေးကွာသည်။ မြောက်ဘက်တွင် မင်းခင်းမြို့၊ အရှေ့ဘက်တွင် ဘုတလင် မြို့နယ်များရှိပြီးလျှင် အနောက်ဘက်၌ ပုံတောင် တောင်တန်းကြီး ရှိသည်။ မြို့နယ်အတွင်းသို့ ချောင်းငယ် မြောင်းငယ်များ အများအပြား ပင် ဖြတ်သန်း စီးဆင်းလျက်ရှိသည်။

ကန္တီမြို့နယ်၏ ယခုအကျယ်အဝန်းမှာ စတုရန်း မိုင်ပေါင်း ၁၇၃၆-ခန့် ရှိသော်လည်း ရှေးမြန်မာမင်းများ လက်ထက်က ကန္တီမြို့နယ်လောက် မကျယ်ဝန်းလှချေ။ မြို့၏ မြောက်ဘက်၌ ပေ ၂၀၀-ခန့် မြင့်သော ရွှေမြင်းဖြူတောင်ကုန်း ရှိသည်။ ထိုကုန်းမှာ ရှေးက မြို့တော်ဟောင်း နေရာဖြစ်သည့် အလျောက် ကျုံးနေရာနှင့် မြို့ရိုးဟောင်းများကို ယခု တိုင် တွေ့မြင်နိုင်သေးသည်။

### ကန္တီအနော်ရထာ မြင်းဖြူရှင်နှင့် ကန္တီမြို့စား (ဒိုင်းခင်ခင်၏ ဖခင်) ဒိုင်းဝန်မင်း

ပုဂံပြည် အနော်ရထာမင်း လက်ထက်တွင် ကန္တီမြို့၌ မြို့စားတားရှိ၍ ကန္တီ အနော်ရထာဘွဲ့နှင့် အုပ်ချုပ် စေခဲ့သည်။ တရံရောအခါ ကန္တီ အနော်ရထာ ပုန်ကန်သောကြောင့် ဘုရင့် တပ်သားများက လိုက်လံ တိုက်ခိုက်ရာ ကန္တီ အနော်ရထာသည် ကုန်းမြင့်ပေါ်မှ မြင်းဖြူကို ကဆုန်ချ စီးပြီးလျှင် မြစ်တွင်းသို့ဆင်းကာ ကိုယ်ကို အဆုံးစီရင်လိုက်လေသည်။ မြန်မာနိုင်ငံတွင် ယခုအခါ ကျော်ကြားလျက်ရှိသော ၃၇-မင်း အပါ အဝင် မြင်းဖြူရှင်နတ်မှာ ကန္တီ အနော်ရထာနတ် ဖြစ်သည်ဟုဆိုကြသည်။ သီပေါမင်းတြား လက်ထက်က ကန္တီမြို့စားမှာ ဒိုင်းခင်ခင်၏ဖခင် ဒိုင်း ဝန်မင်းပင် ဖြစ်သည်။

၁၉၅၁-ခုနှစ်၊ သန်းခေါင်စာရင်းအရ ကန္ဒီမြို့၏ လူဦးရေမှာ ၂၆၀၀၀-ယောက်မျှ ဖြစ်သည်။ ကန္ဒီမြို့သို့ ရထားလမ်း မပေါက်သော်လည်း မြစ်တွင်း သင်္ဘောများ သွားလာဆိုက်ကပ်လျက် ရှိလေ၏။

မြို့နယ်အတွင်း မိုတင်းနေထိုင်ကြသူ လူများစုမှာ လယ်ယာ ကိုင်းကျွန်းများကို လုပ်ကိုင်ကြပြီးလျှင် ဆန်စပါး၊ ပဲ၊ နှမ်းနှင့် ပြောင်းအမျိုးမျိုးတို့ကို စိုက်ပျိုးကြသည်။ မြို့မြောက်ဘက်ရှိ ပုံတောင် တောင်တန်းတွင် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး စသော သစ်မာများနှင့် ဝါးအမျိုးမျိုးတို့ ထွက်သဖြင့် အစိုးရသစ်တော ကြိုးဝိုင်းများလည်းရှိသည်။ ထိုသစ်တောကြီးများကို အမှီပြုလျက် သစ်တောထွက် ပစ္စည်းများနှင့် သက်မွေးဝမ်းကျောင်း ပြုသူများလည်း ရှိကြသည်။

ဤကား မြန်မာ့စွယ်စုံကျမ်းမှ ထုတ်နုတ်ဖော်ပြသော ကန္ဒီမြို့အကြောင်း ဖြစ်ပါသည်။

## နာမည်ကြီးသော ရွှေစာရေးဝံ

ကန္ဒီဆိပ်ကမ်းမှ ဆက်လက် ထွက်ခွာခဲ့ရာ၌ အတော်သွားမိလျှင် အိုင်တောင်ကို လွန်သော် ရွှေစာရေးသို့ ရောက်လေသည်။ ရွှေစာရေးကား 'ဝံ' နာမည်ကြီးလှပေသည်။ ဤဝံကို ချင်းတွင်းမြစ် ခရီးသွားတိုင်း သိနေကြသည်။ သွားဘူး သွားစ မရှိသော လှေသမား ဖောင်သမားများမှာ ရွှေစာရေးသားမပါပဲ ဤဝံကို ဖြတ်မကူးဝံ့ကြပေ။ မသိပဲ အရမ်းမဲ့ ဖြတ်ကူးမိကြ၍ နစ်မြုပ်ဘူးသော လှေဖောင်တို့မှာလည်း မနည်းလှတော့ပေ။ ဝံသာလျှင် နာမည်ကြီးသည် မဟုတ်သေး။ ရွှေစာရေး ငါးများမှာလည်း နာမည်ကြီးသည်ပင်။ ရွှေစာရေးကို မော်တော်ပေါ်မှ လှမ်းကြည့်လိုက်ရာ ကျောင်း, ကန်, ဘုရား, တန်ဆောင်းများဖြင့် ကြည်နူးဖွယ် ကောင်းလှသော ရွှေစာရေးကို မြင်ကြရပါသည်။

## မုံရွာ ရောက်ကြပြီ

ရွှေစာရေးကို ကျော်ခဲ့ပြီးနောက် အလုံကို လွန်သော် ညနေ ၆-နာရီအချိန်၌ မုံရွာဆိပ်ကမ်းသို့ဆိုက်ကပ်လေ၏။ မုံရွာရောက်လျှင် ဆရာတော်ဦးသံဝရနှင့် သိကျွမ်းရင်းနှီးသော ခါးပန်းနီတိုက် ဦးဓမ္မသာမိတို့ ကျောင်း၌ တည်းခိုကြသည်။

# ၃၄။ သက္ကရာဇ် ၁၃၅၀ - ပြည့်နှစ်သည် မုံရွာမြို့ ရာပြည့်နှစ် ကျင်းပချိန်

**မုံရွာမြို့ (အောက်ချင်းတွင်းခရိုင်)**

မုံရွာခရိုင်မှာ အထက် ချင်းတွင်း အောက် ချင်းတွင်းရှိရာ အောက် ချင်းတွင်းဘက်၌ ပါဝင်သည်။ မုံရွာမြို့ကား ချင်းတွင်းမြစ်၏ လက်ဝဲဘက် အရှေ့ဘက်ကမ်း၌ တည်ရှိ၍ ချင်းတွင်းမြစ်ရေသည် မြောက်မှ တောင်သို့ စီးဆင်းလျက်ရှိသည်။ မုံရွာ၏ တောင်ဘက်တွင် ချင်းတွင်းမြစ်သည် စစ်ကိုင်း, ပခုက္ကူခရိုင်တို့၏ နယ်နိမိတ်အဖြစ် တည်ရှိသည်။

ချင်းတွင်းမြစ်သည် မုံရွာမြို့၏ တင့်တယ်ဖွယ်ရာလှသည့် ကျက်သရေဆောင်ဖြစ်ရုံသာမက ကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားရာတွင် အဆင်ပြေလှသောကြောင့် ကျေးဇူးလည်း များလှ၏။ အောက်ချင်းတွင်းခရိုင် မုံရွာနယ်နှင့် ယင်းမာပင်နယ်ဟူ၍ နှစ်နယ်ခွဲ ထားပေသည်။ ခရိုင်ဝန်ကမူ မုံရွာမြို့တွင်နေ၍ မုံရွာမြို့၌ပင် ရုံးစိုက်၏။ မုံရွာမြို့နယ်အတွင်း ဘုတလင်မြို့နယ်၊ အရာတော်မြို့နယ်တို့ ပါဝင်ကြသည်။ ယင်းမာပင်မြို့နယ်အတွင်း ကနီမြို့နယ်၊ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်တို့ပါဝင်သည်။ တိုင်းအနေနှင့် မုံရွာမြို့မှာ စစ်ကိုင်းတိုင်း၌ ပါဝင်၏။

ပါလီမန်နှင့် အုပ်ချုပ်စဉ်က ခရိုင်အရှေ့ပိုင်းနှင့် အနောက်ပိုင်းမှ အမတ်တဦးစီ တင်မြှောက်ရ၍ မြို့နယ်တနယ်မှ အမတ်တဦးစီ တင်မြှောက်ခွင့်ရသည်။

ချင်းတွင်းမြစ်ကို သလ္လာဝတီမြစ်ဟူ၍လည်းခေါ်တွင်ရကား သလ္လာဝတီမြစ်ကမ်းရှိ မုံရွာကိုလည်း 'သလ္လာဝတီမြို့'ဟူ၍လည်း အချို့စာပေများတွင် သုံးနှုန်းရေးသားကြသည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်နှစ်မြစ်မှာ ပခုက္ကူ၏ အထက်နားတွင် ပေါင်းဆုံကြသည်။ ထိုမြစ်ဆုံနှင့်

မုံရွာမြို့မှာ မိုင် ၅၀-မျှ ကွာဝေး၏။ စစ်ကိုင်းမြို့နှင့်မူ အနောက်ဘက်တွင် ၆၅-မိုင်ကွာဝေး၍ မြေနိမ့်ပိုင်းတွင် တည်ရှိသည်။ ထို့ကြောင့် မြစ်ရေတိုးလာလျှင် ကာကွယ်ရန်အတွက် မြစ်ကမ်း၌ တာတမံ ဆောက်လုပ်ထားရပေ၏။ ၁၉၆၅-ခုနှစ်က မီးအကြီးအကျယ်လောင်ခဲ့သဖြင့် အသစ်တဖန် တည်ဆောက်ထားကြရာ ယခုအချိန်၌ မုံရွာမြို့မှာ မြို့သစ်ဖြစ်နေလေသည်။

## မုံရွာမြို့ ထွက်ကုန်နှင့် လမ်းပန်း

ခရိုင်ဝန်နှင့် အုပ်ချုပ်ရေးရုံး၊ ခရိုင်ရာဇဝတ်နှင့် တရားမ တရားသူကြီးရုံး၊ မြေစာရင်း၊ အမြတ်တော်ကြေး၊ ရဲဌာန၊ လယ်ယာစိုက်ပျိုးရေး၊ သမဝါယမ၊ လမ်းလုပ်ငန်းဌာန စသည့် ရုံးများအပြင် ဆေးရုံနှင့် ကျောင်းများလည်းရှိသည်။ ၁၉၆၀-ခုနှစ်တွင် မုံရွာမြို့၌ သက်ကြီးတက္ကသိုလ်ကျောင်းကိုလည်း ဖွင့်လှစ်ခဲ့၏။

ထွက်ကုန်များမှာ ချည်လုံချည်၊ ချည်စောင်၊ ဂွမ်းစောင်များနှင့် ကျောက်ကာအရပ်မှ ကျောက်ကာထည်များအပြင် ဆန်စပါး၊ နှမ်း၊ ပဲ စသော အပူပိုင်းဒေသ သစ်သီးသစ်နှံများဖြစ်သည်။

သွားလမ်းလာလမ်း လွယ်ကူသောကြောင့် အရေးပါ အရာရောက်သော မြို့ဖြစ်၏။ ချင်းတွင်းမြစ်အတွင်း ဥဒဟိုသွားလာနေကြသော လှေသင်္ဘောများသည် မုံရွာမြို့တွင် ဆိုက်ကပ်မြဲဖြစ်လေသည်။ မန္တလေးနှင့် မီးရထားလမ်း အဆက်အသွယ်ရှိသဖြင့် မန္တလေးမှ အောက်မြို့အောက်ရွာများသို့ တဆင့် ခရီးပေါက်သည်။ ပတ်ဝန်းကျင်ရှိ ခရိုင်များသို့ သွားလာနိုင်ရန် မော်တော်ကားလမ်းများလည်း ရှိပေသေးသည်။ ေလကြောင်း ခရီးလည်းပေါက်သောကြောင့် ကုန်း၊ ရေ၊ လေ ခရီးသုံးကြောင်းစလုံး အသင့်ရှိရကား သွားလာဝင်ထွက်မှု လွယ်ကူလှပေသည်။

## မုံရွာမြို့ ကျောင်းကန်ဘုရားများ

ကျော်စောထင်ရှားသော ကျောင်း, ကန်, ဘုရား, စေတီပုထိုးများလည်း ရှိသည်။ လယ်တီကျောင်းတိုက်ကြီးမှာ လယ်တီ ဆရာတော်ဘုရားကြီး လက်ထက်တော်က အင်မတန် ထင်ရှားလှပေသည်။ ထို့

ကျောင်းတိုက်တွင် လယ်တီဆရာတော်ဘုရားကြီး ရေးသားပြုစုသော ကျမ်းများ၊ လယ်တီပဏ္ဍိတဆရာ ဦးမောင်ကြီးရေးသားပြုစုသော ကျမ်းများကို ကျောက်စာထွင်းထားသော ကျောက်စာ အမြောက်အမြား ရှိလေသည်။ မုံရွာမြို့၏ ကျက်သရေဆောင် တဌာနပေတည်း။

ပရိယတ္တိဓမ္မကို တကယ်တမ်း သင်ကြားပို့ချလျက်ရှိသော ကျောင်းတိုက်များလည်း မုံရွာမြို့၌ ရှိကြသည်။ မဟာလယ်တီ၊ အရှေ့လယ်တီ၊ ရွှေဂူ၊ အရှေ့လေးထပ်၊ အနောက်လေးထပ်၊ သပြေပင်တောရ၊ ပဇ္ဇောတာရုံ၊ ဓမ္မာရုံ၊ သိမ်တော်၊ ရေပန်း၊ ဇောတိကာရုံ၊ မဏိရတနာပုံစသော ပရိယတ္တိ စာသင်တိုက်များပင်။ မဏိရတနာပုံတိုက်၌မူ စာရေးသူ ရဟန်းဖြစ်စက တဝါမျှနေခဲ့ဘူးလေသည်။

ယခုအခါထိပင် မုံရွာမြို့၌ ပရိယတ္တိဓမ္မကို တကယ်တမ်း အရှိန်မပျက် သင်ကြားလျက်ရှိသောကြောင့် သတင်းမွှေးနေသော ကျောင်းတိုက်မှာ ဇောတိကာရုံကျောင်းတိုက်ပင် ဖြစ်လေသည်။ စနစ်တကျ အုပ်ချုပ်နိုင်သော ဆရာတော်၏ အုပ်ချုပ်မှု အောက်တွင်ရှိသော ဇောတိကာရုံ စာသင်သားများမှာ ဤခေတ် ဤအခါတွင် အတုယူလောက်အောင် ကြည်ညိုဖွယ်ဆောင်လျက် ရှိနေကြသည်။

မုံရွာမြို့တွင် ပရိယတ္တိဓမ္မကို တကယ်တမ်း ပို့ချကြသော စာသင်တိုက်ကြီးများသာ ရှိကြသည်မဟုတ်သေး။ ပဋိပတ္တိကို ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော သာသနာ့ရိပ်သာများလည်း ရှိသည်သာ။ စန်းမြရောင်ခြည် ရိပ်သာနှင့် ရွှောက်ခါး သာသနာ့ရိပ်သာများပင်တည်း။ ထို့ပြင် ကြောင်ပန်းတရား ဆွေးနွေးရာဌာန၊ မိုးကုတ်တရားပြဌာန၊ လယ်တီတရားပြဌာန၊ ဟံသာဝတီတရားပြဌာနများလည်း ရှိကြပေသေးသည်။ ပရိယတ် ပဋိပတ် နှစ်ရပ်စလုံး ပြည့်စုံသော မြို့ဖြစ်၍လည်း အဖက်ဖက်မှ တင့်တယ်နေသည်။ စိုစိုပြည်ပြည်နှင့် ကျက်သရေ ရှိနေပေသည်။

မုံရွာမြို့အနီးတွင် မိုးညှင်းဆရာတော်ဘုရားကြီး တည်ထောင်ဖန်ဆင်းထားခဲ့သော မိုးညှင်းတိုက်ကြီး ဆိုသည်ကတော့ မြန်မာပြည်၌သာမက နိုင်ငံခြားသို့ပါ ကျော်လွန်ထင်ရှားလျက်ရှိလေသည်။ ဆောက်လုပ်ထားသော အဆောင်အယောင် အဆောက်အဦ များမှာလည်း နိုင်ငံခြား

သုတေသီကြီးများပင် လာရောက်သုတေသန ပြုကြရ၏။ ထို့ပြင် မုံရွာမြို့ ဝန်းကျင်၌ ထင်ရှားကျော်ကြားလျက် ရှိကြသော ကျောက်ကာဘုရား နှင့် ထန်းတလုပ်ချောင်းစေတီဘုရားများ၊ ဖိုးဝင်းတောင်၊ ဖိုးဦးတောင် ဘုရားများ၊ ကျောက်မြက်တောင်နှင့် ရွှေတောင်ဦး ဘုရားများလည်း ရှိကြသေး၏။

မုံရွာမြို့တွင်းရှိ ထင်ရှားသော စေတီတော်တို့မှာ ရွှေစည်းခုံစေတီ တော်နှင့် ဆုတောင်းပြည့်စေတီတော်ကြီးနှစ်ဆူပင် ဖြစ်ပေသည်။

## မုံရွာသမိုင်း စိစစ်ချက်

ဤနေရာ၌ အလျဉ်းသင့်သဖြင့် ဟံသာဝတီ သတင်းစာ၌ ပါရှိသော "ရွှေကိုင်းသား၏ မုန့်ပေါင်းနှင့် ထပ်တရာ"အမည်ရှိ ခရီးသွား မှတ်တမ်းမှ မုံရွာမြို့သမိုင်း စိစစ်ချက်ကို ထုတ်နုတ်ဖော်ပြပါဦးမည်။

## မုံရွာ=သလ္လာဝတီ

မုံရွာသည် တချိန်က သလ္လာဝတီ ချင်းတွင်းမြစ်ကို အကြောင်း ပြုပြီး ကဗျာဆန်ဆန်"သလ္လာဝတီမြို့"အမည်သစ်ကို ပြောင်းလဲယူခဲ့သေး သည်။ တကယ်ဆိုတော့ မုံရွာဆိုသော "ရွာ" အမည်ကို ပယ်ဖျောက်လို သောကြောင့် အမည်သစ်ကို ပြောင်းယူခဲ့ခြင်း ဖြစ်သည်။ သို့သော် မြို့ လူထုအများစုကမူကား ကဗျာဆန်သော ထိုပါဠိအမည်ကို မကြိုက်ကြဟု ဆိုသည်။ အကြောင်းပြကတော့ "သလ္လ" ဆိုသည့် ပါဠိပုဒ်သည် မြှား၊ ငြောင့်၊သစ်ငုတ်စသော မလိုအပ်သည့် အနက်အဓိပ္ပါယ်များပါ ထွက်နေ သောကြောင့်ဟု ဆိုသည်။

## လှေကူး မုံရွာ

သည်နေရာတွင် မုံရွာမြို့၏ နောက်ခံသမိုင်းကြောင်းကို အနည်းငယ် ပြန်စောင်း၍ ကြည့်မည်ဆိုလျှင်"မုံရွာ-မုံရွာ-မုံသည်မရွာ-လှေကူးမုံရွာ-လှေကူး စရပ်ဖြူ"စသော အမည်များနှင့်အတူ သူ့ဗျူပွတ် အသီးသီးကို တွေ့ကြရမည်ဖြစ်ပေသည်။

သက္ကရာဇ် ၈၀၆-ခုနှစ်တွင် ရေးထိုးသည့် စစ်ကိုင်း ထူပါရုံ ဘုရား ကျောက်စာနှင့် အခိုင်အမာ တွေ့ရသမျှတို့တွင် ရှေးအကျဆုံးဖြစ်လိမ့်မည်ဟု ထင်ရသည်။လွန်ခဲ့သည့် အနှစ် ၅၀၀-ကျော်က အမည်ပင် ဖြစ်သည်။

ထို့နောက် ဇမ္ဗူဒီပ ဥဆောင်းကျမ်း (စာမျက်နှာ ၄၄-၄၅)။ မိုင်းထွက်ကမ်းနီ စစ်တမ်းတွင် "လှေကူးမုံရွာ"ဟု တွေ့လာရသည်။ မိုင်းထွက်ကမ်းနီစစ်တမ်းမှာ သက္ကရာဇ် ၉၉၉-ခုနှစ်နှင့် ဆိုင်သော စာတမ်းများ အပါအဝင် ဖြစ်၍ လွန်ခဲ့သည့်နှစ်ပေါင်း ၃၀၀-ကျော် အထက်က မုံရွာ မြို့ကို ခေါ်သော အမည်ဟောင်း တရပ်ဟု ဆိုရပေသည်။

စစ်တမ်းတွင် "လှေကူး-မုံရွာ" ဟု ဖော်ပြထားခြင်းဖြင့် ထူပါရုံ ကျောက်စာလာ"လှေကူး"သည် ယခု မုံရွာကိုပင် ခေါ်ကြောင်း သိသာ ထင်ရှားစေသည်။ လှေကူးသည်ပင် မုံရွာ၊ မုံရွာသည်ပင် လှေကူးဟု သိစေလိုသော သဘောဖြင့် "လှေကူး-မုံရွာ" ဟု အမည်နှစ်ခုပေါင်းပြီး ရေးမှတ်ထားခြင်း ဖြစ်သည်။ ယင်းအမည်နှစ်ခုတွင် "လှေကူး" သည် ပဓာနကျသော အမည်ဟု ဆိုရန်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ချင်းတွင်း မြစ်ကမ်းနဖူးတွင် တည်ရှိသော မုံရွာသည် လှေငယ်တက်စင်းများ ဝင်ရောက်ဆိုက်ကပ်ရာ တဖက်ကမ်းသို့ လှေဖြင့်ကူးရောက်ရာ ဆိပ်ကမ်း ဖြစ်နေသောကြောင့်ပေတည်း။

"သလ္လာဒွေး"၏ ဖိုလ်ဝင်တောင်ရာ မိုင်းချုပ်(စာမျက်နှာ-၃၄)၌ဗန္ဓဝ ပြည်ကြီးရှင်ဘုရင် မဟာဗန္ဓုလမင်း၏ ခြေလျင်စစ်သည်တော်များ ဖိုလ်ဝင် တောင်အသွားတွင် လှေငယ်တက်စင်းတို့ဖြင့် ဖြတ်ကူးရာ အရပ်ဖြစ်၍ လှေကူးခေါ်တွင်ကြောင်း ဖော်ပြထားသည်။ ယင်းသမိုင်းအလို မဟာ ဗန္ဓုဝမင်းကြီးသည် ပုဂံ အနော်ရထာမင်းနှင့် မင်းပြိုင်ဖြစ်၍ လွန်ခဲ့သည့် အနှစ်-၉၀၀-ကျော်က ခေါ်တွင်ခဲ့သည့်အမည်ဟု ဆိုနိုင်ပေသေးသည်။

"နေရှင်နယ် ဆရာချစ်" ရေးသားသော မုံရွာမြို့သမိုင်း(စာမျက်နှာ ၂၀-၂၁) တွင်ကား ရတနာပုံ မန္တလေးမြို့တည် မင်းတုန်းမင်းတရားကြီး လက်ထက်တော်တွင် မြို့သူကြီး စစ်ကဲတော်မင်း ဦးဒွေးက သူ့အမည်၊ နေ့နံနှင့် စက်ပြတ်လည်းဖြစ်၊ မုံရွာမြို့၏ ရှေးအမည်ဟောင်းကိုလည်း ပြန်လည်ဖော်ယူသည့် အနေဖြင့် မုံရွာမြို့ အနောက်တိုက်ကို "လှေကူးမြို့ လှေကူးတိုက်" ဟု သမုတ်ကြောင်း ဖော်ပြထားပါသည်။

## မုံ့သည်မ ရွာမှ မုံရွာ

မြန်မာ့စွယ်စုံကျမ်း အတွဲ ၉-(စာမျက်နှာ ၃၃၈–၃၃၉) တွင် မုံရွာမြို့အကြောင်း ဖော်ပြရာ၌ မုံရွာအမည် ဖြစ်ပေါ်လာပုံ ဗျူပွတ်နှင့် ပတ်သက်ပြီး "မုံ့ရွာဟူသော အမည်မှာ 'မုံရွာ' ဟူသော အမည်မှ ကာလရွေ့လျော၍ ပြောင်းလဲလာခြင်း ဖြစ်သည်ဟု ယူဆသည်။ ရှေးအခါက မုံ့သည်မတဦးကို ဘုရင်က မိဖုရားမြှောက်ခဲ့သဖြင့် မုံ့ရွာ-ဖြစ်ကြောင်း ဆိုစမှတ်ပြုကြသည်ဟု ရေးသားဖော်ပြထားသည်။ မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည့် ရှေးကဘုရင်တပါးနှင့် မုံ့သည်မတဦး ဇာတ်လမ်းမှာ အကျဉ်းချုပ်လွန်းသဖြင့် အဓိပ္ပါယ်ငုပ်နေသည်။ ယင်းကို "အလုံဘိုးတော်ကြီး နတ်ဖြစ်ခန်း ဇာတ်လမ်း အမည်ပေးထားသည့်" အလုံမြို့မှတ်တမ်းနှင့် ဘိုးတော်ကြီး ဇာတ်လမ်း စာအုပ် (စာမျက်နှာ ၇-၈) ပါ အောက်ပါစကားရပ်တို့ဖြင့် အဓိပ္ပါယ်ဖွင့်ယူနိုင်သည်။ အောင်မင်္ဂလာ ဘိသိက်ဆရာ ဦးအောင်ခိုင် ရေးသားသည့် ဘိုးတော်ကြီးနတ်ဖြစ်ခန်း ဇာတ်လမ်းတွင်—

ကုလား ဉာဏ်ကျယ်၊ ဘသူကြွယ် 'ခေါ်' ပဋိစက္က' ကုလားမင်းသားသည် အနော်ရထာမင်း နှင်းအပ် ပေးသနားတော်မူသော အမိန့်တော်မြတ်ကို ဦးထိပ်ရွက်ပန်ဆင်လျက် ရဲမက်ဗိုလ်ပါ ခြံရံကာ ရေကြောင်းတတန်၊ ကုန်းကမ်းပါးယံတဝ မျှားပြားလှသော တောင်ရှိုမြောင်ချောင်ချုပ် အထပ်ထပ် ကျော်လွှား၍ လာခဲ့ရာ နောင် မုံ့ရွာဟု သမိုင်းထိုးမည့် မုံ့သည်မ နေသည့် ဒေသရောက်လာသောအခါ ခင်မွန်သူ မုံ့လုပ်ရောင်းစားသော မုံ့သည်မနှင့် တွေ့လေလျှင် တွေ့ချင်း မကင်းသောကံ၊ ဆုပန်သောပတ္တနာ၊ မေတ္တာသစ္စာ၊ အမွန်၊ နဖူးစာကံ ညွှန်ပြသဖြင့် အလွန် ဝမ်းမြောက် အသာမိက သာမိက အမေးတော် ပေါ်ပေါက်၍ အသာမိကဟု လျှောက်သဖြင့် ကောက်ယူတော်မူပြီး မိဖုရားမြှောက်ကာ ခေါ်ဆောင်လာခဲ့ပေသည်။

ဤနေရာ ဒေသကား၊ မုံ့သည်မကို အစွဲပြု၍ မုံ့သည် မောင် မင်းသားတာ သမိုင်းထားခဲ့သည်မှာ ဤနေရာသည် နောင်အခါတွင် မုံ့သည်မ ရွာ 'မုံ့ရွာ' တွင်စေသတည်းဟု မော်ကွန်းတင်ခဲ့သည့်အတိုင်း မုံ့ရွာမှ

စာလကြာသြောင်းခဲ့သော် 'မုံရွာ'ဟု ခေါ်တွင်ကြလေသည်။ ထို့ကြောင့် သံချိုသမိုင်းတွင် "တကျွန်းမှာစံထည်၊ တပြည်မှာ ပဋိက္ကယား၊ ညီနှင့် နောင်ဘသူကြွယ်၊ အရိမဒ္ဒနာနှင့် တိုင်းပေါက္ကံနေဒ်ရထာက မြို့တည်ရာ ကျွဲရေပေးသော်ကြောင့် မြန်းကြွ၍လာရာတွင် ခင်မွန်နေ မုံ့သည်မနှင့် နဖူးစာကံ ညွှန်ကြသော်ကြောင့် မြန်းခဲ့ရ တောနှင့်တောင်၊ မုံ့သည် မောင် စံပျော်တဲ့ ဒိုခုတိုင်နေဒ်၊ လကျ်ာမြစ်ရွာရွှေမုံတွင်၊ သနစ်ရယ် ထွန်းသစ်ပေတယ်။ (မြို့ပေါ်မြို့တွင်းကျောင်းပေမူ)"ဟူ၍ ရေးသားထား ပါသည်။

## အလုံသမိုင်းနှင့် မုံရွာမြို့

ဤအလုံမြို့ မှတ်တမ်းအရဆိုလျှင် မုံရွာမြို့သမိုင်းနှင့် အလုံမြို့ သမိုင်းကို ပူးတွဲလေ့လာမှ ပြည့်စုံနိုင်ပေမည်။ခေတ်ကိုပိုင်း၍ပြရာ၌ အလုံမြို့သမိုင်းက အနော်ရထာမင်း လက်ထက်ဟု ဆိုသည်ကို မုံရွာမြို့သမိုင်းက အလောင်းစည်သူမင်း လက်ထက်ကဟုဆိုသည်။ ထို့ပြင် မုံ့သည်မကို အစွဲပြု၍ မုံ့ရွာမှ မုံရွာ ဖြစ်လာသည်ဟု အလုံသမိုင်းက ဆိုသည်။ မုံရွာ သမိုင်းကမူ 'မုံ့သည်မရွာ' မှ မုံရွာ ဖြစ်လာသည်ဟု ဆိုသည်။ စကားစဉ် အရဆိုလျှင် အလုံသမိုင်း ပြဆိုပုံက အစီအစဉ် ညီညွတ်သည်ဟုဆိုရပေ မည်။ အကျယ်တဝင့် သိလိုပါက 'အလုံမြို့မှတ်တမ်း ဘိုးတော်ကြီး နတ် ဖြစ်ခန်း' စာအုပ်နှင့် 'မုံရွာမြို့သမိုင်း' စာအုပ်များကို ရှာဖွေကြည့်ရှု ကြရန် ညွှန်လိုက်ပါသည်။

## မုံရွာမြို့ ရာပြည့်နှစ် ကျင်းပချိန်

မုံရွာမြို့သည် ရှေးမြန်မာမင်း လက်ထက်ကမူ ရွာကြီးမျှသာဖြစ်၍ အလုံမြို့သာလျှင် ထင်ရှားခဲ့ပေသည်။ ဗြိတိသျှတို့ လက်ထက် ခရစ် ၁၈၈၈-ခုနှစ်တွင် ချင်းတွင်းခရိုင်ကို နှစ်ပိုင်းခွဲလိုက်သည်တွင် မုံရွာမြို့ကို ချင်းတွင်းခရိုင် အောက်ပိုင်း၏ ရုံးစိုက်မြို့အဖြစ် ရွေးချယ်ခဲ့သည်။ မုံရွာ မြို့ရှိ လူဦးရေမှာ ၁၉၆၃- ခုနှစ် သန်းခေါင်စာရင်းအရ ၂၀၃၂၀- ယောက် ဖြစ်လေသည်ဟု မြန်မာ့စွယ်စုံကျမ်း အတွဲ ၉ (စာမျက်နှာ- ၃၃၉) တွင် ဖော်ပြထားရာ မုံရွာမြို့နှင့် ပတ်သက်ပြီး အရေးကြီးသည့် အချက်တရပ်ပင် ဖြစ်လေသည်။

မြန်မာ့စွယ်စုံကျမ်း၏ ရေးသားချက်အရဆိုလျှင် ခရစ် ၁၈၈၈-ခုနှစ်သည် မုံရွာ၏ ရွာကြီးအဆင့်မှ မြို့အဆင့်သို့ ကူးပြောင်းခဲ့သည့် နှစ်ဟု ဆိုရပေမည်။ လာမည့် ခရစ် ၁၉၉၉- ခုနှစ် သို့မဟုတ် မြန်မာသက္ကရာဇ် ၁၃၅၀-ပြည့်နှစ်သည် မုံရွာမြို့၏ ရာပြည့်နှစ်ဖြစ်၍ ယင်းရာပြည့်နှစ်ကို မုံရွာ မြို့သူမြို့သားများ အနေဖြင့် ပြင်ဆင်မှုများ ပြုလုပ်ယင်း စောင့်ကြို ကြဖို့ ကောင်းပေသည်။

ဤကား ရွှေကိုင်းသား၏ ဆောင်းပါးမှ ကောက်နုတ်ဖော်ပြလိုက်သော မုံရွာမြို့သမိုင်း စိစစ်ချက်ပေတည်း။

## မုံရွေး ဇေတဝန်ဆရာတော်

မုံရွာမြို့နယ် မုံရွေး ဆရာတော်ဘုရားကြီး အကြောင်း အနည်းငယ်ကိုလည်း မုံရွာအကြောင်းနှင့် စပ်၍ မေ့မထားသင့်သည်အတိုင်း ဖော်ပြရပေဦးမည်။ မုံရွာ လယ်တီဆရာတော်ဘုရားကြီးများကဲ့သို့ ထင်ရှားကျော်စော၍ ကျမ်းပေါင်း အမြောက်အမြား ပြုစုတော်မူခဲ့သည့် မုံရွေး ဇေတဝန်ဆရာတော် ဘုရားကြီးမှာ ၁၅-နှစ်အရွယ်တွင် သာမဏေအဖြစ် ရောက်ခဲ့ပြီးလျှင် သာမဏေဘဝကပင် 'အာဒါသမုခပျို့သစ်' ကို ပြုစုတော်မူခဲ့သည်။ သာမဏေ ဘွဲ့တော်မှာ အရှင်အရိယဝံသ ဖြစ်သည်။

ဆရာရင်းမှာ မုံရွေး ရွှေရေးလေးထပ် ဇေတဝန်ကျောင်း အရှင်ဝိစိတ္တာလင်္ကာရ ဆရာတော်ဖြစ်ပေသည်။ စာပေသင်ကြား တတ်မြောက်ပြီးနောက် ဆရာရင်း ဇေတဝန် ဆရာတော်ဘုရားကြီးထံ ပြန်နေကာ စာပေပို့ချတော်မူစဉ် ဆရာတော်ဘုရားကြီး ပျံလွန်တော်မူရာ၌ ဆရာ၏ ဒါရိုက်အရာကို ခံတော်မူသည်။ စာပေပို့ချယင်းပင် ကျမ်းဂန်များကို ရေးသားတော်မူသည်။ အရပ်ရပ်မှ မေးလာသော ပြဿနာများကိုလည်း ဖြေကြားတော်မူသည်။

ဆရာတော်ဘုရား၏ ဂုဏ်သတင်းကို ကြားသိ၍ ကြည်ညိုလှသော ဘိုးတော်မင်းတြားကြီးသည် ငါးထပ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းခဲ့သည်။ ဘိုးတော်မင်းတြားကြီး နတ်ရွာစံ၍ ဘကြီးတော်ဘုရား အထွတ်အထိပ် ရောက်တော်မူလျှင် ၁၁၈၁-ခုနှစ်တွင် ဆရာတော်ဘုရားကြီး

အား အင်းဝသို့ ပင့်ဆောင်ကာ ထီးလှိုင် ဘုရားအနီး မင်္ဂလာဘုံသာ အုဋ်ကျောင်းတော်ကို ဆောက်လုပ် လှူဒါန်းတော်မူ၏။

သက္ကရာဇ် ၁၁၉၆-ခု၊ ဝါဆိုလတွင် အင်းဝမြို့ ထိုမင်္ဂလာဘုံသာ ကျောင်းတိုက်(ပြာသာဒ်ကျောင်း)ပေါ်၌ လွန်တော်မူသည်။ဆရာတော် ပြုစုရေးသားခဲ့သော ကျမ်းများမှာ—

၁။ ကာဝိမဏ္ဍနီသတ်ပုံ။ ၂။ ကုသပျို့သစ်။ ၃။ ကောသလာတုဝင်နိသျ။ ၄။ နာနာဆန္ဒပျို့။ ၅။ နာရဒပျို့။ ၆။ ပါရမီခန်းအဖြေ။ ၇။ ပုစ္ဆာလက်စွ။ ၈။ ပဥ္စာဝုဓပျို့။ ၉။ ပြာသာဒ်ကျောင်းဘွဲ့ပျို့။ ၁၀။ ပြာသာဒ်ကျောင်းဘွဲ့ မော်ကွန်း။ ၁၁။ မဟာရာဇဝင်တော်ကြီး။ ၁၂။ မဟာရာဇဝင်သံခိပ်။ ၁၃။ မဟာသီလဝပျို့။ ၁၄။ မင်္ဂလသုတ်ပျို့။ ၁၅။ မုံရွေးမေတ္တာစာ။ ၁၆။ မုံရွေးမှတ်စု။ ၁၇။ မုံရွေးသတ်ညွှန်း။ ၁၈။ ရတုကေပိုဒ်များ။ ၁၉။ ရာဇောဝါဒကျမ်း။ ၂၀။ သမန္တစက္ခုဒီပနီကျမ်း။ ၂၁။ သာသနာဝံသဒီပနီ။ ၂၂။ အမွေခွဲဓမ္မသတ်ကျမ်း။ ၂၃။ အာကာသစာရီပျို့။ ၂၄။ အဒါသမုခပျို့သစ် တို့ ဖြစ်သည်။

လယ်တီကျောက်စာတိုက်နှင့် လယ်တီဆရာတော်အမှူးရှိသော တပည့်များအကြောင်းကို သိလိုမူ 'လယ်တီဂန္ထဝင်ကျော်များသမိုင်း' ၌၎င်း၊ မုံရွာခရိုင်နှင့် မုံရွာမြို့ အကြောင်းစုံ အကျယ်ကို သိလိုမူ 'မြန်မာစွယ်စုံကျမ်း'၌၎င်း ကြည့်ရှုကြပါရန် ညွှန်းလိုပါသေးသည်။

# ၃၅။ မုံရွာမှ ညောင်ကန်သို့

၁၃၃၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၄-ရက်။ အချိန်မှာ တညလွန်မြောက်၍ တနံနက်ကျင်း အရုဏ်လင်းခဲ့ပြန်လေပြီ။ တရားဟောအဖွဲ့သည် မုံရွာမြို့ ကျောက်ကာလမ်း၊ ရွှေဟင်္သာကုန်စုံဆိုင်၌ မုန့်တီဆွမ်းဘုဉ်းပေးလျက်ရှိ၏။ ၎င်းဆိုင်ရှင် ဦးမောင်လေး-ဒေါ်ရွှေမင်းတို့၏ သားသမီးမြေးများ၏ ကောင်းမှု ဖြစ်ပေသည်။

အရုဏ်မုန့်တီဆွမ်း ဘုဉ်းပေးပြီးနောက် ဈေးဟောင်းတောင်ဘက် အောင်မင်္ဂလာ သင်္ကန်းပရိက္ခရာဆိုင် ဒေါ်တောကြီးအိမ်၊ ရှမ်းတောရပ် ရွှေဟင်္သာအထည်ဆိုင် ဦးမောင်းနှင့် ညီမများအိမ်သို့ ပင့်ဖိတ်ကြသဖြင့် ခေတ္တဝင်ရောက်ကြရသေးသည်။ သူတို့ကား စာရေးသူ၏ ရပ်ဆွေရပ်မျိုးများ ဖြစ်ကြသည့်အပြင် သတိပဋ္ဌာန မာမကများလည်း ဖြစ်ကြပေသည်။ ဂျစ်ကား ဦးဗထွေးတို့တိုက်ကိုမူ သူတို့ ခရီးထွက်နေသည်ကြား၍ မဝင်ခဲ့ရပေ။ ထိုမှတဖန် ညောင်ကန်သွားရန် ဒကာကြီး ဦးညီပုက ဂျစ်ကားတစီးကို ငှါးခဲ့လေ၏။

## စန်းမြရောင်ခြည် သာသနာ့ရိပ်သာ

ထိုဂျစ်ကားကလေးဖြင့် စန်းမြရောင်ခြည် သာသနာ့ရိပ်သာသို့လည်း ဝင်ရောက်လိုက်ကြရသေးသည်။ စန်းမြရောင်ခြည်ရိပ်သာကိုကား မုံရွာ ရောက်၍မှ မဝင်လျှင် မဖြစ်ပေ။ ရင်းနှီးသော ရိပ်သာနှင့် ဆရာတော် ဖြစ်သောကြောင့် ရောက်၍မှ မဝင်လျှင် အပြစ်တင်ဖွယ် ဖြစ်နေမည်။

စန်းမြရောင်ခြည်ရိပ်သာကား ရိပ်သာဆိုမှရိပ်သာ၊ အတွင်းသို့ ဝင်လိုက်ရလျှင်ပင် အေးဆေးငြိမ်သက်လှပေသည်။ ရိပ်သာ ဆရာတော်၏ အစီအစဉ်ကောင်းမွန်မှုကြောင့် ရိပ်သာတွင်း ကမ္မဋ္ဌာန်းတိုက်များနှင့် ဓမ္မာရုံ၊ ဆွမ်းစားကျောင်း စသည်တို့မှာ သူ့နေရာနှင့်သူ အချိုးကျ အဆင်ပြေလှသည်။ သပ်သပ်ရပ်ရပ်လည်း ရှိလှပေ၏။

စန်းမြရောင်ခြည် ရိပ်သာကို ၁၃၁၆-ခုနှစ်၌ ဆရာတော်ဦးနန္ဒိသာရက သမုဋ္ဌာပက အဖြစ် စတင် တည်ထောင်တော် မူခဲ့ပေသည်။ ၁၃၂၇-ခုနှစ်မှစ၍ ၁။ လက်ပန်းတောင်းဆရာတော်ကြီး ၂။ ဆရာတော် ဦးနန္ဒိသာရ ၃။ ဆရာတော် ဦးနိမလ(ဓမ္မာစရိယ) ၄။ ဆရာတော် ဦးကောဝိဒ (ဝိနယဓရကောဝိဒ)တို့နှင့်အတူ စတုသန္တကပြုလုပ်လျက် ယခုအခါ ဆောင်ရွက်လျက် ရှိတော်မူကြ၏။ လက်ပန်းတောင်းဆရာတော်ကြီးတပါးသာ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ရသည်။ ဤသို့ စတုသန္တက ပြုလုပ်ခြင်းမှာ ဆရာတော် ဦးနန္ဒိသာရ၏ အရှည်မြော်မြင်တော်မူမှုပေတည်း။ တရားဟောအဖွဲ့သည် ရိပ်သာဆရာတော်များအား ဝင်ရောက်နှုတ်ဆက်ကန်တော့ခဲ့ကြပြီးနောက် ညောင်ကန်ရွာသို့ ရှေ့ရှု ထွက်ခဲ့ကြတော့သည်။

## အလုံမြို့

မုံရွာမှ ဂျစ်ကားကလေးဖြင့် ထွက်ခွါခဲ့ကြရာ မကြာမီပင် အလုံသို့ ရောက်ကြသည်။ အလုံမြို့မှာ ပုဂံအနော်ရထာခေတ်ကပင် ထင်ရှားခဲ့သော မြို့ပေတည်း။ အလုံကို 'ဗဒို' ဟူ၍ရင်း၊ 'ပတုံ'ဟူ၍ရင်း ခေါ်ဝေါ်ခဲ့ကြလေသည်။ ဗဒို၊ ကန္နိ၊ ဗဂျီ၊ တပရင်း ဟူသော တိုက်ကြီး ၄-တိုက် အမည်တို့တွင် 'ဗဒို' ဆိုသည်မှာ ဤအလုံပင်ဖြစ်လေသည်။

ယင်း ဗဒိုမြို့ကို ကုလားဘုရင်ကျယ် ဘသူကြွယ်ခေါ် နာဂသမန္တမင်းသည် သက္ကရာဇ် ၄၁၆-ခုနှစ်၌ တည်ထောင်ဖန်ဆင်းခဲ့သည်။ နန်းစိုက်မြို့မှတဆင့် လက်အောက်ခံမြို့ဝန်များ အုပ်ချုပ်၍ အခွန်အတုတ်ကောက်ခံရာမြို့ ဖြစ်ရုံမျှမက ရန်သူများကို ဆီးကြိုတိုက်ခိုက်ရန် ရေတပ်စခန်းချထားရာ ကင်းမြို့လည်း ဖြစ်သည်။ ၎င်းပြင် သစ်၊ ဝါး၊ ကြိမ်၊ သင် စသော သစ်တောထွက်ကုန်များ ရောင်းဝယ်ရာ ဆိပ်ကမ်းမြို့လည်း ဖြစ်သည်။

ထိုစဉ်အခါက အလုံမြို့သူမြို့သားတို့မှာ ရိုးသားဖြောင့်မတ်သူများဖြစ်ကြသဖြင့် အရောင်းအဝယ် ဖွံ့ဖြိုးသလောက်လည်း ကြွယ်ဝချမ်းသာသူတို့ ပေါများသည်။ ကြွယ်ဝချမ်းသာသူ ပေါများသလောက်လည်း ဘုရားဒကာ၊ ကျောင်းဒကာ ခံယူသူတွေ ပေါများပြီးလျှင် ကျောင်း,

ကန်, ဘုရား, စေတီပုထိုးများ တည်ထား ကိုးကွယ်ခြင်း များခဲ့ကြလေသည်။

## ဘုရား ကျောင်း ကန်များ

သိမ်တော်ကြီးဘုရား၊ ချမ်းသာကြီးဘုရား၊ ဖောင်တော်ဦးဘုရား၊ ပဲ့နင်းဘုရား၊ ဖောင်ဝန်ဘုရား၊ ရေလယ်ကျွန်း ဘုရားများမှာ ဘုရင်နှင့် မင်းကြီး သက်တော်ရှည်တို့ တည်ထားကိုးကွယ်ခဲ့ကြသော သမိုင်းဝင် ဘုရားစေတီတော်များ ဖြစ်ပေသည်။

## သိမ်တော်ကြီး ဘုရား

သိမ်တော်ကြီးဘုရား ဆိုသည်မှာ ပုဂံပြည် အနော်ရထာမင်း၏ ဆရာ ရှင်အရဟံ ညွှန်ကြားချက်ဖြင့် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာ) ကလျာဏီ သိမ်မှ မြေကိုယူ၍ သိမ်သမုတ်သည့် နေရာ၌ အဓိဋ္ဌာန်ဖြင့် ကြဲဖြန့်ပြီး နောက် သိမ်သမုတ်ခြင်း၊ ဓာတ်တော်များ ဌာပနာ သွတ်သွင်းကာ ရှပ်ပွါးစေတီတော် တည်ထားခဲ့ခြင်းတို့ကြောင့် 'သိမ်တော်ကြီးဘုရား' ဟူ၍ အမည်တွင်နေခြင်း ဖြစ်ပေသည်။

## မြို့ ရပ်ကွက်နှင့် ကျောင်းထိုင် ဆရာတော်များ

မြို့တွင်း၌ စစ်ပင်- ကင်းချောင်း- လှည်းတန်း- ပေကုန်း- ကျောက်တောက်- သိမ်တော်- စလွန်သာ လှေယာဉ်- မုံတိုင်- မိုးသဲ- မြို့တွင်း- ရွှေတံခါး- တောင်ပြင်ဟူ၍ ရပ်ကွက်များ ဖွဲ့ကာ အင်မတန် စည်ကားခဲ့သည်။ နန်းတော် ကျောင်းတိုက်- မာရ်အောင် ကျောင်းတိုက်- ရုပ်စုံ ကျောင်းတိုက်- ကျောင်းကြီးကိုက်- ဆုတောင်းပြည့် တိုက်ကြီးဟူ၍ ကြီးကျယ်သော ကျောင်းတိုက်ကြီးများ ရှိခဲ့သည်။ ထိုကျောင်းတိုက်ကြီးများ၌ သီတင်းသုံးသော ဆရာတော်ကြီးများမှာ လဇ္ဇီ ပေသလ သိက္ခာကာမ ကျမ်းတတ် ကျမ်းပြု အကျော်အမော် ပုဂ္ဂလဝိသေသ ဆရာတော်ကြီးတို့ ဖြစ်သည်။

## အလုံဘိုးတော်ကြီး

ရှေးအခါက ထိုမြို့၌ ထင်ရှားကျော်စောသော ဘိုးတော်ကြီး နတ်နန်း တည်ရှိခဲ့သည်။ အနော်ရထာမင်းက ကုလားညက်ကျယ် ဘသူကြွယ် ခေါ် နာဂသမန္တမင်းကို တိုက်ခိုက်ရာ ထိုမင်းမှာ အနော်ရထာ၏ ဘုန်းဇာက်ကို မခံနိုင်သောကြောင့် သားလွန်တောင်ပေါ်မှ မြင်းနှင့်တကွ သလ္လာဝတီ ချင်းတွင်းမြစ်ထဲသို့ ခုန်ချသေဆုံးသွားရသည်။ သေလျှင် နာဂသမန္တမှာ နတ်စိမ်း ဖြစ်နေလေသည်။ နောက် နတ်ကွန်း နတ်နန်း တောင်းသောကြောင့် အလုံမြို့၌ ဆောက်ပေးကြရသည်။

ထိုစဉ်မှစ၍ တပေါင်းလပြည့်ကျော် ၇-ရက်မှ လကုန်သည်အထိ ရေစင်ပေး နတ်ပွဲကျင်းပခဲ့ကြသည်။ ယခုတိုင် အလုံမြို့၌ ဘိုးတော်ကြီး နတ်ပွဲ ဆင်နွှဲလျက် ရှိကြပေသေးသည်။ ဤသို့ ကျင်းပနေကြခြင်းမှာ ဖော်ပြပါ သမိုင်းကြောင်းအရ ကျင်းပနေခြင်း ဖြစ်၏။ ထိုနတ်ပွဲချိန်၌ အရောင်းအဝယ် ဈေးသည်များ စည်ကားပေါများလှသည်။ အနယ်နယ်အရပ်ရပ်မှ အဝေးအနီး မရွေး လာရောက်ကာ ရေစင်သောက်ကြ၏။

## အင်္ဂလိပ်ခေတ် အလုံ

အင်္ဂလိပ်ခေတ်က မုံရွာမြို့ကို ဒိစတြိတ် ခရိုင်ရုံးစိုက်မြို့ ပြုလုပ်သောကြောင့် အလုံမြို့မှာ မြို့အုပ်ရုံးစိုက်လက်အောက်ခံ မြို့အဖြစ်သို့ ရောက်သွား၏။ အရောင်းအဝယ်မှာမူ စည်ကားမြဲ စည်ကားကျန်ခဲ့သည်။ ဘိုးတော်ကြီး နတ်နန်းအနီး၌ အစိုးရတို့က ဈေးဖွင့်ပေးသည်။ ထို့ကြောင့် ထိုဈေးကို 'နန်းတော်ဈေး' ဟု ခေါ်ကြရာ ရပ်ကွက်ကိုလည်း 'နန်းတော်ဈေးရပ်' ဟု ခေါ်ကြသည်။ နောက်တိုး ရပ်ကွက်ပေတည်း။

ရထားလမ်းကိုလည်း မန္တလေးမှ စစ်ကိုင်း၊ စစ်ကိုင်းမှ မုံရွာ၊ မုံရွာမှ အလုံကိုဖြတ်၍ ရေဦးသို့ ဖောက်လုပ်လေသည်။ ၎င်းပြင် စစ်ကိုင်း၊ မြင်းမူ၊ ချောင်းဦး၊ မုံရွာ၊ အလုံ၊ ဘုတလင်၊ ရေဦးအထိ ကားလမ်း ဖောက်လုပ် ဆက်သွယ်လိုက်ပြန်သောကြောင့် အလုံမြို့မှာ ရေလမ်း၊ ရထားလမ်းအစုံ ပြည့်စုံသော မြို့ဖြစ်လာလေသည်။ ထိုအခါ အလုံမြို့မှာ အသွားအလာ လွယ်ကူလှသဖြင့် ရောင်းဝယ် ဖောက်ကားသော လှေ၊

သဘော်၊ ကား၊ ရထားများဖြင့် စည်ကားသိုက်မြိုက် လာလေတော့သည်။ ရဟန်း သံဃာတော်များ စာသင်တိုက်နှင့် အစိုးရအထက်တန်းကျောင်းများ ရှိလာပြန်သောကြောင့် လောကီ လောကုတ္တရာပညာ ထွန်းကားရာမြို့ ဖြစ်လာခဲ့သည်။

မူလမြန်မာမင်းတို့လက်ထက်၌ ဗဒိုတိုက်ကြီး ဖြစ်ခဲ့ဘူးသည့်အလျောက် တင်းချောင်းတိုက်နယ်၊ မရိုးတောတိုက်နယ်၊ ဖန်ခါးကျဉ်းတိုက်နယ်၊ ခဝဲကျင်းတိုက်နယ်၊ ကောရပြတိုက်နယ်၊ ကျဲရဲတိုက်နယ်၊ ကွေ့ကြီးတိုက်နယ်၊ အိုးဘိုတောင်တိုက်နယ်တို့ ဝန်းရံလျက် ဘုတလင်၊ မောင်းထောင်၊ ညောင်ကန်၊ ရေဦးနှင့် အနောက်ဘက်ရွာများ၊ အရှေ့ဘက်မြို့ပေါ်ရွာ၊ ပလ္လင်ကုန်းရွာ၊ မင်းတဲရွာ၊ နဘဲသာရွာ၊ ကြိုးကြာကန်ရွာများ စသော ကျောထောက်နောက်ခံ ပတ်ဝန်းကျင် ကျယ်ဝန်းလှ၏။ မြို့ပတ်ဝန်းကျင်ရှိ မြေယာများလည်း သီးနှံမျိုးစုံစိုက်၍ ကောင်းမွန် စိုပြည်လှသည်။

## ဂျပန်ခေတ်အလုံ

အင်္ဂလိပ်များ ဆုတ်ခွါသွား၍ ဂျပန်ဝင်လာချိန်တွင် 'ဗုံး-မကုန် အလုံချ' ဟူ၍ စကား ဖြစ်ပေါ်လာရသည်အထိ ဂျပန်တို့က အလုံ၌ ဗုံးအကြိမ်ကြိမ် ချသောကြောင့် တမြို့လုံးလိုလို မီးလောင်ပျက်စီးခဲ့သည်။ နောက် ဘုရား တန်ဆောင်း ကျောင်းကန်များကို အဖျက်ခံရသည်။ အလုံမြို့ လူထုမှာလည်း မြို့ပေါ်၌ မနေဝံ့ကြ၊ တောလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြလေသည်။ ထိုအခါ အိမ်တိုင်နှယ်ရစ် တောဖြစ်ခမန်း ပျက်စီးခဲ့ရသည်။

## ဂျပန်အပြေး အလုံ

ဂျပန်တို့ ပြေးလှည့်ရောက်၍ အပြေးတွင် အမေရိကန် အင်္ဂလိပ်များ ပြန်ဝင်လာသည့်အခါ၌ တိုက်သူကြီးများကို ရွေးချယ်တင်မြှောက်၍ အလုံကို အုပ်ချုပ်စေခဲ့သည်။ ထိုအခါမှစ၍ တစတစနှင့် လူတို့ ဝင်ရောက် နေထိုင်လာကြ၏။ အရောင်းအဝယ်များလည်း တဖြည်းဖြည်း ပြန်လည် စည်ကားလာခဲ့သည်။ သစ်လုပ်ငန်း လုပ်နိုင်လာသောအခါ

သစ်စက်ကြီး သုံးလုံးလည်း တည်ဆောက်၊ ကျောင်းလည်း ပြန်လည် ဖွင့်လှစ်၊ ဈေးသစ်လည်း ပြန်လည် တည်ဆောက်ခဲ့လေသည်။

## နိုင်ငံရေးခေတ် အလုံ

တဖန် နိုင်ငံရေးခေတ် အရောက်တွင် ဖဆပလ၊ ပထစ၊ ပမညတ အဖွဲ့များ အကွဲကွဲအပြားပြား ရှိခဲ့သော်လည်း အလုံ၌ ရာဇဝတ်မှုကြီး များတော့ မဖြစ်ခဲ့ပေ။ ထိုအချိန်၌ စာဖတ်သင်း၊ မီးသတ်သင်း၊ အလုပ် သမားအသင်း၊ ဘာသာရေးအသင်းများ ဖွဲ့စည်းလာကြသည်။ အထူး သဖြင့် ဝိုင်အမ်ဘီအေ အသင်းကြီးမှ ကြီးမှူးကျင်းပသော မင်္ဂလာစာ မေးပွဲမှာ အရေးပါအရာရောက်လှ၏။ လူပုဂ္ဂိုလ်များသာမက ရဟန်း တော်များပါ ဦးဆောင်ပြုလုပ်ကြသောကြောင့် များစွာ အောင်မြင် ထမြောက်လေသည်။ သို့နှင့် ကျန်းမာရေး ကျေးလက် ဆေးရုံတရုံနှင့် အလယ်တန်းကျောင်းများရှိခဲ့၏။

## တော်လှန်ရေး အစိုးရခေတ် အလုံ

တော်လှန်ရေး အစိုးရခေတ်သို့ ရောက်လာသောအခါ ခေတ် အလျောက် တိုးတက်မှု ရှိလာပြန်သည်။ လဒအက၊ ရလက၊ လလသသ၊ ပပက စသော အဖွဲ့များ ဖွဲ့လာခဲ့သည်။ အင်္ဂလိပ်အစိုးရလက်ထက်က အထက်တန်းကျောင်းကြီးမှာ နှစ်ပေါင်းများစွာတိမ်မြုပ်လျက် အလယ် တန်းကျောင်းအဖြစ် ရှိနေခဲ့ရာ ပါတီ၏ ရှေ့ဆောင်မှုကြောင့် အထက် တန်းကျောင်းအဖြစ် ပြန်လည်ရောက်ရှိလာသည်။

## တည်နေပုံ

အလုံမှာ မြန်မာပြည်အလယ်ပိုင်း အောက်ချင်းတွင်းခရိုင်၌ တည်ရှိ သည်။ မန္တလေးမြို့နှင့် မိုင် ၉၀-သာဝေးကွာ၍ စစ်ကိုင်းတိုင်း မုံရွာ ခရိုင်တွင် ပါဝင်သည်။ ဘုတလင်နှင့် ၁၅-မိုင်၊ ရေဦးနှင့် ၄၈-မိုင်ဝေး သည်။ မုံရွာ၏မြောက် ဖ-မိုင် ၄-ဖာလုံဝေး၍ ရန်ကုန်နှင့် ၄၈၆-မိုင် ကွာဝေးသည်။ အနောက်ဘက်၌ ပတ်ကွိုင်တောင်နှင့် ဟူးကောင်း တောင်ကြားမှ မြစ်ဖျားခံ၍ မြောက်မှ တောင်သို့ စီးဆင်းသော ချင်း

တွင်းမြစ်ရှိသည်။ မြောက်ဘက်၌ လေယာဉ်ကွင်း ခဲကျဉ်းနှင့် အရှေ့ဘက်၌ မြို့ပေါ်ရွာရှိသည်။

အကျယ်အဝန်းမှာ မြောက်မှ တောင်သို့ ကေ ၅၀၀-ကျယ်၍ အရှေ့မှ အနောက်သို့ ကေ ၂၄၀-ကျယ်သည်။ ဧရိယာစတုရန်း ၁၃၉၁၂၀၀-ကေ ရှိသည်ဟု သိရပါသည်။

## အလုပ်အကိုင်

အလုံ၌ စိုက်ပျိုးသော သီးနှံများမှာ ဂျုံ၊ မြေပဲ၊ ကုလားပဲ၊ပဲကြား၊ မတ်ပဲ၊ ပဲငါးပိ၊ ပဲပြုလေး၊ ပဲရင်း၊ နှမ်း၊ စားပြောင်း၊ ပဲဒီစိမ်း၊ ပဲစိမ်းငုံ၊ ချဉ်ပေါင်လျှော်၊ နာနတ်လျှော်၊ ဝါဂွမ်းနှင့် စပါးအနည်းငယ် စိုက်ပျိုး လုပ်ကိုင်ကြသည်။ ၎င်းပြင် ယက်ကန်း၊သစ်စက်၊ တောင်း၊ ဖျာ၊ နှီးယပ်၊ ပန်းထိမ်၊ ပန်းပဲ၊ တံငါသည်များလည်း လုပ်ကိုင်စားသောက်ကြသည်။

## အလုံမှသည် လမ်းခရီး

(က) **မြစ်ကြောင်းခရီးလမ်း၊** ချင်းတွင်းမြစ်မှာ အလုံမြို့၏အနောက်ဘက်၌ တည်ရှိသည်။ တနှစ်လျှင် ၈-လနီးပါးမျှသာ အလုံမှ မိုင်၈၀၀-ခန့်ဝေးသော ဟုမ္မလင်းမြို့အထိ သင်္ဘောများ သွားလာနိုင်သည်။ မိုးနဲရေနဲသောလများ၌ မော်လိုက်၊ ပန်းသာ အထိသာ သွားနိုင်သည်။ လှေနှင့် သင်္ဘောငယ်များမှာမူ ခမ္ပတီးမြို့အထိ ရေများသည့် လများ၌ သွားလာနိုင်သည်။ ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်သည် ပခုက္ကူမြို့၏ အထက်နား၌ ပေါင်းဆုံမိသောကြောင့် ချင်းတွင်း သင်္ဘောမှတဆင့် ဧရာဝတီ အထက်အောက်မြို့များသို့လည်း သွားလာနိုင်သည်။

(ခ) **မီးရထားလမ်းခရီး၊** အလုံမြို့မှာ မန္တလေး၊ ဘုတလင် မီးရထားလမ်းပေါ်၌ တည်ရှိသောကြောင့် ဘုတလင်၊ မုံရွာ၊ မန္တလေးမြို့များ အထိ ရထားဖြင့် သွားလာနိုင်ပေသည်။

(ဂ) **မော်တော်ကားလမ်းခရီး၊** မုံရွာ၊ ဘုတလင်၊ ရေဦး၊ ရွှေဘို၊ မန္တလေးတို့သို့ ကားလမ်းခရီးဖြင့် သွားလာနိုင်သည်။

(ဃ) **လေကြောင်းခရီး၊** အလုံမြို့၏ မြောက်ဘက် ခဝဲကျဉ်းရွာ၏ တောင်ဘက်၌ လေယာဉ်ကွင်း ရှိသောကြောင့် အလုံမှ အမြို့မြို့သို့ လေကြောင်းခရီးဖြင့်လည်း သွားလာနိုင်သည်။

## ရပ်ကွက်စသည်

ယခု အလုံမြို့၌ လူဦးရေ ၂၇၂၀-ယောက်နှင့် အိမ်ခြေ ၅၄၀-အိမ် ရှိလေသည်။ အိမ်ထောင်စုပေါင်း ၆၂၃-နှင့် ဘုန်းတော်ကြီးကျောင်း တိုက်ပေါင်း ၁၅-ကျောင်းရှိသည်။ သံဃာတော်ပေါင်းမှာ ၆၂-ပါး ရှိသည်။ သီလရှင်ပေါင်း ၃၁-ပါးရှိသည်။

ရပ်ကွက်ပေါင်း ၁၂-ရပ်ကွက်ရှိရာ ၁။ မင်းဒေါက်၊ ၂။ တောင်ပြင်၊ ၃။ ရွှေတံခါး၊ ၄။ ထန်းတော၊ ၅။ မြို့တွင်း၊ ၆။ မင်း၏၊ ၇။ မိုးညို၊ ၈။ မုန့်တိုင်၊ ၉။ လေယာဉ်၊ ၁၀။ စလွန်သာ၊ ၁၁။နန်းတော်ဈေး၊ ၁၂။ လှည်းတန်းရပ်တို့ ဖြစ်ကုန်၏။

## အလုံမှ ရွှေခရီး

တရားဟောအဖွဲ့သည် အလုံမှ ရွှေခရီးသို့ ဆက်ခဲ့ကြပြန်၏။ ခံတောရွာ၊ လေယာဉ်ကွင်းရှိသော ခဝဲကျဉ်းရွာ၊ ကန်ကြီးရွာ၊ ရေအိုးစင်ရွာ၊ သပြေတောရွာ၊ ဖန်ခါးကျဉ်းရွာ၊ ထနောင်းကုန်းရွာ၊ ဇီးတောရွာ၊ ကန်သစ်ရွာ၊ ညောင်ပင်ကန်ရွာ၊ ကျည်းပင်ချောင်ရွာ၊ သားရိုးကုန်းရွာ များကို ဖြတ်ကျော်ပြီးနောက် ကြောင်ပန်းသို့ ရောက်ကြလေသည်။

# ၃၆။ ကြောင်ပန်းတောရနှင့် ဘုတလင်မြို့

ကြောင်ပန်းရောက်လျှင် နာမည်ကြီးသော ကြောင်ပန်းတောရသို့ ဝင်ရောက်ကြသည်။ ကြောင်ပန်းကား ဘုတလင်မြို့အနီး၌ တည်ရှိသည်။ ဘုရား၊ တန်ဆောင်း၊ ဂူ၊ ကျောင်း၊ ဇရပ်တို့ဖြင့် သိုက်မြိုက်စည်ကားလှသော ကြောင်ပန်းတောရမှာ နာမည်ကြီးသော ပထမကြောင်ပန်းဆရာတော်ဘုရားကြီး တည်ထောင်ဖန်ဆင်းခဲ့သော ဌာနဖြစ်သည်။

ဓမ္မာရုံကြီးမှာ တခမ်းတနားပေတည်း။ ဘုရားပွင့်ရာ မဇ္ဈိမဒေသ သရုပ်ဖော်ပြတိုက်၊ အသုဘ ဆယ်ပါး သရုပ်ဖော်ပြတိုက်၊ ကြောင်ပန်းဆရာတော်ဘုရားကြီး၏ ရုပ်တုတော်၊ ကြောင်ပန်းတရားစာ ကျောက်စာတိုက်တို့ဖြင့် သာယာလှပါသည်။

ကျောင်းတိုက် အရှေ့ဖျားမှာ ရဟန်းတော်များ နေသည့်ကျောင်း၊ အလယ်က ဓမ္မာရုံ။ အနောက်ဖျားမှာ သီလရှင်များနေရာ သီးခြားကျောင်းတို့ဖြင့် တည်ထားပုံအချိုးကျ၍ ဝေဝေဆာဆာရှိသော ကြောင်ပန်းတောရပင်တည်း။

## ဝိပဿနာ သာသနာပြု

ကြောင်ပန်းတောရ ဆရာတော်ကြီးမှာ လယ်တီ ဆရာတော်ဘုရားကြီး၏ တပည့်အများအပြားထဲတွင် တပါးအပါအဝင် ဖြစ်ပေသည်။ ပဋိပတ္တိကို အလေးပေး၍ ဝိပဿနာသာသနာပြု ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်ဟု ထင်ရှားကျော်စောတော်မူ၏။

'အင်းခန်းလို့ လယ်ပေါ်၊ ငှက်တော်ကြောင်ခုတ်' ဟူသော တပေါင်ဖြင့် 'အင်းခန်း ဝိသုဒ္ဓါရုံဆရာတော်၊ လယ်တီဆရာတော်၊ ငှက်တွင်းဆရာတော်၊ ကြောင်ပန်းတောရဆရာတော်' ဟူ၍ ပေါ်ထွန်းလာတော်

မူကြသော ဆရာတော်ကြီးများအနက် တပါးအပါအဝင် ပုဂ္ဂိုလ်ကျော်ကြီးလည်း ဖြစ်သည်။

ကြောင်ပန်း ဆရာတော်ဘုရားကြီး၏ ဇာတိမှာ ရှေးအထက်ကျော်ကပင် ပညာရှိများ ထွန်းကားခဲ့ရာ မုံရွာခရိုင် ဘုတလင်မြို့နယ် ကျည်းပင်ချောင်းရွာ ဖြစ်သည်။ ဆရာတော်ဘုရားကြီးသည် ဝက်ရဲ(ဝရဲ) ရွာအနီး ဝရဲတောကြီးထဲတွင် တရားအားထုတ်နေရာမှ မကျန်းမမာရှိ၍ ရွှေ့ပြောင်းပြီးလျှင် ကူတော်၊ရွာမွန်၏အရှေ့ဘက် ကြောင်ပန်းတောကြီးကို သုတ်သင် ရှင်းလင်း၍ တရားအားထုတ်တော်မူပြန်၏။ ဤတွင်မှ 'ကြောင်ပန်းတောရ ဆရာတော်ဘုရားကြီး'ဟူ၍ ဖြစ်လာခဲ့ပေသည်။ ထိုဆရာတော်ကြီးဟောသော တရားများကိုလည်း ကြောင်ပန်းတရား၊ ရှုမှတ်သော ဝိပဿနာကိုလည်း ကြောင်ပန်းဝိပဿနာဟူ၍ ခေါ်ဝေါ်လေတော့သည်။

ကြောင်ပန်း ဆရာတော်ဘုရားကြီး ရေးသား ပြုစုတော်မူခဲ့သော ကျမ်းများမှာ ၁။ ဝိဝဋ္ဋဒီပနီ ၂။ ဝိပဿနာဒီပနီ ၃။ သဘာဝဒီပနီ ၄။ သုံးလောကဒီပနီ ၅။ ရတနာဒီပနီ ၆။ ကြောင်ပန်းဟောစဉ် ၇။ အထွေထွေဆုံးမစာ ကဗျာများ ဖြစ်လေသည်။ ဤကျမ်းများအစုအပေါင်းကိုပင် 'ကြောင်ပန်း' ဝိပဿနာ ခြောက်စောင်တွဲ'ဟု ခေါ်တွင်လျက် ရှိကြသည်။ ကြောင်ပန်း ဆရာတော်ဘုရားကြီးသည် သက္ကရာဇ် ၁၂၈၈-ခုနှစ်၊ ပြာသိုလ်လဆန်း ၃-ရက်နေ့၌ ပျံလွန်တော်မူခဲ့သည်။

ဆရာတော်ဘုရားကြီး ကွယ်လွန်တော်မူပြီးနောက် ပန်းသာဆရာတော်၊ ကြောင်ပန်းတိုက် နာယကဆရာတော် ဦးတိဿ၊ ၎င်း၏ညီ ဦးပဏ္ဍဝ၊ ဦးနန္ဒိယစသော တပည့်ကြီးများက ဆရာတော်ဘုရားကြီး၏ ဓမ္မအမွေကို ဆက်ခံတော်မူကြသည်။ ကြောင်ပန်းဆရာတော်ဘုရားကြီး၏ ဘွဲ့တော်မှာ ဦးဇာနန္ဒကဖြစ်၏။ စာရေးသူနှင့် ဘွဲ့ချင်းတူနေသည်။

ဤလို ဆရာတော်ကြီးများကိုသော်လည်း ဇရာ, မရဏကရားများက နှိပ်စက်ဖျက်ဆီး၏။ ဤဆရာတော်ကြီးများကို မဆိုထားဘိ၊ ဘုရားရှင်တော်ကိုမှ ချမ်းသာမပေးသော ဇရာ, မရဏသဘောကို အဘယ်မည်

သောသဘာဝမေ့ သိပ္ပံဆရာများသည် ပြုပြင်တားဆီးခြင်းငှါ တတ်နိုင်ကြပေလိမ့်မည်နည်း။ ထိုသဘာဝမေ့ ရှုပဗေဒ၊ သိပ္ပံဆရာကြီးများသည်လည်း နိုဘယ်လ်ဆုစသော ဆုကြီးများကို ထမ်းပိုးကာ ဤသည့်ဇရာ, မရဏနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြရမည် မဟုတ်တုံလော။

## ဘုတလင်ရောက်ကြရ

တရားဟောအဖွဲ့ စီးနင်းလာသော ကားသည် ကြောင်ပန်းတောရမှ ထွက်ခဲ့ပြီးနောက် ညောင်ကန်သို့ ရှေးရှု ထွက်ခဲ့လေသည်။ ညောင်ကန်သွားကားလမ်းမှာ ဘုတလင်မြို့၏ အနောက်ဘက်ကကပ်၍ သွားရသည်။ ထို့ကြောင့် မီးလောင်ပြီးစ ဖြစ်သောကြောင့် ဆောက်သစ်စ အဆောက်အဦများဖြင့် တမျိုးတဖြစ် လဲနေသော ဘဝသစ်ဘုတလင်ကို တွေ့မြင်ကြရသည်။ စနစ်တကျ အကွက်ရိုက် ဆောက်လုပ်ထားသော အဆောက်အဦများကြားတွင်လမ်းအနေအထားများပါ သပ်သပ်ရပ်ရပ်ရှိလှပေ၏။

## ဘုတလင်မြို့

ဘုတလင်မြို့မှာမုံရွာမြို့၏မြောက်ဘက် ၂၂-မိုင်အကွာ၌တည်ရှိသည်။ အောက်ချင်းတွင်း ခရိုင်အတွင်း ထင်ရှားသော မြို့တမြို့ ဖြစ်သည့်အလျောက် နေချင်စဖွယ်ကောင်းသည်။ အတန်ငယ်သာမြင့်သော ကုန်းယောင်ယောင် နယ်မြေတွင် တည်ထားသော မြို့ကလေး ဖြစ်သည်။ အမြင့်ဆုံး တောင်ကုန်းများမှာ ရွှေဘိုတောင် ၁၄၄၉-ပေ နှင့် တွင်းတောင် ၁၁၂၅-ပေ တို့ ဖြစ်ပေသည်။

## လမ်းပန်းနှင့် ထွက်ကုန်

မုံရွာရေဦးသွား မော်တော်ကားလမ်း၊ မီးရထားလမ်း၌ တည်ရှိ၍ ညောင်ကန်၊ မောင်းထောင်၊ သခွတ္တနယ်၊ ငပုရင်း၊ မြို့သစ်စသော ပတ်ဝန်းကျင် အသိုင်းအဝိုင်းရှိသဖြင့် ငရုတ်-ပဲ-နှမ်း-ပြောင်း ဝါဂွမ်း-ဂျုံ ထန်းလျက်-ဆီ စသော ထွက်ကုန်များကို ရောင်းဝယ် ဖောက်ကားစည်ကားနေသောမြို့ ဖြစ်သည်။

မိုးရထားလမ်းခရီးဆိုလျှင် မုံရွာနှင့် ၂၂-မိုင်၊ ရေဦးနှင့် ၃၅-မိုင် ဝေးသည်။ ကားလမ်းခရီးမှာ မုံရွာနှင့် ၂၁-မိုင်၊ ရေဦးနှင့် ၃၃-မိုင်ခန့်နှင့် ကူတော်သို့ ၁၂-မိုင်၊ ညောင်ကန်သို့ ၆-မိုင်၊ မောင်းထောင်သို့ ဂ-မိုင်ဝေးသည်။ သခွတ္တနယ်- ပျဉ်တော- မိုးကောင်း- ကန္နီတို့ ဘက်သို့မူ မိုးတွင်းကာလ၌ ကားမသွားနိုင်ပေ။ ဆောင်းနှင့် နွေအခါ၌သာ သွားနိုင်လေသည်။ ဤသို့ လမ်းပန်းအဆက်အသွယ်လည်း ကောင်းပါသည်။

## ကျောင်းကန်ဘုရားများ

ဘုတလင်မြို့နယ်၌ သီရိဓမ္မာသောကမင်းကြီး အမိန့်တော်ဖြင့် တည်ထားခဲ့သည်ဆိုသော ရန်အောင်မြင်ဘုရားနှင့် ရေကန်ကြီးတကန်ရှိသည်။ မြို့၏ မြောက်ဘက်တွင်လည်း ဟဘက်ဆည်း ကန်ကြီးရှိသေး၏။ ထို့ပြင် ကျောင်းကန်ဘုရားများနှင့် ရုံး၊ ရဲဌာန၊ ဆေးရုံ စသည်များလည်းရှိကြပေသေးသည်။

## ဘုတလင်နယ်မြေသည် ထင်ရှားသောနယ်မြေ

ဘုတလင်မြို့ နယ်မြေသည် ထင်ရှားသော နယ်မြေ ဖြစ်သည်။

"ဣတ္ထိဒုဇ္ဇနကထာ" ကျမ်းပြု ခုံမင်းကြီး ဦးပြည့်ကျော်သည် ဤဘုတလင်မြို့မှ ပေါ်ထွန်းခဲ့ပေသည်။ ဘုတလင်မြို့နယ်အတွင်း မောင်းထောင်မှ စိန္တကျော်သူဦးဩ၊ တွင်းသင်းတိုက်ဝန် မဟာစည်သူ၊ သံချိုဦးကျော်လှ၊ မောင်းထောင်သာသနာပိုင်ဆရာတော်တို့သည်၎င်း၊ ညောင်ကန်မှ ဆရာတော်ဦးဗုဓ်၊ ဦးသူ၊ ဆရာတော်တို့သည်၎င်း၊ ဘုတလင်မြို့၏ မြောက် ၂၀-မိုင်ခန့်ရှိ ချင်းတွင်း မောက်တက်ရွာမှ မြဝတီမင်းကြီး ဦးစသည်၎င်း၊ ပေုရင်းမှစစ်သေနာပတိချုပ်ကြီးမဟာဗန္ဓုလသည်၎င်း၊ ရှေးရှေးကပင် ပေါ်ထွန်းခဲ့ပေသည်။ ထင်ရှားသော နယ်မြေသာတည်း။

ထို့ပြင် ယခုခေတ်၌လည်း ဘုတလင်မြို့နယ် ကျည်းပင်ချောင်ရွာမှ ကြောင်ပန်း ဆရာတော် ဘုရားကြီးနှင့် ဘုတလင်မြို့မှ စာရေးဆရာ ဦးသိန်းဖေမြင့်၊ ဘုတလင်ချစ်ခလေး စသည်တို့လည်း ပေါ်ထွန်းခဲ့ပေသေးသည်။

## မပုတလင်းမှ ဘုတလင်

ဘုတလင်မြို့မ-သမိုင်းထက် ပတ်ဝန်းကျင်ကျေးရွာများ၏ သမိုင်းက ပိုမိုတောက်ပလျက်ရှိသည်။ ညောင်ကန် မောင်းထောင်စသော ပတ်ဝန်းကျင်ကျေးရွာများ၏ သမိုင်းများကိုသာ တွေ့ရပေသည်။ ဘုတလင်မြို့မ၏ သမိုင်းကိုမူ မယ်မယ်ရရ မတွေ့ရပေ။

ဘုတလင်မြို့မှာ ယခင်က ရွာကလေးတရွာသာ ဖြစ်ခဲ့သည်။ ထိုရွာကလေးမှာ လယ်ယာလုပ်ကိုင်စားသောက်သော မပု၏ တလင်းမှ စတင်၍ ရွာဖြစ်လာခဲ့သည်။ ထို့ကြောင့် ယခင်က 'မပုတလင်းရွာ'ဟု ခေါ်ခဲ့ရာမှ 'ဘုတလင်' ဖြစ်လာသည်ဟု အချို့က ဆိုသည်။

## ဗုဒ္ဓပလ္လင်မှ ဘုတလင်

တဆူသော ဗုဒ္ဓပလ္လင်ပေါ် ပေါက်ခဲ့ဘူးသော နေရာဌာနဉ်တည်ထားသော ရွာဖြစ်ခြင်းကြောင့် 'ဗုဒ္ဓပလ္လင်' ခေါ်တွင်ခဲ့ရာမှ 'ဗုလေင်' ဘုတလင်- ဖြစ်လာသည်ဟုလည်း အချို့က ဆိုကြသည်။

သီရိမွှာသောကမင်းကြီးနှင့် စပ်၍ ဘုရားနှင့် ရေကန်ကြီးများကို တွေ့ရသဖြင့် ဘုတလင်တည်ရှိခဲ့သော နှစ်ပေါင်းမှာ ၄၀၀-ခန့်လောက် ရှိပြီဟု ခန့်မှန်းရပေသည်။

တရားဟောအဖွဲ့ စီးနင်းခဲ့သော ဂျစ်ကားကလေးသည် ဘုတလင်မြို့လယ် အနောက်ပေါက်ရောက်သော် အနောက်သို့ ချိုးကွေ့သွားသောလမ်းအတိုင်း ညောင်ကန်ဆီသို့ ဦးတည် မောင်းခဲ့လေသည်။ ကားကလေးသည် မန်ကျည်း ကုက္ကို တမာပင်ပျိုတို့၏ အရိပ်အာဝါသအောက်ရှိ ကျောက်လမ်းပေါ်၌ တရိပ်ရိပ်ပြေးသွားလျက် ရှိသည်။ လေနှင့်အတူ ပါလာသော အညာတမာနံ့ကလည်း သင်းပျံ့ပျံ့၊ မန်ကျည်းကုက္ကို ရိပ်ထိုထိုကလည်း စိမ်းစိုစိုတည်း။

## ညောင်ကန်ရောက်ကြပြီ

လမ်းဘေးဝဲယာ၌ ရေွတ်- ကုလားပဲ-ဂျုံစသော စားပင်သောက်ပင် မြစိမ်းရောင် ကတ္တီပါလွှင်ပြင်များသည် တရားဟောအဖွဲ့ စီးနင်းလိုက်ခဲ့သော ဂျစ်ကားဝဲယာ၌ တရိပ်ရိပ်ကျန်ရစ်ခဲ့ကြသည်။ ထိုအရာဝတ္ထုတို့နှင့်အတူ တလင်-လွဲတဲ- စိုင်ပြင်ကလေးရွာများကို ကျော်ကာ ညောင်ကန်ရွာသို့ နံနက် ၁၀-နာရီခန့်အချိန်၌ ဆိုက်ရောက်ကြသည်။ ငှါးလာသော ဂျစ်ကားမှာ ညောင်ကန်မှ မုံရွာသို့ ပြန်သွား၏။ နေ့ဆွမ်းကို စာရေးသူတို့အိမ်၌ပင် ဘုဉ်းပေးကြသည်။ စာရေးသူ၏ ခမည်းတော် မယ်တော်များနှင့် ဆွေမျိုးတစုတို့၏ ကောင်းမှုတည်း။

# ၃၇။ ညောင်ကန်မှ တွင်းတောင်တွင်းရွာ ရှခင်းသာသို့

၁၃၃၂-ခု၊ တန်ဆောင်မုန်းလဆုတ် ၁၄-ရက်နေ့ ဆွမ်းဘုဉ်းပေးချိန်ရောက်ခဲ့ပြန်သဖြင့် နေ့ဆွမ်းတထပ် ဘုဉ်းပေးပြီးကြပြန်လေပြီ။ နေ့ရက်များသည် တရက်ပြီးတရက် အဖင့်အနွှဲမရှိ မှန်မှန်ကြီး ကုန်လွန်၍ ရွေ့ရွေ့နေခဲ့ရာ တန်ဆောင်မုန်းလဆုတ် ၁၃-ရက်နေ့ဟူ၍ မှတ်သားခဲ့ရသော ယမန်နေ့က နေ့ရက်မှာ ကုန်လွန်လျက် ယနေ့ ၁၄-ရက်နေ့ဟု ပြင်ဆင်မှတ်သားခဲ့ကြရပြန်သည်။ ဤအမှတ်အသားရက်အတွင်း ညောင်ကန်၌ နေ့ဆွမ်းဘုဉ်းပေးခဲ့ကြရ၏။

ညောင်ကန်ရောက်သည့်အခါ ရောက်သင့်သော တွင်းတောင်သို့လည်း ဆရာတော် ဦးသံဝရတို့ဇာ ရောက်လိုကြသည်။ လာခဲ့ကြသော တရားဟောအဖွဲ့ထဲတွင် စာရေးသူမှတပါး မည်သူမျှ တွင်းတောင်သို့ မရောက်ဘူးကြသေးပေ။ ထူးဆန်း၍ နာမည်ကြီးသော ထိုတွင်းတောင်ကို နာမည်ကိုသာ ကြားဘူး၍ မရောက်ဘူးသေးရကား ဆရာတော် ဦးသံဝရတို့က ကြုံထောင့်ကြုံခဲ ကြုံနေရသည့်အခါ သွားလိုကြခြင်းဖြစ်၏။

မိုးနှောင်း ဆောင်းဦးကာလ ဖြစ်သော ဤအချိန်၌ တွင်းတောင်လမ်း၌ သီးနှံခင်းများကလည်း မရိတ်သိမ်းရသေး၍ ဖြတ်လမ်းကလည်း သွား၍မဖြစ် လမ်းရိုး၌လည်း ရွှံ့ဗွက်များရှိသည့် နေရာက ရှိနေခြင်းကြောင့် တွင်းတောင်ကို ကားဖြင့်သွား၍ မဖြစ်ပေ။ နွေအခါရောက်မှသာ ကားဖြင့်သွား၍ ရပေသည်။ ခြေလျင်သွားရန် အခြေအနေကလည်း မပေးပါ။ ထို့ကြောင့် လှည်းဖြင့်သွားရန် စီစဉ်ကြရသည်။ လိုက်ပို့မည့် လှည်းဆရာမှာ ညောင်ကန် ဦးလှညွန့်ဖြစ်၏။ ထိုလှည်းဖြင့် ညောင်ကန်မှ တွင်းတောင်သို့ ထွက်ခွါကြလေသည်။

## အဝေးကမြင်ရသော တွင်းတောင်ရှုခင်း

တွင်းတောင်ကို ညောင်ကန်မှ ထွက်ကတည်းကပင် မြင်နေရသည်။ ရွာသာရွာ၊ ဖျောက်ဆိပ်ကုန်းရွာ၊ တိမ်းရင်း ရာဇဂြိုဟ်မြို့ဟောင်းနေရာ၊ ပေါ်တော်မူဘုရား၊ ငှက်ပျောခြံများ၊ ထန်းပင်များ၊ လက်ဆောင်ကန့် မန်ကျည်းပင်ကြီးနှင့် ကမ္ဘလမ်းခွဲ၊ အုပ်အိုင်ရွာများနှင့် စိမ်းစိုသော သီးနှံပင်များကိုဖြတ်ကာ ကျော်ကာ ဦးလှညွန့်လှည်းဖြင့် စီးနင်းလိုက်ပါလာခဲ့ကြသည်။

လှည်းဖြင့် ခရီး သွားရသည်မှာ တမျိုးပင် ကြည်နူးဖွယ် ကောင်းပေသည်။ လေယာဉ်ပျံ၊ ကား၊ ရထား၊ သင်္ဘောများ စီးနင်းလိုက်ပါရသလို အန္တရာယ်ကို မကြောက်ရ။ မည်သည့် အချိန်တွင် မည်သည့်နေရာသို့ ရောက်မည်ဟု မှန်းထားသည့်အတိုင်း ရောက်နိုင်သည်။ ထိတ်လန့်ကြောက်ရွံ့ဖွယ် အန္တရာယ်များမှ ကင်းဝေးရှိသာမက အချင်းချင်း ပြောလိုသော အလ္လာပ, သလ္လာပ စကားများကိုပါ သက်သက်သာသာ အေးအေးဆေးဆေး ပြောနိုင် ကြားနိုင်ပေသည်။ ပတ်ဝန်းကျင်ရှိ ကြည့်ရှုမှတ်သားဖွယ်များကိုလည်း ကြည့်ရှုမှတ်သား သွားနိုင်လေသည်။ ထိုင်စရာ ဆိုဖာမပါခြင်းနှင့် နှေးကွေးသည်မှအပ အခြားတပါး ပြောကြားစရာ အပြစ်ကြီးကြီးကျယ်ကျယ် မယ်မယ်ရရ မရှိပေ။

တွင်းတောင်ကို အဝေးကကြည့်လျှင် ဘဲဥပုံ သဏ္ဌာန်ကဲ့သို့ မြင်နေရသည်။ အနီးသို့ ချဉ်းကပ်မိသည့်အခါ ယာလုပ်သူတို့၏ ယာတဲကလေးများကို တွေ့မြင်ရ၏။ ထိုယာတဲ ကလေးများကို လှည်းစခန်းပြုရန် လှည်းမှ နွားများကိုဖြုတ်၍ ရပ်နားကြသည်။ လှည်းဆရာ ဦးလှညွန့်မှာ လှည်းနွားနှင့်အတူ တောင်ခြေရှိ ယာတဲကလေးများ၌ နေရစ်သည်။ စာရေးသူက တွင်းတောင်သို့ အခေါက်ခေါက် ရောက်ဖူးပြီးသား ဖြစ်သောကြောင့် ဦးလှညွန့်က လိုက်ပြစရာ မလိုပေ။ လေးဦးသားအဖွဲ့ချည်းသာ တွင်းတောင်ပေါ်သို့ ဆက်လက် တက်ခဲ့ကြတော့သည်။

တက်သည်ဟု ဆိုသော်လည်း ပြေပြစ်သော အပြင်လမ်းမှ တက်ခဲ့ကြသည် ဖြစ်သောကြောင့် တက်ရသည်ဟူ၍ပင် မထင်ရပါ။ မြေညီညီ

တွင် လမ်းလျှောက်ရသလောက်သာ တက်မှန်းမသိ တက်သွားရခြင်း ဖြစ်ပါသည်။ တော်တော်ကလေး တက်မိ၍ နောက်သို့ ပြန်ကြည့်လိုက်သည့်အခါမှသာ ခရီးတလျှောက်ရှိ မြေများ နိမ့်ကျန်ရစ်သည်ကို တွေ့ရတော့သည်။

## တွင်းတောင်ထိပ်က မြင်ရသော ပတ်ဝန်းကျင်ရှုခင်း

တောင်ထိပ်က လှမ်းကြည့်လိုက်လျှင် နိမ့်ကျန်ရစ်သော မြေပြန့်ရှုခင်းသာများကို အားလုံး မြင်နေကြရသည်။ တောင်အောက်ရှိသော သီးနှံခင်းများမှာ တပင်ချင်း မြင်ရသည် မဟုတ်ပဲ တပြင်ထဲဖြစ်ပြီး ကတ္တီပါခင်း ကော်ဇောကြီး တချပ်လုံး ဖြန့်ခင်းထားဘိသကဲ့သို့ စိမ်းစိုညို့မှိုင်း နေသည်။ ကျေးရွာကလေးများမှာလည်း ကတ္တီပါ ကော်ဇောဝယ် အပျောက်ပန်းများ ဖော်ထားဘိသကဲ့သို့ ဟိုနားတပွင့် သည်နားတပွင့်လိုလို အစုလိုက် အစုလိုက် ပေါ်လွင် နေပေသည်။ အနောက်ဘက်၌ မြောက်ဘက်မှ တောင်သို့ စီးဆင်းနေသော သလ္လာဝတီ ချင်းတွင်း မြစ်ရေများကလည်း ကတ္တီပါကော်ဇောကို ဘော်ငွေရောင်ဖြင့် တဘက်မှ အနားကွပ်၍ ခြယ်လှယ်ထားသကဲ့သို့ ရှိနေသည်။ ဆိပ်ကမ်းရှိ ရေယာဥ်များကိုမူ ထင်ထင်ရှားရှား မမြင်ရပဲ ခပ်မှုန်မှုန် ခြယ်ထားသော ပန်းချီကားလို မှုန်ဝါးဝါးသာ မြင်နေရသည်။

## တွင်းတောင်တွင်းသာ ရှုခင်းသာ

တွင်းတောင်၏ အတွင်းမှာကား ရွာကလေးကို ငုံ့ကြည့်၍ မြင်နေရသောကြောင့် သီးခြား ကမ္ဘာရှိ ရွာကလေးသဖွယ် တောင်အပြင်ရှိ ရွာများကို မမြင်နိုင်အောင် တောင်နံရံက ပတ်ပတ်လည်ကာရံလျက် ရှိပေသည်။ ထိုရွာကလေးမှာ တောင်အတွင်း စိမ်းမြမြရေကန်ကြီး၏ အရှေ့ဘက်နှင့် တောင်ဘက်ကမ်းခြေ တလျှောက်၌ လခြမ်းသဏ္ဌာန် တည်ရှိနေလေသည်။ ငှက်ပျော၊ အုန်း၊ ကွမ်းခြံ၊ ကွမ်းသီးပင်များဖြင့် ရောပြွမ်းစိမ်းစိုလျက် သာယာချင်တိုင်း သာယာနေလေတော့သည်။

ရွာထိပ်၌ တည်ဆောက် ကိုးကွယ်ထားသော ဘုန်းတော်ကြီးကျောင်း တောကွင်းနှင့် မူလတန်းကျောင်း၊ ထုံးဖြူသက်နီး ခြုံလွှမ်းထားသော

စေတီတော်နှင့် အာရုံခံ တန်ဆောင်းငယ်များ၊ ရှုမောဖွယ် ကျောက်တောင် ကျောက်ခဲများ၊ မကြီးထွားသေးသော နုပျိုသစ်လွင် စိမ်းရှင်နေသော သစ်ပင်ငယ်များကို သာယာကြည်နူးဖွယ် ရှုမြင်နေရသည်။

စာရေးသူတို့အဖွဲ့သည် တောင်၏ အရှေ့ထိပ်ရှိ ဇရပ်အိုကလေးအနီးကွေ့ကာကောက်ကာ ဖောက်လုပ်ထားသော တွင်းတောင်ဆင်း လမ်းဘေးမှာ ရပ်လျက် ဤရှုခင်းသာကို တစိမ့်စိမ့် ကြည့်ရှုနေကြသည်။ မရောက်ဘူး၍ မမြင်ဘူးသေးသော ဆရာတော် ဦးသံဝရတို့သာ ကြည့်ရှုငေးမောနေမိကြသည် မဟုတ်သေး။ အကြိမ်ကြိမ် ရောက်ဘူး၍ အကြိမ်ကြိမ် မြင်ဘူးပြီးသား ဖြစ်သော စာရေးသူပါ ငေးမောကြည့်ရှုနေမိ၏။

"တမျိုး ကြည်နူးစရာ ဌာနကလေးပဲ၊ ဒီတောင်နဲ့ ဒီဌာနကလေးအကြောင်းကို ဦးဇူးနန္ဒကက သိသလောက် ပြောပြစမ်းပါအုံးလေ" ဟု ဆရာတော် ဦးသံဝရက ကြည့်ရှု ငေးမောနေယင်းက မေးလေသည်။

## တွင်းတောင်တည်နေရာ

"မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာရဲ့ အနောက်တောင် (၃) မိုင်ခန့်အကွာမှာ တည်ရှိနေတဲ့ ဌာနထူး ဟောင်ကလေးကတောင်ပါပဲ။ အနောက်ဘက်မှာ မြင်နေရတဲ့ ချင်းတွင်းမြစ်နဲ့ဆိုယင် တမိုင်ခန့်ပဲ ဝေးကွာပါတယ်။ တွင်းတောင်တွင်းရွာရဲ့ ရှုခင်းသာနေပုံကိုတော့ အထူးပြောစရာမလိုပါဘူး။ အခု မြင်နေကြရတဲ့ အတိုင်းပါပဲဘုရား"

ပိုင်အိုဆင့် နောက်ပိုင်း အချိန်က ပေါက်ကွဲခဲ့တဲ့ မီးတောင် အမျိုးအစား ဖြစ်ကြောင်းကိုလဲ သုတေသနရှင်တို့က ဆိုထားပါတယ်။ ညောင်ကန်သမိုင်းနှင့် ဆက်စပ်နေတဲ့ ရှေးစကား အစဉ်ကတော့ နတ်တူးတဲ့ တွင်းလို့ ဆိုပါတယ်။

## တောင်၏ အသွင်အပြင်

ခေတ်ပညာရှင်များ တိုင်းတာချက်အရ ဒီတွင်းတောင်ဟာ ပင်လယ်ပြင်မှ ပေ ၆၉၀-အမြင့်မှာ တည်ရှိတယ်လို့ ဆိုပါတယ်၊ မြန်မာ့စွယ်စုံကျမ်းမှာပါတဲ့ ဘုတလင်မြို့ အကြောင်းမှာတော့ တွင်းတောင် ပေ

၁၁၂၅-ဖြစ်ပေသည်လို့ ပါရှိတယ်။ ဒါကတော့ တောင်ခြေစာနေ တောင်ထိပ်အထိ ကြိုးဆွဲတိုင်းတဲ့နည်းနဲ့ တိုင်းထားပုံရပါတယ်။ သိပ် မမြင့်လှပေမဲ့ ဒီနားတဝိုက်မှာတော့ ဒီတောင်ဟာ အမြင့်ဆုံးပါပဲ။ မီးတောင် ပေါက်ကွဲရာမှာ အင်မတန်ထူးတဲ့ ပြာနှင့်ချော်များ ကျောက် များနှင့် ရောပြွမ်းနေတယ်လို့ ခေတ်ပညာတတ်သူ သုတေသနသမား တို့က ဆိုထားပါတယ်။ ဒီတောင်တွင်းဝရဲ့ အချင်းဟာ ၄-မိုင်နှင့် ၁-ဖာလုံ ကျယ်ဝန်းတယ်တဲ့။ တွင်းတောင်ရွာသားတို့ တိုင်းတာချက် အရကတော့ တာပေါင်း နှစ်ထောင့်ခြောက်ဆယ့်ရှစ် ရှိသတဲ့။

## တွင်းတောင်အတွင်းက ရေကန်

တွင်းတောင်မှာ မြင်နေရတဲ့ ဒီရေကန်ကြီးဟာ ဇာအားဖြင့် ၂၂၅- ကေရှိပြီး အလံပေါင်း ၅၀၀-လံ ရှိသတဲ့။ ဒါ ကန်ရဲ့ အကျယ်အဝန်းပဲ။ ရေတိမ် ရေနက်ကတော့ တွင်းတောင်သားတို့ တိုင်းတာချက်အရ ၁၀၂-ပေ နက်သတဲ့။ ကန်ထဲက ရေတွေဟာ ဘယ် ဘက်ကိုမှ ထွက်ပေါက်မရှိဘူး။ ဒီကန်ထဲမှာပဲ အမြဲတည်ပြီး ဟောင်း နွမ်းနေတယ်။ ဒါကြောင့်လဲ ရေတွေဟာ အညှိတက်စိမ်းရောင်လွှမ်းပြီး ပြစ်ချွဲချွဲနဲ့ ညှီလဲညှီနေတယ်။ ငန်လဲငန်- ခါးလဲခါးနေတယ်။ အဝတ် လျှော်လို့တော့ ကောင်းပါတယ်။ ရေက ငန်နေတာမို့ အဝတ်လျှော် ရာမှာ ဆပ်ပြာတောင် အကုန်သက်သာတယ်လို့ဆိုပါတယ်။ ဖြူလဲဖြူလွယ် သတဲ့။

ဒီကန်ကြီးကို သူတို့က မေတ္တာကန်လို့ ခေါ်ကြပါတယ်။ အဲဒီကန်ကြီး ထဲက ရေက ငန်ခါးပေမယ်လို့ ကမ်းစပ်မှာ တူးလို့ရတဲ့ ရေတွင်းကျတော့ ရေချိုပါပဲ။ ဒီတွင်းတောင်ထဲမှာ ဒီရေကန်နဲ့ လွတ်တဲ့နေရာမှန်သမျှ ဘယ်နေရာမှာ တူးတဲ့ရေတွင်းရေပဲဖြစ်ဖြစ် ရေချိုကို ရပါတယ်။ တူး တာက ချင်းတွင်းမြစ်စတဲ့ မြစ်ရေတွေတက်ယင် ဒီမေတ္တာကန်ရေကကျပြီး မြစ်ရေတွေကျတဲ့ အခါမှာ ဒီမေတ္တာကန်ရေကတက်တယ်။

မန္တလေးတို့ ရန်ကုန်တို့မှာ လက်ဖက်သုတ်နဲ့ တွဲဘက်စားနေကျ ပိုး ကြော်တွေဟာ ဒီကန်ကြီးထဲက ထွက်တဲ့ပိုးတွေပါပဲ။

## အိမ်ခြေ လူဦးရေနှင့် လုပ်ငန်း

ဒီတွင်းတောင်ရွာ အိမ်ခြေမှာ ၁၅၄-အိမ်ရှိပြီး လူဦးရေကတော့ ၇၅၂-ယောက် ရှိသတဲ့။ သူတို့လုပ်ငန်းဆောင်တာများမှာ ကွမ်းခြံကို အဓိကထား စိုက်ပျိုးကြတယ်။ အခြား အုန်းပင်၊ ငှက်ပျောခြံ၊ ကွမ်းသီး ပင်များကိုလဲ စိုက်ပျိုးကြပါသေးတယ်။ ပီးတော့ တွင်းပိုးထွက်တဲ့အခါ တွင်းပိုးလဲ ဖမ်းကြသပ။ တောင်ယာလုပ်သူများ ကတော့ တွင်းထိပ် အပြင်ဘက် မြေပြန့်မှာ တဲထိုးပြီး မြေပဲစတဲ့ သီးနှံများကိုလဲ လုပ်ကိုင်ကြ ပါသေးတယ်။

## လမ်းပန်း

ရှေးအခါကဆိုယင် ဒီတွင်းတောင်ရွာဟာ အပြင်နဲ့ အဆက်အသွယ် နဲပါးခဲ့တယ်။ အခုတော့ မြင်တဲ့အတိုင်း တွင်းထဲဆင်းတဲ့လမ်းကို၁၉၅၉-ခုနှစ် ဖဆပလ အစိုးရလက်ထက်က အစိုးရက ဆောက်လုပ်ပေးခဲ့တဲ့ လမ်းပဲ။ နောက်ထပ် ပြင်ဆင်မှုနိုင်နင်းတဲ့အတွက် ယခင်က စက်ကောင်း တဲ့ ကားကလေးများ ဆင်းတက် နိုင်ပေမဲ့ အခုတော့ လှည်းတောင် အနိုင်နိုင် ဆင်းရတက်ရတယ်။ အဝေးကပါ သုတေသနပြုသူတွေ အသွား အလာများတဲ့ ဒီလို ဌာနတခုကို တဆယ့်နှစ်ရာသီ သွားလာ ဆင်းတက် ဖြစ်အောင် ကားလမ်းရှိဖို့ လိုပါတယ်။ ဒီတွင်းထဲကို ဆင်းတဲ့တက်တဲ့ လမ်းဟာ ရှစ်သွယ် ရှိပါတယ်။ ချင်းတွင်းမြစ်ရဲ့ အနောက်ဘက်မှာ ဒီတွင်းလို တွင်းသုံးတွင်း ရှိပါသေးတယ်။ ဒါကြောင့် ဒီတွင်းကို အရှေ့ တွင်းတောင်လို့ ခေါ်ကြပါတယ်။ အတွင်းဘက်က တွင်းနှင့် အပြင် ဘက်ဏ တောင်ဖြစ်နေလို့ "တွင်းတောင်" လို့ ခေါ်ကြပြီး အတွင်းက ရွာကိုလဲ "တွင်းတောင်ရွာ" လို့ ခေါ်ကြပါတယ်။

## တွင်းထဲဆင်းကြည့်ကြပါဦးစို့

"ဒီတွင်းတောင်ရဲ့ တည်နေပုံအတိုင်းအတာနှင့် စပ်ပြီး ဒီတွင်းတောင် သား ကိုကာက- ဆိုသူ ဒကာတဦးက သူတို့တွင်းတောင် ရှင်ပြုအလှူ အတွက် ဖိတ်စာရေးထားတာရှိတယ်။ အဲဒီဖိတ်စာ တပိုင်းတစကိုတောင် တပည့်တော် ရနေပါသေးတယ်"

"အောင်မယ် ဖိတ်စာရေးတဲ့ လူရဲ့ နာမည်က ကိုကာကတဲ့လား။ နာမည်ကလဲ စိတ်ဝင်စားစရာ ပါကလား။ အဲဒီ တွင်းတောင်အကြောင်း ဖိတ်စာ ဆိုတာကိုလဲ ရွတ်ပြစမ်းပါအုံး" ဟု ဆရာတော် ဦးသံဝရက အလိုက်သိစွာ တောင်းဆိုလိုက်ပါသည်။

"တပည့်တော်ကလဲ ရွတ်ပြမယ်လို့ပါပဲ ဘုရား။ နားသာထောင်တော်မူပါ။ 'အထက်ပြည် ရွာမှာ၊ ကျက်သရေဖြာကာ ဂုဏ်ကမ္ဘာလှိုင်တဲ့၊ မုံရွာခရိုင် ဘုတလင်နယ်မှာ၊ ရှုချင်ဖွယ်ရာ၊ အနောက်ဒေသာဥ်၊ ကျောက်သေလာ ပတ်ကာဝိုင်းပြီး၊ နတ်ရွာအတိုင်း လွန်ထင်ရှားစွာ၊ မွန် ကရင် ကချင် ဓာယား အဖြာဖြာ၊ အမျိုးစုံလာကြ၊ တန်ခိုးဂုဏ်ဝါက၊ သာယာပိုပြီး၊ ရာဇဂြိုဟ်ပြည်ကြီးလို၊ ရှုခင်းဆောင်တဲ့၊ ယခုတွင်းတောင်ရဲ့၊ သေလာအကျယ်မှာ၊ သေချာတကယ်၊ ကြည့်ချင်စိတ်နဲ့၊ သိလျှင်တဆိတ်၊ အဖြေပေးပါဟု၊ ပေရေးစာ မေးသူများလို့၊ ရှေးမူထားကာ ပြောရလျှင်တော့၊ သောတဆင်ပေါ့၊ သာယာအောင် တကယ်၊ တာနှစ်ထောင်ရယ်၊ ခြောက်ဆယ့်ရှစ်နှင့်၊ အနောက်မယ်တဆစ်၊ မေတ္တာကန်က၊ အမြစ်ကြာသဏ္ဍာန်ပ၊ ရေစောက်အရှိကို၊ ပေထောက်ကြည့်လျှင်၊ တရာနှစ်မှို၊ တခါစစ်မည့်၊ အချင်းကန် အကြောင်းတော့၊ မယ္ဘင်းလံပေါင်း၊ ငါးရာရှစ်နှင့်၊ သွားလာဖြစ်မှု တက်ဆင်းမေးလျှင်၊ ချက်ချင်းမနှေး၊ ရှစ်လမ်းမှာမို၊ တစ်ဝမ်းအရာ လုပ်ငန်းဆက်က၊ အဟုတ်တမ်းမပျက်၊ ကွမ်းခြံပြုပြီး၊ လမ်းမှန်သမျှ၊ ရိုးသားဂုဏ်က၊ အမျိုးသားအစုံ သိစေကြောင်းကို၊ သတိငွေမောင်း ခပ်လိုက်ပါသည်'တဲ့ ဘုရား" ဟု စာရေးသူက ရွတ်ပြလိုက်ပါသည်။

"အောင်မယ် တယ်ကောင်းတဲ့စာပဲ။ ရှေးမူသရုပ်ပေါ်တဲ့ အပြင် အခု မြင်ကွင်းနဲ့လဲ ကိုက်ညီအောင် စပ်ထားတဲ့ စာပဲ" ဟု ဆရာတော် ဦးသံဝရက မိန့်ပါသည်။

"ကဲ တွင်းထဲ ဆင်းကြည့်ကြပါဦးစို့" ဟု စာရေးသူက တိုက်တွန်း ခေါ်ဆောင်လိုက်ရာ ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညီပုတို့က "ပြန်တက်ရမှာ ပန်လေးလှသည်" ဆိုကာ အပေါ်မှာပဲ နေရစ်ကြသည်။

စာရေးသူနှင့် ဦးခင်မောင်တို့သာဆင်းကြည့်ရှုကြလေသည်။ တွင်းထဲ ရောက်လျှင် အုန်းခြံ၊ ကွမ်းခြံ၊ ငှက်ပျောခြံ၊ မေတ္တာကန်များ တည်ရှိပုံကို အနီးကပ်စုံအောင် လေ့လာကြည့်ရှုကြသည်။ တောင်တွင်းထဲမှ အထက်သို့ မော့ကြည့်ကြသည်။ ပြွန်ဝကျယ်ကြီး တခုထဲကနေ ကြည့်ရသလို ဝိုင်းစက်နေသော ကောင်းကင်ကြီးကို မြင်ရသည်။ တောင်ကမ်းပါးယံကြီးများမှာ ပတ်ပတ်လည် ကာရံလျက်ရှိနေ၏။ ထို့ကြောင့်လည်း ဦးကာက,က သူရေးသည့် အလှူဖိတ်စာမှာ 'ရာဇဂြိုဟ်ပြည်ကြီးလို ရှုခင်းဆောင်တဲ့' ဟု ရေးသားထားဟန် တူသည်။ ရာဇဂြိုဟ်ကတော့ တောင်ငါးလုံး ကာရံနေသည်။ ဤတွင်းတောင်ကတော့ တောင်လုံးရေ မကွဲပြားပဲ တသားတည်းသော တောင်ကြီးများ ကာရံနေလေသည်။ ကွမ်းခြံရှင်များမှာ တူးထားသောရေတွင်းများထဲမှရေငင်၍ သူတို့ခြံများ ကိုရေလောင်းနေကြလေသည်။ အိမ်တိုင်းလိုလို ကွမ်းခြံရှိကြလေသည်။

အပေါ်၌ ကျန်ရစ်သော ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညီပုတို့အား တွင်းတက် လက်ဆောင်ပေးရန်ဟု ဆိုကာ ဒကာကြီး ဦးခင်မောင်က အိမ်တအိမ်ဝင်၍ ကွမ်းဝယ်လေသည်။ ထိုအိမ်မှ ရေကို တောင်းယူ သောက်ကြည့်ရာ ရေမှာအေး၍ ချိုလည်း ချိုလှပေသည်။ အမောလည်း ပြေသွားတော့သည်။

"မိုးရာသီရောက်တော့ ခင်ဗျားတို့အိမ်တွေကို ရေနစ်မကုန်ဘူးလား" ဟု အိမ်ရှင်ကို ဦးခင်မောင်က မေးလေသည်။

"မမြုပ်ပါဘူး ခင်ဗျာ၊ တွင်းကြီးက အကျယ်ကြီးဟာပဲ။ ဘယ်လောက် ရွာတဲ့မိုးပဲဖြစ်ဖြစ်၊ ဒီမေတ္တာကန်ကို ပြည့်အောင် မရွာနိုင်ပါဘူး။ ပြီးတော့....လေ ဘယ်လောက်ပဲတိုက်တိုက်၊ ကျွန်တော်တို့ တွင်းရွာထဲကို လေမရောက်ထဲ့ပါဘူး။ တောင်နှုတ်ခမ်းပေါ် ကျော်တိုက်သွားတာပဲ။ ဝင်မိတဲ့လေ ကျပြန်တော့လဲ တော်တော်နဲ့ မထွက်နိုင်ပြန်ဘူးဗျို့။ ဟိုဘက်ကမ်း လှည့်တိုက်၊ ဒီဘက်ကမ်း လှည့်တိုက်နေပြီး တော်တော် ကြာနေတတ်တယ်။ တခုတော့ရှိတယ်။ နေထွက်တာကို ကြည့်ချင်ယင် အနောက်ဘက် တောင်ကမ်းထိပ်ကို ကြည့်ရတယ်။ နေဝင်တာကို ကြည့်ချင်ယင် အရှေ့ဘက် တောင်ထိပ်ကို ကြည့်ရတယ်။ တောင်

ထိပ်မှာ နေရောင်ဟပ်နေတာကို ကြည့်ပြီး နေထွက်နေဝင်ကို သိကြရတာပဲ။ တောင်ကြီးတွေက အနီးကပ်ကွယ်နေတော့ နေထွက်ပေမယ့် နေလုံးကို တော်တော် နေမြင့်မှ မြင်ရပြီး နေဝင်တာကျတော့လဲ တော်တော် စောစော ဝင်သွားတာပဲ''ဟု အိမ်ရှင် ဒကာကြီးက ပြုံးလျက် ပြောဆို၏။

စာရေးသူနှင့် ဒကာကြီး ဦးခင်မောင်တို့ကား ထိုအိမ်မှ ထွက်ခဲ့ကြပြီးနောက် ၁၅-မိနစ်ဖြင့် တောင်ထိပ်သို့ ရောက်အောင် အမြန်တက်ခဲ့ကြလေသည်။ ဆီးကြိုနေသော ဆရာတော် ဦးသံဝရနှင့် ဒကာကြီး ဦးညိုပုတို့အား တွင်းထဲပြန် လက်ဆောင်အဖြစ် ဝယ်ယူခဲ့သောကွမ်းရွက်များကို ပေးလိုက်ကြပါသည်။

## ညောင်ကန်မှာလဲ အန္တပဲ

တွင်းတောင်မှ ညောင်ကန်သို့ ပြန်အရောက်၌ ကြည့်ရှုလေ့လာစရာများကို မန္တပဲ နေမည်စိုးသောကြောင့် နားမနေကြတော့ပဲ တောက်လျှောက်ပင် အချိန်ရသလောက် အန္တအပြား ခပ်မြန်မြန် လေ့လာကြရသည်။ ကျောင်းတိုက်များ၊ သမိုင်းဝင်ဘုရားများ၊ ဆရာတော် ဦးဗုဒ်၏ မယ်တော် ခမည်းတော်များ ဝိုင်းခြံ၊ ဆရာတော် ဦးဗုဒ်သီတင်းသုံးခဲ့သော ကျောင်းတိုက်၊ သုံးထပ်ကန်ကြီး၊ငါးဆူဘုရား၊ ငါးမာရ်အောင်ဘုရား၊ ရွာ၏ အရှေ့မြောက် တံခါးဝရှိ ဂျစ်ကား၊ ဦးဗထွေး-ဒေါ်ကြည်ကြည်တို့ ထပ်မံပြုပြင်ထားသော သုံးဆူဘုရားနှင့် ဇင်းဘုရားဝိုင်းအတွင်း ဓမ္မာရုံကြီး၊ ကန်ဦးကျောင်းတိုက်များကို စာရေးသူ၏ ဇာတိရွာဖြစ်သည်အလျောက် ကိုယ်တိုင်ပင် လိုက်လံပြသလိုက်ရပါသတည်း။

## ညောင်ကန် တည တရားပွဲ

အချိန်မှာ ညမှောင်ရီပျိုးစဖြစ်သည်။ ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက်အတွင်း၌ လျှပ်စစ်မီးရောင်များ ထိန်လင်းတောက်ပလျက်ရှိသည်။ထိုကျောင်းအရာမ်အတွင်း၌ တောင်ကျောင်း,အလယ်ကျောင်း, မြောက်ကျောင်းဟူ၍ ကျောင်းကြီး ၃-ကျောင်းရှိလေသည်။ ကျောင်းတိုက် အရှေ့ထိပ်၌ သမိုင်းဝင် ရှစ်မျက်နှာဘုရား၊ စစ်ကိုင်းဝန်ဘုရား

များ၊ သုံးဆူဘုရားများ၊ ကြည်ညိုဖွယ်ရာ ထိန်ထိန်သာသော မီးရောင်များဖြင့် တင့်တယ်စွာ စံပယ်တော်မူလျက် ရှိကြသည်။ ကာလကြာမြင့်စွာကပင် တည်ရှိခဲ့သော ကျောင်းတိုက်ဖြစ်သောကြောင့် ကျောင်းအတွင်း၌ မန်ကျည်းပင်၊ ခရေပင်ကြီးများမှာ မြင့်မားနေရုံသာမက အုပ်အုပ်ဆိုင်းဆိုင်းဖြင့် ပတ်ဝန်းကျင်သို့လည်း အကိုင်း အခက် အရွက်များက ဝေဆာပြန့်ပြူးလျက် ရှိကြသည်။

ဘုရားကျောင်းကန် ဆိုသည်အတိုင်း ဘုရားနှင့် ကျောင်းသာလျှင်ရှိသည်မဟုတ်ပဲ ရေကန်ကြီးကလည်း အင်္ဂါတခုအနေဖြင့် ဘုရားနှင့်ကျောင်းတို့ကို တန်ဆာဆင်ပေးလျက် ရှိပေသည်။ အကျယ်အဝန်းအားဖြင့် ၁၀-ဧကကျော်ကျော် ကျယ်ဝန်းသော ကျောင်းတိုက်ကြီးတတိုက် ဖြစ်ပေသည်။

ရှေးအခါကမူ ထိုကျောင်းတိုက်ကြီး၌ ကျောင်းသား, ကိုရင်, ဦးပဉ္စင်းများဖြင့် အင်မတန် စည်ပင်သာယာခဲ့သည်။ ယခုအခါ၌မူ တကျောင်းလျှင် ဘုန်းတော်ကြီး တပါးကျမျှသာ ရှိနေတော့သဖြင့် ရှေးကနှင့်မတူ တမူထူးခြားပြီး ကျောင်းသားရော ရှင်ရဟန်းများပါ မရှိတော့သောကြောင့် ခြောက်သွေ့သွေ့ကြီးဖြစ်နေလေသည်။ ပျင်းရိငြီးငွေ့ဖွယ်ကြီး ဖြစ်နေရကား ရှေးဖြစ်ဟောင်းကို ဖအောက်မေ့ဖွယ်ရာ လွမ်းဆွတ်ဖွယ်ရာ ဖြစ်နေပါသည်။

စာရေးသူသည် ကျောင်းသားဘဝမှ သာမဏေဘဝအထိ ဤ ရှစ်မျက်နှာ ကျောင်းတိုက်တွင် မြောက်ကျောင်းမှာပင် အခြေခံစာပေပရိယတ်ကို သင်ကြားတတ်မြောက်ခဲ့ရပေသည်။ ထိုစဉ်က အင်မတန်စည်းကားသိုက်မြိုက်ခဲ့သော ကျောင်းတိုက်ကြီးမှာ ယခုမူ ပြော၍ပင်မယုံနိုင်လောက်အောင် ရွှေလျောပြောင်းလဲတတ်သော သင်္ခါရသဘောအရ အပြောင်းအလဲကြီး ပြောင်းလဲလျက် ရှိနေသည်ကို မြင်ရတွေ့ရကြုံနေရတော့သည်။

တရားဟောအဖွဲ့မှာ ဤကျောင်းတိုက်မှာပင် တည်းခိုလျက် ရှိနေကြပါသည်။ ဆိုခဲ့သည့်အတိုင်း ကျောင်းကြီး ၃-ကျောင်းရှိရာ စာရေးသူငယ်ငယ်က နေခဲ့သော သတော်ကျောင်းခေါ် မြောက်ကျောင်းပေါ်

မှာ တည်းခိုနေကြခြင်း ဖြစ်သည်။ သဘော်ကျောင်း ခေါ်ရခြင်းမှာ ယခင်က ဤမြောက်ကျောင်း၏ အနောက်ဘက်၌ သဘော်ပုံ ဆောက်လုပ်ထားသော ကျောင်းကြီး ရှိခဲ့ဘူးသောကြောင့် ဖြစ်ပါသည်။ ထိုကျောင်းကြီးကို ဆရာတော် ဦးဖေဘခေါ် ဦးပညာသီဟ လက်ထက်က ဆောက်လုပ်ခဲ့သည်။ ယခုသော် ပျက်စီးယိုယွင်းသွားခဲ့သောကြောင့် နေရာသာ ကျန်ပါတော့သည်။

သိသမျှ အစဉ်အဆက်ကို ဖော်ပြရလျှင် ဤသဘော်ကျောင်းခေါ် မြောက်ကျောင်း ဆရာတော် ဦးဇိန၊ ဦးပညာသီဟ၊ ဦးဇာနဒ္ဓဝံသတို့ သီတင်းသုံးခဲ့ကြသည်။ စာရေးသူသည် ဦးပညာသီဟနှင့် ဦးဇာနဒ္ဓဝံသတို့ ထံ၌ အခြေခံပညာများကို သင်ကြားတတ်မြောက်ခဲ့ရပေသည်။ ဦးဇိန နှင့် ဦးပညာသီဟ ဆရာတော်တို့မှာ ပျံလွန်တော်မူခဲ့ကြလေပြီ။ ဦးဇာနဒ္ဓဝံသ ဆရာတော် တပါးကတော့ လူ့ဘောင်သို့ ပြန်သည် ကူးပြောင်းသွားခဲ့လေသည်။ ယခု သီတင်းသုံးနေသော ဆရာတော် ဦးအာစရမှာ ဤရှစ်မျက်နှာ အလယ်ကျောင်းထွက် ဆရာတော် ဖြစ်ပါသည်။ ကျောင်းကို ဆက်လက် ထိန်းသိမ်းစောင့်ရှောက်တော်မူသောကြောင့် ဆရာတော် ဦးအာစရကို ကျေးဇူး အထူးတင်ရပေသည်။ သံဝေဂ ယူစရာတို့ကား ကျောင်းတိုက်သာမက အခြားအခြား များပြားလှစွာ ပေါများလှပါ ကုန်၏တကား။

ဦးသိန်းဟန်–ဒေါ်ပွဲညာဏ်တို့ ကပ်လှူသော လိုင်းမကြူးဖျော်ရည်ကို ဘုဉ်းပေးကြရ၏။ တရားပွဲအခင်းအကျင်းများကိုမူ စာရေးသူ၏ဆွေမျိုးသားချင်းများက ပြင်ဆင်မွမ်းမံလျက် ရှိကြသည်။ အလယ်ကျောင်းကြီး အောက်ထပ်၌ ဟောမည်ဖြစ်၍ ထိုကျောင်း၏ အောက်ထပ်၌ တပ်ဆင်ထားသော အသံချဲ့စက်မှာ ဦးလှသိမ်းဘုရားဓာတ်ပြားများကို ဖွင့်လျက် ရှိပေသည်။

တရားမဟောမီ ကျောင်းနေဘက် သူငယ်ချင်းများနှင့်အတူ မတွေ့ရ မဆုံကြရသည်မှာ ကြာပြီဖြစ်၍ တွေ့တုန်းစကားစမြည် ပြောလျက်ရှိကြသည်။ ညောင်ကန်၌ယခု ဘာတွေကျဆင်းနေသည်၊ ဘာတွေ တိုးတက်နေသည်၊ ယခု အိမ်ခြေ ဘယ်၍ဘယ်မျှရှိသည် စသဖြင့် စုံနေပါသည်။

ပြော၍မကုန်နိုင်ကြပေ။ ထိုအခိုက်တရားနာခံ ဦးလှဖေကလည်း တရားပွဲစတော့မည်ဖြစ်ကြောင်း တရားနာ ကြွကြပါမည့်အကြောင်း' အသံချဲ့စက်မှ နှိုးဆော် ဖိတ်ခေါ်နေလေသည်။

ဦးလှဖေကား စာရေးသူကိုဓမ္မကထိကတပါးဖြစ်မြောက်လာအောင် မြှောက်တင်ပေးခဲ့သူ ဖြစ်ပေသည်။ ရွှေအုံ့တော်ဘုရားဓမ္မာရုံ၌ သာမဏေဘဝကတည်းက ပွဲထုတ်ပေးခဲ့သည်။ ဦးလှဖေမှာ ရွှေအုံ့တော်ဘုရားဝတ်အသင်း ခေါင်းဆောင်လူကြီးဖြစ်၍ ရွာရှိ သာရေး, နာရေးများ၌လည်း ရှေ့တန်းမှနေ၍ ဆောင်ရွက်နေသူ ဖြစ်ပေသည်။

ဦးလှဖေက ဖိတ်ခေါ်လိုက်သောကြောင့် တရားနာပရိသတ် တရာကျော်ခန့် ရောက်လာကြသည်။ အိမ်ခြေ ၅၀၀-ကျော်ရှိသော ရွာကြီးမှ တရားနာ တရာကျော်မျှ လာရောက်သည်ဆိုတော့ အလွန်နည်းပါးနေလေသည်။ ပရိသတ်စောင့်ရင်း ဒကာကြီးဦးညီပုက မိတ်ဆက်စကားပြောကြား၏။ စာရေးသူက အစေ့အစပ်စကား ပြောကြားယင်း အနည်းငယ်သာ တရားဟောကြားလိုက်ပါသည်။ စာရေးသူမှာ တနှစ်တခေါက်နည်းပါး ရောက်တိုင်းပင် ရပ်ရွာဒကာဒကာမတို့အား တရားဟောကြားချီးမြှောက်နေကြ ဖြစ်သောကြောင့် အနည်းငယ်မျှ ဟောကြားခြင်းဖြစ်သည်။ တခါတခေါက် ရောက်တောင့်ရောက်ခဲ ကြွရောက်ရသောဆရာတော်ဦးသံဝရကို များများဟောစေလိုလှသည်။ စာရေးသူ ဟောကြားပြီးနောက် ဆရာတော်ဦးသံဝရက သာသနာပြု တရားတော်ကို ည ၁၁-နာရီအထိ ဟောကြားတော်မူသည်။

တရားပွဲပြီးလျှင် ဦးညီပုနှင့် ဦးခင်မောင်တို့က ဦးသိန်းဟန်-ဒေါ်ပွဲညာဏ်တို့အိမ်သို့ လိုက်အိပ်ကြသည်။ စာရေးသူနှင့် ဆရာတော်ဦးသံဝရတို့က ရှစ်မျက်နှာ မြောက်ကျောင်း၌ပင် ကျိန်းစက်ကြပါသည်။ စာရေးသူမှာ ကျိန်းစက်သော်လည်း တော်တော်နှင့်မပျော်ပေ။ အကြောင်းမူကား ညောင်ကန်မှတ်တမ်း ရေးသားရန် အစီအစဉ်ကို တွေးတောနေမိသောကြောင့်ပါတည်း။

# ၃၈။ ညောင်ကန်မှတ်တမ်း

## စကားဦး

ညောင်ကန်ရွာ သမိုင်းစဉ် ကြေးမုံပြင်ကို ညောင်ကန်ရွာ၏ ရဟန်းပညာရှိ၊ လူပညာရှိ ကျောင်းကန်ဘုရား စသည်တို့ဖြင့် တန်ဆာဆင်၍ ဆရာတော် ဦးသုဒဿန အရှင်မြတ်က "ညောင်ကန်သာသနာဝင်" အမည်ရှိ ကျမ်းတစောင်ကို ပြုစုခဲ့ပြီးဖြစ်၏။

၎င်းကျမ်းပြုဆရာတော်သည် ညောင်ကန်ရွာလျှင် ဖွားရာဇာတိပဝတ္တိ မန္တလေးမြို့ အနောက်ပြင် ပြည်လုံးချမ်းသာကျောင်းတိုက် ဆရာတော် ဦးသုဒဿန မထေရ်မြတ်ပင် ဖြစ်၏။

၎င်းညောင်ကန် သာသနာဝင်ကျမ်း၌ ညောင်ကန် အကြောင်းကို အတော်ပြည့်ပြည့်စုံစုံ ဖော်ပြပြီးဖြစ်ရာ စာရေးသူ၏ ဤမှတ်တမ်း၌မူ ၎င်းကျမ်းမှ လိုရင်းမျှကိုသာ ကောက်နုတ်၍ ဖော်ပြရပါမည်။ ကောက်နုတ်ဆိုသော်လည်း အချို့နေရာ၌ မှီငြမ်းပြုသဘောမျိုးသာ ကောက်နုတ်ပြီး မှတ်တမ်းနှင့်တူစွာ ဆီလျော်အောင် တင်ပြသွားပါမည်။ အထူးအားဖြင့် ဤညောင်ကန် မှတ်တမ်း၌ မျက်မှောက်ခေတ် ညောင်ကန်အကြောင်းကိုလည်း ရေးသား မှတ်တမ်းတင်သွားပါမည်။

## ညောင်ကန်ရွာသမိုင်းရေစီးကြောင်း

အတိတ်၏ ရေစီးကြောင်းကို ဖော်ပြပါဦးမည်။ အဇာတသတ်မင်းသည် သက္ကရာဇ် ၁၄၈-ခုကိုဖြို၍ တခုကြွင်း ပြုလေသည်။ ထိုအတိုသက္ကရာဇ် ၁-ခုမှစ၍ ရေတွက်သော် နှစ် ၇၂-ခုသို့ ရောက်သောအခါ—

မြတ်ဗုဒ္ဓ၏ သာဝက ဘုရင်ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်မင်းတို့၏ အဆက်အနွယ် နာဂဒါသမင်းနှင့် နှမတော်သီဝလိဒေဝီတို့ကို တိုင်းပြည်မှ နှင်ထုတ်ကြ၏။ ထို့ကြောင့် ၎င်းတို့သည် မိမိတို့နေရာ ရာဇဂြိုဟ်ပြည်မှ ထွက်ခွါ တိမ်းရှောင်ခဲ့ကြ၏။

## တိမ်းရင်း ရာဇဂြိုဟ်

သုနာပရန္တတိုင်း သလ္လာဝတီ မြစ်ကမ်းတဘက်သို့ ရောက်ကြသော အခါ ထိုနေရာမှာ တောအတိမ့် သစ်ပင်ချုံနွယ်များ ထူထပ်လျက် တောင်တန်းပတ်လည် ရစ်သန်းနေလေသည်။ နာဂဒါသမင်း သီဝလိ ဒေဝီမိဖုရားနှင့် အခြွေအရံတို့ကို တောကြက်တောငှက် သတ္တဝါတို့က ကြိုဆိုလျက် ရွှေဆောင်လမ်းပြသဖွယ် ရှိကြ၏။ သာယာပြန့်ပြူးလှသော မြေပြင်၌ မြို့သစ်နန်းသစ် တည်ထောင်ကြ၏။ အဆင့်ဆင့်ထွက်ခွါ တိမ်း ရှောင်ယင်း တည်ထောင်ရသဖြင့် ၎င်းမြို့သစ်ကို ''တိမ်းယင်း ရာဇဂြိုဟ်'' ဟု သမုတ်ကြ၏။

### သမိုင်းဝင် အမှတ်အသားများ

၎င်းတိမ်းရင်း ရာဇဂြိုဟ်အရောက် နာဂဒါသမင်းနှင့် နှမတော် သီဝလိဒေဝီတို့ လာခဲ့ကြသော ခရီးစဉ်၌ သမိုင်းဝင် အမှတ်အသားများ မှာအောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ ရှေးအခေါ် မင်းအိုရွာ၊ ယခုအခါ မအိုရွာ၌ မင်းအိုချမ်းသာ ဘုရား၊ သလ္လာဝတီချင်းတွင်း မြစ်ကမ်း၌ တည်ရှိသည်။

၂။ ရှေးအခေါ် ဝန်ပို့ရွာ၊ ယခုအခါ ဝန်ပို့ရွာ၊ သလ္လာဝတီ ချင်း တွင်း မြစ်ကမ်း၌ပင် တည်ရှိသည်။

၃။ ဖလား‌ကမ်းစေတီနှင့် ဖလားကမ်းတောင်။

၄။ ရှေးအခေါ် မင်းကွေ့ထောင့်၊ ယခုအခါ မကွေးထောင့်။

၅။ ရှေးအခေါ် ခိုချောင်း၊ ယခုအခါ ခိုးချောင်း။

၆။ ဆင်ဝတ်ဘုရား။

၇။ လက္ခဏာကြည့်တော။ (ဖော်ပြပါအမှတ် ၃-မှ ၇-အထိတို့ သည် သလ္လာဝတီ ချင်းတွင်းမြစ်နှင့် ညောင်ကန်ရွာခြား၌ချည်း တည်ရှိကုန်၏)။

## မြတ်ဆိပ်ဘုရားခေါ် နန်းဦးဘုရား

နာဂဒါသမင်းနှင့် နှမတော်သီဝလီဒေဝီတို့သည် တိမ်းရင်းရာဇဂြိုဟ်မြို့၏ အပြင် အဂ်ါထောင့် ကုန်းမြင့်အရပ်၌ ဘုရားရှင်၏ ဓာတ်တော်များကို ဌာပနာ၍ စေတီတော်တဆူကို တည်ထားကိုးကွယ်ကြ၏။ ၎င်းစေတီတော်ကို “မြတ်ဆိပ်ဘုရား” ဟု ကမ္ပည်းထိုးကြ၏။ ယခုရှင်လူတို့က ထိုဘုရားကို “နန်းဦးဘုရား” ဟု ခေါ်ကြသည်။

## မေ့ရှင်တော်ဘုရားခေါ် ပေါ်တော်မူဘုရား

ထိုမှတဖန်မြို့၏အပြင်တနင်္ဂနွေထောင့်အရပ်၌လည်း ဘုရားရှင်၏ဓာတ်တော်များကို ဌာပနာ၍ “မေ့ရှင်တော်” ဟူသော စေတီတော်တဆူကိုလည်း တည်ထားကိုးကွယ်ကြ၏။

ထိုဘုရားမှာ ကာလကြာသော် ပျက်စီးကာ ချုံနွယ်ရစ်ပတ်ပျောက်ကွယ် လုလု ဖြစ်ခဲ့ရ၏။ သက္ကရာဇ် ၁၂၅၀-ပြည့်နှစ် ရောက်သော် ကိန်းဝပ်တော်မူရင်း ဓာတ်တော်မြတ်တို့ ကွန့်မြူးထွက်ပေါ် ရောင်ခြည်တော်လွှတ်ခါမှ ဖုံးအုပ်လျက်ရှိသော ချုံများကို ရှင်းလင်းပြီးလျှင် အသစ်တဖန် မွမ်းမံ၍ စေတီတည်ထား ကိုးကွယ်ကြ ပြန်သည်။ ထိုအခါမှ စ၍ ရှင်လူတို့က ထိုစေတီတော်ကို “ပေါ်တော်မူဘုရား” ဟု ခေါ်ဝေါ်ကြသည်။

## ရွှေသိမ်တော်ဘုရား

ထို့ပြင် ၎င်းမင်းမိဖုရားနှစ်ပါးတို့က သိမ်တော်ကြီးတလုံးကိုလည်း ဆောက်လုပ် လှူဒါန်းကြ၏။ ထိုသိမ်တော်ကြီးကို ထိုနာဂဒါသမင်းတို့ပင် ပင့်ဆောင်ခဲ့ကြသော ရဟန္တာ အရှင်မြတ်တို့ သိတင်းသုံးတော်မူခဲ့ကြစဉ်က သမုတ်တော်မူခဲ့ကြသည် ဟု ရှေးသူတော်ကောင်းတို့ထံမှ တဆင့်စကားကြားသိရသည်။ ယခုအခါ ရှင်လူအများက “ရွှေသိမ်တော်ဘုရား” ဟု ခေါ်ဝေါ်ကြသည်။

## တံမြက်လှည်းရ ကျိုးဖလ

ထို ရွှေသိမ်တော်ဘုရား၏ အနီး၌ ရှေးအခါက ရှမ်းရွာကြီး တရွာ တည်ရှိခဲ့ပါသတဲ့။ ထိုရွာသူ အမယ်ကြီး တယောက်သည် ရွှေသိမ်တော်ဘုရားမှာ တံမြက်လှည်း ကုသိုလ် ပြုခဲ့ဘူးသောကြောင့် သေသောအခါ နတ်ပြည်မှာ စံစားခဲ့ရ၍ ထိုဘုရားနှင့် ၂-ဖာလုံခန့် ဝေးသော ဖျောက်ဆိပ်ကုန်း ရွာ၌ အသည်ကြီး ဦ ထွား၏ ဇနီးကြင်ယာ "မယ်အိ" ဟူသော အမည်ဖြင့် လူ့ပြည်မှာ တဖန်ဖြစ်ရပြန်ကြောင်းကို ဇာတိသရညာဏ်အားဖြင့် ပြန်ကြား၍ ပြောဆိုကြောင်း တဆင့်စကား ကြားသိရဘူးသည်။

## တူးဖော်၍ သုတေသန ပြုသင့်သော တိမ်းရင်းရာဇဂြိုဟ် မြို့ဟောင်း

ဤဆိုခဲ့ပြီးသော တိမ်းရင်းရာဇဂြိုဟ်မြို့၏ အကြောင်း ပေါ်ရာဏ စကားတို့ကို ခိုင်ခန့်အောင် သုတေသနပြုကြရန် သက်သေခံ ပစ္စည်းများကို တင်ပြ လိုပါသည်။ မြို့ဟောင်းနေရာကို တူးဖော်ကြည့်ရာ အရိုးအိုးယ်၌ ထည့်ထားသော ရှေး ကျောက်လက်ကောက်ကြီးများကို တွေ့ရသည်။ ယခု လူတို့ထက် ကြီးထွားသော လူရိုးကြီးများကိုလည်း တွေ့ရှိရပေသည်။ တွေ့ရှိရသော နေရာမှာ "ဥမင်ရိုးချောင်" ဟု ခေါ်သော နေရာဖြစ်ပါသည်။

ထိုနေရာသည် မြို့ရိုး၏ အပြင်ဘက် အနောက်တောင်ထောင့် အရပ်၌ တည်ရှိပါသည်။ ထိုနေရာ၌ ထွက်ဝင်ရန် တံခါးပေါက်ကိုလည်း တွေ့ရှိရပါသည်၊ ထို့ကြောင့် သင်းချိုင်းကော်နေရာ ဖြစ်သည်ဟု ယူဆရပါသည်။ ဤမြို့ဟောင်းကို ဆက်လက်တူးဖော်၍ သုတေသန ပြုသင့်ပါသည်။

## မောင်တော် နှမတော် နတ်ပွဲ ယခုတိုင် ခြိမ့်ခြိမ့်သဲ

ထိုနာဂဒါသမင်းနှင့် နှမတော် သီဝလိဒေဝီတို့သည် သေသည်၏ အခြားမဲ့၌ နတ်မောင်နှမ ဖြစ်ကြရရှာ၏။ ၎င်းတို့ကို "အုံးတွင်း မင်း

မောင်တော် နှမတော်” ဟု ယခုတိုင် ခေါ်ဝေါ်သမုတ်လျက် ရှိကြပါသည်။

နှမတော်မှာ တိမ်းရင်းမြို့၏ အရှေ့တောင်ထောင့် နန်းဦးဘုရားခေါ်တွင်သော မြတ်ဆိပ် ဘုရားအနီး၌ နတ်ကွန်း နတ်နန်းဖြင့် စံနေ၏။ ယခုအခါ လူအများက “ဒို့ခင်မကြီး” ဟု ခေါ်ကြ၏။ နှစ်စဉ်မပျက် တန်ခူးလဆန်း (၉) ရက် နေ့တိုင်း နတ်ပွဲကြီး ပြုလုပ်၍ အရပ်ရပ်မှ ရောက်လာကြကာ ကြီးကျယ်စွာ ပူဇော် ပ,သ, တင်မြှောက်နေကြ၏။

မောင်တော်မှာကား တိမ်းရင်းမြို့နှင့် ၃-မိုင်ခန့် အကွာ တွင်းတောင်ရွာ၌ နတ်ကွန်း နတ်နန်းနှင့် စံနေသည်။ ပွဲတော်များမှာ ဝါဆိုလဆန်း ၁၀-ရက်နေ့၌ “ထန်းမ” ပွဲတော်တကြိမ်၊ တပေါင်းလဆန်း ၁၀-ရက်နေ့၌ “ထန်းဖို” ပွဲတော်တကြိမ်၊ ဤသို့ အချိန်မှန်မှန် ထုံးစံမပျက် သားစဉ်မြေးဆက် ယခုထက်တိုင် ပွဲသဘင် ကျင်းပလျက် တင်မြှောက်ကြရ၏။

**မှတ်ချက်။** ။ဤဖော်ပြပြီး နာဂဒါသမင်း၊ သီဝလိဒေဝီတို့နှင့် တိမ်းရင်း ရာဇဂြိုဟ်မြို့တို့ အကြောင်း သံပိုင်း ကျောက်စာများ၌မူ မတွေ့ရှိရသေးပါ။ ပေါရာဏ အဆင့်စကားမျှသာ ဖြစ်ပါသည်။ သမိုင်းဝင် ခေတ်ပုံများနှင့် သမိုင်းအကျယ်ကို ညောင်ကန် သာသနာဝင်၌ ကြည့်ရှုနိုင်ကြပါသည်။

## တော်လေးဝခေါ် – ပေါ်တော်မူ ဘုရားသမိုင်းဖွဲ့ သံချို

ဤနေရာ၌ ညောင်ကန်ရွာ၏ သမိုင်းကြောင်း ပါဝင်သော ညောင်ကန်ရွာ ရှပ်သေးလက်စွဲ သံချိုကိုင် ဆရာ-ဆရာကောက် ရေးဖွဲ့သည့် ‘မွေ့ရှင်တော်၊ ရှင်တော်မွေ့၊ တော်မွေ့ရှင်၊ ရှာမွေ့တော်’ဟူသော “တော်လေးဝဘုရားခေါ် ပေါ်တော်မူစေတီသမိုင်းဖွဲ့ သံချိုစာချိုး”ကို ဖော်ပြပါဦးမည်။ ဤပေါ်တော်မူ ဘုရားသမိုင်းကို ဖော်ပြပြီး ဖြစ်ပါသည်။

* ပဥ္စမ ကမ္ဘာ-ဟိုက၊ ရာဇဂြိုဟ်ရိပ်ဖြူထီး၊ မင်းကြီးဗိမ္ဗိသာရရဲ့၊ သားရတနာ မျှားစွာဖျက်ကြ၊ ငါးဆက်တိုင် ပဥ္စမေပ၊ အဖသုတ်သင် သတ်သည်ဟု၊ မှူးမတ်စုံတိုင်ပင်၍၊ ယူငင်ကာ ကျူပင်ခုတ်သည့်နှယ်၊ တပ်အုပ်ဟာ မောင်အကြီးသာပ၊ ဆောင်သီးစံ ဘဂိနီတို့နှင့်၊ မိတ်မာဂဏ် အရည်ကြောင့်၊ ယုံကြည်စွာ ဗိုလ်ခြေနှင့် ပြေးခဲ့ကြ၊ ဟို-ရှေးပေါရာဏ ပြောရှာကြ စကားစဉ်။

* စခန်းရောက်သမျှ (ရယ်နှင့်)၊ ကွန်းကောက်ကို စာမသ,ပြီဘု၊ ဌာနရွှေကန်သို့ နီးသောအခါ၊ ခရီးမော်အမြင်က၊ စီးတော်ဆင်ဆဒ္ဒန္တ တို့နှင့်၊ ကျော်လောက်စွာ ရောက်လှာကြ၊ နမမောင်ရန်ကို ဆို,မည်ဟု၊ ခံမြို့တည်အခြေပြုမိမှ၊ ပြည်လူ့ခွင် ဘဝခြားကြတော့၊ နှစ်ပါးတူသမေန ပေပ၊ ဒေဝဘုံမှာ ဖြစ်ရှာကြ၊ ကုန်ချစ်ခင် မောင်အရင်း၊ နတ်တွင်း တောင် စံပျော်၍၊ နမတော်မြို့ရာဟောင်း၊ တောင်စောင်းသေလာက အနီးတွင်မှ ကွန်းနှင့်ရှင်။

* တစိတ်တဒေသံပ၊ ရွှေကန်မြေမှုန်သည့် နိမိတ်ဟာမို၊ အနိဋ္ဌာ ရန်ဗလဝတွေ့တို၊ ကြံကြလာ မအောင်ဘု၊ မြန်မာ့ဘောင် ဩဘာမွှေး သော်လည်း နှစ်လေးဆယ် ခုနစ်ခု၊ အမှုကြုံ သတ္တဝါတို၊ ပြေရွာပါ ကြေကာ့ ပျက်တော့၊ အထက် ဟိုအခါကလို၊ မသက်သာ ပွတ်ကာထ၊ ဒမြခိုးသူမှောင့်၊ စောင့်ကြလူမသမာတို၊ ထောင့်နှစ်ရာ ငါးဆယ်ပြေ တွင်မှ၊ ချမ်းမြေ့သာသနာရောင်ကြောင့်၊ ရွှာညောင်-ဝါပြောင် လွှမ်း ထွန်းချင်လို့၊ ရှုရက်ပင် ခုမျက်မြင်ကျော်ကြား။

* ဥပပတ်နှယ် အဝင်ပ၊ နတ်မယ်ရှင် ပျော်စံရပ်၊ မွေ့မာတ် စုံသရီနှင့်၊ ဖျားစေတီပလ္လင်စွန်း၊ တင်ဆွမ်းဖြူညောင်ရေနှင့် ရွှောင်မသေ့ အောင်စေ ကြောင်းသာပ၊ ရပ်ပေါင်းစုံဇမ္ဗူလာခဲ့ကြ၊ နတ်ပေါင်းကုန် လူပြဟ္မာတို ကြည်ဖြူစွာ လှူဒါ ကပ်,လှာကြ၊ ဒြပ်တေဇော်ထင်လို့၊ မွေ့တော်ရှင် ပေါ်ထင်လှာရ၊ ပျော်ရွှင်စွာ ဝင်ကာဖူးလှာကြ၊ အထူးတော်စရာပ၊ ကြော်ငြာစာ နံပတ်ရေးခဲ့မယ်၊ ရပ်ဝေးတနယ်နှင့်၊ ပတ်လေးလယ် ဘေး ဖယ်လို့ လင်းရအောင်၊ ညောင်ရွှာ- ရောင်ဝါ ပွင့်လှတယ်၊ (အိုကွယ်) ရှေးမင်းမြတ်ဘုရား။

## တိမ်းရင်းမြို့ပျက်ရာ–ညောင်ကန်ရွာတည်ခြင်း

မောင်တော် နာဂဒါသမင်းနှင့် နှမတော်သီဝလိဒေဝီတို့တည်ထောင် စိုးစံခဲ့ကြသော တိမ်းရင်းရာဇဂြိုဟ်မြို့သည်လည်း သင်္ခါရသဘောကြောင့် ပျက်စီးခဲ့ရ လေသည်။ ထိုအခါ ၎င်းတိမ်းရင်းမြို့မှ အရှေ့မြောက်အရပ် တမိုင်ခန့်အကွာ သာယာနုပျို အလွန်စိုပြည်သောဒေသ၌ ရွာကြီးတရွာ တည်ဖန် ဖြစ်ပေါ်လာရပြန်၏။ ထိုရွာကြီးကား ညောင်ကန်ရွာကြီးပင် ဖြစ်ပါသတည်း။

## ညောင်ကန်ဟူသည်

၎င်းရွာသစ်တည်စ–ကာလက ဗောဓိညောင်ပင်နှင့်မုစ္စလိန္ဒာအိုင်ပမာ ညောင်ပင်ကြီးနှင့် ရေကန်ကြီး တည်ရှိကြခြင်း တည်းဟူသော ဗျူပ္ပတ္တိ နိမိတ် အကြောင်းဟိတ်ကို အစွဲပြုကာ ၎င်းရွာကို "ညောင်ကန်ရွာ"ဟု ခေါ်ဝေါ် သမုတ်အပ်သည်။

ထို့ကြောင့်ပင် ညောင်ကန်ဆရာတော် ဦးဗုဓ်အရှင်မြတ်က ထိုပါဠိ အဋ္ဌကထာ စသည်တို့၏ အဖွင့်မြန်မာပြန် (နိဿယ) ကျမ်းတို့၌ ဤသို့ ကမ္ပည်းတင်တော်မူခဲ့သည်။

၁။ မြွေသည် ဖားကို၊ ကြောင်သည် ကြွက်ကို၊ ကျားသည် သမင်ကို အောင်မြင်ရာဖြစ်၍ ကပိလရှင်ရသေ့၏ ကျောင်းသင်္ခမ်းရာ မြေ နှင့်တူသော ရန်သူတို့သည် မအောင်အပ်သော ဤမြေအရပ်၌ ညောင်ဗုဒ္ဓဟောပင် ပေါက်ရောက်ပြီ။

၂။ ဗောဓိပင်အနီး မုစ္စလိန္ဒာအိုင်နှင့်တူ၍ ရေများစွာရှိသောကန်ကြီး သည် ဖြစ်လတ်လေပြီ။

၃။ ဗောဓိညောင်နှင့် ရေကန်တို့ကို အမှီပြု၍ ခပ်သိမ်းသော ပြည်ကြီး အင်္ဂါနှင့် ပြည့်စုံသော ပြည်ကြီးသည် (ရှေးက) ဖြစ်ခဲ့ဘူးပြီ။

၄။ ထိုပြည်ကြီးသူတို့၏ ကောင်းမှု ကုန်ခြင်းကြောင့် ပျက်စီးလတ် သော် ထို"ညောင်ကန်" ဟူသော အမည်ဖြင့် ထင်ရှားသော ရတနာမျိုးစုံနှင့် ပြည့်စုံသော နိဂုမ်း (ညောင်ကန်ရွာ) ကြီးသည် ဖြစ်ပေါ်လတ်လေပြီ။

နိဿယကျမ်းများ၏ နိဂုမ်းဂါထာတို့မှ မြန်မာပြန်ဆိုချက် ဖြစ်ပါသည်)

## တော် ၄–လုံး၊ ကုန်း ၄–တန်၊ ကန် ၄–ကန်တို့ ဝန်းရံပတ်ကာ ညောင်ကန်ရွာ

ထိုသည့် ညောင်ကန်ရွာကြီးသည် တော် ၄–လုံး၊ ကုန်း ၄–တန်၊ ကန် ၄–ကန်တို့ဖြင့် ဝန်းရံပတ်ကာ သာယာထူးခြား ဆန်းပြားတင့်တယ် ဂုဏ်ပေါင်းကြွယ်သည့် နိဂုမ်းရွာကြီးပေတည်း။ ၎င်းတို့ကို အစဉ်အတိုင်း ဖော်ပြပါဦးမည်။

### တော် ၄–လုံး

၁။ **ရွှေသိမ်တော်**။ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက် တောင်ထောင့်မှာ တည်ရှိ၏။ ၎င်းကို ဖော်ပြခဲ့ပြီးပါပြီ။

၂။ **မွေအံတော်**။ ၎င်းမှာ ညောင်ကန်ရွာတွင်း အရှေ့ပိုင်း ရွှေအံတော်ရပ်မှာ တည်ရှိပါသည်။ ယခုလူတို့က 'ရွှေအံတော်ဘုရား'ဟု ခေါ်ကြသည်။ ၎င်းဘုရားကို 'ရွှေအံတော်ရပ် ဝတ်အသင်း' က ကြီးမှူး၍ ၁၂၉၄-ခုနှစ်က အသစ်ထပ်မံ ပြုပြင်ထားကြ၏။

၃။ **မွေရှင်တော်**။ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက် တောင် အရပ်၌ တည်ရှိသည်။ ၎င်းမှာ ဖော်ပြပြီး 'မွေရှင်ကော်ဘုရား' ခေါ် 'ပေါ်တော်မူဘုရားပင်'တည်း။

၄။ **ချောင်းမွှာမွေတော်**။ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက် မြောက်အရပ်၌ တည်ရှိသည်။ ၎င်းဘုရားကို ချောင်းနှစ်မွှာကွဲ သောသံဖိုလ်ချောင်းထိပ်၌ တည်ထားသောကြောင့် "ချောင်းမွှာ မွေတော်"ဟု ရှေးကခေါ်ကြ၏။ ယခုရှင်လူတို့ကမူ "ချောင်းမ မွေတော်ဘုရား" ဟု ခေါ်ကြသည်။ ဤသည်တို့ကား တော် ၄-လုံးတို့ပေတည်း။

### ကုန်း ၄-တန်

၁။ **သိမ်တော်ကုန်း**။ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက်မြောက် အရပ်၌ ရှိသည်။ ၎င်းသိမ်ကြီးမှာ အလျား ၂၂-တောင်၊ အနံ ၁၇-တောင်ရှိသည်။ ယခုအခါ ကျောက်တိုင် လုံးပတ် ၈-ထွာ၊ အမြင့်

၂-တောင်သာ မြေထက်မှာ ပေါ်တော့သည်။ (၎င်းသိမ်ကြီးကိုမည်သည့်အချိန်က မည်သူများ ပြုလုပ်လှူဒါန်း သမုတ်ကြောင်းကို စုံစမ်း၍ မရသေးပါ။)

၂။ **ကျောက်မျက်ကုန်း**။ ၎င်းမှာ ညောင်ကန်ရွာ၏ အရှေ့မြောက်အရပ်၌ ရှိသည်။ ၎င်းကျောက်မျက်ကုန်းမှာ ရှေးအခါက ပတ္တမြားတုံးစတင် ပေါ်ထွက်ရာဖြစ်၍ "ကျောက်မျက်ကုန်း" ဟု ခေါ်ကြသည်။ နောင်အခါ ကျောင်းကန် ဘုရားတို့ဖြင့် စည်ကားခဲ့ရာမှ ပျက်ပြားခဲ့ရသောကြောင့် "ကျောင်းပျက်ကုန်း" ဟု ခေါ်ကြ၏။ ၎င်းကုန်း၌ ဘုရားတဆူ ရှိသည်။

၃။ **ကန်တော်ကုန်း**။ ၎င်းမှာ ညောင်ကန်ရွာ၏ မြောက်အရပ်၌ရှိသည်။ ၎င်းကန်တော်ကုန်းမှာ ရှေးအခါ ဝန်မင်း ဦးတာလက်ထက်က စာရေးတန်ပွဲကြီး ပြုလုပ်ခဲ့ဘူးသည်။ ယခုခါ တိုက်သူကြီး ဦးစိန် လက်ထက်၌ ကန်တည်လိုက်သဖြင့် "ကန်သာကြီး" ဖြစ်၍ နေလေသည်။

၄။ **မြင်းဖြူကုန်း**။ ၎င်းမှာ ညောင်ကန် ရွာ၏ အနောက်တောင်အရပ်၌ ရှိသည်။ ဤသည်တို့ကား ကုန်း ၄-တန်တို့ပင်တည်း။

## ကန် ၄-ကန်

၁။ **သိရိနန္ဒာကန်တော်**။ ၎င်းမှာ ညောင်ကန်ရွာ၏ မြောက်အရပ်၌ ရှိသည်။ ၎င်းကို ယခု လူတို့က "သုံးထပ်ကန်ကြီး" ဟု ခေါ်ကြသည်။

၂။ **ဇေယျနန္ဒာကန်တော်**။ ၎င်းမှာ ညောင်ကန်ရွာ၏ အနောက်အရပ်၌ ရှိ၏။ ၎င်းကို ယခုလူတို့က အုဌ်ကျောင်းအနီး တည်ရှိသောကြောင့် သမိပူပစာအားဖြင့် "အုဌ်ကျောင်းကန်" ဟု ခေါ်ကြ၏။

၃။ **ကြက်သွန်ကန်**။ ၎င်းမှာ ညောင်ကန် ရွာ၏ တောင်အရပ်၌ ရှိသည်။

၄။ **ကန်သာကြီး**။ ၎င်းမှာ ညောင်ကန်ရွာ၏တောင်အရပ်၌ရှိသည်။ (ဖော်ပြပြီး ကန်တော်ကြီးကုန်းနှင့် အတူပင်တည်း။)

ထိုကန်တော်များသည် မြောက်နန်းတော် မိဖုရား၏ ကုသိုလ်တော်များဖြစ်ကြသည်။ ('ညောင်ကန် သာသနာဝင်'မှာ ၂၁-မှ ၃၄-အထိ ရှုပါ)။ ဤသည်တို့ကား ကန် ၄-ကန်တို့ ပေတည်း။

## ဘုရားစေတီတော်ခေတ် ဝန်းပတ်ရံကာ မြတ်ညောင်ကန်ရွာ

ညောင်ကန်ရွာကား ဘုရားစေတီတော်ခေတ် ဝန်းပတ်ရံကာ မြတ်ညောင်ကန်ရွာကြီးလည်း ဖြစ်ပါသည်။ ၎င်းဘုရားစေတီ တော်ပေါင်းများစွာတို့တွင် ဖော်ပြပြီး ဘုရား စေတီတော်များနှင့် မထင်မရှားလှသော ဘုရားစေတီတို့ကို ခြင်းချန်ထားခဲ့၍ သမိုင်းဝင်ထင်ရှားသော စေတီတော်တို့ကိုသာ ထုတ်ဖော်ပြပါဦးမည်။

### လောကမှန်ကူဘုရား

သက္ကရာဇ် ၁၁၁၀-ခုနှစ်၌ ကျော်အောင်စံထား ဆရာတော်သည် ညောင်ကန်ရွာသို့ ကြွလာတော်မူ၏။ ဆရာတော်သည် ညောင်ကန်ရွာသူရွာသား နယ်သူနယ်သား ခုနစ်ရက်သားသမီးတို့အား အန္တရာယ်ခပင်း ရန်စွယ်ရှင်း စေလိုတော်မူ၏။ လောကီ လောကုတ္တရာ မင်္ဂလာကောင်းကျိုးချမ်းသာများ တိုးပွါးစေလိုတော်မူ၏။ ထို့ကြောင့် ရပ်ရွာနယ်ပယ် ဒကာ ဒကာမတို့အား ညောင်ကန်ရွာ၏ 'တေဇ' ကျသော အနောက်မြောက်အရပ်၌ လောကမှန်ကူဘုရားကို တည်ထားကိုးကွယ်ရန် ညွှန်ကြားတော်မူသည်။ ဆရာတော်၏ ညွှန်ကြားချက် ဩဝါဒအတိုင်း ဒကာ ဒကာမတို့ကလည်း တည်ထားကိုးကွယ်ကြလေသည်။ ၎င်းစေတီတော် ဘုရားကား 'လောကမှန်ကူ စေတီတော်မြတ်ပင်'ဖြစ်တော့သည်။

### ရတနာမဥ္ဇူဘုရား

ရှေးအခါက မင်းဖေတော်တဖော်သည် မိမိ၏ကျေးဇူးရှင် ဆရာတော်ကို ကျေးဇူးဆပ်သောအားဖြင့် ကျောင်းတိုက်တတိုက်ကို ဆောက်လုပ်လှူဒါန်း၏။ ထိုကျောင်းတော်ဦး၌လည်း ထူးမြတ်သပ္ပါယ် ကြည်ညိုဖွယ်သော စေတီတော်ကြီးတဆူကိုလည်း တည်ထား၏။ ထိုစေတီတော်၏

လိုဏ်ဂူတော်အတွင်း၌လည်း ရုပ်ပွါးတော်တဆူကိုလည်း သွင်းထား ပူဇော်၏။ စေတီတော် တံတိုင်းအတွင်းပတ်လည်၌ ဥမင်လိုဏ်များ ပြုလုပ်၏။ ထိုလိုဏ်အတွင်းတို့၌ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော်ဘုရားရှင် တို့နှင့်တကွ အသီတိ=ရှစ်ကျိပ် ရဟန္တာ အရှင်မြတ်တို့၏ ရုပ်ပွါးတော် တို့ကိုပါ သွတ်သွင်းပူဇော်၏။

ကျေးဇူးရှင် ဆရာတော်၏ ဘွဲ့တော်မှာ 'ဦးမဉ္ဇူ'ဖြစ်၍ ဘုရား၏ ဘွဲ့တော်ကိုလည်း 'ရတနာမဉ္ဇူ'ဟု ကမ္ပည်းထိုးလေသည်။ ထိုဘုရားကို အကြောင်းပြု၍ ကျောင်းတိုက်၏ အမည်ကိုလည်း "ရတနာမဉ္ဇူကျောင်း တိုက်"ဟု ကမ္ပည်းထိုးလေသည်။

## ရှစ်မျက်နှာဘုရား

ရှေးအခါက ညောင်ကန်ဆရာတော် ဦးသူသည် မိစ္ဆာနတ် ကိုးကွယ် ကြသော ရပ်သူရွာသားတို့အား မိစ္ဆာနတ် ကိုးကွယ်မှုလွတ်ကင်းအောင် သူတို့ ကိုးကွယ်လိုသော မိစ္ဆာနတ်ကို ဥပါယ်တမည်ဖြင့် ပယ်ဖျောက်ရန် ဩဝါဒပေး၍ ဤဂြိုဟ်ကြီး ၈-လုံးပါသော ရှစ်မျက်နှာဘုရားကို တည် ထားဆည်းကပ် အမြတ်ပွါးစေတော်မူ၏။

ထိုအခါမှစ၍ ညောင်ကန်ရွာ၏ အရှေ့တောင်အရပ်၌ တည်ရှိသော ဤဘုရားကို "ရှစ်မျက်နှာဘုရား"ဟူ၍၎င်း၊ ထိုဘုရားတည်ရှိရာကျောင်း တိုက်ကို "ရှစ်မျက်နှာကျောင်းတိုက်"ဟူ၍၎င်း ခေါ်တွင်စရာ ပေါ်လွင် လာခဲ့လေသည်။

## စစ်ကိုင်းဝန်ဘုရား

သက္ကရာဇ် ၁၁၈၁-ခုနှစ် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် လက်ထက်တော်၌ စစ်ကိုင်းဝန်က နတ်မှုံ နတ်လှေတားနှင့်တကွ အခံ တံတိုင်း မီးတားပါပြုလုပ်၍ စေတီတော်တဆူတည်ကာ ပူဇော်လေ သည်။ ၎င်းစေတီတော်ကို ဘုရားဒကာကို အကြောင်းပြု၍"စစ်ကိုင်းဝန် ဘုရား"ဟု ခေါ်ဝေါ်ကြ၏။

## အင်းဝဝန်ဘုရား

သက္ကရာဇ် ၁၁၉၈-ခုနှ ရတနာပူရ အင်းဝမြို့၌ နန်းတက်တော်မူသော ကုန်းဘောင်မင်းလက်ထက် အင်းဝဝန် ဦးထွေးက ရွှေစည်းခုံကျောင်းတိုက်၏ အနောက်ဘက်၌ နတ်မုခ်နတ်လှေကားနှင့် စေတီတော်ဘုရားတဆူကို တည်ထားခဲ့သည်။ ၎င်းဘုရားကို ဘုရားဒကာကို အကြောင်းပြု၍ "အင်းဝဝန် ဘုရား"ဟု ခေါ်ကြသည်။

## ရွှေစည်းခုံဘုရား

သက္ကရာဇ် ၁၁၈၁-ခု ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် လက်ထက်၌ သတိုးသုဓမ္မရာဇာ သက်တော်ရှည်ဘွဲ့ခံ "ဆရာမင်းကြီး" သည် ရွှေစည်းခုံ စေတီတော်မြတ်ကြီးနှင့်တကွ ၅-ထပ်ကျောင်းကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ သောက်ရေကန်ကြီးများကို တည်ထား ဆောက်လုပ်လှူဒါန်းခဲ့၏။

ရွှေစည်းခုံဘုရားကြီးမှာ အုဋ်ဖိုပေါင်း ၁၇၂-ဖို ကုန်သည်။ ဖိနပ်တော် ၆၄-တောင်၊ အမြင့်ဉာဏ်တော် ၉၆-တောင်၊ စိန်ဖူးတော်မြတ်အထိ အတောင် ၁၀၀-ကျော်ရှိ၍ အလုံအထက် တိုက်နယ်၌ အကြီးမြင့်ဆုံး စေတီတော်ကြီးဖြစ်သည်။ ဤတား ညောင်ကန်ရွာရှိ သမိုင်းဝင်ထင်ရှားသော စေတီတော်ဘုရားများပေတည်း။

## သာသနာပြုအကျော် ဆရာတော်များ
## ထွန်းကားပျော်ရာ· မြတ်ညောင်ကန်ရွာ

ညောင်ကန်ရွာ၌ ဖော်ပြပြီး တော်(၄)လုံး၊ ကုန်းလေးတန်၊ ကန်လေးကန်တို့အပြင် ဘုရားစေတီတော်ခေတ်တို့ ဝန်းပတ်ရံကာ လွန်သာယာသော မြတ်ညောင်ကန်ရွာကြီးဖြစ်နေသည်မှာ အဘယ်ကြောင့်ပါနည်း။ အကြောင်းကား ဤညောင်ကန်ရွာ၌ သာသနာပြု အာဇာနည် ဆရာတော်များ ထွန်းကား ပျော်မွေ့တော် မူခဲ့ကြသောကြောင့်တည်း။ မှန်ပါသည်၊ 'ရတနာရှိရာ ရတနာစု'ဆိုသည့်အတိုင်း ထိုသာသနာပြုအာဇာနည်ဆရာတော်တို့၏ ဩဝါဒရတနာများရှိရာ ညောင်ကန်ရွာသို့ ထိုဆရာတော်တို့ကို ဖူးမြော်ရန် ယိုဆရာတော်တို့၏ ဩဝါဒကို

နာကြားရန် သာသနမာမက သူတော်စင်တို့သည် ရောက်လာကြရသည်။ ထိုထိုရောက်လာသူတို့သည်ရင်း ညောင်ကန်၌ရှိယင်း သူတော်စင် ဒကာ-ဒကာမတို့သည်ရင်း ထိုဆရာတော် သာသနာ့ အာဇာနည်တို့ကို ဖူးမြော်ကြရသည်။ ထိုဆရာတော်တို့၏ ဩဝါဒစကားကိုလည်း နာကြားကြရသည်။ ထို့ကြောင့် သူတော်စင်တို့မှာ သဒ္ဓါပွါးကာ ဤတော် (၄)လုံး၊ ကုန်း (၄)တန်၊ ကန်(၄)ကန်တို့အပြင် ဘုရားစေတီတော်ဓာတ်တို့ ဝန်းပတ်ရံကာသည့် လွန်သာယာသော မြတ်ညောင်ကန်ရွာကြီးဖြစ်အောင် လှူဒါန်းပူဇော်ထားကြခြင်း မဟုတ်ပါလော။

ထိုသို့ညွှန်ကြား ဩဝါဒပေးသနားယင်း သာသနာပြုတော်မူခဲ့ကြသော သာသနာ့အာဇာနည် ဆရာတော်တို့ကို ဤ၌ အစဉ်အတိုင်း ဖော်ပြလိုက်ပါဦးမည်။

## ညောင်ကန် သာသနာ အစ
## အရှင်ဣန္ဒဝံသ

ဤ၌ ယင်းတို့တွင် ညောင်ကန်ရွာ၌ သာသနာ အစစ်အမှန်ကို ညွှန်ကြားခဲ့သော ညောင်ကန်သာသနာအစ ရှင်ဣန္ဒဝံသမှစ၍ ထင်ရှားသော သာသနာပြု အာဇာနည် ဆရာတော်တို့ကို ဖော်ပြပါဦးမည်။

ရှေးအခါက ညောင်ကန်ရွာ၌ ရွာသူရွာသား တို့သည် ပွဲကျောင်းအနွယ် ဘုန်းတော်ကြီးများကိုသာ ကိုးကွယ် ဆည်းကပ် ကြရကုန်သည်။ သာသနာတော်သည် ကြည်လင်သန့်ရှင်း ထွန်းကားခြင်းသို့ ရောက်လုလုအခါ၌ ညောင်ကန်ရွာ၏ အရှေ့မြောက် အရပ်ဝယ် အလုံ့ တပြောင်ပြောင် တောက်နေသော ပတ္တမြားတုံးသည် တလလျှင် တကြိမ်နှစ်ကြိမ်ကျ နှစ်-လရှည်လျားစွာ ကောင်းကင်သို့ ပျံတက်၍ ညောင်ကန်ရွာ၏ အနောက်မြောက်ယွန်းယွန်း၌ ကျသည်ကို မြင်တွေ့ကြသော ပညာရှိတို့က ဤအရပ်၌ဘုန်းကြီးသော သီလဝန် ဂုဏဝန် ပုဂ္ဂိုလ်မွန်တို့ ဖြစ်ထွန်းလိမ့်မည်ဟု ဆိုကြကုန်၏။

## ညောင်ကန် သူကြီးသား ၃-ဦး

မှန်၏။ ထိုအခါက ညောင်ကန်ရွာသူကြီး၌ ကုလားညို၊ ကုလားဖြူ၊ ကုလားသာဟု သားသုံးယောက်ရှိ၏။ ထိုသားသုံးယောက်တို့တွင် သား

အကြီး ကုလားညိုသည် အဖေသူကြီး ကွယ်လွန်သော် အဖအရာ ညောင်ကန်ရွာကို အုပ်ချုပ်၍ သူကြီးလုပ်သည်။

သားအလတ် ကုလားဖြူနှင့် သားအငယ် ကုလားသာ နှစ်ယောက်မူကား ဝဋ္ဋဆင်းရဲကို ငြီးငွေ့သောကြောင့် တောင်ဘီလာ အကျော် တိပိဋကာလင်္ကာရ ဆရာတော်၏ အဆက်အနွယ် ညောင်ကန်ရွာ၏ အရှေ့မြောက်ထောင့် ပတ္တမြားတုံး စတင်ထွက်ပေါ်ရာ ကျောက်မျက်ကုန်းအရပ်၌ စာပေပို့ချ နေထိုင်သော အရှင် ကလျာဏဓဇထံ၌ သာမဏေအဖြစ် ရဟန်းအဖြစ်ကို ယူ၍ စာပေ သင်ကြားတော်မူကြ၏။ ယင်း ၂-ပါးတို့တွင် နောင်တော် ရဟန်းတော်သည် ညောင်ကန်ရွာမှ တာငါးရာ ဝေးကွာသော အရပ်၌ တောဝင်လေသည်။ တောရ ဆရာတော်ဟု ထင်ပေါ်ကျော်ကြား၏။ သားအငယ်ကုလားသာကား အရှင်ဣန္ဒောဘာသပင်တည်း။

## ရှင်ဣန္ဒောဘာသ စာသင်ခြင်း

ထိုအထက်ပါ အရှင်ကလျာဏဓဇ၏ တပည့် မျာ:စွာ တို့တွင် သားအငယ် ကုလားသာ ခေါ် ရှင်ဣန္ဒောဘာသလည်း ပါဝင်လေသည်။ ၎င်းညောင်ကန် အရှင် ဣန္ဒောဘာသသည် နောင်တဖန် သီဟိုဠ်ရောက် အရှင်သဒ္ဓမ္မစာရီတို့မှ ဆင်းသက်သည် ဖြစ်၍ ပိဋကတ် သုံးပုံကို တတ်မြောက်တော်မူသော ပုခန်းကြီးမြို့တောင် နောင်ဘရွာ ဘုန်းတော်ကြီး၏ တပည့် အရှင်စန္ဒိမဇ္ဈသာ၊ ၎င်း၏တပည့် အရှင်ဉာဏဝရ တို့ထံ၌ စာပေသင်ကြား တတ်မြောက်တော်မူသည်။

## ကျောင်းအလှူခံရ

ထိုအခါ ညောင်ကန်ရွာ၌ ထင်ရှားသော သူကြွယ် အသည်ကြီးက ရွာအရှေ့မြောက် ပတ္တမြားတုံးကျရာ အရပ်၌ နိမိတ်ကောင်း မင်္ဂလာကို ယူ၍ ကွန်းသုံးဆင့်ရှိသော သုံးထပ်ကျောင်းကြီးကို ဆောက်လုပ်ပြီးလျှင် တနင်္ဂနွေမင်း လက်ထက် သက္ကရာဇ် ၁၀၉၄-ခုနှစ်၌ အရှင်ဣန္ဒောဘာသအား တင်လှူသည်။

ထိုကျောင်းဒကာ အသည်ကြီးကား အင်းဝမြို့ ပဌမ အုတ်ကျောင်း ဆရာတော် ပုညာဘိသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ဦးဖိုး၏ ဘေးတော် ဖြစ်သတည်း။

## အရှင်ဣန္ဒောဘာသ စာပေချ

ညောင်ကန် အရှင်ဣန္ဒောဘာသ ဆရာတော်သည် ၎င်းကျောင်း၌ သီတင်းသုံးကာ အဝေးအနီးမှ လာရောက်ကြပြား စာသင်သားတို့အား ပါဠိ-အဋ္ဌကထာ- ဋီကာ ကျမ်းဂန်တို့ကို သင်ကြားပို့ချ သာသနာ ပြုတော်မူ၏။

## အရှင်ဣန္ဒောဘာသ၏ တပည့် သားမြေး ၂-ပါး

ထိုအရှင် ဣန္ဒောဘာသမှ ဆင်းသက်သော တပည့်အစဉ် အဆက် တို့ကား ကျမ်းဂန်အထူး တတ်မြောက်ကြ၏။ တပည့် ရှင်ကလျာဏ စက္က သည် အထူးအားဖြင့် ဝိနည်း ငါးကျမ်းကို ကျွမ်းကျင် နိုင်နင်းတော် မူ၏။

ထို ရှင်ကလျာဏစက္က၏တပည့် ရှင်လင်္ကာသာရသည် ကျမ်းဂန်အထူး တတ်မြောက်၍ ငါးရံ့မင်းပျို့၊ မဟော်ကျေးစေခဏ်းပျို့၊ မုဒုလက္ခဏ ပျို့တို့ကို ရေးသားခဲ့၏။ ၎င်းနောက် လူထွက်၍ ရတနာသိင်္ခမြို့တည် နန်းတည် အလောင်း မင်းတရားကြီး၏ သားတော်လတ် ပဒုံမြို့စား သတိုးမင်းစောထံ၌ အမှုတော် ထမ်းရွက်သည်။

ထိုအခါ ရွှေမြင်း ဆယ်တွဲလင်္ကာ၊ မနုရင်းလင်္ကာ၊ ဇယဒိသပျို့၊ ဝိဓူရပျို့၊ ဘလ္လာတိယပျို့၊ ဝေဿန္တရာပျို့၊ ဇနကပျို့၊ စစ်ကိုင်းမင်း ချောင်း ၁၂-စောင်၊ ဆင်ဖြူချောင်း၊ ရွှေနန်းဖွဲ့ မော်ကွန်း၊ အရဏ္ဏ မော်ကွန်း၊ အရဏ္ဏဂီရိ မော်ကွန်း၊ မိတ္ထီလာကန်ဖွဲ့ မော်ကွန်း၊ ရဲတင်း မော်ကွန်း၊ ရာဇဝင်သစ် ၁၅-တွဲစသော ကဗျာလင်္ကာများကို ရေးသား စီရင်၍ အမရပူရ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်း တြားကြီး လက်ထက်၌ မဟာနန္ဒ သင်္ကြန်အမည်နှင့် ကျီဝန်၊ ၎င်းနောက် မဟာစည်သူအမည်နှင့် တွင်းသင်း တိုက်ဝန်အရာများကို ခန့်ထားခြင်း ခံရသော သက္ကရာဇ် ၁၀၇၈-ခုဖွား တွင်းသင်းမင်းကြီး ( ငယ်မည် ဦးထွန်းညို) ဖြစ်လေသည်။

## ကျော်အောင်စံထားဆရာတော်ညောင်ကန်သို့ ကြွတော်မူခြင်း

ဟံသာဝတီရောက် မင်းလက်ထက် ရတနာပုံ အင်းဝ ပြည်ကြီး၌ ကျော်စော ထင်ရှားတော်မူသော ကျော်အောင် စံထားဆရာတော် သည် သက္ကရာဇ် ၁၁၁၀-ခုနှစ်၌ မင်းအိုဆရာတော် ရှင်ဂုဏာဘိလင်္ကာရ စသော ရဟန်းသံဃာတော်များနှင့်အတူ ညောင်ကန်ရွာသို့ ကြွရောက် သီတင်းသုံးတော်မူလေသည်။

ညောင်ကန်ရွာသို့ ရောက်လျှင် အရှင် ဗုဒ္ဓဃောသက တောင်း ပန်၍ ကျောင်းတိုက်အရှေ့ မျက်နှာ၌ ဝါဆိုကျောင်း ဆောက်လုပ် စေ၍ ကိုးကွယ်သည်။ ကျော်အောင်စံထား ဆရာတော်လည်း စာသင် သား သံဃာတော်တို့အား နေ့ဝါ ညဝါ စာပေတို့ကို ပို့ချတော်မူလေ သည်။

ဆရာတော်သည် ညောင်ကန်ရွာ၏ အနောက်မြောက် ထောင့်၌ လောကမှန်ကူ ရွာနံ့ဘုရားကိုလည်း ရပ်ရွာ ဒကာ, ဒကာမ တို့ကို တည်ထားကိုးကွယ်စေတော်မူ၏။ ထိုကျော်အောင်စံထား ဆရာတော် ကား ပုခန်းကြီးမြို့ အနောက်မျက်နှာ ခရီးရှစ်တိုင်ကွာသော ပိုက်သင်ရွာ ဇာတိဖြစ်၍ ၁၀၆၇-ခုနှစ်ဖွား ဖြစ်လေသည်။

ဆရာတော်သည် ညောင်ကန်ရွာ၌ ၅-ဝါပတ်လုံး သာသနာပြုတော် မူဆဲ၌ သက္ကရာဇ် ၁၁၁၅- ခုနှစ် သက်တော် ၄၈၊ ဝါတော် ၂၇-ဝါ အရ၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ (၎င်း၏ အတ္ထုပ္ပတ္တိ အကျယ်ကို ညောင်ကန် သာသနာဝင်၌ ရှုပါ။)

## ကျော်အောင်စံထား ဆရာတော်၏ တပည့် သား မြေး များ

အင်းဝမြို့မှ ကျော်အောင်စံထား ဆရာတော်နှင့်အတူ လိုက်ပါတော် မူခဲ့သော သဒ္ဓိဝိဟာရိက တပည့် ရှင်ဂုဏာလင်္ကာရသည် ဆရာတော် မရှိသည့်နောက် ၎င်းညောင်ကန်ရွာ ကျောင်း၌ပင် နေ့ဝါ ညဝါ စာပေ တို့ကို ပို့ချသီတင်းသုံးတော်မူ၏။ ထိုဆရာတော်မှာ အဋ္ဌသာလိနီ အဋ္ဌ

ကထာကို အမြဲနှုတ်ငုံ ဆောင်တော် မူသည်ဟု ကျော်ကြားသော မင်းအို ဆရာတော်ပင်တည်း။

ထိုမင်းအိုဆရာတော်၏ အလောင်းလျာကို သက္ကရာဇ် ၁၀၇၀-ခုနှစ်၌ ဖက်တောကျေးကန်ရွာ၌ ဖွားတော်မူခဲ့သည်။ ထိုမင်းအို ဆရာတော် သည် စဉ့်ကူးမင်းနှင့် ဘိုးတော် မင်းတြားကြီးတို့ နှစ်ဆက်ပင် ကိုးကွယ် ခံတော်မူခဲ့ရသည်။

ဆရာတော်သည် "ဂုဏာဘိလင်္ကာရ သဒ္ဓမ္မဇ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့် စစ်ကိုင်း မင်္ဂလာ ရွှေဘုံကျောင်းတော်ကို အလှူခံခဲ့ရ၏။

ထို့ပြင် "ဂုဏာဘိ အနန္တဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ် တော်နှင့် အမရပူရမြို့ အရှေ့မြောက်အရပ်ရှိ မင်းအိုတိုက် အောင်မြေ ဘုံကျော်ကျောင်းကိုလည်း အလှူခံခဲ့ရ၏။ ဆရာတော်သည် သက်တော် ၇၃၊ ဝါတော် ၆၃၊ သက္ကရာဇ် ၁၁၅၃-ခု၌ ဘဝနတ်ထံပျံလွန်တော်မူရ လေသည်။

ဘိုးတော် မင်းတြားလက်ထက် အလုံမြို့ ဂိုဏ်းအုပ် ဆရာတော် နိဿယည်းပြု အရှင်အဂ္ဂနှင့် အရှင်စန္ဒိမာ ဤကျမ်းတတ် နှစ်ပါးတို့သည် မင်းအိုဆရာတော်၏ တပည့်ရင်းတို့တည်း။

## ညောင်ကန် ဆရာတော် တကျိပ်နှစ်ပါး

## (၁) ဆရာတော် ဦးပျော်

ညောင်ကန် ဆရာတော် ဦးပျော်သည် သက္ကရာဇ် ၁၀၉၂-ခုနှစ်၌ ပုခန်းကြီးမြို့နယ် ခပိုရွာဝယ် ဖွားမြင်တော်မူသည်။ (ခမည်းတော် မယ်တော်အမည် မသိရပါ။) ငယ်မည်မှာ မောင်ပျော်ခေါ်၍ သက်စေ့ ရဟန်းပြုသော အရှင်ပုညသေဠ မည်ပါသည်။

## ဘွဲ့တံဆိပ်တော် ၂-ထပ်ရ

ထိုအရှင်ပုညသေဠ ဆရာတော်သည် အမရပူရ ပဋ္ဌမ မြို့တည်နန်းတည် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် ဘိုးတော်မင်းတြားကြီး လက်ထက်တော်၌ အမရပူရရွှေမြို့တော် အနောက်မျက်နှာ၌ တည်ရှိသော "သရက်တော

မင်္ဂလာဝေယံ ကျောင်းတိုက်" ၌ ပါဠိတော်-အဋ္ဌကထာ ဋီကာ- နေ့ဝါ-ညဝါတို့ ပို့ချသီတင်းသုံးတော်မူပါသည်။

ထိုအခါ ရတနာပူရ တတိယ မြို့တည် နန်းတည် ဆင်ဖြူရှင် မင်းတြားကြီး၏ "သိရိပဝရ သုဓမ္မမဟာရာဇိန္ဒာဓိပတိ" ဘွဲ့တံဆိပ်တော်ကို အလှူခံခဲ့ရပါသည်။

ထို့ပြင် "ဘိုးတော်မင်းတြားကြီးက ဆက်ကပ်သော "ဗုဒ္ဓ ရက္ခိတ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကိုလည်း အလှူခံတော်မူရသည်။

## ပြုစုခဲ့သောကျမ်း ၂-စောင်

ဆရာတော်သည် "ရာဇနာမတ္ထပကာသနီကျမ်းနှင့် အက္ခရ သမ္မောဓ သတ်ပုံကျမ်း" များကိုလည်း ရေးသား ပြုစုတော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၇၀၊ ဝါတော် ၆၀-အရ သက္ကရာဇ် ၁၁၇၂-ခု သရက်တော မင်္ဂလာဝေယံကျောင်းတိုက် အတွင်း ၃-ထပ် ကျောင်း၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## (၂) ဆရာတော် ဦးညွန့်

ညောင်ကန် ဆရာတော် ဦးညွန့်သည် သက္ကရာဇ် ၁၁၁၀-ခုနှစ်၌ မင်းအိုရွာဝယ် ဖွားမြင်တော်မူသည်။ (ခမည်းတော် မယ်တော် အမည် မသိရပါ။) ငယ်မည်မှာ မောင်ညွန့်ဖြစ်၍ သက်စေ့ ရဟန်းပြုသော် ဘွဲ့တော်မှာ အရှင် သဒ္ဓမ္မရံသီတည်း။

## နိဿယည်းဆရာအဖြစ် ခံယူရ

ဆရာတော် ဦးညွန့်သည် ဥဘတောဝိဘင်းကို ပြန်ဆို၍ အလုံ အထက်တိုက် သံဃာတော်တို့တွင် နိဿယည်း ဆရာတော်အဖြစ်ကို မောင်းထောင် ဆရာတော်ဘုရားကြီး၏ စာချွန်ပေး၍ ခန့်အပ်ချီးမြှင့်ခြင်းကို ခံယူတော်မူရသည်။

## ကျောင်းတော်နှင့် ဘွဲ့တံဆိပ်တော် ခံယူရ

သက္ကရာဇ် ၁၁၀၂-ခုနှစ်၌ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် ဖလ်နန်းရှင် မင်းတြားကြီးက ရွှေမြို့တော် အရှေ့မြောက် ယွန်းယွန်း အောင်မြေတုံကျော် ကျောင်းကော်ကြီးကို "သီရိသဒ္ဓမ္မာဘိ ပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်နှင့်တကွ ဆရာတော် ဦးညွန့်အား တင်လှူသည်။ ဆရာတော်သည် ထိုကျောင်းအလှူကို ခံယူတော်မူရပြီး ထိုကျောင်း၌ စာပေပို့ချ သီတင်းသုံးတော်မူသည်။

## ပျံလွန်တော်မူခြင်း

ထိုနောက် ဆရာတော်သည် မကျန်းမာတော်မူသဖြင့် ရွှေမြို့တော် အနောက်တောင် ယွန်းယွန်း ဘုံကျော်ကျောင်းတော်ကြီး၏ မြောက် ဘက်၌ ဆရာဝန်ကြီးက ဝါဆိုကျောင်း ဆောက်လုပ် လှူဒါန်းသဖြင့် ရွှေပြောင်း သီတင်းသုံးတော်မူစဉ် သက်တော် ၈၄၊ ဝါတော် ၆၄-ဝါအရ သက္ကရာဇ် ၁၁၉၄-ခုနှစ်၌ ဘဝနတ်ထံ ပျံလွန်တော်မူလေ သည်။

## (၃) ဆရာတော် ဦးရောင်

ညောင်ကန် ဆရာတော် ဦးရောင်သည် သက္ကရာဇ် ၁၁၁၅-ခုနှစ်၌ ရှေးအခေါ် ပဒုံမြို့ကျေး ယခုအခေါ် မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင် ကန်ရွာဝယ် ဖွားမြင်တော်မူ၏။ ငယ်မည်မှာ မောင်ရောင်တည်း။

## ရှင်ရဟန်းဘဝ

မောင်ရောင်သည် ညောင်ကန်ရွာရောက် မင်းအို ဆရာတော်ထံ၌ သာမဏေပြု၍ ရှင်ကဝိန္ဒာဘိ ဘွဲ့မည်ရ၏။ ရဟန်းဖြစ်သော် အရှင် ကဝိန္ဒာဘိတည်း။

## စာချဆရာတော်ဖြစ်ရ

အရှင် ကဝိန္ဒာဘိသည် မင်းအို ဆရာတော်ထံ၌ စာပေကျမ်းဂန် သင်ယူတတ်မြောက်သော် ညောင်ကန်ရွာ၌ စာချနေတော်မူ၏။

## ဦးတေတေး ပြောလိုက်ပါလေး

အရှင် ကဝိန္ဒာဘိသည် စာတတ်မြောက်၍ စာချဖြစ်သော်လည်း ဝါသနာဘာဂီ ဆက်တိုင်းမှီ ဆိုဘိသို့ ကိုယ်နှုတ်မူရာ ကြမ်းတမ်းတော်မူ ရကား ဆရာတော်ကို လူရှင် ရဟန်းတို့က "ဦးတေတေး" ဟု ခေါ်ဝေါ် ကြ၏။

ဆရာတော်သည် အပြင်က ဆူး အတွင်းက အနှံ့ အရသာထူးသည့် ဒူးရင်းသီးပမာ ကိုယ်နှုတ်မူရာ ကြမ်းတမ်းသော်လည်း ဆရာတော်၏ ပညာရည် ဂုဏ်သတင်း ရနံ့ကား မွှေးပျံ့လျက် ရှိချေ၏။ တနေ့သ၌ ဘိုးတော်ဦးဝိုင်းသည် နေပြည်တော်ကို လှည့်လည်ကြည့်ရှုရန် ထွက်တော် မူရာ စည်တော်ကြီးအဖွဲ့မှ လင်းကွင်းကြီး တီးသူ၏ "မောင်းထောင် တောင် ညောင်ကန်ဦးတေတေး ပြောလိုက်ပါလေး"ဟူသော တဘောင် သီချင်းသံကို ကြားသိတော်မူချက်အရ စုံစမ်းလွှတ်၍ ဦးတေတေးအား နေပြည်တော်သို့ ပင့်စေကာ ဩဝါဒါစရိယအဖြစ် ကိုးကွယ်ထား၏။

## ကျောင်းတော်နှင့် ဘွဲ့တော် အလှူခံရ

ထို့နောက် ဘိုးတော် မင်းတရားကြီး၏ မြောက် နန်းတော် မိဖုရား အိမ်ရှေ့မင်း၏ မယ်တော် "သီရိစန္ဒာရတနာဒေဝီ"က မဟာမုနိဘုရား ကြီး၏ အရှေ့ဘက်၌ "မဂ်လာဘုံကျော် ကျောင်းတော်"ကို ဆောက် လုပ်၍ ၁၁၅၃-ခု ပြာသိုလ်ဆန်း ၁၀-ရက်၊ အင်္ဂါနေ့၌ ဘိုးတော် ဦးဝိုင်း မင်းကြေးစ် ကိုယ်တိုင် "ကဝိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်တို့ကို ဆရာတော် ဦးရောင်အား ရေစက်သွန်း ချ၍ တင်လှူကြလေသည်။

## ပဌမ မောင်းထောင်ဆရာတော်နှင့် တိုင်ပင်ဖက်

ထိုအခါ ညောင်ကန်ဆရာတော် ဦးရောင်သည် သက်တော် ၃၈၊ ဝါတော် ၁၈-ဝါမျှ ရှိသေး၏။ ပဌမ မောင်းထောင်ဆရာတော် (သာသနာပိုင်) နှင့် သက်တူရွယ်တူ ဖြစ်သည့်ပြင် တိုင်ပင်ဖော် တိုင်ပင် ဖက်လည်း ဖြစ်ကြ၏။ ဆရာတော်သည် မင်းအို ဆရာတော်၏ တပည့် ရင်းလည်း ဖြစ်တော်မူသည်။

## စာပေအလင်းရောင်

ညောင်ကန်ဆရာတော် ဦးရောင်ပြုစုခဲ့သော ကျမ်းဂန်တို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ၅၅၀- နိပါတ်တော် ဝတ္ထုစကားပြေကျမ်းများ၊
၂။ သတိပဋ္ဌာန်နိဿယ၊
၃။ ဗြို့ဟတ်နိဿယ၊
၄။ ရာဇမတ္တဏ်နိဿယ၊
၅။ မဟာဝင် အဋ္ဌကထာ နိဿယ၊
၆။ သဒ္ဒါငယ်နိဿယ၊
၇။ မင်္ဂလတ္ထ ဒီပနီစကားပြေ၊
၈။ ဝံသမာလာကျမ်း၊
၉။ သင်္ချာပကာသကစာကိုယ်နိဿယ။

## ပျံလွန်တော်မူခြင်း

ထိုညောင်ကန် ဆရာတော် ဦးရောင်ခေါ် အရှင်ကဝိန္ဒာဘိသည် ပရိယတ် ပဋိပတ်တို့ကို အားထုတ်ယင်းပင် သက်တော် ၆၈၊ ဝါတော် ၄၈-အရ သက္ကရာဇ် ၁၁၈၃-ခုဌ် မင်္ဂလာဘုံကျော် ကျောင်း၌ပင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။

## အရိုးအိုးစေတီ

ကြွင်းကျန်ရစ်သော အရိုးဓာတ်ကို မန္တလေးမြို့ တောင်ပြင် ချမ်းမြသာစည် အရှေ့ပိုင်း ညောင်တန်တိုက် အနောက်ဘက် ဇွန်းစုရပ်၌ တပည့် ဒကာ-ဒကာမတို့က စေတီတော်တည်၍ ကိုးကွယ်ကြ၏။

## (၄) ဆရာတော် ဦးယာ

ဆရာတော် ဦးယာ၏ အတ္ထုပ္ပတ္တိ အတိအကျကို ရှာဖွေ၍မရပါ။ သီလဝိသောဓနီကျမ်း စာမျက်နှာ ၁၅၉-၌မူ အမရပူရ ပဋ္ဌမ မြို့တည် နန်းတည် ဘိုးတော်မင်းတြားကြီးက ညောင်ကန်ဆရာတော်ကို "ကဝိန္ဒာဘိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိရာဇဂုရု" အမည်ဖြင့် ကိုးကွယ်သည်။ မင်္ဂလာဘုံကျော်ကျောင်းကြီးကိုလည်း တင်လှူသည်။

ဆရာတော် ဦးယာကို "ပညာသီဟ မဟာဓမ္မရာဇဂုရု" ဟူသော အမည်ဖြင့် ကိုးကွယ်သည်။ ဂူကြီးတိုက်ကိုလည်း ကုတိုဆိပ် ဆရာတော် ဘုရားကြီး၏ အစွမ်းရှိ၍ နိဿယည်းပေးနေစေတော်မူသည်ဟု ပါရှိသည်။

ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီး စာမျက်နှာ ၇၂၆-၌လည်း ဂူကြီး ဆရာတော်တပါး ရှင်ပညာသီဟကို "ပညဓဇ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော်မူသည်ဟု ပါရှိပါသည်။

ညောင်ကန် ဆရာတော်ပေါင်း များစွာတို့၏ အကြောင်းအရာကို ပြဆိုရာ၌ သက္ကရာဇ် ၁၂၁၃-ခုနှစ်က "မင်းလှသီရိသီဟသူ" ရေးသားသော ရှေးနှောင်းထင်ပေါ် ဆရာတော် ၁၀၅-ပါး၊ အတ္ထုပ္ပတ္တိ အကျဉ်းချုပ်မှတ်တမ်း စာမျက်နှာ ၅၆-၌လည်း သက္ကရာဇ် ၁၁၂၁-ခုနှစ်၌ ဖွားမြင်တော်မူ၏။ နံတော် ကြာသပတေး၊ လူမည် ဦးယာ၊ အသက်စေ့ ရဟန်းပြုသည်။ ရဟန်းမည် ရှင်ပညာသီဟ၊ အမရပူရ ရွှေမြို့တော် အနောက်မျက်နှာ ပုထိုးတော်ကြီး အနောက်ဘက်ရှိ ဂူကြီး ကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသည်။

သက္ကရာဇ် ၁၁၆၃-ခု၌ လူထွက်၍ "သီရိနန္ဒသကြံန်" ဟူသော ဘွဲ့အမည်ဖြင့် မဟာဒါန်ဝန်ခန့်သည်။

၎င်းနောက် သက္ကရာဇ် ၁၁၇၆-ခု၌ မုတ္တမမြို့ရှိ ဝယ် တလိုင်း ယိုးဒယားတို့က သတ်၍သေဆုံးရ၏။

ဆရာတော် ဦးယာ၏ အကြောင်းဖြစ်စဉ်ကို ဤမျှသာတွေ့ရှိရ၏။

## (၅) ဆရာတော် ဦးသာပုံ

ညောင်ကန် ဆရာတော် ဦးသာပုံသည် သက္ကရာဇ် ၁၁၃၁-ခု၌ ရှေးအခေါ် ပဒိုမြို့ကျေး၊ ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။ ခမည်းတော် မယ်တော်အမည် မသိရပါ။

### ရှင် ရဟန်းဘဝ

မောင်သာပုံ ရှင်သာမဏေပြုသော် ဘွဲ့မည် ရှင်မုနိန္ဒတည်း။သက်စေ့ ရဟန်းပြုသော် အရှင်မုနိန္ဒသာရ တည်း၊ စာပေတတ်မြောက်သော် ညောင်ကန်ရွာ၌ပင် စာချသီတင်းသုံးတော်မူ၏။

## ကျောင်းတော်နှင့် ဘွဲ့တော် အလှူခံရ

ဆရာတော်သည် ညောင်ကန် ဆရာတော် ဦးဗုဓ်၏ ဒုတိယ ဆရာတော်လည်းဖြစ်၍ ဆရာတော် ဦးဗုဓ် ရဟန်းပြုစဉ်က ရဟန်းလောင်းဆုံးမခဲ့သည်။ ဆရာတော်သည် အမရပူရ မြို့တော်၏ အရှေ့မြောက် မဟာမုနိဘုရားကြီး၏ အရှေ့မျက်နှာတွင် တည်ရှိသော မင်္ဂလာဘုံကျော် ကျောင်းတိုက်တွင်း ဝယ် အိမ်ရှေ့မင်း မယ်တော်က ဆောက်လုပ်လှူဒါန်းသော ဘုံလေးဆင့်ရှိကျောင်း၌ သီတင်းသုံးတော်မူ၏။ "မုနိန္ဒဝရ ပရမဇေရာဇဂုရု" ဘွဲ့တံဆိပ်ကိုလည်း ရရှိတော်မူလေသည်။

## ကျမ်းသုံးစောင်

ဆရာတော်သည် ၁။ ကစ္စာယန ဘေဒနိဿယ ၂။ သဒ္ဒါ ပကာသက နိဿယ ၃။ ဝိနယသာရဂဏ္ဌိ ကျမ်းတို့ကိုလည်း ပြုစုတော်မူခဲ့သည်။ (ပျံလွန်တော်မူသည့်နှစ်ကို မသိရပါ။)

## (၆) ဆရာတော် ဦးမှတ်ကြီး

ညောင်ကန် ဆရာတော် ဦးမှတ်ကြီးသည် သက္ကရာဇ် ၁၁၃၅-ခုနှစ်၌ ရှေးအခေါ် ပဒုံမြို့ကျေး၊ ယခုအခေါ် မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။ (ခမည်းတော် မယ်တော် အမည်မသိရပါ) ငယ်မည် မောင်မှတ်ကြီး မည်၏။

## ရှင် ရဟန်း ဘဝ

ရှင်ဖြစ်သော် ရှင်နရိန္ဒမည်၍ ရဟန်းဖြစ်သော် အရှင်နရိန္ဒာဘိ မည်သည်။ အရှင်နရိန္ဒာဘိသည် အရှင်သဒ္ဓရံသီ၏ တပည့် ဖြစ်လေသည်။

## စာရေးစာချ ဘွဲ့လည်းရ

အရှင်နရိန္ဒာဘိသည် စာပေတတ်မြောက်သော် ညောင်ကန်ရွာ၌ပင် စာပေပို့ချနေ၏။ ထို့ပြင် အရှင်နရိန္ဒာဘိသည် ကဗျာလင်္ကာ မေတ္တာစာ အရေးအသား ကျွမ်းကျင်လှသည်ဖြစ်၍ အမရပူရ စတုတ္ထမြို့တည် နန်းတည် (နောင်တော်ကြီးခေါ်)ဖလ်နန်းရှင်ထံသို့ မေတ္တာစာရေး၍ ဆက်သွင်း၏။

ဘကြီးတော် မင်းတြားကြီးက ကြည်ညိုရှိ၍ နေပြည်တော်သို့ပင့်သော်လည်း "ငါတို့ နေပြည်တော်မှာ မင်းဆရာနှင့်တူအောင် စာမတတ်ပါ။ မောင်ပိုးနှင့်တော်သည်။ မောင်ပိုးလိုက်သွား၊ မောင်ပိုးကိုပင့်သွားကြ" ဟု ညွှန်းတော်မူ၏။ ထို့ကြောင့် ဦးပိုး နေပြည်တော် လိုက်သွားတော်မူရ၏။

ဘကြီးတော် မင်းတြားကြီးသည် ဆရာတော်ကို နေပြည်တော်သို့ ပင့်မရ၍ နေပြည်တော်ကပင် ရည်ရေ်က "နရိန္ဒာဘိ တိသာသနဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" တံဆိပ်တော်ကို ကပ်လှူ၏။

ဆရာတော်သည် "ပဌမတရားစာ" ဟူသော ကျမ်းတကျမ်း ပြုခဲ့ဘူးသတဲ့။ ဆရာတော် ရေးသားသော "ကုလားတက် မေတ္တာစာ" ကို ညောင်ကန် သာသန ၁၀င် ၈၅၊ ၉၁-၌ ရှုပါ။ (ပျံလွန်တော်မူသော နှစ် မသိရပါ။)

## (၇) ဆရာတော် ဦးပိုး

ညောင်ကန် ဆရာတော် ဦးပိုးသည် သက္ကရာဇ် ၁၁၄၀-ခုနှစ်၌ ရှေးအခေါ်အဝေါ် ပဒုံမြို့ကျေး ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ ခမည်းတော် ဦးဖြူ မယ်တော်ဒေါ်ညက်တို့မှ ဖွားမြင်တော်မူခဲ့သည်။ ငယ်မည် မောင်ပိုးဖြစ်၍ အရှင်သဒ္ဒမ္မရံသီ၏ တပည့်ဖြစ်သည်။

## ရှင် ရဟန်းဘဝ စာပေချ

ဆရာတော်လောင်းလျာသည် ရှင်သာမဏေပြုတော် ရှင်ပုညမည်၍ ရဟန်းပြုတော် အရှင်ပုညဂုံသီမည်၏။ စာတတ်သော် ညောင်ကန်ရွာ၌ပင် စာပေပို့ချတော်မူ၏။

## ကျောင်းတော်နှင့် ဘွဲ့တံဆိပ်တော်ရ

ဆရာတော်သည် သက္ကရာဇ် ၁၁၈၁-ခု၌ ဆရာတော် ဦးမှတ်ကြီး၏ ညွှန်ကြားချက်အရ (နောင်တော်ကြီးခေါ်) ဘကြီးတော် ဖလ်နန်းရှင်က ပင့်ဆောင်၍ နေပြည်တော်သို့ ကြွရောက်သီတင်းသုံးရသည်။

၁၁၇၉-ခု၊ တပို့တွဲလဆန်း ၁၃-ရက် အင်္ဂါနေ့၌ နန်းမတော် မယ်နုက လှူဒါန်းသော အင်းဝမြို့တော်တွင်း အရှေ့မြောက်ထောင့် ထီးလှိုင်ရှင် ဘုရားအနီး ရွှေစေတီတိုက်တွင်း၌ "မဟာအောင်မြေ ဘုံစံကျောင်းတော်" နှင့် "ပုညာဘိသီရိသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ခံယူတော်မူရသည်။

## ပြုစုခဲ့သော ကျမ်းဂန်များ

ညောင်ကန်ဆရာတော် ဦးပိုးခေါ် အရှင်ပုညာဘိသည်-

၁။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာနိဿယ

၂။ သုဗောဓာလင်္ကာရ နိဿယများနှင့်

၃။ ဗုဒ္ဓပူဇာကျမ်း စသော သက္ကတကျမ်းတို့ကို ပြုစုတော်မူခဲ့သည်။

## ပျံလွန်တော်မူခြင်း

ဆရာတော်သည် သက်တော် ၅၁၊ ဝါတော် ၃၁-အရ ၁၁၉၁-ခုနှစ်၊ နယုန်တန်ခူးလဆန်း ၁၅-ရက်နေ့၌ ဘဝနတ်ထံပျံလွန်တော်မူလေသည်။

## (ဂ) ဆရာတော် ဦးဗုဓ်

ရှေးအခေါ်အဝေါ် ပဒုံမြို့ကျေးလက်၊ယာစုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကန်ရွာ သာခေါင်ရပ်၊ ခမည်းတော် ဦးအိုနှင့် မယ်တော် ဒေါ်မွေးတို့မှ သက္ကရာဇ် ၁၁၄၉-ခုနှစ်၊ နယုန်လပြည့်ကျော် ၅-ရက်၊ အင်္ဂါနေ့၌ ဆရာတော် ဦးဗုဓ်၏ လောင်းလျာ သတို့သားကို ဖွားမြင်ခဲ့သည်။ ငယ်မည် မောင်ပုပ် ဖြစ်၏။

## စာသင်ခြင်း

မောင်ပုပ်သည် ၇-နှစ်၊ ၈-နှစ်ခန့် အရွယ်၌ ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက် ဘုန်းတော်ကြီး ဦးပြေထံ၌ ပညာသင်ကြား၏။ မောင်ပုပ် ၁၃-နှစ် အရွယ်ရှိသော် ဆရာတော် ဦးပြေက ဆရာတော် ဦးသာပုံထံသို့ အပ်နှံသဖြင့် ဆရာတော် ဦးသာပုံထံ၌ ဆက်လက်ပညာသင်ကြားသည်။

ဆရာတော် ဦးသာပုံက ဉာဏ်ပညာထက်သန်သော မောင်ပုပ်ကို "မောင်ဗုဓ်"ဟု အမည်ပြောင်း၍ ချီးမြှင့်သည်။

မောင်ဗုဓ်သည် ၁၃-နှစ်အရွယ်၌ ကျောင်းသားတို့ တတ်အပ်သော ပညာစုံကို တတ်မြောက်သည်။

## ရှင် ရဟန်းအဖြစ်သို့

မောင်ဗုဓ်သည် ၁၁၆၂-ခုနှစ်ကပင် ရှင်သာမဏေဘောင် တက်ရောက်သည်။ ရှင်မည် ရှင်ဇမ္ဗုဓဇတည်း၊ ကိုရင်ဘဝဖြင့်ပင် ဉာဏ်ထက်လှသဖြင့် အများချီးကျူးခံရသည်။ အသက် ၂၀ ပြည့်သော် ၁၁၆၉-ခုနှစ်၌ ဦးသာပုံခေါ် အရှင်မုနိန္ဒသာရကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုသည်။ ရဟန်းဘွဲ့တော်လည်း အရှင်ဇမ္ဗုဓဇပင်တည်း။

## ဦးပိုးထံ စာသင်ခြင်း

ရဟန်းဘဝသို့ ရောက်သော် ဉာဏ်ပညာ ထက်သန်လှသဖြင့် ဦးသာပုံခေါ် ဆရာတော် အရှင်မုနိန္ဒသာရသည် ဟပါးတည်းစာမချနိုင်၍ အရှင်ဇမ္ဗုဓဇကို ဦးပိုးခေါ် အရှင်ပုညာဘိထံသို့ ထပ်၍ အပ်နှံတော်မူသည်။ အရှင်ဇမ္ဗုဓဇသည် ဆရာတော် ဦးပိုးထံ၌ပင် ပိဋကတ္တယ ယထာဘူတ ပါရဂူမြောက်အောင် ပညာတတ်ခဲ့လေသည်။

## မြို့ကြီးရွာသို့

အရှင်ဇမ္ဗုဓဇသည် ညောင်ကန်ရွာရှိ ဆရာတော်များထံ၌ ပညာစုံ တတ်မြောက်သော်လည်း ဝိနည်းအဆုံးအဖြတ် ကောင်းလှသည်ဟု ကျော်ကြားလှသော ဗန့်ဂျီတိုက်နယ် မြို့ကြီးရွာ ဆရာတော်ထံ၌ သိတင်းသုံးဖော် ဦးဉာဏနှင့်အတူ တဂါဆို၍ သင်ကြားခဲ့ကြသေး၏။

## ညောင်ကန်ရွာ၌ ဂိုဏ်းအုပ်တံဆိပ်ရ စာချဖြစ်ခြင်း

အရှင် ဇမ္ဗုဓဇသည် ရင်းမြို့ကြီးရွာမှ ပြန်ကြွလာပြီးနောက် ညောင်ကန်ရွာ၌ စာချနေတော်မူ၏။ ၁၁၇၁-ခုနှစ်၌ ဆရာတော် ဦးပိုးခေါ် အရှင်ပုညာဘိကို ရတနာပူရ စတုတ္ထမြို့တည် နန်းဘည့် နောင်တော်ကြီးခေါ် ဘကြီးတော် ဖလ်နန်းရှင် မင်းတြားကြီးက နေပြည်တော်သို့ ပင့်ဆောင်သွား၏။

ထို့ကြောင့် ညောင်ကန်ရွာ၌ ဂိုဏ်းအုပ် လစ်လပ်နေရာ ၁၃-ဝါရ အရှင်ဇမ္ဗုဓဇသည် ဥဘာတောဝိဘင်းကို ပြန်ဆို၍ သက္ကရာဇ် ၁၁၈၂-ခုနှစ်၌ ညောင်ကန် ဂိုဏ်းအုပ်အဖြစ် ရှက်ဆောင်တော်မူရ၏။

ထိုအခါ အရှင်ဇမ္ဗုဓဇခေါ် ဆရာတော်ဦးဗုဓ်သည် ဘကြီးတော်ဖလ်နန်းရှင်မင်းတြားကြီး၏ "စက္ကိန္ဒာဘိဓဇမဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော် ကပ်လှူခြင်းကို ခံတော်မူရသောကြောင့် တံဆိပ်ရ ဂိုဏ်းအုပ် စာချဆရာတော် ဖြစ်တော်မူ၏။

ညောင်ကန်ဆရာတော် ဦးဗုဓ်သည် ညောင်ကန်ရွာ ရတနမဉ္ဇူတိုက်ကြီး၌ သံဃာ ၃၀၀-ကျော်တို့အား စာချ၍နေတော်မူ၏။ ထိုစဉ်အခါက "ဒါနဖလပ္ပတ္တိကျမ်း"ကို ပြုစုတော်မူ၏။

## မန်းစက်တော်သို့ ဘုရားဖူးကြွ

ဆရာတော် ဦးဗုဓ်သည် ရေပုတ္တလင် ဦးဉာဏနှင့်အတူ သက္ကရာဇ် ၁၁၈၂-ခုနှစ်၌ပင် မန်းစက်တော်သို့ ဘုရားဖူးကြွတော်မူ၏။ ထိုအခါက "ခရီးသွားမှတ်တမ်းလင်္ကာနှင့်၁၀၇-ဂါထာရှိသောပဒစေတိယဝန္ဒနာ" ကို စီရင်ရေးသား၍ မန်းစက်တော်ဘုရားကို ရှိခိုးဝပ်တွားတော်မူခဲ့သည်။ (၎င်းတို့ကို ညောင်ကန်သာသနာဝင်၌ရှု)

## ဂုဏ်တော်ဖွင့်ဘုရားရှိခိုး ရေးခြင်း

ဆရာတော် ဦးဗုဓ်သည် မန်းစက်တော်မှ အပြန်၌ တူ-မောင်နီ၏ တောင်းပန်လျှောက်ထားချက်အရ " ဘုရား — တရား – သံဃာ ဂုဏ်တော်ဖွင့် ဘုရားရှိခိုးကြီး"ကို ရေးသား ချီးမြှင့်တော်မူ၏။ (၎င်းကိုလည်း ညောင်ကန် သာသနာဝင်၌ ရှုပါ။)

## အင်းဝနေပြည်တော်ကြွ ကျောင်းတော်နှင့် တံဆိပ်တော်အလှူခံရ

ဆရာတော် ဦးဗုဓ်သည် သုဓမ္မာဆရာတော်များ၏ ပိဋကတ်သုံးပုံ ခက်ရာ ခက်ဆစ်တို့ကို ၆-ရက်ပတ်လုံး ဖြေကြားပြီးနောက် သက္ကရာဇ် ၁၁၉၂-ခုနှစ်၌ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် နောင်တော်ကြီး ခေါ် ဘကြီးတော် ဖလ်နန်းရှင် မင်းတြားကြီးနှင့် နန်းမတော် မယ်နု

တို့၏ "မဟာအောင်မြေဘုံစံ အုဋ်ကျောင်းတော်ကြီးနှင့်" ဒုတိယအကြိမ်မြောက် "စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော် လှူဒါန်းခြင်းကို ခံတော်မူရလေသည်။

## ပျံလွန်တော်မူခြင်း

ညောင်ကန်ဆရာတော် ဦးဗုဓ်သည် သာသနာ့တာဝန်တို့ကို အားသွန်ဆောင်ရွက်ယင်းပင် သက်တော် ၅၅-နှစ်၊ ဝါတော် ၃၄-ဝါအရ၊ ၁၂၀၄-ခုနှစ် ဥတုဂိမှာန မွေးလမွေးနေ့ဖြစ်သော နယုန်လပြည့်ကျော် ၁-ရက်နေ့၌ ဘဝနတ်ထံ ပျံလွန်တော်မူလေသတည်း။

## အရိုးအိုးစေတီ

ဆရာတော်ဦးဗုဓ်၏ ကြွင်းကျန်ရစ်သော အရိုးဓာတ်တော်ကို ကောင်းမှုတော်ကြီးပုံအတိုင်း စေတီ တည်၍ ကိုးကွယ်ကြ၏။ ယခုထက်တိုင်ပင် မန္တလေးမြို့ ရတနာဘုမ္မိရပ် အရှေ့ပိုင်းရှိ အရိုးအိုးကြီး ခေါ်ကြသော အရပ်၊ နတ်ဝင်း အနောက်ပေါက်အထွက် ကောင်ဘက်၌ ကပ်လျက်ရှိပါသတည်း။ ဆရာတော် ဦးဗုဓ်ပြုစုသော ကျမ်းစာရင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

## ညောင်ကန်ဆရာတော်ဦးဗုဓ် ပြုစုတော်မူသော ကျမ်းများ

ဤနေရာ၌ ညောင်ကန်ဆရာတော် ဦးဗုဓ်ပြုစုတော်မူခဲ့သော ကျမ်းဂန်စာပေများကို ဖော်ပြလိုက်ပါသည်။ သာသနမာမက စာပေသုတေသီ အပေါင်းတို့သည် ကြည့်ရှုလေ့လာ၍ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့ကို အဖန်ဖန်သတိရကြ၍ သာသနာ့တာဝန်တို့ကို ဆက်လက် ကြိုးစားတော်မူနိုင်ကြပါစေ။

၁။ သမ္ဗန္ဓစိန္တာနိဿယ၊ (နံကျယ် ၁၁၇၇-ခု၊ နယုန်လပြည့် တနင်းလာနေ့ စီရင်ပြီး၊ ၃၃-ကြောင်း ပေ၊ ၃-အစ၊ ဒု-အဆုံး၊ ရွှေပိန်းချ)
၂။ နယမုခဒီပနီပါဠိ၊ နိဿယ၊ ၁၁၇၉-ခု၊ နတ်တော်လဆုတ် ၁၁-ရက် ဗုဒ္ဓဟူးနေ့၊ ဂါထာ ၁၀၇-စာမျက်နှာ ၄၅-ရှိသည်။
၃။ သံဂဏ္ဏနာနယဒီပနီပါဠိ၊ ၁၁၇၉-ခု၊ ပြာသိုလဆုတ် ၁၁-ရက်၊ ၄-ဟူးနေ့၊ ဂါထာ ၈၇-ရှိသည်။

၄။ ပိဋကဘောဒ ထေဝမနာပါဠိ, နိဿယ၊ ၁၁၇၉–ခု၊ တပို့တွဲလကွယ်၊ အင်္ဂါနေ့၊ ဂါထာ ၁၄၇၊ စာမျက်နှာ ၇၁-ရှိသည်။
၅။ နိရုတ္တိဘေဒ သင်္ဂဟပါဠိ၊ ၁၁၈၀-ပြည့်၊ ဒု-ဝါဆိုလဆန်း ၆-ရက်၊ ၄-ဟူးနေ့ ပြီး။
၆။ ပြဟ္မဇာလသုတ် နိဿယ၊ ၁၁၈၀-ပြည့်နှစ် ပြီး။
၇။ ပရိတ်ကြီး ပါဠိတော်နိဿယ၊ ၁၁၈၀-ပြည့်၊ တပို့တွဲလဆုတ် ၆-ရက်၊ ၂-လာနေ့ပြီး။
၈။ လက္ခဏာဘေဒ ဒီပနီ၊ ၁၁၈၀-ပြည့်၊ တပေါင်းလဆန်း ၃-ရက်၊ ၆-ကြာနေ့ပြီး၊ ၁၁-ကြောင်း ပေ၊ ညီ–အစ၊ ငှ-အဆုံး။
၉။ ရှုပဘေဒ ပကာသနီပါဠိ, နိဿယ၊ ၁၁၈၁-ခု၊ ပြာသိုလပြည့်၊ ၂-လာနေ့၊ ၁၁၃-ဂါထာရှိသည်။
၁၀။ ပဒစေတိယ ဝန္ဒနာပါဠိ, နိဿယ၊ ၁၁၈၂-ခု၊ တပို့တွဲလပြည့် ၄-ဟူးနေ့ ၈-ကြောင်း ပေ၊ က-အစ၊ ခ-အဆုံး၊ ၁၁၇-ဂါထာ။
၁၁။ ပစ္စယတ္ထပကာသနီပါဠိ, နိဿယ၊ ၁၁၈၂-ခု၊ တန်ခူးလပြည့်၊ စနေနေ့၊ ၁၇၃-ဂါထာ ရှိသည်။
၁၂။ ပစ္စယဏ္ဍနပကာသနီပါဠိ, နိဿယ၊ ၁၁၈၃-ခု၊ ဝါခေါင်လဆန်း ၁-ရက်၊ အင်္ဂါနေ့ပြီး။
၁၃။ နိရုတ္တိဘေဒ သင်္ဂဟနိဿယ၊ ၁၁၈၄-ခု၊ နယုန်လဆုတ် ၁၀-ရက်၊ စနေနေ့။
၁၄။ သစ္စသင်္ခေပ အဋ္ဌကထာ နိဿယ၊ ၁၁၈၄-ခုပြီး။
၁၅။ ဝိထိစိတ္တ ပကာသနီပါဠိ, နိဿယ၊ ၁၁၈၅-ခု၊ ပဌမဝါဆိုလဆုတ် ၄-ရက်၊ ၅-တေးနေ့၊ ဂါထာ ၁၆၀-ရှိသည်။
၁၆။ ရှင်မထီးသိမ် မော်ကွန်း၊ ၁၁၈၇-ခု၊ တော်သလင်း လပြည့်၊ စနေနေ့။
၁၇။ ရှုပသိဒ္ဓိစာကိုယ် နိဿယ၊ ၁၁၉၀-ပြည့်၊ ဝါခေါင်လဆန်း ၆-ရက်၊ ၅-တေးနေ့။
၁၈။ အနုမတဂ္ဂ သံယုတ်နိဿယ၊ ၁၁၉၀-ပြည့်၊ တော်သလင်းလဆန်း ၇-ရက်၊ ၄-ဟူးနေ့။

၁၉။ ရူပသိဒ္ဓိဋီကာ နိဿယ၊ ၁၁၉၁-ခု၊ သီတင်းကျွတ် လဆုတ် ၃-ရက်၊ ၆-ကြာသနေ့။

၂၀။ ဂီဟိဝိနယ သင်္ဂဟပါဠိ,နိဿယ၊ ၁၁၉၂-ခု၊ ဝါခေါင်လဆန်း ၁၃-ရက်၊ ၅-တေးနေ့၊ ဂါထာ ၆၀-ရှိသည်။

၂၁။ ဝုတ္တောဒယဆန်း နိဿယ၊ ၁၁၉၂-ခု၊ တပို့တွဲလဆုတ် ၂-ရက်၊ စနေနေ့။

၂၂။ နေတ္တိဟာရတ္တ ဒီပနီကျမ်း၊ ၁၁၉၃-ခု၊ နတ်တော်လဆန်း ၁၄-ရက်၊ ၂-လာနေ့၊ ရေဂတီနက္ခတ်တည့် မွန်းမတ်ချိန် ညအခါပြီး။

၂၃။ ဓမ္မစကြာ ပါဠိတော်နိဿယ၊ ၁၁၉၄-ခု၊ ဝါခေါင်လပြည့်၊ စနေနေ့။

၂၄။ သဒ္ဒနီတိပဒမာလာနိဿယ၊ ၁၁၉၄-ခု၊ နတ်တော်လဆုတ် ၁၀-ရက်၊ ၂-လာနေ့။

၂၅။ ကာယဝိစ္ဆိန္ဒနီယသုတ် နိဿယ၊ ၁၁၉၅-ခု၊ ဝါခေါင်လဆန်း ၁၀-ရက်၊ ၆-ကြာနေ့။

၂၆။ သတိပဋ္ဌာန် ပါဠိတော်နိဿယ၊ ၁၁၉၅-ခု၊ တပို့တွဲလဆန်း ၁၄-ရက်၊ ၅-တေးနေ့။

၂၇။ သဒ္ဒနီတိ ဓာတုမာလာ နိဿယ၊ ၁၁၉၆၊ ပ- ဝါဆိုလဆုတ် ၁၄-ရက်၊ ၆-ကြာနေ့။

၂၈။ ဘိက္ခု, ဘိက္ခုနီ ပါတိမောက် ပါဠိတော်နိဿယ၊ ၁၁၉၆-ခု၊ ဝါခေါင်လဆုတ် ၉-ရက်၊ ၄-ဟူးနေ့။

၂၉။ မဟာဇေယျဂါထာ ၅၆-ပုဒ် နိဿယ၊ ၁၁၉၇-ခု၊ သီတင်းကျွတ်လဆုတ် ၃-ရက်၊ ၆-ကြာနေ့။

၃၀။ ဥပ္ပါတသန္တိ နိဿယ၊ ၁၁၉၈-ခု၊ တန်ခူး လဆုတ် ၂-ရက်၊ ၄-ဟူးနေ့။

၃၁။ မဟာသမယသုတ် ပါဠိတော်နိဿယ၊ ၁၁၉၉-ခု၊ တော်သလင်းလဆုတ် ၁၀-ရက်၊ စနေနေ့။

၃၂။ ခုဒ္ဒသိက္ခာနိဿယ၊ ၁၂၀၀-ပြည့်၊ နယုန်လဆုတ် ၅-ရက်၊ အင်္ဂါနေ့။

၃၃။ သဒ္ဒနီတိ သုတ္တမာလာ နိဿယ၊ ၁၂၀၃-ခု၊ ဝါဆို လဆုတ် ၂-ရက်၊ တနင်္ဂနွေနေ့။
၃၄။ ထေရ, ထေရီ အပဒါန် ပါဠိတော်နိဿယ၊ ၁၂၀၀-ခုပြည့်၊ တပေါင်းလဆန်း ၁၀-ရက်၊ ကြာသပတေးနေ့၊ ၁၀-ကြောင်း ပေ၊ ခေး-အစ၊ ဗော-အဆုံး၊ ရွှေပိန်း။
၃၅။ ကဗျာသဒ္ဒ သင်္ဂဟကျမ်း၊ သန္ဓိအစ၊ အာချာတ်အဆုံး နိဂုံးမပါ၊ စာမျက်နှာ ၁၃၂။
၃၆။ ပစ္စယာကာရဒီပနီကျမ်း၊ ကျမ်းပြီးနိဂုံးမပါ ဘားနှဒ် စာကြည့်တိုက်မှာရှိသည်။ ၁၀-ကြောင်း ပေ၊ ဒီ-အစနေ့အဆုံး၊ ရွှေပိန်း။
၃၇။ ပုဒ်စစ် ကျယ်- ဦးဗုဓ်မူ။
၃၈။ အာဒိတ္တသုတ် ပါဠိတော်နိဿယ။
၃၉။ အနတ္တလက္ခဏသုတ် ပါဠိတော်နိဿယ။
၄၀။ သစ္စသံခိပ်နိဿယ။
၄၁။ သီဟိုဠ်ရာဇဝင်ချုပ်ဂါထာ ၂၀-ပါဌ်, နိဿယ။
၄၂။ ဝါတော်စဉ် ၁၃-ဂါထာပါဌ်, နိဿယ။
၄၃။ စူဠာမဏိပူဇာ ပါဌ်, နိဿယ။
၄၄။ ဓာတုပူဇာ ပါဌ်, နိဿယ။
၄၅။ သတ္တဋ္ဌာန ပါဌ်, နိဿယ။
၄၆။ အပြင်အောင်ခြင်း ပါဌ်, နိဿယ။
၄၇။ စတုရာရက္ခ မြန်မာဘာသာပြန်။
၄၈။ လောကနီတိ, ဓမ္မနီတိနိဿယ၊ ၁၁၆၉-ခု၊ ဝါဆိုလဆုတ် ၇-ရက်၊ တနင်္ဂနွေနေ့။ ၁၀-ကြောင်း ပေ၊ ခု-အစ၊ ဗု-အဆုံး၊ မျဉ်းနီ။
၄၉။ ရာဇနီတိနိဿယ။ ၁၁၉၆-ခု၊ ဒု-ဝါဆိုလဆုတ် ၁၁-ရက်၊ ကြာသပတေးနေ့၊ ၁၀-ကြောင်းပေ ဗူ-အစ၊ ဘား-အဆုံး၊ မျဉ်းနီ။
၅၀။ မဟာရဟ နီတိနိဿယ၊ ၁၁၉၆-ခု၊ ဝါခေါင်လဆန်း ၂-ရက်၊ ဗုဒ္ဓဟူးနေ့။
၅၁။ နျာသနိဿယ။

၅၂။ သံပျင် ဋီကာနိဿယ။
၅၃။ ဒါနဖလုပ္ပတ္တိကျမ်း။
၅၄။ သီလဖလုပ္ပတ္တိကျမ်း။
၅၅။ ဘာဝနာဖလုပ္ပတ္တိကျမ်း။
၅၆။ ကဗျာသာရတ္ထသင်္ဂဟကျမ်း။
၅၇။ ဥပ္ပါဒါနုဒ္ဒေသပေါ်၌ နိဿယ။
၅၈။ စတုရာရက္ခ ဘာဝနာ၊
၅၉။ ဘုမ္မိဘေဒကျမ်း။
၆၀။ ပရမတ္ထဝန္ဒနာကျမ်း။

**မှတ်ချက်။** ။ဆရာတော်ဦးဗုဓ် စီရင်ရေးသားတော်မူသော ကျမ်းဂန်စာပေများကို ဤမျှသာ ရှာဖွေ တွေ့ရပါသေးသည်။ (အတ္ထုပ္ပတ္တိ အကျယ်ကို 'ညောင်ကန် သာသနာဝင်ကျမ်း'၌ရှုကြပါ။)

## ၉။ ဆရာတော် ဦးကြီး

ညောင်ကန်ဆရာတော်ဦးကြီးသည် ရှေးအခေါ် အဝေါ် ပဒုမ္မမြို့ကျေး၊ ယခုအခါ မုံရွာခရိုင် ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ ခမည်းတော် ဦးဖြူ၊ မယ်တော် ဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၁၅၀-ပြည့်နှစ်၊ ဝါဆိုလဆန်း ၇-ရက် ကြာသပတေးနေ့၌ ဖွားမြင်ခဲ့၏။ ငယ်မည်မှာ မောင်ကြီးညိုတည်း။

### ရှင် ရဟန်းဘဝ

၉-နှစ်၊ ၁၀-နှစ်အရွယ်ခန့်၌ ညောင်ကန်ရွာ ရဟန္တာမဉ္ဇူတိုက် ဦးသာပုံခေါ် ဆရာတော် ဖရှင်မုနိန္ဒသာရထံ၌ ပညာသင်ကြားသည်။ ကျောင်းသား သင်ရိုးအကုန် တတ်မြောက်၏။ သက္ကရာဇ် ၁၁၆၂-ခုနှစ်၊ အသက် ၁၂-နှစ်၌ ရှင်သာမဏေပြု၏။ ဘွဲ့မည် ရှင်မေဓာဝီဖြစ်၏။ သာမဏေ ၇-ဝါအရ၊ သက် ၂၀-ရှိသော် ရဟန်းပြု၏။ ဘွဲ့မည် ရှင်မေဓာလင်္ကာရ ဖြစ်၏။

## နေပြည်တော်သို့

အရှင်မေဓာလင်္ကာရသည် ညောင်ကန်ရွာ ဆရာတော် ဦးသာပုံထံ၌ ပညာရင်နို့ သောက်စို့ပြီးနောက် အင်းဝနေပြည်တော်သို့ တက်ရောက်၍ အင့်ကျောင်းဆရာတော် ဦးပိုးထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို နည်းမျိုးစုံညှိ၍ သင်ကြားရာ ပိုင်ပိုင်နိုင်နိုင် တတ်မြောက်၏။

ထိုမှတဖန် နည်းစုံသည်ထက်စုံရန် ဆရာတော်ဦးပိုးထံ ခွင့်ပန်၍ သဲအင်းတိုက် ဆရာတော်ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ထပ်မံသင်ကြား၏။

သဲအင်းဆရာတော်ထံ၌ စာပေသင်ကြားတတ်မြောက်သော် သဲအင်းဆရာတော်၏ ခြေတော်ရင်း၌ပင် စာချဆရာတော်အဖြစ် ဆောင်ရွက်ခဲ့သည်။

## ညောင်ကန်ပြန်ကြွ-စာပေချ

ဝ၁၂ဝ-ရသော် ညောင်ကန်ရွာ ရတနာမဥ္ဇူတိုက်သို့ ပြန်ကြွလာ၍ ဆရာရင်း ဦးသာပုံကျောင်း၌ သီတင်းသုံးလျက် စာပေပို့ချ၏။

## မယ်ညွန့်ကျောင်းကို အလှူခံရ

ထိုစဉ် ၁၁၉ဝ-ပြည့်ခန့်၌ နောင်အခါ မင်းတုန်း မင်းတရားကြီး၏ မြောက်နန်းမတော် ဖြစ်အံ့သော ညောင်ကန်ရွာ မယ်ညွန့်က ရတနာမဥ္ဇူတိုက်၌ပင် ကွန်းသုံးဆင့် စမြင်ခံအမိုး ဘုံ ၄-ထပ်ရှိသော ကျောင်းကြီးကို အရှင်မေဓာလင်္ကာရအား ဆောက်လုပ်လှူဒါန်း၏။

## နေပြည်တော်ပြန်ကြွ ကျောင်းတော်နှင့် တံဆိပ်တော်အလှူခံရ

ထို့နောက်ဆရာတော်သည် သက္ကရာဇ် ၁၂ဝ၁-ခု၌ အမရပူရ ဒုတိယမြို့တည် ညီတော်ကုန်းဘောင်မင်းတြားကြီး၏ပင့်လျှောက်ချက်အရ နေပြည်တော်သို့ ကြွရောက်တော် မူရပြန်၏။

နေပြည်တော်သို့ ပြန်ရောက်သော် ကုန်းဘောင်မင်းသားက သားတော် ပြည်မြို့စား "မဟာသီဟသူရ ဓမ္မရာဇာ" ဘွဲ့ခံ (မောင်ဖေပု) ကို အမရပူရမြို့တော့် အရှေ့တောင်ထောင့်အရပ်၌ စကြော ၂-ဆောင်ပြိုင်

စမြင် ၄-မျက်နှာ၊ ရွှေပိန်းချ ကျောင်းတော်ကြီး ဆောက်လုပ်စေ၍ အရှင် မေဓာလင်္ကာရ ဆရာတော်အား ကပ်လှူ ကိုးကွယ်စေ၏။

ထို့ကြောင့် ညောင်ကန် ဆရာတော် ဦးကျီးခေါ် အရှင် မေဓာလင်္ကာရသည် ထိုအခါမှစ၍ 'ပြည်ဆရာတော်' ဟု ကျော်စောတော်မူလေသည်။

ခမည်းတော် ကုန်းဘောင်မင်းတရားကြီးကလည်း ဆရာတော်အား "မေဓာလင်္ကာရ ပရမ သဒ္ဓမ္မ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူ၏။

ဆရာတော်သည် ထိုကျောင်း၌ တပည့်သံဃာတော်တို့အား စည်းကမ်းတကျ ထိန်းသိမ်း ချီးမြှောက်၍ ပိဋကတ် လေးပါးကို မကပ်ငြိ မခင်တွယ်ပဲ စွန့်ကြဲချီးမြှောက်၍ စာချတော်မူ၏။

## မန္တလာရာမသို့

ထို့နောက် ဆရာတော်သည် သက္ကရာဇ် ၁၂၁၉-ခု၌ ရတနာပုံမြို့တည် နန်းတည် ပဉ္စမသံဂါယနာတင် ဘဝရှင် မင်းတြားကြီး၏ ပင့်လျှောက်ချက်အရ မန္တလေးခေါ် ရတနာပုံ နေပြည်တော်သို့ ကြွရောက်၍ မန္တလေးတောင်ခြေအနီးရှိ မန္တလာရာမ တိုက်တော်ကြီးမှာ ယာယီကျောင်းဖြင့် သီတင်းသုံးတော်မူရ၏။

ထို့နောက် မင်းတုန်းမင်းတြားကြီးက "မေဓာဘိဝံသသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူသည်။

သက္ကရာဇ်တော် ၁၂၀၀-ပြည့်နှစ်ကစ၍ မြောက်နန်းမတော် မိဖုရား "သီရိမဟာရတနာ မင်္ဂလာဒေဝီ"က ၄-ထပ် စမြင်ခံ ဖာရဘောင်ခန်းဆီး ဦးကင် ရာဇပလ္လင်နှင့်တကွ အုဋ္ဌလှေကား ဆယ်စင်းတပ် ရွှေကျောင်းကြီးကို ကျောင်းရန် ၂၀-နှင့်တကွ ကုသိုလ်တော်ပွါး ဆောက်လုပ်ရာ ၁၂၀၃-ခုနှစ်၌ ပြီးစီးအောင်မြင်သော် ပြည် ဆရာတော်အား ကပ်လှူသည်။

ထို့ကြောင့် ပြည်ဆရာတော်သည် ၎င်း မန္တလာရာမတိုက် အတွင်း၌ စာပေများပို့ချစာ သီတင်းသုံးတော်မူ၏။

**ဇောတိကာ ရာမသို့**

ထို့နောက် သက္ကရာဇ် ၁၂၂၅-ခုနှစ် စံကျောင်း ဆရာတော် ဦးစန္ဒိမာ ပျံလွန်တော်မူသဖြင့် စံကျောင်းတော်ကြီးနှင့် တကွ မဟာ ဇောတိကာ-ရာမ ကျောင်းတိုက်ကြီးကို ဘုရင်မင်းမြတ်က ပြည်ဆရာတော်အား ပင့်၍ တင်လှူပြန်၏။ ထို့ကြောင့် ပြည်ဆရာတော်သည် ထိုကျောင်း တိုက်၌ သီတင်းသုံး စာချတော်မူရပြန်လေသည်။

**ပျံလွန်တော်မူခြင်းနှင့် အရိုးအိုးစေတီတည်ခြင်း**

ညောင်ကန်ဆရာတော် ဦးကျီး ခေါ် အရှင်မေဓာရလင်္ကာရ ပြည် ဆရာတော်သည် ထိုဇောတိကာရာမတိုက်၌ သာသနာပြုနေတော်မူစဉ် ၁၂၂၅-ခု နှောင်းတန်ခူး လဆန်း ၁၃-ရက်နေ့၌ သက်တော် ၇၅-ဝါတော် ၅၅-ဝါအရ၌ ပျံလွန်တော်မူ၏။

သက္ကရာဇ် ၁၂၃၀-ခုနှစ်၌ မြောက်နန်းမတော် မိဖုရား သီရိမဟာ ရတနာ မင်္ဂလာဒေဝီက ပြည်ဆရာတော်၏ အရိုးခာတ်ကို စေတီ တည်၍ ကိုးကွယ်၏။ ထိုစေတီတော်ကား ခံကုန်းသချိုင်း ရှိလေသည်။ ဆရာ တော်ကား ဘုရားဆုပန်တည်း။

**ပြည်ဆရာတော်ဘုရားကြီး (ဦးကျီး)**
**ပြုစုခဲ့သော ကျမ်းစာများ**

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဿယသစ် (၁၂၀၆-)ခု၊
၂။ အဋ္ဌသာလိနီအဋ္ဌကထာ နိဿယသစ်၊
၃။ သံယုတ်အဋ္ဌကထာ အထက်သုံးကျမ်း နိဿယ၊
၄။ ပါဠေယျတ် ပါဠိတော် နိဿယ၊
၅။ ဋီကာကျော် နိဿယ၊
၆။ သဒ္ဒတ္ထဘေဒစိန္တာ နိဿယ၊
၇။ သမ္ဗန္ဓစိန္တာ နိဿယ၊
၈။ ကစ္စာယနသာရ နိဿယ၊
၉။ ကစ္စာယနသာရသရူပတ္ထဒီပနီ (၁၁၉၉)၊
၁၀။ မာတုမာလာလက်သန်းပါဌ်, နိဿယ (၁၂၁၃-ခု)၊
၁၁။ ခန္ဓဝိဘာဝနီ ဋီကာပါဌ် (၁၂၂၃-ခု)၊

## (၁၀) ဆရာတော်ဦးသူ

ညောင်ကန်ဆရာတော် ဦးသူသည် ရှေးအခေါ် ပဒုံမြို့ကျေး၊ ယခုအခေါ် မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ၌ ဖွားမြင်တော်မူသည်။ (ဖွားသက္ကရာဇ်နှင့် ခမည်းတော် မယ်တော်အမည် မသိရပါ။)

### နေပြည်တော်သို့

ဆရာတော်သည် ကျောင်းသား ကိုရင်ဘဝက တတ်မြောက်သင့်သော ပညာတို့ကို တတ်မြောက်ပြီးနောက် ရဟန်းပြုပြီးသော် ရတနာပူရ အင်းဝ နေပြည်တော် မဟာအောင်မြေဘုံစံ အုဋ္ဌကျောင်းဆရာတော် ဦးပိုးထံ၌ ပညာဆက်လက် သင်ကြားသည်။

ဆရာတော် ဦးပိုးထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ အနု၊ မဓု၊ ယောဇနာ၊ နေ့ဝါ၊ ညဝါ ကျမ်းဂန်တို့ကို နိုင်နင်းစွာ သင်ကြားတတ်မြောက်သည့်ပြင် သက္ကတဘာသာ၊ ဘင်လီ၊ နာဂရီ၊ လောကဓာတ်၊ ဗေဒင်ပညာတို့ကိုပါ တတ်မြောက်တော်မူ၏။

ဆရာတော် ဦးသူသည် ပိဋကတ် ကျမ်းဂန်အရာ၌ ဆရာတော် ဦးဗုဒ်တို့ အောက်ကျအောင် ညံ့လှသည် မဟုတ်ပေ။ သို့သော် သက္ကတ ဗေဒင်ကျမ်းတို့၌သာ အလေ့အလာများသည်။ တနေ့လုံး ဂဏန်းသင်္ချာ တွက်ချက်ခြင်းနှင့်ပင် အချိန်ကုန်စေသည်။ ထို့ကြောင့် ဆရာတော် ဦးဗုဒ်က ဆရာတော် ဦးသူကို "ဂဏန်းကောင်ကြီး" ဟု ခေါ်လေ့ရှိသည်။

### ညောင်ကန်ပြန်ကြွ-စာပေချ

ဆရာတော် ဦးသူသည် ဆရာတော် ဦးပိုး ပျံလွန်တော်မူပြီးနောက် ဆရာတော် ဦးဗုဒ် လက်ယက်ရောက်မှ ညောင်ကန်ရွာသို့ ပြန်ကြွကာ ရှစ်မျက်နှာကျောင်းတိုက်၌ သီတင်းသုံးလျက် စာချတော်မူ၏။

ဆရာတော်သည် ရွာသူရွာသားတို့၏ နတ်မိစ္ဆာ ပူဇော်ပသမှုကို တော်လှန်၍ ရွာသူရွာသားတို့ကို ရှစ်မျက်နှာ ကျောင်းတိုက်၌ နတ်အစား ဂြိုဟ်ရှစ်လုံးပါသော ရှစ်မျက်နှာဘုရား စေတီ ည်ာ ကိုးကွယ်ပူဇော်စေ၏။

## နေပြည်တော်သို့ပြန်ကြွ-ကျောင်းတော်နှင့် တံဆိပ်တော်ရ

ထိုနောက် သက္ကရာဇ် ၁၂၁၆-ခုတွင် ဆရာတော် ဦးသူသည် ပဉ္စမ သံဂါယနာတင် မင်းတြားကြီး၏ ပင့်လျှောက်ချက်အရ ရတနာပုံ နေပြည်တော်သို့ ကြွရ၏။

နေပြည်တော်သို့ရောက်သော် မန္တလေးမြို့ အနောက်ပြင် ပုဂံမင်း၏ အိမ်တော်ရာ မဟာလောကရံသီ စေတီတော်ကြီး၏ အနောက်မြောက် အရပ်၌ ချမ်းသာကြီးတိုက်ကို တည်ဆောက်၍ ဆရာတော်အား မင်းတုန်းမင်းတြားကြီးက တင်လှူ၏။

"ဉာဏိန္ဒာဘိ ပဏ္ဍိတ ပဝရ မဟာဓမ္မရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို လည်း ကပ်လှူ၏။ ဆရာတော်သည် ၎င်းကျောင်း၌ စာချသီတင်းသုံး တော်မူ၏။

## ကျမ်း ၂-စောင်

ဆရာတော်သည် လောကုတ္တရာ ကျမ်းဂန်အပြင် လောကီကျမ်းဘက် ၌လည်း နေမြင်လမြင် နက္ခတ်ဗေဒင်ပါ တတ်မြောက်ရာ—

၁။ နှစ်ပေါင်း ၆၅-နှစ်တွက် သံဒိဋ္ဌပက္ခဒိန်ကိုလည်း စတင် တီထွင် ရေးသား၏။

၂။ သူရိယသိဒ္ဓန္တဋီကာကိုလည်း သက္ကတဘာသာမှ မြန်မာဘာသာ သို့ ပြန်ဆိုတော်မူခဲ့၏။ (၎င်းကျမ်း၌ "ဉာဏဝဇိရ သိရိသဒ္ဓမ္မ မဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟု ပါရှိ၏)။

## ပျံလွန်တော်မူခြင်း

အရှင်ဉာဏိန္ဒာဘိ ဘွဲ့အမည်ရှိသော ညောင်ကန် ဆရာတော် ဦးသူ သည် ချမ်းသာကြီး၌ပင် ၁၂၂၂-ခု တန်ဆောင်မုန်းလ၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

## အရိုးအိုး စေတီတည်ခြင်း

ညောင်ကန်ဆရာတော် ဦးသူ၏ ကြွင်းကျန်ရစ်သော အရိုးဓာတ်ကို ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက်၌ အုတ်ပြာသာဒ် တည်ထား၍ တပည့် ဒကာ, ဒကာမတို့က ကိုးကွယ်ကြ၏။

## ၁၁။ ဆရာတော် ဦးကံရိုး

ရွေးအခေါ် ပဒ့်မြို့ကျေး၊ ယခုအခေါ် မုံရွာခရိုင် ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ ခမည်းတော် ဦးစံရာ· မယ်တော် ဒေါ်ဦးတို့မှ သက္ကရာဇ် ၁၁၆၂·ခုနှစ်၌ ဆရာတော်၏ အလောင်းလျာကို ဖွားမြင်၏။ ငယ်မည် မှာ ကြက်သွန်ကန်၊ ကန်ဘောင်ရိုး၌ ဖွားမြင်ခြင်းကြောင့် မောင်ကန် ရိုးဟု တွင်သည်။

### ရှင် ရဟန်း ဘဝ

၅·နှစ်၊ ၆·နှစ်အရွယ်၌ ဆရာတော် ဦးပိုးထံမှာ စာသင်၏။ ၁၅·နှစ် အရွယ်၌ သာမဏေပြု၏။ ဘွဲ့မည် ရှင်ဒီပဖြစ်၏။ အသက်စေ့သော် ရဟန်း ပြု၏။ ဘွဲ့မည် အရှင်ဒီပပင်တည်း။

### နေပြည်တော်သို့

အရှင်ဒီပသည် ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် မင်းတြား ကြီး၏ ပင့်လျှောက်ချက်အရ ဆရာတော် ဦးပိုး အင်းဝနေပြည်တော်သို့ ကြွသော် ပစ္ဆာသမဏအဖြစ်ဖြင့် ပါသွားရ၏။

### လက်ထောက်စာချ ဘွဲ့လာည်းရ

အရှင်ဒီပသည် ဆရာတော် ဦးပိုးထံ၌ ပါဠိ, အဋ္ဌကထာ, ဋီကာ တို့ကို သင်ကြားတတ်မြောက်သော် ဆရာတော် ဦးပိုး၏ လက် ထောက် အဖြစ် စာချနေ၏။ ဘကြီးတော် မင်းတြားကြီး ကလည်း "ဒီပါလင်္ကာရ မဟာဓမ္မ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ကပ်လှူတော် မူသည်။

### တိုက်အုပ်အဖြစ်သို့

ထိုအရှင်ဒီပသည် ဆရာတော် ဦးပိုး ပျံလွန်တော်မူသော် ဆရာတော် ဦးဗုဓ်လက်ထက်၌လည်း ဆရာတော်ဦး ဗုဓ်ထံ၌ နိဿယည်းခံ၍ တိုက်အုပ် အဖြစ် သိတင်းသုံးရ၏။

## ဒုတိယမ္ပိ ဘွဲ့တံဆိပ်ရ

ညီတော် ကုန်းဘောင်မင်း လက်ထက်၌လည်း နောင်တော်ကြီး လက်ထက်က လှူခဲ့သော ရာဇဂုရု တံဆိပ်တော်မှသည် "ဒိပဓဇသဒ္ဓမ္မာ-လင်္ကာရ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ကိုလည်း ဒုတိယမ္ပိ ခံယူရလေသည်။

## လေးထပ်ကျောင်း အလှူခံရ

ဆရာတော်သည် အမရပူရမြို့တော်၏အရှေ့မြောက်ယွန်းယွန်း မဟာမုနိ ဘုရားကြီး၏ အရှေ့မျက်နှာ မဟာဘုံကျော် ညောင်ကန် တိုက်တွင်း၌ ရွှေကူနှင့်မြတောင် နှစ်မြို့ကို အပိုင်စားရသော မင်းသမီး၏မိခင်ဖြစ်သော ဒါယိကာမက အမိုးဘုံလေးဆင့်ရှိ ကျောင်းမ၊ မာရဘင် ဦးကင်ရာဇ ပလ္လင်နှင့်တကွ ဆောက်လုပ် လှူဒါန်းသော လေးထပ်ကျောင်း၌ သီတင်း သုံး စံချတော်မူ၏။ ၎င်းကျောင်း၌ပင် ပျံလွန်တော်မူ၏။ (ပျံလွန်နှစ် မသိရပါ။)

## အရိုးအိုး

ဆရာတော်၏ ကြွင်းကျန် ရစ်သော အရိုးဓာတ်ကို မန္တလေးမြို့ တောင်ပြင် ချမ်းမြသာစည် အရှေ့ပိုင်း ညောင်ကန်တိုက် အနောက် ဘက် ဇွန်းစုရပ်၌ တည်ထား ကိုးကွယ်ကြ၏။ ဤဆရာတော်ကား ကျမ်း ဂန်တတ်၍ ကျမ်းမပြုသော ဆရာတော်တည်း။

## ၁၂။ ဆရာတော် ဦးမှော်

ညောင်ကန်ဆရာတော် ဦးမှော်သည် ရှေးအခေါ် ပဒုံမြို့ကျေး၊ ယခု အခါ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ ညောင်ကန် ရွာ၌ သက္ကရာဇ် ၁၁၈၄-ခုနှစ်၌ ဖွားမြင်တော်မူ၏။ (ခမည်းတော် မယ်တော်အမည်နှင့် ကျောင်းသား ကိုရင်ဘဝမသိရပါ။) ငယ်မည်မှာ ဦးမှော်၊ ရဟန်း ဘွဲ့တော် အရှင်ဝရစက္ကတည်း။

## ပြည်ဆရာတော်ထံ၌ စာသင် ထရံကာတွင် စာချ

ထို အရှင် ဝရစက္ကသည် မေဓာဘိဝံသ ပြည်ဆရာတော့်ထံ၌ ကျမ်းဂန် များကို သင်ကြားတတ်မြောက်သည်။

ဆရာတော်၏ ဝိနည်းသိက္ခာ လေးစားမှုကို ကြည်ညို၍ ရွှေကျင် ဆရာတော်က အရှင်ဝရစက္က ဆရာတော်အား ထရံကာ ကျောင်းတိုက်ကို လှူသည်။ ထို့ကြောင့် ဆရာတော်သည် ထရံကာ ကျောင်းတိုက်၌ စာချ သီတင်းသုံးခဲ့ရ၏။

## နောက်ထပ်ကျောင်းတော်နှင့် ဘွဲ့တံဆိပ်တော်ရ

ထို့နောက် ဆရာတော်သည် မန္တလေးမြို့ မြောက်ပြင် မန္တလာရာမ တိုက်အနီး စလင်းထိပ်ခေါင်တင် မင်းသမီးဆောက်လုပ် လှူဒါန်းသော "မဟာတုလွတ် ဘုံသာဝေယံ ကျောင်းတော်ကြီး" ကို အလှူခံတော်မူရ၏။

ခမည်းတော်ဘုရားကြီးကလည်း "ဝရစက္ကပါလသီလာလင်္ကာရမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဘွဲ့တံဆိပ်တော်ကို ဆရာတော်အား ဆက်ကပ်၏။

စလင်းမင်းသမီးက အထူး ကိုယ်ကွယ်သောကြောင့် ဆရာတော် ဦးမှော်ကို 'စလင်းဆရာတော်'၊ ၎င်းကျောင်းတိုက်ကိုလည်း 'စလင်းကျောင်းတိုက်'ဟု ခေါ်ကြ၏။

## ပျံလွန်ခြင်း

ညောင်ကန်ဆရာတော် ဦးမှော်ခေါ် အရှင်ဝရစက္က စလင်း ဆရာတော်သည် သက်တော် ၆၃၊ ဝါတော် ၄၃-ဝါအရ သက္ကရာဇ် ၁၂၄၇-ခု၌ ဘဝနတ်ထံ ပျံလွန်တော်မူ၏။

## ညောင်ကန်ဆရာတော် ဦးမှော်၏တပည့်များ

၁။ ညောင်ကန်ရွာဇာတိ၊ ကျိုက်သတ်မြို့၊ လမုချောင်း ခြောက်ပင်ရွာ ကျောင်း၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးပညာရံသီ၊ ငယ်မည် ဦးလူအောင်။

၂။ ညောင်ကန်ရွာဇာတိ၊ ကျောက်တန်းမြို့၊ သနပ်ပင်ရွာကျောင်း၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးနန္ဒ၊ ငယ်မည် ဦးထွန်း။

၃။ ၎င်း-ညောင်ကန်ရွာ ရွှေစည်းခုံကျောင်း၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးသုတ၊ ငယ်မည် ဦးတေး။

၄။ ၎င်း-ဘုတလင်မြို့နယ် ဆယ်ဝကျောင်း၌ ပဌမ သီတင်းသုံး၍ ဒုတိယ ညောင်ကန်ရွာ ရွှေစည်းခုံကျောင်း၌ သီတင်းသုံးသော ဘုန်းတော်ကြီး ဦးပရမ၊ ငယ်မည် ဦးသောင်းတန်။

၅။ ၎င်း-ဗန့်ဂျီတိုက်နယ်၊ ဒုန်းတောရွာ ကျောင်း၌ သီတင်းသုံးတော်မူသော ဘုန်းတော်ကြီး ဦးနန္ဒိယ၊ ငယ်မည် ဦးတောင်း။

ဤကား ဆရာတော် ဦးမှော်၏ တပည့်စဉ်ဆက်ပေးတည်း။

ဤသည်တို့ကား ညောင်ကန်ဆရာတော် တကျိပ်နှစ်ပါးတို့၏ ဘဝဖြစ်စဉ် အကျဉ်းတို့ပါတည်း။ ၎င်းဆရာတော်တို့၏ အမည်များကို မှတ်သားရ လွယ်ကူအောင် ဆောင်ပုဒ်ကို ဤ၌ ဖော်ပြလိုက်ပါသည်။

## ညောင်ကန်ဆရာတော် တကျိပ်နှစ်ပါးအမည် ဆောင်ပုဒ် လင်္ကာ

၁။ ပျော်, ညွန့်, ရောင်, ယာ၊ ပုံ, မှတ်, ပါ၊ ဆရာသခင်ဖြစ်။

၂။ ပိုး, ဗုဓ်, ကြီး, သူ၊ ကန်, မှော်, ဟူ၊ ငယ်မူ တကျိပ်နှစ်။

## ညောင်ကန်ရွာ သာသနာပြု

### ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်များ

၁။ ဆရာတော် ဦးညွန့်၊ ဘွဲ့တော် ဦးသဒ္ဓမ္မ၊ ရတနာမဥ္ဇူတိုက်၊ နိုဿယည်း ဆရာ။

၂။ ဆရာတော် ဦးပိုး၊ ဘွဲ့တော် ဦးပုည၊ ရတနာမဥ္ဇူတိုက် ဂိုဏ်းအုပ်။

၃။ ဆရာတော် ဦးဗုဓ်၊ ဘွဲ့တော် အရှင်ဇမ္ဗုဓဇ၊ ရတနာမဥ္ဇူတိုက် ဂိုဏ်းအုပ်။

၄။ ဆရာတော် ဦးကွင်း၊ (ဘွဲ့တော် မသိရပါ)၊ ရွှေစည်းခုံတိုက်၊ ဂိုဏ်းအုပ်။

၅။ ဆရာတော် ဦးရွှေမြ၊ ဘွဲ့တော် ဦးအာသဘ၊ ရတနာမဥ္ဇူတိုက်၊ ဂိုဏ်းအုပ်။

၆။ ဆရာတော် ဦးမွန်း၊ ဘွဲ့တော် ဦးဇနိန္ဒ၊ ရတနာမဥ္ဇူတိုက်၊ ဂိုဏ်းအုပ်။

၇။ ဆရာတော် ဦးရွှေသန်း၊ ဘွဲ့တော် ဦးဇယန္တ၊ မောဂ္ဂလာန်တိုက်၊ ဂိုဏ်းထောက်။

၈။ ဆရာတော် ဦးဖိုးခိုင်။ ဘွဲ့တော် ဦးဉာဏဝံသ၊ ရတနာမဥ္ဇူတိုက် ဂိုဏ်းထောက်။

၉။ ဆရာတော် ဦးတေ၊ ဘွဲ့တော် ဦးစက္က၊ ရတနာ မဥ္ဇူတိုက်၊ ဂိုဏ်းထောက်။

ဤသည်တို့ကား ညောင်ကန်ရွာ၌ ထင်ရှားတော်မူခဲ့ကြသော သာသနာပြု ဆရာတော်များပင်တည်း။ ညောင်ကန်ရွာ၌ ဤသာသနာပြု ဆရာတော်များ ထွန်းကားတော်မူခဲ့ကြခြင်းကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ကျေးဇူးအထူး များခဲ့ကြောင်းကို မည်သူမျှ ငြင်းဆန်နိုင်ကြမည် မဟုတ်ပါ။ ထို့ကြောင့် ညောင်ကန် ဆရာတော်များသည် သမိုင်းဝင် သာသနာ့ကျေးဇူးရှင်ကြီးများဖြစ်တော်မူကြပါသည်။ ကျေးဇူးရှင် ဟူဟူသမျှကို တရံတဆစ်မျှ မမေ့လည်းမမေ့သင့်၊ ပျောက်လည်း မပျောက်စကောင်းပါ။ ဤသို့ကြောင့် ဤညောင်ကန် မှတ်တမ်း၌ ထည့်သွင်းမှတ်တမ်း တင်လိုက်ရပါသတည်း။

## ရာထူးရာခံ ပုဂ္ဂိုလ်ချွန်တို့ မြတ်မွန်ကုသိုလ်<br>ရှမ်းစိုးဝေဖြာ ညောင်ကန်ရွာ

ညောင်ကန်ရွာ၌ သာသနာပြု အာဇာနည် ဆရာတော်များအပြင် ရာထူးရာခံ ပုဂ္ဂိုလ်တို့နှင့် ၎င်းတို့၏ ကုသိုလ်တော်များလည်း ထွန်းကားခဲ့လေသေးသည်။ ဤမှတ်တမ်း၌ ၎င်းတို့တွင် ရှာဖွေတွေ့ရှိသမျှတို့ကိုသာ ဖော်ပြလိုက်ပါဦးမည်။

၁။ သက္ကရာဇ် ၁၀၉၅-ခု၊ ရတနာပူရအင်းဝမြို့၌ နန်းတက်တော်မူသော ဟံသာဝတီရောက် မင်းတြားကြီး၏ မင်းပိုင်ပင် အမတ်ကြီး (အမည်မသိရပါ) ၎င်းအမတ်ကြီးက သက္ကရာဇ် ၁၁၄၂-ခုနှစ်၌ ညောင်ကန်ရွာ၏ အနောက်မျက်နှာဝယ် အုတ်ကျောင်းကြီးကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

၂။ ၎င်းအမတ်ကြီး၏သား ရွှေဝင်းစချို လက်ဝဲ နေဝ်ရထာက သက္ကရာဇ် ၁၁၈၃-ခုနှစ်၌ စေတီတော်နှင့်တကွ မဟာရာမ် တံတိုင်းကြီးကို (၎င်းအုဋ်ကျောင်း၌) ဆောက်လုပ် လှူဒါန်းခဲ့ သည်။ ထို့ပြင် သက္ကရာဇ် ၁၂၀၃-ခုနှစ်၌ ကျောင်းဦး အုဋ် ပြာသာဒ်နှင့်တကွ ကျောက်သားပါဒစေတီတော်ကို တည်ထား ပူဇော်ခဲ့သည်။

၃။ သက္ကရာဇ် ၁၁၄၃-ခုနှစ်၌ အမရပူရ ပဌမမြို့တည် ဘိုးတော် ဦးဝိုင်း လက်ထက် 'ရွှေကြီးမှူး'က သက္ကရာဇ် ၁၁၄၆-ခုနှစ်၌ ကျောက်သား ရုပ်ပွါးတော်ကြီးနှင့်တကွ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော်၊ အသီတိ=ရှစ်ကျိပ်ရဟန္တာမြတ် ရုပ်ပွါးတော် တို့ကို ညောင်ကန်ရွာ လောကမှန်ကူ ကျောင်းတိုက်တွင် စေတီ ဘုရား တည်ထားပူဇော်ခဲ့သည်။

၎င်းဘုရားဒကာ ရွှေကြီးမှူးသည် ဘုရားတည်သော အခါ ၃-မျက်နှာတွင် မုခ်ပေါက်ထား၍ တည်လုပ်စေရာ မလို သူတို့ ကုန်းစကားကြောင့် ဘုရင်မင်းမြတ် ရွှေနားတော် ပေါက် ကြား၍ ရာဇဝတ်သင့်ကာ သေဆုံးရရှာလေသည်။

ထို့ကြောင့် ထိုဘုရားကြီးမှာ အပြီးသို့ မရောက်ပဲ ယခု ထက်တိုင် တပိုင်းတစဖြင့် တည်မြဲလျက်ရှိသည်။

၄။ ထိုမင်းလက်ထက် ထိုသက္ကရာဇ်၌ပင် ဆင်ဝန် "မင်းစော်တဖော်" သည် အထက်က ရွှေကြီးမှူးနည်းတူ ကျောက်သား ရုပ်ပွါး တော်နှင့်တကွ နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော် အသီတိရှစ်ကျိပ် ရဟန္တာရုပ်ပွါးတော်များပါ ဒီပင်္ကရာ မြတ်စွာဘုရားထံ သုမေဓာ ရသေ့ ဗျာဒိတ်ခံရာတွင် သုမိတ္တာက ဆုပန်၍ နေဟန်တို့ကို ကျောက်သားဖြင့် ထုလုပ်ကာ ညောင်ကန်ရွာ အနောက်တိုက် အတွင်းမှာ စေတီဘုရားတည်၍ ပူဇော်ခဲ့သည်။

၅။ ထိုမင်းလက်ထက် ပုခန်းအတွင်းဝန် "ဦးတာ"က သီရိနန္ဒာ တန်ဘောင်ရိုးတွင် စေတီတော်များကို တည်ထား ကိုးကွယ်ခဲ့ သည်။

၆။ သက္ကရာဇ် ၁၁၇၁-ခု၊ ရတနာပူရ စတုတ္ထမြို့တည် ဘကြီးတော် လက်ထက်တွင် သတိုးသုဓမ္မရာဇာ မဟာသက်တော်ရှည်ဘွဲ့ခံ "ဆရာမင်းကြီး" သည် ရွှေစည်းခုံ မဟာစေတီမြတ်ကြီးနှင့်တကွ ၅-ထပ်ကျောင်းကြီး၊ ပိဋကတ်တိုက်တော်ကြီး၊ သောက်ရေကန်ကြီးများကို တည်ထား ဆောက်လုပ်ကာ လှူဒါန်းပူဇော်ခဲ့သည်။

၇။ ထိုမင်းလက်ထက်မှာပင် သက္ကရာဇ် ၁၁၈၆-ခု၊ နယုန်လဆန်း ၂-ရက် သောကြာနေ့တွင် ရဲခေါင်ဗလသူရ ဘွဲ့ခံ ညောင်ကန်ရွာအုပ်ကြီး "ဦးရော" နှင့် ဇနီး "မယ်လှ" တို့က ရွှေစည်းခုံကျောင်းတိုက်မှာ ၇-ဘုံတက် ခြူးပန်းခြူးနွယ် ရုပ်စုံခြယ်လျက် မုခ်အထွက် ၄-ခုနှင့်တကွ မဟာရာမ်တံတိုင်းကာ၍ ခြသေ့် ၁၂-ရုပ်တို့ဖြင့် ခြံရံကာ ဆောက်လုပ်သော သိမ်တော်ကြီးနှင့် ကွမ်း ၃-ဆင့် စမြင်ခံကျောင်းကြီး ၄-ဆောင် ရှစ်မျက်နှာ ကျောင်းတိုက်မှာ ကွမ်း ၃-ဆင့် စမြင်ခံကျောင်းကြီး တဆောင်တို့ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ (ထို့ကြောင့် ရဲခေါင်ဗလ သူရကို ငါးကျောင်း ဒါယကာ-ဟု ခေါ်တွင်သည်။)

၈။ ထိုမင်းလက်ထက်မှာပင် "စစ်ကိုင်းဝန်" က နတ်မုခ် နတ်လှေကားနှင့် စေတီတော် တည်ထား၍ အရံတံတိုင်း မီးတားပြုလုပ်ကာ တည်ထားပူဇော်ခဲ့သည်။

၉။ သက္ကရာဇ် ၁၁၉၉-ခုနှစ်၌ ရတနာပူရ အင်းဝမြို့တွင် နန်းတက်တော်မူသော ကုန်းဘောင်မင်း လက်ထက် "အင်းဝဝန်ဦးကွေး" က ရွှေစည်းခုံ ကျောင်းတိုက်၏ အနောက်ဘက်တွင် နတ်မုခ် နတ်လှေကားနှင့် စေတီတော်ဘုရားတည်ထားပြီးလျှင် စေတီတော်၏ ရာဟုထောင့် အရပ်၌ ဇရပ်ကြီး တဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။

၁၀။ ထိုမင်းလက်ထက် "မကွေးဝန် ဦးမင်းယုန်နှင့် ဝန်ကတော် မမင်းလေးတို့က ရွှေစည်းခုံ ကျောင်းတိုက်၏ အနောက်ဘက်တွင် နတ် မုခ် နတ်လှေကားနှင့် စေတီတော်တဆူ တည်ထား ပူဇော်ခဲ့သည်။ အင်းဝဝန် ဦးကွေးနှင့် မကွေးဝန် ဦးမင်းယုန်တို့သည် ရဲခေါင်ဗလသူရ၏ သားများဖြစ်၍ ညီအစ်ကိုတော်သည်။

၁၁။ မန္တလေးရတနာပုံ မြို့တည် ပဋ္ဌမ သံဂါယနာတင် ဘဝရှင် မင်းတြားကြီး၏ မြောက်နန်းတော် မိဖုရား "သီရိမဟာ ရတနာ မင်္ဂလာဒေဝီ" ဘွဲ့ခံ (မယ်ညွန့်) က သက္ကရာဇ် ၁၂၁၆-ခုနှစ်၌ သီရိနန္ဒာ ကန်တော်၊ ဇေယျနန္ဒာ ကန်တော်တို့ကို အသစ်တဖန် ထပ်မံပြင်ဆင်ခြင်း၊ အနောက်တိုက်အတွင်း ကွမ်း ၃-ဆင့် စမြင်ခံကျောင်းကြီးနှင့် ၎င်းကျောင်းဦးတွင် ပိဋကတ တိုက်တော် ကြီးများကို ဆောက်လုပ် လှူဒါန်းခဲ့သည်။

၁၂။ ပုဂံရှင်ဘုရင်၏ နှမတော်အရှင်း "မကွေးမင်းသမီးနှင့် ဦးကြီး မောင်" တို့က ၃-ထပ် ကျောင်းကြီး ဆောက်လုပ်၍ ဂိုဏ်းအုပ် ဆရာတော်ကြီး ဦးရွှေမြားကို တင်လှူသည်။

၁၃။ ထိုမင်းလက်ထက် သေနတ်စာရေး "ဦးကုလား" က သီရိနန္ဒာ ကန်တော်နှင့် ဇေယျနန္ဒာ ကန်တော်များကို ကြီးကြပ် ပြုပြင် ရသည်။

၁၄။ ၎င်းသမီး လင်းကင်းမြို့စား စလင်းထိပ်ခေါင်တင် မင်းသမီး၏ အပျိုတော် (ခင်အပ်) ခေါ် မအပ်က သီရိနန္ဒာ ကန်တော်ကြီး အတက်အဆင်း လှေကားကြီး နှစ်စင်းကို ပြုပြင်လှူဒါန်းခဲ့သည်။

၁၅။ ထိုမင်းလက်ထက် စစ်ကဲတော်ကြီး ဦးရာသီ။

၁၆။ ထိုမင်းလက်ထက် သွေးသောက်ကြီးဦးရွှေသီး။

၁၇။ ၎င်းသမီး မြောက်နန်းတော် မိဖုရား၏ အပျိုတော်(ခင်ဆုံ) ခေါ် မရွှေဆုံတို့က လောကမှန်ကူ မြတ်စွာဘုရားကို ရွှေထီးအသစ် တင်လှူခဲ့သည်။

၁၈။ ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးရွှေဝ။

၁၉။ ထိုမင်းလက်ထက် ရွှေတိုက်စိုး "ဦးတိုး" က မောဂ္ဂလာန်တိုက်၌ ဂိုဏ်းထောက် ဆရာတော်ကြီး ဦးရွှေသန်၏ ကျောင်းဦးတွင် လှေကား ၃-စင်းတပ် အနောက်ပြာသာဒ်ကြီးကို ဆောက် လုပ် လှူဒါန်းခဲ့သည်။

၂၀။ ၎င်း၏ညီ ရွှေတိုက်စိုး ဦးရိုး။

၂၁။ ထိုမင်းလက်ထက် (ညောင်ကန်အနီး) ရွာသာရွာမှ ရွှေတိုက်စိုး ဦးသာလှ။

၂၂။ ထိုမင်းလက်ထက် ရွာသာရွာမှ ရွှေတိုက်စိုးဦးဆယ်က မောဂ္ဂလာန် ကျောင်းတိုက်ဦးတွင် နတ်မုခ် နတ်လှေကားနှင့် စေတီတော် တည်ထားပူဇော်ခဲ့သည်။

၂၃။ ကိုးမြို့ဝန် သမိန်ထောရာမဘွဲ့ခံ "မင်းလက်ဝါး၏" ဝန်ကတော် မယ်ဘိုင်၊ မယ်ဆိုင်တို့က မောဂ္ဂလာန် တိုက်တွင် ဇရပ်ကြီး တဆောင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

၂၄။ ထိုမင်းလက်ထက် အလုံမြို့ အထက်တိုက်အုပ် ဦးကြွက်။

၂၅။ သက္ကရာဇ် ၁၂၄၀-ပြည့်နှစ်တွင် နန်းတက်သော သီပေါမင်း လက်ထက် သွေးသောက်ကြီး မင်းလက်ဝါး၏ သား စစ်ကဲ တော်ကြီး ဦးကျော်ဟိုး။

၂၆။ ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးပဲလှော်။

၂၇။ ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးကျော်ခေါင်။

၂၈။ ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးကျော်ပ။

၂၉။ ထိုမင်းလက်ထက် သွေးသောက်ကြီး ဦးရွှေဝ။

၃၀။ ထိုမင်းလက်ထက် စကားစိမ်း မင်းသမီးအချုပ်တော် မကျေးချုပ်။ (ညောင်ကန် စျေးတန်းရပ်သူ။)

၃၁။ သံချိုကိုင် ပညာရှိ ဆရာကောက် (ပြည်သရာတော်၏ တပည့် ရင်း၊ တနေ့လျှင် ပေစာတကိုက်ရသည်ဟု ပြောကြသည်။)

၃၂။ စာဆိုတော် ပညာရှိကြီး ၁၂၂၀-ခုဖွား ဦးဆေး။

၃၃။ စာဆိုတော်ပညာရှိကြီး ဦးစံကျော်။

ဤသည်တို့ကား ညောင်ကန်ရွာ၌ ထွန်းကားခဲ့သော ထူးချွန်ထူးခြား ပုဂ္ဂိုလ်မွန်များနှင့် ၎င်းတို့၏ ကုသိုလ်တော်များပါတည်း။

### အိမ်မခြေ ထောင်ကျော် ရပ်ကွက်တော်တဆယ့်တစ် ထွန်းသစ် ညောင်ကန်

ဤသည့် ညောင်ကန် ရွာကြီး၌ ရှေးအခါက အိမ်ခြေပေါင်း ထောင်ကျော် ရှိခဲ့၍ ရပ်ကွက်ပေါင်း ၁၁-ရပ်ကွက် ရှိခဲ့သည်။ ၎င်း ၁၁-ရပ်ကွက်တို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ နန္ဒာရပ်ကွက်
၂။ ရွှေအံတော်ရပ်ကွက်
၃။ ဖောင်ကျောင်းရပ်
၄။ အိုးဘိုရပ်
၅။ သာခေါင်ရပ်
၆။ ရွာလယ်ရပ်
၇။ တံတားဦးရပ်
၈။ ဟံသာရပ်
၉။ သရက်ချောင်ရင်
၁၀။ ဆားကုန်းရပ်
၁၁။ ကံမ္မချောင်ရပ်

**ကျောင်းပေါင်း ဆယ့်ရှစ်**
**ဝန်းရစ်ရံကာ ညောင်ကန်ရွာ**

ဤသည့် ညောင်ကန် ရွာကြီး၌ ရှေးက ဘုန်းတော်ကြီး ကျောင်းပေါင်း ၁၈-ကျောင်းရှိခဲ့လေသည်။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်ကုန်၏။

အရှေ့တိုက်ခေါ်သော အရှေ့ပိုင်း၌ မောဂ္ဂလာန် ကျောင်းတိုက် ၂-ကျောင်း၊ ရှစ်မျက်နှာတိုက် ၄-ကျောင်း၊ ရွှေစည်းခုံတိုက် ၁-ကျောင်း၊ ကန်ဦးတိုက် ၁-ကျောင်း၊ တိုက်သစ် ၁-ကျောင်း အားဖြင့် ၉-ကျောင်းရှိသည်။

အနောက်တိုက် ခေါ်သော အနောက်ပိုင်း၌ အင့်ကျောင်း ၁-ကျောင်း၊ ရတနာမဥ္ဇူတိုက် ၆-ကျောင်း၊ မြောက်တိုက် ၂-ကျောင်း အားဖြင့် ၉-ကျောင်းပင် ရှိခဲ့သည်။ ပေါင်း ၁၈-ကျောင်းတည်း။

**ရာသီဆယ့်နှစ်ဖော် ဆွမ်းပူဇော်ပွဲ**
**ခြိမ့်ခြိမ့်သဲစွာ ညောင်ကန်ရွာ**

ဤသည့် ညောင်ကန်ရွာကြီး၌ ရှေးအခါက ယခု ကျအောင် ၁၂-ရာသီ ဆွမ်းတော်ကြီးကပ်၊ ဆွမ်းတော်ကြီးလောင်း ပွဲတော်များ စည်ကား သိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့ကြကုန်၏။ ၎င်းတို့မှာ အောက်ပါ အတိုင်းဖြစ်ကုန်၏။

၁။ တန်ခူးလဆုတ် ၂-ရက်နေ့၊ ရွှေအံတော်ဘုရားပွဲတော်။
၂။ ကဆုန်လပြည့်နေ့၊ လောကမှန်ကူ ဘုရားပွဲတော်။
၃။ နယုန်လပြည့်နေ့ ငါးမာရ်အောင် ဘုရားပွဲတော်။

၄။ ဝါဆို လဆန်း ၁-ရက်နေ့၊ ချောင်းမွှာ မေ့တော် ဘုရားပွဲတော်။
၅။ ဝါခေါင်လပြည့်နေ့ စာရေးတံပွဲတော်။
၆။ တော်သလင်းလပြည့်နေ့၊ ရွှေသိမ်တော်ဘုရားပွဲတော်။
၇။ သီတင်းကျွတ် လဆုတ် ၄-ရက်နေ့၊ မောဂ္ဂလာန်တိုက် ဘုရားပွဲတော်။
၈။ တန်ဆောင်မုန်းလဆုတ် ၂-ရက်နေ့၊ ရှစ်မျက်နှာ ဘုရားပွဲတော်။
၉။ နတ်တော်လဆုတ် ၂-ရက်နေ့ ရွှေစည်းခုံ ဘုရားပွဲတော်။
၁၀။ ပြာသိုလဆုတ် ၈-ရက်နေ့၊ စစ်ကိုင်းဝန် ဘုရားပွဲတော်။
၁၁။ တပို့တွဲလပြည့်နေ့၊ တိုက်သစ် ဦးပိုးစီ ဘုရားပွဲတော်။
၁၂။ တပေါင်းလဆန်း ၁၀-ရက်နေ့ အုဋ္ဌကျောင်း ဘုရား ပွဲတော်။

ထို့မှတပါး တန်ခူးလ၌ သင်္ကြန် ဆွမ်းကြီးလောင်းပွဲ၊ တပေါင်းလဆန်း ၃-ရက်နေ့၌ (ပုန်းမကြည်) ခေါ် ဆွမ်းကြီးလောင်း ပွဲများလည်း ပြုလုပ်ကြသေး၏။

ဤမျှဖြင့် ရွှေးက ညောင်ကန်အပိုင်းကို နိဂုံးချုပ်ကြပါစို့။

# ၃၉။ ယခုအခါ ညောင်ကန်ရွာ
# ညှောင်ကန်ရွာ ဟည်နေပုံ

ယခုအခါ ညောင်ကန်ရွာလည်း ရှေးက ညောင်ကန် အမွေ မွန်နှင့် ရှင်သန်ကြီးထွား သစ်သစ်ပွါး၍ ခေတ်အားလျော်စွာ သိုက်မြိုက်စွာဖြင့် သာယာစည်ကားလျက်ပင် ရှိပါသေးသည်။

ယခုအခါ ညောင်ကန် ရွာကို အနီးကပ် ကြည့်မည်ဆိုလျှင် တော် ၄-လုံး၊ ကုန်း ၄-တန်၊ ကန် ၄-ကန်နှင့် မြတ်မွန်စေတီ အလီလီတို့ ဝန်းလည်ရံပတ် ဇရပ်, တန်ဆောင်း, ကျောင်း အဆောက် အဦတို့ အထွတ်တင်လျက် မန်ကျည်း ကုက္ကို ညောင်ထိုထိုတို့ စိမ်းစို အုံ့ဆိုင်း မြင်ကသိုက်းတွင် ရှုတိုင်းသာယာ တင့်တယ်စွာသော ရွာကြီး တရွာ အဖြစ်ဖြင့်ပင် မြင်တွေ့ရပါသည်။

ရွာ၏ဝန်းကျင် မြေအပြင်ကို ရှုမြင်သောအခါ စိမ်းရောင်ဖြာသည့် မြလွှာသီးပင် ကြည်ကြည်လင်လင်တို့ကိုလည်း တွေ့ရပါမည်။

ယခုအခါ ညောင်ကန်ရွာကား မုံရွာခရိုင် ဘုတလင်မြို့နယ်၌ ပါဝင်၍ ဘုတလင်မြို့မှ ၆-မိုင်ကွာ၊ ဘုတလင် ကနီ ကနဲ ကားလမ်း၏ တောင်ဘက်၌တည်ရှိပါသည်။

ညောင်ကန်ရွာ၏ အရှေ့ဘက်၌ လွှဲတဲအုပ်စု၊ တောင်ဘက်၌ မောင်းထောင် အုပ်စု၊ အနောက်ဘက်၌ သခွတ္တနယ် အုပ်စု၊ တောင်ဘက်၌ ကျောက်အိုးအုပ်စုတို့ အသီးသီးတည်ရှိကြပါသည်။ ညောင်ကန်ရွာကား ဘုတလင်မြို့နယ်တွင် ကျေးရွာအုပ်စုကြီး ၅၀-ရှိသည့်အနက် ထင်ရှားသော ကျေးရွာကြီး ဖြစ်၏။

## ညောင်ကန်ရွာ အိမ်ခြေနှင့် လူဦးရေ

ယခု ညောင်ကန်၌ ၁၃၂၂-ခုနှစ် စာရင်းအရ အိမ်ခြေပေါင်းမှာ ၄၇၃-အိမ် ရှိပါသည်။ လူဦးရေမှာ ၁၉၈၆-ယောက် ရှိပါသည် ရပ်ကွက်မှာ ရှေးယခင်အတိုင်းပင် ၁၁-ရပ်ကွက် ရှိပါသည်။

## ၁၂-ရာသီ ဆွမ်းလောင်းပွဲနှင့် ဘုန်းတော်ကြီးကျောင်း

ညောင်ကန်ရွာ၌ ဆွမ်းတော်ကြီးကပ် ဆွမ်းကြီးလောင်းလှူ ပွဲတော်များမှာ ဖော်ပြပြီး ရှေးကညောင်ကန် အတိုင်းပင် ၁၂-ရာသီလုံး ရှိပါသေးသည်။ ဆွမ်းလောင်းပွဲတော် လစ်လပ်သောလ ဟူ၍ မရှိသေးပါ။ ၁၂-ရာသီလုံး ပွဲတော်များ ရှိကြသည့်အပြင် တလတည်း နှစ်ပွဲထပ်၍ နေသော လ-လည်း ရှိတတ်ပါသည်။

ယခု ညောင်ကန်ရွာ၌ ဘုန်းတော်ကြီးကျောင်း ၂၂-ကျောင်း ရှိပါသည်။ ဗုဒ္ဓသာသနာတော်အရေးကား ညောင်ကန်ရွာ၌ ရှေးယခင်ကနှင့်တော့ မတူတော့ပါ။ ဆရာဘက်ကရော ဒကာဘက်ကပါ ကျဆင်းလျက် ရှိပါသည်။

## လုပ်ကိုင် လုပ်ရှားကြပုံ

ညောင်ကန်ရွာ၌ ပဓာနလုပ်ငန်းမှာ တောင်သူလုပ်ငန်း ဖြစ်ပါသည်။ မြောက်သူခေါ် ယာကူလီလုပ်သားများလည်း ရှိကြပါသေးသည်။

အခြားလက်မှုလုပ်ငန်းဖြစ်သော ပန်းထိမ်လုပ်ငန်း၊ ယက်ကန်း၊ အပ်ချုပ်၊ လက်သမား၊ ဆေးလိပ်စသည့် လုပ်ငန်းတို့ကို ပဓာနထား၍ငှင်း၊ တွဲဖက်၍ငှင်း လုပ်ကိုင်ကြသူများလည်း ရှိကြသေး၏။

နို့စားနွားမွေး မြူခြင်း၊ ကြက်-ဘဲ-ဝက်- သိုး-ဆိတ် မွေးမြူခြင်းတို့ကို လုပ်ကိုင်ကြသူများလည်း ရှိကြပေသေးသည်။

အကြော်ဆိုင်၊ ကွမ်းယာဆိုင်၊ လက်ဖက်ရည်ဆိုင်၊ မုန့်တီဆိုင်စသော စားသောက်ဆိုင် အလုပ်တို့ကိုလည်း တွဲဖက်လုပ်ကိုင်ကြသေးသည်။

မော်တော်ကား သယ်ယူပို့ဆောင်ရေး ကားပိုင်ရှင်များ၊ ပြောင်းရိုးမင်းစက်ပိုင်ရှင်များလည်း ရှိကြသေး၏။

အလယ်တန်းကျောင်းထွက် တက္ကသိုလ်ကျောင်းထွက်များမှာ အခြားမြို့ရွာတို့၌ သက်ဆိုင်ရာ အလုပ်တာဝန်များကို လုပ်ကိုင်နေကြသည်။

ညောင်ကန်ရွာ [illegible] ညောင်ကန်ဇာတိ ဆရာမ ဒေါ်ဦး [illegible]

ညောင်ကန်ရွာ သမဝါယမဆိုင်၌ ညောင်ကန်သား ၅-ဦး အမှုထမ်းကြ၏။ ညောင်ကန်ရွာပိုင် ထွန်စက်နှစ်စီး၌ ညောင်ကန် ရွာသား ၃-ဦး အမှုထမ်းကြသည်။

## ညောင်ကန်ရွာ ထွက်ကုန်ပစ္စည်းများ

ညောင်ကန်ရွာ၌ ထွက်ကုန်ပစ္စည်းများမှာ တောင်သူ သီးနှံများ ဖြစ်ကြ၏။ ရေတ်- မြေပဲ- ငှက်ပျော- နှမ်း-ဂျုံ-ကုလားပဲ- ပြောင်း-ဝါတို့ ဖြစ်ကုန်၏။

အစိုးရအဝယ်ဒိုင်မှ ဝယ်ယူသည့် ဂျုံ-ကုလားပဲတို့ကို အဝယ်ဒိုင်၌ ရောင်းချကြ၍ တင်သွင်းကုန်များ ဖြစ်သော ရေတ်- ငှက်ပျောတို့ကိုမူ ပွဲစားများမှတဆင့် ရောင်းကြ၏။

ယက်ကန်းထွက် အထည်များမှာ ကုန်ကြမ်းပေး ကုန်ချောယူ စနစ်ဖြင့် အစိုးရထံ သွင်းကြပါသည်။ ညောင်ကန်ရွာမှ ထင်ရှားသော ထွက်ကုန်များ၌ ဆေးလိပ်ပါ ထည့်သွင်းရပေမည်။ ပတ်ဝန်းကျင် ကျေးရွာမြို့ရွာ မြို့နယ်များသို့ပင် ဆေးလိပ်ကို တင်ပို့ ရောင်းချ ကြရပါသည်။

## ညောင်ကန်ရွာ စိုက်ပျိုးမြေ

ညောင်ကန်ရွာ ရေတ်စိုက် ဧက ၅၂၁း၅၆-ဧက၊ ကုလားပဲ ၃၉၃. ၂၉-ဧက၊ ဂျုံ ၉၆.၀၇-ဧက၊ ငှက်ပျော ၂၄၁.၁၅-ဧက၊ မြေပဲ ၂၅၃-၇၄ ဧက၊စပါးစိုက် ဧက ၅၅း၉၀-ဧက ဖြစ်ကြပါသည်။

## ညောင်ကန်ရွာ ထွက်ကုန်စာရင်း

ညောင်ကန် အုပ်စု အဝယ်ဒိုင်မှ ဝယ်ယူရရှိသော မက္ကစီဖက်ဂျုံ ၁၁၃၅၀-တင်း၊ ဂျုံဖြူ ၁၁၁၀၊ ပဲဒီစိမ်း ၀၁၀၊ စွန်တာပြာ ၁၅၉၆၊ ကုလားပဲ ၀၆၂၄-တင်းဖြစ်သည်။

ညောင်ကန်ရွာ တရွာတည်း၌ ရေတ်အစိုပိဿာပေါင်း ၁၅၆၄၀၀-ခန့်၊ မြေပဲ တင်းပေါင်း ၂၅၀၀-မျှ ဖြစ်သည်။

## ညောင်ကုန်ရွာ အလုပ်ပေါင်းစုံစာရင်း

ညောင်ကန်ရွာ၌ ဆေးလိပ်ခုံပေါင်း ၃၃–ခုံ၊ အဝတ်ချုပ်စက် ၂၀ လုံး၊ ပန်းထိမ်ဖို ၃-ခု၊ ၎င်းလုပ်သား ၁၇-ယောက်၊ ယက်ကန်း စင်ပေါင်း ၃၇-စင်၊ဦးစိုးလှိုင် ပန်းပဲ ၁-ဖို၊ ဆံသ ၅-ဌာန၊ လက်သမား လုပ်သား ၃၆-ယောက်၊လှည်းဦးရေပေါင်း ၁၁၉-စီး၊ ခိုင်းနွားဦးရေ ၁၉၁-ကောင်၊ လယ်မြေကောပေါင်း ၂၉၄၆.၀၅-ကော၊ လယ်ယာ လုပ်သား ပေါင်း ၂၄၉–ယောက်၊ လက်ဖက်ရည် အချိုကဖီးဆိုင် ဆိုင်၊ မုန့်တီဆိုင် ၁-ဆိုင်၊ ကွမ်းယာဆိုင် ၂–ဆိုင်၊ ဦးဘမောင် နှီးလုပ်ငန်း ၁-ဦး၊ ဦးသန်းစိန် ပြောင်းရိုးစင်းစက်တလုံး၊ ဦးဘဇင် စက်တီးပြင် တဌာန၊ ဦးဘတင် သံဖြူဂဟေဆက် ၁-ဌာနဖြစ်ပါသည်။

## ညောင်ကန်ရွာ သမဝါယမ

ညောင်ကန်ရွာ သမဝါယမ၌ ၁၉၆၀-ခု စက်တင်ဘာလ မှ မ်း အရ ၁၃၂၆၃၃ ကျပ် ၁၀ ပြား ရင်းနှီးငွေနှင့် အသင်းသား စုငွေပေါင်း ၆၉၉၀-ကျပ်ဖြင့် ရင်းနှီးခဲ့ရာ ၁၉၆၉-ခုနှစ် အထိ အမြတ်ငွေ ၁၃၀၀၇၂ ကျပ် ၉၀ ပြား (တသိန်းကျော်) မျှသည်ဟု သိရသည်။

သမဝါယမမှ ယခုနှစ်၌ အစိုးရထံမှ အကြွေးစနစ်ဖြင့် ထွန်စက် ၂-စီး ရရှိခဲ့၏။ ၁၉၆၉ - ခုနှစ်၌ ထွန်ယက်ခ ငွေ ၃-ထောင် ကျော်ရရှိ၍ စရိတ်တသောင်းခွဲမျှရာ အမြတ်ငွေ တသောင်းကျော် ကြောင်း သိရသည်။

## ညောင်ကန်ရွာ လူမှုဖွံ့ဖြိုးရေးအသင်း

ညောင်ကန်ရွာ လူမှုဖွံ့ဖြိုးရေးအသင်းကို ရပ်ကွက်လူငယ် ၂၀-ယောက်ဖြင့် ဖွဲ့စည်းထားပါသည်။ ရွာလုံးနှင့် သက်ဆိုင်သော ကိစ္စ တို့ကို ဤအဖွဲ့က လုပ်ကိုင်ကြသည်။ ၎င်းအဖွဲ့ များကို ဆောင်ရွက်နိုင်ရန် တာဝန်မှူး အသီးသီးကို ပါသည်။ ၎င်းတို့မှာ—

၁။ မီးသတ်၌ မီးသတ်မှူး၊
၂။ စာကြည့်တိုက်၌ စာကြည့်တိုက်မှူး၊
၃။ အားကစား၌ အားကစားမှူး၊
၄။ ကာကွယ်ရေး၌ ကာကွယ်ရေးမှူး၊
၅။ ကြက်ခြေနီ၌ ကြက်ခြေနီအသင်း တာဝန်မှူးတို့ဖြစ်ကြပါသည်။

အဖွဲ့တည်ရာမှာ ရွာလယ် သမဝါယမဆိုင် မြေနေရာ အတွင်းရှိ အဆောက်အဦး၌ ဖြစ်ပါသည်။ ၎င်းအသင်းကြီးကို ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဒု-အတွင်းရေးမှူး၊ အမှုဆောင် ၅-ဦးတို့ဖြင့် ဖွဲ့စည်းထားပါသည်။

၎င်းအဖွဲ့သည် သမဝါယမဆိုင်၌ ညစောင့်အဖြစ် ညစဉ်စောင့်ကြရာ လစဉ်ရန်ပုံငွေ ၆၀-ကျပ် ရရှိပါသည်။ ၎င်းရန်ပုံငွေကို စာကြည့်တိုက်၊ ကြက်ခြေနီစသော အသင်းတို့အတွက် လိုအပ်သလို အသုံးပြုကြပါသည်။

## ညောင်ကန်ရွာ မော်ကွန်းစာကြည့်သင်း

ညောင်ကန်ကျေးရွာ၏ မော်ကွန်း စာကြည့်သင်း စာကြည့်တိုက်ကို လွန်ခဲ့သည့် အနှစ် ၄၀-ခန့်ကပင် စတင်တည်ထောင် ကြိုးစားခဲ့ကြပါသည်။ ယခုလက်ရှိ အခြေအနေအရ အသင်းသား ၁၀၀-ခန့်နှင့် စာအုပ်ပေါင်း ၁၅၀၀-ခန့် ထားနိုင်ပါသည်။ သတင်းစာ ဂျာနယ်နှင့် ဘာသာပြန် စာအုပ်များ ကျော်ကြားသည့် ဝတ္ထုများပါ ထားရှိနိုင်ရာ ဘုတလင်မြို့မှ စိတ်ဝင်စားသူအချို့ပင် လာရောက် ငှါးရမ်းဖတ်ရှုကြပါသည်။

လွန်ခဲ့သည့် ၁၉၆၇-ခုနှစ်လောက်က ဘုတလင်မြို့ စာဆိုတော်နေ့၌ ဟောပြောမှု ပါဝင်ခြင်း၊ စာပေပြိုင်ပွဲဝင်ခြင်း၊ ဖျော်ဖြေမှု၌ ပါဝင်လှုပ်ရှားခြင်းတို့ကို ပြုလုပ်ခဲ့ကြပါသည်။ မီးသတ်၊ ကာကွယ်ရေး၊ အားကစားတို့မှာလည်း အချိန်အခါအလိုက် လှုပ်ရှားမှုများ ရှိကြပါသည်။

## ညောင်ကန်ရွာ ပညာရေး

ညောင်ကန်ရွာပညာရေးအကြောင်းကိုလည်း တစေ့တစောင်းတင်ပြလိုပေသေးသည်။ တင်ပြရာ၌ ၁။ ညောင်ကန်ရွာ ဓမ္မာစရိယသံဃာ၊ ၂။ ညောင်ကန်ရွာ အဝေးရောက် သာသနာပြုသံဃာ၊ ၃။ ညောင်ကန်ရွာ မူလတန်းကျောင်း၊ ၄။ ညောင်ကန်ရွာဇာတိ ဘွဲ့ရပြီးသူများ၊ ၅။ ညောင်ကန်ရွာဇာတိ တက္ကသိုလ်နှင့် ကောလိပ်ရောက် ကျောင်းသားများဟူ၍ ၅-ပိုင်းခွဲ တင်ပြလိုက်ပါသည်။

ညောင်ကန်ရွာ ဓမ္မာစရိယသံဃာများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

### ညောင်ကန်ရွာ ဓမ္မာစရိယသံဃာများ

၁။ ယခုညောင်ကန်ရွာ၊ ရှစ်မျက်နှာကျောင်းတိုက်၊ တောင်ကျောင်း ဘုန်းတော်ကြီး ဦးနာရဒ (ဓမ္မာစရိယ)။

၂။ ယခု ညောင်ကန်ရွာ၊ ကန်ဦးကျောင်းတိုက်၊ ဘုန်းတော်ကြီး ဦးဝိမလ (ဓမ္မာစရိယ)။

၃။ ယခု ညောင်ကန်ရွာ ရွာသာ ဖျောက်ဆိပ်ကုန်း၊ ရွှေစည်းခုံ ကျောင်းထွက် ဦးဉာဏောဘာသ (ဓမ္မာစရိယ)။

၄။ ညောင်ကန်ရွာ ရတနာမဉ္ဇူ ကျောင်းတိုက်ထွက် ယခုမေမြို့ ခဲလယ်စာသင်ကျောင်းတိုက်၊ စာချဆရာတော် ဦးဉာဏုတ္တရ (ဓမ္မာစရိယ)။

၅။ ညောင်ကန်ရွာ ရတနာမဉ္ဇူ ကျောင်းတိုက်ထွက် ဦးဝါသဝ (ဓမ္မာစရိယ)။

၆။ ညောင်ကန်ရွာ ရတနာမဉ္ဇူ ကျောင်းတိုက်ထွက် ဦးကောဝိဒ (ဓမ္မာစရိယ)။

၇။ ညောင်ကန်ရွာ ရတနာမဉ္ဇူ ကျောင်းတိုက်ထွက် ဦးဓမ္မိက (ဓမ္မာစရိယ)။

## ညောင်ကန်ရွာ အဝေးရောက် သာသနာပြုသံဃာ

၁။ တောင်ငူမြို့၊ မြို့ထောင့် ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်၊ ဆရာတော် ဦးသံဝရ (ကျောင်းတိုက် မဟာနာယကစာချ၊ ကျမ်းပြုဆရာတော်ဘုရားကြီး၊ ပျံလွန်တော်မူခဲ့ပြီ)။

၂။ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုး၊ ပညာဇောတချောင်ကျောင်း ဘုန်းတော်ကြီး ဦးပညာဇောတ ဆရာတော်။

၃။ မန္တလေးမြို့ အနောက်ပြင်၊ ပြည်လုံးချမ်းသာ ကျောင်းတိုက်၊ ဘုန်းတော်ကြီး ဦးသုဒဿန (ညောင်ကန်သာသနာဝင် စသော ကျမ်းများကို ပြုစုသည့်ဆရာတော်)။

၄။ မေမြို့အနီးစခန်း(ဆေကိန္ဒာရာမ) ဈေးကုန်းကျောင်းတိုက် စာချ ဆရာတော် ဦးဣန္ဒာစာရ။

၅။ ရန်ကုန်မြို့ ကြည့်မြင်တိုင် စလင်းကျောင်းတိုက်၊ ဦးခေမိန္ဒနှင့် (ညီ) ဦးဝိမလ (ပထမကြီး) (ညောင်ကန်ရွာ ရတနာမဥ္ဇူ ကျောင်းတိုက်ထွက်များတည်း)။

၆။ ညောင်တုန်းမြို့နယ် ခတ္တီယ=ကျွန်းဦးရွာ မင်္ဂလာမာရ်အောင် (အနောက်ကျောင်း) ဘုန်းတော်ကြီး ဦးကုမာရ (ကမ္မဋ္ဌာနာစရိယ)။

၇။ ပုသိမ်မြို့ တဂေါင်းဘုရားလမ်း၊ အောင်မြေဘုံကျော် ကျောင်းတိုက်၊ မဟာစည်ရိပ်သာခွဲ ဆရာတော် ညောင်ကန် အရှင်ဣန္ဒက (ယခု ရန်ကုန်သာသနာ့ရိပ်သာ)။

၈။ ပဲခူးမြို့ သာသနာ့မဏ္ဍိုင် စာသင်တိုက်၊ စာသင်သား ဦးကုသလ (ပထမကြီး)။

(ဤကား စာရေးသူသိသမျှ ညောင်ကန်ရွာအဝေးရောက် သာသနာပြု သံဃာတော်များ ဖြစ်ပါသည်။ အခြား သံဃာတော်များလည်းရှိကြပါဦးမည်)။

## ညောင်ကန်ရွာ မူလတန်းကျောင်း

ညောင်ကန်ရွာ၌ ၁၉၃၇-ခုနှစ် မတိုင်မီကပင် အလယ်တန်းကျောင်း ရှိခဲ့ပါသည်။ သို့သော် နောက်ပိုင်း၌ ခေတ် အခြေအနေအရ ငွေအင်အား ကျောင်းသားအင်အား ချို့တဲ့မှုကြောင့် အလယ်တန်း ကျောင်း ဆက်မဖွင့်နိုင်တော့ပဲ မူလတန်းကျောင်းအဆင့်၌သာ ယနေ့ တိုင် ဆက်လက်တည်ရှိနေပါတော့သည်။

ညောင်ကန်ရွာ မူလတန်းကျောင်းကို ပုဂ္ဂလိကပိုင်မြေနှင့် ကျောင်း၌ ဦးစွာဖွင့်ခဲ့ရပါသည်။ ထိုသို့ ဖွင့်ရခြင်းမှာ ယာယီ သဘောဖွင့်ခြင်း ဖြစ်ပါသည်။

၁၉၆၉-ခုနှစ်၌ ညောင်ကန်ရွာ ဆရာ မိဘအသင်းက ဦးဆောင်ကာ ရွာပိုင်မြေ ရွာပိုင်ကျောင်းအဖြစ် ကျပ်ငွေ(၉၀၄၁၊ ၅၀-ပြား)တန်ကို ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် ဆောက်လုပ်ခဲ့သည်။

ယခု ညောင်ကန်ရွာ မူလတန်းကျောင်း၌ ကျောင်းဆရာ ၂-ဦး၊ ဆရာမ ၅-ဦး၊ ပေါင်း ၇-ဦး ရှိပါသည်။ ကျောင်းသားဦးရေ ၃၅၀-ရှိ ပါသည်။ ညောင်ကန်ရွာ စာမတတ်သူ ၁၁၃-ယောက် ရှိပါသည်။ ယခုနှစ် အ,သုံးလုံးကျေ ၅၀-ရာခိုင်နှုန်းတတ်ပါပြီ။

## ညောင်ကန်ရွာဇာတိ ဘွဲ့ရပြီးသူများ

ညောင်ကန်ရွာ ဘွဲ့ရပြီးသူများကား ၁၆-ယောက်ဖြစ်ကုန်၏။ ထို စာရင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ ဦးညဏ်သင်း (ဘီအက်စ်စီ-အမ်အက်စ်စီ) (ကော်လိုရာဒို) ရန်ကုန်တက္ကသိုလ်မှ (ဘီအက်စ်စီ ဘူမိဗေဒ) ဘွဲ့ကို ရရှိပြီး အမေရိကန် (ကော်လိုရာဒို)တက္ကသိုလ်မှ (အမ်အက်စ်စီ)ဘွဲ့ကို ရရှိခဲ့သည်။ ယခု ရန်ကုန် ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်၌ ဘူမိဗေဒ ကထိကအဖြစ် တာဝန်ထမ်းနေသည်၊ ၎င်း၏အဖ ဦးဘခင်၊ အမိ ဒေါ်ပံသု။

၂။ ဦးတည်ကြည်၊ ဘီအက်စ်စီ၊ အမ်အက်စ်စီ (ရန်ကုန်ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်)ယခု ရန်ကုန်ဆေးတက္ကသိုလ် ရုက္ခဗေဒဌာန၌ သရုပ်ပြ ဆရာအဖြစ် အမှုထမ်းလျက်ရှိ၏။ ၎င်း၏အဖ ဦးဘခင်၊ အမိ ဒေါ်ပံသု။

၃။ ဒေါ်သက်နှင်း (ဘီအေ သမိုင်း)(ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်) ယခု မုံရွာမြို့ အမှတ်၃-အထက၌ အလယ်တန်းပြ ဆရာမ အဖြစ် အမှုထမ်းလျက်ရှိသည်။ ၎င်း၏အဖ ဦးဘခင်၊ အမိ ဒေါ်ပံသု။

၄။ ဦးမောင်မောင်ဦး (ဘီအေ ရန်ကုန်ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်) ယခု ဘုတလင်မြို့နယ် ပါတီယူနစ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၎င်း၏အဖ ဦးရွှေဂုံး၊ အမိ ဒေါ်ရွှေသွယ်။

၅။ ဒေါ်ခင်ယု (ဘီအေ ရန်ကုန်တက္ကသိုလ်) ယခု မုံရွာမြို့ အမှတ် ၂-အထက၌ အထက်တန်းပြ ဆရာမ အဖြစ် အမှုထမ်းဆောင်လျက်ရှိပါသည်။ ၎င်း၏အဖ ဦးဖိုးဦး၊ အမိ ဒေါ်ဝံသ။

၆။ ဦးကျော်တင် (ဘီအက်စ်စီ ရန်ကုန်တက္ကသိုလ်) ယခု ရှမ်းပြည် မြောက်ပိုင်း တန့်ယန်းမြို့၌ ဒုဗိုလ်အဖြစ် တာဝန်ထမ်းဆောင်နေသည်။ ၎င်း၏အဖ ဦးဘထွေး၊ အမိ ဒေါ်ရွှေအိ။

၇။ ဦးတင်အောင်မြင့် (ဘီအေ၊ ဘီအယ်လ် မန္တလေးတက္ကသိုလ်) ယခု ကျောက်ဆည်မြို့ ဒိစတြိတ် ကောင်စီရုံး၌ အတွင်းရေးမှူး အဖြစ်တာဝန်ထမ်းဆောင်နေပါသည်။၎င်း၏အဖ ဦးပေါ်များ။

၈။ ဒေါ်မြင့်မြင့်(ဘီအေ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်)ယခု ရန်ကုန် မင်္ဂလာတောင်ညွန့် (အမက)၌ မူလတန်းပြဆရာမ အဖြစ် အမှုထမ်းနေပါသည်။ ၎င်း၏အဖ ဦးဘရီ၊ အမိ ဒေါ်ရီ။

၉။ ဦးနေလင်း (ဘီအက်စ်စီ အင်ဂျင်နီယာ ရန်ကုန် စက်မှုတက္ကသိုလ်) ယခု ရန်ကုန် သံရည်ကျိုစက်၌ အမှုထမ်းနေသည်။ ၎င်း၏အဖ ဦးမောင်ကြီး၊ အမိ ဒေါ်စံရွှေ။

၁၀။ ဦးဘိုးသိ (ဘီအေ၊ ဘီအယ်လ် မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်) ယခု မုံရွာ (ပလက) ရုံး၌ အမှုထမ်းနေသည်။ ၎င်း၏ဖခင် ဦးဘိုးဝင်း၊ အမိ ဒေါ်ဟန်။

၁၁။ ဦးဘချို (ဘီအေ-ရန်ကုန်တက္ကသိုလ်) ယခု ကောင်ကြီးခရိုင်၊ ဆီဆိုင်းမြို့၌ ဌာနခွဲ မန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်နေ သည်။ ၎င်း၏ အဖ ဦးပေါလွင်။

၁၂။ ဦးစိုးမြင့် (ဘီအီးကွန်း-ရန်ကုန် စီးပွားရေး တက္ကသိုလ်) ယခု အတွင်းဝန်များရုံး၌ အမှုထမ်းနေသည်။ ၎င်း၏အဖ ဦးအိမ် ကြီးမောင်၊ အမိ ဒေါ်အေးစိန်။

၁၃။ ကိုသန်းဝင်း (ဘီအေ-ပထဝီ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်) ၎င်း၏အဖ ဦးသိန်းမောင်၊ အမိ ဒေါ်ကင်နု။

၁၄။ မတင်တင် (ဘီအေ၊ သမိုင်း-မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်) ၎င်း၏အဖ ဦးခင်မောင်၊ အမိ ဒေါ်တင်အေး။

၁၅။ မလှိုင် (ဘီအေ-ပထဝီ မန္တလေး ဝိဇ္ဇာသိပ္ပံတက္ကသိုလ်) ၎င်း၏ အဖ ဦးသောင်းမော်၊ အမိ ဒေါ်သန်းကင်။

၁၆။ ဦးကိုကိုလေး (ဘီအက်စ်စီ၊ သင်္ချာ-ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်) ၎င်း၏အဖ ဦးညွန့်ဖေ၊ အမိ ဒေါ်သောင်းစိန်။

## ညောင်ကန်ရွာ တက္ကသိုလ်နှင့် ကောလိပ်ရောက် ပညာသင် ကျောင်းသား- ကျောင်းသူများ

ညောင်ကန်ရွာ၌ ဘွဲ့ယူရန် ကောလိပ်နှင့် တက္ကသိုလ် ရောက် ကျောင်းသား ကျောင်းသူများလည်း ရှိကုန်သေး၏။ ၎င်းတို့၏စာရင်း မှာ အောက်ပါအတိုင်း ဖြစ်ကုန်၏။

၁။ ကိုသစ်လွင်ဝင်း (မန္တလေး ဆေးတက္ကသိုလ် နောက်ဆုံးနှစ်) ၎င်း၏အဖ ဦးဘိုးဝင်း၊ အမိ ဒေါ်ဟန်။

၂။ ကိုအောင်ကျော်လွင်မိုး (သင်္ချာ ကတိယနှစ် ဝ-သ ရန်ကုန်) ၎င်း၏အဖ ဦးဘိုးဝင်း၊ အမိ ဒေါ်ဟန်။

၃။ မမြင့်မြင့်ကြည် (ဘူမိဗေဒ နောက်ဆုံးနှစ် ဝ-သ ရန်ကုန်) ၎င်း၏အဖ ဦးဘအေး၊ အမိ ဒေါ်တင်မိ။

၄။ ကိုညီဝင်း (သတ္တဗေဒ နောက်ဆုံးနှစ် ဝ-သ မန္တလေး) ၎င်း၏ အဖ ဦးတင်စိန်၊ အမိ ဒေါ်တင်စိန်။

၅။ ကိုတင်မြင့် (မန္တလေး- စိုက်ပျိုးရေးတက္ကသိုလ် တတိယနှစ်) ၎င်း၏အဖ ဦးသိန်းဟန်၊ အမိ ဒေါ်ပွဲညက်။

၆။ ကိုဝင်းလှိုင် (အင်းစိန် တိရစ္ဆာန် ဆေးတက္ကသိုလ် စတုတ္ထနှစ်) ၎င်း၏အဖ ဦးတင်၊ အမိ ဒေါ်ညွန့်ရီ။

၇။ ကိုဌေးဝင်း (သမိုင်း-တတိယနှစ် ဝ-သ ရန်ကုန်) ၎င်း၏အဖ ဦးတင်၊ အမိ ဒေါ်ညွန့်ရီ။

၈။ မကြူကြူဝင်း (ရန်ကုန်စီးပွါးရေးတက္ကသိုလ် ဒုတိယနှစ်) ၎င်း၏ အဖ- ဦးအောင်ခင်၊ အမိ ဒေါ်စန်း။

၉။ မကြည်ကြည်မြင့် (ရန်ကုန်လုပ်သားကောလိပ်၊ သမိုင်း ဒုတိယ နှစ်) ၎င်း၏ အဖ ဦးစိန်ချယ်၊ အမိ ဒေါ်တင်သက်။

၁၀။ ကိုဆန်းဦး (သင်္ချာ နောက်ဆုံးနှစ် ဝ-သ မန္တလေး) ၎င်း၏ အဖ ဦးသောင်း၊ အမိ ဒေါ်ခင်ရီ။

၁၁။ ကိုအောင်ကျော်ဆန်း (ရူပဗေဒ နောက်ဆုံးနှစ်၊ ဝ-သ ရန်ကုန်) ၎င်း၏ အဖ ဦးညက်ဦး၊ အမိ ဒေါ်မြသွင်။

၁၂။ ကိုလေးမြင့် (မြန်မာစာ ဒုတိယနှစ်၊ မြစ်ကြီးနား ကောလိပ်) ၎င်း၏ အဖ ဦးတင်၊ အမိ ဒေါ်အုံးတင်။

၁၃။ ကိုခင်မောင်ကြည် (ရူပဗေဒ နောက်ဆုံးနှစ် ဝ-သ မန္တလေး) ၎င်း၏ အဖ ဦးဘရီ၊ အမိ ဒေါ်ရီ။

၁၄။ ကိုညီလေး (အင်းစိန် တိရစ္ဆာန်ဆေးကုတက္ကသိုလ်) ၎င်း၏ အဖ ဦးညွန့်ဖေ၊ အမိ ဒေါ်သောင်းစိန်။

၁၅။ မစန်းစန်းမြင့် (မန္တလေး စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်) ၎င်း၏ အဖ ဦးအိမ်ကြီးမောင်၊ အမိ ဒေါ်အေးစိန်။

၁၆။ ကိုအုန်းရွှေ (စိတ်ပညာအဓိက ပထမနှစ်၊ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်) ၎င်း၏ အဖ ဦးဖိုးခ၊ အမိ ဒေါ်နီ။

ဤကား ၁၉၇၁-ခုနှစ် စာရင်းအရ ဖြစ်ပါသည်။ ဘွဲ့ရပြီးသူ ၁၆-ယောက်၊ ဘွဲ့ယူရန် ၁၆-ယောက် ပေါင်း ၃၂-ယောက် ဖြစ်ပါသည်။

## ညောင်ကန်ရွာ စာတိုက်ပုံး

ညောင်ကန်ရွာ၌ စာတိုက်ပုံး ရှိပါသည်။ ဘုတလင်မြို့နယ် နယ်လှည့် စာတိုက်၊ စာပို့လုလင်က ဗုဒ္ဓဟူးနေ့တိုင်း စာသိမ်းခြင်း၊ ဝေခြင်းကို ဆောင်ရွက်ပါသည်။ ငွေနှင့် ပါဆယ်များကို ဘုတလင်မြို့ စာတိုက်၌သာ ဆောင်ရွက်နိုင်ပါသည်။

## ညောင်ကန်မှာ ဒါတွေလိုသည်

ညောင်ကန်ရွာ၌ ယခုအခါ ဒါတွေ လိုနေပါသည်။ မရှိမဖြစ် လိုအပ် နေသည်များမှာ—

၁။ လက်ရှိ မူလတန်းကျောင်းမှ အလယ်တန်းကျောင်းသို့ တိုးချဲ့ ဖွင့်လှစ်ရန်။

၂။ ပြည်သူ့ကျန်းမာရေး ဆေးပေးခန်းတခု ဖွင့်လှစ်ရန်။

၃။ ၁၉၅၉- ခုနှစ်က စခဲ့သော ဆည်စီမံကိန်းကြီး ပြီးမြောက် အောင်မြင်ရန်။

၄။ လက်ရှိစာတိုက်ပုံးမှ စာတိုက်ခွဲငယ်သို့ တိုးချဲ့ဖွင့်လှစ်ရန်။

၅။ ဝည်ဆောက်ဆဲ ညောင်ကန် ဆရာတော် ဦးဋ္ဌိ ပြတိုက် ပြီး မြောက် အောင်မြင်ရန်။

၆။ ပရိယတ္တိ စာသင်တိုက် ဖွင့်လှစ်ရန်။

၇။ ပဋိပတ္တိရိပ်သာတခု ဖွင့်လှစ်ရန်။

ဤခုနစ်ချက်တို့ကို မုချလိုအပ်ပါသည်။

### ၁။ အလယ်တန်းကျောင်း ဖွင့်ရန်

(က) ညောင်ကန်ရွာသည် ပညာရေး၌ စိတ်ဝင်စားစွာ လိုက်စားသူ ပေါများကြောင်း မွေးထုတ်ခဲ့သော ညောင်ကန်ပညာရှင်များ စာရင်း အရ ထင်ရှားပါသည်။

(ခ) ညောင်ကန် ကျေးရွာအုပ်စု၌ ကျေးရွာငယ် ၁၁-ရွာရှိရာ ညောင်ကန်ရွာ၌ အလယ်တန်းကျောင်း ဖွင့်လျှင် ပတ်ဝန်းကျင်ရွာများ ကလည်း ညောင်ကန်ရွာ အလယ်တန်းကျောင်းကို မှီခိုအားထားနိုင် ကြခြင်း။

(ဂ) ညောင်ကန်ရွာ အုပ်စု၌ပင် စိုင်ပြင်ကလေးရွာ၌ မူလတန်းကျောင်း ၁-ကျောင်း၊ အုပ်အိုင်ရွာ၌ ၁-ကျောင်း၊ ရေကန်စုရွာ၌ ၁ ကျောင်း၊ ညောင်ကန်ရွာ၌ မူလတန်းခကျောင်း ၁-ကျောင်း၊ ပေါင်း ၄-ကျောင်း ရှိနေခြင်း။

(ဃ) ညောင်ကန်ရွာ တရွာတည်း၌ပင် ၄-တန်း ကျောင်းသား ၇၀-နီးပါး ရှိပါလျက် ထိုကျောင်းသားတို့ အလယ်တန်း၊ အထက်တန်း ဆက်လက် သင်ကြားနိုင်ရန် ၆-မိုင်ဝေးသော ဘုတလင်သို့ နေ့စဉ် ဒုက္ခခံ၍ (ညောင်ကန်ရွာ ကိုညဏ်ဖူး၏) ကျောင်းကြို ကျောင်းယူ ကားဖြင့် သွားရောက် သင်ကြားနေရခြင်း။

(င) ဘုတလင်မြို့နယ် ကျေးရွာအုပ်စု ၅၀-တို့တွင် ညောင်ကန်ရွာသည် ထင်ရှားသော ရွာဖြစ်ခြင်း။

ထိုအကြောင်းများကြောင့် ညောင်ကန်ရွာ၌ လက်ရှိ မူလတန်းကျောင်းမှ အလယ်တန်းကျောင်းသို့ တိုးချဲ့ဖွင့်လှစ်ရန် ရပ်သူရွာသားများ နယ်သူနယ်သားများနှင့် သက်ဆိုင်ရာတို့က အားထုတ်သင့်ကြပါသည်။

## ၂။ ပြည်သူ့ကျန်းမာရေး ဆေးပေးခန်း ဖွင့်ရန်

(က) ညောင်ကန်ရွာ၌ မြန်မာဗိန္ဓော ဆေးဆရာများ ရှိကြသော်လည်း ပြည်သူ့ကျန်းမာရေး ဆေးပေးခန်း လုံးဝမရှိသေးခြင်း။

(ခ) ခေတ်မီဆေး ကုသလိုတိုင်း လှုပ်ခနဲဆို ၆-မိုင်ဝေးသော ဘုတလင်မြို့သို့ (လှည်း-ကားတို့ဖြင့်) ခက်ခဲစွာ သွားရောက်၍ ဆေးကုသကြရခြင်း။

(ဂ) ထို့ကြောင့် အချိန်မီ လွယ်ကူစွာ ဆေး ကုသရမည့် ရောဂါဝေဒနာများကို မကုသနိုင်ကြသောကြောင့် ညောင်ကန်ရွာ လူထုမှာ ဆင်းရဲပင်ပန်းခြင်း၊ နစ်နာဆုံးရှုံးခြင်းများနှင့် ဝမ်းနည်းဖွယ်ရာ ရင်ဆိုင်နေကြရခြင်း စသော ထိုလိုအပ်ချက်များကြောင့် ညောင်ကန်ရွာ၌ ဆေးပေးခန်းဘခုကို အစိုးရက ဖွင့်လှစ်ပေးရန် သင့်ပါသည်။

## ၃။ ဆည်စီမံကိန်းကြီး ပြီးမြောက်ရန်

(က) ညောင်ကန်ရွာသည် မိုးခေါင်ရေရှား အရပ်တွင် ပါဝင်သောကြောင့် ရေအခက်အခဲ ကြုံရတတ်သဖြင့် သောက်ရေ ချိုးရေအတွက် ညောင်ကန်ရွာ သုံးထပ်ကန်ကြီးဖြင့် လုံလောက်သည် ဆိုသော်လည်း မိုးဦးဝေးသော ဝါထပ်နှစ်များ၌ ရေကုန်သောအခါ ညောင်ကန်နှင့် တကွ နယ်သူနယ်သားများ ဒုက္ခရောက်ကြရခြင်း။

(ခ) ညောင်ကန်ရွာ၏ စိုက်ပျိုးမြေများသည် မြေဩဇာကောင်းများ ဖြစ်ကြသော်လည်း မိုးရေကိုသာ အားကိုးကြရသဖြင့် မိုးသုံးချက်မညီသောအခါ သီးနှံများ မဖြစ်ထွန်းကြသောကြောင့် ဒုက္ခရောက်ကြရခြင်း၊ ညောင်ကန်ရွာ၌ မိုးသုံးချက်ညီသော နှစ်၌ ရရှိအားသော သီးနှံများကို သုံးနှစ်တိုင် ထိုင်၍စားနိုင် ကြပါသော်လည်း မိုးသုံးချက်ညီသော နှစ်ကား ရှာမှရှားလှခြင်း။

(ဂ) ထို့ကြောင့် ညောင်ကန်ရွာ၌ မိုးကြီးရွာသွန်းစဉ် ဆည်ဖြင့် ခံယူ၍ ရေကို အသုံးချနိုင်လျှင် ဖွံ့ဖြိုး တိုးတက်မည်မှာ မုချ ဖြစ်သော်လည်း ၁၉၅၉-ခုနှစ် ကပင် ပြုလုပ်ခဲ့သော ဆည်ကြီးမှာ ယခုတိုင် မအောင်မြင်သေးခြင်း။

ထို့ကြောင့် တူးလက်စ ဆည်ကြီးကို ထပ်မံ တူးဖို့ခြင်းဖြင့်၎င်း၊ အခြားသင့်တော်မည့် နေရာသစ်ရှိလျှင် အခြားနေရာသစ်၌ ဆည်အသစ် တူးဖို့ခြင်းဖြင့်၎င်း၊ ညောင်ကန်ရွာ ဆည်စီမံကိန်းကို အမြန်ပြီးမြောက်အောင် ဆောင်ရွက် သင့်ပါသည်။ ညောင်ကန်ရွာ ဆည်ကြီး စီမံကိန်း အောင်မြင်လျှင် ညောင်ကန်ရွာနှင့် တကွ တနယ်လုံး ဖွံ့ဖြိုးတိုးတက်၍ တိုင်းပြည်ကိုပါ အကျိုး ပြုနိုင်မည်မှာ သေချာပါသည်။ မြန်မြန်ပြီးစီးအောင်မြင်ပါစေဟု ဆန္ဒပြုရပါသည်။ မြန်မြန်ပြီးမြောက်အောင်လည်း ရပ်ရွာ နယ်လူထုနှင့် သက်ဆိုင်ရာတို့က ကြိုးစားသင့်ကြပါသည်။

## ၄။ ညောင်ကန်ရွာ၌ စာတိုက်ခွဲငယ် ဖွင့်လှစ်ရန်

(က) ညောင်ကန်ရွာသည် အိမ်ခြေ ငါးရာနီးပါးရှိ ရွာကြီးဖြစ်ရာ မြို့ငယ်လေးတမြို့သဖွယ် ဖြစ်နေပါသည်။

(ခ) ညောင်ကန် ရွာသူ ရွာသားတို့သည် ညောင်ကန်ရွာမှ ထိုထို မြို့ရွာသို့ ရောက်နေကြသော မိဘသားချင်း, မိတ်ဆွေသားချင်း တို့နှင့် ဆက်သွယ်ရန် အရောင်း အဝယ် စသော ငွေရေး ကြေးရေး ကိစ္စတို့ကို စာတိုက်ရှိရာ ဘုတလင်မှ တဆင့် ဆက်သွယ် နေကြ ရသောကြောင့် များစွာ အခက်အခဲရှိကြပါသည်။

(ဂ) ထို့ကြောင့် ညောင်ကန်ရွာ၌ စာတိုက်ခွဲငယ် တခု ဖွင့်လှစ် ပေးသင့်ပါသည်။

## ၅။ ဆရာတော် ဦးဗုဓ်ပြတိုက် ပြီးမြောက်ရေး

(က) ညောင်ကန် ဆရာတော် ဦးဗုဓ်သည် သာသနာ့ သမိုင်းတွင် ထင်ရှားကျော်ကြားသော ဆရာတော် ဖြစ်သည့်ပြင် သာသနာတော် ကိုလည်း ကျေးဇူးအမြောက်အမြား ပြုတော်မူခဲ့သော သာသနာ့ သူရဲ ကောင်း သာသနာပြု အာဇာနည် ဆရာတော် ဖြစ်ကြောင်း အများ သိကြပါသည်။

(ခ) ဗုဒ္ဓ၏ "ပါဂစံန"ခေါ် ပါဠိတော်-အဋ္ဌကထာ- ဋီကာ- ဂဏ္ဌိ ယောဇနာများသည် သာသနာတော် သမိုင်း၌ အထင်အရှားရှိကုန်၏။ ညောင်ကန်ဆရာတော် ဦးဗုဓ်သည် "ဝိဒေသီဘာသာ"ခေါ် ထိုထိုပါဠိ တော်-အဋ္ဌကထာ-ဋီကာ စသည်များကို မှီရာ နိဿယ အနက်-အဓိပ္ပါယ် အများဆုံးဦးစွာ ပြန်ဆိုရေးသားတော်မူခဲ့ခြင်းကြောင့် ယခုသာသနာကို "ဦးဗုဓ်သာသနာ" ဟု ကင်ပွန်းတပ်ခေါ်ဆိုကြလျှင် စကားလွန်"အတိ-ဝုတ္တဒေါသ" မသင့်ဟု ယူဆပါသည်။

(ဂ) သာသနာတော်နှင့်စပ်၍ ရှေးသူဟောင်း ပညာကျော်တို့က "ဗုဓ်အစ-ဗုဓ်,အလယ်-ဗုဓ်,အဆုံး" ဟူ၍ပင် ဥဒါန်းဆိုတော်မူခဲ့ကြလေ သည်။ (ဗုဓ်,အစ=ဗုဒ္ဓဘုရားရှင်၊ ဗုဓ်, အလယ်=ရှင်မဟာ ဗုဒ္ဓဃောသ ဗုဓ်,အဆုံး=ဆရာတော် ဦးဗုဓ်—ဟူလို။)

(ဃ) မြန်မာပြည်အတွင်း၌ ညောင်ကန်ဟူသော အမည်သညာဖြင့် ရွာပေါင်းများစွာ ရှိသော်လည်း ဤညောင်ကန် ရွာကြီးသည် အခြား အခြားသော ရွာများထက် ဘူမိနက်သန် မြေကျန်အင်္ဂါ လက္ခဏာတို့နှင့်

ပြည့်စုံလှသဖြင့် လူနေအိမ်ခြေ စည်ကားခြင်း၊ ဇရပ်, တန်ဆောင်း, ကျောင်း,ကန်,ဘုရား ပေါများခြင်း၊ ကျမ်းတတ် ကျမ်းပြု အကျော် အမော် ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော် အများဆုံး ထွက်ပေါ်ရာ ဖြစ်ခြင်း၊မင်းမိဖုရားကြီး, ဝန်ကြီး, ဝန်ငယ်,ရွှေတိုက်စိုး, သွေးသောက်, မှူးကြီး မတ်ရာ စသူတို့ ရာဇဝင် အဆက်ဆက်၌ အသက် ဝင်ခဲ့ရာ ဌာနဟောင်းဖြစ်၍ "ရွှာမြတ် ညောင်ကန်"အမှန် ဖြစ်ပါသည်။

(ပ) ထိုဖော်ပြပါ ညောင်ကန်ဆရာတော် ဦးဗုဓ်သည် ဤရွှာမြတ် ညောင်ကန်၌ ဖွားမြင်တော်မူခဲ့၍ ယခုတိုင် ဆရာတော် ဦးဗုဓ်၏ ခမည်းတော်, မယ်တော် အိမ်ခြံဝိုင်း နေရာသည် ညောင်ကန်ရွာ၌ တည်ရှိ နေပါသည်။

(စ) ဤပြင် ညောင်ကန် ဆရာတော် ဦးဗုဓ် သီတင်း သုံးခဲ့သော ညောင်ကန်ရွာ ရတနာမဥ္ဇူ ကျောင်းတိုက်တွင်း (အစဉ်အဆက်) ဆရာတော် ဦးဗုဓ်ကျောင်း၌ ဆရာတော် ဦးဗုဓ်၏ လက်ရေးမူ ပုရပိုက် များ မဟာအောင်မြေ ဘုံစံကျောင်းအမ နန်းမတော် မယ်နုက ဆရာ တော် ဦးဗုဓ်အား လှူဒါန်းထားသော အနံ ၉-လက်မခွဲ၊ အစောက် ၅-လက်မခွဲရှိ ကြေးကွမ်းအစ်ကြီး၊ ကြေးရေသောက်ဖလား၊ အလျား ၂၀-လက်မ အနံ ၃-လက်မခွဲရှိ 'ဆင်စွယ် ကမ္မဝါစာ'များ တည်ရှိနေပါ သေးသည်။

ထို့ကြောင့် ဗုဒ္ဓသာသနာဝင် မှန်သမျှ မမေ့သင့်သော အမြဲအမှတ် ရနေမည့် ကျေးဇူးတော်ရှင် ညောင်ကန် ဆရာတော် ဦးဗုဓ်၏ ပြတိုက်ကို ယခုအခါ ညောင်ကန်ရွာ ဆရာတော်ဦးဗုဓ်၏ ခမည်းတော်, မယ်တော် ဝိုင်းခြံအတွင်း၌ အုဋ်မြစ်ချလျက်ရှိပါသည်။

ဤပြတိုက် အမြန်ပြီးမြောက်အောင်မြင်ရန် ဗုဒ္ဓသာသနာဝင် ဟောင်း ရှင်လူတိုင်း၌ တာဝန်ရှိသည်ဟု ဆိုရပါမည်။ ထို့ကြောင့် ဗုဒ္ဓသာသနာ ဝင် အားလုံးက ထိုပြတိုက်တည်ထောင်ရေးကို အားပေးဝိုင်းဝန်းကြရန် မေတ္တာရပ်ခံ နှိုးဆော်လိုက်ရပါသည်။

ထိုပြတိုက်ပြီးမြောက်လျှင် ထိုပြတိုက်၌ ဦးဗုဓ်၏ စာပေများ၊ အသုံး အဆောင်များကို ထားရှိပါမည်။ ဤပြတိုက် ပြီးမြောက် အောင်မြင်၍

တင့်တယ်စွာ တည်ရှိလျှင် ဗုဒ္ဓသာသနာဝင် ရဟန်း ရှင်လူ တို့သည် လာရောက်လေ့လာ ကြည့်ရှုကြည်ညိုကြရသောအခါ—

ညောင်ကန် ဆရာတော် ဦးဗုဓ်၏ ဂုဏ်ကျေးဇူးတို့ကို အထူးသတိရကြကာ ဆရာတော် ဦးဗုဓ်အရှင်မြတ်ကြီးတို့ သာသနာပြုခဲ့သော လုံ့လဥဿာဟကို မမှီစေကာမူ ယထာဗလ ကိုယ်စွမ်း ကိုယ်စ, ရှိသမျှ ဆရာတော် ဦးဗုဓ်တို့ ပြုစုခဲ့သည့် ဗုဒ္ဓသာသနာတော်ကို ဆက်လက်၍ ထိန်းသိမ်းပြုစုနိုင်ကြလျှင် ယခုလက်ရှိ ဗုဒ္ဓသာသနာဝင်တို့၏ တာဝန် ကျေပွန်ပါပြီဟု ဆိုချင်ပါသတည်း။

## ၆။ ညောင်ကန်ရွာ ပရိယတ္တိ စာသင်တိုက်ဖွင့်ရန်

(က) ညောင်ကန်ရွာသည် ရှေးအဆက်ဆက်က ကျမ်းတတ်ကျမ်းပြု ရာဇဂုရုဆရာတော်များ ထွန်းကားခဲ့ရာ ရွာဖြစ်ကြောင်း ဖော်ပြခဲ့ပါပြီ။ ထိုရှေးဆရာတော်များ လက်ထက်က ညောင်ကန်ရွာ၌ စာသင်တိုက်ဖွင့်ကာ စာလိုက် သံဃာများစွာ တို့အား စာချတော် မူခဲ့ကြပါသည်။

(ခ) သို့သော် ယခုအခါ ညောင်ကန် ရွာ၌ ဘုန်းတော်ကြီးကျောင်း ၂၂-ကျောင်း ရှိသော်လည်း ကျောင်းသား ကိုရင် ဦးပဥ္စင်း နည်းပါး၍ စာသင်စာချ မရှိသလို ဖြစ်နေပါသည်။

ထို့ကြောင့် ညောင်ကန်ရွာထွက် ဓမ္မာစရိယသံဃာတော်များ၊ ညောင်ကန်ရွာထွက် ဓမ္မာစရိယ အရည်အချင်းရှိ သံဃာတော်များ၊ ဒကာ, ဒကာမများက ယခုလက်ရှိညောင်ကန်ရွာ ကျောင်းတိုက်တတိုက်၌ ပရိယတ္တိ စာသင်တိုက် ဖြစ်ပေါ်လာအောင် ရှေးညောင်ကန် ဆရာတော်များ၏ ဂုဏ်ကျေးဇူး၊ သာသနာတော်၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ဆင်ခြင်ကြ၍ အားထုတ် ဆောင်ရွက် သင့်ကြပါသည်။

## ၇။ ညောင်ကန်ရွာ ပဋိပတ္တိရိပ်သာ ဖွင့်လှစ်ရန်

(က) ညောင်ကန်ရွာ၌ ရှေးယခင်ကပင် လယ်တီ မိုးညှင်း စသော ထိုထို တရားစာပေများကို လေ့လာခဲ့ကြပါသည်။

(ခ) ထို့ပြင် ယခုအခါ ကန္ဒီဆရာတော်၏ သမထယာနိက ဝိပဿနာ ရှုနည်း၊ ကြောင်ပန်းဆရာတော်၏ ဝိပဿနာ ဆွေးနွေးအားထုတ်နည်း၊ မိုးကုတ်ဆရာတော်၏ ဝိပဿနာ နာကြား ရှုမှတ်နည်း၊ မဟာစည်ဆရာတော်၏ သုဒ္ဓဝိပဿနာ ရှုနည်းတို့ကို လေ့လာ ပွါးများဘူးသူများ ညောင်ကန်ရွာ၌ တစတစ ပေါ်ပေါက် လာခဲ့ကြပါသည်။

(ဂ) သို့သော် ဗုဒ္ဓသာသနာဝင်တို့၏ အထက်ဆုံးပန်းတိုင် နိဗ္ဗာန်ကို အမြန်ဆုံး ရောက်အောင် ကျေးဇူးပြုနိုင်သော တရားပြဌာန ရိပ်သာမှာ ညောင်ကန်ရွာ၌ မရှိသေးပါ။

(ဃ) ထို့ကြောင့် ညောင်ကန်ရွာ ရဟန်း ရှင် လူများက တခြား တမြို့တရွာသို့ သွားရောက် အားထုတ်မနေကြရပဲ ကိုယ့်ရပ်ကိုယ့်ရွာ၌ပင် တရားအားထုတ်ဖြစ်အောင် ပဋိပတ္တိရိပ်သာဖြစ်မြောက်ရေးကို အားပေး ဆောင်ရွက်ကြရမည် ဖြစ်ပါသတည်း။ ဤမျှဖြင့် ညောင်ကန် မှတ်တမ်း ကို အပြီးသတ်လိုက်ရပါသည်။

# ၄၀။ အမြတ်ဆုံးအလှူတော်သာဓုခေါ်ကြရန်

## အပြန်ခရီး

ယနေ့ကား ၁၉၃၂-ခုနှစ်- တန်ဆောင်မုန်းလကွယ်နေ့တည်း။ နံနက်အရုဏ်၌ ညောင်ကန်ရွာ၊ ရွှေအံတော်ရပ်၊ စာရေးသူ၏ ခမည်းတော်၊ မယ်တော်များအိမ်ဝယ် ဆွေမျိုးအားလုံးတို့က ဝိုင်းဝန်း၍ အရုဏ်ဆွမ်းနှင့် အချိုပွဲတို့ကို စုပေါင်း ဆက်ကပ်ကြပါသည်။ တရားဟော အဖွဲ့ကလည်း အရုဏ်ဆွမ်းနှင့် ချိုပွဲချဉ်ပွဲများကို အလှူရှင်များကျေနပ်အောင် နဲနဲစီ နဲနဲစီ စေ့စေ့ငငဘုဉ်းပေးကြရပေသည်။

ဆွမ်းဘုဉ်းပေးပြီးနောက် ညောင်ကန်ရွာ ဆရာတော်ဦးဗုဓ်ပြတိုက်အတွက် အလှူဒါနပြုလိုကြောင်း ဒကာကြီးဦးညီပုအား စာရေးသူက ပြောကြားပါသည်။

ထို့ကြောင့် ဒကာကြီးဦးညီပုက ပြတိုက်အကျိုးဆောင် ဦးလှဖေအား နဝကမ္မဝတ္ထုငွေ ၁၀၀-ကျပ်ကို လွှဲအပ်ပေးလှူသည်။

အားလုံး ကိစ္စပြီးကြသောအခါ ဆွေမျိုးသားချင်း အားလုံးတို့အား နှုတ်ဆက်ပြီးသော် စာရေးသူတို့ တရားဟောအဖွဲ့သည် ညောင်ကန်ရွာ ဦးဉာဏ်ဖူး- ဒေါ်အေးရီတို့ကားဖြင့် ညောင်ကန်မှ မုံရွာမြို့သို့ ထွက်ခွါခဲ့ကြလေသည်။ မုံရွာရောက်သော် စန်းမြရောင်ခြည် သာသနာ့ရိပ်သာသို့ ဝင်ရောက်၍ နေ့ဆွမ်း ဘုဉ်းပေးကြသည်။ နေ့ဆွမ်း ဘုဉ်းပေးပြီးသော် 'ရတနာပုံ+မန်း' ကို စီး၍ မုံရွာမှတဖန် မန္တလေးမြို့သို့ ပြန်ခဲ့ကြလေသတည်း။

## တရားဟောခဲ့တဲ့ ဌာနပေါင်း ၂၀-ရှိပါတယ်ဘုရား

ညနေ ၄-နာရီ၌ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာသို့ ပြန်ရောက်ကြသည်။ တရားဟောအဖွဲ့သည် နှစ်စဉ် စိန်ပန်းရိပ်သာသို့ ဝါကျွတ်ပြီးလျှင် တလ-တလ ကြွရောက် သီတင်းသုံးတော်မူသော ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးထံမှောက်သို့ ဝင်ရောက်ဝပ်တွား ကန်တော့ကြသည်။

''တရားဘယ်နှစ်ဌာန ဟောခဲ့ကြသလဲ''ဟု ဆရာတော်ဘုရားကြီးက မေးတော်မူ၏။

''တရားဟောခဲ့တဲ့ ဌာနပေါင်းက နှစ်ဆယ်ရှိပါတယ်ဘုရား၊ တဌာန တဌာနမှာ တညလဲ ဟောခဲ့ရ၊ ၂-ညလဲ ဟောခဲ့ရ၊ ၃-ညလဲ ဟောခဲ့ရ ပါတယ်ဘုရား၊ အကြောင်း ညီညွတ်သလို ဟောကြားခဲ့ကြရပါတယ် ဘုရား၊ ဟောကြားခဲ့ရာ ဌာနနှစ်ဆယ်ကတော့ ၁-မိုးကောင်း၊ ၂-မြစ်ကြီးနား၊ ၃-ခမ္မတီးမြို့၊ ၄-ထမံသီ၊ ၅-နောင်ပင်၊ ၆-မောင်းခမ်း၊ ၇-ကောယား၊ ၈-ဟုမ္မလင်း၊ ၉-ကက်သာ၊ ၁၀-သောင်သုပ်၊ ၁၁-သရောင်း၊ ၁၂-ဖောင်းပြင်၊ ၁၃-ဟဲလှော်၊ ၁၄-မော်လိုက်မြို့၊ ၁၅-ကလေးဝမြို့၊ ၁၆-ကာလေးမြို့၊ ၁၇-ခန်းပတ်၊ ၁၈-တမူးမြို့၊ ၁၉-မင်းကင်းမြို့၊ ၂၀-ညောင်ကန်ရွာများ ဖြစ်ပါတယ်ဘုရား'' ဤသို့လျှင် ဒကာကြီး ဦးညီပုက စာရင်းစာရွက် ကိုင်ကာ ဖတ်၍ အစီအစဉ် တကျ လျှောက်ထားလိုက်ပါသတည်း။

## အမျှ-အမျှ-အမျှ-ယူတော်မူကြပါကုန်လော

ဤ၌ သိကြားမင်းကလျှောက်၍ မြတ်စွာဘုရားက ဖြေကြားမိန့်မြွက်တော်မူသော ဂါထာတော်မြတ်ဖြင့် ဤ''အညာတခွင် တရားဟော'' ထွက်ခဲ့စဉ်က'' ခရီးသွားမှတ်တမ်းကို နိဂုံးချုပ်လိုပါသည်။

ဤဂါထာတော်မြတ်ဖြစ်ပေါ်ရာ ကာလကား မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ဖြစ်ပါသည်။ အခါတပါး မြတ်ဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်း မွေ့လျော်တော်မူ၏။

ထိုအခါ နတ်ပြည်သနင်း သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် မြတ်စွာဘုရားထံမှောက် ဆိုက်ရောက်လာ၏။ အကြောင်းမှာ နတ်ပြည်၌ မိမိနှင့်တကွ နတ်အပေါင်းတို့ မဆုံးဖြတ်နိုင်သော ပြဿနာလေးချက်ကို မြတ်စွာဘုရားအား အဖြေဟောကြားပေးပါမည့်အကြောင်း လျှောက်ထား တောင်းပန်ရန် ဖြစ်လေသည်။

နတ်ပြည်၌ သိကြားမင်းအမှူးရှိသော နတ်အပေါင်းတို့ မဆုံးဖြတ်နိုင်သောပြဿနာ လေးချက်မှာ—

၁။ အလှူတို့တွင် အဘယ်အလှူသည် အကြီးဆုံးဖြစ်သနည်း။
၂။ အရသာတို့တွင် အဘယ်အရသာသည် အကြီးဆုံးဖြစ်သနည်း။
၃။ မွေ့လျော်ခြင်းတို့တွင် အဘယ်မွေ့လျော်ခြင်းသည် အကြီးဆုံးဖြစ်သနည်း။
၄။ တဏှာ၏ ကုန်ခြင်းကိုသာလျှင် အဘယ်ကြောင့် အကြီးဆုံးဟူ၍ ဆိုအပ်သနည်းဟူ၍ ဖြစ်လေသည်။

နတ်အပေါင်းတို့နှင့်တကွ သိကြားမင်းသည် မြတ်စွာဘုရားထံမှောက်သို့ ရောက်ရောက်ချင်းပင် မြတ်ဘုရားအား အဆိုပါပြဿနာ ၄-ချက်ကို ဖြေကြား မိန့်မြွက်ပါရန် လျှောက်ထား တောင်းပန်လေသည်။

ထိုအခါ မြတ်ဘုရားက ဤဂါထာကို ဟောကြားတော်မူလေသည်။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

၁။ သဗ္ဗဒါနံ၊ အလုံးစုံသော အလှူကို။ ဓမ္မဒါနံ၊ တရားအလှူသည်။ ဇိနာတိ၊ အောင်နိုင်၏။
၂။ သဗ္ဗရသံ၊ အလုံးစုံသော အရသာကို။ ဓမ္မရသော၊ တရားအရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။
၃။ သဗ္ဗရတိံ၊ အလုံးစုံသော မွေ့လျော်ခြင်းကို။ ဓမ္မရတိ၊ တရားဖြင့် မွေ့လျော်ခြင်းသည်။ ဇိနာတိ၊ အောင်နိုင်၏။
၄။ တဏှက္ခယော၊ တဏှာ၏ ကုန်ခြင်းသည်။ သဗ္ဗဒုက္ခံ၊ အလုံးစုံသော ဆင်းရဲကို။ ဇိနာတိ၊ အောင်နိုင်၏။

ဤကား မြတ်စွာဘုရား ဖြေကြားမိန့်မြွက်တော်မူသော ဂါထာပေတည်း။

## အမျှဝေရန် တောင်းပန်ခြင်း

ဤဂါထာတော်မြတ်ကို ကြားနာရသောအခါ သိကြားမင်းက—

"မြတ်စွာဘုရား.... ဓမ္မဒါနအလှူသည် ဤသို့ အကျိုးကြီးမြတ်ပါလျက် အရှင်မြတ်စွာဘုရား၏ တပည့်သားတော်တို့သည် ဓမ္မဒါန၏ ကုသိုလ်အဖို့ကို မပေးဝေကြပါကုန်။ အမျှပေးဝေအောင် တိုက်တွန်းတော်မူပါဦးဘုရား"ဟု လျှောက်ထား၏။

## သိကြားမင်းအား အမျှပေးဝေကြ

ထို့ကြောင့် မြတ်စွာဘုရားက တပည့်သား ရဟန်းတော်တို့အား—

"ချစ်သားတို့.... သင်တို့ပြုအပ်သော ဓမ္မဒေသနာအဖို့ကို အယုတ်သဖြင့် တထပ်ဆွမ်း၏ အနုမောဒနာအဖို့ကို သော်လည်း သိကြားမင်းအား အမျှပေးဝေကြလေ"ဟု မိန့်တော်မူ၏(ဓမ္မပဒ ၂။ ၃၅၀)။

ထို့ကြောင့်—

၁။ မဟာစည် ဓမ္မကထိက· ကမ္မဋ္ဌာနာစရိယ၊ ဆရာတော် ဦးသံဝရ။

၂။ မဟာစည် ဓမ္မကထိက၊ ကမ္မဋ္ဌာနာစရိယ၊ ညောင်ကန်အရှင်ဥက္ကဋ္ဌ။

၃။ ရန်ကုန်မြို့၊ အငြိမ်းစား ရာထူးဝန်နှင့် တိုင်းမင်းကြီး စည်သူ ဦးညိုပု။

၄။ မန္တလေးမြို့၊ စိန်ပန်းရပ်၊ ရတနာပုံ သာသနာ့ရိပ်သာ အကျိုးဆောင်၊ ကျောင်းဒကာ (ဆေးပွဲစားကြီး) ဦးခင်မောင် ဟူသော တရားဟောအဖွဲ့သားတို့သည်—

ဤမှတ်တမ်းပါ(၂၀)ဌာနတို့၌ တရားဟောကြားခဲ့ကြခြင်းဟို့ဖြင့်-

၁။ အမြတ်ဆုံး တရားအလှူကိုလည်း လှူခဲ့ကြပါပြီ။

၂။ အမြတ်ဆုံးတရား အရသာကိုလည်း (အထိုက်အလျောက်) သုံးဆောင်ခဲ့ကြ (တရားနာလူအားလည်း သုံးဆောင်စေခဲ့ကြ)ပါပြီ။

၃။ အမြတ်ဆုံး တရား ပျော်မွေ့ခြင်းဖြင့်လည်း ပျော်မွေ့ခဲ့ကြ ပျော်မွေ့စေခဲ့ကြပါပြီ။

၄။ အမြတ်ဆုံး တဏှာကုန်ကြောင်း အထောက်အပံ့ကောင်း (သတိပဋ္ဌာန်ဝိပဿနာ)တို့ကိုလည်း စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်ခဲ့ကြ အားထုတ်စေခဲ့ကြပါပြီ။

ဤသို့လျှင် ပြုပြုသမျှ မြတ်ပုည၏ အဖို့ဘာဂကို စာဖတ် ပရိသတ်, ဆရာသမား, ဘိုးဘွား, မိဘ, ဆွေမျိုးမိတ်သင်္ဂဟ, တိုင်းပြည်အုပ်ချုပ်သော အစိုးရ, သိကြားမင်း, ယမမင်း အစရှိသော သုံးဆယ့်ဘစ်ဘုံ ကျင်လည်ကုန်သော သတ္တဝါတို့အား အမျှပေးဝေကြပါသည်။

အမျှ...အမျှ....အမျှ

ယူတော်မူကြပါကုန်လော့........။

* ဤမှတ်တမ်းကြီးကို ၁၃၃၄-ခု တပို့တွဲလဆန်း ၄-ရက်၊ (၆-၂-၇၃)အင်္ဂါနေ့တွင် ရေးပြီးပါသည်။

# ၄၁။ အညာတခွင်တွင် ပါဝင်ခဲ့သော ခရီးသည် ၄-ဦးတို့၏ ဘဝဖြစ်စဉ်များ

## က။ အညာတခွင်ဒေသနာ ခရီးတွင် ပါဝင်တော်မူခဲ့သော ကမ္မဋ္ဌာနာစရိယ-ဓမ္မကထိက-နာယက

# ဆရာတော် ဦးသံဝရ

### မွေးရပ်မြေ

ဆရာတော် ဦးသံဝရသည် ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ်၊ အင်ကြင်းပင်ရွာ၊ ခမည်းတော် ဦးဘိုးဆိုင်- မယ်တော် ဒေါ်အေးရင်တို့မှ ၁၂၈၂-ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈-ရက်၊ သောကြာနေ့၌ ဖွား မြင်တော်မူခဲ့သည်။ မွေးချင်း ၃-ယောက်တို့တွင် အငယ်ဆုံး သား ရတနာ ဖြစ်ပါသည်။

### ရှင်—ရဟန်းပြုခြင်း

၁၂၉၆-ခု၌ အင်ကြင်းပင်ရွာကျောင်း ဆရာတော်ထံ ရှင်သာမဏေ ပြုခဲ့သည်။ ၁၃၂၀-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့၌ ရွှေဘို ခရိုင်၊ဝက်လက်မြို့နယ်၊မန်ကျည်းတုံရွာ ဦးစိန်- ဒေါ်ဖွားလှိုင် သားသမီး တစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ကျိုက်လတ်မြို့၊ ပုဗ္ဗာရုံဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက် ခဲ့သည်။

### ပရိယတ္တိ ကျေးဇူးရှင်များ

အခြေခံနှင့် ပရိယတ္တိစာပေ သင်ကြား ချီးမြှင့်တော် မူခဲ့ကြသော ကျေးဇူးရှင်များမှာ အင်ကြင်းပင်ရွာ ကျောင်းဆရာတော်၊ကျိုက်လတ်မြို့

ပုဗ္ဗာရုံကျောင်း ဆရာတော်၊ စစ်ကိုင်းမြို့ မင်းစံရပ် ရွာတောင် ဘီလူး ကျောင်း ဆရာတော်၊ မန္တလေးမြို့ အနောက်ပြင် ခင်မကန် ကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ- စံကျောင်း ဆရာတော်ဘုရားကြီးနှင့် စာချ ကထိက ဆရာတော်များ၊ ဝက်လက် မစိုးရိမ်ဆရာတော် ဦးတိဿ၊ မန္တလေးမြို့ အနောက်ပြင် ဝိသုဒ္ဓါရုံတိုက်သစ် (ပါဠိတက္ကသိုလ်) ဇမ္ဗူမော် ဆရာ တော်၊ စည်ရှင် 'အသောကာရုံ ဆရာတော်၊ ပိုက်ကျုံး ဆရာတော်၊ ယခု ပြည်မြို့ ဗာရာဏသီ ဆရာတော်၊ ယခု ရန်ကုန်မြို့ ဝိသုဒ္ဓါရုံကျောင်း တိုက် ဆရာတော်များပင်တည်း။

## အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ပဋ္ဌမပြန် (ငယ်-လတ်-ကြီး) နှင့် စာချတန်းတွင် ဂုဏ်ထူးပါ အောင်မြင်တော်မူခဲ့၍ (သာသနဓဇ သီရိပဝရ ဓမ္မာစရိယ) ဘွဲ့တံဆိပ် တော်ကို ၁၃၁၀-ခုနှစ်၌ ရရှိတော်မူခဲ့သည်။

## ပဋိပတ္တိ ကျေးဇူးရှင်များ

မဟာဝိသုဒ္ဓါရုံတိုက်၌ စာသင်ခဲ့ရာ ကာလအတွင်း ရွာသို့ ခေတ္တ ပြန်ကြွစဉ် မဟာစည် သြဝါဒခံ မဟာသတိပဋ္ဌာန်တရားကို ညွှန်ပြတော် မူသော အင်ကြင်းပင်ကျောင်း ဆရာတော်၊ ၁၃၂၅-ခုနှစ်၊ ကဆုန် လဆန်း၂-ရက်မှ ဝါဆိုလဆန်း၈-ရက်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာ တရား ပြသ ချီးမြှင့်တော်မူခဲ့သော ညောင်ဦးမြို့၊ ရွာတောဂူကျောင်း မဟာစည် သာသနာ့ရိပ်သာ ဆရာတော် ဦးကလျာဏ၊ ၁၃၂၅-ခု၊ နတ်တော်လဆန်း ၃-ရက်နေ့မှ စ၍ တပို့တွဲလဆန်း ၇-ရက်နေ့အထိ ဉာဏ်စဉ်တရား နာကြားရသည်တိုင်အောင် တရား အားထုတ်စဉ်က သြဝါဒနည်းလမ်းနှင့် စစ်ဆေးပြသတော်မူကြသောရန်ကုန်မြို့ သာသနာ့ ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည်ဆရာတော် ဘုရားကြီးနှင့် နာယက လက်ထောက်ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၊ ထို့နောက် ဆက်လက် သင်တန်းတက်ရာ၌ နည်းပြညွှန်ကြားတော်မူသော ၎င်းရိပ်သာ နာယက လက်ထောက် ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင် သုဇာတ မထေရ်တို့ပင်တည်း။

## သာသနာ့တာဝန် ဆောင်ရွက်ချက်များ

၁၃၁၈-ခု၊ ၁၉-ခုနှစ်၌ စစ်ကိုင်းတောင်ရိုး၊ တောင်ရေဦးအနောက်တိုက်၌ စာချကထိကအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၃၂၀-၂၄-ခုနှစ်တို့၌ ဝက်လက်မြို့နယ်၊ သန့်စင်ကျောင်း၌ ကျောင်းထိုင် စာပြတရားဟော ဓမ္မကထိကအဖြစ်ငင်း၊ ၁၃၂၅-ခုနှစ်၌ ရန်ကုန် သာသနာ့ရိပ်သာ၌ ဝါဆို၍ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် ဓမ္မကထိက အဖြစ်ငင်း၊ ၁၃၂၆-ခုနှစ် နတ်တော်လဆန်း ၉-ရက်နေ့မှစ၍ ၎င်းရိပ်သာ နာယကလက်ထောက်ကမ္မဋ္ဌာနာစရိယ အဖြစ်ငင်း၊ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ပို့ချတော်မူသော ဝိသုဒ္ဓိမဂ္ဂ-အဋ္ဌကထာနှင့် မဟာဋီကာ စာဝါတို့ကို လိုက်နာသင်ယူယင်း ထိုနိဿယများနှင့် ဝိသုဒ္ဓိမဂ္ဂ မြန်မာပြန်ကျမ်း ပြုစုတော်မူရာ၌လည်း လက်နှိပ်စက်ရိုက်၍ ကူညီခြင်းဖြင့်ငင်း၊ ဆရာတော် ဘုရားကြီး၏ အလှည့်ကျ တာဝန်ပေး ချီးမြှင့်တော်မူချက်အရ ၁၃၃၃-၃၄- ခုနှစ်များ၌ မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံ သာသနာ့ရိပ်သာ၌ ပဓာန- နာယက- ကမ္မဋ္ဌာနာ-စရိယ- ဓမ္မကထိက အဖြစ်ငင်း၊ ၁၃၃၄-၃၅- ခုနှစ်များက မဟာစည် ဓမ္မကထိကအဖွဲ့ အတွင်းရေးမှူး အဖြစ်ငင်း ဆောင်ရွက်တော် မူခဲ့ပေသည်။

ယင်းသို့ ဆောင်ရွက်တော်မူယင်းပင် မြန်မာပြည် အရပ်ရပ်သို့လည်း မဟာသတိပဋ္ဌာန် ဝိပဿနာ သာသနာပြု ဒေသနာ ခရီးထွက်၍လည်း ဆောင်ရွက်တော် မူခဲ့သည်။

အထူးအားဖြင့် ဒကာကြီး ဦးညီပု၏ တာဝန်ခံ ပင့်ဆောင်ချက်ဖြင့် ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ညောင်ကန် အရှင်ဇွာနက၊ ဒကာကြီး ဦးညီပု၊ ကျောင်းဒကာ ဦးခင်မောင်တို့နှင့်အတူ ဤအညာတခွင် ဒေသနာခရီးကို လှည့်လည်ဟောကြား သာသနာပြုခဲ့ပေသည်။

ယခုအခါ ဆရာတော် ဦးသံဝရသည် မော်လမြိုင်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ အလှည့်ကျ ပဓာန-နာယက- ကမ္မဋ္ဌာနာစရိယ- ဓမ္မ-ကထိက အဖြစ်ဖြင့် ဗုဒ္ဓမြတ်စွာ သာသနာပြု တာဝန်တို့ကို အားသွန်ကြိုးပမ်း ဆောင်ရွက်လျက် ရှိတော်မူပါသည်။

၁။ အညာတခွင် ဒေသနာခရီးတွင် ပါဝင်တော်မူခဲ့သော

# ညောင်ကန် အရှင် ဇာနက

### မွေးရပ်မြေ

ညောင်ကန် အရှင်ဇနကသည် ၁၃၀၀-ပြည့်နှစ်၊ နှောင်းတန်ခူး လပြည့်ကျော် ၁၃-ရက် (၁၉၃၉-၁၊ ဧပြီလ ၁၆-ရက်) တနင်္ဂနွေနေ့၊ ညနေ ၃-နာရီ အချိန်၌ ရှေးအခေါ် ပဒုံမြို့ကျေး၊ ယခုအခါ မြန်မာပြည် အထက်ပိုင်း စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်- ဘုတလင်မြို့နယ်- ညောင်ကန်ရွာ ရှေ့အိမ်တော်ရပ်၊ ခမည်းတော် ဦးဘဒေါင်- မယ်တော် ဒေါ်ပွဲဟန် တို့မှ ဖွားမြင်သော သားကြီး သြရသ ဖြစ်သည်။

### ရှင်-ရဟန်းပြုခြင်း

အသက် ၁၂-နှစ်အရွယ်၌ ညောင်ကန်ရွာ၊ ရှစ်မျက်နှာ ကျောင်း တိုက်၊ သဘော်ကျောင်း ဆရာတော် ဦးဇနကဝံသကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေ ဖြစ်၏။

အသက် ၂၀-ပြည့်သော် ၁၃၂၀-ပြည့်နှစ်၊ ဒုတိယ ဝါဆို လဆန်း ၅-ရက်နေ့၊ နေ့ ၂-နာရီ၌ ရှစ်မျက်နှာ ကျောင်းတိုက် သိမ်တော်ဝယ် သဘော်ကျောင်း ဆရာတော် ဦးဇနကဝံသ ကိုပင် ဥပဇ္ဈာယ် ပြု၍ မိဘ ၂-ပါးတို့၏ ပစ္စယာနုဂ္ဂဟ၊ ကာရက သံဃာတော်တို့၏ ဓမ္မာနုဂ္ဂဟဖြင့် ရဟန်း ပြုခဲ့သည်။

### ပရိယတ္တိ ကျေးဇူးရှင်များ

ကျောင်းသား ရှင် ရဟန်း ဘဝမှ စ၍ ပရိယတ္တိ စာပေဖြင့် ချီးမြှင့် တော်မူခဲ့ကြသော ကျေးဇူးရှင် ဆရာတော်များမှာ ညောင်ကန်ရွာ သဘော်ကျောင်း ဆရာတော်ဦးပညာသီဟ၊ ဦးဇနကဝံသ။

မန္တလေးမြို့ တောင်ပြင် မဟာအောင်မြေ ကျောင်းတိုက်၊ ဘုန်းတော်ကြီး ဦးအာစိဏ္ဏ၊ ဦးပဏ္ဍိတ၊ ဦးသာသန၊ အနောက်ပြင် မိုးကောင်းကျောင်းတိုက်၊ ဂန္ဓဂေါ ကျောင်းဆရာတော် ဦးကုမာရ၊ ဇေယျသိမ်ကျောင်း ဆရာတော် ဦးဣန္ဒဝံသ။

မုံရွာမြို့ သာစည်လမ်း မဏိရတနာပုံ ကျောင်းတိုက်၊ ဆရာတော်ဘုရားကြီးနှင့် စာချကထိက ဆရာတော်များ။

ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ဘုရားကြီးနှင့် ဂဏဝါစက စာချ ဆရာတော်များ၊ ယခုမြို့ အနီးစခန်း၊ ဆေတိန္ဒာရာမ ဈေးကုန်းကျောင်းတိုက် စာချ ဆရာတော် (အစ်ကိုဝမ်းကွဲ) ဦးဣန္ဒာစာရတို့ပင်တည်း။

## ပဋိပတ္တိ ကျေးဇူးရှင်များ

ပဋိပတ္တိဖြင့် ချီးမြှင့်တော်မူခဲ့ကြသော ကျေးဇူးရှင်ဆရာတော်များမှာ အာနာပါန ကမ္မဋ္ဌာန်းကို ပြတော်မူသော ညောင်ကန်ရွာ၊ ရှစ်မျက်နှာကျောင်းတိုက်၊ သင်္ဘောကျောင်း ဆရာတော် ဦးဣန္ဒဝံသ၊ အာနာပါနနှင့်မေတ္တာ ဘာဝနာကို ပြတော်မူသော ရင်းသင်္ဘောကျောင်း ဦးဇင်းကြီးဦးပဏ္ဍိတ (ပုံလွန်)။

ရန်ကုန်မြို့ သာသနာ့ရိပ်သာ၊ အဂ္ဂမဟာ ပဏ္ဍိတ–ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီးနှင့် ၎င်းရိပ်သာ လက်ထောက် ကမ္မဋ္ဌာနာစရိယ နာယက ဆရာတော်များပင် ဖြစ်ပါသည်။

## ဗုဒ္ဓသာသနာ့တာဝန် ဆောင်ရွက်ချက်များ

ကျောင်းသားဘဝကပင် ညောင်ကန်ရွာ ရွှေအုံတော် ဝတ်အသင်း၌ပါဝင်၍ ဘာသာရေး, သာသနာရေး, သာမှု, နာမှု, ဝေယျာဝစ္စတို့ကိုင်း၊ နေခဲ့သမျှ ကျောင်းတိုက်တာတို့၌ သေနာသနဝတ်၊ ဆရာတပည့်ဝတ်စသည်တို့ကိုင်း ကျေပွန်စွာ ဆောင်ရွက်ခဲ့ပါသည်။

ကျောင်းသား ရှင်-ရဟန်းဘဝ ငယ်စဉ်မှစ၍ ညောင်ကန်ရွာ ရွှေအုံတော် ဘုရားဓမ္မာရုံ၊ရွာလယ်ဓမ္မာရုံ၊သင်္ဘောကျောင်း ကျောင်းတို့၌၎င်း၊ စာသင်သားဘဝ၌ စာသင်ယင်းပင် အားလပ်ချိန်များ၌ ထိုထို မြို့နယ်

သာမှ, နာယူမှုများဝယ် နေ့ပွဲညပွဲ တရားပွဲတို့ကိုလည်း ရဲရဲရင့်ရင့် ဟောကြား ဆောင်ရွက်ခဲ့၏ ။

အထူးအားဖြင့် ပခုက္ကူမြို့ မဟာဂိုသုတာရာမတိုက် ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး ၏သြဝါဒခံ ကိန္နရတောင် ဓမ္မကထိကအဖွဲ့ ဝါတွင်းသီတင်းနေ့များ တရားပွဲ၌ ၅-နှစ်ပတ်လုံးပါဝင် တရားဟောကြားခဲ့ရာ ၃-နှစ်မှာ ထိုကိန္နရတောင် ဓမ္မကထိက အဖွဲ့၏ ဦးစီးတာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။

ရဟန်း ၅-ဝါရ ၁၃၂၅-ခု တပေါင်းလဆန်း ၅-ရက်နေ့မှ တန်ခူး လဆန်း ၇-ရက်နေ့အထိ ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ သြဝါဒကို ခံယူ၍ နာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးပဏ္ဍိတာဘိဝံသ၏ညွှန်ကြားပြသ မှုဖြင့် မဟာသတိပဋ္ဌာန်တရားတို့ကို ကြိုးစားအားထုတ်ခဲ့ရာ ဉာဏ်စဉ် တရား နာခဲ့ရသည်။

ထိုနောက်၇-ရက်မျှ နာယက ကမ္မဋ္ဌာနာစရိယဆရာတော် ဦးသုဇာတ နှင့် ယင်းဆရာတော် ဦးပဏ္ဍိတာဘိဝံသတို့ထံတော် ကမ္မဋ္ဌာနာစရိယ သင် တန်းကိုလည်း တက်ရောက် သင်ကြားခဲ့ပြီးနောက် ပခုက္ကူ စာပြန်သင်၍ ၁၃၂၆-ခု နွေကာလနှင့် ၂၇-ခုနှစ်၌ သရက်မြို့ အောင်မင်္ဂလာကျောင်း တိုက် ဓမ္မာစရိယစာချ ဆရာတော် အရှင်ကေသရနှင့် ဓမ္မကထိက သရက် အောင်မင်္ဂလာ ဆရာတော် အရှင်စန္ဒာဝရတို့၏ စာချ တရားဟော သာသနာပြု လုပ်ငန်းကိုလည်း ၁၁-လမျှ ကူညီဆောင်ရွက်ခဲ့သည်။

၁၃၂၇-ခုနှစ် တပို့တွဲလ၌ ရန်ကုန် သာသနာ့ရိပ်သာသို့ ပြန်ရောက် လာ၍ ရိပ်သာဖလ်ယဉ်ဓမ္မာရုံ၊မအူပင် ကျွဲထုံး သတိပဋ္ဌာန်စာပြန်ပွဲ၊မဲဇလီ ကုန်း သတိပဋ္ဌာန် ရိပ်သာတို့၌ တရားဟော သာသနာပြုရသည်။

၁၃၂၈-ခုနှစ် နယုန်လမှ စ၍ မဲဇလီကုန်းမြို့ မဟာစည် သာသနာ့ရိပ် သာ၌ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ချီးမြှင့်စေလွှတ် တော်မူချက် အရ မတ္တရာ ဦးသူရိယ ဆရာတော်နှင့်အတူ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ၁-ဝါဆို၍ သာသနာပြုခဲ့သည်။

ထိုနှစ်ဝါကျွတ်လျှင် ရန်ကုန် သာသနာ့ရိပ်သာသို့ ပြန်ခဲ့၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ပို့ချသော ဝိသုဒ္ဓိမဂ် မဟာဋီကာ စာဝါကို သင်ကြားယင်း မြို့ရောနယ်ပါ အခွင့်သာသလို တရားဟော သာသနာပြုရသည်။

၁၃၃၀-ပြည့်နှစ်၊ နယုန်လမှစ၍ ၃-နှစ်တာ၏ ၃-ဝါပတ်လုံး မန္တလေးမြို့ စိန်ပန်း ရတနာပုံရိပ်သာ၌(အလှည့်ကျ) ပဓာန ကမ္မဋ္ဌာနာ-စရိယ ဆရာတော် ဦးသုဇာတ၏ ဥပထမ္ဘက ကမ္မဋ္ဌာနာစရိယ-ဓမ္မကထိက အဖြစ် သာသနာပြုသည်။

၁၃၃၂-ခု၊ တပေါင်းလမှ ၁၃၃၃-ခု၊ ကဆုန်လအထိ မော်လမြိုင်မြို့၊ တောင်ဝိုင်းကလေး မဟာစည် သာသနာရိပ်သာသစ်၌ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ပစ္ဆာသမဏ ဥပထမ္ဘက ကမ္မဋ္ဌာနာ-စရိယ ဓမ္မကထိကအဖြစ် ဆောင်ရွက်ခဲ့ရသည်။

၁၃၃၃-ခု၊ နယုန် လဆန်း ၈-ရက် နေ့မှစ၍ ၁၀-လမျှ ဟသ်ာတမြို့ တာငါးဆယ်ရပ်၊ မဟာစည် သာသနာ့ ရိပ်သာ၌ ဆရာတော် ဦးကုဏ္ဍလ (တောင်တွင်းကြီး)နှင့်အတူ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ချီးမြှောက်စေလွှတ်ချက်အရ နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကအဖြစ် ဆောင်ရွက်ခဲ့ရသည်။

၁၃၃၃-ခု၊ တပေါင်းလဆန်း ၁၄-ရက်နေ့မှ စ၍ ၁၃၃၆-ခု၊ ဒု - ဝါဆိုလဆန်း ၇-ရက်နေ့အထိ ပုသိမ်မြို့ တကောင်းဘုရားလမ်း၊ အောင်မြေတုံကျော် မဟာစည် သာသနာ့ ရိပ်သာ၌ အကူအညီ ဦးကုဏ္ဍလ (ပေါင်းတည်) နှင့်အတူ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ အဖြစ် ဆောင်ရွက်ခဲ့ရသည်။

**စာပေ**

ပခုက္ကူ၌ စာသင်စဉ် ရဟန်းငယ်ဘဝမှစ၍ ညောင်ကန်-အပ်နှင်း၊ ညောင်ကန်- မိုးဋ္ဌနွ၊ ညောင်ကန်- အရှင်ဋ္ဌနွက ဟူသော ကလောင် အမည်များဖြင့် ချင်းတွင်းဂျာနယ်၊ သင့်ဘဝမဂ္ဂဇင်း၊ ဗုဒ္ဓဓမ္မလောက စာစောင်နှင့် ဓမ္မဗျူဟာ စာစောင်တို့၌ ကဗျာနှင့် ဆောင်းပါးများကို ရေးခဲ့သည်။

ရန်ကုန်ရောက်သော် ထင်ရှားသော သတင်းစာများနှင့် စာနယ်ဇင်းတို့၌ ဗုဒ္ဓစာပေ ဆောင်းပါးနှင့် ဆောင်ပုဒ် ကဗျာတို့ကို တိုးချဲ့ရေးခဲ့သည်။

(ရေးသား ထုတ်ဝေပြီး-ဆဲ- လတံ့) စာပေများမှာ—

၁။ ဗုဒ္ဓဓမ္မ ဆောင်းပါးများ(၁၉၇၀-ခု၊ မေလ၊အုပ်ရေ ၁၀၀၀)။
၂။ ဗုဒ္ဓဓမ္မကြေးမုံ (၂၁-၈-၇၃၊ အုပ်ရေ ၅၀၀၀)။
၃။ ဒေသနာကြေးမုံ့ ဆောင်ပုဒ်များ (၁၄-၉-၇၄၊ အုပ်ရေ ၂၀၀၀)။
၄။ မဟာစည် ဒေသနာခရီး (ပြုစုဆဲ)။
၅။ မဟာစည် ရွှေလမင်း၏ ငွေကြယ်တပည့် တသင်းတို့ ဒေသနာခရီး (ယခု 'အညာတခွင် တရားဟော ထွက်ခဲ့စဉ်က' သည် ဤစာစဉ်၏ အမှတ် (၁) ဖြစ်ပါသည်။)
၆။ သမိုင်းဝင်မည့် ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီးထံ ပေးစာ ပြန်စာများ (ပြုစုဆဲ)။
၇။ ပြည်တွင်း ပြည်ပ မဟာစည် ယောဂီများ (ပြုစုဆဲ)။
၈။ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး ဦးစီးသော ဗုဒ္ဓဝိနည်း ကံကြီးကံငယ် ဆောင်ရွက်ပုံများ (ပြုစုရန်)။
၉။ မဟာစည်ပုစ္ဆာ အဖြေရတနာများ (ပြုစုဆဲ)။
၁၀။ မဟာစည် ဩဝါဒ အနုမောဒနာများ (ပြုစုဆဲ)။
၁၁။ သူတို့ဇမြင် ထေရ်မြတ် မဟာစည်အရှင် (ပြုစုဆဲ)။
၁၂။ မဟာစည် သာသနာ့ရိပ်သာ အဖြာဖြာ (ပြုစုရန်)။
၁၃။ သံယောဇဉ်ဖြတ်ရန်- မဟာသတိပဋ္ဌာန် ဝိပဿနာတရားတော်ကြီး၊ (ပြုစုဆဲ)။
၁၄။ ဥပုသ်သီလ အကျိုးပြ ဝိပဿနာတရားတော်ကြီး။ (ဂင်္ဂမာလာ ဇာတ်နိပါတ်တော် ဝတ္ထုပါမည်။ ဤဝတ္ထုတော် တပိုင်းတစကို စလေဆရာကြီး ဦးပုညက ရေသည် ပြဇာတ်ဟု ရေးခဲ့၍ မြန်မာပြည်၌ ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းခဲ့ဘူးသည်။ (ပြုစုဆဲ) တို့ပင်တည်း။

ယခုအခါ ညောင်ကန် အရှင်ဣန္ဒကသည် (ဖုန်း-၅၀၃၉၂) အမှတ် ၅၊ တိုက်အမှတ် ၂၊ အခန်းအမှတ် ၁၆-သာသနာ့ရိပ်သာလမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်း၌ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားဟောကြားခြင်း၊ အမျိုးဘာသာ ဗုဒ္ဓသာသနာတော် တည်တံ့ကြီးပွါးစည်ပင်ရေး ကောင်းကျိုးပြု စာပေတို့ကို ရှာဖွေစုဆောင်းခြင်း, ရေးသားပြုစုခြင်းတို့ဖြင့် ဗုဒ္ဓသာသနာ့ တာဝန်တို့ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လျက် ရှိပါသည်။

## ၈။ အညာဘခွင် ခရီးတွင် ပါဝင်ခဲ့သော

# ဝဏ္ဏကျော်ထင်-စည်သူ-ဦးညိုပု

ဒကာကြီး ဦးညိုပုသည် ဟင်္သာတခရိုင် ဇလွန်မြို့၌ ၁၂၆၃-ခု၊ နတ်တော်လဆန်း ၁၀-ရက်၊ သောကြာနေ့၌ ဖွားမြင်ခဲ့သူ ဖြစ်သည်။ သူ၏ မိဘ ၂-ပါးမှာ ဇလွန်မြို့ ကုန်သည် ဦးသာအေးနှင့် ဒေါ်ကြီးတို့ ဖြစ်ကြသည်။

၁၉၁၇-ခု၊ အသက် ၁၆-နှစ်၌ ရန်ကုန်မြို့ စိန့်ဂျွန်းကျောင်း၀ယ် ၇-တန်းကို စကောလားရှစ်ဖြင့် အောင်မြင်ခဲ့သည်။ ၁၉၁၉/၂၀-ခု၌ ထိုကျောင်းမှပင် မက်ထရစ် (၁၀)တန်း စာမေးပွဲကို ပထဝီ၊ ရာဇဝင်၊ မြန်မာ ၃-ဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

၁၉၂၀-ခုနှစ် မတ်လ၌ ရန်ကုန်ကောလိပ် ဆရာမှတ်ကြီး၏ ၄-နှစ် ဆက်တိုက် ပညာသင် စကောလားရှစ်ဆုကို ရ၍ အိမ်ပြန်အိပ်စား ကျောင်းသားအဖြစ် သိပ္ပံဥပစာ အောက်တန်းတွင် ပညာသင်ခဲ့သည်။ ၁၉၂၀-ခု၊ ရန်ကုန် တက္ကသိုလ် သပိတ်၌ သပိတ်မှောက် ကျောင်းသား အဖြစ် လက်မှတ်ထိုး၍ ဥပစာတန်းမှ ထွက်ခဲ့သည်။

ထိုအခါ ယင်းသပိတ်မှောက် ကျောင်းသားများအား ပထဝီ ဘာသာဆရာအဖြစ် သင်ကြားပေးခဲ့ပြီးနောက် စမ်းချောင်း (ဝိုင် အမ် ဘီ အေ)အသင်း၌ နေရှင်နယ်ကျောင်းဆရာအဖြစ် ခေတ္တ ဆောင်ရွက် ခဲ့သည်။

ထို့နောက် ရန်ကုန်မြို့ အတွင်းဝန်ရုံးထိုင်သော ပဲခူးဝန်ရှင်တော် မင်းကြီးရုံး၌ ၁၉၂၁-ခု၊ ဖေဖော်ဝါရီလ ၁-ရက်မှ ၁၉၂၆-ခု ဒီဇင်ဘာ ၃၀-ရက်အထိ အကူစာရေးမှ ဌာနခွဲစာရေးကြီးအထိ အဆင့်ဆင့် လုပ်ကိုင်ခဲ့၍ ဒုတိယမြို့အုပ်ဖြစ်ခဲ့သည်။ ဟင်္သာတ၊ ပုသိမ်၊ သာယာဝတီ ခရိုင်တွင်း မြို့များတွင် ၁၄-နှစ်ပတ်လုံး မြို့ပိုင်အဖြစ် ဆောင်ရွက် ခဲ့သည်။

ဒုတိယ ကမ္ဘာစစ်မဖြစ်မီ ၁-နှစ်ခန့်က မြစ်ကြီးနားခရိုင် မိုးကောင်းမြို့၌ နယ်ပိုင်ဝန်ထောက်အဖြစ် ဆောင်ရွက်ခဲ့၍ စစ်အတွင်း အစိုးရအလုပ်မှ ရပ်နား၍ မွေးရပ်ဇာတိ ဇလွန်မြို့သို့ ပြန်ခဲ့သည်။

ဇလွန်ရောက်သော် သာသနာ့ဘောင်သို့ ဝင်ရောက် ရဟန်းပြုလျက် ၁-နှစ်ခွဲခန့် ဗုဒ္ဓစာပေတို့ကို လေ့လာခဲ့သည်။

စစ်ပြီးခေတ်၌ ဟင်္သာတနယ်ပိုင်၊ မြန်အောင် နယ်ပိုင်များအဖြစ် ဆောင်ရွက်ခဲ့၍ ဟင်္သာတ အခွန်ဝန်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၄၈-ခုနှစ်၌ ပုသိမ်မြို့မှာ မြို့မ-ဝန်ထောက်ကြီးနှင့် တွဲဖက်အရေးပိုင်အဖြစ် ဆောင်ရွက်ရသည်။ ထိုစဉ်က ကရင်သူပုန်ထရာ ကရင်သောင်းကျန်းများက ပုသိမ်ရေတပ် သင်္ဘောများကို သိမ်း၍ ကိုးသိန်းဂါတ်ကိုလည်း သိမ်းသောအခါ အရေးပိုင် ဦးထွန်းသောင်း မရှိခိုက် ဖြစ်သည်။ ထို့ကြောင့် လက်နက်ကိုင် တပ်ရင်း၄-တွင် အမှုထမ်းနေသော ကက်ပတိန် မင်းသိမ်း (ယခု-ဗိုလ်မှူးကြီး မင်းသိမ်း)၊ စစ်ဝန်ထမ်း ကက်ပတိန် သန်းညွန့် (ယခု-ဗိုလ်မှူးသန်းညွန့်) တို့နှင့် တွဲဖက်၍ ဆောင်ရွက်ရာ ပုသိမ်မြို့ကို ကရင်သူပုန် သိမ်းခြင်းဘေးမှ လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။

၁၉၄၉-၅၀ ခု ဖျာပုံမြို့ဝယ် အရေးပိုင်အဖြစ် ဆောင်ရွက်စဉ် ဗိုလ်မှူးမြသောင်း စစ်ရဲတပ်၊ ဗိုလ်မှူးတင်ရွှေ (ယခု ဗိုလ်မှူးကြီး ရခိုင်ပြည်နယ် ဥက္ကဋ္ဌ)တို့နှင့် တွဲ၍ရင်း၊ ကရင် ကိုးပြုတို့နှင့် နားလည်မှုရယူ၍ရင်း ခရိုင်အတွင်း သောင်းကျန်းသူများကို နှိမ်နင်းလျက် ငြိမ်းချမ်းရေးကို ရအောင်ဆောင်ရွက်နိုင်ခဲ့သည်။ ထိုစဉ်က အလံနီ သခင်စိုး၏ ဌာနချုပ်ကို ဒေးဒရဲမြို့နယ်မှ တိုက်ထုတ်ခဲ့ရာ သမ္မာန် ၆၂-စင်းဖြင့် ဟံသာဝတီဘက်သို့ ကူးပြောင်းထွက်ပြေးသွားကြသည်။

ထို့ကြောင့် ၁၉၅၀-ပြည့်၌ "ဝဏ္ဏကျော်ထင်" ဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ၂-နှစ်ခွဲ အရေးပိုင် လုပ်ခဲ့သည်။

၁၉၅၂-ခု၊ ဒီဇင်ဘာလ ၁-ရက်နေ့၌ [illegible]-နှစ်နှင့် ၉-လ [illegible] ရှမ်းပြည်တောင်ပိုင်း စစ်အုပ်ချုပ်ရေး နယ်မင်းကြီးအဖြစ် ဆောင်ရွက်

ယင်း စော်ဘွားအုပ်ချုပ်ရေးမှ ပြည်နယ်အုပ်ချုပ်ရေးသို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၅၄-ခုနှစ်မှစ၍ ၂-နှစ်နှင့် ၆-လပတ်လုံး ပဲခူးမရန်ကုန်မြို့ စည်ပင်သာယာအဖွဲ့ ဥက္ကဋ္ဌနှင့် ပြည်သူ့အိုးအိမ် မင်းကြီးအဖြစ် ဆောင်ရွက်ခဲ့စဉ်အတွင်း စည်ပင်သာယာအဖွဲ့မှပြည်သူ့အိုးအိမ်အဖွဲ့သို့ တလအတွင်း အောင်မြင်စွာ ပြောင်းလဲနိုင်ခဲ့သည်။

၁၉၅၇-၅၈-ခု၊ ရခိုင်တိုင်းမင်းကြီးအဖြစ် ဆောင်ရွက်စဉ်အတွင်း အလံနီပါတီ (ဦးစိန္တာ)တို့ အင်အား ၃၀၀-ခန့်၊ ရဲဘော်ဖြူ (စံသာကျော်)တို့ အင်အား ၃၀၀-ခန့်၊ ရဲဘော်ဖြူ(ဦးသာထွန်း)တို့ အင်အား ၃၀၀-ခန့်၊ ကွန်မြူနစ်ပါတီအင်အား ၁၀၀-ခန့်၊ မူဂျာဟစ်အင်အား ၅၀-ခန့်တို့ကို လက်နက်ချစေသည်အထိ နှိမ်နင်း အောင်မြင်ခဲ့၏။ ထို့ကြောင့် ၁၉၅၈-ခုနှစ်၌"စည်သူ"ဘွဲ့ကို ရရှိခဲ့သည်။

ထို့နောက် ပြည်ထောင်စု လျှပ်စစ်အဖွဲ့ဥက္ကဋ္ဌအဖြစ် ၉-လ ဆောင်ရွက်စဉ်အတွင်း ရန်ကုန်လျှပ်စစ်အဖွဲ့နှင့် ပြည်ထောင်စု လျှပ်စစ်အဖွဲ့ ၂-ဖွဲ့တို့ကို ၁-ဖွဲ့တည်းဖြစ်အောင် ၆-လအတွင်း ဆောင်ရွက်နိုင်ခဲ့သည်။

၁၉၆၀-ပြည့်နှစ်မှစ၍ ၅-နှစ်ပတ်လုံးလည်း ရာထူးဝန် အဖြစ် ဆောင်ရွက်ခဲ့၏။ ထိုကာလအတွင်း ၁၉၆၁-ခုနှစ်မှစ၍ ပါဠိပညာရေး အဖွဲ့၌လည်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။

ဒကာကြီး ဦးညီပုသည် ၁၉၂၈-ခုနှစ်တွင် ဇလွန်မြို့ မြေပိုင်ရှင် ဦးစံခင်-ဒေါ်အုန်းမြင့်တို့၏သမီး၊ ဒေါ်မြရင်နှင့် အိမ်ထောင်ပြုခဲ့၏။ ၁၉၆၁-ခုနှစ်၌ ဒေါ်မြရင် ကွယ်လွန်ခဲ့သည်။

ဦးညီပုနှင့် ဒေါ်မြရင်တို့မှ သားတယောက်နှင့် သမီးတယောက်တို့ ထွန်းကားခဲ့ကြသည်။ ယင်းတို့မှာ-

၁။ သား=ကိုထွန်းလွင် (ဗိသုကာ ဆောက်လုပ်ရေး ကော်ပိုရေး ရှင်းရုံးချုပ်) ၎င်း၏ဇနီး ဒေါ်ခင်သွယ်အေး (ကုသရေးမှူး မသန်မစွမ်း လူနာများဆေးရုံ)။

၂။ သမီး=မမြသန်း၊ ၎င်း၏ခင်ပွန်း ဦးရီ (ဦးစီးအရာရှိ၊ ဒု-အုပ်ချုပ်ရေး၊ ဆောက်လုပ်ရေး ကော်ပိုရေးရှင်းရုံးချုပ်) တို့ ဖြစ်ကြ၏။

ဦးညီပုသည် အသက် ၅၄-နှစ်၌ အနားယူခဲ့သည်။ သို့သော် ထိုနောက် ၉-နှစ်လုံးလုံး မင်းကြီးအဆင့်နှင့် ညီမျှသော အလုပ်နှင့်လခကို ဆက်လက် ရရှိနေခဲ့သေးသည်။

တိုင်းပြည်နှင့် အမျိုးဘာသာမှ သာသနာရေးတို့ကို အလုပ်ဝတ္တရားဘဝစုံဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် လွန်ခဲ့သည့် ၁၂-နှစ်ခန့်မှစ၍ နေ့စဉ်ရှစ်ပါးသီလ စောင့်သုံးခဲ့သည်။ ၁၉၆၄-၆၅-ခုနှစ်မှစ၍ စွန်းလွန်းဂူကျောင်း၌ သတိပဋ္ဌာန် အာနာပါန ဝိပဿနာတို့ကို ကြိုးစားအားထုတ်ခဲ့သည်။

ထိုနောက် ၁၉၆၆-ခုနှစ်မှ စ၍ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ဩဝါဒကို ခံယူ၍ ၎င်းရိပ်သာ နာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ၏ စစ်ဆေး ညွှန်ပြမှုဖြင့် ဉာဏ်စဉ်တရား နာကြားရသည်အထိ မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတို့ကို ကြိုးစားအားထုတ်ခဲ့သည်။ ထိုတရား အားထုတ်မှုကြောင့် သတိပဋ္ဌာန် သာသနာပြုလိုစိတ်များ အထူးဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး၏ ခွင့်ပြုချီးမြှင့်တော်မူချက်အရ ၁၃၃၂-ခုနှစ်၊ သီတင်းကျွတ် လဆုတ် ၁၀-ရက်မှစ၍ တန်ဆောင်မုန်းလကွယ်နေ့ အထိ ရန်ကုန် သာသနာ့ရိပ်သာ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိကဆရာတော် ဦးသံဝရ၊ မန္တလေး ရတနာပုံ သာသနာ့ ရိပ်သာ လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ညောင်ကန် အရှင် ဇလန္ဒက။ ၎င်းရိပ်သာ ကျောင်းဒကာ ဦးခင်မောင်တို့နှင့် အတူ ဤအညာတခွင် ဒေသနာခရီးကို သွားရောက်၍ သာသနာပြုခဲ့ကြပါသည်။

ဒကာကြီး ဦးညီပုသည် ဟသံာတ မဟာစည်ရိပ်သာ အတွက် တစ်ဒသမ ဆယ့်ငါးဧကရှိ မြေနေရာ တန်ဖိုးငွေ ၁၀၅၀၀-ကျပ် (တစ်သောင်းငါးရာကျပ်) တို့တွင် ထက်ဝက်ကို စိုက်ထုတ်၍ ကျန်ထက်ဝက်

ဖြစ်သောငွေ ၅၂၅၀-ကျပ် (ငါးထောင်နှစ်ရာ့ ငါးဆယ်ကျပ်)ကိုရင်း၊ ၎င်းရိပ်သာ ဆွမ်းစားကျောင်း တိုးချဲ့မြေနေရာ အတွက် ၅၀၀-ကျပ် (ငါးရာကျပ်)ကိုရင်း၊ စက်ရေတွင်းအတွက် ၁၀၀-ကျပ်ကိုရင်း လှူဒါန်းသည့်ပြင် ၎င်းရိပ်သာတွင်း၌ ၁၉၇၁-၇၂-ခု နှစ်က ၁၁၀၀၀-ကျပ် (တစ်သောင်း တစ်ထောင်ကျပ်)တန် ၂-ထပ်ကမ္မဋ္ဌာန်းကျောင်းကိုရင်း လှူဒါန်းခဲ့ပါသည်။

ထို့ပြင် ဝက်လက်မြို့ အင်ကြင်းပင်ရွာ ကျောင်းဟောင်းကြီးကို ပြုပြင်ရန် အကြံဉာဏ်ပေး၍ မ,တည်ငွေ ၁၀၀၀-ကျပ်(တထောင်ကျပ်) ကိုရင်း၊ သထုံမြို့ မဟာစည် ကျောင်းတော် ဆောက်လုပ်ရန်ငွေ ၅၀၀-ကျပ် (ငါးရာကျပ်) ကိုရင်း၊ အိမ်မဲမြို့ မဟာစည်ရိပ်သာ သိမ်ကျောင်း ဆောက်လုပ်ရန်ငွေ ၂၀၀-ကျပ်(နှစ်ရာကျပ်)ကိုရင်း အသီးသီး လှူဒါန်းခဲ့ပေသည်။

ထို့ပြင် ဒကာကြီး ဦးညီပုသည် ဤအညာတခွင် ဒေသနာ ခရီး အတွက် ခရီးစရိတ်ငွေ ၁၀၀၀-ကျပ် (တထောင်ကျပ်) ကို မ, တည်၍ တာဝန်ခံ ပင့်ဆောင်ခဲ့သည်။ ဤအညာတခွင် တရားဟော ထွက်ခဲ့စဉ်က စာအုပ် ဖြစ်မြောက်ရေး အတွက် ငွေ ၁၀၀၀-ကျပ် (တထောင်ကျပ်) ကို မ,တည်သည့်ပြင် ဓမ္မဒါနငွေ ၁၀၀၀ ကျပ်(တထောင်ကျပ်)ကိုလည်း လှူဒါန်းခဲ့လေသည်။

ဒကာကြီး ဦးညီပုသည် ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာ-နုဂ္ဂဟ အဖွဲ့ချုပ်၌ အမှုဆောင်၊ စာရင်းစစ်၊ ဘဏ္ဍာရေးမှူး တို့ကိုလည်း အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။

ယခုအခါ ဒကာကြီး ဦးညီပုသည် အခါအားလျော်စွာ မြတ်ဗုဒ္ဓ၏ ပရိယတ္တိ သာသနာ ပဋိပတ္တိ သာသနာတော်ကြီး တည်တံ့ စည်ပင်ရေးအတွက် ကိုယ်အား၊ ဉာဏ်အား၊ ငွေအား၊ ပစ္စည်းအားတို့ဖြင့် အဖက်ဖက်က ဆောင်ရွက်ယင်းပင် ဗုဒ္ဓသာသနာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဟသ်ာတမြို့ မဟာစည် ရိပ်သာ (လှူဥပါသကာ ဘက်က) လမ်းညွှန် နာယကများအဖြစ် ဆောင်ရွက်၍ မဟာစည် ဓမ္မကထိကအဖွဲ့ အကျိုး ဆောင် ဘဏ္ဍာရေးမှူး အဖြစ် ဆောင်ရွက်လျက်ရှိပါသည်။

### ဃ။ အညာတခွင်ခရီးတွင် ပါဝင်ခဲ့သော

# ကျောင်းဒကာ ဦးခင်မောင်

ဒကာကြီး ဦးခင်မောင်သည် မြင်းခြံခရိုင် ဆီမီးခုံမြို့နယ် ငါးနန်းရွာ၊ ကုန်သည် အဘ ဦးရဲမင်း- အမိ ဒေါ်ထွေးမယ်တို့၏သားသမီး ၆ ယောက်တို့တွင် ၁၂၇၅-ခု၊ တန်ဆောင်မုန်း လဆန်း ၁၄-ရက် အင်္ဂါနေ့ နံနက်စက် ၄-နာရီအချိန်၌ ဖွားမြင်သော အကြီးဆုံး သားရတနာ ဖြစ်သည်။

ခြောက်နှစ်သားအရွယ်၌ ငါးနန်းရွာ ဇမ်းနားကျောင်းဆရာတော် ဦးနရိန္ဒထံ၌ လောကုတ္တရာ စာပေများကို သင်ယူခဲ့သည်။ အသက် ၂၀-အရွယ်၌ ငါးနန်းရွာ မြေပိုင်ရှင် တောင်သူကြီး ဦးထင်ပေါ်-ဇနီး ဒေါ်အေးညွန့်တို့၏ တတိယသမီး မဖွားချောနှင့် လက်ထပ် မင်္ဂလာ ပြုခဲ့ပါသည်။

အသက် ၂၂-နှစ်အရွယ်မှ စ၍ ကောင်းရောင်း ကောင်းဝယ် ကုန်သည် အလုပ်ဖြင့် အသက် မွေးခဲ့သည်။ ဗြိတိသျှ အစိုးရ လက်ထက် အသက် ၂၇-နှစ်အရွယ်၌ ငါးနန်းကျေးရွာ၏ ရွာသူကြီး အဖြစ် ဆောင်ရွက်ခဲ့သည်။

ခေတ်အားလျော်စွာ အသက် ၃၇-နှစ်၌ မန္တလေးမြို့ မလွန်ကျောင်းစိမ်းတန်းရပ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့၍ (ငါးနန်းဆေးပွဲရုံ) အမည်ဖြင့် ကုန်သည်ပွဲစား အလုပ်ဖြင့် အသက်မွေးခဲ့ပါသည်။

အသက် ၃၈-နှစ်အရွယ်၌ ကျေးဇူးရှင် အဂ္ဂမဟာ ပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီး၏ ဩဝါဒခံ မန္တလေးမြို့ စိန်ပန်း ရတနာပုံ (မဟာစည်) သာသနာ့ ရိပ်သာ နာယက ပဓာန ကမ္မဋ္ဌာနာစရိယ မွေကထိက အဂ္ဂမဟာပဏ္ဍိတ ရွှေစေတီ ဆရာတော် ဘုရားနှင့် လက်ထောက် ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ကလောင်ရှင် ယယ်ဟိ ဦးကုလိသ (ယခု ရွှေစည်ဆရာတော်)တို့ထံ၌ ဉာဏ်စဉ် တရားနာသည့် တိုင်အောင် မဟာသတိပဋ္ဌာန် ဝိပဿနာကရားမြတ်ကို ရှုမှတ် ပွါးများ အားထုတ်ခဲ့ပါသည်။

၃၅ နှစ်အရွယ်မှစ၍ မွေးရပ်ဇာတိ ငါ့နန်းရွာ၌ ကျပ်ငွေ ၁၀၀၀၀ ကျော်ခန့်တန် အသားဇရပ်တဆောင်၊ ၁၅၀၀၀ ကျပ်ခန့်တန် အုဌ်တိုက်ကျောင်းတဆောင်၊ ၅၅၀၀၀ ကျပ်ခန့်တန် အုဌ်ဇရပ်တဆောင်၊ ၅၀၀၀၀ ခန့်တန် ရေတွင်းများကိုရင်း၊ မန္တလေးမြို့ စိန်ပန်းရပ် ရတနာပုံရိပ်သာ၌ ၂၇၀၀၀ ကျပ်ခန့်တန် အသား ကမ္မဋ္ဌာန်းကျောင်း တဆောင်၊ ဆရာတော် သံဃာတော်များ အတွက် ငွေကျပ် တသိန်း ကျော်ခန့်တန်အုဌ်တိုက်ကျောင်းကြီး တဆောင်၊ လူယောဂီများ အတွက် ၆၀၀၀၀ ခန့်တန်နှစ်ထပ်အုဌ်ကမ္မဋ္ဌာန်းကျောင်း တဆောင်တို့တိုင်း သဒ္ဓါပြဋ္ဌာန်းလှူဒါန်းခဲ့ပါသည်။

အသက် ၄၇ နှစ်မှစ၍ ရတနာပုံ သာသနာ့ရိပ်သာ ဝိပဿနာ အသင်း၏ အလုပ်အမှုဆောင် အဖြစ်ရင်း၊ အသက် ၅၇ နှစ်အရွယ် ၁၃၃၂ ခု ဝါကျွတ်ချိန်၌ ဆရာတော် ဦးသံဝရ၊ ညောင်ကန် အရှင် ဇူန္တက၊ စည်သူ ဦးညိုပုတို့နှင့်အတူ အညာတခွင် ဒေသနာခရီးဝယ် ကပ္ပိယ ဒါယကာအဖြစ်ရင်း၊ လွန်ခဲ့သော ၂ နှစ်က မန်းရတနာပုံ သာသနာ့ရိပ်သာ အသင်း၏ အကျိုးဆောင် အဖြစ်ရင်း ဆောင်ရွက်ခဲ့ ပါသည်။ ယခုအခါ ဒကာကြီး ဦးခင်မောင်သည် ရတနာပုံ သာသနာ့ ရိပ်သာ ဝိပဿနာအသင်း၏ ဒုတိယဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ယင်း မြတ်ဗုဒ္ဓသာသနာတော်ကြီး အဓွန့်ရှည်စွာ ကြီးပွါးတိုးတက်ကြောင်း တို့ကို ယထာဗလ စွမ်းအားရှိသမျှ ပြုစုစောင့်ရှောက်လျက် ရှိပါသည်။

# ၄၂။ မဟာစည် စာမူတံခါးကြီး ဖွင့်လိုက်ပါပြီ

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးထံ—

ခနုဝွဲ ၂-၉-၇၄။

ဘုရား တပည့်တော် ညောင်ကန် ဇွန္တက လေးမြတ်စွာ လျှောက်ထားပါသည်ဘုရား။ ဘုရားတပည့်တော်သည် မကြာခဏ အကြိမ်ကြိမ် လျှောက်ထားခဲ့ဘူးသည့်အတိုင်း....

၁။ မဟာစည် ဒေသနာခရီး။

၂။ မဟာစည် ရွှေလမင်း၏ ငွေကြယ် တပည့်တသင်းတို့ ဒေသနာခရီး။

၃။ သမိုင်းဝင်မည့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးထံ ပေးစာ ပြန်စာများ။

၄။ ထူးထူးခြားခြား ပြည်တွင်းပြည်ပ မဟာစည် ယောဂီများ။

၅။ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဦးစီးသော ဗုဒ္ဓဝိနည်း ကံကြီးကံငယ် ဆောင်ရွက်ပုံများ။

၆။ မဟာစည်ပုစ္ဆာ အဖြေရတနာများ။

၇။ မဟာစည်သြဝါဒ အနုမောဒနာများ၊

၈။ သူတို့အမြင် ထေရ်မြတ် မဟာစည်အရှင်။

၉။ မဟာစည် သာသနာ့ရိပ်သာ အဖြာဖြာ—

ဟူသော စာမူများကို ကျေးဇူးရှင် ဆရာတော်ဘုရားကြီးကို အဓိက အားကိုးပြု၍ ရေးသားပြုစု ဖြန့်ချီလိုပါသည် ဘုရား။

ထိုသို့ပြုစုဖြန့်ချီရာ၌ လွတ်လွတ်လပ်လပ် ကျယ်ကျယ်ပြန့်ပြန့် ပြည့်စုံနိုင်သမျှ ပြည့်စုံရန် ပညာရှင်အများထံ အကြံဉာဏ် စသည်များကို တောင်းခံလိုပါသည် ဘုရား။

ယခုမျက်မှောက် သတ္တလောကသား ရဟန်း, ရှင်, လူ, တပည့်, ဒါယကာ, ဒါယိကာမများနှင့် နောင်လာ နောက်သားတို့၏ ကုသလ ဓမ္မ ဗဟုသုတ ပွါးများရေး၊ အမျိုး, ဘာသာ, ဗုဒ္ဓ သာသနာတော် ကြီးပွါး

ရေး၊ လူ-နတ်-နိဗ္ဗာန် သုံးတန်သော ချမ်းသာမွန်များ ရရှိနိုင်ရေးတို့ကို ငဲ့ညှာထောက်ထား သနားစောင့်ရှောက် ချီးမြှောက်သောအားဖြင့် ချီးမြှင့်ခွင့်ပြုတော် မူပါဘုရား။

လျှောက်ထားသူ

**တပည့် ညောင်ကန် ဣန္ဒက**

သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့။

# ဖိတ်ခေါ်ပါသည်

ဤသို့ လျှောက်ထားချက်ကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးသည် ၂-၉-၇၄ နေ့က ချီးမြှောက် စောင့်ရှောက်သောအားဖြင့် ချီးမြှင့် ခွင့်ပြုတော် မူလိုက်ပါပြီ။

ဤလျှောက်ထားခွင့်ပြုချက်ကို စိတ်ဝင်စားသူ၊ ကြား၊ မြင်၊ တွေ့သိ၊ စွမ်းရည်ရှိသူ၊ ကဝိပညာရှင်၊ ရဟန်း၊ ရှင်၊ လူ မည်သူမဆို အကြံဉာဏ်ပေးစာများ၊ သိးခြားစာမူများ၊ မှတ်တမ်းဝင်ထားသော ဓာတ်ပုံများကို (ညောင်ကန် အရှင်ဣန္ဒက၊ ၅/၂ အမှတ် ၁၆၊ သာသနာ့ရိပ်သာ၊ **သာသနာ့ရိပ်သာလမ်း၊ ရွှေဂုံတိုင်စာတိုက်၊ ရန်ကုန်မြို့**)ဟု လိပ်စာတပ်၍ ပေးပို့နိုင်ကြောင်း။ စာမူအားလုံးကို ကျေးဇူးရှင် ဆရာတော် ဘုရားကြီးထံ တင်ပြ၍ စိစစ်ခွင့်ပြုချက် ရယူပြီးမှသာလျှင် အသုံးပြုမည် ဖြစ်ကြောင်း သတင်းကောင်း ပါးရပါသည်။

ဆန္ဒမွန်

* ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည့်၍ လင်းစေသော်။
* မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။
* အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။
* ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

လေးမြတ်စွာဖြင့်

**ညောင်ကန်-ဣန္ဒက။**

## * ဤခရီးသွားမှတ်တမ်းတွင်ပါဝင်သမျှ

စစ်ကိုင်း၊ ရွှေဘို၊ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ မြစ်ဆုံ၊ ခမ္ပတီး၊ ဆင်သေ၊ ထမံသီ၊ နှောင်ပိန်၊ မောင်းခမ်း၊ ကောဃား၊ ဟုမ္မလင်း၊ ကက်သာ၊ သောင်သွပ်၊ သရောင်း၊ ပေါင်းပြင်၊ ဟဲလှော်၊ မော်လိုက်၊ ကလေးဝ၊ ကာလေး၊ ခန်းပတ်၊ တမူး၊ မိုးရေး၊ မင်းကင်း၊ ကန္ဒီ၊ မုံရွာ၊ အလုံ၊ ကြောင်ပန်း၊ ဘုတလင်၊ ညောင်ကန်၊ တွင်းတောင်တို့၏ သမိုင်း၊ ပုံပြင်၊ လူမျိုးနှင့် ဘာသာယဉ်ကျေးမှု၊ တောတောင်ရေမြေ အထွေထွေတို့ကို လက်လှမ်းမှီသမျှ မှတ်တမ်းတင်ခဲ့သည်။ (စာရေးသူ)



ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် အထက်ချင်းတွင်း တောင်တန်းဒေသ သွေးချင်း နာဂများကို ပင်ကိုယ်သဘာဝအတိုင်း ခမ္ပတီးမြို့၌ တွေ့ခဲ့ရပုံ။